ဂဏ္ဍဝံသ

ဇာတ်ကြီးဆယ်ဘုံ

ပဌမတွဲ

ရန်ကုန်—ဗုဒ္ဓသာသနတိုးတက်ရေးအသင်း

မန္တလေးမြို့ မိုးကောင်းတိုက်
ဆဋ္ဌသံဂါယနာ သံဃ မဟာနာယက
အဘိဓဇ မဟာရဋ္ဌဂုရု
ညောင်ရမ်း ဆရာတော်ဘုရားကြီး

စီရင် ဆုံးဖြတ်တော်မူအပ်သော

ဝဝဒဒုယပါဠိတော်

ပဌမအုပ်

ပဒေသာ စိဉ္စကတ် ပုံနှိပ်တိုက်
၃၂ - လမ်း ပိန်းတန်း
မန္တလေးမြို့

၁၃၂၄-ခု တပို့တွဲလ

ကျေးဇူးတော်ရှင်



ညောင်ရမ်း ဆရာတော်ဘုရားကြီး

ကျေးဇူးတော်ရှင်

ညောင်ရမ်း ဆရာတော်၏
လက်ရေးတော်မူ

ညောင်ရမ်း ဆရာတော်ရေး
ကျမ်းစာများ

၁ သီလကွန် ဌီကာသစ် နိဿယ ပ ဒု

၂ သီလကွန် ဌီကာဟောင်း နိဿယ (၁၂×၈) အရွယ် စက္ကူ
တဖက်ရေး မူပေါင်း (တသောင်းကျော်)

၃ နမက္ကာရ ဌီကာပါဠ် (ငါးရာကျော်)

၄ ဝိနည်း, သုတ်, အဘိဓမ္မာ ဝိနိစ္ဆယကျမ်းပေါင်း လက်ရေးမူ
(တသောင်းကျော်)

၅ နိကာယ် ငါးရပ် ပါဠိ, အဋ္ဌကထာ, ဌီကာကျမ်းပေါင်းစုံတို့မှ.
သာဓကများစွာတို့ဖြင့် ဆုံးဖြတ်အပ်သော ဝိနိစ္ဆယများ ဗလာ
စာအုပ် ပါး, ထူ စာအုပ်ပေါင်း (တထောင်ကျော်)

ဤမျှ အံ့မခန်း များပြားလှစွာသော လက်ရေးမူ စာအုပ်
ပေါင်းကို ဓမ္မစေတီအဖြစ်ဖြင့် ပူဇော် ကြည်ညိုကြပါစေရန်
ဖေါ်ပြအပ်ပါသည်။

ညောင်ရမ်း စာအုပ် ထုတ်ဝေရေး အဖွဲ့
မန္တလေးမြို့

တာဝန်ခံ စီမံအုပ်ချုပ်သည့် ဆရာဘေဒ်

ဦးလက္ခဏ "အဂ္ဂမဟာပဏ္ဍိတ"
ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ
ညောင်ရမ်း ပါဠိကက္ကသိုလ် တိုက်အုပ်
မိုးကောင်းတိုက် မန္တလေးမြို့

တာဝန်ခံ စာတည်း ဆရာတော်

အရှင် ဉာဏာဘိဝံသ "ကထိက"
သက္ကသီဟ,စေတိယင်္ဂ,အစိုးရ ဓမ္မာစရိယ
ဒီဃနိကာယ ဝိသိဋ္ဌ မဟာကောဝိဒ

စာတည်း ဆရာတော်များ

၁ ဆရာတော် ဦးဝဏ္ဏ "ဓမ္မာစရိယ ကထိက"
၂ ဆရာတော် ဦးဇောတိက "ဓမ္မာစရိယ ကထိက"
ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့ ကိုယ်စားလည်
၃ ဘဒ္ဒန္တ ဇောတိကာဘိဝံသ "ကထိက"
သက္ကသီဟ နှင့် အစိုးရ ဓမ္မာစရိယ
၄ ဘဒ္ဒန္တ မဏ္ဍလာဘိဝံသ "ကထိက"
စေတိယင်္ဂ နှင့် အစိုးရ ဓမ္မာစရိယ

စာတည်း.တာဝန်ခံ

ဦးကျော်မြင့် "သာသနဓဇ သိရီပဝရ ဓမ္မာစရိယ"
ကြီးမှူးသော ပဒေသာ ပါဠိဆရာ အဖွဲ့

ပုံနှိပ်ရာ ဌာန

ပဒေသာ ပိဋကတ် စာပုံနှိပ်တိုက်
၃၂-လမ်း ပိန်းတန်းရပ် မန္တလေးမြို့

ညောင်ရမ်း

ဝိနိစ္ဆယပေါင်းချုပ်ကျမ်း

ထုတ်ဝေရခြင်း အကြောင်း

မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်း ဧရာမအုတ်ကျောင်းကြီးနှိုက် သီလာစာရ ပရိယတ္တိဘာဝနာဓမ္မဖြင့် မျှတရှင်ပြုံး သီတင်းသုံးတော်မူသော သီလဝန္တ သမာဓိမန္တ ပညာဝန္တ ဝိနယဂရုက ဓမ္မဝါဒီ ဂန္ထကာရက ဗာဟုဿုတ ဘာသန္တရဆေက ဓုတင် အပိစ္ဆတာ စတုပစ္စယအပိစ္ဆတာ စသော ဂုဏ် အပေါင်းတို့နှင့် ပြည့်စုံတော်မူသော "မြတ်စွာဘုရား တဆူ၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို မြတ်စွာဘုရား တဆူသည် ကုန်စင်အောင် မဟောနိုင် မပြနိုင် သကဲ့သို့" ညောင်ရမ်းဆရာတော်ဘုရားကြီး၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို လည်း တပည့်အပေါင်းတို့သည် ကုန်စင်အောင် ဖော်ပြခြင်းငှါ မစွမ်းနိုင်ချေ။

ဤသို့ ချီးကြူး၍ မကုန်နိုင်သော ဆဋ္ဌသံဂါယနာတင် မဟာနာယကချုပ် အဘိဓဇ မဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် ညောင်ရမ်းဆရာတော်ဘုရားကြီးသည် ရဟန်းသိက္ခာ(၁၀)ဝါခန့်မှစ၍ စာသင်သား ရဟန်း,ရှင်,လူအပေါင်းတို့အား ပရိယတ်ကျမ်းစာများကို နေ့, ည၌မပြတ် ပို့ချတော်မူလျက်နေစဉ် ထက်, အောက်ဒေသ ထိုထိုသို့သော အနှီးအဝေး အရပ်ရပ်တို့မှ တပည့် ရဟန်း,ရှင်, လူတို့က လျှောက်ထား တောင်းပန်ချက်အရ ကိုယ်တိုင် ကိုယ်ကျ စီရင်ရေး သားတော်မူအပ်သော ကျမ်းစာများမှာ—

၁ .ဇ်ဝိတပရိစ္ဆာဂဒီပနီကျမ်း၊

၂ သီလက္ခန်ဒီကာဿင်္နီဿယ (ပ-ဒု)၊

၃ ၎င်း ဋီကာဟောင်း နီဿယ၊

၄ နမက္ကာရဋီကာပါဠိ၊

၅ ပိဋကသုံးဖြာ နိကာယ်ငါးရပ် ပါဠို,အဋ္ဌကထာ,ဋီကာကျမ်းပေါင်း စုံတို့မှ ခက်ရာခက်ဆစ် အဓိပ္ပါယ်တို့ကို အသီးအသီး အတိအကျ ဆုံးဖြတ်၍ ရေးသားတော်မူထားသော ကော်ပီ ဗလာစာအုပ်

(ခ) ညောင်ရမ်း ဝိနိစ္ဆယဇပေါင်းချုပ်ကျမ်း

ပါး, ထူပေါင်း တထောင်ကျော်နှင့် စာရွက်ဆိုက် (၁၂ × ၁၀) တဘက်ရေး ကော်ပီမူ စာမျက်နှာ နှစ်သောင်းကျော်၊ ကျမ်းကြီးကျမ်းငယ် အရေအတွက်အားဖြင့် ကျမ်းပေါင်း (၁၃၀)ကျော် ရှိခဲ့လေသည်။

ဤကဲ့သို့ များပြားလှစွာသော လက်ရေး ကော်ပီမူ ကျမ်းစာ တို့ကို မပျောက်မပျက် အရှည်ခံ၍ အနာဂတ် သာသနာတော်နှင်က် တည်တံ့စေခြင်း အကျိုးငှါ ယောနိသော မနသိကာရအားဖြင့် စိတ်ထားရှိကြကုန်သော ဆရာတော်ဘုရားကြီး၏ တပည့် "နိုင်ငံတော် ဝိနယဓရ အဂ္ဂမဟာပဏ္ဍိတဘွဲရ" မအူပင်မြို့ မြို့လည်ကျောင်းတိုက် ဆရာတော်ကြီး၊ "အဂ္ဂမဟာပဏ္ဍိတ ဘွဲရ" ညောင်ရမ်းပါဠိဘဏ္ဍာသိုလ် ကျောင်းအုပ် တိုက်အပ်ဆရာတော် ဦးလက္ခဏ အမှူးရှိကြကုန်သော ညောင်ရမ်းပါဠိတက္ကသိုလ် စာချကထိုက်စသော တပည့်ကြီး, ငယ်အပေါင်းတို့နှင့်တကွ ဤ စာအုပ် ထုတ်ဝေရေးအဖွဲ့ အကျိုးဆောင် ဦးမောင်ကလေး—ဒေါ်စောတင် စသော ရတနတ္တယမာမက ဥပါသကာ, ဥပါသကီ အပေါင်းတို့သည်— ပဋ္ဌမသံဂါယနာတင် ဘဝရှင်မင်းတရားကြီး သား တော် သီပေါမင်းလက်ထက်တော်မှစ၍ ယနေ့တိုင် ကျော်စောထင်ရှားလျက် သာသနာတော်ကြီးအား အလွန် ကျေးဇူးများသော ပကိဏ္ဏက ဝိဿဇ္ဇနာ စသောကျမ်းတို့ကို စီရင်ရေးသားတော်မူခဲ့ကြကုန်သော လုံးတော်ဆရာတော် မာန်လည်ဆရာတော် လယ်တီဆရာတော် မဟာဝိသုဒ္ဓါရာမဆရာတော် တိပိဋကဓရ ဘုရားကြီးဆရာတော်စသော ဆရာတော် ဘုရားကြီးတို့၏ ပုစ္ဆာ, ဝိဿဇ္ဇနာကျမ်း, ဒီပနီကျမ်း စသည်တို့သည် သာသနာတော်ကြီးဝယ် နေ, လ အသွင် အလွန်ထင်ရှား အလွန်လျင် ကျေးဇူးများသကဲ့သို့၊ ထို အတူပင် ညောင်ရမ်း ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော ညောင်ရမ်း ဝိနိစ္ဆယကျမ်း, ဒီပနီကျမ်းစသော ကျမ်းများသည်လည်း အနာဂတ် သာသနာတော်ဝယ် နေ, လအသွင် အလွန်ထင်ရှား သာသနာတော်ကို ယုံကြည်လေးစားကြကုန်သော ဆရာတော်, သံဃာတော် ရဟန်း, ရှင်, လူ အများတို့အား ကျေးဇူးများလိမ့်မည်ဟု ယုံကြည်ကြပါသောကြောင့် ညောင်ရမ်းဝိနိစ္ဆယ ပေါင်းချုပ်ကျမ်း ဟူသောအမည်ဖြင့် အခက်အခဲ အမျိုးမျိုးတို့ကို ကျော်လွှန်စေ၍ ပုံနှိပ်ထုတ်ဝေအပ်ပါသတည်း။

ဤ ညောင်ရမ်း ဝိနိစ္ဆယပေါင်းချုပ်ကျမ်း ပုံနှိပ်ထုတ်ဝေ လှူဒါန်းနိုင်ရန် "အား" အမျိုးမျိုးတို့ဖြင့် ကူညီ အားပေးတော်မူကြကုန်သော သံဃာတော် ရဟန်း,ရှင်,လူ ဥပါသကာ ဥပါသကီအပေါင်း သူတော်ကောင်းတို့မှာလည်း—

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိ ဓမ္မရတိ ဇိနာတိ၊ တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။—
ဟူသော ပါဠိတော်ကိုငင်း၊

အန္တမသော စတုပ္ပဒိကာယ ဂါထာယ အနုမောဒနာ ဝသေ နာပိ ပဝတ္တိကံ ဓမ္မဒါနမေဝ ဝရံသေဋ္ဌံ။—ဟူသော အဋ္ဌကထာ အရကိုငင်း၊

အက္ခရကေမေကဥ္စ၊ ပုဒ္ဓရူပံ သမံ သိယာ။
တသ္မာဟိ ပဏ္ဍိတော ပေါသော၊ လိခေယျ ပိဋကတ္တယံ။—
ဟူသော ဂါထာအရကိုငင်း၊

ဘုရားဟောတော်မူသောတရား၊ အဋ္ဌကထာဆရာတို့ ဖွင့်ပြအပ်သော ဒါန ဟူသမျှတို့တွင် အမြတ်ဆုံး အကျိုးအကြီးမားဆုံးသော ဒါနကား ဤဓမ္မဒါန ပင်တည်းဟူ၍ငင်း၊ မြတ်စွာဘုရား ဟောတော်မူအပ်သော အက္ခရာတလုံး တလုံးသည် တဆူ တဆူသော မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ရသည်နှင့် တူညီသော အကျိုးကြီးမားသည်ကိုငင်း နှလုံးသွင်းကြကုန်လျက် "ငါတို့သည် ဤ ညောင်ရမ်း ဝိနိစ္ဆယပေါင်းချုပ်ကျမ်းကို ကူညီအားပေး လှူဒါန်းခြင်း ဟူသော ဓမ္မဒါနကြီးကို စေတနာ ထက်ထက် သဒ္ဓါလက်ဖြင့် လှူဒါန်းရပါပေပြီတကား" ဟု ဝမ်းမြောက် ဝမ်းသာ နှစ်သက်ခြင်း ပီတိ,ပါမောဇ္ဇတို့ ဖြစ်ကြပါစေကုန်သတည်း။

ထိုပြင် ပြဆိုအပ်ပြီးသော ညောင်ရမ်းဆရာတော်ဘုရားကြီး၏ ခဲလက်ရေးမူ မျှားစွာတို့ကို ကျမ်းစာ ထမြောက်အောင်မြင်ရေးကို စေတနာရှေထား၍ ရွက်ဆောင်အားထုတ်ကြသော ညောင်ရမ်း စာချုကထိကအဖွဲ့မှ မင်လက်ရေးမူ အဖြစ်သို့ အကျအပေါက် မရှိရအောင် အကြိမ်ကြိမ် တည်းဖြတ် ရွက်ဆောင်တော်မူကြကုန်သော ညောင်ရမ်း စာချဆရာတော် ဦးဝဏ္ဏ၊ ဆရာတော် ဦးဇောတိက၊ ဘဒ္ဒန္တ ဉာဏာဘိဝံသ၊ ဘဒ္ဒန္တဇောတိကာဘိဝံသ၊ ဘဒ္ဒန္တ မင်္ဂလာဘိဝံသ ဆရာတော်တို့အားငင်း၊

(ဃ) ညောင်ရမ်း ဝိနိစ္ဆယပေါင်းချုပ်ကျမ်း

ကျမ်းစာအုပ်ကြီးဖြစ်မြောက်ရေးကို ခေတ္တစေတနာဝန်ထမ်းဖြင့် ဥဒေအား ကူညီ ရွက်ဆောင်ပေသော ညောင်ရမ်း စာအုပ်ထုတ်ဝေရေးအဖွဲ့ အကျိုး ဆောင် ဦးမောင်ကလေး–ဒေါ်စောတင် တို့အားဂုဏ်း၊

ကျမ်းစာအုပ် ပုံနှိပ်ရန် အကောင်းဆုံး ပရင်းတင်းစက္ကူထုတ်ကြီး(၁၀၀) ကို ဆိုင်ရာသို့ အစိုးရဈေးနှုန်းဖြင့်ရအောင် ရွက်ဆောင်ပေးသော ရန်ကုန်မြို့ မင်းကြီး ဦးစိုးရ အားဂုဏ်း၊

အမြို့မြို့ အနယ်နယ် အရပ်ရပ်မှ ကျမ်းစာအုပ်ကြီး ပုံနှိပ်ထုတ်ဝေနိုင်ရန် တဦး တအုပ်ကျ, နှစ်အုပ်ကျ စေဘနာအလျောက် လက်မှတ်ထိုး၍ ပူဇော် လှူဒါန်းကြသော ဆရာတော် သံဃာတော် ရှင်,လူ,ရဟန်းတို့အားဂုဏ်း၊

ဤ ကျမ်းစာအုပ် ကောင်းမြတ်ရေးကို အဓိကထား၍ မွန်မြတ်သော စေတနာဖြင့် ကောင်းမြတ်သည်ထက် အကောင်းဆုံးဖြစ်အောင် ရွက်ဆောင်ပေးပေသော မန္တလေးမြို့ ပဒေသာပိဋကတ်ပုံနှိပ်တိုက်ရှင် ဦးဘိုးသာ-ဒေါ်ညွှန့်နှင့် သား–ကိုခင်မောင်–မတင်လှ တို့အားဂုဏ်း၊

ပုံနှိပ်ဘဂကဆိုင်ရာ အယဒိတာ တာဝန်ကစ္စ အဝဝတို့ကို လုံလေသေး မရှရှ ဝိရိယအားထုတ် ရွက်ဆောင်ကြသော သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဦးကျော်မြင့် အမှူးရှိသော ပဒေသာ ပါဠိဆရာအဖွဲဝင် တို့အားဂုဏ်း ကျေးဇူး ဥပကာရ တင်သောအားဖြင့် ကိုယ်,စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် လောက, ဓမ္မ နှစ်ဌာနတို့နှိုက် တင့်တယ်ကောင်းမြတ် ပြည့်စုံစေကြောင်း ဆုမွန်ကောင်း တောင်းလျက် မှတ်တမ်းတင်အပ်ပါသတည်း။

ဦးလက္ခဏာ "အဂ္ဂမဟာပဏ္ဍိတ"
ညောင်ရမ်းစာအုပ်ထုတ်ဝေရေးအဖွဲ့ နာယက
ညောင်ရမ်းပါဠိတက္ကသိုလ် တိုက်အုပ်
မန္တလေးမြို့။

၁၃၂၄–ခု၊
တပိုတွဲလဆန်း
(၈)ရက်

နိဒါန်း

(၁)

အဂ္ဂမဟာပဏ္ဍိတ ဒုတိယ ညောင်ရမ်းဆရာတော်၊ သို့မဟုတ် တိုက်အုပ်ဆရာတော် ဦးလက္ခဏ အသျှင်မြတ်၏ စေခိုင်း တိုက်တွန်းခြင်းကို အကြောင်းပြု၍ ညောင်ရမ်း ဝိနိစ္ဆယပေါင်းချုပ် ကျမ်းကြီး နိဒါန်းရေးသားရန် တာဝန်ကျရောက်၍ "ပေါင်းချုပ်ကျမ်းကြီး" စာမူများကို လေ့လာ ကြည့်ရှုမိသော အခါ—

လွန်ခဲ့သော နှစ်ပေါင်း(၂၀)ကျော်က "အတိတ်"သည် စိတ်သန္တာန်ဝယ် တဖန် အသစ် တဆစ်တပိုင်း အနေအား‌ဖြင့် ပြန်လည် ဝဲရစ်လာတော့သည်၊ အတိတ်သည် ဝဲရစ်လာသကဲ့သို့ပင် ဝမ်းသာလွန်း၍ မျက်ရည်များလည်း ဝဲရစ်လာမိသည်၊ တဖန် ဝမ်းနည်းလွန်း၍လည်း မျက်ရည်များ ဝဲရစ်လာမိသည်။

ဤစာရေးသူသည် စင်စစ်အား‌ဖြင့် ထိုမျှ ကြီးမားသော ဆရာတော်ကြီးများ၏ စေခိုင်းတိုက်တွန်းခြင်းကိုလည်း ခံယူထိုက်သူ တယောက်မဟုတ်ပါပေ၊ ထိုမျှ ကြီးမားသော ဆရာတော်ကြီးများ၏ စာရည်ကိုသွေး၍ အလေးအနက် အတည်အတံ့ အနေအား‌ဖြင့် ခမ်းကြီးနားကြီး " နိဒါန်း " ရေးထိုက်သူ တယောက်လည်း မဟုတ်ပါပေ။ သို့စင်လျက် "တောင်ကျချောင်းသည် မြစ်ကြီးနှင့် ပေါင်းမိသဖြင့် မဟာသမုဒ္ဒရာအတွင်းသို့ ရောက်ရသောအလား" တခါက **အဘိဓဇ မဟာရဋ္ဌဂုရု ကျေးဇူးရှင် ညောင်ရမ်းဆရာတော်ဘုရားကြီးနှင့် တိုက်အုပ် ဆရာတော် အသျှင်လက္ခဏ** မဟာထေရ်မြတ်တို့၏ စက်စုံကို ခိုလှုံကာ မန္တလေး မိုးကောင်း ညောင်ရမ်းတိုက်တွင် နေထိုင်ခဲ့ဘူးသော ပကတ္တုပ နိဿယပစ္စည်းကြောင့် ဤမျှ ကြီးကျယ်သော လုပ်ငန်းကြီးတွင် တနေရာက ပါဝင်၍ "နိဒါန်း"ရေးရခြင်း ဖြစ်ပေသည်တကားဟု အား‌ရ‌ဝမ်းမြောက် အထူး ဝမ်းသာလွန်း၍ မျက်ရည်များ ဝဲရစ်လှာခြင်း ဖြစ်ပေသည်။ (အာနန္ဒဿု)။

ထိုသရော်အခါ လွန်ခဲ့သော အနှစ်(၂၀)ကျော်၏အတိတ်ဝယ် "ကရဝိက် ဉဒေါင်း ကျူးသံညောင်းသို့" ရွှေကျောင်းကြီးပျော် ကျေးဇူးရှင် ညောင်ရမ်းဆရာတော်ဘုရားကြီးသည်—

သဒ္ဒဗျူဟာ၊ သခ်ၤာ,လိန်,အန်၊ ကာရန်,ရုပ်,ဓာတ်၊ အန္တိတ်,ဗာဟျတ်၊ သင့်ဆုံးဖြတ်လျက်၊ သမာသ်,တဒ္ဓိတ်၊ အာချာတ်,ကြွတ်ဟု၊ လေးပုဒ်မူလ၊ အရင်းစပြီး၊ ဝါကျ,နိပ္ပန်၊ ခြောက်တန် ကာရက၊ သာဓနနှင့်၊ ပဒ,ရူပ၊ လိင်ဓာတု၊ လေးခုမာလာ၊ လက္ခဏာ—ဟူသော သဒ္ဒါနည်း အမျိုးမျိုး။

ပြယုဂ်ပြီးတူ၊ ပေါင်းယူ အာဂတိ၊ နိရုတ်ရှိတိုင်း၊ ပိသောဒရ၊ စသည် ဂိုဏ်းမျိုး၊ ဟောရိုးစုံစု၁၊ ဆယ်ဖြာဝစ္ဆ၊ ဝါစက အပြား၊ လေးပါး,ဆယ်ပါး၊ ပိုင်းခြားဧစ့်စပ်၊ ဒြဗ်,သကတ်၊ ပညတ်, ပရမတ်၊ ဝါစ္စတ် ဒဿန၊ ငါးတန် ပြသား၊ မုချ ဥပစာ၊ အလင်္ကာ၌၊ ကိုးဖြာဗျာ်၊ နည်းနယနှင့်၊ ဘာဝ, ဝိဘာဝ၊ နုဘာဝတည့်၊ သဘာဝဝုတ်၊ ဂဂ်ဝုတ်—တည်းဟူသော နိရုတ်နည်း, ကေဋ္ဌဘ နည်း အမျိုးမျိုး။

ဝုတ်မတြာ၊ ဂါထာ ဘွဲ့နည်း၊ တောဒဉ်း မဉ္ဇရီ— စသော ဆန်းနည်း အမျိုးမျိုး။

“အနုက်မသန်၊ အဘိဓာန်၊ မကျန်ရအောင်ရွာ”ဟူသော သူဟောင်းတို့ သိုက်အထွက် အနုက်ဟောဘွယ် အသွယ်သွယ်ကို တုံ့ပယ်လူးလာ ရှာဖွေ ဖေါ်ထုတ်ခြင်း အဘိဓာန်နည်း အမျိုးမျိုး။

စုဒ်စော အာဘော်၊ ထုတ်မျော်နှိုက်နှဲ့၊ ဝက်ဝက်ကဲ့အောင်၊ ဖြတ်ခဲ့နှိုင်းဆ၊ စက်နှယ်ရှလျက်၊ ဆရာ့လက်ဆုပ်၊ အတွင်းငုပ်သား၊ မှန်ထုပ်လျှို့ဝှက်၊ သိခဲခက်တိ၊ အနက်,အဓိပ္ပါယ်၊ ကျဉ်း,ကျယ်,ခဲ့,ချုပ်၊ သရုပ်,သကန်၊ ကျမ်းရိုးပွန်အောင်၊ နှုတ်ဝန်မလေး၊ စိန့်နှယ်သွေးလျက်၊ ဆိုရေးဆန်းကြယ်၊ လေးဆယ်နည်းမြတ်၊ အတ္ထာပတ်နှင့်၊ နီတတ် နေယျစ်၊ ပုဒ်စစ်,ပါဠိကောက်၊ရွှေ,နောက်နုသန်၊ သမ္မန်,ယောဇန—စသော သံဝဏ္ဏနာနည်း အမျိုးမျိုး။

ခန္ဓာ,အာယတန၊ ဓာတုစသား၊ ထိုမျှနည်းမျိုး၊ အာဂုံကိုး၍၊ ဟောရိုး လေ့လာ၊လက္ခဏာက၊ လွှန်စွာခက်စု၊သိမ်ဓမ္မ့နုသည်၊ ပစ္စု,ပဒဋ္ဌ၊ဂမ္ဘီရတ်—တည်းဟူသော အဘိဓမ္မာနည်း အမျိုးမျိုး။

ပရမတ်ပစ္စည်း, ဓာတ်ပစ္စည်း တည်းဟူသော ပစ္စည်းနည်း အမျိုးမျိုး။

သဒ္ဒါဝိကပ်, ဆန်းဝိကပ်, ဓိဋ္ဌာန်ဝိကပ် တည်းဟူသော ဝိကပ်နည်း အမျိုးမျိုး။

ပါဠိ,အဋ္ဌကထာ၊ ဋီကာမ ဋီကာနှ့၊ မဓုလက်သန်း၊ ဆန်း,အလင်္ကာ၊ယော ဇနာ ဂဏ္ဌိ၊ နေတ္တိဟာရ၊ ကစ္စာန သိဒ္ဓိ၊ နီတိ,ဗာလာဝတာရ၊ နျာသသံပျင်၊ ထိုပြင်များစ့ာ၊ ကျမ်းအဖြာဖြာ တည်းဟူသော ဂန္ထန္တရနည်း အမျိုးမျိုး။

ကြိယာ့ရှင်၊ အကြင်ကတ္တား၊ လိုငြားတုံက၊ ပဓာနဟူ၊ မလိုမူကား၊ မှတ်ယူ တဝ၊ အပ်ဓာနကံ၊ ထိုကံအပ်ဓာ၊ လှည့်ကာပြန်ထ၊ ပဓာန၌၊ မုချအမှန်၊ အပါ ဒါန်နှင့်၊ သမ္ဗန်,အဓိကရဏ၊ ထိုက်က ဒုဟာ၊ မထိုက်ပါမူ၊ နယာဒိဂုဏ်း၊ ကံနှစ် ဆိုင်းတည့်၊ ဖြတ်ပိုင်းမှတ်သား၊ ဒြပ်အားဖြင့်၊ ထင်ရှားယိုယို၊ မယိုယိုပင်၊ သတ္တိ,ဗျတ္တိ၊ လောကိဝေါဟာ၊ခေါ်တိုင်းသာလျှင်၊ကြိယာဗျတ်၊ကာရကသတ် ဟူ၊ မြဲမှတ်မှန်လှ၊ ကောက်ရအသင့်၊ လမ်းနှယ်ပင့်အောင်၊ အခွင့်ယှဉ်ရှေ့၊ သိသိမ်မွေ့အောင်၊ စုံစေ့မချတ်၊ အနိယတ်နှင့်၊ နိယတ် ဝိသိဏ်၊ ဖိုလ်,ဟိတ်, ဥပမာ၊ ကြိယာ,ကာရက၊ ဒွန်မှနောက်ရှေ့၊ ပုဒ်တွေ့မမှတာ၊ အပ်ဓာနတ်၊ ဘိမေယျတ်ကို၊ ဖွင့်လတ်ယှဉ်ရာ၊ ယောဇနာမည်ရ၊ ပဓာနနှင့်၊ ဒူရပါဠ်ကြွင်း၊ ပုဒ်ချင်းပြန်လှန်၊ စပ်ဟန်ဖွင့်ကြ၊ သမ္ဗန္ဓတည့်၊ နယလက္ခဏာ၊ အဝ်နာက၊ အတ္ထာပတ်မျိုး၊ စသည်ကြိုး၍၊ ဟောရိုးနည်းသွယ်၊ သိစလွယ်အောင်၊ ဓိပ္ပါယ် ဖေါ်ပြ၊ ပိဏ္ဍတ္ထ တည်းဟူသော ဝါစနန္တရနည်း အမျိုးမျိုး။

ရှေးဦး ပဋိညာ၊ ဥပမာနှင့်၊ ဥဒါဟရဏ်,ဟိတ်၊ နိဂုံးပိတ်သား၊ အစိတ် ငါးပါး၊ စကားဖွယ်ရာ၊ဝါကျာဝယဝ တည်းဟူသော တက္ကနည်း=ဟေတုနည်း အမျိုးမျိုး။

ဤသို့လျှင် "နာနာနယ နိပုဏာဂမ္ဘီရ"ဖြစ်သော ပါဝစန၊ ဘုရားဧရှုတ်၊ သုတ် ဝိနည်း,.အဘိဓမ္မာ၊ သုံးဖြာသော ပိဋကတ်ကို "လေးသွယ်အစုတ်၊ ရေ သမုဒ်၌၊လှိုင်းပုတ်ထက်အောက်၊ မြူးမွှေနှောက်သည်၊ထောင်လောက်ယူဇနာ၊ အာနုန္ဘာသို့" မဟာဝါစနသဘင် စာပွဲကြီးရင်တော်မူခဲ့သော—ဟူ၏။

သို့သော်လည်း ထိုစဉ်အခါက ဤစာရေးသူကား.....

"ဝဏ္ဏာဂန္ဓ၊
ရသမကင်း၊
ကြာပင်ရင်း၌၊

စင်းလျင်းဝပ်လျား၊
နေလှည့်ငြားလည်း၊
နှံရှား ဟကြိုင်၊
ဧလှိုင် ချိုမြက်၊
ပန်းအရက်ကို၊
နှစ်သက်ဝမ်းမြောက်၊
ငါ့ဘို့ရောက်ဟု၊
မသောက်တတ်အား၊
ငမိုက်ဖါးသို့၊ ” (ဘူ....ပေါင်း။ ၅၉ ပိုဒ်)
သနားစရာပင်ကောင်းလှလေတော့သည်။

(၂)

ဆရာတော်ဘုရားကြီးသည် မြန်မာနှစ်(သကရဇ်) ၁၂၃၅-ခုနှစ်၊ တပို့တွဲ လဆန်း(၄)ရက် ဗုဒ္ဓဟူးနေ့ နေတက် တချက်တီးကျော် ဖွါးမြင်သည်၊ သူငယ် အမည် မောင်စံလှပေါ်၊ ညောင်ရမ်းမြို့ အင်းကုန်းရွာဇာတိ၊ အဘ ဦးနိုင်၊ အမိ ဒေါ်ငြိမ်းသာ။

ဆရာတော်ဘုရားကြီး၏ ပုဂ္ဂိုလ်သဘောတွင် ဤစာရေးသူ အနေအားဖြင့် (၂)ပိုင်း (၂)ပိုင်း မြင်ရသည်။

ဆရာတော်ဘုရားကြီးသည်—

နာလမ္ဘတေ ဒေဋ္ဌိကတံ,
န နိသီဒတိ ပေါရုသေ၊
သဒ္ဒတ္ထေ သက္ကဝိရိဝ,
ဒွယံ ဝိဒ္ဒါ အပေက္ခတေ။
(သိသုပါလဝဓ၊ ၂–၈၆)

ဝိဒ္ဒါ၊ ပညာယို့သည်။ ဒေဋ္ဌိကတံ၊ ကံကြမ္မာစုံမ်ား သက်သက်ကိုသာ။ နာလမ္ဘတော၊ တွဲလောင်းမခို။ ပေါရုသေ၊လူစုံမ်း(ဉာဏ် ဝီရိယ)သက်သက်၌သာ။ န နိသီဒတိ၊ရပ်တည်နေသည်မဟုတ်။ သက္ကဝိ၊စာရေးကောင်း စာဆိုကောင်း ကဗျာကောင်းသည်။ သဒ္ဒတ္ထေ၊စကားလုံးကောင်းကောင်း အနက် အဓိပ္ပါယ်

ကောင်းကောင်း နှစ်ခုကောင်း နှစ်ဖက်လှကို။ အပေက္ခတေက္ခဝါ၌မြော်ငဲ့ကွက်သကဲ့သို့။ ဒုယံ၊ကံစွမ်း, လူစွမ်း အစွမ်း(၂)မျိုးစလုံးကို။ အပေက္ခတော၊၌မြော်ငဲ့ကွက်၏။ (သက္ကဝိ—သက္ကဝိတာ။ ၎င်းဋီကာ)။

ဟူသော စာဆိုတော်ကြီး မာဃ၏ အဖွဲ့အဆိုကဲ့သို့ ကံစွမ်း, ပုဂ္ဂိုလ်စွမ်း (၂)မျိုးစလုံးပေါ်မှာ တည်နေတော်မူသည်ဟု ဆိုဖွယ်ယှဉ်လေသည်။

တဖန် ဆရာတော်ဘုရားကြီးသည်—

တေဇော ခမာဝါ နေကန္တံ,
ကာလညူနောစ ရာဇိနော၊
နေကမောဇော ပဿာဒေါ ဝါ,
ကဝိနော ရဿဘာဝိနော။

(သိသုပါလ ၀၈၊ ၂–၇၃)

ကာလညူနောစ ရာဇိနော၊ ခေတ်မီသော, အချိန်ကာလ အခွင့်အခါသိသော မင်းအစိုးရ၏။ တေဇော၀ါ၊ တန်းခိုးပြခြင်းသည် လည်းကောင်း။ ခမာ၀ါ၊ သည်းခံနေခြင်းသည်၎င်း။ နကေန္တံ၊ တံတစ်ချ ပုံသေ ကေန် တဖက်သတ်မဟုတ်။ ရဿဘာဝိနော ကဝိနော၊ ရဿစာဆို ရဿစာရေးဆရာ၏။ ဩဇော၀ါ၊သိပ်သည်း ကျစ်လစ်ခြင်းသဘော ဩဇဂုဏ်သည်၎င်း။ ပဿာဒေါ၀ါ၊ လွယ်လွယ်ကူကူ ယူသာ ငင်သာသော သဘာ၀ ပဿာဒဂုဏ်သည်၎င်း။ ကော်၊သက်သက် တဖက်သတ်ချည်း။ န၊မဟုတ်ပေ။ (ကော်—ကေ၀လံ။ ဋီကာ)။

ဟူသော စာဆိုတော်ကြီး မာဃ၏ အဖွဲ့အဆိုကဲ့သို့ တန်းခိုးတော်နှင့် သည်းခံခြင်း (သနားကြင်နာတတ်ခြင်း) သဘော(၂)မျိုးစလုံးပေါ်မှာ တည်နေတော်မူသည်ဟု ဆိုဖွယ် ယှဉ်လေသည်။

ဆရာတော်ဘုရားကြီးသည်'အဘ ဦးနိုင်၊ အမိ ဒေါ်ငြိမ်းသာ'တို့မှ ဖွါးမြင်သဖြင့် တန်းခိုးတော်နှင့် သည်းခံခြင်း သဘောတရား(၂)ရပ် ပေါင်းစပ်လေသလောဟုလည်း တွေးတောဖွယ် ယှဉ်လေသည်။

ဆရာတော်ဘုရားကြီး၏ သီလဂုဏ်,သမာဓိဂုဏ်,ပညာဂုဏ်,ပရိယတ်ဂုဏ်, ပဋိပတ်ဂုဏ်,ဓညပုညလက္ခဏာဂုဏ်,ခန္ဓိသောရစ္စဂုဏ်စသော ဂုဏ်အတင်တင်ကို ကုန်စင်အောင် ပြောပ ချီးမွမ်းခြင်းငှါ ဤစာရေးသူအနေနှင့် မတတ်နိုင်ပါ။

အထောင်အရာ မကသော ရောင်ခြည်ကို ဆောင်သော နေဝန်းကြီးအား မျက်မြော်ထေ့ထေ့ စေ့စေ့ကြည့်အံ့သောငှါ မတတ်သာသကဲ့သို့ ဆရာတော် ဘုရားကြီး၏ ပညာဖက်ဆိုင်ရာ ဂုဏ်ကျေးဇူးကို ချီးကျူးခြင်းငှါ ဤစာရေးသူ အနေနှင့် မတတ်နိုင်ပါ။ အသေအချာ ချိန်တွယ် ချင့်တွက်၍ ပြနိုင်စွမ်း မယိုပါ။

ပဌမ သင်္ဂါယနာတင်စဉ်က ရှင်မဟာကဿပ သံဃထေရ် ဖြစ်သကဲ့သို့ ၎င်း၊ ဒုတိယ သင်္ဂါယနာတင်စဉ်က ရှင်မဟာယသ သံဃဌေရ် ဖြစ်သကဲ့သို့ ၎င်း၊ တတိယ သင်္ဂါယနာတင်စဉ်က ရှင်မောဂ္ဂလိပုတ္တတိဿ သံဃထေရ် ဖြစ်သကဲ့သို့၎င်း၊ စတုတ္ထ သင်္ဂါယနာတင်စဉ်က ရှင်မဟာမဒ္ဓရက္ခိတ သံဃ ထေရ် ဖြစ်သကဲ့သို့၎င်း၊ ပဉ္စမ သင်္ဂါယနာတင်စဉ်က ဘုရားကြီးဆရာတော်, စီးဒတော်မြင့်းဝန် ဆရာတော်, ဆီးပန်းနီ ဆရာဌေတော်တို့ သံဃဌေထရ်များ ဖြစ် ကြသကဲ့သို့၎င်း၊ ဆဋ္ဌ သင်္ဂါယနာ တင်သောအခါ ဆရာတော်ဘုရားကြီး ဘဒန္တရေဝတာဘိဓေ မဟာရဋ္ဌဂုရု သံဃထေရ် ဖြစ်တော်မူသည်။ ဤမျှ လောက်သာ ပြနိုင်စွမ်း ယိုပါသည်။

တဖန် ရာကျော်သော ကျမ်းအဆူဆူကို "အမူကွန်း"အလား ရေးသား စီရင်တော်မူခဲ့သည်။ ဤမျှလောက်သာ ပြနိုင်စွမ်းယိုပါသည်။

သည်းခံခြင်းဂုဏ်, သနား ကြင်နာတတ်သောဂုဏ်ကိုကား ဤ စာရေးသူ အနေနှင့် ဉာဏ်မီပါသည်၊ ထောက်မီပါသည်။ ဆရာတော်ဘုရားကြီးသည် ခရစ်နှစ်(ဂ)ရာစု အလယ်လောက်တွင် ပေါ်ပေါက် ထွန်းကားတော်မူသော သဗ္ဗညုမိတ္တ မထေရ်နှင့် အလားတူပါသည်။ သဗ္ဗညုမိတ္တသည် သဒ္ဓရာဇောတြ မည်သော တာရာဒေဝီ နမက္ကာရကို ဖွဲ့ကုံးတော်မူခဲ့သောပုဂ္ဂိုလ်ကြီးဖြစ်သည်။

ကသို့ရဘုရင် ဝဇီရ မုကုဋ်၊ သို့မဟုတ် သရဏ ဘုရင်၏ ဆရာတော် ဖြစ် သည်။

ထိုဆရာတော်ကြီး သဗ္ဗညုမိတ္တ၏ အကြောင်းကို "သဒ္ဓရာထောတြ"၏ အဖွင့် သိရိဇိနရက္ခိတရေး (သံဝတ် ၁၈၁၁၊ ခရစ် ၁၈၂၄)ဗာလကြဋ္ဌီကာတွင် သကဋဘာသာဖြင့် ရေးသားခဲ့သည်။

သဗ္ဗညုမိတ္တသည် ရှိပစ္စည်း အားလုံးကို သုမေဓာအလား အိုးသွန် အိုးမှောက် စွန့်ကြဲပြီးနောက် တောင်းယမ်းစားသောက်ကာ ခရီးထွက်လာခဲ့ရာ လမ်းခရီး၌ သီမင်္ဂလာဆောင်အတွက် ငွေကြေး အလိုရှိနေသော ပုဏ္ဏားအို ကြီးတယောက်နှင့် တွေ့လေသည်။

ထိုပုဏ္ဏားအိုကြီးသည် သဗ္ဗညုမိတ္တ၏ အလှူရဲသော သတင်းကောင်းကို ကြားရ၍ အလှူခံရန် ငွေကြေးတောင်းခံရန် လာခဲ့ခြင်းဖြစ်သည်။ ကံ အားလျော်စွာ လမ်းတွင် တွေ့ကြ၍ သဗ္ဗညုမိတ္တ ဆိုသည်မှာ သူပင်ဖြစ်ကြောင်း.... ရှိစုမဲ့စု ပစ္စည်းအားလုံးကို စွန့်ကြဲ ပေးကမ်းပြီးဖြစ်ကြောင်း မိတ္တက ပြောပြသောအခါ ပုဏ္ဏားအိုကြီးခမျာ ရှိုက်ကာ ရှိုက်ကာ ငိုရှာသည်။ ထိုအခါ သဗ္ဗညုမိတ္တက ဤမျှ ပူဆွေးသောက မရောက်ရန် စိတ်သက်သက်သာသာ ထားရန်များကို ပြောကြားပြီးနောက် ယင်ပူဇော်ရန် ကိုယ်အလေးချိန်နှင့် စက်၍ ရွှေပေးဝယ်ယူနေသော ဘုရင် ဝဇီရမုကုဋ ထံ မိမိကိုယ်ကိုရောင်း၍ ဒုက္ခိတ သတ္တဝါတဦးအား ကူညီကြောင်းစသော စွန့်စားခန်းများကို ဖတ်ရှုရသောအခါ ကျေးဇူးရှင် ညောင်ရမ်းဆရာတော်ဘုရားကြီး၏ ခမာဂုဏ်, ဇာဂရိယဂုဏ်,ဥဋ္ဌာနဂုဏ်, သံဝိဘာဂဂုဏ်, ဒယာဂုဏ်, ဣကွန္ဒာဂုဏ် တည်းဟူသော နာယကဂုဏ်များ တဖွဲးဖွဲး တရွှေ့ရွှေ့ တငွေ့ငွေ့ ပေါ်လွှာလေတော့သည်။

ဆရာတော်ဘုရားကြီးသည် လောကကောင်းကျိုး,သာသနာ့ကောင်းကျိုး အမျိုးမျိုးကို စွမ်းပကား ရှိသမျှ ဆောင်ရွက်တော်မူပြီးနောက် "နိယမောကေန လဿ်ဖတေ" ဆိုရေးစကား ရှိသည်နှင့် အညီ သဘောနိယံ တံတွာ အလျောက် ဖေါက်ပြန်ပြောင်းလဲတတ်သော ခန္ဓာကိုယ်ပြိုပျက်၍ "နေစက်ရှင် ဂေါယာယဉ်နှန်းသည့်နှယ်" နတ်နန်းကွန်းပျံသို့ ယွန်းစံ စမ္ပယ်တော်မူရှာလေပြီတကား။ (၁၃၁၆-ခု၊ တပို့တွဲလဆန်း ၁၅ ရက် တနလ်ာနေ့)။

နိဒါန်း

ဂုဏ်ကျေးဇူးမျှ ကြွင်းကျန်တော့သော အခါိန်ကျမှ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဂုဏ်တော် ကျေးဇူးတော်ကို ရှာတတ် သိတတ် (ဝိညုတံ ပတ္တာ)ဖြစ်ရခြင်းအတွက် တသက်သက်နေ၊ မပြေမပျောက်၊ တအောက်မေ့မေ့၊ တစေ့စေ့လျှင်၊ ပူဇော်မစဲ၊ ရစ်ဝဲသော မျက်ရည်သည်လျှင် နိဒါန်း၏နိဂုံး ဖြစ်ပါတော့သတည်း။

ဆန်းထွန်း

မန္တလေး တက္ကသိုလ်

၁၃၂၄၊ ပြာသိုလဆုတ်(၁၂)ရက်နေ့။

21-1-63

မာတိကာ

အကြောင်းအရာ မျက်နှာနံပါတ်

ပဏာမ နှင့် ပဋိညာဉ် ၅

၁-စိန္ဒိယ ကဏ္ဍ

ကထိနဒါန ဝိနိစ္ဆယ ၇
ကထိနတ္ထာရာလဘ်ာန ဝိနိစ္ဆယ ၈၀
ကထိနဒါန ဌာနာဒိ ဝိနိစ္ဆယ ၉၆
ကထိနဒါန နိမန္တန ဝိနိစ္ဆယ ၁၀၉
ကထိနာနိသံသ လဘနာဒိ ဝိနိစ္ဆယ ၁၁၈
ပစ္ဆိမ ဝဿူပနာယိက ကထိနတ္ထာရ ဝိနိစ္ဆယ ၁၃၉
သီမသမ္ဘေဒန ဝိနိစ္ဆယ ၁၄၃
နဒီအာဒိဏ္ဏရ ဒီပက သီမသမ္ဗေါတိ ဝိနိစ္ဆယ ၁၄၈
အဓိပ္ပေတရာဇာ ဝိနိစ္ဆယ ၁၅၀
ဂါမဘောဇကဒါန ဝိသုံဂါမ ဝိနိစ္ဆယ ၁၅၉
သီမာပေါသထကမ္မ ဝိနိစ္ဆယ ၁၆၅
ဝိသုံဂါမ သီမာဒိ ဝိနိစ္ဆယ ၁၇၀
နဒီသမုဒ္ဒ်ကိမ် ဝိနိစ္ဆယ ၁၈၁
ဘဏ္ဍာဒေယျ ဂီဝါဝိသေသ ဝိနိစ္ဆယ ၁၈၆
ဘဏ္ဍဝိနာသ ကတ ဝိနိစ္ဆယ ၁၉၅
မတသန္တိက ဒုဒ္ဒိန္နာဒိ ဝိနိစ္ဆယ ၂၀၇
ထေယျသံဝါသက ဝိနိစ္ဆယ ၂၁၅
မတသန္တိကပြဲ ဝဇိရဗုဒ္ဓိဋီကာ ပါဠိ နိဿယနှင့် ဝိနိစ္ဆယ ၂၂၀
မတသန္တိက ပုစ္ဆာ ဝိနိစ္ဆယ ၂၃၀
ဝဿူကဗုန ဝဿူပနာယိက အနာပတ္တိ ဝိနိစ္ဆယ ၂၃၆
ပုဏ္ဏမာ ဝိနိစ္ဆယ ၂၄၅
တာဝကာလိက ဒုံသန္တိက ဝိနိစ္ဆယ ၂၅၄
သီလရင် ပဗ္ဗဇ္ဇ ဝိနိစ္ဆယ ၂၇၂
အရညဝိဟာရ ဝိနိစ္ဆယ ၂၇၉
နဝပုစ္ဆာ ဝိနိစ္ဆယ ၂၈၅
ဥပါဟနဲာရဏ္ဍဒိ ဝိနိစ္ဆယ ၃၁၆

အကြောင်းအရာ	မျက်နှာနံပါတ်
ပါရာဇိကံပုဒ်နှိုက် နအာကွရာ ပါသင့် မပါသင့် ဝိနိစ္ဆယ	၃၂၃
ပတ္တကလွအင်္ဂါဒိ ဝိနိစ္ဆယ	၃၃၃
ဇိဏ္ဏဝိဟာရဘိန္ဒန ဝိနိစ္ဆယ	၃၅၁
ဝိကာလဘောဇန ဝိနိစ္ဆယ	၃၅၃
အာယတဓမ္မဂိတ ဝိနိစ္ဆယ	၃၆၃
ဘိက္ခုနီ ဝိနိစ္ဆယ	၃၇၃
သံဃိကဝိဟာရသဉ္ဇရဏ ဝိနိစ္ဆယ	၃၇၉
စာတုဒ္ဒိသာ သံဃိကစရပ် ဝိနိစ္ဆယ	၃၈၉
သာသနဒါယာဒ ဝိနိစ္ဆယ	၃၉၂
သာသနာသုံးပါး၏ ဝစနတ္ထ အရကောက် အဓိပ္ပါယ် အဆုံးအဖြတ်	၄၁၁
သာသနဒါယာဒ ဒါယဇ္ဇ ပစ္စယဒါယက သာသနဒါယ အနုဂ္ဂဟသဒ္ဒါတို့၏ ဝစနတ္ထ အရကောက် အဓိပ္ပါယ် အဆုံးအဖြတ်	၄၁၉
သမဏသံဃ ဝိနိစ္ဆယ	၄၂၆
သာမဏေရပဗ္ဗဇ္ဇ ဝိနိစ္ဆယ	၄၃၆
ဘာသန္တရ ဝိနိစ္ဆယ	၄၆၅
နောက်ထပ် ဥပဇ္ဈာယ်ဆရာ ယူသင့် မယူသင့် အဆုံးအဖြတ်	၄၇၂
ဆုံးဖြတ်စာ	၄၇၃
ဂန္ဓကုဋိ သဉ္ဇရဖာဒိ ဝိနိစ္ဆယ	၄၇၈
မတသန္တကဒိန္န ဝိနိစ္ဆယ	၄၈၂
အရညက ဓူတင်္ဂ နဝသနဂါမ ဝိနိစ္ဆယ	၄၈၅
သုဝဏ္ဏာဒိဒါမ လေပန ဝိနိစ္ဆယ	၄၉၆
သုဝဏ္ဏစ္ဆာဒက ပဋိမာဒိဂဟဏ ဝိနိစ္ဆယ	၅၀၃
ဘဏ္ဍာဒေယျ ဝမတဇ္ဈဒန ဝိနိစ္ဆယ	၅၀၅
အာပတ္တာဓိကရဏ ဝိနိစ္ဆယ	၅၁၁
ယထာဓမ္မ ဝိနိစ္ဆယ	၅၁၉
၂-ပကိဏ္ဏက ကဏ္ဍ	
ပရမတ္ထဂမ္ဘီရ ဝိနိစ္ဆယ	၅၂၅
စေတနာကမ္မ ဝိနိစ္ဆယ	၅၃၀

အကြောင်းအရာ	မျက်နှာနံပါတ်
သီဟဠပုစ္ဆာဃ ဝိဿဇ္ဇနာ	၆၂၃
အရိယာဝါသ ဆယ်ပါး ဝိနိစ္ဆယ	၆၂၇
မိလိန္ဒပဉ္ဟာ သင်္ဂီတိ ဝိဿဇ္ဇနာ	၆၃၁
နေတ္တိ,ပေဋကောပဒေသသင်္ဂီတိ ဝိနိစ္ဆယ	၆၃၄
စယဝုဟုဘပစာယန ဝိနိစ္ဆယ	၆၅၃
ဗောဓိသတ္တ ဝဿ မာသ ဒိန ဝိနိစ္ဆယ	၆၅၉
အနိစ္စ ဒုက္ခ အနတ္တပုဒ်တို့၏ လက္ခဏာဒိစတုက္က ဝိနိစ္ဆယ	၆၇၀
မဂဓဘာသာ ကထန ဝိနိစ္ဆယ	၆၇၅
ပရိတ်ရွတ်ဖတ်နည်း နိဿယည်း	၆၇၈
အရှင်သာရိတ္တရာ အရှင်မဟာမောဂ္ဂလာန်တို့၏ ဓာတ်တော် အဆုံးအဖြတ်	၆၉၂
ကထိန်မင်္ဂလာ သြဘာစာများ	၇၆၉
သြဝါဒကထာ	၇၀၄
သံဝေဂမင်္ဂလာ သြဘာစာ	၇၀၆

ကထိနဒါနဝိနိစ္ဆယနိဒါန်း

ဓမ္မိဿရ၊ ဓမ္မသာမိ၊ တိလောကာဓိပတိ၊ မုနိပုင်ဝ၊ အသာဓာရဏာ၊ ဉာဏဝတီ၊ လောကိဝံသ၊ ဉာဏ်လင်းမရသော၊ ဒေဝဗြဟ္မာ၊ သမဏာနှင့်၊ ရာဇာမနုဿ၊ သံသယဖြင့်၊ပဥ္စစကား၊မေးလျှောက်ထားသည်ကို၊ လျင်လျားမုဟုတ္တာ၊ ထိုခဏနှိုက်၊ သေသမကျန်၊ သဗ္ဗညုဉ္ဉာဏ်ဖြင့်၊ ဝေဖန်ခဲ့ခြင်း၊ ဖြစ်မ်းသတ္တိ၊ ပြိုင်ဘက်မရှိသော၊ အပ္ပဋိပုဂ္ဂလ၊ ဝိသေသ ဖြစ်တော်မူသော၊ သယမ္ဘူ။ ထုတ်ထား၊ သဗ္ဗညုမြတ်စွာဘုရားသည်—

များပြားသတ္တဝါ၊ဝေနေယျတို့၏၊တဏှာမူလက၊ဝဋ်ဒုက္ခမှ၊မုချလွတ်ရန်၊ မဂ်,ဖိုလ်ဉာဏ်ဖြင့်၊ လေးတန်သစ္စာ၊ သိမြင်ကြ၍၊ အမတကြဉ်း၊ နိဗ္ဗာန်နန်းကို၊ လှမ်းတက်နိုင်ကြစေခြင်းအကျိုးငှါ၊ နယာသခေ်ပ၊ အကျဉ်းပြလျှင်၊ ဝိမုတ္တိရသအားဖြင့် တပါး၊ ဓမ္မ,ဝိနယအားဖြင့် နှစ်ပါး၊ ပိဋကတ်အားဖြင့် သုံးပါး၊ နိကာယ်အားဖြင့်ငါးပါး၊ အင်္ဂါအားဖြင့်ကိုးပါး၊ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်၊များမြောင်ဆန်းကြယ်၊အသွယ်သွယ် အဝဝ၊နိပုဏဂမ္ဘီရ၊ ဝိစိတြ၊ သုခုမတရ၊ ဒုဒ္ဒသအစ၊ အဆုံးမရသော၊ နယ သိန်း သောင်း၊ နည်းအပေါင်းတို့ဖြင့်၊ လွန်ကောင်းတင့်တယ်စွာ၊သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရ၊အဝဝပုံပြင်၊ တန်းဆာဆင်လျက်၊ သန့်စင်ဖြူဆွဲ၊သိက္ခတ္တယဖြင့်၊ရေတွက်အပ်သော၊ပရိယတ္တိသာသနာဓမ္မကို၊ ဟောပြတော်မူသတည်း။

ဤသို့ ဟောပြတော်မူအပ်သော ပရိယတ္တိသာသနာဓမ္မ ပါဠိတော် အဋ္ဌကထာ, ဋီကာ, အနု, မဓု, ယောဇနာ,ဗျာကရဏ်း,အဘိဓာန်,ဆန်း,အလင်္ကာစသော ကျမ်းဂန်အမျိုးမျိုးတို့ကို ထိုထိုဒေသ ရပ်ဌာနမှ သိပ္ပရင်နှံ့ သောက်စိုအံ့ငှါ ရောက်လာကြကုန်သော ယတပေါတန သောတုဇနတို့အား နှေ့,ညမပြတ် နိစ္စဝတ်ဖြင့် ဓမ္မတ်ဒါန ရွယ်မှန်းဆ၍ သင်ပြ ပို့ချတော်မူလျက် **မန္တလေးမြို့ မိုးကောင်းတိုက်နှိုက် ယာပိုထ်မျည် သီတင်းသုံး နေထိုင်တော်မူသော တကျိပ်နှစ်ပါး သာသနာပြု ညောင်ရမ်းဆရာတော်သည် ၁၂၀၉-ခုနှစ်** မအူပင်မြို့ ဒါယကာ, ဒါယိကာမတို့ သက္ကစ္စမြောက် ပင့်လျှောက် တောင်းပန်ကြသဖြင့် ၎င်းမအူပင်မြို့ အလည်ကျောင်းတိုက်နှိုက် ဝါသိုကပ်၍ ပရိယတ္တိ

ဓမ္မကို ပို့ချသင်ပြလျက် သီတင်းသုံး နေထိုင်တော်မူသောအခါ၊ ၎င်းမြို့နေ ဥပါသကကျင့်ရာ ဂုဏ်အင်္ဂါနှင့် ပြည့်စုံသော ရာဇဝတ် ရုံးအုပ်စာရေးကြီး ဦးဇေဋ္ဌသည် နှစ်သက်ကြည်စ္ဓာ ကောင်းသော စိတ်စေတနာဖြင့် သဒ္ဓါ တရား ရွှေရှုထား၍ အမျှားဒါယကာ သုဇနာတို့ သဒ္ဓါကြည်ဖြူ ကထိန် အလှူနိုက် နည်းယူမှတ်သားကြစေခြင်းငှါ ရှိသေစွာ မေးမြန်းလျှောက်ထား အပ်သော ခြောက်ရပ်သော ပုစ္ဆာတို့ကို ပါဠိ, အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရ အာဂမယုတ္တိ အသင့်ယုတ္တိတို့ဖြင့် နှိုင်းညှိဖြေဆိုအပ်သော ကထိနဒါနဝိနိစ္ဆယ ကျမ်းကို အတွက်ကံသန ပရဝမ္ဘန မရှိ သုဒ္ဓိစိတ်ထား ကရုဏာတရားဖြင့် ရေး သားတော်မူအပ်သတည်း။

၁၂၈၉-ခု၊ တန်ဆောင်မုန်းလဆုတ်(၁၀)ရက် သောကြာနေ့၊

မဘုရင်ဖြို ဖြိုလည်ကျောင်းတိုက်နှိုက်

ခေတ္တ သီတင်းသုံးနေတော်မူသော ညောင်ရဖိုးဆရာတော်ထံသို့

မေးလျှောက် အင်္ဂလာ

ပုဆွေ(၆)ချက်

ဘုရားတပည့်တော် ရာဇဝတ်ရုံးအုပ်စာရေးကြီး ငွေရွက် ခြေတော်စုံကို ဦးခိုက်၍ ရိုသေစွာ လျှောက်ပါသည်ဘုရား....။

တပည့်တော်နှင့် တကွ အချို့ ဒါယကာများသည် ကထိန်သင်္ကန်း လှူဒါန်းခြင်းနှင့်ပတ်သက်၍ အောက်ပါအချက်များကို မရှင်းမလင်း ဖြစ်နေပါသဖြင့် အရှင်ဘုရားက ဘုရားဟောကျမ်းဂန်ယုတ္တိနှင့်တကွ ဖြေရှင်းတော်မူပါမည့်အကြောင်း—

၁။ အရုံ သင်္ကန်းများသည် ကထိန် ဥတ်သင်္ကန်းကြီးကဲ့သို့ ငါးပါးသော အကျိုး အာနိသံသတို့ကို ရထိုက် မရထိုက်။

၂။ (က) ဥတ်သင်္ကန်းကြီးမှာ အစဉ်အလာအားဖြင့် ကျောင်းထိုင် ဆရာတော်ရဟန်း ရလတံ့သည်ကို အမှန် သိနေကြပါသဖြင့် ဥတ်သင်္ကန်းကြီးကို လှူဒါန်းသော အလှူရှင်သည် မိမိ လှူဒါန်းသော ဥတ်သင်္ကန်းကြီးသည် ကျောင်းထိုင် ဆရာတော်အား လှူဒါန်းရတော့မည် ဟူသောစိတ်ကို မပြင်နိုင်ဘဲ "သံဃသဿ ဒေမ" ဟု နှုတ်ကဆို၍ လှူမူ သံဃိက မြောက်ထိုက် မမြောက်ထိုက်။

(ခ) အကယ်၍ မမြောက်ထိုက်ပါလျှင် စိတ်ကိုလွယ်ကူစွာနှင့် မည်ကဲ့သို့ ပြင်၍ နှလုံးသွင်းရပါမည့်အကြောင်း။

၃။ အကယ်၍ ဒုတိယမေးခွန်းအတိုင်း သံဃိကအလှူ မဖြစ်ဘဲ ပုဂ္ဂလိကအလှူ ဖြစ်နေပါလျှင် အရုံ သင်္ကန်းတို့မှာ ပုဂ္ဂိုလ်ကို မရည်မှန်းရသဖြင့် "သံဃသဿ ဒေမ" ဟု နှုတ်ကဆို၍ လှူဒါန်းရပါသောကြောင့် သံဃိကအလှူ မြောက်ထိုက်ပါလျှင် ထိုအလှူ နှစ်ခုမှာ မည်သည့်အလှူက အကျိုးကြီးမည် ဖြစ်ပါကြောင်း။

၄။ ကထိန်လျှာသက်နှံး ကပ်လှူရန် ကောက်ခံရရှိသော ငွေများအနက် အချို့မှာ ဥ တ်သက်နှံးကြီး အချို့မှာ အရံသက်နှံးများ အချို့မှာ သံဃာတော်များအား ဆွမ်း, ပန်း ကပ်လှူခြင်း အချို့မှာ ကြွရောက်လာသော လူပရိသတ်တို့အား ကျွေးမွေး လှူဒါန်းခြင်း အချို့မှာ ဝေယျာဝစ္စ ကိစ္စတွင် သုံးခြင်း၊ ဤကဲ့သို့ အထွေထွေ အပြားပြား သုံးကြရပါသဖြင့် မည်သည့် ဌာနနှိုက် ပါဝင် အသုံးပြုသော ငွေအလှူက အကျိုး ကြီးမြတ်မည်ကို ခွဲခြား၍ ဖေါ်ပြပါမည့်အကြောင်း။

၅။ အကယ်၍ အကျိုးပေးခြင်း တူမျှစွာ ဖြစ်နိုင်ပါလျှင် တဦးတယောက်သောပုဂ္ဂိုလ်က ဥ တ်သက်နှံးကြီးကို လှူရလျှင် အထူး ဝိုမို အကျိုးကြီးလိမ့်မည်ဟု ယုံကြည်စိတ်ထားနှင့် ဥ တ်သက်နှံးကြီးကိုလှူဒါန်းပါလျှင် ထိုပုဂ္ဂိုလ်၏ အလှူနှင့် ကောက်ခံရသော ဒ္ဒေရှင်တို့၏ အလှူသည် အခြားဌာနများတွင် အသုံးပြုကြရပါသဖြင့် မည်သည့်အလှူက အကျိုး ကြီးမည် မကြီးမည်ကို ခွဲခြား၍ ဖေါ်ပြပါမည့်အကြောင်း။

၆။ ကထိန်သက်နှံး လှူရာတွင် အတိုး, အမှုတ်, အဆိုများ ထည့်သွင်းပါလျှင် အလှူဒါန အကျိုးယုတ်လျော့ သိမ်ဖျင်းခြင်းသို့ ရောက်ရှိမည် မရှိမည်ကို ဖေါ်ပြပါမည့်အကြောင်း။

ငွေချက်
ရာဇဝတ်ရုံးအုပ်စာရေးကြီး
မအူပင်မြို့။

ဇာတ်ရင်း

ဝိဓုရပဏ္ဍိတဇာတ်ကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏ္ဏာသ နှင့် ပဋိညာဉ်

၁၂၀၉–ခု၊ တန်ဆောင်မုန်းလဆုတ်(၁၀)ရက် သောကြာနေ့၊

ပဉ္စ ဝိဿဇ္ဇနေ ဆေကံ၊ သဗ္ဗလောကေဟိ ပုစ္ဆိတံ။
နတ္ထာ ဗုဒ္ဓံ ဝိဿဇ္ဇိဿံ၊ ကထိနာယတ္တာ ပုစ္ဆိတံ။

အဟံ၊ငါသည်။ သဗ္ဗလောကေဟိ၊ခပ်သိမ်းဥဿုံ အလုံးစုံသော လူ,နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့သည်။ပုစ္ဆိတံ၊ယုံမှားတွေးဆ သံသယဖြင့် ဓမ္မကျင့်ရေး ဉာဏ်ဖြင့်တွေး၍ မေးလျှောက်အပ်သော။ ပဉ္စံ၊ထိုထိုမျှားစွာ ပြဿနာကို။ ဝိဿဇ္ဇနေ၊ပတ္တာမြားလုံးညီ ရွှေးကောက်စီသို့ ကြုံစည်မထား လျင်သောအားဖြင့် ဖြေကြားတော်မူခြင်းနှိုက်။ ဆေကံ၊ပြိုင်ဘက်ကင်းစွာ လိမ္မာတော်မူသော။ဗုဒ္ဓံ၊သစ္စာလေးပါး သိခဲကြီးတရားကို ပိုင်းခြားထင်ထင် အရဟာတ္တမဂ်ဉာဏ်စဉ်ဖြင့် သိမြင်တော်မူပြီးသော မြတ်စွာဘုရားကို။ နတ္ထာ နမာမိ၊ဒ္ဓါရ

သုံးပါး ကရိဏ်းထားလျက် ညှတ်တွားရိုသေစွာ ရှိခိုးပါ၏။ နတ္ထာ၊ ဗုဒ္ဓ ဂုဏ ထောမနာ ဤသုံးဖြာဒွါရ ပဏာမဖြင့် ကြည်ဆည်တော်နူး ရှိခိုးဦး၍။ ဦးဋ္ဌေရ်က နာမကေန၊ဦးဋ္ဌေရ်က အမည်ရှိသော။ မဟာလေခကေန၊ မအူပင်မြို့ ရာဇဝတ်ရုံးအုပ်စာရေးကြီးသည်။(ထည့်)။ ကထိနာယတွာပုစ္ဆိတံ၊ဘုရားပညတ် ကထိန် အလှူနှင့်စပ်၍ မေးလျှောက်အပ်သော အမှတ်သဒ္ဒါ ခြောက်ခုသော ပုစ္ဆာကို။ ဝိဿဇ်ဿိသံ၊ပါဠို,အဋ္ဌကထာ,ဋီကာစကားဖြင့် ဖြေကြားပေအံ့။

မအူပင်မြို့ ရာဇဝတ်ရုံးအုပ် စာရေးကြီး ဦးဋ္ဌေရ်သည် မိမိမှစ၍ ပုဂ္ဂိုလ်ဒါယကာ အများတို့ ကထိန်သင်္ကန်း လှူဒါန်းမှုနိုင် သိကြား လိမ္မာ၍ ပုည မဟပ္ဖလ ကြီးမြတ်စေခြင်း အကျိုးငှါ ယောနိသော မနသိကာရဖြင့် ကထိန်သင်္ကန်း လှူဒါန်းခြင်းနှင့်စပ်၍ မေးလျှောက်သောပုစ္ဆာ(၆)ချက်တို့ကို ဖြေဆိုရန် ပါဠို,အဋ္ဌကထာ,ဋီကာတို့နိုင် ၎င်းပုစ္ဆာအား လျော်စွာ နိတတ္ထတိုက်ရိုက်မရှိသဖြင့်—

> ကိ ံ ပဥ္ဉသ ပုစ္ဆနံ ဘာရိယံ ဥဒါဟု ဝိဿဇ္ဇနန္တိ။ ဥဂ္ဂဟေတွာ ပုစ္ဆနံ နော ဘာရိယံ။ ဝိဿဇ္ဇနံ ပန ဘာရိယံ။ သဟေတုကံ ဝါ သကာရဏံ ကတွာ ပုစ္ဆနံဝိ ဝိဿဇ္ဇနံဝိ ဘာရိယမေဝါတိ။ ဥပဋ္ဌိတသတိနံ ဥဘယမ္မေတံ နဒုက္ကရံ။

အနက် ပဥ္ဉသ၊ ပြဿနာကို။ ပုစ္ဆနံ၊ မေးခြင်းသည်။ ဘာရိယံကိ ံ၊ ဝန်လေးသလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ဝိဿဇ္ဇနံ၊ ဖြေရခြင်းသည်။ ဘာရိယံကိ ံ၊ဝန်လေးသလော။ ဣတိ၊ဤသို့။ စေပုစ္ဆေယျ၊အကယ်၍ မေးငြားအံ့။ ဥဂ္ဂဟေတွာ၊ သင်ကြားမှတ်သား၍။ ပုစ္ဆနံ၊ မေးရခြင်းသည်။ နောဘာရိယံ၊ဝန်မလေး။ ဝါ၊မခဲယဉ်း။ ဝိဿဇ္ဇနံပန၊ဖြေဆိုရခြင်းသည်ကား။ ဘာရိယံ၊ ဝန်လေး၏။ ဝါ၊ ခဲယဉ်း၏။ ဝါ၊ တနည်းကား။ သဟေတုကံ၊ အကြောင်းရင်းမူလရှိသော။ သကာရဏံ၊အကြောင်း အကျိုးနှင့် တကွသော စကားကို။ ကတွာ၊ပြု၍။ ပုစ္ဆနံပိ၊မေးရခြင်းသည်ၾကာ။ ဝိဿဇ္ဇနံပိ၊ဖြေရခြင်းသည်ၾကာ။ ဘာရိယမေဝ၊ဝန်လေးသည်သာလျှင်တည်း။ ဝါ၊ခဲယဉ်းသည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေတဗ္ဗော၊ ဖြေအပ်၏။ ပန၊ ဝန်လေး

သည်မှတပါး ဝန်မလေးသည်ကို ဆိုဦးအံ့။ ဥပဒ္ဒိတသာတီနံ၊ ထင်သော သတိ, ပညာရှိသော ပုဂ္ဂိုလ်တို့အား။ ဧတံ ဥဘယံပိ၊ ထိုနှစ်ပါးစုံသော မေးခြင်း, ဖြေခြင်းသည်လည်း။ နဒုက္ကရံ၊မခဲယဉ်း။

ဤသို့ ဘုရားအလိုတော်ကျ ဖွင့်ပြတော်မူသော မူလပဏ္ဏာသ ရထဝိနီတ သုတ် အဋ္ဌကထာနှင့်အညီ ၎င်း(၆)ချက်သောပုစ္ဆာတို့ကို အရှင်သာရိပုတ္တရာ အရှင်နာဂသိန် စသော ဗုဒ္ဓမတညူပုဂ္ဂိုလ် မထေရ်မြတ်တို့ကဲ့သို့ ဘုရားအလို တော်ကျအတိုင်း မှန်ကန်စွာ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ဖြေကြားရန် အလွန် ခဲယဉ်းလှပေ၏။

သို့ အလွန်ခဲယဉ်းလှသော်လည်း ထိုထိုပါဠိ,အဋ္ဌကထာ,ဋီကာလာ စကား တို့ကို ထောက်ထားကြည့်ရှု၍ မဟာပဒေသအားဖြင့် ဖြေကြားပေအံ့။

ပညာရှိပုဂ္ဂိုလ်တို့သည် သဘာဝယုတ္တိ,အာဂမယုတ္တိတို့ကို တုလန ဉာဏ်ဖြင့် ချိန်ဆတော်မူကြ၍၊ ပါဠိ, အဋ္ဌကထာ, ဋီကာသဘောနှင့် သက်ဝင်ညီညွတ် နှီးနှောမိသည်ဖြစ်အံ့ မှတ်ယူရာ၏၊ မနှီးနှော မညီ မညွတ်သည်ဖြစ်အံ့ ပယ်စွန့်ရာ၏။

၁-ဝိနယကဏ္ဍ

ကထိနဒါနဝိနိစ္ဆယ

၁-ပုဏ္ဏ၁ လျော်ထားချက်အဖြေ

၁။ အရံ သင်္ကန်းတို့သည် ကထိန်ဥတ်သင်္ကန်းကြီးကဲ့သို့ ငါးပါးသော အကျိုးအာနိသံသတို့ကို ရထိုက် မရထိုက် ဟူသောအမေးနှိုက်—

အတ္ထိတ ကထိနာနံ ဝေါ ဘိက္ခဝေ ပဉ္စအာနိသံသာ ကဝိဿန္တိ။ အနာမန္တစာရော, အသမာဒါနစာရော, ဂဏ ဘောဇနံ, ယာဝဒတ္ထစီဝရံ, ယောစ တတ္ထ စီဝရုပ္ပါဒေါ၊ သော နေသံ ဘဝိဿတီတိ။ — ဟူသော ကထိနက္ခန္ဓက ဝိနည်း မဟာဝဂ်ပါဠိတော်နှင့် အညီ—

အနာမန္တစာရ– ဘောဇဉ်ငါးပါးဖြင့် ပင့်ဖိတ်အပ်သော ဆွမ်း ရှိလျက် ထင်ရှားရှိသော ရဟန်းတို့ကို မပန်ကြားမူ၍ တပါးသော ဒါယကာ အိမ်သို့ သွားခြင်းကြောင့် အာပတ် မသင့်ခြင်း တည်းဟူသော အကျိုးတပါး။

အသမာဒါနစာရ–တိစီဝရိတ် အဓိဋ္ဌာန်တင်၍ သုံးဆောင်သော သင်္ကန်း သုံးထည်တို့တွင် တထည်ထည်ကို မယူမူ၍ သွားခြင်းကြောင့် အာပတ် မသင့်ခြင်း တည်းဟူသော အကျိုးတပါး။

ဂဏဘောဇန–လေးပါးသော ရဟန်းတို့အား "ထမင်းစား ကြွပါ"ဟု မအပ်သော ပင့်ဖိတ်ခြင်းဖြင့် ပင့်ဖိတ်အပ်သော ဂဏဘောဇဉ်ကို စားခြင်းကြောင့် အာပတ် မသင့်ခြင်း တည်းဟူသော အကျိုးတပါး။

ယာဝဒတ္ထစီဝရ–အဓိဋ္ဌာန် ဝိကပ္ပနာ မပြုသော သင်္ကန်းကို အလိုရှိတိုင်း သုံးဆောင် ဝတ်ရုံခြင်းကြောင့် အာပတ်မသင့်ခြင်း တည်းဟူသော အကျိုးတပါး။

ယောစ တတ္ထစီဝရုပ္ပါဒေါ သော နေသံ ဘဝိဿတိ– ထို ကထိန် ခင်းသော ကျောင်းတိုက်နှိုက် " သံဃဿ ဒေမ " ဆို၍ လှူဒါန်းသော သင်္ကန်း စသော သံဃိကပစ္စည်းဝတ္ထုတို့ကို ထိုကထိန်ခင်းသောရဟန်းတို့အား သာလျှင် ရခြင်း တည်းဟူသော အကျိုးတပါး။

ဤငါးပါးသော ပစ္စက္ခ မျက်မှောက်အကျိုးတို့ကို ဒါယကာတို့က သံဃိက လှူဒါန်းသော သံဃိကဥ တ်ကထိန်သင်္ကန်းကို သံဃာတော်တို့က ဥ တ္တိဒုတိယ ကမ္မဝါစာဖြင့် ပုဂ္ဂိုလ်တပါးအား ပေး၍ ထိုကထိန်သင်္ကန်းကို ရသောပုဂ္ဂိုလ် သည်—

ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ–ဟူ၍ဖြင်း၊
ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ–ဟူ၍ဖြင်း၊
ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ–ဟူ၍ဖြင်း
နှုတ်မြွက်၍ ကထိန်ခင်းသော ပုဂ္ဂိုလ် ရဟန်းအားဖြင်း။

အတ္ထတံ ဘန္တေ သံဃသ္သ ကထိနံ ဒမ္မိကော ကထိနတ္ထာရော အနုမောဒါမ။

ဟု နှုတ်မြွက်၍ တရားနှင့်လျော်သော ကထိန်ခင်းခြင်းကို ဝမ်းမြောက်ပါကုန်၏ဟု အနုမောဒနာ ပြုကြကုန်သော တိုက်တွင်းရှိ အလုံးစုံသော ရဟန်းသံဃာတို့အားသာလျှင် "သီတင်းကျွတ် လပြည့်ကျော် (၁) ရက်နေ့မှစ၍ တပေါင်းလပြည့်နေ့တိုင်" ရကုန်၏။

ၛင်းအကျိုးငါးပါးတို့သည် ကထိန်အလှူရှင် ဒါယကာတို့နှင့် တစုံတခုမျှ မသက်ဆိုင်ဟု မှတ်အပ်၏။

အဘယ်ကြောင့် ထိုအကျိုးငါးပါးတို့ကို ကထိန်ခင်းသော ရဟန်းတို့အား ရသနည်းဟူမူ—

ကထိနဿ တိကိ ဝတ္ထူနိ သံဃာဒို ဥတ္ထရာသင်္ဂါ အန္တရဝါသကော။

ဟူသော ပါဠိတော်နှင့်အညီ ကထိန်၏ ဝတ္ထုဖြစ်သော ဒုကူဋ်, ကိုယ်ဝတ်, သင်းပိုင် ဟုဆိုအပ်သော သုံးထည်သော သင်္ကန်းတို့တွင် တထည်ထည်သော သင်္ကန်းကို ကထိန်အလှူရှင် ဒါယကာတို့သည် ကထိန်သင်္ကန်းသက်သက်—

ဇုမံ ကထိနစီဝရံ သံဃဿ ဒေမ—ဟူ၍ၛင်း၊

ကထိန်၏ အာနိသင် အခြံအရံသင်္ကန်း စသော ဝတ္ထု၊ ပစ္စည်းနှင့် တကွ—

သပရိဝါရံ ဇုမံ ကထိနစီဝရံ သံဃဿ ဒေမ—ဟူ၍ၛင်း၊ ကထိနာနိသံသေန သဟ ဇုမံ ကထိနစီဝရံ သံဃဿ ဒေမ—ဟူ၍ၛင်း၊

နှုတ်မြွက်၍ လှူသည်ရှိသော်—

သံဃဿ ဒိန္နကာလတော ပဋ္ဌာယ သံဃော သာမိ။

ဟူသည်နှင့် အညီ ထို ကထိန်သင်္ကန်းကို သံဃာတော်သည် အစိုးရ၏။

ကထိနဿ ဧကံ မူလံ သံဃော။

ဟူသော ပါဠိတော်နှင့်အညီ ကထိန်၏ မူလဘူတ ဖြစ်၍ဖြစ်သော သံဃာတော်သည် ထိုသံဃာအစိုးရသော သံဃိက ကထိန်သင်္ကန်းကို—

သံဃေန ဥတ္တိဒုတိယေန ကမ္မေန ကထိနတ္ထာရကဿ ဘိက္ခုနော ဒါတဗ္ဗံ။

ဟူသော ပါဠိတော်နှင့်အညီ ဥတ္တိဒုတိယကမ္မဝါစာဖြင့် ကထိန်ခင်းတတ်သော ပုဂ္ဂိုလ်ရဟန်းအား ပုဂ္ဂလိကအဖြစ်ဖြင့်ပေးအပ်၏။ထိုကထိန်သင်္ကန်းကို ရသော ပုဂ္ဂိုလ်ရဟန်းသည်—

တေန ကထိနတ္ထာရကေန ဘိက္ခုနာ တဒဟေဝ ဓောဝိတ္ဗာ ဝိမဇ္ဇိတ္ဗာ ဝိစာရေတ္ဗာ ဆိန္ဒိတ္ဗာ သိဝ်ေတ္ဗာ ရဇိတ္ဗာ ကပ္ပံ ကတ္ဗာ ကထိနံ အတ္ထရိတဗ္ဗံ။

ဟူသော ပါဠိတော်နှင့်အညီ ဒုကုဋ်သင်္ကန်းကြီးဖြစ်အံ့—

ဇုမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ—ဟူ၍၎င်း၊

ကိုယ်ဝတ်သင်္ကန်း ဧကသီဖြစ်အံ့—

ဇုမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ—ဟူ၍၎င်း၊

ခါးဝတ်သင်္ကန်း သင်းပိုင်ဖြစ်အံ့—

ဇုမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ—ဟူ၍၎င်း၊

နှုတ်ဖြင့် မြွက်ဆို၍ ကထိန် ခင်းအပ်၏၊ ကထိန် ခင်းပြီးသော် ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီပြီးလျှင် မထေရ်ကြီးဖြစ်အံ့—

အတ္ထတံ အာဝုသော သံဃသ္သ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ။

ဟု နှုတ်ဖြင့် မြွက်ဆို၍ သံဃာတော်တို့အား အနုံမောဒနာ ပြုကြရန် တိုက်တွန်းအပ်၏၊ ကထိန်ခင်းသော ရဟန်းမှ တပါးသော ရဟန်းသံဃာတော်တို့သည်လည်း ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီပြီးလျှင် မထေရ်ငယ်တို့ဖြစ်ကုန်အံ့—

အတ္ထတံ ဘန္တေ သံဃသ္သ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ။

ဟု နှုတ်ဖြင့်မြွက်ဆို၍ ဝမ်းမြောက် ဝမ်းသာ အနုမောဒနာ ပြုအပ်ကုန်၏၊ ထိုသို့သော အစီအရင်ကို ဘုရားဟောတော်မူတိုင်း ပြုလုပ်သည်ရှိသော် ပုဂ္ဂိုလ်ရဟန်းပင် ကထိန် ခင်းငြားသော်လည်း သံဃာတော်သည် မူလဘူတဖြစ်၍

အနုမောဒနာ ပြုသောကြောင့် သံဃာတော်, ဂိဏီး, ပဂ္ဂိုလ် တို့သည်လည်း ကထိန်ခင်းသည် မည်တော့သည်သာလျှင်တည်း။ ထိုကြောင့် ပရိဝါပါဋိတော် နှိုက်—

> နံ သံဃော ကထိနံ အတ္ထရတိ။ နံ ဂဏော ကထိနံ အတ္ထရတိ။ ပုဂ္ဂလော ကထိနံ အတ္ထရတိ။သံဃဿ အနုမောဒနာယ၊ဂဏဿ အနုမောဒနာယ၊ ပုဂ္ဂလဿ အတ္ထာရာ။ သံဃဿ အတ္ထတံ ဟောတိ ကထိနံ။ဂဏဿ အတ္ထတံ ဟောတိ ကထိနံ။ပုဂ္ဂလဿ အတ္ထတံ ဟောတိ ကထိနံ—ဟု ဟောတော်မူ၏။

အနက် သံဃော၊ သံဃာတော်သည်။ ကထိနံ၊ကထိန်ကို။ နံ အတ္ထရတိ၊ မခင်း။ ဂဏော၊ ဂိဏီးသည်။ ကထိနံ၊ ကို။ နံ အတ္ထရတိ၊မခင်း။ ပုဂ္ဂလော၊ပုဂ္ဂိုလ်သည်။ ကထိနံ၊ကို။ အတ္ထရတိ၊ခင်း၏။ သံဃဿ သံဃေန၊သံဃာတော်သည်။ အနုမောဒနာယ၊အနုမောဒနာပြုခြင်းကြောင့်။ ဂဏဿ ဂဏေန၊ဂိဏီးသည်။ အနုမောဒနာယ၊ကြောင့်။ ပုဂ္ဂလဿ ပုဂ္ဂလေန၊ ပုဂ္ဂိုလ်သည်။ အတ္ထာရာ၊ ခင်းခြင်းကြောင့်။ သံဃဿ သံဃေန၊သံဃာတော်သည်။ ကထိနံ၊ကထိန်ကို။ အတ္ထတံ၊ခင်းအပ်သည်။ ဟောတိ၊ဖြစ်၏။ ဂဏဿ ဂဏေန၊သည်။ ကထိနံ၊ကို။ အတ္ထတံ၊သည်။ဟောတိ၊၏။ပုဂ္ဂလဿ ပုဂ္ဂလေန၊ သည်။ ကထိနံ၊ကို။ အတ္ထတံ၊သည်။ ဟောတိ၊၏။

ထိုသို့ ပုဂ္ဂိုလ် ကထိန်ခင်းသည်ရှိသော် သံဃာ, ဂိဏီး, ပုဂ္ဂိုလ်တို့သည်လည်း ကထိန်ခင်းသည်မည်သောကြောင့် ဥတ္တိဒုတိယကမ္မဝါစာဖြင့် ပေးအပ်သော ကထိန်သင်္ကန်းတထည်လျှင် အကြောင်းရင်းရှိသော ပစ္စက္ခမျက်မှောက် အကျိုးအာနိသင် ငါးပါးတို့ကို ကထိန်ခင်းသောရဟန်း အနုမောဒနာပြုသော သံဃာ,ဂိဏီး,ပုဂ္ဂိုလ်တို့သည် ရကြကုန်၏။ အနုမောဒနံ့ာ မပြုသော ရဟန်း ကထိန်ခင်းသော ကျောင်းတိုက်မှ တပါးသော ကျောင်းတိုက်နှိုက် ဝါကျွတ်ကုန်သော ရဟန်းတို့သည် ၎င်းအကျိုးငါးပါးတို့ မရကုန်။ ထိုကြောင့် ဝိနယာလင်္ကာရဋီကာနှိုက်—

> (က) အာနိသံသံ လဘန္တိ တေ ဣတ္ထေ စ သံဃိကတ္ထာ သဗ္ဗေ သိမဋ္ဌကဘိက္ခူ။ အာနိသံသံ လဘန္တိ—ဟူ၍ဋ္ဌင်း။

(ခ) အာနိသံသံ လဘန္တိတိ ဇာဒဠ အတ္ထာရကဿစ အနုမောဒနာနဠ ဘိက္ခူနံ အာနိသံသံ လဘနမေဝ ဝုတ္တံ— ဟူ၍ဂုင်း မိန့်ဆိုတော်မူ၏။

အနက် (က) စ၊ဆက်၍ ဆိုဦးအံ့။ အာနိသံသံ လဘန္တီတိတ္ထေ၊အာနိသံသံ လဘန္တီဟူသော ဤပုဒ်နှိုက်။ ကထိနစီဝရဿ၊ကထိန်သင်္ကန်း၏။ သံဃိကတ္တာ၊ သံဃာတော်၏ ဥစ္စာ ဖြစ်သည်၏ အဖြစ်ကြောင့်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ သီမဋ္ဌကဘိက္ခူ၊ ကျောင်းတိုက် ဥပစာရသီမ်တွင်းနှိုက် တည်ကုန်သော ရဟန်းတို့သည်။ အာနိသံသံ၊ကို။ လဘန္တိ၊ရကုန်၏။

(ခ) အာနိသံသံ လဘန္တီတိဣဒဠ၊ အာနိသံသံ လဘန္တိ ဟူသောစကား ကိုလည်း။ အတ္ထာရကဿ၊ကထိန်ခင်းတတ်သော။ ဘိက္ခုနော၀၊ ရဟန်းအား ၎င်း။ အနုမောဒနာနံ၊ဝမ်းမြောက်ကုန်သော။ဝါ၊အနုမောဒနာပြုကုန်သော။ ဘိက္ခူနဠ၊ ရဟန်းတို့အား၎င်း။ အာနိသံသံ လဘနမေဝ၊ အာနိသင်ငါးပါး ရခြင်းကိုသာလျှင်။ သန္ဓာယ၊ရည်၍။ အာစရိယေန၊အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ဆိုအပ်၏။

အလုံးစုံသော ဥတ်သင်္ကန်း အရံသင်္ကန်းတို့ကို "သံဃဿ ဒေမ" ဟု ဆို၍ လှူငြားသော်လည်း ဥတ္တိဒုတိယကမ္မဝါစာဖြင့်ပေးသော ကထိန်ခင်းအပ်သော သင်္ကန်းတထည်သည်သာလျှင် ကထိန်သင်္ကန်း မည်၏၊ ကြွင်းသော သင်္ကန်းတို့သည် ကထိန်သင်္ကန်း မမည်။ မူလ ကထိန်သင်္ကန်း၏ အခြံအရံ အာနိသံသ သင်္ကန်းမျှသာ မည်ကုန်၏။ ထိုကြောင့် ဝိနယာလင်္ကာရဋ္ဌီကာနှိုက်—

> အာနိသံသန္တိ ကထိနာနိသံသ စီဝရံ။ ဧကံ အတ္ထတစီဝရံယေဝ ဟိ ကထိနစီဝရံနာမ ဟောတိ။ အဝသေသာနိ စီဝရာနိဝါ သာဋကာဝါ ကထိနာနိသံသာယေဝနာမ— ဟု မိန့်ဆိုတော်မူ၏။

အနက် အာနိသံသန္တိ၊ အာနိသံသံ ဟူသည်ကား။ ကထိနာနိသံသစီဝရံ၊ ကထိန်၏ အခြံအရံ အာနိသင်ဖြစ်သော သင်္ကန်းတည်း။ဟိသစ္ဒံ၊ မှန်၏။ ဧကံ၊တထည်သော။အတ္ထတစီဝရံယေဝ၊ကထိန်ခင်းအပ်သော သင်္ကန်းသည်သာလျှင်။ ကထိနစီဝရံနာမ၊ကထိန်သင်္ကန်းမည်သည်။ ဟောတိ၊ဖြစ်၏။

အဝဿသာနိ၊ကထိန်ခင်းအပ်သော သင်္ကန်းမှ ကြွင်းကုန်သော။ စီဝရာနိဝါ၊ သင်္ကန်းတို့သည်၎င်း။ သာဋကာဝါ၊ ပုဆိုး တို့သည်၎င်း။ ကထိနာနိသံသာယေဝနာမ၊ကထိန်၏အခြံအရံ အာနိသင်တို့ မည်ကုန်သည်သာလျှင်။ဟောန္တိ၊ ဖြစ်ကုန်၏။

ထိုသို့ ဥတ္တိဒုတိယကမ္မဝါစာဖြင့် သံဃာတော်က ပေး၍ ခင်းအပ်သော သင်္ကန်းတထည်သည်သာလျှင် ကထိန်သင်္ကန်း မည်သောကြောင့် ထိုခင်းအပ်သော မူလကထိန်သင်္ကန်း တထည်ကိုသာလျှင် အကြောင်းပြု၍ ကထိန်ခင်းသော ရဟန်းတော်တို့မှာ ကထိန်၏အကျိုးအာနိသင် ငါးပါးကိုရကြကုန်၏။

အခြံအရံ အာနိသံသဖြစ်သော သင်္ကန်းတို့ကို အလှူခံရခြင်းကြောင့် ရသည်မဟုတ်၊ ထိုကြောင့် အရံသင်္ကန်းမျှားသည် ကထိန် ဥတ်သင်္ကန်းကြီးကဲ့သို့ အကျိုးအာနိသင် ငါးပါးတို့ကို မရထိုက်ဟု မှတ်အပ်၏။

အရံသင်္ကန်းတို့သည် ဥတ်ကထိန်သင်္ကန်းကြီးကဲ့သို့ မုချအားဖြင့် အကျိုးအာနိသင် ငါးပါးတို့ကို မရထိုက်ငြားသော်လည်း သာမညအားဖြင့် ရပြီးဖြစ်သော အကျိုးအာနိသင် ငါးပါးတို့၏ မပျက်ခြင်း၏ အကြောင်းမျှသော်ကား ဖြစ်ထိုက်သေး၏။အဘယ်ကြောင့်နည်းဟူမူကား....ကထိန်ခင်းသောကျောင်းတိုက်နှိုက် ကထိန်၏ အာနိသင်ဖြစ်သော အရံသင်္ကန်းတို့ကို ရကြကုန်သော ရဟန်းတော်တို့အား ရပြီးသော ကထိန်၏ အကျိုးအာနိသင် ငါးပါးတို့ကို အာဝါသပလိဗောဓ, စီဝရပလိဗောဓ နှစ်ပါး မပြတ်သော်သာလျှင် တပေါင်းလပြည့်နေ့တိုင်အောင် ရကြကုန်၏။ ထိုအာဝါသပလိဗောဓ,စီဝရပလိဗောဓ နှစ်ပါး ပြတ်သည်ရှိသော် နိဋ္ဌာနန္တိက,နာသနန္တိက စသော ကထိန်နှုတ်ခြင်းအားဖြင့် ရပြီးဖြစ်သော အကျိုးအာနိသင် ငါးပါးတို့သည် မရ ပျက်သောကြောင့်တည်း။

ဤသို့ ဖြေခြင်းသည် အမေးအား လျော်စွာ ဖြေခြင်းမျှသာ ဖြစ်သည်။ **အမေးနှင့်မူ ညီလွန်း**။ စင်စစ်သော်ကား.... သင်္ကန်းကြီးဖြင့် ကထိန်ခင်းခြင်းကြောင့် ရဟန်းတော်တို့မှာ အကျိုးအာနိသင် ငါးပါးကို ရဘိသကဲ့သို့ အခြံအရံ သင်္ကန်းတို့ကို အလှူခံရခြင်းကြောင့် ၎င်းအကျိုးအာနိသင် ငါးပါးတို့ကို ရထိုက် မရထိုက်ဟု အမေးကိုပြင်၍ မေးသင့်၏။သို့သော် မေးရင်းပုဂ္ဂိုလ်သည်

၎င်းအကျိုးအာနိသင် ငါးပါးတို့ကို ကထိန်အလှူရှင် ဒါယကာတို့အားလည်း ရသည်ဟု မှတ်ထင်၍ မေးသည်ဖြစ်အံ့၊ အောက်က ပြဆိုခဲ့ပြီးသော အနာမန္တစသော မျက်မှောက် ပစ္စက္ခ အကျိုးငါးပါးတို့သည် ရဟန်းတော်တို့၏ ဝိနည်းအရာမျှသာ ဖြစ်၍ ကထိန်သင်္ကန်း အလှူရှင် ဒါယကာတို့နှင့် တစုံတရာမျှ မသက်ဆိုင်၊ ကထိန်ခင်းသော ရဟန်းတော်တို့နှင့်သာလျှင် သက်ဆိုင်သော အကျိုးအာနိသင် ငါးပါးဟု မုချမှတ်သားအပ်၏။

ကထိန်အလှူရှင် ဒါယကာတို့မှာ ဥတ်ကထိန်သင်္ကန်းကို လှူသည်ဖြစ်စေ အခြံအရံ သင်္ကန်းကို လှူသည်ဖြစ်စေ "သံဃဿ ဒေမ" ဆို၍ သံဃိက အဖြစ်ဖြင့် လှူခြင်း တူမျှကြမူ ကထိန်ခင်းခြင်းကို မြတ်စွာဘုရားသည် ရဟန်းသံဃာတော်တို့အား အကျိုးငါးပါး ရ၍ ကျေးဇူးမျှားခြင်း အကျိုးငှါသာလျှင် ခွင့်ပြုတော်မူသောကြောင့် ထိုသင်္ကန်းကို ဥတ်ကမ္မဝါစာဖြင့် ပေး၍ ကထိန်ခင်းခြင်းကို ရသော်ငင်း မရသော်ငင်း "သံဃေ ဒိန္နံ မဟပ္ဖလံ" ဟူသော ပါဠိတော်နှင့်အညီ ဥတ်သင်္ကန်း အရံသင်္ကန်း နှစ်ပါးစုံသည်ပင်လျှင် တူမျှစွာ သံဃိကအလှူ၏ အကျိုးကိုသာ ရထိုက်ပေ၏။ ထိုကြောင့် ဝိနယာလင်္ကာရဋီကာနှိုက်—

> အတ္ထာရော ပန ဘိက္ခူနံ ဥပကာရတ္ထာယ ဘဂဝတာ အနုညာတော။ တသ္မာ ဥတ္တိ လဒ္ဓမ္မိ အလဒ္ဓမ္မိ မဟပ္ဖလမေဝ— ဟု မိန့်ဆို၏။

အနက် အတ္ထာရောပန၊ ကထိန်ခင်းခြင်းကိုကား။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဥပကာရတ္ထာယ၊ ကျေးဇူးမျှားခြင်း အကျိုးငှါ။ ဘဂဝတာ၊သည်။ အနုညာတော၊ ခွင့်ပြုတော်မူအပ်၏။ တသ္မာ၊ ကြောင့်။ ဥတ္တိ လဒ္ဓမ္မိ၊ဥတ်ဖြင့် ပေးခြင်းကို ရအပ်သော်ငင်း။ အလဒ္ဓမ္မိ၊ဥတ်ဖြင့် ပေးခြင်းကို မရအပ်သော်ငင်း။ မဟပ္ဖလမေဝ၊အကျိုး ကြီးမြတ်သည်သာလျှင်တည်း။

ကထိန်သင်္ကန်းအလှူ၏ အကျိုးကို ရဟန်းတော်တို့အားသာလျှင် ရထိုက်သော အကျိုးငါးပါးမှတပါး အထူးဟောတော်မူသော ပိဋကတ်သုံးပုံ ပါဠိတော်, အဋ္ဌကထာ, ဋီကာ မရှိသည်ဖြစ်၍ ဥတ်ကထိန်သင်္ကန်း အရံသင်္ကန်း

အလှူ နှစ်ပါးစုံသည်ပင်လျှင် ပုဂ္ဂလိကအလှူထက် ကြီးမြတ်သော သံဃိက အလှူ၏ အကျိုးကိုသာလျှင် ရ၏ဟုမှတ်။ ထိုကြောင့် ဝိနယာလင်္ကာရဋီကာ နှိုက်—

သတေသု ဝါ သဟသေသု ဝါ ဧကော ပဏ္ဍိတပုရိသော
ပုဂ္ဂလဿ ဒိန္နဒါနတော သံဃဿ ဒိန္နံ မဟပ္ဖလန္တိ ဥတ္တာ ဣမံ
ကထိနစီဝရံ သံဃဿ ဒမ္မိတိ ဝတ္တာ ဝါ စိန္တေတ္တာ ဝါ ဒေတိ။
တဿ သာဒက္ခိဏာ သံဃဂတာ ဟောတိ—ဟု မိန့်တော်မူ၏။

အနက် သတေသုဝါ၊တရာသော ယောကျိုးတို့တွင်၎င်း။ သဟဿေသု ဝါ၊တထောင်သော ယောကျိုးတို့တွင်၎င်း။ဧကော၊တယောက်သော။ ပဏ္ဍိတပုရိသော၊ ပညာရှိသော ယောကျိုးသည်။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ ဒိန္နဒါနတော၊ ပေးလှူအပ်သော ဒါနထက်။ သံဃဿ၊ သံဃာတော်အား။ ဒိန္နံ၊ ပေးလှူအပ်သော ဒါနသည်။ မဟပ္ဖလံ၊ ကြီးမြတ်သော အကျိုးရှိ၏။ ဣတိ၊ ဤသို့။ ဥတ္တာ၊ သိ၍။ ဣမံကထိနစီဝရံ၊ ဤကထိန်သင်္ကန်းကို။ သံဃဿ၊သံဃာတော်အား။ ဒမ္မိ၊ လှူပါ၏။ ဣတိ၊သို့။ ဝတ္တာဝါ၊ ဆို၍၎င်း။ စိန္တေတ္တာဝါ၊ကြံ၍၎င်း။ ဒေတိ၊လှူ၏။တဿပဏ္ဍိတပုရိသဿ၊ထိုပညာရှိသော ယောကျိုး၏။ သာဒက္ခိဏာ၊ထိုအလှူသည်။ သံဃဂတာ၊သံဃာနှိုက် ရောက်သည်။ ဟောတိ၊၏။

၎င်းဋီကာနှိုက် ကထိန်အလှူ၏ သံဃိကအကျိုးမှ တပါး အကျိုး အထူးဝိသေသကို ပြတော်မူခြင်း ကျမ်းကြီး ကျမ်းခိုင်တို့နှိုက် မရှိသည်ဖြစ်၍—

ပုဂ္ဂလဿ ဒိန္နဒါနတော သံဃဿ ဒိန္နံ မဟပ္ဖလံ—ဟူ၍ ထုတ်ပြတော်မူသည်ဟု မှတ်အပ်၏။

ထိုကြောင့် ကထိန်အလှူရှင် ဒါယကာတို့မှာ ဥတ်ကထိန်သင်္ကန်းကြီးကို လှူဒါန်းခြင်းကြောင့် သံဃိက အလှူ၏ အကျိုးကို ရတိသကဲ့သို့ အရုံသင်္ကန်းတို့ကို သံဃိကလှူဒါန်းသည်ဖြစ်အံ့ သံဃိကအလှူ၏ အကျိုးကို ရ၏ဟု မှတ်အပ်၏။

ကထိန်ခင်းသော ရဟန်းတော်တို့မှာ ပစ္စုပ္ပန်ဘဝနှိုက် မျက်မှောက်ပစ္စက္ခအကျိုးငါးပါး ရတိသကဲ့သို့ "သဒိသံ ပါကံ ဇနေတိ" ဟူသည်နှင့်အညီ ကထိန်

အလ္လရှင် ဒါယကာတို့မှာလည်း ထိုအကျိုးငါးပါးကို ဥပမာထား၍ ထိုအကျိုးငါးပါးနှင့်အလားတူစွာ ပဝတ္တိအခါနှိုက် အိမ်ရှင်,အိမ်စောင့် ထင်ရှားရှိသော သူတို့ကို မပန်မကြားမူ၍ သွားခြင်းကြောင့် တစုံတရာ အပြစ်ဘေးရန် မရှိစသည်ဖြင့် ခွဲထွင်၍ ဓမ္မကထိကပုဂ္ဂိုလ်တို့ ဒါယကာတို့ သဒ္ဓါတရား မျှားစေခြင်းငှါ ဟောကြဆိုးမကြ၏။ ထိုသို့ ဟောပြောကြသော်လည်း ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့နှိုက် မရှိသောကြောင့် ယုတ္တိယုတ္တာမရှိ၍ ကောင်းစွာ မမှတ်ထိုက်ပေ။ ၎င်းပြင် တရားဟောစာများနှိုက်—

သတံဟတ္ထိ သတံအဿာ၊ သတံအဿတရိ ရထာ။
သတံကညာ သဟဿာနိ၊ အာမုတ္တာ မဏိကုဏ္ဍလာ။
ကေကထိနဒါနဿ၊ ကလံ နာဂ္ဃန္တိ သောဠသိံ။

ဟု ပါဠိစီကုံးပြီးလျှင် ဆင်အသိန်း မြင်းအသိန်း အဿထိုရမြင်း ကအပ်သော ရထားအသိန်း ပုလဲ, ပတ္တမြား နားဆောင်း ဝတ်ဆင်အပ်သော သမီးကညာအသိန်း ဤလေးသိန်းတို့ကို ရခြင်းသည် တကြိမ်မျှ လူဒါန်းရသော ကထိန်အလှူ၏ အကျိုးကို နှစ်ရှာငါးဆယ် ခြောက်စိတ် စိတ်၍ တစိတ်ကိုမျှ အဖိုးမထိုက်ဟူ၍ဂုဏ်း၊

စတုရာသီတိ သဟဿေ၊ ကာရာပေတွာန ဝိဟာရေ။
ပလ္လင်္ကေ ရတနမယေ၊ ဒဒေ သံဃဿ သဒ္ဓဒါ။
တမ္မိဒါနံ မဟပ္ဖလံ၊ ဝိပုလံ သုခဒါယကံ။
ကေကထိနဒါနဿ၊ ကလံ နာဂ္ဃတိ သောဠသိံ။

ဟု ပါဠိစီကုံးပြီးလျှင် ရှစ်သောင်း လေးထောင်သော ကျောင်းတို့ကို ဆောက်လုပ်ပြီး၍ ရတနာဆယ်ပါးဖြင့် ပြီးသော ရတနာပလ္လင်တို့ကို သံဃာတော်အား အခါခပ်သိမ်း လူဒါန်း၏၊ထိုအလှူသည် တကြိမ်မျှ လူဒါန်းရသော ကထိန်အလှူ၏ အကျိုးကို နှစ်ရှာငါးဆယ် ခြောက်စိတ် စိတ်၍ တစိတ်ကိုမျှ အဖိုးမထိုက် ဟူ၍ဂုဏ်း၊

ယာဝ အကနိဋ္ဌာဒေဝါ၊ သုဝဏ္ဏရဇတံ ဗဟုံ။
နာနာရတနရာသိံ စ၊ ဒဒေ သံဃဿ သဒ္ဓဒါ။
ကေကထိနဒါနဿ၊ ကလံ နာဂ္ဃတိ သောဠသိံ။

ဟု ပါဠိစီကုံးပြီးလျှင် အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် များစွာသော ဒွေ့ရတနာ အစုကို စုပုံ၍ သံဃာတော်အား အမြဲလှူရခြင်းသည် တကြိမ်လှူရသော ကထိန်၏ အကျိုးကို နှစ်ရှင်းဆယ် ခြောက်စိတ် စိတ်၍ တစိတ်ကိုမျှ အဖိုးမထိုက်ဟူ၍ဂုဏ်း၊

ယတ္တကေစ ပရိက္ခာရေ၊ ဒဒေ သံဃသ သဗ္ဗဒါ။
ကေကထိနဒါနဿ၊ ကလံ နာဂ္ဃတိ သောဠသိံ။

ဟု ပါဠိစီကုံးပြီးလျှင် အကြင်မျှလောက် ပရိက္ခရာတို့ကို သံဃာတော်အား အမြဲလှူ၏၊ ထို သံဃိကအလှူသည် တကြိမ်မျှ လှူဒါန်းရသော ကထိန်အလှူ၏ အကျိုးကို နှစ်ရှင်းဆယ် ခြောက်စိတ် စိတ်၍ တစိတ်ကိုမျှ အဖိုးမထိုက်ဟူ၍ဂုဏ်း၊

ယသ္မာ အာပတ္တိံ နာသေတိ၊ ဘိက္ခူနံ ကထိနဒါနံ။
တသ္မာ တံ သဗ္ဗဒါနေဟိ၊ အတိဥ္တ္တမံ ပသဋ္ဌံ။
တသ္မာဟိ ပဏ္ဍိတော ဇနော၊ သမ္ပသံ သုခမတ္တနော။
သမ္ပတ္တေ ကထိနေ ခေတ္တေ၊ ဒဒေ သံဃသ ကထိနံ။

ဟု ပါဠိစီကုံးပြီးလျှင် ကထိန်အလှူသည် ရဟန်းတို့၏ အာပတ်ကို အကြင်ကြောင့် ဖျက်ဆီးတတ်၏၊ ထိုကြောင့် ထိုကထိန်အလှူသည် အလုံးစုံသော သံဃိက, ပုဂ္ဂလိက စသောအလှူတို့ထက် အလွန်မြတ်၏၊ ချီးမွမ်းအပ်၏ဟူ၍ဂုဏ်း၊ ထို ကထိန်သင်္ကန်းအလှူသည် မာတုဃာတက စသော အနန္တရိယကံငါးပါးကိုပင် တားမြစ်နိုင်၏ဟူ၍ဂုဏ်း အမျိုးမျိုး အထွေထွေရေးသားကြ၏။ ထိုသို့ ရေးသားကြငြားသော်လည်း ယုတ်တို့ မရှိလွန်းသောကြောင့်ဂုဏ်း၊ သံဂါယနာသုံးတန်တင် ပါဠိတော်,အဋ္ဌကထာတို့နှိုက်ဂုဏ်း၊ နောက်မှ ရေးသားကြသော ဋီကာတို့နှိုက်ဂုဏ်း တိုက်ရိုက်အားဖြင့် မလာ မရှိသောကြောင့်ဂုဏ်း၊ ဂုဏ်းစကားတို့ကို အခိုင်အမာ မမှတ်သားအပ်။

ဤသို့ သံဂါယနာသုံးတန်တင် ပါဠိတော်,အဋ္ဌကထာ,ဋီကာတို့နှိုက် မလာသော ကထိန်အလှူ၏ အကျိုးကို ဟောပြကြသော စကားကို ဖေါ်ထုတ်

ရေးသားလိုက်ရခြင်းသည် အောက်က ကထိန်သင်္ကန်း အလှူ၏ အကျိုးမှာ သံဃိက အကျိုးမှတပါး ဟောပြတော်မူသော အကျိုးမရှိဟု ဖော်ပြခဲ့သဖြင့် ဓမ္မကထိကတို့က ၎င်းစာ အရကျက်မှတ်၍ ဟောပြောခဲ့သော် အကျိုးတမျိုး ရှိပါသေးတကားဟု ယုံမှားသံသယ မရှိကြရန် ဖော်ပြလိုက်ရပေသတည်း။

အမှာ—၎င်း (၁)ပုစ္ဆာအဖြေကို အကျဉ်းအားဖြင့် ဖြေဆိုက ပြေလောက်ငြားသော်လည်း မူလဘူတနှင့်တကွ ကထိန်၏ အခြင်းအရာကို သိ၍ ဗဟုသုတပညာ တိုးပွါးစေခြင်း အကျိုးငှါ မကျဉ်းမကျယ် ဝိဘင်္ဂဗျာကရဏအားဖြင့် ရေးသားဖြေဆိုလိုက်သည်၊ ကျယ်လွန်း၍ အကျိုးမရှိဟု အပြစ်မတင်သင့်ပေ။

(၁) ပဌမပုစ္ဆာအဖြေ ပြီး၏။

၂-ပုစ္ဆာ လျှောက်ထားချက် အဖြေ

၂။ (က) ဥတ်သင်္ကန်းကြီးမှာ အစဉ်အလာအားဖြင့် ကျောင်းထိုင် ဆရာတော်ရဟန်း ရလတံ့သည်ကို အမှန်သိနေသဖြင့် ဥတ်သင်္ကန်းကြီးကို လှူသော အလှူရှင်သည် မိမိလှူဒါန်းသော ဥတ်သင်္ကန်းကို ကျောင်းထိုင် ဆရာတော်အား လှူဒါန်းရတော့မည် ဟူသော စိတ်ကို မပြင်နိုင်ဘဲ "သံဃဿ ဒေမ" ဟု နှုတ်က ဆို၍ လှူမူ သံဃိကဒါန မြောက်ထိုက် မမြောက်ထိုက် ဟူသော အမေးတစိတ်နှိုက်—

ပဋိဂ္ဂလိက ရည်သန်ပြီးမှ သံဃိက လှူရာနှိုက် စေတနာဖြစ်ပုံကို သိနိုင်ခဲသောကြောင့် ဘုရား,ရဟန္တာတို့သည်သာလျှင် ယထာဘူတ မှန်ကန်စွာ ဖြေဆိုနိုင်ရာ၏။ သို့သော်....ဖြစ်သင့် ဖြစ်ထိုက်သော သံသယစကားဖြင့် ဖြေကြားပေအံ့။

ပဋိဂ္ဂါလ်ကို ရည်သန်ပြီး၍ "သံဃဿ ဒေမ" ဟု နှုတ်မြွက်၍ လှူဒါန်းရာနှိုက် သံဃိက ဖြစ်သင့် မဖြစ်သင့်ကို ဆုံးဖြတ်သော ပါဠိတော်,အဋ္ဌကထာတိုက်ရိုက် မရှိသောကြောင့် ယခုကာလနှိုက်သာလျှင် ငြင်းခုံကြသည်မဟုတ် ရှေးက

လည်း ငြင်းခုံကြ၏။ အချို့ ဆရာတော်ကြီးတို့သည် သံဃိကဖြစ်၏ဟု အယူရှိတော်မူကြကုန်၏၊ အချို့ ဆရာတော်ကြီးတို့သည်လည်း သံဃိက မဖြစ် ပုဂ္ဂလိကဖြစ်၏ဟု အယူရှိတော်မူကြကုန်၏။ထိုကြောင့် ဝိနယာလင်္ကာရဋ္ဌီကာ အာစရိယဝါဒကို ပြရာ၌ဤက်—

အထေကေ အာစရိယာ ဝဒန္တိ။ကထိနဿ ကေံမူလံ သံဃော တိ ဝုတ္တတ္တာ ပုဂ္ဂလံ ဥဒ္ဒိဿ ဒိန္နေပိ သံဃာယတ္တံ သံဃိကံ ဟောတိ။ ယထာ ကိံ သီမာယ ဒမ္မိ သေနာသနဿ ဒမ္မိတိ ဝုတ္တေပိ တံဒါနံ သံဃိကံ ဟောတိ။ တထာ ကထိနစီဝရံ ဒမ္မိတိ ဝုတ္တေ သံဃိကံ ဟောတီတိ—ဟု ပြတော်မူ၏။

အနက် အထယဒိ၊ အကယ်၍။ ကေ၊ အချို့ကုန်သော။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ဆိုကုန်၏။ ကထိနဿ ကေံမူလံ သံဃော တိ၊သံဃောဟူ၍။ ဝုတ္တတ္တာ၊ဘုရားဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ ဥဒ္ဒိဿ၊ ရည်၍။ ဒိန္နေပိ၊ လှူသော်လည်း။ သံဃာယတ္တံ၊ သံဃာတော်နှင့်စပ်သော။ သံဃိကံ၊သံဃိကသည်။ ဝါ၊သံဃာတော်၏ ဥစ္စာသည်။ ဟောတိ၊ဖြစ်၏။ ယထာကိံ၊ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား။ သီမာယ၊ သိမ်အား။ ဒမ္မိ၊ လှူပါ၏။ သေနာသနဿ၊ ကျောင်းအား။ ဒမ္မိ၊ လှူပါ၏။ဣတိ၊သို့။ ဝုတ္တေပိ၊ဆိုသော်လည်း။ တံဒါနံ၊ထိုအလှူသည်။ သံဃိကံ၊ သံဃိကသည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ထိုအတူ။ ကထိနစီဝရံ၊ ကထိန်သင်္ကန်းကို။ ဒမ္မိ၊ လှူပါ၏။ ဣတိ၊ သို့။ ဝုတ္တေ၊ ဒါယကာက ဆိုသည်ရှိသော်။ တံစီဝရံ၊ ထိုသင်္ကန်းသည်။ သံဃိကံ၊ သံဃိကသည်။ ဟောတိ၊ဖြစ်၏။ ဣတိ၊သို့။ ဝဒန္တိ၊ဆိုကုန်၏။

ဂင်းကေဆရာတော်တို့သည် ကထိန်သည် သံဃာတော်သာလျှင် မူလရှိသောကြောင့် ပုဂ္ဂိုလ်ကို စိတ်က ရည်သန်၍ သံဃသဒ္ဒါမပါဘဲ "ကထိနစီဝရံ ဒမ္မိ"ဟု သာမည လှူသော်လည်း ထိုသင်္ကန်းသည် သံဃိကဖြစ်၏၊ သံဃသဒ္ဒါနှင့်တကွ "ဣမံ ကထိနစီဝရံ သံဃဿ ဒမ္မိ"ဟု ဆို၍ လှူမူကား ဆိုဘွယ်ရာမရှိ သံဃိကအစစ် ဖြစ်တော့သည်သာလျှင်တည်းဟု အယူ ရှိတော်မူကြကုန်၏။ ဂင်း ဝိနယာလင်္ကာရဋ္ဌီကာနှိုက်ပင်—

ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗန္တိ ဤဒိသေသု ဌာနေသု သံဃသဿ လာဘော ပဂ္ဂလံ ဥပနိဿာယ ဥပ္ပဇ္ဇတိတိ ဝစနံ ဥပနိဓာယ သံဃသဿ လာဘော ပဂ္ဂလံ နိဿာယ ဥပ္ပဇ္ဇတိ၊ ပဂ္ဂလဿ ပတ္တလာဘော သံဃံ အာမသိတ္ဝာ ဒေန္တော သံဃာယတ္တော ဟောတိတိ ဝိညာယတိတိ— ဟု အာစရိယဝါဒကို တမျိုး ပြတော်မူပြန်၏။။

အနက် ယထာ၊အကြင်သို့သော အခြင်းအရာအား ဖြင့်။ ဒါယကာ၊အလှူရှင် ဒါယကာတို့သည်။ဝဒန္တိ၊လျှောက်ဆိုကုန်၏။ တထာ၊ထို့သို့သော အခြင်းအရာအား ဖြင့်။ သံဃော၊သံဃာတော်သည်။ ပဋိပဇ္ဇိတဗ္ဗံ၊ကျင့်အပ်၏။ကွတိ၊သို့။ဤဒိသေသု၊ဤသို့ သဘောရှိကုန်သော။ဌာနေသု၊အရာတို့နှိုက်။ သံဃဿ၊ သံဃာတော်အား။ လာဘော၊သက်နှံးစသောလာဘ်သည်။ ပဂ္ဂလံ၊ကို။ ဥပနိဿာယ၊မှီ၍။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ကွတိကွဒံဝစနံ၊ဤသို့ သေနာသနက္ခန္ဓက စူဠဝါ အဋ္ဌကထာစကားကို။ ဥပနိဓာယ၊ ထောက်၍။ သံဃဿ၊ သံဃာတော်အား။လာဘော၊သက်နှံးစသော လာဘ်သည်။ပဂ္ဂလံ၊ပဂ္ဂိုလ်ကို။ နိဿာယ၊ မှီ၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ (ထည့်)။ ပဂ္ဂလဿ၊ ပဂ္ဂိုလ်အား။ပတ္တလာဘော၊စိတ်ဖြင့်ရည်သန်၍ ရောက်သော သက်နှံးစသော လာဘ်သည်။သံဃံ၊သံဃာတော်ကို။ အာမသိတ္ဝာ၊သံဃဿ ဒေမဟု သုံးသပ်၍။ဒေန္တော၊ပေးလှူသည်ရှိသော်။ သံဃာယတ္တော၊သံဃာတော်နှင့်စပ်သည်။ ဝါ၊သံဃိကသည်။ ဟောတိ၊ ဖြစ်၏။ ကွတိ၊ ဤသို့။ ဝိညာယတိ၊ သိအပ်၏။ ကွတိ၊ဤသို့။ ဝဒန္တိ၊ဆိုကုန်၏။

ဂုဏ်းဆရာတော်သည် ပဂ္ဂိုလ်အား စိတ်က ရည်သန်ပြီး ဖြစ်သော်လည်း “သံဃဿ ဒေမ”ဟု သံဃာတော်ကို သုံးသပ်၍ လှူပြန်သောကြောင့် သံဃိက ဖြစ်၏ဟု အယူ ရှိတော်မူ၏။

ဂုဏ်းအထက်ပါ ဆရာနှစ်ပါး၏ အယူဝါဒကို ဂုဏ်းဝိနယာလင်္ကာရဋ္ဌကာကို ရေးသားတော်မူသော တောင်ဖီလာ ဆရာတော်သည် ရှေ့ အယူဝါဒနှိုက် ပဂ္ဂိုလ်ကို ရည်သန်၍ သာမညအားဖြင့် “ကထိနစီဝရံ ဒမ္မိ”ဟု လှူခြင်းကြောင့် သံဃိက မဖြစ်ဟု ပယ်တော်မူသည်။နောက်အယူဝါဒနှိုက် ပဂ္ဂိုလ်အား စိတ်က ရောက်ပြီးဖြစ်သောလာဘ်ကို“သံဃဿ ဒေမ”ဟု သံဃာကိုသုံးသပ်၍ လှူငြား

သော်လည်း "သံဃဿ လာလော ပဂ္ဂလံ ဥပနိဿာယ ဥပ္ပဇ္ဇတိ" ဟူသော အဋ္ဌကထာပါဠိကို ဤ အရာနှိုက် ဤကဲ့သို့ အဓိပ္ပါယ် မယူသင့်သောကြောင့် သံဃိက မဖြစ်ဟု ပယ်တော်မူသည်။

ၛင်း ဝိနယာလင်္ကာရဋီကာ ဆရာတော်၏ အယူဝါဒမှာ အလွှဒါယကာတို့မှာ လှူဒါန်းသောအရာနှိုက် စိတ်ပြောနှင်းခြင်း ရှိသည်ဖြစ်၍ ပုဂ္ဂိုလ်အား ညွှတ်ပြီး ရည်သန်ပြီးသော သင်္ကန်း စသော ဝတ္ထုကို စိတ်က မပြင်နိုင်ဘဲ "သံဃဿ ဒေမ" ဆို၍ လှူဒါန်းသော်လည်း မူလ ရည်သန်ရင်းစိတ် ပြောနှင်းသောကြောင့် သံဃိက မဖြစ် ပုဂ္ဂလိကသာ ဖြစ်၏ဟု အယူရှိသည်ဟု ထင်ပေသည်။

မိုးနံကုန်း ဆရာတော်ကြီးသည် ဒါယကာက သံဃိက ရည်သန်ထားသော ဝတ္ထုကို ဘုန်းကြီးက ပုဂ္ဂလိက ရေစက်ချသော် ပုဂ္ဂလိကမဖြစ် သံဃိကဖြစ်၏၊ ပုဂ္ဂလိက ရည်မှန်းထားသော ဝတ္ထုကို တစုံတရာ မပြောကြားဘဲ ဘုန်းကြီးက သံဃိက ရေစက်ချသော် သံဃိက မဖြစ်၊ စိတ်ပြောနှင်းတိုင်း ပုဂ္ဂလိကသာ ဖြစ်၏ဟု ဆိုးဖြတ်တော်မူသည်။ (သာဓကအကိုးပါဠိ မပါ)။ ၛင်းမိုးနံကုန်း ဆရာတော်ကြီး၏ အဆိုးအဖြတ်သည် ရေစက်ချသော ဘုန်းကြီးက မူလ စေတနာကို ပြုပြင် ဟောပြောခြင်း မရှိဘဲ သာမည ရေစက်ချသဖြင့် မူလ စေတနာအတိုင်းသာ ဖြစ်သင့်လေသောကြောင့် သင့်မြတ်ပေ၏။

ငါတို့ အလိုအားဖြင့်ကား.... ယခုကာလနှိုက် ကထိန်သင်္ကန်းကို သံဃာတော်က ပေးထိုက်သော သင်္ကန်းဟောင်းနွမ်းသော ရဟန်း, မထေရ်ကြီး ထိုနှစ်ပါးတို့တွင် ရှေးကာလကဲ့သို့ သင်္ကန်းနွမ်းပါးသောရဟန်း မရှိသဖြင့်—

အဝိစ သံဃေန မဟာထေရဿ သင်္ဃံ ကာတုံ ဝဋ္ဋတိ။

အနက် အပိစ၊စင်စစ်သော်ကား။ သံဃေန၊သံဃာတော်သည်။ မဟာထေရဿ၊မထေရ်ကြီးအား။သင်္ဃံ၊ချီးမြှောက်ခြင်းကို။ကာတုံ၊ပြုခြင်းငှါ။ ဝဋ္ဋတိ၊အပ်၏။

ဟူသော ဝိနည်းမဟာဝဂ်၊ အဋ္ဌကထာနှင့်အညီ ကထိန်ခင်းသောကျောင်းတိုက်အတွင်းရှိ မထေရ်ကြီးအား သံဃာတော်က ကထိန်သင်္ကန်းကို ပေးခြင်း

ချီးမြှောက်ခြင်းမျှားသဖြင့် ကထိန်အလှူရှင် ဒါယကာတို့သည် ငါတို့၏ ကထိန်သင်္ကန်းကို ငါတို့၏ ကျောင်းထိုင်ပုဂ္ဂိုလ်မထေရ်ကြီး မုချရမည်ဟု ထိုပုဂ္ဂိုလ်ကို ရည်သန်ကြပြီးသော်လည်း ထိုရည်သန်ခြင်း စေတနာသည် မလှူမီ ရှေးအဖို့နှိုက်ဖြစ်သော ပုဗ္ဗစေတနာမျှသာ ဖြစ်သည်၊ အလှူဝတ္ထုကို စွန့်လွှတ်သော မုဉ္စစေတနာ မဖြစ်သေးသောကြောင့် ပဓာန မဟုတ်သေး၊ သန္နိဋ္ဌာန မုဉ္စစေတနာသည်သာလျှင် ပဓာန ဖြစ်၏၊ မျှားသောအားဖြင့် ဒါယကာတို့သည် ကထိန်သင်္ကန်းကို သံဃိကလှူမှ ဖြစ်သည် သံဃိက လှူရလိမ့်မည်ဟု သိနှင့်ရင်းလည်း ရှိကြပေသည်၊ ထိုကြောင့် ငါတို့ ကျောင်းထိုင်ဆရာတော်အား လှူဒါန်းရတော့မည်ဟု ရည်သန်စိတ်ထားရင်း ရှိကြပြီးသော်လည်း ကထိန်သင်္ကန်းကို စွန့်လှူသော အခါကာလနှိုက် ဝတ္ထုကို စွန့်လွှတ်တတ်သော သန္နိဋ္ဌာနမုဉ္စစေတနာဖြင့် သံဃာတော်အား သာလျှင် "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ" ဟု နှုတ်မြွက်၍ လှူဒါန်းကြသဖြင့် သန္နိဋ္ဌာနမုဉ္စစေတနာသာ ပဓာနဖြစ်သဖြင့် ထိုမုဉ္စစေတနာ ဖြစ်သည်မှစ၍ ထိုကထိန်သင်္ကန်းကို သံဃာတော် အစိုးရသောကြောင့် ၎င်းကထိန်သင်္ကန်းသည် သံဃိကဖြစ်တော့သည် သာလျှင်တည်း။

အဘယ်ကြောင့်နည်းဟူမူကား....ပုဗ္ဗစေတနံ့၊ မုဉ္စစေတနာ၊ အပရစေတနာ အားဖြင့် သုံးပါးတို့တွင် လွန်ဆဲသော ကာလနှိုက်ဖြစ်သော မုဉ္စစေတနာသည် သာလျှင် ပဓာနဖြစ်၍ ပြဓာန်းသောကြောင့် မလှူမီ ပုဗ္ဗစေတနာ လက်ထက်နှိုက် ငါတို့ဆရာ ကျောင်းထိုင်ပုဂ္ဂိုလ်အား လှူဒါန်းရတော့မည်ဟု ရည်သန်ရင်း စိတ်ထားရှိသည်ဖြစ်၍ ထိုရည်သန်ရင်းစိတ်ကို မပယ်ဖျောက်နိုင်က သံဃာတော်အား ညွှတ်ကိုင်းသော ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေတတ်သော သဒ္ဓါစေတနာပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ် မဖြစ်နိုင်ရာ၊ ထိုစိတ္တုပ္ပါဒ် ဖြစ်နိုင်သောကြောင့်သာလျှင် သံဃာတော်မျှား သင်ပြသည်အတိုင်း မငြင်းပယ်ဘဲ သင်္ကန်းကို လက်ဖြင့်ကိုင်၍ "ဣမံ ကထိန စီဝရံ သံဃဿ ဒေမ" ဟု ဝစီပယောဂဖြင့် နှုတ်မြွက်၍ လှူဒါန်းကြသောကြောင့် ယခုကာလ လှူဒါန်းကြသော ကထိန်သည် သံဃိကဖြစ်၏ဟု မှတ်အပ်၏။ ၎င်း အဆုံးအဖြတ်၏ သာဓကပါဠိမျှားကို အောက်ပါအတိုင်း မှတ်အပ်၏။

သံဃိကံနာမ သံဃဿ ဒိန္နံ ဟောတိ ပရိစ္စတ္တံ။ ပရိဏတံနာမ ဒဿာမ ကရိဿာမာတိ ဝါစာ ဘိန္နာ ဟောတိ။

ပါရာဇိကဏ်ပါဠိတော်

အနက် သံဃိကံနာမ၊ သံဃာတော်၏ ဥစ္စာမည်သည်ကား။ သံဃဿ၊ သံဃာတော်အား။ ဒိန္နံ၊ပေးလှူအပ်သည်။ပရိစ္စတ္တံ၊ကိုယ်,စိတ်ဖြင့် စွန့်အပ်သည်။ ဟောတိ၊ ၏။ ပရိဏတံနာမ၊ သံဃာတော်သို့ ညွတ်ကိုင်းသည်မည်သည်ကား။ ဒဿာမ၊လှူကုန်အံ့။ ကရိဿာမ၊သံဃိကအလှူကို ပြုကုန်အံ့။ ဣတိ၊သို့။ ဝါစာဘိန္နာ၊နှုတ်မြွက်ပြောဆိုသည်။ ဟောတိ၊၏။

သံဃိကန္တိ သံဃဿ သန္တကံ။ သော ဟိ သံဃဿ ပရိဏတ္တာ ဟတ္ထံ အနာရုဇ္ဇောပိ ဧကေန ပရိယာယေန သံဃဿ သန္တကော ဟောတိ။ **ပါရာဇိကဏ်အဋ္ဌကထာ**

အနက် သံဃိကန္တိ၊ သံဃိကံ ဟူသည်ကား။ သံဃဿ၊ သံဃာတော်၏။ သန္တကံ၊ဥစ္စာတည်း။ ဟိသစ္ဒံ၊ မှန်၏။ သောသန္တကော၊ ထိုဥစ္စာသည်။သံဃဿ၊သံဃာတော်အား။ပရိဏတ္တာတ္တာ၊ညွတ်သည်၏အဖြစ်ကြောင့်။ ဟတ္ထံ၊ သံဃာတော်၏ လက်သို့။ အနာရုဇ္ဇောပိ၊ မတင်သေးသော်လည်း။ ဝါ၊မရောက်သေးသော်လည်း။ ဧကေန၊တခုသော။ ပရိယာယေန၊ပရိယာယ်အားဖြင့်။ သံဃဿ၊ သံဃာတော်၏။ သန္တကော၊ ဥစ္စာသည်။ ဟောတိ၊ ဖြစ်၏။

ဤ ပါဠိတော်, အဋ္ဌကထာဖြင့် ကထိန်ခင်းကြကုန်အံ့၊ ကထိန်သင်္ကန်းကို လှူကြကုန်အံ့ဟု နှုတ်မြွက်၍ ပြောဆို တိုင်ပင်ကြခြင်း ပစ္စည်းကို စုဆောင်း ကောက်ခံကြခြင်း စသည်ကို ပြုလုပ်ကြသည်ကပင်လျှင် ကထိန်သည် သံဃာတော်နှင့်သာလျှင် စပ်ဆိုင်သောကြောင့် သံဃာတော်သို့ ညွတ်ပြီးဖြစ်သည်မည်၏။ "သံဃဿ ဒေမ" ဟု ဆို၍လှူသည်ရှိသော် အထူးထူးသော ပုဗ္ဗစေတနာသို့ မလိုက်ဘဲ မုဉ္စစေတနာဖြင့်သာလျှင် သံဃိက ဖြစ်သင့်၏ဟု မှတ်ထိုက်ပေ၏။

ယတ္ထ ပန ဒက္ခိဏောဒကံ ပမာဏံ ဟောတိ။ တတ္ထ ဇကော ပက္ခော ဒက္ခိဏောဒကဿ လဒ္ဓတ္တာ စိဝရာနိ လဒ္ဓာတိ။

မဟာဝဂ်အဋ္ဌကထာ

အနက် ယတ္ထ၊အကြင်တိုင်းပြည်နိုက်။ဒက္ခိဏောဒကံ၊အလှူရေစက်သည်။ ပမာဏံ၊ပမာဏသည်။ ဟောတိ၊၏။ တတ္ထ၊ ထိုတိုင်းပြည်နိုက်။ ဇကောပက္ခော၊ တခုသော သံဃပက္ခသည်။ ဒက္ခိဏောဒကဿ၊ အလှူရေစက်၏။လဒ္ဓတ္တာ၊ရအပ်သည်၏ အဖြစ်ကြောင့်။ စိဝရာနိ၊ သင်္ကန်းတို့ကို။ လဒ္ဓာတိ၊ ရအပ်၏။

ယတ္ထ ပန ဒက္ခိဏောဒကံ ပမာဏန္တိ ယသ္မိံ ရဋ္ဌေ ဒက္ခိဏောဒက ပဋိဂ္ဂဟဏမတ္တေန ဒေယျဓမ္မဿ သာမိနော ဟောန္တိတိ အဓိပ္ပါယော။ ၎င်း တေရသကဏ်ဍီကာ

အနက် ယတ္ထ ပန ဒက္ခိဏောဒကံ ပမာဏန္တိ၊ ဟူသည်ကား။ ယသ္မိံ ရဋ္ဌေ၊ အကြင်တိုင်းပြည်နိုက်။ ဒက္ခိဏောဒကပဋိဂ္ဂဟဏမတ္တေန၊ အလှူရေစက်ကို ခံယူခါမျှဖြင့်။ ဒေယျဓမ္မဿ၊လှူဘွယ်ဝတ္ထုကို။ သာမိနော၊သံဃာတော်တို့ အစိုးရကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိအယံ၊ ဤသည်ကား။ အဓိပ္ပါယော၊အလိုတည်း။

သံဃဿ ဒိန္နကာလတော ပဋ္ဌာယ သံဃော သာမိ။ မုဋ္ဌတော ပဋ္ဌာယ သံဃော သာမိ။ ဋီကာ

အနက် သံဃဿ၊သံဃာတော်အား။ဒိန္နကာလတော၊လှူသောကာလမှ။ ပဋ္ဌာယ၊ စ၍။ သံဃော၊ သံဃာတော်သည်။ သာမိ၊ အစိုးရ၏။ မုဋ္ဌတော၊ဒါနဝတ္ထုကို စွန့်လွှတ်သော မုဋ္ဌစေတနာမှ။ ပဋ္ဌာယ၊စ၍။ သံဃော၊ သံဃာတော်သည်။ သာမိ၊အစိုးရ၏။

သန္နိဋ္ဌာနစေတနာယ ဝါဒေဝလောကေ နိဗ္ဗတ္တတိ။ ပုဗ္ဗာပရစေတနာယ ဝုတ္တနယေန ဒိဿာယုကော ဟောတိ။

ဥပရိပဏ္ဏာသအဋ္ဌကထာ

အနက် သန္နိဋ္ဌာနစေတနာယ ဝါ၊ ဆုံးဖြတ်သော မဉ္ဇစေတနာဖြင့် မူလည်း။ ဒေဝလောကေ၊နတ်ပြည်နှိုက်။ နိဗ္ဗတ္တတိ၊ဖြစ်၏။ ပုဗ္ဗာပရစေတနာယ၊ရှေ့,နောက်ဖြစ်သော ပုဗ္ဗစေတနာ အပရစေတနာဖြင့်။ ဝုတ္တနယေန၊ဖြင့်။ ဒီဃာယုကော၊ရှည်သောအသက်ရှိသည်။ ဟောတိ၊၏။

သာနုသယသန္တာနဝတော ပရေသံ ပူဇာနုဂ္ဂဟကာမတာယ
အတ္တနော ဝိဇ္ဇမာနဝတ္ထု၊ ပရိစ္စဇနဝသပ္ပဝတ္တစေတနာ ဒါနံနာမ။
ဋီကာကျော်

အနက် သာနုသယ သန္တာနဝတော၊အနုသယရှိသော ခန္ဓာအစဉ်ရှိသော ပုဂ္ဂိုလ်၏။ ပရေသံ၊ သူတပါးတို့ကို။ ပူဇာနုဂ္ဂဟကာမတာယ၊ ပူဇော်ခြင်း ချီးမြှောက်ခြင်းကို အလိုရှိသည်၏အဖြစ်ကြောင့်။ အတ္တနော၊ မိမိ၏။ ဝိဇ္ဇမာနဝတ္ထုပရိစ္စဇနဝသပ္ပဝတ္တစေတနာ၊ထင်ရှားရှိသောဝတ္ထုကို စွန့်လှူသည်၏ အစွမ်းဖြင့်ဖြစ်သော မဉ္ဇစေတနာသည်။ ဒါနံနာမ၊ဒါနမည်၏။

ဤသာမက အဋ္ဌကထာ, ဋီကာပါဠိတို့ဖြင့် မဉ္ဇစေတနာသာ ပဓာနဖြစ်သောကြောင့် ၎င်းမဉ္ဇစေတနာ ဖြစ်သည်မှစ၍ အလှူခံပုဂ္ဂိုလ်တို့ အစိုးရထိုက်ကြောင်းကို သိအပ်၏။ ထိုသို့ အလှူခံပုဂ္ဂိုလ် သံဃာတော်တို့ စိုးပိုင် ရထိုက်ကြောင်းကို သိသင့် သိထိုက်သဖြင့် အောက်က ပြဆိုခဲ့ပြီးသော "ပရိဏတံနာမ ဒဿာမ ကရိဿာမာတိ ဝါစာဘိန္နာ ဟောတိ"ဟူသော ပါဠိတော်နှင့်အညီ ဝိနည်းအရာနှိုက် နှုတ်ပြောင်းခြင်း ရှိသည်ဖြစ်၍ အလှူရှင် ဒါယကာသည် ပုဂ္ဂိုလ်ကို ရည်သန်ရင်း ရှိသည်ဖြစ်စေ၊ လှူဒါန်းသောအခါ "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ"ဟု နှုတ်မြွက်ဆို၍ လှူဒါန်းသောကြောင့် သံဃိကမဉ္ဇစေတနာ မပါငြားသော်လည်း ၎င်းဝါစာဘိန္နသညာဖြင့်ပင်လျှင် သံဃာတော်သို့ ညွတ်ကိုင်းသည် မည်ပေ၏။ အလှူခံ သံဃာတော်ကလည်း ၎င်းဒါယကာ နှုတ်မြွက်သော ဝါစာဘိန္နသညာဖြင့်ပင်လျှင် ငါတို့အား လှူ၏ဟူသော အမှတ်သညာသည် ဖြစ်၏၊ ထိုကြောင့် "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ"ဟု နှုတ်မြွက်၍ လှူဒါန်းသော သင်္ကန်းသည် အလှူရှင်ဒါယကာက သံဃိကစေတနာ ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ အလှူဝတ္ထုကို စွန့်လွှတ်သော မဉ္ဇစေတနာ ပါပြီး

ဖြစ်သောကြောင့် ဝါစာဘိန္နသညာဖြင့်ပင်လျှင် သံဃာအစိုးရသော သံဃိက သက်နှံးဖြစ်သင့်တော့သည်သာလျှင်တည်း။ သံဃိကဖြစ်က ကထိန် ဖြစ်သင့်တော့သည်သာလျှင်တည်း။အလှူရှင် ဒါယကာတို့မှာ သံဃိကစေတနာ ပါရှိမှ သံဃိကအကျိုးကို ရနိုင်မည်ဟု မှတ်အပ်၏။

အမှာ—သာဓကပါဠိတို့ကို များစွာ ထည့်သွင်းဖေါ်ပြလိုက်သည်မှာ တိုက်ရိုက် နိတတ္ထအားဖြင့် မသက်ဆိုင်ငြားသော်လည်း ပညာရှိတို့ နှိုင်းချိန် စဉ်းစား ကြည့်ရှုကြရန် ထည့်သွင်းဖေါ်ပြလိုက်သည်။ ဤဝိနိစ္ဆယကို ယခုကာလနှိုက် ကထိန်သင်္ကန်း လှူဒါန်းကြရာနှိုက် စိတ်စေတနာ ထားကြပုံ လှူဒါန်းကြပုံကို တွေ့မြင် သိရှိရသည်အား လျော်စွာ အနုမာနအားဖြင့် ထောက်ဆ၍ ရေးသားလိုက်သည်။

သံဃဂတာ ဒက္ခိဏာ ဟိ သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တသ ဟောတိ။ သံဃေ ပန စိတ္တီကာရော ဒုက္ကရော ဟောတိ။ **ဥပရိပဏ္ဏာသအဋ္ဌကထာ ဒက္ခိဏဝိဘင်္ဂသုတ်**

အနက် ဟိသစ္စံ၊ မှန်၏။ သံဃဂတာ၊ သံဃာတော်နှိုက် ရောက်သော။ ဒက္ခိဏာ၊ အလှူသည်။ သံဃေ၊ သံဃာတော်နှိုက်။ စိတ္တီကာရံ၊ ရှိသေလေးမြတ်သော အခြင်းအရာကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကောန္တသ၊ စွမ်းနိုင်သောသူအား။ ဟောတိ၊ဖြစ်၏။ ပန၊ အဖို့တပါးကို ဆိုဦးအံ့။ သံဃေ၊ သံဃာတော်နှိုက်။ စိတ္တီကာရော၊ ရှိသေလေးမြတ်သော အခြင်းအရာကို ပြုရခြင်းသည်။ ဒုက္ကရော၊ ခဲယဉ်းသည်။ ဝါ၊ ဆင်းရဲငြိုငြင်သဖြင့် ပြုအပ်သည်။ ဟောတိ၊ဖြစ်၏။

ဂင်း အဋ္ဌကထာနှင့်အညီ သံဃာတော်နှိုက် အရှိအသေပြုမှု စိတ်ကို ညွတ်ကိုင်းစေမှုသည် အလွန်ခဲယဉ်းသောကြောင့် အကယ်၍ မိမိစိတ်ကိုမိမိရည်သန်ရင်းပုဂ္ဂိုလ်မှတပါး သံဃာတော်နှိုက် မုချ မညွတ်စေနိုင်သည်ဖြစ်အံ့ "သံဃဿ ဒေမ"ဆို၍ လှူငြားသော်လည်း သံဃိက မဖြစ်ဟု ယူသင့်ပေ၏။ "သံဃဿ

ဒေမ”ဆို၍ လှူဒါန်းပြန်သောကြောင့် ရှေ့,နောက်ဖြစ်သော အလှူရှင် ဒါယကာ၏ စိတ်စေတနာဖြစ်ခြင်းကို သိနိုင်ခဲလှ၏၊ သို့ဖြစ်၍ ဤသို့ လှူဒါန်းကြရာ နှိုက် မုခ္ဓ ဆုံးဖြတ်ရန် ခဲယဉ်းလှပေ၏။

အကြင် ဒါယကာတယောက်သည် စာရေးတံသလာကဘတ်, သံဃာမှ ညွှန်းချသော ဥဒ္ဒိဿဘတ်, သံဃဒါန ဆွမ်းကြီးလောင်း လှူဒါန်းရာ တို့နှိုက် သံဃာတော်နှိုက် ရောက်သော သံဃိကအလှူကို လှူဒါန်းအံ့ဟူ၍ ဒေယျဓမ္မ လှူဘွယ်ဝတ္ထုကို စီရင်ပြီး၍ ကျောင်းသို့ သွားရောက်ပြီးလျှင် “အရှင်ဘုရား သံဃာတော်တပါး ပေးပါ”ဟူ၍ သံဃာထေရ်ထံ လျှောက်တောင်းခဲ့သည် ရှိသော် သံဃာထေရ်က အစဉ်အားဖြင့်သော်၎င်း စာရေးတံ မဲလက်မှတ် ချသောအားဖြင့်သော်၎င်း ပေးသည်ရှိသော် သံဃာအဝင်အပါ သာမဏေကို ရ၍ “ငါ့အား သာမဏေကို ရခဲ့ပြီတကား”ဟု နှလုံး မသာယာသဖြင့် စေတနာ သဒ္ဓါတရားပျက်ခြင်း ယုတ်လျော့ခြင်းသို့ ရောက်သည်ဖြစ်အံ့၊ ထိုဒါယကာ၏ အလှူသည် မူလ သံဃိကရည်မှန်း၍ထားသော ပုဗ္ဗစေတနာ ပျက်ကွက်သော ကြောင့် သံဃာသို့ မရောက် သံဃိက မဖြစ် ပုဂ္ဂလိကအဖြစ်သို့ ရောက်၏။

အကယ်၍ မထေရ်ကြီးကို ရသည်ဖြစ်၍ “ငါ့အား မထေရ်ကြီးကို ရခဲ့ပြီတကား”ဟု လွန်စွာ ဝမ်းမြောက်ခြင်းကို ဖြစ်သော ဒါယကာ၏ အလှူသည်လည်း မူလသံဃိကရည်မှန်းထားသော ပုဗ္ဗစေတနာ ပျက်ကွက်၍ ပုဂ္ဂလိကဘက်သို့ သက်ဝင်ရောက်ရှိသောကြောင့် သံဃာသို့ မရောက် သံဃိက မဖြစ် ပုဂ္ဂလိကအဖြစ်နှိုက် တည်လေ၏။

အကြင်ဒါယကာသည် အမှတ်မရှိသော သာမဏေကိုဝင်း ရဟန်းကိုဝင်း ပဉ္စင်းငယ်ကိုဝင်း မထေရ်ကြီးကိုဝင်း ပညာမရှိသော ဒုဿီလရဟန်းကိုဝင်း ပညာရှိသော သီလဝန္တရဟန်းကိုဝင်း သံဃာမှ ရ၍ ထို ရသော ပုဂ္ဂိုလ်နှိုက် သာမဏေ ရဟန်း ပဉ္စင်းငယ် မထေရ်ကြီး ဗာလ ပဏ္ဍိတ ဒုဿီလ သုသီလ ဟူ၍ အမှတ်မထားဘဲ သံဃာတော်ပင်လျှင်တည်းဟု ယုံမှား တွေးတောခြင်းမှ ကင်းသည်ဖြစ်၍ သံဃာတော်နှိုက် ညွတ်ကိုင်းသောသဒ္ဓါစေတနာဖြင့် ရှေးညွတ်ကိုင်းရင်း ပုဗ္ဗစေတနာနှင့် မုဉ္စစေတနာ တူမျှစွာထား၍ သံဃာတော်အား လှူအံ့ဟူ၍ သံဃာတော်နှိုက် ရိုသေခြင်းကို ပြုခြင်းငှါ စွမ်းနိုင်၏၊ထိုဒါယ

ကာ၏အလှူသည် သံဃာတော်နှိုက် ရောက်သည်မည်၏၊ သံဃိကလည်း ဖြစ်၏၊ ပုဗ္ဗစေတနာနှင့် မုဉ္စစေတနာ တူမျှသောကြောင့် ပုဂ္ဂလိက မဖြစ်။ ထိုကြောင့် မူလပဏ္ဏာသအဋ္ဌကထာ ဒက္ခိဏဝိဘင်္ဂသုတ် အဖွင့်နှိုက်—

ယော ဟိ သံဃဂတံ ဒက္ခိဏံ ဒဿာမီတိ ဒေယျမဗ္ဘံ ပဋိယာဒေတွာ ဝိဟာရံ ဂန္ဆာ "ဘန္တေ သံဃတော ဥဒ္ဒိဿ ကေ ထေရံ ဒေထာ"တိ ဝဒတိ။ အထ သံဃတော သာမဏေရံ လဘိတွာ "သာမဏေရော မေ လဒ္ဓေါ"တိ အညထာတ္တံ အာပဇ္ဇတိ။တဿ ဒက္ခိဏာ သံဃဂတာ နာ ဟောတိ။ မဟာထေရံ လဘိတွာဝိ "မဟာထေရော မေ လဒ္ဓေါ"တိ သောမနဿံ ဥပ္ပါဒေန္တဿာဝိ နာ ဟောတိယေဝ။ယော ပန သာမဏေရံဝါ ဥပသမ္ပန္နံဝါ ဒဟရံဝါထေရံဝါဗာလံဝါပဏ္ဍိတံဝါယံကိဉ္စိ သံဃတော လဘိတွာ နိဒ္ဒေမတိကော ဟုတွာ "သံဃဿ ဒေမိ"တိ သံဃေ စိတ္တိကာရံ ကာတုံ သတ္တောတိ၊တဿ ဒက္ခိဏာ သံဃဂတာနာမ ဟောတိ— ဟု ဖွင့်ပြတော်မူ၏။

အနက် ဟိသစ္ဈံ၊ မှန်၏။ ယော၊ အကြင် ဒါယကာသည်။ သံဃဂတံ၊ သံဃာတော်နှိုက် ရောက်သော။ ဒက္ခိဏံ၊ အလှူကို။ ဒဿာမီတိ၊ လှူအံ့ဟူ၍။ ဒေယျဓမ္မံ၊လှူဘဲ့ယ်ဝတ္ထုကို။ ပဋိယာဒေတွာ၊စီရင်ပြီး၍။ ဝိဟာရံ၊ ကျောင်းသို့။ဂန္ဆာ၊သွား၍။ "ဘန္တေ၊အရှင်ဘုရား။ သံဃတော၊သံဃာတော်မှ။ ဥဒ္ဒိဿ၊ ညွှန်းချ၍။ ကေ၊ တပါးသော။ ထေရံ၊ မထေရ်ကို။ ဒေထ၊ ပေးတော်မူပါလော့"။ ဣတိ၊သို့။ ဝဒတိ၊လျှောက်ဆို၏။ အထ၊ ထို့သို့ လျှောက်ဆိုသည်ရှိသော်။ သံဃတော၊ သံဃာတော်မှ။ သာမဏေရံ၊ သာမဏေကို။ လဘိတွာ၊ရ၍။ "မေ၊ငါ့အား။သာမဏေရော၊သာမဏေကို။လဒ္ဓေါ၊ရအပ်ပြီ"။ ဣတိ၊ဤသို့။ အညထာတ္တံ၊ ပုဗ္ဗစေတနာ ပျက်သည်၏ အဖြစ်သို့။ အာပဇ္ဇတိ၊ ရောက်အံ့။ တဿ၊ထိုဒါယကာ၏။ ဒက္ခိဏာ၊ အလှူသည်။ သံဃဂတာ၊သံဃာနှိုက် ရောက်သည်။နဟောတိ၊မဖြစ်။ မဟာထေရံ၊မထေရ်ကြီးကို။လဘိတွာပိ၊ ရ၍လည်း။ "မေ၊ ငါ့အား။ ဝါ၊ ငါသည်။ မဟာထေရော၊ မထေရ်ကြီးကို။ လဒ္ဓေါ၊ရအပ်ပြီ"။ ဣတိ၊ဤသို့။ သောမနဿံ၊နှစ်သက်ဝမ်းမြောက်ခြင်းကို။ ဥပ္ပါဒေန္တဿာပိ၊ ဖြစ်စေသော ဒါယကာ၏လည်း။ ဒက္ခိဏာ၊ အလှူသည်။

သံဃဂတာ၊သံဃာတော်နှိုက်ရောက်သည်။နဟောတိ၊မဖြစ်။ပန၊သံဃာတော်နှိုက် မရောက်သည်မှတပါး ရောက်သည်ကို ဆိုဦးအံ့။ ယော၊အကြင်ဒါယကာသည်။ ယံကိဉ္စိ၊အမှတ်မရှိသော။ သာမဏေရံဝါ၊သာမဏေကိုဂင်း။ ဥပသမ္ပန္နံဝါ၊ရဟန်းကိုဂင်း။ ဒဟရံဝါ၊ပဉ္စင်းငယ်ကိုဂင်း။ ထေရံဝါ၊မထေရ်ကြီးကိုဂင်း။ ဗာလံဝါ၊ ပညာမရှိသော ရဟန်းကိုဂင်း။ ပဏ္ဍိတံဝါ၊ ပညာရှိသောရဟန်းကိုဂင်း။ သံဃတော၊ သံဃာတော်မှ။ လဘိတ္ဝာ၊ ရ၍။ နိဗ္ဗေမတိကော၊ ယုံမှားကင်းသည်။ ဟုတ္ဝာ၊ဖြစ်၍။ "သံဃဿ၊သံဃာတော်အား။ ဒေမိတိ၊ပေးလှူအံ့ဟူ၍"။ သံဃော၊သံဃာတော်နှိုက်။ စိတ္တိကာရုံ၊ရိုသေလေးမြတ်သော အခြင်းအရာကို။ ကာတုံ၊ပြုခြင်းငှါ။ သက္ကောတိ၊စွမ်းနိုင်၏။ တဿ၊ထိုဒါယကာ၏။ ဒက္ခိဏာ၊ အလှူသည်။ သံဃဂတာနာမ၊ သံဃာတော်နှိုက် ရောက်သည်မည်သည်။ ဟောတိ၊ဖြစ်၏။

အောက်ပါအဋ္ဌကထာအရ ယခုကာလနှိုက် ဥတ်ကထိန်သင်္ကန်း လှူဒါန်းသော ဒါယကာတို့သည် အကယ်၍ "သံဃဿ ဒေမ" ဆို၍ ပုဗ္ဗ,မဉ္ဇစေတနာနှစ်ပါး ညီညွတ်စွာ လှူဒါန်းပြီးသော် မိမိတို့ ကထိန်သင်္ကန်းကို သံဃာတော်က ပေးသောအခါ ပဉ္စင်းငယ်ရသည်ကိုမြင်၍ နှလုံး မသာမယာ အပရစေတနာ ပျက်ကွက်ခဲ့သော်ငင်း မထေရ်ကြီး ရသည်ကိုမြင်၍ ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် လွန်စွာ ဝမ်းမြောက်ခဲ့သော်ငင်း အပရစေတနာ လက်ထက်နှိုက် မူလရည်ရွယ်ရင်း သံဃိကစေတနာ ပျက်ကွက်သဖြင့် အပရစေတနာသည် ပုဂ္ဂလိကအဖြစ်နှိုက် တည်လေ၏။ ထိုကြောင့် ငင်းသံဃိကအလှူသည် အပရစေတနာ ပျက်ကွက်သောကြောင့် စေတနာသုံးတန် ညီညွတ်သော သံဃိကအလှူလောက် အကျိုးမကြီးမြတ်ဟု မှတ်အပ်၏။ထိုကြောင့် မိမိတို့လှူသောကထိန်သင်္ကန်းကို ပဉ္စင်းငယ် ရသည်ဖြစ်စေ မထေရ်ကြီး ရသည်ဖြစ်စေ ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် နှလုံးမသာမယာခြင်း လွန်စွာဝမ်းမြောက်ခြင်းကို မဖြစ်စေမူ၍ မည်သည့် ပုဂ္ဂိုလ်ပင်ရရ သံဃာတော်ပင်လျှင်တည်း။ အပရစေတနာကို မပျက်မကွက်စေဘဲ သံဃာတော်နှိုက်သာလျှင် ရိုသေခြင်းကို ပြု၍ ဝမ်းမြောက်ကြကုန်ရာသည်။

တနည်း—အောက်ပါ ဥပရိပဏ္ဏာသအဋ္ဌကထာနှိုက်....မူလသံဃာတော်ကို ရည်ရင်း ပုဗ္ဗစေတနာအတိုင်း မပျက်မကွက်ဘဲ သံဃာတော်အား လှူဒါန်းမှ

သာလျှင် ထိုအလှူသည် သံဃာတော်နှိုက် ရောက်၍ သံဃိကဖြစ်၏ဟု ပြတော်မူသကဲ့သို့ ယခုကာလဥ တ်ကထိန်သင်္ကန်းကို လှူဒါန်းကြရာနှိုက် မူလပုဂ္ဂိုလ်ကို ရည်သန်ရင်းရှိခဲ့သော် ထိုမူလပုဂ္ဂိုလ်ကို ရည်သန်ရင်း ပုဗ္ဗစေတနာအတိုင်း လှူဒါန်းသောအခါ မပျက်ကွက်ဘဲ မူဠ္ဍစေတနာဖြင့် ပုဂ္ဂိုလ်ကိုပင် လှူဒါန်းမှသာလျှင် ပုဂ္ဂလိကဖြစ်နိုင်မည်။ ငါတို့ ကျောင်းထိုင်ပုဂ္ဂိုလ်ကို လှူဒါန်းရတော့မည်ဟု ရည်သန်ရင်း ရှိကြငြားသော်လည်း အလှူဝတ္ထုကို လှူဒါန်းစွန့်လွှတ်သောအခါ မိမိစိတ်အလျောက်ဖြစ်စေ ရဟန်းတော်တို့က တိုက်တွန်း၍ဖြစ်စေ ရည်သန်ရင်း ပုဗ္ဗစေတနာမှ ချွတ်လွဲခဲ့၍ "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ" ဟု ဆို၍ လှူဒါန်းကြသဖြင့် ရည်သန်ရင်း ပုဗ္ဗစေတနာက တခြားတပါး လှူဒါန်းသောအခါ ရည်သန်ညွှတ်ကိုင်းဆဲ မူဠ္ဍစေတနာက တခြားတပါး ဖြစ်ရကား ၎င်းကထိန်အလှူသည် ပုဂ္ဂလိက မဖြစ် သံဃိကဖြစ်၏ဟု မှတ်သင့်မှတ်ထိုက်ပေ၏။ ထို့ကြောင့် ဝိနယာလင်္ကာရဋ္ဌကာနှိုက်—

သစေ ပန ဒါယကော ပုဂ္ဂလဿ ဒါတုကာမော ဟောတိ။
ပုဂ္ဂလော ပန တဿ မဟပ္ဖလဘာဝမိစ္ဆန္တော ဒက္ခိဏာဝိဘင်္
သုတ္တာဒိဓမ္မဒေသနာယ ပုဂ္ဂလိကဒါနတော သံဃိကဒါနဿ
မဟပ္ဖလဘာဝံ ဇာနာပေတ္ဝာ ဣမံ တဝ စီဝရံ သံဃဿ ဒေဟီတိ
ဉယျောဇေတိ။ ဒါယကောဝိ တဿ ဝစနံ သမ္မဒ္ဓိန္တိတ္ဝာ ဣမံ
ကထိနစီဝရံ သံဃဿ ဒမ္မိတိ ဝတ္ဝာဝါ စိန္တေတ္ဝာဝါဒေတိ။
ဧဝမ္မိ သာဒက္ခိဏာ သံဃဂတာ ဟောတိ။ ယဒိ ပန ဘိက္ခုနာ
ဉယျောဇိတောဝိ ဒုပ္ပညော ဒါယကော တဿ ဝစနံ အနာဒိ
ယိတ္ဝာ ပုဂ္ဂလဿေဝ ဒေတိ။ တဿ သာဒက္ခိဏာ ပုဂ္ဂလဂတာ
ဟောတိ—ဟု မိန့်တော်မူ၏။

အနက် ပန၊ အဖို့တပါးကို ဆိုဦးအံ့။ ဒါယကော၊ ဒါယကာသည်။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ ဒါတုကာမော၊ ပေးလှူလိုသည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ ပုဂ္ဂလောပန၊ အလှူခံပုဂ္ဂိုလ်သည်ကား။ တဿ၊ ထို ကထိန်အလှူရှင် ဒါယကာ၏။ မဟပ္ဖလဘာဝံ၊ အကျိုးကြီးမြတ်သည်၏ အဖြစ်ကို။ ဇာနာပေတ္ဝာ၊ အလိုရှိသည်ဖြစ်၍။ ဒက္ခိဏာဝိဘင်္သုတ္တာဒိဓမ္မဒေသနာယ၊ ဒက္ခိဏာဝိဘင်းသုတ် အစရှိသော တရားဒေသနာတော်ဖြင့်။ ပုဂ္ဂလိကဒါနတော၊

ပဋ္ဂလိကဒါနထက်။ သံဃိကဒါနဿ၊သံဃိကဒါန၏။ မဟပ္ဖလဘာဝံ၊အကျိုး ကြီးမြတ်သည်၏အဖြစ်ကို။ ဇာနာပေတ္ဝာ၊ သိစေ၍။ တဝ၊ သင်ဒါယကာ၏။ ဣမံစီဝရံ၊ဤသင်္ကန်းကို။ သံဃဿ၊သံဃာတော်အား။ ဒေဟိ၊လှူလော။ ဣတိ၊ ဤသို့။ ဥယျောဇေတိ၊ တိုက်တွန်း၏။ ဒါယကောပိ၊ ဒါယကာသည်လည်း။ တဿဘိက္ခုနော၊ထိုအလှူခံရဟန်း၏။ ဝစနံ၊စကားကို။ သမ္မဋ္ဌိစ္ဆိတ္ဝာ၊ဝန်ခံ၍။ ဣမံကထိနစီဝရံ၊ ဤ ကထိန်သင်္ကန်းကို။ သံဃဿ၊ သံဃာတော်အား။ ဒမ္မိ၊ လှူပါ၏။ ဣတိ၊ဤသို့။ ဝတ္ဝာဝါ၊ဆို၍ငင်း။ စိန္တေတ္ဝာဝါ၊ စိတ်ဖြင့်ကြံ၍ငင်း။ ဒေတိ၊ပေးလှူ၏။ ဧဝမ်ပိ၊ဤသို့ ပေးလှူသော်လည်း။ သာဒဿ်ဂ်ာ၊ထိုအလှူသည်။ သံဃဂတာ၊သံဃာတော်နှိုက်ရောက်သည်။ ဟောတိ၊ဖြစ်၏။ ပန၊ ထိုမှတပါး။ ဘိက္ခုနော၊ရဟန်းသည်။ ဥယျောဇိတောပိ၊တိုက်တွန်းသော်လည်း။ ဒုပ္ပညော၊ ပညာနည်းသော။ ဒါယကော၊ဒါယကာသည်။ တဿဘိက္ခုနော၊ထိုရဟန်း၏။ ဝစနံ၊စကားကို။ အနာဒိယိတ္ဝာ၊မနာယူမူ၍။ ဝါ၊မလိုက်နာမူ၍။ ပဋ္ဂလဿေဝ၊ ပဋ္ဂိုလ်အားသာလျှင်။ ယဒိဒေတိ၊အကယ်၍လှူအံ့။ တဿ၊ထိုကထိန်ဒါယကာ၏။ သာဒဿ်ဂ်ာ၊ ထို အလှူသည်။ ပဋ္ဂလဂတာ၊ ပဋ္ဂိုလ်နှိုက် ရောက်သည်။ ဝါ၊ပဋ္ဂလိကသည်။ ဟောတိ၊ဖြစ်၏။

ဤအရာနှိုက် ပဋ္ဂိုလ်အား ညွှတ်ပြီးဖြစ်သော လာဘ်ကို သံဃာသို့ ညွှတ်စေခြင်းကြောင့် ရဟန်းတော်တို့အား မအပ်သည်မဟုတ်ပါလောဟု စောဒနာခဲ့မူ—

သံဃာတော်အား ညွှတ်ပြီးသောလာဘ်ကို မိမိသို့ ညွှတ်စေမှသာလျှင် အပြစ်ရှိသည်၊ မိမိသို့ ညွှတ်ပြီးသောလာဘ်ကို သံဃာတော်သို့ ညွှတ်စေရာနှိုက် အပြစ်မရှိ။

မြတ်စွာဘုရားသည်လည်း မိမိသို့ ညွှတ်ပြီးသော မိထွေးတော် ဂေါတမီ၏ သင်္ကန်းကို သံဃာတော်ကို လှူစေတော်မူ၏။ ထိုကြောင့် ဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိတော်နှိုက်—

သံဃေ တုံ ဂေါတမိ ဒေဟိ၊ သံဃေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃော စ—ဟု ဟောတော်မူ၏။

အနက် ဂေါတမီ၊ ဂေါတမီ။ တုံ့၊သင်သည်။ ဒုဿယုဂံ၊ ပုဆိုးအစုံကို။ သံဃေ၊ သံဃာတော်အား။ ဒေဟိ၊ လှူလော။ သံဃေ၊ သံဃာတော်ကို။ ဒိန္နေ၊ပေးလှူသည်ရှိသော်။ အဟဉ္စေဝ၊ ငါဘုရားကိုဌင်း။ သံဃောစ၊ သံဃာတော်ကိုဌင်း။ ပူဇိတော၊ပူဇော်အပ်သည်။ ဘဝိဿာမိ၊ဖြစ်အံ့။

ထိုသို့ မြတ်စွာဘုရား ကိုယ်တော်တိုင်ပင် မိမိအား ညွှတ်ပြီးသောလာဘ်ကို သံဃာတော်အား ညွှတ်စေတော်မူသောကြောင့် ရဟန်းတော်တို့မှာလည်း မိမိသို့ ညွှတ်ပြီးသောလာဘ်ကို ဒါယကာတို့ အကျိုးများစေခြင်းငှါ သံဃာသို့ ညွှတ်စေရန်ဂိုက် အပြစ်မရှိဟု မှတ်အပ်၏။

ဂေါတမီသည် "အရှင်ဘုရား ဤသက်ဒ်းကို အရှင်ဘုရားအား ရည်မှတ်၍ ယက်အပ်၏၊ ထိုပုဆိုးအစုံကို ခံတော်မူပါလော" ဟု သုံးကြိမ်တိုင်တိုင် တောင်းပန်သည်ကို ပယ်တော်မူလျက် အဘယ်ကြောင့် မြတ်စွာဘုရားသည် မိမိအား လှူအပ်သော ပုဆိုးအစုံကို သံဃာတော်အား လှူစေတိသနည်းဟူမူ—

မြတ်စွာဘုရားသည် မိထွေးတော်ဂေါတမီဂိုက် အစဉ်သနားတော်မူသဖြင့် ဤဂေါတမီအား "ငါဘုရားကို အာရုံပြု၍ ပုဗ္ဗစေတနာ,မုဉ္စစေတနာ,အပရစေတနာ ဟုဆိုအပ်သော စေတနာသုံးတန်ဖြစ်ရပြီ၊ ရဟန်းသံဃာကို အာရုံပြု၍လည်း ထိုစေတနာသုံးတန် ဖြစ်စေသတည်း" ဟု စိတ်အကြံ ဖြစ်တော်မူသတတ်၊ ဤသို့ (၆)ခုသော စေတနာတို့သည် တပေါင်းတည်းဖြစ်၍ ဂေါတမီအား ရှည်မြင့်စွာသော နေ့,ညဉ့်ပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတံ့ဟု စိတ်ကြံတော်မူလျက် သုံးကြိမ်တိုင်တိုင် ပယ်မြစ်တော်မူ၍ သံဃာတော်အား လှူစေတော်မူ၏။ ထိုကြောင့် ဒက္ခိဏာဝိဘင်္သုတ် အဋ္ဌကထာဂိုက်—

ကသ္မာ ပန ဘဂဝါ အတ္တာနော ဒိယျမာနံ ဘိက္ခုသံဃဿ ဒါပေသီတိ။ မာတရိ အနုကမ္ပါယ ဧဝံ ကိရဿ အဟောသိ၊ ဣမိဿာ မံ အာရဗ္ဘ ပုဗ္ဗစေတနာ မုဉ္စစေတနာ ပရစေတနာတိ တိဿော စေတနာ ဥပ္ပန္နာ၊ ဘိက္ခုသံဃံဝိဿာ အာရဗ္ဘ ဥပ္ပဇ္ဇန္တု။တိ ဧဝမဿာ ဆ စေတနာ ကေတော ဟုတ္ဝာ ဒီဃရတ္တံ ဟိတာယ သုခါယ ပဝတ္တိဿန္တိ—ဟု မိန့်ဖြေတော်မူ၏။

အနက် ကသ္မာ၊အဘယ်ကြောင့်။ ဘဂဝါသည်။ အတ္တာနော၊ မိမိအား။ ဒိယျမာနံ၊ လှူအပ်သော ပုဆိုးအစုံကို။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာတော်အား။ ဒါပေသိ၊ လှူစေဘိသနည်း။ ဣတိအယံ၊ ဤသည်လျှင်။ ပုစ္ဆာ၊ အမေးတည်း။ မာတရိ၊ အမိဂေါတမီနှိုက်။ အနုကမ္ပါယ၊အစဉ်သနားသဖြင့်။ ဒါပေသိ၊လှူစေတော်မူ၏။ အဿဘဂဝတော၊ထိုမြတ်စွာဘုရားအား။ ဧဝံစိတ္တံ၊ ဤသို့သော စိတ်အကြံတော်သည်။ အဟောသိကိရ၊ ဖြစ်သတတ်။ ဣမိဿာ၊ဤမိထွေးတော်ဂေါတမီအား။ မံ၊ငါဘုရားကို။ အာရဗ္ဘ၊အာရုံပြု၍။ ပုဗ္ဗစေတနာ၊ပုဗ္ဗစေတနာဝင်း။ မုဉ္စစေတနာ၊မုဉ္စစေတနာဝင်း။ ပရစေတနာ၊ပရစေတနာဝင်း။ဣတိ၊သို့။ တိဿော၊သုံးပါးကုန်သော။ စေတနာ၊စေတနာတို့သည်။ ဥပ္ပန္နာ၊ဖြစ်ကုန်၏။ အဿာ၊ထိုဂေါတမီအား။ ဘိက္ခုသံဃံပိ၊ရဟန်းအပေါင်းကိုလည်း။ အာရဗ္ဘ၊ အာရုံပြု၍။ တိဿောစေတနာ၊ သုံးပါးသောစေတနာတို့သည်။ ဥပ္ပဇ္ဇန္တု၊ ဖြစ်စေကုန်သတည်း။ ဣတိ၊ ဤသို့။ ဧဝံစိတ္တံ၊ ဤသို့သော စိတ်အကြံတော်သည်။ အဟောသိကိရ၊ ဖြစ်တော်မူသတတ်။ ဧဝံ၊ ဤသို့။ အဿာ၊ ထို ဂေါတမီအား။ ဆစေတနာ၊ ခြောက်ပါးသောစေတနာတို့သည်။ ဧကေတော၊ တပေါင်းတည်း။ ဟုတ္ဝာ၊ ဖြစ်၍။ ဒီဃဲရတ္တံ၊ ရှည်စွာသော နေ့,ည၌ပတ်လုံး။ ဟိတာယ၊ စီးပွါးခြင်းငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။ ပဝတ္တိဿန္တိ၊ ဖြစ်ကုန်လတံ့။ ဣတိ၊ ဤသို့ နှလုံးသွင်းတော်မူ၍။ ဒါပေသိ၊ လှူစေတော်မူ၏။ ဣတိအယံ၊ ဤသည်လျှင်။ ဝိဿဇ္ဇနာ၊ အဖြေတည်း။

ဤအဋ္ဌကထာကို ထောက်ထား၍ ယခုအခါ ကထိန်သင်္ကန်းကို လှူဒါန်းကြသောအခါ ဒါယကာတို့သည် အပွဿုတဖြစ်၍ ပုဂ္ဂိုလ်ကိုရည်သန်သည်ဖြစ်စေ မရည်သန်သည်ဖြစ်စေ ကထိန်သင်္ကန်း လှူခါနီးအခါနှိုက် သံဃိကလှူမှ ကထိန်ဖြစ်သည်၊ ဤကထိန်သင်္ကန်းကို ပုဂ္ဂိုလ်အား ငဲ့ကွက်ခြင်း မရှိဘဲ သံဃာကိုသာလျှင် ရည်သန်၍ သံဃိကသာ လှူကြလေဟု တိုက်တွန်းနှိုးဆော်၍ သတိပေးသင့်ပေ၏။

(ခ) အကယ်၍ မမြောက်ထိုက်ပါလျှင် စိတ်ကို လွယ်ကူစွာနှင့် မည်ကဲ့သို့ ပြင်၍ နှလုံး သွင်းရပါမည့် အကြောင်း— ဟူသော အမေး တစိတ် နှိုက်—

ဥတ်ကထိန်သင်္ကန်းကို သံဃိကအဖြစ်ဖြင့် လှူဒါန်းမှသာလျှင် ကထိန် မြောက်နိုင်သည်၊ ကထိန်မြောက်မှသာလျှင် ငါတို့မှာ မဟာသမုဒ္ဒြာရေကဲ့သို့ ၎င်း မြင့်မိုရ်တောင်ကဲ့သို့၎င်း ပုဂ္ဂလိကဒါနထက် များမြတ် ကြီးမြတ်သော အကျိုးကို ရနိုင်မည် အကယ်၍ ငါတို့သည် တဏှာပေမ တဏှာပေကွန်အား ဖြင့် ပုဂ္ဂိုလ်ကို ငဲ့ကွက်၍ လှူငြားသော်လည်း ထိုပုဂ္ဂိုလ်သည် မိမိရသော သင်္ကန်းကို သံဃာတော်ကို လှူဒါန်းက ကထိန်မြောက်နိုင်သောကြောင့် ထိုပုဂ္ဂိုလ်သည် ငါတို့၏သင်္ကန်းကို ကထိန်အလှူပဲ့ကြီး ဖြစ်သည်အားလျော်စွာ သံဃာတော် ကျေးဇူးများစေခြင်းအကျိုးငှါ မုချ သံဃာတော်အား တဆင့် လှူလတ္တံ့ ငါတို့သည် ဤကဲ့သို့ ပုဂ္ဂိုလ်ကို ငဲ့ကွက် တွယ်တာ ကပ်ငြိတတ်သော လောဘတဏှာမြစ်ကြီးကို မဖြတ်မကူးနိုင်ကြသောကြောင့်သာလျှင် ဇာတိ ဒုက္ခ ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခ အပါယဒုက္ခ အတိတေ ဝဋ္ဋမူလကဒုက္ခ အနာဂတေ ဝဋ္ဋမူလကဒုက္ခ ပစ္စုပ္ပန္နေ အာဟာရေ ပရိယေဋ္ဌိမူလကဒုက္ခ ဟူသောဆင်းရဲခြင်း ဒုက္ခအမျိုးမျိုးတို့ဖြင့် ပြွမ်းသော သံသရာဝဋ်ဒုက္ခနှိုက် မြစ်သမုဒ္ဒြာဝယ် သစ်တုံးတို့သည် ငုတ်ချည် ပေါ်ချည်နှင့် မျော၍နေဘိ သကဲ့သို့ ဒုဂ္ဂတိဘဝသို့ရောက်ချည် သုဂတိဘဝသို့ ရောက်ချည်နှင့် စက်လည် မျောပါး၍ နေရချေသည်။ ထိုကဲ့သို့ ပုဂ္ဂိုလ်ကို ငဲ့ကွက် သက်ညှာတတ်သော လောဘတဏှာ၏ အပြစ်ကို ဉာဏ်ဖြင့် ကြည့်ရှု ကြပြီးလျှင် မူလပုဂ္ဂလိက ရည်သန်ရင်း ပုဗ္ဗစေတနာကို ရပ်တန့်စေ၍ သံဃာတော်နှိုက် ညှတ်ရှိုင်းသော စေတနာ လှဲပြောင်းနိုင်စေခြင်း အကျိုးငှါ ပုဂ္ဂလိကဒါနထက် သံဃိက ဒါနသည် အကျိုးကြီးမြတ်ပေ၏။

"အတ္တာဒတ္ထ ပရတ္ထေန ဗဟုနာပိ နု ဟာပယေ" ဟူသည်နှင့်အညီ သူတပါး၏ အကျိုးစီးပွါးကြောင့် မိမိ၏ လောကီ,လောကုတ္တရာ အကျိုးစီးပွါး မဆုတ် မယုတ်သင့်ပေ။ ဤသို့ သတိ ပညာဖြင့် နှလုံးထားပြီးလျှင် သံဃာတော်နှိုက် ညှတ်ရှိုင်းခြင်း ရိုသေခြင်း ယောနိသောမနသိကာရကို ဖြစ်စေရာ၏။

ဤကထိန်အရာန္ဒိုက် သံဃိကလှူရန် တိုက်တွန်း၍ မရသော ဒါယကာသည် ပုဂ္ဂိုလ်အား လွှ၏၊ထိုပုဂ္ဂိုလ်ကသည် ထိုကထိန်သင်္ကန်းကို သံဃာအား တဆင့် လှူပြန်သော် သံဃိကဖြစ်၍ ကထိန်ခင်းခြင်းငှါ ထိုက်ပြန်၏။ထို့ကြောင့် ဝိနယာလင်္ကာရဋီကာန္ဒိုက်—

ယဒိ ပန ဒါယကော အပ္ပဿုတာယ "နာဟံ ဘန္တေ ကိဉ္စိ ဇာနာမိ ဣမံစီဝရံ တုမှာကမေဝ ဒမ္မိ"တိ ဝက္ခတိ၊ ဧဝံ သတိ ပုဂ္ဂလိကဝသေနေဝ သမ္မဋ္ဌိဿတ္တာ တေန ပုဂ္ဂလေန တံစီဝရံ သံဃဿ ဒိန္နမ္မိ သံဃိကံ ဟောတိ—ဟု မိန့်တော်မူ၏။

အနက် ဒါယကော၊ သည်။ အပ္ပဿုတာယ၊ နည်းသောအကြား,အမြင်ရှိသောကြောင့်။ "ဘန္တေ၊ဘုရား။ အဟံ၊ သည်။ ကိဉ္စိ၊တစုံတခုကို။ နဇာနာမိ၊မသိ။ ဣမံစီဝရံ၊ဤသင်္ကန်းကို။ တုမှာကမေဝ၊အရှင်ဘုရားတို့အားသာလျှင်။ ဒမ္မိ၊လှူပါ၏" ။ ဣတိ၊ဤသို့။ ယဒိဝက္ခတိ၊ အကယ်၍ ဆိုအံ့။ ဧဝံသတိ၊ ဤသို့ ဆိုသည်ရှိသော်။ ပုဂ္ဂလိကဝသေနေဝ၊ ပုဂ္ဂိုလ်၏ အစွမ်းဖြင့်သာလျှင်။ သမ္ပဋိစ္ဆိတ္တာ၊ ခံပြီး၍။ တေနပုဂ္ဂလေန၊ ထိုပုဂ္ဂိုလ်သည်။ တံစီဝရံ၊ ထိုသင်္ကန်းကို။ သံဃဿ၊သံဃာတော်အား။ ဒိန္နမ္မိ၊လှူသော်လည်း။ သံဃိကံ၊ သံဃိကသည်။ ဟောတိ၊ဖြစ်၏။

တနည်း—စိတ်သည် အကျိုးမရှိရာဘက်သို့ ဆွဲငင်တတ်သဖြင့် မိမိစိတ်ကို မိမိ ဆုံးမပဲ့ပြင်ရာ၏၊ အဘယ်သို့ ပဲ့ပြင် ဆုံးမရာသနည်းဟူမူ.... "အို စိတ်မိုက် စိတ်ယုတ် သင်....စိတ်မိုက် စိတ်ယုတ်သည် တာဝတိ်သာ နတ်ပြည်န္ဒိုက် အာသာဝတိ နွယ်နီနတ်ပန်းသည် အနှစ်တထောင်ကြာမှ တကြိမ်ပွင့်လမ်း ဘိသက္ကဲသို့ ဘုရား ပွင့်တော်မူမှ သာလျှင် တနှစ်မှ တကြိမ် လှူဒါန်းရခဲသော ကထိန်သံဃိကအလှူကြီးကို တွေ့ကြိမ်ပါလျက် ပုဂ္ဂိုလ်၏ မျက်နှာကို ငဲ့ကွက်တတ်တဲ့ လောဘ၏ နှိုင်ငံကြီးသို့ လိုက်ခြင်ဘိသနည်း။ ဥပမာ—ပတ္တမြား ရတနာ အစစ်ကြီးကို ပေးပါမည် ဟူ၍ ပင့်ဖိတ်၍ ထားသော လူမဲ့ လူဆင်းရဲ ရှိပါလျက် ချက်ကျောက် ဖလ်ကျောက် မှန်ကျောက်ကို ပေးမည်ဖြစ်သော လူချမ်းသာ လူဥစ္စာပေါ လူမျက်နှာကြီး ပင့်ဖိတ်ရာသို့ သိပါလျက်နှင့်ပင်လျှင် လောဘတဏှာဖြင့် လူ၏ မျက်နှာကို ငဲ့ကွက်၍

လိုက်မှားသောကြောင့် ပတ္တမြားရတနာ အစစ်ကြီးကို ရခြင်းမှ ဆုံးရှုံးဘိ သကဲ့သို့ နှင်စိတ်သည် သံဃိကအလှူကြီး အကျိုးကြီးမြတ်သည်ကို သိရှိပါ လျက် အကျိုး မကြီးမြတ်သော ပုဂ္ဂလိက အလှူဘက်သို့ တဏှာပေမအားဖြင့် အဘယ်ကြောင့် ငဲ့ကွက်ခြင်ဘိသနည်း မိမိ၏ အကျိုးစီးပွါး များသည်ကို သာလျှင် အလိုဆန္ဒ ရှိသင့်သည် မဟုတ်လော၊ အဘယ်ကြောင့် အကျိုးစီးပွါး နည်းပါးခြင်းကို အလိုရှိခြင်ဘိသနည်း" ဟု မိမိစိတ်ကို ဆုံးမပြုပြင်၍ ကထိန် ခင်းသော အရာရှိက် သံဃိကသင်္ဃန်းမှသာလျှင် ကထိန်ခင်းခြင်းငှါ ထိုက် သောကြောင့် သံဃိက လှူဒါန်းခြင်းနှိုက်သာလျှင် စိတ်ကို ညွှတ်ကိုင်းစေ ရာ၏။

ဩလဂ္ဂေဿာမိ တေ စိတ္တာ၊ အာဏိ ဒွါရေဝ ဟတ္ထိနံ။
နဲ တံ ပါပေ နိယောဇိဿံ၊ ကာမဇာလံ သရိရဇံ။

တွံ ဩလဂ္ဂေါ နဲ ဂစ္ဆသိ၊ ဒွါရဝိဝရံ ဂဇော၀ အလဘန္တော။
နစ စိတ္တကလိ ပုနပ္ပုနံ ပသဏ္ဍာ၊ပါပရတော စရိဿတိ။

အနက် စိတ္တာ၊အို....စိတ်။ အာဏိဒွါရော၊တံတိုင်းဖြင့် ဖွဲ့အပ်သော တံခါး ရှိသောမြို့နှိုက်။ ဟတ္ထိနံ ဟတ္ထိ ၊ဆင်ကို။နိ၀ါရေတိဣ၀၊သွားခြင်း ကို တားမြစ်ဘိသကဲ့သို့။ တေ၊သင်စိတ်ကို။ ဩလဂ္ဂေဿာမိ၊တားမြစ်ပေအံ့။ ကာမဇာလံ၊ ကာမဂုဏ်၏ ကွန်ရက်သဖွယ် ဖြစ်၍ဖြစ်သော။ သရီရဇံ၊ ကိုယ် နှိုက်ဖြစ်သော။ တံ၊ သင်စိတ်ကို။ ပါပေ၊ မကောင်းမှုနှိုက်။ နနိယောဇိဿံ၊ ငါမယှဉ်စေအံ့။

တွံ၊သင်စိတ်ယုတ်သည်။ ဒွါရဝိဝရံ၊တံခါးပွင့်လင်းခြင်းကို။ အလဘန္တော၊ မရသော။ ဂဇော၀ ဂဇောဣ၀၊ဆင်ကဲ့သို့။ ဩလဂ္ဂေါ၊ပညာ တည်းဟူသော ချုန်းတောင်းဖြင့် မြစ်အပ်သည်ဖြစ်၍။ နဂစ္ဆသိ၊ ယခုအခါနှိုက် အလိုရှိတိုင်း မသွားရလတံ့။ စိတ္တကလိ၊ စိတ် ဟုဆိုအပ်သော သူယုတ်။ ပုနပ္ပုနံ၊ အဖန် တလဲလဲ။ ပသဏ္ဍာ၊ဖဲလေလော။ ဝါ၊အဿာသ,ပဿာသအစွမ်းဖြင့် ရှေ့သော အားဖြင့် ဖဲလေလော။ ပါပရတော၊မကောင်းမှုနှိုက် မွေ့လျော်ပျော်ပါးခြင်း မှု။ ပုဗ္ဗေဝိယ၊ ရှေးအခါကာလနှိုက်ကဲ့သို့။ နစ စရိဿတိ၊ယခုအခါ မသွားရ လတံ့။

ဤ အပဒါန်ပါဠိတော်ကို နှလုံးသွင်းလျှင်လည်း ပဂ္ဂလိကဘက်သို့ ငဲ့ကွက်သောစိတ်ကို ဆုံးမ တားမြစ်ရာ၏။

ယထာ ကုဋ္ဌရံ အဒန္တံ၊ နဝဂ္ဂဟ မက်ိုသဂ္ဂဟော။
ဗလဝါ အာဝတ္တေတိ အကာမံ၊ ဧဝံ အာဝတ္တယိသန္တံ။

အနက် အဒန္တံ၊ဆင်အတတ်ကိုမသင်ရသေးသည်ဖြစ်၍ မယဉ်ကျေးသေးသော။ နဝဂ္ဂဟံ၊ ဖမ်းသစ်စသာ ဖြစ်သော။ ကုဋ္ဌရံ၊ ဆင်ကို။ ဗလဝါ၊ကိုယ်အား ဉာဏ်အားနှင့် ပြည့်စုံသော။ အက်ိုသဂ္ဂဟော၊ချုန်းတောင်းကိုင်စွဲသော ဆင်ဆရာသည်။ အကာမံ၊ အလိုမရှိဘဲသာလျှင်။ အာဝတ္တေတိ ယထာ၊တားမြစ်သောအားဖြင့် နှစ်စေသကဲ့သို့။ ဧဝံတထာ၊ထိုအတူ။ တံ၊သင်စိတ်ယုတ်ကို။ အာဝတ္တယိသံ၊ အကုသိုလ်ဒုစရိုက်မှ တားမြစ်သောအားဖြင့် နှစ်စေအံ့။

ယထာ ဝရ ဟယ ဒမ ကုသလော၊
သာရထိ ပဝရော ဒမေတိ အာဇညံ။
ဧဝံ ဟိ ဒမယိသန္တံ၊
ပတိဋ္ဌိတော ပဇ္ဈသု ဗလေသု။

အနက် ပဝရော၊ မြတ်သော။ ဝရ ဟယ ဒမ ကုသလော၊ မြင်းကို ဆုံးမသောသူတို့ထက် မြတ်သော ဆုံးမခြင်းနှိုက် လိမ္မာသော။ သာရထိ၊ရထားထိန်းသည်။ အာဇညံ၊အာဇာနည်မြင်းကို။ ဒမေတိယထာ၊ အနှ, အကြမ်းဖြင့် ဆုံးမသကဲ့သို့။ ဧဝံတထာ၊ထိုအတူ။ တံ၊သင်စိတ်ယုတ်ကို။ပဇ္ဈသု ဗလေသု၊ ငါးပါးသော ဗိုလ်တို့နှိုက်။ ပတိဋ္ဌိတော၊ တည်စေသည်ဖြစ်၍။ ဒမယိသံ၊မသဒ္ဓါခြင်း စသည်မှ မြစ်သောအားဖြင့် ဆုံးမပေအံ့။

သတိယာ တံ နိဗ္ဗန္ဓိသံ၊ ပယုတ္တော တေ ဒမိသာမိ။
ဝိရိယဓုရနိဂ္ဂဟိတော၊ နယိတော ဒုရံ ဂမိသသေ စိတ္တ။

အနက် တံ၊သင်စိတ်ယုတ်ကို။ သတိယာ၊သတိ တည်းဟူသောကြိုးဖြင့်။ နိဗ္ဗန္ဓိသံ၊ကောင်းသော အရာရှိသော ကမ္မဋ္ဌာန်း တည်းဟူသော သည်တိုင်နှိုက် ချည်ထားပေအံ့။ ဝိရိယဓုရနိဂ္ဂဟိတော၊အားထုတ်ခြင်း တည်းဟူသော ဝန်ကို ချထားတတ်သော။ တေ၊ သင် စိတ်ယုတ်ကို။ ပယုတ္တော၊

ကမ္မဋ္ဌာန်းနှိုက် အားထုတ်စေသည်ဖြစ်၍။ ဒမိဿာမိ၊တဏှာကိလေသာဘက်ငဲ့ကွက် ထွက်သွားခြင်းမှ တားမြစ် ဆုံးမပေအံ့။ စိတ္တ၊ အို....စိတ်။ ဣတော၊ ဤကသိုဏ်းကမ္မဋ္ဌာန်း တည်းဟူသောအာရုံမှ။ ဒုရုံ၊ဝေးသော လောကီအာရုံကာမဂုဏ်အရပ်ဘက်သို့။ နဂမိဿသေ၊ မသွားရလဘံ့။ ဣတိ၊ ဤသို့။ စိတ္တံ၊ စိတ်ကို။ ဒမေ၊ဆုံးမရာ၏။

ဤ ထေရာအပဒါန်ပါဠိတော်မျှားဖြင့်လည်း ကောင်းမြတ်သော ကုသိုလ်အကျိုးနှိုက် တည်စေခြင်းငှါ မိမိစိတ်ကို ဆုံးမရာ၏။

အမှာ—ဤ ပါဠိတော်တို့ကို ထုတ်ဆောင်၍ ရေးသားလိုက်ခြင်းသည် မသက်ဆိုင်လွန်းသော်လည်း ဒါန, သီလ, ဘာဝနာကုသိုလ်တို့ကို ပြုလုပ်ရာတို့နှိုက် မိမိစိတ်ကို ဆုံးမပြုပြင်မှုနှိုက် သိရှိနားလည်ကြစေခြင်းငှါ ရေးသားလိုက်ပေသည်။ မသက်ဆိုင်လွန်း သည်ဟု အပြစ် မဆိုသင့်ပေ။

(၂)ဒုတိယပုစ္ဆာအဖြေ ပြီး၏။

၃-ပုစ္ဆာ လျှောက်ထားချက် အဖြေ

၃။ အကယ်၍ ဒုတိယမေးခွန်းအတိုင်း သံဃိကအလှူ မဖြစ်ဘဲ ပုဂ္ဂလိကအလှူ ဖြစ်နေပါလျှင် အရံသက်န်းတို့မှာ ပုဂ္ဂိုလ်ကို မရည်မှန်းရသဖြင့် "သံဃဿ ဒေမ"ဟု နှုတ်ကဆို၍ လှူဒါန်းရပါသောကြောင့် သံဃိကအလှူ မြောက်ထိုက်ပါလျှင် ထိုအလှူနှစ်ခုမှာ မည်သည့်အလှူက အကျိုးကြီးမည်ဖြစ်ပါကြောင်း ဟူသော မေးလျှောက်ထားချက်နှိုက်—

အကယ်၍ ကထိန်သက်န်းအလှူသည် သံဃိက မဖြစ်မူ၍ ပုဂ္ဂလိကဖြစ်အံ့ သံဃာတော်၏ သန္ဓက မဟုတ်သောကြောင့် သံဃာတော်ကသည် ပုဂ္ဂိုလ်အား ဥ တို့ဒုတိယကမ္မဝါစာဖြင့် ပုဂ္ဂိုလ်အား ပေးခြင်းငှါ မထိုက်၊ ပေးခြင်းငှါ မထိုက်သော သက်န်းကို ပေး၍ ထိုသက်န်းဖြင့် ကထိန်ခင်းအံ့ ကထိန်မဖြစ်၊

ကထိန် မဖြစ်က ရဟန်းတော်တို့မှာ အကျိုးငါးပါးကို မရထိုက်၊ ဒါယကာတို့မှာလည်း ကထိန်အလှူ မဖြစ်၊ ကထိန်အလှူ မဖြစ်က သာမည ပုဂ္ဂလိကအလှူသာ ဖြစ်၏ဟု မှတ်အပ်၏။ ထိုကြောင့် ဝိနယာလင်္ကာရဋီကာန္သိုက်—

ပုဂ္ဂလိကစီဝရဒ္ဓေ သံဃိကဘဝနတ္ထာယ အကယိရမာနံ နဉ္တိယာ ကမ္မဝါစာယ စ အရဟံ ဟောတိ—ဟု မိန့်၏။

အနက် ပုဂ္ဂလိကစီဝရဒ္ဓေ၊ပုဂ္ဂလိကသင်္ကန်းကိုလည်း။ သံဃိကဘဝနတ္ထာယ၊ သံဃိကဖြစ်ခြင်းအကျိုးငှါ။ အကယိရမာနံ၊ မပြုသည်ရှိသော်။ ဉတ္တိယာစ၊ ဉတ်အားဖြင့်။ကမ္မဝါစာယစ၊ကမ္မဝါစာအားဖြင့်။အရဟံ၊ထိုက်သည်။ နဟောတိ၊မဖြစ်။

ဤ ဋီကာန္သိုက် ဉတ်ကမ္မဝါစာအား မထိုက်ဟု မူလကို ပြသဖြင့် ကထိန်မဖြစ်ထိုက်ကြောင်း အလုံးစုံကိုလည်း သိအပ်၏။ ၎င်း အောက်ပါစကားအတိုင်း ကထိန် သင်္ကန်းအလှူသည် သံဃိကအလှူ မဖြစ်မူ၍ ပုဂ္ဂလိကအလှူဖြစ်ခဲ့အံ့၊ အရံသင်္ကန်း အလှူသည် သံဃိကဖြစ်ခဲ့အံ့၊ ဉတ်ကထိန်သင်္ကန်း အလှူထက် အရံသင်္ကန်းအလှူက သံဃိကဖြစ်၍ အကျိုးကြီးမြတ်၏ဟု မှတ်အပ်၏။ ထိုကြောင့် ဥပရိပဏ္ဏာသ ဒက္ခိဏဝိဘင်္ဂသုတ် ပါဠိတော်နှိုက်—

ဘဝိဿန္တိ ခေါပနာနန္ဒ အနာဂတမဒ္ဓါနံ ဂေါတြဘုနော ကာသာဝကပ္ပာ ဒုဿီလာ ပါပဓမ္မာ ပါပသမာစာရာ တေသု ဒုဿီလေသု သံဃံ ဥဒ္ဒိဿ ဒါနံ ဒဿန္တိ။ တဒါပါဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ခ်ေယျံ အပ္ပမေယျန္တိ ဝဒါမိ။ နတ္ထေဝါဟံ အာနန္ဒ ကေနစိ ပရိယာယေန သံဃဂတာ ဒက္ခိဏာ ပါဋိဟာရိကဒါနံ မဟပ္ဖလတရန္တိ ဝဒါမိ—ဟု ဟောတော်မူ၏။

အနက် အာနန္ဒ၊ အာနန္ဒာ။ ခေါပန၊ စင်စစ်။ အနာဂတမဒ္ဓါနံ၊ နောင်လာလတ္တံ့သော အဝွန့်ကာလနှိုက်။ ဂေါတြဘုနော၊ ရဟန်း၏အနွယ်မျှသာ ဖြစ်ကုန်သော။ ကာသာဝကပ္ပာ၊ သင်္ကန်း လည်ရောက်ကုန်ထသော။ ပါပဓမ္မာ၊ ယုတ်မာသော သဘောရှိကုန်ထသော။ ပါပသမာစာရာ၊

ယုတ်မာသောအကျင့် ရှိကုန်ထသော။ ဒုဿီလာ၊ သီလမရှိကုန်သော ပုဂ္ဂိုလ်တို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့ံ။ တေသုဒုဿီလေသု၊ ထို ဒုဿီလပုဂ္ဂိုလ်တို့၌ကုန်။ ဝါ၊ ဒုဿီလပုဂ္ဂိုလ်တို့အား။ သံဃံ၊သံဃာတော်ကို။ ဥဒ္ဒိဿ၊ရည်၍။ ဒါနံ၊အလှူဒါနကို။ ဝါ၊လှူဘွယ်ဝတ္ထုကို။ ဒဿန္တိ၊ လှူကြကုန်လတ့ံ။ အာနန္ဒ၊ အာနန္ဒာ။ တဒါပိ၊ထိုပေးလှူသောအခါကာလနှိုက်လည်း။ သံဃဂတံ၊သံဃာတော်၌ရောက်သော။ ဒက္ခိဏံ၊ အလှူကို။ အသင်္ခ်ေယျံ၊ အပွမေယျန္တိ၊ မရေတွက်နိုင် မပိုင်းခြားနိုင်သော အကျိုးရှိ၏ဟူ၍။ အဟံ၊ငါဘုရားသည်။ဝဒါမိ၊ ဟောတော်မူ၏။ အာနန္ဒ၊ အာနန္ဒာ။ ကေနစိပရိယာယေန၊ တစုံတခုသော အကြောင်းဖြင့်။ သံဃဂတာ၊သံဃာတော်နှိုက်ရောက်သော။ ဒက္ခိဏာ၊ အလှူထက်။ပါဋိပုဂ္ဂလိကဒါနံ၊အသီးဖြစ်သော ပုဂ္ဂိုလ်အား လှူဒါန်းသောအလှူကို။ မဟပ္ဖလတရန္တိ၊အလွန်အကျိုးကြီးမြတ်၏ဟူ၍။ အဟံ၊ငါဘုရားသည်။ နတ္ထဝဒါမိ၊ ဟောတော်မမူ။

ဎင်း အဋ္ဌကထာနှိုက်လည်း—

> သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တသ္သ ဟိ ဓိဏာသဝေ ဒိန္နဒါနတော ဥဒ္ဒိသိတ္ဝာ ဂဟိတေ ဒုဿီလေဝိ ဒိန္နံ မဟပ္ဖလ တရမေဝ—ဟု ဖွင့်ပြတော်မူ၏။

အနက် ဟိသစ္စံ၊ မှန်၏။ သံဃေ၊ သံဃာတော်နှိုက်။ စိတ္တီကာရံ၊ ရိုသေလေးမြတ်သော အခြင်းအရာကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကောန္တသ္သ၊ စွမ်းနိုင်သော ပုဂ္ဂိုလ်၏။ ဓိဏာသဝေ၊ ပုဂ္ဂိုလ်အသီး ရဟန္တာ ပုဂ္ဂိုလ်အား။ ဒိန္နဒါနတော၊ပုဂ္ဂလိကလှူဒါန်းရသော အလှူထက်။ ဥဒ္ဒိသိတ္ဝာ၊ သံဃာမှ ညွှန်းချ၍။ဂဟိတေ၊ယူအပ်သော။ဒုဿီလေပိ၊သီလမရှိသောပုဂ္ဂိုလ်အားလည်း။ ဒိန္နံ၊ လှူဒါန်းရသော အလှူဒါနသည်။ မဟပ္ဖလတရမေဝ၊အလွန်အကျိုးကြီးမြတ်သည်သာလျှင်တည်း။

ဝိနယာလင်္ကာရဋီကာနှိုက်လည်း—

> ဒါနံနာမ ပုဂ္ဂလဿ ဒိန္နတော သံဃဿ ဒိန္နံ မဟပ္ဖလတရံ ဟောတိ—ဟု ဖွင့်ပြတော်မူ၏။

အနက် ဒါနံနာမ၊ အလှူမည်သည်ကား။ ပဋ္ဂလဿ၊ ပုဂ္ဂိုလ်အား။ ဒိန္နတော၊ပေးလှူအပ်သော အလှူထက်။ သံဃဿ၊ သံဃာတော်အား။ ဒိန္နံ၊ပေးလှူအပ်သောအလှူသည်။မဟပ္ဖလတရုံ၊အထူးအားဖြင့် အလွန်အကျိုးကြီးမြတ်သည်။ ဟောတိ၊၏။

အောက်ပါ ပါဠိတော်, အဋ္ဌကထာစကားတို့နှိုက် ဒုဿီလပုဂ္ဂိုလ်အား လှူဒါန်းရသည်ဖြစ်ပါလျက် အဘယ်ကြောင့် အကျိုး ကြီးမြတ်ပါသနည်း၊ အကျိုး မကြီးမြတ်သင့်သည် မဟုတ်ပါလောဟု စောဒနာခဲ့မူ.... သံဃာတော်မည်သည် ဒုဿီလဟူ၍မရှိ၊ပုဂ္ဂိုလ်သည်သာလျှင် ဒုဿီလ,သုသီလဟူ၍ ရှိသည်ထိုကြောင့် ပုဂ္ဂိုလ်ကို ရည်သန် မှန်းထားခြင်းမရှိဘဲ သံဃာတော်ကို ရည်သန်မှန်းထား၍ သံဃာတော်နှိုက် ရိုသေလေးမြတ်သော အခြင်းအရာကို ပြုလျက် လှူဒါန်းသဖြင့် ဒုဿီလအမှတ်သညာ ပျောက်ကင်းရကား ဒုဿီလပုဂ္ဂိုလ်ကို လှူရလင့်ကစား အကျိုး ကြီးမြတ်တော့သည်သာလျှင်တည်းဟု ဖြေဆိုအပ်၏။ ထိုကြောင့် ဥပရိပဏ္ဏာသ အဋ္ဌကထာနှိုက်—

သံဃော ဟိ ဒုဿီလောနာမ နတ္ထိ—ဟု ပြတော်မူ၏။

အနက်—ဟိသစ္စံ၊ မှန်၏။ သံဃော၊ သံဃာတော်သည်။ ဒုဿီလောနာမ၊ ဒုဿီလမည်သည်။ နတ္ထိ၊မရှိ။

ထင်းပါဠိတော်,အဋ္ဌကထာ,ဋီကာတို့ဖြင့် ပုဂ္ဂလိကအလှူထက် သံဃိကအလှူ အကျိုး ကြီးမြတ်ကြောင်းကို ပြသည်ဟုမှတ်။

အကယ်၍ ဥတ်ကထိန်သင်္ကန်းသည် သံဃိက မြောက်ခဲ့သည်ဖြစ်အံ့ အရံသင်္ကန်းသည်လည်း သံဃိက မြောက်ခဲ့သည်ဖြစ်အံ့ ထင်းသင်္ကန်းအလှူနှစ်မျိုးသည်ပင်လျှင် (၁) ပဌမပုစ္ဆာအဖြေက ပြဆိုခဲ့ပြီးသည်အတိုင်း သံဃိကအကျိုး တည်းဟူသော အကျိုးတူ ရသည်ဟု မုချသန္နိဋ္ဌာန်ကျ မှတ်ယူအပ်၏။

(၃) တတိယပုစ္ဆာအဖြေ ပြီး၏။

၄-ပုဏ္ဏားလျှောက်ထားချက် အခြေ

၄။ ကထိန်လျှာသက််န်း ကပ်လှူရန် ကောက်ခံ ရရှိသော ငွေများအနက် အချို့.မှာ ဥတ်သက််န်းကြီး, အချို့.မှာ အရံသက််န်း, အချို့.မှာ သံဃာတော်များအား ဆွမ်း,ပန်း ကပ်လှူခြင်း, အချို့.မှာ ကြွရောက်လာသော လူပရိသတ်တို့အား ကျေးမွေးလှူဒါန်းခြင်း, အချို့.မှာ ဝေယျာဝစ္စကိစ္စတွင် သုံးဆောင်ခြင်း၊ ဤကဲ့သို့ အထွေထွေ အပြားပြား သုံးကြရပါသဖြင့် မည်သည့်ဌာနန့််က် ပါဝင် အသုံးပြုသော အလှူက အကျိုး ကြီးမည်ကို ခဲ့ခြားမှ ဖေါ်ပြပါမည့်အကြောင်း ဟူသော မေးလျှောက်သည့် အရာန့််က်—

သကလဂါမိကဝါသိကေသု ကေတော ဝိက္ကာပါတံ ဒဒမာနေသု သဒ္ဓေသဒ္ဓိ စေတနာ ဝိက္ကာပါတာရမ္မဏာဝ ဟောတိ။ တံ ပန ကမ္မံ တေသံ အာယူဟနက္ခဏေယေဝ ပုရိမနယေန နာနာ ဟောတိ။ တေသု ကေစိ ဒေဝလောကေ နိဗ္ဗတ္တိသန္တိ၊ ကေစိ မနုဿလောကေ၊ တထာဂတော အာယူဟနက္ခဏေ ယေဝ ဣမိနာ နီဟာရေန အာယူဟိတတ္တာ သေမနုဿလောကေ နိဗ္ဗတ္တိသတိ။ သေ ဒေဝလောကေတိ ဇာနာတိ။ ဒေဝလောကေ နိဗ္ဗတ္တမာနဒ္ဓိ သေ ပရနိမ္မိတဝသဝတ္တိသု နိဗ္ဗတ္တိသတိ။ သေ နိမ္မာနရတိသု၊သေ တုသိတေသု၊သေ ယာမေသု၊သေ တာဝတိ ံသေသု၊ သေ စာတုမဟာရာဇိကေသု၊ သေ ဘုမ္မဒေဝေသု၊ သေ ပန ဇေဋ္ဌကဒေဝရာဇာ ဟုတ္ဝာ နိဗ္ဗတ္တိသတိ။သေ တေသု ဒုတိယံဝါ တတိယံဝါ ဌာနန္တရံ ကရောန္တော ပရိစာရကော ဟုတ္ဝာ နိဗ္ဗတ္တိသတိတိ ပဇာနာတိ။ မနုဿသု နိဗ္ဗတ္တမာနာနဒ္ဓိ သေ ခတ္တိယကုလေ နိဗ္ဗတ္တိသတိ၊ သေ ဗြာဟ္မဏကုလေ၊ သေ ဝေဿကုလေ၊ သေ သုဒ္ဒကုလေ၊ သေ ပန မနုဿသု ရာဇာ ဟုတ္ဝာ နိဗ္ဗတ္တိသတိ။ သေ တေသု ဒုတိယံဝါ တတိယံဝါ ဌာနန္တရံ ကရောန္တော ပရိစာရကော ဟုတ္ဝာ နိဗ္ဗတ္တိသတိတိ ပဇာနာတိ။ တေသုစ ကမ္မေသု ဣဒံကမ္မံ ပဋိသန္ဓိ ံအာကဳိတုံ နသက္ခိသတိ။ ဒုဗ္ဗလံ ဒိန္နာယ ပဋိသန္ဓိယာ ဥပဓိဝေပက္ကံ ဘဝိသတိတိ ပဇာနာတိ။ **သမ္မောဟဝိနောဒနီအဋ္ဌကထာ**

သကလဂါမဝါသိကေသု ကေတော ဒါနံ ဒဒမာနေသု သဗ္ဗေသမ္ပိ စေတနာ ဒေယျမ္မာရမ္မဏာဝ ဟောတိ။ တံ ပန ကမ္မံ တေသံ အာယူဟနက္ခဏေဝေ နာနာ ဟောတိ။ တေသု ဟိ ကေစိ ဒေဝလောကေ နိဗ္ဗတ္တန္တိ၊ ကေစိ မနုဿလောကေ၊ တံ တထာဂတော အာယူဟနက္ခဏေဝေ ဇာနာတိ၊ သေ အာယူဟိတတ္တာ သေ မနုဿလောကေ နိဗ္ဗတ္တိဿတိ၊ သေ ဒေဝလောကေတိ ဇာနာတိ။ တတ္ထပိ သေ ပရနိမ္မိတဝသဝတ္တိသု နိဗ္ဗတ္တိဿတိ၊ သေ ဘုမ္မဒေဝေသု နိဗ္ဗတ္တိဿတိ၊ သေ ဇေဋ္ဌက ဒေဝရာဇာ ဟုတ္ဝာ။ သေ တဿ ဒုတိယံ တတိယံဝါ ဌာနန္တရံ ကရောန္တော ပရိစာရကော ဟုတ္ဝာ နိဗ္ဗတ္တိဿတိတိ ဇာနာတိ။ တေသု စကမ္မေသု ဇုဒံ ပဋိသန္ဓိံ အာကဓိတုံ သက္ခိဿတိ။ ဇုဒံ နသက္ခိဿတိ။ ဒုဗ္ဗလံ ဒိန္နာယ ပဋိသန္ဓိယာ ဥပဓိဝေပက္ကမတ္တံ ဘဝိဿတိတိ ဇာနာတိ။ နေတ္တိအဋ္ဌကထာ

အမှာ—အဋ္ဌကထာနှစ်စောင် ထည့်လိုက်ခြင်းသည် အဋ္ဌကထာချင်းချင်း မတူသည်ကို သိစေခြင်းငှါ ထည့်လိုက်သည်။

အနက် သကလဂါမဝါသိကေသု၊ အလုံးစုံသော ရွာနှိုက်နေသော လူ အပေါင်းတို့သည်။ ကေတော၊တပေါင်းတည်း။ ဒါနံ၊အလှူကို။ ဒဒမာနေသု၊ပေးလှူကုန်သည်ရှိသော်။ သဗ္ဗေသံ၊အလုံးစုံသော ရွာသူတို့၏။ စေတနာ၊စေတနာသည်။ ဒေယျမ္မာရမ္မဏာဝ၊ လှူဘွယ်ဝတ္ထုလျှင် အာရုံရှိသည်သာလျှင်။ ဟောတိ၊၏။ ပန၊ထိုသို့ ဒေယျမ္မေဝတ္ထုလျှင် အာရုံရှိသော်လည်း။ တံကမ္မံ၊ထိုစေတနာတည်းဟူသော ကုသိုလ်ကံသည်။ တေသံ၊ထိုရွာသူအပေါင်းတို့၏။ အာယူဟနက္ခဏေဝေ၊ အားထုတ်သော ခဏနှိုက်သာလျှင်။ နာနာ၊အထူးထူးသည်။ ဟောတိ၊ဖြစ်၏။ ဟိ ဝိတ္ထာရယိဿာမိ၊ထိုစကားကို ချဲ့ဦးအံ့။ တေသု၊ထိုရွာသူအပေါင်းတို့တွင်။ ကေစိ၊အချို့သောသူတို့သည်။ ဒေဝလောကေ၊ နတ်ပြည်နှိုက်။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။ ကေစိ၊ အချို့သောသူတို့သည်။ မနုဿလောကေ၊လူ့ပြည်နှိုက်။ နိဗ္ဗတ္တန္တိ၊ဖြစ်ကုန်၏။ တံကမ္မံ၊ထိုကံကို။ တထာဂတော၊မြတ်စွာဘုရားသည်။ အာယူဟနက္ခဏေဝေ၊အားထုတ်သော ခဏနှိုက်သာလျှင်။ ဇာနာတိ၊သိတော်မူ၏။ သေ၊ထိုသူသည်။ အာယူဟိတတ္တာ၊

အားထုတ်အပ်သည်၏ အဖြစ်ကြောင့်။ သေသော၊ ဤသူသည်။ မနုဿလောကေ၊ လူ့ပြည်နိုက်။ နိဗ္ဗတ္တီသတိ၊ ဖြစ်လတ္တံ့။ သေသော၊ ဤသူသည်။ ဒေဝလောကေ၊ နတ်ပြည်နိုက်။ နိဗ္ဗတ္တီသတိ၊ ဖြစ်လတ္တံ့။ ဣတိ၊သို့။ ဇာနာတိ၊ သိတော်မူ၏။တတ္ထပိ၊ထိုနတ်ပြည်နိုက်ဖြစ်သော သူတို့တွင်လည်း။သေသော၊ ဤသူသည်။ ပရနိမ္မိတဝသဝတ္တီသု၊ပရနိမ္မိတဝသဝတ္တီနတ်ပြည်တိုနိုက်။နိဗ္ဗတ္တီသတိ၊ ဖြစ်လတ္တံ့။ သေသော၊ ဤသူသည်။ ဘုမ္မဒေဝေသု၊ ဘုမ္မစိုးနတ်တိုနိုက်။ နိဗ္ဗတ္တီသတိ၊ဖြစ်လတ္တံ့။ သေသော၊ဤသူသည်။ ဇေဋ္ဌကဒေဝရာဇာ၊အကြီးအမှူးဖြစ်သော နတ်မင်းသည်။ ဟုတ္ဝာ၊ဖြစ်၍။ နိဗ္ဗတ္တီသတိ၊ဖြစ်လတ္တံ့။ သေသော၊ ဤသူသည်။ တဿ၊ ထိုအကြီးအမှူးဖြစ်သော နတ်မင်း၏။ ဒုတိယံ၊ နှစ်ဆင့်မြောက်သော။ ဌာနန္တရံဝါ၊ ရာထူးကိုငင်း။ တတိယံ၊ သုံးဆင့်မြောက်သော။ ဌာနန္တရံဝါ၊ ရာထူးကိုငင်း။ ကရောန္တော၊ ပြုလျက်။ ပရိစာရကော၊ အလုပ်အကျွေးသည်။ ဟုတ္ဝာ၊ဖြစ်၍။ နိဗ္ဗတ္တီသတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ဤသို့။ ဇာနာတိ၊ သိတော်မူ၏။ စ၊ဆက်၍ ဆိုဦးအံ့။ တေသုကမ္မေသု၊ ထိုကံတို့တွင်။ ဣဒံကမ္မံ၊ ဤကံသည်။ ပဋိသန္ဓိ ံ၊ ပဋိသန္ဓေကို။ အာကဍိတုံ၊ ငင်ခြင်းငှါ။ သက္ခိဿတိ၊စွမ်းနိုင်လတ္တံ့။ဣဒံကမ္မံ၊သည်။ ပဋိသန္ဓိ ံ၊ကို။ အာကဍိတုံ၊ငင်ခြင်းငှါ။ နသက္ခိဿတိ၊မစွမ်းနိုင်လတ္တံ့။ ဒုဗ္ဗလံ၊အားနည်းသော စေတနာကံသည်။ ဒိန္နာယ၊ပေးအပ်သော။ပဋိသန္ဓိယာ၊ပဋိသန္ဓေ၏။ဥပဓိဝေပက္ကမတ္တံ၊အတ္တဘောကို ရင့်စေကာမျှသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊သို့။ ဇာနာတိ၊သိတော်မူ၏။ (ဤကား နေတ္တိအဋ္ဌကထာအနက်)။

ဌင်း အောက်ပါ အဋ္ဌကထာ ဖွင့်ပြတော်မူသည့်အတိုင်း မြို့သူ, ရွာသူ အပေါင်းတို့သည် စုပေါင်း၍ ကောင်းမှုကုသိုလ်ကို ပြုလုပ်ကြရာတို့နိုက် အလုံးစုံသော လူအပေါင်းတို့၏ စေတနာသည် လူဘုယ်ဝတ္ထု တခုသာလျှင် အာရုံရှိငြားသော်လည်း အားထုတ်ပြုလုပ် လှူဒါန်းကြသောခဏနိုက် စေတနာအထူးထူး အပြားပြား ဖြစ်ကြသဖြင့် ဤမည်သော စေတနာ ဟူသော အကြောင်းဖြင့် အားထုတ်သည်၏ အဖြစ်ကြောင့် ထို လူအပေါင်းတို့တွင် ဤမည်သောသူသည် ဤစေတနာကံကြောင့် လူ့ပြည်နိုက် ဖြစ်လတ္တံ့ နတ်ပြည်နိုက်ဖြစ်လတ္တံ့ ဤစေတနာကံသည် ပဋိသန္ဓေကို ငင်ခြင်းငှါ စွမ်းနိုင်လတ္တံ့ ပဋိသန္ဓေကို ငင်ခြင်းငှါ မစွမ်းနိုင်လတ္တံ့ စသည်ဖြင့် သဗ္ဗညုမြတ်စွာဘုရားသည်

သာလျှင် သိခြင်းငှါ စွမ်းနိုင်တော်မူ၏၊ တပည့်သာဝကတို့ သိခြင်းငှါ မစွမ်းနိုင်ရာ၊ သို့ဖြစ်၍ ဤစတုတ္ထပုစ္ဆာ မေးခွန်းနှိုက် ဒါယကာတို့၏ အသီးအသီး စေတနာဖြစ်ကြပုံကို သိနိုင်ခဲသောကြောင့်၎င်း၊ ပုဂ္ဂလိကအလှူထက် သံဃိက အလှူက အကျိုး ကြီးမြတ်ကြောင်းကို ဟောတော်မူသည်မှတပါး ဆွမ်းအလှူထက် သင်္ကန်းအလှူ အကျိုး ကြီးမြတ် လွန်ကဲသည်၊ သင်္ကန်း အလှူထက် ကျောင်းအလှူ အကျိုးကြီးမြတ် လွန်ကဲသည်ဟု စသည်ဖြင့် ဟောတော်မူသော ပါဠိတော်, အဋ္ဌကထာ,ဋီကာ မရှိသောကြောင့်၎င်း အောက်က ထုတ်ပြခဲ့သော အဋ္ဌကထာအရ အကျိုးကြီး မကြီးကို အာယူဟနစေတနာအတိုင်း ဆုံးဖြတ်ရမည်ဖြစ်သောကြောင့်၎င်း သံဃာတော်တို့အား ဥ တ်သင်္ကန်း အရံသင်္ကန်း ခဲဘွယ် ဘောဇဉ် အဖျော် ယမကာ စသည်လှူဒါန်းခြင်း လူ့ပရိသတ်တို့အား ညွှေ့ခံကျေးမွေးခြင်း မဏ္ဍပ် အခင်းအနှီး ဖျာ သင်ဖြူး ကော်ဇော ခင်းကျင်းစီမံခြင်း ၎င်းကထိန်အလှူကိစ္စနှင့် ပတ်သက်၍ လက္ခ ခကျေးပေးခြင်း စသည်တို့တွင် မည်သည့်ကုသိုလ်က သာလွန်၍ အကျိုးပေးကြီးသည်ဟု ဆုံးဖြတ်ရန် သိနိုင်ခဲသောအရာဖြစ်၍ ခဲယဉ်းလှပေကြောင်း။ သို့သော် ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော်နှိုက်—

> စုဒ္ဒသ ခေါပနိမာနန္ဒ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ ကတမာ စုဒ္ဒသ။ တထာဂတေ အရဟန္တေ သမ္မာသမ္ဗုဒ္ဓေ ဒါနံ ဒေတိ။ အယံ ပဌမာ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ပ။တထာဂတသာဝကေ တထာဂတသာဝိကာယ ဒါနံ ဒတွာ သတဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ၊ ပုထုဇ္ဇနဒုဿီလေ ဒါနံ ဒတွာ သဟဿဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။

စသည်ဖြင့် ဟောတော်မူသည်နှင့်အညီ အလှူခံပုဂ္ဂိုလ် အယုတ် အလတ် အမြတ်အားဖြင့်၎င်း ပုဂ္ဂလိက,သံဃိကအားဖြင့်၎င်း ဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသတို့၏ ဟီန,မဇ္ဈိမ,ပဏီတဖြစ်သောအားဖြင့်၎င်း စေတနာ လွန်ကဲခြင်း ယုတ်ခြင်း တူမျှခြင်းအားဖြင့်၎င်း အလှူဝတ္ထု အနည်း အများ အယုတ် အလတ် အမြတ်အားဖြင့်၎င်း အလှူ၏အကျိုး ကြီး မကြီး မဟပ္ပလတရဖြစ် မဖြစ် ဆုံးဖြတ်ဖြေဆိုရန် သင့်လျော်ပေ၏။ ကထိန် အလှူပွဲတွင် သံဃာတော်တို့အား ဥ တ်သင်္ကန်း အရံသင်္ကန်းစသည် ဆွမ်းဘောဇဉ်ခဲဘွယ် အဖျော် ယမကာ

စသည်တို့ကို သံဃာတော်ကိုရည်မှန်း၍ လှူဒါန်းကြသဖြင့် ပုဂ္ဂလိကအလှူထက် ကြီးမြတ်သော သံဃိကအကျိုးကို ရ၏။ ထိုတွင် သင်္ကန်းအလှူဖြင့် ဟိဘိက္ခု ပဉ္စင်း ဖြစ်ရခြင်းစသော ဆယ်ပါးသောအကျိုး ရှစ်ပါးသောအကျိုး စသည်ကို ရ၏။ဆွမ်းဘောဇဉ် ခဲဘွယ် အဖျော် ယမကာ အလှူဖြင့် အသက်ရှည်ခြင်းစသော ငါးပါးသောအကျိုး ဆယ်ပါးသောအကျိုးကို ရ၏။ လူပရိသတ်တို့ကို ပင့်ဖိတ်၍ ညှဉ်ခံကျွေးမူ ပုဂ္ဂလိကအကျိုးကို ရ၏။

သီလမရှိသောလူ ကျွေးမွေး ညှဉ်ခံရသောထက် သီလရှိသောလူအား ကျွေးမွေးရခြင်းသည် အကျိုးကြီးမြတ်၏။ သီလရှိသော လူတို့တွင် ငါးပါး သီလတည်ရှိသောလူကို ကျွေးမွေးရသောထက် ရှစ်ပါးသီလတည်ရှိသောလူ၊ ရှစ်ပါးသီလ တည်ရှိသောလူထက် ဆယ်ပါးသီလ တည်ရှိသောလူ၊ ဆယ်ပါး သီလတည်ရှိသောလူထက်သာမဏေ၊သာမဏေအား ကျွေးမွေးလှူဒါန်းရသော ထက် ပုထုဇဉ်ရဟန်း၊ ပုထုဇဉ်ရဟန်း စသည်အား ကျွေးမွေးလှူဒါန်းရခြင်း သည် အဆင့်ဆင့် အကျိုးကြီးမြတ်၏။ဤကား ပုဂ္ဂလိကအလှူနှိုက် အဆင့်ဆင့် အကျိုးကြီးမြတ်ပုံ အကျဉ်းတည်း။ အကျယ်ကို ဒက္ခိဏဝိဘင်္ဂသုတ်ပါဠိတော်, အဋ္ဌကထာလာတိုင်း သိအပ်၏။ ကျယ်လွန်းမည်စိုး၍ မရေးသတည်း။

အောက်ကအကျဉ်းပြခဲ့သည်အတိုင်း ယုတ်သော ဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသ စသည်တို့ကြောင့် အကျိုးနည်းပုံ အကျိုးကြီးမြတ်ပုံတို့ကို ဉာဏ်ဖြင့်ထောက်ဆ၍ သိကြလေ၊ အလွန်ကျယ်လွန်းမည်ကြောင့် မရေးလိုက်သတည်း။

ဂင်းကထိန်အလှူနှင့် ပတ်သက်၍ ခကျွေးလက္ခပေးရခြင်း ဝေယျာဝစ္စကိစ္စ တို့နှိုက် သုံးရခြင်းတို့သည် ကထိန်အလှူ၏ အခြံအရံဖြစ်၍ သံဃိကအလှူနှင့် ပတ်သက်၍ သုံးပါမူကား ဂင်းအလှူ၌ အန္တောဂဏ အတွင်းဝင်သောကြောင့် သံဃိကအလှူပင် ဖြစ်သင့်၏၊ ပုဂ္ဂလိကအလှူနှင့် ပတ်သက်၍ သုံးပါမူကား ထိုအတူ ပုဂ္ဂလိကပင် ဖြစ်သင့်၏။ "နောမတိ"။

တနည်း—မိမိကိုယ်တိုင် အလှူ၏ ဝေယျာဝစ္စကို ပြုလုပ်ရွက်ဆောင်ကြ ရမည့်အရာနှိုက် မရွက်ဆောင်နိုင်ကြ၍ မိမိတို့၏ကိုယ်စား လက္ခ ခကျွေးပေး၍ ပြုလုပ်ရွက်ဆောင်စေရကား မိမိသည်ပင်လျှင် ပြုလုပ်ရွက်ဆောင်သည်မည် သောကြောင့် ဂင်း ဝေယျာဝစ္စနှိုက် အသုံးပြုသော ကုသိုလ်သည် သီလ ကုသိုလ်မည်၏ဟူ ဆိုသင့်ပေ၏။ ထိုကြောင့် အဋ္ဌသာလိနီအဋ္ဌကထာနှိုက်—

အပစိတိ ဝေယျာဝစ္စာနိ ဟိ သီလမယေ သင်္ဂဟံ ဂစ္ဆန္တိ—ဟု ပြတော်မူ၏။

အနက် ဟိသစ္ဒံ၊ မှန်၏။ အပစိတိဝေယျာဝစ္စာနိ၊ ရတနာသုံးပါး စသည်ကို အရိုအသေပြုခြင်း ရတနာသုံးပါး စသည်တို့၏ အမှုကြီးငယ်ကို ရွက်ဆောင်ခြင်း အလှူ၏အမှုကိစ္စကို ရွက်ဆောင်ခြင်းတို့သည်။ စာရိတ္တသီလတွာ၊စာရိတ္တသီလဖြစ်သောကြောင့်။သီလမယေ၊သီလမယကုသိုလ်နှိုက်။ သင်္ဂဟံ၊ရေတွက်ခြင်းသို့။ ဂစ္ဆန္တိ၊ရောက်ကုန်၏။

အလှူ၏ ကိစ္စကြီးငယ် ရွက်ဆောင်ခြင်းကိုလည်း ဝေယျာဝစ္စကုသိုလ်ဟု ယူအပ်၏။ ထိုကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာနှိုက်—

ဝုမှုတရာနံ ဝတ္တာပဋိပတ္တိကရဏဝသေန ဂါမံ ဝိက္ကာယ ပဝိဋ္ဌံ ဘိက္ခုံ ဒိသွာ ပတ္တံ ဂဟေတွာ ဂါမေ ဘိက္ခုံ သမာဒပေတွာ ဥပသံဟရဏဝသေန "ဂစ္ဆ ဘိက္ခုနံ ပတ္တံ အာဟရာ"တိ သုတွာ ဝေဂေန ဂန္ဆာ ပတ္တဟရဏာဒိဝသေနစ ကာယဝေယျာဝဋိက ကာလေ ဝေယျာဝစ္စ သဟဂတံ ဝေဒိတဗ္ဗံ—ဟု ပြတော်မူ၏။

အနက် ဝုဿုတရာနံ၊ကြီးကုန်သောသူတို့၏။ ဝတ္တာပဋိပတ္တိကရဏဝသေနစ၊ ဝတ်အကျင့်ကို ပြုသည်၏အစွမ်းဖြင့်ငင်း။ ဂါမံ၊ရွာသို့။ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပဝိဋ္ဌံ၊ ဝင်သော။ ဘိက္ခုံ၊ ရဟန်းကို။ ဒိသွာ၊ မြင်၍။ ပတ္တံ၊ သပိတ်ကို။ဂဟေတွာ၊ယူ၍။ဂါမေ၊ရွာနှိုက်။ဘိက္ခုံ၊ရဟန်းကို။သမာဒပေတွာ၊ ဆောက်တည်စေ၍။ ဝ၊ ပြည့်စုံစေ၍။ ဥပသံဟရဏဝသေနစ၊ ပင့်ဆောင်သည်၏အစွမ်းဖြင့်ငင်း။"ဂစ္ဆ၊သွားခဖျ။ ဝ၊သွားလော။ ဘိက္ခုနံ၊ရဟန်းတို့၏။ ပတ္တံ၊ သပိတ်ကို။ အာဟရ၊ ဆောင်ခဖျလော့"။ ဣတိဣဒံဝစနံ၊ ဤသို့စေခိုင်းသောစကားကို။ သုတွာ၊ ကြား၍။ ဝေဂေန၊ လျင်သော အဟုံဖြင့်။ ဂန္ဆာ၊ သွား၍။ ပတ္တဟရဏာဒိဝသေနစ၊ သပိတ်ကိုဆောင်ခြင်း အစရှိသည်တို့၏ အစွမ်းဖြင့်ငင်း။ ကာယဝေယျာဝဋိကကာလေ၊ ကိုယ်ဖြင့် အမှုကိစ္စကို ဆောင်သောအခါနှိုက်။ဝေယျာဝစ္စသဟဂတံ၊ဝေယျာဝစ္စနှင့် တကွဖြစ်သော။ ပုညကြိယဝတ္ထုံ၊ပုညကြိယဝတ္ထုကို။ ဝေဒိတဗ္ဗံ၊သိအပ်၏။

ဤဝေယျာဝစ္စကုသိုလ်၏အကျိုးကိုသေဋ္ဌေးကစေခိုင်းသည်ဖြစ်၍ ပစ္စေက ဗုဒ္ဓါ၏ သပိတ်ကို သွား၍ ယူခြင်းကြောင့် ယဉ်ငါးပါးနှင့် ပြည့်စုံသော စက္ကာ ပင္ဒေါတမင်းကြီး၏ ဝတ္ထုဖြင့် သိအပ်၏။

ဒါနစသော ကုသိုလ်ကောင်းမှုကို ပြုလုပ်ရာနှိုက် လှူရခြင်းသည် အကျိုးရှိ၏ဟု အစရှိသောနည်းဖြင့်ဖြစ်သော ကောင်းစွာမြင်ခြင်း၏ အစွမ်းအားဖြင့် အယူကို ဖြောင့်မတ်စွာယူခြင်း ဟုဆိုအပ်သော ဒိဋ္ဌိဇုကမ္မဖြင့် ပြုလုပ်သော ပုညသည် အကျိုးကြီးမြတ်၏။ ၎င်းဒိဋ္ဌိဇုကမ္မဖြင့် မပြုမလုပ်သော ပုညသည် အကျိုးမကြီးမြတ်၊ ဤသို့ ဒိဋ္ဌိဇုကမ္မဖြင့် အကျိုး ကြီး မကြီးကိုလည်း ဆုံးဖြတ်အပ်၏။ ထိုကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာနှိုက်—

> ယံကိဉ္စိ ပုညံ ကရောန္တသ ဟိ ဒိဋ္ဌိယာ ဥဇုကဘာဝေန မဟပ္ဖလံ ဟောတိ—ဟု မိန့်တော်မူ၏။
>
> အနက် ဟိသစ္ဒံ၊ မှန်၏။ ယံကိဉ္စိ၊ အလုံးစုံသော။ ပုညံ၊ ကောင်းမှုကို။ ကရောန္တသ၊ပြုသောသူအား။ဒိဋ္ဌိယာ၊အယူ၏။ဥဇုကဘာဝေန၊ ဖြောင့်မတ်သည်၏ အဖြစ်ဖြင့်။ မဟပ္ဖလံ၊ ကြီးမြတ်သော အကျိုးရှိသည်။ ဟောတိ၊၏။

(၄) စတုတ္ထပုဏ္ဏာအဖြေ ပြီး၏။

၅-ပုဏ္ဏာလျှောက်ထားချက် အဖြေ

၅။ အကယ်၍ အကျိုးပေးခြင်း တူမျှစွာဖြစ်နိုင်လျှင် တဦးတယောက်သော ပုဂ္ဂိုလ်က ဥတ်သင်္ကန်းကြီးကို လှူရလျှင် အထူးပိုမို၍ အကျိုးကြီးလိမ့်မည်ဟု ယုံကြည်စိတ်ထားနှင့် ဥတ်ကထိန်သင်္ကန်းကြီးကို လှူဒါန်းပါလျှင် ထိုပုဂ္ဂိုလ်အလှူနှင့် ကောက်ခံရသောဒေတို့၏ အလှူသည် အခြားဌာနမျှားနှိုက် အသုံးပြုကြပါသဖြင့် မည်သည့်အလှူက အကျိုးကြီးမည်မကြီးမည်ကို ခဲခြားမသိ၍ ဖေါ်ပြပါမည့်အကြောင်း ဟူသော မေးလျှောက်ချက်နှိုက်—

(က) စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ။ စေတယိတ္ဝာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ။ ပါဠိတော်

(ခ) ကတ္ထာ ပန စေတနာ ကမ္မန္တိ ဝုတ္တာ။ စေတနာမူလကတ္တာ ကမ္မဿ—ဟူသော မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ

(ဂ) နာနာက္ခဏိကာ ကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော— ဟူသော ပဋ္ဌာန်း ပါဠိတော်

(ဃ) ကမ္မပစ္စယေနာတိ အနေကာနမ္ပိ ကပ္ပကောဋိနံ မတ္ထကေ အတ္ထနော ဖလံ ဥပ္ပါဒေတုံ သမတ္ထေန နာနာက္ခဏိက ကမ္မ ပစ္စယေနာတိ အတ္ထော—ဟူသော ပဋ္ဌာန်းအဋ္ဌကထာ

(င) ကောစေတနာ ကောယော ပဋိသန္ဓိံ ဒေတိ။ ပဝတ္တိဝိပါကံ ပန အနေကေသု ဇာတိသတသဟဿေသု ဒေတိယေဝ— ဟူသော ဋီကာ

(စ) ဝတ္ထုပရိစ္ဆာဂလက္ခဏတ္တာ ဒါနဿ—ဟူသော ဋီကာ

ၚင်း ပါဠိတော်,အဋ္ဌကထာ,ဋီကာတို့နှင့်အညီ စေတနာဟူသော ကံသည် သာလျှင် နာနာက္ခဏိကပစ္စယသတ္တိဖြင့် ပဋိသန္ဓေ, ပဝတ္တိအကျိုးကို ဖြစ်စေတတ်သောကြောင့် ဤကထိန်အလှူငွေကို ကောက်ခံသောအခါ၌ကဲ့ ကုသိုလ်ပါဝင် လှူဒါန်းကြကုန်သော ပုဂ္ဂိုလ်တို့၏ အလှူဝတ္ထုငွေ ထည့်သောအခါ ဖြစ်သောစေတနာအားဖြင့်ၚင်း လှူဒါန်းကြသောအခါဖြစ်သော မူဌစေတနာ အားဖြင့်ၚင်း အကျိုး ကြီးမကြီးကို ဆုံးဖြတ်ရမည် အမှန် ဖြစ်၏။ ဤသို့ စေတနာဖြစ်ခြင်းကိုလိုက်၍ ဆုံးဖြတ်ရမည် ဖြစ်ရကား စေတနာဖြစ်ပေါ်ခြင်းကို သိနိုင်ခဲသောကြောင့် ယထာဘူတ မဆုံးဖြတ်နိုင်ပေ။ အကယ်၍ ဥက်ကထိန်သင်္ကန်းကြီးကို လှူဒါန်းသော ပုဂ္ဂိုလ်သည် သံဃိကလှူဒါန်းသည်ဖြစ်အံ့ အလှူငွေကောက်ခံကြသောအခါ အလှူငွေ ထည့်သောပုဂ္ဂိုလ်တို့သည် ပုဂ္ဂိုလ်ကို မရည်မှန်းဘဲ သံဃိကအဖြစ်ဖြင့် လှူဒါန်း ပါဝင်ကြသည် ဖြစ်အံ့ သံဃိကအလှူချည်းပင် ဖြစ်သောကြောင့် သံဃိကအလှူ၏အကျိုးကို တူမျှစွာ ရကြ၏ဟု မှတ်အပ်၏၊ ပုဂ္ဂလိက ရည်သန်၍ လှူဒါန်းမှု ပုဂ္ဂလိကဖြစ်၏၊ ပုဂ္ဂလိကအကျိုးကို ရ၏ဟု မှတ်။

ပစ္စည်းကို ဝေဖန်၍ အသုံးပြုရာနှိုက် အကျိုးရပုံကို စတုတ္ထ (၄) ပုစ္ဆာ အဖြေအတိုင်း မှတ်အပ်၏။

အနက် (က) ဘိက္ခဝေ၊ရဟန်းတို့။ယော၊ အကြင်သူသည်။စေတနာယ၊ ပုဗ္ဗစေတနာဖြင့်။ စေတယိတ္ဝာ၊စေ့ဆော်၍။ ကာယေန၊ ကိုယ်ဖြင့်။ ဝါစာယ၊ နှုတ်ဖြင့်။ မနသာ၊ စိတ်ဖြင့်။ ကမ္မံ၊ ကံကို။ ကရောတိ၊ ပြု၏။ တဿ၊ထိုသူ၏။ စေတနာ၊စေတနာကို။ ကမ္မံ၊ကံဟူ၍။ အဟံ၊ငါဘုရားသည်။ ဝဒါမိ၊ဟောတော်မူ၏။

(ခ) ကဿစာ၊ အဘယ်ကြောင့်။ စေတနာ၊စေတနာကို။ ကမ္မံ၊ ကံဟူ၍။ ဝုတ္တာ၊ ဆိုအပ်သနည်း။ ကမ္မဿ၊ ကံ၏။ စေတနာမူလကတ္တာ၊ စေတနာလျှင် အကြောင်းရင်းရှိသည်၏အဖြစ်ကြောင့်။ စေတနာ၊ကို။ ကမ္မံ၊ကံဟူ၍။ဝုတ္တာ၊ ဆိုအပ်၏။

(ဂ) နာနာက္ခဏိကာ၊အထူးထူးသော ခဏနှိုက်ဖြစ်သော။ဝါ၊အထူးထူးသောခဏရှိသော။ ကုသလာ၊ကုသိုလ်ဖြစ်သော။ စေတနာ၊စေတနာသည်။ ဝိပါကာနံ၊အကျိုးဖြစ်ကုန်သော။ ခန္ဓာနဉ္စ၊ ပဋိသန္ဓေနာမက္ခန္ဓာတို့အားငင်း။ ကဋတ္တာစရူပါနံ၊ကဋတ္တာရုပ်တို့အားငင်း။ဝါ၊ပဋိသန္ဓေကမ္မဇရုပ်တို့အားငင်း။ ကမ္မပစ္စယေန၊ နာနာက္ခဏိကကမ္မပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊၏။

(ဃ) ကမ္မပစ္စယေနာတိ၊ ကမ္မပစ္စယေနဟူသည်ကား။ အနေကာနမ်ပိ၊ တပါးမက များစွာကုန်သော။ ကပ္ပကောဋိနံ၊ ကမ္ဘာကုဋေတို့၏။ မတ္ထကေ၊ အထက်နှိုက်။ အတ္တာနော၊မိမိ၏။ဖလံ၊အကျိုးကို။ ဥပဘုဉ်၊ဖြစ်စေခြင်းငှါ။ သမတ္ထေန၊ စွမ်းနိုင်သော။ နာနာက္ခဏိကကမ္မပစ္စယေန၊ နာနာက္ခဏိကကမ္မပစ္စည်းဖြင့်။ ဣတိအယံ၊ဤသည်လျှင်။ အတ္ထော၊အနက်တည်း။

(c) ကောစေတနာ၊ တခုသောစေတနာသည်။ ကောယေဝ၊တခုသာလျှင်ဖြစ်သော။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဒေတိ၊ ပေး၏။ ပဝတ္တိဝိပါကံပန၊ ပဝတ္တိအကျိုးကိုကား။ အနေကေသု၊ တပါးမက များစွာကုန်သော။ ဇာတိသတသဟဿေသု၊ ဘဝအသိန်းတို့နှိုက်။ ဒေတိယေဝ၊ ပေးသည်သာလျှင်တည်း။

(စ) ဒါနဿ၊ အလှူဒါန၏။ ဝတ္ထုပရိစ္စာဂလက္ခဏတ္တာ၊ ဝတ္ထုကို စွန့်ကြောင်းဖြစ်သော စေတနာလျှင် မှတ်ကြောင်းရှိသည်၏အဖြစ်ကြောင့်။ ဝါ၊ ဝတ္ထုကို စွန့်ခြင်းလက္ခဏာရှိသည်၏အဖြစ်ကြောင့်။

တနည်း—ဒါနကုသိုလ်စသည်ကို ပြုလုပ်ရာန္ဒိုက် အလိုရှိသောဆုကို တောင်းလျှင် ဆုတောင်းတိုင်း ပြည့်စုံတတ်သောကြောင့် ဆုတောင်းလျှင် အကျိုးကြီးမြတ်၏၊ ဆုမတောင်းလျှင် ထိုက်သည်အား လျော်စွာ နည်းသောအကျိုးကို ရ၏၊ ဤသို့ အလှူ၏အကျိုး ကြီးသည် မကြီးသည်ကို ဆုတောင်းခြင်း ဆုမတောင်းခြင်းဖြင့်လည်း ဆုံးဖြတ်ခြင်းငှါ သင့်လျော်ပေ၏။ ထိုကြောင့် ခုဒ္ဒကပါဌပါဠိတော် နိဓိကဏ္ဍသုတ်ဒိုက်—

(က) သေ ဒေဝမနုဿာနံ၊ သဗ္ဗကာမဒဒေါ နိဓိ။
ယံယဒေဝါဘိပတ္ထေတိ၊ သဗ္ဗမေတေန လဗ္ဘတိ။—ဟု
ဟောတော်မူ၏။

ဥပရိပဏ္ဏာသအဋ္ဌကထာ သခ်ါရုပ္ပတ္တိသုတ် အဖွင့်ဒိုက်လည်း—

(ခ) ယဿ ဟိ သဒ္ဓါ,သီလ,သုတ,စာဂ,ပညာသခ်ါတာ ပဋ္ဌမမ္မာ
အတ္ထိ။ နံ ပတ္ထနာ။ တဿ ဂတိ အနိဗန္ဓာ။ ယဿ ပတ္ထနာ
အတ္ထိ။ နံ ပဋ္ဌမမ္မာ။ တဿာဝိ ဂတိ အနိဗန္ဓာ။ ယေသံ ဥဘယံ
အတ္ထိ။ တေသံ ဂတိ နိဗန္ဓာ။ ယထာ ဟိ အာကာသံ ခိတ္တ
ဒဏ္ဍော အဂ္ဂေနဝါ မူလေနဝါ ပတိဿတိတိ နိယမေ နတ္ထိ။
ဧဝံ သတ္တာနံ ပဋိသန္ဓိဂ္ဂဟဏံ အနိယတံ။ တဿာ ကုသလ
ကမ္မံ ကတ္တာ ကေသ္မိံ ဌာနေ ပတ္ထနံ ကာတုံ ဝဋ္ဋတိ—ဟု
ဖွင့်ပြတော်မူ၏။

အနက် (က) ဒေဝမနုဿာနံ၊နတ်,လူတို့၏။သေသောနိဓိ၊ဤကုသိုလ်ကောင်းမှုတည်းဟူသော ရွှေအိုးသည်။သဗ္ဗကာမဒဒေါ၊အလုံးစုံအလိုရှိအပ်သော လောကီ, လောကုတ္တရာ စည်းစိမ်ချမ်းသာကို ပေးတတ်၏။ ယောပုဂ္ဂလော၊အကြင် ပုဂ္ဂိုလ်သည်။ ပုညံ၊ကောင်းမှုကို။ ကတ္တာ၊ပြုပြီး၍။ (ထည့်)။ ယံယဒေဝ၊အကြင်အကြင် အလိုရှိအပ်သောဆုကိုသာလျှင်။ အဘိ

ပတ္ထတိ၊တောင့်တ၏။ တေနပုဂ္ဂလေန၊ ထိုပုဂ္ဂိုလ်သည်။ ဧတေန၊ ထိုကုသိုလ်ကောင်းမှု တည်းဟူသော ရွှေအိုးကြောင့်။ သဗ္ဗံ၊ အလုံးစုံ ဆုတောင်းတိုင်းသောအကျိုးကို။ လဗ္ဘတိ၊ရအပ်၏။

(ခ) ဟိသစ္စံ၊ မှန်၏။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ သဒ္ဓါ သီလ သုတ စာဂ ပညာသခ်ၤါတာ၊ သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ ဟုဆိုအပ်ကုန်သော။ ပဥ္စမမွာ၊ငါးပါးသော တရားတို့သည်။အတ္ထိသန္တိ၊ရှိကုန်၏။ပတ္ထနာ၊ဆုတောင်းခြင်းသည်။ နအတ္ထိ၊ မရှိ။ တဿ၊ထိုပုဂ္ဂိုလ်၏။ ဂတိ၊လားရာဘဝသည်။ အနိဗန္ဓာ၊မမြဲ။ ယဿ၊အကြင်ပုဂ္ဂိုလ်အား။ ပတ္ထနာ၊ဆုတောင်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ ပဥ္စမမွာ၊သဒ္ဓါ,သီလစသော ငါးပါးသော တရားတို့သည်။ နတ္ထိ နသန္တိ၊ မရှိကုန်။ တဿာပိ၊ ထိုပုဂ္ဂိုလ်၏လည်း။ ဂတိ၊ လားရာဘဝသည်။ အနိဗန္ဓာ၊ မမြဲ။ ယေသံ၊အကြင်ပုဂ္ဂိုလ်တို့အား။ ဥဘယံ၊နှစ်ပါးစုံသော ဆုတောင်းခြင်း သဒ္ဓါ,သီလစသော ငါးပါးသောတရားသည်။အတ္ထိ၊ရှိ၏။ တေသံ၊ထိုပုဂ္ဂိုလ်တို့၏။ဂတိ၊လားရာဘဝသည်။ နိဗန္ဓာ၊မြဲ၏။ ဟိ တံပါကဋံ ကရောမိ၊ထိုစကားကို ဥပမာဖြင့် ထင်စွာပြဦးအံ့။ အာကာသံ၊အထက်ကောင်းကင်သို့။ ခိတ္တာဒဏ္ဍော၊ ပစ်အပ်သော လုံတံ တောင်ဝှေးသည်။ အဂ္ဂေနဝါ၊အဖျားဖြင့်ဝင်း။ မူလေနဝါ၊ အရင်းဖြင့်ဝင်း။ ပတိဿတိ၊ အောက်သို့ကျလတ္တံ့။ ဣတိ၊ သို့။ နိယမော၊ မြဲခြင်းသည်။ နတ္ထိယထာ၊မရှိသကဲ့သို့။ ဧဝံတထာ၊ထိုအတူ။သတ္တာနံ၊သတ္တဝါတို့၏။ ပဋိသန္ဓိဂ္ဂဟဏံ၊ ပဋိသန္ဓေကို ယူခြင်းသည်။ အနိယတံ၊ မမြဲ။ တသ္မာ၊ ထိုကြောင့်။ ကုသလကမ္မံ၊ကုသိုလ်ကံကို။ကတ္ဝာ၊ပြုလုပ်ပြီး၍။ကေသို့ဌာနေ၊ တခုသော ဖြစ်ရာဘုံဘဝအရပ်နှိုက်။ပတ္ထနံ၊ ဆုတောင်းခြင်းကို။ကာတုံ၊ပြုခြင်းငှါ။ ဝဋ္ဋတိ၊သင့်လျော်ပေ၏။

ဤသို့ ဆုတောင်းသည်ဖြစ်၍ အကျိုးထူးကို ရ၏ဟု ဆိုခြားသော်လည်း သီလရှိသော ပုဂ္ဂိုလ်အားသာလျှင် စိတ်၏ စင်ကြယ်သန့်ရှင်းသောကြောင့် ဆုတောင်းတိုင်း ပြည့်စုံ၏ဟု မှတ်အပ်၏။ ထိုကြောင့် ကေနိပါတ် အင်္ဂုတ္တရပါဠိတော်နှိုက်—

သီလဝတော ဘိက္ခဝေ စေတော ဝိသုဒ္ဓတ္တာ ပဏိဓိ သမိဇ္ဈတိ—ဟု ဟောတော်မူ၏။

အနက် ဘိက္ခဝေ၊ ရဟန်းတို့။ သီလဝတော၊ သီလရှိသော ပုဂ္ဂိုလ်၏။ စေတောဝိသုဒ္ဓတ္တာ၊ စိတ် စင်ကြယ်သည်၏ အဖြစ်ကြောင့်။ ပဏီဓိ၊ဆုတောင်းခြင်းသည်။ သမိဇ္ဈတိ၊ပြည့်စုံ၏။

ဂုဏ်ပါဋ္ဌိတော်, အဋ္ဌကထာတို့နှိုက် လာသော အဓိပ္ပါယ်တို့ကို ထောက်ရှု ဆင်ခြင်ကြ၍ ကုလပုတ္တ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ကုသိုလ်ကောင်းမှု ပြုလုပ်ဆည်းပူး အားထုတ်ကြသောအခါ ရှေးဦးစွာ ကုသလစ္ဆန္ဒဖြင့် နိဗ္ဗာန်ကို တောင့်တခြင်း ပတ္ထနာ ပဏီဓိကို ပြုလုပ်ကြပြီးလျှင် မျှားသောအားဖြင့် နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ်ကောင်းမှုကို ပြုလုပ်ရခြင်းမှ ကင်း၍ ချမ်းသာသုခမှ ကင်းသော အပါယ်လေးပါးမှ လွတ်အောင် ရည်သန်တောင့်တလျက် နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော ဒါနစသော ဆယ်ပါးသောပါရမီတို့ကို ဖြည့်ကျင့် ပြုလုပ်နိုင်ရာ ဘုံဌာန ဟုဆိုအပ်သော သုဂတိဘဝကို ရရန် ရည်သန်တောင့်တခြင်းကို ပြုသင့်လှပေ၏။

(၅)ပဥ္စမပုစ္ဆာအဖြေ ပြီး၏။

၆-ပုစ္ဆာလျောက်ထားချက်အဖြေ

၆။ ကထိန်သင်္ကန်းကပ်လှူရာတွင် အတီး အမှတ် အဆိုမျှား ထည့်သွင်းပါလျှင် အလှူဒါန၏ အကျိုး ယုတ်လျော့သိမ်ဖျင်းခြင်းသို့ ရောက်ရှိမည် မရှိမည်ကို ဖေါ်ပြပါမည့်အကြောင်း ဟူသော မေးလျှောက်ချက်နှိုက်—

ဂုဏ် မေးလျှောက်ချက်အတိုင်း အကျဉ်းအားဖြင့်ကား ရတနာသုံးပါးအား သဒ္ဓဒါနအဖြစ်ဖြင့် ပူဇော်ခြင်းအကျိုးငှါ ကထိန်အလှူပဲနှိုက် အတီး အမှတ် ထည့်သွင်းအံ့ ဂုဏ်းကထိန်အလှူ၏ အခြံအရံ ကုသိုလ်တမျိုးဖြစ်၍ ဂုဏ်းကထိန် အလှူ၏ အကျိုးသည် ယုတ်လျော့သိမ်ဖျင်းခြင်းသို့ မရောက် ကုသိုလ်အကျိုး တိုးပွါးများပြားခြင်းသို့သာရောက်၏၊ အကယ်၍ ရတနာသုံးပါးအား ပူဇော်ခြင်းအကျိုးငှါ မဟုတ်ဘဲ လူပရိသတ်တို့ မွေ့လျော်ပျော်ပါးလျက် ကြည့်ရှုနားထောင်စေခြင်းငှါ အကုသိုလ်စေတနာဖြင့် အတီး,အမှတ် ထည့်သွင်းသည်

ဖြစ်အံ့ အတီး, အမှုတ်ပြုလုပ်သော အကုသိုလ်စေတနာက တခြားတပါး ကထိန်သင်္ကန်းလွှဲသော ကုသိုလ်စေတနာက တခြားတပါး ဖြစ်၍ သဘော လက္ခဏာအားဖြင့် မနှီးနှောရကား အတီး,အမှုတ်အကုသိုလ်ကြောင့် ကထိန် သင်္ကန်းလွှဲဒါန်းသောအခါနှိုက်ဖြစ်သော မုဉ္စစေတနာကုသိုလ်၏ အကျိုးသည် ယုတ်လျော့သိမ်ဖျင်းခြင်းသို့ ရောက်၏ဟု မဆိုထိုက်၊ အကုသိုလ်နှင့်ရောသော မိဿကကုသိုလ်ကံ မိဿကဝိပါကဟူ၍သာ ဆိုထိုက်၏။ အကယ်၍ အတီး အမှုတ်နှိုက်သာလျှင် လွန်စွာကြောင့်ကြနေရသည်ဖြစ်၍ မလွှမိ ရှေးအဖို့နှိုက် ပုဗ္ဗစေတနာအဖြစ် နည်းပါးယုတ်လျော့သည် ဖြစ်အံ့ ထိုပုဗ္ဗစေတနာ၏ အကျိုးသည်သာလျှင် ယုတ်လျော့နုံည်းပါး၏ ဟူ၍သာ မှတ်ထိုက်ပေ၏။ (ဤကားအကျဉ်း)။

အကျယ်အားဖြင့်သော်ကား.... ၎င်းလျှောက်ချက်နှိုက် ပါရှိသည်အတိုင်း သဘင်သည်တို့ ကပြသော ဇာတ်,ရုပ်သေး ပွဲလမ်းသဘင်ကြီးမဟုတ် အတီး အမှုတ်,အဆိုမျှသာဖြစ်ခဲ့အံ့ တီး,မှုတ်ကြစေရန် စေခိုင်းကြသောသူတို့၏ စေတနာဖြင့် ဆုံးဖြတ်ရန်သင့်ပေ၏။

ဝတ္ထုတ္တယ ပူဇနတ္ထာယ ကတံ နဋ္ဌသမဇ္ဇံ ကုသလံ ဟောတိတိ ဒဋ္ဌဗ္ဗံ။ သုတ္တသင်္ဂဟအဋ္ဌကထာ

အနက် ဝတ္ထုတ္တယပူဇနတ္ထာယ၊ရတနာတို့၏ သုံးပါးတို့၏ အပေါင်းအား ပူဇော်ခြင်းအကျိုးငှါ။ ကတံ၊ ပြုအပ်သော။ နဋ္ဌသမဇ္ဇံ၊ ကခြေသဘင်သည်။ ကုသလံ၊ကုသိုလ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဤ သုတ္တသင်္ဂဟအဋ္ဌကထာ အလိုအားဖြင့် ကောင်းမှုကုသိုလ်အလှူပွဲ ပြုလုပ်ရာနှိုက် ရတနာသုံးပါးအား ပူဇော်လိုသောစေတနာဖြင့် ဝိသာခါ ကျောင်းအမကြီးသည် မိမိ ဆောက်လုပ်လှူဒါန်းသော ပုဗ္ဗာရုံကျောင်းကြီးကို ရေစက်သွန်းချ၍ လှူဒါန်းပူဇော်သောအခါ အလွန်ဝမ်းမြောက်ရကား—

ကဒါဟံ ကတ္ဝာ ပါသာဒံ၊ သုဓာမတ္တိက လေပနံ။
ဝိဟာရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယ္ဟ ပူရိတော။

စသော ငါးဂါထာတို့ကို သီဆို၍ က,သကဲ့သို့ သဒ္ဒဒါနအကျိုးငှါ ရတနာသုံးပါး သံဝေဂတရားမျှားနှင့်စပ်၍ သီဆို တီးမှုတ်စေအံ့ ကောင်းမှုကုသိုလ်ဖြစ်၏။ လူပရိသတ်တို့ ပျော်ရွှင်မြူးတူးစေခြင်းငှါ တဏှာရာဂ ပြခေန်းသော အကုသိုလ်စေတနာဖြင့် သီဆို တီးမှုတ် ကခုန်စေအံ့ အကုသိုလ်ဖြစ်၏။

"ဝတ္ထုတ္တယပူဇနတ္ထာယ ကတံ နဋ္ဌသမဇ္ဇံ ကုသလံ ဟောတိတိ ဒဋ္ဌဗ္ဗံ" ဟူသော သုတ္တသင်္ဂဟအဋ္ဌကထာစကားသည်—

(က) ပဏ္ဍိကေဟိ တူရိယေဟိ ပစ္စုဋ္ဌမန မကာသဟံ— ဟူ၍ ဟောတော်မူအပ်သော **သဗ္ဗဒါယကတ္ထေရ အပဒါန်ပါဠိတော်** စသည်တို့နှင့်ဂုဏ်း၊

(ခ) ဘေရိသဒ္ဒါဒိသု ရဇ္ဇနိယသဒ္ဒံ အာရမ္မဏံ ကတ္ဝာ ဟဋ္ဌာ ဝုတ္တနယေနေဝ တီဟိ နိယမေ ဟေတံ ကုသလံ ဥပ္ပဇ္ဇတိ— ဟူ၍ဂုဏ်း၊

(ဂ) ယဒါ သဒ္ဒဒါနံ ဒဿာမိတိ ဘေရိံ မုဒိင်္ဂါဒိသု အညတြ တူရိယေန တိဏ္ဏံ ရတနာနံ ဥပဟာရံ ကရောတိ။ သဒ္ဒဒါနံ မေတိ ဘေရိအာဒိနိ ထပေတိ။ ဓမ္မကထိက ဘိက္ခူနံ သရဘေသဇ္ဇံ တေလဖါဏိတာဒိ ဒေတိ။ ဓမ္မဿဝနံ ဃောသေတိ၊ သရဘဉ် ဘဏတိ၊ဓမ္မဿဝနံ ကထေတိ၊ဥပနိသိန္နကကထံ အနုမောဒနံ ကရောတိ။ တဒါ ဒါနမယံ ဟောတိ—ဟူ၍ဂုဏ်း၊

(ဃ) ယဒါ ဘေရိအာဒိနိ ဂဟေတ္ဝာ သဟတ္ထာ ဥပဟာရံ ကရောတိ။ နိစ္စုပဟာရတ္ထာယ ထပေန္တော၀ိ သဟတ္ထာ ထပေတိ။ သဒ္ဒဒါနံ မေတိ ဓမ္မဿဝနံ ဃောသေတုံ ဂစ္ဆတိ။ ဓမ္မကထံ သရဘဉ် ကာတုံ၀ါ ဂစ္ဆတိ။တဒါ ကာယကမ္မံ ဟောတိ— ဟူ၍ဂုဏ်း၊

ဖွင့်ပြတော်မူသော **အဋ္ဌသာလိနီအဋ္ဌကထာ**နှင့်ဂုဏ်း သင့်လျော် ညီညွတ်သကဲ့သို့ ထင်ပေ၏။ အဘယ်ကြောင့်နည်းဟူမူကား....အပဒါန်ပါဠိတော်နှိုက် အလုံးစုံသော အလှူကို ပေးလှူတတ်သော သဗ္ဗဒါယကထေရ်အလောင်းသည် မိမိ ပင့်ဖိတ်ထားသည့်အတိုင်း ရဟန်းသံဃာတော်နှင့် တကွ ဆွမ်းဘဉ်းပေး

ကြွလာတော်မူသော သုမေဓာမြတ်စွာဘုရားအား တူရိယာ ငါးပါးတို့ဖြင့် တီးမှုတ် ပူဇော်၍ ခရီးဦး ကြိုဆိုရာ မအပ်ဟု ပယ်တော် မမူသောကြောင့် ၎င်း။

အဋ္ဌသာလိနီအဋ္ဌကထာန္သိုက် စည်ကြီးသံ အစရှိသည်တို့တွင် တပ်နှစ်သက် ဖွယ်ရှိသော အသံကို အာရုံပြု၍ အောက်နှိုက် ဆိုအပ်ပြီးသော နည်းဖြင့်သာ လျှင် သုံးပါးသော ဒါနမယ,သီလမယ,ဘာဝနာမယ ဟူသောမှတ်ခြင်းတို့ဖြင့် ထိုကာမာဝစရကုသိုလ်သည် ဖြစ်၏ ဟူ၍ဋ္ဌ။ အကြင်အခါ သဒ္ဒဒါန အသံ အလှူကို လှူအံ့ဟူ၍ စည်ကြီး, မုရိုး စသည်တို့တွင် တပါးပါးသော တူရိယာ ဖြင့် ရတနာသုံးပါးတို့အား တီးမှုတ် ပူဇော်ခြင်းကို ပြု၏၊ ထိုအခါ ဒါနမယ ကုသိုလ်သည်ဖြစ်၏ ဟူ၍ဋ္ဌ၊ အကြင်အခါ စည်ကြီး အစရှိသည်တို့ကို ယူ၍ ကိုယ်တိုင် မိမိ လက်ဖြင့် တီးမှုတ် ပူဇော်ခြင်းကို ပြု၏၊ ထိုအခါ ကာယကံ ကုသိုလ်သည်ဖြစ်၏ ဟူ၍ဋ္ဌ ပြတော်မူသောကြောင့်ဋ္ဌ သင့်လျော်ညီညွတ် သကဲ့သို့ ထင်ပေ၏။

အနက် (က) အဟံ၊ ငါသည်။ သုမေဓဿ၊ သုမေဓာ မြတ်စွာဘုရား အား။ ပဋိဂ်ဟကေဟိ၊ အင်္ဂါငါးပါးရှိကုန်သော။ တူရိယေဟိ၊ တူရိယာတို့ဖြင့်။ ပစ္စုဂ္ဂမနံ၊ ခရီးဦး ကြိုဆိုခြင်းကို။ အကာသိ၊ပြုပြီ။

(ခ) ဘေရိသဒ္ဒါဒိသု၊စည်ကြီးသံ အစရှိသည်တို့တွင်။ ရဇ္ဇနီယသဒ္ဒံ၊တပ် နှစ်သက်ဖွယ်ရှိသောအသံကို။ အာရမ္မဏံကတ္ဝာ၊အာရုံပြု၍ ။ဟေဋ္ဌာ၊အောက် နှိုက်။ ဝုတ္တာနယေနေဝ၊ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ တီဟိ၊သုံးပါးကုန် သော။ နိယမေဟိ၊ မှတ်ခြင်းတို့ဖြင့်။ ဧတံကုသလံ၊ ထို ကာမာဝစရကုသိုလ် သည်။ ဥပပဇ္ဇတိ၊ဖြစ်၏။

(ဂ) ယဒါ၊အကြင်အခါနှိုက်။ သဒ္ဒဒါနံ၊အသံအလှူကို။ ဒဿာမိတိ၊လှူအံ့ ဟူ၍ ။ဘေရိမုဒိဂ်ါဒိသု၊စည်ကြီး,မုရိုးစည် စသည်တို့တွင်။အညတြတူရိယေန၊ တပါးပါးသော တူရိယာဖြင့်။ တိဏ္ဏံ၊သုံးပါးကုန်သော။ ရတနာနံ၊ရတနာတို့ အား။ ဥပဟာရံ၊ပူဇော်ခြင်းကို။ကရောတိ၊ပြု၏။ မေ၊ငါ့အား။သဒ္ဒဒါနံ၊အသံ အလှူသည်။ဟောတု၊ဖြစ်စေသတည်း။ ဣတိ၊ဤသို့ နှလုံးသွင်း၍။ဘေရိအာဒိ နိ၊စည်ကြီး အစရှိသည်တို့ကို။ ထပေတိ၊ ထား၏။ (ထပါပေတိဟု စာအချို့

ရှိ၏၊ထားစေ၏ဟု အနက်ယောဇနာ)။ဓမ္မကထိကဘိက္ခူနှုန်း၊ဓမ္မကထိကရဟန်း တို့အား။ သရဘေသဇ္ဇံ၊ အသံထွက်ဆေးကို။ ဒေတိ၊ပေးလှူ၏။ တေလဖါဏိတာဒိံ၊ဆီ,တင်လဲ စသည်ကို။ ဒေတိ၊ပေးလှူ၏။ ဓမ္မဿဝနံ၊တရားနာခြင်းကို။ ဃောသေတိ၊ ကြွေးကြော်၏။ သရဘည်၊ အသံလွှတ်၍ ပါဠိရွတ်ခြင်းကို။ ဘဏတိ၊ ရွတ်၏။ ဓမ္မကထံ၊ တရားစကားကို။ ကထေတိ၊ပြောဟော၏။ ဥပနိသိန္နကကထံ၊အနီးနှိုက်နေသောသူ၏ ဇာတ်ဝတ္ထုစသည်ကို ဟောပြောသောစကားကို။ အနုမောဒနံ၊ ဝမ်းမြောက်ခြင်းကို။ ကရောတိ၊ ပြု၏။ တဒါ၊ ထို အခါနှိုက်။ ဒါနမယံ၊ဒါနမယကုသိုလ်သည်။ ဟောတိ၊ဖြစ်၏။

(ဃ) ယဒါ၊အကြင်အခါနှိုက်။ဘေရီအာဒီနိ၊ စည်ကြိုးအစရှိသည်တို့ကို။ ဂဟေတ္ဝာ၊ယူ၍။သဟတ္ထာ၊မိမိလက်ဖြင့်။ဥပဟာရံ၊ ပူဇော်ခြင်းကို။ကရောတိ၊ ပြု၏။ နိစ္စုပဟာရတ္ထာယ၊ အမြဲ ပူဇော်ခြင်းအကျိုးငှါ။ ထပေန္တောပိ၊ ထားသော်လည်း။ သဟတ္ထာ၊မိမိလက်ဖြင့်။ ထပေတိ၊ထား၏။ မေဇ္ဈံအား။ သဒ္ဒဒါနံ၊ အသံအလှူသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ဓမ္မဿဝနံ၊ တရားနာခြင်းကို။ ဃောသေတုံ၊ ကြွေးကြော်ခြင်းငှါ။ ဂန္ဓတိ၊ သွား၏။ သရဘည်၊ အသံလွှတ်၍ရွတ်သော။ ဓမ္မကထံ၊ တရားစကားကို။ ကာတုံဝါ၊ ပြုခြင်းငှါမူလည်း။ ဂန္ဓတိ၊ သွား၏။ တဒါ၊ ထိုအခါနှိုက်။ ကာယကမ္မံ၊ကာယကံကုသိုလ်သည်။ ဟောတိ၊ဖြစ်၏။

ဘေရီသဒ္ဒါဒိသု ဟူသောပုဒ်နှိုက် အာဒိသဒ္ဒါ၏ အာဒိဝန်ကို ယခုကာလနှိုက် တီး,မှုတ်ကြသော—

၁-အာတတစည်၊ ၂-ဝိတတစည်၊ ၃-အာတတဝိတတစည်၊
၄-သုသီရစည်၊ ၅-ဃနစည်၊

ဟူသော တူရိယာငါးပါး၊ ၎င်းနှိုက်အကျုံးဝင်သော စည် တူရိယာတို့ကို ယူအပ်၏။

ဤ အောက်ကပြဆိုခဲ့ပြီးသော ပါဠိတော်, အဋ္ဌကထာတို့ဖြင့် အတီး, အမှုတ်, အဆိုသက်သက် ရတနာသုံးပါးတို့အား ပူဇော်ခြင်းအကျိုးငှါ ပူဇနကုသိုလ်စေတနာဖြင့် ပြုလုပ် တီးမှုတ်ခြင်းငှါ အပ်၏ဟု ဆိုလိုသည်။ထိုကြောင့်

ကုသိုလ်ကောင်းမှု ပြုလုပ်ကြရာတို့နှိုက် ရတနာသုံးပါးတို့အား ပူဇော်ခြင်း အကျိုးငှါ သက်သက် ကောင်းမြတ်သော ယောနိသောမနသိကာရ ကုသိုလ် စေတနာဖြင့် အတီး,အမှုတ်,အဆို ထည့်သွင်းသည်ဖြစ်အံ့ ကုသိုလ်သည် သိမ်ဖျင်းယုတ်လျော့ခြင်း မရှိ၊ အခြံအရံအားဖြင့် ကုသိုလ်တမျိုး တိုးပွါးခြင်းသာ ဖြစ်ပေ၏။ သို့သော်လည်း ယခုကာလမှာ ဝေဿန္တရာမင်းကြီးစသော ရှေး ဘုရားအလောင်း သူတော်ကောင်းတို့ကဲ့သို့ ဥဇုကအားဖြင့် စေတနာကို ဖြောင့်မတ်စွာ ထားနိုင်ခဲသောကြောင့် ကုသိုလ်ကောင်းမှုပြုလုပ်ရာနှိုက် စိတ်, ဝိတက်အမျိုးမျိုး ပေါ် ပေါက်ရခြင်း၏ အကြောင်းဖြစ်သဖြင့် အတီး,အမှုတ်, အဆို မထည့်သွင်းခြင်းသည် ကောင်း၏ဟု ထင်ပေ၏။ စိတ်စေတနာကို အောက်ကပြခဲ့သည်အတိုင်း ထားနိုင်ပါမူကား ပါဠိ, အဋ္ဌကထာ ရှိသော ကြောင့် မတားမြစ်သင့်ပေ။

အမှာ—ဤအဆုံးအဖြတ်ကား ပါဠိတော်, အဋ္ဌကထာလာတိုင်း အဆုံး အဖြတ်တည်း။ အတီး, အမှုတ်, အဆိုကို သဘောနှစ်သက်သော ကြောင့် ကြံစည်၍ ဆုံးဖြတ်သည်မဟုတ်ပေ။

အတီး, အမှုတ်, အက, အခုန်, အငြိမ့်, ဇာတ်, ရုပ်သေး ပွဲလမ်းသဘင်ကြီး ထည့်သွင်းသော ကုသိုလ်ကောင်းမှုပြုသော ဘုရားပွဲ အလှူပွဲ သဘင်ကြီးများ နှိုက် အဆုံးအဖြတ်ကိုပြဦးအံ့။

လောကနှိုက် ကောင်းမှုဟု သမုတ်အပ်သော်လည်း ကောင်းမှု မမည်ကုန် သော အလှူတို့သည် ငါးပါးတို့တည်း၊ ငါးပါးဟူသော်ကား—

၁။ မဇ္ဈဒါန၊ သေရည်သေရက် အလှူ။
၂။ သမဇ္ဈဒါန၊ ပွဲလမ်းသဘင် အလှူ။
၃။ ဣတ္ထိဒါန၊ မိန်းမ အလှူ။
၄။ ဥသဘဒါန၊ နွားမတို့၏ အလယ်နှိုက် နွားလားဥသဘကို လွှတ် သော အလှူ။
၅။ စိတ္တကမ္မဒါန၊ မေထုန်မှီဝဲဟန် ရေးသားသော ပန်းချီဆေးရေး ရုပ်အလှူ။ ဤငါးပါးတို့တည်း။

မိလိန္ဒပဉ္ဉာပါဠိတော်၌ (၁၀)ပါး လာ၏။ ဆယ်ပါးဟူသော်ကား အောက်က ငါးပါး၌—

၁။ သတ္ထဒါန၊ လက်နက်အလှူ။

၂။ ဝိသဒါန၊ အဆိပ်အလှူ။

၃။ သခ်ၤလိကဒါန၊ သံခြေချင်းလက်ထိပ်အလှူ။

၄။ ကုက္ကုဋ္ဌသူကရဒါန၊ ဟင်းလျာအလိုငှါ သတ်ရန် ကြက် ဝက် အလှူ။

၅။ တုလာကူဋမာနကူဋဒါန၊ ချိန်စဉ်းလဲ တောင်းစဉ်းလဲ အလှူ။

ဤငါးပါးကိုထည့်၍ ဆယ်ပါးဖြစ်သတည်း။ ထိုကြောင့် ပရိဝါ ပါဠိတော်နှိုက်—

ပဏ္ဍဒါနာနိ အပုညာနိ ပုညသမ္မတာနိ လောကသ္မိံ မဇ္ဇဒါနံ, သမဇ္ဇဒါနံ, ဇုတ္ထိဒါနံ, ဥသဘဒါနံ, စိတ္တကမ္မဒါနန္တိ—ဟူ၍ ဟော တော်မူ၏။

အနက် လောကသ္မိံ၊လောကန္ဒိုက်။ ပုညသမ္မတာနိ၊ကောင်းမှုဟု သမုတ် အပ်ကုန်သော။ အပုညာနိ၊ ကောင်းမှုမမည်ကုန်သော။ဒါနာနိ၊ အလှူတို့သည်။ ပဏ္ဍ၊ ငါးပါးတို့တည်း။ ကတမေပဏ္ဍ၊ အဘယ်ငါးပါးတို့နည်း။ မဇ္ဇဒါနံ၊ သေရည်, သေရက်အလှူငှင်း။ သမဇ္ဇဒါနံ၊ ပဲလမ်းသဘင်အလှူငှင်း။ ဇုတ္ထိဒါနံ၊ မိန်းမအလှူငှင်း။ ဥသဘဒါနံ၊ နွားမတို့၏အလယ်ဒိုက် နွားလား ဥသဘကို လှတ်သောအလှူငှင်း။စိတ္တကမ္မဒါနံ၊မေထုန်မှီဝဲဟန် ရေးသားသော ဆေးရေးရုပ်အလှူငှင်း။ ဇုတိဇုမေပဏ္ဍ၊ဤငါးပါးတို့တည်း။

ထိုအလှူငါးပါးတို့တွင် မဇ္ဇဒါန, ဇုတ္ထိဒါန, ဥသဘဒါနဟူသော အလှူသုံးပါးသည်သာလျှင် အကုသိုလ်စင်စစ် ဖြစ်၏၊သမဇ္ဇဒါန,စိတ္တကမ္မဒါန နှစ်ပါးသည် စေတနာ၏အစွမ်းအားဖြင့် ထိုက်သည်အား လျော်စွာ ကုသိုလ်လည်းဖြစ်၏၊ အကုသိုလ်လည်းဖြစ်၏။ ထိုနှစ်ပါးတို့တွင် သမဇ္ဇဒါနသည် အောက်ကပြဆိုခဲ့ပြီးသည်အား လျော်စွာ ဝေဿန္တရာမင်းကြီးတို့ကဲ့သို့ လွန်ကဲသော

ပါရမီ ဖြောင့်မတ်တည်ကြည်သော ကုသိုလ်စေတနာဖြင့် ရတနာသုံးပါးတို့အား ပူဇော်ခြင်းအကျိုးငှါ ပြုလုပ်သည်ဖြစ်အံ့ ကုသိုလ် ရ၏။ လူပရိသတ်အပေါင်းတို့သည် မြူးတူးပျော်ပါး၍ ကြည့်ရှုမွေ့လျော်ကြစေခြင်းအကျိုးငှါ ရတနာသုံးပါးကို ပူဇော်ခြင်းနှင့် မစပ်မယှဉ်ဘဲ အကုသိုလ်ဇောစေတနာဖြင့် ပြုလုပ်သည်ဖြစ်အံ့ အကုသိုလ် ဖြစ်၏။

စိတ္တကမ္မဒါနသည် ကျောင်း, စရပ်, ဘုရားတန်ဆောင်း စသည်ကို ဆောက်လုပ်ပြီး၍ ထိုကျောင်းစသည်တို့နှိုက် လှပတင့်တယ်စေခြင်းငှါ တန်းဆာဆင်သောအားဖြင့် ယုတ်မာညစ်ညမ်းသော ပန်းချီဆေးရေးရုပ် မဟုတ်ဘဲ တရားသံဝဂ ရစေခြင်းငှါ ဇာတ်ဝတ္ထုပုံပြင် ငရဲခန်းစသော ဆန်းကြယ်သော ပန်းချီဆေးရေးအမှုကို ပြုလုပ်လှူဒါန်းခြင်းငှါ အပ်၏ ကုသိုလ်လည်း ရ၏။ လူပရိသတ်များတို့ ကိလေသာစိတ် ဖြစ်ပေါ်ခြင်း ရယ်ရှင်မြူးတူးခြင်းကို ဖြစ်စေတတ်သော ယုတ်မာညစ်ညမ်းသော မေထုန်စပ်ယှက်ဟန် ရေးသားသော ပန်းချီဆေးရေးရုပ်ကို ပြုလုပ်လှူဒါန်းခြင်းငှါ မအပ် အကုသိုလ် ဖြစ်၏၊ ဆေးရေးရုပ်သာမဟုတ် သစ်သား စသည်ဖြင့် ထုလုပ်သောအရုပ်လည်း မအပ်ဟု မှတ်အပ်၏။ ထိုကြောင့် ၎င်းအဖွင့် ပရိဝါအဋ္ဌကထာနှိုက်—

(က) တတ္ထ သမ္ဗန္ဓဒါနန္တိ နဋ္ဌသမင္ဂီဒိဒါနံ၊ ဥသဘဒါနန္တိ ဂေါဂဏသဿ အန္တရေ ဥသဘဝိသင္ဂနံ၊စိတ္တကမ္မဒါနန္တိ အာဝါသံ ကာရေတ္ဝာ တတ္ထ စိတ္တကမ္မံ ကာရေတုံ ဝဋ္ဋတိ။ ဣဒံ ပန ပဋိဘာနစိတ္တကမ္မဒါနံ သန္ဓာယ ဝုတ္တံ။ ဣမာနိ ဟိ ပဉ္စ ကိဉ္စာပိ လောကဿ ပုညသမ္မတာနိ။ အထခေါ အပုညာနိ အကုသလာနိယေဝ—ဟု ဖွင့်ပြတော်မူ၏။

၎င်း ဒီကာနှိုက်လည်း—

(ခ) တတ္ထ နဋ္ဌသမင္ဂီဒိဒါနန္တိ ပုညကမ္မတ္ထာယ နဋ္ဌနစ္စာဒိနိ အညေဟိ သြလောကာပနံ၊ ဂေါဂဏသဿ အန္တရေ ဥသဘဝိသင္ဂနံနာမ ဓေနူနံ အန္တရေ ဂန္ဓဂဟဏတ္ထာယ ဂေါဏော ဝိသင္ဂနံ။ ပဋိဘာနစိတ္တကမ္မံနာမ မေထုနာ ဓမ္မသမာယောဇိတံ ဇာတိပုရိသရူပန္တိ ဂဏ္ဌိပဒေ ဝုတ္တံ—ဟု၍ ဖွင့်ပြတော်မူ၏။

အနက် (က) တတ္ထ၊ထိုပါဠိတော်နှိုက်။ သမဏဒါနန္တိ၊ပဲ့လမ်းသဘင်အလှူ ဟူသည်ကား။နဋ္ဌသမဏာဒိဒါနံ၊ကခြေသဘင် အစရှိသော အလှူ တည်း။ ဥသဘဒါနန္တိ၊နွားလားဥသဘအလှူ ဟူသည်ကား။ဂေါဂဏာဃ၊နွားမ အပေါင်း၏။ အန္တရေ၊အလယ်နှိုက်။ ဥသဘဝိဿဇ္ဇနံ၊ နွားလားကို လွှတ်ခြင်း တည်း။ စိတ္တကမ္မဒါနန္တိ၊ ဆန်းကြယ်သော ပန်းချီဆေးရေးရုပ်အလှူ ဟူသည် ကား။ အာဝါသံ၊ ကျောင်းကို။ ကာရေတွာ၊ ဆောက်လုပ်ပြုစေ၍။ တတ္ထ၊ ထိုကျောင်းနှိုက်။ စိတ္တကမ္မံ၊ ပန်းပု ပန်းချီ ဆေးရေးရုပ်အမှုကို။ ကာရေတုံ၊ ပြုလုပ်စေခြင်းငှါ။ ဝဋ္ဋတိ၊အပ်၏။ ပန၊အထူးကို ဆိုဦးအုံ။ဣဒံ၊ဤပန်းချီဆေး ရေးရုပ်ဟူသောစကားကို။ပဋိဘာနစိတ္တကမ္မံ၊မိမိဉာဏ် အထင်အမြင်ဖြစ်သော မေထုန်မှိုဝဲဟန် ကြံဖန်ရေးပြုသော ယောကျ်ား,မိန်းမ ဆေးရေးရုပ်ကို။ သန္ဓာယ၊ရည်၍။ ဘဂဝတာ၊မြတ်စွာဘုရားသည်။ ဝုတ္တံ၊ဟောတော်မူအပ်၏။ ဟိသစ္စံ၊ မှန်၏။ ဣမာနိပဉ္စ၊ ဤငါးပါးတို့ကို။ လောကဿ၊လောကီလူအပေါင်းသည်။ ကိဉ္စာပိ ပုညသမ္မတာနိ၊ အကယ်၍ကား ကောင်းမှုဟု သမုတ်အပ်ကုန်၏။ အထခေါ၊ထိုသို့ သမုတ်အပ်ကုန်သော်လည်း။အပုညာနိ၊ကောင်းမှုမမည်ကုန်။ အကုသလာနိယေဝ၊အကုသိုလ်တို့သာလျှင်တည်း။

(ခ) တတ္ထ၊ထိုအဋ္ဌကထာနှိုက်။ နဋ္ဌသမဏာဒိဒါနန္တိ၊ကခြေသဘင် အစရှိ သောအလှူ ဟူသည်ကား။ ပုညကမ္မတ္ထာယ၊ကောင်းမှုကံ ဖြစ်ခြင်းအကျိုးငှါ။ နဋ္ဌနစ္စာဒီနိ၊ ကခြေသည်သဘင် စသည်တို့ကို။ အညေဟိ၊ သူတပါးတို့ကို။ ဩလောကာပနံ၊ ကြည့်ရှုစေခြင်းတည်း။ ဂေါဂဏာဃ၊ နွားမ အပေါင်း၏။ အန္တရေ၊အလယ်နှိုက်။ ဥသဘဝိဿဇ္ဇနံနာမ၊နွားလားကို လွှတ်ခြင်းမည်သည် ကား။ ဓေနုနံ၊ နွားမတို့၏။ အန္တရေ၊ အလယ်နှိုက်။ ဂဗ္ဘဂဟဏတ္ထာယ၊ ကိုယ် ဝန်ကို ယူစေခြင်းငှါ။ ဂေါဏေ၊ နွားလားတို့ကို။ ဝိဿဇ္ဇနံ၊ လွှတ်ခြင်းတည်း။ ပဋိဘာနစိတ္တကမ္မံနာမ၊ မိမိဉာဏ်အမြင်ဖြင့် ကြံစည်ပြုလုပ်သော ပန်းချီဆေး ရေးမှုမည်သည်ကား။ မေထုနဓမ္မသမာယောဇိတံ၊မေထုန်မှိုဝဲကြသော။ ဣတ္ထိ ပုရိသရူပံ၊ မိန်းမ, ယောကျ်ားရုပ်တည်း။ ဣတိ၊ သို့။ ဂဏ္ဌိပဒေ၊ ဂဏ္ဌိပုဒ်နှိုက်။ ဝုတ္တံ၊ ဆိုအပ်၏။

အမှာ—အပုညဒါန ငါးပါးတို့ကို ရှေးဦးစွာ သိနားလည်ကြစေခြင်းငှါ ပါဠိတော်,အဋ္ဌကထာ,ဋီကာအစုံ ထည့်သွင်း၍ ဖေါ်ပြလိုက်သည်။

ရဟန်း, သာမဏေ, ဥပုသ်သည်တို့သည် မိမိတို့မှာ နစ္စ, ဂိတ, ဝါဒိတသိက္ခာပုဒ် တည်ရှိသောကြောင့် လူပရိသတ်တို့ မြူးတူးပျော်ပါးလျက် ကြည့်ရှုနားထောင်ကြစေခြင်းငှါ အကုသိုလ် စေတနာဖြင့် နဋ္ဌသမဇ္ဇ ဟူဆိုအပ်သော ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို မိမိတို့ ကိုယ်တိုင် ပြုလုပ်စေခြင်းငှါလည်း သူတပါးကို ပြုလုပ်စေခြင်းငှါလည်း သူတပါး ပြုလုပ်သည်တို့ကို ကြည့်ရှု နားထောင်ခြင်းငှါလည်း မအာပ်။ ထိုကြောင့် သုတ်သီလကွန်အဋ္ဌကထာနှိုက်—

နစ္စာဒီနိ ဟိ အတ္တနာ ပယောဇေတုံ ဝါ ပရေဟိ ပယောဇာပေတုံ ဝါ ပယုတ္တာနိ ပဿိတုံဝါ နေဝ ဘိက္ခူနံ ဘိက္ခုနိနဉ္စ ဝဋ္ဋန္တိ—ဟု ဖွင့်ပြတော်မူ၏။

အနက် ဟိသစ္စံ၊မှန်၏။ နစ္စာဒီနိ၊ကခြင်း အစရှိသည်တို့ကို။ ဝါ၊ ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို။ အတ္တနာ၊မိမိသည်။ပယောဇေတုံဝါ၊ယှဉ်စေခြင်းငှါလည်း။ ပရေဟိ၊ သူတပါးတို့ကို။ ပယောဇာပေတုံဝါ၊ ယှဉ်စေခြင်းငှါလည်း။ပယုတ္တာနိ၊ သူတပါးတို့သည် ယှဉ်အပ် ပြုလုပ်အပ်သော ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို။ ပဿိတုံဝါ၊ ကြည့်ရှု နားထောင်ခြင်းငှါလည်း။ ဘိက္ခူနံ၌၊ ရဟန်းယောကျ်ားတို့အား၎င်း။ ဘိက္ခုနိနဉ္စ၊ ရဟန်းမိန်းမတို့အား၎င်း။ နေဝဝဋ္ဋန္တိ၊မအာပ်ကုန်။

အပ်သည်ကို ပြဦးအံ့.... ရဟန်း, သာမဏေ, ဥပုသ်သည်တို့မှာ ကျောင်းတိုက်အာရာမ်တွင်း ဆွမ်းစားစရပ် အိမ်တွင်းနှိုက် တည်လျက် ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်သည် ဖြစ်အံ့ အပြစ်မရှိ အပ်၏ သီလမပျက်။ ထိုကြောင့် စူဠဝါအဋ္ဌကထာနှိုက်—

(က) သဗ္ဗံ အန္တရာရာမေ ဌိတသ္မာ ပဿတော အနာပတ္တိ—ဟူ၍၎င်း၊

(ခ) အာသနသာလာယံ နိသိန္နော ပဿတိ အနာပတ္တိ—ဟူ၍၎င်း ဖွင့်ပြတော်မူ၏။

အနက် (က) သဗ္ဗံ၊ အလုံးစုံသော ကခြင်း, သီခြင်း, တီးမှုတ်ခြင်းကို။ အန္တရာရာမေ၊ အာရာမ်တွင်းနှိုက်။ ဌိတသ္မာ၊ တည်လျက်။ ပဿတော၊ကြည့်ရှုသောရဟန်းအား။ အနာပတ္တိ၊အာပတ်မသင့်။

(ခ) အာသနသာလာယံ၊ ဆဒ္မံးစားစရပ်နှိုက်။ နိသိန္နော၊ နေထိုင်သော ရဟန်းသည်။ နစ္စာဒီံ၊ ကခြင်း စသည်ကို။ ပဿတိ၊ ကြည့်ရှု၏။ ဝါ၊ မြင်၏။ တဿဘိက္ခုနော၊ထိုရဟန်းအား။ အနာပတ္တိ၊အာပတ်မသင့်။

ဤအဋ္ဌကထာ,ပါဠိတို့ဖြင့် နစ္စ,ဂီတ,ဝါဒိတအရာတို့နှိုက် မအပ်သောအရာ အပ်သောအရာတို့ကို ရှေးဦးစွာ သိမှတ်အပ်၏။ ဥပုသ်သည် ဒါယကာတို့သည် သဒ္ဓဒါနအကျိုးငှါသော်လည်း မပြုလုပ်စေအပ်။

အကယ်၍ ကထိန်သင်္ကန်းအလှူ ပူဇော်ပဲ့ကြီး မြတ်စွာဘုရားအား ပူဇော်သောဘုရားပဲ့တော်ကြီး စသည် ပြုလုပ် ကျင်းပရာတို့နှိုက် သဒ္ဓဒါန ပူဇနတ္ထ မဟုတ်ဘဲ လူပရိသတ်စည်ကားစေခြင်းငှါ စိတ်က ရည်ရွယ်လျက် လူပရိသတ်တို့ မြူးတူးပျော်ပါးလျက် ကြည့်ရှု နားထောင်စေခြင်းငှါ အကုသိုလ်စေတနာဖြင့် ဇာတ်, ရုပ်သေး, ဆိုင်း, အငြိမ့်တို့ကို ထည့်သွင်းပြုလုပ်သည်ဖြစ်အံ့ အကုသိုလ်နှင့် ရောနှောသော မိဿကကုသိုလ်ကံဟု ဆိုအပ်၏။ ထို ကုသိုလ်၏ အကျိုးသည်လည်း သုခ,ဒုက္ခနှင့် ရောနှောသော မိဿကဝိပါက ဖြစ်၏၊ ထိုသို့ မိဿကကုသိုလ် မိဿကဝိပါက ဖြစ်ငြားသော်လည်း ကုသိုလ်စေတနာနှင့် အကုသိုလ်စေတနာသည် ပဟာယက ပဟာတဗ္ဗအဖြစ်ဖြင့်ငင်း အနဝဇ္ဇသုခဝိပါကလက္ခဏာ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာအားဖြင့်ငင်း အချိုနှင့် အချဉ် မရောနှောဘိသကဲ့သို့ သဘာဝပဋိပက္ခ ဖြစ်ကြ၍ လူဒါန်းပူဇော်သော ကုသိုလ်စေတနာလည်း တခြားတပါး ဇာတ်,ရုပ်သေး ပဲ့သဘင်ခံသော အကုသိုလ်စေတနာလည်း တခြားတပါး ဖြစ်ရကား—

သုခဒုက္ခပွဋိသံဝေဒိ ဟောတိတိ ဧကန္တဏော ဥဘယဝိပါက ဒါနဋ္ဌာနံနာမ နတ္ထိ။

ဟူသော အဂ္ဂညသုတ်အဖွင့် ပါထေယျအဋ္ဌကထာနှင့်အညီ တပြိုင်နက်သော ခဏနှိုက် ကုသိုလ်, အကုသိုလ် အကျိုးပေးခြင်း မရှိသောကြောင့် ကုသိုလ်စေတနာက်၏ သုခဝိပါကအကျိုးလည်း တခြားတပါး အကုသိုလ်စေတနာ၏ ဒုက္ခဝိပါက အကျိုးလည်း တခြားတပါးဖြစ်၍ ဇာတ်, ရုပ်သေးပဲ့သဘင်ခံသော အကုသိုလ်စေတနာသည် ကထိန်အလှူစသည်ကို ပြုလုပ်သော

ကုသိုလ်စေတနာ၏ အကျိုးယုတ်လျော့ သိမ်ဖျင်းအောင် မပြုနိုင်၊ အသီးအသီး မိမိတို့၏ သတ္တိအားလျော်စွာ သုခ,ဒုက္ခဝိပါကအကျိုးကိုသာလျှင် ပေးတတ်၏၊ အကယ်၍ ထိုမိဿကကုသိုလ်ကံသည် အကျိုးကို ပေးသည်ဖြစ်အံ့ ကုသိုလ်ကံကြောင့် မင်း, ပုဏ္ဏား, သေဋ္ဌေး, သူကြွယ်မျိုးနှိုက် ဖြစ်၏၊ ပဝတ္တိအခါ အကုသိုလ် စေတနာကံကြောင့် ကဏ်းခြင်း ကျိုးခြင်းစသော အင်္ဂါကြီးငယ်ချို့ခြင်း ဘေးအန္တရာယ်များခြင်း ရောဂါဝေဒနာများခြင်း စသော ဆင်းရဲသော ဒုက္ခဝိပါကအကျိုးကို ခံစားရ၏၊ အကုသိုလ်စေတနာကံကြောင့် တိရစ္ဆာန်အမျိုးနှိုက် မင်း၏ မင်္ဂလာဆင်တော် မြင်းတော်အရာ စသည်တို့နှိုက် ဖြစ်ရ၏။ကုသိုလ်စေတနာကံကြောင့် ပဝတ္တိအခါနှိုက် တင်းကုတ်နှိုက် လုံခြုံစွာနေရခြင်း ရွှေအင်တုံ ငွေအင်တုံတို့နှင့် ကောင်းမွန်စွာ စားသောက်ရခြင်းစသော ချမ်းသာစွာ သုခဝိပါကအကျိုးကို ခံစားရ၏။ ထိုကြောင့် နေတို့ပါဠိတော်နှိုက်—

(က) ယံ လောဘဝသေန ဒေါသဝသေန မောဟဝသေန သဒ္ဓါဝသေနစ ကမ္မံ ကရောတိ။ ဇာဒံကမ္မံ ကဏှသုက္ကံ် ကဏှသုက္က ဝိပါကံ—ဟူ၍ ဟောတော်မူ၏။

၎င်း နေတို့အဋ္ဌကထာဌီလည်း—

(ခ) ယံ လောဘဝသေန ဒေါသဝသေန မောဟဝသေန သဒ္ဓါဝသေနစ ကရောတိ ဇာဒံကမ္မံ ကဏှသုက္ကန္တိ ဝေါမိဿကကမ္မံ။ ကဏှသုက္ကဝိပါကန္တိ သုခဒုက္ခဝိပါကံ။ မိဿကကမ္မဋ္ဌိကတ္တာ အကုသလဝသေန တိရစ္ဆာနယောနိယံ မင်္ဂလဟတ္ထိဘာဝံ ဥပပန္နော။ ကုသလဝသေန ပဝတ္တေ သုခံ အနုဘဝတိ။ ကုသလေန ရာဇကုလေ နိဗ္ဗတ္တောပိ အကုသလေန ဒုက္ခံ ဝေဒိယတိ—ဟူ၍ ဖွင့်ပြတော်မူ၏။

မင်္ဂလမပဏ္ဏာသပါဠိတော် ကုက္ကုရဝတိသုတ်အဖွင့် အဋ္ဌကထာ၊ ပါထေယျပါဠိတော် အဂ္ဂညသုတ်အဖွင့် အဋ္ဌကထာ၊ စတုက္ကနိပါတ် အင်္ဂုတ္တရအဋ္ဌကထာတို့နှိုက်လည်း ၎င်းနေတို့အဋ္ဌကထာနှင့်အတူပင် ဖွင့်ပြတော်မူကြကုန်၏။ ပါဠိစဉ်းငယ်မျှ ကွဲလွဲကြ၏။

အနက် (က) လောဘဝသေနစ၊ လောဘ၏ အစ္ဓမ်းဖြင့်ဌင်း။ ဒေါသဝသေနစ၊ ဒေါသ၏အစ္ဓမ်းဖြင့်ဌင်း။ မောဟဝသေနစ၊မောဟ၏ အစ္ဓမ်းဖြင့်ဌင်း။ သဒ္ဓါဝသေနစ၊ သဒ္ဓါ၏ အစ္ဓမ်းဖြင့်ဌင်း။ ယံကမ္မံ၊ အကြင်ကုသိုလ်ကံကို။ ကရောတိ၊ ပြု၏။ ဣဒံကမ္မံ၊ ဤကုသိုလ်ကံသည်။ ကဏ္ဍသုက္ကံ၊ ကဏ္ဍသုက္ကမည်၏။ ဝါ၊အမည်း အဖြူမည်၏။ကဏ္ဍသုက္ကဝိပါက်၊မည်းငြစ် ဖြူစင်သော အကျိုးရှိ၏။

(ခ) ယံ လောဘဝသေန ဒေါသဝသေန မောဟဝသေန သဒ္ဓါဝသေနစကမ္မံ ကရောတိ ဣဒံကမ္မံ ကဏ္ဍသုက္ကန္တိ၊ ဟူသည်ကား။ ဝေါမိဿကကမ္မံ၊အကုသိုလ်ကံနှင့် ရောသောကံတည်း။ကဏ္ဍသုက္ကဝိပါကန္တိ၊ကဏ္ဍသုက္ကဝိပါက်ဟူသည်ကား။ သုခဒုက္ခဝိပါက်၊ချမ်းသာ ဆင်းရဲသောအကျိုးတည်း။ ဟိသစ္စံ၊မှန်၏။ မိဿကကမ္မံ၊အကုသိုလ်နှင့် ရောသောကုသိုလ်ကံကို။ကတ္တာ၊ပြုသောကြောင့်။ အကုသလဝသေန၊ အကုသိုလ်ကံ၏ အစ္ဓမ်းအားဖြင့်။ တိရစ္ဆာနယောနိယံ၊ တိရစ္ဆာန်၏ အမျိုးနှိုက်။ မင်္ဂလာဟတ္ထိဘာဝံ၊ မင်္ဂလာဆင်တော်၏အဖြစ်သို့။ ဥပပန္နော၊ရောက်၏။ ကုသလဝသေန၊ကုသိုလ်ကံ၏ အစ္ဓမ်းအားဖြင့်။ပဝတ္တော၊ ပဝတ္တိအခါနှိုက်။ သုခံ၊ ချမ်းသာကို။ အနုဘဝတိ၊ ခံစားရ၏။ ကုသလေန၊ ကုသိုလ်ကံဖြင့်။ ဝါ၊ကုသိုလ်ကံကြောင့်။ရာဇကုလေ၊မင်းမျိုးနှိုက်။ နိဗ္ဗတ္တောပိ၊ ပဋိသန္ဓေအားဖြင့် ဖြစ်သော်လည်း။ အကုသလေန၊ အကုသိုလ်ကံဖြင့်။ ဝါ၊ အကုသိုလ်ကံကြောင့်။ ပဝတ္တေ၊ပဝတ္တိအခါနှိုက်။ ဒုက္ခံ၊ဆင်းရဲကို။ ဝေဒိယတိ၊ ခံစားရ၏။

ကထိန်အလှူပွဲ စသည်တို့ကို ပြုလုပ်ရာတို့နှိုက် အကြင်သူသည် ဇာတ်,ရုပ်သေး,ဆိုင်း,အငြိမ့်,အတီးအမှုတ်တို့ကို ထည့်သွင်း၍ ထိုဇာတ်,ရုပ်သေး,ဆိုင်း, အငြိမ့်, အတီးအမှုတ်တို့နှိုက်သာလျှင် အဓိကအားဖြင့် လွန်စွာ အလေးဂရုပြုလျက် ကြောင့်ကြအားထုတ်ခြင်း မျှားသည်ဖြစ်၍ အကုသိုလ်ဗလဝတရဖြစ်ခဲ့အံ့ ကုသိုလ်ဘက်နှိုက် ဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသ ယုတ်လျော့နည်းပါးသဖြင့် သဒ္ဓါ,စေတနာ ဖြစ်ပွါးခြင်း ယုတ်လျော့နည်းပါး၍ ကုသိုလ်သည် အပွကဖြစ်ခဲ့အံ့ ထိုသူသည် ထိုအပွကကုသိုလ်စေတနာကံကို အမှီပြု၍ မင်းမျိုးနှိုက်ဌင်း ပုဏ္ဏားမျိုးနှိုက်ဌင်း ဖြစ်၏၊ ထိုသို့ဖြစ်သောအခါနှိုက် ထိုသူကို ထိုဗလဝအကုသိုလ်စေတနာကံသည် ကဏ်းသည်ကိုဌင်း ကုန်းသည်ကိုဌင်း ဆုံ့သည်ကို

ၚင်း ပြု၏။ ထို ကိုယ်လက်အင်္ဂါ ချို့တဲ့သောသူသည် မင်းမျိုးနှိုက် ဖြစ်ငြား သော်လည်း မင်းအဖြစ်အား မထိုက်၊အဘိသိက်သွန်းပြီးသောအခါနှိုက်လည်း ထိုသို့ ကိုယ်အင်္ဂါချို့တဲ့သောသူသည် မင်း၏ စည်းစိမ်ချမ်းသာကို သုံးဆောင် ခံစားခြင်းငှါ မစွမ်းနိုင်။ အကယ်၍ သေခါနီးသော အခါနှိုက် ထို ကုသိုလ်, အကုသိုလ်စေတနာကံတို့သည် ရှေ့ရှု ထင်လာကုန်သည် ဖြစ်အံ့၊ ထို ကုသိုလ်, အကုသိုလ်စေတနာကံတို့တွင် အကုသိုလ်စေတနာကံသည် "ငါပြုလုပ်သော ဇာတ်, ရုပ်သေး စသော ပဲ့လမ်းသဘင်သည် ကောင်းပေစွ"ဟု တပ်နှစ်သက် ခြင်း စသော အကြောင်းထူး အထောက်အပံ့ကို ရသည်ဖြစ်၍ အားရှိသည် ဖြစ်အံ့ ထိုဗလဝတရဖြစ်သော အကုသိုလ်ကံသည် အားနည်းသော အပွကမန္ဒ ကုသိုလ်ကံကို တားမြစ်၍ တိရစ္ဆာန်အမျိုးနှိုက် ဖြစ်စေ၏။ ထိုတိရစ္ဆာန်အမျိုး နှိုက်ဖြစ်သော သတ္တဝါကို မင်း၏မင်္ဂလာဆင်တော် မင်္ဂလာမြင်းတော် မင်္ဂလာ နွားလားဥသဘအဖြစ်ကို ရကုန်၏၊ ထိုဇာတ်,ရုပ်သေးစသော သဘင်ခံ အကု သိုလ်နှင့်ရောရှ ကုသိုလ်ကောင်းမှုပြုလုပ်သောပုဂ္ဂိုလ်သတ္တဝါသည် အကုသိုလ် စေတနာကံကြောင့် တိရစ္ဆာန်ဘုံနှိုက် ဖြစ်ရ၍ အပွကမန္ဒကုသိုလ်ကံကြောင့် တပါးသော တိရစ္ဆာန်တို့ကဲ့သို့ မဆင်းရဲဘဲ ပဝတ္တိအခါနှိုက် ချမ်းသာစွာ တိရစ္ဆာန်တို့နှိုက် ရသင့် ရထိုက်သော စည်းစိမ် ချမ်းသာကို ခံစားရ၏။ ထိုကြောင့် ပါထေယျအဋ္ဌကထာ အဂ္ဂညသုတ် အဖွင့်နှိုက်—

> ယေန ပန အကုသလံ ဗဟုလံ ကတံ ဟောတိ ကုသလံ မန္ဒံ။ သော တံကုသလံ နိဿာယ ခတ္တိယကုလေဝါ ဗြာဟ္မဏကုလေဝါ နိဗ္ဗတ္တတိ။အထ နံ အကုသလကမ္မံ ကာဏကမ္မိ ကရောတိ ခုဇ္ဇမ္မိ ဝိဒ္ဒသုဝိမ္မိ။ သော ရဇ္ဇသဝါ အနရဟော ဟောတိ၊ အဘိ သိတ္တကာလေဝါ ဇေဝ္ဘူတော ဘောဂေ ပရိဘုဉ္ဇိတုံ နသက္ကော တိ။ အပရဿ မရဏကာလေ ဒွေ ဗလဝမလ္လာဝိယ တေ ဒွေဝိ ကုသလာကုသလကမ္မာနိ ဥပဋ္ဌဟန္တိ။ တေသု အကုသလံ ဗလဝ တရံ ဟောတိ။ တံကုသလံ ပဋိဗာဟိတ္တာ တိရစ္ဆာနယောနိယံ နိဗ္ဗတ္တာပေတိ။ကုသလကမ္မမ္မိ ပဝတ္တိ ဝေဒနိယံ ဟောတိ။တမေတံ မင်္ဂလဟတ္ထိဝါ ကရောန္တိ မင်္ဂလအဿဝါ မင်္ဂလဥသဘဝါ။ သော တံ သမ္မတ္တိ အနုဘဝတိ—ဟု ဖွင့်ပြတော်မူ၏။

အနက် ယေနံပုဂ္ဂလေန၊ အကြင် ပုဂ္ဂိုလ်သည်။ အကုသလံ၊ အကုသိုလ်ကို။ ဗဟုလံ၊ များစွာ။ ကတံ၊ ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ကုသလံ၊ကုသိုလ်ကို။ မန္ဒံ၊နုံ့နှေးစွာ။ ကတံ၊ပြုအပ်သည်။ ဟောတိ၊၏။သော ပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်။ တံကုသလံ၊ထိုနည်းတူစွာ ပြုအပ်သောကုသိုလ်ကို။ နိဿာယ၊ မှီ၍။ ခတ္တိယကုလေဝါ၊ မင်းမျိုးနှိုက်၌။ ဗြာဟ္မဏကုလေဝါ၊ ပုဏ္ဏားမျိုးနှိုက်၌။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ အထ၊ထို့သို့ မင်းမျိုး ပုဏ္ဏားမျိုးနှိုက်ဖြစ်သောအခါနှိုက်။ အကုသလကမ္မံ၊အကုသိုလ်ကံသည်။ကာဏကမ္မံ၊ကဏ်းသည်ကိုမူလည်း။ ကရောတိ၊ပြုတတ်၏။ ခုဇ္ဇမ္မိ၊ ကုန်းသည်ကိုမူလည်း။ ကရောတိ၊ပြုတတ်၏။ ပီဌသပ္ပိမ္မိ၊ ဆံ့သည်ကိုမူလည်း။ ကရောတိ၊ ပြုတတ်၏။ သောပုဂ္ဂလော၊ထို ကဏ်း, ဆံ့, ကုန်းသော ပုဂ္ဂိုလ်သည်။ ရဇ္ဇသဝါ၊ မင်းအဖြစ်အားမူလည်း။ အနုရဟော၊မထိုက်သည်။ ဟောတိ၊ဖြစ်၏။ အဘိသိတ္တကာလေဝါ၊ အဘိသိက်သွန်းပြီးသော အခါနှိုက်မူလည်း။ ဧဝံဘူတော၊ ဤသို့ ကဏ်း,ဆံ့, ကုန်းကွခြင်း စသည်ဖြစ်သော မင်းသည်။ ဘောဂေ၊မင်း၏ စည်းစိမ်ချမ်းသာတို့ကို။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ နသက္ကောတိ၊ မစွမ်းနိုင်။ အပရဿ၊ တပါးသောသူအား။မရဏကာလေ၊သေခါနီးသောအခါနှိုက်။ဒ္ဝေ၊နှစ်ယောက်ကုန်သော။ ဗလဝမလ္လာဝိယ၊အားကြီးသော လက်ဝှေ့သည်တို့ကဲ့သို့။ ဒ္ဝေပိ၊ နှစ်ပါးလည်း ဖြစ်ကုန်သော။ တေကုသလာကုသလကမ္မာနိ၊ ထို ကုသိုလ်ကံ, အကုသိုလ်ကံတို့သည်။ ဥပဋ္ဌဟန္တိ၊ နိမိတ်ထင်လာကုန်သည် ဖြစ်အံ့။ တေသု၊ ထို ကုသိုလ်ကံ, အကုသိုလ်ကံနှစ်ပါးတို့တွင်။ အကုသလံ၊ အကုသိုလ်ကံသည်။ ဗလဝတရံ၊အားကြီးသည်။ဟောတိ၊ဖြစ်အံ့။တံ၊ထိုအားကြီးသော အကုသိုလ်ကံသည်။ ကုသလံ၊ အားနည်းသော ကုသိုလ်ကံကို။ ပဋိဗာဟိတ္ဝာ၊ တားမြစ်၍။ တိရစ္ဆာနယောနိယံ၊ တိရစ္ဆာန်အမျိုးနှိုက်။ ဝါ၊ တိရစ္ဆာန်ဘုံနှိုက်။ နိဗ္ဗတ္တာပေတိ၊ ဖြစ်စေ၏။ ကုသလကမ္မမ္ပိ၊ သည်လည်း။ ပဝတ္တိဝေဒနိယံ၊ပဝတ္တိအခါနှိုက် ခံစားအပ်သော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ တမေတံ တံ ဇေတံပုဂ္ဂလံ၊ ထို တိရစ္ဆာန်မျိုးနှိုက်ဖြစ်သော ပုဂ္ဂိုလ်သတ္တဝါကို။ မင်္ဂလဟတ္ထိ ဝါ၊ မင်း၏ မင်္ဂလာဆင်တော်ကို မူလည်း။ ကရောန္တိ၊ ပြုကုန်၏။ မင်္ဂလအဿံဝါ၊ မင်း၏ မင်္ဂလာမြင်းတော်ကိုမူလည်း။ ကရောန္တိ၊ ပြုကုန်၏။ မင်္ဂလဥသဘံဝါ၊ မင်း၏ မင်္ဂလာ ဥသဘနွားတော်ကိုမူလည်း။ ကရောန္တိ၊ ပြုကုန်

၏။ သောပုဂ္ဂလော၊ ထို ဆင်တော် မြင်းတော် နွားတော်ဖြစ်သော ပုဂ္ဂိုလ် သတ္တဝါသည်။တံသမ္ပတ္တိ၊ထိုတိရစ္ဆာန်တို့၏ စည်းစိမ်ချမ်းသာကို။အနုဘဝတိ၊ ခံစားရ၏။

အောက်ပါထေရာအပဒါန်ပါဠိတော်တို့ဖြင့် တူရိယာအတီး, အမှုတ်,အဆို, အက သဒ္ဒဒါနအလှူ၏ အကျိုးကို သိမှတ်အပ်၏။

ဝရဏောနာမ နာမေန၊ ဒေဝရာဇာ အဟံ တဒါ။
ဥပဋ္ဌဟေသိ သမ္ဗုဒ္ဓံ၊ သယောဂ္ဂဗလဝါဟနော။

နိဗ္ဗုတေ လောကနာထမ္ဟိ၊ အတ္ထဒဿိ နရုတ္တမေ။
တူရိယံ သဗ္ဗ မာဒါယ၊ အဂမံ ဗောဓိ မုတ္တမံ။

ဝါဒိတေန စ နစ္စေန၊ သမ္ဗတာဥ္ဇ သမာဟိတော။
သမုဓါဝိယ သမ္ဗုဒ္ဓံ၊ ဥပဋ္ဌဟိ ံ ဗောဓိ မုတ္တမံ။

ဥပဋ္ဌဟိတ္ဝာန တံဗောဓိ ံ၊ ဓရဏီ ရုဟပါဒပံ။
ပလ္လင် ံအာဘုဇိတ္ဝာန၊ တတ္ထကာလံကတောအဟံ။

သကကမ္မာဘိရဒ္ဓေါဟံ၊ ပသန္နော ဗောဓိမုတ္တမေ။
တေနစိတ္တပသာဒေန၊ နိမ္မနံ ဥပပဇ္ဇဟံ။

သဋ္ဌိတူရသဟဿာနိ၊ ပရိဝါရေန္တိ မံ သဒါ။
မနုဿသု စ ဒေဝေသု၊ ဝတ္တမာနံ ဘဝါဘဝေ။

တိဓဂ္ဂိနိဗ္ဗုတာ မယ္ဟံ၊ ဘဝါ သဗ္ဗေ သမူဟတာ။
ဓာရေမိ အန္တိမံ ဒေဟံ၊ သမ္ဓာသမ္ဗုဒ္ဓ သာသနေ။

သုဗာဟုနာမ နာမေန၊ စတုတိ ံသာ သုဓတ္တိယာ။
သတ္တရတနသမ္ပန္နာ၊ ပဇ္ဇကပ္ပသတေ ဇာတော။

ပဒီသန္တိဒါ စတသော၊ ဝိမောက္ခာဝိ စ အဋ္ဌမေ။
ဆဠာဘိညာ သန္တိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

ဇာတ္တံ သုဒမာယသ္မာ ကောသနိယော ထေရော ဇာမာဂါထာယော အဘာသိတ္ထာတိ။

ကောသနိယထေရာအပဒါန်ပါဠိတော် နံပါတ် (၉၅)

အနက် တာဒါ၊ ထိုအတ္ထဒဿီမြတ်စွာဘုရား ပဉ္စင်တော်မူသောအခါနှိုက်။ အဟံ၊ ငါသည်။ နာမေန၊အမည်အားဖြင့်။ ဝရကောနာမ၊ဝရက အမည်ရှိသော။ ဒေဝရာဇာ၊ နတ်မင်းသည်။ ဟုတ္ဝာ၊ ဖြစ်၍။ သယောဂ္ဂဗလ ဝါဟနော၊ယာဉ် ဗိုလ်ပါ ဆင် မြင်းနှင့်တကွ။ သမ္မုဒ္ဒံ၊အတ္ထဒဿီမြတ်စွာဘုရား ကို။ ဥပဋ္ဌဟေသိ၊ဆည်းကပ် ခစားပြီ။

လောကနာထမ့်၊ လူတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော။ အတ္ထဒဿီ နရုတ္တမေ၊ လူတို့ထက်မြတ်သော အတ္ထဒဿီမြတ်စွာဘုရားသည်။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော်။ သဗ္ဗံ၊အလုံးစုံသော။ တုရိယံ၊တူရိယာငါးပါး ကို။ အာဒါယ၊ယူ၍။ ဥတ္တမံ၊မြတ်သော။ ပေါခိ်၊စကားပေါဓိပင်သို့။ အဂမံ၊ သွားပြီ။

ဝါဒိတေနစ၊တီးမှုတ်ခြင်းဖြင့်၎င်း။ နစ္စေနစ၊ကခြင်းဖြင့်၎င်း။ သမ္မတာဠသ မာဟိတော၊မောင်း ကြွေးနင်း ခွက်ခွင်း တီးခြင်းနှင့်တကွ။ သမ္မုဒ္ဒံ၊သက်တော် ထင်ရှားရှိသော အတ္ထဒဿီမြတ်စွာဘုရားကို။ သမုဒါ၊မျက်မှောက်တော်နှိုက်။ ဥပဋ္ဌဟိ်ံ ကွဝ၊ ပူဇော်ဆည်းကပ် ခစားသကဲ့သို့။ ဥတ္တမံ၊မြတ်သော။ ပေါခိ်၊ စကားပေါဓိပင်ကို။ ဥပဋ္ဌဟိ်ံ၊ပူဇော်ခစား ဆည်းကပ်ပြီ။ (ဥပဋ္ဌဟိ်ံ ဟူသော ပုဒ်နှိုက် ဥပသဒ္ဒါ ပူဇော်ခြင်းအနက်ကို ဟော၏)။

ဓရဏီရုဟပါဒပံ၊ မြေနှိုက်ရောက်သော သစ်ပင်ဖြစ်သော။ တံပေါခိ်၊ ထိုစကားပေါဓိပင်ကို။ ဥပဋ္ဌဟိတွာန၊ပူဇော်ခစား ဆည်းကပ်ပြီး၍။ပလ္လင််၊ ပေါင် ဒူး ယှက်တင် ပလ္လင်ကို။ အာဘုဇိတွာ၊ဖွဲ့ခွေ၍။ တတ္ထ၊ထို ပေါဓိပင်၏ အနီးနှိုက်။ အဟံ၊ငါသည်။ ကာလံကတော၊သေလွန်၏။

အဟံ၊ငါသည်။ သကကမ္မာဘိရဒ္ဓေါ၊ပေါဓိပင်အား ကခြင်း တီးမှုတ်ခြင်း တို့ဖြင့် ပူဇော်သော မိမိ၏ကောင်းမှုကုသိုလ်ကံနှိုက် အလွန်အားထုတ်၏။ ပေါခိမုတ္တမေ၊မြတ်သောစကားပေါဓိပင်နှိုက်။ ပဿန္တော၊ကြည်ညို၏။ တေန စိတ္တပသာဒေန၊ထိုစိတ်၏ကြည်ညို ကြည်လင်ခြင်းကြောင့်။ နိမ္မာနံ၊နိမ္မာနရတိ နတ်ပြည်သို့။ ဥပပဇ္ဇိ်ံ၊ရောက်ပြီ။

မနုဿေသုစ၊ လူ့ပြည်တို့နှိုက်၎င်း။ ဒေဝေသုစ၊ နတ်ပြည်တို့နှိုက်၎င်း။ ဘဝါဘဝေ၊ဘဝငယ် ဘဝကြီးနှိုက်။ ဝတ္တမာနံ၊ ဖြစ်လတ်သည်ရှိသော်။ သဋ္ဌိ တူရိယသာဿာနိ၊ တူရိယာ ခြောက်သောင်းတို့သည်။ မံ၊ငါ့ကို။ သဒါ၊ အခါ

ခပ်သိမ်း။ပရိဝါရေန္တိ၊ခြံရုံကုန်၏။မယ္ဒ၊ငါ့အား။ ဝါ၊ငါသည်။ တိဓဂ္ဂိ၊လောဘ, ဒေါသ, မောဟဟူသော မီးသုံးပါးတို့သည်။ နိဗ္ဗု။တာ၊ ငြိမ်းကုန်ပြီ။ သဗ္ဗေ ဘဝါ၊အလုံးစုံသောဘဝတို့ကို။ သမူဟတာ၊ပယ်နုတ်အပ်ကုန်ပြီ။ ဝါ၊ပယ်ဖျက်အပ်ကုန်ပြီ။ သမာသမ္ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရားသာသနာန္ဒိုက်။ အန္တိမံ၊ အဆုံးဖြစ်သော။ ဒေဟံ၊ကိုယ်ကို။ အဟံ၊ငါသည်။ ဓာရေမိ၊ဆောင်ရ၏။

နာမေန၊အမည်အားဖြင့်။ သုဗာဟုနာမ၊ သုဗာဟုအမည်ရှိသော။ သတ္တ ရတနသမ္ပန္နာ၊ စကြာရတနာအစရှိသော ရတနာခုနစ်ပါးနှင့် ပြည့်စုံကုန်သော။ စတုတိံသာခတ္တိယာ၊ သုံးဆယ့်လေးကြိမ်သော စကြာမင်းတို့သည်။ ဣတော၊ ဤဘဒ္ဒကမ္ဘာမှ။ ပဋ္ဌကပ္ပသတေ၊ ကမ္ဘာငါးရာထက်နှိုက်။ အာသုံ၊ ဖြစ်ကုန်ပြီ။

စတသော၊ လေးပါးကုန်သော။ ပဒိသမ္ဘိဒါ၊ပဋိသမ္ဘိဒါတို့ကိုဌင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဣမေဝိမောက္ခာပိစ၊ဤ လောကီဝိမောက္ခ လောကုတ္တရာဝိမောက္ခတို့ကိုဌင်း။ ဆဠဘိညာ၊ ခြောက်ပါးသော အဘိညာဉ်တို့ကိုဌင်း။ သစ္ဆိကတာ၊ မျက်မှောက်ပြုအပ်ကုန်ပြီ။ ဗုဒ္ဓဿ၊မြတ်စွာဘုရား၏။ သာသနံ၊ သာသနာတော်ကို။ ကတံ၊လိုက်နာခြင်းကို ပြုအပ်ပြီ။

ဣတ္ထံ၊ ဤသို့သောအပြားအားဖြင့်။ အာယသ္မာ၊ ရှည်သောသက်တော်ရှိသော။ ဧကာသနိယောထေရော၊ ဧကာသနိယမထေရ်သည်။ ဣမာဂါထာယော၊ဤဂါထာတို့ကို။ အဘာသိတ္ထ၊ဆိုပြီ။ဣတိ၊ဤသည်လျှင် ဧကာသနိယထေရာအပဒါန် အပြီးသတ်တည်း။

ဘဝနေ ဥပဓိဒ္ဒော ဟံ၊ အဒ္ဓသံ လောကနာယကံ။
ဟဒ္ဒော ဟဒ္ဒေန စိတ္တေန၊ အပ္ပေါဒ္ဓေသိ အဟံ တဒါ။
သတရံသိဝ ဇောတန္တံ၊ ပဘာသန္တံဝ ကဉ္စနံ။
နစ္စဂိတေ ပယုတ္တော ဟံ၊ ပဉ္စင်္ဂတူရိယကမ္မိ စ။
ယံယံ ယောနုပပဇ္ဇာမိ၊ ဒေဝတ္တံ အထ မာနုသံ။
သဗ္ဗေ သတ္တေ အတိဘောမိ၊ဝိပုလော ဟောတိ မေ ယသော။
နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
အတ္တာနံ တောသယိတ္ဝာန၊ ပရေ တောသေတိ တွံ မုနိ။

ပရိဂ္ဂဟေန နိသိဒိတ္ဝာ၊ တာသံ ကတ္ဝာန သုဗ္ဗတေ။
ဥပဋ္ဌဟိတ္ဝာ သမ္မုဒ္ဒံ၊ တုသိတံ ဥပပဇ္ဇဟံ။
သောဠသတေ ကပ္ပသတေ၊ ဒ္ဝိ နဝ ကေစိန္တိတာ။
သတ္တရတနသမ္ပန္နာ၊ စက္ကဝတ္တိ မဟဗ္ဗလာ။
ပဒ္မိသန္တိဒါ စတသေသာ၊ ဝိမောက္ခာဝိ စ အဋ္ဌမေ။
ဆဠာဘိညာ သန္တိကတာ၊ ကတံ ဗုဒ္ဓသာ သာသနံ။

ဇာတ္ထံ သုဒမာယသ္မာ သုမင်္ဂလော ထေရော ဇာမာဂါထာ
ယော အဘာသိတ္ထာတိ။ **သုမင်္ဂလထေရ အပဒါန်ပါဠိတော်**

အနက် အဟံ၊ငါသည်။ ဘဝနေ၊ မိမိနေရာဗိမာန်အိမ်နှိုက်။ ဥပဝိဋ္ဌော၊ ဝင်လျက်။ ဝါ၊တည်လျက်။ သတရံသီဝဇောတန္တံ၊နေမင်းကဲ့သို့ ထွန်းလင်းတောက်ပသော။ ကဉ္စနံဝ ပဘာသန္တံ၊ရွှေအဆင်းကဲ့သို့ တင့်တယ် တောက်ပတော်မူသော။ လောကနာယကံ၊ အတ္ထဒဿီမြတ်စွာဘုရားကို။ အဒ္ဒသံ၊မြင်ပြီ။ တဒါ၊ ထိုမြင်သောအခါနှိုက်။ အဟံ၊ငါသည်။ ဟင်္ဒော၊ စိတ် ရှင်လန်းသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဟင်္ဒေနစိတ္တေန၊ ရှင်လန်းသောစိတ်ဖြင့်။ အပ္ပေါဒ္ဓေသိ၊ လက်ပန်းပေါင်းခပ်၏။ အဟံ၊ငါသည်။ နစ္စဂီတေစ၊ ကခြင်း, သီခြင်းတို့ကိုဂုဏ်း။ ပဥ္စင်္ဂတူရိယကမ္မံစ၊ အင်္ဂါငါးပါးရှိသော တူရိယာကိုဂုဏ်း။ ဥပယုတ္တော၊ ပူဇော်သောအားဖြင့် ယှဉ်ပေ၏။ ဝါ၊ ပူဇော်အားထုတ်၏။ (ပယုတ္တောဟံကို ဥပယုတ္တော အဟံဟု ပဒစ္ဆေဒပြု။ ဥသဒ္ဒါ ပူဇနတ္ထေ)။

ဒေဝတ္တံ၊နတ်ဖြစ်သော။အဏ၊ထိုမျှ။ မာနုသံ၊လူဖြစ်သော။ယံယံယောနိ၊ အကြင်အကြင်ပဋိသန္ဓေသို့။ ဥပပဇ္ဇာမိ၊ ဖြစ်ရ လားရ၏။ တတ္ထတတ္ထ၊ ထိုထို သို့သော ယောနိဘဝန္တိုက်။ သဗ္ဗေသတ္တော၊အလုံးစုံသောသတ္တဝါတို့ကို။ အတိ ဘောမိ၊အလွန်ခံစားရ၏။ မေ၊ ငါ၏။ ယသော၊ အခြံအရံ အကျော်အစော သည်။ ဝိပုလော၊အထူးထူးအပြားပြားပြန့်ပြောသည်။ ဟောတိ၊ဖြစ်၏။

ပုရိသာဇညော၊ ယောက်ျားအာဇာနည်။ တေ၊ အရှင်ဘုရားအား။ နမော၊ ရှိခိုးပါ၏။ ပုရိသုတ္တမ၊ ယောက်ျားမြတ်။ တေ၊ သင်ယောက်ျားမြတ်အား။

နမော၊ ရှိခိုးပါ၏။ မုနိ၊ အရှင်ဘုရား။ တုံ၊ အရှင်ဘုရားသည်။ အတ္ထာနံ၊ မိမိကိုယ်ကို။ တောသယိတ္ထာန၊ နှစ်သက်တော်မူစေဦး၍။ ပရေ၊ တပါးသောသတ္တဝါတို့ကို။ တောသေတိ၊ နှစ်သက်စေတော်မူ၏။

ပရိဂ္ဂဟေန၊ မိမိအိမ်နှိုက်။ ဝါ၊ စိတ်ကို သိမ်းဆည်းခြင်းဖြင့်။ သုဗ္ဗတော၊ ကောင်းသောအကျင့်နှိုက်။ တာသံ၊ ထို ကခြင်း,သီခြင်း,တီးမှုတ်ခြင်းတို့ကို။ ကတ္ဝာန၊ ပြုပြီး၍။ သမ္မုဒ္ဒံ၊ အတ္ထဒဿီမြတ်စွာဘုရားကို။ ဥပဋ္ဌဟိတ္ထာ၊ ပူဇော်ခစားဆည်းကပ်သောကြောင့်။ အဟံ၊ ငါသည်။ တုသိတံ၊ တုသိတာနတ်ပြည်နှိုက်။ ဝါ၊ သို့။ ဥပပဇ္ဇိ၊ ဖြစ်ရ ရောက်ရပြီ။ (သောဋ္ဌသတောကို သောဋ္ဌသကတောဟု ပဒစ္ဆေဒပြု)။ ကတော၊ဤဘဒ္ဒကကမ္ဘာမှ။သောဋ္ဌသကပ္ပသတော၊ကမ္ဘာတထောင်ခြောက်ရာထက်နှိုက်။ ဒ္ဝိန၀၊ နှစ်ဆယ့်ကိုးကြိမ်သာလျှင် ဖြစ်သော။ ကေစိန္တိတာ၊ ကေစိန္တိတ အမည်ရှိကုန်သော။ သတ္တရတနသမ္ပန္နာ၊ စကြာရတနာ အစရှိသော ရတနာခုနစ်ပါးနှင့်ပြည့်စုံသော။ မဟဗ္ဗလာ၊ကြီးသောကိုယ်အား ဉာဏ်အား စည်းစိမ်အားရှိကုန်သော။ စက္ကဝတ္တိ၊စကြဝတေးမင်းတို့သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။

စတသော၊လေးပါးကုန်သော။ ပဋိသမ္ဘိဒါစ၊ပဋိသမ္ဘိဒါတို့ကိုဌင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဣမေဝိမောက္ခာပိစ၊ ဤလောကီဝိမောက္ခ လောကုတ္တရာဝိမောက္ခတို့ကိုဌင်း။ ဆဋ္ဌာဘိညာစ၊ခြောက်ပါးသော အဘိညာဏ်တို့ကိုဌင်း။ သစ္ဆိကတာ၊မျက်မှောက်ပြုအပ်ကုန်ပြီ။ ဗုဒ္ဓဿ၊မြတ်စွာဘုရား၏။ သာသနံ၊ သာသနာတော်ကို။ ကတံ၊လိုက်နာခြင်းကို ပြုအပ်ပြီ။

ဣတ္ထံ၊ဤသို့အပြားအားဖြင့်။ အာယသ္မာ၊ ရှည်သောသက်တော်ရှိသော။ သုမင်္ဂလထေရော၊သုမင်္ဂလမထေရ်သည်။ ဣမာဂါထာယော၊ဤဂါထာတို့ကို။ အဘာသိတ္ထ၊ ဟောဆိုပြီ။ ဣတိ၊ဤသည်လျှင် သုမင်္ဂလထေရ အပဒါန် အပြီးသတ်တည်း။

အနောမဒဿီ ဘဂဝါ၊လောကဇေဋ္ဌော နရာသဘော။
ဝိဟာသိ ဟိမဝန္တမ္ဟိ၊ ဒေဝသံဃ ပုရက္ခိတော။

ဝရဏောနာမ နာမေန၊ နာဂရာဇာ အဟံ တဒါ။
ကာမရူပီ ဝိကုပ္ပါမိ၊ မဟောဒမိ နိဝါသဟံ။

သင်္ကိယံ ဂဏံ ဟိတ္ဝာ၊ တူရိယံ ပဋ္ဌပေသဟံ။
သမ္မဒ္ဒံ ပရိဝါရေတ္ဝာ၊ ဝါဒေသုံ အစ္ဆရာ တဒါ။
ဝဇ္ဇမာနေသု တူရေသု၊ ဒေဝတူရာနိ ဝဇ္ဇယုံ။
ဥဘိန္နံ သဒ္ဒံ သုတ္ဝာန၊ ဗုဒ္ဓေါဝိ သံပဗုဇ္ဈထ။

မောဂ္ဂလ္လာနထေရအပဒါန်ပါဠိတော်

အနက် အနောမဒဿီ၊ အနောမဒဿီ အမည်တော်ရှိတော်မူသော။ ဝါ၊ မယုတ်သောသူတို့ကို ရှုတော်မူလေ့ရှိသော။ လောကဇေဋ္ဌော၊ လူတို့ထက်အကြီး ဖြစ်တော်မူထသော။ နရာသဘော၊လူတို့ထက် မြတ်တော်မူထသော။ဘဂဝါ၊မြတ်စွာဘုရားသည်။ ဟိမဝန္တမှိ၊ဟိမဝန္တာနှိုက်။ဒေဝသံဃ ပုရက္ခိတော၊ နတ်သံဃာအပေါင်း ခြံရုံသည်ဖြစ်၍။ ဝိဟာသိ၊ယာပိုထိုလေးဘော် မျှနေတော်မူ၏။

တဒါ၊ထိုအနောမဒဿီမြတ်စွာဘုရား နေတော်မူသောအခါနှိုက်။ အဟံ၊ ငါမောဂ္ဂလ္လာန်ထေရ်သည်။ နာမေန၊ အမည်အားဖြင့်။ ဝရုဏောနာမ၊ ဝရုဏ အမည်ရှိသော။ နာဂရာဇာ၊နဂါးမင်းသည်။ ဟုတ္ဝာ၊ဖြစ်၍။ ကာမရူပီ၊ အလိုရှိတိုင်းသော အဆင်းသဏ္ဌာန်ကို ဖန်ဆင်းနိုင်သည်ဖြစ်၍။ ဝိကုပ္ပါမိ၊အထူးထူးအပြားပြား ဖန်ဆင်း၏။ အဟံ၊ ငါသည်။ မဟာဒနေဝါသီ၊ မဟာသမုဒ္ဒြာနှိုက် နေလေ့ရှိ၏။

အဟံ၊ငါသည်။ သင်္ကိယံ၊ မိမိအခြေအရံဖြစ်သော။ ဂဏံ၊ နဂါးပရိသတ်အပေါင်းကို။ ဟိတ္ဝာ ဟရိတ္ဝာ၊ ဆောင်ယူခေါ်ငင်၍။ တူရိယံ၊ တီးခတ်အပ်သောတူရိယာကို။ ပဋ္ဌပေသိ၊ ပူဇော်သောအားဖြင့် ဖြစ်စေပြီ။ တဒါ၊ထိုငါ တီးမှုတ်ပူဇော်သောအခါနှိုက်။ သမ္မဒ္ဒံ၊ မြတ်စွာဘုရားကို။ ပရိဝါရေတ္ဝာ၊ ရှေ့,နောက်,ဝဲ,ယာ ခြံရုံကုန်၍။ အစ္ဆရာ၊ နဂါးနတ်သမီးတို့သည်။ ဝါဒေသုံ၊ တီးမှုတ်ကြကုန်၏။

တူရေသု၊နဂါးတူရိယာတို့ကို။ ဝဇ္ဇမာနေသု၊ တီး,မှုတ်ပူဇော်ကုန်သည်ရှိသော်။ ဒေဝတူရိယာနိ၊ နတ်တူရိယာတို့သည်။ ဝဇ္ဇယုံ၊ တီးမှုတ် ပူဇော်ကြ

ကုန်၏။ ဥဘိန္နံ၊ နှစ်ပါးကုန်သော နတ်နဂါးတို့၏။ သဒ္ဒံ၊ တီးမှုတ်ပူဇော်ကြသောတူရိယာသံကို။ သုတ္ဝာန၊ ကြားတော်မူ၍။ ဗုဒ္ဓေါပိ၊ အနောမဒဿီမြတ်စွာဘုရားသည်လည်း။ သံပဗုဇ္ဈထ၊ သမာပတ်မှ နိုးတော်မူ၏။

လက်ဝဲတော်ရံ အရှင်မောဂ္ဂလ္လာန်မထေရ်၏ အလောင်း နဂါးမင်းသည် အတီး, အမှုတ် တူရိယာ စသည်တို့ဖြင့် ပူဇော်သည်ရှိသော် အနောမဒဿီမြတ်စွာဘုရားသည်—

ယံ သော သံဃံ အပူဇေသိ၊ ဗုဒ္ဓပ္ပ လောကနာယကံ။
တေန စိတ္တပသာဒေန၊ ဒေဝလောကံ ဂမိဿတိ။

သတ္တသတ္တတိ ခတ္တုပ္ပ၊ ဒေဝရဇ္ဇံ ကရိဿတိ။
ပထဗျာရဇ္ဇံ အဋ္ဌသတံ၊ ဝသုမံ ဒဝသိဿတိ။

ပဉ္စပညာသ ခတ္တုပ္ပ၊ စက္ကဝတ္တိ ဘဝိဿတိ။
ဘောဂါ အသင်္ခယာ တဿ၊ ဥပ္ပဇ္ဇိဿန္တိ တာဝဒေ။—

အစရှိသောဂါထာတို့ဖြင့် အနုမောဒနာ ပြုတော်မူ၏။

အနက် သောနာဂရာဇာ၊ ထိုနဂါးမင်းသည်။ လောကနာယကံ၊လူသုံးဦးတို့ကို နတ်ရွာနိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော။ ဗုဒ္ဓပ္ပ၊ မြတ်စွာဘုရားကိုဂုဏ်း။သံဃပ္ပ၊ သံဃာတော်မြတ်ကိုဂုဏ်း။ ယံယေနစိတ္တပသာဒေန်၊ အကြင်စိတ်၏ ကြည်ညိုခြင်းဖြင့်။ အပူဇေသိ၊ တူရိယာစသည်တို့ဖြင့် ပူဇော်ပြီ။ တေနစိတ္တပသာဒေန၊ထိုစိတ်၏ကြည်ညိုခြင်းကြောင့်။ ဒေဝလောကံ၊နတ်ပြည်သို့။ ဂမိဿတိ၊သွားရလတ္တံ့။

သတ္တသတ္တတိခတ္တုပ္ပ၊ ခုနစ်ဆယ့် ခုနစ်ကြိမ်တိုင်တိုင်လည်း။ ဒေဝရဇ္ဇံ၊ နတ်မင်း၏အဖြစ်ကို။ကရိဿတိ၊ ပြုရလတ္တံ့။အဋ္ဌသတံ၊အကြိမ်ရှစ်ရာတိုင်တိုင်။ ပထဗျာရဇ္ဇံ၊ ဇမ္ဗူဒိပ်ကျွန်းမြေပြင်အလုံးကို အစိုးရသော ကေရာဇ်မင်း၏ အဖြစ်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဝသုမံ၊ မြေအပြင်ကို။ အဝသိဿတိ၊ စိုးအုပ်၍နေရလတ္တံ့။

ပဉ္စပညာသခတ္တုပ္ပ၊ ငါးဆယ့် ငါးကြိမ် တိုင်တိုင်လည်း။ စက္ကဝတ္တိ၊ စကြဝတေးမင်းသည်။ ဘဝိဿတိ၊ ဖြစ်ရလတ္တံ့။ တာဝဒေ၊ ထို စကြာမင်း

ဖြစ်သော အခါန္နိုက်။ တဿ၊ ထို စကြာမင်းအား။ အသန်ယာ၊ မရေတွက်နိုင်ကုန်သော။ ဘောဂါ၊ စည်းစိမ် ချမ်းသာတို့ဃည်။ ဥပပ္ဇိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။

အမှာ—ဂင်းအပဒါန်ပါဠိတော်၏ အဓိပ္ပါယ်အကျယ်ကို အနက်နှင့်ပင်လျှင် သိနိုင်လောက်ပြီဖြစ်၍ ကျယ်မည် စိုးသောကြောင့် မရေးလိုက်သတည်း။

ဤကောသနိယထေရအပဒါန်, သုမင်္ဂလထေရအပဒါန်,မဟာမောဂ္ဂလ္လာနထေရအပဒါန် ပါဠိတော်တို့ဖြင့် ကြည်ညိုသော သဒ္ဓါ, စိတ်, စေတနာတို့ဖြင့် ရတနာသုံးပါးတို့အား ပူဇော်ခြင်း အကျိုးငှါ သက်သက်အားဖြင့် စိတ်, စေတနာထားပြီးလျှင် ကခြင်း, သီခြင်း, တီးမှုတ်ခြင်း ပဲ့လမ်းသဘင်ကျင်းပ ပြုလုပ်၍ ရတနာသုံးပါး တို့အား ပူဇော်ခြင်းတို့သည် ကုသိုလ်ကောင်းမှုဖြစ်၍ လောကီ,လောကုတ္တရာ အကျိုးနှစ်ပါးရကြောင်းကို ပြတော်မူသည်။

သို့ဖြစ်၍ ယခုကာလနို့က် လူဒါယကာတို့သည် မြတ်စွာဘုရားအား ပူဇော်ပဲ့စသည်တို့ကို ပြုလုပ်ကြရာ ပဲ့လမ်းသဘင်အလှူသည် ကောင်းမှုဟု သမုတ်အပ်သော်လည်း အပုညဒါနဖြစ်၍ မထည့်သွင်းသင့်ပေဟု နိုင်နိုင် ပိုင်ပိုင်ကြီး မတားမြစ်သင့်ပေ။

အဘယ်ကြောင့်နည်းဟူမူကား....သမင္ဂဒါနကို အပုညဒါနဖြစ်ကြောင်းကို ဝိနည်းဒေသနာတော်နို့က် ဟောတော်မူသည်၊ ထိုဝိနည်းဒေသနာတော်သည် ရဟန်းသံဃာတော်များနှင့်သာ ဆက်ဆံသည်ဖြစ်၍ ရဟန်းသံဃာတော်များ၏ အရာသာဖြစ်သောကြောင့်ဂင်း၊ သုတ္တန်ဒေသနာတော်,အဘိဓမ္မာဒေသနာတော်တို့နို့က် ကုသိုလ်ကောင်းမှုဖြစ်၍ အကျိုးရကြောင်းကို ဟောတော်မူသောကြောင့်ဂင်းတည်း။ သုတ္တန်ဒေသနာတော်ကိုလည်း ဘုရားဟောပင်ဖြစ်၍ မတားမြစ်သင့်ပေ၊ အကယ်၍ တားမြစ်သည်ဖြစ်အံ့ မြတ်စွာဘုရားအား စွပ်စွဲပုတ်ခတ်ရာကျရောက်ပေ၏၊မြတ်စွာဘုရားအား စွပ်စွဲပုတ်ခတ်သည်ဖြစ်အံ့ မကောင်းမှုအကုသိုလ် ပွါးများ၍ ငရဲသို့ ကျရောက်မည် စင်စစ်တည်း။ ထိုကြောင့် အနိုင်အပိုင် မတားမြစ်သင့်ပေ။ ဥစ္စာပစ္စည်းကို မျှားစွာအကုန်အကျ

ခံ၍ နစ္စ, ဂီတ, ဝါဒိတတို့ကို ပြုလုပ်ကြရသဖြင့် ပစ္စည်းဥစ္စာကို မဆုံးစေမူ၍ အကုသိုလ်တရား မဖြစ်ပွါးရအောင် လူပရိသတ်တို့ ကြည့်ရှု နားထောင်စေခြင်းငှါ မဟုတ်ဘဲ ရတနာသုံးပါးအား ပူဇော်ခြင်းအကျိုးငှါ သက်သက်အားဖြင့် ကောင်းမြတ်သော စိတ်,စေတနာ ယောနိသောမနသိကာရဖြင့်သာလျှင် ပြုလုပ်သင့်ပေသည်။အကုသိုလ်ဖြစ်ကြောင်း မကောင်းသော အယောနိသောမနသိကာရဖြင့် မပြုလုပ်သင့်ပေ။

သဘင်သည်တို့အားလည်း ငါတို့သည် ရတနာသုံးပါးအား ပူဇော်ခြင်းအကျိုးငှါသာလျှင် ပြုလုပ်သော ပဲ့သဘင်ဖြစ်သည်၊ ရတနာသုံးပါးနှင့် သင့်လျော်လျောက်ပတ်သော ကခြင်း,သီခြင်း,တီးမှုတ်ခြင်းတို့ကိုသာလျှင် ပြုလုပ်ကြရမည်ဟု ပြောဆိုထားသင့်ပေသည်။ ဤသို့ စသည်ဖြင့် ကုသိုလ်ကောင်းမှုဖြစ်ကြောင်း မကောင်းမှုအကုသိုလ်ဖြစ်ကြောင်းကိုသာလျှင် သိနားလည်ကြစေခြင်းငှါ ဟောပြောဆုံးမရန်သာ သင့်လျော်ပေသည်။ အကယ်၍ ရတနာသုံးပါးအား ပူဇော်ခြင်းအကျိုးငှါ သက်သက်အားဖြင့် ပဲ့သဘင်ပြုလုပ်မည့်သူများကို တားမြစ် ကဲ့ရဲ့မိသော် ဓာတုဝိဝဏ္ဏပိတ္တာကဲ့သို့ ငရဲသို့ ကျရောက်ရခြင်း ပိတ္တာဖြစ်ရခြင်း မလွဲစင်စစ်တည်း။ ထိုကြောင့် ပေတဝတ္ထုပါဠိတော်နှုတ်က်—

တဿာဟံ မေ ဘရိယာစ၊ ဓိတာစ သုဏိသာစ မေ။
တမာလံ ဥပ္ပလဆ္ဆာဝိ၊ ပစ္စန္ဓဆ္ဆ ဝိလေပနံ။
ထူပံ ဟရန္တိယော ဝါရေသိ၊ တံပါပံ ပကတံ မယာ။

ဆဋ္ဌာသိတိ သဟဿာနိ၊ မယံ ပစ္စတ္တဝေဒနာ။
ထူပပူဇံ ဝိဝဏ္ဏေတွာ၊ ပစ္စာမိ နိရယေ ဘုသံ။-—

အစရှိသည်ဖြင့် ဟောတော်မူ၏။

အနက် ဘန္တေ၊ အရှင်မဟာကဿပ။ အဟံ၊ အကျွန်ုပ်သည်။ ပုဗ္ဗေ၊ရှေးအခါနှုက်။ တဿမေ၊ ထိုငါ၏။ ဘရိယာစ၊ မယားသည်၎င်း။ ဓိတာစ၊သမီးသည်၎င်း။ မေ၊ငါ၏။ သုဏိသာစ၊ချွေးမသည်၎င်း။ တမာလဆ္ဆ၊ ပန်းညိုပန်းကို၎င်း။ ဥပ္ပလဆ္ဆ၊ကြာညိုပန်းကို၎င်း။ ပစ္စတ္ထံ၊သွေးသစ်စဖြစ်သော။

ဝိလေပနဉ္စ၊နုံသာပြောင်းကိုငှင်း ။ ထူပံ၊စေတီတော်ကို။ပူဇိတုံ၊ပူဇော်အံ့သော ဉ့၊။ ဟရန္တိယော၊ ဆောင်သည်တို့ကို။ ဝါရေသိ၊ တားမြစ်ခဲ့ဘူး၏။ တံပါပံ၊ ထိုမကောင်းမှုကို။ မယာ၊ငါသည်။ ပကတံ၊ပြုအပ်၏။

ဘန္တေ၊အရှင်မဟာကဿပ။ပစ္စတ္တဝေဒနာ၊အသီးအသီး မိမိတို့၏မကောင်းကျိုးကို ခံစားအပ်သော ကြီးစွာသော ဆင်းရဲဝေဒနာရှိကုန်သော။ ဆဋ္ဌာသီတိသဟဿာနိ၊ ရှစ်သောင်းခြောက်ထောင် အတိုင်းအရှည် ရှိကုန်သော။ မယံ၊ငါတို့သည်။ ထူပပူဇံ၊ ဓာတ်တော်ဌာပနာသောစေတီတော်အား ပူဇော်ခြင်းကို။ ဝိဝဏ္ဏေတွာ၊ ကဲ့ရဲ့မိသောကြောင့်။ နိရယေ၊ ငရဲဘုံ ငရဲနှင့်တူသော ပိတ္တာဘုံနှိုက်။ ဥပပန္နာ၊ ပဋိသန္ဓေအားဖြင့် ဖြစ်ကြကုန်၍။ ဘုသံ၊ ပြင်းပြစွာသော ဆင်းရဲကို။ ပစ္စာမိ၊ကျက်ရ ခံစားရ၏။

ဤသို့ သမဇ္ဇဒါနအရာနှိုက် ပုညဒါန,အပုညဒါန နှစ်ပါးဖြစ်သင့်ကြောင်းကို နှစ်မျိုးနှစ်စား ရေးသားဆုံးဖြတ်လိုက်ရခြင်းသည် ဝိနည်းဒေသနာတော်နှိုက် “ပဥ္စဒါနာနိ အပုညာနိ ပုညသမ္မတာနိ လောကသ္မိံ” စသည်ဖြင့် ဟောတော်မူအပ်သော ဒေသနာတော်ကိုလည်း ဘုရားဟောပင်ဖြစ်၍ မတားမြစ်သင့်ပေ၊ အပဒါန်စသော သုတ္တန်ဒေသနာတော် အဋ္ဌကထာများကိုလည်း ဘုရားဟော ဗုဒ္ဓမတညူအရှင်မြတ်တို့ ဟောဖေါ်ရေးသားတော်မူကြ၍ မတားမြစ်သင့်ပေ။ အကယ်၍ တဖက်သတ်အားဖြင့် ဝိနည်းဒေသနာတော်သို့ လိုက်၍ သမဇ္ဇဒါနကို အပုညဒါနအစစ် ဖြစ်ကြောင်း ရေးသားဆုံးဖြတ်သည်ဖြစ်အံ့ သုတ္တန်ဒေသနာတော်ကို တားမြစ်ရာ ရောက်ခဲ့ရာ၏။သုတ္တန်ဒေသနာတော်သို့လိုက်၍ သမဇ္ဇဒါနသည် စင်စစ် ပုညဒါနဖြစ်၏ဟု ရေးသားဆုံးဖြတ်သည်ဖြစ်အံ့ ဝိနည်းဒေသနာတော်ကို တားမြစ်ရာ ရောက်ခဲ့ရာ၏။ ထိုကြောင့် ဘုရားဟောဒေသနာတော်တို့ကို မတားမြစ်မူ၍ အဘိဓမ္မာအလိုအားဖြင့် စေတနာသို့လိုက်ပြီးလျှင် ဒေသနာတော်ချင်းချင်း ညီညွတ်အောင် ကျမ်းညှိသော နည်းအားဖြင့် သမဇ္ဇဒါနဟု သမုတ်အပ်သော နစ္စ,ဂီတ,ဝါဒိတတို့ကို ပြုလုပ်ကြကုန်သော ပဂ္ဂိုလ်တို့၏ စေတနာအလိုက် ပုညဒါန အပုညဒါန ဖြစ်သင့်ကြောင်းကို ရေးသားဆုံးဖြတ်လိုက်ပေသတည်း။

မန္တလေးမြို့ မိုးကောင်းတိုက်နှိုက် တပည့်ရဟန်းပရိသတ်အပေါင်းတို့အား (၁၂၆၁)ခုနှစ် နယုန်လကစ၍ ပရိယတ္တိသာသနဟိတအသင်း ဒါယကာတို့၏ ချီးမြှောက်ထောက်ပင့်သည်ကို ခံယူလျက် ပရိယတ္တိဓမ္မကို နေ့,ည၌်မပြတ် ပို့ချသင်ကြား၍ သီတင်းသုံး နေထိုင်တော်မူသော တကျိပ် နှစ်ပါး သာသနာပြု ညောင်ရမ်းဆရာတော်သည် (၁၂၇၉)ခုနှစ် မအူပင်မြို့ မြို့လည်ကျောင်းတိုက်နှိုက် ဝါကပ်၍ သီတင်းသုံး နေထိုင်တော်မူသောအခါ ၎င်းမြို့နေ ရာဇဝတ်ရုံးအုပ်စာရေးကြီး ဦးငွေရွက်သည် ဒါယကာ အများတို့ သိမှတ်စေခြင်းအကျိုးငှါ ကထိန်အလှူနှင့်စပ်၍ မေးလျှောက်အပ်သော (၆) ရပ်ပုစ္ဆာတို့ကို ဖြေဆိုဆုံးဖြတ်အပ်သော ကထိနဒါနဝိနိစ္ဆယသည် (၁၂၇၉) ခုနှစ် နတ်တော်လဆန်း (၁၀) ရက် စနေနေ့ (၂) နာရီအချိန်တွင် အန္တရာယ်မရှိ အပြီးသို့ ရောက်သတည်း။

ကထိနဒါနဝိနိစ္ဆယ ပြီး၏။

၁၃၀၈—ခု၊ နတ်တော်လပြည့်ကျော် (၉)ရက် အင်္ဂါနေ့။

မန္တလေးမြို့
အင်္ဂမဟာပဏ္ဍိတ ညောင်ရမ်းဆရာတော်ထံသို့
လျောက်သော

ဘုရားတပည့်တော် ရေတာရှည်မြို့ မဟာဓမ္မဒီပိကာရာမတိုက် ပေကုန်း ကျောင်းဘုန်းကြီး ရှင်ဝိလာသ ခြေတော်စုံ ဦးခိုက်၍ ရိုသေစွာ လျောက်ထားအပ်ပါသည်ဘုရား....။

ဘုရားတပည့်တော်၏ အောက်ပါ လျောက်ထားချက်များကို ဘုရား ဟော ဒေသနာတော် ယုတ္တိတို့နှင့် တကွ ဖြေရှင်း ပေးတော်မူ ပါမည့် အကြောင်း လျောက်ထားအပ်ပါသည်ဘုရား....။

၁။ တံတိုင်း အကာအရံရှိသော စေတီတော်၏အာရာမ်မြေအတွင်းဝယ် ဆောက်လုပ်ပြီးသော စရပ်နှစ်ဆောင်ရှိရာ ၎င်းစရပ်နှစ်ဆောင်နှိုက် ရဟန်းတော်များ အသီးအသီး နေထိုင်လျက် အလယ်မှ အာရာမ် အဆီးအတားစိတ်ဖြင့် မှတ်သား၍ ဝါဆိုကြပြီးလျှင် ဝါကျွတ်သော အခါ ၎င်းရဟန်း (၂) ပါးသည် ကထိန် အသီးအသီး ခံခြင်းငှါ အပ်မည် မအပ်မည်။

၂။ ပုဂ္ဂလိက, သံဃိကအာရာမ်ကို နောက်မှ မိမိတို့ အလိုရှိရာ ခွဲခြား နေထိုင်ရာနှိုက်၎င်း၊ တိုက်အုပ် ကွဲပြားသောနေရာနှိုက်၎င်း ကထိန် အသီးအသီး ခံထိုက် မခံထိုက်။

၃။ ဝုတ္ထဥ္ဇေတံ—ဒေထ ဘိက္ခဝေ တာဿ မောဃပုရိသဿ ကော မိပွါယန္တိ။ ဣဒဉ္ဂို ဝစနံ ဒ္ဝိသု အာဝါသေသု တဿ ကထိ နတ္ထာရကဿ သိဒ္ဓိ ဒိပေတိတိ၊ အဝိရောဓော ဣဒ္ဓိ တဇ္ဇော၊အပွဋိသိဒ္ဓတ္တာ။(ကထိနတ္ထာရသိဒ္ဓိ ဟုရှိရမည်)။

ဝဇီရဗုဒ္ဓိဋီကာ

၎င်းဋီကာပါဠိကို အထောက်ပြလျက် တသိမ်တည်းပင် ဖြစ်သော်လည်း ဣဿရိယပုဂ္ဂိုလ် ကွဲပြားခြင်း လာဘ်ကွဲပြားခြင်း အလုပ်ကိစ္စကွဲပြားခြင်းရှိသော် ကထိန်အသီးအသီး ခံထိုက်၏ဟု ဆိုးဖြတ်သော် သင့် မသင့်။

ရှင်ဝိလာသ

ရေတာရှည်မြို့။

ကထိနဏ္ဍာရာလင်္ကာနဝိနိစ္ဆယ

၁-ပဌမ အဒေးမူဆ္ဆာ အဓေြ

၁။ တံတိုင်း အကာအရံရှိသော စေတီတော်၏ အာရာမ်မြေ အတွင်း၀ယ် ဆောက်လုပ် ပြီးသော စရပ်နှစ်ဆောင်ရှိရာ ၎င်း စရပ်နှစ်ဆောင်နှိုက် ရဟန်းများ အသီးအသီး နေထိုင်လျက် အလည်မှ အရံ အဆီး အတား စိတ်ဖြင့်မှတ်သား၍ ၀ါဆိုကြပြီးလျှင် ၀ါကျွတ်သောအခါ ၎င်းရဟန်း (၂)ပါးသည် ကထိန်အသီးအသီး ခံခြင်းငှါ အပ် မအပ်ဟု ဦးဝိလာသ မေးလျှောက်ရာနှိုက်—

(က) သစေ ပန ကေသိမာယံ ဗဟူ ဝိဟာရာ ဟောန္တိ ဇေတ္ထ ကတရသိမာ အဓိပ္ပေတာတိ။ ဥပစာရသိမာ။ ဥပစာရ သိမာယံယေ၀ ဟိ သံဃလာဘ ဝိဘဇနာဒိကံ သိဇ္ဈတိ။ ၀ုတ္တဉ္ဉေတံ ၀ဇိရဗုဒ္ဓိဋီကာယံ—ကထိနတ္ထတ သိမာယာတိ ဥပစာရသိမံ သန္ဓာယ ၀ုတ္တံ။

ဟူ၍ ဝိနယာလင်္ကာရဋီကာနှိုက် ကျောင်းအများပင်ရှိသော် ဧကသိမာယ၏ အရကို အရံဖြင့် ပိုင်းခြားအပ်သော တခုသော ဥပစာရသိမ်ကိုသာ အလို ရှိအပ်၏ဟု ပြသောကြောင့် တခုတည်းသော တံတိုင်းမျဉ်းတား အရံရှိသော ဥပစာရသိမ်ကျောင်းတိုက်ကြီးအတွင်း၀ယ် ၀ရံတာ အရံအကာအပိုင်းအခြား ရှိသော ကျောင်းအသီးအသီးရှိသော်လည်း ဥပစာရသိမ် အသီးအသီး မဖြစ် ထိုက်သကဲ့သို့၊ ထိုအတူ ရွှေဟောင်း ထာ၀ရ တံတိုင်း အပိုင်း အခြား ရှိပြီး သော စေတီတော် အာရာမ်တွင်း၀ယ် စရပ် အသီးအသီးတို့နှိုက် ၀ရံတာ အပိုင်းအခြားရှိသော်၎င်း၊ နောက်ထပ် အပိုင်းအခြား ပြုလုပ်သော်၎င်း ထာ ၀ရအပိုင်းအခြား တံတိုင်းရှိပြီးဖြစ်၍ အသီးအသီး ဥပစာရသိမ် မဖြစ်ထိုက် မဖြစ်နိုင် ပြုလုပ်ခြင်းငှါ မအပ်၊ စိတ်ဖြင့် ပိုင်းခြားကာမျှမှာမူကား ဆိုဘွယ်ရာ မရှိ မဖြစ်ထိုက်သည်သာလျှင်တည်း။ ထိုကြောင့် ၎င်း စေတီယာရာမနှိုက်

လေသမတ္တပရိကပ္ပအားဖြင့် အပိုင်းအခြားကို စိတ်ဖြင့်ကြံဆ၍ဝါကပ်ပြီးလျှင် အသီးအသီး ကထိန်ခံခြင်းငှါ မအပ်ဟု မုချမှတ်အပ်၏။ ကထိန်ခံသော်လည်း ကထိန်မဖြစ်၊ဒုက္ကဋ်သင့်၏၊ကထိန်အာနိသင်ကို မရထိုက်၊ဒါယကာတို့မှာ သံဃိက အလှူ ဖြစ်သင့်၏ဟုမှတ်၊ ထိုကြောင့် ကထိနကွန္ဓကအဋ္ဌကထာနှိုက်—

(ခ) သစေ ပန ကေသိမာယံ ဗဟူ ဝိဟာရာ ဟောန္တိ။ သဗ္ဗေဝိ ဘိက္ခူ။ သန္နိပါတေတွာ ကေတ္ထ ကထိနံ အတ္ထရိတဗ္ဗံ။ ဝိသုံ ဝိသုံ အတ္ထရိတုံ နဝဋ္ဋတိ—ဟု ပြတော်မူ၏။

မှတ်ချက်—ဂဠိးအဋ္ဌကထာအရ တပေါင်းတည်း ပေါင်းစု၍ ကထိန်ခင်း လျှင် အပ်၏ဟု မှတ်အပ်၏။

(၁) ပဌမ အမေးပုစ္ဆာ အဖြေ ပြီး၏။

၂-ဒုတိယအမေးပုစ္ဆာ အဖြေ

၂။ ပဂ္ဂလိက, သံဃိက အာရာမ်ကို နောက်မှ မိမိတို့ အလိုရှိရာက ခဲ့ခြားနေထိုင်ရာနှိုက်၎င်း၊ တိုက်အုပ် ကွဲပြားသော နေရာနှိုက်၎င်း ကထိန် အသီးအသီး ခံထိုက် မခံထိုက် ဟူသောအမေးနှိုက်—

ရှေးပေါရာဏာ တံတိုင်းစသည် အပိုင်းအခြား ကောင်းမွန် ခိုင်လုံစွာမရှိသော ပဂ္ဂလိက,သံဃိကကျောင်းတိုက်များနှိုက် ကထိန်လာဘ်ကို လိုသော ပါဝိစ္ဆသဘော မပါမရှိဘဲ ဗြဟ္မစရိယာဝါသ သုညတဝိဟာရစသော ကုသလစ္ဆန္ဒ သဘောမျိုးဖြင့် ခေတ္တမဟုတ်ဘဲ နိစ္စ ဝါသအကျိုးငှါ ခဲ့ခြား၍ထားပါမူ ဝိသုံဥပစာရသိမ် ဖြစ်သင့်သောကြောင့် အသီးအသီး ကထိန်ခင်းခြင်းငှါ အပ်၏၊ ပေါရာဏာ ပါကာရစသည် ထာဝရရှိလျှင် မအပ်ဟု မှတ်အပ်၏။

တိုက်အုပ် ကွဲပြားသော ကျောင်းတိုက်နှိုက် တံတိုင်းစသော အကာအရံ အပိုင်းအခြားနှင့်တကွ ရှေးက တည်ထားသော မူလသံဃိက ဥပစာရသိမ် ကျောင်းတိုက်ဖြစ်မူ တိုက်အုပ် ကွဲပြား၍ နှစ်ပက္ခ ဖြစ်သော်လည်း ဥပစာရသိမ် နှစ်ခုမဖြစ်ထိုက် မပြုအပ်၊ ဝိနယညူဖြစ်သော ရှေးဆရာတော်ကြီးတို့သည်

လည်း ကျောင်းတိုက် ကခုတည်းနှိုက် နှစ်ပက္ခဖြစ်သော်လည်း တပက္ခ တပက္ခ နှိုက် အသီးအသီး ကထိန် မခင်းအပ်ကြောင်းကို ဆုံးဖြတ်တော်မူကြကုန်၏၊ ထိုကြောင့် ဥပစာရသိမ်ကျောင်းတခုတည်း တိုက်အုပ် နှစ်ပါး ကဲ့ပြုသော်လည်း အသီးအသီး ကထိန် မခင်းအပ်ကြောင်းကို မုချ မှတ်ယူအပ်၏။ (သာဓက ပါဠိကို (၁) နံပါတ် ဝိနိစ္ဆယအတိုင်း မှတ်အပ်၏)။

ဣဒဉ္စ နာနာသောဘေဟိ နာနူပစာရေဟိ ကေသိမ
ဝိဟာရေဟိပိ ကထိတံ ဟူသော စီဝရက္ခန္ဓက
အဋ္ဌကထာပါဠိ၏ အဓိပ္ပါယ် ဖွင့်ပြခြင်း

ဤ ဣဒဉ္စ အစရှိသော ပါဠိသည် တခုသော ဥပစာရသိမ်ကျောင်းအတွင်း တွင် နာနာလာဘရှိသောကျောင်း နာနူပစာရရှိသောကျောင်း အသီးအသီး တို့နှိုက် အသီးအသီး ကထိန် ခင်းအပ်ကြောင်းကို ဖွင့်ပြသော အဋ္ဌကထာ ပါဠိမဟုတ်၊ အဟုတ်သော်ကား....စီဝရက္ခန္ဓက ပါဠိတော်နှိုက် "ရဟန်းတပါး သည် လာဘ်အများရစေခြင်းငှါ နှစ်ကျောင်းနှိုက် တလှည့်ကြစီနေ၏၊ ထို ရဟန်းအား အကြင်ကျောင်းနှိုက်နေခြင်း များ၏၊ ထိုကျောင်းမှသာလျှင် သင်္ကန်း အဖို့အစုကို ပေးအပ်၏" ဟု မြတ်စွာဘုရားသည်—

ယတ္ထဝါ ပန ဗဟုတရံ ဝသတိ၊ တတော စီဝရ ပဋိဝိသော ဒါတဗ္ဗော—ဟု ဟောတော်မူ၏။

ၚင်းပါဠိတော်၏ အဖွင့် အဋ္ဌကထာပါဠိဟု မှတ်၊ ထိုကြောင့် ၚင်းအဋ္ဌ ကထာနှိုက်—

ယတ္ထဝါ ပန ဗဟုတရန္တိ သစေ ကေသွိ ဝိဟာရေ ဝသန္တော၊ ဗဟုတရသွိ သတ္ထာဟဝါရေန အရဏမေဝ ဥဋ္ဌာပေတိ။ ဧဝံ ပုရိမသွိ ဗဟုတရံ ဝသတီနာမ။ တသ္မာ တတော ဗဟုတရံ ဝသိတ ဝိဟာရတော တဿ ပဋိဝိသော ဒါတဗ္ဗော။ ဧဝန္တိ ကောဓိပွါယော ဒိန္နော ဟောတိ။ ဣဒဉ္စ နာနာလာဘေဟိ နာနူပစာရေဟိ ကေသိမ ဝိဟာရေဟိ ကထိတံ—ဟု ဖွင့်ပြ၏။။

အမှာ—ယတ္ထဝါ ပန ဗဟုတရန္တိ စသော ဝါကျများ၏ အနက် လွယ်၏၊ အဓိပ္ပါယ်ကိုလည်း အနက်အတိုင်းမှတ်။

ဤဒုစ္စရိတသော နောက်ဝါကျ၏ အနက်နှင့် အဓိပ္ပါယ်ကို ဖွင့်ပြခြင်း

စ၊ဆက်၍ဆိုအံ့။ ဤဒံ၊ ဤတခုသော လိုအပ်သော ပုဂ္ဂိုလ်၏ အစုအဖို့ပေးခြင်းကို။ (ဤဒန္တိ ကောဓိပ္ပါယ ဒါနံ ဟူသော တေရသကဏ်ဍီကာနှင့်အညီစဲ့သည်၊ ကထိတံ၌ ကံစပ်)။ နာနာလာဘေဟိ၊ အသီးအသီးသော လာဘ်ရှိသော နှစ်ကျောင်းတို့ဖြင့်ဆင်း။ နာနူပစာရေဟိ၊ အသီးအသီး တံတိုင်းစသည်တို့ဖြင့် ပိုင်းခြားအပ်သော ဥပစာရှိသော နှစ်ကျောင်းတို့ဖြင့်ဆင်း။ ကသိဏဝိဟာရေဟိ၊ တခုသော ဥပစာရှိသောသိမ်နှိုက် နှစ်ကျောင်းတို့ဖြင့်ဆင်း။ ကထိတံ၊ဆိုအပ်၏။ (အဓိပ္ပါယ်ကို အနက်အတိုင်းမှတ်)။

ထိုကြောင့် ဆင်းတေရသကဏ်ဍီကာနှိုက်—

> နာနာလာဘေဟိတိ အာဒိသု နာနာ ဝိသုံဝိသုံ လာဘော တေသူတိ နာနာလာဘာ၊ ဒွေ ဝိဟာရာ။ တေဟိ နာနာလာဘေဟိ။ နာနာ ဝိသုံဝိသုံ ပါကာရာဒိဟိ ပရိစ္ဆိန္နော ဥပစာရော တေသန္တိ နာနူပစာရာ၊ တေဟိ နာနူပစာရေဟိ။ ကသိဏဝိဟာရေဟိတိ ကေူပစာရသိမာယံ ဒ္ဝိဟိ ဝိဟာရေဟိ—ဟု ပြ၏။

မှတ်ချက်
အဓိပ္ပါယ်အကျဉ်းချုပ်

အထက်ပါ အဋ္ဌကထာ,ဋီကာတို့ဖြင့် နာနာလာဘနှစ်ကျောင်း၊ နာနူပစာရနှစ်ကျောင်းတို့နှိုက် အုပ်စိုးရှိနေသော ရဟန်းအား များစွာနေသောကျောင်းမှ တစုတဖို့ကိုသာ ပေးခြင်းမှာ ဆိုဘွယ်မရှိ၊တခုသော ဥပစာရှိသော ဥပစာရသိမ်ကျောင်းနှိုက် နှစ်ကျောင်းအုပ်စိုး၍ နေသော်လည်း ထိုရဟန်းအား တကျောင်းမှရသော အဖို့အစုကိုသာ ပေးအပ်၏ဟူ၍သာ ပြတော်မူ၏။ ကျောင်းတိုက် တခုတည်းအတွင်းနှိုက်ရှိသော နာနာလာဘကျောင်း, နာနူပစာရကျောင်း, ကေူပစာရသိမ်ကျောင်းအတွင်းနှိုက်ရှိသော အသီးအသီးသော ကျောင်းတို့နှိုက် ကထိန် အသီးအသီး ခင်းအပ်ကြောင်းကိုပြသော အဋ္ဌကထာပါဠိ မဟုတ်ကြောင်းကို မုချမှတ်အပ်၏၊ ဆင်းပါဠိစဲ့၍ မိစ္ဆာဉာဏ် မဝင်စေခြင်းငှါ ဝိသောခန ပြုလိုက်သည်။

ဤဒုပါဠိ ရှင်းချက် ပြီး၏။

၃-တတိယအဓေးမုဆ္ဆာ အဇ္ဈေ

၃။ ဝုတ္တဉ္ဉေတံ—ဒ္ဝေထ ဘိက္ခဝေ တဿ မောဃပုရိသဿ ကောဓိပ္ပါယန္တိ။ ဣဒဉ္ဧိ ဝစနံ ဒ္ဝိသု အာဝါသေသု တဿ ကထိနတ္ထာရကဿ သိဒ္ဓိံ ဒီပေတီတိ။အဝိရောဓေဝ ဣစ္ဆိတဗ္ဗော၊ အပဉ္ဧိ သိဒ္ဓတ္တာ။ (ကထိနတ္ထာရသိဒ္ဓိံ ဟု ပါဌ်ရှိရမည်)။

ဝင်ရဗုဒ္ဓိဋ္ဌီကာ

ဎင်းဋ္ဌီကာပါဌ်ကို အထောက်ပြလျက် တသိမ်တည်းပင် ဖြစ်သော်လည်း ဣသရိယပုဂ္ဂိုလ် ကဲ့ပြားခြင်း လာဘ်ကဲ့ပြားခြင်း အလုပ်ကိစ္စ ကဲ့ပြားခြင်းရှိသော် ကထိန် အသီးအသီး ခံထိုက်၏ဟု ဆုံးဖြတ်သော်သင့် မသင့်ဟု လျှောက်ထားရာနှိုက်—

ယင်းလျှောက်လွှာပါ ဝင်ရဗုဒ္ဓိဋ္ဌီကာကို သာဓကပြု၍ တသိမ်တည်းပင် ဖြစ်သော်လည်း ဣသရိယပုဂ္ဂိုလ်ကဲ့ပြားခြင်း လာဘ်ကဲ့ပြားခြင်း အလုပ်ကိစ္စ ကဲ့ပြားခြင်းရှိသော် ကထိန် အသီးအသီး ခံထိုက်၏ဟု ဆုံးဖြတ်ခြင်းသည် ဝင်ရဗုဒ္ဓိဋ္ဌီကာဆရာ၏ အလိုအာဘော် မကျသည့်ပြင် ယင်းဋ္ဌီကာ၏ စောဒနာဝါကျ အပြည့်အစုံ မပါသဖြင့် အဓိပ္ပါယ် အယူအဆ ချွတ်ယွင်းသောကြောင့်ဎင်း၊

သစေ ပန ကေသိမာယံ ဗဟူ ဝိဟာရာ ဟောန္တိ၊ သဗ္ဗေဝိဘိက္ခူ သန္နိပါတေတွာ ကေတ္ထ ကထိနံ အတ္ထရိတဗ္ဗံ။ ဝိသုံဝိသုံ အတ္ထရိတုံ နဝဋ္ဋတိ။

ဟူသော အဋ္ဌကထာနှင့်လည်း ဆန့်ကျင်သောကြောင့်ဎင်း၊ မြတ်စွာဘုရား၏ အလိုတော်လည်း မကျသောကြောင့်ဎင်း မသင့်မြတ် မလျော်၊ အသီးအသီး ကထိန်မခင်းအပ် မခင်းထိုက်ဟု အကျဉ်းအားဖြင့် မှုချသန့်ဋ္ဌာန်ကျ မှတ်သားအပ်၏။

ဝဇီရဗုဒ္ဓိဋီကာ၏ ပါဠိကို အပြည့်အစုံထုတ်၍
အဓိပ္ပါယ်ကို ရှင်း၍ ပြခြင်း

အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာဝိ နလဘန္တိ တိ ဇုဒံ ကိံ ကေသိမသ္မိံ၊ ဥဒါဟု နာနာသိမသ္မိန္တိ။ကိဉ္စေတ္ထ ယဒိတာဝ ကေသိမသ္မိံ၊ ပရတော သစေ ပန ကေသိမာယ ဇဟ္ဂူ ဝိဟာရာ ဟောန္တိ။သဇ္ဇေဝိ ဘိက္ခူ သန္နိပါတေတ္ဝာ ကေတ္ထ ကထိနံ အတ္ထရိတဗ္ဗံ။ ဝိသုံဝိသုံ အတ္ထရိတုံ နု ဝဋ္ဋတီတိ ဇုမိနာ အဋ္ဌကထာ ဝစနေန ဝိရဇ္ဈတိ။ဇုဒဉ္ဝိ ဝစနံ သဇ္ဇေသံယေဝ ကေဝေါ ကထိနတ္ထာရောတိ ဒီပေတိ။ အထ နာနာသိမသ္မိံ ဥပနန္ဒဿ ကောဓိပ္ပါယဒါနာနုမတိယာ ဝိရဇ္ဈတိ။ ဝုတ္တဉ္ဧတံ—ဒေထ ဘိက္ခဝေ တဿ မောဃပုရိသဿ ကောဓိပ္ပါယန္တိ။ ဇုဒဉ္ဝိ ဝစနံ ဒ္ဝိသုဝိ အာဝါသေသု တဿ ကထိနတ္ထာရသိဒ္ဓိံ ဒီပေတီတိ။ အဝိရောဓေဝ ဇုစ္ဆိတဗ္ဗော၊ အပ္ပဋိသိဒ္ဓတ္တာ။ တသ္မာ ကေသိမသ္မိံဝါ နာနာသိမသ္မိံဝါ နာနုပစာရေ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာဝိ နလဘန္တိ အဓိပ္ပါယော ဝေဒိတဗ္ဗော။

ဤသို့ ဝဇီရဗုဒ္ဓိဋီကာ၏ စောဒကဝါကျ ပရိဟာရဝါကျတို့ကို အပြည့်အစုံ မှတ်ယူအပ်၏၊ သို့မှသာလျှင် အဓိပ္ပါယ် အာဘောဂကို မှန်ကန်စွာ သိနိုင်မည် ဟုမှတ်။

မှတ်ချက်—ဝဇီရဗုဒ္ဓိဋီကာဆရာသည် "အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ နလဘန္တိ" ဟူ၍ မဟာပစ္စရီ အဋ္ဌကထာ၏ ဝါဒ ပြသည်ကို အများမနှစ်သက်ကြ၍ စောဒနာဝါကျ ပရိဟာရဝါကျ ထုတ်၍ပြသည်။

ယင်းဋီကာဝါကျတို့တွင် "အညသ္မိံ ဝိဟာရေ။လ။နာနာသိမသ္မိန္တိ" ဟူသောပါဠိဖြင့် မူလစောဒနာခြင်း စောဒကဝါကျကို ပြ၏။

အဓိပ္ပါယ် တပါးသောကျောင်းနှိုက် ဝါကျတ်ကုန်သော ရဟန်းတို့သည် ကထိန်ခင်းခြင်းကို မရကုန်ဟု မဟာပစ္စရီအဋ္ဌကထာဝါဒကို ပြသောစကားသည် တခုသော ဥပစာရသိမ်နှိုက် တပါးသောကျောင်းကို ယူရမည်လော၊ သို့မဟုတ် အသီးအသီးသော ဥပစာရသိမ်နှိုက် တပါးသောကျောင်းကို ယူရမည်လောဟု အာဘော်ထား၍ မူလစောဒနာခြင်းကို ပြ၏။

"ကိုဥ္စေတ္ထ။လ။တဿ ကထိနတ္ထာရသိဒ္ဓိ ဒီပေတီတိ"ဟူသော ပါဠိဖြင့် ဆူးစူးလျှင် ဆူးဖြင့်ထွင်သကဲ့သို့၎င်း၊ငါးကြင်းဆီဖြင့် ငါးကြင်းကို တစ်သကဲ့သို့၎င်း စောဒနာတုန့်ကိုပြ၍ ဖြေလိုသောကြောင့် ဤသို့ သင်စောဒကဆရာ စောဒနာရှုန့်က် သင်စောဒကဆရာ၏ စောဒနာခြင်းသည် မပြည့်စုံသေး စိုးစဉ်းဆိုအပ်သော စောဒနာကြွင်းကို ပြဦးလော့ဟု စောဒနာကြွင်းကို ဝဇိရဗုဒ္ဓိဋီကာဆရာ ပြတော်မူ၏။ စောဒနာသော စကားကို ဘုရားအလိုတော်ကျ စကားဟုမည်သည့်ဌာနရှိုက် အမြဲမမှတ်အပ်၊ ထိုကြောင့် စောဒက၏စကားကို သာဓကပြု၍ အဓိပ္ပါယ်အမှန်ကိုမယူအပ်၊ စောဒကသည် အလုံးစုံကို မသိမမြင်၊ လေသမတ္တာ အမြွက်မျှကိုသာ ယူ၍ စောဒနာသည်ဟု မှတ်အပ်၏။ ထိုကြောင့် ဇာလိနီရှိုက်—

> လေသမတ္တာမုပါဒါယ၊ ယံဝါတံဝါ ပရမ္မုခာ။
> စောဒကော ပန စောဒေတိ၊ သော ဟိ သဗ္ဗံ နပဿတိ။—ဟု ပြ၏။

မှတ်ချက်—ဌင်းစောဒကဝါဂ်၏အဓိပ္ပါယ်မှာ အနက်ယောဇနာရာဌ္ဌ ထင်ရှားလတံ့၊ လိုရင်း ပရိဟာရဝါဂ်၏ အဓိပ္ပါယ် အာဘော်ကိုသာ ပြပေအံ့။

"အဂိရောဓောဝ ဇုန္ဆိတဗ္ဗော၊အပ္ပဋိသိဒ္ဓတ္တာ။ တဿာ ကေသိမသ္မိံဝါ နာနာသိမသ္မိံဝါ နာနုပစာရေ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာဝိ နလဘန္တိ အဓိပ္ပါယော ဝေဒိတဗ္ဗော" ဟူသော ဝါဂ်ဖြင့် အဖြေပရိဟာရကို ပြ၏။

အဓိပ္ပါယ် စောဒက ဆရာသည် အရှုပ်တွဲအားဖြင့် စောဒနာသော "အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ နလဘန္တိ"ဟူသောမဟာပစ္စရိအဋ္ဌကထာရှိုက် ဆို၏ဟူ၍ အဋ္ဌကထာသစ် ဆိုသော စကားကို "သစေ ပန ကေသိမာယံ ဗဟူ ဝိဟာရာ ဟောန္တိ၊ သဗ္ဗေပိ ဘိက္ခူ သန္နိပါတေတ္ဝာ ကေတ္ထ ကထိနံ အတ္ထာရိတဗ္ဗံ။ဝိသုံဝိသုံ အတ္ထာရိတုံ နဝဋ္ဋတိ"ဟူသော အဋ္ဌကထာနှင့်၎င်း၊ "ဒေထ ဘိက္ခဝေ တဿ မောဃပုရိသဿ ကောဓိပ္ပါယံ"ဟူသော ပါဠိတော်နှင့်၎င်း မဆန့်ကျင်သည်ကိုသာလျှင် ဝိနည်းမြင်သိ ပညာရှိသည်

အလိုရှိအပ်၏။ အဘယ့်ကြောင့်နည်းဟူမူ.... စောဒကဆရာ၏ အလိုအတိုင်း အဓိပ္ပါယ် မပြီးခြင်းကြောင့်တည်း။ ထိုသို့ မဆန့်ကျင်ခြင်းကို အလိုရှိအပ်သည်ဖြစ်၍ စောဒကအလိုအတိုင်း မပြီးခြင်းကြောင့် တူသော ဥပစာရှိသော ဥပစာရသိမ်နှိုက် နာနှုပစာရ အညဝိဟာရနှိုက်၎င်း၊ အသီးအသီး တံတိုင်းစသည်ဖြင့် အပိုင်းအခြားရှိသော ဥပစာရသိမ်နှိုက် နာနှုပစာရ အညဝိဟာရနှိုက်၎င်း ဝါကျတ်ကုန်သော ရဟန်းတို့သည် ကထိန်ခင်းခြင်းကို မရကုန်ဟု အဖြေပရိဟာရကို ပြတော်မူ၏။ ထိုကြောင့် ဝဇိရဗုဒ္ဓိဋီကာဆရာသည် တခု သော ဥပစာရကျောင်းတိုက်နှိုက် ကျောင်းအသီးအသီးတို့နှိုက် ကထိန်ခင်း အပ်ကြောင်းကို အလိုအာဘောဂ မရှိ၊ မခင်းအပ်ကြောင်းကိုသာလျှင် အလို အာဘောဂ ရှိသည်ဟု မုချမှတ်ယူအပ်၏။

ယင်း ဝဇိရဗုဒ္ဓိဋီကာ အဖြေပရိဟာရနှိုက် "သစေ ပန ကေသိမာယ။လ။ နဝဋ္ဋတိ" ဟူသော အဋ္ဌကထာနှင့်၎င်း၊ "ဒေထ ဘိက္ခဝေ တဿ မောဃပုရိသဿ ကောဓိပ္ပါယံ" ဟူသော ပါဠိတော်နှင့်၎င်း မဆန့်ကျင်ခြင်းကို အလိုရှိအပ်၏။ "အဝိရောဓောဝ ဣစ္ဆိတဗ္ဗော" ဟု ပြခြင်းကြောင့်၎င်း စောဒကဆရာ၏ အလို အာဘောဂ မပြီးဟု "အပ္ပဋိသိဒ္ဓတ္တာ" ဟူသော ဟိတ်ပါဋ္ဌကို ပြခြင်းကြောင့်၎င်း၊ "တသ္မာ။လ။နလဘန္တိတိ အဓိပ္ပါယော ဝေဒိတဗ္ဗော" ဟူသော လဒ္ဓဂုဏ်ကို ပြခြင်းကြောင့်၎င်း အဋ္ဌကထာ လာတိုင်းသာလျှင် ဥပစာရသိမ်ကျောင်းတိုက် တခုတ္တင် ကျောင်းအသီးအသီးတို့နှိုက် ကထိန် အသီးအသီး မခင်းအပ် မခင်းထိုက် မခင်းကောင်းဟူသော အဓိပ္ပါယ်ကို သာလျှင် မှတ်ယူအပ်၏၊ , ခင်းအပ် ခင်းထိုက် ခင်းကောင်း၏ဟူသော အဓိပ္ပါယ်ကို မုချ မမှတ်ယူအပ်။ ထိုကြောင့် ယင်း ဝဇိရဗုဒ္ဓိဋီကာကို သာဓက ပြု၍ ဥပစာရသိမ်တခုတည်းပင် ဖြစ်သော်လည်း ဣဿရိယပုဂ္ဂိုလ် ကဲ့ပြားခြင်း လာဘ်ခံကဲ့ပြားခြင်း အလုပ်ကိစ္စ ကဲ့ပြားခြင်းရှိသော် ကထိန် အသီးအသီး ခံထိုက်၏ဟု ဆုံးဖြတ်သော ဝိနိစ္ဆယသည် ပမာဒလေခဝိနိစ္ဆယဟု မုချ မှတ်ယူအပ်၏။

မှတ်ချက်—ယင်း ဝဇိရဗုဒ္ဓိဋီကာကို စဲ့၍ ပစ္ဆိမဇနတာ မန္ဒဗုဒ္ဓိတို့ မိစ္ဆာ ဉာဏ် မသက်ဝင်စေခြင်းငှါ ၎င်းဋီကာ၏ အာဘောဂ အဓိပ္ပါယကို သခေ်ပအားဖြင့် ဝိသောဓန ပြုလိုက်သည်ဟုမှတ်။

အနက် အညသို့ ဝိဟာရေ ဝုတ္ထဝဿာပိ နလဘန္တီတိ ဣဒံဝစနံ၊အညသို့ ။လ။နလဘန္တိဟူသော ဤအဋ္ဌကထာစကားသည်။ (နလဘန္တိ နှုိက် ပကတိကတ္တား စပ်)။ ကေသိမသို့၊ တူသော ဥပစာရှိသော တခုသော ဥပစာရသိမ်နှုိက်။ (ကေသိမသို့နှိ ကေူပစာရသိမာယ ဟူသော ဋီကာနှင့် အညီတည်း)။ဝုတ္ထဝဿာပိ၊ဝါကျတ်သောရဟန်းတို့သည်လည်း။ကထိနတ္ထာရံ၊ ကထိန်ခင်းခြင်းကို။ နလဘန္တိကိ၊ မရကုန်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ နာနာသိမသို့၊အသီးအသီးသော ဥပစာရသိမ်နှုိက်။ဝါ၊အသီးအသီး တံတိုင်း စသည်တို့ဖြင့် ပိုင်းခြားအပ်သော ဥပစာရှိသောသိမ်နှုိက်။ ဝုတ္ထဝဿာပိ၊ တို့ သည်လည်း။ ကထိနတ္ထာရံ၊ ကို။ နလဘန္တိကိ၊ မရကုန်သလော။ ဣတိအယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာခြင်းတည်း။ (ဤစောဒနာကား မူလ စောဒနာဟု မှတ်)။

ပရိဟာရဋီကာဆရာသည် သင်စောဒနာခြင်းသည် မပြည့်စုံသေး၊ ဤသို့ စောဒနာရမည်ဟု စောဒနာနည်းကိုပြ၍ ဖြေလိုသောကြောင့် “ဝ ” ၄ဝဝ၄ ကဥ္စေတ္ထ စသည်ကု မန့်။

ထွေဌာနေ၊ဤသို့ စောဒနာရာန္ဒုိက်။ ဝါ ဇတ္ထ တေိသံ စောဒနာယံ၊နှုိက်။ တေ၊သင်စောဒကဆရာ၏။စောဒနာ၊စောဒနာခြင်းသည်။အသမတ္တာ၊မပြည့် စုံသေး။ ကိဉ္စိ၊စိုးစဉ်း။ ဝတ္တဗ္ဗံ၊ဆိုအပ်သော။ ယံ အဝသိဋ္ဌံ၊ အကြင် စောဒနံ ကြွင်းသည်။ အတ္ထိ၊ရှိ၏။ တံအဝသိဋ္ဌံ၊ထိုစောဒနာကြွင်းကို။ တုံ၊သင်စောဒက ဆရာသည်။ တာဝ၌ဟိ၊ဆိုဦးလော။ (တာဝသဒ္ဒါ အနုညာတတ္ထ)။ တာဝ ပဌမံ၊ရှေးဦးစွာ။ကေသိမသို့၊တူသော ဥပစာရှိသော တခုသော ဥပစာရသိမ် နှုိက်။ ဝုတ္ထဝဿာပိ၊ဝါကျတ်ကုန်သော ရဟန်းတို့သည်လည်း။ ကထိနတ္ထာရံ၊ ကထိန်ခင်းခြင်းကို။ ယဒိနလဘန္တိ၊အကယ်၍မရကုန်အုံ။ ဧဝံသန္တေသု၊ ဤသို့ မရကုန်သည်ရှိသော်။ ပရတော၊နောက်နှုိက်။ဝုစ္စမာနေန၊ဆိုအပ်လတ္တံသော။ သစေပန ။လ။ နဝဋ္ဌတီတိ၊ ဟူသော။ ဤမိနာ အဋ္ဌကထာဝစနေန၊ ဤအဋ္ဌ ကထာစကားနှင့်။ ဝိရုဇ္ဈတိ၊ ဆန့်ကျင်၏။

အဋ္ဌကထာနက် ကေသီမာယ၊တူသောဥပစာရှိသော တခုသောဥပစာရ သိမ်နှိုက်။ ဗဟူ၊များစွာကုန်သော။ ဝိဟာရာ၊ကျောင်း တို့သည်။ သစေဟောန္တိ၊အကယ်၍ ဖြစ်ကုန်အံ့။ ဧဝံသန္တေသု၊ ဤသို့ဖြစ်ကုန် သည်ရှိသော်။ သဗ္ဗေပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ ဘိက္ခူ၊၊ တို့သည်။ သန္နိ ပါတေတ္ဝာ၊စည်းဝေး၍။ကေတ္ထ၊တခုသောကျောင်းနှိုက်။ ကထိနံ၊ကထိန်ကို။ အတ္ထရိတဗ္ဗံ၊ခင်းအပ်၏။ဝိသုံဝိသုံ၊အသီးအသီး။ကထိနံ၊ကထိန်ကို။ အတ္ထရိတုံ၊ ခင်းခြင်းငှါ။ နဝင္ဆတိ၊မအပ်။

> “ ယဒိတာဝ ။လ။ ဝိရုဠှတိ”ဖြင့် စောဒက၏ အာဘော်ကို ပြသည်။ အဓိပ္ပါယ်....အညသို့ ဝိဟာရေအရကို ဥပစာရသိမ်တခု တည်းနှိုက် တကျောင်းကိုယူခဲ့သော် ‘‘သစေ ပန ။လ။ နဝင္ဆတိ” ဟူသော အဋ္ဌကထာနှင့် ဆန့်ကျင်၏ ဟူလို။

ဟိသစ္စံ၊မှန်၏။ ဣဒံဝစနံ၊ ဤသစေ ပန အစရှိသော အဋ္ဌကထာစကား သည်။ သဗ္ဗေသံ၊ အလုံးစုံသောကျောင်းတို့တွင်။ (ဧဝသဒ္ဒါ အဋ္ဌာနယောဂ၊ ဧကောပုဒ် နောက်နှိုက်ယှဉ်)။ ဧကောယေဝ၊ တကျောင်းသည်သာလျှင်။ ကထိနတ္ထာရော၊ ကထိန်ခင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိဣမံ အတ္ထဇာတံ၊ ဤသို့သော အနက်သဘောကို။ ဒီပေတိ၊ ပြ၏။ (ဣဒဉ္ဉိ စသောပါဠိဖြင့် စောဒက၏ ယုတ္တိဒဋ္ဌိကိုပြသည်)။ အထ၊ထိုသို့မဟုတ်။ နာနာသီမသို့ ၊အသီး အသီးသော ဥပစာရသိမ်နှိုက်။ဝုတ္ထဝဿာပိ၊တို့သည်လည်း။ကထိနတ္ထာရံ၊ကို။ ယဒိနလဘန္တိ၊အကယ်၍ မရကုန်အံ့။(ယဒိသဒ္ဒါလိုက်)။ ဧဝံသန္တေသု၊သော်။ ဥပနန္ဒဿ၊ ဥပနန္ဒရဟန်းအား။ ကောဓိပ္ပါယ ဒါနာနုမတိယာ၊ တခုသော လိုအပ်သော ပုဂ္ဂိုလ်အစုအဖို့ကိုပေးသော ဘုရားအလိုတော်နှင့်။ ဝိရုဠှတိ၊ ဆန့်ကျင်၏။ တနည်း....အနုမတိယာ၊ မြတ်စွာဘုရား အလိုတော်အားဖြင့်။ ကောဓိပ္ပါယဒါနံ ကောဓိပ္ပါယဒါနေန၊ တခုသော အလိုရှိအပ်သော ပုဂ္ဂိုလ်၏ အစုအဖို့ကို ပေးခြင်းနှင့်။ ဝိရုဠှတိ၊ဆန့်ကျင်၏။

> ဤအနက်ကား....“ကောဓိပ္ပါယန္တိ ကေံ အဓိပ္ပါယံ ကေံ ပုဂ္ဂလ ပဋိဝိသမေဝ ဒေထာတိ အတ္ထော” ဟူသော အဋ္ဌကထာနှင့်အညီ တည်း။ “ အထ နာနာသီမသို့ ။လ။ ဝိရုဠှတိ ”ဟူသောပါဠိဖြင့် စောဒက၏ အာဘော်ကို ပြ၏။

ဟိ တဒမိနာ သစ္ဖံ၊ ထိုဆန့်ကျင်၏ဟူသော စကားသည် ဒေထဘိက္ခဝေ ဟူသော ဤစကားဖြင့် မှန်ပေ၏။ (ဘုရားကြီး ပါစိတျာဒိ ယောဇနာအလို မှတ်)။ ဒေထဘိက္ခဝေ။လ။ကောဓိပ္ပါယန္တိ၊ ဟူသော။ ဧတံဝစနံ၊ကို။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ မောဃပုရိသာသ၊ မင်္ဂဖိုလ်မမှီး အချည်းနှီးသောယောကျ်ားဖြစ်သော။ တဿ၊ထိုဥပနန္ဒရဟန်းအား။ ကော ဓိပ္ပါယံ၊တခုသော အလိုရှိအပ်သော တခုသော ပုဂ္ဂိုလ်၏ အဖို့အစုကိုသာ လျှင်။ (ဧဝသဒ္ဒါ လောပကြံ)။ ဒေထ၊ ပေးကြကုန်လော။ (ဤ ဝုတ္တဥ္စေတံ စသောပါဠိဖြင့် စောဒက၏ အာဂမဒဋ္ဌိကို ပြ၏)။ ဟိတဒေဝယုတ္တံ၊ထို ဒေထ ဘိက္ခဝေ စသောပါဠိတော် စကားသည်သာလျှင် သင့်မြတ်ပေစ့။ ဣဒံဝစနံ၊ ဤ ဒေထ ဘိက္ခဝေ အစရှိသော ပါဠိတော်စကားသည်။ ဒ္ဒိသုပိ အာဝါသေသု၊ နှစ်ကျောင်းတို့နှိုက်လည်း။ တဿ၊ ထိုဥပနန္ဒရဟန်း၏။ ကထိနတ္ထာရသိဒ္ဓိံ၊ ကထိန်ခင်းခြင်း၏ ပြီးခြင်းကို။ ဝါ၊ ကထိန်ခင်းခြင်း၏ ထင်ရှားခြင်းကို။ ဒီပေတိ၊ပြ၏။ ဣတိ၊ဤသို့။ အဝသိဋ္ဌံ၊စောဒနာကြောင်းကို။ တာဝ၊ပြုဟိ၊ဆိုဦး လော။ ဣတိ၊ ဤသို့။ ပရိဟာရော၊ ပရိဟာရ်ဆရာသည်။ အာဟ၊ ဆို၏။ (ဣတိသဒ္ဒါတလုံးကြေ)။ တနည်း....ဣတိအယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာတည်း။

အဓိပ္ပါယ် ဤ "ကိဥ္စေတ္ထ အစ ကထိနတ္ထာရသိဒ္ဓိံ ဒီပေတိတိ" အဆုံးရှိ သောဝါကျသည် အတုန့်ပြန်သော စောဒနာဝါကျဟူ၍သာ မှတ်အပ်၏၊ စောဒက၏ ဝါကျစကားရပ်ဟူသမျှကို ဘုရားအလိုတော်ကျ စကားဟူ၍ အမြဲ မမှတ်ယူအပ်၊ ပယ်စွန့်အပ်သည်သာလျှင်တည်း။

ဥပနန္ဒသည် အသီးအသီး နှစ်ကျောင်းနေ၍ နှစ်ကျောင်းလုံးနှိုက်ပင် ကထိန်ခင်းသော်လည်း ပုရိမဝါကပ်သောကျောင်း၏ အစုအဖို့ကို ပေးကြ ကုန်လောဟု ဘုရားမိန့်တော်မူ၏၊ ဝါမကပ်သောကျောင်း၏ အဖို့အစုမရ၊ ထိုကြောင့် "ဥပနန္ဒဿ ကောဓိပ္ပါယ ဒါနာနုမတိယာ ဝိရုဇ္ဈတိ" ဟု အာဘော် ကို ပြသည် ဟူ၍မှတ်။

ထိုစောဒနာ၏ အဖြေ ပရိဟာရကို ပြလိုရကား.... "အဝိရော ဓေဝ" စသည်ကို မိန့်။

ဣဒံဝစနံ၊ဤ အညသ္မိံ ဝိဟာရေ စသော အဋ္ဌကထာစကားကို။ (ထည့်)။ အဝိရောဓေဝ၀၊ သစေ ပန် စသော အဋ္ဌကထာ နောက်စကားနှင့်ဂုဏ်း ဒေထ ဘိက္ခဝေ စသော ပါဠိတော်နှင့်ဂုဏ်း မဆန့်ကျင်မြင်းကိုသာလျှင်။ ဝိနယညုနာ၊ ဝိနည်းမြင်သိ ပညာရှိသည်။ ဣစ္ဆိတပ္ပေါ၊ အလိုရှိအပ်၏။ ကဿာ၊အဘယ် ကြောင့်နည်းဟူမူကား။ အပ္ပဋိသိဒ္ဓတ္တာ၊ စောဒက၏ အလိုအတိုင်း မပြီး မပြည့်စုံခြင်းကြောင့်တည်း။

ဤကား အဖြေတည်း။ ထိုအဖြေ၏ လဒ္ဓဂုဏ်ကို ပြလိုရကား "တသ္မာ" စသည်ကို မိန့်။

တသ္မာ၊ ထိုသို့ အညသ္မိံ ဝိဟာရေ စသောစကားကို သစေ ပန စသော အဋ္ဌကထာစကားနှင့်ဂုဏ်း ဒေထ ဘိက္ခဝေစသောပါဠိတော်နှင့်ဂုဏ်း မဆန့်ကျင်ခြင်းကိုသာလျှင် အလိုရှိအပ် စောဒက၏ အလိုအတိုင်း မပြီး မပြည့်စုံခြင်းကြောင့်။ ကေသိမသ္မိံ၊ တူသော ဥပစာရှိသော တခုသောဥပစာရသိမ်နှိုက်။ (ဝါသဒ္ဒါ အဋ္ဌာနယောဂ)။နာနူပစာရေ၊အသီးအသီးသော ဥပစာရှိသော။ အညသ္မိံ၊တပါးသော။ ဝိဟာရေဝါ၊ကျောင်းနှိုက်ဂုဏ်း။ နာနာသီမသ္မိံ၊အသီးအသီးသော ဥပစာရသိမ်နှိုက်။ နာနူပစာရေ၊ အသီးအသီးသော ဥပစာရှိသော။ အညသ္မိံ၊ သော။ ဝါ၊ ကထိန်ခင်းသောကျောင်းမှ တပါးသော။ ဝိဟာရေဝါ၊ ကျောင်းနှိုက်ဂုဏ်း။ ဝုတ္ထဝဿောပိ၊ဝါကျွတ်သော ရဟန်းတို့သည်လည်း။ ကထိနတ္ထာရံ၊ ကထိန်ခင်းခြင်းကို။ နလဘန္တိ၊ မရကုန်။ ဣတိအဓိပ္ပါယော၊ဤသို့သော အဋ္ဌကထာဆရာ၏ အလိုကို။ ဝါ၊ ဤအဝိရောဓေဝ၀ ဣစ္ဆိတပ္ပေါ အပ္ပဋိသိဒ္ဓတ္တာ ဟူသော အဖြေစကားနှိုက် အလိုရှိအပ်သော အဓိပ္ပါယ်ကို။ ဝိနယညုနာ၊ဝိနည်းမြင်သိ ပညာရှိသည်။ ဝေဒိတပ္ပေါ၊၏။

(ဝါသဒ္ဒါ ဌာနယောဂအတိုင်းယောဇနာဦးအံ့)။ တနည်း—တသ္မာ၊ ထိုကြောင့်။ကေသိမသ္မိံ ဝါ၊တူသောဥပစာရှိသော ကထိန်ခင်းသောကျောင်းနှိုက်ဂုဏ်း။ နာနာသီမသ္မိံ ဝါ၊ အသီးအသီးသော ကထိန်ခင်းသော ဥပစာရသိမ်နှိုက်ဂုဏ်း။ တတော၊ထိုကထိန်ခင်းသော ဥပစာရသိမ်မှ။ (ထည့်)။ အည

သို့ ၊တပါးသော။ဝိဟာရေ၊နို့က်။ ဝုတ္ထဝဿာပိ၊တို့သည်လည်း။ ကထိနတ္ထာရံ၊ ကို့။ နလဘန္တိ၊ မရကုန်။ ဣတိအဓိပ္ပါယော၊ ကို့။ ဝိနယညုနှာ၊ သည်။ ဝေဒိ တဗ္ဗော၊၏။ (ဤသို့ ယောဇနာလျှင် အသင့်ယုတ္တိ ရှိ၏)။

မှတ်ချက်–ဝါသဒ္ဒါကို ဌာနယောဂအတိုင်း ယောဇနာလျှင်"ကေသိမသို့ ဝါ နာနာသိမသို့ ဝါ" ဟူသော အာဓာရပုဒ်ကို "ဝုတ္ထဝဿာပိ နလဘန္တိ" ဟူသော ပုဒ်နှင့်သာ စပ်ရာရှိသောကြောင့် ထိုသို့ စပ်ခဲ့လျှင် ကျောင်းတိုင်းကျောင်းတိုင်းနို့က် ဝါကျတ်ကုန်သော ရဟန်းတို့သည် ကထိန်ခင်းခြင်းကို မရကုန်ဟူသော ဝိရောဓိ ဒေါသ ရောက်ရန်ရှိသောကြောင့် ပဌမယောဇနာနည်းနို့က် ဝါသဒ္ဒါကို အဋ္ဌာနယောဂကြံ၍ ယောဇနာလိုက်သည်၊ အဖြေ ဝါကျ၏ အဓိပ္ပါယ်ကို အောက်နို့က်ဆိုခဲ့ပြီ။

မန္တလေးမြို့ မိုးကောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ သာသနာပြု ညောင်ရမ်း ဆရာတော်သည် ရေတာရှည်မြို့ မဟာဓမ္မဒီပိကာရာမတိုက် ပေကုန်းကျောင်း ဘုန်းကြီး ရှင်ဝိလာသ လျှောက်ထားချက်အရ ရေးသားဆုံးဖြတ်အပ်သော စေတိယာရမ္မ ဥပစာရသိမ်နို့က် စိတ်ဖြင့်သာ နှစ်ဌာနအပိုင်းအခြားပြု၍ ဝါဆို ပြီးလျှင် ကထိန်နှစ်ဌာနခင်းရာနို့က် မအပ်ကြောင်းဝိနိစ္ဆယ။ဝါ၊ကထိနတ္ထာရာ လဘ္ဘန ဝိနိစ္ဆယသည် ၁၃၀၈-ခု၊ နတ်တော်လပြည့်ကျော် (၉)ရက် အင်္ဂါနေ့ ညနေ (၅) နာရီခွဲအချိန်တွင် အန္တရာယ်မရှိ အပြီးသို့ ရောက်သတည်း။

ဣဒံပုညံ ဓမ္မဓာတုပစ္စယော ဟောတု။

ကထိနတ္ထာရာလဘ္ဘနဝိနိစ္ဆယ ပြီးပြီ။

၁။ ရဟန်းတို့သည် မိမိတို့၏ ပုရိမဝဿံဝုတ္ထဖြစ်သော ဥပစာရသိမ်ပြင်ပနှိုက် ဒါယကာတို့သည် "ဇုမံ ကထိနစီဝရံ သံဃသ ဒေမ"ဟု ဆို၍ လှူဒါန်းသောသင်္ကန်းကို ကထိန်ခေတ်အတွင်းနှိုက်ခံယူရာဝယ် ဥ တို့ဒုတိယကမ္မဝါစာရဟ ဖြစ် မဖြစ်၊ ကထိနတ္ထာရာရဟ ရဟန်း ရှိထိုက် မရှိထိုက်ကို သန္နိဋ္ဌာန်ကျ သိလိုပါသည် ဘုရား....။

၂။ ရွှေတွင်းကူး အစရှိသော ရွာသိမ် ရွာငယ်မှ ဒါယကာတို့သည် ကထိန်ခေတ်သို့ ရောက်သောကာလ ကထိန်သင်္ကန်းကပ်၍ ခင်းစေခြင်းငှါ အမှတ်မရှိသော ကျောင်းအသီးအသီးနှိုက် ပုရိမဝါမှထကုန်သော ဘုန်းကြီးတို့ကို တကျောင်းတကျောင်းမှ တပါးတပါးသာလျှင် ရဟန်း, သာမဏေ တပါးမျှမရှိသော ထိုထူပါရုံစေတီတော်သို့ ပင့်ဆောင်၍ ဤသို့ ရောက်လာသော သံဃာတော်တို့၏ မျက်မှောက်နှိုက် အရုံနှင့် တကွသော ကထိန်သင်္ကန်းကို "သပရိဝါရံ ဇုမံ ကထိနစီဝရံ သံဃသ ဒေမ"ဟုဆို၍ လှူဒါန်းကြပါ၏။ ထိုသို့ လှူဒါန်းသောကာလ ထိုဌာန၏ အာရာမ်တွင်းနှိုက် ရသေ့တယောက်မှတပါး ပုရိမဝဿံဝုတ္ထ ဖြစ်သော ရဟန်း, သာမဏေတပါးမျှ မရှိသည့်အပြင် ထိုဒါယကာတို့၏ သဘောအားဖြင့် ပင့်ဆောင်လာသော ရဟန်းသံဃာတို့၏ ဥပစာရသိမ်မှ အပြင်အပနှိုက်ဖြစ်သောကြောင့် ထိုဒါယကာတို့၏ အလိုအားဖြင့်သာလျှင် မဲကျရာ ရဟန်းအား မဲမပေါက်သော သံဃာတော်တို့က ထိုကထိန်သင်္ကန်းကို ကမ္မဝါစာဖြင့် ပေးပြီးသောကာလ ထိုဘုရားအာရာမ်နှိုက်ပင် မဲမပေါက်သော ရဟန်းတို့အား သင်္ကန်းတစုံစီသာ ဝေဖန်စေ၏၊ မဲပေါက်သောရဟန်းသည်ကား ကထိန်သင်္ကန်းနှင့်တကွသော တိစီဝရိတ်သင်္ကန်းကို ယူ၏၊ ထိုနောက် မိမိတို့၏ ကျောင်းသို့ ပြန်ကြကုန်၏၊ ကထိန်သင်္ကန်းကိုရသော မဲပေါက်သော ကထိနတ္ထာရာရဟ ရဟန်းသည်လည်း မိမိ၏ ကျောင်းအာရာမ် ဥပစာရသိမ်အတွင်းသို့ရောက်မှ ကထိန်ခင်းလေ၏၊ထိုသို့ ကထိန်ခင်းရာနှိုက် ဥ တို့ဒုတိယကံ မြောက် မမြောက်ကို သိလိုပါသည်ဘုရား....။

၃။ သစေ ဂိမ္မာနံ ပဌမဒိဝသတော ပဋ္ဌာယ ဧဝံ ဝဒတိ။ တတြ သမ္မုခီဘူတာနံ သဗ္ဗေသံ ပါပုဏာတိ။ ကသ္မာ၊ ဝိဋ္ဌိသမယေ ဥပ္ပန္နတ္တာ။ **မဟာဝဂ်အဋ္ဌကထာ**

ဂိမ္မာနံ ပဌမဒိဝသတော ပဋ္ဌာယ ဧဝံ ဝဒတိ။ တတြ သမ္မုခီဘူတာနံ သဗ္ဗေသံ ပါပုဏာတိ၊နှ အညေသံ။ **ကခ်ဴဝိအဋ္ဌကထာ**

ဤအဋ္ဌကထာ ဆရာမြတ်တို့၏ လိုရင်း ဝိဇ္ဇာဇ္ဇာအဓိပ္ပါယ်မှာ.... ကထိန်အာနိသင်ငါးပါးကိုရသော ရဟန်းသံဃာတို့၏ ဥပစာရသိမ်အတွင်းနှိုက် တပေါင်းလပြည့်ကျော် (၁) ရက်နေ့မှစ၍ သမ္မုခီဘူတ သံဃိက အဖြစ်ကို ပြ၏၊ ဟိတ်ပါဌ်ကား.... "ကသ္မာ၊ ဝိဇ္ဇိသမယေ ဥပ္ပန္နတ္တာ" ဟူသောပါဌ်ဖြင့် ပြ၏။ ကထိန်အာနိသင်မရသော ကျောင်းတိုက်အတွင်းနှိုက် တန်ဆောင်မုန်းလပြည့်ကျော် (၁) ရက်နေ့မှ စ၍ သမ္မုခီဘူတ သံဃိက ဖြစ်၏ ဟူသော အဓိပ္ပါယ်ရောက်၏၊ အဘယ်ကြောင့် သမ္မုခီဘူတအရကို ဥပစာရသိမ်တွင်း ဟု ဆိုသနည်းဟူမူကား-

> "သမ္မုခီဘူတေနာတိ ဥပစာရသီမာယံ ဌိတေန သံဃေန ဃဏ္ဍီ ပဟရိတ္တာ ကာလံ ဃောသေတ္တာ ဘာဇေတဗ္ဗံ"—ဟု မဟာဝဂ်အဋ္ဌကထာ၌ လာရှိ၏။

ထိုကြောင့် ဒါယကာတို့သည် ကထိန်ခေတ်အတွင်းနှိုက် ကျောင်းတိုက်အသီးအသီးမှ ဘုန်းတော်ကြီးများကို သံဃာမရှိသော ထို ထူပါရုံစေတီတော်သို့ ဖြစ်စေ၊ မိမိတို့၏ နေအိမ်သို့ဖြစ်စေ ပင့်ခေါ်၍ ရောက်လာပြီးသော ဘုန်းကြီး အပေါင်းဖြစ်သော သံဃာတော်တို့အား အရုံနှင့် တကွသော ကထိန်သင်္ကန်းကို "ဇုမံ ကထိနစီဝရံ သံဃသ ဒေမ" ဟုဆို၍ လှူငြားအံ့ ကထိန်ခေတ်သင်္ကန်းကာလပင်ဖြစ်သော်လည်း ဥပစာရသိမ်ပန်းကြိုက်ဖြစ်သောကြောင့် သမ္မုခီဘူတသံဃိက ဖြစ်သင့်ပါ၏လော။

ဤသို့ တပည့် ဝိသုဒ္ဓ လျှောက်ကြားသော ပုစ္ဆာ(၃)ချက်ကို သနားသဖြင့် အဆုံး အဖြတ် ဝိနိစ္ဆယတခု ရေးသား ကယ်မတော်မူပါ ကျေးဇူးရှင် ဆရာတော်ဘုရား....။

ဝိသုဒ္ဓ
မဲဇလီကျောင်း
ပုသိမ်အနောက်ဝိုင်း။

မှတ်ချက်—အထက်ပါ မေးလျှောက်သောပုစ္ဆာ(၃)ချက်သည် ရှည်လျားလွန်း၏၊ လိုရင်း ကောက်ချက် ထုတ်၍ အကျဉ်း ချုံးလျှင် အောက်ပါအတိုင်းသာ မေးလျှောက်သင့်၏။

၁။ ကထိန်သင်္ကန်းလှူလိုသော ဒါယကာတို့သည် ဥပစာရသိမ်ပြင်ပနှိုက်နေ၍ "ဤမံ ကထိနစီဝရံ သံဃဿ ဒေမ"ဟုဆို၍ လှူဒါန်းခဲ့ပါလျှင် ကထိန်သင်္ကန်း ဖြစ် မဖြစ်၊ ဥ,တို့ဒုတိယကမ္မဝါစာရဟ ဖြစ် မဖြစ်၊ ကထိနတ္ထာရာရဟ ရဟန်း ဖြစ် မဖြစ်ကို သိလိုပါသည်ဘုရား....။

၂။ ဒါယကာတို့သည် ပုရိမဝါကပ်သော ရဟန်းမရှိသော စေတီအာရာမ်သို့ ဖြစ်စေ ရွာတွင်းအိမ်သို့ဖြစ်စေ ထိုထိုကျောင်း ပုရိမဝါမှ ထကုန်သော ကျောင်းထိုင်ဘုန်းကြီးတို့ကိုပင့်၍ ဘုန်းကြီးမျှားရောက်ရှိသော အခါ"သပရိဝါရံ ဤမံ ကထိနစီဝရံ သံဃဿ ဒေမ"ဟုဆို၍ လှူဒါန်းပြီးလျှင် စာရေးတံမဲချ၍ မဲကျသောဘုန်းကြီးအား ကထိန်သင်္ကန်းကိုကြွင်းသော ဘုန်းကြီးသံဃာတော်တို့က ဥ,တ်ကမ္မဝါစာဖြင့်ပေးလျှင် ကထိန်ခင်းခြင်းငှါ အပ် မအပ်၊ ထို မဲမကျသော ကာရကသံဃာ ဘုန်းကြီးတို့သည် ထိုကထိန် အခြံအရံသင်္ကန်းတို့ကို ဝေဖန်၍ ယူခြင်းငှါ အပ် မအပ် သိလိုပါသည်ဘုရား....။

၃။ သမ္မုခီဘူတသံဃိကသည် ဥပစာရသိမ်တွင်းနှိုက် သာလျှင် ဖြစ်ပါသလော၊ သို့မဟုတ် ဥပစာရသိမ်ပြင်ပနှိုက်လည်း ဖြစ်နိုင်ပါသေးသလော။

ဤပုစ္ဆာ(၃)ချက်တို့ကို သနားသဖြင့် ဖြေကြားဆုံးဖြတ်၍ ဝိနိစ္ဆယ ပေးသနားတော်မူပါဘုရား....။

ဤသို့သာလျှင် အကျဉ်းအားဖြင့် ရေးသား၍ မေးလျှောက်ထားသင့်ပေ၏။

ကထိနဒါနဋ္ဌာနာဒိဝိနိစ္ဆယ

၁-ပဌမ မေးလျောက်ချက် အဖြေ

၁။ ကထိန် သင်္ကန်းကို လှူလိုသော ဒါယကာတို့သည် ဥပစာရသိမ်ပန့်ုက် နေ၍ "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ" ဟုဆို၍ လှူရာ သံဃိကကထိန် သင်္ကန်း ဖြစ် မဖြစ် စသည်ဖြင့် မေးလျှောက်ရာန့ုက်—

(က) သစေ ဗဟိ ဥပစာရသီမာယံ ဌိတော ဝဿံဝုတ္ထဝဿံ ဃဿ ဒမ္မိတိ ဝဒတိ၊ သမ္မတ္တာနံ သဗ္ဗေသံ ပါပုဏာတိ။ အထ အသုက ဝိဟာရေ ဝဿံဝုတ္ထဝဿံ ဃသာတိ ဝဒတိ။ တတြ ဝဿံဝုတ္ထာနမေဝ ယာဝ ကထိနသုဿာရာ ပါပုဏာတိ။ ဝိနည်းမဟာဝဂ်အဋ္ဌကထာ စီဝရက္ခန္ဓက

အထက်ပါ အဋ္ဌကထာန့ုက် "ဗဟိ ဥပစာရသီမာယံ ဌိတော" ဟူသော ပါဠ်ဖြင့် ဥပစာရသိမ်ပ လှူရာဌာနကို ပြတော်မူ၏၊ အလုံးစုံသော ပါဠ်ဖြင့် ဥပစာရသိမ်ပန့ုက် တည်သော ဒါယကာသည် သင်္ကန်းစသော ပစ္စည်းဝတ္ထု တို့ကို ကျောင်းတိုက်ကို မရည်မှန်းမူ၍ သာမညအားဖြင့် ဝဿံဝုတ္ထသံဃာ တော်အား လှူဒါန်းပါ၏ဟု အကယ်၍ ဆိုငြားအံ့ ထိုသင်္ကန်းစသော ဝတ္ထု ပစ္စည်းသည် ထိုဥပစာရသိမ်ပ (၁၂)တောင် ဟတ္ထပါသ်န့ုက် ရောက်လာကုန် သော အလုံးစုံသော သမ္မုခီဘူတ သံဃာတော်တို့အား ရောက်၏၊ ဥပစာရ သိမ်ပ သမ္မုခီဘူတသံဃိက ဖြစ်၏။ ထိုသို့မဟုတ် ဒါယကာသည် ဥပစာရ သိမ်ပန့ုက် တည်၍ ဤအမည်ရှိသော ကျောင်းတိုက်န့ုက် ဝဿဝုတ္ထသံဃာ တော်အား လှူဒါန်းပါ၏ဟု အကယ်၍ဆိုအံ့ ထိုဒါယကာ စိတ်ရည်မှန်းသော ကျောင်းတိုက်န့ုက် ဝါမှ ကျွတ်ကုန် ထကုန်သော ရဟန်းတို့အားသာလျှင် ကထိန်နှံတ်သည်တိုင်အောင် ရောက်ကုန်၏၊ ဥပစာရသိမ်အတွင်း ဝဿံဝုတ္ထ သမ္မုခီဘူတ သံဃိက ဖြစ်၏ဟု ပြတော်မူ၏။**

(ခ) ဝဿံဝုတ္ထဝဿံ ဃသာ ဒေတိတိ ဝိဟာရံ ပဝိသိတ္ဝာ ဇုမာနိ စီဝရာနိ ဝဿံဝုတ္ထ ဝဿံ ဃသာ ဒမ္မိတိ ဝဒတိ။ ယာဝတိကာ ဘိက္ခူ။ တသ္မိံ အာဝါသေ ဝဿံဝုတ္ထာတိ ယတ္ထကာ

ဝဿစ္ဆေဒံ အကတွာ ပုရိမဝဿံဝုတ္ထာ။ တေဟိ ဘာဇေတဗ္ဗံ။ နအညေသံ ပါပုဏာတိ။ **ဝိနည်းမဟာဝဂ်အဋ္ဌကထာ စီဝရက္ခန္ဓက**

ဂဠိးအဋ္ဌကထာနှိုက်—"ဝိဟာရံ ပဝိသိတ္ဝာ။လ။ဒမ္မိတိ ဝဒတိ" ဟူသော ပါဠိဖြင့် ဥပစာရသိမ်တွင်း ကျောင်းတွင်းသို့ဝင်၍ လှူခြင်းဌာနကို ပြတော်မူ၏။ "ယာဝတိကာ။လ။နအညေသံ ပါပုဏာတိ" ဟူသောပါဠိဖြင့် ပုရိမဝဿံဝုတ္ထသံဃိကဖြစ်၍ ဝေဖန်အပ်သော ဝိနိစ္ဆယကို ပြတော်မူ၏။

မှတ်ချက်—အထက်ပါ အဋ္ဌကထာ ဆရာ၏ စကားနှစ်ရပ်ဖြင့် ဒါယကာသည် ဥပစာရသိမ်ပဋိဗာဟိရ်တည်၍ သာမညအားဖြင့် လှူသည်ဖြစ်စေ တစုံတခုသော ကျောင်းတိုက်ကို စိတ်ဖြင့်ရည်မှန်း၍ လှူသည်ဖြစ်စေ ဥပစာရသိမ်တွင်း ကျောင်းတွင်းသို့ ဝင်ရောက်၍ လှူသည်ဖြစ်စေ မုချ သံဃသန္တက ဖြစ်သည်ကို မှတ်သိရသကဲ့သို့၊ ထိုအတူ ကထိန်သင်္ကန်းကိုလည်း ဒါယကာသည် ဥပစာရသိမ်ပန္နိုက်တည်၍ လှူသည်ဖြစ်စေ ဥပစာရသိမ်တွင်း ကျောင်းတွင်းသို့ ဝင်ရောက်၍ လှူသည်ဖြစ်စေ ကထိနစီဝရ ပုရိမဝဿံဝုတ္ထ သံဃသန္တက ဖြစ်၏ဟူ၍ မုချ သန္နိဋ္ဌာန်ကျ မှတ်သိအပ်၏၊ ထိုသို့ ကထိနစီဝရ ပုရိမဝဿံဝုတ္ထ သံဃသန္တက ဖြစ်သောကြောင့် ထို ကထိန်သင်္ကန်းကို သံဃာတော်တို့က ကထိနတ္ထာရာရဟ ရဟန်းအား ဥတ္တိဒုတိယ ကမ္မဝါစာဖြင့် ပေးခြင်းငှါထိုက် ကထိန် ခင်းခြင်းငှါလည်း ထိုက်၏ဟု မုချ သန္နိဋ္ဌာန်ကျ မှတ်ယူအပ်၏။

တနည်းကား—

(၇) သံဃိကန္တိ သံဃသသန္တကံ။ သော ဟိ သံဃသ ပရိဏာတတ္တာ ဟတ္ထံ အနာရုဠ္ဟောဝိ ဧကေန ပရိယာယေန သံဃသန္တကော ဟောတိ။ **ပါရာဇိကဏ်အဋ္ဌကထာ ပရိဏာတသိက္ခာပုဒ်**

(၈) ဝိနယပရိယာယံ ပတ္ဝာ ဟိ ဒဿာမိ ကရိဿာမိတိ ဝါစာဘိန္နာ ဟောတိ။ ဣမိနာ လက္ခဏေန ဒါနံနာမ ဟောတိ။ **အဋ္ဌသာလိနီအဋ္ဌကထာ**

အထက်ပါ အင္ဌကထာနှစ်ရပ်နှိုက် သံဃာသို့ ညွတ်ပြီးဖြစ်သောကြောင့် ဝိနည်းပရိယာယ်အားဖြင့် လက်သို့ မရောက်သေးသော်လည်း ပေးလှူအံ့ ပြုအံ့ ဟု နှုတ်မြွက်ကာမျှဖြင့် သံဃသန္တကဒါန ဖြစ်ကြောင်းကို ပြတော်မူသောကြောင့် ကထိန်သင်္ကန်းကို ကျောင်းပြင်က လှူသည်ဖြစ်စေ ကျောင်းတွင်းသို့ ဝင်ရောက်၍ လှူသည်ဖြစ်စေ ကထိနစီဝရ ပုရိမဝဿံဝုတ္ထ သံဃိက ဖြစ်၏၊ ကထိန်ခင်းခြင်းငှါလည်း ထိုက်၏ဟု မုချမှတ်အပ်၏။

(၁) ပဌမ ပုစ္ဆာအဖြေ ပြီး၏။

၂-ဒုတိယ လျှောက်ထားချက် အဖြေ

၂။ ဒါယကာတို့သည် ပုရိမဝါကပ်သော ရဟန်းမရှိသော စေတီအာရာမ်သို့ ဖြစ်စေ ရွာတွင်းသို့ ဖြစ်စေ ထိုထိုကျောင်း ပုရိမဝါမှ ထကုန်သော ကျောင်းထိုင်ဘုန်းကြီးတို့ကိုပင့်၍ ထိုဘုန်းကြီးမျှား ရောက်ရှိသောအခါ "သပရိဝါရံ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ" ဟုဆို၍ လှူပြီးလျှင် စာရေးတံ မဲချ၍ မဲကျသော ကျောင်းထိုင်ဘုန်းကြီးအား မဲမကျသောဘုန်းကြီး သံဃာတော်တို့က ထိုကထိန်သင်္ကန်းကို ဥတ်ကမ္မဝါစာဖြင့် ပေးလျှင် ကထိန်ခင်းခြင်းငှါ အပ် မအပ်၊ ထို မဲမကျသော ဘုန်းကြီးတို့သည်လည်း ကထိန် အခွံအရံဖြစ်သော သင်္ကန်းတို့ကို ဝေဖန်၍ ယူခြင်းငှါ ထိုက် မထိုက်ကို သိလိုပါသည်ဘုရားဟု မေးလျှောက်ရာနှိုက်—

ဥပစာရသိမ်ကျောင်း၏ အပဖြစ်သော စေတီအာရာမ် စသည်တို့နှိုက် ဒါယကာတို့သည် ပင့်ထားအပ်သော ကျောင်းထိုင်ဘုန်းကြီးတို့ အစုံအညီ ရောက်ရှိသောအခါ ကထိန်သင်္ကန်းကို မလှူမီ ရှေးဦးစွာ ကျောင်းတိုက်ကို စာရေးတံ မဲချခြင်းကို မပြုဘဲ "သပရိဝါရံ ဣမံ ကထိန စီဝရံ သံဃဿ ဒေမ" ဟု ဆို၍ လှူဒါန်းပြီးမှ စာရေးတံ မဲချခဲ့ပါလျှင် ထိုသင်္ကန်းသည် ကထိန်သင်္ကန်း အဖြစ်ကို ရည်ရွယ်ခြင်း ရှိပါသော်လည်း ကထိန်သင်္ကန်း မဖြစ် ကထိန်ခင်းခြင်းငှါ မထိုက်၊ သမ္မုခီဘူတ သံဃိက အတုမျှသာ ဖြစ်၏ဟု အကျဉ်းအားဖြင့် မှတ်သားအပ်၏။

အဘယ်ကြောင့်နည်း ဟူမူကား....ထိုကထိန်သင်္ကန်းသည် ဥပစာရသိမ်ကျောင်းတိုက်ကို ရှေးဦးစွာ ပိုင်းခြား ရည်ရွယ်၍ မဲချခြင်း မရှိသောကြောင့်၎င်း၊ ကထိနစီဝရံသံဃိကကို မြတ်စွာဘုရားသည်—

အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုတ္ထာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ။

ဟူ၍ ဝဿံဝုတ္ထ သာမညအားဖြင့် ဟောတော်မူသော်လည်း ထိုထို ကျောင်းတိုက်နှိုက် ဝါမှ ထကုန်သော ရဟန်းတို့၏ ဝဿံဝုတ္ထ စာတုဒိသာသံဃိကဟူ၍ မယူအပ်၊ စင်စစ်ကား တခုသော ကျောင်းတိုက်နှိုက်သာလျှင် ဝါမှ ထကုန်သောရဟန်းတို့၏ ပုရိမဝဿံဝုတ္ထ သံဃိကဟူ၍သာ ယူအပ်သော ကြောင့်၎င်း၊ ထိုဥပစာရသိမ်ပြင်ပနှိုက် ဒါယကာတို့သည် ပင့်ထားအပ်သော ရဟန်းတို့ စုဝေးမိသောအခါ သံဃိကလှူဒါန်းအပ်သော သင်္ကန်းသည် ကထိန်သင်္ကန်း မဖြစ် ကထိန်ခင်းခြင်းငှါ မထိုက်၊စင်စစ်အားဖြင့် သမ္မုခီဘူတသံဃိက အတုအယောင်မျှသာ ဖြစ်၏ဟူ၍ မုချမှတ်ယူအပ်၏။ ထိုကြောင့် ဝိနည်းမဟာဝါ အဋ္ဌကထာ ကထိနက္ခန္ဓကနှိုက်—

(က) ဝုတ္ထဝဿဝသေန ပုရိမိကာယ ဝဿံ ဥပဂန္ဆာ ပဌမပဝါရဏာယ ပဝါရိတာ လဘန္တိ။ ဆိန္နဝဿာ ဝါပစ္ဆိမိကာယ ဥပဂတာ ဝါ န လဘန္တိ။ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာဝိ န လဘန္တိ မဟာပစ္စရိယံ ဝုတ္တံ။ ပုရိမိကာယ ဥပဂတာနံ ပန သဗ္ဗေ ဂဏှုရကာ ဟောန္တိ၊ အာနိသံသံ န လဘန္တိ။ အာနိသံသော ဇုတရေသံယေဝ ဟောတိ။—ဟူ၍ ဖွင့်ပြတော်မူ၏။

၎င်းအဋ္ဌကထာနှိုက် “အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တိ” ဟူသောပါဠိဖြင့် ကထိန်သင်္ကန်းကို အလှူခံရသော ဥပစာရသိမ်ကျောင်းမှ တပါးသော ထိုထိုကျောင်းတိုက်နှိုက် ဝဿံဝုတ္ထ ရဟန်းတို့သည် ဤကထိန်သင်္ကန်းကို ရသောကျောင်းတိုက်နှိုက် ကထိန်ခံခြင်း ကထိန်ခင်းခြင်းကို မရကုန်ဟု ပြတော်မူ၏။ ထိုကြောင့် ၎င်း အဋ္ဌကထာ၏အဖွင့် တရားကဏ္ဍဋီကာနှိုက်—

(ခ) အညသွိ ဝိဟာရေ ဝုတ္ထဝဿာဝိ နု လဘန္တိ နာနာ သီမာယ အညသွိ ဝိဟာရေ ဝုတ္ထဝဿာ ဧကမသွိ ကထိနတ္ထာရံ နု လဘန္တိ အတ္ထော။—ဟု ဖွင့်ပြတော်မူ၏။

"ပုရိမိကာယ ဥပဂတာနံ ပန။လ။ဣတရေသံယေဝ ဟောတိ" ဟူသော ပါဠိဖြင့် ထိုထိုကျောင်းတိုက်နှိုက် ဝါမှ ထကုန်သော အလုံးစုံသော ရဟန်းတို့သည် ကထိန်သင်္ကန်းကို ရသော ဤကျောင်းတိုက်နှိုက် ကထိန်ခံခြင်း ကထိန်ခင်းခြင်းကို မရကုန်သော်လည်း ဤကထိန်သင်္ကန်းကို ရသော ကျောင်းတိုက်နှိုက် ပုရိမဝါကပ်ကုန်သော ရဟန်းတို့၏ ဂဏပူရဏာ ဖြစ်နိုင်ကုန်၏၊ အာနိသင်ငါးပါးနှင့်တကွ အခြံအရံ သင်္ကန်းအာနိသင်ကို မရကုန်၊ ကထိန်ခင်းသော ကျောင်းတိုက်နှိုက် ရဟန်းတို့အားသာလျှင် ကထိနဝနိသံသကို ရကုန်၏ဟု ပြတော်မူ၏။ ထိုသို့ ပြတော်မူသောကြောင့် ကထိနစီဝရသံဃိကသည် စာတုဒိသာ သံဃိကမဟုတ်၊ ဧကူပစာရ သီမဝိဟာရသံဃိကသာဟု မုချ မှတ်ယူအပ်၏။

သမ္မုခီဘူတသံဃိကအတုမျှသာ ဖြစ်သည်ကိုပြခြင်း

အဘယ်ကြောင့် ဥပစာရသီမ်ပန္နိုက် "ဤမံ ကထိနစီဝရံ သံဃသာ ဒေမ" ဟုဆို၍ လှူပါလျက် ကထိန်သင်္ကန်းမဖြစ် သမ္မုခီဘူတ သံဃိက အတုမျှသာ ဖြစ်၏ဟု ဆိုပါသနည်းဟူမူ....ဒါယကာသည် မူလ ပင့်ရင်းက သံဃိက ပင့်သည် မဟုတ်၊ ကျောင်းထိုင်ဘုန်းကြီးတို့ကို ပင့်ကတည်းကပင်လျှင် ပုဂ္ဂလိက ဖြစ်နေသောကြောင့် သံဃိကရေစက်ချ၍ လှူသော်လည်း သံဃိကအစစ် မဖြစ်၊ သမ္မုခီဘူတသံဃိက အတုအယောင်မျှသာ ဖြစ်၏ဟူ၍သာ ဆိုအပ်၏။ ထိုသို့ သမ္မုခီဘူတသံဃိက အတုအယောင် ဖြစ်သော်လည်း ထိုဥစာရသီမ်ပန္နိုက်တည်၍ သံဃိကလှူသော ပစ္စည်းဝတ္ထုတို့ကို—

(ဂ) သစေ ဗဟိ ဥပစာရသီမာယံ ဌိတော ဝသံဝုတ္ထသံဃသဿ ဒမ္မိတိ ဝဒတိ၊ သမ္မတ္တာနံ သဗ္ဗေသံ ပါပုဏာတိ။—

ဟူသော အဋ္ဌကထာနှင့်အညီ စေတီအာရာမ်တင်းနှိုက်ဖြစ်စေ ရွာတင်းနှိုက်ဖြစ်စေ ပင့်၍ ရောက်ရှိဆဲဖြစ်သော ကျောင်းထိုင်ဘုန်းကြီး ရဟန်းတို့

သည်သာလျှင် ဝေဖန်၍ ယူအပ်၏၊မပင့်ဖိတ်ဘဲ ရောက်ရှိလာသော ရဟန်းတို့သည် မရထိုက်ဟု မှတ်အပ်၏၊ အဘယ်ကြောင့်နည်းဟူမူ....ရှေးက ပင့်ဖိတ်ခြင်း မရှိသောကြောင့်တည်း။ ထိုကြောင့် ဝိနည်းမဟာဝါ အဋ္ဌကထာနှီုက်—

(ဃ) အာဒိဿ ဒေတိတိ အာဒိသိတ္ထာ ပရိစ္ဆိန္နိတ္ထာ ဒေတိ။ ယာဂုယာဝါတိ အာဒိသု အယမတ္ထော—ယာဂုယာဝါ။လ။ ဘေသဇ္ဇေ ဝါ အာဒိဿ ဒေတိ။ တတြာယံ ယောဇနာ—ဘိက္ခု၊ အဇ္ဇတနာယ ဝါ သွာတနာယ ဝါ ယာဂုယာ နိမန္တေတ္ထာ တေသံ ဃရံ ပဝိဋ္ဌာနံ ယာဂုံ ဒေတိ။ ယာဂုံ ဒတ္ထာ ဝိတာယ ယာဂုယာ "ဣမာနိ စီဝရာနိ ယေဟိ မယ္ဟံ ယာဂု ဝိတာ၊ တေသံ ဒမ္မိ"တိ ဝဒတိ။ ယေဟိ နိမန္တိတေဟိ ယာဂု ဝိတာ၊ တေသံယေဝ ပါပုဏာတိ။ ယေဟိ ပန ဘိက္ခာ စာရဝတ္တေန ဃရဋ္ဌာရေန ဂန္ဆန္တေဟိ ဝါ ဃရံ ပဝိဋ္ဌေဟိ ဝါ ယာဂု လဒ္ဓါ။ ယေသံ ဝါ အာသနသာလတော ပတ္တံ အာဟရိတ္ထာ မနုဿေဟိ နီတာ။ ယေသံ ထေရေဟိ ပေသိတာ၊ တေသံ နု ပါပုဏာတိ။—ဟု ဖွင့်ပြတော်မူ၏။

ဤအဋ္ဌကထာနှီုက် ရှေးက ပင့်ဖိတ်အပ်သော ယာဂု ရသော ရဟန်းတို့သည်သာလျှင် သင်္ဃန်းကို ရကုန်၏၊မပင့်ဖိတ်ဘဲ အလိုအလျောက် အိမ်သို့ ဝင်ရောက်လာသော ရဟန်းတို့သည် ယာဂုကို သောက်ရသော်လည်း ရှေးက ပင့်ဖိတ်ခြင်း မရှိသောကြောင့် သင်္ဃန်းကို မရကုန်သကဲ့သို့၊ ထိုအတူ ဤအရာနှီုက် သမ္မုခီဘူတ ဖြစ်သော်လည်း မပင့်ဖိတ်ဘဲ ရောက်လာသော ရဟန်းတို့သည် သင်္ဃန်းကို မရကုန်၊ ဒါယကာတို့ ပင့်ဖိတ်ထားသော ကျောင်းထိုင်ဘုန်းကြီးတို့သည်သာလျှင် သင်္ဃန်းကို ရကုန်၏ဟူမှတ်အပ်၏၊ဤသို့ပုဂ္ဂလိကပင့်ဖိတ်ပြီးသော ရဟန်းတို့အား သမ္မုခီဘူတ သံဃိက ရေစက်ချ၍ လှူသော်လည်း သံဃိကအစစ် မဖြစ်၊ ဂဏိက,ပုဂ္ဂလိကသာ ဖြစ်၏ဟူ၍ အမြဲ မှတ်ယူအပ်၏။

ကထိနဒါယကသံဃိက ဖြစ်ခြင်းကို ပြခြင်း

ပုရိမဝါကပ်သော ရဟန်းမရှိသော စေတီအာရာမ်တွင်းသို့ဖြစ်စေ ရွာတွင်းအိမ်သို့ဖြစ်စေ ဒါယကာတို့သည် ထိုထိုကျောင်းမှ ပုရိမဝဿံဝုတ္ထကျောင်းထိုင်ဘုန်းကြီးတို့ကို ပင့်ဖိတ်ပြီး၍ ထိုဘုန်းကြီးတို့ ရောက်ရှိသောအခါ ကထိန်

သက်န်းကို မလှူသေးဘဲ စာရေးတံ မဲကျသော ကျောင်းတိုက်အား ကထိန် သက်န်းကို လှူဒါန်းမည်ဟု စိတ်ကရည်ရွယ်၍ ရှေးဦးစွာ စာရေးတံ မဲချရမည်၊ စာရေးတံမဲချပြီးမှ ထိုမဲကျသော ကျောင်းတိုက်ကို ရည်သန်ပြီးလျှင် "သပရိဝါရံ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ" ဟု ဆို၍ လှူဒါန်းခဲ့ပါလျှင် ထိုကထိန် သက်န်းသည် မဲကျသော ကျောင်းတိုက်၏ ပုရိမဝဿံဝုတ္ထသံဃိကဖြစ်၏၊ ဥ တို့ ဒုတိယကမ္မဝါစာဖြင့် ကထိနတ္ထာရာရဟ ရဟန်းအား ပေးခြင်းငှါ ထိုက်၏၊ ကထိန်ခင်းခြင်းငှါလည်း အပ်၏ဟု မုချ မှတ်ယူအပ်၏။ ထိုကြောင့် ဝိနည်း မဟာဝါအဋ္ဌကထာ စီဝရက္ခန္ဓကန္ဒိုက်—

> (c) အထ အသုကဝိဟာရေ ဝဿံဝုတ္ထသံဃဿသာတိ ဝဒတိ။ တတြ ဝဿံဝုတ္ထာနမေဝ ယာဝ ကထိနဿုဒ္ဒာရာ ပါပုဏာတိ။—ဟု ဖွင့်ပြတော်မူ၏။

မဲကျသောကျောင်းတိုက်နှိုက် ခဏ္ဍသိမ်ရှိသည်ဖြစ်၍ သံဃာတော်ငါးပါး လုံလောက်စွာရှိသည်ဖြစ်အံ့၊ ထိုမဲကျသော ကျောင်းဘုန်းကြီးသည် ထိုကထိန် သက်န်းကို ယူဆောင်ပြီးလျှင် မိမိ ကျောင်းသို့ သွား၍ ကထိန်ခင်းအပ်၏၊ အကယ်၍ မဲကျသောဘုန်းကြီးကျောင်းနှိုက် သံဃာတော်ငါးပါး လုံလောက်စွာ မရှိသည်ဖြစ်အံ့၊ ဒါယကာတို့ ပင့်ထားသော ကျောင်းထိုင် ဘုန်းကြီး, ဂဏပူရဏရဟန်းတို့သည် ထိုမဲကျသောကျောင်းတိုက်သို့ လိုက်ပါ သွားရောက်ပြီးလျှင် ကထိန်သက်န်းကို ကထိနတ္ထာရာရဟရဟန်းအား ခဏ္ဍသိမ်နှိုက် ဥ တ် ကမ္မဝါစာဖြင့် ပေးပြီးလျှင် ဥပစာရသိမ်ကျောင်းနှိုက် ကထိန် ခင်းအပ်၏၊ အကယ်၍ ထိုမဲကျသောကျောင်းနှိုက် ခဏ္ဍသိမ် မရှိသည်ဖြစ်အံ့—

> (စ) ယဒိ ပန နတ္ထေဝ ဗဒ္ဓသီမဝိဟာရော ဟောတိ၊ နစ အန္တော ဥပစာရသီမာယံ ဗဒ္ဓသီမာ အတ္ထိ။ ဧဝရူပေ ဝိဟာရေ ကမ္မဝါစံ ဝါစာပေတုံ နလဘတိ။ အညံ ဗဒ္ဓသီမံဝါ ဥဒကုက္ခေပံဝါ ဂန္တွာ ကမ္မဝါစံ ဝါစာပေတွာ အတ္ထနော ဝိဟာရံ အာဂန္တွာ ဝဿုပနာယိကခေတ္တဘူတာယ ဥပစာရသီမာယ ဌတွာ ကထိနံ အတ္ထရိတဗ္ဗံ။—

ဟူသော ဝိနယာလင်္ကာရဋ္ဌီကာနှင့်အညီ တပါးသော သိမ်သို့သွား၍ ဂဏပူရဏ ကျောင်းထိုင်ဘုန်းကြီး သံဃာတော်တို့က ထိုမဲကျသော ကထိ

နတ္ထာရာရဟ ဘုန်းကြီးအား ထိုကထိန်သင်္ကန်းကို ဥတ်ကမ္မဝါစာဖြင့် ပေးအပ်၏။ ပေးပြီးလျှင် ထိုဂဏပူရဏဘုန်းကြီးတို့သည် ထိုမဲကျသော ဘုန်းကြီးကျောင်းနှိုက် သံဃာတော်ငါးပါး လုံလောက်စွာရှိအံ့ ထိုမဲကျသော ကျောင်းတိုက်သို့ လိုက်ပါသွားရောက်ရန် မလိုတော့ပြီ၊အကယ်၍ သံဃာတော် ပြည့်စုံလုံလောက်စွာ မရှိသည်ဖြစ်အံ့ ထို ဂဏပူရဏဘုန်းကြီးတို့သည် ထို မဲကျသော ကျောင်းတိုက်သို့ လိုက်ပါ သွားရောက်၍ သံဃသမ္မုခန္ဆိုက် ကထိန်ခင်း၍ ပေးအပ်၏၊ ထိုသို့မဟုတ် ထိုမဲကျသော ကျောင်းတိုက်နှိုက် သံဃာတော် လုံလောက်စွာ မရှိဘဲလျက် ဂဏပူရဏဘုန်းကြီးတို့သည် မလိုက်မပါဘဲ ထိုမဲကျသော ဘုန်းကြီးတပါးတည်းဖြစ်စေ နှစ်ပါး,သုံးပါးဖြစ်စေ ကထိန်ခင်းခဲ့သည် ဖြစ်အံ့ သံဃသမ္မုခ သံဃာ့မျက်မှောက် မဟုတ်သောကြောင့် ကထိန်စစ် မုချ မဖြစ်၊ ကထိန် အတုအယောင်မျှသာဖြစ်၏ဟု မုချ မှတ်သိအပ်၏။ အဘယ်ကြောင့်နည်းဟူမူ....ကထိန်ခင်းခြင်းသည် သံဃာတော်သည်သာလျှင် အကြောင်းရင်း မူလဘူတ ရှိသည်၏ အဖြစ်ကြောင့်တည်း။ ထိုကြောင့် ပရိဝါပါဠိတော်နှိုက်—

(ဆ) ကထိနဿ ဧကံ မူလံ သံဃော။—ဟု ဟောတော်မူ၏။

ၛင်းပါဠိတော်ကို ရည်ရွယ်၍ ဝိနယာလင်္ကာရဋ္ဌကာနှိုက်—

(ဇ) စတုဝဂ္ဂသံဃေ အလဒ္ဓမာနေ သဟဿဂ္ဃတ္တုံ ကထိနံ ဒမ္မိတိ ဝုတ္တေပိ ကထိနံနာမ နဟောတိ။ တသ္မာ ဥပစာရသိမာယ ပရိစ္ဆိန္နေ ဧကောဝါ ဒ္ဝေဝါ တယောဝါ စတ္တာရောဝါ ဘိက္ခူ ဝိဟရန္တိ။ တတ္ထ ကထိနစီဝရေ ဥပ္ပန္နေ အညတော ပရိယေသိတ္ဝာ စတုဝဂ္ဂသံဃော။ ဧကော ပဋိဂ္ဂဟကောတိ။ ပဋ္ဌန်ံ ဘိက္ခူနံ ဟတ္ထရတော သတိ ကထိနံ အတ္ထရိတုံ လဘတိ။ နာသတိ။ဧဝံ သံဃေ ဝိဇ္ဇမာနေယေဝ ကထိနံနာမ ဟောတိ။ နော အဝိဇ္ဇမာနေ။ တသ္မာ သံဃသ္သ ကထိနဿ မူလဘူတံ သန္ဓာယ "ကထိနဿ ဧကံမူလံ သံဃော"တိ ဝုတ္တံ။—ဟု ဖွင့်ပြဘော်မူ၏။

ဤဋီကာနှိုက် "ဧဝံ သံဃေ ဝိဇ္ဇမာနေယေဝ ကထိနံနာမ ဟောတိ၊ နော အဝိဇ္ဇမာနေ" ဟူသောပါဌ်နှိုက် "သံဃာတော် ရှိသော်သာလျှင်"ဟု ဧဝ

သဒ္ဒါဖြင့် ပြတော်မူသောကြောင့် ဥတ်ကမ္မဝါစာဖြင့် ကထိန်သင်္ကန်းကို ပေးပြီးသော်လည်း ဂဏပူရဏရဟန်းတို့သည် ပြန်၍ မသွားရသေး၊ ထိုဒါယကာ ပင့်ထားသော ဂဏပူရဏရဟန်းတို့နှင့်တကွ သံဃသမ္မုခန္ဒိက်သာလျှင် ကထိန်ကို ခင်းအပ်၏ဟု မုချ မှတ်ယူအပ်၏။

ဧကစီဝါဒကို ပြခြင်း

အချို့ ဆရာတို့သည် “ကထိနတ္ထာရဏံ နာ သံဃကမ္မံ၊ ပုဂ္ဂလကမ္မမေဝ ဟောတိ”ဟူသော ဝိနယာလင်္ကာရဋီကာကို သာဓကပြု၍ ကထိန်ခင်းခြင်းသည် သံဃကံမဟုတ်၊ ပုဂ္ဂိုလ်၏ အမှုသာ ဖြစ်သောကြောင့် သံဃာတော်တို့သည် ကထိန်သင်္ကန်းကို ဥတ်ကမ္မဝါစာဖြင့် ပုဂ္ဂိုလ်အား ပေးပြီးသည့်နောက် ကထိန်ခင်းသောအခါ သံဃာပင် မရှိသော်လည်း အပ်၏ဟု ဆိုကြကုန်၏။ ထိုကဲ့သို့ဆရာတို့၏ ဝါဒကို မယူအပ်၊ ဝိနယဂရုကဖြစ်သော ရှေးဆရာတော်ကြီးတို့သည်လည်း ပယ်စွန့်ကြကုန်၏။ ထိုကြောင့် နောက်က ပြဆိုအပ်ပြီးသော အတိုင်းသာလျှင် မှတ်ယူအပ်၏။

ဂဏပူရဏရဟန်းတို့ကို ကထိန်အာနိသင်် သင်္ကန်းစသော ဒဿဒါနတို့ကို မရတိုက်သည်ကို ပြခြင်း

ဤသို့ ဒါယကာတို့ ပုဂ္ဂလိကပင့်ထားသော ကျောင်းထိုင်ဘုန်းကြီးတို့သည် “သပရိဝါရံ ဣမံ ကထိနဒိဝရံ သံဃဿ ဒေမ”ဟုဆို၍ လှူဒါန်းအပ်သော ကထိန်၏ အခြံအရံ ကထိနာနိသံသ သင်္ဃန်းစသော ဝတ္ထုဒါနတို့ကို ဝေဖန်၍ ယူခြင်းငှါ မရထိုက်၊ ဆွမ်းစသော ခဲဘွယ်ဘောဇဉ်တို့ကိုသာလျှင် သုံးဆောင်စားသောက်ခြင်းငှါသာ ထိုက်၏၊ ကထိနာနိသံသ သင်္ဃန်းစသော ဝတ္ထုဒါနတို့ကို မဲကျ၍ ကထိန်ခင်းသော ဥပစာရကျောင်းတိုက်အတွင်းရှိ ရဟန်းတို့သည်သာလျှင် ရထိုက်ကုန်၏၊ယုတ်စွအဆုံး ထိုကထိန်ခင်းသောကျောင်းတိုက်နှီးကပ် တပါးတည်းပင် ရှိသော်လည်း—

(၈) ဣဓ ပန ဘိက္ခဝေ ဘိက္ခု၊ ကေကော ဝသံ ဝသတိ။ တတ္ထ မနုဿာ သံဃဿ ဒေမာတိ စီဝရာနိ ဒေန္တိ။ အနုဇာနာမိ ဘိက္ခဝေ တသ္မေဝ တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဒ္ဓာရာယာတိ။—

ဟူသော ဝိနည်းမဟာဝါ ပါဠိတော်နှင့်အညီ ထိုတပါးတည်းသော ရဟန်းအားသာလျှင် အလုံးစုံသော ဝတ္ထုဒါနတို့ကို ရထိုက်၏ဟု မှတ်အပ်၏။ ထို ကြောင့် ဝိနည်းမဟာဝါ အဋ္ဌကထာ ကထိနက္ခန္ဓကန္ဒိုက်—

(ည) သစေ ပုရိမိကာယ ဥပဂတာ ကထိနတ္ထာရကုသလာ နဟောန္တိ။ အတ္ထာရကုသလာ ခန္ဓကဘာဏကတ္ထေရာ ပရိယေသိတ္ဝာ အာနေတဗ္ဗာ။ ကမ္မဝါစံ သာဝေတ္ဝာ ကထိနံ အတ္ထရာပေတ္ဝာ ဒါနဥ္စ ဘုဥ္ဇိတ္ဝာ ဂမိဿန္တိ။ အာနိသံသော ပန ဣတရေသံယေဝ ဟောတိ။—ဟု ပြတော်မူ၏။

ဝိနယာလင်္ကာရဋီကာန္ဒိုက်လည်း "ဒါနဥ္စ ဘုဥ္ဇိတ္ဝာ" ဟူသော ပုဒ်၏ အရကို—

(၄) ဒါနဥ္စ ဘုဥ္ဇိတ္ဝာတိ ခါဒနီယ ဘောဇနီယဘူတံ အန္နပါနာဒိံ ဘုဥ္ဇိတ္ဝာ။န ဟိ တေ ဝတ္ထုဒါနံ လဘန္တိ။—

ဟူ၍ အန္န ပါန စသော ဒါနကိုသာ သုံးဆောင်ထိုက်၏၊ သင်္ကန်းစသော ဝတ္ထုဒါနကို မရထိုက်ဟု ပြတော်မူ၏။

ဂဏပူရဏရဟန်းတို့ ရထိုက်သည်ကို ပြခြင်း

ပင့်ဖိတ်သော ဒါယကာတို့သည် သပရိဝါရသဒ္ဓါမပါဘဲ "ဤမံ ကထိန စီဝရံ သံဃဿ ဒေမ"ဟုဆို၍ လှူဒါန်းခဲ့ပါလျှင် ဒါယကာ ပုဂ္ဂလိက ပင့်ထားသော ဂဏပူရဏ ကျောင်းထိုင်ဘုန်းကြီးရဟန်းတို့သည် ဒါယကာ ပုဂ္ဂလိက ရည်ရွယ်ရင်း ရှိပါသည်အတိုင်း သင်္ကန်းစသော ဝတ္ထုဒါနတို့ကို ဝေဖန်၍ ယူခြင်းငှါထိုက်၏။ အကယ်၍ ကထိန်ဒါယကာတို့သည် ပုဂ္ဂလိက ပင့်ဖိတ်ခြင်း မရှိဘဲ "အရံသံဃာ (၁၀)ပါးပါဘုရား"ဟု လျှောက်ထားသည်ဖြစ်၍ ကျောင်းပိုင်ဘုန်းကြီးက မိမိကျောင်းတိုက်နှိုက် သံဃာတော် (၁၀)ပါး မရှိသဖြင့် တပါးသောကျောင်းတိုက်မှ သံဃာတော် (၁၀)ပါး ပြည့်မှီအောင် ပင့်ထားသည်ဖြစ်အံ့ ထိုသို့ ပင့်ထားသော ဂဏပူရဏရဟန်းတို့သည် ပုဂ္ဂလိက အရာနှိုက်ပင်တည်၏၊ ဒါယကာတို့သည် တပါးစီ လှူဒါန်းရန် ခွဲခြားပြီး ထား

သည့်အတိုင်း သံဃိကရေစက်ချ၍ ဝေဖန် လှူဒါန်းအပ်၏၊ ဒါယကာမှာ သံဃိက အလှူဖြစ်၏၊ အဘယ်ကြောင့်နည်းဟူမူ....ဒါယကာတို့က ပင့်ဖိတ်ခြင်း မရှိသောကြောင့်တည်း။ ထိုသို့မဟုတ် သပရိဝါရသဒ္ဒါနှင့်တကွ "သပရိဝါရံ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ" ဟု ဆို၍ လှူဒါန်းခဲ့သည်ဖြစ်အံ့ ကထိန်ခင်းသောကျောင်းတိုက်နှိုက် ပုရိမဝဿံဝုတ္ထ သံဃာတော်တို့သည် ကထိနတ္ထာရက ရဟန်းအား ကထိန်ခင်းသောသင်္ကန်းမှ တပါးသော သင်္ကန်းစသော ဝတ္ထုဒါနတို့ကို အပလောကနကံဖြင့် သံဃာတော်ကို ပန်ကြား၍ ပေးခြင်းငှါ အပ်သကဲ့သို့၊ ထိုအတူ ကျောင်းပိုင်ဘုန်းကြီးသည် ပင့်ဖိတ်ထားအပ်သော ဂဏပူရဏ ရဟန်းတို့အားလည်း အပလောကနကံဖြင့် ကထိန်ခင်းသော ကျောင်းတိုက်အတွင်းရှိ သံဃာတော်တို့ကို ပန်ကြား၍ ဝေဖန်ပေးလှူခြင်းငှါ အပ်၏ဟု မှတ်ယူအပ်၏။ ထိုကြောင့် ဝိနယာလင်္ကာရဋီကာနှိုက်—

(၄) သစေ ကထိနတ္ထာရကဿ သေသစီဝရာနိ ဝိဇ္ဇလာနိ ဟောန္တိ။ သံဃေန အပလောကေတွာ တေသမ္ပိ အတ္ထာယ ဒါတဗ္ဗာနိ။—ဟု ပြတော်မူ၏။

ဧဝါဟာရအားဖြင့် ဥတ်မကြီးအား လှူဒါန်းပုံကို ပြခြင်း

ယခုကာလနှိုက် ဝေါဟာရအားဖြင့် ဥတ်မကြီးအား လှူဒါန်းရခြင်းသည် အလွန်အကျိုးကြီးမြတ်၏ဟု အယူရှိကြကုန်၏၊ ထို ဥတ်မကြီးအား လှူဒါန်းခြင်းသည် ကထိန်သင်္ကန်းကို ခံယူသောပုဂ္ဂိုလ်အား ရည်သန်၍ လှူဒါန်းသောကြောင့်—

(၃) ပုဂ္ဂလဿ ဒေတိ ဣမံ စီဝရံ ဣတ္ထန္နာမဿ ဒမ္မိတိ ဝဒတိ။ ဧဝံ ပရမ္မုခါဝါပါဒမူလေ ထပေတွာ ဣမံ ဘန္တေ တုမှာကံ ဒမ္မိတိ ဧဝံ သမ္မုခါဝါ ဒေတိ။—

ဟူသော ဝိနည်းမဟာဝါ အဋ္ဌကထာနှင့်အညီ ပုဂ္ဂလိက အလှူသာဖြစ်၏၊ သံဃိကအလှူ မဖြစ်သောကြောင့် အကျိုးမကြီးမြတ်လှ၊ ပုဂ္ဂလိကအကျိုးသာရ၏၊ထိုကြောင့် ဥတ်မကြီးခေါ် ပဒေသာပင်ကို "ဣမံ ကပ္ပရုက္ခံ ကထိနတ္ထာရကဿ ဒမ္မိ" ဟူ၍ ပုဂ္ဂလိက ရေစက်ချ၍ လှူဒါန်းအပ်၏၊ အကယ်၍ ထို ဥတ်မ

ကြီးခေါ် ပဒေသာပင်ကို ကထိန်သင်္ကန်း၏ အခြံအရံ အဖြစ်အားဖြင့် သပရိဝါရသဒ္ဓါနှင့်တကွ ရေစက်ချ၍ လှူဒါန်းသည်ဖြစ်အံ့ ကထိန်သင်္ကန်းကိုခံသော ရဟန်း မရထိုက်၊ သံဃာသာ ရထိုက်၏ဟူ၍ အမြဲ မှတ်ယူအပ်၏။

(၂) ဒုတိယပုစ္ဆာအဖြေ ပြီး၏။

၃-တတိယ လျှောက်ထားချက်အဖြေ

၃။ သမ္မုခီဘူတသံဃိကသည် ဥပစာရသိမ်ကျောင်း အတွင်းနှိုက်သာ ဖြစ်ပါသနည်း၊ သို့မဟုတ် ဥပစာရသိမ်ကျောင်းပန္နိုက်လည်း ဖြစ်ပါသေးသလား ဟူသော မေးလျှောက်သည့်အရာနှိုက်—

ဤ တတိယပုစ္ဆာသည် ပဌမပုစ္ဆာ၏ အဖြေဝိနိစ္ဆယနှိုက် အနွှောဂမ အတွင်းဝင်ပြီးဖြစ်၍ ဖြေပြီး ဖြစ်တော့သည်သာလျှင်တည်း။ သို့သော်....အကျဉ်းအားဖြင့် ပြဦးအံ့။

သမ္မုခီဘူတ သံဃိကသည် အာရာမ်ဖြင့် ပိုင်းခြားအပ်သော ဥပစာရသိမ သမ္မုခီဘူတ သံဃိက,အာရာမ်ဖြင့် ပိုင်းခြားအပ်သော ဥပစာရသိမ ဗဟိုက သမ္မုခီဘူတသံဃိက ဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် ဥပစာရသိမ သမ္မုခီဘူတသံဃိကသည်လည်း,ဝဿံဝုတ္ထသမ္မုခီဘူတသံဃိက,ဝဿံဝုတ္ထာဝုတ္ထမိဿက သမ္မုခီဘူတသံဃိက ဟူ၍ နှစ်မျိုးရှိသင့်၏၊ ထိုနှစ်မျိုးကို—

(က) ဝဿံဝုတ္ထသံဃဿ ဒေတိတိ ဝိဟာရံ ပဝိသိတ္ဝာ ဧကမာနိ စိဝရာနိ ဝဿံဝုတ္ထသံဃဿ ဒမ္မိတိ ဝဒတိ၊ ယာဝတိကာ ဘိက္ခူ။ တသ္မိံ အာဝါသေ ဝဿံဝုတ္ထာတိ ယတ္တကာ ဝဿန္တေဒံ အကတ္ဝာ ပုရိမဝဿံဝုတ္ထာ တေဟိ ဘာဇေတဗ္ဗံ။ နာ အညေသံ ပါပုဏာတိ။— ဟူသော အဋ္ဌကထာ ပါဠိဖြင့်ပြ၏။

မှတ်ချက်—ကျောင်းတိုက်တွင်းသို့ ဝင်၍ ဝဿံဝုတ္ထသဒ္ဒါမပါဘဲ သာမည အားဖြင့် "သံဃဿ ဒမ္မိ" ဟု ဆို၍ လှူခဲ့သည်ဖြစ်အံ့ ထိုကျောင်းတိုက်နှိုက် ဝါကျွတ်သည်ဖြစ်စေ ဝါမကျွတ်သည်ဖြစ်စေ ကျောင်းတိုက်အတွင်းရှိရဟန်းသမ္မုခီဘူတသံဃိကဖြစ်၏ဟူ၍ ဗျတိရေကအားဖြင့် မှတ်သိအပ်၏။

ဥပစာရသီမဗဟိက သမ္မုခီဘူတသံဃိကကို—

(ခ) သစေ ပန ဗဟိဥပစာရသီမာယံ အန္ဓါနမဂ္ဂပရိယာပန္နေ ဘိက္ခူ။ ဒိသ္မာ "သံဃသ္သ ဒမ္မိ" တိ သံဃတ္ထေရသ္သ ဝါ သံဃနဝကသ္သ ဝါ အာရောစေတိ။ သစေဝိ ယောဇနံ ဖရိတ္ဝာ ပရိသာ ဌိတာ ဟောတိ ကေဗဒ္ဓါ စေ သဒ္ဓေသံ ပါပုဏာတိ။ ယေ ပန ဒ္ဝါဒသဟိ ဟတ္ထေဟိ ပရိသံ အသမ္ပတ္တာ၊ တေသံ န ပါပုဏာတိ။

(ဂ) သစေ ပန ဗဟိဥပစာရသီမာယံ ဌိတော "ဝဿံဝုတ္ထသံဃသ္သ ဒမ္မိ" တိ ဝဒတိ။ သမ္ပတ္တာနံ သဒ္ဓေသံ ပါပုဏာတိ။—ဟူသော အဋ္ဌကထာပါဠိတို့ဖြင့် ပြတော်မူ၏။

ထိုသို့ အဋ္ဌကထာနှိုက် အတ္ထာပတ္တိနည်းအားဖြင့် ပြတော်မူသောကြောင့် သမ္မုခီဘူတသံဃိကသည် ဥပစာရသီမ်တွင်းနှိုက်ဌင်း ဥပစာရသီမ်ပနှိုက်ဌင်း ဖြစ်သင့် ရသင့်၏ဟု မုချ မှတ်ယူအပ်၏။

(၃) တတိယပုစ္ဆာအဖြေ ပြီး၏။

မန္တလေးမြို့ မိုးကောင်းတိုက်နှိုက် သီတင်းသုံးတော်မူသော "ရေဝတာဘိ ပဏ္ဍိတဓေ သာသန မဟာဓမ္မရာဇဂုရု အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ သာသနာပြု ညောင်ရမ်းဆရာတော်သည် လျှောက်ထားချက်အရ ဖြေဆို ရေးသားအပ်သော ကထိနဒါနဋ္ဌာနာဒိဝိနိစ္ဆယသည် ၁၃၀၅-ခု၊ နယုန်လပြည့် ကြာသပတေးနေ့ မွန်းလွဲ(၁)နာရီကျော်အချိန်တွင် အန္တရာယ်မရှိ အပြီးသို့ ရောက်သတည်း။

ဓမ္မဓာတုဿ ပစ္စယော ဟောတု။

ကထိနဒါနဋ္ဌာနာဒိ ဝိနိစ္ဆယ ပြီးပြီ။

ကထိနဒါနနိမန္တနဝိနိစ္ဆယ

၁၃၁၃—ခုနှစ် တော်သလင်းလဆန်း (၇) ရက်နေ့စံနှင့် မိတ္ထိလာမြို့ စျေးကုန်းကျောင်း ဥက္ကဋ္ဌဘရာမတိုက် ဆရာတော် ဦးဥက္ကဋ္ဌသည် ကထိန်ခင်းလိုသော ဒါယကာများက ကထိန်ခင်းမည့်ကျောင်း၊ ကျောင်းတိုက်ရှိ သံဃာတော်များကို အရေအတွက် အမှတ်အသား စာရင်း ပဓာနမထားဘဲ အခြားတပါးသောကျောင်း၊ တပါးသော ကျောင်းတိုက်မှ ပင့်ရန် ဆရာတော် တိသ, ဖုဿ စသည်ဖြင့် ရည်မှတ်၍ (၂၀)ဘုရား (၃၀) ဘုရားဟု ကျောင်းစာရင်း ပုဂ္ဂိုလ်စာရင်းနှင့်တကွ လာရောက်ပြီးလျှင် အရှင်ဘုရား၏ ကျောင်းတိုက်နှိုက် ကထိန်ခင်းလိုပါသည်ဟု လျှောက်ထားခြင်းသည် ဒေသနာတော်နှင့် ညီ မညီ သင့် မသင့်ကို သေချာစွာ သိလိုပါသည်ဘုရားဟု လျှောက်ထား တောင်းပန်ရာနှိုက်—

မြတ်စွာဘုရားသည် တကျောင်းတတိုက်တည်းနှိုက် ဝါကျွတ်သော သံဃာတော်ကို ရည်ရွယ်တော်မူ၍—

အနုဇာနာမိ ဘိက္ခဝေ ပုရိမဝဿံဝုတ္ထာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ။—

ဟု ခွင့်ပြုတော်မူသောကြောင့်၎င်း၊ အဋ္ဌကထာဆရာသည်လည်း—

အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာဝိ နလဘန္တိ။—

ဟု တပါးသော ကျောင်းတိုက်နှိုက် ဝါကျွတ်ကုန်သော ရဟန်းတော်တို့သည် ကထိန်ခင်းခြင်း ကထိန်အာနိသင်ငါးပါး ကထိန်အာနိသင်သက်နှံးတို့ကို မရကုန်ဟူ၍ ဖွင့်ပြတော်မူသောကြောင့်၎င်း ကထိန်ခင်းခြင်း ကထိန်အခြံအရံသက်နှံးနှင့်တကွ ကထိန်သက်နှံးအလှူသည် ကထိန်ခင်းလိုသော ကျောင်းတိုက်နှိုက် ပုရိမဝါကျွတ်သော ရဟန်းသံဃာများနှင့်သာ သက်ဆိုင်၏၊ တပါးသော ကျောင်းတိုက်မှ ပုရိမဝါကျွတ်ပြီးသော ရဟန်းသံဃာများနှင့် တစုံတရာ စပ်ဆိုင်ခြင်း မရှိသည်ဖြစ်၍ ကထိန်ခင်းလိုသော ဒါယကာသည် ကထိန်ခင်းလိုသောကျောင်းတိုက်မှ တပါးသောကျောင်းတိုက်နှိုက် ဝါကျွတ်သော ရဟန်း

သံဃာများကို ရည်ရွယ်ညွှတ်ကိုင်းခြင်း မရှိဘဲ ကထိန်ခင်းလှူဒါန်းလိုသော ကျောင်းတိုက်အတွင်းရှိ သာမဏေများနှင့်တကွ ရဟန်းသံဃာများကိုသာ ညွှတ်ကိုင်းရည်ရွယ်၍ ပင့်ဖိတ် လှူဒါန်းခြင်းသည်သာလျှင် ဓမ္မိကကထိနဒါန သံဃိကအစစ် ဖြစ်၏ဟု မှတ်ယူအပ်၏။

သာမဏေများသည်လည်း သံဃိကဒါန လှူဒါန်းရာ၌ကဲ့ သံဃာတော်၌ကဲ့ အကျုံးဝင်သည်ဖြစ်၍ "ကာလစီဝရံ ပန သမကမေဝ ဒါတဗ္ဗံ" ဟူသော အဋ္ဌကထာနှင့်အညီ သာမဏေတို့အားလည်း ကထိနာနိသံသ ကာလသင်္ဃန်းကို ရဟန်းတော်တို့နှင့် အတူအမျှ ပေးဝေအပ်၏ဟု မှတ်အပ်၏။

ထိုကြောင့် ကထိန်ခင်းလိုသော ကျောင်းတိုက်၌က် ပုရိမဝါကျွတ်ပြီးသော ရဟန်းသံဃာတော်ကို ညွှတ်ကိုင်းခြင်း အရေအတွက် ပဓာနမထားဘဲ တပါး သောကျောင်းတိုက်မှ ဝါကျွတ်ကုန်သော ရဟန်းတို့ကို ပင့်ဖိတ်ရန် ပုဂ္ဂိုလ် အရေအတွက် စာရင်းနှင့်တကွ ဖေါ်ပြ၍ အရှင်ဘုရားကျောင်းတိုက်၌က် ကထိန်ခင်းလိုပါသည် ဒါယကာတို့ လျှောက်ထားပင့်ဖိတ်ခြင်းသည် ကထိန် သင်္ဃန်းသည် သံဃိကအစစ် ဖြစ်သောကြောင့် အဓမ္မိက နိမန္တနဟု မှတ်ယူရန် သာရှိ၏၊ ထိုမှတပါး—

(က) ပရိဏာတံနာမ ဒဿာမ ကရိဿာမာတိ ဝါစာဘိန္နာ ဟောတိ။—

ဟူသော ပါရာဇိကဏ် ပါဠိတော်နှင့်အညီ ဤကဲ့သို့ ပင့်ဖိတ်လျှောက်ထား ခြင်းအားဖြင့် ကထိန်ခင်းလိုသော ကျောင်းတိုက်အတွင်းရှိ သံဃာတော်မှ တပါးသော ပုဂ္ဂိုလ်ရဟန်းတို့အား လှူအံ့ဟု စိတ်ညွှတ်ပြီး နှုတ်မြွက်ဆိုပြီးဖြစ်၍ ကျောင်းတိုက်ရှင် သာမိက ဆရာတော်သည်—

ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ။—ဟူ၍ၛင်း၊
သာမိကေဟိ ဝိစာရိတမေဝ ဟိ ဝဋ္ဋတိ၊ နာ ဇာတရုံ။—ဟူ၍ၛင်း

ဖွင့်ပြအပ်သော အဋ္ဌကထာနှင့်လျော်ညီစွာ ကထိန်ဒါယကာသည် ပင့်ရန် လျှောက်ထားသော စာရင်းအတိုင်း ပင့်ရမည်ဖြစ်သောကြောင့် ထိုသံဃိက ရည်ရွယ်သော ကထိန်အခြံအရံ သင်္ဃန်းစသော ဝတ္ထုပစ္စည်းများသည် "သံဃဿ ဒေမ" ဟုဆို၍ ရေစက်ချခြားသော်လည်း ကထိနပရိဝါရ သံဃိက

မဖြစ် ပုဂ္ဂလိကဒါနသာ ဖြစ်၏ဟု မှတ်အပ်၏။ သို့ဖြစ်၍ ပုဂ္ဂလိကရည်ရွယ်၍ ပင့်ဖိတ်ပြီးသော ပုဂ္ဂိုလ်ရဟန်းများအား လှူဒါန်းရန် ဝတ္ထုများကို "နိမန္တိတာနံ အာယသ္မန္တာနံ ဝိသုံဝိသုံ ပရိစ္စဇ်ဒ်တ္ဝာ ဒေမ" ဟု နှုတ်မြွက်ဆို၍ အသီးအခြား လှူဒါန်းအပ်၏။

သံဃသဒ္ဒေမဟု သာဓကည် လှူဒါန်းရာ၌ ကြိုက်အပြစ်ကိုပြခြင်း

အကယ်၍ "သပရိဝါရံ ဣမံကထိနစီဝရံ သံဃဿ ဒေမ" ဟု နှုတ်မြွက်ဆို၍ လှူဒါန်းသည်ဖြစ်အံ့ ဒါယကာတို့သည် ရှေးဦးကပင်လျှင် ပုဂ္ဂိုလ်အား ညွှတ်ပြီး ပင့်ဖိတ်ပြီး ဖြစ်သောကြောင့်—

(၁) ပုဂ္ဂလဿ ပရိဏာတံ အညပုဂ္ဂလဿ ဝါ သံဃဿ ဝါ စေတိယဿ ဝါ ပရိဏာမေတိ။—

ဟူသောပါဠိနှင့်အညီ ပုဂ္ဂိုလ်အား ညွှတ်ပြီးဖြစ်သောဝတ္ထုကို သံဃာအား ညွှတ်ရာ လှူရာရောက်သောကြောင့် အဓမ္မိကဒါန ကိုးပါးတို့တွင် တပါး အပါအဝင်ဖြစ်၍ အဓမ္မိကဒါန ဖြစ်၏ဟူသော အပြစ်ဒေါသရောက်ရန် ရှိ၏။

ထိုမှတပါး ကထိန်သင်္ကန်း ဒါယကာတို့သည် ပုဂ္ဂိုလ်ကိုရည်ညွှတ်ပြီး စိတ်စေတနာကို ပြောင်းလဲပြီးလျှင် သံဃိကဒါန အကျိုးကြီးမြတ်၏ဟု နှလုံးထား၍ "သပရိဝါရံ ဣမံကထိနစီဝရံ သံဃဿ ဒေမ" ဟု နှုတ်မြွက်ဆို၍ လှူဒါန်းသည် ဖြစ်အံ့—

(၈) မုဉ္စတော ပဋ္ဌာယ သံဃော သာမိ။—

ဟူသော အဋ္ဌကထာနှင့်အညီ ရေစက်ချ၍ လှူသော သန္နိဋ္ဌာနမုဉ္စစေတနာသည်သာ ပဓာန်ဖြစ်၍ တိုက်တွင်းရှိ သံဃာသာ အစိုးရသောကြောင့်—

အနုဇာနာမိ ဘိက္ခဝေ ပုရိမဝဿံဝုတ္ထာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ။—

ဟူ၍ ထိုကျောင်းတိုက်နှိုက် ဝါကျွတ်ကုန်သော ရဟန်းတို့အားသာလျှင် ကထိန်ခင်းခြင်းငှါ ခွင့်ပြုတော်မူသောကြောင့်၎င်း၊

(ဃ) ဝဿံဝုတ္ထ သံဃသဒေတိတိ ဝိဟာရံ ပဝိသိတ္ဝာ ဇုမာနိ စိဝရာနိ ဝဿံဝုတ္ထသံဃသဒ္ဓိတိ ဒေတိ။ ယာဝတိကာ ဘိက္ခူ။ တသ္မိံ အာဝါသေ ဝဿံဝုတ္ထာတိ ယတ္တကာ ဝဿန္တေဒံ အကတ္ဝာ ပုရိမဝဿံဝုတ္ထာ တေဟိ ဘာဇေတဗ္ဗံ။ အညေသံ နပါပုဏာတိ။—

ဟူသော ဝိနည်းမဟာဝါအဋ္ဌကထာနှိုက် ဝါကျတ်သော သံဃာအား လှူဒါန်းသော သင်္ကန်းစသော ဝတ္ထုသည် ထိုကျောင်းတိုက်နှိုက် ဝါကျတ်သော သံဃာအားသာလျှင် ရ၏၊ တပါးသော ကျောင်းတိုက်နှိုက် ဝါကျတ်သော သံဃာ မရဟု ပြတော်မူ၏။

(င) အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာဝိ နလဘန္တိ နာနာသီမာယ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာ ဇုမသ္မိံ ဝိဟာရေ ကထိနတ္ထာရံ နလဘန္တိ အတ္ထော။—

ဟူသော တရုဏကဏ္ဍီကာနှိုက် အထူးထူးသော သိမ် တပါးသော ကျောင်းတိုက်နှိုက် ဝါကျတ်ကုန်သော ရဟန်းတို့သည် ဤကထိန်ခင်းသော ကျောင်းတိုက်နှိုက် ကထိန်ခင်းခြင်း အာနိသင်တို့ကို မရကုန်ဟု ပြတော်မူ၏၊ ဤအဋ္ဌကထာ, ဋီကာတို့နှင့်အညီ ပုဂ္ဂလိက ပင့်ဖိတ်ပြီး၍ "သပရိဝါရံ ဤမံ ကထိနစီဝရံ သံဃဿ ဒေမ" ဟုရေစက်ချ၍ လှူဒါန်းပါလျှင် ပုဂ္ဂလိက ပင့်ဖိတ်သော ရဟန်းများသည် ဆွမ်းဘောဇဉ်များကို ဘုဉ်းပေးရုံမှ တပါး အခြားသော သင်္ကန်းစသော ဝတ္ထုပစ္စည်းများကို မရထိုက်ဟု မှုချ မှတ်ယူအပ်၏။

ထိုပုဂ္ဂလိကပင့်ဖိတ်ထားသောရဟန်းတို့သည် ထိုကထိန်ခင်းသောကျောင်းတိုက်နှိုက် ပုရိမဝါကပ်ကုန်သော ရဟန်းတို့သည် ကထိန်ခင်းခြင်းနှိုက် မလိမ္မာကုန်သည်ဖြစ်၍ ကထိန်ခင်းခြင်းနှိုက် လိမ္မာကုန်သော မထေရ်ကြီးတို့ကို ပင့်ဖိတ်၍ ကထိန်ခင်းပြီးလျှင် သင်္ကန်းစသော ကထိန်အာနိသင်များကို မရထိုက်သဖြင့် ဆွမ်းဘောဇဉ်များကိုသာဘုဉ်းပေး၍ ကြွသွားရကုန်သော မထေရ်ကြီးတို့နှင့် အလားတူစွာ ကထိန်အာနိသင်ဖြစ်သော သင်္ကန်းစသော ဝတ္ထုပစ္စည်းများကို မရထိုက်ဟု မှတ်အပ်၏။ ထိုကြောင့် မဟာဝါအဋ္ဌကထာနှိုက်—

(စ) သစေ ပုရိမိကာယ ဥပဂတာ ကထိနတ္ထာရကုသလာ
နေ ဟောန္တိ။ အတ္ထာရကုသလာ ခန္ဓကဘာဏကတ္ထေရာ
ပရိယေသိတွာ အာနေတဗ္ဗာ။ ကမ္မဝါစံ သာဝေတွာ ကထိနံ
အတ္ထရာပေတွာ ဒါနဉ္စ ဘုဉ္ဇိတွာ ဂမိဿန္တိ။ အာနိသံသော
ပန ဣတရေသံယေဝ ဟောတိ။—ဟု ပြတော်မူ၏။

ဤအဋ္ဌကထာနှိုက် အာနိသံသောအရကို ကထိန်အာနိသင်ငါးပါးကိုသာ မယူအပ်၊ သက်နှံးစသော ဝတ္ထုပစ္စည်းများကိုလည်း ယူအပ်၏။ ထိုကြောင့် ဝိနယာလင်္ကာရဋီကာနှိုက်—

(ဆ) အာနိသံသန္တိ ကထိနာနိသံသစီဝရံ။ ဧကံ အတ္ထတစီဝရံ
ယေဝ ဟိ ကထိနစီဝရံနာမ ဟောတိ။ အဝသေသာနိ
စီဝရာနိ ဝါ သာဋကာ ဝါ ကထိနာနိသံသာယေဝနာမ။—
ဟူ၍ဎင်း၊

ဒါနဉ္စ ဘုဉ္ဇိတွာတိ ခါဒနီယ ဘောဇနီယဘူတံ အန္နပါနာဒိဒါနံ ဘုဉ္ဇိတွာ။ န ဟိ တေ ဝတ္ထုဒါနံ လဘန္တိ။—ဟု၍ ပြတော်မူ၏။

အညေဝါဒကို ပြခြင်း

အခ္ဂါသော ဆရာတော်တို့သည် ကထိန်ခင်းသော ကျောင်းတိုက်မှ ပုဂ္ဂလိက ပင့်ဖိတ်၍ ကြွရောက်လာကြကုန်သော ရဟန်းတို့သည် ထိုကထိန်ခင်းသော ကျောင်းတိုက်နှိုက် ပေါင်းဆုံ စုဝေးမိသောအခါ သမ္မုခီဘူတသံဃာဖြစ်၍ "သပရိဝါရံ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ" ဟု သံဃာကို သုံးသပ်ပြီးလျှင် ရေစက်ချ၍ လှူငြားသော်လည်း ပင့်ဖိတ်၍ ကြွလာသော ရဟန်းတို့သည် သမ္မုခီဘူတသံဃာ ဖြစ်သောကြောင့်—

(ဇ) သံဃဿ ဒေတိ သမ္မုခီဘူတေန သံဃေန ဘာဇေတဗ္ဗံ။—

ဟူသော ပါဠိတော်နှင့်အညီ ထိုတိုက်တပါးမှ လာရောက်သော ရဟန်းတို့သည်လည်း ခဲ့ခြမ်းဝေဖန်၍ ယူခြင်းငှါ အပ်၏ဟုယူဆကြပြီးလျှင် ခဲ့ခြမ်းဝေဖန်၍ ယူတတ်ကြကုန်၏ မသင့်ချေ၊ အဘယ်ကြောင့်နည်း ဟူမူကား—

ဥဒ်း အညေ၀ါဒ မသင့်ခြင်းကို ပြခြင်း

၎င်း အယူ၀ါဒသည် ဝိနည်းတရားတော်နှင့် မညီညွတ်သည်ဖြစ်၍ မသင့်မြတ်ချေ၊ ထိုဆရာတို့၏ အယူ၀ါဒမျှသာတည်းဟု မှတ်အပ်၏။ အဘယ်ကြောင့် နည်းဟူမူ....သင်္ကန်းကာလန္ဒိုက် လှူဒါန်းသော ကာလသင်္ကန်း စသော ၀တ္ထု ပစ္စည်းမျှားသည် ထိုကျောင်းတိုက်နှိုက် ၀ါဆိုသော ရဟန်းတို့အားသာလျှင် ရထိုက်သည်ဖြစ်၍ တပါးသော ကျောင်းတိုက်နှိုက် ၀ါဆိုသော ရဟန်းမျှား မရထိုက်သောကြောင့်တည်း။ ထိုကြောင့် ဝိနည်းမဟာ၀ါ ပါဠိတော်နှိုက်—

(စျ) ဇုဓ ပန ဘိက္ခဝေ ဘိက္ခု ဧကတော ဝသတိ။ တတ္ထ မနုဿာ သံဃဿ ဒေမာတိ စီဝရာနိ ဒေန္တိ။ အနုဇာနာမိ ဘိက္ခဝေ တသ္သေ၀ တာနိ စီဝရာနိ ယာ၀ကထိနဿ ဥဿာရာတိ။— ဟူ၍ ဟောတော်မူ၏။

တသ္သေ၀ဟူသောပုဒ်နှိုက် ဧ၀သဒ္ဒါဖြင့် တပါးသောကျောင်းတိုက်နှိုက် ၀ါကျွတ်သောရဟန်းတို့အား မရထိုက်ဟု ကန့်မြစ်၏ ဟူ၍ မှတ်အပ်၏။

သံဃဿ ဒေတိ သမ္မုခီဘူတေန သံဃဿ ဘာဒေဘဇ္ဇံ ဟူသော ပါဠိဘေဒ်၏ အဓိပ္ပါယ်မှတ်ချက်ကို ပြခြင်း

(ည) သံဃဿ ဒေတိတိ ဝိဟာရံ ပဝိသိတ္ဝာ ဇုမာနိ စီဝရာနိ သံဃဿ ဒမ္မိတိ ဒေတိ။ သမ္မုခီဘူတေနာတိ ဥပစာရသိမာယ ဌိတေန သံဃေန ဃဏ္ဍိံ ပဟရိတ္ဝာ ကာလံ ဃောသေတ္ဝာ ဘာဇေတဗ္ဗံ။--

ဟူသော ၎င်းပါဠိတော်၏ အဖွင့်ဖြစ်သော အဋ္ဌကထာနှိုက် "ဝိဟာရံ ပဝိသိတ္ဝာ"ဟူသောပါဌ်ဖြင့် ဥပစာရသိမ်ကျောင်းအတွင်းသို့ ဝင်ရောက်၍ လှူဒါန်းသည်ကို ပြတော်မူ၏၊ ဥပစာရသိမ်ပန္နိုက် လှူဒါန်းသည်ကို မပြ။ "ဥပစာရသိမာယ ဌိတေန သံဃေန" ဟူသောပါဌ်ဖြင့် ဥပစာရသိမ်ကျောင်း အတွင်းနှိုက် တည်ရှိသော သမ္မုခီဘူတသံဃာကို ပြတော်မူ၏၊ဥပစာရသိမ်ပမှ

ပုဂ္ဂလိက ပင့်ဖိတ်၍ထားသော သမ္မုခီဘူတသံဃာကို မပြု။ မပင့်ဖိတ်ဘဲ အလို အလျောက် ကြွလာသော ဥပစာရသိမ်ကွင်းရှိ ရဟန်းများသည် သမ္မုခီဘူတ သက်ဝင်နိုင်သေး၏။

မှတ်ချက်—"သံဃဿဒေတိ သမ္မုခီဘူတေန သံဃေန ဘာဇေတဗ္ဗံ"ဟူ၍ ဟောတော်မူခြင်းသည် သက်ဒ်နှံးကာလမှ တပါးသော ပိဋ္ဌိကာလ သမယန္ဒိုက် သံဃိကလှူဒါန်းသည်ကိုရည်၍ ဟောတော်မူ၏ဟု မှတ်အပ်၏။ ထိုကြောင့် အညေဆရာတို့၏ သမ္မုခီဘူတ ယူသောဝါဒ မသင့်မြတ်၊ ပါဠို,အဋ္ဌကထာ,ဋီကာနည်းသို့ မသက်ဝင်ဟု မုချမှတ် အပ်၏။

ကထိနစီဝရ သံဃိကအစစ် ဖြစ်အောင် လျောက်ထားပုံ ပင့်ဖိတ်နည်းကို ပြခြင်း

အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာဝိ နလဘန္တိ။— ဟူသော အဋ္ဌကထာ။

အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာဝိ နလဘန္တိတိ နာနာသီမာယ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာ ဣမသ္မိံ ဝိဟာရေ ကထိနတ္ထာရံ နလဘန္တိတိ အတ္ထော။—

ဟူသော တေရသကဏ်ဋီကာတို့နှိုက် "သပရိဝါရံ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ"ဟု နှုတ်မြွက်ဆို၍ လှူဒါန်းသောကြောင့် ကထိန်ခင်းလှူသော ကျောင်းတိုက်မှ တပါးသောကျောင်းတိုက်နှိုက် ဝါကျွတ်ကုန်သော ရဟန်းတို့သည် ဤကထိန်ခင်းသော ကျောင်းတိုက်နှိုက် ကထိန်ခင်းခြင်းကို မရကုန်၊ ကထိန်၏ အာနိသင်ငါးပါးကိုလည်း မရထိုက်ကုန်၊ ကထိန်၏ အခြံအရံဖြစ်သော သင်္ကန်းစသော ဝတ္ထုပစ္စည်း အလှူများကိုလည်း မရထိုက်ကုန်၊ ကထိန်ခင်းသော ကျောင်းတိုက်အတွင်းရှိ ပုရိမဝါကျွတ်ကုန်သော ရဟန်းသံဃာတို့ သည်သာလျှင် ရထိုက်ကုန်၏ဟု ပြတော်မူသောကြောင့် ဤမြတ်စွာဘုရား သာသနာတော်နှိုက် မနုံ့ဿတ္တာဒုလ္လဘကို ရကြကုန်သော သူတော်ကောင်း ပညာရှိ ဒါယကာတို့သည် သံဃိကကထိန်အစစ် ဖြစ်စေခြင်းငှါ ပုဂ္ဂိုလ်ရဟန်း

ကို မရည်ညွှန်းဘဲ သံဃာတော်ကိုသာ ရည်မှတ်ပြီးလျှင် ကထိန်ခင်းလိုသော ကျောင်းတိုက်သို့ သွားရောက်၍ ထိုကျောင်းတိုက်နှိုက် အကြီးအမှူး နာယက ဖြစ်သော ဆရာတော်ထံ ချဉ်းကပ်၍ "အရှင်ဘုရား၏ ကျောင်းတိုက်နှိုက် ကထိန်ခင်းလိုပါသည် ကျောင်းတိုက်အတွင်းရှိ ပုရိမဝါကျွတ်သော သာမဏေ များပါ သံဃာတော် စာရင်းကို ပေးသနားတော်မူပါ" ဟု လျှောက်ထား ပင့်ဖိတ်ပြီးလျှင် ကထိန်ခင်းလိုသော ကျောင်းတိုက်အတွင်းရှိ သံဃာတော် များကိုသာ မူလအရင်းထား၍ အခြံအရံနှင့် တကွသော ကထိန်သင်္ကန်းကို လှူဒါန်းအပ်၏ လှူဒါန်းရမည်။ ဤသို့ ကထိန်ခင်းလှူလိုသော ကျောင်းတိုက် အတွင်းရှိ သံဃာတော်ကို ရည်မှတ်ပြီးလျှင် မူလထား၍ လှူဒါန်းမှသာလျှင် "ကထိနံ ဧကံမူလံ သံဃော" ဟူသော ပါဠိတော်နှင့်အညီ သံဃိကကထိန် အစစ် ဖြစ်၏ဟူ၍ မုချမှတ်အပ်၏။ တိုက်တပါးက ရဟန်းများအား ကထိန် အလှူပွဲ၏ အခြံအရံအဖြစ်ဖြင့် လှူဒါန်းလိုလျှင် ကထိန်ခင်းသောကျောင်းတိုက် သံဃာအတွင်းသို့ အရေအတွက် မထည့်သွင်းပဲ သီးခြား ပုဂ္ဂလိက ပင့်ဖိတ်၍ သီးခြား ပုဂ္ဂလိက ရေစက်ချပြီးလျှင် လှူဒါန်းအပ်၏ လှူဒါန်းရမည်။

မန္တလေးမြို့ မိုးကောင်းတိုက် "အဂ္ဂမဟာပဏ္ဍိတ ရေဝတာဘိပဏ္ဍိတဇေ သာသနဝံသ မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ညောင်ရမ်းဆရာတော်သည် မိတ္ထိလာမြို့ ဈေးကုန်းကျောင်း ဥက္ကဋ္ဌာရာမတိုက် ဦးဥက္ကဋ္ဌ လျှောက်ထား တောင်းပန်ချက်အရ ရေးသားအပ်သော ကထိနဒါနနိမန္တနဝိနိစ္ဆယသည် ၁၃၁၃-ခု၊ သီတင်းကျွတ်လပြည့်ကျော် (၂) ရက် ဗုဒ္ဓဟူးနေ့ (၁)နာရီ အချိန်တွင် အပြီးသို့ ရောက်သတည်း။

ကထိနဒါန နိမန္တန ဝိနိစ္ဆယ ပြီးပြီ။

စစ်တွေ ပုဏ္ဏားကျွန်းမြို ကျွတိုးရွာကျောင်းဘုန်းကြီး ဦးသုဒ္ဓရရှိသော်လှောက်ထားပါသည်ဘုရား....။

နောင်လာ နောက်သား ရဟန်းများတို့ ယုံမှားမရှိ မှတ်သားလွယ်ရန် အောက်ပါ သံသယပုစ္ဆာများကို အဖြေဝိဿဇ္ဇနာရေးသား၍ ကယ်မတော်မူပါမည့်အကြောင်း ရှိသော်လှောက်ထားတောင်းပန်ပါသည်ဘုရား....။

၁။ ကထိန်မခင်းသော တလွန်ကဲ့ ကထိန်ခင်းသော ငါးလကဲ့သို့ ကထိန် အာနိသင်ငါးပါးကို အကုန်ရပါမည်လော။

၂။ အတ္ထိ ပန သိက္ခာပဒံ ကုသလန္တိအာဒိ အာပတ္တိသမုဋ္ဌာပက တိစိတ္တဝသေန။လ။န ပန တေန အကုသလာဒိ ဝိဂစ္ဆတိ။

ဌင်းပါဠိကို အနက်ပြန်ဆို၍ အမိပွါယ် သိခက်သော အရာနှိက် အမိပွါယ်ကိုလည်း ရေးသား ကယ်မပါဘုရား....။

၃။ တရသကဏ္ဍီကာနှိက် ကုစားပြီးသော အာပတ်သည် အဟောသိကံ ဖြစ်ကြောင်းကို—

"ဒေသိတံ ဝုဋ္ဌိတံ ဝါ ပယောဂသမ္ဘတ္တိ ပဋိဗာဟိတတ္တာ အဝိပါက ဓမ္မတာယ အဟောသိကမ္မဘာဝေန အနန္တရာယကရံ ဇာတံ"—ဟု ပြပါသည်။

အဟောသိကံ ဟူသည် အကျိုးပေးရာ ကာလကို လွန်သောကံပင်ဖြစ်သည်၊ ထိုကံသည် မည်သည့်အခါမှ အကျိုးမပေးနိုင်ပြီ၊ ထိုကံအတွက် စိုးရိမ်ဘွယ်ရာ မရှိပြီဟု အမိပွါယ်ရောက်ပါသည်၊ ယင်းသို့ ဖြစ်ပါလျှင် ရဟန်းဘဝမှာ လူ့ဘဝလောက်ပင် အပြစ်ကို ကြောက်ဘွယ်ရာ မရှိသည်ဖြစ်ပါ၍ ဒေသနာဂါမ်, ဝုဋ္ဌာနဂါမ်တို့သည် မဂ်ဉာဏ်နှင့်တူ၏ဟု အမိပွါယ်ကောက်ယူရန် သင့်နိုင်ပါမည်လောဘုရား။

၄။ အယူကို မစွန့်သော နိယတမိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်သည် အပါယ်သွားခြင်းမြဲသကဲ့သို့ သာပတ္တိကပုဂ္ဂိုလ်ကိုလည်း "သာပတ္တိကဿ ဘိက္ခဝေ နိရယံဝါ ဝဒါမိ"ဟူသော ပါဠိတော်အရဖြင့် အပါယ်သွားခြင်းမြဲ၏ဟု မှတ်ချက် ဆုံးဖြတ်နိုင်ပါမည်လောဘုရား။

ကထိနာနိသံသလဘနာဒိဝိနိစ္ဆယ

၁-ပဌမပုဒ္ဓာ အဓြ

၁။ ကထိန်မခင်းသော တလန့်ဂိုက် ကထိန်ခင်းသော ငါးလက္ခဏာသို့ ကထိန်အာနိသင်ငါးပါးတို့ကို အကုန်ရနိုင်ပါမည်လောဘုရားဟု မေးလျှောက်ရာ၌—

ကထိန်မခင်းသော စီဝရမာသ တလန့်ဂိုက် ကထိန်အာနိသင် ငါးပါးတို့တွင် သက်န်းသုံးထည်တို့တွင် တထည်ထည်၌ ညဉ့်ကင်း၍နေကောင်းသော အသမာဒါနစာရ အာနိသင်တပါးကို ထား၍ ကြွင်းသော အနံ့ာမန္တစာရ, ဂဏဘောဇန,ယာဝဒတ္ထစီဝရ,ယောစ တတ္ထ စီဝရပ္ပါဒဟူသော အာနိသင်လေးပါးကို ရထိုက်၏။ ထိုကြောင့် ကဒ်ါဋ္ဌိကာသစ်၌က်—

(က) အနတ္ထတ ကထိနာ ပန ဇုမေသု ပဉ္စသု အာနိသံသေသု စီဝရမာသေ အသမာဒါနစာရံ ထပေတွာ သေသာနိသံသေ လဘန္တိ။--ဟု ဖွင့်ပြတော်မူ၏။

ကဒ်ါဋ္ဌိကာဟောင်း၌က်လည်း—

(ခ) တတ္ထ အနတ္ထတ ကထိနာနံ စီဝရကာလသမယေ နိယမတော စတ္တာရော အာနိသံသာ လဒ္ဓန္တိ။ အသမာဒါနစာရံ အနိယမတော။ စီဝရကာလသမယောနာမ အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမော မာသောတိ ဝစနတော အနတ္ထတ ကထိနာနံ တသ္မိံ မာသေ ယာဝဒတ္ထစီဝရံ သိဒ္ဓံ။ အနတ္ထတေ ကထိနေ ဇောဒသမာသေ ဥပ္ပန္နန္တိ ဝစနတော ယောစ တတ္ထ စီဝရပ္ပါဒေါ၊ သောစ နေသံ ဘဝိဿတီတိ သိဒ္ဓံ။ အနာမန္တစာရ ဂဏဘောဇနသိက္ခာပဒေ အညတြသမယာတိ ဝုတ္တတ္တာ သေသဒ္ဝယံ သိဒ္ဓမေဝ။—ဟု ဖွင့်ပြတော်မူ၏။

အမှာ—အသမာဒါနစာရမှတပါး ကြွင်းလေးပါး ရခြင်း၏အကြောင်းကို မေးလျှင် ၎င်းကဒ်ါဋ္ဌိကာဟောင်းဖြင့် ဖြေလေ။

သည်သာမဟုတ်သေး၊ ကထိန်မခင်းသော ရဟန်းတို့အား စီဝရမာသ တလန္ဒိုက် အသမာဒါနစာရ အာနိသင်မရကြောင်းကို သာသက်သိကွာပုဒ်ဖြင့် ၎င်း၊ ဒုတိယကထိနသိက္ခာပုဒ်ခိုက် "ဥဗ္ဘတသ္မိံ ကထိနေ"ဟူသော ပါဠိတော် ဖြင့်၎င်း "အနဓိဋ္ဌိတစီဝရတာ အနတ္ထတ ကထိနတာ"ဟူသော ၎င်း ဒုတိယ ကထိနသိက္ခာပုဒ်၏ အင်္ဂါဖြင့်၎င်း၊

(၈) အနတ္ထတ ကထိနဿ ဟိ စီဝရမာသေ ဝိပ္ပဝါသော နဝဋ္ဌတိ။ အတ္ထတကထိနာနံယေဝ အသမာဒါနစာရဿ အနုညာတတ္တာ။ ကေစိ ပန အနတ္ထတ ကထိနာနံ စီဝရမာသေဝိ အသမာဒါနစာရော လဗ္ဘတီတိ ဝတ္ဝာ ဗဟုဓာ ပပဉ္စေန္တိ။ တံ နဂဟေတဗ္ဗံ။—

ဟူသော တေရသကဏ်ဍိကာဖြင့်၎င်း ဉာဏ်ဖြင့်ထောက်ဆ သိထိုက်ပေ၏။ ဝဇီရဗုဒ္ဓိဋီကာနှိုက် စီဝရမာသ တလန္ဒိုက် ကထိန်အာနိသင် ငါးပါးလုံး ရထိုက်ကြောင်းကို ဆို၏၊ သို့ ဆိုသော်လည်း တေရသကဏ်ဍိကာဆရာ ပယ်တော်မူ၏။

အနက် (က) ပန၊ ဆက်ဦးအံ့။ အနတ္ထတကထိန၁၊ မခင်းအပ်သော ကထိန်ရှိသော ရဟန်းသည်။ ပဥ္စသု၊ ငါးပါးကုန်သော။ ဣမေသု အာနိသံသေသု၊ ဤအာနိသင်တို့တွင်။ စီဝရမာသေ၊ သက်နှံးကာလ တလန္ဒိုက်။ အသမာဒါနစာရံ၊ အသမာဒါနစာရ အာနိသင်ကို။ ဝါ၊ တိစီဝရိတ် အဓိဋ္ဌာန်တင်သော သက်နှံးကို မယူမူ၍ သွားရသော အာနိသင်ကို။ ထပေတွာ၊ ထား၍။ သေသာနိသံသေ၊ ကြွင်းသော အာနိသင် လေးပါးတို့ကို။ လဘန္တိ၊ ရကုန်၏။

(ခ) တတ္ထ၊ ထိုငါးပါးသော အာနိသင်တို့တွင်။ အနတ္ထတကထိနာနံ၊ မခင်းအပ်သော ကထိန်ရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ စီဝရကာလသမယေ၊ သက်နှံးကာလအခါနှိုက်။ ဝါ၊ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်ထိ စီဝရကာလ အခါနှိုက်။ စတ္တာရော၊ ကုန်သော။ အာနိသံသာ၊ ကထိန်၏ အကျိုးအာနိသင်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ အသမာဒါနစာရံ၊ အသမာဒါနစာရဟူသော ကထိန်၏ အကျိုးအာနိသင်တပါးကို။ အနိယမတော၊ မမြဲသောအားဖြင့်။ လဗ္ဘန္တိ၊ကုန်၏။ စီဝရကာလသမယော

နာမ၊ မည်သည်ကား။ ကထိနေ၊ ကထိန်ကို။ အနတ္ထတော၊ မခင်းအပ်သည် ရှိသော်။ ဝဿာနဿ၊မိုးလ၏။ ပစ္ဆိမောမာသော၊နောက်ဆုံးဖြစ်သော တလတည်း။ ဝါ၊သည်။စီဝရကာလသမယောနာမ၊မည်၏။ ဣတိဝစနတော၊ဤသို့ ဘုရားဟောတော်မူသောကြောင့်။ အနတ္ထတကထိနာနံ၊ မခင်းအပ်သော ကထိန်ရှိကုန်သော။ ဘိက္ခူနံ၊ တို့အား။ တသ္မိံ မာသေ၊ ထိုသင်္ကန်းကာလ တလန္နိုက်။ယာဝဒတ္ထစီဝရံ၊ယာဝဒတ္ထစီဝရဟူသော အကျိုးသည်။ဝါ၊အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ အလိုရှိတိုင်း တပေါင်းလပြည့်တိုင်အောင် သင်္ကန်းတို့ကို ထား၍ သုံးဆောင်ရခြင်းဟူသော အကျိုးသည်။ သိဒ္ဓံ၊ ပြီး၏။ ကထိနေ၊ ကထိန်ကို။ အနတ္ထတော၊မခင်းအပ်သည်ရှိသော်။ ကောဒသမာသေ၊ တဆယ့် တလန္နိုက်။ ဥပ္ပန္နံ၊ ဖြစ်၏။ ဣတိဝစနတော၊ ဤသို့ ဘုရားဟောတော်မူသော ကြောင့်။ တတ္ထ၊ထိုကထိန်ခင်းရာဖြစ်သောကျောင်းနှိုက်။ ယောစီဝရုပ္ပါဒေါ၊ အကြင်သင်္ကန်းဖြစ်ခြင်းသည်။ ဝါ၊ အကြင်ဖြစ်သောသင်္ကန်းသည်။ အတ္ထိ၊ ရှိ၏။ သောစီဝရုပ္ပါဒေါ၊ ထိုဖြစ်သောသင်္ကန်းသည်။ နေသံ၊ ကထိန်ခင်းသော ထိုရဟန်းတို့အား။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိဣဒံပယောဇနံ၊ ဤ အကျိုး သည်။ သိဒ္ဓံ၊ ပြီး၏။ အနာမန္တစာရဂဏဘောဇနသိက္ခာပဒေါ၊နှိုက်။ အညတြ သမယာတိ၊အညတြသမယာဟူ၍။ ဝုတ္တတ္တာ၊ဟောတော်မူအပ်သည်၏ အဖြစ် ကြောင့်။ သေသဒ္ဒယံ၊ ကြွင်းသောအနာမန္တစာရ, ဂဏဘောဇနဟူသော အကျိုးနှစ်ပါးအပေါင်းသည်။ သိဒ္ဓမေဝ၊ပြီးသည်သာလျှင်တည်း။

(ဂ) ဟိသစ္ဒံ၊၏။အနတ္ထတ ကထိနဿ၊မခင်းအပ်သော ကထိန်ရှိသော။ ဘိက္ခုနော၊ အား။ စီဝရမာသေ၊ သင်္ကန်းကာလတလန္နိုက်။ ဝိပ္ပဝါသော၊တိစီဝရိတ် အဓိဋ္ဌာန်တင်သောသင်္ကန်းနှင့် ကင်း၍နေခြင်းသည်။ နဝင်္ဂေါ၊မအပ်။ ကသ္မာ၊အဘယ်ကြောင့်နည်းဟူမူကား။ အတ္ထတကထိနာနံယေဝ၊ခင်းအပ်ပြီး သော ကထိန်ရှိသော ရဟန်းတို့အားသာလျှင်။ အသမာဒါနစာရဿ၊ တိစီဝရိတ် အဓိဋ္ဌာန်တင်သော သင်္ကန်းသုံးထည်တို့တွင် တထည်ထည်ကို မယူမူ၍ သွားရသော အသမာဒါနစာရ အာနိသင်၏။ အနုညာတတ္တာ၊ ခွင့်ပြုတော်မူအပ်သည်၏ အဖြစ်ကြောင့်တည်း။ ပန၊ အယူထူးကိုဆိုဦးအံ့။ ကေစိ၊ အချို့သော ဝင်္ဂီရဗုဒ္ဓဋ္ဌကာ ဆရာတို့သည်။ အနတ္ထတကထိနာနံ၊ မခင်းအပ်သော

ကထိန်ရှိကုန်သော ရဟန်းတို့အား။ စိဝရမာသေပိ၊သင်္ကန်းကာလ တလန္ဒိုက်လည်း။ အသမာဒါနစာရော၊ အသမာဒါနစာရအာနိသင်ကို။ လဗ္ဘတိ၊ရအပ်၏။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ဆိုပြီး၍။ ဗဟုခာ၊ များသောအပြားအားဖြင့်။ ပပဉ္စေန္တိ၊ခဲ့ကြကုန်၏။ တံဝစနံ၊ထိုစကားကို။ နဂဟေတဗ္ဗံ၊မယူအပ်။

(၁) ပဌမပုစ္ဆာအဖြေ ပြီး၏။

၂-ဒုတိယပုစ္ဆာအဖြေ

၂။ "အတ္ထိ ပန သိက္ခာပဒံ ကုသလန္တိအာဒိ။လ။နှ ပန တေန အကုသလာဒိ ဝိဂစ္ဆတိ" ဌင်းပါဠိကို အနက်မြန်မာပြန်ဆိုတော်မူ၍ သိခက်သောအရာနှိုက် အဓိပ္ပါယ်ကိုလည်း ရေးသား ကယ်မပါဘုရားဟု လျှောက်ထားရာနှိုက်—

ဌင်း "အတ္ထိ ပန သိက္ခာပဒံ။လ။ဝိဂစ္ဆတိ" ဟူသော ပါဠိသည် ဝိမတိဋီကာပါဠိဖြစ်သည်၊ ဌင်းဋီကာပါဠိသည် ပါဠိဝါကျအဓိပ္ပါယ် မဆုံးသေး၍ "ပိတုဃာတကာဒိကမ္မေန ဟိ။လ။အာပတ္တိသမုဋ္ဌာပက စိတ္တာနိတိ အာဒိ" ဟူသော ပါဠိဝါကျကို ဆက်၍ယူအပ်၏၊ ဆက်၍ယူမှ ဝါကျအဓိပ္ပါယ် ကုန်စင်၏။ ဌင်းပါဠို ပေယျာလနှင့် ဝါကျအဆက်ကား—

အတ္ထိ ပန သိက္ခာပဒံ ကုသလန္တိအာဒိ အာပတ္တိသမုဋ္ဌာပက စိတ္တဝဿေန ကာရိယေ ကာရဏောပစာရေန ဝုတ္တံ။ နှ ပန အာပတ္တိယာ ကုသလာဒိ ပရမတ္ထမမ္မတာ ဝဿေန။ အာပတ္တိယာ သမ္မုတိ သဘာဝတ္တာ။ ကုသလာကုသလာဒိ ပရမတ္ထမမ္မေ ဥပါဒါယ ဟိ ဘဂဝတာ အာပတ္တိ သမ္မုတိ ပညတ္တာ။ ဝက္ခတိ ဟိ ယံ ကုသလစိတ္တေန အာပဇ္ဇတိ၊ တံ ကုသလန္တိအာဒိ။ နှ ဟိ ဘဂဝတော အာဏာယတ္တာ အာပတ္တိ ကုသလာဒိ ပရမတ္ထ သဘာဝါ ဟောတိ။ အနုပသမ္မန္နာနံ အာဒိကမ္မိကာနဉ္စ အာပတ္တိပသင်္ကတော။ တဿာ ဒေသနာဒိဟိ ဝိသုဒ္ဓိ အဘာဝပသင်္ကတောစ။နှ ဟိ ကာရဏမဟေ ဥပဇ္ဈမာနာ ကုသလာဒိ သဘာဝါ

အာပတ္တိ အနုပသမ္မန္နာဒိသု နိဝတ္တတိ။ ဥပ္ပန္နာယစ တဿာ ကေနစိ ဝိနာသော နသမ္ဘဝတိ။ သရသ ဝိနာသနတော။ ဒေသနာဒိနာစ အာပတ္တိ ဝိဂစ္ဆတိတိ ဝစနမတ္ထိ။နု ပန အကုသလာဒိ ဝိဂစ္ဆတိ။ ဝိတုဿာတကာဒိ ကမ္မေန ဟိ ပါရာဇိကံ အာပန္နဿ ဘိက္ခုနော ဂိဟိလိင်္ဂံ ဂဟေတ္ဝာ ဘိက္ခုဘာဝပရိစ္ဆာဂေန ပါရာဇိကာပတ္တိ ဝိဂစ္ဆတိ။ နု ပါဏာတိပါတာဒိ အကုသလံ အနန္တရိယာဒိ ဘာဝတော။ တသ္မာ ဒုမ္မင်္ကုံ နိဂ္ဂဟာဒိ ဒဿအတ္ထဝသေ ပဋိစ္စ ဘဂဝတာ ယထာပစ္စယံ သမုပ္ပဇ္ဇမာနေ ကုသလာကုသလာဒိ နာမရူပဓမ္မေ ဥပါဒါယ ပညတ္တာ သမ္မုတိယေဝ အာပတ္တိ။ သာစ ယထာဝိမိ ပဋိကမ္မကရဏေန ဝိဂတာနာမဟောတီတိ ဝေဒိတဗ္ဗံ။ တေနာဟ "ဒ္ဝတ္တိံသေဝ အာပတ္တိသမုဋ္ဌာပကစိတ္တာနီ"တိအာဒိ။ **ဝိမတိဒ္ဒီကာ ပဌမပါရာဇိကအဖွင့်**

အနက် အတ္ထိ ပန သိက္ခာပဒံ ကုသလန္တိအာဒိ၊ ဤသို့အစရှိသောစကား ကို။ အာပတ္တိသမုဋ္ဌာပက စိတ္တဝသေန၊ အာပတ်သင့်ခြင်း၏ အကြောင်းဖြစ်သော ကုသိုလ်,အကုသိုလ်,အဗျာကတစိတ်တို့၏ အစုမ်းဖြင့်။ ကာရိယေ၊ အကျိုးနှိုက်။ ဝါ၊ ပြုအပ်သောဝတ္ထုနှိုက်။ ဝါ၊ လွန်ကြူး၍ပြုအပ်သော ဝတ္ထုအာပတ်နှိုက်။ ကာရဏောပစာရေန၊ ကာရဏူပစာရအားဖြင့်။ ဝါ၊ အကြောင်း၏အမည်ကို အကျိုးနှိုက် တင်စားသောအားဖြင့်။ ဝါ၊ အကြောင်းဖြစ်သော ကုသိုလ်, အကုသိုလ်, အဗျာကတဟူသောအမည်ကို အကျိုးဖြစ်သော သိက္ခာပုဒ်အာပတ်နှိုက် တင်စားသောအားဖြင့်။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ ဆိုအပ်၏။ ပန၊ ဗျတိရိတ်ကို ဆိုဦးအံ့။ အာပတ္တိယာ၊၏။ ကုသလာဒိ ပရမတ္ထဓမ္မတာ ဝသေန၊ ကုသိုလ်အစရှိသော ပရမတ္ထဓမ္မ၏အဖြစ် မှုခြ၏အစုမ်းဖြင့်။ နဝုတ္တံ၊ မဆိုအပ်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ အာပတ္တိယာ၊ ၏။ သမ္မုတိသဘာဝတ္တာ၊ လောကသမ္မုတိပညတ်သဘောရှိသည်၏ အဖြစ်ကြောင့်တည်း။ ဟိ ဝိတ္ထရယိဿာမိ၊ ထိုစကားကို ခဲ့ဦးအံ့။ ကုသလာကုသလာဒိ ပရမတ္ထဓမ္မေ၊ ကုသိုလ်,အကုသိုလ်စသော ပရမတ္ထတရားတို့ကို။ ဥပါဒါယ၊ စွဲ၍။ ဝါ၊ ထောက်၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အာပတ္တိသမ္မုတိ၊ အာပတ်ဟူသော သမုတ်ခြင်းကို။ ပညတ္တာ၊ပညတ်တော်မူအပ်၏။ ဟိ တဒေဝသစ္ဆံ၊မှန်၏။ "ယံ ကုသလစိတ္တေန

အာပဇ္ဇတိ၊တံ ကုသလ”န္တိ အာဒိ၊ဤသို့အစရှိသော စကားကို။အာစရိယော၊ အဋ္ဌကထာဆရာသည်။ ဝက္ခတိ၊ ဆိုလတံ့။ ယံအာပတ္တိံ၊ အကြင်အာပတ်သို့။ ကုသလစိတ္တေန၊ ကုသိုလ်စိတ်ဖြင့်။ အာပဇ္ဇတိ၊ ရောက်၏။ တံအာပတ္တိ၊ ထို အာပတ်သည်။ ကုသလံ၊ ကုသိုလ်မည်၏။ ဟိ တံပါကဋံ ကရောမိ၊ မပေါ်လွင် ညား ထိုစကားကို ထင်ရှားပြုဦးအံ့။ ဘဂဝတော၊မြတ်စွာဘုရား၏။ အာဏာ ယတ္တာ၊ အာဏာတော်နှင့်စပ်သော။ အာပတ္တိ၊ အာပတ်သည်။ ကုသလာဒိ ပရိမတ္ထသဘာဝါ၊ ကုသိုလ်အစရှိသော ပရိမတ္ထ သဘောရှိသည်။ နဟောတိ၊ မဖြစ်။ ကသ္မာ၊အဘာယ်ကြောင့်။ နဟောတိ၊မဖြစ်သနည်း။ အနုပသမ္မန္နာနဉ္စ၊ လူ့သာမဏေတို့၏ငင်း။ ဝါ၊အားငင်း။ အာဒိကမ္မိကာနဉ္စ၊ အစလွန်ကြူးခြင်း အမှုနှိုက် ယှဉ်သောပုဂ္ဂိုလ်တို့၏ငင်း။ဝါ၊အားငင်း။ (သဒ္ဒတ္ထ)။ ဝါ၊ပညတ်ဦး ဖြစ်သော ပုဂ္ဂိုလ်တို့၏ငင်း။ ဝါ၊အားငင်း။ (အဓိပ္ပါယတ္ထ)။ အာပတ္တိပ္ပသဒ်တောစ၊ အာပတ်သင့်ခြင်းနှိုက် ယုံမှားလျှင်းပါးဖွယ် ရှိသောကြောင့်ငင်း။ တဿာအာပတ္တိယာ၊ ထိုအာပတ်၏။ ဒေသနာဒီဟိ၊ ဒေသနာကြားခြင်း အစ ရှိသည်တို့ဖြင့်။ ဝိသုဒ္ဓိအာဘာဝပ္ပသဒ်တောစ၊ စင်ကြယ်ခြင်းမရှိသည်၏ အဖြစ် နှိုက် ယုံမှားလျှင်းပါးဖွယ်ရှိသောကြောင့်ငင်း။ နဟောတိ၊မဖြစ်။ဟိသစ္ဒံ၊၏။ ကာရဏူပလေန၊အကြောင်း၏အစွမ်းဖြင့်။ဥပပဇ္ဇမာနာ၊ဖြစ်သော။ကုသလာဒိ သဘာဝါ၊ ကုသိုလ် အစရှိသော သဘောရှိသော။ အာပတ္တိ၊အာပတ်သည်။ အနုပသမ္မန္နာဒီသု၊ လူ့သာမဏေအစရှိသည်တို့နှိုက်။ နနိဝတ္ထုတိ၊ မဖြစ်။ စ၊ ဝါကျတပါးကို အားထုတ်ဦးအံ့။ ဥပပန္နာယ၊ဖြစ်ပြီးသော။ တဿာ၊ထိုကုသိုလ် စသည် သဘောရှိသောအာပတ်၏။ ကေနစိ၊ တစုံတခုသောအကြောင်း ကြောင့်။ ဝိနာသော၊ ပျက်စီးခြင်းသည်။ နသမ္ဘဝတိ၊ မဖြစ်သင့်။ ကသ္မာ၊ အဘာယ်ကြောင့်နည်းဟူမူကား။ သရသဝိနာသနတော၊ မိမိတို့၏ ကိစ္စသတ္တိ အားဖြင့် ပျက်စီးပြီးဖြစ်သောကြောင့်တည်း။ စ၊ ဆက်၍ဆိုဦးအံ့။ ဒေသနာ ဒိနာ၊ဒေသနာကြားခြင်း အစရှိသည်ဖြင့်။ အာပတ္တိ၊အာပတ်သည်။ ဝိဂစ္ဆတိ၊ ကင်းပျောက်၏။ ဣတိဣဒံဝစနံ၊ဤသို့သော ဘုရားစကားတော်သည်။အတ္ထိ၊ ရှိ၏။ ပန တထာပိ၊ ထိုသို့ပင် ရှိသော်လည်း။ တေန၊ ထိုဒေသနာကြားခြင်း စသည်ဖြင့်။(ထည့်)။ အကုသလာဒိ၊အကုသိုလ် အစရှိသည်သည်။ နဝိဂစ္ဆတိ၊ မကင်းပျောက်။ ဟိသစ္ဒံ၊မှန်၏။ ဝါ ဟိဝိတ္ထာရေမိ၊ ခဲ့ဦးအံ့။ ဝါ ဟိယသ္မာ၊

ကြောင့်။ ပိတုဃာတကာဒိကမ္မေန၊ ပိတုဃာတက အစရှိသော ကံဖြင့်။ ဝါ၊ ကြောင့်။ ပါရာဇိကံ၊ သို့။ အာပန္နဿ၊ ရောက်သော။ ဘိက္ခုနော၊ ၏။ ဂိဟိလိင်္ဂံ၊ လူ၏အသွင်ကို။ ဂဟေတ္ဝာ၊ ယူ၍။ ဘိက္ခုဘာဝပရိစ္စာဂေန၊ ရဟန်း၏အဖြစ်ကို စွန့်သဖြင့်။ ပါရာဇိကာပတ္တိ၊ ပါရာဇိကအာပတ်သည်။ ဝိဂစ္ဆတိ၊ကင်းပျောက်၏။ ပါဏာတိပါတာဒိအကုသလံ၊ ပါဏာတိပါတစသော အကုသိုလ်သည်။ နဝိဂစ္ဆတိ၊မကင်းပျောက်။ ကသ္မာ၊အဘယ်ကြောင့်နည်း ဟူမူကား။ အနန္တရိယာဒိဘာဝတော၊ အနန္တရိယကံ စသည်တို့၏ အဖြစ်ကြောင့်တည်း။ တသ္မာ၊ ထိုသို့ ဒေသနာကြားခြင်း စသည်ဖြင့် သမ္မုတိပညတ်အာပတ်သာပျောက်ကင်းခြင်း အကုသိုလ်စသည် မပျောက်ကင်းသောကြောင့်။ ဒုမ္မင်္ကုံနံ၊ သီလမရှိ မျက်ခွက် မျက်နှာ မသာမယာကုန်သော ဒုဿီလပုဂ္ဂိုလ် တို့ကို။ နိဂ္ဂဟာဒိဒသအတ္ထဝသေ၊ နှိပ်ခြင်းအစရှိသော ဆယ်ပါးသော အကျိုးထူးတို့ကို။ ဝါ၊အကြောင်းတို့ကို။ ပဋိစ္စ၊စဲ၍။ ဝါ ပဋိစ္စကာရဏံကတ္ဝာ၊ အကြောင်းပြု၍။ ဘဂဝတာ၊မြတ်စွာဘုရားသည်။ ယထာပစ္စယံ၊အကြောင်းအား လျော်စွာ။ သမုပ္ပဇ္ဇမာနေ၊ ဖြစ်ကုန်သော။ ကုသလာကုသလာဒိနာမရူပဓမ္မေ၊ ကုသိုလ်,အကုသိုလ် အစရှိကုန်သော နာမ်,ရုပ်တရားတို့ကို။ ဥပါဒါယ၊ စဲ၍။ ပညတ္တာ၊ပညတ်တော်မူအပ်သော။ အာပတ္တိ၊ သည်။ သမ္မုတိယေဝ၊ လောကသမ္မုတိပညတ်သည်သာလျှင်။ ဟောတိ၊၏။ သာစ၊ ထို သမ္မုတိပညတ် ဟုဆိုအပ်သော အာပတ်သည်သာလျှင်။ ယထာဝိမိပဋိကမ္မကာရဏေန၊ အကြင်သို့သော အခြင်းအရာအားဖြင့် စီရင်အပ်ပြီးသော ဒေသနာကြားခြင်း စသောကုစားခြင်းဟူသောအကြောင်းဖြင့်။ ဝါ၊ကြောင့်။ ဝါ၊ကုစားခြင်းအမှုကို ပြုသဖြင့်။ ဝိဂတာနာမ၊ကင်းပျောက်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊၏။ တေန၊ထိုကြောင့်။ "ဒုတ္တိံ သေဝ အာပတ္တိသမုဋ္ဌာပကစိတ္တာနီ" တိအာဒိ၊ကို။ အာစရိယော၊အဋ္ဌကထာဆရာသည်။ အာဟ၊၏။

ဦးကာပါဠိန္ဒိုက် အဓိပ္ပါယ် အကျဉ်း

"အတ္ထိ ပန သိက္ခာပဒံ ကုသလန္တိအာဒိ။လ။အာပတ္တိ အနုပသမ္မန္ဒာဒီသု နိဝတ္တတိ" ဟူသော ပါဠိရပ်ပါကျတို့ဖြင့် မြတ်စွာဘုရား၏ အလိုတော်အားဖြင့် "အတ္ထိ ပန သိက္ခာပဒံ ကုသလံ၊ အတ္ထိ အကုသလံ၊ အတ္ထိ အဗျာကတံ" ဟု ပြဆိုတော်မူခြင်းသည် သိက္ခာပုဒ်အာပတ်သည် မုချ စင်စစ် ကုသိုလ်, အကုသိုလ်, အဗျာ

ကတ ပရမတ္ထဓမ္မဖြစ်သောကြောင့် ပြဆိုသည် မဟုတ်၊ သိက္ခာပုဒ်ကို ကြူးလွန်ခြင်း အာပတ်သင့်ခြင်း၏ အကြောင်း သမုဋ္ဌာပက မုချ ပရမတ္ထဖြစ်သော ကုသိုလ်,အကုသိုလ်,အဗျာကတတို့၏ အမည်ကို အကျိုးဖြစ်သော သိက္ခာပုဒ် အာပတ်နှိုက် တင်စား၍ ကာရဏူပစာ အားဖြင့် "အတ္ထိ ပန သိက္ခာပဒံ ကုသလံ" အစရှိသည်ကို ပြဆိုတော်မူ၏၊ထိုကြောင့် သိက္ခာပုဒ်အာပတ်ဟူသည် စင်စစ် ပရမတ္ထအားဖြင့် ကုသိုလ်,အကုသိုလ်,အဗျာကတ မရှိ၊လောကသမ္မုတိပညတ်မျှသာဖြစ်၏ဟူသော အဓိပ္ပါယ်ကို ပြတော်မူ၏။ "ဤအရာနှိုက် ငါတို့အလိုအားဖြင့် ဖလူပစာယူလျှင် သာ၍ သင့်မြတ်ပေ၏"။

"ဥပ္ပန္နာယစ တဿာ ကေနစိ ဝိနာသော နသမ္ဘဝတီ။လ။ဝိဂတာနာမဟောတီတိ ဝေဒိတဗ္ဗံ" ဟူသော ပါဠိဝါကျတို့ဖြင့် အာပတ်သည် ပရမတ္ထဓမ္မအစစ် မဟုတ်၊ လောကသမ္မုတိပညတ်မျှသာဖြစ်သောကြောင့် သင့်ရောက်ပြီးသော အာပတ်ကို ဒေသနာဂါမ်, ဝုဋ္ဌာနဂါမ်စသော ဆေးတော်တို့ဖြင့် ကုစားသည်ရှိသော် ပရမတ္ထဓမ္မအစစ်ဖြစ်သော ကုသိုလ်, အကုသိုလ်,အဗျာကတဖြစ်သော ရုပ်,နာမ်တရားတို့ကိုစွဲ၍ ဘုရားပညတ်တော်မူသော သမ္မုတိပညတ်အာပတ်သည်သာလျှင် ပျောက်ကင်းခြင်းသို့ ရောက်၏၊ အာပတ်သင့်ကြောင်းသမုဋ္ဌာပကဖြစ်သော ကုသိုလ်, အကုသိုလ်,အဗျာကတစိတ္တုပ္ပါဒ်တို့သည် မုချပရမတ္ထဖြစ်၍ မိမိတို့၏ ကိစ္စသဘင်္ဂဖြစ်သော ဥပါဒ်,ဌိ,ဘင်အားဖြင့် ကင်းချုပ်ပျက်စီးပြီး ဖြစ်သောကြောင့် မပျောက်မကင်းဟူသော အဓိပ္ပါယ်ကို ပြတော်မူ၏။

မှတ်ချက်—ယင်း ဝိမတိဋီကာဆရာတော်သည် အာပတ်ကို ဒေသနာကြားသည်ရှိသော် အာပတ်ဟူသော ဝေါဟာရပညတ်သာ ပျောက်ကင်း၏၊ လွန်ကြူးသော အကုသိုလ်စသည် မပျောက်မကင်း၊ ၎င်း အကုသိုလ်တို့သည် အကျိုး ဖြစ်စေနိုင်သော အစွမ်းသတ္တိ ရှိသေး၏ဟု အယူရှိပုံရသည်။ (ဆင်ခြင်လေ)။ ပရိဝါအဋ္ဌကထာအလို၊ တေရသကဏ်ဋီကာအလိုအားဖြင့် အလုံးစုံ ကင်းပျောက်၏၊စတုတ္ထဝိဿဇ္ဇနာနှိုက် အကျယ်အားဖြင့် မှတ်အပ်၏။

(၂)ဒုတိယပုစ္ဆာအဖြေ ပြီး၏။

၃-တတိယမူဆဉ္စာ အဖြေ

၃။ တေရသကဏ်ဋီကာနှိုက် ကုစားပြီးသော အာပတ်သည် အဟောသိကံ ဖြစ်ကြောင်းကို—

ဒေသိတံ ဝုဋ္ဌိတံ ဝါ ပယောဂသမ္ပတ္တိ ပဋိဗာဟိတတ္တာ အဝိပါက ဓမ္မတာယ အဟောသိကမ္မဘာဝေန အနန္တရာယ ကရ ဇာတ။—
ဟု ပြပါသည်။

အဟောသိကံဟူသည် အကျိုးပေးရာကာလကို လွန်သော ကံပင်ဖြစ်သည်၊ ထိုကံသည် မည်သည့်အခါမှ အကျိုးမပေးနိုင်ပြီ၊ ထိုကဲ့အတူက် စိုးရိမ်ဘွယ်ရာ မရှိပြီဟု အဓိပ္ပါယ်ရောက်ပါသည်၊ ယင်းသို့ ဖြစ်ပါလျှင် ရဟန်းဘဝမှာ လူ့ဘဝလောက်ပင် အပြစ်ကို ကြောက်ဖွယ်မရှိသည် ဖြစ်၍ ဒေသနာဂါမ်၊ ဝုဋ္ဌာနဂါမ်တို့သည် မဂ်ဉာဏ်နှင့် တူ၏ဟု အဓိပ္ပါယ် ကောက်ယူရန် သင့်နိုင်ပါမည်လောဘုရားဟု မေးလျှောက်ရာနှိုက်—

၎င်း တတိယမေးလျှောက်ချက်နှိုက် ပါဠိမစုံလင်သေး၍ ဤသို့ ပါဠိကို ဖြည့်စွက်၍ ထည့်အပ်၏။—

ယဉ္စ အာပတ္တာဓိကရဏံ အကုသလံ။ တဋ္ဌိ ဒေသိတံ ဝုဋ္ဌိတံ ဝါ အနန္တရာယ ကရံ။ ယထာ ဟိ အရိယူပဝါဒကမ္မံ အကုသလဋ္ဌိ သမာနံ အစ္ဆယံ ဒေသေတ္တာ ခမာပနေန ပယောဂသမ္ပတ္တိ ပဋိဗာဟိတတ္တာ အဝိပါကဓမ္မတံ အာပန္နံ အဟောသိကမ္မံ ဟောတိ။ ဧဝမိဒမ္ပိ ဒေသိတံ ဝုဋ္ဌိတံ ဝါ ပယောဂသမ္ပတ္တိပဋိဗာဟိတတ္တာ အဝိပါကဓမ္မတာယ အဟောသိ ကမ္မဘာဝေန အနန္တရာယ ကရံ ဇာတံ။ တေနေဝ—"သာပတ္တိကဿ ဘိက္ခဝေ နိရယံ ဝါ ဝဒါမိ တိရစ္ဆာနယောနိ ံ ဝါ" တိ သာပတ္တိ ကဿေဝ အပါယဂါမိတာ ဝုတ္တာ။ **စူဠဝါအဋ္ဌကထာ သမထက္ခန္ဓက၊ တေရသကဏ်ဋီကာ**

အနက် အကုသလံ၊ အကုသိုလ် ဖြစ်သော။ ယဉ္စအာပတ္တာဓိကရဏံ၊ အကြင် အာပတ္တာဓိကရဏ်းသည်လည်း။ အတ္ထိ၊ ရှိ၏။ တမ္ပိ၊ ထို အကုသိုလ်အာပတ္တာဓိကရဏ်း သည်လည်း။ ဒေသိတံဝါ၊ ဒေသနာကြားပြီး သော်၎င်း။ ဝုဋ္ဌိတံဝါ၊ အာပတ်မှ ထပြီးသော်၎င်း။ တနည်း— ဒေသိတံဝါ၊ နောင် မလွန်ကြူးပါအံ့ဟု အာယတိ ံ သံဝရဖြင့် ဒေသနာကြားပြီးသည်လည်း

ဖြစ်သော။ ဝုဋ္ဌိတံဝါ၊ပရိဝါသ်,မာနတ်ကျင့်သဖြင့် အာပတ်မှထပြီးသည်လည်း ဖြစ်သော။ တမ်ပါ၊ထို အကုသိုလ်အာပတ္တာဓိကရဏ်းသည်လည်း။ အနန္တရာယ ကရံ၊သဂ္ဂန္တရာယ်,မောက္ခန္တရာယ်,မဂ္ဂန္တရာယ်ကို မပြုတတ်သည်။ ဟောတိ၊၏။ ဟိ တံပါကဋ္ဌကရောမိ၊ထိုစကားကို ဥပမာဖြင့် ထင်ရှားပြုဦးအံ့။ အရိယူပဝါဒကမ်မံ၊ အရိယာပုဂ္ဂိုလ်တို့အား စွပ်စွဲသော အရိယူပဝါဒ အကုသိုလ်ကံသည်။ အကုသလံ၊အကုသိုလ်သည်။ သမာနံပိ၊ဖြစ်သော်လည်း။ အစ္စယံ၊ အပြစ်ကို။ ဒေသေတွာ၊ကြား၍။ ခမာပနေန်န၊သည်းခံစေခြင်းဖြင့်။ ဝါ၊မာန်မာနနှိပ်ချ၍ ကံတော့တောင်းပန်ခြင်းဖြင့်။ ပယောဂသမ္ပတ္တိပဋိဗာဟိတတ္တာ၊ ပြစ်မှားစွပ်စွဲသော လုံ့လပယောဂ၏ ပြည့်စုံခြင်းကို တဖန် တားမြစ်အပ်သည်၏ အဖြစ်ကြောင့်။ အဝိပါကဓမ္မတံ၊ အကျိုးကို မဖြစ်စေတတ်သော သဘောရှိသော အဖြစ်သို့။ အာပန္နံ၊ ရောက်သော။ အဟောသိကမ်ံ၊ အဟောသိကံသည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ ဣဒမ်ိ၊ ဤ အကုသိုလ် အာပတ္တာဓိကရဏ်းသည်လည်း။ ဒေသိတံဝါ၊ ဒေသနာကြားပြီးသော်၎င်း။ ဝုဋ္ဌိတံဝါ၊ ပရိဝါသ် မာနတ်ကျင့်သဖြင့် အာပတ်မှ ထပြီးသော်၎င်း။ ပယောဂ သမ္ပတ္တိပဋိဗာဟိတတ္တာ၊ အာပတ်သင့်ကြောင်းဖြစ်သော လုံ့လပယောဂ၏ ပြည့်စုံခြင်းကို တဖန်တားမြစ်အပ်သည်၏အဖြစ်ကြောင့်။ အဝိပါကဓမ္မတာယ၊ ဒေသနာဂါမ်, ဝုဋ္ဌာနဂါမ်ဖြင့် ကုစားပြီးသော အာပတ် ဟုဆိုအပ်သော စေတနာကံ၏ အကျိုးကို မဖြစ်စေတတ်သော သဘောသတ္တိ ရှိသည်၏အဖြစ် ဟုဆိုအပ်သော။ အဟောသိကမ္မဘာဝေန၊ ဖြစ်ပြီးသည်လျှင် ကံမည်သော အဟောသိကံ၏အဖြစ်ဖြင့်။ အနန္တရာယကရံ၊ သဂ္ဂန္တရာယ်, မောက္ခန္တရာယ်, မဂ္ဂန္တရာယ်ကို မပြုတတ်သည်။ ဇာတံ၊ဖြစ်၏။ တေနေဝ၊ထိုကြောင့်သာလျှင်။ “သာပတ္တိကဿ ဘိက္ခဝေ ။လ။ တိရစ္ဆာန ယောနိံဝါ”တိ၊ဟူ၍။ သာပတ္တိကဿေဝ၊အာပတ်ရှိသော ရဟန်း၏သာလျှင်။ ဝါ၊အာပတ်နှင့်တကွဖြစ်သော ရဟန်း၏သာလျှင်။ အပါယဂါမိတာ၊အပါယ်သို့ ရောက်သည်၏ အဖြစ်ကိုသာလျှင်။ ဘဂဝတာ၊ သည်။ ဝုတ္တာ၊၏။ **သာဓကအနက်**–ဘိက္ခဝေ၊တို့။ အဟံ၊ ဂါဘုရားသည်။ သာပတ္တိကဿ၊အာပတ်နှင့် တကွဖြစ်သောရဟန်း၏။ ဂတိံ၊ ဂတိကို။ နိရယံဝါ၊ ငရဲဟူ၍လည်း။ ဝဒါမိ၊ ဟောတော်မူ၏။ တိရစ္ဆာနယောနိံဝါ၊ တိရစ္ဆာန်ဟူ၍လည်း။ ဝဒါမိ၊ ဟောတော်မူ၏။

အဓိပ္ပါယ် ဒေသနာဂါမ်, ဝုဋ္ဌာနဂါမ်တို့ဖြင့် ကုစားအပ်ပြီးသော အကုသိုလ်အာပတ်သည် သဂ္ဂန္တရာယ်,မောက္ခန္တရာယ်,မဂ္ဂန္တရာယ်ကို မပြုတတ်၊ ဥပမာ....စျာန်,မဂ်,ဖိုလ်ကို မရထိုက်သော အန္တရာယ်ငါးပါးတို့တွင် တပါးအပါအဝင် ဖြစ်သော အရိယာပုဂ္ဂိုလ်တို့အား စွပ်စွဲပြစ်မှားသော အရိယူပဝါဒ အကုသိုလ်စေတနာကံသည် အပြစ်ကို ထင်စွာကြား၍ ကံတော့ဝန်ချတောင်းပန်၍ အရိယာပုဂ္ဂိုလ်အား သည်းခံစေသဖြင့်ပြစ်မှားစွပ်စွဲသော လုံ့လပယောဂ၏ ပြည့်စုံခြင်းကို တားမြစ်အပ်သည်၏ အဖြစ်ကြောင့် မျက်မှောက်နိုက် စျာန်,မဂ်,ဖိုလ်ကို မရခြင်းဟူသော ဒိဋ္ဌဓမ္မအကျိုး၊ တမလွန်ဘဝနိုက် ဒုဂ္ဂတိဘဝသို့ လားရောက်ရခြင်းဟူသော အကျိုးတို့ကို မဖြစ်စေတတ်သော သဘောသတ္တိ ရှိသည်၏အဖြစ်သို့ရောက်သော အဟောသိကံ ဖြစ်သကဲ့သို့၊ထိုအတူ ဒေသနာဂါမ်,ဝုဋ္ဌာနဂါမ်ဖြင့် ကုစားပြီးသော အကုသိုလ်အာပတ်တည်းဟူသော စေတနာကံသည် အာပတ်သင့်ခြင်း၏အကြောင်း လုံ့လပယောဂ၏ ပြည့်စုံခြင်းကို တားမြစ်အပ်သည်၏ အဖြစ်ကြောင့် ဒိဋ္ဌဓမ္မိကအကျိုး, သမ္ပရာယိကအကျိုးတို့ကို မဖြစ်စေတတ်သော သဘောရှိသည်၏ အဖြစ် တည်းဟူသော အဟောသိကံ၏ အဖြစ်ဖြင့် သဂ္ဂန္တရာယ်,စျာနန္တရာယ်, မောက္ခန္တရာယ်,မဂ္ဂန္တရာယ်ကို မပြုတတ် ဟူလို။

အထူးမှတ်ချက်—မြတ်စွာဘုရား ပညတ်တော်မူသည်အားလျော်စွာ ဤဒေသနာဂါမ်,ဝုဋ္ဌာနဂါမ်ဖြင့် ဝိနည်းကံပြုသော အရာနိုက် အချို့သော ပုဂ္ဂိုလ်တို့သည် သိက္ခာပုဒ်ကို လွန်ကြူးသောဝီတိက္ကမစေတနာ တည်းဟူသော အကုသိုလ်ကံသည် ပရမတ္ထဓမ္မဖြစ်၍ ဒေသနာကြားခြင်းစသည်ကိုပြုသော်လည်း မပျောက်ကင်း၊အာပတ်ဟူသော ဝေါဟာရသာပျောက်၏၊လွန်ကြူးခြင်း အကုသိုလ်စေတနာကံသည် ဒုဂ္ဂတိ ပဋိသန္ဓေအကျိုးကို ဖြစ်စေနိုင်၏။ ဥပမာ... ပုဆိုးကို မီးလောင်သည်ရှိသော် ငြိမ်းသတ်ပါမူကား ရှေ့သို့တိုး၍မလောင်၊ မီးလောင်ပြီးနေရာမှာ ရှေးအတိုင်း ပကတိမဖြစ်သကဲ့သို့၊ထိုအတူ ဒေသနာကြားခြင်းစသည်ကို ပြုသည်ရှိသော် ရှေ့သို့ အာပတ် မတိုးပွါးခြင်းမျှသာဖြစ်

သည်၊ ဖြစ်ပြီးဝီတိက္ကမ အကုသိုလ်စေတနာကံသည် ပရမတ္ထဓမ္မဖြစ်၍ မဖေါက်ပြန်သောကြောင့် မပျောက်မကင်း၊ အမှန်အားဖြင့် ဒုဂ္ဂတိပဋိသန္ဓေအကျိုးကို ဖြစ်စေနိုင်သေး၏ဟု ဆိုကြကုန်၏။

ထိုကေစိ ပုဂ္ဂိုလ်တို့၏ အယူဝါဒတို့ကို မမှတ်အပ်ကုန်၊ အဘယ်ကြောင့် နည်းဟူမူကား....ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှင့်ဂဠုံး သဘောအားဖြင့် ဆန့်ကျင်သောကြောင့်တည်း။ ခဲ့၍ဆိုဦးအံ့၊ မြတ်စွာဘုရားသည် ဒေသနာဂါမ်, ဝုဋ္ဌာနဂါမ်ဖြင့် ကုစားကောင်းသောအာပတ် မကုစားကောင်းသော အာပတ်တို့ကို—

(က) ပဉ္စ ဒေသနာဂါမိနိယော၊ ဆ ပဋိကမ္မာ ကတာ။
ကေတ္တ အပ္ပဋိကမ္မာ ဝုတ္တာ၊ ဒုဋ္ဌေနာဒိစ္စဗန္ဓုနာ။—
စသည်ဖြင့် များစွာ ဟောတော်မူသောကြောင့်ဂဠုံး။

ပရိဝါအဋ္ဌကထာနှိုက်လည်း အန္တရာယိကအာပတ်သို့ သင့်ရောက်သော ရဟန်းအားလည်း ဒေသနာဂါမ်အာပတ်ကို ဒေသနာကြား၍ ဝုဋ္ဌာနဂါမ်အာပတ်ကို ပရိဝါသ် မာနတ်ဆောက်တည်သဖြင့် အာပတ်မှထ၍ စင်ကြယ်ခြင်းသို့ ရောက်သောရဟန်းအားဂဠုံး သာမဏေဘုံ သာမဏေ၏အဖြစ် လူ၏အဖြစ်နှိုက် တည်သောရဟန်းအား နတ်ရွာသုဂတိသို့ရောက်ခြင်း စျာန်, မဂ်, ဖိုလ်,နိဗ္ဗာန်ကို ရခြင်းကို မတားမြစ်အပ်သည်၏ အဖြစ်ကို—

(ခ) အန္တရာယိကံ အာပန္နဿာပိ ဒေသနာဂါမိနိံ ဒေသေတွာ ဝုဋ္ဌာနဂါမိနိတော ဝုဋ္ဌာယ သုဒ္ဓိ ပတ္တဿ သာမဏေရဘူမိယံ ဌိတဿစ အဝါရိတော သဂ္ဂ မောက္ခ မဂ္ဂေါတိ။—ဟု ဖွင့်ပြတော်မူသောကြောင့်ဂဠုံး။

တရဿကဏ်ဋီကာနှိုက်လည်း—

(ဂ) ယဉ္စ အာပတ္တာမိကရဏံ အကုသလံ၊ တဓွိ ဒေသိတံ ဝုဋ္ဌိတံ ဝါ အနန္တရာယကရံ။ — စသည်ဖြင့် ဖွင့်ပြတော်မူသောကြောင့်ဂဠုံး။

အောက်က ပြဆိုအပ်ပြီးသော ကေစိပုဂ္ဂိုလ်တို့၏ အယူဝါဒတို့ကို ပယ်စွန့်အပ်ကုန်၏။

တနည်း အသင့်ယုတ္တိအားဖြင့်ကား ဓမ္မိဿရ ဓမ္မသာမိဖြစ်တော်မူသော မြတ်စွာဘုရားသည် သရဏာဂုမ်ဖြင့် သာမဏေဖြစ်၏၊ ကမ္မဝါစာ ဖတ်ရွတ်ခြင်းဖြင့် ရဟန်းဖြစ်၏၊ ကမ္မဝါစာ ဖတ်ရွတ်ခြင်းဖြင့် သိမ်ဖြစ်၏ဟု စသည်ဖြင့် ပညတ်တော်မူသော အရာနှိုက် ရဟန်းဖြစ်သည်၏အဖြစ် သိမ်ဖြစ်သည်၏အဖြစ်သည် သရုပ်အထူးပေါ်၍ စကျဝိုည်ယျ မဟုတ်သော်လည်း ရဟန်း, သိမ်ဖြစ်သည်၏အဖြစ်ကို ယုံကြည်သကဲ့သို့ရင်း၊ သုတ်, အဘိဓမ္မာ, ဝိနည်းပညတ်တို့ကို ဘုရားဟောတိုင်း ယုံကြည်သကဲ့သို့ရင်း အာပတ္တိပဋိကမ္မ အာပတ်ကုစားခြင်းကို ဘုရားဟောတော်မူတိုင်း အဘိဓမ္မာသဘောသို့မလိုက်ဘဲ ဝိနည်းပညတ်တော်အား လျော်စွာ ဒေသနာဂါမ်, ဝုဋ္ဌာနဂါမ်ဖြင့် ကုစားသည်ရှိသော် အာပတ်တည်းဟူသော အကုသိုလ်စေတနာကံသည် အဟောသိကံဖြစ်၍ မုခ္ဍ ပျောက်ကင်း၏ဟု မှတ်အပ်၏။

မှတ်ချက်—ဤတတိယပုဒ္ဆာအရာနှိုက် မေးလိုရင်း မဟုတ်ငြားသော်လည်း "သုတာဝဓာနေ ပညာသုတမယေ ဉာဏံ" ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်နှင့်အညီ သုတမယဉာဏ် အကျိုးငှါ ပြလိုက်သည်၊ ၎င်း တတိယပုဒ္ဆာနှိုက် လိုရင်းပဓာနကား ဒေသနာဂါမ်, ဝုဋ္ဌာနဂါမ်တို့သည် မဂ်ဉာဏ်နှင့် တူ၏၊ အဓိပ္ပါယ်ကောက်ယူရန် သင့်နိုင်ပါမည်လောဟူသော အမေးစကားသည်သာလျှင် လိုရင်းပဓာနတည်း။

ဒေသနာဂါမ်, ဝုဋ္ဌာနဂါမ်တို့သည် မဂ်ဉာဏ်နှင့် တူ၏ဟု အဓိပ္ပါယ်ကို မယူနိုင်၊ အဘယ်ကြောင့်နည်း ဟူမူကား....လေးပါးသော မဂ်ဉာဏ်တို့သည် တခုတည်းသော စိတ္တုပ္ပါဒ် မဂ္ဂင်္ဃနှိုက် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း, သမုဒယသစ္စာကို ပယ်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ပွါးစေခြင်းဟူသော ကိစ္စလေးပါးတို့ကို တပြိုင်နက် ပြီးစေလျက် အပါယ်ရောက်ကြောင်း အကုသိုလ်ကံလေးသောတို့ကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ သတ်ဖြတ်ပြီး၍ အဝိနိပါဘဓမ္မ, နိယတဓမ္မ, သမ္မောဓိပရာယန သဘောရှိသည်။ ဒေသနာဂါမ်,ဝုဋ္ဌာနဂါမ်အာပတ်တို့ကို အာယတိံသံဝရဖြင့် ကုစားခြင်းသည် "ဥပ္ပန္နာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဝါယာမော" ဟူသည်နှင့်အညီ သင့်ရောက်ပြီးသော အာပတ်တို့ကို နောက်တဖန် ထိုအာပတ်တို့ကို မသင့်

ရောက်စေခြင်းငှါ လုံ့လပြုခါမျှသာ ဖြစ်သည်၊ ထိုဒေသနာကြားခြင်း,ပရိဝါသ်မာနတ်ကျင့်ခြင်းဖြင့် အာပတ်ကို ကုစားခြင်းတို့အား တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်, ပဋိပ္ပဿမ္ဘနပဟာန်, နိဿရဏပဟာန် အားဖြင့် ငါးပါးသော ပဟာန်တို့တွင် တပါးပါးသော ပဟာန်မျှလည်း မရှိ။ စင်စစ်သော်ကား....အာယတိံ သံဝရကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် နောင်တဖန် အာပတ်သင့်ခြင်း၏ အကြောင်း လုံ့လပယောဂကို တားမြစ်တတ်သောကြောင့် ရှေးကာလက လွန်ကြူးပြီးသော အာပတ် တည်းဟူသော အကုသိုလ်စေတနာကံသည် အကျိုးပေးခွင့်ကို မရမူ၍ အဂ်ုလိမာလခိုးသူ စသည်တို့၏ အကုသိုလ်စေတနာကံကဲ့သို့ အဟောသိကံမျှသာဖြစ်သည်၊ ထိုကြောင့် သဒိသဘောဂုဏ်ရထိုက်သော ကိလေသပဟာနသတ္တိ,အဝိနိပါတဓမ္မ,နိယတဓမ္မ,သမ္မောဓိပရာယနသဘော မရှိရကား ဒေသနာဂါမ်, ဝုဋ္ဌာနဂါမ်တို့သည် ၎င်းတို့ကြောင့် သင့်ရောက်ပြီးသော အာပတ် တည်းဟူသော အကုသိုလ်စေတနာကံသည် အကျိုးကို မဖြစ်စေတတ်သော်လည်း မဂ်ဉာဏ်နှင့် တူ၏ဟု အဓိပ္ပါယ်ကို မယူနိုင်ဟု မုချ မှတ်သားအပ်၏။

၎င်းဘို့၏ ကိလေသပဟာနသတ္တိ မရှိကြောင်းကို ဝစနတ္ထဖြင့် ထင်ရှားစွာ ပြခြင်း

"အာပန္နာပတ္တိံ အာယတိံ သံဝရတ္ထာယ ဒေသေတိ ဇေတနာတိ ဒေသနာ"။ကရဏသာဓန ဒိသဓာတု၊ယု။—ယောဘိက္ခု၊သည်။ဇေတန၊ထိုကုသိုလ်စိတ္တုပ္ပါဒ်ဖြင့်။ တနည်းကား....ဇေတနဝိနယကမ္မန၊ ထိုဝိနည်းကံဖြင့်။ အာပန္နာပတ္တိံ၊ သင့်ရောက်ပြီးသော အာပတ်ကို။ အာယတိံ၊ နောင်အခါ၌။ သံဝရတ္ထာယ၊စောင့်စည်းခြင်းအကျိုးငှါ။ ပရဘိက္ခုနော၊ တပါးသောရဟန်းအား။ ဒေသေတိ၊ကြားတတ်၏။ ဣတိတသ္မာ၊ထိုသို့ကြားကြောင်းဖြစ်သောသတ္တိကြောင့်။ သောစိတ္တုပ္ပါဒေါ၊ ထိုစိတ္တုပ္ပါဒ်သည်။ ဝါ တံဝိနယကမ္မံ၊ထိုဝိနည်းကံသည်။ ဒေသနာ၊ဒေသနာမည်၏။

ဒိသဓာတ်၏ အရကား....ကြားသော သဝိညတ္တိ ဝစီဘေဒသဒ္ဒသည် မုချအားဖြင့် ရ၏၊ ယောနိသော မနသိကာရဃသည် ဖလူပစာရအားဖြင့် ရ၏၊

အာပတ်မှထခြင်း စင်ကြယ်ခြင်းဟူသောအကျိုးသည် ကာရဏူပစာရတ္ထအားဖြင့် ရ၏။ ဧတေနဟူသော ကရဏတ္ထကြိယာ၏ အရကား....ထိုဝစီဘေဒသဒ္ဒအား တပ်သော ဝိရိယ, သတိ, ပညာ ပြခာန်းသော စိတ္တုပ္ပါဒ်၏ နိဿယ, ဥပနိဿယ ပစ္စယသတ္တိသည် ဖလူပစာရတ္ထအားဖြင့် ရ၏။ ဝါ၊ဒေသနာ ကြားခြင်းဟူသော ဝိနည်းကံ၏ ပကတူပနိဿယသတ္တိသည် ဖလူပစာရတ္ထအားဖြင့် ရ၏။ ယုပစ္စည်း၏ အရကား.... ထို ဖလူပစာရတ္ထအားဖြင့် မှတ်အပ်သော စိတ္တုပ္ပါဒ်ဝိနည်းကံ ရ၏။

"ဝုဋ္ဌဟန္တိ ဧတေနာတိ ဝုဋ္ဌာနာ"။—ဧတေန ဝိနယကမ္မေန၊ ထိုပရိဝါသ်မာနတ် ကျင့်ခြင်းဟူသော ဝိနည်းကံဖြင့်။ အာပန္နာပတ္တိတော၊သင့်ရောက်ပြီးသောအာပတ်မှ။ ဝုဋ္ဌဟ၊ ထတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ထကြောင်းဖြစ်သော သတ္တိကြောင့်။ တံဝိနယကမ္မံ၊ သည်။ ဝုဋ္ဌာနာ၊ မည်၏။ (ကတ္တု သာဓန ကိတ်ဝိဂြိဟ်၊ဥဋ္ဌဓာတ်၊ ယုပစ္စည်း)။

ဥဋ္ဌဓာတ်၏အရ ကဇ္ဈတ္ထကြိယာကား....ပရိဝါသ် မာနတ်ကျင့်ခြင်းစသည်ကို ဖြစ်စေတတ်သော ရဟန်း၏ သန္တာန်နှိုက်ဖြစ်သော မဟာကုသိုလ် ဇော စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏၊ ယောနိသော မနသိကာရသည် ဖလူပစာရအားဖြင့် ရ၏၊အာပတ်မှ ထမြောက်ခြင်း စင်ကြယ်ခြင်းဟူသောအကျိုးသည် ကာရဏူပစာရတ္ထအားဖြင့် ရ၏၊ ဧတေနဟူသော ကရဏတ္ထကြိယာ၏ အရကား....အာပတ်မှ ထခြင်း စင်ကြယ်ခြင်းဟူသော အကျိုးအား တပ်သော ဝိနည်းကံ၏ ပကတူပနိဿယသတ္တိသည် ဖလူပစာရတ္ထအားဖြင့် ရ၏။ ယုပစ္စည်း၏ အရကား....ထိုဖလူပစာရတ္ထဖြင့် မှတ်အပ်သော ပရိဝါသ်စသော ဝိနည်းကံ ရ၏။

ဂင်းဝစနတ္ထတို့၏ အရအားဖြင့် ကိလေသပပူဟာနသတ္တိ မရ၊ ဒေသနာကြားခြင်း ပရိဝါသ်စသည် ကျင့်ခြင်းသည် ဝိနည်းကံအရာမျှသာဖြစ်၍ ဂင်းတို့သည် မဂ်ဉာဏ်နှင့် မတူနိုင် ဟူ၍သာ မှတ်သားအပ်၏။

ရဟန်းဘဝမှာ လူ၏ဘဝလောက်ပင် အငြိုးကို
ကြောက်ဖွယ်မရှိဟု အမေးတွင်ပါရာ ပဓာန မဟုတ်သေးလည်း
ဗဟုသုတ အကျိုးငှါ အနည်းငယ်
အဓိပ္ပါယ်ကို ဖော်ပြခြင်း

ရဟန်းဘဝမှာ လူ၏ဘဝထက်ပင် အဆအရာ အဆအထောင်မက များစွာ ကြောက်ဖွယ်ရှိ၏၊ အဘယ်ကြောင့်နည်း ဟူမူ ....လူတို့မှာ အမြဲစောင့်ရှောက်အပ်သော နိစ္စသီလသည် ငါးပါးသီလသာ ရှိ၏၊ ထိုငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်း စောင့်ရှောက်သည်ရှိသော် သီလဝန္တဂဟဋ္ဌဖြစ်၍ သေသည်၏ အခြားမဲ့နှိုက် အပါယ်လေးပါး မလားဘဲ သုဂတိဘဝသို့ လားရ ရောက်ရခြင်း အကျိုးရှိ၏။ ထိုကြောင့် ပဥ္စကအင်္ဂုတ္တရပါဠိတော်နှိုက်—

(က) ယော ပါဏံ နာတိပါတေတိ၊ မုသာဝါဒံ န ဘာသတိ။
လောကေ အဒိန္နံ နာဒိယတိ၊ ပရဒါရံ နဂစ္ဆတိ။
သုရာ မေရယ ပါနဉ္စ၊ ယော နရော နာနုယုဉ္ဇတိ။
ပဟာယ ပဉ္စ ဝေရာနိ၊ သိလဝါ ဣတိ ဝုစ္စတိ။
ကာယသဘေဒါ သပ္ပညော၊ သုဂတိံ သော ဥပပဇ္ဇတိ။

အစရှိသည်ဖြင့် ထိုထို ပါဠိတော်တို့နှိုက်လည်း များစွာ ဟောကြားတော်မူ၏။

အနက် ယောနရော၊အကြင်လူသည်။ ပါဏံ၊သတ္တဝါကို။ နာတိပါတေတိ၊လျင်စွာ မကျစေတတ်။ဝါ၊ခေးလက်နက်စသည်ဖြင့် လျင်စွာ မကျစေတတ်။ မုသာဝါဒံ၊ မဟုတ်မမှန်သော စကားကို။ နဘာသတိ၊ မဆို။ လောကေ၊လောကန္နိုက်။ အဒိန္နံ၊အရှင်သည် မပေးအပ်သောဥစ္စာကို။နဲ့ဒိယတိ၊ မခိုးယူ။ ပရဒါရံ၊ သူတပါး၏ သား,မယားကို။ နဂစ္ဆတိ၊ မသွားလာ မလွန်ကြူး။

ယောနရော၊ အကြင်လူသည်။ သုရာမေရယပါနဉ္စ၊ ယစ်ခြင်းကို ဖြစ်စေတတ်သော သုရာငါးပါး မေရယငါးပါးတို့ကိုသောက်ခြင်းကိုလည်း။ နာနုယုဉ္ဇတိ၊အားမထုတ်။ သောနရော၊ ထိုလူကို။ ပဉ္စဝေရာနိ၊ ငါးပါးသော ရန်တို့ကို။

ပဟာယ၊ပယ်၍။ ဝါ၊ပယ်သောကြောင့်။ သီလဝါဣတိ၊သီလရှိသောသူဟူ၍။ ဝုစ္စတိ၊အပ်၏။ သပ္ပညော၊ပညာရှိသော။ သောနရော၊ထိုလူသည်။ ကာယဿ၊ခန္ဓာကိုယ်၏။ ဘေဒါ၊ပျက်သည်မှ။ ပရံ၊နောက်နိုက်။ သုဂတိံ၊လူ့ပြည် နတ်ရပ် သုဂတိဘဝသို့။ ဥပပဇ္ဇတိ၊ကပ်ရောက်ရ၏။

ဤပါဠိတော်အရဖြင့် လူတို့မှာ နိစ္စသီလမှတပါး ကျင့်ဝတ်တရား မရှိငြားသော်လည်း အပါယ်လေးပါးမှ လွတ်ကင်း၍ ဒုတိယဘဝန်ိုက် သုဂတိဘုံသို့ ခိုလှုံ ခံစားရနိုင်၍ အလွန် ကြောက်ဇယ် မရှိခဲ့၊ ရဟန်းတော်တို့မှာ ငါးပါး သီလမျှမက (၂၂၇)ပါးသော သိက္ခာပုဒ်ကြီးများအပြင်—

နဝကောဋိသဟဿာနိ၊ အသီတိ သတကောဋိယော။
ပညာသ သတသဟဿာနိ၊ ဆတ္တိံသာစ ပုန ပရေ။

ဟူသော ပါဋိဂါထာနှင့်အညီ မဟာဝါခန္ဓက, စူဠဝါခန္ဓက, ပရိဝါခန္ဓကတို့နိုက် ဟောတော်မူအပ်သော ကျင့်ဆောင်ရန် သိက္ခာပုဒ်ပေါင်း ကုဋေကိုးထောင် တရာ ရှစ်ဆယ် ငါးသိန်း သုံးသောင်း ခြောက်ထောင်ရှိခဲ့၏၊ထို သိက္ခာပုဒ်အပေါင်းတို့တွင် အပြစ် အသေးငယ်ဆုံးဖြစ်သော ဒုက္ကဋ်, ဒုဗ္ဘာသိအာပတ်ပင် ဖြစ်လင့်ကစား သဂ္ဂန္ဓရာယ် စသည်ကို ပြုတတ်သောကြောင့် ရဟန်းတော်တို့မှာ လူတို့ထက်ပင် အဆအရာ အဆအထောင်မက များစွာ ကြောက်မက်ဖွယ်ကောင်း၏ဟု မုချသန္နိဋ္ဌာန်ကျ မှတ်သားအပ်၏။ ထိုကြောင့် ပဏ္ဏာသ အဋ္ဌကထာနိုက်—

(က) သဋ္ဌိစ္ဆ ဝိတိက္ကန္တဉ္စိ အန္တမသော ဒုက္ကဋ ဒုဗ္ဘာသိတမ္ပိ သဂ္ဂ မဂ္ဂဖလာနံ အန္တရာယံ ကရောတိ။ —ဟု ပြ၏။

ပရိဝါအဋ္ဌကထာနိုက်လည်း—

(ခ) အန္တရာယိကာတိ သတ္တဝိ အာပတ္တိယော သဋ္ဌိစ္ဆ ဝိတိက္ကန္တာ သဂ္ဂန္တရာယဉ္စေဝ မောက္ခန္တရာယဉ္စ ကရောန္တိ အန္တရာယိကာ။ --ဟု ဖွင့်ပြတော်မူ၏။

အနက် (က) ဟိသစ်ံ၊မှန်၏။ အန္တမသော၊ယုတ်သောအား ဖြင့်။ သဠ္ဌိစ်၊ လွန်ကြူးလိုသော စေတနံဒန္ဒှင့်တက္ခ စေ့ဆော်၍။ ဝါ၊လုံ့လ ပြု၍။ ဒီတိက္ကန္တံ၊လွန်ကြူးသော။ ဒုက္ကဋ ဒုဘ္ဘာသိတမ်ိဳ၊ဒုက္ကဋ်, ဒုဘ္ဘာသိအာပတ် သည်လည်း။ သဂ္ဂမဂ္ဂဖလာနံ၊ နတ်ရွာ, မဂ်, ဖိုလ် တို့၏။ အန္တရာယံ၊ ကို။ ကရောတိ၊၏။

(ခ) အန္တရာယိကာတိ၊ဟူသည်ကား။ သဠ္ဌိစ်၊လွန်ကြူးလိုသော စေတနာ ဒန္ဒှင့်တက္ခ လုံ့လပြု၍။ ဒီတိက္ကန္တာ၊လွန်ကြူးကုန်သော။ သတ္တာပိအာပတ္တိယော၊ ခုနစ်ပါးသော အာပတ်တို့သည်လည်း။ သဂ္ဂန္တရာယဥ္စော၊ နတ်ရွာသုဂတိ၏ အန္တရာယ်ကိုဂင်း။ မောက္ခန္တရာယဥ္စ၊ ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန်ကို မရခြင်း၏ အန္တရာယ်ကိုဂင်း။ ကရောန္တိ၊ပြုတတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အန္တရာယိကာ၊ အန္တရာယိက မည်ကုန်၏။

ဤအရာနှိုက် အာပတ်တို့သည် ဘုရား၏ အာဏာတော်ကို လွန်ကြူးသော အာဏာဝီတိက္ကမန္တရာယ်ဟု မှတ်အပ်ကုန်၏။

(၃) တတိယပုစ္ဆာအဖြေ ပြီး၏။

၄-စတုတ္ထပုစ္ဆာ အဖြေ

၄။ အယူကို မစွန့်သော နိယတမိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်သည် အပါယ်သို့ သွားခြင်း မြဲသကဲ့သို့၊ သာပတ္တိက ပုဂ္ဂိုလ်သည်လည်း "သာပတ္တိကဿ ဘိက္ခဝေ နိရယံဝါ ဝဒါမိ တိရစ္ဆာနယောနိံဝါ"ဟူသော ပါဠိအရ အပါယ်သွား ခြင်းမြဲသည်ဟု မုချ ဆိုနိုင်ပါမည်လော ဘုရားဟု မေးလျှောက်ရာနှိုက်—

ဂင်းအမေးနှိုက် အာပတ်သည် နိယတအာပတ်, အနိယတအာပတ်ဟူ၍ နှစ်မျိုး ရှိ၏၊ ထိုနှစ်မျိုးတွင် မာတုဃာတကစသော အနန္တရိယကံ ငါးပါးနှင့် ယှဉ်သော အာပတ်သည် ကုစားသော်လည်း ကင်းပျောက်ခြင်းမရှိသည်ဖြစ်၍ စုတိ၏အခြားမဲ့နှိုက် အပါယ်ပဋိသန္ဓေဟူသော အကျိုးပေးခြင်း မြဲရကား နိယတအာပတ် မည်၏၊ ထိုအနန္တရိယကံ ငါးပါးနှင့်ယှဉ်သော အာပတ်မှ

တပါးသော ကြွင်းသော အာပတ်ဟူသမျှသည် စုတိ၏အခြားမဲ့နှိုက် အပါယ်ပဋိသန္ဓေဟူသော အကျိုးပေးခြင်း မမြဲရကား အနိယတအာပတ် မည်၏။ ထိုကြောင့် ပရိဝါပါဋိတော်နှိုက်—

(က) နိယတာ အာပတ္တိ ဇာနိတဗ္ဗာ၊အနိယတာ ဇာနိတဗ္ဗာ။—ဟု ဟောတော်မူ၏။

ဌင်းအဋ္ဌကထာနှိုက်လည်း—

(ခ) ပဠာနန္တရိယကမ္မာပတ္တိ နိယတာ၊ သေသာ အနိယတာ။—ဟု ဖွင့်ပြတော်မူ၏။

ဌင်းအဋ္ဌကထာ၏အလိုအားဖြင့် ပဠာနန္တရိယကမ္မသာပတ္တိကရဟန်းသည် သာလျှင် ဒုဂ္ဂတိဝိပါက မြဲ၏၊ သေသ သာပတ္တိကရဟန်းသည် ဒုဂ္ဂတိဝိပါက မမြဲဟု မှတ်သင့်ပေ၏။

တနည်း— သုတ္တန်, အဘိဓမ္မာပါဋိတော်၊ ဌင်း အဋ္ဌကထာတို့နှိုက် နိယတ မိစ္ဆာဒိဋ္ဌိကံ, ပဠာနန္တရိယကံ ငါးပါးမှတပါး နိယတကံကို ဟောတော်မူခြင်း ဖွင့်ပြခြင်းမရှိသောကြောင့်ဌင်း "သာပတ္တိကဿ ဘိက္ခဝေ" ဟူသော ပါဋိတော် သည် ဋီကာဆရာသည် သာဓကမူ၍ ဖွင့်ပြသော်လည်း သံဂါယနာသုံးတန်တင် ပါဋိတော်, အဋ္ဌကထာ တို့နှိုက် မရှိသောကြောင့်ဌင်း ပဠာနန္တရိယ ကမ္မသာပတ္တိက ရဟန်းမှတပါး သေသသာပတ္တိကရဟန်းကို စုတိ၏အခြားမဲ့နှိုက် အပါယ်ပဋိသန္ဓေအကျိုးပေး မြဲ၏ဟု မုချ မယူသင့်ဟု ထင်ပေကြောင်း။

တနည်း—တေရသကဏ်ဋီကာ, ဝိမတိဋီကာ ဆရာတော်တို့၏ အလိုအား ဖြင့်ကား အာပတ္တိဗဟုလ အာပတ္တိအပဓာန အာပတ် အပိုင်းအခြား မရှိ၊ ဇ်ဝိတမတကပုတိဖြစ်သော သာပတ္တိကရဟန်းသည် စုတေခါနီးသော မရဏာသန္နအခါနှိုက် သင့်ရောက်ပြီးသော သစိတ္တက, အစိတ္တကအာပတ်တို့ကို ဒေသနာကြားခြင်း စသည်ဖြင့် မကုစားသည်ဖြစ်အံ့ မဂ္ဂန္တရာယ် စသည်ဖြစ်၍ စုတိ၏ အနန္တရနှိုက် အပါယ်ပဋိသန္ဓေအကျိုးကို ပေးခြင်းမြဲ၏ဟု ဆိုသင့်ပေ၏။

ထိုကြောင့် တေရသကဏ်ဋီကာ, စူဠဝါအဋ္ဌကထာ သမထက္ခန္ဓကအဖွင့်နှိုက်—

(က) တေနေဝ သာပတ္တိကဿ ဘိက္ခဝေ နိရယံဝါဝဒါမိတိရစ္ဆာနယောနိံဝါတိ သာပတ္တိကဿေဝ အပါယဂါမိတာဝုတ္တာ။—ဟု ဖွင့်ပြတော်မူ၏။

ဝိမတိဋီကာန္နိက်လည်း—

(ခ) အာပတ္တိယာစ သမ္မုတိဘာဝတ္တေ၀ိ သဉ္ဇိစ္စ တံ အာပဇ္ဇန္တေ သေ ပဋိကရိယံ အကရောန္တေ သစ အနာဒါရေ အကုသလရာသိ စေ၀ သဂ္ဂန္တေရာယောစ ဟောတိ။—ဟု ဖွင့်ပြ၏။

အနက် (က) တေနေ၀၊ထိုကြောင့်သာလျှင်။ သာပတ္တိကဿ ဘိက္ခဝေ နိရယံ၀ါ ၀ဒါမိ တိရစ္ဆာနယောနိ ံ၀ါတိ၊ဟူ၍ ။ဘဂ၀တာ၊မြတ်စွာဘုရားသည်။ သာပတ္တိကဿေ၀၊ အာပတ်နှင့် တကွဖြစ်သော ရဟန်း၏သာလျှင်။ ၀ါ၊အာပတ်နှင့်တကွ စုတေသောရဟန်း၏သာလျှင်။ အပါယဂါမိတာ၊ အပါယ်ဘုံသို့ လားခြင်း ရောက်ခြင်း ရှိသည်၏အဖြစ်ကို။ ၀ုတ္တာ၊ဟောတော်မူအပ်၏။

(ခ) အာပတ္တိယာစ၊ အာပတ်၏လည်း။ သမ္မုတိဘာ၀တ္တေ၊ သမ္မုတိပညတ်၏အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ သဉ္ဇိစ္စ၊ လွန်ကြူးလို့သော စေတနာနှင့်တကွ လုံ့လပြု၍ ။ အာပဇ္ဇန္တေဿ၊သင့်ရောက်သော အာပတ်၏။၀ါ၊ကို။ ပဋိကရိယံ၊ကုစားခြင်းကို။ အကရောန္တေဿစ၊မပြုသော ရဟန်းအား သာလျှင်။ (စဿဒ္ဒါကား ဧ၀တ္ထ၀ါစက)။ အနာဒါရေ၊သိက္ခာပုဒ်တော်ကို မရိုသေခြင်းကြောင့်။ အကုသလရာသိစေ၀၊ အကုသိုလ် အစုအပေါင်းသည်ဌင်း။ သဂ္ဂန္တေရာယောစ၊ နတ်ပြည်သုဂတိဘ၀သို့ လားရ ရောက်ရခြင်း၏ အန္တရာယ်သည်ဌင်း။ ဟောတိ၊ဖြစ်၏။

ဌင်းဋီကာနှစ်စောင်နိုက်“သာပတ္တိကဿေ၀”ဟူ၍ဌင်း၊“အကရောန္တေဿစ” ဟူ၍ဌင်း သန္နိဋ္ဌာန အ၀ဓာရဏအနက်ရှိသော ဧ၀သဒ္ဒါဖြင့် ဖွင့်ပြတော်မူကြသောကြောင့် ထို့ဧ၀သဒ္ဒါဖြင့် ပဋ္ဌာနန္တရိယကမ္မသာပတ္တိကရဟန်းမှ တပါးသော သေသသာပတ္တိက ရဟန်း၏လည်း အပါယဂမနိယ မြဲသည်၏အဖြစ်ကို ပြသည်ဟု မှတ်ယူသင့်ပေ၏။

မှတ်ချက်—အဋ္ဌကထာ, ဋီကာတို့နိုက် သဉ္ဇိစ္စသဒ္ဒါဖြင့် ပြသောကြောင့် သစိတ္တက သာပတ္တိကရဟန်းကိုသာ ယူသင့်၏၊ သို့သော်လည်း ဓမ္မပဒပါဠိတော်၊ ဌင်းအဋ္ဌကထာနိုက်ပြသော ကဿပမြတ်စွာဘုရား သာသနာတော်နိုက် အနှစ်နှစ်သောင်းတိုင်တိုင် ရဟန်းတရားကို အား

ထုတ်ရာ သဠိစ္စအားဖြင့် သစိတ္တကအာပတ် မသင့်မရောက်ဘူးပါ လျက် ပြိတ်မြက်ကို ဖြတ်မိသော အသဠိစ္စ အစိတ္တကအာပတ်ကြောင့် ဒုတိယဘဝန္ဒိုက် အဟိတ်တိရစ္ဆာန် ဧရကပတ္တနဂါးဖြစ်ရသော ရဟန်း၏ ဝတ္ထုကိုထောက်လျှင် အသဠိစ္စ အစိတ္တကအာပတ်ပင် ဖြစ်သော်လည်း မရဏာသန္နအခါန္ဒိုက် နှလုံးမသာမယာဖြစ်သော အကုသိုလ် စိတ္တုပ္ပါဒ်အား ရှေးရှေးဘဝက ပြုလုပ်ဆည်းပူးခဲ့သော အကုသိုလ် အပရာပရိယကံဟောင်းသည် ထောက်ပံ့အပ် ကျေးဇူးပြုအပ်သည် ဖြစ်၍ အစိတ္တက သာပတ္တိကရဟန်း၏ အပါယဂမနိယ၏အဖြစ်သည်လည်း ဖြစ်သင့်သေး၏ဟု မှတ်ယူအပ်၏။

တနည်း– လူတို့၏ ပဥ္စာနန္တရိယကံ, နိယတမိစ္ဆာဒိဋ္ဌိကံမှ တပါးသော မကောင်းမှုအကုသိုလ်ကံ ဘယ်လောက်ပင်များပြားသော်လည်း မရဏာသန္နအခါန္ဒိုက် အောက်မေ့အပ်သော ကုသိုလ်အာသန္နကံသည်ရှင်း၊ ကလျာဏမိတ္တဆွေမျိုး ဉာတိ စသော သူတို့သည် ထင်စေအပ် အောက်မေ့စေအပ်သော ကုသိုလ်အာသန္နကံသည်ရှင်း ထိုရှေးန္ဒိုက်ပြုအပ်ပြီးသော အကုသိုလ်ကံတို့၏ အကျိုး ပေးခွင့်ကို တားမြစ် နှိပ်စက်၍ ဒုတိယဘဝန္ဒိုက် သုဂတိပဋိသန္ဓေ အကျိုးကို ပေးစွမ်းနိုင်၏၊ ရာဇဂြိုဟ်ပြည် တိဿ ရဟန်း၏ ခမည်းတော် "ဂေါဃာတက"၏ ဝတ္ထုကိုထောက်၊ ထိုကြောင့် လူတို့၏ ဂရုကံမှတပါးသော ပါဏာတိပါတ စသော အကုသိုလ်ကံသည် ဒုတိယဘဝန္ဒိုက် ဒုဂ္ဂတိပဋိသန္ဓေ အကျိုးပေးခြင်း မမြဲဟု မုချ မှတ်အပ်၏။

ထိုလူတို့၏ အကုသိုလ်ကံအတူ ရဟန်းတော်တို့မှာ သင့်ရောက်ပြီးအာပတ်ကို ဒေသနာကြားခြင်း စသည်ဖြင့် ကုစားသည်မှတပါး အခြားသော ဒါန, သီလ, ဘာဝနာကုသိုလ်ကံသည်ရှင်း၊ သာပတ္တိကရဟန်းသည် မရဏာသန္နအခါန္ဒိုက် အောက်မေ့အပ် ပြုအပ်သော ကုသိုလ်ကံသည်ရှင်း ထိုအာပတ်တည်းဟူသော အကုသိုလ်စေတနာကံ၏ ဒုဂ္ဂတိပဋိသန္ဓေ အကျိုးပေးခွင့်ကို တားမြစ် နှိပ်စက်၍ သုဂတိပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်ကြောင်း ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့န္ဒိုက် မရှိသော်လည်း "သေသာ အနိယတာ"ဟူသော အဋ္ဌကထာနှင့်အညီ သာပတ္တိကရဟန်းသည် မရဏာသန္နအခါန္ဒိုက် ဧရကပတ္တနဂါးဖြစ်ရသော ရဟန်းကဲ့သို့ ဝိပဋိသာရီ မဖြစ်ဘဲ သင့်ရောက်သော အာပတ်သည်

ဗဟုလ အပဓာန အာစိဏ္ဏကံ မဟုတ်မူ၍ အနည်းငယ်မျှသာ ဖြစ်သဖြင့် မ အောက်မေ့မူ၍ မရဏာသန္နကုသိုလ်ကံ နိမိတ်ထင်ခဲ့သည် ဖြစ်အံ့ ကုသိုလ် အာသန္နကံ အကျိုးပေး၍ သုဂတိဘဝသို့ ရောက်သေး၏၊ ထိုကြောင့် "သာပတ္တိ ကဿဝ ဘိက္ခဝေ" စသော ပါဠိတော်အရ အပါယဂမနိယ အကျိုးပေး မမြဲ ဟု မှတ်ယူသင့်ပေ၏။

စစ်တွေ ပုဏ္ဏားကျွန်းမြို့ ကဲ့တိုးရွာကျောင်းဘုန်းကြီး 'ဥိးသုန္ဒရ' မေးလျှောက်ချက်အရ မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော်သည် ရေးသား ဖြေဆိုအပ်သော စတုက္က ပုစ္ဆာ အဖြေ (ကထိနာနိသံသလဘနာဒီဝိနိစ္ဆယ)သည် ၁၂၀၅-ခု၊ တပေါင်းလပြည့်နေ့တွင် အပြီးသို့ ရောက်သတည်း။

ကထိနာနိသံသလဘနာဒီဝိနိစ္ဆယ ပြီးပြီ။

ပစ္ဆိမဝဿုပနာယိက ကထိနတ္ထာရ ဝိနိစ္ဆယ

၁၃၀၁–ခု၊ ဝါခေါင်လဆန်း(၃)ရက်နေ့။

ရှိသေစွာဖြင့်–

မြစ်ကြီးနာဒီစတြိတ် ခန္ဓိုးမြို့ ပူတောင်းစာတိုက်ဝိုင် လုံးဇွတ်ကျောင်း ပဉ္စင်းငယ်များ လျှောက်ထားအပ်ပါသည်ဘုရား....။

ဒုတိယ(ပစ္ဆိမ)ဝါကပ်သော ရဟန်းများအား ကထိန်ခင်းထိုက် မခင်း ထိုက်သည်ကို အဖြေ သနားတော်မူပါရန် ရှိသေစွာ လျှောက်ထားအပ်ပါ သည်ဘုရားဟု လျှောက်ထားရာနှိုက်—

အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုတ္ထာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ။—

ဟူ၍ ဗိနည်းမဟာဝဂ်ပါဠိတော် ကထိနက္ခန္ဓကနှိုက် ဝါမှထကုန် ကျွတ်ကုန် သော ရဟန်းတို့အားသာလျှင် သီတင်းကျွတ် လပြည့်ကျော်(၁)ရက်နေ့မှစ၍

တန်ဆောင်မုန်းလပြည့်နေ့ထိ တလအတွင်းနှိုက် ကထိန်ခင်းခြင်းကို မြတ်စွာဘုရား ခွင့်ပြုတော်မူသည်၊ ဤသို့ ဝါမှထသော၊ ဝါ-ဝါကျွတ်ကုန်သော ရဟန်းတို့အားသာလျှင် ကထိန်ကို ခွင့်ပြုတော်မူသောကြောင့်၎င်း၊ ဒုတိယဝါကပ်သော ရဟန်းသည် တန်ဆောင်မုန်းလပြည့်ကျော်(၁)ရက်နေ့ကျမှ ဝါကျွတ်မည်ဖြစ်၍ ကထိန်ခေတ်သည်လည်း တန်ဆောင်မုန်းလပြည့်နေ့ကပင် ကုန်ခြင်းသို့ ရောက်သဖြင့် ဒုတိယဝါကျွတ်သောအခါ ကထိန်၏ခေတ် မရှိသောကြောင့်၎င်း ကထိန်ခေတ် ရှိသောအခါနှိုက် ဒုတိယဝါ မကျွတ်သေးသောကြောင့်၎င်း ဒုတိယဝါကပ်သောရဟန်းသည် ကထိန်အလှူကိုလည်း မခံထိုက်၊ ကထိန်၏ အာနိသင် အကျိုးငါးပါးကိုလည်း မရထိုက်ဟု မုချ သန္နိဋ္ဌာန်ကျမှတ်သားအပ်၏။ထိုကြောင့်လည်း ဝိနည်းမဟာဝါအဋ္ဌကထာ ကထိနက္ခန္ဓက၏ အဖွင့်နှိုက်—

ဝုတ္ထဝဿဝသေန ပုရိမိကာယ ဝဿံ ဥပဂန္ဆာ ပဌမပဝါရဏာယ ပဝါရိတာ လဘန္တိ။ ဆိန္နဝဿာ ဝါ ပစ္ဆိမိကာယ ဥပဂတာ ဝါ နလဘန္တိ။—ဟု ဖွင့်ပြတော်မူ၏။

အနက် ဝုတ္ထဝဿဝသေန၊ဝါမှ ထသည်၏အစွမ်းဖြင့်။ဝါ၊ဝါကျွတ်သည်၏အစွမ်းဖြင့်။ ပုရိမိကာယ၊ ပုရိမဝါနှိုက်။ ဝဿံ၊ ဝါသို့။ ဥပဂန္ဆာ၊ ကပ်ပြီး၍။ ပဌမပဝါရဏာယ၊ သီတင်းကျွတ်လပြည့် ပဌမပဝါရဏာနေ့နှိုက်။ ပဝါရိတာ၊ ပဝါရဏာ ပြုအပ်ကုန်ပြီးသော ရဟန်းတို့သည်။ ကထိနတ္ထာရံ၊ ကထိန်ခင်းခြင်းကို။(ထည့်)။ လဘန္တိ၊ ရကုန်၏။ ဆိန္နဝဿာဝါ၊ ပုရိမဝါပြတ်သော ရဟန်းတို့သည်ၵင်း။ ဝါ၊ ပုရိမဝါကျိုးသောရဟန်းတို့သည်ၵင်း။ ပစ္ဆိမိကာယ၊ပစ္ဆိမဝါနှိုက်။ ဝါ၊ဒုတိယဝါနှိုက်။ ဥပဂတာဝါ၊ ဝါကပ်သောရဟန်းတို့သည်ၵင်း။ ကထိနတ္ထာရံ၊ကထိန်ခင်းခြင်းကို။ နလဘန္တိ၊မရကုန်။

အကယ်၍ ထိုကျောင်းနှိုက် ပဌမဝါကပ်သော ရဟန်း(၁)ပါးဖြစ်စေ (၂)ပါးဖြစ်စေ ရှိခဲ့သည်ဖြစ်အံ့ ထိုဒုတိယဝါကပ်သော ရဟန်းကို ဂဏပူရဏာကိုဏ်းပြည့်ပြု၍ ထိုကျောင်းနှိုက် ကထိန်ခင်းခြင်းငှါ အပ်၏၊သို့သော် ဂဏပူရဏာ ဒုတိယဝါကပ်သော ရဟန်းသည် ကထိန်အာနိသင် ငါးပါးကို မရထိုက်၊

တပါးကျောင်းမှ ပင့်ဆောင်အပ်သော ရဟန်းတို့ကဲ့သို့ ဒါယကာတို့ ဝေဖန်၍ လှူဒါန်းသော့ ဆွမ်း,သက််န်းစသော ပစ္စည်းဝတ္ထုကိုကား ခံယူထိုက်၏ဟု မှတ်အပ်၏။ ထိုကြောင့် ဝိနည်းမဟာဝါအဋ္ဌကထာ ကထိနက္ခန္ဓကန္ဒိုက်—

ပုရိမိကာယံ ဥပဂတာနံ ပန သဗ္ဗေ ဂဏပူရကာ ဟောန္တိ၊ အာနိသံသံ န လဘန္တိ။ အာနိသံသော ဇုတရေသံယေဝ ဟောတိ။—ဟု ဖွင့်ပြ၏။

အနက် ပန၊ အထူးကို ဆိုဦးအံ့။ ပုရိမိကာယံ၊ ပုရိမဝါန္ဒိုက်။ ဥပဂတာနံ၊ ဝါသို့ ကပ်ကုန်သော ရဟန်းတို့၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘိက္ခူ၊ဝါပြတ်သော ရဟန်း,ဒုတိယဝါကပ်သော ရဟန်း,တပါးသောကျောင်းန္ဒိုက် ဝါကျွတ်ကုန်သော ရဟန်းတို့သည်။ ဂဏပူရကာ၊ ဂိုဏ်းပြည့်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အာနိသံသံ၊ ကထိန်အာနိသင် ငါးပါးကို။ နလဘန္တိ၊ မရကုန်။ အာနိသံသော၊ ကထိန် အာနိသင် ငါးပါးသည်။ ဇုတရေသံယေဝ၊ ဤဂဏပူရဏရဟန်းမှတပါးကုန်သော ပုရိမဝါကျွတ်ကုန်သော ရဟန်းတို့အား သာလျှင်။ ဟောတိ၊ဖြစ်၏။

မိမိ နေထိုင်ဆဲဖြစ်သောကျောင်းန္ဒိုက် ဝါသို့ ကပ်အံ့ဟု စိတ်ဖြင့် ဆုံးဖြတ်ပြီး၍ ဝါဆိုသောနေ့န္ဒိုက် သတိမေ့လျော့ပြီးလျှင် “ဇုမသ္မိံ ဝိဟာရေ ဇုမံ တေမာသံ ဝဿံ ဥပေမိ”ဟု နှုတ်ဖြင့် ရွတ်ဆို၍ ဝါမဆိုမိသော်လည်း ဤကျောင်းန္ဒိုက် ဝါကပ်အံ့ဟု စိတ်ကို ဆုံးဖြတ်ခြင်း အာလယရှိသောကြောင့် ဝါကပ်သည် မည်၏၊ ဝါပြတ်သည်ဟူ၍ မဆိုရ၊ ပဝါရဏာပြုခြင်းငှါလည်း အပ်၏၊ တပါးသောကျောင်းန္ဒိုက် နေပြီးလျှင် တပါးသောကျောင်းန္ဒိုက် ဝါဆိုအံ့ဟု စိတ်အာလယ ရှိသော်လည်း မိမိနေထိုင်ဆဲကျောင်းမဟုတ် တပါးသောကျောင်း ဖြစ်သောကြောင့် ဝါကပ်သည် ဝါဆိုသည် မမည်ဟု မုခ္ဃ မှတ်ယူအပ်၏။ ထိုကြောင့် ယခုရဟန်းသည် လမ်းခရီးကြားကနေ၍ ထိုကျောင်းန္ဒိုက် ပဌမဝါဆိုမည်ဟု စိတ်အာလယရှိသော်လည်း ပဌမဝါဆိုမည့်ကျောင်းအတွင်းန္ဒိုက် မဟုတ်သောကြောင့် ပဌမဝါကပ်သည် မမည်ဟု မုခ္ဃ မှတ်ယူအပ်၏။ ထိုကြောင့် ဝိနည်းမဟာဝါ အဋ္ဌကထာ ဝဿူပနာယိကက္ခန္ဓကန္ဒိုက်—

သစေဝိ ဇုဓ ဝသိသာမိတိ အာလယော အတ္ထိ၊အသတိယာ ပန ဝသံ နဉ္ဉပေတိ။ ဂဟိတ သေနာသနံ သုဂ္ဂဟိတံ၊ ဆိန္နဝေသာ နဟောတိ။ ပဝါရေတုံ လဘတိယေဝ။—ဟု ပြတော်မူ၏။

အနက် ယောဘိက္ခု၊ အကြင် ရဟန်းသည်။ ဇုဓ၊ ဤ ကျောင်းနှိုက်။ ဝသိသာမိတိ၊ဝါဆိုအံ့ဟူ၍။ အာလယော၊စိတ်အာလယသည်။ သစေပိအတ္ထိ၊ အကယ်၍လည်း ရှိအံ့။ ပနတထာပိ၊ ထိုသို့ ဝါဆိုအံ့ဟု စိတ် အာလယရှိသော်လည်း။ အသတိယာ၊သတိမရှိသဖြင့်။ ဝါ၊မေ့လျော့သဖြင့်။ ဝသံ၊ဝါသို့။ နဉ္ဉပေတိ၊ နှုတ်မြွက်ဆို၍ မကပ်မီ။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ဂဟိတသေနာသနံ၊ခံယူအပ်သော ကျောင်းသည်။ သုဂ္ဂဟိတံ၊ကောင်းစွာ ခံယူအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဆိန္နဝေသော၊ ဝါပြတ် ဝါကျိုးသည်။ နဟောတိ၊မဖြစ်။ ပဝါရေတုံ၊ပဝါရဏာပြုခြင်းငှါ။ လဘတိယေဝ၊ ရသည်သာ လျှင်တည်း။

အကယ်၍ လမ်းခရီးအကြား တည်းကျောင်းနှိုက် ပဌမဝါ ကပ်ခဲ့သည် ဖြစ်အံ့ ထိုကပ်သော ဝါသည်လည်း တပါးကျောင်းသို့ ပြောင်းသွားသော အခါ တပါးကျောင်းသို့ မလိုက်၊ ထိုကျောင်းနှိုက်ပင်လျှင် ကျိုးပြတ်၍ နေခဲ့တော့သည်သာလျှင်တည်း၊ထိုကြောင့် ဒုတိယကျောင်းနှိုက် ပဌမဝါကပ်သည် မမည်ဟု မုချ မှတ်ယူအပ်၏။

မန္ဆလေးမြို့ မိုးကောင်းတိုက်'အဂ္ဂမဟာပဏ္ဍိတ'ဘွဲ့တံဆိပ်တော်ရ သာသနာပြု ညောင်ရမ်းဆရာတော် ဆုံးဖြတ်အပ်သော ဒုတိယဝဿု ပနာယိကကထိနတ္ထာရ ဝိနိစ္ဆယသည် ၁၃၀၁-ခု၊ ဝါခေါင်လပြည့် ကျော်(၄)ရက်၊ စနေနေ့(၅)နာရီအချိန် အပြီးသို့ ရောက်သတည်း။

နိဗ္ဗာနပစ္စယော ဟောတု။

ပစ္ဆိမဝဿုပနာယိက ကထိနတ္ထာရဝိနိစ္ဆယ ပြီးပြီ။

သီမသမ္ဂဟနဝိနိစ္ဆယ

၁၂၀၇–ခု၊ နတ်တော်လပြည့်ကျော်(၅)ရက်နေ့၊

ရခိုင် စစ်တွေဒီစတြိတ် ပေါက်တောမြို့အဝိုင် သိမ်ကုံးတောရကျောင်း ဘုန်းကြီး ဦးဂုဏာဝန္တ လျောက်ပါသည်ဘုရား....။

ယခုခေတ်ကာလနှိုက် သိမ်သမုတ်မည့်မြေကွက်ကို ပိုင်းခြား သတ်မှတ်ပြီးလျှင် တကြိမ် နှစ်ကြိမ်နှုတ်က ပြီးသင့်ပါလျက် အဘယ်ကြောင့် ညောင်စောင်းကွက် ချထားပြီးလျှင် အကြိမ်များစွာ ခြေဘဝါးချင်း စပ်အောင် အထပ်ထပ် နှုတ်ရပါသနည်း၊ ၎င်း ညောင်စောင်းကွက် ချထား၍ သိမ်နှုတ်ရခြင်းသည် မည်သည့် လက်ထက်က စ၍ ဆင်းသက်လာပါသနည်း၊ ၎င်းဝိနိစ္ဆယကို ရေးသား၍ ချီးမြှောက်ပါ ညောင်ရမ်း ဆရာတော်ဘုရား....ဟု မေးလျှောက်ရာနှိုက်–

(က) သိမံနာမ ဒ္ဒိဟိ ကာရဏေဟိ သမ္ဂဟနဿ ပကတိယာ ခုဒ္ဒကံ ပုန အာဝါသဝမုနတ္ထာယ မဟတိံ ဝါ ကာတုံ။ ပကတိယာ မဟတိံ ပုန အညေသံ ဝိဟာရောကာသဒါနတ္ထာယ ခုဒ္ဒကံ ဝါ ကာတုံ။ တတ္ထ သစေ ခဏ္ဍသိမဉ္စ အဝိပ္ပဝါသသိမဉ္စ ဇာနန္တိ၊ သမ္ဂဟနိတုဉ္စေဝ ဗန္ဓိတုဉ္စ သက္ခိဿန္တိ။ ခဏ္ဍသိမံ ပန ဇာနန္တာ အဝိပ္ပဝါသံ အဇာနန္တာပိ သမ္ဂဟနိတုဉ္စေဝ ဗန္ဓိတုဉ္စ သက္ခိဿန္တိ။ခဏ္ဍသိမံ အဇာနန္တာ အဝိပ္ပဝါသံယေဝ ဇာနန္တာ စေတိယင်္ဂဏ ဗောဓိယင်္ဂဏ ဥပေါသထာဂါရာဒိသု နိရာသင်္ကာနေသု ဌတ္ဝာ အပ္ပေဝနာမ သမ္ဂဟနိတုံ သက္ခိဿန္တိ။ ပဋိဗန္ဓိတုံ ပန နသက္ခိဿန္တေဝ။ သစေ ဗန္ဓေယျုံ သီမာ သမ္ဘေဒံ ကတ္ဝာ ဝိဟာရံ အဝိဟာရံ ကရေယျုံ။ တသ္မာ နသမ္ဂဟနိတဗ္ဗာ။–ယေန ပန ဥဘောပိ နဇာနန္တိ။ တေနေဝ သမ္ဂဟနိတုံ နဗန္ဓိတုံ သက္ခိဿန္တိ။ အယံဟိ သီမာနာမ ကမ္မဝါစာယဝါ အသီမာ ဟောတိ သာသနန္တရဲ ခာနေန ဝါ။ နစ သက္ကာ သီမံ အဇာနန္တေဟိ ကမ္မဝါစာ ကာတုံ။တသ္မာ နသမ္ဂဟနိတဗ္ဗာ။သာဓုကံ ပန ဥတ္ဝာယေဝ သမ္ဂဟနိတဗ္ဗာစ ဗန္ဓိတဗ္ဗာစာတိ။–

ဟူသော ဝိနည်းမဟာဝါ အဋ္ဌကထာ ဥပေါသထက္ခန္ဓကန္ဒိုက် သမုတ်ပြီး ကျဉ်းသောသိမ်ကို ကျယ်သည်ကို ပြုခြင်းငှါ နှုတ်ခြင်းတမျိုး၊သမုတ်ပြီး ကျယ်သောသိမ်ကို တဖန် တပါးသောရဟန်းတို့အား သိမ် ကျောင်းနေရာ ပေးခြင်းငှါ နှုတ်ခြင်းတမျိုး ဤသိမ်နှုတ်ခြင်း နှစ်မျိုးနှစ်စားကို ပြတော်မူပြီးလျှင် အကျဉ်းအဓိပ္ပါယ်အားဖြင့် သမုတ်ပြီး ခဏ္ဍသိမ် အဝိပ္ပဝါသသိမ်ကို သိမှသာလျှင် နှုတ်လည်းနှုတ်အပ်၏၊ နှုတ်ပြီးသော အကွက်အရပ်နှိုက် ထပ်မံ၍ သမုတ်လည်း သမုတ်အပ်၏ ဟူ၍သာ ပြတော်မူသည်၊ သိမ်သစ် သမုတ်လိုသော မြေကွက်နှိုက် နှုတ်ရမည် ဟူ၍လည်း မလာ၊ ညောင်စောင်းကွက်ချ၍ ခြောဝါးချင်း စပ်မိ ထပ်မိအောင် ကြက်ခြေ ထောင့်တန်း မကန်း ရာဇမှတ် ပျားကြီးစဲ့ နှုတ်ရမည်ဟူ၍လည်း မလာ။ ဤသို့ အဋ္ဌကထာနှိုက်၎င်း ဝင်္ကရဗုဒ္ဓိ,တေရသကဏ် ဋီကာတို့နှိုက်၎င်း သိမ်သစ် သမုတ်လိုသော မြေကွက်ရပ်နှိုက် သံသယကုက္ကုစ္စ အားဖြင့် နှုတ်ရဦးမည်ဟု မဖွင့်ပြကြငြားသော်လည်း ဝိမတိဋီကာနှိုက်—

(ခ) ကေစိ ပန ဤဒိသေသုဝိ ဝိဟာရေသု ဆ ပဋ္ဌမတ္ထေ ဘိက္ခူ။ ဂဟေတ္ဝာ ဝိဟာရကောဋိတော ပဋ္ဌာယ ဝိဟာရပရိက္ခေပသ အန္တောစ ဗဟိစ သမန္တာ လေဋ္ဌုပါတေ သဗ္ဗတ္ထ မဏ္ဍပမာဏေ သြကာသေ နိရန္တရံ ဌတ္ဝာ ပဌမံ အဝိပ္ပဝါသသီမံ တတော သမာနသံဝါသကသီမဏ္ဍ သမူဟနန ဝသေန သီမာယ သမ္ဗန္ဓါတေ ကတေ တသ္မိံ ဝိဟာရေ ခဏ္ဍသီမာယ မဟာသီမာယ ဌိတဝိဇ္ဇမာနတ္ထေ သတိ အဝသံ ဂေသ္မိံ မဏ္ဍဌာနေ တာသံ မဇ္ဈဂတာ တေဘိက္ခူ။ တာ သမူဟနေယျုံ။ တတော ဂါမသီမာဓေ အဝသိသေယျုံ။န ဟေတ္ထ သီမာယ တပ္ပရိစ္ဆေဒသ္သဝါဇာနနံ အင်္ဂံ။ သီမာယ ပန အန္တောဋ္ဌာနံ သမူဟနိသာမာတိ ကမ္မဝါစာယ ကရဏဋ္ဌေတ္ထ အင်္ဂံ။ အဋ္ဌကထာယံ—ခဏ္ဍသီမံ ပန ဇာနန္တာ အဝိပ္ပဝါသံ အဇာနန္တာဝိ သမူဟနိတုဋ္ဌေဝ ဗန္ဓိတုဋ္ဌ သက္ခိသန္တိ ဧဝံ မဟာသီမာယ ပရိစ္ဆေဒသ အဇာနနေဝိ သမူဟနသ ဝုတ္တတ္တာ ဂါမသီမာယ ဧဝ စ အဝသိဋ္ဌာယ တတ္ထ ယထာရုစိ ဒုဝိဓဋ္ဌိသီမံ ဗန္ဓိတုဋ္ဌေဝ ဥပသမ္ပဒါဒိကမ္မံ ကာတုဋ္ဌ ဝဋ္ဋတီတိ ဝဒန္တိ။ တံ ယုတ္တံဝိယ ဒိဿတိ။ ဝိမံသိတ္ဝာ ဂဟေတဗ္ဗံ။—

ဟူ၍ ပြအပ်သော ကေစိဝါဒန္ဒိုက် သိမ်ဟောင်းရှိသလော မရှိသလောဟု ယုံမှားအပ်သော ကျောင်းနှိုက် ခြောက်ပါး,ငါးပါးမျှသော ရဟန်းတို့ကို ပင့်ခေါ်၍ ကျောင်းစွန်မှ စ၍ ကျောင်းအာရာမ်အပိုင်းအခြား၏ အတွင်းနှိုက်ဌင်း အပနှိုက်ဌင်း ထက်ဝန်းကျင် ခဲတကျရှိသော အလုံးစုံ လေးတောင်, နှစ်တောင် ညောင်စောင်းပမာဏရှိသော အရပ်နှိုက် အစဉ်မပြတ် စပ်လျက်တည်၍ ရှေးဦးစွာ အဝိပ္ပဝါသသိမ်ကို နှုတ်အပ်၏၊ ထိုနောင်မှ သမာနသံဝါသကသိမ်ကို နှုတ်အပ်၏ဟု အစရှိသည်ဖြင့် ပြအပ်သော အဓိပ္ပါယ်ကို နှလုံးသွင်းပိုက်တော်မူကြ၍ ယခုကာလ သိမ်သစ် သမုတ်လိုသော မြေကွက်နှိုက် သံသယအားဖြင့် ညောင်စောင်းကွက် ပမာဏ အတိုင်းအရှည် ပိုင်းထားပြီးလျှင် သိမ်နှုတ်တော်မူကြသည်။ ယခုကာလနှိုက် သိမ်သစ် သမုတ်လိုသော ဆရာတော်ကြီးတို့သည် ရှေးသိမ်ဟောင်း ရှိသည် မရှိသည်ကို မသိပါဘဲလျက် အဘယ်ကြောင့် နှုတ်ကြပါသနည်း၊ သိမ်ဟောင်း မရှိခဲ့သော် ပင်ပန်းခါမျှ အကျိုးမရှိသည် မဟုတ်လောဟု စောဒနာခဲ့မူ.... သီမသမူဟနကံကို မပြုမူ၍ သိမ်သစ်ကို ဖွဲ့ခဲ့သည် ရှိသော် ဝိနယမရ လဇ္ဇီကုက္ကုစ္စက သိက္ခာကာမပုဂ္ဂိုလ်တို့သည် ယုံမှားသံသယ ဖြစ်ရာ၏။ အဘယ်သို့ ဖြစ်ရာသနည်းဟူမူ....မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူသော ကာလမှစ၍ ယနေ့တိုင်အောင် အရေအတွက်ကို လွှန်၍ မရေမတွက်နိုင်သော ရဟန်းတို့သည် ဥပသမ္ပဒ စသောကံတို့ကို ပြုရခြင်းအကျိုးငှါ ထို့ထို့ သာသနာတော် တည်ရာအရပ်နှိုက် သိမ်ကို ဖွဲ့ကြကုန်၏၊ ထို ရှေးဟောင်းသိမ်တို့သည် ငါတို့ သိမ်သစ် ဖွဲ့ရာအရပ်နှိုက် ရှိသလော မရှိသလောဟု ယုံမှားသင့်ရာ၏၊ ဤသို့ ရှေးသိမ်ဟောင်း ရှိခဲ့သော် ငါတို့ဖွဲ့သော သိမ်သစ် သည်လည်း အဇ္ဈောတ္ထရဏ သမ္မန္နဖြစ်၍ သိမ်မဖြစ်ရာ၊ ထိုသိမ်သစ်နှိုက် ပြုအပ်သော ဥပသမ္ပဒစသောကံကိုလည်း ယုံမှားသင့်ရာ ရှိရာ၏၊ ထို့ကြောင့် ထိုယုံမှားသင့်ရာများ ပယ်ပျောက်စေခြင်းငှါ သိမ်သစ်ကို ဖွဲ့သမုတ်လိုသော ဝိနယမရ ပညာရှိတို့သည် ဝိမတိဝိနောဒနီဋီကာ လာရှိသည့်အတိုင်း ညောင်စောင်းကွက် ချထားပြီးလျှင် ထိုညောင်စောင်းကွက်နှိုက် ငါးပါး,ခြောက်ပါးမျှ စည်းဝေး၍ သီမသမူဟနကံကို ကြိမ်ဖန်များစွာ သံသယ ကင်းလောက်အောင် မချွတ်မယွင်း နှုတ်သင့်ပေ၏။ ထို့ကြောင့် ဝိနယာလင်္ကာရဋီကာနှိုက်—

(ဂ) သက်ာ နိဝတ္တနတ္ထံ သီမသမ္ဂဟနနကမ္မံ အကတ္ဆာ အဘိနဝ သီမာယ ဗဒ္ဓမာနာယ သက်ာ ဥပ္ပဇ္ဇေယျ။ ဘဂဝတော ဓရမာနကာလတော ပဋ္ဌာယ ယာဝဇ္ဇတနာ ဂဏနပထံ ဝီတိက္ကန္တာ ဘိက္ခု။ ဥပသမ္ပဒါဒိ ကမ္မကရဏတ္ထံ တသ္မိံ တသ္မိံ ပဒေသေ သီမံ ဗန္ဓန္တိ၊ သာ သီမာ ဇာတ္ထေ အတ္ထိ ဇာတ္ထေ နတ္ထိတိ နသက္ကာ ဇာနိတုံ။ တသ္မာ အမှာကံ သီမာ ဗန္ဓနဋ္ဌာနေ ပေါရာဏကသီမာ ဘဝေယျနုခေါတိ သက်ာ ဘဝေယျ။ ဧဝံ သတိ သာ အဘိနဝသီမာစ အာသက်နိယာ ဟောတိ၊ သီမာယံ ကတံ ဥပသမ္ပဒါဒိကမ္မမ္ပိ အာသက်နိယံ ဟောတိ။ တသ္မာ သက်ာ နိဝတ္တနတ္ထံ အဘိနဝသီမံ ဗန္ဓိတုကာမေဟိ ယတိပုဂ်ဝေဟိ အဝဿံ သီမာသမ္ဂဟနနကမ္မံ ကာတဗ္ဗံ ဟောတိ။—ဟု မိန့်ဆိုတော်မူ၏။။

ဤညင်ဆောင်းကျွက်ချုံ၌ သင်္ဘန္တာရခြင်း

သိမ်သစ်ဖွဲ့သမုတ်လိုသော ဝိနယဓရပုဂ္ဂိုလ်တို့သည် ရှေးသိမ်ဟောင်း ရှိသလော မရှိသလောဟူသော ယုံမှားသက်ာဖြင့် သိမ်နှုတ်ရာနှိုက် အကယ်၍ သိမ်သစ်ဖွဲ့သမုတ်ရန် ပိုင်းခြားသတ်မှတ်၍ ထားအပ်သော အတောင်(၂၀) ပတ်လည် မြေကွက်ဝယ် အရှေ့,အနောက်,တောင်,မြောက်အားဖြင့် တဖက်ဖက်ကဖြစ်စေ တထောင့်ထောင့်ကဖြစ်စေ တစိတ်တဒေသ ပါဝင်၍ နေခဲ့သည် ရှိသော် ထိုသတ်မှတ်ပြီး အတောင် (၂၀) ပတ်လည် မြေကွက်နှိုက် ရဟန်းအများ စုရုံး၍ ထိုင်ပြီးလျှင် သိမ်နှုတ်ခဲ့သော် အခြို့ရဟန်းတို့သည် ရှေးသိမ်ဟောင်းပေါ်နှိုက် ထိုင်မိသည်ဖြစ်ရာ၏၊ အခြို့သော ရဟန်းတို့သည်လည်း ထို ရှေးသိမ်ဟောင်းပေါ်နှိုက် ထိုင်မိသောရဟန်းတို့နှင့် ဟတ္ထပါသ် မကင်းမလွတ်မူ၍ တစပ်ထည်း ဂါမသိမ်နှိုက်ဖြစ်စေ ဝိသုံဂါမသိမ်ပေါ်နှိုက် ဖြစ်စေ ထိုင်မိကြသည်ဖြစ်ရာ၏။ထိုသို့ ရှေးသိမ်ဟောင်းပေါ်နှိုက်တခြို့ ရှေးသိမ်ဟောင်းအပိုင်းအခြားကို လွန်၍ ဂါမသိမ်ပေါ်နှိုက်တခြို့ ထိုင်မိကြသဖြင့် ဂါမသိမ်တွင်းနှိုက် တည်ရှိသော ရဟန်းအပေါင်းတို့ကိုလည်း သုတ်သင်၍ သိမ်းယူခြင်း မရှိသော ကြောင့် ထိုသီမသမ္ဂဟကံသည် ပရိသသမ္ပတ္တိမဖြစ်၍ ပျက်ခဲ့ရာ၏၊ထိုကြောင့် ပရိသသမ္ပတ္တိ ဖြစ်စေခြင်းငှါ ညောင်စောင်းကွက် ချထားပြီးလျှင် ထိုညောင်

စောင်းကွက်နှိုက် လေးပါး, ငါးပါးမျှသာ ထိုင်၍ နှုတ်ခဲ့သည် ရှိသော် သိမ်ဟောင်းရှိက ၎င်းသိမ်ဟောင်း တစိတ်တဒေသပေါ် နှိုက်သာ ထိုင်မိ၍ ပရိသတ် မရောယှက်ဘဲ သန့်ရှင်းစွာဖြစ်၍ သီမသမ္ဘုဟနကံသည် သုဒ္ဓိ ဖြစ်နိုင်ရာသော ကြောင့် သိမ်ဟောင်းရှိမှန်း မသိသော အကွက်အရပ်နှိုက် သံသယအားဖြင့် ညောင်စောင်းရာ ချ၍ အကွက်စေ့အောင် လေးပါး, ငါးပါးဖြင့် နှုတ်ခြင်း သည်—

ဂရုကလဟုကေသု ဂရုကေ ဌာတဗ္ဗံ၊ ဧတံ ဝိနယလက္ခဏံ။—

ဟူသည်နှင့်အညီ ဂရုကအရာဌာနနှိုက် တည်ရှိသဖြင့် သင့်မြတ်ပေ၏၊ထိုသို့ ညောင်စောင်းရာ ချထား၍ နှုတ်ရာနှိုက်လည်း ဟိုအကွက်က တချို့ သည်အ ကွက်က တချို့ ထိုင်၍ တပြိုင်နက်လည်း မနှုတ်သင့်၊ ဆယ်ပါးဖြစ်စေ,တဆယ့် ငါးပါး ဖြစ်စေ ညောင်စောင်းကွက်ပေါ် တွင် စီတန်း၍လည်း မနှုတ်သင့်၊ အဘယ်ကြောင့်နည်းဟူမူကား.... ပြဆိုခဲ့ပြီးသည့်အတိုင်း သိမ်အမျိုးမျိုးနှိုက် ပရိသတ် တည်ရှိသဖြင့် ကံ ပျက်သင့်သောကြောင့်တည်း။ ညောင်စောင်း တကွက်တကွက်နှိုက်သာလျှင် လေးပါး, ငါးပါး, ခြောက်ပါးထိုင်၍ တကြိမ် တကြိမ်သာ ရွှေ့ပြောင်း၍ ရွှေ့ပြောင်း၍ နှုတ်ခြင်းသာလျှင် သင့်ပေ၏။ "နောမတိ"။

ရခိုင် စစ်တွေ ရှင်ဂုဏဝန္တ လျှောက်ချက်အရ မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော် ရေးသား ဆုံးဖြတ်အပ် သော "သီမသမ္ဘုဟနဝိနိစ္ဆယ"သည် ၁၂၀၇-ခု၊ ပြာသိုလဆန်း (၈)ရက်နေ့တွင် အန္တရာယ်မရှိ အပြီးသို့ ရောက်သတည်း။

သီမသမ္ဘုဟန ဝိနိစ္ဆယ ပြီးပြီ။

နဒီအာဒီနဝရဒီပကသီမသမ္မုတိဝိနိစ္ဆယ

၁၃၀၆–ခု၊ သီတင်းကျွတ်လွန်း(၄)ရက် ဗုဒ္ဓဟူးနေ့။
ဇီးကုန်းတောင်ကျောင်းနှိုက် သိမ်သမုတ်နေရာ ရုတ်တရက် မြစ်ရေတက်လာ**သ**ဖြင့် သိမ်၏ ငါးတောင်ထဲရာ အရပ်နှိုက် ကန်သင်းဆည်ထားပြီးလျှင် သိမ်သမုတ်ရာ သိမ်ဖြစ်မည် မဖြစ်မည်ကို သိလို၍ ၎င်းကျောင်းဘုန်းကြီး ဦးပညာဝံသ,က တပည့် ရှင်သီဟကို စေလွှတ်၍ မလျာက်ထားရာနှိုက်–

မြစ်လယ် သောင်ထွန်းသော ကျွန်းအရပ်သည် မြစ်ရေလွှမ်းတက်ရာ အရပ် ဖြစ်သောကြောင့်—

သဗ္ဗာ ဘိက္ခဝေ နဒီ အသိမာ၊သဗ္ဗော သမုဒ္ဒေါ အသိမော၊
သဗ္ဗော ဇာတဿရော အသိမော။—

ဟူသော ပါဠိတော်နှင့်အညီ မြစ်လယ် သောင်ထွန်းသော ကျွန်းအရပ်သည် မြစ်ရေလွှမ်းတက်ရာ အရပ်ဖြစ်သောကြောင့် မြစ်မည်၏ဟု မှတ်ထင်၍ ထိုမြစ်ရေ လွှမ်းတက်ရာအရပ်နှိုက် ရေမရှိသောအခါ သိမ်သမုတ်စဉ် မြစ်ရေတိုးတက်၍ လာသဖြင့် ထိုရေကို ကန်သင်းဖြင့် ပိတ်ဆီး၍ သိမ်သမုတ်ရာ သိမ်ဖြစ်သလော မဖြစ်သလောဟု ဝိနယကုက္ကုစ္စ သံသယဖြစ်ဖွယ်ရာ အကြောင်းရှိ၏။ သို့သော်လည်း—

အန္တော နဒိယံ ပါသာဏောဝါ ဒီပကောဝါ ဟောတိ၊
တဿ ယတ္တကံ ပဒေသံ ပုဗ္ဗေ ဝုတ္တပ္ပကာရေ ပကတိ ဝဿကာလေ ဝဿာနဿ စတူသု မာသေသု ဥဒကံ သြတ္ထရတိ၊ သော နဒိသင်္ခမေဝ ဂစ္ဆတိ၊ အဘိဝုဋ္ဌိကာလေ ပန သြဿန သြတ္ထဋ္ဌောကာသော နု ဂဟေတဗ္ဗော။ သော ဟိ ဂါမသီမာ သင်္ခမေဝ ဂစ္ဆတိ။—

ဟူသော ဝိနည်းမဟာဝဂ်ါ အဋ္ဌကထာ ဥပေါသထက္ခန္ဓကနှိုက် မြစ်၏ အတွင်းနှိုက် ကျောက်ဖျာသည်ရင်း ကျွန်းငယ်သည်ရင်း ရှိ၏၊ အကြင်မျှလောက်သော ကျောက်ဖျာ,ကျွန်းငယ်အရပ်ကို ရှေးမြစ်နိမိတ်နှိုက် ဆိုအပ်ပြီးသော အပြားရှိသောပြကတော့သော မိုးကာလနှိုက် မိုးလ၏လေးလပတ်လုံး မြစ်ရေ

သည် လှမ်းမိုး၍ တည်၏၊ ထိုမိုးလေးလပတ်လုံး မြစ်ရေတည်ရာ ကျွန်း,သောင်အရပ်သည် မြစ်ဟူသော အရေအတွက်သို့သာလျှင် ရောက်၏၊ အလွန် မိုးကောင်းသော အခါကာလန္ဒိုက် မြစ်ရေအလျဉ်ဖြင့် လှမ်းမိုး တက်ရောက်ရာအရပ်ကို မြစ်ဟူ၍ မယူအပ်၊ ထို မြစ်ရေ လှမ်းမိုးတက်ရောက်ရာ အရပ်သည် ဂါမသိမ်ဟူသော အရေအတွက်သို့သာလျှင် ရောက်၏ဟု ဖွင့်ပြတော်မူသော ကြောင့် ယခု သိမ်သမုတ်သော ဇီးကုန်းတောင်ကျောင်း သိမ်သမုတ်ရာအရပ်နှိုက် ဝါဆိုလပြည့်ကျော်(၁)ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်တိုင်အောင် မိုးလေးလပတ်လုံး မြစ်ရေသည် အစဉ်မပြတ် တည်ရှိသည်ဖြစ်အံ့ ဆောင်းဥတုနွေဥတုနှိုက် ရေမရှိသော်လည်း မြစ်ဟူသော အရေအတွက်သို့ ရောက်၍ နဒီသိမ်သာ ဖြစ်သင့်၏။ ကမ္မဝါစာဖြင့် ဖွဲ့သမုတ်သော်လည်း ဗဒ္ဓသိမ် မဖြစ်ဟု မှတ်ယူရာ၏။ အကယ်၍ ဇီးကုန်းတောင်ကျောင်း သိမ်သမုတ်ရာအရပ်နှိုက် မိုးလေးလပတ်လုံး မြစ်ရေ မတည်သည်ဖြစ်အံ့ မြစ်မဟုတ် ဂါမသိမ်သည်သာလျှင် ဖြစ်၏၊ ထို့ကြောင့် ထိုဂါမသိမ်အရပ်တစိတ်နှိုက် သိမ်သမုတ်စဉ်အခါ မြစ်ရေတက်လာ၍ ချမ်းသာစွာ ဆောင်ရွက်နိုင်စေခြင်းငှါ ထိုမြစ်ရေကို ကန်သင်းဆည်၍ တားမြစ်သည်ဖြစ်စေ မတားမြစ်သည်ဖြစ်စေ မြစ်မဟုတ် ဂါမခေတ်နှိုက်သာ သိမ်သမုတ်သောကြောင့် နိမိတ္တာသမ္ဘတ္တိ, ပရိသသမ္ဘတ္တိ, ကမ္မဝါစာသမ္ဘတ္တိဟူသော သုံးပါးသောအင်္ဂါနှင့် ပြည့်စုံလျှင် ခဏ္ဍသိမ်မည်သော ဗဒ္ဓသိမ်သည် အောင်မြင်သည်သာလျှင်တည်း။ ဝိနယကုက္ကုစ္စ သံသယမရှိမှတ်ယူအပ်၏။ ထိုသိမ်သမုတ်ပြီးနေရာနှိုက် ကာလ ရှည်လျား၍ မြစ်ရေတက်ခြင်း အားကြီးသဖြင့် မြစ်ဖြစ်၍ သွားစေကာမူ ထိုသမုတ်ပြီးသော သိမ်သည် မြတ်စွာဘုရား၏ အာဏာတော်ကို မြစ်ရေကို မဆိုထားဘိ တစုံတယောက်သောသူသည် မဖျက်ဆီးနိုင်သောကြောင့် မပျက်မစီး ပကတိအတိုင်း သိမ်ပင်မည်သည်သာလျှင်တည်းဟု မုချ မှတ်ယူအပ်၏။ ထို့ကြောင့် ဝိနည်းမဟာဝါအဋ္ဌကထာ ဥပေါသထက္ခန္ဓကနှိုက်—

သစေ ပန ဝိဟာရသီမံ သြတ္ထရတိ ဝိဟာရသီမာတ္ထေဝ ဂစ္ဆတိ။—ဟု ဖွင့်ပြတော်မူ၏။

နဒီအဘိဓာန်တရဒီပက သိမသမ္မုတိဝိနိစ္ဆယ ပြီးပြီ။

ဝိသုဂါမသိဒ္ဓိကာ

ရာဇာ ကဿစိ ဒေတိ ဟူသော ဝါကျကို

အဓိပ္ပေတရာဇာဝိနိစ္ဆယ

ယမ္မိ ကေသ္မိံ ယေဝ ဂါမခေတ္တေ ကေပဒေသံ အယံ ဝိသုံ ဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတ္ဝာ ရာဇာ ကဿစိ ဒေတိ။–

ဟူသော ဥပေါသထင်္ဂနှင် အဌကထာနှိုက် လာသော ရာဇာဟူသော ပုဒ်အရ မည်သည့်မင်းကို ယူရပါမည်နည်းဟု ဆရာတော် ဦးဇဃန်တ မေးလျှောက်ရာနှိုက်–

အကျဉ်းသခေ်ပအားဖြင့် ၎င်းအဋ္ဌကထာဝါကျနှိုက် ရာဇာဟူသော ပုဒ် အရကို မည်သည့်မင်းကို ယူရမည်ဟု ဝိနည်းဋီကာကြီး (၃) စောင်တို့နှိုက် အထူးမပြောသော်လည်း အောက်ပါ ပါဠိတော်, အဋ္ဌကထာတို့ကို ထောက် ချင့်၍ အရာဌာနအား လျော်စွာ ပထဝီသရခတ္တိယရာဇာကို ယူအပ်၏ ယူသင့်၏ ယူထိုက်၏။

ရာဇာနောနာမ ပထဗျာ ရာဇာ, ပဒေသရာဇာ, မဏ္ဍလိကာ အန္တရဘောဂိကာ, အက္ခဒဿာ, မဟာမတ္တာ၊ ယေဝါ ပန ဆေဇ္ဇဘေဇ္ဇံ ကရောန္တာ အနုသာသန္တိ။ ဧတေ ရာဇာနော နာမ။ ပါရာဇိကဏ် ပါဠိတော် ဒုတိယပါရာဇိကသိက္ခာပုဒ်

ပထဗျာရာဇာတိ သကလ ပထဝိယာ ရာဇာ၊ ဒီပစက္ကဝတ္တိ အသောဂ သဒိသော။ ယောဝါပနညော ကေဒိပေ ရာဇာ သိဟဠရာဇာ သဒိသော။ ပဒေသရာဇာတိ ကေဒိပသဲ ပဒေသိသရော၊ ဗိမ္ဗိသာရ ပသေနဒိအာဒယော ဝိယ။ မဏ္ဍလိကာနာမ ယေ ဒိပ ပဒေသေဝိ ကေမေကံ မဏ္ဍလံ ဘုဉ္ဇန္တိ။ အန္တရဘောဂိကာနာမ ဒွိန္နံ ရာဇူနံ အန္တရာ ကတိပယဂါမ သာမိကာ။ အက္ခဒဿာတိ ဓမ္မဝိနိစ္ဆနကာ၊ တေ ဓမ္မသဘာယံ နိသိဒိတ္ဝာ အပရာဓာနုရူပံ စောရာနံ ဟတ္ထပါဒဆ္ဆေဇ္ဇာဒိံ အနုသာသန္တိ၊ ယေ ပန ဌာနန္တရပ္ပတ္တာ အမစ္စာဝါ ရာဇကုမာရာဝါ

ကတာ ပရာဓာ ဟောန္တိ၊ တေ ရညော အာရောစေန္တိ။ ဂရုကံ ဌာနံ သယံ နဝိနိစ္ဆိနန္တိ။ မဟာမတ္တာတိ ဌာနန္တရပ္ပတ္တာ မဟာအမစ္စာ။ တေဝိ တတ္ထတတ္ထ ဂါမေဝါ နိဂမေဝါ နိသီဒိတ္ဝာ ရာဇကိစ္စံ ကရောန္တိ။ ယေဝါ ပနာတိ အညေပိ ယေ ရာဇကုလ နိသိတာ ဝါ သကဝိရိယနိသိတာ ဝါ ဟုတ္ဝာ ဆေဇ္ဇဘေဇ္ဇံ အနုသာသေန္တိ၊ သဗ္ဗေပိ တေ ဣမသ္မိံ အတ္ထေ ရာဇာနောတိ ဒဿေတိ။ ပါရာဇိကဏ်အဋ္ဌကထာ (ဤအရာနှိုက် ဋီကာတို့မှာ အထူး အဖွင့်မရှိ)။

ဝိတ္ထာရမှတ်ချက် အထက်ပါ ပါဠိတော် ပဒဘာဇနီနှိုက် ရာဇာပုဒ်၏ အရမင်းကိုမြတ်စွာဘုရားသည် အဒိန္နာဒါန်မှုကို စီရင်ဆုံးဖြတ်သော အရာဌာနဖြစ်၍ အကြင်းအကျန်မရှိ သိမ်းကြုံး၍ ဟောပြတော်မူ၏။ ဤသို့ ဟောပြတော်မူသော်လည်း ဝိသုဂါမ ပေးသောအရာနှိုက် ပဓာနရာဇာအပဓာနရာဇာဟူ၍ နှစ်မျိုး နှစ်စား ခွဲခြား၍ ယူသင့်၏၊ ထိုနှစ်မျိုး နှစ်စားတို့တွင် ပထဗျာရာဇာ, ပဒေသရာဇာ, မဏ္ဍလိက, အန္တရဘောဂိကမင်းတို့ကို ရေမြေကို အစိုးရသည်ဖြစ်၍ မိမိပိုင် ရေမြေကို ပေးနိုင်သော ရာဇဂုဏ်သတ္တိရှိသောကြောင့် ပဓာနရာဇာတို့ဟူ၍ ယူအပ်ကုန်၏၊ အကျဒသ, မဟာမတ္တစသောမင်းတို့ကို ရေမြေကို အစိုးမရသည် ဖြစ်၍ ဝိသုဂါမ ပေးနိုင်သော ဂုဏ်သတ္တိ မရှိသောကြောင့်ငင်း၊

> ယေ ပန ဌာနန္တရပ္ပတ္တာ အမစ္စာဝါ ရာဇကုမာရာဝါ ကတာ ပရာဓာ ဟောန္တိ၊ တေ ရညော အာရောစေန္တိ၊ ဂရုကံ ဌာနံ သယံ န ဝိနိစ္ဆိနန္တိ။—

ဟူ၍ အကျဒသ, ဓမ္မဝိနိစ္ဆကမင်းတို့သည် ဝန်လေးသောအမှုကို ဘုရင်မင်းမြတ်အား သံတော်ဦး တင်ကြရကုန်၏၊ ကိုယ်တိုင် မဆုံးဖြတ်နိုင်ကုန်ဟု အဋ္ဌကထာနှိုက် ပြသောကြောင့်ငင်း၊

> မဟာမတ္တာတိ ဌာနန္တရပ္ပတ္တာ မဟာအမစ္စာ၊ တေဝိ တတ္ထ တတ္ထ ဂါမေဝါ နိဂမေဝါ နိသီဒိတ္ဝာ ရာဇကိစ္စံ ကရောန္တိ။—

ဟူ၍ မဟာမတ္တစသော မင်းတို့သည် ပြည့်ရှင်မင်းကြီး၏ ကိစ္စကို ပြုကြကုန်၏ဟု အဋ္ဌကထာနှိုက် ပြသောကြောင့်၎င်း အပဓာနရာဇာ, ရာဇမတ္တတို့ဟူ၍ ယူအပ်ကုန်၏။ ဤသို့ ရှေးဦးစွာ မင်းနှစ်မျိုး နှစ်စားကို ခွဲခြားဝေဖန်သိအပ်၏။ ထိုနှစ်မျိုး နှစ်စားသော မင်းတို့တွင် "ရာဇာ ကဿစိ ဒေတိ" ဟူသော ဝါကျနှိုက် ရာဇာဟူသောပုဒ်၏အရ မင်းကို မိမိစိုးပိုင်သော မြေကြီးကို အပိုင်ရှာစား ဝိသုဂါမ ပေးသောအရာဖြစ်၍ မြေကို အပိုင်စား ပေးနိုင်သော ရာဇဂုဏ်သတ္တိရှိသော ပဓာနရာဇာ ပထဝီသရ ပြည့်ရှင်ဘုရင်မင်းမြတ်ဟူ၍သာ ယူအပ် ယူသင့် ယူထိုက်၏၊ ပြည့်ရှင်ဘုရင်မင်းမြတ်၏ ကိစ္စကို ပြုလုပ်ရွက်ဆောင်သော မှူး,မတ်စသော မင်းကို မယူသင့် မယူထိုက်။ ထိုကြောင့် ဝိနယာလင်္ကာရဋီကာနှိုက်—

> ပထဝိဿရော ရာဇာ ဇုမသ္မိံ ဂါမခေတ္တေ ဇေ္ဇာက ကရိသ မတ္တော ပဒေသော၊ ပုရိမဂါမတော ဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္နိတ္တာ ဒေတိ။—

ဟူ၍ ပထဝိဿရော ဟူသော ဝိသေသနပုဒ်ဖြင့် ပြ၏။ ဝိနယဂဠဋ္ဌတ္ထဒီပနီနှိုက်လည်း—

> ရာဇာတိ လဒ္ဓါဘိသေက ပထဝိဿရ ခတ္တိယရာဇာ အဓိပ္ပေတော၊ ဆေဇ္ဇဘေဇ္ဇ အနုသာသန ရာဇာနော ပန အပ္ပမာဏာ၊ ဇုဓ အနာဓိပ္ပေတာ။—

ဟူ၍ ပထဝိဿရစသော ဝိသေသနပုဒ်ဖြင့်ပင်လျှင် ပြတော်မူ၏။ နောက်ပိုင်းကျသော်လည်း ၎င်းဋီကာနှစ်စောင်ကို မလွန်သင့်။ ကခ်ဂါဝိတရဏီ အဋ္ဌကထာနှိုက်လည်း—

> ရာဇာနောတိ ဇုဒံ ဗိမ္ဗိသာရံယေဝ သန္ဓာယ ဝုတ္တံ။—

ဟူ၍ ပဓာနရာဇာကိုပင် ပြတော်မူ၏။ ၎င်းဋီကာနှိုက်လည်း—

> ရာဇာနောတိ ကိဉ္စာပိ အဝိသေသေန ဝုတ္တံ။ အပရာဓာနုရူပံ ပန ဆေဇ္ဇဘေဇ္ဇာ နုသာသကော ပမာဏဘူတောဝ အဓိပ္ပေတောတိ အာဟ ရာဇာနောတိ ဇုဒံ ဗိမ္ဗိသာရံယေဝ သန္ဓာယ ဝုတ္တန္တိ။—ဟူ၍ ပဓာနရာဇာကိုပင် ပြတော်မူ၏။

အပခာနရာဇာ အာဏာဒီသေသ ဒီန်ဆ္ဆယ

အထက်ပါ အဋ္ဌကထာ, ဋီကာတို့နိုက် ပခာန ပထဝိဿရရာဇာကို ပြကြ ငြားသော်လည်း "တေပိ။လ။ရာဇကိစ္စံ ကရောန္တိ"ဟူ၍ ပါရာဇိကဏ် အဋ္ဌ ကထာနိုက် ပြတော်မူသောကြောင့်ငင်း၊

ရာဇာဒိဟိ ပရိစ္ဆိန္နဘူမိဘာဂေါ ဟိ သဗ္ဗောဝ ထပေတွာ နဒီလောကီ ဇာတသရေဂါမသီမာတိ ဝေဒိတဗ္ဗာ။ တေနာဟ ပရိစ္ဆိန္နိတွာ ရာဇာ ကဿစိ ဒေတိတိ။—

ဟူသော ဝိမတိဋီကာ, ဝိနယာလင်္ကာရဋီကာတို့နိုက် "ရာဇာဒိဟိ"ဟူ၍ အာဒိသဒ္ဒါဖြင့် ပြသောကြောင့်ငင်း၊ ပခာန ပထဝိဿရဖြစ်သော ပြည်ရှင် ဘုရင်မင်းမြတ်သည် "ငါ၏ ကိုယ်စားပြု၍ ဝိသုံဂါမ မြေစားပေးစေ"ဟု အာ ဏာကုန် လွှဲအပ်၍ ထားခဲ့ပါလျှင် အပခာန အာဏာတ္တ ဖြစ်သော မှူး,မတ်, အရေးပိုင်စသော မင်းတို့သည် ဘုရင်မင်းမြတ် ပေးသောနည်းအတိုင်း "မည် သူက ဝိသုံဂါမမြေစား သနားတော်မြတ်ခံယူစေ"ဟု ရေးသား၍ ပေးလျှင် ဝိသုံဂါမ မြောက်၏ဟု မုခြ မှတ်အပ်၏။ ဤသို့ ရေးသား၍ ပေးခြင်းနိုက် အာဏာမရှိ၍ သိမ်ဆောက်ရန်ဟု ရေးသား၍ပေးလျှင် ဝိသုံဂါမ မမြောက်ဟု မှတ်အပ်၏။ (ဝိမတိဋီကာ ဒုတိယ၊ ဝိနယာလင်္ကာရဋီကာ ပဌမမှာကြည့်)။

မှတ်ချက်—မင်းပေး၏ဟု ဆိုသော်လည်း မင်းသည် ကိုယ်တိုင်ပေးသည် မဟုတ်၊ မှူး,မတ်စသော မင်းခစား ယောကျ်ားတို့ ပေးသည်ဖြစ်၍ မင်းပေး မဟုတ်ဟု ယုံမှားရန် ရှိသောကြောင့် ဋီကာဆရာသည် "ရာဇာဒိဟိ"ဟူ၍ အာဒိသဒ္ဒါဖြင့် ပြ၏ဟု မှတ်သင့်၏၊ မှူး,မတ်စသော သူတို့၏ ပခာနရာဇာ ဖြစ်သည်၏ အဖြစ်ကို ပြသည်မဟုတ်ဟု မှတ်။

မြန်မာဘုရင်မင်းမြတ်တို့၏ ဝိသုံဂါမ ပေးနည်းကို ပြခြင်း

ဗုဒ္ဓဘာသာ မြန်မာဘုရင်မင်းမြတ် လက်ထက်တော်နိုက် ဝိသုံဂါမ သိမ်မိန့်ကို ဘုရင်မင်းမြတ်ရုံးတော် ဖြဲတိုက်သို့ သံတော်ဦးတင်စာ တင်သွင်းလျှောက်ရသည်၊ ဖြဲတိုက်အရာရှိ သံတော်ဆင့်တို့က အလှူတော်ဖြစ်၍ ဘုရင်မင်းမြတ် အား သံတော်ဦး တင်ရသည်၊ ဘုရင်မင်းမြတ်က "ဝိသုံဂါမမြေစား ပေးသနား

စေ”ဟူသော နှုတ်အမိန့် ရရှိသောအခါ ဗြဲတိုက်အရာရှိတို့က “ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ဘုရင်မင်းမြတ်အမိန့်တော်.... မည်သည့် မြို့ရွာကျောင်းအတွင်း တပယ်ရှိ မြေကွက်ကို မည်သူတို့က ဝိသုဂါမမြေစား သနားတော်ခံစေ”ဟု အမိန့်စာချုန်ကို ရေး၍ ပေးလိုက်သည်၊ လက်မှတ်ထိုး ထုံးစံမရှိ၍ မပါ။ ဤသို့ပင် ဗြဲတိုက်ရုံးက ရေး၍ ပေးသော်လည်း—

ရညာ ဒိန္နံ ပဏ္ဏံ ဝါစေတွာ ယံယံကမ္မံ ကရောန္တိ၊ တံတံကမ္မံ
ယေနကေနစိ ကတံဝိ ကာရိတံဝိ ရညာ ကာရိတမေဝ ဝုစ္စတိ။—

ဟူသော ကေနိပါတ် အင်္ဂုတ္တရအဋ္ဌကထာနှင့်အညီ ဘုရင်မင်းမြတ် ပေးသည်ဟူ၍သာလျှင် မှတ်ယူအပ်၏၊ ထို့ကြောင့် ဝိမတိဋီကာတို့နှိုက် “ရာဇာဒိဟိ”ဟူ၍ အာဒိသဒ္ဒါဖြင့် ပြတော်မူ၏။

အင်္ဂလိပ်မင်းဘိုရ်၏ လက်ဆက်နှိုက် ဝိသုဂါမပေးပုံ

၁၂၅၁-ခုနှစ်၊ ကဆုန်လတွင် တောင်တော်သာသနာပိုင် ဆရာတော်ဘုရားကြီးက ရာဇဂုရု ဘွဲ့တံဆိပ်ရ တိုင်တား တိုက်အုပ်ဆရာတော်ကြီး ဦးဥာဏာအမှူးရှိသော ဆရာတော်ကြီး(၃)ပါးကို မန္တလေး အရေးပိုင်မင်းထံ စေလွှတ်၍ မြန်မာဘုရင် မင်းမြတ်ပေးသော (ဝိသုဂါမ မြေစားပေးပုံ) ပုံစံကို တင်ပြ၍ ပြောကြားရာ၊ မန္တလေး အင်္ဂလိပ် အရေးပိုင်မင်းက ဗုဒ္ဓဘာသာအရာဌာနန္ဒိုက် ဗုဒ္ဓဘာသာ ထုံးစံကို မဖျက်ရ ဗုဒ္ဓဘာသာ ထုံးစံအတိုင်း စီရင်အုပ်ချုပ်ရမည်ဟု ဥပဒေတွင် ပါရှိသောကြောင့် “မြန်မာဘုရင်ပေးသည့်အတိုင်း သိမ်သမုတ်ရန် ဝိသုဂါမမြေစား ပေးပါမည်၊ ကျွန်ုပ် ပေးနိုင်သော အာဏာ ရှိပါသည်”ဟု လျှောက်ထားသည်၊“ပေးနိုင်သော အာဏာရှိလျှင် မြန်မာဘုရင် မင်းမြတ်ပေးသော ပုံစံအတိုင်း ပေးပါ”ဟု ဆရာတော်ကြီးတို့က ပြောကြားသောအခါ အောက်ပါ ပုံစံအတိုင်းပေးသည်။

မည်သည့် မြို့နယ်၊ မည်သည့် ရွာ၊ မည်သည့် ကျောင်းအတွင်း (၁)ကွက် မြေကွက်ကို မည်သူတို့က ဝိသုဂါမ မြေစား သနားတော်ခံစေ—

ဟု လက်နှင့် ရေးပြီးလျှင် အရေးပိုင် လက်မှတ်ထိုး၍ ပေးသည်။ သိမ်မသမုတ်လျှင် နှုတ်သိမ်းမည် ဆိုသောစကား မပါ၊ ၎င်းပုံစံပါမူအတိုင်း အရေး

ပိုင်တို့က ဝိသုဂါမ ပေးသောကြောင့် တောင်တော် သာသနာပိုင် စသော ဆရာတော်ကြီးတို့က ဝိသုဂါမ မြောက်၏ဟု ကြေနပ်ကြပြီးလျှင် သိမ်ကို သမုတ်တော်မူကြကုန်၏။

ဝိသုဂါမ မြေပေးဥပဒေကို ပြောင်းလဲခြင်းကို ပြခြင်း

နောက်တဖန် ဆရာတော်ကြီးတို့က ဝိသုဂါမမြေကို အရေးပိုင်များ ပေးသည်ထက် ဘုရင်ခံ မင်းကြီးကပေးလျှင် မြန်မာဘုရင်ပေးခြင်းနှင့် တူသဖြင့် သာ၍ ကောင်းမြတ်ကြောင်းကို စာသင်းကြရာ ၁၂၆၅-ခုလောက်တွင် ဝိသုဂါမမြေ ပေးခြင်းကို ဘုရင်ခံမင်းကြီးကသာ ပေးရန် ဥပဒေကို ပြောင်းလဲပြင်ဆင်၍ ဘုရင်ခံမင်းကြီး အောက်ပါပုံစံအတိုင်း ပေးသည်။

ဘုရင်ခံ ခွူးတံဆိပ်
သိမ်သမုတ်ရန် မြေပေး အမိန့်တော်

မန္တလေးစီရင်စု မန္တလေးမြို့နယ် သီရိဟေမာရပ်ကွက်နံပါတ်(၂၉၅)တွင် ပူးတွဲပါ မြေပုံအရ အောက်ပါ နယ်နိမိတ်များအတွင်း(၁၃)ကရှိ မြေကို သိမ်သမုတ်ရန် မောင်သန်တိုင်-မပျို့တို့က ဝိသုဂါမမြေစား သနားတော်ခံစေ။

နယ်နိမိတ်–

မြောက်အလား
တောင်အလား
အရှေ့အလား
အနောက်အလား

ဘုန်းကြီး ဦးသဒ္ဓမ္မ သိတင်းသုံးသောကျောင်း ပရိဝုဏ်အတွင်း။

သနားတော် ခံရသည့်မြေတွင် သိမ်သမုတ်ခြင်းမှတပါး အခြား တစုံတရာ ပြုလုပ်လျှင် သနားတော်မူရင်း အမိန့်တော်ကို နှုတ်သိမ်းစေ။

ဘုရင်ခလက်မှတ်
မြန်မာနိုင်ငံတော်ကို အုပ်ချုပ်တော်မူသော ဘုရင်ခံမင်း
ရန်ကုန်မြို့။

၁၉၁၄-ခုနှစ်၊ မေလ(၁)ရက်။
၁၂၇၆-ခုနှစ်၊ ကဆုန်လဆန်း(၈)ရက်။

သိမ့တ်ဖွယ် ယခုအခါ အထက်ပါ ပုံစံနမူနာအတိုင်း မြန်မာပြည် ဘုရင်ခံမင်းကြီးက ဝိသုံဂါမ ပေးမှသာလျှင် ဝိသုံဂါမ မြောက်၏ဟု မုချ မှတ်ယူအပ်၏။ လက်အောက်ခံ ခရိုင်မင်းကြီး အရေးပိုင်စသော မင်းတို့က ပတ္တာစာချုပ် ပုံစံစက္ကူရွက်တွင် သိမ်ဆောက်ရန်ဟု ရေးပေးသော သိမ်မိန့်စာသည် ဝိသုံဂါမ မမြောက်၊ အာဘယ်ကြောင့်နည်းဟူမူ.... "ဝိသုံဂါမမြေစား သနားတော်ခံစေ" ဟူ၍ ရေးပေးနိုင်သော အာဏာမရှိသောကြောင့်တည်း။ သက်သေကား—၁၂၇၅-ခုနှစ်က ငါးဆူတိုက်နှိုက် သိမ်သမုတ်လို၍ မန္တလေး အရေးပိုင်ထံ သိမ်မိန့်ခံရာ အရေးပိုင်မင်းက ပတ္တာစာချုပ် ပုံစံစက္ကူရွက်တွင် "သိမ်ဆောက်ရန်" ဟု ရေးပေးသောအမိန့်ကို ငါးဆူဆရာတော်ကြီးက မနှစ်သက်၍ အရေးပိုင်ထံ သွားရောက် ပြောဆို၍ ပေးပါဟု အမိန့်ရှိသောကြောင့် ဆရာတော်ကိုယ်တိုင် အရေးပိုင်ထံသို့ သွားပြီးလျှင် "ဝိသုံဂါမမြေစား သနားတော် ခံစေ" ဟု ပြင်၍ ရေးပေးပါဟုပြောရာ အရေးပိုင်မင်းက "ရှေးအခါက ရေး၍ ပေးနိုင်သော အာဏာရှိပါသည်၊ ယခုအခါ ဥပဒေပြောင်းလဲလိုက်ပြီဖြစ်၍ ဝိသုံဂါမမြေစား ပေးနိုင်သောအာဏာမှာ ဘုရင်ခံသာ ရှိ၏၊ အရေးပိုင်တို့မှာ မရှိပါ၊ ဝိသုံဂါမမြေစား သနားတော်ခံစေ-ဟု ရေးပေးလျှင် ရာထူးကျသွားမည်" ဟု လျှောက်ထားသည်၊ သို့ဖြစ်လျှင် ၎င်းသိမ်မိန့်ခံစာကို ဘုရင်ခံမင်းကြီးထံ တင်ပို့ပေးပါဟု ပြောကြားရာ အရေးပိုင်က ဘုရင်ခံမင်းကြီးထံ တင်ပို့ပေးပါ၍ အထက်ပါ မန္တလေးမြို့ ငါးဆူတိုက်(ဝိသုံဂါမ)သိမ်မိန့်စာကို ဘုရင်ခံမင်းကြီးထံမှ ရရှိကြောင်း။

အမိန့်ခံယူပုံမှာ—ဘုရင်ခံမင်းကြီးထံ လျှောက်လွှာရေးပြီးလျှင် အရေးပိုင်ရုံးသို့ တင်ပို့ရသည်၊ အရေးပိုင်ကမှဘဆင့် မြေပုံနှင့် တကွ ဘုရင်ခံမင်းကြီးရုံးသို့ တင်ရသည်။

အထက်က ပြဆိုခဲ့ပြီးသော အကြောင်းမျှားကို ထောက်ဆ၍ ယခုအခါ မြန်မာပြည်နိုက် ဘုရင်ခံမင်းကြီးပေးသော (ဝိသုံဂါမ) သိမ်မိန့်မှတပါး ခရိုင်မင်းကြီး အရေးပိုင်စသော မင်းတို့က သိမ်သမုတ်ရန် (သိမ်ဆောက်ရန်)ဟု

ပတ္တာဒစာချုပ် ပုံစံစက္ကူရွက်တွင် ရေးသား၍ ပေးသော(သိမ်မိန့်)သည် ဝိသုံဂါမ မမြောက်ဟု မုခ မှတ်ယူအပ်၏။ (ဝိသုံဂါမ) မမြောက်လျှင် ပရိသဝိပတ္တိဖြစ်၍ သိမ်မဖြစ်ဟု မှတ်အပ်၏။

ဂရုကအရာဖြစ်၍ ဝိနယခရ ဆရာတော်တို့ သတိရှိကြစေ။ရှေးဆရာတော်ကြီးတို့သည် အရေးပိုင် နယ်ပိုင်တို့ကပေးသော အမိန့်ဖြစ်လျှင် နယ်သိမ်း၍သာ သမုတ်ကြကုန်၏။

မှတ်ချက်—ရာဇာဟူသော ပုဒ်၏အရ မင်းကို မေးသည်ဖြစ်၍ မည်သည့်မင်းကို ယူအပ်၏ဟု ဖြေဆိုပါလျှင် ဝိဿဇ္ဇနာ ပြည့်စုံပါ၏၊သို့သော် အကြောင်းအခွင့် ဖြစ်ပေါ်လာသောအခါ ဝိနယဂရုကဌာနဖြစ်၍ ပညာဗဟုဿုတ တိုးပွါးရန်နှင့် ဝိနယကုက္ကုစ္စ ကင်းပျောက်ကြရန် ပြည့်စုံစွာ ထည့်သွင်း၍ ရေးသား ဖြေဆိုလိုက်ပါသည်။

၁၃၀၉-ခု၊
နယုန်လပြည့်ကျော်(၁၁)ရက်နေ့ (၃)နာရီအချိန်
အဓိပ္ပတ္တိရာဇာ ဝိနိစ္ဆယ ပြီး၏။

မန္တလေးမြို့
ဧရိုးကောင်းတိုက် ညောင်ရမ်းဆရာတော်ထံသို့
ဓမ်းလျှောက်သွား

၁၂၀၃—ခု၊ တပေါင်းလပြည့်ကျော် (၇) ရက်နေ့။

ဘုရားတပည့်တော် ပညာသာမိ, အစ္ဆရိယတို့ ခြေတော်စုံ ဦးခိုက်၍ လျှောက်ပါသည် ကျေးဇူးရှင် ဆရာတော်ဘုရား....။

အောက်ပါ အချက်များကို အဆုံးအဖြတ် ကယ်မ ပေးသနားတော်မူပါ ဆရာတော်ဘုရား....။

၁။ ယဓွိ ကေသွိံ ယေဝ ဂါမခေတ္တေ ဧကံ ပဒေသံ အယံ ဝိသုံ ဂါမော ဟောတူတိ ပရိစ္ဆိန္နိတ္ထာ ရာဇာ ကဿစိ ဒေတိ။ သောဝိ ဝိသုံဂါမသိမာ ဟောတိယေဝ။—

ဟူသောအဋ္ဌကထာပါဠိနှင့်က "ပရိစ္ဆိန္နိတ္ထာ ရာဇာ ကဿစိ ဒေတိ" ဟူသောပါဠိကို ထောက်၍ ရွာနယ်ကို ဝိုင်ဆိုင်သော သူကြီးက ဖြစ်စေ၊ သူကြီးမှတပါး တစုံတယောက်သောသူက ဖြစ်စေ မြေကို ပေးဝိုင် ပေးနိုင်သော အစိုးရများထံ ဝိသုံဂါမ ခံယူသည် ရှိသော် ရနိုင်သည်ဟူ၍ အချို့သော ပုဂ္ဂိုလ်များက ပြောဆိုကြပါသည်။

၂။ အချို့သော ပုဂ္ဂိုလ်များက ရွာနယ်ကို ဝိုင်ဆိုင်သော သူကြီးသည် ထိုသူကြီး ဝိုင်ဆိုင်သော ရွာနယ်အတွင်းနှိုက် တစိတ်တဒေသ ဖြစ်သော မြေကို ပေးဝိုင်ပေးနိုင်သော အစိုးရများထံ ဝိသုံဂါမ ခံယူက မရသည်သာတည်း။ အဘယ်ကြောင့် ဆိုသော်...."သောဝိ ဝိသုံဂါမသိမာ ဟောတိယေဝ" ဟု လာသော အဋ္ဌကထာနှိုက် 'ဝိသုံ' ဟူသော အပါဒိပုဒ်သာ ရှိ၍ ၎င်း ဝိသုံ ဟူသောပုဒ်၏ အပါဒါန် မရှိသောကြောင့် ဟူ၍ ပြောဆိုကြပါသည်။ ထိုသို့ ပြောဆိုကြသော ပုဂ္ဂိုလ် နှစ်ဦးတို့တွင် မည်သည့်ပုဂ္ဂိုလ်စကား သင့်မည် မသင့်မည်ကို သိလိုပါသည်ဘုရား....။

တပည့်တော်

ပညာသာမိ— အစ္ဆရိယ

ဂါမဘောဇကဒါနဝိသုံဂါမဝိနိစ္ဆယ

၁-ပဌမဝုဏ္ဏာ အဓြေ

၁။ ယမ်ပိ ကေသို်ယေဝ ဂါမခေတ္တေ ကေံ ပဒေသံ အယံ ဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္နိတ္ဝာ ရာဇာ ကဿစိ ဒေတိ။ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ။—

ဟူသော အဋ္ဌကထာပါဠိန်ိုက် "ပရိစ္ဆိန္နိတ္ဝာ ရာဇာ ကဿစိ ဒေတိ" ဟူသောပါဠိကို ထောက်၍ ရွာနယ်ကို ပိုင်ဆိုင်သော သူကြီးကဖြစ်စေ၊ သူကြီးမှတပါး တစုံတယောက်သော သူက ဖြစ်စေ မြေကို ပေးပိုင်ပေးနိုင်သော အစိုးရများထံ ဝိသုံဂါမ ခံယူသည် ရှိသော် ရနိုင်သည်ဟူ၍ အချို့သောပုဂ္ဂိုလ်များက ပြောဆိုကြပါသည်ဟု လျှောက်ရာ၌က်—

ဝိသုံဂါမ မြောက်ခြင်းအင်္ဂါကို လေးပါးရှိ၏ဟူ၍ မှတ်ရမည်၊ လေးပါးဟူသည်ကား....

(၁) ပကတိဂါမခေတ်လည်း ဖြစ်စေ၊

(၂) ထိုဂါမခေတ်၏အတွင်း တစိတ်သော မြေအဖို့အရပ်လည်း ဖြစ်စေ၊

(၃) အခြင်းအရာ အာကာရဖြင့် နယ်ပိုင်းခြား သတ်မှတ်သည်လည်း ဖြစ်စေ၊

(၄) နယ်သတ်မှတ် ပိုင်းခြားသော သူသည် ရေ,မြေကို အစိုးရသော ခတ္တိယလည်း ဖြစ်စေ၊

ဤအကြောင်းအင်္ဂါလေးပါး ပြည့်စုံညီညွတ်မှသာလျှင် ဝိသုံဂါမ မြောက်သည်ဟု မှတ်အပ်၏။ ထိုအင်္ဂါလေးပါးတို့တွင်—

ယမ်ပိ ကေသို်ယေဝ ဂါမခေတ္တေ ကေံ ပဒေသံ အယံ ဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္နိတ္ဝာ ရာဇာ ကဿစိ ဒေတိ။သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ။— ဟူသော အဋ္ဌကထာပါဠိန်ိုက်—

(၁) ''ကေသိံ ယေဝ ဂါမခေတ္တေ''—ဟူသောပါဠိဖြင့် ပဌမအင်္ဂါကို အဋ္ဌကထာဆရာ ပြတော်မူသည်။

(၂) ''ကေံ ပဒေသံ''—ဟူသောပါဠိဖြင့် ဒုတိယအင်္ဂါကို ပြတော်မူသည်။

(၃) ''အယမ္ပိ ဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတ္ဝာ''ဟူသော ပါဠိဖြင့် တတိယအင်္ဂါကို ပြတော်မူသည်။

(၄) ''ရာဇာ''ဟူသောပါဠိဖြင့် စတုတ္ထအင်္ဂါကို ပြတော်မူသည်။

ထိုအင်္ဂါလေးပါးတို့တွင်—

(၁) ပဌမအင်္ဂါဖြင့် ဂါမခေတ် မဟုတ်၊ ဂါမခေတ်မှ ကင်းလွတ်သော မြစ်,သမုဒ္ဒရာ စသော အရပ်တို့နှိုက် ခတ္တိယမင်းတို့ နယ် ပိုင်းခြားသတ်မှတ်၍ ဝိသုံဂါမ ပေးသော်လည်း ဝိနည်းအလို ဝိသုံဂါမ မမြောက်သည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေတော်မူသည်။

(၂) ဒုတိယအင်္ဂါဖြင့် ပကတိဂါမခေတ်အလုံးကို ဝိသုံဂါမ ပေးသည် ရှိသော် ဝိသုံဂါမ မမြောက်သည်၏အဖြစ်ကို သိစေတော်မူသည်။

(၃) တတိယအင်္ဂါဖြင့် ဤအရပ်သည် ဘုရားမြေ ဖြစ်စေ၊ ကျောင်းမြေ ဖြစ်စေ စသည်ဖြင့် အပိုင်းအခြား ပြု၍ လှူဒါန်း ပေးကမ်းသော်လည်း ဝိသုံဂါမ မမြောက်သည်၏ အဖြစ်ကို သိစေတော်မူသည်။

(၄) စတုတ္ထအင်္ဂါဖြင့် ခတ္တိယဖြစ်သော မင်းမှတပါး မှူး,မတ်တို့သည် မိမိတို့ အလိုအလျောက် အပိုင်းအခြား ထားသည်ဖြစ်စေ၊ သူတပါးအား ပေးသည်ဖြစ်စေ ဝိသုံဂါမ မမြောက်သည်၏ အဖြစ်ကို သိစေတော်မူသည်။

ဤသို့ ဝိသုံဂါမ မြောက်ထိုက်သော အင်္ဂါကို ရှေးဦးစွာ မှတ်သားအပ်ပေ၏။

ထိုဝိသုံဂါမ မြောက်ထိုက်သော အင်္ဂါလေးပါးတို့နှိုက် "ကဿစိ" ဟူသော သာမည သဗ္ဗသာဓာရဏာသမ္ပဒါန်ပုဒ်၏ အရဖြစ်သော ရွာသူကြီးစသော တစုံတယောက်သော ပုဂ္ဂိုလ်သည် ပဓာနလည်း မဟုတ်၊ အောက်က ပြဆိုခဲ့ပြီးသော အင်္ဂါလေးပါးသည်သာလျှင် ပဓာနဖြစ်၍ အင်္ဂါအသီးလည်း မဖြစ်သင့် မပါဝင်သင့်သောကြောင့်ရင်း၊

ဒုတိယအင်္ဂါဖြင့် ပယ်မြစ်အပ်သော ဂါမခေတ် အလုံးကို ထိုဂါမဘောဇက ရွာသူကြီးအား ထပ်မံ၍ ပေးသည်မဟုတ်၊ ထိုရွာ ဂါမခေတ်မှ တစိတ်တဒေသ ဖြစ်သော မြေအဖို့အရပ်ကို ဝိသုံဂါမ ပေးသောကြောင့်ရင်း၊

"ကဿစိ" ဟူသော သာမည သဗ္ဗသာဓာရဏာ သမ္ပဒါန်ပုဒ်၏ အရကို "ရာဇာ" ဟူသော ကတ္တားပုဒ်၏ အရဖြစ်သော မြေကို ပေးပိုင်သော မင်းမှ တပါး မင်းညီ,မင်းသား, မင်းသမီး,မင်းမိဖုရား,မင်းဆွ, မင်းမျိုး,မဟာမတ္တစသော ရာဇသေဝက ဂါမဘောဇက သေဋ္ဌေး သူကြွယ် ကုန်သွယ် လယ်လုပ်နွားကျောင်းစသော အလုံးစုံသော သူတို့ကို သိမ်းကြုံး၍ အကုန် ယူသင့်သောကြောင့်ရင်း၊

ရေ မြေရှင်ဖြစ်သော ဘုရင်မင်းမြတ်က ရွာသူကြီးအား ပကတိဂါမခေတ်ကို ပေးခြင်းသည် သီးခွန်ကို အပိုင်စား ပေးထားသည် မဟုတ်၊ ထိုဂါမခေတ်နှိုက် နေထိုင်သော လူများကို စောင့်ရှောက် အုပ်ထိန်းပြီးလျှင် မိမိ အာဏာရှိသလောက် အမှုသေးများကို စီရင်ရန်နှင့် သီးခွန်များကို တောင်းခံ ဆက်သွင်းရန် လခစားသဘောမျိုးနှင့် သီးခွန် ဆယ်ခိုင်တခိုင် ဆယ်ဖို့တဖို့စား အမှုအရာထမ်း ရွာသူကြီး အဖြစ်ဖြင့် ခန့်ထားခြင်းမျသာ ဖြစ်သည်။

ဝိသုံဂါမ မြေစား ပေးသနားခြင်းသည် ရွာသူကြီးအဖြစ် အမှုအရာထမ်း ခန့်ထားသည် မဟုတ်၊ ထိုအရပ် တစိတ်မှ ထွက်သော သီးခွန်ကို မင်းအား ဆက်သရန် မလို၊ မိမိ အလိုရှိတိုင်း ခွဲခန့်၍ သုံးစားတော့ဟု အပိုင် ရွာစား ပေးခြင်းဖြစ်သည်။ ဤသို့ ရွာသူကြီးအား ပကတိဂါမကို ပေးအပ်ခြင်းနှင့် ဝိသုံဂါမ မြေစား ပေးသနားခြင်းသည် မပိုင်ခြင်း ရက္ခက, ပိုင်ခြင်း သာမိက အဖြစ်အားဖြင့် ထူးသောကြောင့်ရင်း၊ ဤသို့ ပေးခြင်း ထူးသည်၏ အဖြစ်သည်လည်း သူကြီး ခန့်အပ်တော်မူသည်၊ ဝိသုံဂါမ မြေစား ပေးသနားတော်မူသည်ဟူသော မင်း၏ အမိန့်တော်ဖြင့်လည်း အလွန် ထင်ရှားသည်။

အကယ်၍ "ကဿစိ"ဟူသော သမ္ဗဒါန်ပုဒ်၏ အရတွင် ရှာသူကြီး မပါဝင်သင့်သည်ဖြစ်အံ့ အဋ္ဌကထာဆရာသည် "ရာဇာ ထပေတွာ ဂါမဘောဇကေ ကဿစိ ဒေတိ" ဟူ၍ဂင်း၊ "ရာဇာ ဂါမဘောဇကတော အညဿ ကဿစိ ဒေတိ" ဟူ၍ဂင်း ဖွင့်ပြတော်မူခဲ့ရာ၏၊ ဤသို့ ဖွင့်ပြတော်မမူသောကြောင့်ဂင်း၊ ဤသို့ပြဆိုအပ်ပြီးသော အကြောင်းများကြောင့် ဂါမဘောဇက ရှာသူကြီး သည် မိမိ စိုးအုပ်နေထိုင်သော ဂါမခေတ်အတွင်းနှိုက် တစိတ်သော မြေအဖို့ အရပ်ကို ဝိသုံဂါမ ခံယူသည်ရှိသော် မြေကို ပေးပိုင်သောမင်းသည် ထိုရှာသူကြီးအား ဒန်ဂါလေးပါးနှင့် ပြည့်စုံ ညီညွတ်စွာ ပေးခဲ့လျှင် ဝိသုံဂါမ မြောက်၏ဟု ယုံမှားသံသယ မရှိ၊ မုချ သန္နိဋ္ဌာန်ကျ မှတ်သားအပ်၏။ ထိုကြောင့် အယူဝါဒ နှစ်ပါးတို့တွင် "ပရိစ္ဆိန္နိတွာ ရာဇာ ကဿစိ ဒေတိ" ဟူသောပါဠိကို ထောက်၍ ရှာနယ်ကို ပိုင်ဆိုင်သောသူကြီးက ဖြစ်စေ၊ သူကြီးမှတပါး တစုံတယောက်သောသူက ဖြစ်စေ မြေကို ပေးပိုင် ပေးနိုင်သော အစိုးရများထံ ဝိသုံဂါမ ခံယူသည်ရှိသော် ရနိုင်သည်ဟူ၍ ဆိုသော ပုဂ္ဂိုလ်၏ အယူဝါဒကို သင့်မြတ်၏ဟု မှတ်အပ်၏။

၂-ဒုတိယပုစ္ဆာ အဖြေ

၂။ အခ့ါသော ပုဂ္ဂိုလ်များက ရှာနယ်ကို ပိုင်ဆိုင်သော သူကြီးသည် ထိုသူကြီး ပိုင်ဆိုင်သော ရှာနယ်အတွင်းနှိုက် တစိတ်တဒေသ ဖြစ်သော မြေကို ပေးပိုင် ပေးနိုင်သော အစိုးရများထံ ဝိသုံဂါမ ခံယူက မရသည်သာတည်း။ အဘယ်ကြောင့်ဆိုသော် "သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ" ဟု လာသော အဋ္ဌကထာနှိုက် "ဝိသုံ" ဟူသော အပါဒိပုဒ်သာ ရှိ၍ ၎င်းဝိသုံဟူသောပုဒ်၏ အပါဒါန် မရှိသောကြောင့် ဟူ၍ ပြောဆိုကြပါသည်။ ထိုသို့ ပြောဆိုကြသော ပုဂ္ဂိုလ်နှစ်ဦးတို့တွင် မည်သည့် ပုဂ္ဂိုလ်စကား သင့်မည် မသင့်မည်ကို သိလိုပါသည်ဘုရားဟု လျှောက်ထားရာနှိုက်—

"သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ" ဟူ၍ လာသော အဋ္ဌကထာနှိုက် "ဝိသုံ" ဟူသော အပါဒိပုဒ်သာ ရှိ၍၊ ၎င်းဝိသုံဟူသောပုဒ်၏ အပါဒါန် မရှိသောကြောင့် ရှာနယ်ကို ပိုင်ဆိုင်သော ရှာသူကြီးသည် ထိုရှာသူကြီးပိုင်ဆိုင်

သော ရွာနယ်အကွင်းနှိုက် တစိတ်တဒေသဖြစ်သော မြေကို ပေးပိုင် ပေးနိုင်သော အစိုးရများထံ ဝိသုံဂါမ ခံယူက မရသည်သာတည်းဟု ဆိုသောပုဂ္ဂိုလ်၏ အယူဝါဒသည် မသင့်မြတ်ချေ။

အဘယ်ကြောင့် မသင့်မြတ်သနည်းဟူမူ.... ၎င်းပုဂ္ဂိုလ်သည် ရွာသူကြီး ဝိသုံဂါမ ခံယူသည်ရှိသော် မရခြင်း၏ အကြောင်းကို "ဝိသုံ" ဟူသော အပါဒိ ပုဒ်သာရှိ၍၊ ၎င်းဝိသုံဟူသောပုဒ်၏ အပါဒါန်မရှိသောကြောင့်ဟု အကြောင်းကို ပြသည်။ ဤသို့ အကြောင်းကိုပြခြင်းသည် ပကတိဂါမကိုလည်း ရွာသူကြီးပိုင်သည်၊ နောက်ထပ်ပေးသော ဝိသုံဂါမကိုလည်း ရွာသူကြီးပိုင်သည်၊ ဤသို့ ပကတိဂါမနှင့် ဝိသုံဂါမကို ပိုင်ဆိုင်ခြင်း အတူတူပင် ဖြစ်၍ "ပကတိဂါမတော" ဟူ၍ အပါဒါန်မဖြစ်သင့်ဟု အထင်အယူရှိ၍ အကြောင်းပြဟန် လက္ခဏာရှိသည်။ ဤသို့ဝိသုံဟူသောအပါဒီပုဒ်၏အပါဒါန်မရှိဟု အကြောင်းပြငြားသော်လည်း အပါဒါန်၏သဘောမည်သည် ပိုင်းခြားခြင်း အဝဓိအနက် ရှိသည်ဖြစ်၍ "ကေသိံ ယေဝ ဂါမခေတ္တော" ဟူသော သဒ္ဒါကို ထောက်ဆသဖြင့် "ဝိသုံ" ဟူသော အပါဒီပုဒ်၏ အပါဒါန်ကို "ပကတိဂါမတော" ဟူ၍ သိသင့် သိထိုက်သောကြောင့်ဂုဏ်။ အောက်က ပြဆိုခဲ့ပြီးသည့်အတိုင်း ရွာသူကြီးသည် ရှေးဦးစွာ မင်းက အပ်နှင်းထားသော ပကတိဂါမကို ရက္ခက အစောင့်အရှောက်အဖြစ်ဖြင့် ပိုင်ဆိုင်ခြင်း၊ နောက် မြေစားပေးသော ဝိသုံဂါမကို သာမိက၏ အဖြစ်ဖြင့် စိုးပိုင်ခြင်း ထူးခြားကဲ့လွဲကြသည်ဖြစ်၍ ရွာသူကြီးသည် ပကတိဂါမနှင့် ဝိသုံဂါမကို ပိုင်ဆိုင်ခြင်း အတူတူ မဟုတ်သဖြင့် သာမညပေးခြင်း ဝိသေသပေးခြင်း ထူးခြားသောကြောင့် "ပကတိဂါမတော" ဟူ၍ "ဝိသုံ" ဟူသောပုဒ်၏အပါဒါန် ဖြစ်သင့်သောကြောင့်ဂုဏ်၊ အကြောင်းပြရာ မရောက်မိမိတို့အပေါ် နှိုက်သာလျှင် ပါဠိ,အဋ္ဌကထာ,ဋီကာတို့နှိုက် အဓိပ္ပါယ်ယူနည်း အာစရိယလဒ္ဓိပဒေသ မရသည်ဖြစ်၍ မသိသောအပြစ်သာ ရောက်ချေ၏။ ထိုကြောင့် ၎င်း နောက်အယူဝါဒကို စွန့်အပ်၏။

၁၂၀၃-ခု၊ နွေဘောင်းတန်ခူးလဆန်း(၆)ရက်နေ့၊
မိုးကောင်းတိုက် သာသနာပြု ညောင်ရမ်းဆရာတော် ဆုံးဖြတ်အပ်သော
ဂါမဘောဇကဒါနဝိသုံဂါမဝိနိစ္ဆယ ပြီး၏။

မန္တလေးမြို့
ဗိုက်ကောင်းတိုက် ညောင်ရမ်းဆရာတော်ဘုရား ထံသို့
ယုံခင်ဝံဘော် ဗုဒ္ဓသာသနာ့အစ့်ငှါ့ လျှောက်သွာ

ဇေယတု သဗ္ဗမင်္ဂလံ

(က) ဆဋ္ဌ သံဂါယနာတင်မည့် ကုန်းမြေတွင် ဆောက်လုပ်ရန် ကြိုရွယ်သော သိမ်တော်သည် သံဃာတော် အပါး (၁၀၀) ခန့်သာ ဆန့်မည့် သိမ် ဖြစ်ရာ မြတ်စွာဘုရား၏ ဝိနည်းဒေသနာတော်အရ ထိုအပါး (၁၀၀) ခန့်သာ ဆန့်မည့် သိမ်တော်နှင့် ဖြစ်နိုင်မည် မဖြစ်နိုင်မည်။

(ခ) ဆဋ္ဌ သံဂါယနာတင် ဆိုင်ရာ ပရိဝုဏ်အတွင်းရှိ သံဃာတော်များ အားလုံး ပါမှ သံဃဥပုသ် စသော သံဃကံကို ဆောင်ရွက်နိုင်သည် ဆိုသောစကား ဟုတ် မဟုတ်။

(ဂ) ဟုတ်လျှင်၊ တနည်း–မဟုတ်လျှင် ဆရာတော်များ ဥပုသ် ပြုနိုင်ရန် သံဃာတော် မည်မျှ ဆန့်သည့် သိမ်တော်ကို အလို ရှိတော်မူကြသည်။

နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့
သိရိမင်္ဂလာ ကမ္မာဇီး
ရန်ကုန်မြို့။

သီမာပေါသထကမ္မဝိနိစ္ဆယ

အထက်ပါ လျှောက်မေးချက်(၃)ခု ပါရှိသော်လည်း (ခ)မှတ် အချက်ကို ဖြေဆိုသည်ရှိသော် (၃)ချက်လုံးပင် ဖြေဆိုရာ ရောက်မည်ဖြစ်သောကြောင့် (ခ)မှတ် အချက်ကို ပဓာနထား၍ အဖြေဝိဿဇ္ဇနာ ဝိနိစ္ဆယကို ပြုပေအံ့။

ဂါမသိမ်, နဂရသိမ်, မဟာသိမ်တို့နှိုက် ဥပုသ်, ပဝါရဏာ စသော ကံကြီး ကံငယ်များကို ပြုလုပ်သည်ရှိသော် ဝဂ်ဖြစ်၍ ကံ ၄ပျက်စေခြင်း အကျိုးငှါ ထိုဂါမသိမ်,နဂရသိမ်,မဟာသိမ်အတွင်းနှိုက် သီတင်းသုံး နေထိုင်ကြကုန်သော ရဟန်းတော် အလုံးစုံတို့ကို တတောင်ထွာ ဟတ္ထပါသ်သို့ ရောက်အောင် ပင့်ဆောင်ရသည်၊ မကြွလာနိုင်သော ဂိလာနရဟန်း, ကိစ္စပပ္ပသုတရဟန်းတို့၏ သဘောတူ ဆန္ဒကို ယူဆောင်ရသည်၊ ဤသို့ သံဃာအားလုံးကို သိမ်းကြုံး၍ ပင့်ဆောင်ရခြင်း ဆန္ဒဆောင်ရခြင်း ကိစ္စများမှ လွတ်ကင်း၍ ချမ်းချမ်းသာသာ လွယ်လင့်တကူ ဥပုသ်ပြုခြင်း ရဟန်းခံခြင်းစသော သံဃကံ ပြုနိုင်စေခြင်းငှါ—

(က) အနုဇာနာမိ ဘိက္ခဝေ သိမံ သမ္မန္နိတုံ။—ဟူ၍ ခဏ္ဍသိမ် သမုတ်ခြင်းကို ခွင့်ပြုတော်မူ၏။

ထိုကြောင့် ဝိနည်း မဟာဝါ အဋ္ဌကထာ ဥပေါသထက္ခန္ဓကနှိုက်—

(ခ) ဣမံ ပန သမာနသံဝါသကသိမံ သမ္မန္နန္တေဟိ ပဌဇ္ဇုပသမ္ပဒါဒိနံ သံဃကမ္မာနံ သုခကရဏတ္ထံ ပဌမံ ခဏ္ဍသိမာ ဗန္ဓိတဗ္ဗာ။—ဟူ၍ ဖွင့်ပြတော်မူ၏။

အဓိပ္ပါယ် ခဏ္ဍသိမ်နှိုက် တည်ရှိသော ရဟန်းတို့သည် မဟာသိမ်နှိုက် ကံပြုကုန်သော ရဟန်းတို့၏ သံဃကံကို မပျက်စေတတ်ကုန်၊ မဟာသိမ်နှိုက်တည်ရှိသောရဟန်းတို့သည် ခဏ္ဍသိမ်နှိုက်ကံပြုကုန်သောရဟန်းတို့၏ သံဃကံကို မပျက်စေတတ်ကုန်၊ ဂါမ,နဂရသိမ်နှိုက် တည်ရှိကုန်သော

ရဟန်းတို့သည် မဟာသိမ်,ခဏ္ဍသိမ်နှိုက် ကံပြုကုန်သော ရဟန်းတို့၏ သံဃကံကို မပျက်စေဟတ်ကုန်၊ မဟာသိမ်,ခဏ္ဍသိမ်နှိုက် ကံပြုကုန်သော ရဟန်းတို့သည် ဂါမ,နဂရသိမ်နှိုက် ကံပြုကုန်သော ရဟန်းတို့၏ သံဃကံကို မပျက်စေတတ်ကုန်၊ အဘယ်ကြောင့်နည်း ဟူမူ.... သိမ်သီး သိမ်ခြား ဖြစ်သောကြောင့်တည်း။ တသိမ်တည်းနှိုက်သာလျှင် အားလုံးသံဃာ တတောင်ထွာ ဟတ္ထပါသ်သို့ မလာခြင်း ဆန္ဒမဆောင်ခြင်း ရှိမှသာလျှင် ကံပျက်၏ဟု မှတ်အပ်၏။ ထို့ကြောင့် ဝိနည်းမဟာဝါ အဋ္ဌကထာ ဥပေါသထက္ခန္ဓကနှိုက်—

(က) ဧဝံ ဗဒ္ဓါသု ပန သီမာသု ခဏ္ဍသီမာယ ဋ္ဌိတာ ဘိက္ခူ။ မဟာသီမာယ ကမ္မံ ကရောန္တာနံ န ကောပေန္တိ၊ မဟာသီမာယဝါ ဋ္ဌိတာ ခဏ္ဍသီမာယ ကမ္မံ ကရောန္တာနံ။ သီမန္တရိကာယ ပန ဋ္ဌိတာ ဥဘိန္နမ္ပိ န ကောပေန္တိ။ ဂါမခေတ္တေ ဋ္ဌတ္ဝာ ကမ္မံ ကရောန္တာနံ ပန သီမန္တရိကာယ ဋ္ဌိတာ ကောပေန္တိ၊ သီမန္တရိကာဟိ ဂါမခေတ္တံ ဘဇတိ။—ဟု ဖွင့်ပြတော်မူ၏။

(ဃ) အသမ္ဗတာယ ဘိက္ခဝေ သီမာယ အထဝိတာယ ယံ ဂါမံဝါ နိဂမံဝါ ဥပနိဿာယ ဝိဟရတိ၊ ယာ တဿဝါ ဂါမသီမာ ဂါမသီမာ၊ နိဂမသီမာ နိဂမသီမာ။ အယံ ဘဏ္ဍသမာနသံဝါသာ ဧကုပေါသထာ။ ဝိနည်းမဟာဝါ ပါဠိတော် ဥပေါသထက္ခန္ဓက

(င) ဂါမဂ္ဂဟဏေန စေတ္ထ နဂရမ္ပိ ဂဟိတမေဝ ဟောတိ၊ တတ္ထ ယတ္ထကေ ပဒေသေ တဿတဿ ဂါမဿ ဘောဇကာ ဗလိံ လဘန္တိ၊ သော ပဒေသော အပ္ပေါဝါ ဟောတု မဟန္တောဝါ ဂါမသီမာတ္တေဝ သင်္ခံ ဂစ္ဆတိ။ နဂရ နိဂမ သီမာသုပိ ဧသေဝ နယော။ ဂဠိးအဋ္ဌကထာ

အထက်ပါ ပါဠိတော်,အဋ္ဌကထာနှင့်အညီ ဆဋ္ဌသံဂါယနာတင်ရန် သတ်မှတ်ပိုင်းခြားရှု ထားအပ်သော မြေကွက်ရပ်သည် ကမ္မဝါစာဖြင့် မဖွဲ့ မသမုတ်အပ်သော ပကတိ ဂါမသိမ် ဖြစ်၏၊ ထိုမြေကွက် ဂါမသိမ်အတွင်းနှိုက်—

(စ) သစေ ပန ဝိဟာရော မဟာ ဟောတိ၊ ဒွေဝိ တိသော်ဝိ တဒုတ္တရိဝိ ခဏ္ဍသီမာယော ဗန္ဓိတဗ္ဗာ။—

ဟူသော အဋ္ဌကထာနှင့်အညီ ခဏ္ဍသိမ်တလုံးကို ဖြစ်စေ နှစ်လုံးကို ဖြစ်စေ သမုတ်၍ ထားသည်ဖြစ်အံ့ ထိုခဏ္ဍသိမ်နှိုက် တည်၍ ဥပုသ်,ပဝါရဏာစသော ကံကြီး ကံငယ်ကို ပြုကုန်သော ရဟန်းတို့၏ကံကို ဆဋ္ဌသံဂါယနာတင်ရန် ပိုင်းခြားသတ်မှတ်၍ ထားအပ်သော မြေကွက်အတွင်း အဆောက်အဦများနှိုက်နေထိုင် တည်ရှိကုန်သော ရဟန်းတို့သည် ဂါမသိမ် အသီးဖြစ်သောကြောင့် ကံပြုရာ ခဏ္ဍသိမ်သို့ မလာသော်လည်း မပျက်စေတတ်ကုန်ဟူ၍ မှတ်အပ်၏။ ထိုကြောင့် ဆဋ္ဌသံဂါယနာတင်ဆိုင်ရာ ပရိဝုဏ်အတွင်းရှိ သံဃာတော်များ အားလုံးပါမှ သံဃဥပုသ် စသော သံဃကံကို ပြုလုပ်နိုင်သည် ဆိုသောစကား သည် အထက်ပါ ပါဠိတော်, အဋ္ဌကထာတို့နှင့် မညီမညွတ်သော စကားဟူ၍ မုချမှတ်ယူအပ်၏။

ခဏ္ဍသိမ် ဘရတည်းနှိုက် အကြွင်းကြွင်း သံဃကံကို ပြုနိုင်ခြင်းကို ပြခြင်း

မန္တလေးမြို့နှိုက် သံဃာတော် ငါးရာ,ခြောက်ရာ,ခုနစ်ရာ,တထောင်ရှိသော ကျောင်းတိုက်ကြီးများ ရှိကြသည်၊ ထိုကျောင်းတိုက်ကြီးများနှိုက် ခဏ္ဍသိမ်တို့သည် သုံးခမ်းပတ်လည် လေးခမ်းပတ်လည်မျှလောက် ရှိကြကုန်သည်ဖြစ်၍ ဥပစာရ ကျောင်းတိုက်အတွင်းရှိ သံဃာတော်အားလုံး မဆန့်သောကြောင့် သီတင်းကျတ် ပဝါရဏာကံ ပြုသောအခါ ဥပစာရ ကျောင်းတိုက်အတွင်းရှိ သံဃာတော်အားလုံး မလာသော်လည်း ခဏ္ဍသိမ် ဖြစ်၍ ကံမပျက်သောကြောင့် ဘုရားကြီး, ပြည့်, စံကျောင်း စသော ရှေးဆရာတော်ကြီးတို့သည် သံဃာအားလုံးကို သိမ်းဆည်းရခြင်း ဆန္ဒပါရိသုဒ္ဓိကို ဆောင်ရခြင်းကိစ္စ မရှိ၊ ချမ်းသာစွာ သံဃကံကိုပြုနိုင်သော ခဏ္ဍသိမ်တော်နှိုက် ဥပစာရကျောင်းတိုက်အတွင်းရှိ သံဃာတော်များကို (၂)စု (၃)စု ခွဲဝေပြီးလျှင် အသီးသီး ဥတ်ထား၍ (၂)ကြိမ် (၃)ကြိမ် ဥပုသ်,ပဝါရဏာကံ ပြုတော်မူကြကုန်သော အာစရိယလဒ္ဓေါပဒေသ ထုံးရှိသည်ကိုလည်း သိအပ်၏။

မှတ်ချက်–ဤသို့ ခဏ္ဍသိမ်တခုတည်းနှိုက် (၂) ကြိမ် (၃)ကြိမ် ခွဲဝေ၍ ဥုတ်ထားပြီးလျှင် ဥပုသ် ပဝါရဏာစသော ကံကို ပြုခြင်းသည် "နဧကသ္မိံ ဥပေါသထဂ္ဂေ ဒ္ဒဥ္တ္တိယော ထပေတဗ္ဗာ" ဟူသော အဋ္ဌကထာနှင့် ဆန့်ကျင်သည် မဟုတ်လောဟု စောဒနာရန်ရှိ၏၊ ယင်း အဋ္ဌကထာသည် ဥပစာရ သိမ်ကျောင်းတိုက်နှိုက် ပုရိမဝါ, ပစ္ဆိမဝါကပ်သော ရဟန်းတို့သည် တသိမ်တည်းနှိုက် အညီအညွတ် စည်းဝေးပြီး၍ ပုရိမဝါသားရဟန်း မျှားလျှင် ပုရိမဝါသားရဟန်း တို့သည် ရှေးဦးစွာ ဥုတ်ထား၍ ပဝါရဏာ ပြုအပ်၏။ နည်းသော ပစ္ဆိမဝါသား ရဟန်းတို့သည် ဥပုသ်ကံ ဥုတ်အသီးမထားဘဲ ထို ပဝါရဏာကံ ပြုပြီးသော ပုရိမဝါသား ရဟန်းတို့၏အထံနှိုက် ပါရိသုဒ္ဓိဥပုသ်ကိုပြုအပ်၏၊ ပစ္ဆိမဝါသားရဟန်း မျှားလျှင် ပစ္ဆိမဝါသား ရဟန်းတို့သည် ရှေးဦးစွာ ဥပုသ်ကံ ဥုတ်ထား၍ သုတ္တုဒ္ဒေသဥပုသ် ပြုအပ်၏၊ ထိုနောက်မှ နည်းသော ပုရိမဝါသား ရဟန်းတို့သည် ပဝါရဏာကံ ဥုတ်မထားဘဲ ထိုဥပုသ်ကံ ပြုပြီးသော ပစ္ဆိမဝါသား ရဟန်းတို့၏ အထံနှိုက် ပဝါရဏာပြုအပ်၏ဟူသော ပါဠိတော်လာ အဓိပ္ပါယ်ကိုသာ ရည်ရွယ်၍ ဥပုသ်အိမ် တခုတည်းနှိုက် (၂)ကြိမ်သော ဥုတ်ကို မထားအပ်ဟု ပြတော်မူ၏။ "ကမ္မဝါစာ ပန ဧကာယေဝ ဝဋ္ဋတိ" ဟူသော အဋ္ဌကထာနှိုက် ခဏ္ဍသိမ်နှိုက် ကထိန်ကို နှစ်ကြိမ်ထပ်၍ မခင်းအပ်သောကြောင့် ကထိန်ဥုတ်ကမ္မဝါစာသည် တကြိမ်သာလျှင်အပ်၏ဟု ပြတော်မူ၏။ ကထိန်ကံမှ တပါးသော သံဃကံမျှားနှိုက် နှစ်ကြိမ်ဥုတ်ကမ္မဝါ မပြုအပ်ဟု ခဏ္ဍသိမ်နှိုက် မရှိ။ ထိုကြောင့် အဋ္ဌကထာနှင့် မဆန့်ကျင်ဟု မှတ်အပ်၏။

သို့ဖြစ်ပါ၍ ဆဋ္ဌသံဂါယနာတင်ဆိုင်ရာ ပရိဝုဏ်အတွင်းနှိုက် သမုတ်၍ထားသော သိမ်သည် သံဃာတော်(၁၀၀)ခန့်မျှဆန့်၍ ကျဉ်းသော်လည်း သံဃာတော်မျှားလျှင် (၂)ကြိမ် (၃)ကြိမ် စသည်ခွဲ၍ သံဃဥပုသ်ကံ, ပဝါရဏာကံ ပြုခြင်းငှါ အပ်သောကြောင့် သြမကနည်းအားဖြင့် ဖြစ်နိုင်၏ဟူ၍ မှတ်အပ်၏။

မင်္ဂလိမနည်းအားဖြင့်

ငါးခမ်းပတ်လည်ရှိလျှင် သံဃာတော်(၅၀၀)ဆန့်မည်ဖြစ်၍ သင့်လျော်၏၊ ဥက္ကဋ္ဌနည်းအားဖြင့် သံဃိယနာတင်သောအခါ သံဃာတော် တထောင်ကျော်နှစ်ထောင်ခန့်ရှိမည်ဖြစ်၍ ခဏ္ဍသိမ်သည် အကျယ်ဆယ်ခမ်းပတ်လည်လောက် ရှိလျှင် အကောင်းဆုံးပင် ဖြစ်၏။ **တနည်း**—သိမ်ကို ဆဋ္ဌသံဃိယနာ အစည်းအဝေးအတွက် မြေကွက်ကျယ်ကျယ်သမုတ်၍ ထားပြီးလျှင် ထာဝရ ခိုင်မာသော အဆောက်အဦကို မဆောက်လုပ်သေးဘဲ ယာယီ ထန်းနိတဲကြီးမျှ ဆောက်လုပ်ထားပြီးလျှင် သံဃိယနာ တင်ပြီးသောအခါ ယာယီတဲကြီးကို ဖျက်သိမ်း၍ သိမ်မြေ၏ အလယ်နှိုက် ငါးဆယ်, တရာခန့် ဆန့်လောက်ရုံ တန်ဆောင်းအဆောက်အဦကို ဆောက်ထားလျှင်လည်း ဖြစ်၏ အပ်၏ ဟူ၍ မှတ်အပ်၏။

နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့၏ လျှောက်ထားချက်အရ မန္တလေးမြို့ မိုးကောင်းတိုက် "အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတာဘိဓဇ မဟာရဋ္ဌ ဂုရု" သာသနာပြု ညောင်ရမ်းဆရာတော် ရေးသားအပ်သော(သီမဥ္ပေါသထကမ္မဝိနိစ္ဆယ)သည် ၁၃၁၅ - ခု၊ သီတင်းကျွတ်လပြည့် ၆-ကြာနေ့ နံနက်(၈)နာရီအချိန် အန္တရာယ်မရှိ အပြီးသို့ရောက်၏။

သီမဥ္ပေါသထကမ္မ ဝိနိစ္ဆယ ပြီးပြီ။

ဆဋ္ဌသံဂါယနာ ဝန်ဆောင် သံဃအဖွဲ့
ဦးဆွေ့ ညောင်ရုပ်းဆရာဘောဘဂုများ ပြေဆိုအပ်သော

ဝိသုဂါမသိမာဒီဝိနိစ္ဆယ

၁၉၅၃–ခုနှစ်၊ မေလ (၂၅) ရက် နေ့စွဲနှင့် ရန်ကုန်မြို့ ကုတ္တိုင်းရပ် သာသနာ့ရိပ်သာ နိုင်ငံတော်ဗုဒ္ဓသာသနအဖွဲ့၏ ဆဋ္ဌသံဂါယနာ ဝန်ဆောင် သံဃာအား မေးလျှောက်သော ပုဏ္ဏား၏အဖြေကို အောက်ပါအတိုင်း မှတ်ယူအပ်၏။

၁-ပဌမပုဏ္ဏား အဖြေ

၁။ သိမ်သမုတ်ရန်အတွက် မြေပိုင်ဖြစ်လျှင် အစိုးရ၏ ခွင့်ပြုချက် ရရန်လို မလိုဟူသောအမေးနှိုက်–

သိမ်သည် ဗဒ္ဓသိမ်, အဗဒ္ဓသိမ်အားဖြင့် နှစ်မျိုးရှိ၏၊ ထို နှစ်မျိုးတို့တွင် ကမ္မဝါစာဖြင့် ဖွဲ့အပ် သမုတ်အပ်သောသိမ်သည် ဗဒ္ဓသိမ်မည်၏၊ ကမ္မဝါစာဖြင့် မဖွဲ့အပ် မသမုတ်အပ်ဘဲ အလိုလို ပကတိသဘောအားဖြင့် သိမ်ဖြစ်သော ဂါမသိမ်,သတ္တဗ္ဘန္တရသိမ်,ဥဒကုက္ခေပသိမ်သည် အဗဒ္ဓသိမ် မည်၏။

ထိုနှစ်မျိုးသော သိမ်တို့တွင် ဗဒ္ဓသိမ်ကို သမုတ်လှူဒါန်းလိုသော ဒါယကာသည် မိမိပိုင် မြေဖြစ်စေ၊ သံဃာပိုင် ကျောင်းမြေဖြစ်စေ၊ ဘုရားအာရုံမြေဖြစ်စေ၊ သို့မဟုတ် အစိုးရပိုင် မြေဖြစ်စေ ထိုမြေမျှားကို ဝိနည်းပရိယာယ်အားဖြင့် ဝိသုဂါမ ဖြစ်၍ ခဏ္ဍသိမ်သမုတ်ရန် လုယ်ကူရန်အတွက် မြေကွက်ကို ပိုင်းခြားသတ်မှတ်ပြီးလျှင် ဤမြေကွက်ကို ဝိသုဂါမမြေစား ပေးသနား ပါမည့်အကြောင်း ပြည်ပိုင်အစိုးရမင်းတို့ထံ အောက်ပါ အဋ္ဌကထာနှင့်အညီ ဝိသုဂါမ ရွာသီးရွာခြားဖြစ်အောင် အမိန့် ခံယူရမည်။

ပြည်ပိုင်အစိုးရမင်းတို့က ရွာနယ်တွင် ပိုင်းခြား သတ်မှတ်၍ ပေးသော အရပ်တစ်တ်သည် ဝိသုဂါမ ဖြစ်၏၊ထိုဝိသုဂါမနှိုက် ဥပုသ်, ပဝါရဏာစသော

ကံကြီး ကံငယ်ကို ပြုခြင်းငှါ အပ်၏၊ ရွာနယ်ကို အထူးသိမ်းဆည်းရခြင်း မရှိသောကြောင့် ခဏ္ဍသီမ်သမုတ်ခြင်းငှါ လွယ်ကူ၏ဟု မှတ်အပ်၏။ ထိုကြောင့် ဝိနည်းမဟာဝဂါ အဋ္ဌကထာနှိုက်—

(က) ယဓွိ ကေသွိဴဳ ဃေဝ ဂါမခေတ္တေ ဧကံ ပဒေသံ အယံ ဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္နိတ္ဝာ ရာဇာ ကဿစိ ဒေတိ။ သောဝိ ဝိသုံဂါမသီမာ ဟောတိ။ တသွာ သာဓ ဇုတရာ စ ပကတိဂါမ နိဂမ နဂရသီမာ ဗဒ္ဓသီမာ သဒိသာယေဝ ဟောန္တိ။—ဟု ပြတော်မူ၏။

အဓိပ္ပါယ် “တခုသောဂါမခေတ် ရွာနယ်အတွင်းနှိုက်သာလျှင် အကြင် တခုသော အရပ်တစိတ်ကို ဤအရပ်တစိတ်သည် ဝိသုံဂါမ ရွာသီးတခု ဖြစ်စေ”ဟု နယ်သတ်မှတ် ပိုင်းခြားပြီး၍ ရေ,မြေကို အစိုးရသောမင်းသည် တစုံတယောက်သောသူအား ရွာစားပေး၏၊ ထိုအရပ်တစိတ်သည်လည်း ဝိသုံဂါမသိမ် ဖြစ်၏။ ထိုသို့ ဝိသုံဂါမသိမ် ဖြစ်သောကြောင့် ထိုဝိသုံဂါမသိမ်သည်ဌင်း ဤဝိသုံဂါမသိမ်မှ တပါးကုန်သော ပကတိဂါမသိမ်,နိဂမသိမ်, နဂရသိမ်တို့သည်ဌင်း ကမ္မဝါစာဖြင့် ဖွဲ့သမုတ်အပ်သော ဗဒ္ဓသိမ်နှင့် အလားတူကုန်၏၊ ဥပုသ်, ပဝါရဏာစသော ကံကြီး ကံငယ်ကို ပြုခြင်းငှါ အပ်၏။ ထိုကြောင့် အစိုးရမင်းတို့၏ ခွင့်ပြုချက်ကို ရယူရန် လို၏ဟု မုချမှတ်အပ်၏။

ပြည်ရှင်မင်းကြီးတို့ဆီ ဝိသုဂါမ မဇ္ဈိမဂါမ ခဏ္ဍသီမိသမုတ်ခြင်းငှါ အပ်ကြောင်းကို ပြခြင်း

ရွာ,နိဂုံး, မြို့နယ်အတွင်းနှိုက်ရှိသော သိမ်ဒါယကာပိုင် မြေကွက်နှိုက် ဖြစ်စေ၊ သို့မဟုတ် ကျောင်းအာရုံမ်မြေ ဘုရား အာရုံမ်မြေအတွင်းနှိုက် ဖြစ်စေ ခဏ္ဍသိမ် သမုတ်လိုသော ရဟန်းတို့သည် ရွာနယ်ဖြစ်လျှင် ရွာနယ်အတွင်း နိဂုံးနယ်ဖြစ်လျှင် နိဂုံးနယ်အတွင်း မြို့နယ်ဖြစ်လျှင် မြို့နယ်အတွင်းနှိုက်ရှိသော ထိုထိုကျောင်းနှိုက် နေထိုင်ကြကုန်သော ရဟန်းအပေါင်းတို့ကို ဝဂ်မဖြစ်ရအောင် တပါးမျှ မကျန် သိမ်သမုတ်ရာဌာန တတောင်ထဲ့ ဟတ္ထပါသ်အတွင်းသို့ ရောက်အောင် ပင့်ဆောင်၍ ဆန္ဒပေးခြင်းငှါ ထိုက်သော ရဟန်း

တို့၏ သဘောတူဆန္ဒကို ဆောင်ယူ၍ ထိုထို နယ်ပယ်အရပ်ဒေသမှ သွားလာ ဝင်ထွက်ကြကုန်သော ဧည့်သည်အာဂန္တုက ရဟန်းတို့၏ သိမ်သမုတ်သော အချိန်အခါနှိုက် ထိုသိမ်သမုတ်သော ရွာ, နိုဂုံး, မြို့နယ်အတွင်းသို့ မဝင်လာရအောင် ထိုထိုလမ်းခရီး လမ်းမ လမ်းဆုံ မြစ်ဆိတ် ရွာတံခါး စသည်တို့နှိုက် အစောင့်အရှောက်ထားပြီးလျှင် ခဏ္ဍသိမ်ကို သမုတ်ခြင်းငှါ အပ်၏။

မှတ်ချက်—ပြည်ပိုင်မင်း အစိုးရတို့၏အထံနှိုက် ဝိသုဂါမဖြစ်အောင် အမိန့် ခံယူရန် မလိုဟု မှတ်အပ်၏။

ထိုကြောင့် ဝိနည်းမဟာဝါ အဋ္ဌကထာနှိုက်—

(ခ) သစေ ကေသွိ ဂါမခေတ္တေ သီမံ ဗန္ဓိတုကာမာ။ ယေ တတ္ထ ဗဒ္ဓသီမာ ဝိဟာရာ။ တေသု ဘိက္ခူနံ မယံ အဇ္ဇ သီမံ ဗန္ဓိဿာမ၊ တုမ္ဟေ သကသီမာ ပရိစ္ဆေဒတော မာ နိက္ခမိတ္ထာတိ ပေသေတဗ္ဗံ။ ယေ အဗဒ္ဓသီမာ ဝိဟာရာ။ တေသု ဘိက္ခူ။ ကေဧ္ဆိ သန္နိပါတေတဗ္ဗာ ဆန္ဒာရဟာနံ ဆန္ဒော အာဟာရာပေတဗ္ဗော။ ဧဝံ သန္နိပတိတေသု ပန ဘိက္ခူသု ဆန္ဒာရဟာနံ ဆန္ဒေ အာဟဋေ တေသုတေသု မဂ္ဂေသု နဒီတိတ္ထ ဂါမဒ္ဝါရာဒီသုစ အာဂန္တုကဘိက္ခူနံ သီဃံသီဃံ ဟတ္ထပါသာနယနတ္ထဉ္စ ဗဟိ သီမာကရဏတ္ထဉ္စ အာရာမိကေ စေဝ သမဏုဒ္ဒေသေစ ထပေတ္ဝာ ဘေရိသညံ ဝါ သခ်သညံ ဝါ ကတ္ဝာ နိမိတ္တ ကိတ္တာ နာနန္တရံ ဝုတ္တာယ "သုဏာတု မေ ဘန္တေ သံဃော"တိအာဒိကာယ ကမ္မဝါစာယ သီမာ ဗန္ဓိတဗ္ဗာ။—ဟု ပြတော်မူ၏။

မှတ်ချက်—အင်္ဂလန်ပြည် လန်ဒန်မြို့နှိုက် ဘုန်းကြီးကျောင်းများ မရှိ၍ ဘုန်းကြီး ရဟန်းများ မရှိသည်မှန်ပါက ရဟန်းများကို သိမ်းဆည်း ပင့်ဆောင်ရန် မလို၊ အထက်ပါ အဋ္ဌကထာအတိုင်း ခဏ္ဍသိမ်သမုတ် ခြင်းငှါ အပ်၏။ အကယ်၍ ကျောင်းအနည်းငယ်မျှသော်၎င်း ခေတ္တ လာရောက်၍ နေထိုင်ကြကုန်သော ဧည့်သည် အာဂန္တုက ရဟန်းတို့

သော်လည်း ရှိသည်ဖြစ်ပါက ထိုကျောင်းနေ ရဟန်းဧည့်သည် အာဂန္တုကရဟန်းတို့ကို စုံစမ်းရှာဖွေ၍ သိမ်သမုတ်ရာဌာန တစောင်ထဲဟတ္ထပါသ်အတွင်းသို့ ရောက်အောင် ပင့်ဆောင်သိမ်းဆည်း၍ ခဏ္ဍသိမ်သမုတ်ခြင်းငှါ အပ်၏။ ဘုရင်မထံ သိမ်သမုတ်ရန် အမိန့်ခံယူရန် မလိုဟု မုချ မှတ်အပ်၏။

၂-ဒုတိယမုဆွာအစဖြေ

၂။ ဘိုးဘအပိုင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အစိုးရ၏ ခွင့်ပြုချက်ရရန် လိုအပ်ပါက ထိုအခွင့်ပြုချက်ကို နယ်ပယ်ဆိုင်ရာ အုပ်ချုပ်ရေးအရာရှိ နန်းရင်းဝန်နှင့် ဘုရင်မတို့တွင် မည်သည့်ပုဂ္ဂိုလ်ထံမှ ရယူရမည်ဟူသော အမေးနှိုက်—

"ရာဇာ ကဿစိ ဒေတိ" ဟူသော အဋ္ဌကထာဝါကျနှိုက် ရာဇာအရကို—

(၀) ရာဇာနောနာမ ပထဝျာရာဇာ, ပဒေသရာဇာ, မဏ္ဍလိကာ, အန္တရဘောဂိကာ, အက္ခဒဿာ, မဟာမတ္တာ၊ ယေဝါ ပန ဆေဋ္ဌဘေဋ်ံ ကရောန္တာ အနုသာသန္တိ၊ တေ ရာဇာနောနာမ။ ပါရာဇိကဏ္ဌပါဠိတော်

ပထဝျာရာဇာတိ သကလပထဝိယာ ရာဇာ ဒီပစက္ကဝတ္တိ အသောကသဒိသော။ ပါရာဇိကဏ် အဋ္ဌကထာ

ဤ အထက်ပါ ပါဠိတော်,အဋ္ဌကထာတို့နှိုက် ရာဇာအရကို ရေ,မြေအလုံးစုံကို အစိုးရသောမင်းဟု ပြတော်မူသောကြောင့် ရေ,မြေကို အစိုးရ၍ အပိုင်ပေးနိုင်သော ဘုရင်မင်းမြတ်ကို ယူအပ်၏။ ထိုကြောင့် မုချအားဖြင့် ဘုရင်မ၏ အထံနှိုက်သာလျှင် ဝိသုဂါမမြေကို ခံယူအပ်၏။ အကယ်၍ ဘုရင်မသည် တစုံတယောက်သောသူအား မြေပိုင်ပေးနိုင်ခွင့် ဝိသုဂါမ ရွာစားပေးနိုင်ခွင့် အမိန့်အာဏာမျှားကို နန်းရင်းဝန်အားဇင်း နယ်ပယ်အုပ်ချုပ်ရေး အရာရှိတို့အားဇင်း လွှဲအပ်၍ ထားခဲ့ပါလျှင်—

(ဃ) မဟာမတ္တာတိ ဌာနန္တရပ္ပတ္တာ မဟာအမစ္စာ။ တေဝိ တတ္ထ တတ္ထ ဂါမေဝါ နိဂမေဝါ ရာဇကိစ္စံ ကရောန္တိ။—

ဟူသော အဋ္ဌကထာနှင့်အညီ ထိုနန်းရင်းဝန် နယ်ပယ်အုပ်ချုပ်ရေးအရာရှိတို့သည် ဘုရင်မင်းမြတ်၏ကိစ္စကို ပြုလုပ်ကြသောကြောင့် ၎င်းတို့၏အထံနှိုက်လည်း ဝိသုဂါမမြေစား ပေးပါဟု တောင်းယူခြင်းငှါလည်း သင့်လျော်ပါ၏ အပ်ပါ၏။

တနည်း—ယခုကာလ ဥပဒေဖြင့် အုပ်ချုပ်သော တိုင်းပြည်များဖြစ်၍ တရားမ ဥပဒေများတွင် သက်ဆိုင်ရာအရာရှိတို့က မြေပိုင်ပေးနိုင်ခွင့် အာဏာ ဥပဒေနှိုက် ပါရှိခဲ့ပါလျှင် သက်ဆိုင်ရာ အရာရှိထံ ဝိသုဂါမမြေစား ပေးပါဟု တောင်းယူခြင်းငှါ သင့်လျော်၏ အပ်၏ဟု ထင်ပေ၏။ "နောမတိ"။

အဘယ်ကြောင့်နည်းဟူမူ....ဘုရင်မင်းမြတ်သည် မြေပိုင်ပေးစေဟု အာဏာလွှဲအပ်ထားသည်ဖြစ်၍ငင်း၊ တရားမ ဥပဒေတွင် ပါရှိသည်ဖြစ်၍ငင်း နန်းရင်းဝန် နယ်ပယ်အုပ်ချုပ်ရေးအရာရှိတို့ ပေးခြင်းသည် ဘုရင်မင်းမြတ် ပေးသည်မည်သောကြောင့်တည်း။

၃-ဘတိယမုဆာ အဖြေ

၃။ ကျောင်းအဆောက်အဦမှာ (၄)ထပ်(၅)ထပ်တိုက် ဖြစ်ခဲ့သော် အထက်ဆုံးအထပ်ကို သိမ်သမုတ်၍ ကျန်အထပ်များကို ဗုဒ္ဓသာသနာအဖွဲ့ပိုင် ပစ္စည်းအနေနှင့် ထားလျှင် ဖြစ်နိုင် မဖြစ်နိုင် ဟူသောအမေးနှိုက်—

အဆောက်အဦ အထပ်(၄)ထပ် (၅)ထပ်တို့တွင် အထက်ဆုံးဖြစ်သော အထပ်နှိုက် နံရံကို နိမိတ် မကြားမူ၍ နံရံ၏အတွင်းနှိုက် ကျောက်နိမိတ်ထား၍ သိမ်ကို သမုတ်သည်ဖြစ်အံ့၊ အောက်(၄)ထပ်စလုံး နံရံတစပ်တည်း ဆက်စပ်သည်ဖြစ်က မြေကြီးနှင့်တကွ အောက်(၄)ထပ်ပါ သိမ်ဖြစ်၏ဟု မှတ်အပ်၏။ ထိုကြောင့် ဝိနည်းမဟာဝါ အဋ္ဌကထာနှိုက်—

(c) ဥပရိပါသာဒေပိ ဘိက္ခဝေ အကိတ္တေတွာ အန္တော ပါသာဏေ ထပေတွာ သိမာ သမ္မန္နိတဗ္ဗာ။—ဟု ပြတော်မူ၏။

အကယ်၍ အထက်ဆုံးထပ်အတွင်းနှိုက် နှစ်ကျိပ်တယောက်သော ရဟန်းတို့သည် မစည်းဝေးလောက်သည်ဖြစ်အံ့ နံရံပြင်ဘက် အကြည်စွန်း အဦးနှိုက် ကျောက်နိမိတ်ကို ထား၍ သမုတ်အပ်၏။ ဤသို့ သမုတ်အပ်သောသိမ်သည်

အထက်ဆုံးအထပ်နှိုက်သာလျှင် သိမ်ဖြစ်၏ သက်ရောက်၏။ မြေကြီးနှင့်တကွ အောက် (၄) ထပ်သည် သိမ်မဖြစ် သိမ်မသက်ရောက်ဟု မှတ်အပ်၏။ ထို ကြောင့် ဝိနည်းမဟာဝါ အဋ္ဌကထာနှိုက်—

(စ) သစေ နပ္ပဟောတိ ပမုခေဝိ ပါသာဏော ထပေတွာ သမ္မန္နိ တဗ္ဗာ။ ဧဝံ သမ္မတာ ဥပရိပါသာဒေယေဝ ဟောတိ။ ဟေဋ္ဌာ နံ သြတရတိ။—ဟု ပြတော်မူ၏။

မှတ်ချက်—ဤသို့ သမုတ်အပ်သောသိမ်သည် အောက်ထပ်မျှားသို့ မသက် ရောက်ခြင်းသည် အောက်ထပ်မျှား နံရံအတွင်းနှိုက် နှစ်ကျိပ် တ ယောက်သော ရဟန်းတို့၏ စည်းဝေးလောက်သော နေရာအရပ် မရှိသောကြောင့် မသက်ရောက်ဟု မှတ်အပ်၏။ အကယ်၍ အောက် ထပ်မျှားတို့နှိုက် နှစ်ကျိပ်တယောက်သော ရဟန်းတို့၏ စည်းဝေး လောက်သော နေရာအရပ် အကျယ် ရှိသည်ဖြစ်အံ့၊ ကျောက်နိမိတ် ကို နံရံအတွင်းနှိုက် ထား၍သော်ငင်း၊ နံရံပြင်ဘက် အကြည်စွန်း အဦးနှိုက် ထား၍သော်ငင်း သမုတ်ငြားသော်လည်း နံရံတစပ်တည်း တည်ရှိသောကြောင့် အောက်သို့ သက်ရောက်၏ဟု မှတ်အပ်၏။

ဤကဲ့သို့ မှတ်ချက်ကိုပြရခြင်းသည် အောက်ထပ်မျှား ကျယ်ပြန့်ပါလျက် အထက်ဆုံးထပ် နံရံပြင်ဘက် အကြည်စွန်း အဦးနှိုက် နိမိတ်ထား၍ သမုတ် လျှင် အောက်သို့ သိမ်မသက်ဟု ယုံမှားရန် ရှိသောကြောင့် ပြသည်ဟု မှတ် အပ်၏။

ဘနည်းပြခြင်း

တိုက်ကျောင်း အဆောက်အဦ (၄) ထပ် (၅) ထပ်တို့တွင် အထက်ဆုံး အထပ် နံရံအတွင်းနှိုက် ကျောက်နိမိတ်ကိုထား၍ အထက်ဆုံး အထပ်နှိုက် ရဟန်းများနေ၍ သိမ်သမုတ်သည်ဖြစ်အံ့ သည်တိုင်,ထုပ်,လျောက်,နံရံတို့သည် တစပ်တည်း တည်ရှိသော် ထိုသမုတ်အပ်သော သိမ်သည်—

(ဆ) ကမ္မဝါစာ ပရိယောသာနေယေဝ နိမိတ္တာနိ ဗဟိ ကတ္ဝာ ဟေဋ္ဌာ ပထဝိသန္ဓာရကံ ဥဒကံ ပရိယန်နံ ကတ္ဝာ သိမာ ဂတာ ဟောတိ။—

ဟူသော အဋ္ဌကထာနှင့်အညီ မဟာပထဝီမြေကြီးအဆုံး ရေသို့ထိအောင် သက်ရောက်၏ သိမ်ဖြစ်၏ဟု မှတ်အပ်၏။ ထိုကြောင့် ဝိနည်းမဟာဝါ အဋ္ဌကထာန်ိုက်—

(၄) သစေ ပန ဗဟူသု ထမ္ဘေသု တုလာနံ ဥပရိပါသာဒဿ ဟေဋ္ဌိမတလေ ကုန္နော ယထာနိမိတ္တာနံ အန္တော ဟောတိ၊ ဧဝံ ဥဒ္ဒဟိတွာ တုလရက္ခေဟိ ကေသမ္ဗဒ္ဓေါ ဌိတော ဟေဋ္ဌာဝိဿြတရတိ။—ဟု ပြတော်မူ၏။

အဆုံး အကြံဉာဏ်ပေးချက်ကို ပြခြင်း

အင်္ဂလန်ပြည် လန်ဒန်မြို့နှိုက် တိုက်အဆောက်အဦများကို ဆောက်လုပ်ရန် မြေကွက်ကို ဗုဒ္ဓသာသနာအဖွဲ့ပိုင် ဝယ်ယူပြီးလျှင် ထိုအဆောက်အဦများကို မဆောက်မလုပ်သေးမီ ရှေးဦးစွာ မြေကွက်နှိုက် ဝိသုဂါမ ခံယူသည်ဖြစ်စေ မခံယူသည်ဖြစ်စေ အောက်က ပြဆိုခဲ့ပြီးသည့်အတိုင်း ခဏ္ဍသိမ်သမုတ်အပ်၏၊ ခဏ္ဍသိမ်ကိုသမုတ်ပြီးမှသာလျှင် ထိုသိမ်မြေပေါ်နှိုက် အဆောက်အဦ(၄)ထပ်(၅)ထပ်တိုက်ကို သံဃာတော်ကို လှူအုံ့ဟု ရည်ရွယ်ညွှတ်ကိုင်းခြင်း မရှိဘဲ ဆောက်လုပ်အပ်၏။ ဆောက်လုပ်ပြီးလျှင် ဗုဒ္ဓသာသနာအဖွဲ့ပိုင် ပစ္စည်းပြုလုပ်နိုင်၏။ သို့ဖြစ်၍ လွယ်ကူစေခြင်းအကျိုးငှါ မြေဝယ်ပြီးလျှင် အဆောက်အဦမဆောက်မီ ရှေးဦးစွာ သိမ်ကို သမုတ်ပါဟု အကြံဉာဏ် ပေးခြင်းဖြစ်၏။

သင်္ဃိမြေပေါ်နှိုက် ဆောက်လုပ်ပြီးသော အဆောက်အဦ သင်္ဃန်ကဖြစ်သော အဆောက်အဦများကို လူ့ဘုံသန့်က ဖြစ်သင့် မဖြစ်သင့်၊ လူများ နေထိုင်နိုင်ခွင့် ရှိ မရှိကို ပြခြင်း

သိမ်မြေပေါ်နှိုက် တိုက်အဆောက်အဦများကို ဆောက်လုပ်၍ ထားသော်လည်း ထိုအဆောက်အဦများသည်—

(က) သံဃိကံနာမ သံဃသဿ ဒိန္နံ ဟောတိ ပရိစ္စတ္တံ။

(ခ) ပရိဏတံနာမ ဒဿာမ ကရိဿာမာတိ ဝါစာဘိန္နာ ဟောတိ။ ပါရာဇိကဏ် ပါဠိတော်

(၈) ဝိနယပရိယာယံ ပတ္ဝာ ဟိ ဒဿာမိ ကရိဿာမိတိ ဝါစာ ဘိန္နာ ဟောတိ။ ဣမိနာလက္ခဏေန ဒါနံနာမ ဟောတိ။—

ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာတို့နှင့်အညီ ဝိနည်းပရိယာယ်အားဖြင့် ဆောက်လုပ်သူ ဒါယကာတို့က သံဃာတော်အား လှူပါ၏ဟု နှုတ်မြွက်ဆို၍ မလှူသေးသမျှ ကာလပတ်လုံး ဆောက်လုပ်သူ ဒါယကာပိုင် သန္တကသာ ဖြစ်၏။ သံဃသန္တက, သာသနသန္တက မဖြစ်သေးဟု မှတ်အပ်၏။ သိမ်သမုတ်၍ သိမ်ဖြစ်ပြီးသော မြေကွက်သည်လည်း ဤ မြေကွက်ပေါ်နှိုက် တည်၍ ဥတ်ကမ္မဝါစာဖြင့် ရွတ်ဖတ်၍ သိမ်သမုတ်သည်ရှိသော် နိမိတ်အတွင်း မြေကြီးအဆုံးထိအောင် သိမ်သက်ရောက်၏ဟု ပြသော ပါဠိတော်, အဋ္ဌကထာရှိ၏။ သံဃသန္တက သာသနသန္တကဖြစ်၏ဟု ပြသော ပါဠိတော်,အဋ္ဌကထာ မရှိချေ။ ထိုကြောင့် သိမ်သမုတ်ပြီး မြေသည်လည်း မြေပိုင်ရှင် ဒါယကာက လှူမှသာလျှင် သံဃသန္တက သာသနသန္တက ဖြစ်၏။ မလှူလျှင် မဖြစ် သိမ်ဖြစ်ကာမျှသာ ဖြစ်၏။ ထိုကြောင့် သိမ်သမုတ်ပြီးသော မြေနှင့်တကွ တိုက် အဆောက်အဦများကို နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ပိုင် ပြုလုပ်နိုင်၏ဟု မှတ်ယူအပ်၏။

အကယ်၍ ပိုင်းခြားသတ်မှတ်ပြီးလျှင် အထက်ဆုံးအဃထပ်ကို ရဟန်းသံဃာအား လှူဒါန်းပါလျှင် ၎င်းအထပ်သည်သာလျှင် သံဃသန္တက ဖြစ်၏၊ ရဟန်းသံဃာတော်အား မလှူသော အထက်ဆုံးထပ်မှ တပါးသော ကြွင်းကျန်သော အထပ်များသည် သီမင္ဘကပင် ဖြစ်သော်လည်း သံဃသန္တက မဟုတ်ကြောင်း၊ ဗုဒ္ဓသာသနာအဖွဲ့ပိုင် သန္တကပြုလုပ်နိုင်၏၊ လူများသည်လည်း နေထိုင်၍ အသုံးပြုနိုင်၏၊ အဘယ်ကဲ့သို့နည်းဟူမူ.... သီဟိုဠ်ကျွန်း အနုရာဓမြို့နိုက်၌၎င်း၊ မြန်မာပြည် ရွှေဘိုမြို့နိုက်၌၎င်း မြို့နယ်တခုလုံး သိမ်သမုတ်၍ထားရာ ထိုသိမ်မြေပေါ်နှိုက် လူတို့သည် အိမ်များကို ဆောက်လုပ်၍ နေထိုင်ကြသကဲ့သို့၊ လူဒါယကာများ နေထိုင် အသုံးပြုခြင်းငှါ အပ်၏ဟူ၍ မှတ်အပ်၏။

ရဟန်းတော်များသည် အထက်ဆုံးအထင်ရှိုက် နေ၍ ဥပုသ်ကံ စသည်ကို ပြုခြင်းငှါ အင်သည်ကို ပြခြင်း

တိုက်အဆောက်အဦ (၄)ထပ် (၅)ထပ်ရှိရာ အထက်ဆုံးထပ်ရှိုက် ရဟန်းတော်များနေ၍ ဥပုသ်,ပဝါရဏာစသော ကံကြီး ကံငယ်များကိုပြုရာ လူနေထိုင်သော တိုက်(၄)ထပ်ခြားရှိနေ၍ ကံ မြောက် မမြောက်ဟု ယုံမှားသံသယ ဖြစ်ဖွယ်ရာ အကြောင်းရှိ၏၊ ထိုယုံမှားသံသယ ကင်းပျောက်ရန်ကို အောက်ပါ အတိုင်း မှတ်ယူအပ်၏။

(က) သီမာယ ဂေဟံ ကရောန္တိ၊ သီမဋ္ဌကမေဝ ဟောတိ။--

ဟူသော အဋ္ဌကထာနှိုက် သိမ်မြေပေါ်နှိုက် အိမ်,ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ထို အိမ်,ကျောင်းသည် သိမ်နှိုက် တည်သည်သာလျှင်တည်းဟု ပြတော်မူသောကြောင့်၎င်း၊

(ခ) ခဏ္ဍသီမာ နိစဝဋ္ဌုကာ ဟောတိ။ တံ ပူရေတွာ ဥစ္စဝဋ္ဌုကံ ကရောန္တိ။ သီမာယေဝ။—

ဟူသော အဋ္ဌကထာနှိုက် သမုတ်ပြီးသော ခဏ္ဍသိမ်သည် နိမ့်သောမြေရာဝဋ္ဌုရှိ၏၊ ထိုနိမ့်သော မြေရာဝဋ္ဌုကို မြေ,အုတ် စသည်တို့ဖြင့် ပြည့်စေ၍ မြင့်သော မြေရာဝဋ္ဌုကို ပြုကုန်အံ့၊ ထို နောက်ထပ် ပြည့်စေသော မြေရာဝဋ္ဌုသည် သိမ်မည်သည်သာလျှင်တည်းဟု ပြတော်မူသောကြောင့်၎င်း၊

(ဂ) ဩဿော သီမမဏ္ဍလံ ဩတ္ထရိတွာ ဂစ္ဆတိ၊ သီမာ မာဠကေ အဒ္ဓနံ ဗန္ဓိတွာ ကမ္မံ ကာတုံ ဝဋ္ဋတိ။—

ဟူသော အဋ္ဌကထာနှိုက် ရေအလျဉ်သည် သိမ်ဝန်း သိမ်တန်ဆောင်းကို လွှမ်မိုး၍ သွား၏၊ သိမ်တန်ဆောင်းနှိုက် ငြမ်းဖွဲ့၍ ဥပုသ်,ပဝါရဏာစသော ကံကို ပြုခြင်းငှါ အပ်၏ဟု ပြတော်မူသောကြောင့်၎င်း သိမ်မြေပေါ်နှိုက် ဆောက်လုပ်ထားသော တိုက် အဆောက်အဦ သုံးထပ်, လေးထပ်တို့သည်

အထက်ဆုံးအထပ်နှင့်တစပ်တည်း စပ်တည်သည်ဖြစ်အံ့ သီမင္ဒကပင် ဖြစ်သော ကြောင့် ရဟန်းတော်များသည် အထက်ဆုံး အထပ်နှိုက် တည်နေ၍ ဥပုသ် စသော ကံကြီး ကံငယ်များကို ပြုခြင်းငှါ အပ်၏ဟု မုဉ္ဇ မှတ်ယူအပ်၏၊ အောက်ထပ်များနှိုက် နေထိုင်ကြကုန်သော လူတို့သည် ဥပုသ် စသော ကံများကို ပြုစဉ်အခါ အောက်ထပ်များနှိုက် ရှိကြကုန်သော်လည်း အထက်ဆုံးထပ်ရှိ ရဟန်းတို့၏ နှစ်တောင်ထဲ ဟတ္ထပါသ်အတွင်းသို့ မရောက်လျှင် အပ်၏ဟု မှတ်ယူအပ်၏။

ဆဋ္ဌ သံဂါယနာ ဝန်ဆောင်သံဃအဖွဲ့ ဥက္ကဋ္ဌ ညောင်ရမ်း ဆရာတော်သည် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ လျှောက်ထားချက်အရ ရေးသား ဖြေဆိုအပ်သော (ဝိသုဒ္ဓိမဂ္ဂဒီပနီ ဝိနိစ္ဆယ) သည် ၁၃၁၅ ခု၊ နယုန်လပြည့်ကျော် (၅) ရက် တနင်းလာနေ့၊ ၁၉၅၃ ခု၊ ဇွန်လ (၁) ရက် ညနေ (၅) နာရီ အချိန်တွင် အန္တရာယ် မရှိ အပြီးသို့ ရောက်သတည်း။

ဣဒံမေ ပုညံ ဓမ္မဓာတုပစ္စယော ဟောတု။

ဝိသုဒ္ဓိမဂ္ဂဒီပနီ ဝိနိစ္ဆယ ပြီးပြီ။

၁၃၀၈–ခု၊ တပိုတွဲလပြည့်ကျော် (၃) ရက်နေ့။

မန္တလေးမြို့-မိုးကောင်းတိုက်
အင်္ဂမဟာပဏ္ဍိတ ဘဲဉီဘုံဆင်ဝင်တော်ရ သာသနာပြု
ညောင်ရုပ်းဆရာတော်ဘုရားထံ လျှောက်သော

ချင်းတွင်း ဂန္ဓဂေါမြို့အဝိုင် ကန်တောရတိုက် ဆရာတော် ဦးဇယန္တ လျှောက်ပါသည်ဘုရား....။

သူကြီးတယောက် အုပ်ချုပ်သော နှစ်ရွာ,သုံးရွာ စသည်ရှိရာတွင် မိမိနေသော ရွာမှ တပါးသော ရွာငယ်များကို အစောင့်အရှောက် သူကြီးနှင့်တကွ အထက် အစိုးရတို့က ရွာခေါင်း အသိုးအသိုးထား သည်၊ ထိုရွာခေါင်းထားသော ရွာငယ်တို့တွင် တခုသော ရွာငယ် နှိုက် သိမသမ္မုတိကံ စသည်ကို ပြုလိုက ထိုရွာငယ်ရှိ ရဟန်းများ ကိုသာ ဟတ္ထုပါဝါသိဿို ဆောင်ခြင်း၊ မလာမရောက်နိုင်သော ရဟန်း တို့ကို ဆန္ဒဆောင်ခြင်းအားဖြင့် သံဃာကို သိမ်းရုံး၍ ကံပြုသော် အပ် မအပ်၊ သို့မဟုတ် သူကြီးအုပ်ချုပ်သော ရွာတိုင်းနှိုက်ရှိသော သံဃာအားလုံးကို သိမ်း၍ ကံပြုမှ အပ်မည် မအပ်မည်ကို သိလိုပါ သောကြောင့် ဝိနိစ္ဆယ ချပေးပါမည့်အကြောင်း လျှောက်ပါသည် ဘုရား....။

ဦးဇယန္တ
ချင်းတွင်း–ဂန္ဓဂေါမြို့အဝိုင်
ကန်တောရတိုက်။

ဂါမဇခေတ်နှိုက် သီမသမ္မုတိကံ ပြုရာဝယ်
နယ်သိမ်းနည်းဝိနိစ္ဆယ

ဇေယျတ္ထ သဇ္ဈမဂ်လံ

ဂန္ဓဂေါမ္ဗိုအပိုင် ကန်တောရတိုက် ဆရာတော် ဦးဇယန္တ,က ဂါမ ခေတ်နှိုက် သီမ်သမုတ်ခြင်း စသော သံဃကံ ပြုရာဝယ် နယ်သိမ်းပုံကို လျှောက်ထားရာနှိုက်—

အကျဉ်းသခ်ေပအားဖြင့် အဋ္ဌကထာ,ဋီကာဆရာတို့သည် ဂါမခေတ်တခု ကို သီးခွန် ခိုင်ငွေကို စားရသော သူကြီး ဂါမဘောဇကဖြင့် ပိုင်းခြား၍ ပြ သောကြောင့် ထိုဂါမဘောဇက သူကြီးတယောက် အုပ်ချုပ်သောနယ်တွင် နှစ်ရွာ, သုံးရွာ ရှိသည်ဖြစ်စေ ဆယ်ရွာရှိသည်ဖြစ်စေ ၎င်းသီးခွန် ခိုင်ငွေရ သူကြီးတယောက် အုပ်ချုပ်သော နယ်အတွင်းရှိ ထိုထိုရွာတို့နှိုက် သီတင်းသုံး နေထိုင်သော ရဟန်းသံဃာတော်တို့ကို အလုံးစုံ အကုန် ဟတ္ထပါသ်သို့ ဆောင် ခြင်း၊ ဆန္ဒာရဟ ရဟန်းတို့ကို ဆန္ဒကို ဆောင်ခြင်းတို့ကို ပြုလုပ်ပြီး၍ သီမ သမ္မုတိကံ စသည်ကို ပြုမှသာလျှင် သံဃကံ ဝဂ်မဖြစ်ဘဲ အောင်မြင်သည်ဟု မှတ်ယူအပ်၏။

သူကြီးတယောက် အုပ်ချုပ်သော နယ်အတွင်းနှိုက်ရှိသော ရွာအသီး အသီးတို့နှိုက် သူကြီးနှင့်တကွ အထက်အစိုးရတို့က ခန့်ထားသော ရွာအုပ် ရွာခေါင်းတို့သည် သီးခွန် ခိုင်ငွေများကို မစားရသောကြောင့် ပဓာနမဖြစ်၊ သီးခွန် ခိုင်ငွေတို့ကို စားရမှသာလျှင် ပဓာန ဖြစ်သောကြောင့် ထိုသူကြီး တယောက် အုပ်ချုပ်သောနယ်တွင် တရွာရွာနှိုက် သီမသမ္မုတိ စသောကံကို ပြုသည်ရှိသော် ထိုရွာနယ်တွင်းရှိသော ရဟန်းသံဃာကိုသာလျှင် သိမ်းယူ၍ ကံပြုခဲ့လျှင် ဝဂ်ဖြစ်၍ ကံပျက်၏ဟု မုခ္ဍ မှတ်ယူအပ်၏။ ထိုကြောင့် ဝိနည်း မဟာဝါ အဋ္ဌကထာနှိုက်—

(က) တတ္ထ ယတ္ထကေ ပဒေသေ တဿတဿ ဂါမဿ ဘောဇကာ ဗလိ လဘန္တိ။ သောပဒေသော အပ္ပေါဝါ ဟောတု မဟန္တောဝါ ဂါမသီမာတ္တေဝ ဂစ္ဆန္တိ။—ဟု ပြတော်မူ၏။

ဝိနယသင်္ဂဟ အဋ္ဌကထာန္သိုက်လည်း—

(ခ) ပရိသသမ္မတ္တိယာ ယုတ္တာနာမ သဗ္ဗန္တိမေန ပရိစ္ဆေဒေန စတူဟိ ဘိက္ခူဟိ သန္နိပတိတ္တာ ယာဝတိကာ တဿိ ဂါမက္ခေတ္တေ ဗဒ္ဓသီမံဝါ နဒီသမုဒ္ဒဇာတဿရေဝါ အနောတ္တ မိတ္တာ ဌိတာ ဘိက္ခူ။ တေ သဗ္ဗေ ဟတ္ထပါသေဝါ ဆန္ဒံဝါ အာဟရိတ္တာ သမ္မတာ။—ဟု ပြ၏။ (ကခ်ဳိအဋ္ဌကထာန္သိုက်လည်း အတူပင် ပြတော်မူ၏)။

ဝိနယာလင်္ကာရဋီကာန္သိုက်လည်း—

(ဂ) ယာဝတိကာ တဿိ ဂါမက္ခေတ္တေတိ ယဿိ ပဒေသေ သီမံ ဗန္ဓိတုကာမာ တဿိ ကေဿ ဂါမဘောဇကဿ အာယုပ္ပတ္တိဌာနဘူတေ ဂါမက္ခေတ္တေ ဌိတာ ဘိက္ခူတိ သမ္ဗန္ဓော။ ဟု ပြတော်မူ၏။

ဝိနယဝိနိစ္ဆယ ဋီကာန္သိုက်လည်း—

(ဃ) ဂါမပရိစ္ဆေဒေါတိ သဗ္ဗဒိသာသု သမ္မာ ပရိစ္ဆိန္နိတ္တာ ဇုမဿ ပဒေသဿ ဇေ္ဌကော ကရောတိ၊ ဧဝံ ကရေန နိယမိတော ဂါမပ္ပဒေသော။—ဟု ပြတော်မူ၏။

မှတ်ချက်—ဝိနည်းမဟာဝါ အဋ္ဌကထာန္သိုက် တခုသော ဂါမခေတ်ကို သီး ခွန်ကောက်ခံ စားသောက်ရသော သူကြီးတယောက် အုပ်ချုပ်သော နယ်အရပ်ဖြင့် ပိုင်းခြား၍ ယူစေလိုသောကြောင့် "တဿ တဿ ဂါမဿ ဘောဇကာ ဗလိ လဘန္တိ" ဟု ပြတော်မူ၏။

ဝိနယာလင်္ကာရဋီကာန္သိုက်လည်း အဋ္ဌကထာ၏ အာဘော်အတိုင်းပင်လျှင် အခွန်ဖြင့် ပိုင်းခြားလိုသောကြောင့် "တဿိ ဂါမက္ခေတ္တေ" ဟူသောပုဒ်ကို

"တသို့ ကေဿ ဂါမဘောဇကဿ အာယုပ္ပတ္တိဋ္ဌာနဘူတေ ဂါမက္ခေတ္တေ" ဟူ၍ အခွန်ဟောဝါစက အာယသဒ္ဒါဖြင့် "အာယုပ္ပတ္တိဋ္ဌာနဘူတေ" ဟု ဖွင့်ပြတော်မူ၏။

ဝိနယဝိနိစ္ဆယဋီကာနှိုက်လည်း ထို့အတူ အခွန်ဟော ကရသဒ္ဒါဖြင့် "ဧဝံ ကရေန နိယမိတော ဂါမပွဒေသော" ဟု ဖွင့်ပြတော်မူ၏။

ထိုသို့ အဌကထာ, ဋီကာတို့နှိုက် သူကြီးတယောက် အခွန် ကောက်ခံ၍ စားသောက်ရသော အရပ်ဌာနကို ရွာအများ ရှိသော်လည်း ဂါမခေတ် တခုဟု ပိုင်းခြား၍ ပြတော်မူသောကြောင့် သူကြီးတယောက် အုပ်ချုပ်သော နယ် အတွင်းရှိ နှစ်ရွာ, သုံးရွာ စသည်နှိုက်ရှိသော သံဃာတော် အလုံးစုံတို့ကို ဟတ္ထပါသ်သို့ ပင့်ဆောင်သိမ်းယူ၍ သီမသမ္မုတိကံ စသည်ကို ပြုမှသာလျှင် ဝဂ်မဖြစ်ဘဲ ကံမြောက်၏ဟု မုချမှတ်ယူအပ်၏။

သည်သာမဟုတ်သေး၊-သူကြီးတယောက် အရာကျသည်ဖြစ်၍ ထိုသူကြီး အုပ်ချုပ်သော ဂါမခေတ်ကို အစိုးရမင်းတို့က နယ်နိမိတ်စပ်ရာ သူကြီးတယောက် အုပ်ချုပ်သောနယ်သို့ အုပ်ချုပ်ရန် ပေါင်း၍ ပေးသည်ရှိသော် ထိုဂါမခေတ် ပျက်၍ သူကြီးရှိသော ဂါမခေတ်တခုသာ ဖြစ်၏၊ ယင်း ဂါမခေတ်နှိုက် သီမ သမ္မုတိ စသော ကံပြုရာနှိုက်လည်း ရှေးအတူပင် မှတ်အပ်၏။ ထိုကြောင့် ဝိမတိဋီကာနှိုက်—

(ဂ) သစေ ပန တတ္ထ ရာဇာ ကိဉ္စိပဒေသံ ဂါမန္တရေန ယောဇေတိ၊ သော ပဝိဋ္ဌဂါမသီမတံဓေ ဘဇတိ။—ဟု ဖွင့်ပြတော်မူ၏။

(က—ခ)အဌကထာအနက် လွယ်၏၊ ဋီကာအနက်ကိုသာ ပြပေအံ့။—

(ဂ) ယာဝတိကာ တသ္မိံ ဂါမက္ခေတ္တေတိ၊ ကား။ ယသ္မိံ ပဒေသေ၊ အကြင် အရပ်နှိုက်။ သီမံ၊ ကို။ ဘိဇ္ဈ၊၊ တို့သည်။ ဗန္ဓိတုကာမာ၊ ဖွဲ့ခြင်းငှါ အလိုရှိကုန်၏။ ဧကဿ၊ တယောက်သော။ ဂါမဘောဇကဿ၊ ရွာစား၏။ ဝါ၊ရွာသူကြီး၏။ အာယုပ္ပဘိဋ္ဌာနဘူတေ၊အခွန်ဖြစ်ရာအရပ် ဖြစ်၍ဖြစ်သော။ တသ္မိံ ဂါမက္ခေတ္တေ၊ ထို ဂါမခေတ်နှိုက်။ ဋီတာ၊ တည်ကုန်သော။ ဘိဇ္ဈ၊၊ တို့

သည်။ သန္တီ၊ရှိကုန်၏။ သဗ္ဗေ၊ကုန်သော။ တေဘိက္ခူ၊တို့ကို။ ဟတ္ထပါသေဝါ၊ ဟတ္ထပါသ်နှိုက်၎င်း။ ဆန္နံဝါ၊ ကိုဌင်း။ အာဟာရိတ္ဝာ၊ ဆောင်၍။ သမ္မတာ၊ သမုတ်အပ်၏။ ဣတိအယံ၊ဤဆိုအပ်ပြီးသည်ကား။ သမ္မန္ဓော၊ရှေပုဒ် နောက်ပုဒ်စပ်ခြင်းတည်း။ (အဋ္ဌကထာပါဠ်ကို ဆောင်၍ ယောဇနာ)။

(ဃ) ဂါမပရိစ္ဆေဒေါတိ၊ ကား။ သဗ္ဗဒိသာသု၊ အလုံးစုံသော အရပ်မျက်နှာတို့နှိုက်။ သမ္မာ၊ ကောင်းစွာ။ ပရိစ္ဆိန္ဒိတ္ဝာ၊ ပိုင်းခြားပြီး၍။ ဣမဿပဒေသဿ၊ဤအရပ်၏။ ကရော၊အခွန်သည်။တွေကော၊ဤမျှ အတိုင်းအရှည်ရှိသည်။ ဟောတု၊ဖြစ်စေ။ ဣတိဝေါ၊ဤသို့။ ရညော၊မင်းသည်။ ကရေန၊အခွန်ဖြင့်။ နိယမိတော၊မှတ်အပ်သော။ ဂါမပွဒေသော၊ ရွာအရပ်တည်း။

(c) ပန၊ထိုမှတပါး။ တတ္ထ၊ ထိုရွာနှိုက်။ ရာဇာ၊မင်းသည်။ ကိဉ္စိ၊တစုံတခုသော။ ပဒေသံ၊အရပ်ကို။ ဂါမန္တရေန၊ရွာတပါးနှင့်။ သစေယောဇေတိ၊ အကယ်၍ ပေါင်းယှဉ်အံ့။ သောပဒေသော၊ ထိုအရပ်သည်။ ပဝိဋ္ဌဂါမသီမတံဝေ၊ဝင်သော ဂါမသိမ်အဖြစ်သို့သာလျှင်။ ဘဇတိ၊ဝင်၏။

မန္တလေးမြို့ မိုးကောင်းတိုက်'အဂ္ဂမဟာပဏ္ဍိတ'ဘွဲ့တံဆိပ်တော်ရသာသနာပြု ညောင်ရမ်း ဆရာတော်သည် ဆရာတော် ဦးဇယန္တလျှောက်ချက်အရ ရေးသား ဆုံးဖြတ်သော ဂါမခေတ်နှိုက် သီမသမ္မုတိကံ ပြုရာဝယ် နယ်သိမ်းနည်း ဝိနိစ္ဆယသည် ၁၃၀၈-ခု၊တပိုတ့ဲလပြည့်ကျော် (၇) ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ (၅) နာရီခွဲ အချိန်အပြီးသို့ ရောက်သတည်း။

နယ်သိမ်းနည်း ဝိနိစ္ဆယ ပြီးပြီ။

မန္တလေးခရိုင်
မိုးကောင်းတိုက် ညောင်ရုပ်းဆရာတော်ဘုရား ထံသို့
မေး လျှောက်သော

၁၂၆၂–ခု၊ နတ်တော်လပြည့်ကျော် (၁၀) ရက်နေ့။

ဟံသာဝတီ ဘိနယ် ကျောက်တန်းမြို့၊ တပည့် ရှင်ကေလာသ ရိုသေစွာ လျှောက်ပါသည် ကျေးဇူးတော်ရှင် ဆရာတော်ဘုရား.....။

အောက်ပါ စကားသုံးရပ်သည် အသိခက်လှပါ၍ နောင်လာ တပည့်သား ရဟန်းများတို့ မှတ်သားပါရအောင် ဝိနိစ္ဆယ ရေးသား၍ ကယ်မတော်မူပါမည့်အကြောင်း ရိုသေစွာ လျှောက်ပါသည်ဘုရား.....။

(၁) ရဟန်းတော် တပါးက တရားစွဲဆိုခြင်းကြောင့် တရားခံပုဂ္ဂိုလ်တို့ အား ထောင်ဒဏ်, သေဒဏ် အပြစ်ကို ခံရသော် ရဟန်းအား အဘယ်အပြစ် ရှိပါသနည်း၊ ထောင်ဒဏ်ပေးသော် ရဟန်းအား ထုလွှစွဲခြင်းအာပတ် သင့်၏ဟု ပြောဆိုကြရာနှိုက် ဟောတော်မူရင်း မာတိကာသိက္ခာပုဒ်ကိုလည်း သိလိုပါသည်။

(၂) ဘဏ္ဍာဒေယျ ဂိဝါဟူသောပုဒ်တို့၏ ဝစနတ္ထနှင့် အဓိပ္ပါယ် ထူးခြားပုံကိုလည်း သိလိုပါကြောင်း။

(၃) ဘဏ္ဍာစားထိုက်သော ပစ္စည်းကို မတောင်းဘဲ အလိုအလျောက် ပေးရမည်၊ သို့မဟုတ် တောင်းမှ ပေးရမည်ကိုလည်း သိလိုပါကြောင်း။

တပည့်—
ရှင်ကေလာသ
ကျောက်တန်းမြို့
ဟံသာဝတီ–ဘိနယ်။

ဘဏ္ဍာဒေယျ ဂိဝါဝိသေသဝိနိစ္ဆယ

၁-ပဌမပုစ္ဆာ အဓိပ္ပြာ

၁။ ရဟန်းတပါးက တရားစဲ့ဆို တိုင်တန်းခြင်းကြောင့် တရားခံပုဂ္ဂိုလ်အား ထောင်ဒဏ်,သေဒဏ်အပြစ်ကို ခံရသော် တရားလိုရဟန်းအား အဘယ်အပြစ်ရှိပါသနည်း၊ ထောင်ဒဏ်ပေးသော် ရဟန်းအား ထုလ္လစ္စဉ်း အာပတ် သင့်၏ဟု ပြောဆိုကြရာ၌က် ဟောတော်မူရင်း မာတိကာသိက္ခာပုဒ်ကို သိလိုပါသည်ဟု လျှောက်ထားရာ၌က်—

မေးလျှောက်ခြင်း အစဉ်မဟုတ်သော်လည်း မေးရင်းသိက္ခာပုဒ်ကို မူလပြု၍ ဆုံးဖြတ်ပေအံ့။

တရားစဲ့ဆို တိုင်တန်းရာ၌က် ထောင်ဒဏ်ခံရသော် ရဟန်းအား ထုလ္လစ္စဉ်း အာပတ်သင့်၏ဟု ပညတ်တော်မူသော မာတိကာသိက္ခာပုဒ် အသီး မရှိ၊ ဘိက္ခုနိပါဋိတော် ဥဿဝသိက္ခာပုဒ်၌က်ငင်း၊ ငင်းအဋ္ဌကထာ, ဋီကာတို့၌က် ငင်း တရားစဲ့ဆိုခြင်း ဩဒိဿအာစိက္ခဏာအားဖြင့် တိုင်ကြားခြင်းတို့ကြောင့် ရုံးမင်းတို့က ဥဒ္ဓဒဏ် မဟုတ်၊ ထောင်ဒဏ်,သေဒဏ်အပြစ်ပေးသော် တရားလို ရဟန်းအား ယထာရဟ ထုလ္လစ္စဉ်း, ပါရာဇိက သင့်ရောက်၏ဟု အထူးပြဆို ဆုံးဖြတ်ခြင်းလည်း မရှိချေ။ သို့ မရှိသော်လည်း ပါရာဇိကဏ် ပါဋိတော် တတိယပါရာဇိကသိက္ခာပုဒ် သေခြင်း၏အကြောင်း ချီးမွမ်းစာကို ရေးထားရာ၌က်—

(က) လေခံ ပဿိတွာ မရိဿာမိတိ ဒုက္ခဝေဒနံ ဥပ္ပါဒေတိ၊ အာပတ္တိ ထုလ္လစ္စယဿ၊ မရတိ အာပတ္တိ ပါရာဇိကဿ။—ဟူ၍ ငင်း။

သေစေခြင်းကိုရည်၍ ထာဝရပယောဂ တွင်းတူး၍ ထားရာ၌က်—

(ခ) ဩပါတံနာမ မနုဿံ ဥဒ္ဒိဿ ဩပါတံ ခဏတိ ပပတိတွာ မရိဿတီတိ အာပတ္တိ ဒုက္ကဋဿ။ ပပတိတေ ဒုက္ခဝေဒနာ ဥပ္ပဇ္ဇတိ၊ အာပတ္တိ ထုလ္လစ္စယဿ၊ မရတိ အာပတ္တိ ပါရာဇိကဿ။—ဟူ၍ငင်း။

သေစေခြင်းငှါ ထာဝရပယောဂ တံကဲ့မှီ ပျဉ်ကိုစီရင်၍ ထားရာနှိုက်—

(၈) အပသေနနာမ အပသေနေ သတ္ထံဝါ ထပေတိ၊ ဝိသေနဝါ မက္ခေတိ၊ ဒုဗ္ဗလံဝါ ကရောတိ၊ သောဇ္ဈဝါ နရကေဝါ ပပတေဝါ ထပေတိ၊ ပပတိတ္ဝာ မရိဿတိတိ အာပတ္တိ ဒုက္ကဋဿ။ သတ္ထေနဝါ ဝိသေနဝါ ပပတိတေနဝါ ဒုက္ခာ ဝေဒနာ ဥပ္ပဇ္ဇတိ၊ အာပတ္တိ ထုလ္လစ္စယဿ။ မရတိ အာပတ္တိ ပါရာဇိကဿ။—ဟူ၍ဂုဏ်း ဟောတော်မူ၏။

ဤသို့ စသည်ဖြင့် ဟောတော်မူအပ်သော ဗုဒ္ဓုပဒေသ ပါဠိတော်ကို နယဂ္ဂါဟပြု၍ အနုလောမအားဖြင့် ရဟန်းသည် ထောင်ဒဏ်, သေဒဏ် ပေးစေလိုသော စေတနာဖြင့် ရုံးမင်းတို့အား တိုင်တန်း ပြောကြားခြင်း၊ တရား စွဲဆိုခြင်းကိုပြုအံ့ ရုံးမင်းတို့က တရားခံပုဂ္ဂိုလ်အား ထောင်ဒဏ်ပေးအံ့ ရဟန်း၏ ပယောဂကြောင့် ဆင်းရဲခြင်း ဒုက္ခဝေဒနာကို ရရကား တရားလို ရဟန်းမှာ ထုလ္လစ္စည်းအာပတ် သင့်၏ဟု ဆိုးဖြတ်အပ်၏၊ ကြိုးဒဏ်,သေဒဏ် စီရင်အံ့ ပါရာဇိကသို့ ရောက်၏ဟု ဆိုးဖြတ်အပ်၏။

အထူး မှတ်ချက်

ထုလ္လစ္စယအာပတ်မှာ—

(ဃ) ကေနာတိ ဝုတ္တေ အသုကေနစ အသုကေနစာတိ အာစိက္ခတိ၊ ဧဝံ အတိတံ အာရဗ္ဘ ဩဒိဿ အာစိက္ခနာ ဟောတိ၊ သာ နဝဋ္ဌတိ၊ တဉ္ဆေ သုတ္ဝာ ဝေါဟာရိကာ တေသံ ဒဏ္ဍံ ကရောန္တိ ဘိက္ခုနိယာ ဂိဝါ ဟောတိ၊ ဒဏ္ဍံ ဂဏှိဿန္တိတိ အဓိပ္ပါယေဝိ သတိ ဂိဝါယေဝ ဟောတိ။—ဟူသော ဘိက္ခုနီ အဋ္ဌကထာနှိုက်—

ဥစ္စာဒဏ် တပ်ရိုက်စေလိုသော အလိုပါသည် ဖြစ်စေ မပါသည် ဖြစ်စေ ဥစ္စာဒဏ် တပ်ရိုက်လျှင် ဘိက္ခုနီမအား ဂိဝါဖြစ်၏ဟု ဖွင့်ပြတော်မူသော ကြောင့် တရားလို ရဟန်းမှာ မူလက ထောင်ချစေလိုသော စေတနာ ပါသည် ဖြစ်စေ မပါသည် ဖြစ်စေ ထုလ္လစ္စယအာပတ် သင့်၏ဟု မှတ်အပ်၏။

ပါရာဇိကအာပတ်မှာ—ပါရာဇိကဏ် ပါဠိတော်နှိုက်—

(c) အနာပတ္တိ နမရဏာမိပ္ပါယဿ။—ဟူ၍ ဟောတော်မူသော ကြောင့်ငင်း။

ဘိက္ခုနီအဋ္ဌကထာနှိုက်—

(စ) သစေ ပန တဿ ဒဏ္ဍံ ဂဏှာထာတိ ဝဒတိ၊ ပဉ္စမာသက မတ္တေ ဂဟိတေ ပါရာဇိကံ ဟောတိ။—

ထိုသူအား ဥစ္စာဒဏ် ယူလောဟု ဆိုအံ့ ရုံးမင်းတို့သည် ငါးပဲမျှသော ဥစ္စာဒဏ်ကို ယူသည်ရှိသော် ဘိက္ခုနီမအား ပါရာဇိကသည် ဖြစ်၏ဟု ဖွင့်ပြတော်မူသောကြောင့်ငင်း၊ သတ်စေလိုသော စေတနာပါရှိခြင်း သတ်ပါဟု ပြောဆို တိုက်တွန်းခြင်း ရှိမှသာလျှင် ပါရာဇိကဖြစ်၏ဟု မှတ်အပ်၏။ သို့သော်လည်း ပယောဂလုံ့လပါရှိက အာပတ်မှ မလွတ်နိုင်သောကြောင့် ထုလ္လစ္စယအာပတ် သင့်ရောက်၏ဟု မှတ်အပ်၏။ ဥပမာ—နတ်ဘီလူးကို သတ်ရာနှိုက် မနုဿဇာတိ မဟုတ်သောကြောင့် ပါရာဇိက မရောက် ထုလ္လစ္စယ ဖြစ်သကဲ့သို့တည်း။

၂-ဒုတိယပုဆ္ဆာအဖြေ

၂။ ဘဂ္ဂဝေယျ ဂိဝါ ဟူသောပုဒ်တို့၏ ဝစနတ္ထနှင့် ၎င်းနှစ်ပုဒ် တို့၏ အဓိပ္ပါယ်ထူးခြားပုံကို သိလိုပါသည်ဟု လျှောက်ထားရာနှိုက်—

၎င်းနှစ်ပုဒ်တို့၏ ဝစနတ္ထကို အဋ္ဌကထာ,ဋီကာ,သဒ္ဒါကျမ်း စသည်တို့နှိုက် နိတတ္ထအားဖြင့် ပြသော ဝစနတ္ထ မတွေ့ဘူးချေ။ သို့သော်လည်း—

သဒ္ဒပဋိပတ္တိ ဝတ္တိစ္ဆာနုပုဗ္ဗီကာ။—ဟူသော ပရိဘာသာ။

နာနာကရဏံ ပဋိစ္စ၊ ဓာတု ပစ္စယ ဝိဂ္ဂဟံ။
စိန္တာကာနံ ပဘာဝေါဝ၊ ပဋ္ဌာနံ ဟောတိ စိန္တနေ။
ယထာ ကထဉ္စိ ဗျုပ္ပတ္တိ၊ ရဋ္ဌိယာ အတ္ထနိစ္ဆယာ။

ဟူသော သဒ္ဒါငယ်ကျမ်းမျှားနှင့် အညီ သဒ္ဒယုတ္တိ, အတ္ထယုတ္တိအားဖြင့် ပြဆိုပေအံ့။ (ယုတ္တာယုတ္တိ ဝိစာရေတွာ ဂဟေတဗ္ဗံ)။

ဘဏ္ဍာဒေယျပုဒ်၏ ဝစနတ္ထကို ပြခြင်း

ဘဏ္ဍာဒေယျံနာမ ယံ ပရဿနဋ္ဌံ တဿ မူလံဝါ တဒေဝါ ဘဏ္ဍံ ဒါတဗ္ဗန္တိ အတ္ထော။—

ဟု ပါရာဇိကဏ် အဋ္ဌကထာ ဖွင့်ပြတော်မူသောကြောင့် ဘဏ္ဍာဒေယျံ ဟူသောပုဒ်ကို—"ဘဋိယတိ ဘာဇိယတီတိ ဘဏ္ဍံ၊ ဘဋိဓာတု၊ ဏော၊ နိဂ္ဂဟိတာဂဓမော"။ "ဘဋိယတိ ပရိဘာသတိ ဧတေနာတိ ဘဏ္ဍံ၊ ပရဿ နဋ္ဌံ ဘဏ္ဍံ တဿ မူလံဝါ ဒါတဗ္ဗန္တိ ဘဏ္ဍာဒေယျံ၊ ဘဏ္ဍသဒ္ဒူပပဒ ဒါဓာတု ဏျော"။

ဘဏ္ဍာဟူသော ရွေးပုဒ်၏အရကား....သူတပါး၏ ပျောက်သော ယူသော ဘဏ္ဍာ ရ၏။ ဒါဓာတ်၏အရ ကတ္တုတ္ထကြိယာကား....ပြန်၍ ပေးလိုသော ပညာပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏၊ ထို စိတ္တုပ္ပါဒ်အား တပ်သောဘဏ္ဍာ၏ အာရမ္မဏပစ္စယသတ္တိ၊ ဝိနည်းပညတ်တော်၏ ပကတူပနိဿယသတ္တိသည် ဌာန္၊ ဖလူပစာရတ္ထအားဖြင့် ရ၏။ ဏျပစ္စည်း၏အရကား....ထိုဌာန္၊ ဖလူပစာရတ္ထဖြင့် မှတ်အပ်သော ပေးအပ်သော ဘဏ္ဍာ ရ၏။

တနည်း—"ပရဿ နဋ္ဌဘဏ္ဍံ တဿ မူလံဝါ ပုန ဒါတုံ အရဟတီတိ ဘဏ္ဍာဒေယျံ၊ အရဟတိတဒ္ဓိတ်။ ဏျ ပစ္စည်းကို အရဟတ္ထန္နိုက် သက်"။ ယောပယော ဂေါ၊အကြင် လုံ့လပယောဂသည်။ ပရဿ၊သူတပါး၏။ နဋ္ဌဘဏ္ဍံဝါ၊ပျောက်ပျက်သော ဘဏ္ဍာကိုဌင်း။ တဿ၊ ထို ပျောက်ပျက်သော ဥစ္စာဘဏ္ဍာ၏။ မူလံဝါ၊အဖိုးကိုဌင်း။ ပုန၊တဖန်။ ဒါတုံ၊အစားပြန်၍ ပေးခြင်းငှါ။ အရဟတိ၊ ထိုက်၏။ ဏ္ဍတိတသ္မာ၊ ကြောင့်။ တံပယောဂံ၊သည်။ ဘဏ္ဍာဒေယျံ၊ မည်၏။ (ဤသို့ အနက်ယောဇနာ)။ အရကား....အစားထိုက်အောင်ပြုသော လုံ့လပယောဂ ရ၏။

တနည်း—ယာဝိနယပညတ္တိ၊အကြင် ဝိနည်းပညတ်သည်။ ပရဿ၊၏။ နဋ္ဌဘဏ္ဍံဝါ၊ကိုဌင်း။ တဿ၊၏။ မူလံဝါ၊ကိုဌင်း။ ပုန၊တဖန်။ ဒါတုံ၊ငှါ။အရဟတိ၊၏။ ဏ္ဍတိတသ္မာ၊ကြောင့်။ သာဝိနယပညတ္တိ၊သည်။ ဘဏ္ဍာဒေယျံ၊မည်၏။ အရကား....အစားပေးထိုက်သော ပယောဂကို စွဲ၍ ပညတ်အပ်သော ဝိနည်းပညတ် ရ၏။

ဒိဝါသဒ္ဒါ၏ ဝစနတ္ထကို ပြခြင်း

"ဂိဉုစ္စတိ ဘက္ခံ၊ တံ ပုနဒါတုံ အရဟတီတိ ဂိဝါ၊ အရဟတိတဒ္ဓိတ်"။ ဂိပုဒ်၊ ဝန္တုပစ္စည်း၊ "ယဒနုပပန္နာ နိပါတနာ သိဇ္ဈန္တိ"—ဟူသောသုတ်ဖြင့် အရဟတိအနက်နှိုက် ဝန္တုပစ္စည်းသက်၊ ဂုဏဝါ,ပညဝါတို့ကဲ့သို့ ရုပ်ပြီးစေ။

တနည်း—"ဂိဝုစ္စတိ ဘက္ခံ၊ တံ ပုန ဒါတဗ္ဗဘာဝံ ဝါတိ ဂစ္ဆတီတိ ဂိဝါ"။ ကတ္တုသာဓန၊ ဂိသဒ္ဒူပပဒ ဝါဓာတ် ဏပစ္စည်း၊ ဣတ္တိလိင်ဇောတက အာပစ္စည်းလည်း သက်။

တနည်း—"ဂိ ဝိယတိ ဟရိတဘက္ခံ ပုန ဒါတဗ္ဗန္တိ ဂိဝါ"၊ ဂေဝုဓံဘတု ဒါနေ၊ ဏ ပစ္စည်း။ တနည်း— "ဝဂိယတိ ပုန ဒါတဗ္ဗဘာဝံ ဂမိယတီတိ ဂိဝါ"။ ဝဂိဓာတု၊ ဏ ပစ္စည်း။ ဝန္ဒင့် ဂိ ဇ္ဈ, နောက် ပြန်။ တနည်း—ဂိဝါ ဟူသော ပုဒ်ကို ဂံ ဣ အဝ ဟု ပဒဝိဘာဂ ပြုပြီးလျှင် "ဂံ ဝုစ္စတိ အာဒါတဗ္ဗဘက္ခံ တံ ပုန ဒါတဗ္ဗာရဟံ ဣယတိ ဂမိယတိ ညာယတီတိ ဂိဝါ"ဟု ပြုအပ်၏။ ဂံ သဒ္ဒူပပဒ ဣဓာတ်၊ အဝ ပစ္စည်း။ တနည်း—"ဂိ ဝိယတိ ဟရိတဘက္ခံ ပုန ဒီယတိ ဇတေနာတိ ဂိဝါ"။ ကရဏသာဓန၊ ဂိဝုဓာတု၊ ဏ။ (ဝိဂြိုဟ်အရကို ဘက္ခာဒေယျပုဒ်၏ အရကဲ့သို့ သိလေ)။

ဘက္ခာဒေယျဒိဝါပုဒ်ဒို့၏ အထူးကို ပြခြင်း

ထိုဘက္ခာဒေယျ ဂိဝါပုဒ်တို့၏ အထူးကို ရှေးဆရာတော်ကြီးတို့၏ ဝိနိစ္ဆယ မတွေ့ဘူးချေ။ သို့သော်လည်း သုတစကား ကြားဘူးသည်မှာ—

(၁) အာစရိယပုဂ္ဂမုရာဘတအားဖြင့် ၎င်းနှစ်ပါးတို့သည် အဓိပ္ပါယ်မထူး မခြားနား၊ သဒ္ဒါမျှသာ ထူးကြ၏ဟု ဆိုတော်မူကြကုန်၏။ ၎င်း အယူဝါဒကား ဘက္ခာဒေယျနှင့် ဂိဝါသည် အချို့အရာနှိုက် ထေယျ စိတ် မပါခြင်း ပယောဂပါခြင်း ပယောဂချုတ်ခြင်း တူရကား သာမညအားဖြင့် သင့်မြတ်၏ဟု ဆိုသင့်ပေ၏။

(၂) အခ္ခါဆရာတော်ကြီးတို့ကား မူလက ထေယျစိတ် ပါလျှင် ဘဏ္ဍာဒေယျ၊ ထေယျစိတ် မပါလျှင် ဂိဝါဟု ဆိုတော်မူကြကုန်၏။ ၎င်း ဝါဒသည် ထေယျစိတ်ဖြင့် ယူရာ သုံးဆောင်ရာနှိုက် ဘဏ္ဍာဒေယျ ဟု အဋ္ဌကထာနှိုက် ဆုံးဖြတ်တော်မူသောကြောင့် အလုံးစုံ မနှံ့ရကား မသင့်မြတ်ဟု မှတ်သင့်၏။ (သာဓကမှာ နောက်နှိုက် ထင်ရှားလတံ့)။

(၃) အခ္ခါ ဆရာတော်ကြီးတို့ကား ဘဏ္ဍာဒေယျကား ယူသရွေ့သာ ပေးရ၏၊ ဂိဝါမှာ လည်ပင်းထိအောင် ဆပ်ပေးရ၏ဟု ပြက်ရယ်မှုဖြင့် ဆိုကြကုန်၏။ (၎င်းစကားကို ပြက်ရယ်မှုမျှသာဖြစ်၍ လုံးလုံးမမှတ်ယူအပ်)။

တောင်ခွင် သာသနာပိုင် ဆရာတော်ကြီးသည်ကား ဂိဝါမှာ အစားထိုက်၍ အစားတောင်းမှ ပေးရသည်၊ ဘဏ္ဍာဒေယျမှာ အစားထိုက်၍ အစားတောင်းသည် ဖြစ်စေ မတောင်းသည် ဖြစ်စေ အစား ပေးရသည်။ ဤသို့ ထူး၏ဟု အယူဝါဒ ရှိ၏။

ငါတို့အလိုအားဖြင့် ထေယျစိတ် ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ "ပရပရိဂ္ဂဟိတံ, ပရပရိဂ္ဂဟိတာသညံ, ဂရုပရိက္ခာရော, ထေယျစိတ္တံ, အဝဟာရဏံ" ဟူသော ခိုးခြင်းအင်္ဂါတို့တွင် တပါးပါး ခ္ဆိုယှင်း၍ ခိုးခြင်း မမြောက်သဖြင့် သူတပါး၏ ဥစ္စာပစ္စည်း ပျက်စီးသောအရာနှိုက်၎င်း၊ ထေယျစိတ်မပါ ပေးထိုက်သော ကင်းခွန်စသည်ကို မပေးရာနှိုက်၎င်း၊ ထေယျစိတ်မပါ သံဃိက, ပုဂ္ဂလိကပစ္စည်း စသည်ကို သကသညာ, ပံသုကူလိကသညာ, တာဝကာလိကအား ဖြင့် ယူခြင်း သုံးဆောင်ခြင်း ပျက်စီးခြင်းနှိုက်၎င်း ဘဏ္ဍာဒေယျဟု ဆုံးဖြတ်အပ်၏။ **အထောက်သာဓကကား....**

တံ ပန ဥပနိဓိနာမ သင်္ဂေါပနတ္ထာယ အတ္တနော ဟတ္ထေ ပရေဟိ ထဝိတဘဏ္ဍံ အဂုတ္တပဒေသတော ဌာနာ စာဝေတွာ ဂုတ္တဋ္ဌာနေ ထပနတ္ထာယ ဟရတော အနာပတ္တိ။ ထေယျစိတ္တေနပိ ဌာနာ စာဝေန္တဿ အဝဟာရော နတ္ထိ၊ ကသ္မာ အတ္တနော

ဟတ္ထေ နိက္ခိတ္တတ္တာ။ ဘဏ္ဍာဒေယျံ ပန ဟောတိ။ ထေယျစိတ္တေန ပရိဘုဉ္ဇတောဝိ ဧသေဝနယောဂ။ တာဝကာလိကဂ္ဂဟဏေဝိ တထေဝ။ ပါရာဇိကဏ် အဋ္ဌကထာ ဒုတိယပါရာဇိကဥပနိဓိကထာ

ဂင်းအဋ္ဌကထာနှိုက်"ဂရုပရိက္ခာရော, ထေယျစိတ္တံ, အဝဟရဏံ"ဟူသော အင်္ဂါသုံးပါး ရှိ၏၊ မိမိလက်နှိုက် အပ်နှံ၍ထားသောကြောင့် "ပရပရိဂ္ဂဟိတံ, ပရပရိဂ္ဂဟိတသညိတာ"ဟူသော အင်္ဂါခွတ်ယှင်းရာနှိုက် ဘဏ္ဍာဒေယျကို ပြတော်မူ၏။

ဘဏ္ဍာဒေယျ ဝိဂါဝ်ဒိန်၏ အထူး

ယတ္ထယတ္ထ ကာယဝစီပယောဂေါ စိတ္တဉ္စ ဘဏ္ဍဝိနာသနဉ္စ အတ္ထိ။ န ပန အဝဟာရော၊ တတ္ထတတ္ထ ဘဏ္ဍာဒေယျန်တိ ဝုတ္တံ။ ယတ္ထယတ္ထ ပန ကာယဝစီပယောဂေါ ဘဏ္ဍဝိနာသနဉ္စ အတ္ထိ၊ န ပန ဝိနာသနစိတ္တဉ္စ အဝဟာရောစ၊ တတ္ထတတ္ထ ဂီဝါတိ ဝုတ္တာနန်တိ အယမေတေသံ ဝိသေသော။ — ဤသို့ ပါဠိအားဖြင့် အကျဉ်း မှတ်အပ်၏။

အနက် ယတ္ထယတ္ထ၊ အကြင်အကြင်သို့သော အရာဌာနတို့နှိုက်။ ကာယဝစီပယောဂေါစ၊ကာယပယောဂ, ဝစီပယောဂသည်ထင်း။ စိတ္တဉ္စ၊ သုဒ္ဓစိတ်, အသုဒ္ဓစိတ်သည်ထင်း။ ဘဏ္ဍဝိနာသနဉ္စ၊ ဘဏ္ဍာပျက်စီးခြင်းသည်ထင်း။ အတ္ထိ၊ရှိ၏။ ပန၊ထိုသို့ပင် ရှိသော်လည်း။ အဝဟာရော၊ခိုးခြင်းသည်။ နအတ္ထိ၊ မရှိ။ တတ္ထတတ္ထ၊ ထိုထိုသို့သော အရာနှိုက်။ ဘဏ္ဍာဒေယျန်တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ပန၊ ဂီဝါကို ဆိုဦးအံ့။ ယတ္ထယတ္ထ၊ နှိုက်။ ကာယဝစီပယောဂေါစ၊ သည်ထင်း။ ဘဏ္ဍဝိနာသနဉ္စ၊ ဘဏ္ဍာပျက်စီးခြင်းသည်ထင်း။ အတ္ထိ၊ ရှိ၏။ ပန တထာပိ၊ ထိုသို့ပင် ရှိသော်လည်း။ ဘဏ္ဍဝိနာသနစိတ္တဉ္စ၊ ဘဏ္ဍာပျက်စီးစေလိုသော စိတ်သည်ထင်း။ အဝဟာရောစ၊ သည်ထင်း။ နအတ္ထိ၊ မရှိ။ တတ္ထတတ္ထ၊ နှိုက်။ ဂီဝါတိ၊ဟူ၍။ ဝုတ္တံ၊၏။ ဤတိအယံ၊ကျိဆိုအပ်ပြီးသည်ကား။ ဧတေသံ၊ ထိုဘဏ္ဍာဒေယျ ဂီဝါတို့၏။ ဝိသေသော၊အထူးတည်း။

ကခ်ဳံငဳိကာ မဟာယောဇနာကြီးနှိုက် ဘဏ္ဍာဒေယျ ဟူသော ပုဒ်၏ ဝစနတ္ထကို "ဒါတဗ္ဗန္တိ ဒေယံ့၊ ဘဏ္ဍဥ္စ တံ ဒေယျဥ္စာတိ ဘဏ္ဍာဒေယံ့" -ဟု ဝစနတ္ထကို ပြုတော်မူ၏။ (နှစ်သက်ရာကို ယူလေ)။

ဘဏ္ဍာဒေယျ ဂိဝါ နှစ်ပါးတို့၏ အထူးကို—

ယတ္ထယတ္ထ ဟိ ဘဏ္ဍဝိနာသနဒ္ဓါရံ် ကရောတိ၊ တတ္ထတတ္ထ ဘဏ္ဍာဒေယျန္တိ ဝုတ္တံ့။ ယတ္ထယတ္ထ ပန နံ တံ ကရောတိ။ တတ္ထ တတ္ထ ဂိဝါတိ ဝုတ္တန္တိ အယမေတေသံ ဝိသေသော။ **ကခ်ဳံငဳိကာ မဟာယောဇနာကြီး**

အနက် ဟိသစ္ဒံ၊ ၏။ ယတ္ထယတ္ထ၊ အကြင်အကြင်သို့သော အရပ်ဌာနတို့နှိုက်။ ဘဏ္ဍဝိနာသနဒ္ဓါရံ်၊ဘဏ္ဍာပျက်စီးခြင်း၏ အကြောင်းကို။ ဘိက္ခု၊ သည်။ ကရောတိ၊ ၏။ တတ္ထတတ္ထ၊ ထိုထိုသို့သော အရာဌာနတို့နှိုက်။ ဘဏ္ဍာဒေယျန္တိ၊ ဟူ၍။ အဋ္ဌကထာစရိယေန၊ သည်။ ဝုတ္တံ့၊ ၏။ ပန၊ ဂိဝါကို ဆိုဦးအံ့။ ယတ္ထယတ္ထ၊ နှိုက်။ တံဘဏ္ဍဝိနာသနဒ္ဓါရံ်၊ ထိုဘဏ္ဍာပျက်စီးခြင်း၏ အကြောင်းကို။ နကရောတိ၊မပြု။ တတ္ထတတ္ထ၊နှိုက်။ ဂိဝါတိ၊ဟူ၍။ ဝုတ္တံ့၊၏။ ဣတိအယံ၊ ဤဆိုအပ်ပြီးသည်ကား။ ဧတေသံ၊ ထို ဘဏ္ဍာဒေယျ, ဂိဝါတို့၏။ ဝိသေသော၊အထူးတည်း။

အကျဉ်းကား....ကာယပယောဂ,ဝစီပယောဂပါလျှင် ဘဏ္ဍာဒေယျ၊ ၎င်း မပါလျှင် ဂိဝါဟု ဆိုလိုသည်။

၃-ဘတိယမုဏ္ဍာ အဖြေ

၃။ ဘဏ္ဍာစားထိုက်သော ပစ္စည်းကို မတောင်းဘဲ အလိုအလျောက် ပေးရမည်၊သို့မဟုတ်တောင်းမှပေးရမည်ကိုလည်း သိလိုပါကြောင်း လျောက်ရာနှိုက်—

ဘဏ္ဍာဒေယျဆိုရာနှိုက် ဘဏ္ဍာဒေယျ,ဂိဝါ နှစ်ပါးတို့၏ အထူးကို ပြဆိုခဲ့သည့်အတိုင်း တောင်းသည်ဖြစ်စေ မတောင်းသည်ဖြစ်စေ ထို ယူရင်းသော ဘဏ္ဍာ၊ ထိုဘဏ္ဍာ၏ အဖိုးကိုသော်လည်း ပေးမှသာလျှင် ငြိမ်းသည်၊ မပေးလျှင် အပြစ်ကြီးငယ်လျောက် ဆုံးဖြတ်အပ်၏။ ထိုကြောင့်—

ဘဏ္ဍာဒေယျံနာမ တမေဝဝါ ဘဏ္ဍံ တဿဝါ မူလံ ဒါတဗ္ဗံ၊ ဒေဟိတိ ဝုတ္တေ အဒေန္တော သာမိကာနံ ဓူရနိက္ခေပေ ဘဏ္ဍဋ္ဌေန ကာရေတဗ္ဗော။—ဟူ၍ ပါရာဇိကဏ် အဋ္ဌကထာနှိုက် မိန့်တော်မူ၏။

၁၂၉၂-ခု၊ နတ်တော်လပြည့်ကျော်(၁၄)ရက်နေ့၊ သာသနာပြု ညောင်ရမ်းဆရာတော်ဆုံးဖြတ်အပ်သော 'ဘဏ္ဍာဒေယျဂိဝါ ဝိသေသ ဝိနိစ္ဆယ' သည် အန္တရာယ်မရှိ အပြီးသို့ ရောက်သတည်း။

ဘဏ္ဍာဒေယျဂိဝါဝိသေသ ဝိနိစ္ဆယ ပြီးပြီ။

ဖေးဖေ့လှောက်သော

၁၂၉၅—ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်နေ့။

ရခိုင်ပြည် စစ်တွေမြို့ ပုဏ္ဏားကျွန်းစာတိုက်ဝိုင် မှင်ကျေးချောင်းကျောင်း ဘုန်းကြီး ဂုဏ်ဥာဏ ရိသေစွာ လျှောက်ပါသည် ဆရာတော်ဘုရား....။

၁။ (က) "ဘဏ္ဍဝိနာသဒွါရသ ပန ကတ္တာ"—ဟူသောပုဒ်၏ အရ ဘဏ္ဍာကို ရပြီး ရဆဲ ရလတ့ံ ဘဏ္ဍာတို့တွင် အဘယ်ဘဏ္ဍာကို ယူရပါမည်နည်း။

(ခ) ဥပမာ မည်သူ့ဆိုင်မှာ မဝယ်ရ၊ မည်သူ့ကို မငှါးရ၊ မည်သည့်ဘုန်းကြီးကို မပင့်ရ၊ ယစ်မျိုးဆိုင်များကို အရပ်ထည်းမှာ မထားရ စသည်ဖြင့် ရဟန်းတော်တို့ ပညတ်ကြသော အရာ အပြစ် လွတ် မလွတ်ကို သိလိုပါသည်ဘုရား....။

၂။ ဝဋ္ဌနအရ ထုတ်ပြသော သမင်ဝတ္ထုနှင့် ဝုတ္ထောဝါဒဝတ္ထု တို့၏ အဓိပ္ပါယ် ထူးပုံကို အဋ္ဌကထာနှိုက် "သာမိကေဟိ ဒိန္နတ္တာ" ဟူသော ဟိတ်ပါဠိ၏ အဓိပ္ပါယ်နှင့် နှိုးနှောရှု ဆုံးဖြတ် ပေးသနားတော်မူပါ မည့်အကြောင်း ရိသေစွာ လျှောက်ပါသည် ဆရာတော်ဘုရား....။

ဂုဏ်ဥာဏ
မှင်ကျေးချောင်းကျောင်း
ပုဏ္ဏားကျွန်းစာတိုက်—စစ်တွေမြို့။

ဘဏ္ဍာဝိနာသကတဝိနိစ္ဆယ

၁-ပဌမမူလာ အဓိဗြဲ

၁။ (က) ရှင်ဉာဏက "ဘဏ္ဍဝိနာသဒ္ဒါရဿ ပန ကတတ္တာ" ဟူသော ပုဒ်ဝါကျ၏အရ ဘဏ္ဍာကို ရပြီး ရဆဲ ရလတံ့ ဘဏ္ဍာတို့တွင် အဘယ်ဘဏ္ဍာကို ယူရပါမည်နည်းဟု လျှောက်ထားရာ၌က်—

(က) ရိတ္တကုမ္မိယာ ဥပရိ ကရောတိ၊ တံ ပစ္ဆာ ပဏ္ဏကာလေ ပတိတ္ထာ ဘိန္နတိ၊ ဘဏ္ဍာဒေယျံ။

(ခ) ဤဒိသေသု ဟိ ဌာနေသု ဘဏ္ဍဿ နတ္ထိကာလေ ကတ ပယောဂတ္ထာ အာဒိတောဝ ပါရာဇိကံ နပဟောတိ။

(ဂ) ဘဏ္ဍဝိနာသဒ္ဒါရဿ ပန ကတတ္ထာ ဘဏ္ဍာဒေယျံ ဟောတိ၊ အာဟာရပေန္တေသု အဒဒတော သာမိကာနံ ဂူရနိက္ခေပေန ပါရာဇိကံ။ ပါရာဇိကဏ်အဋ္ဌကထာ ဒုတိယပါရာဇိက

ၵင်း"ဘဏ္ဍဝိနာသဒ္ဒါရဿ ပန ကတတ္ထာ"ဟူသော အဋ္ဌကထာပါဠိန်းက် ဘဏ္ဍဝိနာသ ဟူသောပုဒ်၏အရ ဘဏ္ဍာကို ရပြီးဘဏ္ဍာကို ယူရမည်ဟူ၍ၵင်း၊ ရဆဲဘဏ္ဍာကို ယူရမည်ဟူ၍ၵင်း၊ ရလတံ့ဘဏ္ဍာကို ယူရမည်ဟူ၍ၵင်း ဋီကာကြီး (၃)စောင်တို့၌က် အဖွင့်အထူးမရှိခဲ့။ သို့ မရှိသော်လည်း (က)မှတ်ပါ "ရိတ္တကုမ္မိယာ"ဟူသောဝါကျ၌က်—

အရှင်အဋ္ဌကထာဆရာ၊ အခဲ့ည်းနှီးသော ဆီအိုး၏ အထက်၌က် ကျ၍ ကဲ့လတံ့သော သစ်တုံး,ကျောက် စသည်ကို ဖဲ့ခဲ့ည်၍ ထားခြင်းကို ပြု၏၊ ထိုသစ်တုံး,ကျောက် စသည်သည် ဆီပြည့်သော နောက်ကာလ၌က် ကျ၍ ဆီအိုးကဲ့ဒဲ့၊ ဘဏ္ဍာဒေယျ ဖြစ်၏ဟု ဆိုတော်မူ၏။ အဘယ်ကြောင့် ဘဏ္ဍာဒေယျဖြစ်ရပါသနည်း၊ဘဏ္ဍာမဖြစ်မီ ရှေးအဖို့၌က် ထားသောကြောင့် အနာပတ္တိသော်ၵင်း၊ ဘဏ္ဍာပျက်စီးသောကြောင့် ပါရာဇိကသော်ၵင်း ဖြစ်သင့်သည် မဟုတ်ပါလော်ဟု စောဒနာဘွယ် ရှိသောကြောင့် "ဤဒိသေသုဟိ" ဟူသော (ခ)မှတ် ဝါကျကို အားထုတ်တော်မူ၏။

အဓိပ္ပါယ် ဤသို့သော အရာဌာနတို့နှိုက် ဘဏ္ဍာမရှိမီ မဖြစ်မီ ရှေးအဖို့ ဖြစ်သောကာလနှိုက် ကျောက်တုံး စသည် ဆွဲထားခြင်း လုံ့လပယောဂကို ပြုခြင်းကြောင့် လုံ့လပယောဂကို ပြုဆဲခဏနှိုက် ပါရာဇိက မဖြစ် ဘဏ္ဍာစားသာ ထိုက်၏ ဟူလို။

အဘယ်ကြောင့် ပါရာဇိက မဖြစ် ဘဏ္ဍာဒေယျ ဖြစ်ရပါသနည်းဟု စောဒနာဖွယ် ရှိသောကြောင့် "ဘဏ္ဍဝိနာသဒ္ဓါရဿ ပန။လ။ပါရာဇိကံ" ဟူသော (ဂ)မှတ် ဝါကျကို အားထုတ်တော်မူ၏။

အဓိပ္ပါယ် ဆီအိုးနှိုက် ရှိလတ့ံ ဖြစ်လတ့ံဖြစ်သော ဆီဘဏ္ဍာ ပျက်စီးခြင်း၏ အကြောင်းဖြစ်သော သစ်တုံး, ကျောက်တုံးကို ဆွဲထားခြင်း လုံ့လပယောဂကို ပြုခြင်းကြောင့် မိမိပယောဂဖြင့် ဆီဘဏ္ဍာပျက်စီးရကား ဘဏ္ဍာဒေယျ ဖြစ်၏ဟူလို။ (ဤသို့ အနုသန္ဓေ အဓိပ္ပါယ်ကို ရှေးဦးစွာ မှတ်၍ထား၊ ဤဆိုလတ့ံသည်ကား ဝိနိစ္ဆယ မှတ်ချက်တည်း)။

ဤ"ဘဏ္ဍဝိနာသဒ္ဓါရဿ ပန"ဟူသောဝါကျနှိုက် ဘဏ္ဍဝိနာသ အရကို အထက်ကဖေါ်ပြခဲ့သော"ဂိတ္တကုမ္ဘိယာ"ဟူသော(က)မှတ်ဝါကျကို ထောက်သဖြင့်ဌင်း၊ "ဘဏ္ဍဿ နတ္ထိကာလေ ကတပယောဂတ္တာ"ဟူသော (ခ)မှတ် ဝါကျ ဟိတ်ပါဌ်ကို ထောက်သဖြင့်ဌင်း ရလတ့ံ ဖြစ်လတ့ံသောအကြောင်းကို ဘဏ္ဍဝိနာသနဟု မုချမှတ်ယူအပ်၏။သို့ဖြစ်၍"ဘဏ္ဍဝိနာသဒ္ဓါရဿ"ဟူသော ပုဒ်ကို "ဘဏ္ဍဝိနာသဒ္ဓါရဿာတိ အနာဂတကာလေ လဘိတဗ္ဗ ဘဏ္ဍဝိနာသနကာရဏဿ"ဟု ဖွင့်ဆိုသင့်၏။ ဤ"ဘဏ္ဍဝိနာသဒ္ဓါရဿ ပန"ဟူသော ဝါကျဖြင့် ရလတ့ံဖြစ်သော ဘဏ္ဍာပျက်စီးခြင်း၏ လုံ့လပယောဂကို ပြုရာနှိုက် ဘဏ္ဍာဒေယျ၏ အဖြစ်ကို မုချ နိတတ္ထဖြင့် ပြတော်မူ၏။ ရပြီး ရဆဲဖြစ်သော ဘဏ္ဍာ၏ ပျက်စီးခြင်း လုံ့လပယောဂကို ပြုလုပ်ရာနှိုက် မချုတ် ပျက်စီးလတ့ံသည်ဖြစ်အံ့ ပြုလုပ်ခါမျှ ခဏနှိုက် ပါရာဇိကသို့ ရောက်၏ဟူသော အနုက်အဓိပ္ပါယ်ကို နေယျတ္ထနည်းအားဖြင့် ပြတော်မူ၏။ ထိုကြောင့် ပါရာဇိကဏ်အဋ္ဌကထာနှိုက်—

(ဃ) ပရိပုဏ္ဏာယ ကုန္တိယာ ဥပရိ ကဋ္ဌံဝါ ပါသာဏံဝါ ပတိတ္ဝာ ဘိန္နိဿတိ၊ တတော တေလံ ပဿရိဿတိတိ ထေယျစိတ္တေန ဒုဗ္ဗန္ဓံဝါ ကရောတိ၊ဒုဋ္ဌာဝိတံဝါ ထပေတိ၊အဝဿံ ပတနကံ တထာကရောန္တဿ ကတမတ္တေ ပါရာဇိကံ။— ဟု ဖွင့်ပြတော်မူ၏။

မှတ်ချက်—ထေယျစိတ်ဖြင့်၎င်း၊ ဘဏ္ဍဝိနာသနစိတ်ဖြင့်၎င်း၊ သုဒ္ဓစိတ်ဖြင့်၎င်း ရလတံ့ ဖြစ်လတံ့သော ဥစ္စာဘဏ္ဍာကို ပျက်စီးအောင် ပြုလုပ်သည်ဖြစ်အံ့ ဘဏ္ဍာဒေယျဖြစ်၏ဟု မုချသန္နိဋ္ဌာန်ကျ မှတ်သားအပ်၏။ ထေယျစိတ်ဖြင့် ရပြီး ရဆဲ ထင်ရှားဖြစ်ပြီး ထင်ရှားဖြစ်ဆဲဖြစ်သော ဥစ္စာဘဏ္ဍာကို ပျက်စီးအောင် မသုံးဆောင်ကောင်းအောင် ပြုလုပ်သည်ဖြစ်အံ့ ပါရာဇိက၊ ဘဏ္ဍဝိနာသနစိတ်ဖြင့် ပြုလုပ်သည် ဖြစ်အံ့ ဘဏ္ဍာဒေယျဖြစ်၏ဟု မုချ မှတ်သားအပ်၏။

(c) ဌာနာစာဝနံ အကရောန္တော‌ယေဝ ဟိ ထေယျစိတ္တေန ဝိနာသေတုကာမတာယဝါ စျာပေယျပိ၊ အပရိဘောဂမ္ပိ ကရေယျ၊ ပုရိမဒ္ဒယေ ပန ဝုတ္တနယေန ဘိန္နန္တဿဝါ ဆဒ္ဍေန္တဿဝါ ဌာနာ စာဝနံ အတ္ထိ၊ တသ္မာ တထာ ကရောန္တဿ ဝိနာသေတု ကာမတာယ ဘဏ္ဍာဒေယျံ၊ ထေယျစိတ္တေန ပါရာဇိကံ။–ဟု မိန့်ဆိုတော်မူ၏။

အနက် (က) ယောဘိက္ခု၊သည်။ ရိတ္တကုမ္ဘိယာ၊ အချည်းနှီးသော ဆီအိုး၏။ ဥပရိ၊ အထက်နှိုက်။ ကဋ္ဌံဝါ၊ သစ်ကိုဌင်း။ ပါသာဏံဝါ၊ ကျောက်ကိုဌင်း။ ပတိတ္ဝာ၊ကျ၍။ ဘိန္နိဿတိ၊ ကဲ့လတံ့။ တတော၊ ထိုသို့ ကဲ့သောကြောင့်။ တေလံ၊ ဆီသည်။ ပဿရိဿတိ၊ ယိုစီးလတံ့။ ဣတိ၊ ဤသို့။ ထေယျစိတ္တေန၊ ခိုးလိုသောစိတ်ဖြင့်။ ဒုဗ္ဗန္ဓံဝါ၊မကောင်းသဖြင့် ဖွဲ့အပ်သည်ကို မူလည်း။ဝါ၊အဖွဲ့အချည် မမြဲမခိုင်သည်ကိုမူလည်း။ ကရောတိ၊ပြု၏။ (ကဋ္ဌံဝါ ။လ။ဒုဗ္ဗန္ဓံဝါ ဟူသောပုဒ်တို့ကို နောက်ဝါကျမှ ဆောင်၍ ယောဇနာသည်)။ တံ၊ထိုဖွဲ့ချည်၍ ထားသော ကျောက်တုံး, သစ်တုံးသည်။ ပစ္ဆာပုဏ္ဏကာလေ၊ ဆီပြည့်သော နောက်ကာလနှိုက်။ ပတိတ္ဝာ၊ကျ၍။ ဘိန္နတိ၊ကဲ့သည်ဖြစ်အံ့။ တဿဘိက္ခုနော၊အား။ဘဏ္ဍာဒေယျံ၊ဘဏ္ဍာစားပေးအပ်သည်။ဟောတိ၊၏။

(ခ) ဟိတဒေဝသစ္စံ၊ ထိုစကားသည် မှန်၏။ ဝါ ဟိယသ္မာ၊ အကြောင်ကြောင့်။ ဤဒိသေသု၊ဤသို့ သဘောရှိကုန်သော။ ဌာနေသု၊ အရာတို့နှိုက်။ ဘဏ္ဍာသ၊ ဥစ္စာဘဏ္ဍာ၏။ နတ္ထိကာလေ၊ မရှိသောကာလနှိုက်။ ကတပယောဂတ္တာ၊ပြုအပ်သော လုံ့လပယောဂ၏ အဖြစ်ကြောင့်။ အာဒိတောဝ၊အစနှိုက်သာလျှင်။ ဝါ၊ လုံ့လပယောဂကို ပြုသော ခဏနှိုက်သာလျှင်။ ပါရာဇိကံ၊ ပါရာဇိကသည်။ နဟောတိ၊ မဖြစ်။ တသ္မာ၊ ထိုကြောင့်။ ဘဏ္ဍာဒေယ္ယံ၊ ဘဏ္ဍာစား ပေးအပ်သည်။ ဟောတိ၊၏။ (ပြန်၍ စပ်)။

(ဂ) ပန၊အနှယကို ဆိုဦးအံ့။ဘဏ္ဍဝိနာသဒ္ဒါရဿ၊ဘဏ္ဍာဥစ္စာ ပျက်စီးခြင်းအကြောင်း၏။ ဝါ၊ကို။ ကတတ္တာ၊ပြုအပ်သည်၏ အဖြစ်ကြောင့်။ ဘဏ္ဍာဒေယ္ယံ၊ဘဏ္ဍာစား ပေးအပ်သည်။ ဟောတိ၊ဖြစ်၏။ သာမိကေသု၊ဥစ္စာရှင်တို့သည်။ အာဟာရူပဇေန္ဓသု၊ တဖန် ပြန်၍ ဆောင်စေကုန်သည်ရှိသော်။ ဝါ၊ ဘဏ္ဍာစား တောင်းသည်ရှိသော်။ အဒဒတော၊ မပေးသော ရဟန်းအား။ သာမိကာနံ၊ ဥစ္စာရှင်တို့၏။ မူရနိက္ခေပေန၊ ဝန်ချခြင်းကြောင့်။ ပါရာဇိကံ၊ သည်။ ဟောတိ၊၏။

(ဃ) ပရိပုဏ္ဏာယ၊ပြည့်သော။ ကုမ္ဘိယာ၊ဆီအိုး၏။ ဥပရိ၊အထက်နှိုက်။ ကဠံဝါ၊သစ်သားကိုဌင်း။ ဝါ၊သစ်တုံးကိုဌင်း။ ပါသာဏံဝါ၊ ကျောက်ကိုဌင်း။ ဝါ၊ကျောက်ခဲ ကျောက်တုံးကိုဌင်း။ ပတိတ္ဝာ၊ ကျ၍။ ဘိန္နိဿတိ၊ ကွဲလတ့ံ။ တတော၊ထိုသို့ ကွဲခြင်းကြောင့်။ ဇတလံ၊ ဆီသည်။ ပဿရိဿတိ၊ ယိုစီးလတ့ံ။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ထေယျစိတ္တော၊ ခိုးလိုသော စိတ်ဖြင့်။ ဒုဗ္ဘန္ဓံဝါ၊ မကောင်းသဖြင့် ဖွဲ့ချည်အပ်သည်ကိုမူလည်း။ ဝါ၊ အချည် မမြဲမခိုင်သည်ကို မူလည်း။ကရောတိ၊ပြု၏။ ဒုဋ္ဌာပိတံဝါ၊မကောင်းသဖြင့် ထားသည်ကိုမူလည်း။ ထပေတိ၊ ထား၏။ အဝဿံ၊ မချုတ်မယွင်း။ ပတနကံ၊ ကျလတ့ံသည်ကို။ တထာ၊ထိုသို့သော အခြင်းအရာအားဖြင့်။ကရောန္တဿ၊ပြုသောရဟန်းအား။ ကတမတ္တော၊ပြုခါမျှနှိုက်။ ပါရာဇိကံ၊သည်။ ဟောတိ၊၏။

(ငံ) ဟိတဒေဝသစ္စံ၊ ၏။ ဌာနာစာဝနံ၊ တည်ရာမှ ရွေ့ရှားခြင်းကို။ အကရောန္တော၊ယော၀၊မပြုသည် ဖြစ်၍သာလျှင်။ထေယျစိတ္တောနဝါ၊ခိုးလိုသော စိတ်ဖြင့်ဌင်း။ ဝိနာသေတုကာမတာယဝါ၊ ပျက်စီးစေခြင်းငှါ အလိုရှိသည်၏

အဖြစ်ဖြင့်ဂင်း။ စျာပေယျပိ၊မိုးမူလည်း တိုက်ငြားအံ့။ အပရိဘောဂမ်ပိ၊မသုံး ဆောင်ကောင်းသည်ကိုမူလည်း။ ကရေယျ၊ ပြုငြားအံ့။ ပုရိမဒုယေ၊ ရှေးဖြစ် သော ဝါရနှစ်ခုနှိုက်။ ဝုတ္တာနယေန၊ဖြင့်။ ဘိန္နန္တသဝါ၊ဖျက်ဆီးသော ရဟန်း အားဂင်း။ ဆဠေန္ဒ္ရာသဝါ၊စွန့်စေသော ရဟန်းအားဂင်း။ ဌာနာစာဝနံ၊ တည် ရာမှ ရွေ့ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တသ္မာ၊ ထို့ကြောင့်။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ကရောန္တာသ၊ပြုသော ရဟန်းအား။ ဝိနာသေတုကာမ တာယ၊ ပျက်စီးစေခြင်းငှါ အလိုရှိသည်၏ အဖြစ်ကြောင့်။ ဘဏ္ဍာဒေယျံ၊ ဘဏ္ဍာစား ပေးအပ်သည်။ ဟောတိ၊၏။ ထေယျစိတ္တောန၊ဖြင့်။ တထာ၊ဖြင့်။ ကရောန္တာသ၊အား။ (တထာကရောန္တာသ လိုက်)။ ပါရာဇိကံ၊သည်။ဟောတိ၊ ဖြစ်၏။

(ခ) မည်သူ့ဆိုင်မှာ မဝယ်ရ၊ မည်သူ့ကို မငှါးရ၊ မည်သည့်ဘုန်းကြီးကို မပင့်ရ၊ ယစ်မျိုးဆိုင်မျှားကို အရပ်ထည်းမှာ မထားရ စသည်ဖြင့် ရဟန်းတော်တို့ ပညတ်ကြသော အရာသည် အပြစ် လွတ် မလွတ်ကို သိလိုပါသည်ဟု လျှောက်ထားရာနှိုက်—

၁။ အောက်က ပြဆိုခဲ့ပြီးသော "ဘဏ္ဍဝိနာသဒ္ဓါရဿ ပန ကတတ္တာ" ဟူသော၀ါကျနှိုက် ဘဏ္ဍဝိနာသအရကို ရလဘ့ံ ဖြစ်လတံ့ဖြစ်သော အနာဂတ် ဘဏ္ဍာကို ယူရသောကြောင့် မဝယ်ရဟု တားမြစ်ခံရသော ဈေးဆိုင်ရှင်တို့၏ ဥစ္စာဘဏ္ဍာ ပျက်စီးလတံ့ဟူသော ဘဏ္ဍဝိနာသနစိတ်ဖြင့် မည်သူ့ဆိုင်မှာ မဝယ်ရဟု တားမြစ်သည်ဖြစ်အံ့ မရောင်းရကုန်၊ ဘဏ္ဍာပျက်စီးခဲ့သည်ရှိသော် တားမြစ်သော ရဟန်းတော်တို့မှာ အပြစ်မလွတ်၊ ဘဏ္ဍာဒေယျ ဖြစ်၏ဟု မှတ်အပ်၏။

မှတ်ချက်အထူး—ဘဏ္ဍဝိနာသစိတ် မပါဘဲ တိုင်းပြည်၏ လွတ်လပ်ရေး ကိုဂင်း၊ အမျိုးသားတို့၏ ကြီးပွါးရေး စသည်ကိုဂင်း ရည်သန်ဖောင့်တ၍ သုဒ္ဓစိတ်ဖြင့် တားမြစ်ငြားသော်လည်း "ဘဏ္ဍဝိနာသ ဒ္ဓါရဿ ပန ကတတ္တာ ဘဏ္ဍာဒေယျံ" ဟူသောအဋ္ဌကထာနှင့်အညီ မိမိ၏ လုံ့လပယောဂ မကင်းသောကြောင့် ဘဏ္ဍာဒေယျ ဖြစ်၏ဟု မုချသန္နိဋ္ဌာန်ကျ မှတ်အပ်၏။

၂။ မည်သူ့ကို မငှါးရဟု တားမြစ်သည်မှာ ထိုငှါးရမ်းသူသည် ရဟန်း၏ ပယောဂကြောင့် အခလုတ်မရဘဲ သူတပါးတို့၏ အထံမှာ အခန့်ငှါး ငှါးရမ်းသုံးစွဲရပါမူ ထိုအခသည် တားမြစ်သော ရဟန်းအား ဘဏ္ဍာဒေယျ ဖြစ်၏ဟု မှတ်။

၃။ မည်သည့် ဘုန်းကြီးကို မပင့်ရဟု တားမြစ်သည်မှာ ဒါယကာက ပင့်လိုသော်လည်း ထိုတားမြစ်သောရဟန်း၏ ဝစီပယောဂ သက်သက်ကြောင့် မပင့်မလူသည်ဖြစ်အံ့ ထိုရလတံ့သော ဥစ္စာဘဏ္ဍာသည် ထို တားမြစ်သော ရဟန်းအား ဘဏ္ဍာဒေယျ ဖြစ်၏ဟု မှတ်။

၄။ ယစ်မျိုးဆိုင်များကို မထားရဟု တားမြစ်သည်မှာ ဘဏ္ဍာဝိနာသန စိတ်ဖြင့်ဌင်း တိုင်းပြည်အမျိုးသား ကြီးပွါးရေးစိတ်ဖြင့် တားမြစ်သည်ဖြစ်အံ့ ထိုတားမြစ်သော ရဟန်း၏ ကာယ, ဝစီပယောဂကြောင့် သက်သက် ဘဏ္ဍာကို မရောင်းရ ပျက်စီးသည်ဖြစ်အံ့ ဘဏ္ဍာဒေယျ ဖြစ်၏ဟု မှတ်။

မှတ်ချက်အထူး—သုရာမေရယ၏ အပြစ်ကို ပြ၍ သက်သက် မစောင်း မချိပ်ဘဲ ကောင်းသောစိတ်ထားဖြင့် တရားဟောပြောဆုံးမသဖြင့် အလိုလို ဝယ်၍ မသောက်ကြသောကြောင့် ယစ်မျိုးဆိုင်ရှင်မှာ မရောင်းရ ဘဏ္ဍာပျက်စီး ဆုံးရှုံးသည်ဖြစ်အံ့ ရဟန်းတော်များမှာ အပြစ် တစုံတရာမရှိဟု မှတ်အပ်၏။ သာဓကပါဠိကို အောက်က ပြဆိုခဲ့ပြီးသော "ရိတ္တကုမ္ဘိယာ ဥပရိ ကရောတိ" စသော ပါဠိများကိုပင် မှတ်သားအပ်၏။

၂-ဒုတိယမုဆွာအစ

၂။ ဝဠုနအရ ထုတ်ပြသော သမင်ဝတ္ထုနှင့် ဝုတ္တောဝါဒဝတ္ထုတို့၏ အဓိပ္ပါယ်ထူးပုံကို အဋ္ဌကထာနှိုက် "သာမိကေဟိ ဒိန္နတ္တာ" ဟူသော ဟိတ်ပါဠိ၏ အဓိပ္ပါယ်နှင့် နှိုးနှော၍ ဆုံးဖြတ် ပေးသနားတော်မူပါမည့်အကြောင်း ရှိသေစွာ လျှောက်ထားရာနိုက်—

ဒိဂဝတ္ထု၊ ဝုတ္တောဝါဒကဝတ္ထုဒိသေသဝိနိစ္ဆယ

သမင်ဝယ်သော ဝတ္ထုန္နိုက် လှည့်ပတ်ခြင်း ဝဉ္ဆနပါသောကြောင့် အရှင်က ပေးသော်လည်း ခိုးခြင်း ဖြစ်၏။ ဝုတ္တောဝါဒကဝတ္ထုန္နိုက် လှည့်ပတ်သော ပယောဂ မပါဘဲ ဥစ္စာရှင်က ပေးလှူသောကြောင့် ခိုးခြင်းမဖြစ် အာပတ် မသင့်။ ဤသို့ အကျဉ်းအားဖြင့် ရှေးဦးစွာ မှတ်အပ်၏။

မကျဉ်း မကျယ်အားဖြင့်ကား.... သမင်ဝတ္ထုန္နိုက် သမင်ပိုင်ရှင် မူဆိုးက ပေးငြားသော်လည်း သမင်ဝယ်သော သေသော်ကြွေးသည် ငွေအသပြာ (၂)ကျပ် ပေးရမည်ကို မပေးရအောင် လှည့်စား ဖျားယောင်း၍ ပြောဆို သဖြင့် သမင်ပိုင်ရှင် မူဆိုး ယုံကြည်၍ ဟုတ်လိမ့်မည်အထင်နှင့် ပေးလိုက်ရ သောကြောင့် ထေယျာဝဟာရ ခိုးခြင်းဖြစ်၏ဟု မှတ်။ ထိုကြောင့် သုတ် သီလက္ခန်အဋ္ဌကထာန္နိုက်—

(က) ဝဉ္ဆနန္တိ တေဟိ တေဟိ ဥပါယေဟိ ပရေသံ ဝဉ္ဆနံ၊ တတြိဒ မေကံဝတ္ထု—ဧကော ကိရ လုဒ္ဓကော မိဂဉ္ဆ မိဂပေါတကဉ္ဆ ဂဟေတွာ အာဂစ္ဆတိ၊ တ မေကော ဝုတ္ထော ကိံ ဘော မိဂေါ အတ္ထိ၊ ကိံ မိဂပေါတကောတိ အာဟ၊ မိဂေါ ဒ္ဝေကဟာပဏေ၊ မိဂပေါတကော ကေန္တိစ ဝုတ္ထေ ကေံ ကဟာပဏံ ဒတွာ မိဂပေါတကံ ဂဟေတွာ ထောကံ ဂန္ဒွာ နိဝတ္ထော "နမေ ဘော မိဂပေါတကေန အတ္ထော၊ မိဂံ မေ ဒေဟိ"တိ အာဟ၊ တေန ဟိ ဒ္ဝေကဟာပဏေ ဒေဟိတိ၊ သော အာဟ "နနု တေ ဘော မယာ ပဌမံ ဧကော ကဟာပဏော ဒိန္နော"တိ။ အာမ ဒိန္နောတိ၊ ဣမံ မိဂပေါ တကံ ဂဏှ။ ဧဝံ သော စ ကဟာပဏော အယဉ္စ ကဟာပဏဒ္ဝယနကော မိဂပေါတကောတိ ဒ္ဝေကဟာပဏာ ဘရိဿန္တိတိ၊ သော ကာရဏံ ဝဒတိတိ သလ္လက္ခေတွာ မိဂပေါတကံ ဂဟေတွာ မိဂံ အဒါသိတိ။—ဟု ဖွင့်ပြ၏။

ပါရာဇိကဏ်အဋ္ဌကထာန္နိုက်လည်း—

(ခ) ကူဋ္ဌ မာနကူဋ္ဌက ကဟာပဏောဒိဟိဝါ ဝဉ္ဆေတွာ ဂဏှာတိ၊ တသ္မာဝံ ဂဏှတော အဝဟာရော ထေယျာဝဟာရောတိ ဝေဒိတဗ္ဗော။—ဟု ဖွင့်ပြတော်မူ၏။

တေန ခေါပန သမယေန အညတရော ဘိက္ခု ဂါမကံ ဂစ္ဆန္တော အညတရံ ဘိက္ခုံ တေဒဝေါစ အာဝုသော တုယ္ဟံ ဉပဇ္ဈာကကုလံ ဝုတ္ထော ဝင္ဆေမိတိ၊ သော ဂန္ဒှာ ဧကံ သာဋကံ အာဟာရာပေတွာ အတ္တနာ ပရိဘုဉ္ဇိ၊ သော ဇာနိတွာ တံ စောဒေသိ အသမဏောသိ တွန္တိ၊ တဿ ကုက္ကုစ္စံ အဟောသိ။လ။အနာပတ္တိ ဘိက္ခု ပါရာဇိကဿ။ နစ ဘိက္ခဝေ ဝုတ္ထော ဝင္ဆေမိတိ ဝတ္တဗ္ဗော၊ ယော ဝဒေယျ အာပတ္တိ ဒုက္ကဋဿာတိ။

ဤသို့ အစရှိသော ဝုတ္ထောဝါဒက ဝိနိတဝတ္ထု(၃)ခုတို့နှိုက် မြတ်စွာဘုရား ကိုယ်တော်တိုင် ဆုံးဖြတ်တော်မူသည် ဖြစ်၍ ယုံမှား တွေးတောရန် မလို ကြောင်း။

ဘုရားအလိုတော်ကျ အဓိပါယ်ကား

သင်၏စကားဖြင့် သင်္ကန်းလှူလိုက်ပါဟု သင်၏ အလုပ် အကျွေး ဒါယကာအား ပြောကြားပေအုံဟု မူလ ရဟန်းအား ပြောကြားခဲ့ပြီးလျှင် ထိုသို့ ပြောကြားခဲ့ သည့်အတိုင်း ဝဋ္ဋနမရှိ သင်္ကန်းကိုတောင်းသဖြင့် ထိုရဟန်းအား လှည့်ပတ် ခြင်း ဝဋ္ဋန ထေယျောဝဟာရ ခိုးခြင်း မရှိသောကြောင့်၎င်း၊ ဥစ္စာရှင်တို့သည် ထိုသို့ တောင်းသောရဟန်းအား ပေးလှူသောကြောင့်၎င်း ခိုးခြင်းလည်းမဖြစ် အာပတ်လည်း မသင့်ဟူသော အဓိပ္ပါယ်ကို မှတ်ယူအပ်၏။ ထိုကြောင့် ၎င်း ပါဠိတော်အဖွင့် ပါရာဇိကဏ် အဋ္ဌကထာနှိုက်—

(၈) ဝုတ္ထဝါဒကဝတ္ထုတ္တယေ ဝုတ္ထော ဝင္ဆေမိတိ တယာ ဝုတ္ထော ဟုတ္ဝာ တဝ ဝစနေန ဝဒါမိတိ အတ္ထော။ အနာပတ္တိ ဘိက္ခု ပါရာဇိကဿာတိ သာမိကေဟိ ဒိန္နတ္တာ အနာပတ္တိ။—ဟု မိန့်တော်မူ၏။

မှတ်ချက်—၎င်း မိဂဝတ္ထုနှင့် ဝုတ္ထောဝါဒကဝတ္ထု နှစ်ခုသည် ဥစ္စာရှင် ပေး ခြင်း တူကြောင်းသော်လည်း ဝဋ္ဋနပယောဂ ပါ မပါ ထူး၏ဟု မှတ်လေ။

အနက် (က) ဝဠုန္တိ၊ ဝဠုနံဟူသည်ကား။ တေဟိ တေဟိ ဥပါယေဟိ၊ ထိုထိုသို့သော ဥပါယ်တမည်တို့ဖြင့်။ ပရေသံ၊ သူတပါးတို့ကို။ ဝဠုနံ၊လှည့်ပတ်ခြင်းတည်း။ တတြ၊ထိုသို့ လှည့်ပတ်ခြင်းနှိုက်။ ဣဒံ၊ဤဆိုလတံ့သည်ကား။ကော်၊တခုသော။ ဝတ္ထု၊သက်သေဝတ္ထုတည်း။ဧကော၊တယောက်သော။ လုဒ္ဓကော၊မုဆိုးသည်။ မိဂဠ၊သမင်ကြီးကိုငင်း။ မိဂပေါတကဠ၊သမင်ငယ်ကိုငင်း။ ဂဟေတွာ၊ယူ၍။ အာဂစ္ဆတိကိရ၊လာသတတ်။ တံ၊ထိုမုဆိုးကို။ ဧကော၊ တယောက်သော။ ဓုတ္တော၊ သေသောက်ကြူး ယောကျ်ားသည်။ ဟော၊အို အရှင်။ မိဂေါ၊ သမင်ကြီးသည်။ ကိံ အဋ္ဌတိ၊ အဘယ်မျှ အဖိုးထိုက်သနည်း။ မိဂပေါတကော၊သမင်ငယ်သည်။ ကိံ အဋ္ဌတိ၊နည်း။ ဣတိ၊ဤသို့။ အာဟ၊ ဆို၏။ မိဂေါ၊ သမင်ကြီးသည်။ ဒ္ဝေကဟာပဏော၊ နှစ်သပြာတို့ကို။ အဋ္ဌတိ၊အဖိုးထိုက်၏။ မိဂပေါတကော၊သည်။ ကေကဟာပဏံ၊တသပြာကို။ အဋ္ဌတိ၊အဖိုးထိုက်၏။ ဣတိစ၊ဤသို့လည်း။ ဝုတ္တော၊မုဆိုးက ဆိုသည်ရှိသော်။ ဓုတ္တော၊သေသောက်ကြူးသည်။ ဧကော၊တသပြာကို။ ဒတ္ဝာ၊ပေး၍။ မိဂပေါတကံ၊ ကို။ ဂဟေတွာ၊ ၍။ ထောကံ၊ အတန်ငယ်။ ဂန္ဒွာ၊ သွား၍။ နိဝတ္တော၊ပြန်နစ်၏။ ဝါ၊ ပြန်နစ်သည်။ ဟုတွာ၊ ၍။ ဘော၊ အို အရှင်။ မေ၊ အား။ မိဂပေါတကေန၊ သမင်ငယ်ဖြင့်။ နအတ္ထော၊ အလိုမရှိ။ မိဂံ၊သမင်ကြီးကို။ မေ၊အား။ ဒေဟိ၊ပေးလော။ ဣတိ၊ဤသို့။ အာဟ၊၏။ တေနဟိ၊ထိုသို့တပြီးကား။ ဝါ၊ ထိုသို့ သမင်ကြီးကို အလိုရှိမူကား။ **တနည်း**—တေနဟိ၊ ငါတို့က်တွန်းပါ၏။ ဒ္ဝေကဟာပဏော၊ နှစ်သပြာတို့ကို။ ဒေဟိ၊ပေးလော။ ဣတိ၊ဤသို့။ ဝုတ္တော၊ မုဆိုးက ဆိုသည်ရှိသော်၊ သော၊ ထို သေသောက်ကြူးသော သူသည်။ ဝါ၊ သူရာကြူးသောယောကျ်ားသည်။ ဘော၊ အို အရှင်။ မယာ၊ ငါသည်။ ပဌမံ၊ရှေးဦးစွာ။ ဧကောကဟာပဏော၊တသပြာကို။ တေ၊သင်အား။ ဒိန္နောနု၊ပေးအပ်ပြီးသည် မဟုတ်လော။ ဣတိ၊သို့။ အာဟ၊၏။ အာမဒိန္နော၊ ဩ ပေးအပ်ပြီ။ ဣတိ၊သို့။ ဝုတ္တော၊မုဆိုးက ဆိုသည်ရှိသော်။ ဣမံမိဂပေါတကံ၊ ဤသမင်ငယ်ကို။ ဂဏှ၊ ယူလော။ ဧဝံ၊ ဤသို့ သမင်ငယ်ကို ယူသည်ရှိသော်။ သောစကဟာပဏော၊ထိုအသပြာငင်း။ ကဟာပဏဿနကော၊တသပြာထိုက်သော။ အယဉ္စမိဂပေါတကော၊ဤသမင်ငယ်ငင်း။ ဣတိ၊သို့။ ဒ္ဝေကဟာပဏာ၊

နှစ်သပြာတို့သည်။ ဝါ၊နှစ်ကျပ်တို့သည်။ ဘဝိဿန္တိ၊ဖြစ်ကုန်လတံ့။ ဣတိ၊သို့။ အာဟာ၊ဆို၏။ သော၊ထိုမူဆိုးသည်။ ကာရဏံ၊လျော်ပတ်သောအကြောင်းကို။ အယံ၊ဤသေသောက်ကြူးသည်။ ဝဒတိ၊ဆို၏။ ဣတိ၊သို့။သလ္လက္ခေတွာ၊မှတ်၍။ ဝါ၊အဟုတ်ထင်၍။ မိဂပေါတကံ၊ကို။ ဂဟေတွာ၊၍။ မိဂံ၊သမင်ကြီးကို။ အဒါသိ၊ပေးလိုက်၏။ ဣတိအယံ၊ ဤသည်ကား။ ဝတ္ထု၊ သက်သေဝတ္ထုတည်း။

(ခ) တေနခေါပနသမယေန၊ ထိုအခါနှိုက်။ အညတရော၊ အမှတ်မရှိသော။ ဘိက္ခု၊ရဟန်းသည်။ဂါမကံ၊ရွာငယ်သို့။ဂစ္ဆန္တော၊ သွားသည်ရှိသော်။ အညတရံ၊အမှတ်မရှိတပါးသော။ ဘိက္ခုံ၊ ရဟန်းကို။ ဧတံဝစနံ၊ ဤသို့သောစကားကို။ အဝေါစ၊ ဆို၏။ ကိံ အဝေါစ၊ အဘယ်သို့ ဆိုသနည်းဟူမူကား။ အာဝုသော၊ငါ့ရှင်။ အဟံ၊ ငါသည်။ တုယ္ဟံ၊ သင်၏။ ဥပဋ္ဌာကကုလံ၊ အလုပ်အကျွေးဖြစ်သော အမျိုးကို။ တယာ၊ သင်သည်။(ထည့်)။ ဝုတ္တော၊ ဆိုအပ်သည်။ ဝါ၊မှာလိုက်သည်။ ဟုတ္ဝာ၊ ၍။ တဝ၊ သင်၏။ ဝစနေန၊စကားဖြင့်။ ဝဇ္ဇေမိ၊သက်နှံးလွှဲလိုက်ပါဟူ၍ ဆိုပေအံ့။ ဣတိ၊သို့။ အဝေါစ၊ ဆို၏။ သော ဘိက္ခု၊ထိုရဟန်းသည်။ တံဂါမကံ၊ ထိုရွာငယ်သို့။ ဂန္ဆာ၊သွား၍။ တဿဥပဋ္ဌာကကုလဿ၊ ထိုအလုပ်အကျွေးဖြစ်သောအမျိုး၏။ သန္တိကာ၊ အထံမှ။ (တံဂါမကံစသော ပုဒ်တို့ကိုထည့်)။ ဧကံ၊ တထည်သော။ သာဋကံ၊ သင်္ကန်းလျာပုဆိုးကို။ အာဟရာပေတွာ၊ ဆောင်၍။ အတ္တနာ၊ မိမိသည်။ ပရိဘုဉ္ဇိ၊ သုံးဆောင်၏။ သောဘိက္ခု၊ ထိုအမျိုး၏ဆရာဖြစ်သောရဟန်းသည်။ ဇာနိတွာ၊ သိ၍။ တံဘိက္ခုံ၊ ထိုသင်္ကန်းလျာပုဆိုးကို တောင်း၍သုံးဆောင်သောရဟန်းကို။ တုံ၊သင်သည်။ အသမဏော၊ ရဟန်းမဟုတ်သည်။ အသိ၊ဖြစ်ပြီ။ ဣတိ၊သို့။ စောဒေတိ၊စောဒနာ၏။ တဿဘိက္ခုနော၊ထိုစောဒနာအပ်သောရဟန်းအား။ ကုက္ကုစ္စံ၊ အလို့လို့သည်။ ဝါ၊ နောင်တတဖန် ပူပန်ခြင်းသည်။ အဟောသိ၊ဖြစ်ပြီ။လ။ဘိက္ခု၊ ရဟန်း။ ပ၊ရာဇိကဿ ပါရာဇိကေန၊ပါရာဇိကအာပတ်ဖြင့်။ အနာပတ္တိ၊ အာပတ်မသင့်။ ဘိက္ခဝေါတို့။ ဝုတ္တော၊မှာလိုက်၏ဟူ၍။ ဝဇ္ဇေမိ၊ဆိုအံ့။ ဣတိ၊သို့။ နစဝတ္တဗ္ဗော၊ မဆိုအပ်။ ယော ဘိက္ခု၊သည်။ ဝဒေယျ၊ဆိုငြားအံ့။ တဿဘိက္ခုနော၊ အား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ အာပဇ္ဇနံ၊ရောက်ခြင်းသည်။ ဟောတိ၊၏။

(၈) ဝုတ္တောဝါဒကဝတ္ထု၊တ္တယေ၊ဝုတ္တောဝါဒကဝတ္ထု သုံးခုတို့၏အပေါင်းနှိုက်။ ဝုတ္တောဝဇ္ဇမိတိ၊ ကား။ တယာ၊သင်သည်။ ဝုတ္တော၊ ဆိုအပ်သည်။ ဟုတ္ဝာ၊၍။ တဝ၊သင်၏။ ဝစနေန၊စကားဖြင့်။ အဟံ၊ငါသည်။ ဝဒါမိ၊ဆိုပေအံ့။ ဣတိအယံ၊ဤသည်ကား။အတ္ထော၊ဝုတ္တော ဝဇ္ဇမိဟူသောပုဒ်၏ အနက်တည်း။ အနာပတ္တိဘိက္ခုပါရာဇိကဿာတိ၊ကား။ သာမိကေဟိ၊ ဥစ္စာရ်တို့သည်။ ဒိန္နတ္တာ၊ ပေးလှူအပ်သည်၏ အဖြစ်ကြောင့်။ ဘိက္ခုနော၊ တောင်း၍ သုံးဆောင်သော ရဟန်းအား။ အနာပတ္တိ၊အာပတ်မသင့်။

ရခိုင်ပြည် စစ်တွေမြို့ ပုဏ္ဏားကျွန်းစာတိုက်ပိုင် မှင်ကျေးချောင်းကျောင်း ဘုန်းကြီး ရှင်ဥာဏ မေးလျှောက်ချက်အရ မန္တလေးမြို့ မိုးကောင်းတိုက် သာသနာပြု ညောင်ရမ်းဆရာတော်သည် ရေးသားဆုံးဖြတ်အပ်သော ဘဏ္ဍဝိနာသကတဝိနိစ္ဆယ နှင့် မိဂဝတ္ထု ဝုတ္တောဝါဒကဝတ္ထု ဝိသေသဝိနိစ္ဆယ သည် ၁၂၉၅-ခု၊ တပိုတ့ဲလပြည့်ကျော် (၈)ရက်နေ့ ညနေ(၃)နာရီအချိန်တွင် အပြီးသို့ရောက်သတည်း။

ဘဏ္ဍဝိနာသကတ ဝိနိစ္ဆယ ပြီးပြီ။

၁၂၉၃–ခု၊ နယုန်လပြည့်ကျော် (၁၅)ရက်နေ့။

မန္တလေးမြို့-မိုးကောင်းတိုက်

မူလတက္ကဝိဒ်(၂)ပါး သာသနာပြု ညောင်ရမ်းဆရာတော်ထံ

မေးလျှောက်သည်ဘာ

လေးမြတ်စွာ လျှောက်ကြား တောင်းပန် အသနားတော်မြတ် ခံပါသည် ဆရာတော်ဘုရား....။

အောက်ပါ ဝိနည်း စကားရပ်များနှိုက် လွန်မင်းစွာ ယုံမှားသံသယ ဖြစ်ရှိနေပါ၍၊ ၎င်း ယုံမှား သံသယ ငြိမ်းရေန် ယထာဘူတ ဝိနိစ္ဆယ ရေးသား မ,စ ချီးမြှင့်တော်မူပါမည့်အကြောင်း လျှောက်ကြား တောင်းပန် အသနားတော်မြတ် ခံပါသည်ဘုရား...။

၁။ ကျောင်းထိုင်ပုဂ္ဂိုလ် ဆရာတော်(၁)ပါးသည် ရောဂါသည်းထန်စွာ ဖြစ်သဖြင့် အဝေးနေ တပည့်ရဟန်းအား လာလျှင် "ငါ၏ သန္တက

များကို လှူမည် လှူလိုက်”ဟု အမိန့်ရှိပြီးလျှင်၊ ၎င်းတပည့်ရဟန်းကို အပင့်ခိုင်းရာ ၎င်းတပည့်ရဟန်း မရောက်မီ ပြန်လွန်တော် မူ၍ ၎င်းဘပည့်ရဟန်း လာရောက်သောအခါ ၎င်းဒါယကာတို့က ဆရာ ဘုန်းကြီး၏ အမိန့်စကားအတိုင်း ဂရုဘက်, လဟုဘက် ပစ္စည်းများ ကို ၎င်းတပည့်ရဟန်းအား လှူဒါန်းကြပါ၏၊ ၎င်းပစ္စည်းများသည် ၎င်းရဟန်း၏ သန္တကဖြစ်မည်၊ သို့မဟုတ် သံဃသန္တကပင် ဖြစ်မည် ဟု ယုံမှားသံသယ ဖြစ်ပါကြောင်း။

၂။ ၎င်းဘုန်းကြီး၏ မတသန္တက ပစ္စည်းများတွင် ၎င်းဘုန်းကြီးအသက် ဝိညာဉ် ရှိစဉ်က အနှစ်(၂၀)ကျော် (၃၀)ခန့် ကြာရှိအောင် သုံးစွဲ ကြည့်ရှု၍ ပေစာထုပ်(၁၆)ထုပ်ကို ၎င်း၏ ကောင်းမှုရှင် မြို့သူကြီးက ၎င်းပေစာထုပ်များကို ရေစက်မချရသေး၊ မည်သည့် ဘုန်းကြီးကိုမျှ မလှူရသေးပါ၊ ၎င်းဘုန်းကြီးက ပေးခဲ့သော်လည်း မရထိုက်ကြောင်း တပည့်တော်၏ သန္တကဖြစ်ကြောင်း ကန့်ကွက်စာဖြင့် လျှောက်ထား ကြောင်း။ ထိုအခါ ၎င်းတပည့်ရဟန်းက ရေစက်ချ၍ မလှူရသေး မှန်လျှင် ပြန်၍ ရနိုင်ကြောင်း စာပြန်လိုက်ရာ....နောက်တနေ့ လာ၍ တောင်းသဖြင့် ၎င်းရဟန်းသည် မြို့သူကြီးဖြစ်၍ နှောက်ယှက်မည်ကို စိုးရိမ်သောကြောင့် ရေစက် မချရသေးလျှင် ၎င်း ကောင်းမှုရှင်၏ ပစ္စည်းပင်ဟု မှတ်ထင်၍ နောက်မှ သင့်လျော်ရာ ပြောကြားမည် ဟူသော အာလယဖြင့် ၎င်းစာထုပ်များကို ပေးအပ်လိုက်ပြီးနောက် ရေစက်ချ၍ လှူဒါန်းပြီးဟု ကြားသိရပြန်သောကြောင့် ၎င်းစာထုပ် များသည် အကယ်၍ သံဃိက ဖြစ်ခဲ့ပါအံ့ ၎င်းရဟန်း ပေးထိုက် မည် မပေးထိုက်မည်၊ ဂိဝါ, ဘဏ္ဍာဒေယျဖြစ်မည် မဖြစ်မည်ကို ယုံမှား သံသယ ဖြစ်နေပါကြောင်း။

၃။ ၎င်း ပေစာထုပ်များသည် ရေစက်ချ၍ မလှူရသေးဟု ကောင်းမှုရှင် က ဆိုသော်လည်း ၎င်းဘုန်းကြီး၏ လက်နှိုက် အနှစ်(၂၀)ကျော် (၃၀)ခန့် ကြာရှိပြီး ဖြစ်၍ ဘုန်းကြီး၏ သန္တက ဖြစ်ထိုက်မည်၊ သို့ မဟုတ် ကောင်းမှုရှင် ဒါယကာ၏ သန္တက ဖြစ်ထိုက်မည်ဟု ယုံမှား သံသယ ဖြစ်နေပါကြောင်း။

ရှင်အာသဘ
မအူပင်ကျောင်း မိုးကောင်းတိုက်။

မတာသန္တာကဒုဒ္ဒိန္ဒာဒိ ဝိနိဆ္ဆယ

မတာသန္တာကဒုဒ္ဒိန္ဒဝိနိဆ္ဆယ

၁။ ပဌမမေးလျှောက်ချက်နှိုက်—တပည့် ရဟန်းလာလျှင် လှူမည်၊လှူလိုက်ကြဟု မှာထားသောစကားဖြင့် ပေးခြင်းသည် ရဟန်းတပါးက ရဟန်းတပါးအား ရဟန်းတပါးကို သင်္ဃန်းကို ပို့လှူစေရာနှိုက် "ဒေဟိ" ဟူသော အာဏတ္တိစကားဖြင့် ပေးပို့လှူဒါန်းစေရာ ထိုသင်္ဃန်းသည် ပေးလှူအပ်သောရဟန်း၏ လက်သို့ မရောက်သေးသဖြင့် ၎င်းရဟန်း၏ သန္တက မဖြစ်သေး၊ ပေးလှူတတ်သော မူလရဟန်း၏သာ သန္တက ဖြစ်သကဲ့သို့ဌင်း၊ "တဝ သန္တကံ ကရောဟိ" စသော အာဏတ္တိစကားဖြင့် ပေးလှူရာနှိုက်လည်း ပေးအပ်သောရဟန်း၏ သန္တက မဖြစ်သကဲ့သို့ဌင်း ပေးခြင်းမမြောက်သည်ဖြစ်၍ ထိုဆရာဘုန်းကြီး၏ ဂရုဘဏ်, လဟုဘဏ်ပစ္စည်းမျှားသည် လှူလိုရင်း တပည့်ရဟန်း၏ သန္တက မဖြစ်ထိုက်၊ ၎င်းဆရာဘုန်းကြီး၏ သန္တကအတိုင်းသာ ဖြစ်ထိုက်သောကြောင့် ထိုတပည့်ရဟန်း မရောက်မီ ၎င်းဆရာဘုန်းကြီး ပြန်လွှန်ရာ ၎င်း၏ သန္တက မျှားကို ဒါယကာတို့က ဆရာဘုန်းကြီး၏ မှာထားသောစကားအရ ထိုတပည့်ရဟန်းအား အပ်လှူငြားသော်လည်း မူလက ပေးခြင်း မမြောက်သဖြင့် ထိုတပည့်ရဟန်း၏ သန္တက မဖြစ်။

ဘိက္ခုဿ ဘိက္ခဝေ ကာလက်တေ သံဃော သာမိ ပတ္တစီဝရေ။--စသော ပါဠိတော်။

အညေသံ အဒတ္တွာ ဒုရေ ထပိတ ပရိက္ခာရာပိ တတ္ထတတ္ထ သံဃဿေဝ ဟောန္တိ။—

စသော အဋ္ဌကထာတို့နှင့်အညီ သံဃိက သံဃသန္တက ဖြစ်သည်သာလျှင်တည်း။ အကယ်၍ တပည့်ရဟန်းအား လှူပါ၏ဟု မှာထားခဲ့ပါမူ ထိုတပည့်ရဟန်း၏ သန္တက ဖြစ်၏ဟု မှတ်။ သာဓက ပါဋိကား—

(က) ဇုဓ ပန ဘိက္ခဝေ ဘိက္ခု၊ ဘိက္ခုဿ ဟတ္ထေ စီဝရံ ပဟိဏာတိ။ ဇုမံစီဝရံ ဇုတ္ထန္နာမဿ ဒေဟီတိ။ သော အန္တရာမဂ္ဂေ ယော ပဟိဏာတိ။ တဿ ဝိဿာသာ ဂဏ္ဟာတိ။ သုဂ္ဂဟီတံ။ ယဿ ပဟိယျတိ။ တဿ ဝိဿာသာ ဂဏ္ဟာတိ၊ ဒုဂ္ဂဟီတံ။

(ခ) ဇုဓ ပန ဘိက္ခဝေ ဘိက္ခု၊ ဘိက္ခုဿ ဟတ္ထေ စီဝရံ ပဟိဏာတိ။ ဇုမံစီဝရံ ဇုတ္ထန္နာမဿ ဒေဟီတိ။ သော အန္တရာမဂ္ဂေ သုဏာတိ။ ယဿ ပဟိယျတိ၊ သော ကာလင်္ကတော တိ။ တဿ မတကစီဝရံ အဓိဋ္ဌာတိ။ ဒွါမိဋ္ဌိတံ။ ယော ပဟိဏာတိ၊ တဿ ဝိဿာသာ ဂဏ္ဟာတိ၊ သုဂ္ဂဟီတံ။ ဝိနည်းမဟာဝါပါဠိတော် စီဝရက္ခန္ဓက။ (အကျယ်ကို လိုမူ ၎င်းနှိုက် ကြည့်ရှုလေ)။

(ဂ) တဝ သန္တကံ ကရောဟိ၊ တဝ သန္တကံ ကရောတု၊ တဝ သန္တကံ ကာရာပေဟိတိ ဝုတ္တော။ မမ သန္တကံ ကရောမိ၊ မမ သန္တကံ ဟောတု၊ မမ သန္တကံ ကရိဿာမိတိ ဝဒတိ။ ဒုဋ္ဌိန္နံ ဒုဂ္ဂဟိတဘဏ္ဍ။ ပါရာဇိကဏ် အဋ္ဌကထာ ပဌမ ကထိန သိက္ခာပုဒ် (အကျယ်ကို အလိုရှိမူ ၎င်းနှိုက် ကြည့်ရှုလေ)။

အနက် (က) ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤ ငါဘုရားသာသနာတော်နှိုက်။ ဘိက္ခု၊ သည်။ ဘိက္ခုဿ၊ ၏။ ဟတ္ထေ၊ လက်နှိုက်။ စီဝရံ၊ ကို။ ပဟိဏာတိ၊ ပို့သစေ၏။ ဇုမံစီဝရံ၊ ကို။ ဇုတ္ထန္နာမဿ၊ ဤ အမည်ရှိသော ရဟန်းအား။ ဒေဟိ၊ လှူလော့။ ဣတိ၊ ဤသို့။ ပဟိဏာတိ၊ ၏။ သောဘိက္ခု၊ ထိုသင်္ဃန်းကို ဆောင်ခဲ့သော ရဟန်းသည်။ ဝါ၊စေအပ်သော ရဟန်းသည်။ အန္တရာမဂ္ဂေ၊ ခရီးအကြားနှိုက်။ ယောဘိက္ခု၊ သည်။ ပဟိဏာတိ၊ ပို့သစေ၏။ တဿဘိက္ခုနော၊ ထိုပို့သစေသောရဟန်းနှင့်။ ဝိဿာသာ ဝိဿာသေန၊ ချစ်ကျမ်းဝင်သဖြင့်။ တံစီဝရံ၊ကို။ ဂဏှာတိ၊ယူအံ့။ သုဂ္ဂဟီတံ၊ကောင်းစွာ ယူအပ်၏။ ယဿဘိက္ခုနော၊ အား။ ပဟိယျတိ၊ပို့သစေအပ်၏။ တဿ၊ထို ရဟန်းနှင့်။ ဝိဿာသာ ဝိသာသေန၊ဖြင့်။ တံစီဝရံ၊ကို။ ဂဏှာတိ၊အံ့။ ဒုဂ္ဂဟီတံ၊မကောင်းသဖြင့် ယူအပ်၏။

(ခ) ဘိက္ခဝေ၊တို့။ ဣမမပန၊နှိုက်။ ဘိက္ခု၊သည်။ ဘိက္ခုဿ၊၏။ ဟတ္ထေ၊နှိုက်။ စီဝရံ၊ကို။ ပဟိဏာတိ၊ ၏။ ဣမံစီဝရံ၊ကို။ ဣတ္ထန္နာမဿ၊ အား။ ဒေဟိ၊လော့။ ဣတိ၊ သို့။ ပဟိဏာတိ၊ ၏။ သောဘိက္ခု၊ ထိုစေခိုင်းအပ်သောရဟန်းသည်။ အန္တရာမဂ္ဂေ၊နှိုက်။ ယဿဘိက္ခုနော၊အား။ ပဟိယျတိ၊ ပို့သစေအပ်၏။သော၊ထိုပို့သစေအပ်သောရဟန်းသည်။ကာလင်္ကတောတိ၊သေ၏ဟူ၍။ သုဏာတိ၊ကြား၏။ တဿဘိက္ခုနော၊ ၏။ မတကစီဝရံ၊ သူသေသင်္ကန်းကို။ အဓိဋ္ဌာတိ၊ ဓိဋ္ဌာန်အံ့။ ဒုါဓိဋ္ဌိတံ၊ မကောင်းသော ဓိဋ္ဌာန်ခြင်းတည်း။ ဝါ၊ မကောင်းသဖြင့် ဓိဋ္ဌာန်အပ်၏။ ယောဘိက္ခု၊ သည်။ ပဟိဏာတိ၊၏။ တဿဘိက္ခုနော၊အား။ ဝါ၊ နှင့်။ ဝိဿာသာ ဝိဿာသေန၊ဖြင့်။ **တနည်း—**ဝိဿာသာ၊ချစ်ကျမ်းဝင်သည်။ ဟုတ္တာ၍။ ဂဏှာတိ၊အံ့။ သုဂ္ဂဟိတံ၊ကောင်းသော ယူခြင်းတည်း။ ဝါ၊ကောင်းသဖြင့် ယူအပ်သည်မည်၏။

(ဂ) တဝ၊သင်၏။ သန္တကံ၊ဥစ္စာကို။ ကရောဟိ၊ပြုလော့။ တဝ၊သင်၏။ သန္တကံ၊သည်။ ဟောတု၊ဖြစ်စေ။ တဝ၊၏။ သန္တကံ၊ကို။ ကာရာပေဟိ၊ပြုစေလော့။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ဆိုအပ်သည်ရှိသော်။ မမ၊ ငါ၏။ သန္တကံ၊ ကို။ ကရောမိ၊ပြုပါ၏။ ဝါ၊ အံ့။ မမ၊ ၏။ သန္တကံ၊ သည်။ ဟောတု၊စေ။ မမ၊၏။ သန္တကံ၊ကို။ ကရိဿာမိ၊ပြုပါအံ့။ ဣတိ၊သို့။ ဝဒတိ၊ဆိုအံ့။ ဒုဒ္ဒိန္နဥ္စ၊မကောင်းသဖြင့် ပေးခြင်းသည်လည်း။ ဟောတိ၊၏။ ဒုဂ္ဂဟိတဥ္စ၊မကောင်းသဖြင့် ခံယူခြင်းသည်လည်း။ ဟောတိ၊၏။

မတသန္တကဒုဒ္ဒိန္န ဝိနိစ္ဆယ ပြီး၏။

ဧဝံဝိနိစ္ဆယ

၂။ **ဒုတိယ မေးလျှောက်ချက်နှိုက်**—ဂင်းစာထုပ်များသည် ဂင်းဘုန်းကြီးအား ဧကန်မုချအားဖြင့် ညွှတ်ခြင်းလည်း မရှိ၊ မလှူဒါန်းရသေးသည်လည်းမှန်က သံဃိကမဖြစ်။ သို့မဟုတ် ရေစက်ချ၍ ဖြစ်စေ၊ ရေစက် မချမူ၍ ရှေးကညွှတ်ကိုင်း၍ အပ်နှင်းလှူဒါန်းပြီး ဖြစ်အံ့ သံဃိက ဖြစ်သည်သာလျှင်တည်း။ သံဃိကဖြစ်လျှင် ထိုစာထုပ်များကို ထိုတပည့်ရဟန်းသည်မပေးထိုက်၊သို့သော်

ထိုတပည့်ရဟန်းသည် ထိုစာထုပ်များ၏ ကောင်းမှုရှင် ဒါယကာက ထိုစာထုပ်များကို တစုံတယောက်သော ရဟန်းအား ရေစက်ချ၍ မလှူဒါန်းရသေးပါဟု လျှောက်ထား၍ အမှန်ပင် ရေစက်ချ၍ မလှူဒါန်းရသေးဟု မှတ်ထင်သည်ဖြစ်၍၎င်း၊ အနိုင်အထက် နှိပ်စက်မည်ကို စိုးရိမ်သည်ဖြစ်၍၎င်း၊ လှူပြီးသည်ဖြစ်စေ မလှူရသေးသည်ဖြစ်စေ ဘုန်းကြီးပြန်ကိစ္စ ပြီးသောအခါမှ ရှင်းလင်းပြောဆိုမည်ဟူသော အာလယရှိသည် ဖြစ်၍၎င်း၊ ယောနိသောမနသိကာရဖြင့် ၎င်းစာထုပ်များကို ပြန်၍ ပေးလိုက်သည် ဖြစ်အံ့ ဘဏ္ဍာဂါရိက ရဟန်းသည် ခိုးသူ,ဓားပြတို့က ခြိမ်းခြောက်သဖြင့် သံဃိကဘဏ္ဍာတိုက်ကို ဖွင့်လှစ်၍ ပေးရာနှိုက် အရာမဟုတ်သဖြင့် ဂိဝါမထိုက်သကဲ့သို့ ထို စာထုပ်များသည် သံဃိကဖြစ်ခဲ့သော်လည်း ပဌမ စာပေးစဉ်က မပေးလို၍ ရေစက်မချရသေးမှန်လျှင် ပြန်၍ ရနိုင်ကြောင်း စာဖြင့် ပြန်ကြားခြင်း ထင်ရှားသောကြောင့်၎င်း၊ ထေယျစိတ် ဘဏ္ဍဝိနာသနစိတ် အရိပ်အရောင်မျှ မထင်သောကြောင့်၎င်း ထိုတပည့်ရဟန်းအား ဂိဝါမထိုက် ဘဏ္ဍာဒေယျမှာ ဆိုဖွယ်မရှိဟု မှတ်အပ်၏။ သာဓက ပါဠိကား—

ယော ပန အန္တော ဥဏ္ဏဝိဠိတော ဒွါရံ သုဂုတ္တံ ကတ္တာ ဗဟိ နိက္ခမတိ။ စောရာစ နံ ဂဟေတ္ဝာ ဒွါရံ ဝိဝရာတိ ဝဒန္တိ။ ယာဝတတိယံ န ဝိဝရိတဗ္ဗံ။ ယဒိ ပန တေ စောရာ သစေ န ဝိဝရတိ။ တွဉ္ဆ မာရေသာမ။ ဒွါရဉ္ဆ ဘိန္ဒိတ္ဝာ ပရိက္ခာရံ ဟာရိဿာမာတိ ဖရသု အာဒိနိ ဥက္ခိပန္တိ။ မယိစ မတေ သံဃဿသစ သေနာသနေ ဝိနဋ္ဌေ ဂုဏော နတ္ထိတိ ဝိဝရိတုံ ဝဋ္ဋတိ။ ဣဓာဝိ အဝိသယတ္တာ ဂိဝါ နတ္ထိတိ ဝဒန္တိ။

ပါရာဇိကဏ်အဋ္ဌကထာ ဒုတိယသိက္ခာပုဒ်

အနက် ယော ပန ဘိက္ခု၊ အကြင် ဘဏ္ဍာစိုး ရဟန်းသည်။ အန္တော၊ ဘဏ္ဍာတိုက်၏ အတွင်းနှိုက်။ ဥဏ္ဏဝိဠိတော၊ အပူသည် နှိပ်စက်အပ်သည်ဖြစ်၍။ ဒွါရံ၊တံခါးကို။ သုဂုတ္တံ၊ကောင်းစွာ လုံခြုံသည်ကို။ ကတ္ဝာ၊၍။ ဗဟိ၊အပသို့။ နိက္ခမတိ၊ထွက်၏။ စောရာစ၊ခိုးသူတို့သည်လည်း။ နံ ဘိက္ခု၊ကို။ ဂဟေတ္ဝာ၊ဖမ်း၍။ ဒွါရံ၊ကို။ ဝိဝရ၊ဖွင့်လော့။ ဣတိ၊သို့။ ဝဒန္တိ၊ဆိုကုန်

အံ့။ ယာဝတတိယံ၊ သုံးကြိမ်မြောက်အောင်။ နဝိဝရိတဗ္ဗံ၊ မဖွင့်အပ်။ တေ စောရာ၊ထိုခိုးသူတို့သည်။ သစေနဝိဝရတိ၊အကယ်၍ မဖွင့်သည်ဖြစ်အံ့။ တဉ္ဉ၊ သင်ရဟန်းကိုလည်း။မာရေဿာမ၊သတ်ကုန်အံ့။ဒုဂ္ဂရဉ္ဉ၊တိုက်တံခါးကိုလည်း။ ဘိန္ဒိတ္ဝာ၊ ဖျက်ဆီး၍။ ပရိက္ခာရံ၊ ပရိက္ခရာကို။ ဟရိဿာမ၊ ဆောင်ကုန်အံ့။ ဣတိ၊သို့။ဖရသုအာဒိနိ၊ပေါက်ဆိန် အစရှိသည်တို့ကို။ ယဒိဉ္စိပန္တိ၊အကယ်၍ ခဏိမကုန်အံ့။ မယိ၊ငါသည်။ မတေစ၊ သေသော်၎င်း။ သံယဿ၊ ၏။ သေနာ သနေ၊ ကျောင်းသည်။ ဝိနဋ္ဌေစ၊ ပျက်စီးသော်၎င်း။ ဂုဏော၊ ဂုဏ်ကျေးဇူး သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ဝိဝရိတုံ၊ ဖွင့်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဤဓာပိ၊ဤသို့ ဖွင့်၍ ပေးရာန္ဒိုက်လည်း။ အဝိသယတ္တာ၊အရာမဟုတ်သည်၏ အဖြစ်ကြောင့်။ ဂိဝါ၊အစားသည်။ နတ္ထိ၊မရှိ။ ဣတိ၊သို့။ အဋ္ဌကထာ စရိယာ၊ အဋ္ဌကထာဆရာတို့သည်။ ဝဒန္တိ၊ဆိုတော်မူကြကုန်၏။

ဂိဝါဝိနိစ္ဆယ ပြီး၏။

ဒိန္နဝတ္ထုသာမိဝိနိစ္ဆယ

၃။ ၎င်းစာထုပ်များသည် ရေစက်ချ၍ မလှူရသေးဟု ဒါယကာက ဆိုသော်လည်း ၎င်းဘုန်းကြီး၏ လက်နှိုက် အနှစ်(၂၀)ကျော် (၃၀)ခန့် ကြာရှိပြီး၍ ၎င်းဘုန်းကြီး၏ သန္တက ဖြစ်ထိုက်မည်၊ သို့မဟုတ် ကောင်းမှုရှင် ဒါယကာ၏ သန္တက ဖြစ်ထိုက်မည်ကို သိလိုပါကြောင်း ဟူသော မေးလျှောက်ချက်နိုက်—

ဒါနဝတ္ထုကို စွန့်လွှတ်သော မုဉ္ဇစေတနာဖြစ်သည်မှစ၍ ပဋိဂ္ဂါဟကရဟန်းသည် အစိုးရကြောင်းကို—

(က) မုဉ္ဇစေတနုပ္ပတ္တိတော ပဋ္ဌာယ ပဋိဂ္ဂါဟကဘိက္ခု သာမိ ဟောတိ။ပရိဘုဉ္ဇိတုံ ဝါ အညေသံ ဒါတုံ ဝါ ဣသရော။—

ဟူ၍ ဖွင့်ပြသော ဝိနယာလင်္ကာရဋီကာနှင့် အညီ ၎င်းကောင်းမှုရှင် ဒါယကာ၏ စာရေး၍ လှူဒါန်း ပူဇော်မည်ဟု ကြံစည် အောက်မေ့သောအခါ နှိုက် ဖြစ်သော စေတနာသည် ပုဗ္ဗစေတနာဟု ယူသင့်၏။ ထိုသို့ ကြံစည်ပြီး

နောက် ရည်ညွှတ်ရင်း ဘုန်းကြီးထံသို့ သွားရောက် ချဉ်းကပ်၍ စာရေး၍ ပူဇော်လိုပါသဖြင့် "စာရေးတော်မူပါ ကပ်တော်မူပါ" စသည်ဖြင့် လျှောက်ထားပြီးလျှင် ပူဇော်ရန် ပစ္စည်းဝတ္ထုကို စွန့်လွှတ်သည်က စ၍ မုဆွေစတန့်ခ မဖြစ်သေးဟု အဘိဓမ္မာအလိုဆုံးဖြတ်ရန်မှာ အလွန်ခဲယဉ်းပေ၏။ တကြောင်းလည်း သံဃာသို့ ညွှတ်ကိုင်းပြီးဖြစ်သော ဥစ္စာသည် သံဃာတော်၏ လက်သို့ မရောက်သေးသော်လည်း တစုံတခုသော ပရိယာယ်ဖြင့် သံဃသန္တကမည်ထိုက်ကြောင်းကို—

(ခ) သံဃိကန္တိ သံဃသ သန္တကံ။ သော ဟိ သံဃသ ပရိဏာ တတ္ထာ ဟတ္ထံ အနာရုဇ္ဇောဝိ ဇကေန ပရိယာယေန သံဃသ သန္တကော ဟောတိ။—

ဟူ၍ ဖွင့်ပြသော ပါရာဇိကဏ် အဋ္ဌကထာ ပရိဏာတသိက္ခာပုဒ်အဖွင့်နှင့် အညီ ၎င်းစာထုပ်မျှားသည် ၎င်းဘုန်းကြီး၏ လက်နှိုက် အနှစ်(၂၀)ကျော် (၃၀)ခန့် ကြာရှိပြီးဖြစ်၍ ၎င်းဘုန်းကြီးအား လူမည်ဟူ၍ ရည်မှန်းခြင်းမရှိဟု ဆိုရမှာလည်း ခဲယဉ်းစွ၊ အကယ်၍ ၎င်းဘုန်းကြီးအား မအပ်နှင်း မလှူဒါန်းလိုက စာရေး၍ ပြီးစကသော်၎င်း၊ စာရေးပြီး၍ (၂)နှစ်ကျော် (၃)နှစ်ခန့် လောက်ကပင်လျှင် တခြားဘုန်းကြီးအား ပြောင်းလဲ၍ လှူဒါန်းအပ်နှင်းခဲ့ရာ၏၊ ထိုသို့ ပြောင်းလဲ၍ လှူဒါန်းအပ်နှင်းခြင်း မရှိသဖြင့် ၎င်း အသက်ဝိညာဉ် ရှိစဉ်က တစုံတရာ ပြောကြား လျှောက်ထား တောင်းဆိုခြင်း မရှိ၊ ပြန်လွှန် တော်မူမှ တောင်းသဖြင့် ၎င်းဒါယကာ၏ မရိုးဖြောင့်ခြင်းသဘော ထင်ရှားသဖြင့်၎င်း၊ ၎င်းဘုန်းကြီး၏ သန္တက မဖြစ်ထိုက်ဟု ဆုံးဖြတ်ရန်လည်း ခဲယဉ်းလေစွ။ ထိုမှတပါးလည်း "ပေးလှူပါအံ့ ပြုပါအံ့" ဟု အလှူခံပုဂ္ဂိုလ်ထံနှိုက်နှုတ်မြွက်၍ ပြောဆိုသည်ရှိသော် ဤလက္ခဏာဖြင့် လှူဒါန်းသည်မည်ကြောင်းကို—

(ဂ) ဝိနယပရိယာယံ ပတ္ဝာ ဟိ ဒဿာမိ ကရိဿာမိတိ ဝါစာ ဘိန္နာ ဟောတိ။ ဤမိနာလက္ခဏေန ဒါနံနာမ ဟောတိ။—

ဟူ၍ ဖွင့်ပြသော အဋ္ဌသာလိနီ အဋ္ဌကထာနှင့် အညီ ၎င်းကောင်းမှုရှင် ဒါယကာသည် ၎င်းဘုန်းကြီး၏ အထံသို့ သွား၍ ပေစာ ရေးသားပူဇော်ပါ

အံ့ဟု နှုတ်မြွက်၍ လျှောက်ထားစဉ်ကပင်လျှင် အလှူဒါန မြောက်ပြီးဖြစ်၍ ၎င်းဘုန်းကြီး၏ သန္ဓက မဖြစ်ထိုက်ကြောင်း ဆုံးဖြတ်ရမှာလည်း ခဲယဉ်းလေစ့။ ဘုရား,ရဟန္တာတို့၏ အရာသာတည်းဟု မှတ်ယူသာင့်ပေ၏။

၎င်းစာထုပ်ကောင်းမှုရှင် ဒါယကာ၏ သန္ဓက ဖြစ်ထိုက် မဖြစ်ထိုက်ဆိုရာမှာ....ပေးလှူပါအံ့ဟု နှုတ်မြွက်သဖြင့်၎င်း ပေးလှူပူဇော်အံ့ဟု စိတ်ဖြစ်ခါမျှဖြင့်၎င်း ဝမ်းမြောက်ပြီး၍ နောက်မှ တစုံတခုသော အကြောင်းကြောင့် တဖန်ပြန်၍ ဆောင်ယူခြင်းငှါ မရကြောင်းကို—

(ဃ) ဝစီဘေဒေန ဝါ စိတ္တုပ္ပါဒမတ္တေန ဝါ အနုမောဒိတ္ထာပစ္ဆာ ကေနစိ ကာရဏေန ကုပိတော ပစ္ဆာ ဟရာပေတုံ နလဘတိ။—

ဟူ၍ ဖွင့်ပြသော ပါရာဇိကဏ် အဋ္ဌကထာနှင့်အညီ ၎င်းဒါယကာသည် ၎င်းစာထုပ်မျှားကို မူလကပင်လျှင် နှုတ်ဖြင့်၎င်း စိတ်ဖြင့်၎င်း စွန့်လွှတ်ပြီးဖြစ်၍ ပြန်၍မယူထိုက် မသုံးဆောင်ထိုက်၊ ရောင်း၍ စားခြင်းမှာမူကား ဆိုဘွယ်ရာ မရှိ။ အကယ်၍ ပြန်၍ ယူပါမူ အသက်ရှင်လျက်ပင်လျှင် ငရဲနှိုက်ကျရောက်ပြီး မည်၏။ အလှူခံပုဂ္ဂိုလ်၏ လက်သို့ ရောက်ပြီး ဝတ္ထုကို ပြန်၍ယူရာမှာ မဆိုထားဘိ၊ အလှူခံပုဂ္ဂိုလ်၏ အထံနှိုက် ပေးလှူပါအံ့ဟု ပြောဆိုပြီး၍ ထိုဝတ္ထုကို မလှူလိုသော စိတ်ဖြစ်အံ့ အလှူခံပုဂ္ဂိုလ်၏ လက်သို့ မရောက်သေးသော်လည်း လှူပြီးဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်သည် ယုတ်မာသော သူတို့တွင် အယုတ်မာဆုံးဖြစ်သော ပုဂ္ဂိုလ် မည်၏။ အသက်ရှင်လျက်ပင်လျှင် ငရဲသို့ ကျရောက်ပြီးမည်၏။ **ရတနာသုံးပါး မှန်းထားရည်လျက် အသုံးခက်**ဟု ပညာရှိတို့ စပ်ဆိုတော်မူကြသည်။ ထိုကြောင့် မြတ်စွာဘုရားသည် သိဝိဇာတ်နှိုက်—

ယော ဝေ ဒဿန္တိ ဝတ္ထာန၊ အဒါနေ ကုရတေ မနော။
ပါပါနံ ပါပတရော ဟောတိ၊ သမွတ္တော ယမသာဒနံ။—
ဟု ဟောတော်မူ၏။

ဂါထာနက် ယောပုဂ္ဂလော၊အကြင်ပုဂ္ဂိုလ်သည်။ ဝေ၊စင်စစ်။ ဒဿန္တိ၊ပေး လှူအံ့ဟူ၍။ ဝတ္ထုန၊အလှူခံပုဂ္ဂိုလ်၏အထံနှိုက် ပြောဆိုပြီး၍။ အဒါနေ၊ မပေးလှူလိုခြင်းနှိုက်။ မနော၊ စိတ်ကို။ ကုရုတေ၊ ပြု၏။ သောပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်။ ပါပါနံ၊ ယုတ်မာသောသူတို့ထက်။ ပါပတရော၊အထူးသဖြင့် ယုတ်မာသည်။ ဟောတိ၊၏။ ယမသာဒနံ၊ယမမင်း၏ အာဏာပျံနှံရာဥဿဒတ်ငရဲသို့။ သမ္ပတ္တော၊ကျရောက်ပြီး မည်၏။

အနက် (က) မုဥ္စစေတနုပတ္တိတော၊ မုဥ္စစေတနာဖြစ်သည်မှ။ ပဋ္ဌာယ၊ စ၍။ပဋိဂ္ဂါဟကဘိက္ခု၊အလှူခံရဟန်းသည်။ သာမိ၊အစိုးရသည်။ ဟောတိ၊၏။ ပရိဘုဉ္ဇိတုံဝါ၊သုံးဆောင်ခြင်းငှါငင်း။ အညေသံ၊ တပါးသော သူတို့အား။ ဒါတုံဝါ၊ပေးလှူခြင်းငှါငင်း။ ဣဿရော၊အစိုးရ၏။

(ခ) သံဃိကန္တိ၊ကား။ သံဃဿ၊ သံဃာတော်၏။ သန္တကံ၊ဥစ္စာတည်း။ ဟိသစ္ဆံ၊၏။ သောသန္တကော၊သည်။ သံဃဿ၊အား။ ပရိဏတတ္တာ၊ညွှတ်ပြီးသည်၏အဖြစ်ကြောင့်။ ဟတ္ထံ၊သံဃာတော်၏လက်သို့။ အနာရုဠ္ဍောပိ၊ မတင်အပ်သေးသော်လည်း။ ဝါ၊မရောက်သေးသော်လည်း။ကေန ပရိယာယေန၊ တခုသောပရိယာယ်ဖြင့်။ သံဃဿ၊၏။ သန္တကော၊သည်။ ဟောတိ၊၏။

(ဂ) ဟိသစ္ဆံ၊၏။ ဝိနယပရိယာယံ၊ ဝိနည်းဒေသနာသို့။ ပတ္တာ၊ရောက်၍။ ဝါ၊သော်။ အဟံ၊ သည်။ ဒဿာမိ၊ ပေးလှူပါအံ့။ ကရိဿာမိ၊ပြုပါအံ့။ ဣတိ၊ သို့။ ဝါစာဘိန္နာ၊ နှုတ်မြွက်သည်။ ဟောတိ၊၏။ ဣမိနာလက္ခဏေန၊ ဤနှုတ်မြွက်သောလက္ခဏာဖြင့်။ ဒါနံနာမ၊ ဒါနမည်သည်။ ဝါ၊ပေးပြီးမည်သည်။ ဟောတိ၊၏။

(ဃ) ဝစီဘေဒေနဝါ၊နှုတ်မြွက်သဖြင့်ငင်း။ စိတ္တုပ္ပါဒမတ္တေနဝါ၊ ပေးလှူအံ့ဟု စိတ်ဖြစ်ခါမျှဖြင့်ငင်း။ အနုမောဒိတ္တာ၊ဝမ်းမြောက်ပြီး၍။ ပစ္ဆာ၊နောက်နှိုက်။ ကေနစိကာရဏေန၊တစုံတခုသောအကြောင်းဖြင့်။ ကုပိတော၊အမျက်ထွက်သည်ဖြစ်၍။ ပစ္ဆာ၊ နောက်နှိုက်။ ဟရာပေတုံ၊ ဆောင်ယူစေခြင်းငှါ။ နလဘတိ၊မရ။

မတသန္တက ဒုဒ္ဒိန္နဒါဒိ ဝိနိစ္ဆယ ပြီးပြီ။

ထေယျသံဝါသကဝိနိစ္ဆယ

ရဟန်းသည် အထင်အရှား လူထွက်ပြီး၍ တဖန် အထင်အရှား ရဟန်းခံပြီးနောက် လူထွက်မှန်း မသိသော အရပ်မျှးနှိုက် နောက် တဖန် ရဟန်းခံပြီး၍ ရသေဝဝါကိုသာ မပြောကြားဘဲ လူမထွက်မီက ရသော ဝါနှင့် ပေါင်းစပ်၍ (၁၅) ဝါရပြီ စသည် ပြောကြားပြီးလျှင် သံဝါသ စသည်ပြုရာ ထေယျသံဝါသက ဖြစ် မဖြစ်ဟု ရှင်ကိတ္တိမာလာ လျှောက်ထားရာနှိုက်—

မဟာကာရုဏိက ဖြစ်တော်မူသော မြတ်စွာဘုရားသည် တယောက်သော ပုရာဏကုလပုတ္တာသည် သရဏာဂုံယူခြင်း စသည်မပြုဘဲ ကိုယ်တိုင် သင်္ကန်းဝတ် ဆင်း၍ ကျောင်းအာရာမ်သို့ သွားပြီးလျှင် ရဟန်းတို့နှင့် အတူတကွ သံဝါသ ပြု၍နေ၏၊ ထိုသူသည် သာမဏေလည်းမဟုတ် ရဟန်းလည်းမဟုတ် လူလည်း မဟုတ် သယံပဋိဇိတဖြစ်သော ပုရာဏကုလပုတ္တာကို အကြောင်းပြု၍—

(က) ထေယျသံဝါသကော ဘိက္ခဝေ အနုပသမ္မန္နော နုပသမ္မါ ဒေတဗ္ဗော။ ဥပသမ္မန္နော နာသေတဗ္ဗော။—

ဟု ဝိနည်းမဟာဝဂ် ပါဠိတော် မဟာခန္ဓကန်ိုက် ဟောတော်မူ၏။ ၎င်း အဋ္ဌကထာန်ိုက်လည်း—

(ခ) ထေယျသံဝါသကော ဘိက္ခဝေတိ ဇ္ဈေ တယော ထေယျသံဝါသကာ လိင်္ဂဇ္ဈေနကော, သံဝါသဇ္ဈေနကော, ဥဘယဇ္ဈေနကောတိ။ တတ္ထ ယော သယံ ပဋိဇိတ္တာ ဝိဟာရံ ဂန္ဆာ နာ ဘိက္ခုဝဿာနိ ဂဏှေတိ။ နာ ယထာဝုဍ္ဎံ ဝန္ဒနံ သာဒိယတိ၊ နာ အာသနေန ပဋိဗာဟတိ၊ နာ ဥပေါသထ ပဝါရဏာဒိသု သန္နိသတိ။ အယံ လိင်္ဂမတ္တသေဝ ထေနိ တတ္တာ လိင်္ဂဇ္ဈေနကောနာမ။ ယော ပန ဘိက္ခူဟိ ပဋိဇိတော သာမဏေရော သမာနောဝိ ဝိဒေသံ ဂန္ဆာ အဟံ ဒသဝဿောဝါဝိသတိဝဿောဝါတိ မုသာ ဝတ္ဝာ ဘိက္ခု

ဝဿာနိ ဂဏှေတိ၊ ယထာဝုစ္စံ ဝန္ဒနံ သာဒိယတိ၊ အာသနေန ပဋိဗာဟတိ၊ ဥပေါသထပဝါရဏာဒိသု သန္နိဿတိ။ အယံ သံဝါသမတ္တဿေဝ ထေနိတတ္တာ သံဝါသတ္ထေနကောနာမ။ ဘိက္ခုဝဿ ဂဏနာဒိကော ဟိ သဗ္ဗောပိ ကြိယာဘေဒေါ ဇုမသ္မိံ အတ္ထေ သံဝါသောတိ ဝေဒိတဗ္ဗော။ ယော ပန သယံ ပဗ္ဗဇိတ္ဝာ ဝိဟာရံ ဂန္ဆာ ဘိက္ခုဝဿာနိ ဂဏှေတိ၊ ယထာဝုစ္စံ ဝန္ဒနံ သာဒိယတိ၊ အာသနေန ပဋိဗာဟတိ၊ ဥပေါသထပဝါရဏာဒိသု သန္နိဿတိ။ အယံ လိင်္ဂသမ္ပေဝ သံဝါသသမ္ပ ထေနိတတ္တာ ဥဘယတ္ထေနကောနာမ။—

ဟူ၍ ဖွင့်ပြရာ၌ကား-"သယံ ပဗ္ဗဇိတ္ဝာ" ဟူ၍၎င်း၊ "သာမဏေရော သမာနောပိ" ဟူ၍၎င်း သယံပဗ္ဗဇိတနှင့် သာမဏေကိုသာလျှင် အထူးပြု၍ ဖွင့်ပြတော်မူသောကြောင့်၎င်း၊ ပါဠိတော်၌က် သယံပဗ္ဗဇိတ ဖြစ်သော ပုရာဏကုလပုတ္တကိုသာလျှင် အကြောင်းပြု၍ ဟောတော်မူသောကြောင့်၎င်း၊ မုသာဝါဒဖြင့် ဝါကို ရေတွက်ခြင်း စသည်ကို ပြုသည်ရှိသော် သယံပဗ္ဗဇိတ သာမဏေတို့၌က်သာလျှင် ထေနက (၃) ပါး ထိုက်သည်အားလျော်စွာ ဖြစ်၏။

ရဟန်းစစ်တို့မှာ ဆယ်ဝါစသည် မရပါဘဲလျက် ဆယ်ဝါရပြီ (၁၅)ဝါရပြီ စသည်ဖြင့် မုသာဝါဒဖြင့် ပြောဆို၍ သံဝါသစသည် ပြုငြားသော်လည်း ဆရာ ဥပဇ္ဈာယ်တို့သည် ဝတ်ဆည်း၍ ပေးအပ်သောသင်္ကန်း တည်းဟူသော အသွင်ကို မစွန့်သည်၏ အဖြစ်ကြောင့် လိင်္ဂတ္ထေနက မဖြစ်။ ထိုအသွင်အားလျော်စွာ ဥပုသ်,ပဝါရဏာ ကံကြီး,ကံငယ်စသော သံဝါသကို သာယာအပ်သည်၏ အဖြစ်ကြောင့် သံဝါသတ္ထေနကလည်း မဖြစ်ဟု မုချသန္နိဋ္ဌာန်ကျမှတ်သားအပ်၏။ သို့သော်....မဟုတ်မမှန်သောဝါကို ရေတွက်၍ ပြောဆိုခြင်းကြောင့် "သမွဇာန မုသာဝါဒေ ပါစိတ္တိယံ" ဟူသောပါဠိတော်နှင့်အညီ ပါစိတ်အာပတ်သာ သင့်၏၊ ဒုဗ္ဘာသိတ်အာပတ်ကိုသာ ဒေသနာကြားအပ်၏ဟု မှတ်။

အယုတ်အားဖြင့် ရဟန်းသည် သိက္ခာကို မစွန့်မချမူ၍ သက်န်းကို ဝတ်လျက် မေထုနသေဝန ပြုပြီးလျှင် ရဟန်းမဟုတ်ပါဘဲလျက် ဝါကို ရေတွက်ခြင်း ရဟန်းကောင်းတို့နှင့် အတူတကွ ဥပုသ်,ပဝါရဏာစသော သံဝါသကို ပြုခြင်းစသည်ကို ပြုငြားသော်လည်း ဆရာဥပဇ္ဈာယ်ရဟန်းတို့သည် ပေးအပ်သော သက်န်း တည်းဟူသောအသွင်ကို မစွန့်သည်၏အဖြစ်ကြောင့် လိင်္ဂတ္ထေနကမဖြစ်။ ထိုသက်န်း တည်းဟူသောအသွင် အားလျော်စွာ ဥပုသ်,ပဝါရဏာစသော သံဝါသကို သာယာအပ်သည်၏အဖြစ်ကြောင့် သံဝါသတ္ထေနကလည်းမဖြစ်။ ဥဘယတ္ထေနကမှာ ဆိုဖွယ်မရှိ၊ ဤသို့ ပါရာဇိက ကျရောက်ပြီးပင် ဖြစ်သော်လည်း ထေယျသံဝါသက ပုဂ္ဂိုလ် မဖြစ်တုံ့သေး၏၊ မူလရဟန်းစစ်ပုဂ္ဂိုလ်မှာ ဆိုဖွယ်ရာမရှိ၊ ထေယျသံဝါသက မဖြစ်ဟု မုချ မှတ်သားအပ်၏။ ထိုကြောင့် ဝိနည်းမဟာဝါ အဋ္ဌကထာ မဟာခန္ဓကဋီက်—

(ဂ) သိက္ခံ အပစ္စက္ခာယ သလိင်္ဂေ ဌိတော မေထုနံ ပဋိသေဝိတ္ထာ ဝဿဂဏနာဒိဘေဒံ ဝိမိ အာပဇ္ဇန္တော ထေယျသံဝါသကော နာ ဟောတိ။ ပဗ္ဗဇ္ဇာမတ္တံ လဘတိ။—ဟု ဖွင့်ပြတော်မူ၏။

ဌင်း·တရသကဏ်ဋီကာဋီက်လည်း—

(ဃ) သိက္ခံ အပစ္စက္ခာယ။လ။ထေယျသံဝါသကော နာ ဟောတိတိ ဇာဒံ ဘိက္ခူဟိ ဒိန္နလိင်္ဂသ အပရိစ္စတ္တတ္တာ နာ လိင်္ဂတ္ထေနကော ဟောတိ။ လိင်္ဂါနုရူပသ သံဝါသသ သာဒိတတ္တာ နာဝိသံဝါသတ္ထေနကော ဟောတိတိ ဝုတ္တံ။—ဟု ဖွင့်ပြတော်မူ၏။

အနက် (က) ဘိက္ခဝေ၊ တို့။ ထေယျသံဝါသကော၊ ထေယျသံဝါသကပုဂ္ဂိုလ်သည်။ဝါ၊ခိုးသဖြင့် ပေါင်းဖော်ခြင်းရှိသောပုဂ္ဂိုလ်သည်။ (သဒ္ဒတ္ထ)။ အနုပသမ္ပန္နော၊ရဟန်းမဟုတ်။ ဝါ၊မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်သောသူမဟုတ်။ နဥပသမ္ပါဒေတဗ္ဗော၊ပဉ္စင်း မခံအပ်။ ဝါ၊မြင့်မြတ်သော ရဟန်းအဖြစ်သို့ မရောက်စေအပ်။ ဥပသမ္ပန္နော၊ ပဉ္စင်းခံသည်ရှိသော်။ နာသေတဗ္ဗော၊ ဖျက်ဆီးအပ်၏။

(ခ) ထေယျသံဝါသကော ဘိက္ခဝေတိတ္ထေ၊ ထေယျသံဝါသကော ဘိက္ခဝေဟူသော ဤပုဒ်နှိုက်။ ထေယျသံဝါသကာ၊ထေယျသံဝါသကပုဂ္ဂိုလ် တို့သည်။ လိင်္ဂတ္ထေနကော၊လိင်္ဂတ္ထေနကဂုဏ်း။ ဝါ၊အသွင်ကို ခိုးတတ်သောသူ ဂုဏ်း။ သံဝါသတ္ထေနကော၊သံဝါသတ္ထေနကဂုဏ်း။ ဝါ၊ ပေါင်းဖေါ်ခြင်းကို ခိုး တတ်သောသူဂုဏ်း။ဥဘယတ္ထေနကော၊ဥဘယတ္ထေနကဂုဏ်း။ ဝါ၊လိင်္ဂ်,သံဝါသ နှစ်ပါးစုံကို ခိုးတတ်သောသူဂုဏ်း။ ဣတိ၊သို့။ တယော၊သုံးယောက်တို့သည်။ ဟောန္တိ၊ကုန်၏။ တတ္ထ၊ထိုသုံးယောက်တို့တွင်။ ယောပုဂ္ဂလော၊အကြင်ပုဂ္ဂိုလ် သည်။ သယံ၊ကိုယ်တိုင်။ ဝါ၊မိမိအလိုလို။ ဝါ၊မိမိအလိုအလျောက်။ပဗ္ဗဇိတ္ဝာ၊ ရှင်ပြုု၍။ ဝါ၊ သင်္ကန်းဝတ်၍။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္ဒွာ၊ သွား၍။ ဘိက္ခု ဝဿာနိ၊ရဟန်း၏ သိက္ခာဝါတို့ကို။ နဂဏှေတိ၊မရေတွက်။ယထာဝုဍ္ဎံ၊သတင်း ကြီးအစဉ်အတိုင်း။ ဝန္ဒနံ၊ရှိခိုးခြင်းကို။ နသာဒိယတိ၊မသာယာ။အာသနေန၊ နေရာဖြင့်။ နပဋိပဋိပတ္တိ၊မတားမြစ်။ ဥပေါသထပဝါရဏာဒီသု၊ဥပုသ်,ပဝါ ရဏာ စသည်တို့ဟူ၏။ နသန္ဒိဿတိ၊ မထင်။ အယံပုဂ္ဂလော၊ ဤကျိပုဂ္ဂိုလ်သည်။ လိင်္ဂ်မတ္တဿေဝ၊သင်္ကန်းအသွင်မျှကိုသာလျှင်။ ထေနိတတ္တာ၊ ခိုးတတ်သည်၏ အဖြစ်ကြောင့်။လိင်္ဂ်တ္ထေနကောနာမ၊လိင်္ဂ်တ္ထေနကပုဂ္ဂိုလ်မည်၏။ပန၊လိင်္ဂ်တ္ထေ နကမှတပါး သံဝါသတ္ထေနကကို ဆိုဦးအံ့။ ယောပုဂ္ဂလော၊သည်။ ဘိက္ခူဟိ၊ ဆရာဥပဇ္ဈာယ်စသော ရဟန်းတို့သည်။ ပဗ္ဗဇိတော၊ ရှင်ပြုအပ်သော။ သာ မဏေရော၊ သာမဏေသည်။ သမာနောပိ၊ ဖြစ်သော်လည်း။ ဝိဒေသံ၊ အရပ် တပါးသို့။ ဂန္ဒွာ၊ ၍။ အဟံ၊ ငါသည်။ ဒသဝဿော၊ ဆယ်ဝါရှိပြီ။ ဣတိဝါ၊ ဤသို့ဂုဏ်း။ ဝိသတိဝဿော၊အဝါနှစ်ဆယ်ရှိပြီ။ ဝါ၊ဝါနှစ်ဆယ်ရပြီ။ ဣတိဝါ၊ ဤသို့ဂုဏ်း။ မုသာ၊ချွတ်ယွင်းသောစကားကို။ ဝတ္ဝာ၊ဆိုပြီး၍။ဘိက္ခုဝဿာနိ၊ ရဟန်း၏ သိက္ခာဝါတို့ကို။ ဂဏှာတိ၊ ရေတွက်၏။ ယထာဝုဍ္ဎံ၊ သတင်းကြီး အစဉ်အတိုင်း။ ဝန္ဒနံ၊ကို။ သာဒိယတိ၊၏။အာသနေန၊ဖြင့်။ ပဋိပဋိပတ္တိ၊၏။ ဥပေါသထပဝါရဏာဒီသု၊ တို့နှိုက်။ သန္ဒိဿတိ၊ ၏။ အယံပုဂ္ဂလော၊ သည်။ သံဝါသမတ္တဿေဝ၊ ပေါင်းဖေါ်ခြင်းမျှကိုသာလျှင်။ ထေနိတတ္တာ၊ ခိုးတတ် သည်၏အဖြစ်ကြောင့်။ သံဝါသတ္ထေနကောနာမ၊ သံဝါသတ္ထေနကပုဂ္ဂိုလ်မည် ၏။ ဟိသစ္စံ၊၏။ ဘိက္ခုဝဿဂဏနာဒိကော၊ရဟန်း၏ သိက္ခာဝါ ရေတွက်ခြင်း အစရှိသော။ သဗ္ဗောပိ၊အလုံးစုံလည်း ဖြစ်သော။ ကြိယာဘေဒေါ၊ကြိယာ

အထူးအပြားကို။ ဣမသို့ အတ္ထေ၊ ဤအနက်နိုက်။ ဝါ၊ ဤထေယျသံဝါသက အရာနိုက်။ သံဝ၊သောတိ၊ဟူ၍ ။ဝေဒိတဗ္ဗော၊၏။ ပနံ၊သံဝါသတ္ထေနကမ့တပါး ဉာဘယတ္ထေနကကို ဆိုဦးအံ့။ ယောပုဂ္ဂလော၊သည်။ သယံ၊ကိုယ်တိုင်။ ဝါ၊မိမိ အလိုအလျောက်။ ပဗ္ဗဇိတ္ဝာ၊ရှင်ပြု၍ ။ ဝါ၊ ဦးပြည်းခြင်း သက်နှံးဝတ်ခြင်းကို ပြု၍ ။(အဓိပ္ပါယတ္ထ)။ဝိဟာရံ၊သို့။ဂန္ဆွာန၊၍ ။ဘိက္ခုဝဿာနိ၊တို့ကို။ဂဏှတိ၊ ၏။ယထာဝုဏှံ၊တိုင်း။ဝန္ဒနံ၊ကို။သာဒိယတိ၊၏။အာသနေန၊ဖြင့်။ပဋိဗာဟတိ၊ ၏။ ဥပေါသထပဝါရဏာဒိသု၊တို့နိုက်။ သန္နိဿတိ၊၏။ အယံပုဂ္ဂလော၊သည်။ လိင်္ဂသစေဝ၊ သက်နှံးအသွင်ကိုဂင်း။ သံဝါသဿ၊ ပေါင်းဖော်ခြင်းကိုဂင်း။ ထေနိတတ္တာ၊ ခိုးတတ်သည်၏ အဖြစ်ကြောင့်။ ဉာဘယတ္ထေနကောနာမ၊ ဉာဘယတ္ထေနကပုဂ္ဂိုလ် မည်၏။

(ဂ) သိက္ခံ၊ရဟန်း၏သိက္ခာကို။ အပစ္စက္ခာယ၊မစွန့်မချမူ၍ ။ သလိင်္ဂ၊ မိမိ ရဟန်းအသွင်နိုက်။ ဌိတော၊ တည်လျက်။ မေထုနံ၊ မေထုန်ကို။ ပဋိသေ ဝိတ္ဝာ၊မှီဝဲပြီး၍ ။ဝဿဂဏနာဒိဘေဒံ၊ရဟန်း၏ သိက္ခာဝါ ရေတွက်ခြင်းစသည် အပြားရှိသော။ ဝိမိ ်၊အစိအရင်သို့။ အာပဇ္ဇန္တော၊ရောက်သောရဟန်းသည်။ ထေယျသံဝါသကော၊ သည်။ နဟောတိ၊ မဖြစ်။ ပဗ္ဗဇ္ဇမတ္တံ၊ ရှင်ရဟန်းအဖြစ် မျှကို။ လဘတိ၊ရ၏။

(ဃ) သိက္ခံ အပစ္စက္ခာယ။လ။ထေယျသံဝါသကော နဟောတိတိဂ္ဂဒံ ဝစနံ၊ဟူသော ဤစကားကို။ ဘိက္ခူ၊ဆရာဉပဇ္ဈာယ် စသော ရဟန်းတို့သည်။ ဒိန္နလိင်္ဂသ၊ပေးအပ်သော ရဟန်းအသွင်၏။ ဝါ၊ကို။ အပရိစ္စတ္တတ္တာ၊မစွန့်အပ် သည်၏အဖြစ်ကြောင့်။ လိင်္ဂတ္ထေနကော၊လိင်္ဂတ္ထေနကသည်။နဟောတိ၊ဖြစ်။ လိင်္ဂါနုရူပဿ၊ ရဟန်းအသွင်အား လျော်သော။ သံဝါသဿ၊ ပေါင်းဖော် ခြင်း၏။ ဝါ၊ ကို။ သာဒိတတ္တာ၊ သာယာအပ်သည်၏ အဖြစ်ကြောင့်။ သံဝါ သတ္ထေနကော၊သံဝါသတ္ထေနကပုဂ္ဂိုလ်သည်။ နာပိဟောတိ၊ဖြစ်လည်းမဖြစ်။ ဣတိဣမံအတ္ထံ၊ ဤသို့သောအနက်ကို။ သန္ဓာယ၊ ရည်၍ ။ အာစရိယေန၊ အဋ္ဌ ကထာဆရာသည်။ ဝုတ္တံ၊ဆိုအပ်၏။ ဝါ ဝုတ္တံ ဒဿိတံ၊ပြတော်မူအပ်၏။

ထေယျသံဝါသက ဝိနိစ္ဆယ ပြီးပြီ။

ဗောသန်ကြာသေ
ဝတ္ထုရှုမြင်ကဒဂါဒ်၊ နိဿန္ဒ
ဝိနိစ္ဆယ

ဇေယျတု။— အညတရသ္မိံ အာဝါသေ ဒွေဘိက္ခူ။ ဝသန္တိ။ တတ္ထစေကော ကာလင်္ကတော ဇာတရော တဿ ပရိက္ခာရံ အပါပေတ္ဝာ တံ ထေယျစိတ္တေန ဂဏှာတိ၊ သံဃသန္တကံ ဂဟိတံ ဟောတိ ဘဏ္ဍဿေန ကာရေတဗ္ဗော။ အနာဝါသေ ဂဏှာတိ န ကာရေတဗ္ဗော၊ အသာမိကဿ ဂဟိတတ္တာ။ မရဏသမယေ ဝတ္တုံ အသဟန္တော စေ စိတ္တေနေဝ ဒေတိ၊ ပုညံ ပသဝတိ။ သံဃော ဝ တဿ သာမိ။ ပရောဝါ အဝိဿာသိကော သယမေဝ ဂဏှာတိ။ဂဟဏံ နရုဟတိ။ထေယျစိတ္တေန စေ ဘဏ္ဍဿေန ကာရေတဗ္ဗော။ တဿစ အာဝါသဂတဿ ကော သာမိ၊ သံဃော ဝ သာမိတိ ဝစနတော သံဃေန ဗလက္ကာရေန သော ဝါရေတဗ္ဗောတိ ကေ။ဇိဝမာနကာလေ ဂဟိတတ္တာ နု သံဃော သာမိတိ ကေ။ သာမိကော စေ သယံ ပဿိတ္ဝာ အစ္ဆိန္ဒိတုံ လဘတိ သံဃောဝိ လဘတိ၊သာမိဒ္ဒါနေ ဌိတတ္တာတိ ဇာတရေ၊ ဝိစာရေတ္ဝာ ဂဟေတဗ္ဗံ။ မတကဿ ဟိရညာဒိ အကပ္ပိယဘဏ္ဍံ ဟောတိ။ ဥဂ္ဂဟိတံ စေ တံ ဟောတိ။ ဥဂ္ဂဟိတေ ဝုတ္တနယေန ပဋိပဇ္ဇိတဗ္ဗံ။ ဓမ္မေန ဥပ္ပန္နံ စေ၊ ကပ္ပိယကာရကော အာစိက္ခိတဗ္ဗော။ ဒါသောစေ ဂဟိတော ဟောတိ၊ နု သံဃော သာမိ။ အာရာမိကော စေ၊ သံဃော သာမိ။ ဂါဝိ မဟိံသိ အာဒယော ဟောန္တိ၊ အာဝါသဂတာနံ သံဃော သာမိ။အနာဝါသဂတာနံ နု သံဃော သာမိ။ သံဃော စေ အာဝါသံ အာနေတ္ဝာ အတ္တနော သန္တကံ ကတ္ဝာ ပစ္ဆာ သမိပေ ဗဟိသိမာယ ထပေတိ။ ကာရကသံဃော သာမိ။ တထာ အာရာမိကေ။ မတကဿ ပရိက္ခာရော နိက္ခေပ ဝသေန ထဝိတော ဟောတိ။ ဇာတောဝ သာမိ မဟန္တော စေ ဟောတိ။ (ပေမ္ပု)။ ဇေဋ္ဌော ဝ သာမိ မဟန္တော စေ ဟောတိ။ (စာအုဝ်မ္ပု)။ သေသဿ သံဃော သာမိ။ "ကေနစိ ဂိလာနုပဋ္ဌာကေနာ" တိ ဝတ္တုဗ္ဗတ္တာမော ဇေတေန

ဒဿိတောပုန ဥပဋ္ဌာကာနံ ဗဟုဘာဝေသတိ သဗ္ဗေသံ ဒါတဗ္ဗကမ္မံ ဒဿနေ့နေန (ဘဂဝတာ) ကမ္မဝါစာယံ ဂိလာနုပဋ္ဌာကာနန္တိ ဝုတ္တံ။ (ပေမူနိုက် ဘဂဝတာသဒ္ဒါမရှိ)။ **ဝဇီရဗုဒ္ဓိဋီကာ စီဝရကွန္ဓကအဖွင့်**

အနက် အညတရသ္မိံ၊ အမှတ်မရှိ တခုခုသော။ ဝါ၊ တပါးပါးသော။ အာဝါသေ၊ ကျောင်းနှိုက်။ ဒဋ္ဌဘိက္ခူ၊ နှစ်ပါးသော ရဟန်းတို့သည်။ ဝသန္တိ၊ နေကုန်၏။ တတ္ထ တေသုဒ္ဓိသုဘိက္ခူသု၊ တို့တွင်။ ဧကော၊ တပါးသော ရဟန်းသည်။ ကာလင်္ကတော၊ သည်။ ဟောတိ၊ ၏။ ဣတရော၊ မသေကျန်ရစ် မိတ်စစ် ချစ်ကျမ်းဝင်သော တပါးသောရဟန်းသည်။ တဿ ကာလင်္ကတဿ၊ ထို စုတေမနေ သေလွန်သောရဟန်း၏။ ပရိက္ခာရံ၊သင်္ဃန်း, သပိတ်စသော ပုဂ္ဂလိကပရိက္ခရာကို။အနုဇမ္မေန၊ဝိနည်းပညတ်တရားနှင့်လျော်သော။အဓိဋ္ဌာနာဒိနယေန၊ငါ့အား ရောက်၏ဟူသော မိဋ္ဌာန်ခြင်းအစရှိသောနည်းအားဖြင့်။ အတ္တာနံ၊မိမိသို့။ (၃-ပုဒ်ထည့်)။ အပါပေတွာ၊မရောက်စေမူ၍။ တံပရိက္ခာရံ၊ ထိုမတသန္တက ပရိက္ခရာကို။ ထေယျစိတ္တေန၊ခိုးယူလိုသောအသုဒ္ဓစိတ်ဖြင့်။ စေဂဏှာတိ၊ အကယ်၍ ယူအံ့။ ဧဝံသတိ၊ ဤသို့ ယူသည်ရှိသော်။ သံဃသန္တကံ၊သံဃာတော်၏ဥစ္စာကို။ ဂဟိတံ ဂဟိတံနာမ၊ခိုးယူသည်မည်သည်။ ဟောတိ၊၏။ (အဘယ်ကြောင့် သံဃသန္တကကို ခိုးယူသည် မည်သနည်းဟူမူ.... မတသန္တကဿ၊၏။ သံဃသန္တကသမ္ဘဝတော၊ သံဃာ၏ဥစ္စာဖြစ်သင့်သောကြောင့်တည်းဟု ဟိတ်ခတ်။ **တနည်း**– အာဝါသရက္ခိတတ္တာ၊ ကျောင်းအာရုံမ်ဖြင့် စောင့်ရှောက် အပ်သည်၏ အဖြစ်ကြောင့်တည်းဟု ဟိတ်ခတ်။ အနာဝါသေ ဟူသော နောက်ဝါကျကို ထောက်)။ သောဘိက္ခူ၊ ထိုထေယျစိတ်ဖြင့် ယူသောရဟန်းကို။ (ကံထည့်)။ ဘဏ္ဍဂ္ဃေန၊ဘဏ္ဍာဖိုးဖြင့်။ ဝါ၊ဘဏ္ဍာကို အဖိုးဖြတ်သဖြင့်။ သံဃေန၊ သည်။ (ကတ္တား ထည့်)။ ကာရေတဗ္ဗော၊ဆုံးဖြတ်ခြင်းကို ပြုအပ်၏။

အညတရသ္မိံ စသောပါဠိဖြင့် ကျောင်းအာရုံတွင်းနှိုက် မတသန္တက ပရိက္ခရာကို အသုဒ္ဓထေယျစိတ်ဖြင့် ယူသည်ရှိသော် သံဃသန္တကကို ယူသည်မည်သောကြောင့် ပရိက္ခရာဘဏ္ဍာဖိုးဖြင့် ဆုံးဖြတ်အပ်၏ဟု ပြပြီး၍ အာဝါသမဟုတ်သော တောအစရှိသောအရပ်နှိုက်

မတသန္တက ပရိက္ခရာကို အသုဒ္ဓထေယျ စိတ်ဖြင့် ယူသော်လည်း ကျောင်းအာရာမ်ဖြင့် ပိုင်းခြားခြင်း စောင့်ရှောက်ခြင်း မရှိသည်၏ အဖြစ်ကြောင့် သံဃသမ္မုခ မဖြစ်မီအတွင်း အဿာမိက ဖြစ်သင့်သည် ဖြစ်၍ ဘဏ္ဍာဂ်ဖြင့် မဆုံးဖြတ်အပ်ဟု ပြလိုသော ဋီကာဆရာသည် "အနာဝါသေ။လ။ဂဟိတတ္တာ" ဟူသော ဝါကျကို မိန့်။

အနာဝါသေ၊ ရဟန်းတို့နေရာ ကျောင်းမဟုတ်သော တောအစရှိသော အရပ်နှိုက်။ တံပရိက္ခာရံ၊ ထို မတသန္တက ပရိက္ခရာကို။ ကောစိဘိက္ခု၊ တစုံတယောက်သောရဟန်းသည်။ (နှစ်ပုဒ် ထည့်)။ ဂဏှာတိ၊ ယူအံ့။ နကာရေ တပ္ပေါ၊ ဘဏ္ဍာဖိုးဖြင့် မဆုံးဖြတ်အပ်။ ကသ္မာ၊ အဘာယ်ကြောင့်။ နကာရေ တပ္ပေါ၊ဘဏ္ဍာဖိုးဖြင့် မဆုံးဖြတ်အပ်သနည်း။ (ထည့်)။အဿာမိကဿ၊အရှင် မရှိသော ဥစ္စာ၏။ဝါ၊ကို။ဂဟိတတ္တာ၊ယူအပ်သည်၏ အဖြစ်ကြောင့်။ နကာရေ တပ္ပေါ၊အပ်။

ဤနောက်ဝါကျနှိုက် အနာဝါသအရကို ရဟန်းသံဃာတော်တို့ အမြဲနေရာ မဟုတ်သော စရပ်, အိမ်, တောအရပ် စသည်ကို ယူ။ တစုံတယောက်သော သူအား မပေး မအပ်ခဲ့သော မတသန္တက ပစ္စည်းသည် မုချအားဖြင့် သံဃသန္တက ဖြစ်သင့်ပါလျက် အဘယ်ကြောင့် ဋီကာဆရာသည် အဿာမိကဟု ဆိုပါသနည်းဟူမူ.... "နအာဝါသရက္ခိတတ္တာ" အာဝါသဖြင့် စောင့်ရှောက်ခြင်း မရှိသည်၏ အဖြစ်ကြောင့်တည်းဟု ဟိတ်ခတ်။ဋီကာ၏အာဘော်ကား ကျောင်းအာရာမ်ဖြင့် စောင့်ရှောက်ခြင်း မရှိသောကြောင့် အနာဝါသအရပ်နှိုက် မတသန္တကသည် သံဃာပင် သက်ဆိုင်ငြားသော်လည်း သံဃသမ္မုခ မဖြစ်မီအတွင်း အဿာမိက ဖြစ်သည်၊ သံဃသမ္မုခဖြစ်လျှင် သဿာမိက သံဃသန္တက ဖြစ်သည်ဟု ရည်ရွယ်ခြင်း အာဘောဂ ရှိသည်ဟု မှတ်သင့်၏။ ထိုရဟန်းသည် အနာဝါသနှိုက်ရှိသော မတသန္တကကို ငါသည် သံဃာဖြစ်၏၊ ငါ့အား ရောက်၏ဟု မိဋ္ဌာန်သောနည်းအားဖြင့်ယူပါမူ ထိုရဟန်းသည်ပင် ရထိုက်၏၊အကယ်၍ အသုဒ္ဓထေယျစိတ်ဖြင့် ယူခဲ့ပါမူ အဿာမိကဖြစ်သော်လည်း စိတ်မစင်ကြယ်

သောကြောင့် ဒုက္ကဋ်အာပတ်သို့ သင့်ရောက်၏။ ၎င်းပစ္စည်းကို မသုံးဆောင်ထိုက်၊ သုံးဆောင်စဉ်သော်၎င်း သံဃအာရာမ် အာဝါသသို့ ရောက်သော်၎င်း သံဃသမ္မုခီဘူတ ဖြစ်သောအခါ သ သာမိက သံဃသန္တက ဖြစ်တော့သည်သာဖြစ်၍ ဘဏ္ဍာဒေယျ ဖြစ်၏ဟု မှတ်။ ဤ အနာဝါသ မတသန္တကအရာနှိုက် ဋီကာဆရာသည် "အဿာမိက" ဟု ဆိုခြင်းသည် လူတို့စွန့်ပစ်အပ်သော ဝတ္ထုကဲ့သို့ အဿာမိကမဟုတ်၊ သံဃသမ္မုခီဘူတမဖြစ်မီအတွင်းသာ အခိုက်အတန့်ကာလကို စဲ၍ဖြစ်သော အဿာမိကကိုရည်၍ ဆိုသည်ဟုမှတ်။ လူတို့မှာ ဂိလာနုပဋ္ဌာကမှတပါး ရဟန်းတို့၏ အမွေခံ မဖြစ်ထိုက်သောကြောင့် အာဝါသန္နိုက်ဖြစ်စေ အာဝါသမဟုတ်သော တောအရပ်,စရပ်စသည်နှိုက် ဖြစ်စေ မိမိအိမ်နှိုက်ဖြစ်စေ တည်ရှိသောရဟန်း၏ မတသန္တကပစ္စည်းကို သုဒ္ဓစိတ် ပံသုကူလသညာဖြင့်သော်လည်း မယူထိုက် မသုံးဆောင်ထိုက်၊ မိမိဥစ္စာပြု၍ သော်လည်း ရဟန်းသံဃာတော်တို့အား မလှူထိုက်ဟု မှတ်အပ်၏။ မြတ်စွာဘုရား၏ စေတီတော်အား လှူထားသော ပုဆိုးတမ်းခွန်သည် လေလွင့်၍ သွားရာ ပံသုကူလသညာဖြင့် ကောက်ယူ သုံးဆောင်မိ၍ သေလွန်သောအခါ သံပတ် (၁၀၀၀) ကထောင်ပတ်၍ ပိတ္တာဖြစ်သော သူကြွယ်ဝတ္ထုဖြင့် ဗုဒ္ဓသန္တကအပြစ်ကြီးကြောင်း။ ဗုဒ္ဓသန္တကထက် သံဃသန္တက အပြစ်ကြီး၏ဟုမှတ်။

နဂိသံ ဂိသမိစ္ဆာဟု၊ ဓနံ သံဃဿ ဝုစ္စတေ။
ဂိသံ ဇကံဝ ဟနတိ၊ သဗ္ဗံ သံဃဿ သန္တကံ။

ဟူသောပါဠိကိုဂုဏ်း၊ သံဃိက ဆန် တစလယ်ကို ယူ၍ သုံးဆောင်မိသော ရဟန်း၏ သံပတ်(၁၀၀၀)တထောင်ပတ်၍ ပိတ္တာဖြစ်သော ဝတ္ထုကိုဂုဏ်း ထောက်ဆ၍ သိအပ်၏။

မရဏသမယေ၊ သေရာညောင်စောင်း လျောင်းခါနီးသော အခါနှိုက်။ ဝတ္တုံ၊ပြောဆိုခြင်းငှါ။ အသဟန္တော၊မစ္ဆမ်းနိုင်သော ရဟန်းသည်။ ဝါ၊သည်း မခံနိုင်သော ရဟန်းသည်။ အတ္တနော၊၏။ ပရိက္ခာရံ၊ကို။ စိတ္တေနေဝ၊စိတ်ဖြင့်

သာလျှင်။ စေဒေတိ၊အကယ်၍ ပေးအံ့။ ဧဝံသတိ၊ဤသို့ ပေးသည်ရှိသော်။ နရုဟတိ၊မရောက်။ (ထည့်)။ ပုညံ၊ကောင်းမှုသည်။ ပသဝတိ၊ပွါး၏။ ကဿစ၊ အဘယ်ကြောင့်နည်းဟူမူ။ ပသန္နစိတ္တတ္တာ၊ကြည်ညိုသောစိတ် ရှိသည်၏ အဖြစ်ကြောင့်တည်း။ (ဟိတ်ခတ်)။ တဿ၊ ထို စိတ်ဖြင့်ပေးသော ရဟန်း၏။ ပရိက္ခာရံ၊ကို။ (ထည့်)။ သံဃောဝ၊သည်သာလျှင်။ သာမိ၊အစိုးရ၏။

မှတ်ချက်—ဝိနည်းအရာန္ဒိုက် ပြဓာန်းခြင်း ရှိသောကြောင့် မသေမိက စိတ်ဖြင့် ပေးသော်လည်း ပေးရာမရောက်၊ သေသောအခါ မတသန္တကကို သံဃာသာ အစိုးရ၏ဟု မှတ်။

အဝိဿာသိကော၊ သန္ဒိဋ္ဌ,သမ္ဘတ္တ,ဒဋ္ဌမိတ္တ မဟုတ်သည်ဖြစ်၍ ချစ်ကျမ်း မဝင်သော။ ပရောဝါ၊တပါးသောရဟန်းသည်မူလည်း။ သယမေဝ၊ကိုယ်တိုင် သာလျှင်။ ဂဏှတိ၊ယူအံ့။ ဂဟဏံ၊ယူခြင်းသည်။ နရုဟတိ၊မရောက်။ကဿစ၊ အဘယ်ကြောင့်နည်းဟူမူ။ ဝိဿာသဂါဟအင်္ဂဿ၊ ဝိဿာသဂါဟ အင်္ဂါ၏။ အသမ္ဗန္ဓတ္တာ၊ မပြည့်စုံသည်၏ အဖြစ်ကြောင့်တည်း။ (ဟိတ်ခတ်)။ ထေယျစိတ္တေန၊ခိုးလိုသော အသုဒ္ဓစိတ်ဖြင့်။ တံပရိက္ခာရံ၊ထိုမတသန္တက ပရိက္ခရာကို။ စေဂဏှာတိ၊ အကယ်၍ ယူအံ့။ ဘဏ္ဍဂ္ဃေန၊ ဘဏ္ဍာဖိုးဖြင့်။ ကာရေတဗ္ဗော၊ ဆုံးဖြတ်အပ်၏။ ဣတိ ပရိသမာပနံ၊ဤသည်လျှင် သမာနဝါဒကို ဆိုရာစကား တရပ် အပြီးသတ်တည်း။

စ၊သမာနဝါဒမ္ပတပါး ဧကဝါဒကို ဆိုဦးအံ့။ အာဝါသဂတဿ၊ကျောင်းနှိုက်ဖြစ်သော။ ဝါ၊ကျောင်းနှိုက်ရောက်သော။ တဿ၊ထိုသေသော ရဟန်း၏။ ပရိက္ခာရော၊ ကို။ ကော၊ အဘယ်သူသည်။ သာမီ၊ အစိုးရသနည်း။ သံဃောဝ၊ သံဃာသည်သာလျှင်။ သာမီ၊အစိုးရ၏။ ဣတိဝစနတော၊ ဤသို့ဘုရားဟောတော်မူသောကြောင့်။ တနည်း—သံဃောသာမီတိ၊ ဟူ၍။ ဝစနတော၊ ကြောင့်။ သံဃေန၊ သည်။ ဗလက္ကာရေန၊ အနိုင်အထက် ပြုသဖြင့်။ သောဘိက္ခု၊ထို အဝိဿာသိကရဟန်းကို။ဝါ၊ချစ်ကျမ်းမဝင်ဘဲ ဝိဿာသဂါဟယူသောရဟန်းကို။ ဝါရေတဗ္ဗော၊မယူရအောင် တားမြစ်အပ်၏။ ဣတိ၊သို့။ ဧကော၊ အခွါသော ဆရာတို့သည်။ ဝဒန္တိ၊ ကုန်၏။ ဇ်ဝမာနကာလေ၊ အသက်

ရှည်သောကာလန္ဒိုက်။ ဂဟိတတ္တာ၊ယူအပ်သည်၏ အဖြစ်ကြောင့်။ သံဃော၊ သည်။ နသာမီ၊ အစိုးမရ။ ဣတိ၊ ဤသို့။ ဧကော၊ တို့သည်။ ဝဒန္တိ၊ ကုန်၏။ ဣတိ၊ဤသည်ကား။ နော၊ငါတို့၏။ တက္ကော၊အကြံတည်း။

သာမိကော၊ဥစ္စာရှင်ဖြစ်သောရဟန်းသည်။ သယံ၊ကိုယ်တိုင်။ ပဿိတ္ဝာ၊ ယူသည်ကိုမြင်၍။ အစ္ဆိန္ဒိတုံ၊ လုယက်၍ ယူခြင်းငှါ။ စေ လဘတိ၊ အကယ်၍ ရအံ့။ သံဃောပိ၊သည်လည်း။ အစ္ဆိန္ဒိတုံ၊ငှါ။ လဘတိ၊ရ၏။ ကသ္မာ၊အဘယ်ကြောင့်နည်း ဟူမူကား။ သံဃဿ၊၏။ (ထည့်)။ သာမိဒ္ဗာနေ၊အစိုးရသော အရာန္ဒိုက်။ ဒိတတ္တာ၊ကြောင့်တည်း။ဣတိ၊သို့။ဧကော၊တို့သည်။ဝဒန္တိ၊ကုန်၏။ ဣတရော၊ ဤသမာနဝါဒမှ တပါးသော ဧကဝါဒတို့ကို။ ဝိစာရေတ္ဝာ၊ စုံစမ်းဆင်ခြင်၍။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ တနည်း—ဣတိ၊ သို့။ ဣတရော၊ ဤကေမှ တပါးကုန်သော အညေဆရာတို့သည်။ ဝဒန္တိ၊ကုန်၏။ တံဝစနံ၊ကို။(ထည့်)။ ဝိစာရေတ္ဝာ၊၍။ ဂဟေတဗ္ဗံ၊ ၏။ မတကဿ၊သေသောရဟန်းအား။ ဝါ၊၏။ ဟိရညာဒိအကပ်ိယဘဏ္ဍံ၊ မအပ်သော ဧရွ,ဥ,ပုလဲ,ပတ္တမြား စသောဘဏ္ဍာသည်။ဟောတိ၊ရှိသည်ဖြစ်အံ့။ တံ၊ထို ဧရွ,ဥ,ပုလဲ,ပတ္တမြားစသော အကပ်ိယဘဏ္ဍာသည်။ဝါ၊ကို။ဥဂ္ဂဟိတံ၊မအပ်သောအားဖြင့် ခံခြင်းသည်။စေဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဥဂ္ဂဟိတော၊ မအပ်သောအားဖြင့် ခံရာန္ဒိုက်။ ဝုတ္တနယေန၊ ဟောတော်မူအပ်သောနည်းဖြင့်။ သံဃေန၊ သံဃာတော်သည်။ (ထည့်)။ ပဋိပဇ်တဗ္ဗံ၊ကျင့်အပ်၏။ တံ၊ထို ဧရွ,ဥစသော ဝတ္ထုသည်။(ကတ္တားထည့်)။ ဓမ္မေန၊တရားသဖြင့်။ ဝါ၊အပ်သော သဘောအားဖြင့်။ ဥပ္ပန်း၊ဖြစ်သည်။ စေဟောတိ၊အကယ်၍ ဖြစ်အံ့။ ကပ်ိယကာရကော၊ကပ်ိယကာရကကို။ အာစိက္ခိတဗ္ဗော၊ပြောကြားအပ်၏။

မှတ်ချက်—မအပ်သောနည်းအားဖြင့် ခံအပ်သော နိဿဂ်ိယ ဧရွ,ဥ ဖြစ်လျှင် သံဃအလယ်န္ဒိုက် စွန့်အပ်၏။ အပ်သောနည်းအားဖြင့် ခံယူ၍ ထားအပ်သော နိဿဂ်ိယ မဟုတ်သော ဧရွ,ဥဖြစ်လျှင် ကပ်ိယကာရကအား ပြောကြားအပ်၏၊ စွန့်ရန် မလို။ ကပ်ိယကာရကက အပ်သော ပစ္စည်းဝတ္ထုကို ကပ်ို၍ လှူလျှင် အပ်၏ ဟူလို။

ဒါသော၊ကျွန်သည်။ ဂဟိတော၊ ခံယူအပ်သည်။ စေဟောတိ၊အကယ်၍ ဖြစ်အံ့။သံဃော၊သည်။ နသာမိ၊အစိုးမရ။ကသ္မာ၊ကြောင့်။ နသာမိ၊အစိုးမရသနည်း။ အကပ္ပိယတ္တာ၊ မအပ်သည်၏ အဖြစ်ကြောင့်တည်း။ (ဟိတ်ခတ်)။ အာရာမိကော၊ အာရာမ်စောင့်သည်။ ဝါ၊ ကို။ ဂဟိတော၊ ခံယူအပ်သည်။ (လိုက်)။စေဟောတိ၊အံ့။သံဃော၊သည်။သာမိ၊အစိုးရ၏။ကသ္မာ၊ကြောင့်။ သာမိ၊နည်း။ ကပ္ပိယတ္တာ၊ အပ်သည်၏ အဖြစ်ကြောင့်တည်း။ (ဟိတ်ခတ်)။ ဂါဝိမဟိံ သီအာဒယော၊နွားမ,ကျဲမ အစရှိသည်တို့သည်။ ဝါ၊နွား,ကျဲ အစရှိသည်တို့သည်။ စေဟောန္တိ၊အကယ်၍ ရှိကုန်သည်ဖြစ်အံ့။ အာဝါသဂတာနံ၊ ကျောင်းနှိုက် ဖြစ်ကုန်သော နွား,ကျဲတို့ကို။ ဝါ၊ ကျောင်းအာရာမ်တွင်းနှိုက် ရောက်ကုန်သော နွား, ကျဲတို့ကို။ သံဃော၊ သည်။ သာမိ၊ ၏။ အာဝါသဂတတ္တာ၊ကျောင်းအာရာမ်တွင်းနှိုက် ဖြစ်သည်၏အဖြစ်ကြောင့်တည်း။(ဟိတ်ခတ်)။ အနာဝါသဂတာနံ၊ကျောင်းမဟုတ် ရွာ, တော စသည်နှိုက် ဖြစ်သော နွား,ကျဲတို့ကို။ သံဃော၊သည်။ နသာမိ၊ အစိုးမရ။ (ဗဟိဥပစာရသီမာယဂတတ္တာဟု ဟိတ်ခတ်)။ သံဃော၊သည်။ တေ၊ထို နွား,ကျဲတို့ကို။(ကံထည့်)။ အာဝါသံ၊ သံဃာတော်တို့နေရာ ကျောင်းသို့။ အာနေတွာ၊ဆောင်၍။ အတ္တာနော၊ မိမိ၏။ သန္တကံ၊ ဥစ္စာကို။ ကတွာ၊ ပြု၍။ ပစ္ဆာ၊ နောက်မှ။ သမီပေ၊ ကျောင်း၏ အနီးဖြစ်သော။ ဗဟိသီမာယ၊ ဥပစာရသီမ်ပန္နိုက်။ စေထပေတိ၊ အကယ်၍ ထားအံ့။ ကာရကသံဃော၊ကျောင်းသို့ ဆောင်ယူသော သံဃာမှ တပါးသော ကာရကသံဃာတော်သည်။ သာမိ၊ အစိုးရ၏။ အာရာမိကော၊ အာရာမ်စောင့်နှိုက်။ ဝါ၊ ဥပစာရသီမ်နှိုက် တည်သော အာရာမ်စောင့်နှိုက်။ တထာ၊ ထို ဥပစာရသီမ်ပန္နိုက် တည်သော နွား,ကျဲ အတူတည်း။ တနည်း— ထိုဥစာရသီမ်ပန္နိုက် တည်သော နွား,ကျဲအတူ။ သံဃေန၊သည်။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်ဒဏ်၏။

မှတ်ချက်—ဤအရာနှိုက် အကပ္ပိယ နိဿဂ်ိယဖြစ်သော ဧရွှ,ငွေကို သံဃာလယ်နှိုက် စွန့်ခြင်း ဝိနည်းကံ ပြုသည်ရှိသော် လိမ္မာသော ဒါယကာသည် ဧရွှ, ငွေကို ယူ၍ ကပ္ပိယ ထောပတ်, ဆီ စသည်တို့ကို သံဃာတော်အား လှူရာနှိုက် ရွှေ,ငွေကို ခံရင်းရဟန်းအား မအပ်သကဲ့သို့၊ နွား,ကျဲစသည်တို့ကို ဥပစာရသီမ်ပမှ ကျောင်းသို့ဆောင်

ယူခဲ့သော သံဃာတော်အား မအပ် အစိုးမရ ဟူလို။ ဥပစာရ သိမ်ပန္နိုက်ရှိသော အာရာမ်စောင့်နိုက်လည်း ထိုအတူ မအပ်ဟု ဋီကာဆရာ ပြတော်မူသည်ဟု မှတ်အပ်၏။

မတာကဿ၊ သေသောရဟန်း၏။ ပရိက္ခာရော၊ သပိတ်, သင်္ကန်းစသော ပရိက္ခရာသည်။ နိက္ခေပဝသေန၊ အပ်နှံသည်၏ အစ္ဆမ်းဖြင့်။ ထပိတော၊ ထား အပ်သည်။ ဟောတိ၊ဖြစ်အံ့။ ဣတောဝ၊ဤအပ်နှံ၍ထားအပ်သော သင်္ကန်း, သပိတ် ပရိက္ခရာ စသည်မှသာလျှင်။ ပတ္တစီဝရပရိက္ခာရော၊ သပိတ်, သင်္ကန်း ပရိက္ခရာသည်။ (ကတ္တားထည့်)။ မဟဋ္ဌေါ၊ အဖိုးများစွာထိုက်သည်။ စေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဧဝံသန္တေပိ၊ ဤသို့ အဖိုးများစွာ ထိုက်သော်လည်း။ တံပတ္တစီဝရပရိက္ခာရံ၊ထိုအပ်နှံ၍ထားသော သပိတ်,သင်္ကန်းပရိက္ခရာကို။(ကံထည့်)။သော အာရက္ခပရိဂ္ဂဟော၊ထိုစောင့်ရှောက် သိမ်းဆည်းထား သော ရဟန်းသည်။ (ကတ္တားထည့်)။ သာမီ၊အစိုးရ၏။ သေသဿ၊သင်္ကန်း သပိတ် ပရိက္ခရာမှ ကြွင်းကျန်သော မတသန္တကကို။ သံဃော၊သည်။ သာမီ၊ အစိုးရ၏။

မှတ်ချက်—ပေမူနိုက် "ဣတောဝ သာမိ" ဟု ပါဠိရှိ၏၊ စာအုပ်မူနိုက် "သေဝ သာမိ"ဟု ပါဠိရှိ၏။ ဤသို့ ပါဠိနှစ်မျိုးရှိရာ "ဣတောဝ သာမိ"ဟူသော ပါဠိသည်သာလျှင် ပါဠိမှန်ဟု မှတ်အပ်၏၊အဘယ်ကြောင့်နည်းဟူမူ "မဟဋ္ဌေါ စေ ဟောတိ။ သေသဿ သံဃော သာမိ"ဟူသော နောက်နှစ်ဝါကျကို ထောက်သဖြင့် ထိုအပ်နှံခြင်းကို ခံရသော ရဟန်းသည် ဂိလာနုပဋ္ဌာကရဟန်းနှင့်အတူ ဤအပ်နှံထားသော ပရိက္ခရာများမှသာလျှင် အဖိုးများစွာ ထိုက်သော်လည်း သင်္ကန်း, သပိတ် ပရိက္ခရာကိုသာ အစိုးရ၏၊ ထို သင်္ကန်း, သပိတ် ပရိက္ခရာမှ ကြွင်းကျန်သော မတသန္တကကို သံဃာသည် အစိုးရ၏ဟူသော အဓိပ္ပါယ်ကို ရည်ရွယ်၍ ဋီကာဆရာ ဆိုသော ကြောင့်တည်း။

သစေ တသ္သဘိက္ခုနော ပတ္တစီဝရမတ္တမေဝ ဟောတိ။ အညံ နတ္ထိ။ သဗ္ဗံ ဂိလာနုပဋ္ဌာကာနံယေဝ ဒါတဗ္ဗံ။ သစေဝိ

သဟာသံ အဿတိ။အညံ ပန ဗဟုဓိ ပရိကွာရံ တေ နလဒ္ဓန္တိ၊ သံဃသေဝ ဟောတိ။–ဟူသော စီဝရကွန္ဓက အဋ္ဌကထာ ကိုလည်း ထောက်ဆ၍ သိလေ။

"ဧသော၀ သာမိ" ဟူသောပါဠိသည် ပါဠိမှားတည်း။ အဘယ် ကြောင့်နည်းဟူမူ သောသဒ္ဒါဖြင့် အပ်နှံခံရသော ရဟန်းကိုသာ စွဲရမည်ဖြစ်၍ ထို ရဟန်းသည် ထိုပစ္စည်းကို အပ်နှံခံရကာမျှဖြင့် သုဒိန္န, သုဂ္ဂဟိတ မဖြစ်ထိုက်သောကြောင့် မတသန္တက ပစ္စည်းကို မစိုးပိုင်နိုင်သောကြောင့်တည်းဟု မှတ်အပ်၏။

ကေနစိ ဂိလာနုပဋ္ဌာကေနာတိ၊ဟူ၍။ ဝတ္တဗ္ဗက္ကမော၊ ဆိုအပ်သောအစဉ်ကို။ ဧတေန၊ ထိုဆိုအပ်ပြီးသော ဝါကျဖြင့်။ ဒဿိတော၊ ပြအပ်၏။ ပုန၊ တဖန်။ ဥပဋ္ဌာကာနံ၊အလုပ်အကျွေးတို့၏။ ဗဟုဘာ၀ေ၀၊ များသည်၏ အဖြစ်သည်။ သတိ၊ သော်။ သဗ္ဗေသံ၊ အလုံးစုံသော သူတို့အား။ ဒါတဗ္ဗကမ္မံ၊ ပေးအပ်သော ဥတ္တိဒုတိယကံကို။ ဒဿေန္တေန၊ ပြတော်မူလိုသော။ ဘဂ၀တာ၊ သည်။ ကမ္မ၀ါစာ၊နှိုက်။ ဂိလာနုပဋ္ဌာကာနန္တိ၊ဟူ၍။ ဝုတ္တံ၊၏။

မှတ်ချက်–"တဿစ အာ၀ါသဂတဿ ကော သာမိ။ သံဃော၀ သာမိ" ဟူသောပါဠို၊ "ကေနစိ ဂိလာနုပဋ္ဌာကေန" ဟူသော ပါဠိတို့သည် ပါဠိတော်,အဋ္ဌကထာတို့နှိုက် မရှိဟု မှတ်အပ်၏။

မန္တလေးမြို့ မိုးကောင်းတိုက် ထိန်ပင်ကျောင်းနှိုက် သီတင်းသုံးသော ညောင်ရမ်းဆရာတော်သည် မေဃ၀တီတိုက် သာသနာပြုဆရာတော်ကြီး အရှင်ကလျာဏသည် ဝဇီရဗုဒ္ဓိဋီကာ ပေမူစာနှိုက် "ရွှေဖယောင်း နောက်ဖယောင်း"မှတ်သားပြီးလျှင် ၎င်းဖယောင်း မှတ်အတွင်းရှိပါဠိကို အနက်ယောဇနာ၍ အဓိပ္ပါယ်သင့်တော်ရုံ ရေးပေးလိုက်ပါဟု ပေစာကို ညနေ(၆)နာရီအချိန် ပို့လိုက်ရာ ညက္ခင်းခြင်းပင် ပြီးစီးအောင် ရေးသော ဝဇီရဗုဒ္ဓိဋီကာ မတသန္တကအခဏ်း အနက် အဓိပ္ပါယ်သည် ၁၂၇၃-ခု၊ ဝါဆိုလဆန်း (၅) ရက်နေ့ည(၁၂)နာရီကျော်အချိန်တွင် အပြီးသို့ ရောက်သတည်း။

မဘသန္တာက ပုဆွေ (၃) ချက်
မေးလျောက်သော

၁၃၀၉-ခု၊ နယုန်လဆန်း(၁၂)ရက် စနေနေ့။

ရှိသေ လေးမြတ်စွာ ခြေတော်ဦးခိုက် လျှောက်ပါသည်ဘုရား....။

အောက်ပါ ပြဿနာများကို ကျမ်းဂန် အကိုးအကား ပြလျက် သနား သောအားဖြင့် ဖြေကြား ချီးမြှင့်တော်မူပါဘုရား....။

၁။ (က) အကြင်ပုဂ္ဂိုလ်ရဟန်းတပါးသည် မိမိပြောင်းလဲပေ လိုသော ဆွေမျိုးရင်းချာ ပုဂ္ဂိုလ်(၁)ပါးအား ပေးလိုလျက် အနားမှာ ခေါ်ကာ ရောဂါနှိပ်စက် သတိလစ်၍ ပြန်လွန်တော်မူသွားသဖြင့် စိတ်အားဖြင့် ညွတ်ပြီး သက်သေထင်ရှား လူအများ ရှေတွင် တအားပြန်မပြုလုပ်နိုင်ဘဲ ပြန်လွန်ခဲ့သော်၎င်း။

(ခ) ပြန်လွန်တော်မမူမီ ရှေးရှေးကာလနှိုက် ညွတ်သောပုဂ္ဂိုလ်နှင့် ဆွေမျိုးရင်းချာဖြစ်၍ အညွတ်ခံရသော ပုဂ္ဂိုလ်အား ညွတ်သော ပုဂ္ဂိုလ်က "ငါမရှိလျှင် နင်ဘဲ ရှိတော့တယ်"ဟု ပြောစကားအရ အညွတ်ခံရသော ပုဂ္ဂိုလ်သည် ညွတ်သောပုဂ္ဂိုလ်၏ ပစ္စည်းအဝဝကို သုံးထိုက် မသုံးထိုက်။

၂။ တပါးသော ပုဂ္ဂိုလ်သည် မိမိအား မလွှဲမပြောင်းလိုဘဲလျက် စိတ်အားဖြင့်၎င်း၊ နှုတ်အားဖြင့်၎င်း မိမိကို မညွတ်ဟူ၍ ပြောဆိုလျက် ထိုပုဂ္ဂိုလ်သည် ဝိဿာသဂါဟ ယူခဲ့သော် အင်္ဂါမြောက်နိုင်ပါသလော။

၃။ ဝိဿာသဂါဟ အင်္ဂါတို့တွင် အဘယ်အင်္ဂါသည် အရေးအကြီးဆုံး ပါနည်းဘုရား။

အထက်ပါ ပြဿနာများ၏ အဖြေများကို သာသနာတော် သန့်ရှင်းရေးကို ရှေးရှုလျက် မကြာမီ အသနားခံယူလိုပါသည်ဘုရား....။

ဒေဝမောင်
တိုင်းပြု ပြည်ပြုအမတ်
အိမ်နံပါတ်(၃) ဆီဆုံလမ်း-စမ်းချောင်း
ရန်ကုန်မြို့။

မတသန္နကပုဏ္ဏာဝိနိဆ္ဆယ

၁-ပဌမပုဏ္ဏာ အဓြ

၁။ (က) အကြင် ပုဂ္ဂိုလ်ရဟန်းတပါးသည် မိမိ ပြောင်းလဲပေးလိုသော ဆွမျိုးရင်းချာ ပုဂ္ဂိုလ်(၁)ပါးအား ပေးလိုလျက် အနားမှာ ခေါ်ကာ ရောဂါနှိပ်စက် သတိလစ်၍ ပြန်လွန်တော်မူသွား သဖြင့် စိတ်အားဖြင့်သာ ညှတ်နှိုင်ပြီး၊ သက်သေထင်ရှား လူ အများရှေ့တွင် တအားပြန်၍ မပြုလုပ်နိုင်ဘဲ ပြန်လွန်တော်မူ သွား၍သော်ငင်း ဟူ၍ မေးလျှောက်ရာနှိုက်—

(က) အသညဿ ဒဿာမိတိ စိတ္တုပ္ပါဒမတ္တေန ပရသန္တကံနာမ ဟောတိ။—

ဟူသော တရသကဏ်ဍီကာနှင့်အညီ ပြန်လွန်သောရဟန်းသည် မပြန် လွန်မီ ရှေးအဖို့နှိုက် ပေးလှူအံ့ဟူ၍ စိတ်ဖြင့် ရည်ရွယ်ခြင်း နောက်ကာလနှိုက် မိမိပိုင် ပစ္စည်းများကို တပါးသောပုဂ္ဂိုလ်အား စိတ်ကပင် ရည်သန်ခြင်းရှိသော်လည်း နှုတ်အားဖြင့် ပေးစွန့်ခြင်း မရှိသောကြောင့်၎င်း၊

(ခ) ဝိနယပရိယာယံ ပတ္ဝာ ဟိ ဒဿာမိ ကရိဿာမိတိ ဝါစာဘိန္နာ ဟောတိ၊ ဣမိနာလက္ခဏေန ဒါနံနာမ ဟောတိ။—

ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာနှင့်အညီ ဝိနည်းအရာသည် နှုတ်မြွက်၍ ပေးခြင်းသည်သာလျှင် ပဓာနဖြစ်သောကြောင့်၎င်း၊ စိတ်ဖြင့်သာလျှင် ညှတ် ခြင်းရှိသော မတကရဟန်း၏ သန္တကသည် အညှတ်ခံရသော ရဟန်းပုဂ္ဂိုလ်၏ သန္တက မဖြစ်၊ စင်စစ်အားဖြင့် သံဃိက သံဃသန္တကသာ ဖြစ်၏ဟု မုချမှတ် အပ်၏။ ထိုကြောင့် ဝိနည်းမဟာဝဂ် ပါဠိတော် စီဝရက္ခန္ဓကနှိုက်—

(ဂ) ဘိက္ခုဿ ဘိက္ခဝေ ကာလက်တေ သံဃော သာမိ ပတ္တစီဝရေ။—ဟု ဟောတော်မူ၏။

(ခ) ပြန်လွန်တော်မမူမီ ရှေးရှေးကာလနှိုက် ညွှတ်သောပုဂ္ဂိုလ်နှင့် ဆွေမျိုးရင်းချာဖြစ်၍ အညွှတ်ခံရသောပုဂ္ဂိုလ်အား ညွှတ်သောပုဂ္ဂိုလ်က "ငါမရှိလျှင် နင်ဘဲရှိတော့တယ်"ဟု ပြောစကားအရ အညွှတ်ခံရသော ပုဂ္ဂိုလ်သည် ညွှတ်သောပုဂ္ဂိုလ်၏ ပစ္စည်းအဝဝကို သုံးထိုက်မသုံးထိုက်ဟု မေးလျှောက်ရာနှိုက်—

ရဟန်း၏ သန္တကသည် ရဟန်းသံဃာသာလျှင် အမွေခံဖြစ်၏၊ ဆွေမျိုးညာတိ တော်စပ်ခြင်းသည် မသက်ဆိုင်၊ ဆွေမျိုးညာတိ တော်စပ်သော်လည်း လူသည် ရဟန်း၏အမွေခံ မဖြစ်ထိုက်သည်ကို သတိပြု။ ငါ၏သန္တကကို သင်၏ သန္တကပြုလော ပြုစေလောဟူ၍ ပေးလိုသောရဟန်းက ဆိုသည်ရှိသော် ယူလိုသော ရဟန်းက "ငါ၏ သန္တကပြုပါ၏၊ ငါ၏ သန္တကဖြစ်စေ၊ ငါ၏ သန္တကကို ပြုပါအံ့"ဟု ဆို၍ ပေးခြင်း ယူခြင်းကို ပြုလုပ်သော်၎င်း၊ ငါသေလျှင်ယူတော့ဟု နှုတ်မြွက်၍ ပေးသော်၎င်း ဝိနည်းအရာနှိုက် မကောင်းသော ပေးခြင်း ယူခြင်း ဒုဒ္ဒိန္နဒုဂ္ဂဟိတဖြစ်၍ ပေးခြင်း ယူခြင်းမမြောက် ပေးရာ မရောက်တုံသေး၏။ "ငါမရှိလျှင် နင်ဘဲရှိတော့တယ်"ဟု ပြောဆိုကာမျှဖြစ်သော စကားသည် အဘယ်မှာ ဆိုဖွယ်ရာရှိအံ့နည်း၊ပေးခြင်းမမြောက် ပေးရာမရောက်သည်သာလျှင်တည်း။ ထိုသို့ ပေးရာ မရောက်သောကြောင့်၎င်း၊ မတသန္တကသည် အညွှတ် အပြောအဆို ခံရသောပုဂ္ဂိုလ်၏ သန္တက မဖြစ် လုံးဝမသုံးဆောင်ထိုက်။အောက်က ပြဆိုခဲ့ပြီးသည်အတိုင်း သံဃိက သံဃသန္တကသာ ဖြစ်၏ဟု မုချ မှတ်ယူအပ်၏။ ထိုကြောင့် ပါရာဇိကဏ်အဋ္ဌကထာ ပဌမကထိနသိက္ခာပုဒ် အဖွင့်နှိုက်—

(ဃ) တဝ သန္တကံ ကရောဟိ၊ တဝ သန္တကံ ကရောတု၊ တဝ သန္တကံ ကာရာပေဟိတိ ဝုတ္တေ—မမ သန္တကံ ကရောမိ၊ မမ သန္တကံ ဟောတု၊ မမ သန္တကံ ကရိဿာမိတိ ဝဒတိ။ ဒုဒ္ဒိန္နံ ဒုဂ္ဂဟိတဉ္စ။—ဟု ပြတော်မူ၏။

အကယ်၍ ဤသို့ ဆိုကာမျှဖြင့် အမျက်ထောင်၍ ငါ၏သန္တကဘဲဟု မှတ်ထင်ပြီးလျှင် မိမိပိုင် သကသညာဖြင့် သုံးဆောင်ခဲ့သော် ဘဏ္ဍာဒေယျဖြစ်၏။ ထေယျစိတ်ဖြင့် သုံးဆောင်ခဲ့သော် ပါရာဇိက ဖြစ်၏။ ထိုကြောင့် ပါရာဇိကဏ်အဋ္ဌကထာ ပဌမကထိနသိက္ခာပုဒ်အဖွင့်နှိုက်—

(c) တဿ သန္တကဘာဝံ ပန ဥတ္တာ လေသေန အစ္ဆိန္နန္တော ဘဏ္ဍံ အဿပေတ္တာ ကာရေတဗ္ဗော။—ဟု ပြတော်မူ၏။ သတိရှိကြစေ၊ သာဓက များစွာ ရှိ၏။

၂-ဒုတိယပုဆ္ဆာအခြေ

၂။ တပါးသော ပုဂ္ဂိုလ်သည် မိမိအား မလဲ့ပြောင်းလိုဘဲလျက် စိတ်အား ဖြင့်ရင်း နှုတ်အားဖြင့်ရင်း မိမိကို မညှတ်ဟူ၍ ပြောဆိုလျက်၊ ထိုပုဂ္ဂိုလ်သည် ဝိဿာသဂါဟ ယူခဲ့သော် အင်္ဂါမြောက်နိုင်ပါသလောဟု မေးလျှောက်ရာ၌က်—

အကျဉ်းအားဖြင့်—ထိုပုဂ္ဂိုလ်၏ ဝိဿာသဂါဟယူခြင်းသည် သန္ဒိဋ္ဌ,ဇီဝတိအင်္ဂါနှစ်ပါး ပြည့်စုံသော်လည်း ပစ္စည်းရှင် ပုဂ္ဂိုလ်၏ ညှတ်ခြင်း နှစ်သက်ဝမ်းမြောက်ခြင်း ဂဟိတအတ္တမနအင်္ဂါ မပြည့်စုံသောကြောင့် ဝိဿာသဂါဟ ယူသော်လည်း ယူရာမရောက်၊ ထိုဝိဿာသဂါဟ ယူသောပုဂ္ဂိုလ်၏ သန္တကမဖြစ်၊ ယူခဲ့သော် တဖန်ပြန်၍သာ ပေးအပ်၏။ ပြန်၍ပေးသော် ထိုမတကရဟန်း၏ သန္တကကို ရထိုက်သော ဂိလာနုပဋ္ဌာက လူ, ရဟန်း, သာမဏေအား ဖြစ်စေ သံဃာအား ဖြစ်စေ ပေးအပ်၏။

မှတ်ချက်—မပေးဘဲနေခဲ့သော် ဘဏ္ဍာကိုအဖိုးဖြတ်၍ ဘဏ္ဍာဒေယျ ပါရာဇိကစသည်ဖြင့် ဆုံးဖြတ်သင့်၏။ထိုကြောင့် ပါရာဇိကဏ်အဋ္ဌကထာ ဒုတိယပါရာဇိကသိက္ခာပုဒ်အဖွင့်နှိုက်—

(စ) ယော ပန ဇီဝတိ နစ ဂဟိတော အတ္တမနော ဟောတိ၊ တဿ သန္တကံ ဝိဿာသဂါဟေန ဂဟိတမ္ပိ ပုန ဒါတဗ္ဗံ။ ဒဒမာနေ နစ မတမနံ တာဝ ယေ တဿမနေ ဇာသရာ ဂဟဋ္ဌာဝါ ပဗ္ဗဇိတာဝါ တေသံ ဒါတဗ္ဗံ။ အနတ္တမနဿ သန္တကံ တဿေဝ ဒါတဗ္ဗံ။—ဟု ပြတော်မူ၏။

၃-ဘတိယပုစ္ဆာ အဖြေ

၃။ ဝိဿဘသဂါဟအင်္ဂါတို့တွင် အဘယ်အင်္ဂါသည် အရေးအကြီးဆုံး ဖြစ်ပါသနည်းဘုရားဟု မေးလျှောက်ရာ၌က်—

ဝိနည်းမဟာဝဂ်ပါဠိတော် စီဝရက္ခန္ဓကဋီက် ဝိဿဘသဂါဟအင်္ဂါကို အကြောင်းအကျန်မရှိ သိမ်းကျုံးတော်မူ၍ ယူတော်မူသည်၏ အစွမ်းဖြင့် ငါးပါးဟု ဘုရားဟောတော်မူသော်လည်း ပါရာဇိကဏ် အဋ္ဌကထာဋီက်—

> ဝိဿာသဂါဟော ပန တီဟိ အင်္ဂေဟိ ရူဟတိ၊ သန္ဒိဋ္ဌော, ဇိဝတိ, ဂဟိတေ အတ္တမနော။ သမ္ဘတ္တော, ဇိဝတိ, ဂဟိတေ အတ္တမနော။အာလပိတော,ဇိဝတိ,ဂဟိတေ အတ္တမနောတိ။—

ဟူ၍ ဗုဒ္ဓမတညူ အဋ္ဌကထာဆရာသည် ဝိဿာသဂါဟအင်္ဂါ (၃) ပါး ထား၍ ခွဲဝေပြီးလျှင်—

(က) သန္ဒိဋ္ဌ, ဇိဝတိ, ဂဟိတ အတ္တမန။—ဟူ၍၎င်း၊
(ခ) သမ္ဘတ္တ, ဇိဝတိ, ဂဟိတ အတ္တမန။—ဟူ၍၎င်း၊
(ဂ) အာလပိတ, ဇိဝတိ, ဂဟိတအတ္တမန။—ဟူ၍၎င်း၊ (၃)မျိုး ခွဲခြား၍ ပြတော်မူ၏။

ထိုသုံးပါးသော အင်္ဂါတို့တွင် ဇိဝတိ, ဂဟိတအတ္တမန အင်္ဂါ(၂)ပါးသည် အရေးကြီး၏၊ ထိုအင်္ဂါ (၂)ပါးတို့တွင် ဂဟိတအတ္တမနအင်္ဂါသည် ပစ္စည်းရှင် ပုဂ္ဂိုလ်၏ ပေးလိုသောစိတ် မပေးလိုသောစိတ် ဝမ်းမြောက်သောစိတ် ဝမ်းမမြောက်သောစိတ်ကို အလွန် သိမြင်နိုင်ရန် ခဲယဉ်းသောကြောင့်၎င်း၊ အဋ္ဌကထာဋီက်—

> ယော ပန ဇိဝတိ၊ နစ ဂဟိတေ အတ္တမနော ဟောတိ။—

အစရှိသည်ဖြင့် ပြတော်မူသောကြောင့်၎င်း အလွန် အရေးအကြီးဆုံး ဖြစ်သော အင်္ဂါဟု မှတ်ယူအပ်၏။

သာဓကများ၏ အနက်— (က) အညဿ၊ တပါးသော သူအား။ ဒဿာမိတိ၊ ပေးလှူအံ့ဟူ၍။ စိတ္တုပ္ပါဒမတ္တောန၊ စိတ်ဖြစ်ကာမျှဖြင့်။ ပရသန္တကံနာမ၊ သူတပါး ဥစ္စာမည်သည်။ နံဟောတိ၊ မဖြစ်။

(ခ) ဟိသစ္စံ၊ မှန်၏။ ဝိနယပရိယာယံ၊ ဝိနည်းဒေသနာတော်သို့။ ဝါ၊ ဝိနည်းပရိယာယ်သို့။ ပတ္ဝာ၊ရောက်၍။ ဝါ၊ရောက်သည်ရှိသော်။ ဒဿာမိ၊ပေးလှူအံ့။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ သို့။ ဝါစာဘိန္နာ၊ နှုတ်မြွက်ပြောဆိုသည်။ ဟောတိ၊၏။ ဣမိနာလက္ခဏေန၊ဤသို့ ပေးလှူအံ့ ပြုအံ့ဟူ၍ နှုတ်မြွက်ပြောဆိုသော လက္ခဏာဖြင့်။ ဒါနံနာမ၊ပေးလှူခြင်းမည်သည်။ ဟောတိ၊၏။

(ဂ) ဘိက္ခဝေ၊တို့။ ဘိက္ခု၊သ၊ ၏။ ကာလင်္၊တေ၊ သေသည်ရှိသော်။ သံဃော၊သည်။ ပတ္တစီဝရေ၊သပိတ်,သင်္ကန်းတို့ကို။ သာမိ၊အစိုးရ၏။

(ဃ) တဝ၊သင်၏။ သန္တကံ၊ဥစ္စာကို။ ကရောဟိ၊ပြုလော။ တဝ၊သင်၏။ သန္တကံ၊ကို။ ကရောတု၊ ပြုလော။ တဝ၊ သင်၏။ သန္တကံ၊ကို။ ကာရာပေဟိ၊ ပြုစေလော။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ပေးလိုသော ရဟန်းက ဆိုသည်ရှိသော်။ ပဋိဂ္ဂဟကော၊ ခံယူလိုသော။ ဘိက္ခု၊ သည်။ (ကတ္တား ထည့်)။ မမ၊ ၎၏။ သန္တကံ၊ကို။ ကရောမိ၊ ပြုပါ၏။ မမ၏။ သန္တကံ၊ သည်။ ဟောတု၊ ဖြစ်စေ။ မမ၏။ သန္တကံ၊ကို။ ကရိဿာမိ၊ပြုအံ့။ ဣတိ၊သို့။ ဝဒတိ၊ဆိုအံ့။ ဧဝမ်ပိ၊ဤသို့ ဆိုသော်လည်း။ (ထည့်)။ ဒုဒ္ဒိန္နဥ္စ၊ မကောင်းသဖြင့် ပေးခြင်းသည်လည်း။ ဟောတိ၊ဖြစ်၏။ ဒုဂ္ဂဟိတဥ္စ၊မကောင်းသဖြင့် ယူခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။

(င) တဿဘိက္ခုနော၊ထိုရဟန်း၏။ သန္တကဘာဝံ၊ဥစ္စာ၏ အဖြစ်ကို။ ဉတ္ဝာ၊သိ၍။ ဝါ၊သိလျက်။လေသေန၊အမြွက်အား ဖြင့်။အစ္ဆိန္နန္တော၊လုယက်သည်ရှိသော်။ ဝါ၊ လုယက်၍ ယူသောရဟန်းကို။ ဘဏ္ဍံ၊ ဘဏ္ဍာကို။ အဿ ပေတ္ဝာ၊အဖိုးပြတ်စေ၍။ ကာရေတဗ္ဗော၊ဆုံးဖြတ်အပ်၏။

(စ) ပန၊ထိုမှတပါး။ ယော ဘိက္ခု၊အကြင်ရဟန်းသည်။ ဇီဝတိ၊အသက်ရှိသည်။ ဝါ၊အသက်ရှင်သည်။ ဟောတိ၊၏။ ဂဟိတေ၊ယူသည်ရှိသော်။ အတ္တ မနော၊နှစ်သက် ဝမ်းမြောက်ခြင်းသည်။နစဟောတိ၊မဖြစ်။ တဿဘိက္ခုနော၊ ၏။ သန္တကံ၊ကို။ ဝိဿာသဂါဟေန၊ချစ်ကျမ်းဝင်၍ ယူခြင်းဖြင့်။ ဝါ၊နှိပ်စက် ခြင်းမှ ကင်းသောယူခြင်းဖြင့်။ (သဒ္ဒတ္ထ)။ ဂဟိတမိ၊ ယူသော်လည်း။ ပုန၊ တဖန်။ ဒါတဗ္ဗံ၊ပေးအပ်၏။

၈၊ ဆက်၍ဆိုဦးအံ့။ ဒဒမာနေန၊ ပေးသော ရဟန်းသည်။ မတဓနံ၊ သေ သောရဟန်း၏ ဥစ္စာကို။ တာဝ၊ ရှေးဦးစွာ။ တဿ၊ ထိုသေသောရဟန်း၏။ ဓနေ၊နှိုက်။ ယေဂဟဋ္ဌာဝါ၊အကြင် လူတို့သည်၎င်း။ ယေပဗ္ဗဇိတာဝါ၊ အကြင် ရဟန်းတို့သည်၎င်း။ ဣဿရာ၊ အစိုးရကုန်၏။ တေသံ၊ ထို အစိုးရသော လူ, ရဟန်းတို့အား။ ဒါတဗ္ဗံ၊ ၏။ အနတ္တမနဿ၊ မနှစ်သက် ဝမ်းမမြောက်သော ရဟန်း၏။ သန္တကံ၊သည်။ ဟောတိ၊ ဖြစ်အံ့။ တဿေဝ၊ ထိုရဟန်းအား သာ လျှင်။ ဒါတဗ္ဗံ၊၏။

မန္တလေးမြို့ မိုးကောင်းတိုက်နှိုက် မဟာနာယက အဖြစ်ဖြင့် အုပ်ချုပ်၍ သီတင်းသုံးနေတော်မူသော တာဝန်ခံ မဟာနာယက “ရေဝတာဘိ ပဏ္ဍိတဓ သာသနဝံသ မဟာဓမ္မရာဇဂုရု၊ အဂ္ဂမဟာ ပဏ္ဍိတ” ဘွဲ့တံဆိပ်တော်ရ သာသနာပြု ညောင်ရမ်းဆရာတော်သည် ရန်ကုန်မြို့ စမ်းချောင်း ဆီဆုံလမ်း (၃)နံပါတ်အိမ်နေ တိုင်းပြုပြည်ပြု အမတ် **မောင်စောမောင်** မေးလျှောက်ချက်အရ ဖြေဆို ရေးသား အပ်သော ‘မတသန္တကပုဏ္ဏာ ဝိနိစ္ဆယ’သည် ၁၃၀၉-ခု၊နယုန်လဆန်း (၁၃)ရက်၊ တနင်္ဂနွေနေ့ ညနေ(၅)နာရီခွဲအချိန် အပြီးသို့ ရောက် သတည်း။

ဣဒံ မေ ပုညံ ဓမ္မဓဝါတု ပစ္စယော ဟောတု။

မတသန္တကပုဏ္ဏာ ဝိနိစ္ဆယ ပြီးပြီ။

ဝဿုကာဆုနံ ဝဿုပနာယိကာ

အနာပတ္တိဝိနိစ္ဆယ

၁၃၀၂–ခု၊ သီတင်းကျွတ်လဆန်း(၁၄)ရက်နေ့။

တကာတော်မင်းသားကြီး ထိပ်တင်ဖြူ(အို ဘီ အီး၊ကေ အက်စ အင်)က ရဟန်းတော်တို့သည် မင်းတို့၏ ဝါထပ် လ ရက် ငင်ရာသို့ လိုက်၍ ဝါသို့ ကပ်ရာ ဥပုသ် ပဝါရဏာ ပြုရာနှိုက် အပြစ်ရှိ မရှိကို လျှောက်ထားရာနှိုက်–

အနဇာမိ ဘိက္ခဝေ ရာဇူနံ အနုဝတ္တိတုံ။— ဝိနည်းမဟာဝါ ပါဠိတော်

အနဇာနာမိ ဘိက္ခဝေ ရာဇူနံ အနုဝတ္တိတုန္တိဿ ဝဿုကာဆုနေ ဘိက္ခူနံ ကာစိ ပရိဟာနိနာမ နတ္ထိတိ အနုဝတ္တိတုံ အနုညာတံ၊ တသ္မာ အညသ္မိမ္ပိ ဓမ္မိကေ ကမ္မေ အနုဝတ္တိတဗ္ဗံ၊ အဓမ္မိကေ ပန နကဿစိ အနုဝတ္တိတဗ္ဗံ။—ဂင်းအဋ္ဌကထာ

အနက် အနုဇာနာမိ ဘိက္ခဝေ ရာဇူနံ အနုဝတ္တိတုန္တိဿ၊ အနုဇာနဲ့ာမိ ။လ။အနုဝတ္တိတုံ ဟူသောပါဠိတော်နှိုက်။ ဝဿုကာဆုနေ၊မင်းတို့သည် ဝါဆို လ ရက်ကို ငင်ရာနှိုက်။ ဘိက္ခူနံ၊ရဟန်းတို့အား။ ကာစိ၊တစုံတခု သော။ ပရိဟာနိနာမ၊သီလစသောဂုဏ် ဆုတ်ယုတ်ခြင်းမည်သည်။ နတ္ထိ၊မရှိ။ ဣတိတသ္မာ၊ထို့သို့ သီလစသောဂုဏ် ဆုတ်ယုတ်ခြင်း မရှိသောကြောင့်။ အနုဝတ္တိတုံ၊ မင်းတို့၏ အလိုသို့ လိုက်ခြင်းငှါ။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်၏။ တသ္မာ၊ ထို့သို့ ဘုရားခွင့်ပြုတော်မူသောကြောင့်။ အညသ္မိမ္ပိ၊ဝါကို ငင်ခြင်းမှ တပါးလည်းဖြစ်သော။ ဓမ္မိကေ၊ဝိနည်းတရားတော်နှင့် သင့်လျော်သော။ ကမ္မေ၊ အမှုနှိုက်။ အနုဝတ္တိတဗ္ဗံ၊ မင်းတို့၏ အလိုသို့ အစဉ်လိုက်အပ်၏။ ပန၊ ဗျတိရိတ်ကို ဆိုဦးအံ့။ အဓမ္မိကေ၊ ဝိနည်းကျင့်ဝတ်တရားနှင့် မသင့်မလျော်သော။ကမ္မေ၊ အမှုနှိုက်။ကဿစိ၊မင်းစသော တစုံတယောက်သော သူ၏။ မတိံ၊ အလိုသို့။ နအနုဝတ္တိတဗ္ဗံ၊ အစဉ်မလိုက်အပ်။

အဓိပ္ပါယ် အကျဉ်း

"အနုဇာနာမိ ဘိက္ခဝေ။လ။အနုဝတ္တိတုံ အနုညာတံ" ဟူသော အဋ္ဌကထာပါဠိဖြင့် မင်းတို့သည် ဝါထပ် ရက်ငင်ကို ပြုသောနှစ်နှိုက် မင်းတို့ လ, ရက်ကို ငင်ခြင်းသည် အာသဋ္ဌိနက္ခတ်နှင့် ယှဉ်သည်ဖြစ်စေ မယှဉ်သည်ဖြစ်စေ တိထိ (၁၅) လုံး ပြည့်သည်ဖြစ်စေ မပြည့်သည်ဖြစ်စေ ရဟန်းတော်တို့သည် မင်းပြဓာန်းသတ်မှတ်သော ဝေါဟာရရက်သို့သာ အစဉ်လိုက်၍ ဝါသို့ ကပ်ရာ၏ ဥပုသ်,ပဝါရဏာပြုရာ၏၊ တိထိနက္ခတ်နှင့် မညီညွတ်ခြင်းကြောင့် တစုံတရာ သီလဂုဏ် စသည် ဆုတ်ယုတ်ခြင်းလည်း မရှိ အာပတ်သင့်ခြင်းလည်း မရှိဟု ဘုရား အလိုတော်ကျ အဓိပ္ပါယ်ကို ဗုဒ္ဓမဟာဉာ အဋ္ဌကထာဆရာ ပြတော်မူ၏။

ဗေဒင်ကျမ်းအရ နက္ခတ် တိထိရက်နှင့် ညီညွတ်သော မင်းတို့၏ လ, ရက် ငင်ခြင်းကိုသာလျှင် လိုက်၍ ဝါသို့ကပ်ရမည်၊ ဥပုသ်,ပဝါရဏာ ပြုရမည်၊ဗေဒင်ကျမ်းနှင့် မညီညွတ်လျှင် မင်းတို့၏အလိုသို့ မလိုက်ရ ဟူ၍ပြသော ပါဠိတော်, အဋ္ဌကထာ,ဋီကာ မရှိဟု မှတ်အပ်၏။

ဝါဆိုသော ရက်နေ့ စာတုဒ္ဒသီ, ပန္နရသီဥပုသ်နေ့တို့ကို နက္ခတ် တိထိရက်နှင့် ညီသည်ဖြစ်စေ မညီသည်ဖြစ်စေ မင်းတို့ သမုတ်ပညတ်အပ်သော ဝေါဟာရရက်ကိုသာလျှင် ယူအပ်၏။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ ပဝါရဏာခန္ဓက အဖွင့်နှိုက်—

(က) ဘဂ္ဂုန ကာရကာနံ တေရသေဝါ စာတုဒ္ဒသေဝါ ဏမေ ပန္နရသိပဝါရဏံ ပဝါရေဿန္တိ တိ ဏမိနာ ယထာသကံ ဥပေါသထကရဏဒိဝသတော ပဋ္ဌာယ ဘိက္ခူနံ စာတုဒ္ဒသိ ပန္နရသိ ဝေါဟာရော။ နစ္ဆဂတိ သိဒ္ဓိယာ တိထိယာဝသေ နာတိ ဒသေတိ။—ဟူ၍ဂုင်း၊

(ခ) သကိံ ပက္ခသ စာတုဒ္ဒသေ ပန္နရသေဝါတိ အာဒိဝစနတ္ထိ ဥပဝုတ္ထက္ကမေနေဝ ဝုတ္တံ၊ နတိထိက္ကမေနာတိ ဂဟေတဗ္ဗံ။— ဟူ၍ဂုင်း ဖွင့်ပြတော်မူ၏။

အနက် (က) ဘဏ္ဍာနကာရကာနံ တေရသေဝါ စာတုဒ္ဒသေဝါ ဏ္ဍမေ ပန္နရသီ ပဝါရဏံ ပဝါရေဿန္တီတိ ဏ္ဍမိနာ၊ ဘဏ္ဍာနကာရကာနံ ။လ။ပဝါရေဿန္တိ ဟူသော အဋ္ဌကထာပါဠ်ဖြင့်။ ယထာသကံ၊ မိမိတို့၏ ဥစ္စာဖြစ်သော ဥပုသ်နေ့အား လျော်စွာ။ ဥပေါသထကရဏဒိဝသတော၊ ဥပုသ်ပြုသော နေ့မှ။ ပဋ္ဌာယ၊စ၍။ ဘိက္ခူနံ၊ ရဟန်းတို့၏။ စာတုဒ္ဒသီ ပန္နရသီဝေါဟာရော၊ တဆယ့်လေးရက် စာတုဒ္ဒသီ တဆယ့်ငါးရက် ပန္နရသီ ဟူသော ခေါ်ဝေါ်ခြင်းသည်။ ဟောတိ၏။ စန္ဒဂတိသိဒ္ဓိယာ၊လ၏ သွားခြင်းအားဖြင့် ပြီးသော။ တိထိယာ၊တိထိနေ့၏။ ဝါ၊တိထိပြည့်သောနေ့၏။ ဝသေန၊အစွမ်းဖြင့်။ စာတုဒ္ဒသီ ပန္နရသီဝေါဟာရော၊ စာတုဒ္ဒသီ, ပန္နရသီဟူသော ခေါ်ဝေါ်ခြင်းသည်။နဟောတိ၊ဖြစ်။ ဏ္ဍတိဏ္ဍမံအတ္ထဇာတံ၊ဤသို့သော အနက်သဘောကို။ အာစရိယော၊အဋ္ဌကထာဆရာသည်။ ဒဿေတိ၊ပြ၏။

(ခ) ပက္ခဿ၊ လဆန်းပက္ခ လဆုတ်ပက္ခ၏။ သကိံ၊ တကြိမ်။ စာတုဒ္ဒသေဝါ၊တဆယ့်လေးရက်မြောက်သောနေ့နှိုက်၎င်း။ ပန္နရသေဝါ၊ တဆယ့်ငါးရက်မြောက်သောနေ့နှိုက်၎င်း။ ဏ္ဍတိအာဒိဝစနမ်ပိ၊ ဤသို့ အစရှိသော ဘုရားဟောတော်မူသော စကားကိုလည်း။ ဥပဝုတ္ထက္ခဏေနေဝ၊သုံးပြီးသော ဥပုသ်နေ့ အစဉ်အားဖြင့်သာလျှင်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တိထိက္ခဏေန၊နက္ခတ်တိထိနေ့ အစဉ်အားဖြင့်။ နဝုတ္တံ၊ဟောတော်မမူအပ်။ ဏ္ဍတိဏ္ဍမံအတ္ထံ၊ဤသို့သော အနက်ကို။ ဂဟေတဗ္ဗံ၊ယူအပ်၏။

မှတ်ချက်—ဤ ဋီကာပါဠ်ဖြင့် မြတ်စွာဘုရားသည် စာတုဒ္ဒသီ, ပန္နရသီ ဥပုသ်နေ့ကို မင်းတို့သည် သမုတ်ပညတ်အပ်သော ဝေါဟာရရက်ကို ရည်၍ ပညတ်တော်မူ၏၊ နက္ခတ်တိထိရက်နေ့ကို ရည်၍ ပညတ်တော်မမူ ဟူသော အဓိပ္ပါယ်ကို ပြတော်မူ၏ဟု မှတ်။

"တသ္မာ အညသ္မိမ့် ဓမ္မိကေ ကမ္မေ အနုဝတ္တိတဗ္ဗံ"-ဟူသော အဋ္ဌကထာပါဠ်ဖြင့် ဝါထပ် လ ရက် ငင်ခြင်းအမှုမှ တပါးသော ရဟန်းတော်တို့၏ ဝိနည်းကျင့်ဝတ်တရားနှင့်လည်း မဆန့်ကျင် လောကုတ္တရာတရား ကိုးပါး ရခြင်း၏

အကြောင်းနှင့်လည်း သင့်လျော်ညီညွတ်သော အမှုကိစ္စမျိုးနှိုက်လည်း မင်း၏ အလိုသို့ လိုက်အပ်၏ဟု ဘုရားအလိုတော်ကျ အဓိပ္ပါယ်ကို အဋ္ဌကထာဆရာ ပြတော်မူ၏ဟု မှတ်အပ်၏။

"အဓမ္မိကော ပန နကာသစိ အနုံဝတ္တိတဗ္ဗံ"-ဟူသော အဋ္ဌကထာပါဠိဖြင့် ရဟန်းတော်တို့၏ ဝိနည်းကျင့်ဝတ်တရားနှင့်မညီမညွတ် ဆန့်ကျင်သော လောကုတ္တရာတရား ကိုးပါးကို ရခြင်း၏အကြောင်း မဟုတ်သော အဓမ္မိကအမှုကိစ္စမျိုးနှိုက် မင်းမှစ၍ တစုံတယောက်သောသူ၏ အလိုသို့ မလိုက်အပ်၊ အသက်ကိုသာ စွန့်အပ်၏ဟူသော ဘုရားအလိုတော်ကျ အဓိပ္ပါယ်ကို အဋ္ဌကထာဆရာ ပြတော်မူ၏ဟု မှတ်အပ်၏။ ထိုကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှိုက်—

ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ။
ပညတ္တံ လောကနာထေန၊ န ဘိန္ဒေ သီလသံဝရံ။—ဟု
ပြတော်မူ၏။

အနက် ပါတိမောက္ခံ၊ပါတိမောက္ခသံဝရသီလကို။ ဝိသောဓေန္တော၊သုတ်သင်သော။ ဘိက္ခု၊ရဟန်းသည်။ အပ္ပေဝ၊အနည်းငယ် သီလပျက်ရာသော အကြောင်းကြောင့်သာလျှင်။ ဇီဝိတံ၊အသက်ကို။ ဇဟေ၊စွန့်ရာ၏။ လောကနာထေန၊လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ပညတ္တံ၊ ပညတ်တော်မူအပ်သော။ သီလသံဝရံ၊ သီလတည်းဟူသော စောင့်စည်းခြင်းကို။ နဘိန္ဒေ၊မချိုးမဖျက်ရာ။

မှတ်ချက်—"အဓမ္မိကော ကမ္မော"ဟူသော အဋ္ဌကထာပါဠိနှိုက် အဓမ္မိက ကမ္မအရကို အရှင်သုဒိန်သည် အမိ, အဘတို့၏ အလိုသို့ လိုက်၍ မေထုနသေဝနအမှု ပြုမိမှားသောအမှု စသည်တို့ကိုသာ ယူအပ်၏၊ မင်းတို့ ဝါထပ် လ ရက်ကို ငင်ရာနှိုက် အချို့သော ဗေဒင်ကျမ်းအရ နက္ခတ်တိထိန့်ငှ် မညီမညွတ်သော အမှုကိစ္စမျိုးကို အဓမ္မိကကမ္မအရ မယူအပ်ဟု မုချသန္နိဋ္ဌာန်ကျ မှတ်သားအပ်၏။

ပါဠိဖွင့်ဆောင်နည်းအားဖြင့် ဒိန္နဆယကို ပြခြင်း

(က) ၎ဓ ပန ဘိက္ခဝေ အာဝါသိကာနံ ဘိက္ခူနံ စာတုဒ္ဒသော ဟောတိ။ အာဂန္တုကာနံ ပန္နရသော။ သစေ အာဝါသိကာ ဗဟုတရာ ဟောန္တိ။ အာဂန္တုကေဟိ အာဝါသိကာနံ အနုဝတ္တိတဗ္ဗံ။ သစေ သမသမာ ဟောန္တိ၊ အာဂန္တုကေဟိ အာဝါသိကာနံ အနုဝတ္တိတဗ္ဗံ။ သစေ အာဂန္တုကာ ဗဟုတရာ ဟောန္တိ၊ အာဝါသိကေဟိ အာဂန္တုကာနံ အနုဝတ္တိတဗ္ဗံ။

(ခ) ၎ဓ ပန ဘိက္ခဝေ အာဝါသိကာနံ ဘိက္ခူနံ ပန္နရသော ဟောတိ။ အာဂန္တုကာနံ စာတုဒ္ဒသော။ သစေ အာဝါသိကာ ဗဟုတရာ ဟောန္တိ၊ အာဂန္တုကေဟိ အာဝါသိကာနံ အနုဝတ္တိတဗ္ဗံ။ သစေ သမသမာ ဟောန္တိ၊ အာဂန္တုကေဟိ အာဝါသိကာနံ အနုဝတ္တိတဗ္ဗံ။ အာဂန္တုကာ ဗဟုတရာ ဟောန္တိ၊ အာဝါသိကေဟိ အာဂန္တုကာနံ အနုဝတ္တိတဗ္ဗံ။

ဝိနည်းမဟာဝဂ်ပါဠိတော် ဥပေါသထက္ခန္ဓက

အနက် (က) ဘိက္ခဝေ၊ ရဟန်းတို့။ ဤ၊ ဤဂါဘုရား သာသနာတော်၌။ အာဝါသိကာနံ၊ကျောင်းနေဖြစ်ကုန်သော။ဘိက္ခူနံ၊ရဟန်းတို့အား။ စာတုဒ္ဒသော၊လကွယ်ပက္ခ စာတုဒ္ဒသီဥပုသ်နေ့သည်။ ဟောတိ၊၏။ အာဂန္တုကာနံ၊ည့်သည် အာဂန္တုကဖြစ်ကုန်သော။ ဘိက္ခူနံ၊ရဟန်းတို့အား။ ပန္နရသော၊လကွယ်ပက္ခ ပန္နရသီဥပုသ်နေ့သည်။ ဟောတိ၊၏။ အာဝါသိကာ၊ ကျောင်းနေ ရဟန်းတို့သည်။ ဗဟုတရာ၊ များကုန်သည်။ သစေဟောန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။အာဂန္တုကေဟိ၊ည့်သည် အာဂန္တုကရဟန်းတို့သည်။ အာဝါသိကာနံ၊ကျောင်းနေရဟန်းတို့၏။အနုဝတ္တိတဗ္ဗံ၊အလိုသို့ လိုက်အပ်၏။ သမသမာ၊ ရဟန်းအရေအတွက် တူမျှကုန်သည်။ သစေဟောန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။ အာဂန္တုကေဟိ၊ည့်သည် အာဂန္တုကရဟန်းတို့သည်။ အာဝါသိကာနံ၊ ကျောင်းနေရဟန်းတို့၏။ အနုဝတ္တိတဗ္ဗံ၊ အလိုသို့ လိုက်အပ်၏။ အာဂန္တုကာ၊ ဤသည် အာဂန္တုက ရဟန်းတို့သည်။ ဗဟုတရာ၊ အရေအတွက်အားဖြင့် များကုန်သည်။ သစေဟောန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။ အာဝါသိ

ကေဟိ၊ ကျောင်းနေရဟန်းတို့သည်။ အာဂန္တုကာနံ၊ ဧည့်သည် အာဂန္တုက ရဟန်းတို့၏။ အနုဝတ္တိတဗ္ဗံ၊အလိုသို့ လိုက်အပ်၏။ (ခ-မှတ်ပါဠိတော်အနက် လွယ်၏)။

မှတ်ချက်—အထက်ပါ ပါဠိတော်ဖြင့် ယခုကာလနှိုက် ဝါထပ် လ ရက်ကို ငင်ရာနှိုက် ကဲ့ပြားကြသကဲ့သို့ မြတ်စွာဘုရား၏ လက်ထက်တော် ကာလနှိုက်လည်း လောကိဗေဒင်ကျမ်း အမျိုးမျိုးတို့နှိုက် အယူအဆ ကဲ့ပြားကြ၍ တိုင်းပြည်တပါးမင်းနှင့် တိုင်းပြည်တပါးမင်း တို့သည် ဝါထပ် လ ရက်ကို ငင်ရာနှိုက် မတူထူးခြား ကဲ့ပြားကြကုန်၏၊ထို့သို့ ကဲ့ပြားကြသောကြောင့် တိုင်းပြည်တပါးနှိုက် နေထိုင်ကြကုန်သော ရဟန်းတို့မှာ လကွယ်ပက္ခ တဆယ့်လေးရက် စာတုဒ္ဒသီ ဥပုသ်နေ့ ဖြစ်၏၊ တိုင်းပြည်တပါးနှိုက် နေထိုင်ကုန်သောရဟန်းတို့မှာ လကွယ်ပက္ခ တဆယ့်ငါးရက် ပန္နရသီ ဥပုသ်နေ့ ဖြစ်၏ ဟူသော အဓိပ္ပါယ်ကို မြတ်စွာဘုရားပြတော်မူ၏ ဟူသောအဓိပ္ပါယ် အထူးကို ရှေးဦးစွာ မှတ်သား၍ ထားအပ်၏။

အဓိပ္ပါယ် အကျဉ်းကား ဤသာသနာတော်နှိုက် အာဝါသိကရဟန်းတို့အား လကွယ်ပက္ခ စာတုဒ္ဒသီ ဥပုသ်နေ့ဖြစ်၏၊တိုင်းတပါးမှ လာကုန်သော ဧည့်သည် အာဂန္တုကရဟန်းတို့အား လကွယ်ပက္ခ ပန္နရသီ ဥပုသ်နေ့ ဖြစ်၏၊ ဤသို့ ဥပုသ်နေ့ချင်းမတူ မညီမညွတ် ကဲ့ပြားခဲ့သော် အာဝါသိက ရဟန်းတို့က အရေအတွက် များကုန်သည်ဖြစ်အံ့ အာဂန္တုကရဟန်းတို့သည် အာဝါသိကရဟန်းတို့၏အလိုသို့ လိုက်၍ စာတုဒ္ဒသီဥပုသ် ပြုအပ်၏။ အာဝါသိက, အာဂန္တုကရဟန်း နှစ်ဦးတို့သည် အရေအတွက် တူမျှကုန်သည် ဖြစ်အံ့ အာဂန္တုကရဟန်းတို့သည် အာဝါသိကရဟန်းတို့၏ အလိုသို့ လိုက်၍ စာတုဒ္ဒသီဥပုသ်ပင် ပြုအပ်၏။ အာဂန္တုက ရဟန်းတို့သည် အရေအတွက် အားဖြင့် အာဝါသိက ရဟန်းတို့ထက် များကုန်သည်ဖြစ်အံ့ အာဝါသိက ရဟန်းတို့သည် အာဂန္တုက ရဟန်း၏အလိုသို့ လိုက်၍ ပန္နရသီဥပုသ်ပင် ပြုအပ်၏ဟု ဘုရားပညတ်တော်မူသည်။

မှတ်ချက်— မြတ်စွာဘုရားသည် အကြွင်း အကျန်မရှိ အလုံးစုံသော လောကီ,လောကုတ္တရာ တရားအပေါင်းကို သိမြင်တော်မူနိုင်သော သဗ္ဗညုတညာဏ်တော်ကိုရတော်မူသောကြောင့် သဏှသုခုမ ဒုဒ္ဒသ ဂမ္ဘီရဖြစ်သော တရားအပေါင်းကို ထိုးထွင်း၍ သိမြင်တော်မူ၏၊ သဏှသုခုမ ဒုဒ္ဒသဂမ္ဘီရ မဟုတ်သော လောကီဗေဒင်ကျမ်းကို ဆိုဖွယ်ရာမရှိ၊ အလုံးစုံသိမြင်တော်မူသည်သာလျှင်တည်း။

ကောင်းကင်နှိုက် နေ, လ, နက္ခတ်တာရာတို့၏ သွားသော လမ်းခရီးကို လည်း သိတော်မူ၏၊ တိထိရက် ပြည့်သည် မပြည့်သည်ကိုလည်း မုချသိမြင် တော်မူ၏။ ဤသို့ သိမြင်တော်မူခြင်းကို အဂ္ဂညသုတ်ပါဠိတော် စသည်ဖြင့် သိအပ်၏။ သို့ဖြစ်၍ ဤပါဠိတော်နှိုက် မြတ်စွာဘုရားသည် အာဝါသိကရဟန်း တို့၏ စာတုဒ္ဒသီ ဥပုသ်နေ့သည် လောကီဗေဒင်ကျမ်းတို့နှင့် ညီညွတ်သည် ဖြစ်၍ မှန်ကန်၏၊ အာဂန္တုကရဟန်းတို့၏ ပန္နရသီဥပုသ်နေ့သည် မမှန်ဟူ၍ ၎င်း၊ အာဂန္တုက ရဟန်းတို့၏ ပန္နရသီဥပုသ်နေ့သည် လောကီဗေဒင်ကျမ်း တို့နှင့် ညီညွတ်သည်ဖြစ်၍ မှန်ကန်၏၊ အာဝါသိက ရဟန်းတို့၏ စာတုဒ္ဒသီ ဥပုသ်နေ့သည် မမှန်ဟူ၍၎င်း မုချ သိမြင်တော်မူ၏ဟူ၍ မှတ်အပ် ဝန်ခံအပ် ၏။ ဤသို့ မြတ်စွာဘုရားသည် အာဝါသိကရဟန်းတို့၏ စာတုဒ္ဒသီဥပုသ်နေ့ အာဂန္တုကရဟန်းတို့၏ပန္နရသီဥပုသ်နေ့တို့တွင် မည်သည့်ဥပုသ်နေ့ကမှန်သည် မမှန်သည်ကို သိတော်မူပါလျက် လောကီဗေဒင်ကျမ်းအရ နက္ခတ်တိထိနှင့် ညီသည်ဖြစ်စေ မညီသည်ဖြစ်စေ မင်းတို့ သမုတ်ပညတ်အပ်သော ဝေါဟာရ ရက်သို့ လိုက်၍ ဥပုသ်,ပဝါရဏာပြုရာနှိုက် တစုံတရာ သိလစသောဂုဏ် ဆုတ် ယုတ်ခြင်း အာပတ်သင့်ခြင်း မရှိသောကြောင့်သာလျှင် အာဝါသိကရဟန်း များလျှင် အာဂန္တုကရဟန်းတို့သည် အာဝါသိကရဟန်းတို့၏ အလိုသို့လိုက်၍ စာတုဒ္ဒသီဥပုသ် ပြုအပ်၏။ အာဂန္တုကရဟန်း များလျှင် အာဝါသိကရဟန်း တို့သည် အာဂန္တုက ရဟန်းတို့၏ အလိုသို့လိုက်၍ ပန္နရသီဥပုသ် ပြုအပ်၏ဟု ပညတ်တော်မူ၏။ အကယ်၍ တစုံတရာ သိလစသောဂုဏ် ဆုတ်ယုတ်ခြင်း အာပတ်သင့်ခြင်းဖြစ်ခဲ့အုံ မြတ်စွာဘုရားသည် အရေအတွက်များရာသို့လိုက်၍ စာတုဒ္ဒသီ, ပန္နရသီဥပုသ် ပြုအပ်၏ဟူ၍ မဟောတန်ရာ။

ဥပုသ်နေ့ မှန် မမှန်သိတော်မူပြီး ဖြစ်ပါသည့်အတိုင်း အာဝါသိက ရဟန်းတို့၏ စာတုဒ္ဒသီဥပုသ်နေ့က မှန်လျှင်လည်း အာဝါသိက စာတုဒ္ဒသီဥပုသ်နေ့သို့သာ လိုက်၍ စာတုဒ္ဒသီဥပုသ် ပြုအပ်၏ဟူ၍၎င်း၊ အာဂန္တုကရဟန်းတို့၏ ပန္နရသီဥပုသ်နေ့ကမှန်လျှင်လည်း အာဂန္တုက ပန္နရသီဥပုသ်နေ့သို့သာလိုက်၍ ပန္နရသီဥပုသ် ပြုအပ်၏ဟူ၍၎င်း တနေ့နေ့ကိုသာ သတ်မှတ်၍ ဟောတော်မူရာ၏။ ဤသို့ ဝိသေသနေ့အားဖြင့် ဟောတော်မမူဘဲ စာတုဒ္ဒသီ,ပန္နရသီဥပုသ်နေ့ နှစ်ခုလုံးနှင့် ဆက်ဆံသော သာမညအားဖြင့် ဟောတော်မူသောကြောင့် နက္ခတ်တိထိနှင့် ညီညွတ်သည်ဖြစ်စေ မညီညွတ်သည်ဖြစ်စေ မင်းတို့ သမုတ်ပညတ်အပ်သော ဝေါဟာရရက်သို့ လိုက်၍ ဝါသိကပ်ရာ ဥပုသ်, ပဝါရဏာပြုရာနှိုက် ရဟန်းတော်တို့မှာ တစုံတရာ အပြစ်မရှိ အာပတ်လည်း မသင့်ဟု မုချ သန္နိဋ္ဌာန်ကျ မှတ်သားအပ်၏။

မှတ်ချက်—ဝိနယာလင်္ကာရဋီကာနှိုက် သကပက္ခ, ပရပက္ခအားဖြင့် ဝါဒ အမျိုးမျိုး ပြငြားသော်လည်း ဋီကာဝါဒကို အဋ္ဌကထာနှိုက် သွင်းအပ်၏၊ အဋ္ဌကထာနှင့် ညီသော်သာလျှင် ယူအပ်၏၊ အဋ္ဌကထာဝါဒကို ပါဠိတော်နှိုက် သွင်းအပ်၏၊ ပါဠိတော်နှင့်ညီသော်သာလျှင် ယူအပ်၏ဟု စသည်ဖြင့် ပါရာဇိကဏ်အဋ္ဌကထာနှိုက် ပြသောကြောင့် နောက်ရေးဖြစ်သော ဝိနယာလင်္ကာရဋီကာကို သာဓကမပြုမူ၍ မူလဘူတဖြစ်သော ပါဠိတော်,အဋ္ဌကထာ,ဝိမတိဝိနောဒနီတို့ကိုသာ သာဓကမူ၍ ဆုံးဖြတ်လိုက်ပေသတည်း။

တကာတော် ထိပ်တင်ဖြူ မင်းသားကြီး လျှောက်ထားချက်အရ မန္တလေးမြို့ မိုးကောင်းတိုက် “ အဂ္ဂမဟာပဏ္ဍိတ ” သာသနာပြုညောင်ရမ်းဆရာတော်သည် ရေးသားဆုံးဖြတ်အပ်သော ဝဿုကဗုန ဝဿုပနာယိက အနာပတ္တိဝိနိစ္ဆယသည် ၁၃၀၂-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၁)ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ(၅)နာရီ အချိန်တွင် အပြီးသို့ ရောက်သတည်း။

ဝဿုကဗုန ဇဿုပနာယိက အနာပတ္တိဝိနိစ္ဆယ ပြီးပြီ။

မန္တလေးမြို့
မိုးကောင်းဝင့်ကာ ညောင်ရမ်းဆရာတော်ဘုရား ထံ
ဓမ္မလျှောက်ကြားစာ

၁၂၉၇–ခု၊ ဝါခေါင်လဆန်း(၁၀)ရက်နေ့။

ရခိုင်ပြည် စစ်တွေစီရင်စု မင်းပြားကြီးမြို့ တောင်ကျောင်းဘုန်းကြီး ရှင်ပဒုမရိသေစွာ ဂါရဝဖြင့် လျှောက်ပါသည် ဆရာတော်ဘုရား....။

ဘုရားတပည့်တော်သည် ဝဿူပနာယိက ဝိနိစ္ဆယ စာတန်းကို လေ့လာကြည့်ရာ ၎င်းစာတန်း စာအုပ် မျက်နှာနံပါတ်(၂၈)နှိုက် ပါရှိသော အောက်ပါ သာဓကပါဠိများကို အနက်မထင် အဓိပ္ပါယ်မမြင်ပါ၍ ဆရာတော်ဘုရား၏ အာဘော်အရ အဆုံးအဖြတ်ဝိနိစ္ဆယကို ကယ်မ ပေးသနားတော်မူပါမည့်အကြောင်း ရိသေစွာ ဂါရဝဖြင့် လျှောက်ထား တောင်းပန်ပါသည်ဘုရား ....။

၁။ မာ ဇာတိ စန္ဒော ဝုစ္စတိ။ တဿာ ဂတိယာ ဒိဝသဿ မိနိတဗ္ဗတော။ ယော ဇာတ္ထ သဗ္ဗကလာ ပါရိပူရိယာ ပုဏ္ဏော တိ ပုဏ္ဏမာ။ ဝိနယာလင်္ကာရဋီကာ

၂။ ပုဏ္ဏော မာ စန္ဒော ယတ္ထ ပုဏ္ဏမ သာယံဝါ တိထိ ပုဏ္ဏမာ။ ကေလာဟိနေ စန္ဒေ သတိ အနုမတိနာမ။ ပုဏ္ဏေ ပန စန္ဒေ သာ ပုဏ္ဏမာ ရာကာနာမ။ အဘိဓာန်ဋီကာ

၃။ ပူရဏံ စန္ဒြကလာ ပူရဏံ မိဓိတေ မာ။က။စန္ဒြသျ ပဆ္ဆဒဂ ကလာပူရဏျံတိ ထောဝ်။ မဂဓအဘိဓာန်

ရှင်ပဒုမ
တောင်ကျောင်း–မင်းပြားကြီးမြို့
စစ်တွေစီရင်စု–ရခိုင်ပြည်

ပုဏ္ဏမာဝိနိစ္ဆယ

၁-ပဌမပုစ္ဆာ အဓိဗ္ဗာ

ရခိုင်ပြည် စစ်တွေစီရင်စု မင်းပြားကြီးမြို့ တောင်ကျောင်း ဘုန်းတော်ကြီး ဦးပဒုမ က အောက်ပါ ဝိနယာလင်္ကာရဋ္ဌီကာ, အဘိဓာန်ဋ္ဌီကာတို့နှိုက်လာသော ပုဏ္ဏမာပုဒ် အဖွင့်၏ အနက်, အဓိပ္ပါယ်ကို သိလိုပါသည်ဟု လျှောက်ထားရာ နှိုက်—

> ၁။ မာ ဣတိ စန္ဒော ဝုစ္စတိ။ တဿ ဂတိယာ မိနိတဗ္ဗတော။ သော ဧတ္ထ သဗ္ဗကလာ ပါရိပူရိယာ ပုဏ္ဏောတိ ပုဏ္ဏမာ။ ဝိနယာ လင်္ကာရဋ္ဌီကာ ဉပေါသထပဝါရဏာ ဝိနိစ္ဆယ

ဝိနယာလင်္ကာရဋ္ဌီကာ၏ အဖွင့် အနက်, အဓိပ္ပါယ်ကို ရှေးဦးစွာ ပြပေအံ့။

မှတ်ချက်—လျှောက်ထားရင်းပါဠိနှိုက် "တဿာ" ဟု ဣတ္ထိလိင်နှင့် ပါဠ်ရှိ၏၊ စန္ဒဿဒ္ဒါကို စွဲသောကြောင့် "တဿ" ဟူ၍သာ ပုလ္လိင်နှင့်ရှိသင့်၏။ "ယော ဧတ္ထ" ဟု ပါဠ်ရှိ၏၊ ယောသဒ္ဒါ မလို၊ ဆိုအပ်ပြီးသော မာစန္ဒောကိုစွဲသော ပဏ္ဏန္တိဝိသယတ ဖြစ်၍ "သော" ဟူသောပါဠ်သာ ရှိသင့်၏၊ သို့ဖြစ်၍ ပါဠိကို သုတ်သင်၍ ရေးလိုက်သည်။

အနက် တဿ၊ထိုလ၏။ ဂတိယာ၊သွားခြင်းဖြင့်။ ဒိဝသဿ၊နေ့ကို။ မိနိတဗ္ဗတော၊နှိုင်းယှဉ်အပ်သောကြောင့်။ စန္ဒော၊လကို။ မာဣတိ၊မာဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ဧတ္ထဒိဝသေ၊ဤဒိဝသေ၌ပြည့်နေ့နှိုက်။ သော၊ထို'မာ' ဟုဆိုအပ်သော လသည်။ **တနည်း**—သော မာစန္ဒော၊ထိုလသည်။ သဗ္ဗကလာ ပါရိပူရိယာ၊အလုံးစုံသော လ၏ နာရီ ကလာ တဆယ့်ခြောက်စိတ် ပြည့်ခြင်းကြောင့်။ ဝါ၊ဖြင့်။ ပုဏ္ဏောပြည့်ခြင်းသည်။ အဘ္ဘိ၊ရှိ၏။ ဣဘိဘာသမွာ၊ကြောင့်။ သောဒိဝသော၊ထိုလပြည့်နေ့သည်။ ပုဏ္ဏမာ၊ပုဏ္ဏမာ မည်၏။

အဓိပ္ပါယ်—ပုဏ္ဏမာ ဟူသောပုဒ်နှိုက် ပုဏ္ဏပုဒ် မာပုဒ်ဟု ပုဒ်ကို ခွဲဝေ၍ မာသဒ္ဒါသည်—

မာ ဂုန္ဒ၊ မာသ ဓာတုသု၊ မာ မာတု ဘိဂ် သိရိသု။
မာနနေ အဏ္ဏယောစာဟု၊ မာ ပဋိသေဓေ တဒါဏ္ဏယံ။

ဟူ၍ ကေက္ခရကောသန်နိုက် လာသော မာသဒ္ဒါ၏ လဟူသော အနက်၊ တလဟူသောအနက်၊ မာဓာတ်ဟူသောအနက်၊ ဗိဿနိုးနတ် ဟူသောအနက်၊ အမိဟူသောအနက်၊ ပိတုန်းဟူသောအနက်၊ ဥမ္မာဒေဝီဟူသောအနက်၊ မြတ်နိုးခြင်းဟူသောအနက်၊ နိပါတ်ဟူသောအနက်၊ ပဋိသေဓဟူသော အနက်တို့တွင် ဤအရာန်နိုက် ကောင်းကင်နိုက်တည်သော(လ)ဟူသောအနက်နိုက် ဖြစ်၏ဟု ပြလိုသောကြောင့် "မာ ဣတိ စန္ဒော ဝုစ္စတိ"-ဟူသောပါဠိကို ဋီကာဆရာ မိန့်ဆိုတော်မူသည်။

အဘယ်သို့သော ဗျုပ္ပတ်ဝစနတ်ကြောင့် လသည် မာမည်ပါသနည်းဟု မေးဖွယ်ရှိ၍ "တဿ။လ။မိနိတဗ္ဗတော" ဟူသောပါဠိကို မိန့်သည်။

ထို "တဿ ဂတိယာ ဒိဝသဿ မိနိတဗ္ဗတော"-ဟူသော ဟိတ်ပါဠိဖြင့် "မနုဿေဟိ ဒိဝသော မိနိယတိ ဇေတနာတိ မာ" ဟူသော ကရဏသာဓန ဝစနတ္ထကို ပြသည်။ "တဿ ဂတိယာ" ဟူသောပါဠိဖြင့် ကရဏသာဓ်ကို ပြသည် ဟုမှတ်။

အနက် ဇေတန၊ ထိုလဖြင့်။ ဝါ၊ လ၏ သွားခြင်းဖြင့်။ မနုဿေဟိ၊ လူတို့သည်။ ဒိဝသော၊နေ့ကို။ မိနိယတိ၊နှိုင်းယှဉ်အပ်၏။ဤတိတသွ၊ ထိုနှိုင်းယှဉ်အပ်ကြောင်းဖြစ်သော သတ္တိကြောင့်။ ဇေတနာတိပဒေန၊ဇေတန ဟူသောပုဒ်ဖြင့်။ နိဒ္ဒိဋ္ဌော၊ညွှန်ပြအပ်သော။ သော စန္ဒော၊ထိုလသည်။ မာ၊ မည်၏။

လူတို့သည် လရောင်၊ လ၏ သွားလာခြင်းဖြင့် နေ့,ည၌ကို ပိုင်းခြားပြီးလျှင် တရက်,နှစ်ရက် စသည်ဖြင့် နေ့ကို နှိုင်းယှဉ်ကြောင်း ဖြစ်သောကြောင့် ကောင်းကင်နိုက် ထွန်းလင်းသော လမင်းသည် မာ မည်၏ ဟူလို။ မာဓာတ်၊ ကိုပစ္စည်းဟု မှတ်။

"သော တွေ သဗ္ဗကလာ ပါရိပူရိယာ ပုဏ္ဏောတိ ပုဏ္ဏမာ"-ဟူသောပါဠ် ဖြင့်"ပူရဏံ ပုဏ္ဏော၊ မာ စန္ဒော ပုဏ္ဏော တွေတိ ပုဏ္ဏမာ"-ဟူသော သတ္တမီ ဗဟုဗ္ဗီဟိ သမာသ်ကို ပြသည်။

အနက် ပူရဏံ၊ ပြည့်ခြင်း။ ပုဏ္ဏော၊ ပြည့်ခြင်း။ **တနည်း**—ပူရဏံ၊ လ၏ နာရီ ကလာ တဆယ့်ခြောက်စိတ် ပြည့်ခြင်း။ ပုဏ္ဏော၊လ၏နာရီ ကလာ တဆယ့်ခြောက်စိတ် ပြည့်ခြင်း။ (ဘာဝသာဓန၊ ပူရဓာတု, ပူရဏော၊ တပစ္စယော၊ တဿ အဏ္ဏာဒေသော၊ ပြည့်ခြင်းကြိယာ ရ၏)။ တွေဒိဝသော၊ ဤလပြည့်နေ့နှိုက်။မာစန္ဒော၊လသည်။ပုဏ္ဏော၊တဆယ့်ခြောက်စိတ် ပြည့်ခြင်း သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ကြောင့်။ သောဒိဝသော၊ ထိုလပြည့်နေ့ သည်။ ပုဏ္ဏမာ၊ ပုဏ္ဏမာ မည်၏။

လဆန်း(၁၅)ရက်နေ့နှိုက် လ၏ နာရီ ကလာ တဆယ့်ခြောက်စိတ် ပြည့် သောကြောင့် လပြည့်နေ့ကို ပုဏ္ဏမာ,ပုဏ္ဏမီ,ပုဏ္ဏိမာ ခေါ်ဝေါ်ကြ၏ဟူလို။

မှတ်ချက်—ဎင်း ဝိနယာလင်္ကာရဋီကာဆရာသည် အထက်ပါ စကားများကို—

(က) မာ ဣတိ စန္ဒော ဝုစ္စတိ။သော တွေ ပုဏ္ဏောတိ ပုဏ္ဏမာ။—ဟူသော သုတ်သီလက္ခန်အဋ္ဌကထာ။

(ခ) မာ ဣတိ စန္ဒော ဝုစ္စတိ။ တဿ ဂတိယာ ဒိဝသဿ မိနိတဗ္ဗတော။ တွေ ပုဏ္ဏောတိ တေသာ ရတ္တိယာ သဗ္ဗကလာ ပါရိပူရိယာ ပုဏ္ဏော။ တဒါဟိ စန္ဒော သဗ္ဗသော ပရိပုဏ္ဏော ဟုတ္ဝာ ဒိဿတိ။—ဟူသော သီလက္ခန်ဋီကာဟောင်း စသည်တို့ကိုမှီ၍ ရေးသားသည် ဟု မှတ်။

အနက် (က) စန္ဒော၊ လကို။ မာဣတိ၊ မာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တွေရတ္တိယာ၊ ဤညဉ့်နှိုက်။ သောစန္ဒော၊ ထိုလသည်။ ပုဏ္ဏော၊ တဆယ့်ခြောက်စိတ် ပြည့်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သာရတ္တိ၊ထိုညဉ့်သည်။ ပုဏ္ဏမာ၊ပုဏ္ဏမာ မည်၏။

(ခ) တဿ၊ထိုလ၏။ ဂတိယာ၊သွားခြင်းဖြင့်။ ဒိဝသဿ၊နေ့ကို။ မိန်' ဟပ္ပတော၊ နှိုင်းယှဉ်အပ်သောကြောင့်။ စန္ဒော၊ လကို။ မာဇ္ဈတိ၊ မာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တွတ္ထပုဏ္ဏော်တိ၊ ဟူသည်ကား။ တေသာရတ္တိယာ၊ ထိုညဉ့်နှိုက်။ သဗ္ဗကလာပါရိပူရိယာ၊အလုံးစုံ လ၏ နာရီ ကလာ တဆယ့်ခြောက်စိတ်တို့၏ ပြည့်ခြင်းဖြင့်။ ဝါ၊ ကြောင့်။ ပုဏ္ဏော၊ ပြည့်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ (အတ္ထိကြိယာထည့်)။ ဟိတဒေဝယုတ္တံ၊ထိုစကား သင့်စ့။ တဒါ၊ထိုလပြည့်နေ့ ညဉ့်အခါနှိုက်။ စန္ဒော၊ လသည်။ သဗ္ဗသော၊ အခြင်းခပ်သိမ်း။ ဝါ၊ အလုံးစုံ ထက်ဝန်းကျင် အဖို့အားဖြင့်။ ပရိပုဏ္ဏော၊ တဆယ့်ခြောက်စိတ် ပြည့်သည်။ ဟုတ္ဝာ၊ဖြစ်၍။ ဒိဿတိ၊ထင်၏။

မှတ်ချက်—ဤ သုတ်သီလကွန် ပါဠိတော်နှိုက် ပုဏ္ဏမာသဒ္ဒါသည် ရတ္တိ ဟူသော ဣတ္ထိလိင်ကို ငဲ့ရကား ဣတ္ထိလိင်နှိုက် ဖြစ်၏။ ဥပုသ်, ပဝါ ရဏာနေ့ကို ဟောရာနှိုက် ပုလ္လိင်နှိုက် ဖြစ်၏ဟု မှတ်။

၂-ဒုတိယမူဆိုင်းအခန်း

၁။ (က) ပုဏ္ဏော မာ စန္ဒော ယတ္ထ ပုဏ္ဏမဿာယံ ဝါ တိထိ ပုဏ္ဏမာ။

(ခ) သာ ပုဏ္ဏမာ ကေကလာ ဟီနေ စန္ဒေ သတိ အနုမတိနာမ။ အနုမညန္တေ အနုဂစ္ဆန္တေ ဒေဝတာဟိ ပိတူဟိ သဟ ယဿံ။ သာ အနုမတိ။ ပုဏ္ဏော ပန စန္ဒေ သာ ပုဏ္ဏမာ ရာကာနာမ။ ရာတိ ဒဿနာဝကာသံ ရာကာ။ ကော။ အဘိမာန်ဋ္ဌကာ သဂ္ဂကတ္တာအဖွင့်

မှတ်ချက်—လျှောက်ထားရင်း ပါဠိနှိုက် အပြည့်အစုံ မပါ၍ ပါဠိစုံလင်စွာ ထည့်လိုက်သည်၊ ပါဠိတဆက်ထည်း မဟုတ်သဖြင့် (က)မှတ် (ခ) မှတ်ဖြင့် ရေးထည့်လိုက်သည်။ ပုဏ္ဏမာသာယံ ဟူသောပါဌ်မဟုတ်၊ ပုဏ္ဏမဿာယံ ဟူသောပါဌ်သာ အမှန်ဖြစ်သည်။ ကေလာနှိုက် က အက္ခရာ ကျသည်၊ ကေကလာ ဟူသောပါဌ်သာ အမှန်ဟု မှတ်အပ်၏။

အနက် (က) ယတ္ထဒိဝသေ၊အကြင် ရက်နေ့နှိုက်။ ပုဏ္ဏော၊ပြည့်သော။ မာစဆ္ဒေါ၊လသည်။ အတ္ထိ၊ရှိ၏။ ဣတိတသ္မာ၊ထို့ကြောင့်။သော ဒိဝသော၊ ထိုနေ့သည်။ ပုဏ္ဏမာ၊ ပုဏ္ဏမာ မည်၏။ (နိပ္ပန္နပုဒ်လှမ်း၍ ယူ)။ ဝါ၊တနည်းကား။ ပုဏ္ဏမဿ၊ပြည့်သောလ၏။ အယံတိထိ၊ဤရက်နေ့တည်း။ ပုဏ္ဏမာ၊ပြည့်သော လ၏ ရက်နေ့။

(ခ) သာပုဏ္ဏမာ၊ထိုလပြည့်နေ့သည်။ (သာမညတ္ထ)။ ဝါ၊ပြည့်သော လရှိသော နေ့သည်။ ဝါ၊ ပြည့်သော လ၏နေ့သည်။ စန္ဒေ၊ လသည်။ ဧက ကလာဟီနေ၊ တခုသောအစိတ်မှ ယုတ်သည်။ သတိ၊ ရှိသော်။ အနုမတိနာမ၊ အနုမတိ မည်၏။ ဟိသစ္ဒံ၊မှန်၏။ ယဿံ၊အကြင် ရက်နေ့နှိုက်။ ဒေဝတာ၊နတ်တို့သည်။ ပိတူဟိ၊ ကမ္ဘာစောင့်နတ်တို့နှင့်။ သဟ၊ အတူတကွ။ အနုမညန္တေ အနုဂစ္ဆန္တေ၊သွားလာကုန်၏။ ဝါ၊တိုင်ပင်ကုန်၏။ သာ၊ထိုလပြည့် (၁၅)ရက် နေ့သည်။ အနုမတိ၊အနုမတိ မည်၏။ ပန၊ထိုမှတပါး။ စန္ဒေ၊လသည်။ ပုဏ္ဏော၊ ပြည့်သည်ရှိသော်။ သာပုဏ္ဏမာ၊ထိုလပြည့်နေ့ရက်သည်။ ရာကာနာမ၊ရာကာ မည်၏။ ဒဿနာဝကာသံ၊ ရှုခြင်ဖွယ်အခွင့်ကို။ ရာတိ ဂဏှာတိ၊ ယူတတ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ ရာကာ၊ရာကာမည်၏။ ကော၊ကပစ္စည်းသက်။

အဓိပ္ပါယ် "ပုဏ္ဏော မာစဆ္ဒေါ ယတ္ထ"-ဟူသော ပါဠိဖြင့် "ပုဏ္ဏော မာစဆ္ဒေါ ဇတ္ထာတိ ပုဏ္ဏမာ" - ဟူသော သတ္တမီဗဟုဗ္ဗိဟိ သမာသ်ကို ပြ၏။

အနက် ဇတ္ထဒိဝသေ၊ ဤလပြည့်နေ့နှိုက်။ ပုဏ္ဏော၊ တဆယ့်ခြောက်စိတ် ပြည့်သော။ မာစဆ္ဒေါ၊ လသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ထို့ကြောင့်။ သောဒိဝသော၊ထိုနေ့သည်။ ပုဏ္ဏမာ၊ပုဏ္ဏမာ မည်၏။

"ပုဏ္ဏမဿဝါ တိထိ"-ဟူသောပါဠိဖြင့်"ပုဏ္ဏမဿ အယံ တိထိ ပုဏ္ဏမာ" ဟူသော ဣဒံတဒ္ဓိတ် ဝစနတ္ထကို တနည်းအားဖြင့် ပြတော်မူ၏။

အနက် ပုဏ္ဏမဿ၊ တဆယ့်ခြောက်စိတ် ပြည့်သောလ၏။ အယံတိထိ၊ နေ့တည်း။ ပုဏ္ဏမာ၊ တဆယ့်ခြောက်စိတ် ပြည့်သော လ၏နေ့။ (လပြည့်နေ့ ရ၏)။ ပုဏ္ဏမပုဒ်၊ အပစ္စည်း၊"ယဒနုပပန္နာနိပါတနာ သိဒ္ဓန္တိ"-ဟူသော မဟာဝိသယသုတ်ဖြင့် ဣဒံအနက်နှိုက် အပစ္စည်းသက်။

မှတ်ချက်—ဤအရာနှိုက် တိထိသဒ္ဒါသည် နေ့ဟူသောအနက်ကိုဟော၏။ "မာသသံဝစ္ဆရံ တနောတိ ဝိတ္ထာရေတီတိ တိထိ"-ဟု ဝစနတ္ထပြု။ တနုဓာတ်၊ ဣထိပစ္စည်း။ တနည်း-"သတ္တာနံ မာသသံဝစ္ဆရဂဏနံ အာယုဂဏနံ ဝါ တာယတိ ပါလေတီတိ တိထိ"-ဟုပြု။ တာဓာတ်၊ ဣထိပစ္စည်း။

အနက် ယောဒိဝသော၊ အကြောင် နေ့သည်။ မာသသံဝစ္ဆရံ၊ လ,နှစ်ကို။ တနောတိ ဝိတ္ထာရေတိ၊ ခဲ့၍တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သောဒိဝသော၊ထိုနေ့သည်။ တိထိ၊မည်၏။ (နေ့ကို ရ၏)။ ယောဒိဝသော၊ သည်။ သတ္တာနံ၊သတ္တဝါတို့၏။ မာသသံဝစ္ဆရဂဏနံ၊လ,နှစ် အရေအတွက်ကို။ ဝါ၊တနံ့ည်းကား။အာယုဂဏနံ၊အသက်အရေအတွက်ကို။တာယတိ ပါလေတိ၊ စောင့်ရှောက်တတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။သောဒိဝသော၊ထိုနေ့သည်။ တိထိ၊မည်၏။

"သာ ပုဏ္ဏမာ ဧကကလာ ဟီနေ။လ။သာ အနုမတိ"-ဟူသောပါဠိ၏ အဓိပ္ပါယ်ကား.... လပြည့်နေ့ဟု လူတို့သည် ခေါ်ဝေါ် ကြငြားသော်လည်း ထိုလပြည့်နေ့သည် လ၏ နာရီ ကလာ တဆယ့်ခြောက်စိတ်တို့တွင် တစိတ် ယုတ်သည်ရှိသော် အနုမတိ မည်၏။ "အနုမညန္တေ။လ။သာ အနုမတိ" ဟူသောပါဠိဖြင့် အနုမတိဟူသောပုဒ်၏ "ဒေဝတာ ပိတူဟိ သဟ အနုမညန္တိ အနုဂစ္ဆန္တိ ဧတ္ထာတိ အနုမတိ"-ဟူသော အဓိကရဏသာဓ်ဝစနတ္ထကိုပြ၏။

အနက် ဧတ္ထ ဧတိသဒ္ဒံ ပုဏ္ဏမာယံ၊ ဤလပြည့်နေ့နှိုက်။ ဒေဝတာ၊ နတ်တို့ သည်။ ပိတူဟိ၊ကမ္မာစောင့်နတ်တို့နှင့်။ သဟ၊အတူတကွ။ အနုမညန္တိ အနုဂစ္ဆန္တိ၊ သွားလာကုန်၏။ ဝါ၊ တိုင်ပင်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ သွားလာတိုင်ပင်ရာဖြစ်သော သတ္တိကြောင့်။သာပုဏ္ဏမာ၊ထိုလပြည့်နေ့သည်။ အနုမတိ၊အနုမတိ မည်၏။ အနုပုဗ္ဗ မနဓာတ်၊ တိပစ္စည်း။

"ပုဏ္ဏော ပန။လ။ရာကာ။ကော"-ဟူသောပါဠိ၏ အဓိပ္ပါယ်ကား....ထိုလပြည့်နေ့သည် လ၏ နာရီ ကလာ တဆယ့်ခြောက်စိတ် ပြည့်သည်ရှိသော် ရာကာ မည်၏။ ဝါ၊ရာကာဟု လူတို့ ခေါ်ဝေါ်ကြကုန်၏။ "ရာတိ ဒဿနာဝ

ကာသံ ရာကာ၊ ကော”ဟူသော ပါဠိဖြင့် “ရာတိ မာနုဿိကာနံ ဒဿနာယ အဝကာသံ ဂဏှာတိတိ ရာကာ”-ဟူသော ကတ္တုသာဓ်ဝစနံတ်ကို ပြတော်မူ၏။ ရာဓာတ်၊ ကပစ္စည်း။ ကော ဖြင့် ကပစ္စည်းကို ပြသည်။

အနက် ယာပုဏ္ဏမာ၊အကြင်လပြည့်နေ့သည်။မာနုဿိကာနံ၊လူအပေါင်းတို့၏။ ဒဿနာယ၊ ကြည့်ရှုခြင်း၏။ ဝါ၊ ကြည့်ရှုခြင်းငှါ။ အဝကာသံ၊အခွင့်ကို။ရာတိ ဂဏှာတိ၊ယူတတ်၏။ဣတိတသ္မာ၊ထို့ကြောင့် ယူတတ်သော သတ္တိကြောင့်။ သာပုဏ္ဏမာ၊ထိုလပြည့်နေ့သည်။ ရာကာ၊ရာကာမည်၏။

အဓိပ္ပါယ် ထိုလပြည့်နေ့နှိုက် လ၏ နာရီ ကလာ တဆယ့်ခြောက်စိတ် ပြည့်သည်ဖြစ်၍ လူတို့၏ ရှုခြင်ဖွယ် နှစ်သက်ဖွယ်ရှိသောကြောင့် ထိုလပြည့်နေ့သည် ရာကာမည်၏ ဟူလို။

အဓိပ္ပါယ် အကျဉ်းအားဖြင့်—

> စန္ဒဿ ဟိ သောဠသမော ဘာဂေါ ကလာတိ ဝုစ္စတိ။
> တဒါစ စန္ဒော သဗ္ဗာသဓိ သောဠသန်နံ ကလာနံ ဝသေန ပရိ
> ပုဏ္ဏော ဟုတ္ဝာ ဒိဿတိ။—

ဟူသော သီလက္ခန်ဒီကာပါဠိနှင့် အညီ လဆန်း(၁၅)ရက် လ၏ နာရီကလာ တဆယ့်ခြောက်စိတ် ပြည့်သောနေ့သည် လပြည့်နေ့မည်၏ ဟူသော အနက်အဓိပ္ပါယ် တခုကိုသာလျှင် ပြ၏ဟု မှတ်သားအပ်၏။

အနက် ဟိသစ္ဒံ၊မှန်၏။ စန္ဒဿ၊လ၏။ သောဠသမော၊တဆယ့်ခြောက်ခုမြောက်သော။ ဘာဂေါ၊ အဖို့ကို။ ကလာတိ၊ ကလာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တဒါ၊ ထိုလ၏ တဆယ့်ခြောက်စိတ် ပြည့်သောနေ့နှိုက်။ စန္ဒော၊ လသည်။ သဗ္ဗာသဓိံ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ သောဠသန်နံ ကလာနံ၊ တဆယ့်ခြောက်စိတ်တို့၏။ ဝသေန၊ အစွမ်းဖြင့်။ ပရိပုဏ္ဏော၊ ပြည့်သည်။ ဟုတ္ဝာ၊ဖြစ်၍။ ဒိဿတိ၊ထင်၏။

၃-ဘတိယမုဆွာ အဖြေ

၃။ ပူရဏံ စန္ဒြ ကလာ ပူရဏံ ဓိဓိတေ မာ။က။စန္ဒြ သျ ပဥ္စဒဂ ကလာ ပူရဏံ္ဂါတိ ထောဝ်။ မဂဓအဘိဓာန်

မှတ်ချက်—ဌင်း မဂဓအဘိဓာန်ပါဋိမှာ တိုက်ဆိုင်၍ ကြည့်ရှုရန် ပါဋိမရှိ၍ ပါဋိမှန်သည် မမှန်သည် သိရှိရန် ခဲယဉ်းသဖြင့် အသင့်အတင့်မျှ ပါဋိကို ပြင်၍ အနက်ယောဇနာလိုက်ပေအံ့၊ ဌင်းအနက် မှန်လိမ့်မည်ဟု မုချ ဝန်မခံနိုင်ကြောင်း။ ဓိဓိ မဟုတ်၊ တိထိသာ ပါဋိမှန်ဖြစ်သည်ဟု မှတ်။

အနက် ပူရဏံစန္ဒြ ကလာပူရဏံ၊ လ၏ တဆယ့်ခြောက်စိတ် ပြည့်သော။ တိထိ၊နေ့သည်။ တေမာ၊တေမာမည်၏။ ဝါ၊လပြည့်နေ့မည်၏။ (က)။စန္ဒြသျ၊လ၏။ပဥ္စဒဂကလာပူရဏံ၊တဆယ့်ငါးစိတ် ပြည့်သည်၏ အဖြစ်သည်။ အတိထောဝ်၊တိထိပြည့်သည် မမည်။ဝါ၊လပြည့်သည် မမည်။

မှတ်ချက်—ပဥ္စဒသဟု ဆိုအပ်လျက် သအက္ခရာ၏အစား ဂငယ်အက္ခရာတွင် ငစွနိသ္ဒတ်၍ ရေးထားသည်၊ 'ရ္ဂ' ဟူ၍ဌင်း၊ 'သ' ဟူ၍ဌင်း၊ 'ဆ' ဟူ၍ဌင်း ဖတ်ရွတ်ရသည်၊ ထိကို ထောဝ်ဟု သက္ကဋဘာသာဖြင့် ရေးထားသည်ဟု မှတ်။

မန္တလေးမြို့ မိုးကောင်းတိုက် သာသနာပြုညောင်ရမ်းဆရာတော် သည် ရခိုင်ပြည် စစ်တွေစီရင်စု မင်းပြားကြီးမြို့ တောင်ကျောင်း ဘုန်းတော်ကြီး ဦးပဒုမ လျှောက်ထား တောင်းပန်ချက်အရ ရေးသား ဆုံးဖြတ်အပ်သော ပုဏ္ဏမာ ဝိနိစ္ဆယသည် ၁၂၉၅ ခု၊ ဝါခေါင်လပြည့်ကျော်(၃)ရက်၊ တနင်းလာနေ့(၃)နာရီအချိန်တွင် အပြီးသို့ ရောက်သတည်း။

ပုဏ္ဏမာ ဝိနိစ္ဆယ ပြီးပြီ။

မန္တလေးမြို့
ဖိုးကောင်းတိုက် ညောင်ရိပ်း ဆရာဘေဒီဘုရား ဘံ
မေးလျောက်သည်

ဝါးခယ်မမြို့ မင်းကျောင်းဘုန်းကြီး "ဥိးဝိသုဒ္ဓ" လျောက်ထားဝံ့ပါသည် ဆရာတော်ဘုရား....။

အောက်ပါပုစ္ဆာများ၏ အဖြေဝိနိစ္ဆယကို ကယ်မ,တော်မူပါဘုရား....။

၁။ တောင်ကျောင်း ဆရာတော်က မြောက်ကျောင်းကို ဥိးသာဂရအား၊ ဥိးသာဂရ မြောက်ကျောင်းမှာ နေသမျှကာလပတ်လုံး လွဲအပ် ပေးကမ်းသည်ကို အဘယ်သို့ စာချုပ် စာတမ်း ရေးသားရပါမည်နည်း ဘုရား....။

၂။ တောင်ကျောင်း ဆရာတော်က မြောက်ကျောင်းကို ဥိးသာဂရ တသက်လျာမျှ လွဲအပ်ပေးကမ်းသည်ကို အဘယ်သို့ စာချုပ်စာတမ်း ရေးသားရပါမည်နည်းဘုရား....။

၃။ တောင်ကျောင်းဆရာတော်နှင့် ဥိးသာဂရသည် မြောက်ကျောင်းကို နှစ်ဥိးဝိုင် ဒွိသန္တကာ လုပ်ပုံ လုပ်နည်းကိုလည်း ချီးမြှင့်တော်မူပါဘုရား....။

၄။ တောင်ကျောင်း ဆရာတော်က မြောက်ကျောင်းကို ဥိးသာဂရနှင့် အတူ နှစ်ဥိးဝိုင် ဒွိသန္တကာ ပြုလုပ်ကြသည်ကို အဘယ်သို့ စာချုပ် စာတမ်း ရေးသားရပါမည်နည်းဘုရား....။

ဥိးဝိသုဒ္ဓ
မင်းကျောင်း
ဝါးခယ်မမြို့။

တာဝကာလိကဒိသန္တကဝိနိစ္ဆယ

၁-ပဌမမူဆွာ အစြ

၁။ တောင်ကျောင်း ဆရာတော်က မြောက်ကျောင်းကို ဦးသာဂရအား၊ ဦးသာဂရ မြောက်ကျောင်းမှာ နေသမျှ ကာလပတ်လုံး လွဲအပ် ပေးကမ်းသည်ကို အဘယ်သို့ စာချုပ် စာတမ်း ရေးသားရပါမည်နည်းဟု လျှောက်ထားရာနှိုက်–

(က) တာဝကာလိကေတိ ပဋိဒဿာမိ ပဋိကရိဿာမိတိ ဧဝံ ဂဏ္ဌန္တဿ တာဝကာလိကေဝိ ဂဟဏေ အနာပတ္တိ။— ဟူ၍ဋ္ဌင်း၊

(ခ) ဒါရဝတ္ထုမှိ တာဝကာလိကော အဟံ ဘဂဝါတိ တာဝကာလိကစိတ္တော အဟံ ဘဂဝါတိ ဝတ္ထုကာမေန ဝုတ္တံ။ တာဝကာလိကစိတ္တောတိ ပုနာ ဟရိတ္ဝာ ဒဿာမိတိ ဧဝံ စိတ္တော အဟန္တိ ဝုတ္တံ ဟောတိ။ ဘဂဝါ တာဝကာလိကေ အနာပတ္တိတိ အာဟ။—

ဟူ၍ဋ္ဌင်း ဖွင့်ပြသော ပါရာဇိကဏ်အဋ္ဌကထာနှိုက် တဖန် ပြန်၍ ပေးအံ့ ဟူသောစိတ်ဖြင့် ယူခြင်းကို တာဝကာလိက ယူခြင်းဟူ၍ ပြတော်မူ၏။ အခိုက် အတန့် တာဝကာလိက ပေးလှူခြင်းကို ပြသော ပါဠိတော်, အဋ္ဌကထာ, ဋီကာ မရှိ။ သို့ မရှိသော်လည်း အလျော်အားဖြင့် ခေတ္တခဏဟု၍ ယူခြင်း ပေးခြင်း ခေတ္တခဏ အပ်နှံထားခြင်း ရှိသောကြောင့် တာဝကာလိက ပေးလှူခြင်းသည် လည်း ဖြစ်သင့် ရှိသင့်၏ဟု မှတ်ယူသင့်ပေ၏။

တာဝကာလိက သန္ဓိ၏ ဝစနတ္ထကို ပြခြင်း

တာဝကာလိကဟူသော ပုဒ်နှိုက် တာဝဟူသော နိပါတ်ပုဒ်သည် ပရိစ္ဆေဒ အနက်နှိုက် ဖြစ်၏။ ထိုကြောင့် "တာဝ ပရိစ္ဆေဒံ ကာလံ အဿ အတ္ထီတိ တာဝကာလိကံ" ဟု ဝစနတ္ထ ပြုသင့်၏။ တာဝကာလပုဒ်၊ ဏိက ပစ္စည်း။ အဿ၊ထိုယူခြင်း ပေးခြင်းအား။ တာဝပရိစ္ဆေဒံ၊ပိုင်းခြားအပ်သော။ ကာလံ၊

တရက်,နှစ်ရက်စသော ကာလသည်။ အတ္ထိ၊ ၏။ ဣတိတသ္မာ၊ကြောင့်။ တံ ဂဟဏဒါနံ၊ထိုယူခြင်း ပေးခြင်းသည်။ တာဝကာလိကံ၊ တာဝကာလိက မည်၏။ **တနည်း**– "တာဝ ပရိစ္ဆေဒံ ကာလံ ကတ္ဝာ ဂဏှာတိ ဒဒါတီတိ ဝါ တာဝကာလိကံ"ဟု ဂဏှာတိတဒ္ဓိတ်၊ ဒဒါတိတဒ္ဓိတ်လည်း ပြုသင့်၏။

တာဝကာလိက ဒ္ဝိသန္တက ဝိနိစ္ဆယ
စာချုပ် စာတမ်းရေးနည်း

အထက်ပါ ပါဠိတော်,အဋ္ဌကထာတို့ကို ထောက်ချင့်၍ အောက်ပါအတိုင်း စာချုပ် စာတမ်း ရေးသားသင့်၏။

၁၃၁၃-ခုနှစ်၊.... .... လ.... ....ရက်နေ့၊.... .... ကျောင်းနှိုက် အောက်ပါ သက်သေများ ရှေမှောက်တွင် တောင်ကျောင်းဆရာတော် ဦးဝိသုဒ္ဓသည် မြောက်ကျောင်းကို တာဝကာလိက စောင့်ရှောက် နေထိုင်ရန် ဦးသာဂရအား အပိုင်မဟုတ် တာဝကာလိကအားဖြင့် ထိုမြောက်ကျောင်းနှိုက် နေထိုင်သမျှ ကာလပတ်လုံး နေထိုင်ရန် ပေးကမ်း လှဲအပ်ပါ၏။ ဦးသာဂရသည် မနေထိုင်နိုင်သောအခါ ထိုမြောက်ကျောင်းကို သူတပါးတို့အား မပေးအပ်ခဲ့ဘဲ မူလ ပေးအပ်ရင်းဖြစ်သော တောင်ကျောင်းဆရာတော် ဦးဝိသုဒ္ဓအား ပြန်၍ ပေးအပ်ခဲ့ရမည်။ အကယ်၍ ပေးအပ်ရင်း တောင်ကျောင်းဆရာတော် မရှိလျှင် ဦးသာဂရပိုင် ဖြစ်စေရမည်။

မှတ်ချက်—ဤသို့ စာချုပ် ရေးသား၍ ပေးအပ်လျှင် ဦးသာဂရသည် ၎င်းကျောင်းနှိုက် နေထိုင်သမျှ ကာလပတ်လုံးသာ စောင့်ရှောက် ပိုင်ခွင့် ရှိ၏။ အရပ်တပါးသို့ ထွက်သွားသောအခါ စောင့်ရှောက် ပိုင်ခွင့် မရှိ။ မူလ ပေးအပ်ရင်း ပုဂ္ဂိုလ်ပိုင်သာ ဖြစ်သင့်၏။

၂-ဒုတိယပုဆွေး အဖြေ

၂။ တောင်ကျောင်း ဆရာတော်က မြောက်ကျောင်းကို ဦးသဂရ တသက်လျာမျှ လွဲအပ် ပေးကမ်းသည်ကို အဘယ်သို့ စာချုပ်စာတမ်း ရေးသားရပါမည်နည်းဟု လျှောက်ထားရာနှိုက်–

တောင်ကျောင်းဆရာတော် ဦးတိဿသည် မြောက်ကျောင်းကို တဝကာလိက အဖြစ်ဖြင့် စောင့်ရှောက်နေထိုင်ရန် ဦးသဂရအား အပိုင်မဟုတ် တဝကာလိကအားဖြင့် ထိုမြောက်ကျောင်းနှိုက် အသက်ရှည်သမျှ ကာလပတ်လုံး နေထိုင်ရန် ခတ္တာ ပေးကမ်း လွဲအပ်ပါ၏။ ဦးသဂရသည် အသက်ရှိစဉ် သူတပါးတို့အား လွဲအပ် ပေးကမ်းခြင်းကို မပြုရ၊ အကယ်၍ ဦးသဂရသည် ပစ္စုပ္ပန်ခန္ဓာ ချုပ်ငြိမ်းခဲ့လျှင် ထိုမြောက်ကျောင်းသည် တောင်ကျောင်းဆရာတော်က အပိုင် မပေးမစွန့်သောကြောင့် တောင်ကျောင်းဆရာတော်၏ သန္တကသာ ဖြစ်စေရမည်။ တောင်ကျောင်းဆရာတော်မရှိ၍ မြောက်ကျောင်း ဦးသဂရ ရှိလျှင် ဦးသဂရ၏ သန္တက ဖြစ်စေရမည်ဟူ၍ စာချုပ်ရေးသားသင့်၏။

မှတ်ချက်–ဤကဲ့သို့ စာချုပ်ရေးသား၍ ပေးအပ်လျှင် ဦးသဂရသည် အရပ်တပါးသို့ ဖဲသွားသော်လည်း တသက်လျာ အသက်ရှည်သမျှ ကာလပတ်လုံး ဆို၍ ပေးအပ်သောကြောင့် ဦးသဂရသည် အသက်ထင်ရှား ရှိသမျှ ကာလပတ်လုံး ထိုမြောက်ကျောင်းကို ပိုင်ဆိုင်ခွင့် ရှိ၏ဟု မှတ်သင့်၏။

၃-တတိယပုဆွေး အဖြေ

၃။ တောင်ကျောင်း ဆရာတော်နှင့် ဦးသဂရသည် မြောက်ကျောင်းကို နှစ်ဦးပိုင် ဒိဿန္တက လုပ်ပုံ လုပ်နည်းကိုလည်း ချီးမြှင့်တော်မူပါဘုရားဟု လျှောက်ထားရာနှိုက်–

ဒိဿန္တက ပြုလုပ်နည်းသည် ဝိနည်းပါဠိတော်, အဋ္ဌကထာ, သာရတ္ထဒီပနီဋီကာ, ဝိမတိဝိနောဒနီဋီကာတို့နှိုက် နိတ္ထာအားဖြင့် တိုက်ရိုက် မလာ မရှိချေ။ သို့ မလာသော်လည်း—

ဒိန္နံ သန္တကံ ဟောတိ အဓိဘတ္တံ။ ကေသွိ ကာလက်တေ ဇုတရော သာမိ၊ ဗဟူနဓွိ သန္တကေ သေဝနယော။—

ဟူသော ဝိနည်းမဟာဝါ အဒ္ဒကထာကို ထောက်ဆတော်မူကြပြီးလျှင် ရှေးဆရာတော်ကြီးတို့သည် ဒွိသန္တက,ဂဏသန္တက ရှိသင့်၏ဟု ယူဆတော်မူကုန်၏။ ယင်း အဒ္ဒကထာနှိုက်လာသော ဒွိသန္တကကို တယောက်သော ဒါယကာသည် သင်္ဃနိုးစသော တစုံတခု ပစ္စည်းမျှားကို ဝေဖန်ခွဲခြားခြင်းကို မပြုဘဲ ရဟန်း(၂)ပါးအား လှူဒါန်းပါ၏ဟု နှုတ်မြွက်၍ လှူဒါန်းရာနှိုက် ဖြစ်သင့်သော ဒွိသန္တက ပစ္စည်းအစစ်ဟု မှတ်ယူသင့်၏။ ထိုသို့မဟုတ် တပါးသည် တပါးနှင့် သမာနပရိက္ခာရ ပြုရာနှိုက်လည်း ဒွိသန္တက, တိသန္တကစသည် ဖြစ်သင့်၏ဟု မှတ်ယူအပ်၏။ ထိုကြောင့် ဝဇိရဗုဒ္ဓိဋီကာနှိုက်—

မမ သန္တကံ တဝစ မမစ ဟောတူတိ ဧဝမာဒိ ဝစနေန သမာနပရိက္ခာရံ ကာတုံ ဝဋ္ဋတိတိ အာစရိယာတိ လိခိတံ။— ဟူ၍ သမာနပရိက္ခာရ ဒွိသန္တက ပြုပုံကို ပြတော်မူ၏။

အနက် မမ၊ ငါ၏။ သန္တကံ၊ ရှိဆဲ ရှိလတ့ံဖြစ်သော ပစ္စည်းဥစ္စာသည်။ တဝစ၊ သင်အား၎င်း။ မမစ၊ ငါ့အား၎င်း။ ဟောတု၊ ဖြစ်စေ။ ဣတိ၊သို့။ ဧဝမာဒိဝစနေန၊ ဤသို့ အစရှိသောစကားဖြင့်။ သမာနပရိက္ခာရံ၊ တူသောပရိက္ခရာရှိသည်ကို။ ကာတုံ၊ပြုခြင်းငှါ။ ဝဋ္ဋတိ၊အပ်၏။ ဣတိ၊ဤသို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။ ဣတိ၊ ဤသို့။ လိခိတံ၊ ရေးအပ်၏။

မှတ်ချက် အဓိပ္ပါယ်—အထက်ပါ ဝဇိရဗုဒ္ဓိဋီကာနှင့် အညီ အချင်းချင်း အပြန်အလှန် သမာနပရိက္ခာရ ဒွိသန္တက ပြုလိုသော ရဟန်း(၂)ပါးတို့တွင် ရှေးဦးစွာ သိက္ခာကြီးရဟန်းသည် မိမိပိုင်ဆိုင်သော ပစ္စည်းဘဏ္ဍာများကို ပိုင်းခြားမှတ်သားပြီးလျှင် "မမသန္တကံ တဝစ မမစ ဟောတု" ဟု နှုတ်မြွက်၍ ဆိုအပ်၏။ ထိုနောက်မှ သိက္ခာငယ်သော ရဟန်းသည်လည်း မိမိပိုင် ပစ္စည်းဘဏ္ဍာများကို ပိုင်းခြားသတ်မှတ်ပြီးလျှင် "မမသန္တကံ တဝစ မမစ ဟောတု" ဟု နှုတ်မြွက်၍ ဆိုအပ်၏။ ဤသို့ ရဟန်း(၂)ပါးတို့သည် ပေးလှူလိုသော စိတ်,စေတနာ

ဖြင့် ဤပါဠိကို အချင်းချင်း အပြန်အလှန် နှုတ်မြွက်ဆို၍ ပေးလှူကြသည်ရှိသော် သမာနပရိက္ခာရ ဒွိသန္တကပစ္စည်း ဖြစ်၏ဟု မှတ်ယူအပ်၏။

မြန်မာဘာသာအားဖြင့်ကား.... သိက္ခာကြီးသော ရဟန်းသည် ရှေးဦးစွာ "ငါပိုင်ထိုက်သည့် ရပြီး ရဆဲ ရလတ္တံ့ဖြစ်သော ဂရုဘဏ်, လဟုဘဏ် ပစ္စည်းအလုံးစုံသည် ငါ့ရှင်အားထင်း ငါ့အားထင်း ဖြစ်စေသတည်း" ဟု နှုတ်မြွက်၍ ဆိုအပ်၏။ ထိုနောက်မှ သီတင်းငယ်ရဟန်းသည်လည်း "တပည့်တော် ပိုင်ထိုက်သည့် ရပြီး ရဆဲ ရလတ္တံ့ဖြစ်သော ဂရုဘဏ်, လဟုဘဏ် ပစ္စည်းအလုံးစုံသည် အရှင်ဘုရားအားထင်း တပည့်တော်အားထင်း ဖြစ်စေသတည်း" ဟု နှုတ်မြွက်၍ ဆိုအပ်၏။ ဤကဲ့သို့ အပြန်အလှန် ပြုလုပ်လျှင် သမာနပရိက္ခာရ ဒွိသန္တက ဖြစ်၏။ ဤကား အပြန်အလှန် ဒွိသန္တက ပြုနည်းတည်း။

ပဉ္စည်းဖွင့် တပါးဘည်းက ဒွိသန္တက ပြုနည်း

ပစ္စည်းရှင်ရဟန်းသည် မိမိပိုင်ဆိုင်သော ကျောင်းကို ဖြစ်စေ ဂရုဘဏ်, လဟုဘဏ် ပစ္စည်းမျှားကို ဖြစ်စေ တပါးသော ရဟန်းနှင့် သမာနပရိက္ခာရ ဒွိသန္တက ပြုလိုလျှင် "မမ သန္တကံ တဝစ မမစ ဟောတု" ဟု မဂဓဘာသာဖြင့် ဖြစ်စေ မြန်မာဘာသာဖြင့်ဖြစ်စေ နှုတ်မြွက်ဆို၍ ပြုအပ်၏။ဤကဲ့သို့ ဒွိသန္တက ပြုလျှင် ဒွိသန္တက ပြုသောရဟန်း၏ သန္တကသည်သာလျှင် နှစ်ပါးဆိုင် ဒွိသန္တက ဖြစ်၏။ဒွိသန္တက အပြုခံရသော ရဟန်း၏ ဒွိသန္တက မဖြစ်ဟု မှတ်အပ်၏။

ဘနည်း- ဒွိသန္တကပြုနည်းကို ပြခြင်း

သမာနပရိက္ခာရ ဒွိသန္တက ပြုလိုသော ရဟန်းသည် မိမိ၏ သန္တကဖြစ်သော ရဆဲ ရလတ္တံ့ ဖြစ်လတ္တံ့ဖြစ်သော ဂရုဘဏ်, လဟုဘဏ် ပစ္စည်းတို့ကို ဒွိသန္တက ပြုလိုသော ရဟန်းမှ တပါးသော သီလဝန္တဖြစ်သော ရဟန်းတပါးအား ပေးစွန့်အပ်၏၊ ထို ပေးစွန့်အပ်သော သီလဝန္တရဟန်းသည် မိမိအား ပေးစွန့်အပ်ပြီးသော ပစ္စည်းတို့ကို ဒွိသန္တက ပြုလိုသော ရဟန်း(၂)ပါးအား တဖန် ပြန်၍ နှစ်ပါးဆိုင် နှစ်ပါးပိုင် ဒွိသန္တကအဖြစ်ဖြင့် လှူအပ်၏။ထိုသို့သော

အခြင်းအရာအားဖြင့် ပြန်၍ လှူလျှင် ဒွိသန္တကအစစ် ဖြစ်၏ဟု မှတ်ယူအပ်၏။ ဤ ဒွိသန္တက ပြုနည်းသည် အကောင်းဆုံးဖြစ်၏ဟု ရှေးဆရာတော်ကြီးတို့ မိန့်ဆိုကြကုန်၏။ ထိုကြောင့် ဝဇိရဗုဒ္ဓိဋီကာနှိုက်—

အနုဂဏ္ဌိပဒေ ပန အတိပပဉ္စံ ကတွာ ပုန ဋ္ဌဒမေတ္ထ အာစရိယာနံ သန္နိဋ္ဌာနံ၊ သစေ ပန သမ္မဟုလာ ဒ္ဝေဝါ သမာနပရိက္ခာရံ ကတ္တုကာမာ ဟောန္တိ။ တေသဉ္ဧေ အတ္ထနော သန္တကံ ဝတ္တုမာနံ ဥပဂဋ္ဌနကေန သဒ္ဓိံ ပေသလဿ ကေဿ ပရိစ္စဇန္တိ။ သော ပုန တေသမေဝ ပရိစ္စဇတိ။ ဧတ္တာဝတာ တေ သမာနပရိက္ခာရိကာ ဟောန္တိ။ ဋ္ဌဒံ သမာနပရိက္ခာရလက္ခဏံ။ ပါဠိအာဒီသု ဝုတ္တလက္ခဏေယေဝ ပတနတော အစလပ္ပတ္တံ ဟောတိတိ။ တထာဝိ ပေါရာဏကဝိမိံ အဇ္ဈောတ္ထရိတ္ဝာ ဝတ္တာနတော ပဋိသေဓေတဉ္ဧော။ အာစရိယာနံ မတာနုသာရေန ကာတဗ္ဗံ။ ကာတုကာမေန အပရေတိ ဝုတ္တံ။—ဟု ပြတော်မူ၏။

အနက် အနုဂဏ္ဌိပဒေပန၊အနုဂဏ္ဌိပုဒ်နှိုက်ကား။အတိပပဉ္စံ၊အလွန်ကျယ်သည်ကို။ကတ္ဝာ၊ပြုပြီး၍။ပုန၊တဖန်။ဋ္ဌဒမေတ္ထ။လ။အပရေတိ၊အပရေဟူ၍။ ဝုတ္တံ၊ ၏။ ဧတ္ထ၊ဤသမာနပရိက္ခာရ ဒွိသန္တကပြုရာနှိုက်။ ဋ္ဌဒံ၊ ဤဆိုလတံ့သည်ကား။ အာစရိယာနံ၊ ဆရာတို့၏။ သန္နိဋ္ဌာနံ၊ ဆုံးဖြတ်ခြင်းတည်း။ သမ္မဟုလာဝါ၊များစွာသော ရဟန်းတို့သည်၎င်း။ ဒ္ဝေဝါ၊နှစ်ပါးသော ရဟန်းတို့သည်၎င်း။ သမာနပရိက္ခာရံ၊ အတူအမျှ စိုးပိုင်သော ပရိက္ခရာကို။ ကတ္တုကာမာ၊ ပြုလိုကုန်သည်။ သစေဟောန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။ သဇ္ဇေ၊ အလုံးစုံကုန်သော။ တေ၊ထိုသမာနပရိက္ခရာ ဒွိသန္တက ပြုလိုကုန်သော ရဟန်းတို့သည်။ အတ္တနော၊ မိမိအား။ ဝတ္တုမာနံ၊ ဖြစ်ဆဲ ရှိဆဲဖြစ်သော။ သန္တကံ၊ ဥစ္စာကို။ ဥပဂဋ္ဌနကေန၊ ဖြစ်လတံ့ ရှိလတံ့သော ဥစ္စာနှင့်။ သဒ္ဓိံ၊ တကွ။ ပေသလဿ၊ သီလကိုချစ်သော။ ကေဿ၊ တပါးသော ယုံကြည်လောက်သော ရဟန်းအား။ ပရိစ္စဇန္တိ၊ပေးစွန့်ကြကုန်၏။ သော၊ထို အစွန့်ခံရသော သီလကို ချစ်သော ရဟန်းတပါးသည်။ ပုန၊ တဖန်။ တံသန္တကံ၊ ထိုမိမိအား ပေးစွန့်ပြီးသော ဥစ္စာကို။ (ထည့်)။ တေသမေဝ၊ထိုသမာနပရိက္ခာရ ဒွိသန္တက ပြုလိုသော ရဟန်းတို့အားသာလျှင်။ ပရိစ္စဇတိ၊ ပေးစွန့်၏။ ဧတ္တာဝတာ၊ ဤသို့

တဖန် ပေးစွန့်လှူဒါန်းခြင်းဖြင့်။ တေ၊ထိုသမာနပရိက္ခာရ ဒွိသန္တက ပြုလိုကြကုန်သော ရဟန်း(၂)ပါးတို့သည်။ သမာနပရိက္ခာရိက၊တူသော ပရိက္ခရာရှိကုန်သည်။ ဝါ၊နှစ်ဦးပိုင်ဆိုင်သော ဒွိသန္တက ပစ္စည်းရှိကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ဣဒံသမာနပရိက္ခာရလက္ခဏံ၊ဤသမာနပရိက္ခာရလက္ခဏာသည်။ ပါဠိအာဒီသု၊ပါဠိတော် အစရှိသည်တို့နှိုက်။ ဝုတ္တလက္ခဏေယေဝ၊ ဟောတော်မူအပ်သော လက္ခဏာနှိုက်သာလျှင်။ ပတနတော၊ ကျသောကြောင့်။ အစလပပ္ပတ္တံ၊ မတုန်မလှုပ် မြဲမြံခြင်းသို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိဣဒံ၊ ဤဆိုအပ်ပြီးသော စကားသည်ကား။အာစရိယာနံ၊တို့၏။ သန္နိဋ္ဌာနံ၊တည်း။ (ဤသို့ ပြန်၍ စပ်)။ တထာပိ၊ ထိုသို့ မတုန်မလှုပ် မြဲမြံခြင်းသို့ ရောက်သော်လည်း။ ပေါရာဏကဝိမိံ၊ရှေးဆရာတို့၏ “မမသန္တကံ တဝစ မမစ ဟောတု” ဟူသော ပြုရိုးလမ်းစဉ် အစီအရင်ကို။ အဇ္ဈောတ္ထရိတ္တာ၊ လွှမ်းမိုး ဘိစီး၍။ ဝတ္တာနတော၊ ဖြစ်ခြင်းကြောင့်။ ပဋိသေဓေတဗ္ဗော၊ တားမြစ်အပ်၏။ အာစရိယာနံ၊တို့၏။ မတာနုံသာရေန၊အယူအလိုသို့ အစဉ်လျောက်သဖြင့်။ ကာတုကာမေန၊သမာနပရိက္ခာရကို ပြုလိုသောရဟန်းသည်။ သမာနပရိက္ခာရံ၊ကို။ ကာတဗ္ဗံ၊ပြုအပ်၏။ ဣတိ၊သို့။ အပရေ၊တို့သည်။ ဝဒန္တိ၊ကုန်၏။

မှတ်ချက်—ဤသမာနပရိက္ခာရ ပြုရာနှိုက် အပရေဆရာသည် “မမသန္တကံ တဝစ မမစ ဟောတု” ဟု နှုတ်မြွက်ဆို၍ ပြုလုပ်သော ရှေးဝါဒကိုသာ နှစ်သက်၏။ နောက် အာစရိယသန္နိဋ္ဌာနဝါဒကို မနှစ်သက်ရောင် ဆို၏၊ သို့ ဆိုသော်လည်း အပြစ်ပြချက် အကြောင်းတစုံတခုမျှ မပါမရှိသောကြောင့် အပရေဝါဒသို့ မလိုက်ဘဲ ဒုတိယဝါဒသည် သာ၍ပင် ကောင်းမြတ်၏ဟု မှတ်ယူအပ်၏။

“မမသန္တကံ တဝစ မမစ ဟောတု” ဟု မြွက်ဆို၍ သမာနပရိက္ခာရ ဒွိသန္တက ပြုလုပ်ခြင်းသည်—

တဝ သန္တကံ ကရောဟိ၊တဝ သန္တကံ ဟောတု၊တဝ သန္တကံ ကာရာပေဟိတိ ဝုတ္တေ— မမသန္တကံ ကရောမိ၊ မမသန္တကံ ဟောတု၊ မမသန္တကံ ကရိဿာမိတိ ဝဒတိ၊ ဒုဒ္ဒိန္နံ ဒုဂ္ဂဟိတဘဉ္ဇ။—

ဟူသော ပါရာဇိကဏ် ပဌမကထိနသိက္ခာပုဒ်အဖွင့် အဋ္ဌကထာနှင့် ဆန့်ကျင်သည်ဖြစ်၍ ပေးခြင်း ယူခြင်း မမြောက်သောကြောင့် သမာနပရိက္ခာရ ဒွိသန္တက ပြုခြင်း မဖြစ်သည် မဟုတ်ပါလောဟု စောဒနာခဲ့မူ—

ယင်း အဋ္ဌကထာနှင့် မဆန့်ကျင်၊ သမာနပရိက္ခာရ ဒွိသန္တက ပြုခြင်း မြောက်၏ ဖြစ်၏ဟု မှတ်ယူသင့်၏။ အဘယ်ကြောင့်နည်းဟူမူ....ယင်း အဋ္ဌကထာနှိုက်ပင်လျှင်—

> သစေ ပန ဧကော ဂဏ္ဌာဟိတိ ဝဒတိ။ ဋ္ဌတရော နဂဏ္ဌာမိတိ။ ပုန သော ဒိန္နံ မယာ တုယ္ဟံ ဂဏ္ဌာဟိတိ ဝဒတိ။ ဋ္ဌတရော ပန မယ္ဟံ ဋ္ဌမိနာ နအတ္ထောတိ ဝဒတိ။ တတော ပုရိမောဝိ မယာ ဒိန္နန္တိ ဒဿာဟံ အတိတ္တမေတိ။ ပစ္ဆိမောဝိ မယာ ပဋိက္ခိတ္တန္တိ ကဿ အာပတ္တိတိ။ နကဿစိ အာပတ္တိ။ ယဿ ပန ရုစ္စတိ။ တေန အမိဋ္ဌဟိတ္ဝာ ပရိဘုဉ္ဇိတဗ္ဗံ။—

ဟူ၍ ပြအပ်သော စောဒနာ ပရိဟာရဝါကျနှိုက် “တုယ္ဟံ ဂဏ္ဌာဟိ” ဟူ၍ ဟောတုသဒ္ဒါနှင့် အာဏတ္တိက အဖြစ်ဖြင့် တူသော ဂဏ္ဌာဟိသဒ္ဒါဖြင့် ပေးရာနှိုက် ပေးခြင်း မြောက်သောကြောင့် သင်္ကန်းကို ပေးစွန့်သော ပုရိမရဟန်းအား ထိုသင်္ကန်းသည် ဆယ်ရက်ကို လွန်သော်လည်း အာပတ်မသင့်၊ ပစ္ဆိမရဟန်းအားလည်း ပယ်ပြီးဖြစ်သောကြောင့် အာပတ်မသင့်ဟု ပြတော်မူ၏။ ယင်းအဋ္ဌကထာနှိုက် ပြအပ်သော “တုယ္ဟံ ဂဏ္ဌာဟိ” သဒ္ဒါနှင့် “တဝစ မမစ ဟောတု” ဟူသောသဒ္ဒါ တူသောကြောင့်တည်း။

သင်္ဃိက ဘဏ္ဍနည်းကို ပြခြင်း

ဥပနိက္ခိတ္တံဝါ သာဒိယေယျာတိ ဋီကာဒံ အယျသ ဟောတူတိ ဧဝံ သမ္မုခါဝါ အသုကသ္မိံ နာမဌာနေ မမ ဟိရည္ဉ သုဝဏ္ဏံ တုယ္ဟံ ဟောတူတိ ဧဝံ ပရမ္မုခါ ဒ္ဝိတံဝါ ကေဝလံ ဝါစာယဝါ ဟတ္ထမုဒ္ဓါယဝါ တုယ္ဟန္တိ ဝတ္ဝာ ပရိစ္စတ္တံ။ ယော ကာယဝါစာ ဟိ အပ္ပဋိက္ခိပိတ္ဝာ စိတ္တေန အဓိဝါသေယျ။ အယံ သာဒိယေယျာတိ ဝုစ္စတိ။—

ဟူသော ကခ်ဴဝိတရဏီ အဋ္ဌကထာနှိုက် ပေးလှူသော အခြင်းအရာကို “အယျသ ဟောတု၊ တုယ္ဟံ ဟောတု” ဟူ၍ ပြသောကြောင့်ဂဏ်းတည်း။

ထိုကြောင့် "မမသန္တကံ တဝစ မမစ ဟောတု" ဟူ၍ သမ္ပဒါန၀စန အာဏတ္တိက သဒ္ဒါဖြင့် သမာနပရိက္ခာရ ဒွိသန္တကာ ပြုခြင်းသည်လည်း မြောက်၏ဟူ၍ မှတ်ယူသင့်၏။။

မှတ်ချက်—ထို ငဇ်ရဗုဒ္ဓိဋ္ဌကာန္သိုက် လာသော သမာနပရိက္ခာရ ဒွိသန္တကာပြုနည်းကို—

(၁) ဂူကြီး ဆရာတော်ကြီး၊
(၂) ခင်မကန် ဆရာတော်ကြီး၊
(၃) ဗားကရာ ဆရာတော်ကြီး၊
(၄) ဘုံကျော် ဆရာတော်ကြီး၊
(၅) မောင်းထောင် ဆရာတော်ကြီး၊
(၆) စံကျောင်း ဆရာတော်ကြီး၊
(၇) သလုံး ဆရာတော်ကြီး၊
(၈) ဗန်းမော် ဆရာတော်ကြီး၊
(၉) မိုင်းခိုင် ဆရာတော်ကြီး

ဌင်းအထက်ပါ ဆရာတော်ကြီးတို့သည် နှစ်သက်တော်မူကြကုန်သည်ဖြစ်၍ ဌင်းအတိုင်း ဆုံးဖြတ်တော်မူကြကုန်၏။။

တကောင်း ဆရာတော်ကြီးသည်ကား—

ဇွော၀တာ စေတ္ထ အမ္မေဟိ သာရတ္ထော ပကာသိတော။ ယံ ပနေတ္ထ ကေနစိ ပပဉ္စိတံ။ တံ အမ္မေဟိစ ဇ္ဈဓ နဒဿိတံ။ နတံ သာရတော ပစ္စေတဗ္ဗံ။ ဇ္ဈတော ပရေသုဝိ ဧ၀မေ၀ ဒဋ္ဌဗ္ဗံ။ တသ္မာ ဇ္ဈတော ပဋ္ဌာယ ဇွော်ကမ္မိ အ၀တ္ထာ သာရတ္ထမေ၀ ဒဿယိဿာမ။ ယတ္ထ ပန ကေနစိ အစ္ဆန္နဝိသုဒ္ဓံ လိခိတံ။ တမ္ပိ ကတ္ထစိ ဒဿယိဿာမ။—

ဟူသော သာရတ္ထဒီပနီဋ္ဌကာကို သာဓကပြု၍ ဝဇ်ရဗုဒ္ဓိဋ္ဌကာန္သိုက် လာသော သမာနပရိက္ခာရ ဝိဓိဝိနိစ္ဆယသည် သာရတ္ထ မဟုတ်၊ အသာရတ္ထဖြစ်၏

ဟု ပယ်တော်မူ၏။ သို့ ပယ်သော်လည်း မျှားရာသို့ လိုက်သောအားဖြင့် အထက်ပါ တံဆိပ်တော်ရ ဆရာတော်တို့ ဆုံးဖြတ်သော သမာနပရိက္ခာရ ဒွိဿန္တက ဝိနိစ္ဆယမျှားသည် သာရတ္ထဖြစ်၏ဟု မှတ်ယူသင့်၏။

၄-စတုဿပဉ္စာ အာဇြေ

၄။ တောင်ကျောင်းဆရာတော်က မြောက်ကျောင်းကို ဦးသာဂရန့ှင့်အတူ နှစ်ဦးပိုင် ဒွိဿန္တက ပြုလုပ်ကြသည်ကို အဘယ်သို့ စာချုပ် စာတမ်း ရေးသားရပါမည်နည်းဟု လျှောက်ထားရာနှိုက်—

အောက်ပါအတိုင်း ရေးသားအပ်၏။—

၁၃၁၃-ခုနှစ်၊ .....လ.....ရက်နေ့။

ဝါးခယ်မမြို့ တောင်ကျောင်းဆရာတော် ဦးဝိသုဒ္ဓသည် အောက်ပါ သက်သေများ ရှေ့မှောက်တွင် မြောက်ကျောင်းကို "မမသန္တကံ ဥတ္တရဝိဟာရံ သာဂရတ္ထေရဿစ မမစ ဟောတူတိ" ဟူ၍ နှုတ်ဖြင့်မြွက်ဆို၍ သမာနပရိက္ခာရ ဒွိဿန္တက ပြုလုပ်၍ ထားကြပါသည် ဟူ၍ စာချုပ် စာတမ်း ရေးသားအပ်၏။

မြန်မာဘာသာအားဖြင့်ကား....ဝါးခယ်မမြို့ တောင်ကျောင်းဆရာတော် ဦးဝိသုဒ္ဓသည် အောက်ပါ သက်သေများ ရှေ့မှောက်တွင် "ငါပိုင်ထိုက်သော ငါ၏ သန္တကဖြစ်သော မြောက်ကျောင်းသည် သာဂရမထေရ်အားဌင်း ငါ့အားဌင်း ဖြစ်စေ" ဟု နှုတ်ဖြင့် မြွက်ဆိုပြီးလျှင် ယင်းမြောက်ကျောင်းကို နှစ်ပါးဆိုင် နှစ်ပါးပိုင် ဒွိဿန္တက ပြုလုပ်၍ ထားကြသည်ဟု ရေးသားအပ်၏။

မှတ်ချက်—ဤသို့ ဒွိဿန္တက ပြုလုပ်၍ ထားသော ကျောင်းသည်—

ဒွိန္နံ သန္တကံ ဟောတိ အဝိဘတ္တံ။ ကေသွိဴ ကာလက်တေ ဇုတရော သာမိ။ ဗဟူနဗွိ သန္တကေ ဓေသေဝနယော။ သဗ္ဗေသု မတေသု သံဃိကံ ဟောတိ။ သစေပိ အဝိဘဇိတ္ထာ သဒ္ဓိဝိဟာရိကာဒိနံ ဒေန္တိ အဒိန္နမေဝ ဟောတိ။ ဝိဘဇိတ္ထာ ဒိန္နံ ပန သုဒိန္နံ။ တံ တေသု မတေသုပိ သဒ္ဓိဝိဟာရိကာဒိနံ ယေဝ ဟောတိ။ နသံဃသ္သ။—

ဟူသော ဝိနည်းမဟာဝါ စီဝရကွန္ဓက အဋ္ဌကထာနှင့်အညီ ဒွိသန္ဓက ပစ္စည်းကို တပည့်ရဟန်းတို့အား ပေးလိုက်ရာနှိုက် တပါးစီ တပါးစီ အသီးအခြား ပေးခြင်းသည် ပေးရာမရောက် ဒွိသန္ဓက ပစ္စည်းကို ခဲ့ခြမ်း ဝေဖန်၍ ပေးမှသာလျှင် ပေးရာ ရောက်၏။ ကျောင်းမှာ ခဲ့ခြမ်းဝေဖန်ခြင်းငှါ မရကောင်းသောကြောင့် နှစ်ပါးစုံ ပေးမှသာလျှင် ပေးရာရောက်၏။ အသီးအသီး တပါးစီ တပါးစီ ငါပိုင်ထိုက်သော ဒွိသန္ဓကကျောင်းကို တပည့်အား ပေးပါ၏ဟု ဆို၍ ပေးလျှင် ပေးရာမရောက်ဟူ၍ မုခ မှတ်ယူအပ်၏။

အထူးမှတ်ချက်ကို ပြခြင်း

ဤသမာန ပရိက္ခာရ ဒွိသန္ဓက, တိသန္ဓက စသည် ပြုလုပ်ခြင်းသည် ပဂ္ဂလိကသန္ဓက ဝိဟာရန္ဒိုက်သာလျှင် ဖြစ်သင့်၏။ သံဃိကဝိဟာရ သန္ဓကတို့နှိုက် မဖြစ်သင့်ဟု ရှေးဆရာတော်ကြီးတို့ မိန့်ဆိုကြကုန်၏ဟု အဆင့်စကား ကြားဘူး၏။ ထို ရှေးဆရာတော်ကြီးတို့၏ အမိန့်စကားသည်—

> သံဃိကဝိဟာရဿ ဂရုဘဏ္ဍတ္တာ အဝိဿဇ္ဇိယ အဝေဘင်္ဂိကံ ဟောတိ။ နာ ကဿစိ ဒါတဗ္ဗံ။—ဟူသော ဋီကာများနှင့် သင့်လျော်ညီညွတ်ပေ၏။

ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့နှိုက်လည်း သံဃိကဝိဟာရ သန္ဓကတို့ကို အစောင့်အရှောက် ဒွိသန္ဓက ပြုလုပ်သောနည်း မတွေ့ဘူးချေ။ ထိုကြောင့် ရှေးဆရာတော်ကြီးတို့၏ မိန့်ဆိုကြသော နည်းအတိုင်း မှတ်ယူရန် သင့်၏ဟု အခ့ါ ဆရာတော်ကြီးတို့ မိန့်ဆိုကြကုန်၏၊ အခ့ါ ဆရာတော်ကြီးတို့သည်လည်း သံဃိကကျောင်းနှိုက် အစောင့်အရှောက် ဒွိရကွကထားသင့်၏ဟု ယူဆတော်မူကြကုန်၏။

ယုတ္တာယုတ္တံ ဝိစာရေတွာ ဂဟေတဗ္ဗံ။

သံဃိကဝိဟာရ သံဃိကာရာမ သံဃိကဘဏ္ဍာများကို အစောင့်အရှောက် အပ်နှင်းခြင်း အစောင့်အရှောက် ဖွဲ့ရက်ခက တိရက်ခက ထားခြင်းကို အလေ့အားဖြင့် ပြဆိုခြင်း

(က) အတ္ထိ ပရိက္ခာရော ရက္ခိတဉ္စော ဂေါပေတဉ္စော မမာယိတဉ္စော။ န ပရိဘုဉ္ဇိတဉ္စော။—

ဟူသော ပရိဝါပါဠိတော်နှိုက် သံဃိကပရိက္ခာရ သံဃိကသန္တကတို့ကို ရဟန်းတို့သည်စောင့်ရှောက်အပ်၏ဟုဟောပြတော်မူ၏။ ၎င်းဒုတိယပရိက္ခာရ၏ သံဃိကဖြစ်ကြောင်းကို "ဒုတိယော သံဃိကော၀" -ဟု ပြတော်မူ၏။

(ခ) သစေ သော အာဝါသော ဇိရတိ။ အာဝါသ သာမိကဿ ဝါ တဿဝံသေ ဥပ္ပန္နဿ ဝါ ကဿစိ ကထေတဗ္ဗံ။ အာဝါသော တေ နဿတိ ဇဂ္ဂထ တေံ အာဝါသန္တိ။ သစေ သော နံ သဇ္ဇောတိ။ ဘိက္ခူဟိ ဉာတိံ ဝါ ဥပဋ္ဌာကေ ဝါ သမာဒပေတွာ ဇဂ္ဂိတဗ္ဗော။ တဿိံ ဝိ အသတိ ကေံ အာဝါသံ ဝိဿဇ္ဇေတွာ အံဝသေသာ ဇဂ္ဂိတဗ္ဗာ။ ဗဟူ ဝိဿဇ္ဇေတွာ ကေံ သဇ္ဇာပေတုံ ဝဋ္ဋတိယေ၀။—

ဟူသော သေနာသနက္ခန္ဓက အဋ္ဌကထာနှိုက် ထိုသံဃိကကျောင်းသည် ဆွေးမြေ့ ဟောင်းဆွမ်း ပျက်စီးသည်ဖြစ်အံ့ ထိုသံဃိကကျောင်းနှိုက် နေထိုင်စောင့်ရှောက်သော ရဟန်းသည် ထိုကျောင်းကို ဆောက်လုပ်လှူဒါန်းသော ကျောင်းရှင် ဒါယကာအားငင်း၊ ထိုကျောင်းရှင် ဒါယကာ၏ အနွယ်နှိုက်ဖြစ်သော သား,သမီးစသော တစုံတယောက်သော သူအားငင်း "သင် သင်တို့၏ ကျောင်းသည် ပျက်စီး ယိုယွင်း၏၊ ထိုကျောင်းကို စောင့်ရှောက် ပြင်ဆင်ကြကုန်လော" ဟု ပြောကြားအပ်၏။ ထိုသူများသည် ထိုကျောင်းကို အကယ်၍ ပြင်ဆင်ပြုလုပ်ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်အံ့ ထိုကျောင်းနှိုက် စောင့်ရှောက် နေထိုင်သော ရဟန်းသည် အဆွေအမျိုးကိုငင်း အလုပ်အကျေး ဒါယကာတို့ကိုငင်း ဆောက်တည်စေ၍ ပြင်ဆင်စောင့်ရှောက်အပ်၏။ ထိုအဆွေအမျိုး အလုပ်အကျေး ဒါယကာတို့သည် အကယ်၍ ပြင်ဆင် ဆောက်လုပ်ခြင်းငှါ

မစ္ဆမ်းနိုင်ကုန်အံ့၊ သံဃိကပစ္စည်းဖြင့် ပြင်ဆင်စောင့်ရှောက်အပ်၏။ ထိုသံဃိကပစ္စည်း မရှိသည်ရှိသော် တခုသော သံဃိကကျောင်းဟောင်းကို ရောင်းစွန့်၍ ကြွင်းသော သံဃိကကျောင်းတို့ကို ပြင်ဆင်စောင့်ရှောက်အပ်ကုန်၏၊ မျှားစွာသော သံဃိက ကျောင်းဟောင်း တို့ကို ရောင်းစွန့်၍ တခုသော သံဃိက ကျောင်းကို တည်စေခြင်းငှါလည်း အပ်သည်သာလျှင်တည်းဟု ပြတော်မူသည်ဖြစ်၍ အစောင့်အရှောက် အကြီးအမှူး ရဟန်းရှိမှသာလျှင် ထိုသို့ ပြင်ဆင် စောင့်ရှောက်ခြင်းငှါ စွမ်းနိုင်ရာသောကြောင့် သံဃိက ကျောင်းနှိုက် အစောင့်အရှောက်ရဟန်း တင်ထားအပ်နှင်းခြင်းငှါ သင့်မြတ်၏ဟု မှတ်ယူသင့်၏။

(၈) ဒုဿီလော ဘိက္ခူသု ပတ္တန္တေသု သစေ အာဝါသာ နသန္တိ။ တသ္မာ ကေဝါ ဒွေဝါ တယောဝါ အာဝါသေ ဝိဿဇ္ဇေတ္ဝာ တတော ယာဂုဘတ္တာဒိနိ ပရိဘုဉ္ဇန္တေဟိ သေသာ ဇဂ္ဂိတဗ္ဗာယေဝ။—

ဟူသော အဋ္ဌကထာနှိုက်လည်း ငတ်မွတ် ခေါင်းပါးသော အခါကာလနှိုက် ကျောင်းနှိုက် စောင့်ရှောက်သော အကြီးအမှူးရဟန်းမှ တပါးကုန်သော ရဟန်းငယ်တို့သည် ဖဲသွားကြကုန်သည် ရှိသော် ကျောင်းတို့သည် အကယ်၍ ပျက်စီးကုန်အံ့၊ ထိုကြောင့် ကြွင်းကျန်သော အစောင့်အရှောက် ရဟန်းတို့သည် သံဃိကတကျောင်းကိုလည်း နှစ်ကျောင်းတို့ကိုလည်း သုံးကျောင်းတို့ကိုလည်း ရောင်းစွန့်၍ ထိုရောင်း၍ရသော ကပ်ပိယဝတ္ထုပစ္စည်းဖြင့် ယာဂု, ဆွမ်း, သင်္ကန်း စသည်တို့ကို သုံးဆောင်ကုန်သော ရဟန်းတို့သည် ပြင်ဆင်စောင့်ရှောက်အပ်ကုန်သည်သာလျှင်တည်းဟု ပြတော်မူသောကြောင့် သံဃိက ကျောင်းများ မပျက်မစီးရန် သံဃိကကျောင်းများနှိုက် စောင့်ရှောက်ထိန်းသိမ်းသော အကြီးအမှူး ရဟန်း တင်ထားသင့်၏။

(၈) ကုရုန္ဒိယံ ပန ဝုတ္တံ သံဃိကေ ပစ္စယေ အသတိ ဧကော ဘိက္ခု တုယ္ဟံ ဧကံ မဉ္စဋ္ဌာနံ ဂဟေတ္ဝာ ဇဂ္ဂါဟိတိ ဝတ္တဗ္ဗော။ သစေ ဗဟုတရံ ဣစ္ဆတိ။တိဘာဂံဝါ ဥပဓုဘာဂံဝါ ဒတ္ဝာဝိ ဇဂ္ဂါပေတဗ္ဗံ။ အထ ထမ္ဘမတ္တမေဝတ္ထ အဝသိဋ္ဌံ ဗဟုကမ်ံ

ကာတဗ္ဗန္တိ နု ဇာန္တိ။ တုယ္ဟံ ပုဂ္ဂလိကမေဝ ကတ္ဝာ ဇဂ္ဂ။ ဧဝမ္ပိ ဟိ သံဃသဿ ဘဏ္ဍဒ္ဓပနဒ္ဓာနံ နဝကာနဉ္စ ဝသနဒ္ဓာနံ ဘဝိဿတီတိ ဇဂ္ဂါပေတဗ္ဗော။ ဧဝံ ဇဂ္ဂိတော ပန တသ္မိံ ဇိဝန္တေ ပုဂ္ဂလိကော ဟောတိ၊ မတေ သံဃိကော၀။ သစေ သဒ္ဓိဝိဟာရိကာနံ ဒါတုကာမော ဟောတိ။ ကမ္မံ ဩလော ကေတ္ဝာ တိဘာဂံ၀ါ ဥပနေ့၀ါ ပုဂ္ဂလိကံ ကတ္ဝာ ဇဂ္ဂါပေတဗ္ဗော။ ဧဝဉ္ဟိ သဒ္ဓိဝိဟာရိကာနံ ဒါတုံ လဘတိ။ ဧဝံ ဇဂ္ဂနကေ ပန အသတိ ကေ အာ၀ါသံ ဝိဿဇ္ဇေတ္ဝာတိ အာဒိနာနယေန ဇဂ္ဂါပေတဗ္ဗောတိ။—

ဟူသော ယင်း အဋ္ဌကထာန္သိုက်လည်း သံဃိကပစ္စည်း မရှိသည်ရှိသော် တယောက်သော ရဟန်းကို "သင့်အား တခုသော ညောင်စောင်းတည်ရာ အရပ်ကို အပိုင်ယူ၍ စောင့်ရှောက် ပြင်ဆင်လော"ဟု ဆိုအပ်၏ ဟူ၍ငင်း၊ အကယ်၍ များသော အရပ်ဌာနကို အလိုရှိအံ့၊ ကျောင်း၏ သုံးပုံ တပုံကိုငင်း ထက်ဝက်ကိုငင်း အပိုင်ပေး၍လည်း စောင့်ရှောက် စေအပ်၏ ဟူ၍ငင်း၊ အကယ်၍ ဤကျောင်းနှိုက် သည်တိုင်မျှသည်သာလျှင် ကြွင်းကျန်၏၊များစွာသော အမှုကိစ္စကို ပြုအပ်၏ဟူ၍ အလိုမရှိအံ့၊ ထိုသံဃိကကျောင်းကို သင်၏ ပုဂ္ဂလိကကျောင်းပြု၍ စောင့်ရှောက် သုတ်သင် ပြုပြင်လောဟု ပေးအပ်၏။ ဤသို့ ပေးသော်လည်း သံဃာတော်၏ ဘဏ္ဍာထားရာ အရပ်သည်ငင်း၊ သီတင်းငယ် ရဟန်းတို့၏ နေရာအရပ်သည်ငင်း ဖြစ်လတ္တံ့ဟု နှလုံးသွင်း၍ စောင့်ရှောက်စေအပ်၏ ဟူ၍ငင်း၊ ဤသို့ စောင့်ရှောက်စေအပ်သော သံဃိကကျောင်းသည် ထိုရဟန်း အသက်ရှင်သည်ရှိသော်(၀၊)အသက်ရှင်စဉ် ပုဂ္ဂလိကဖြစ်၏၊သေသည်ရှိသော် သံဃိကဖြစ်၏။ အကယ်၍ ထိုရဟန်းသည် ထိုကျောင်းကို တပည့်တို့အား ပေးလိုအံ့ စောင့်ရှောက် ပြုလုပ်သောအမှုကို ကြည့်ရှု၍ ထိုကျောင်း၏ သုံးပုံ တပုံကိုငင်း ထက်ဝက်ကိုငင်း ပုဂ္ဂလိကပြု၍ စောင့်ရှောက် စေအပ်၏။ ထိုစကားသည် မှန်၏၊ ဤသို့ ကျောင်း၏ သုံးပုံ တပုံဖြစ်စေ ထက်ဝက်ဖြစ်စေ ပုဂ္ဂလိကပြု၍ စောင့်ရှောက်စေသည်ရှိသော် တပည့်တို့အား ပေးခြင်းငှါ ရ၏။ ဤသို့ စောင့်ရှောက်သော ရဟန်းကို မရသည်ရှိသော် "ကေ အာ၀ါသံ ဝိဿဇ္ဇေတ္ဝာ"အစရှိသောနည်းအားဖြင့် ကျောင်းကို စောင့်ရှောက်

စေအပ်၏ ဟူ၍ဂုင်း၊ သံဃိကကျောင်းကို ဂရုဘဏ်ဖြစ်၍ အပိုင်မပေးအပ်၊ အစောင့် အရှောက် ထားအပ်ကြောင်းကို အမျိုးမျိုးပင် ပြတော်မူသော ကြောင့်ဂုင်း၊ ထို့မှတပါး—

(ဂ) သံဃော ပန ဘဏ္ဍာဂါရိကဿဝါ ဓမ္မကထိက ဝိနယဓရ ဂဏဝါစကာစရိယာနံဝါ ဗဟုပကာရတံ ဂုဏဝိသိဋ္ဌတရဉ္စ သလ္လက္ခေတွာ ဓုဝဝါသတ္ထာယ ဝိဟာရံ သလ္လက္ခေတွာ သမ္မန္နိတွာ ဒေတိ။ တသ္မာ ယဿ သံဃေန ဒိန္နော။ သော အနုဋ္ဌာပနိယော။--

ဟူသော ကဏ်ဍိတရဏီအဋ္ဌကထာ အစရှိသည်တို့နှိုက် သံဃိကကျောင်းကို အပိုင်မဟုတ်ဘဲ အမြဲစောင့်ရှောက် နေထိုင်ရန် ဗဟုပကာရ, ဂုဏဝိသိဋ္ဌ ဂုဏ်ကို မှတ်၍ ဘဏ္ဍာဂါရိက, ဓမ္မကထိက, ဂဏဝါစက ဆရာတို့အား ပေးအပ်ကြောင်းကို ပြတော်မူ၏။ သို့သော် ထို့ဓုဝဝါသဝိဟာရကို ရသော ရဟန်းသည် မနေထိုင်လိုသောအခါ ထိုကျောင်းကို သံဃာသို့ ပြန်၍ အပ်နှင်းရမည်၊ သို့ မဟုတ် တပည့်တို့အား စောင့်ရှောက်နေထိုင်ရန် အပ်နှင်းရမည် ဟူ၍လည်း ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှိုက် အထူးပွင့်ပြခြင်းမရှိ သာမညအားဖြင့် ပြသော ကြောင့်ဂုင်း၊ သံဃိကကျောင်းကို အစောင့် မထားအပ်ဟု ပယ်မြစ်ခြင်း မရှိ သောကြောင့်ဂုင်း၊

(စ) ယံ ဘိက္ခဝေ မယာ ဇုဒံ နကပ္ပတိတိ အပဒ္ဒိက္ခိတ္တံ။ တဉ္စေ ကပ္ပိယံ အနုလောမေတိ။ အကပ္ပိယံ ပဋိဗာဟတိ။ တံ ဝေါ ကပ္ပတိ။—ဟူသော ဒုတိယမဟာပဒေသ။

ယံ ဘိက္ခဝေ မယာ ဇုဒံ ကပ္ပတိတိ အနနုညာတံ။တဉ္စေ ကပ္ပိယံ အနုလောမေတိ။ အကပ္ပိယံ ပဋိဗာဟတိ။ တံ ဝေါ ကပ္ပတိ။—

ဟူသော စတုတ္ထမဟာပဒေသ ပါဠိတော်နှင့် သင့်လျော် ညီညွတ်ရန် ရှိသောကြောင့်ဂုင်း၊

သံဃိကကျောင်းကို မပျက်မစီးစေရန် သံဃာတော်က ဖြစ်စေ၊ သို့မဟုတ် ထိုသံဃိကကျောင်းကို အစဉ်မပြတ် အမြဲစောင့်ရှောက်လျက်ရှိသော ရဟန်း

က ဖြစ်စေ သံဃာတော်ကိုပန်ကြားခွင့်ရှိလျှင် ပန်ကြား၍ ဖြစ်စေ၊ ပန်ကြားခွင့် မရှိလျှင် မပန်ကြားဘဲ ဖြစ်စေ ရဟန်းတပါးပါးကို အပိုင်ပေးခြင်းမဟုတ်ဘဲ သံဃိကအဖြစ်ဖြင့် စောင့်ရှောက်နေထိုင်ရန် အပ်နှင်းခြင်း ဒ္ဒိရက္ခက, တိရက္ခက အစောင့်အရှောက်အပ်နှင်း၍ထားခြင်းငှါ ဝိနယာနုလောမ နယဂ္ဂါဟအားဖြင့် သင့်လျော်၏ဟု ယူဆထိုက်၏။ သို့မဟုတ် မူလသံဃိကဝိဟာရရက္ခက ရဟန်းသည် မိမိ မရှိသည့်နေ့ဂက် ၎င်းသံဃိကကျောင်းနှင့်စပ်၍ အဓိကရဏ်း မဖြစ်ပွါးစေခြင်းငှါ ယောနိသော မနသိကာရအားဖြင့် အပိုင် ပေးစွန့်ခြင်း မဟုတ်ဘဲ သံဃိက အဖြစ်ဖြင့် သုံးစွဲ၍ စောင့်ရှောက်နေထိုင်ရန် သမာနံ ပရိက္ခာရ ဒ္ဒိသန္တိကပြုသကဲ့သို့ ဒ္ဒိသမာနရက္ခက, တိသမာနရက္ခက စသည် ပြုလုပ်၍ ထားခြင်းငှါ ဝိနယာနုလောမအားဖြင့် သင့်လျော်၏။ အပိုင်ပေးခြင်း မဟုတ်သောကြောင့် အာပတ်သင့်ရန် မရှိဟု မှတ်ယူသင့်၏။

ဒ္ဒိသမာနရက္ခက ပြုပုံကို ပြခြင်း

မူလ သံဃိကကျောင်းကို စောင့်ရှောက်လျက်ရှိသော ဦးတိဿသည် "မမ ရက္ခိတံ ဤမံသံဃိကဝိဟာရံ ဖုဿတ္ထေရဿစ မမစ ရက္ခကံ ဟောတု" ဟူ၍ နှုတ်ဖြင့်မြွက်ဆို၍ ဒ္ဒိသမာနရက္ခကပြုအပ်၏။ ဤသို့ သမာနပရိက္ခာရ ဒ္ဒိသန္တိက ပြုသကဲ့သို့ ပြုလုပ်လျှင် ထိုသံဃိကကျောင်းသည် ဒ္ဒိသမာနရက္ခကကျောင်း ဖြစ်၏ဟု မှတ်ယူသင့်၏။

မှတ်ချက်—(က) ထိုဒ္ဒိသမာနရက္ခက ပြုလုပ်ခြင်းကို ထိုသံဃိကကျောင်းနီးက် မူလစောင့်ရှောက်လျက်ရှိသော ရဟန်းသည် သံဃာ များစွာရှိသော တိုက်ကြီးများ ဖြစ်လျှင်သံဃာတော်များကို ပန်ကြား၍ ညီညွတ်စွာ ပြုလုပ်ခြင်းငှါ သင့်၏။

(ခ) အကယ်၍ သံဃာများစွာမရှိ တကျောင်း နှစ်ကျောင်းမျှဖြစ်လျှင် မိမိ၏ တပည့်များကို အဓိကရဏ်းမှု မဖြစ်ပွါးနိုင်ရန် တပည့်များအား တရားဟောပြ၍ စောင့်ရှောက်ခြင်းငှါ စွမ်းနိုင်သော ဂုဏ်အင်္ဂါနှင့်ပြည့်စုံသောရဟန်းနှင့် ဒ္ဒိသမာနရက္ခက, တိသမာနရက္ခက ပြုလုပ်၍ ထားခြင်းသည် အပိုင် ပေးခြင်း မဟုတ်သောကြောင့် သင့်လျော်၏ဟု မှတ်ယူသင့်၏။

(ဂ) အများ သံဃာတော်များနှင့် သက်ဆိုင်ငြားသော်လည်း ဆရာစဉ်ဆက် မပျက်မကွက် စောင့်ရှောက်၍ လာသော သံဃိကကျောင်းကို ထိုဆရာစဉ်ဆက် မပျက်မကွက် စောင့်ရှောက်လျက် ရှိသော ရဟန်းသည်သာလျှင် စောင့်ရှောက်နေထိုင်သင့်ကြောင်းကို ရှေး ဝိနယဓရ ဆရာတော်ကြီးတို့သည် ပါဠိမုတ္တကအားဖြင့် ဆုံးဖြတ် တော်မူကြကုန်၏။ ထိုကြောင့် သံဃိကကျောင်းကို အပိုင်ပေးခြင်း မဟုတ်ဘဲ သံဃိကအဖြစ်ဖြင့် စောင့်ရှောက်နေထိုင်ရန် အပ်နှင်း ခြင်း ဒွိဿမာနရက္ခက ပြုလုပ်၍ ထားခြင်းသည် ဝိနယာနုလောမ အားဖြင့် သင့်လျော်၏ဟု ထင်ပေ၏။

(ယုတ္တာယုတ္တိ ဝိစာရဏာ ဂဟေတဗ္ဗံ)။

မန္တလေးမြို့ မိုးကောင်းတိုက်နှိုက် ပရိယတ္တိဓမ္မကို သင်ကြားပို့ချ လျက် သီတင်းသုံးတော်မူသော "ရေဝတာဘိပဏ္ဍိတဓဇ သာသနဝံသ မဟာဓမ္မရာဇဂုရု၊ အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ သာသနာပြု ညောင်ရမ်း ဆရာတော်သည် ဝါးခယ်မမြို့ မင်းကျောင်း ဘုန်းကြီး ဦးဝိသုဒ္ဓသည် လျှောက်ထား တောင်းပန်ချက်အရ ရေးသားအပ် သော "တာဝကာလိက ဒွိသန္တက ဝိနိစ္ဆယ" သည် သာသနာနှစ် ၂၄၉၅၊ ကောဇာသက္ကရာဇ် ၁၃၁၃-ခု၊ နတ်တော်လပြည့် ၅ တေးနေ့ တွင် အန္တရာယ်မရှိ အပြီးသို့ ရောက်သတည်း။

ဣဒံ မေ ပုညံ ဓမ္မဓာတုပစ္စယော ဟောတု။

မန္တလေးဖြို့
မိုးကောင်းတိုက် ညောင်ရပ်းဆရာဘော်ဘုရား ထံ
မေး လျောက်သည်

၁၂၉၄–ခု၊ ကဆုန်လပြည့်ကျော် (၆) ရက်နေ့။

တပည့် ရှင်နန္ဒဝံသ ရှိသေစွာ လျောက်ပါသည် ကျေးဇူးရှင် ဆရာတော်ဘုရား....။

တောကျောင်း၏ အနီးအပါးနှိုက် သီလရင်များ နေထိုင်သောစရပ် အိမ် ရှိရာ တောကျောင်း ပျက် မပျက်။ ၎င်းသီလရင်များသည် ဂဟဋ္ဌအရာသို့ ဝင် မဝင်။ အချို့ ဘုန်းကြီးများက သီလရင်များသည် အိမ်ထောင် သားမွေးခြင်း မရှိသောကြောင့် ပင္လွာရက် ဖြစ်ကြသဖြင့် တောကျောင်း၏ အန္တရာယ် မပြုနိုင်ဟု ပြောဆိုကြပါသည်။

အိမ်ထောင်စုံ လူများသည် ကျောင်းဝိုင်းအတွင်းမှာ ညဉ့်အိပ်ခဲ့သော် တောကျောင်းအင်္ဂါ ပျက်သည်ဟု ပြောဆိုကြပါသည်။

၎င်းအချက်များကို စာထည်းမှာ အထူး ပြဆိုခြင်း မတွေ့မရှိပါ၍ အထက်ပါ လျောက်ထားချက်တို့ကို တောကျောင်းဘုန်းကြီးများအား သနားတော်မူပါသဖြင့် ဝိနိစ္ဆယ ရေးသား၍ ပေးသနားတော်မူပါမည့် အကြောင်း လျောက်ပါသည် ကျေးဇူးရှင်ဆရာတော်ဘုရား....။

ရှင်နန္ဒဝံသ
ဓမ္မဝိယ တောကျောင်း
တောင်ငူမြို့။

သီလရင်ပဗ္ဗဇ္ဇ ဝိနိစ္ဆယ

သီလရင် မိန်းမမျှားသည် ဂဟဋ္ဌအရာသို့ ငင် မဝင်၊ ထိုသီလရင်မျှား နေထိုင်သော စရပ် အိမ်များ တောကျောင်း၏ အနီး အပါးနှိုက် ရှိရာ တောကျောင်း ပျက် မပျက်ဟူ၍ ရှင်နန္ဒဝံသ လျှောက်ထားသည်မှာ— ညာဏ်ဖြင့် ချင့်ချိန်၍ မှတ်သားကြရန် မူလဘူတ ဥပုတ္တိ အကြောင်းနှင့် တကွ ရေးသားပေအံ့။

အကျဉ်းအားဖြင့်... ပဏ္ဍရင်္ဂခေါ် ဖိုးသူတော်,သီလရင်တို့သည် ပဗ္ဗဇ္ဇအရာသို့ ဝင်၏၊ ဂဟဋ္ဌအရာသို့ မဝင်ဟု မှတ်အပ်၏။

အကျယ်ဝိတ္ထာရအားဖြင့်ကား.... မနုဿသဒ္ဒါသည် ဟောအပ်သော လူသည် အဂါရိယလူ,အနဂါရိယလူ ဟူ၍ နှစ်မျိုးနှစ်စား ရှိ၏၊ ထိုနှစ်မျိုးနှစ်စားတို့တွင် လူ၏ အစီးအပွါးဖြစ်သော လယ်လုပ်ခြင်း, ကုန်သွယ် ရောင်းဝယ်ခြင်းစသော အမှုရှိသော လူသည် အဂါရိယမနုဿ မည်၏။ လူ၏ အစီးအပွါးဖြစ်သော လယ်လုပ်ခြင်း, ကုန်သွယ်ရောင်းဝယ်ခြင်း စသော အမှုမရှိသော ရဟန်း၏အဖြစ်သည် အနဂါရိယမနုဿ မည်၏။အဂါရိယမနုဿကို"အဂါရေ ဝါသော အဂါရော၊ အဂါရဿ ဟိတံ အဂါရိယံ၊ အဂါရိယံ အဿ အတ္ထိတိ အဂါရိယော"-ဟူ၍ ဝစနတ္ထပြု။

အနက် အဂါရေ၊အိမ်နှိုက်။ ဝါသော၊နေသည်တည်း။ အဂါရော၊အိမ်နှိုက် နေသည်။(ဂဟဋ္ဌလူ ရ၏၊ ဥတ္တရပဒလောပသမာသ်)။အဂါရဿ၊ အိမ်နှိုက် နေသော လူ၏။ ဟိတံ၊အစီးအပွါးတည်း။ ဝါ၊အစီးအပွါးဖြစ်သော လယ်လုပ်ခြင်း,ကုန်သွယ်ခြင်းစသော အမှုတည်း။အဂါရိယံ၊လူ၏အစီးအပွါး။ ဝါ၊လူ၏ အစီးအပွါးဖြစ်သော လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း စသောအမှု။ (ဟိတတဒ္ဓိတ်၊ လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း စသောအမှု ရ၏)။ အဿ၊ ထို လူအား။ အဂါရိယံ၊အိမ်နှိုက်နေသော လူ၏ အစီးအပွါးဖြစ်သော လယ်လုပ်ခြင်း စသော အမှုသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သော မနုဿော၊ ထိုလူသည်။ အဂါရိယော၊ အဂါရိယ မည်၏။ (အဿတ္ထိတဒ္ဓိတ်၊ လူ ရ၏)။

အနဂါရိယမနုဿကို "နတ္ထိ အဂါရိယံ ဇတ္ထ ပဗ္ဗဇ္ဇာယာတိ အနဂါရိယံ"။ တနည်း—"နတ္ထိ အဂါရိယံ အဿဒၱတိ အနဂါရိယော"-ဟု ဝစနတ္ထပြု။

အနက် ဇတ္ထပဗ္ဗဇ္ဇာယ၊ဤရဟန်းအဖြစ်နှိုက်။ အဂါရိယံ၊အိမ်နှိုက်နေသော လူ၏၊ အစီးအပွါးဖြစ်သော လယ်လုပ်ခြင်း, ကုန်သွယ်ခြင်းစသော အမှုသည်။ နတ္ထိ၊မရှိ။ ဤတိတသ္မာ၊ထို့ကြောင့်။ တံပဗ္ဗဇ်ံ၊ထိုရဟန်းအဖြစ်သည်။ အနဂါရိယံ၊အနဂါရိယမည်၏။ (ရဟန်းအဖြစ် ရ၏၊ ဗဟုဗ္ဗိဟိသမာသ်၊ ရဟန်းအဖြစ်ကို ငဲ့၍ နပုလ္လိင်နှင့် ချထားသည်)။ အဿဘိက္ခုနော၊ထိုရဟန်းအား။ အဂါရိယံ၊အိမ်နှိုက်နေသော လူ၏ အစီးအပွါးဖြစ်သော လယ်လုပ်ခြင်း, ကုန်သွယ်ခြင်းစသော အမှုသည်။ နတ္ထိ၊ မရှိ။ ဤတိတသ္မာ၊ ထို့ကြောင့်။ သော ဘိက္ခု၊ထိုရဟန်းသည်။ အနဂါရိယော၊အနဂါရိယ မည်၏။

ထို့ကြောင့် ပါရာဇိကဏ် အဋ္ဌကထာနှိုက်—

> ဇတ္ထ စ ယသ္မာ အဂါရသ္သ ဟိတံ ကသိဝါဏိဇ္ဇာဒိကမ္မံ အဂါရိယန္တိ ဝုစ္စတိ၊ တဉ္စ ပဗ္ဗဇ္ဇာယ နတ္ထိ။ တသ္မာ ပဗ္ဗဇ္ဇာ အနဂါရိယာတိ ဉတ္ဝာ၊ တံ အနဂါရိယံ ပဗ္ဗဇ္ဇံ။—ဟု ပြတော်မူ၏။

အနက် စ၊ရွေဝါကျနှိုက် အပြစ်တင်ဘွယ် ပယ်၍ခဲခက် စကားဆက်ကို ဆိုဦးအံ့။ ဇတ္ထ၊ဤရဟန်းအဖြစ်နှိုက်။ ယသ္မာ၊အကြင်ကြောင့်။ အဂါရဿ၊အိမ်နှိုက်နေသောလူ၏။ဟိတံ၊အစီးအပွါးဖြစ်သော။ကသိဝါဏိဇ္ဇာဒိကမ္မံ၊ လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း စသောအမှုကို။ အဂါရိယန္တိ၊ အဂါရိယဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ တဉ္စ၊ထိုအိမ်နှိုက်နေသော လူ၏ အစီးအပွါးဖြစ်သော လယ်လုပ်ခြင်း, ကုန်သွယ်ခြင်းစသော အမှုသည်လည်း။ ပဗ္ဗဇ္ဇာယ၊ ရဟန်းအဖြစ်နှိုက်။ နတ္ထိ၊မရှိ။ တသ္မာ၊ထို့ကြောင့်။ ပဗ္ဗဇ္ဇာ၊ရဟန်း၏အဖြစ်ကို။ အနဂါရိယာတိ၊ အနဂါရိယဟူ၍။ ဉာတဗ္ဗာ၊ သိအပ်၏။ အနဂါရိယံ၊ အိမ်နှိုက်နေသော လူ၏ အစီးအပွါး ဖြစ်သော လယ်လုပ်ခြင်း, ကုန်သွယ်ခြင်းစသော အမှုမရှိသော။ တံပဗ္ဗဇ်ံ၊ ထိုရဟန်းအဖြစ်ကို။

တံအနဂါရိယံ ပဗ္ဗဇ်ကား ဝိဘတ္တန္တကို ပြသည်ဟု မှတ်။ ဤသို့ ပြဆိုအပ်သော အဋ္ဌကထာ ဝစနတ္ထအားလျော်စွာ လူ၏ အစီးအပွါးဖြစ်သော လယ်ထွန်ခြင်း, ကုန်သွယ်ရောင်းဝယ်ခြင်း စသောအမှုကိုပြုလုပ်၍ အသက်မွေးသော လူကို အဂါရိယမနုဿဟူ၍ မှတ်အပ်၏။ လူတို့၏ အစီးအပွါးဖြစ်သော လယ်လုပ်ခြင်း, ကုန်သွယ်ရောင်းဝယ်ခြင်း စသောအမှုတို့ကို မပြုမလုပ်မူ၍ ဒါယကာဒါယိကာမတို့ သဒ္ဓါကြည်ဖြူ ပေးလှူသော ပစ္စည်းလေးပါးကို ခံယူ၍ဌင်း၊ သစ်သီး, သစ်ရွက်စသော အာဟာရကို ကိုယ်တိုင် ရှာဖွေ၍ဌင်း အသက်မွေးသော ရဟန်း,ရဿေ့,ပရိဗိုဇ် စသောလူကို ဒုနဂါရိယမနုဿဟူ၍ မှတ်အပ်၏။ ထိုအနဂါရိယမနုဿ ဟူသည် ရဟန်းအဖြစ် တည်းဟူသော ပဗ္ဗဇ္ဇာပင်လျှင်တည်း။ ထိုအနဂါရိယပဗ္ဗဇ္ဇာသည် သမဏအနဂါရိယပဗ္ဗဇ္ဇာ, တာပသအနဂါရိယပဗ္ဗဇ္ဇာ,ပရိဗ္ဗာဇကအနဂါရိယပဗ္ဗဇ္ဇာဟူ၍ သုံးပါးအပြားရှိ၏။ထိုသုံးပါးတို့တွင်—

မြတ်စွာဘုရား၏ သာသနာတော်ထမ်း ရဟန်းယောကျွား, ရဟန်းမိန်းမ, သာမဏေယောကျွား, သာမဏေးမိန်းမသည် သမဏအနဂါရိယပဗ္ဗဇ္ဇာ မည်၏။

ဘုရားလောင်း သုမေဓာရဿေ့, ဝေဿန္တရာမင်းကြီး, မဒ္ဒီမိဖုရားတို့ကဲ့သို့ လူတို့၏ နေရာအိမ်မှ ထွက်၍ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ဆင်းပြီးလျှင် ချိုးခြံသော အကျင့်ဖြင့် လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း စသောအမှုကို မပြုမလုပ်ဘဲ သစ်သီး,သစ်ရွက်ကို ရှာဖွေ၍ အစာအာဟာရဖြင့် အသက်မွေးသော ရဿေ့ဟူသမျှသည် တာပသအနဂါရိယပဗ္ဗဇ္ဇာ မည်၏။

ထိုတာပသပဗ္ဗဇ္ဇာသည် သမ္မာဝါဒီတာပသပဗ္ဗဇ္ဇာ, မိစ္ဆာဝါဒီတာပသပဗ္ဗဇ္ဇာဟူ၍ နှစ်မျိုးရှိ၏။ တနည်း—ကမ္မဝါဒီတာပသပဗ္ဗဇ္ဇာ,အကမ္မဝါဒီတာပသပဗ္ဗဇ္ဇာဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် "အတ္ထိ ဒိန္နံ" အစရှိသော နည်းအားဖြင့် လှူဒါန်းပူဇော်ရခြင်း၏ အကျိုးသည် ရှိ၏ဟု စသည်ဖြင့် အယူရှိသော ရဿေ့သည် သမ္မာဝါဒီတာပသပဗ္ဗဇ္ဇာ, ကမ္မဝါဒီတာပသပဗ္ဗဇ္ဇာ မည်၏။ "နတ္ထိ ဒိန္နံ" အစရှိသောနည်းဖြင့် လှူဒါန်းပူဇော်ရခြင်း၏ အကျိုးသည် မရှိဟု စသည်ဖြင့် အယူရှိသော ရဿေ့သည် မိစ္ဆာဝါဒီတာပသပဗ္ဗဇ္ဇာ, အကမ္မဝါဒီတာပသပဗ္ဗဇ္ဇာ မည်၏။

လူတို့၏ နေထိုင်ရာ အိမ်မှထွက်၍ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ဆင်း လျက် လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း စသောအမှုကို မပြုမလုပ်ဘဲ ဒါယကာ, ဒါယိကာမတို့ သဒ္ဓါကြည်ဖြူ ပေးလှူအပ်သော ပစ္စည်းလေးပါးကို ခံယူလျက် အသက်မွေးသော ပရိဗိုဇ်ရဟန်း ဟူသမျှသည် ပရိဗ္ဗာဇကအနဂါရိယပဗ္ဗဇ္ဇ မည်၏။ထိုပရိဗ္ဗာဇကပဗ္ဗဇ္ဇာသည်လည်း အစ္ဆန္နပရိဗ္ဗာဇကပဗ္ဗဇ္ဇ,ဆန္နပရိဗ္ဗာဇက ပဗ္ဗဇ္ဇာဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် အဝတ်မဖုံးလွှမ်းသော ပရိဗိုဇ်ရဟန်း အဖြစ်သည် အစ္ဆန္နပရိဗ္ဗာဇကပဗ္ဗဇ္ဇ မည်၏၊ အဝတ် ဖုံးလွှမ်းသော ပရိဗိုဇ် ရဟန်းအဖြစ်သည် ဆန္နပရိဗ္ဗာဇကပဗ္ဗဇ္ဇ မည်၏။

ထိုအစ္ဆန္နပရိဗ္ဗာဇကပဗ္ဗဇ္ဇာသည်လည်း အစေလကအစ္ဆန္နပရိဗ္ဗာဇက,အာဇ်ီ ဝကအစ္ဆန္နပရိဗ္ဗာဇကဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတွင် အဝတ်လုံးလုံး ဖုံးလွှမ်း ခြင်းမရှိသော ပရိဗိုဇ်သည် အစေလကအစ္ဆန္နပရိဗိုဇ် မည်၏၊ ခါးက အထက်ကို သာလျှင် အဝတ်ဖုံးလွှမ်း၍ အောက်ကိုယ်ကို ဖုံးလွှမ်းခြင်းမရှိသော ပရိဗိုဇ် သည် အာဇ်ီဝကအစ္ဆန္နပရိဗိုဇ် မည်၏။

ဆန္နပရိဗ္ဗာဇကပဗ္ဗဇ္ဇာသည်လည်း ကာသာဝဆန္နပရိဗ္ဗာဇက, ပဏ္ဍုရင်္ဆန္ဒ ပရိဗ္ဗာဇက ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် သစ်ခေါက်စသော ဖန်ရည် ဆိုးသော အဝတ်ကို ဝတ်သော ပရိဗိုဇ်သည် ကာသာဝဆန္နပရိဗ္ဗာဇက မည်၏၊ ဖန်ရည်မဆိုးဘဲ အဝတ်ဖြူအတိုင်း ဝတ်ဆင်းသော ပရိဗိုဇ်သည် ပဏ္ဍုရင်္ဆန္ဒ ပရိဗ္ဗာဇက မည်၏။

ထိုဆိုအပ်ခဲ့ပြီးသော ပရိဗိုဇ်ရဟန်းအဖြစ် အမျိုးမျိုးတို့သည်လည်း တမျိုး တမျိုးနှိုက် သမ္မာဝါဒိပရိဗ္ဗာဇက, မိစ္ဆာဝါဒိပရိဗ္ဗာဇက ဟူ၍ နှစ်မျိုးနှစ်စား ရှိ၏။ **တနည်း**— ကမ္မဝါဒိပရိဗ္ဗာဇက, အကမ္မဝါဒိပရိဗ္ဗာဇက ဟူ၍ နှစ်မျိုး နှစ်စားစီ ရှိ၏ ဟူ၍မှတ်၊ အဓိပ္ပါယ်ကို တာပသပဗ္ဗဇ္ဇာနည်းအတိုင်းမှတ်။ ဤသို့ ရဟန်းအဖြစ် တည်းဟူသော ပဗ္ဗဇ္ဇာအမျိုးမျိုးတို့ကို ရှေးဦးစွာ မှတ်သား၍ ထားအပ်၏။

မှတ်ချက်—ထို ပြဆိုအပ်ပြီးသော ပရိဗိုဇ် အမျိုးမျိုးတို့သည် ဗိမ္ဗိသာရ မင်းကြီး၏ ဉာတိသာလောဟိတ ဖြစ်သော အာဇ်ီဝကပရိဗိုဇ်သည်

ရဟန်းသံဃာတော်တို့အား မအပ်သော အကပ်ိယစကားဖြင့် ဆုံမ်း စားပင့်ဘိတ်ရာ ရဟန်းတော်တို့က မသာယာ ပယ်မြစ်ကြသဖြင့် မြတ်စ္ဒာဘုရားအထံတော်သို့ ချဉ်းကပ်၍—

ကေမန္တိ ဌိတော ခေါ သော အာဇီဝကော ဘဂဝန္တံ ဧတဒဝေါစ၊ ဘဝံဝိ ဂေါတမော ပဇ္ဇဇီတော၊ အဟံဝိ ပဇ္ဇဇီတော၊ အရဟတိ ပဇ္ဇဇီတော ပဇ္ဇဇီတသဒိ ဝိဏ္ဏံ ပဋိဂ္ဂဟေတုံ။—စသည်ဖြင့် လျှောက်၏။

ထိုအခါ မြတ်စ္ဒာဘုရားသည် "အဓိဝါသေသိ ဘဂဝါ တုဏှီဘာဝေန" ဖြင့် သာယာတော်မူပြီးလျှင် "အနုဇာနာမိ ဘိက္ခဝေ သမဏဘတ္တသမယေ ဂဏဘောဇနံ ဘုဉ္ဇိတုံ" ဟူ၍ အာဇီဝကပရိဗိုဇ်ကို ပဇ္ဇဇ္ဇသဒ္ဒါ သမဏသဒ္ဒါဖြင့် ဟောတော်မူသောကြောင့်၎င်း၊ "ဘိန္နပဋမရောတိ ဘိက္ခု" ဟူ၍ ပါရာဇိကဏ် ပါဠိတော်နှိုက် ဟောတော်မူသည်အား လျော်စ္ဒာ အဆင်းအားဖြင့် ပျက်သော ပုဆိုးအဝတ်ကို ဆောင်ကြသောကြောင့်၎င်း၊ "ဝတ္ထစ္ဆာယာ ဆဒန ပဇ္ဇဇ္ဇုပဂတတ္တာ ဆန္နပရိဗ္ဗာဇကသဒ္ဒံ ဂတော" ဟူသော အဋ္ဌကထာ, ဋီကာတို့နှိုက် ပရိဗိုဇ်ရဟန်းအဖြစ်ကို ပဇ္ဇဇ္ဇုပဂတတ္တာဟု ပဇ္ဇဇ္ဇသဒ္ဒါဖြင့် ဖွင့်ပြတော်မူသောကြောင့်၎င်း၊ ဗြဟ္မသံယုတ် အဋ္ဌကထာနှိုက် အဝတ်ဖြူ ဝတ်သော ပဏ္ဍာရင်္ဂကို၊ ဝါ-လောကဝေါဟာရအားဖြင့် ဖိုးသူတော်ကို "ပဏ္ဍာရင်္ဂပဇ္ဇံ ပဇ္ဇတ္တာ ဘိက္ခာယ စရန္တော" ဟူ၍ ပဇ္ဇဇ္ဇသဒ္ဒါဖြင့် ဖွင့်ပြတော်မူသောကြောင့်၎င်း၊ အောက်က ပြဆိုခဲ့ပြီးသည့်အတိုင်း လူတို့၏ အစီးအပွါးဖြစ်သော လယ်လုပ်ခြင်း,ကုန်သွယ်ခြင်း စသော အမှုဖြင့် အသက်မွေးခြင်း အမှုကို မပြုမလုပ်ကြသောကြောင့်၎င်း ဝေါဟာရ သာမညအားဖြင့် အနဂါရိယပဇ္ဇဇ္ဇသမဏာမညကုန်၏ဟူ၍ မုချအားဖြင့် မှတ်အပ်ကုန်၏၊ ဂဟဋ္ဌဟူ၍ မမှတ်အပ်ကုန်။

ဆုံးဖြတ်ချက် ယခုခေတ်ကာလ သမယနှိုက် ပေါ်ပေါက်လျက် ရှိကြကုန်သော သမ္မာဝါဒီ,ကမ္မဝါဒီ ဖြစ်ကြကုန်သော ပဏ္ဍာရင်္ဂ ဖိုးသူတော်၊ သီလဝတီ သီလရှင်တို့သည် အောက်က ပြဆိုခဲ့ပြီးသော အနဂါရိယပရိဗ္ဗာဇကပဇ္ဇဇ္ဇတို့နှင့် အလားတူစ္ဒာ လူတို့၏ ဘောင်မှ ခွါရှောင် ထွက်လာ

ကြပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်ပုဆိုးကို ဝတ်ဆင်ကြ၍၎င်း၊ သို့မဟုတ် ပကတိ အဖြူအစင်အတိုင်း ဝတ်ဆင်ကြ၍၎င်း၊ လူတို့၏ အစီးအပွါးဖြစ်သော လယ်လုပ်ခြင်း, ကုန်သွယ်ရောင်းဝယ်ခြင်း, ကြွေးမြီချခြင်းစသော လူမှုကိစ္စတို့ဖြင့် အသက်မွေးခြင်းကိုမပြုမလုပ်ကြဘဲ ပရဒတ္တဇ်ဝတ္ထုအားဖြင့် လူဒါယကာ, ဒါယိကာမတို့ သဒ္ဓါကြည်ဖြူ၍ ပေးလှူအပ်သော ပစ္စည်းလေးပါးဖြင့် အသက်မွေးလျက် သီလအကျင့်ကို ဖြည့်ကျင့်ကုန်၍ တော, ရွာနီး အရပ်ဌာနတို့နှိုက် နေထိုင်ကြသောကြောင့် ဝေါဟာရ သာမည်အားဖြင့် သမဏဝါဒီ,ကမ္မဝါဒီ ပရိဗ္ဗာဇကပဗ္ဗဇ္ဇ အနဂါရိယပဗ္ဗဇ္ဇမျိုး မည်၏ဟူ၍ မှတ်သားအပ်၏။ သား, မယား သိမ်းဆည်းခြင်း, လင်ယောကျ်ား သိမ်းဆည်းခြင်း မရှိခြင်းကြောင့်လည်း ဝေါဟာရပဗ္ဗဇ္ဇအရာသို့ ဝင်၏၊ သာသနာတော်ထမ်း ရဟန်းစစ်ကား မဟုတ်၊မဟုတ်သော်လည်း ဂဟဋ္ဌအရာသို့ မဝင်၊ ဝေါဟာရပဗ္ဗဇ္ဇအရာသို့ ဝင်၏ဟု မှတ်အပ်၏၊ထိုကြောင့် ပါစိတ်ပါဠိတော်နှိုက်—

> ပရိဗ္ဗာဇကောနာမ ဘိက္ခဝေ သာမဏေရေ ထပေတွာ ယော ကောစိ ပရိဗ္ဗာဇက သမာပန္နော။ ပရိဗ္ဗာဇိကာနာမ ဘိက္ခဝေ နိဗ္ဗ သိက္ခမာနေ သာမဏေရိေ ထပေတွာ ယာကာစိ ပရိဗ္ဗာဇက သမာပန္နာ။—ဟု ဘုရားဟောတော်မူ၏။

ဂုဏ်၏အဖွင့် အဋ္ဌကထာနှိုက်လည်း "ပရိဗ္ဗာဇက သမာပန္နောတိ ပဗ္ဗဇ္ဇ သမာပန္နော"ဟု ပရိဗ္ဗာဇကသဒ္ဒါကို ပဗ္ဗဇ္ဇသဒ္ဒါဖြင့် ဖွင့်ပြသောကြောင့်၎င်း၊ ရဟန်းယောကျ်ား, သာမဏေယောကျ်ားကို ထား၍ ကြွင်းကျန်သော ဝေါဟာရသာမည်ရဟန်းအဖြစ် ဟူသမျှသည် ပရိဗ္ဗိဇ်ရဟန်းမည်၏၊ ရဟန်းမိန်းမ, သိက္ခမာန်မ,သာမဏေမကို ထား၍ ကြွင်းကျန်သော ဝေါဟာရသာမည်အားဖြင့် ရဟန်းမိန်းမအဖြစ် ဟူသမျှသည် ပရိဗ္ဗိဇ်မ မည်၏ဟူ၍ "ယောကောစိ ယာကာစိ"သဒ္ဒါဖြင့် ဘုရားဟောတော်မူသောကြောင့်၎င်း ပဏ္ဍာရင်္ဂဖိုးသူတော်သည် ပရိဗ္ဗိဇ်ရဟန်းအဖြစ်နှိုက် အကြုံးဝင်သော ပဏ္ဍာရင်္ဂပရိဗ္ဗာဇက ရဟန်းမည်၏၊ သီလဝတီ သီလရင်သည်လည်း ပရိဗ္ဗိဇ်မ အဖြစ်နှိုက် အကြုံးဝင်သော ကာသာဝ ပရိဗ္ဗာဇိက ရဟန်းမပင် မည်၏ဟု မှတ်သားအပ်၏။ ဤကား ပါဠိတော်အလိုတည်း။

အနက် ဘိက္ခုဥ္ဇ၊ ရဟန်း-ယောကျ်ားကိုဂုင်း။ သာမဏေရဥ္ဇ၊ သာမဏေ ယောကျ်ားကိုဂုင်း။ ထပေတ္ဝာ၊ ထား၍။ ယောကောစိ၊အမှတ် မရှိသော။ ပရိဗ္ဗာဇကသမာပန္နော၊ ပရိဗိုဇ်ရဟန်း အဖြစ်သို့ ရောက်သော သူသည်။ ပရိဗ္ဗာဇကောနာမ၊ ပရိဗိုဇ် မည်၏။ ဘိက္ခုနိဥ္ဇ၊ ရဟန်းမိန်းမကိုဂုင်း။ သိက္ခမာနဥ္ဇ၊သိက္ခမာန်မကိုဂုင်း။ သာမဏေရိဥ္ဇ၊သာမဏေမကိုဂုင်း။ ထပေတ္ဝာ၊ ထား၍။ ယာကာစိ၊ အမှတ်မရှိသော။ ပရိဗ္ဗာဇိကသမာပန္နာ၊ ပရိဗိုဇ်ရဟန်းမ အဖြစ်သို့ရောက်သော မိန်းမသည်။ပရိဗ္ဗာဇိကာနာမ၊ပရိဗိုဇ်မ မည်၏။

ပရိဗ္ဗာဇကသမာပန္နောတိ၊ ပရိဗ္ဗာဇကသမာပန္နော ဟူသည်ကား။ ပဗ္ဗဇ္ဇ သမာပန္နော၊ရဟန်းအဖြစ်သို့ ရောက်သောသူတည်း။

အကျဉ်းမှတ်ချက်—မြတ်စွာဘုရား ပဉ္စင်္ဂတော်မမူမီမှစ၍ ပရိဗ္ဗာဇကရဟန်း အဆက်အနွယ် မပြတ်သောအားဖြင့် ဆက်နွယ်ခဲ့သော ယခုခေတ် ရှိ ဖိုးသူတော်, သီလရင်မ မျိုးသည် ပရိဗ္ဗာဇက အနဂါရိယပဗ္ဗဇ္ဇ နှိုက် အကြုံးဝင်၏၊ သစ်ခေါက်ဆိုး ဝတ်သော ရသေ့ယောကျ်ား, ရသေ့မ မျိုးသည် တာပသပဗ္ဗဇ္ဇနှိုက် အကြုံးဝင်၏ဟု မှတ်သား အပ်၏။

ဤသို့ ပြဆိုအပ်ပြီးသော ပရိဗ္ဗာဇကပဗ္ဗဇ္ဇ, တာပသပဗ္ဗဇ္ဇ, ပဏ္ဍုရင်္ဂ်ပဗ္ဗဇ္ဇ, သီလရင်ပဗ္ဗဇ္ဇ ဟူသမျှ အလုံးစုံတို့သည် လောကဝေါဟာရ သမ္မုတိပညတ် အားဖြင့် ပဗ္ဗဇ္ဇာသာမည မည်ကြကုန်သော်လည်း သမ္မာဒိဋ္ဌိ, ကမ္မဝါဒီအယူ ရှိသည်ဖြစ်စေ မိစ္ဆာဒိဋ္ဌိ,အကမ္မဝါဒီအယူ ရှိသည်ဖြစ်စေ ဘုရားသာသနာတော်ဝင် ပဗ္ဗဇ္ဇာအစစ် မဟုတ်၊ ဘုရားသာသနာတော်မှအပ ပြင်ဘက်ကျကုန်သော ဗာဟိရပဗ္ဗဇ္ဇ ရဟန်းမျိုးတို့သာတည်းဟု မှတ်အပ်ကုန်၏။ ထိုကြောင့် သုတ် သီလကွန်ဋီကာနှိုက်—

ပရိဗ္ဗာဇိကာယာတိ ဗာဟိရ ပဗ္ဗဇ္ဇမုပဂတာယ တာပသဒါရိကာယ ဆန္နပရိဗ္ဗာဇိကာယ။—ဟု ဖွင့်ပြတော်မူ၏။

အနက် ပရိဗ္ဗာဇိကာယဟိ ဝတ်ိ၊ကား။ ဗဟိရပဗ္ဗဇ္ဇံ၊ဘုရားသာသနာတော်မှ အပဖြစ်သော ပရိဗိုဇ်ရဟန်း,ရသေ့ရဟန်းအဖြစ်သို့။ ဥပဂတာယ၊ ကပ်ရောက်သော။ တာပသဒါရိကာယ၊ ရသေ့သူငယ်မ ဖြစ်သော။ ဆန္နံ ပရိဗ္ဗာဇိကာယ၊အဝတ်ဖုံးလွှမ်းသော ပရိဗိုဇ်မ,အား။

အထူးမှတ်ချက်— ထို ပဗ္ဗဇ္ဇ မည်သော ဖိုးသူတော်, သီလရင်, ရသေ့ ယောကျ်ား, ရသေ့မတို့သည် လယ်ယာ ချထားခြင်း ငွေတိုးပေးခြင်း စသည်တို့ဖြင့် အသက်မွေးခြင်း အနဂါရိယပဗ္ဗဇ္ဇ အင်္ဂါပျက်ငြားသော်လည်း အသင်္ခန်းဖြင့် မိမိတို့၏ သီလအကျင့်ကို မစွန့်ပါမူ ပဗ္ဗဇ္ဇ ပင်တည်းဟု မှတ်အပ်၏၊ အဘယ်ကဲ့သို့နည်း ဟူမူကား ပါရာဇိကသို့ ကျရောက်ပြီးဖြစ်သော ဒုသီလရဟန်းသည် ရဟန်းအသင်္ကို မစွန့်သောကြောင့် သာမညဝေါဟာရ ရဟန်း ဂေါတြဘူရဟန်း မည်သကဲ့သို့တည်း။ အထူးအားဖြင့် လူဝတ်ကိုလည်း မလဲမစွန့်၊ ဆံကျစ်ကိုလည်း မထုံးမနှောင်၊ လူတို့၏ ထီး,ဘိနပ်ကိုလည်း မစွန့်၊ ဖန်ရည်ဆုံးသော အဝတ်ကိုလည်း မဝတ်မဆင်း၊ သုမေဓာရသေ့တို့ကဲ့သို့ ချိုးခြုံသော အကျင့်မရှိသော ရသေ့ယောင်ယောကျ်ား, မိန်းမတို့သည် တာပသပဗ္ဗဇ္ဇ မဟုတ် ဂဟဋ္ဌပင်တည်းဟု မှတ်အပ်၏။

သီလရင်ပဗ္ဗဇ္ဇ ဝိနိစ္ဆယ ပြီး၏။

အရညဝိဟာရ ဝိနိစ္ဆယ

သီလရင်အိမ်၊ သို့မဟုတ် စရပ် တောဒကျောင်း၏ အနီးအပါးနှိုက် ရှိရာ တောကျောင်း ပျက် မပျက်ဟု လျှောက်ထားရာနှိုက်—

သီလရင်ပဗ္ဗဇ္ဇဝိနိစ္ဆယနှိုက် ပြဆိုအပ်ပြီးသည့်အတိုင်း ဖိုးသူတော်,သီလရင် ရသေ့ယောကျ်ား, ရသေ့မတို့သည် ဝေါဟာရ သာမညအားဖြင့် ပဗ္ဗဇ္ဇအရာနှိုက် ဝင်သောကြောင့်၎င်း၊ ၎င်းတို့၏ နေရာ အိမ် စရပ်ကို ဝေါဟာရအားဖြင့်

ကျောင်းဝိဟာရဟူ၍ ခေါ်ဆိုသင့်သောကြောင့်၎င်း တောကျောင်း ပျက်ကြောင်း ဂါမအရကိုဖွင့်ပြရာနှိုက်"ပရိဗ္ဗာဇကာရာမော ဂါမောနာမ၊ တာပသအဿမော ဂါမောနာမ"-စသည်ဖြင့် ပရိဗိုဇ်တို့၏ နေ့ရာ အာရာမ်၊ ရသေ့တို့၏ နေရာ သခ်ိမ်းကျောင်းတို့သည် ရွာမည်၏ဟူ၍၎င်း၊ ၎င်းတို့နှင့် နီးသော တောကျောင်း အရညဝိဟာရလက္ခဏာ ပျက်၏ဟူ၍၎င်း ဖွင့်ပြသော ပါဠိ, အဋ္ဌကထာ,ဋီကာတို့နှိုက် အရိပ်အမြွက်မျှ မရှိသောကြောင့်၎င်း၊ ၎င်းသီလရင် စသည်တို့၏ နေထိုင်ရာ စရပ် အိမ်သည် တောကျောင်း၏ အနီးအပါးနှိုက် ဖြစ်စေ၊ သို့မဟုတ် တာ(၅၀၀)အတွင်းနှိုက် ဖြစ်စေ တည်ရှိခြားသော်လည်း အရညဝိဟာရ၏ အင်္ဂါလက္ခဏာ မပျက်ဟူ၍ မုချမှတ်သားအပ်၏။ ပါဠိတော် အဋ္ဌကထာ,ဋီကာတို့နှိုက် တိုက်ရိုက် မရှိ၍ အနုမာနအားဖြင့် ဆုံးဖြတ်လိုက်သည်။ (နော မတိ)။

လှည်းကုန်သည်ကဲ့သို့ မိုးလေးလပတ်လုံး ဝင်၍ နေသော်သာလျှင် တောကျောင်း အင်္ဂါလက္ခဏာ ပျက်၏၊ ခေတ္တခဏမျှ ဝင်၍နေသော် မပျက်ဟု မှတ်အပ်၏။ လူတို့၏ နေထိုင်ရာ လယ်လုပ်တဲ့ ကူလီတဲတို့သည် လူရှိသည်ဖြစ်စေ လူမရှိသည်ဖြစ်စေ တောကျောင်း၏ လက္ခဏာ တာ (၅၀၀) အတွင်းနှိုက် တည်ရှိသည်ရှိသော် လူရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အာရာမ်အကာရှိသည်ဖြစ်စေ တအိမ်သာရှိသော်လည်း ရွာမည်၏ဟု အဋ္ဌကထာဖွင့်ဆိုတော်မူသောကြောင့် တောကျောင်း အင်္ဂါလက္ခဏာ ပျက်၏၊ ကျောင်းတွင်းနှိုက် ဝင်၍ နေ့ပါမူကား ပြောဖွယ်ရာ မရှိတော့သည်သာလျှင်တည်း။ အကယ်၍ တောကျောင်း၏ အတွင်းနှိုက် အမှုကိစ္စ လုပ်ဆောင်ရန်ရှိ၍ တောကျောင်းအနီးတွင် ဖြစ်စေ တောကျောင်းအာရာမ်တွင်းနှိုက် ဖြစ်စေ လက်သမားတဲ့ စသည်ကို ခေတ္တခဏ ဆောက်လုပ်၍ နေခဲ့သော် မိုးလေးလ မပြည့်သော် တောကျောင်းလက္ခဏာ မပျက်၊ မိုးလေးလ ပြည့်ခဲ့သော် ပျက်၏ဟုမှတ်။ ၎င်းလက်သမားတဲ့ စသည်ကို အမှုကိစ္စပြီးသော် ဖျက်၍ ထားအပ်၏၊ မဖျက်ခဲ့သော် တောကျောင်းလက္ခဏာ ပျက်၏ဟု မှတ်။ ထိုကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ တောကျောင်း၏ အင်္ဂါလက္ခဏာ ပျက်သောရွာကို ပြရာနှိုက်—

ဂါမောနာမ ယောကောစိ ကေကုဋိကောဝါ အနေကကုဋိကောဝါ ပရိက္ခိတ္တောဝါ အပရိက္ခိတ္တောဝါ သမနုဿောဝါ အမနုဿောဝါ အန္တမသော အတိရေက စာတုမာသ နိဝိဋ္ဌော ယောကောစိ သတ္ထောပိ။—ဟု ဖွင့်ပြတော်မူ၏။၊

အနက် ဂါမောနာမ၊ရွာမည်သည်ကား။ယောကောစိ၊အမှတ်မရှိသော။ ကေကုဋိကောဝါ၊ တအိမ်သာရှိသော ရွာသည်၎င်း။ အနေကကုဋိကောဝါ၊တပါးမက များသောအိမ်ရှိသော ရွာသည်၎င်း။ ပရိက္ခိတ္တောဝါ၊ အရံရှိသော ရွာသည်၎င်း။ အပရိက္ခိတ္တောဝါ၊ အရံမရှိသော ရွာသည်၎င်း။ သမနုဿောဝါ၊လူရှိသော ရွာသည်၎င်း။အမနုဿောဝါ၊လူမရှိသော ရွာသည်၎င်း။ ဂါမောနာမ၊ ရွာမည်၏။ အန္တမသော၊ အယုတ်အားဖြင့်။ အတိရေက စာတုမာသနိဝိဋ္ဌော၊မိုးလေးလထက်အလွန် ဝင်၍နေသော။သတ္ထောပိ၊ရောင်း ဝယ်ရာ ကုန်စည်နှင့် တကွဖြစ်သော လှည်းကုန်သည် သည်၎င်း။ ဂါမောနာမ၊ ရွာမည်၏။

သီလရင်ပဗ္ဗင္ဇ ဝိနိစ္ဆယ နှင့် အရညဝိဟာရ ဝိနိစ္ဆယ ပြီးပြီ။

မန္တလေးမြို့
မိုးကောင်းတိုက် ဓညာဇီရမိုးဆရာဘာသာဘုရား ဘံ
မေး လျှောက်ဌာန

၁၂၀၄–ခု၊ နတ်တော်လပြည့်ကျော် (၁၅)ရက်နေ့။

ခင်မကန်တိုက် မိုးတားကျောင်းနေ ရှင်ပညိဿိယ ရိသေစွာ လျှောက်ပါသည် ဆရာတော်ဘုရား....၊

အောက်ပါ တပည့် ပညိဿိယ၏ ယုံမှားသံသယရှိသော အချက်များကို ကရဏာ ရှေထား၍ အဖြေ ပေးသနားတော်မူပါမည့်အကြောင်း ရိသေစွာ လျှောက်ထား တောင်းပန်ပါသည် ဘုရား....၊

၁ မာနတ်ကျင့်ရာနှိုက် "ဒေဝသိကံ အာရောစေတဗ္ဗံ"ဟု ဘုရား ဟော တော်မူသောကြောင့် နေ့တိုင်းပင် မပျက်မကွက် (၆)ရက်ပတ်လုံး ကြားရမည်၊ သို့မဟုတ် အကြားနှိုက် တစုံတခုသော အကြောင်း

ကြောင့် မညီမညွတ် ပျက်ကွက်သော်လည်း ကိစ္စမရှိ ဆက်၍ ကြားရမည် မကြားရမည်ဟု သံသယရှိပါသည်၊ ၎င်း ''ဒေဝသိကံ'' ဟူသော ပုဒ်ကို မာနတ်နှိုက် ထည့်၍ ဟောတော်မူခြင်းသည် ပရိဝါသ်ထက် မာနတ်က ထူးမည်လား မထူးမည်လားဟု သံသယရှိပါသည်ဘုရား၊ ၎င်း ''ဒေဝသိကံ အာရောစေတဗ္ဗံ'' ပါဠိ၏ သဘောကိုလည်း သိလိုပါသည်ဘုရား။

၂ ဥဒ္ဒေဟိကကံမှတပါး သံဃာက သံဃာကို ကံဆောင်ရာ မတွေ့မရှိသည် ဖြစ်ပါ၍ သံဃာက သံဃာကို ကံပြုထိုက်သော ကံမျိုး, မပြုထိုက်သော ကံမျိုး၊ နိဂ္ဂဟကံမျိုး, ပဂ္ဂဟကံမျိုးဟု နှစ်မျိုးနှစ်စား ရသင့်သည် မရသင့်သည်ကို ကမ္မဘေဒနှင့်တကွ သိလိုပါသည်ဘုရား။

၃ ပါတိမောက် ပြရာနှိုက် တပါးသော ပုဂ္ဂိုလ်သည် ပါတိမောက် ရှိပါ၏၊ ဥ တ်ကို ပြိသစ္ဆာရွတ်ခြင်းငှါ မစွမ်းနိုင်ပါ၊ တပါးသောပုဂ္ဂိုလ်သည် ဥ တ်ကို ပြိသစ္ဆာ ရွတ်ခြင်းငှါ စွမ်းနိုင်ပါ၏၊ ပါတိမောက်ကို မရရှိပါ၊ သို့ဖြစ်ပါ၍ တပါးက ဥ တ်ထား၍ တပါးက ပါတိမောက် ပြပြီးလျှင် ဥပုသ် ပြုသင့် မပြုသင့်ကို အထောက် သာဓကနှင့်တကွ သိလိုပါသည်ဘုရား။

၄ ပစ္စယ, ပစ္စယုပ္ပန္န, ပစ္စနီက ၎င်းသုံးပုဒ်တို့တွင် ''ပစ္စနီက'' ပုဒ်၏ ဝိဂြိုဟ် ဝစနတ္ထ ဓာတ်ရ ပစ္စည်းရကိုလည်း သိလိုပါ၍ ရေးသား ခြီးမြှင့်တော်မူပါဘုရား။

၅ ''သတ္ထာ ယေ ဒိဋ္ဌိ သတ္ထာယဒိဋ္ဌိ'' ဟု သတ္ထုမိတပ္ပုရိသ်သမာသ် ပြုလုပ်ရာနှိုက်လည်း လုပ်သင့် မလုပ်သင့်ကို သိလိုပါသည်ဘုရား။

၆ ''န အတ္ထာ အနတ္ထာ''။ အတ္ထာ၊ဥပါဒ်, ဋ္ဌိ, ဘင် အစဉ်မပြတ်ဖြစ်သော ရုပ်, နာမ်အပေါင်းသည်။ န၊မဟုတ်။ အနတ္ထာ၊ဥပါဒ်, ဋ္ဌိ, ဘင် အစဉ် မပြတ်ဖြစ်သော ရုပ်, နာမ်အပေါင်းမဟုတ်။—ဤကဲ့သို့ အနက်ပေးရာ တပည့်တော်များ၏ ဉာဏ်နှိုက် နိဗ္ဗာန်တရားကို အရကောက်ရမည်ဟု ထင်ပါသည်ဘုရား.....၊ အတ္ထာ၊ မိမိအလိုသို့ လိုက်တတ်သော တရားသည်။နှ၊မဟုတ်။အနတ္ထာ၊မိမိအလိုသို့ လိုက်တတ်သောတရား မဟုတ်။—ဤသို့ အနက်ပေးရာ တပည့်တော်များဉာဏ်နှိုက် ဘုံသုံးပါးနှိုက် ဖြစ်သောတရား, နိဗ္ဗာန်တရားကို ကောက်ရမည်ဟု ထင်ပါသည်ဘုရား။ ဤ အနတ္တပုဒ်သည် ''သဗ္ဗေ ဓမ္မာ အနတ္တာ'' ဟူသော

ဝါကျနှိုက် ပါသောပုဒ် ဖြစ်ပါသည်၊ ၎င်းအနတ္တပုဒ်၏ အနက်ပေးပုံ အရကောက်ပုံ တို့ကို သင့် မသင့် ထောက်ချင့်တော်မူ၍ သင့်လျှင် သင့်ကြောင်း၊ မသင့်လျှင် ပြင်ဆင်၍ ပေးတော်မူပါမည့်အကြောင်း လျှောက်ပါသည်ဘုရား။

၇ ဧဝံ ကောဒသ ဝိပတ္တိသိမာယော အတိက္ကမိတ္မာ တိဝိဓသမ္ပတ္တိ ယုတ္တာ နိမိတ္တေန နိမိတ္တံ ဗန္ဓိတ္မာ သမ္မတာ ဗဒ္ဓသိမာတိ ဝေဒိ တဗ္ဗာ။ ခဏ္ဍသိမာ, သမာနသံဝါသသိမာ, အဝိပ္ပဝါသသိမာတိ တဿာယေဝ ဘေဒေါ။ အဗဒ္ဓသိမာ ပန ဂါမသိမာ, ဥဒကုက္ခေပသိမာ,သတ္တဗ္ဘန္တရသိမာတိ တိဝိဓာတိ ကခ်ါဝိတရဏီယံ အာဂတတ္တာ ဝိညာယတိ။ ဧဝံ တိသု ဗဒ္ဓသိမာသု တိသု အဗဒ္ဓသိမာသူတိ ဆသုယေဝ သိမာသု ကမ္မပ္ပတ္တာ သံဃသဿ စတုဝဂ္ဂကရဏီယာဒိ ကမ္မဿ ကတ္တဗ္ဗဘာဝဝစနတော သုဒ္ဓါယ ဥပစာရသိမာယ ကမ္မဝါစာယ အဘဏိတဗ္ဗဘာဝေါ ဝိညာယတိ။ အန္တော ဥပစာရသိမာယ သတိ တံဗဒ္ဓသိမံ အဝတ္ထရိတ္မာဝိ ဥပစာရသိမာယ ဂမနတော သာ ဗဒ္ဓသိမာ ကမ္မဝါစာ ဘဏနာ ရဟာစ ဟောတိ ကထိနတ္ထာရာရဟာစာတိ ဝေဒိတဗ္ဗာ။ နနုစ ပန္နရသဝိဓာ သိမာ အဋ္ဌကထာသု အာဂတာ။ အထ ကသ္မာ ဆဧ္ဍေဝ ဝုတ္တာတိ။ သစ္စံ။ တာသု ပန ပန္နရသသု သိမာသု ဥပစာရသိမာ သံဃလာဘ ဝိဘဇနာဒိဋ္ဌာနမေဝ ဟောတိ။ လာဘသိမာ တတြုပ္ပါဒဂဟဏဋ္ဌာနမေဝ ဟောတိတိ ဋ္ဌမာဒ္ဒေ သိမာယော သံဃကမ္မကရဏဋ္ဌာနံ န ဟောန္တိ။ နိဂမသိမာ, နဂရသိမာ, ဇနပဒသိမာ, ရဋ္ဌသိမာ, ရဇ္ဇသိမာ, ဒီပသိမာ, စက္ကဝါဠသိမာတိ ဋ္ဌမာ ပန သိမာယော ဂါမသိမာယ သမာန ဂတိကာ ဂါမသိမာယမေဝ အန္တောဂဓာတိ နု ဝိသုံ ဝုတ္တာတိ ဒဋ္ဌဗ္ဗာ။—

၅၂ ဝိနယာလင်္ကာရဋီကာပါဠိအရ တပည့်တော်များ၏ သဘောနှိုက် စူးစိုက်ပုံမှာ ဂါမသိမ်နှင့် ဥပစာရသိမ်တို့သည် မရောမစပ်ဟု သဘောရှိပါသည်၊ အကယ်၍ ၎င်းဂါမသိမ်နှင့် ဥပစာရသိမ်တို့သည် ရောစပ်ခဲ့ပါလျှင် စတုဝဂ်စသော သံဃာတော်တို့၏ ကမ္မဝါစာဖတ်ရွတ်အပ်သော ဌာနထည်းသို့ ဝင်သင့် ဝင်ထိုက်သည်ဟု

သဘော ရရှိပါသည်၊ ၎င်းဖတ်ရွတ်ရာဌာနသို့လည်း ဤနိုကာပါဠိ အရ ဝင်လည်း မဝင်ပါ၊ ဂါမသိမ်နှင့် ဥပစာရသိမ်တို့ တခြားစီ မရောမစပ်ကြဟု ဆိုပါလျှင်လည်း ဂါမခေတ်နှိုက် ဝိသုံဂါမ မဟုတ် ပကတိဂါမအစိတ် ခဏ္ဍသိမ်သမုတ်သောအခါ ထိုဂါမခေတ်နှိုက် ရှိသော သက်သက် ဥပစာရသိမ်တွင်းရှိရဟန်းတို့အား ဟတ္ထပါသ်သို့ ဆောင်ခြင်း၊ မလာစွမ်းနိုင်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်ခြင်း ဖြင့်ကြရပါသည်။ ၎င်းဟတ္ထပါသ်သို့ ဆောင်ခြင်း စသည်ကို ထောက် သဖြင့်လည်း ဂါမခေတ်နှင့် ၎င်းခေတ်တွင်းရှိ ဥပစာရသိမ်တို့ စပ် သည်ဟု သဘောရရှိပါသည်။ ဂါမခေတ်ထည်းသို့ ဝင်လျှင်လည်း ကမ္မဝါစာ ဖတ်ရွတ်ရာဌာနသို့ ဝင်သင့်သည်ဟု မှတ်ထင်ပါသည်။ ဤကဲ့သို့ စပ် မစပ် နှစ်ထွေနှစ်စား သံသယများနှင့်တကွ ၎င်းဝိနယာ လင်္ကာရဋီကာပါဠိ၏ အာဘော်တို့ပါ ဖြေရှင်း၍ ပေးတော်မူပါ ဘုရား။

၈ ပဌမ ဘုန်းကြီးသည် ဒုတိယ ဘုန်းကြီးအား ပုဂ္ဂလိက ကျောင်းကို တာဝကာလိက တသက်မျှသာ ပေးအပ်ထားပါသည်၊ ၎င်းဒုတိယ ဘုန်းကြီးသည် အသက်ထင်ရှားရှိလျက်ပင် တတိယမြောက် ဦးပဏ္ဍင်း အား ၎င်းပုဂ္ဂလိကကျောင်းကို ပေးအပ်ပြန်၏၊ ထိုအခါ ပဌမ ဘုန်း ကြီးသည် တတိယမြောက် ဦးပဏ္ဍင်းအား မပေးသင့်ကြောင်း ပြော ဆိုပါသည်၊ ဒုတိယဘုန်းကြီးကလည်း ပေးသင့် ပေးထိုက်ကြောင်း ပြောဆိုပါသည်။ဤကဲ့သို့ နှစ်ဖက်ကွဲပြားရာ ဘယ်ဘက်က မှန်သည် ဘယ်ဘက်က မှားသည်ကို အထောက်အထားနှင့်တကွ သိလိုပါ သည်ဘုရား။

၉ အချို့ဘုန်းကြီးများ သကလပ်အဝါသွေး ပြုလုပ်သော ဘိန်ပါများ စီးနင်းခြင်း ပြုကြပါသည်။ ၎င်းဘိန်ပါမျိုးကိုလည်း စမ္မက္ခန္ဓကနှိုက် မတွေ့မရှိပါ၊ စီးသော ပုဂ္ဂိုလ်မှာလည်း အလေးပြုထိုက်သော ပုဂ္ဂိုလ် ဖြစ်ပါ၍ တပည့်တော်များ၏ စိတ်နှိုက် အပ် မအပ် သဘောနှစ်ခွ ဖြစ်နေပါသောကြောင့် ၎င်းအဆုံးအဖြတ်ကိုလည်း ပေးသနားတော် မူပါဘုရား။

နဝပုဏ္ဏာ ဝိနိစ္ဆယ

အဖြေကို အောက်နိုက် ပြဆိုအပ်သော ပုစ္ဆာ(၁—၂—၃)စသော သင်္ကေတဖြင့် တိုက်ဆိုင်၍ ကြည့်ရှုကြလေ။

၁။ ပဌမ ပုစ္ဆာ မေးလျှောက်ထားရာနိုက်— မာနတ္တာ စာရိကေန ဘိက္ခဝေ ဘိက္ခုနာ အာဂန္တုကေန အာရောစေတဗ္ဗံ၊ အာဂန္တုကဿ အာရောစေတဗ္ဗံ၊ ဥပေါသထေ အာရောစေတဗ္ဗံ၊ ပဝါရဏာယ အာရောစေတဗ္ဗံ၊ဒေဝသိကံ အာရောစေတဗ္ဗံ။— ဟူသော စူဠဝါပါဠိတော်နိုက်--

၁။ "ဥပေါသထေ အာရောစေတဗ္ဗံ၊ ပဝါရဏာယ အာရောစေတဗ္ဗံ" ဟူသော သာမညစကားဖြင့် မာနတ်ကျင့်သော ရဟန်းသည် ဥပုသ်,ပဝါရဏာ ပြုရာကာလနေ့နိုက်သာလျှင် ခြောက်ညဉ့်စေ့အောင် ကြားအပ်၏၊ ၎င်းနေ့မှ ကြွင်းသော နေ့တို့နိုက် မကြားအပ်ဟူသော မိစ္ဆာပဋိဒ သက်ရောက်ရာ၏၊ ထို မိစ္ဆာဝါဒကို ပယ်ဖျောက်လျက် နေ့တိုင်း နေ့တိုင်း ညဉ့်မပြတ်စေမူ၍ ခြောက်ရက်ပတ်လုံး ကြားအပ်၏ဟု ပြတော်မူခြင်းငှါ"ဒေဝသိကံ အာရောစေတဗ္ဗံ"ဟူသော ဝါကျကို မြတ်စွာဘုရားသည် တဖန် အားထုတ်တော်မူပြန်၏ဟု ရှေးဦးစွာ မှတ်သားထားအပ်၏။ "ဤကား သမ္မန္ဓနယူပဒေသတည်း"။

၂။ သူရိယောဘာသေန ဒိဗ္ဗတီတိ ဒိဝသော။ ဒိဝုဓာတု၊ သော။ အဘိဓာနဋီကာယံ ဒိဗ္ဗန္တိ ကိဠန္တိတိ ဒိဝသောတိ ဝုတ္တံ။ ဒိဝသံဒိဝသံ အာရောစေတဗ္ဗန္တိ ဒေဝသိကံ။ မာနတ္တံ လဗ္ဘတိ။ တဒ္ဒိတံ၊ ဏိကော။ ဒေဝသိကန္တိ ဒိဝသံ ဒိဝသန္တိ ဝုတ္တတ္တာဝါ ဝိစ္ဆတ္ထဇောတကော ဏိကပစ္စယော။တသ္မာ ဣဒံ အနိပ္ပန္နပါဠိပဒိကန္တိ ဒဋ္ဌဗ္ဗံ။— "ဤကား သဒ္ဒနယူပဒေသတည်း"။

၃။ "ဒေဝသိကံ အာရောစေတဗ္ဗံ"—ဟူသော၀ါကျ၏ အဓိပ္ပါယ်ကား.... ဒေဝသိကသဒ္ဒါ ဆရတ္တာသဒ္ဒါနှစ်ခုကို အစွန်သံယောဂ ဒုတိယန္တပုဒ်ဖြင့် ဟော တော်မူသောကြောင့် "ဆာရတ္တံ မာနတ္တံ စရိတဗ္ဗံ"ဟူသည်နှင့်အညီ မာနတ်

ကျင့်သော ရဟန်းသည် နိက္ခိတ္တဝတ်ဖြစ်စေ အနိက္ခိတ္တဝတ်ဖြစ်စေ ခြောက်ညဉ့် ပတ်လုံး မကျိုးမပြတ်စေမူ၍ ကြားအပ်၏။ ထိုကြောင့် စူဠဝါအဋ္ဌကထာ နှင့်က်—

ဧဝံ ဆာရတ္တံ မာနတ္တံ အာလဏ္ဍံ စရိတ္ဝာ ယတ္ထ သိယာ ဝိသတိ ဂဏော ဘိက္ခုသံဃော၊ တတ္ထ သောဘိက္ခု အဇ္ဈောတဇ္ဇော။— ဟု မိန့်ဆိုတော်မူ၏။

အကယ်၍ ခြောက်ညဉ့်ပတ်လုံး မပြတ်မလပ် မကြားသည် ဖြစ်အံ့။—

စတ္တာရော ခေါ ဥပါလိ မာနတ္တာစာရိကဿ ဘိက္ခုနော ရတ္တိစ္ဆေဒေါ သဟဝါသော ဝိပ္ပဝါသော အနာရောစနာ ဥနေ ဂဏော စရတိ။ ဇ္ဈမေခေါ ဥပါလိ စတ္တာရော မာနတ္တာ စာရိကဿ ဘိက္ခုနော ရတ္တိစ္ဆေဒေါ။—ဟူသော ပါဠိတော်။

အနာရောစေန္တဿ ရတ္တိစ္ဆေဒေါစေဝ ဝတ္တဘေဒေါစ။—

ဟူသော အဋ္ဌကထာမျှားနှင့်အညီ ရတ္တိစ္ဆေဒလည်း ဖြစ်၏၊ ဝတ္တဘေဒ ဒုက္ကဋ်လည်း သင့်၏ဟု မှတ်အပ်၏။ သို့သော်လည်း ဝတ္တဘေဒဒုက္ကဋ်မှာ မမြဲ၊ ရတ္တိစ္ဆေဒမှာ မြဲ၏။ "ဤကား အဓိပ္ပါယတ္ထနယူပဒေသတည်း"။

၄။ အကယ်၍ တစုံတရာ အကြောင်းမညီမညွတ်သဖြင့် ညဉ့်ပြတ်ငြားသော်လည်း ရတ္တိစ္ဆေဒ ဝတ္တဘေဒ ဖြစ်ရုံသာရှိသည်၊ မာနတ်ထပ်မံ၍ တောင်းယူဖွယ် မရှိ၊ မာနတ်ကို တဖန် ပေးဖွယ်လည်း မရှိ၊ ကျင့်ပြီး ကြားပြီးသော ညဉ့်မပျက်၊ ကြွင်းကျန်သော နေ့ကိုသာ ဆက်၍ ကျင့်အပ် ကြားအပ်၏၊ အရင်းသို့ ပြန်လည်၍ ကျင့်ရန် မရှိဟု မုချ မှတ်ယူအပ်၏။ ထိုကြောင့် စူဠဝါပါဠိတော်နှင့်က်—

ဇ္ဈမ ပန ဘိက္ခဝေ ဘိက္ခု မာနတ္တံ စရန္တော ဝိဿမတိ။ ဝိဿန္တကဿ ဘိက္ခဝေ မာနတ္တစရိယာ နု ရှုဟတိ။ သောစေ ပုန ဥပသမ္ပဇ္ဇတိ။ တဿ တဒေဝ ပုရိမံ ပရိဝါသဒါနံ။ ယော ပရိဝါသော ဒိန္နော သုဒိန္နော။ ယော ပရိဝုတ္ထော သုပရိဝုတ္ထော။ ယံ မာနတ္တံ ဒိန္နံ သုဒိန္နံ။ ယံ မာနတ္တံ စရိတံ သုစရိတံ။ အဝသေသံ စရိတဗ္ဗံ။—ဟု ဟောတော်မူ၏။။

အနက် ဘိက္ခဝေ၊တို့။ ဣဓသာသနေ၊နှိုက်။ မာနတ္တံ၊ကို့။ စရန္တော၊ကျင့်သော။ ဘိက္ခု၊ သည်။ ဝိဗ္ဘမတိ၊ လူ၏ဘောင်သို့ ပြန်လည်၏။ (သဒ္ဒတ္ထ)။ ဝါ၊လူထွက်၏။ (ဓဝါဟာရတ္ထ)။ ဘိက္ခဝေ၊တို့။ ဝိဗ္ဘန္တကဿ၊လူထွက်သောရဟန်းအား။ မာနတ္တစရိယာ၊သံဃာတော်တို့မြတ်နိုးစိမ့်သောငှါ မာနတ်ကျင့်ခြင်းသည်။ န ရူဟတိ၊ မရောက်။ သောဘိက္ခု၊ ထိုလူထွက်သော ရဟန်းသည်။ပုန၊တဖန်။ သစေဥပသမ္ပဇ္ဇတိ၊အကယ်၍ ရဟန်းခံအံ့။ (ဓဝါဟာရတ္ထ)။ ဝါ၊အကယ်၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်အံ့။ (သဒ္ဒတ္ထ)။ တဿ ဘိက္ခုနော၊ထိုရဟန်းအား။ ပုရိမံ၊ရှေးဖြစ်သော။ တဒေဝ ပရိဝါသဒါနံ၊ထိုပရိဝါသ်ပေးခြင်းသည်သာလျှင်။ ဟောတိ၊ ၏။ ယောပရိဝါသော၊ အကြင် ပရိဝါသ်ကို။ ဒိန္နော၊ပေးအပ်၏။ သောပရိဝါသော၊ကို။ သုဒိန္နော၊ ကောင်းစွာပေးအပ်၏။ ယောပရိဝုတ္ထော၊အကြင် ပရိဝါသ်မှ ထခြင်းသည်။ အတ္ထိ၊ရှိ၏။ သောပရိဝုတ္ထော၊သည်။ သုပရိဝုတ္ထော၊ကောင်းစွာ ပရိဝါသ်မှ ထခြင်းသည်။ ဟောတိ၊၏။ ယံမာနတ္တံ၊ အကြင် မာနတ်ကို။ ဒိန္နံ၊ ပေးအပ်၏။ တံမာနတ္တံ၊ကို။ သုဒိန္နံ၊၏။ ယံမာနတ္တံ၊ကို။ စရိတံ၊ကျင့်အပ်၏။ တံမာနတ္တံ၊ကို။သုစရိတံ၊ ကောင်းစွာ ကျင့်အပ်ပြီ။ အဝသေသံ၊ကျင့်ပြီးသည်မှ ကြွင်းသောနေ့ကိုသာလျှင်။ (ဓဝသဒ္ဒါ ကျေသည်ဟု မှတ်)။ စရိတဗ္ဗံ၊ဆက်၍ ကျင့်အပ်၏။

ဤပါဠိတော်နှိုက်လာသော လူထွက်ရဟန်းထက် ပိုမို၍ ညှဉ်ပြတ်နိုင်ဖွယ်မရှိ။ ထိုကြောင့် ညှဉ်ပြတ်ငြားသော်လည်း အကယ်၍ ညှဉ်ပြတ်ခြင်းကြောင့် ပြန်လည်၍ ကျင့်ဖွယ်မရှိဟု ဆိုခဲ့သော် ဒေဝသိကဆာရတ္တ ဟူသောပုဒ်သည် အစွန်သံယောဂလက္ခဏာနှင့် ဆန့်ကျင်သည် မဟုတ်လောဟု စောဒနာခဲ့မူ မဆန့်ကျင်ပေ၊ အဘယ်ကြောင့်နည်းဟူမူကား—

ဆမာသံ သဏ္ဌာကာတဗ္ဗော။ **သမ္မော အဋ္ဌကထာ။**

မူလဋီကာနှိုက်လည်း ၎င်းခြောက်လပတ်လုံး မဟုတ်သည်၏ အဖြစ်ကို သိစေခြင်းငှါ—

ပရိစ္ဆိဇ္ဇမာနဿ မာသန္တရဂမန နိဝါရဏတ္ထံ ဟိ ဆမာသဂ္ဂဟဏံ။ န သကလ ဆမာသေ သဏ္ဌာယန ပဝတ္တိဒဿနတ္ထံ။— ဟု ဖွင့်ပြတော်မူ၏။

အနက် ဟိသစ္ဆံ၏။ ဝါ ဟိယသ္မာ၊ ကြောင့်။ ပရိစ္ဆိဇ္ဇမာနဿ၊ ပိုင်းခြားအပ်ပြီးသော လ၏။ မာသန္တရဂမနနိဝါရဏတ္ထံ၊လတပါးသို့ ကူးပြောင်းသွားခြင်းကို တားမြစ်ခြင်းအကျိုးငှါ။ ဆမာသဂ္ဂဟာဏံ၊ဆမာသသဒ္ဒါကို။ ကတံ၊ ပြုအပ်၏။ သကလဆမာသေ၊ အလုံးစုံသော ခြောက်လန္ဆုက်။ သဗ္ဗာယန ပဝတ္တိဒဿနတ္ထံ၊သရဇ္ဈာယ်ခြင်း၏ ဖြစ်ခြင်းကို ပြခြင်းအကျိုးငှါ။ ဆမာသဂ္ဂဟာဏံ၊ကို။ နကတံ၊ပြုတော်မမူအပ်။

ဂင်းသမ္မော သတိပဋ္ဌာနဝိဘင်းအဋ္ဌကထာနှိုက် ဒုတ္တိဿကာရကမ္မဋ္ဌာန်းကို စီးဖြန်းရာ ခြောက်လမှ တဆယ့်ငါးရက် ယုတ်ပါလျက်ကိုပင် "ဆမာသံ" ဟု အစွန်သံယောဂ ဒုတိယန္တပုဒ်ဖြင့် ပြသကဲ့သို့ဂင်း၊

ဃဋိကာရ ကုမ္ဘကာရဿ အနုမာသံ ဝိတိသုခံ နု ဝိဇဟတိ။ သတ္ထာဟံ မာတာဝိတ္ထုနံ။ -- မဇ္ဈိမပဏ္ဏာသ ဃဋိကာရသုတ် ပါဠိတော်

ဝိတိသုခံ နု ဝိဇဟတိတိ နု နိရန္တရံ နု ဝိဇဟတိ။— ဂင်း အဋ္ဌကထာ

ဂင်းပါဠိတော်နှိုက်လည်း ဃဋိကာရ အိုးထိန်းသည်အား လခဲ့ပတ်လုံး ပီတိသောမနဿ မပြတ်ဖြစ်သည် မဟုတ်၊အကြားအကြားနှိုက် ပြတ်လပ်ခြင်းရှိပါလျက် "အနုမာသံ" ဟု အစွန်သံယောဂ ဒုတိယန္တပုဒ်နှင့် ဟောတော်မူသကဲ့သို့ဂင်း၊ ဤ"ဆာရတ္တံ" ဟူသောပုဒ်နှိုက် ဆာရတ္တဖြင့် ပိုင်းခြားအပ်သော မာနုတ္တာစာရ၏ သတ္တာဟစသော အဟန္တရ ဟုဆိုအပ်သော နေ့တပါးသို့ ရှေ့ပြောင်းကူးသွား၍ ကျင့်ခြင်း ပဋ္ဌာဟစသော ဥနကရပြုခြင်း ကျင့်ခြင်းကို မြစ်ခြင်းငှါသာလျှင် "ဆာရတ္တံ" ဟု အစွန်သံယောဂ ဒုတိယန္တပုဒ်ဖြင့် ဟောတော်မူအပ်၏။ ခြောက်ရက်အတွင်းနှိုက် ညဉ့်မပြတ်အပ်သည်ကို ဟောတော်မူသည် မဟုတ်၊ ထိုကြောင့် မဆန့်ကျင်ဟု မှတ်သားအပ်၏။

"ဒေဝသိကံ" ဟူသောပုဒ်ကို မာနုတ္တာစာရအရာနှိုက်သာ ဟောတော်မူသည်မှာ အဋ္ဌကထာနှိုက် "မာနုတ္တာစာရိကဿ ဝတ္တေသု ဒေဝသိကံ အာရောစေတဗ္ဗန္တိ ဝိသေသေ" ဟု သာမညအားဖြင့်သာလာသည်၊ အကြောင်းမပါ။

ဋီကာဘုံးစောင်နှိုက်လည်း အဖွင့်မရှိ။ သို့ မရှိငြားသော်လည်း အတ္တနောမတိ အားဖြင့် ဖြေကြားပေအံ့။ ပရိဝါသ်မှာ ဖုံးလွှမ်းသော အာပတ်ရှိမှသာလျှင် ပရိဝါသ်ကျင့်ရသည်ဖြစ်၍ အကယ်၍ တရက်ဖုံးလွှမ်းသည် ဖြစ်အံ့ တရက်သာ ကျင့်ရသည်၊ ၂ ရက် ၃ ရက် စသည် ဖုံးလွှမ်းသည် ဖြစ်အံ့ ၂ ရက် ၃ ရက် စသည်ကျင့်ရသည်၊ ရက်အပိုင်းအခြား မရှိ။ မာနတ်မှာ ပရိဝါသ်ကဲ့သို့မဟုတ်၊ ဖုံးလွှမ်းသော အာပတ် မဖုံးလွှမ်းသော အာပတ် ထောင် သောင်းပင် ရှိငြား သော်လည်း ခြောက်ရက်ပတ်လုံးသာ ကျင့်ရသည်၊ ခြောက်ရက်အောက် အယုတ် ခြောက်ရက်ထက် အလွန် ကျင့်ရန် မရှိ၊ ထို့ကြောင့် ပရိဝါသ်ကဲ့သို့ ရက်အယုတ် အလွန် မရ၊ ခြောက်ရက်ပတ်လုံး မကျိုးမပြတ်စေမူ၍ နေ့တိုင်း မပြတ် ကြားအပ်၏ဟူသော အနက်ထူး ဝိသေသကို သိစေခြင်းငှါ မာနတ် ကျင့်ရာန္ဒိုက်"ဒေဝသိက" သဒ္ဒါဖြင့် အထူးပြု၍ ဟောတော်မူ၏ဟု သိအပ် မှတ် အပ်၏။ **တနည်း**—သမ္မန္ဓနယူပဒေသန္ဒိုက် ပြဆိုအပ်ပြီးသောနည်းအတိုင်း မှတ် သားအပ်၏။

၂-ဒုတိယမူဏ္ဍာအစ်ဥ

၂။ ဥဗ္ဘာဟိကကံမှတပါး သံဃာက သံဃာကို ကံဆောင်ရာ မတွေ့မရှိသေး သည် ဖြစ်ပါ၍ အဘယ်ကံတို့သည် သံဃာက သံဃာကို ကံပြုဆောင် သင့်သည်၊အဘယ်ကံတို့သည် မဆောင်သင့်သည်ကို နိဂ္ဂဟကံမျိုး,ပဂ္ဂဟ ကံမျိုး ၂ မျိုး ၂ စား ရသင့် ဖြစ်သင့်သော အခွဲများနှင့်တကွ သိလို ပါသည်ဘုရားဟု မေးလျှောက်ရာန္ဒိုက်—

ရှေးဦးစွာ ကမ္မဘေဒကို မှတ်သား အပ်၏၊ ကမ္မဘေဒကား....

(၁) ဘဏ္ဍုနကာရက, ဝိဝါဒကာရက, ကလဟကာရက, ဘဿကာရက ဖြစ်သော ပဏ္ဍုက လောဟိတကရဟန်းတို့အား ခြိမ်းခြောက်သော အားဖြင့် ပြုအပ်သော တဇ္ဇနီယကမ္မ။

(၂) ရဟန်းတို့အား မလျှောက်ပတ်သော လူတို့နှင့် နှီးနှော်ပြောဟော၍ နေထိုင်သော ဗာလ,အဗျတ္တ,အာပတ္တိဗဟုလ,အာပတ္တိအပဒါန ဖြစ် သော သေယျသကရဟန်းအား ဗာလကို မှီ၍ နေအပ်၏ဟု ပြုသော နိယသကမ္မ။

(၃) ကုလဒူသကပြုသော အဿဇိပုနဗ္ဗသုက ရဟန်းတို့အား နှင်ထုတ်ခြင်းကို ပြုသော ပဗ္ဗာဇနီယကမ္မ။

(၄) စိတ္တသူကြွယ်ကိုဆဲရေးသော သုဓမ္မရဟန်းအား မိမိအပြစ်ကို အောက်မေ့စေသောအားဖြင့်၊ ဝါ-ဒါယကာကို သည်းခံစေသော အားဖြင့် ပြုအပ်သော ပဋိသာရဏီယကမ္မ။

(၅) အာပတ်ကို မရှုခြင်း, မကုစားခြင်း, မှားသောအယူကို မစွန့်ခြင်းတို့ကြောင့် ဆန္ဒစသော ရဟန်းတို့အား သံဃာမှ နှင်ထုတ်ခြင်းကို ပြုသော ဥက္ခေပနီယကမ္မ (၃)ပါး။

(၆) ဒေဝဒတ်အား ပြုသော ပကာသနီယကမ္မ။

(၇) ဒါယကာတို့အား သပိတ်မှောက်သော ပတ္တနိက္ခုဇ္ဇနီယကမ္မ။

ဤသို့ စုဥဝါပါဠိတော်၌ကြွက်လာသော ကံခုနစ်ပါးကို နိဂ္ဂဟကံမျိုးဟု မှတ်အပ်၏။

ပရိဝါပါဠိတော်၌က် ဟောတော်မူအပ်သော ကမ္မဘေဒကား....အပလောကနကံ, ဥတ္တိကံ, ဥတ္တိဒုတိယကံ, ဥတ္တိစတုတ္ထကံ ဟူ၍ (၄) ပါးတည်း။ ထိုလေးပါး တို့တွင်—

၁။ အပလောကနကံသည် သြသာရဏကံ, နိဿာရဏကံ, ဘဏ္ဍုကံ,ပြဟ္မဒဏ္ဍကံ, ကမ္မလက္ခဏံ ဤငါးပါးသော ဌာနသို့ ရောက်၏။

၂။ ဥတ္တိကံသည် သြသာရဏကံ, နိဿာရဏကံ, ဥပေါသထကံ, ပဝါရဏာကံ, သမ္မုတိကံ, ဒါနကံ, ပဋိဂ္ဂဟကံ, ပစ္စုက္ခုနကံ,ကမ္မလက္ခဏံ ဤ ကိုးပါးသောဌာနသို့ ရောက်၏။

၃။ ဥတ္တိဒုတိယကံသည် သြသာရဏကံ, နိဿာရဏကံ, သမ္မုတိကံ, ဒါနကံ, ဥဒ္ဓါရဏကံ, ဒေသနာကံ, ကမ္မလက္ခဏံ ဤခုနစ်ပါးသော ဌာနသို့ ရောက်၏။

၄။ ဥတ္တိစတုတ္ထကံသည် သြသာရဏကံ, နိဿာရဏကံ, သမ္မုတိကံ, ဒါနကံ,နိဂ္ဂဟကံ, သမနုဘာသနကံ, ကမ္မလက္ခဏံ ဤခုနစ်ပါးသောဌာနသို့ ရောက်၏။

ဤ ပြဆိုအပ်ပြီးသော ကံတို့တွင် နိဿာရဏကံ, ပြဟ္မဒဏ္ဍကံ, နိဂ္ဂဟကံ, သမနုဘာသနကံ ဤကံလေးပါးတို့ကို နိဂ္ဂဟကံမျိုးဟု မှတ်အပ်၏။ ထိုမှ ကြွင်းကျန်သော ကံတို့ကို ပဂ္ဂဟကံမျိုးဟု မှတ်အပ်၏။ ဒါနကံသည် အခြို့ နိဂ္ဂဟကံမျိုးဟု အထူးမှတ်အပ်၏။ ၎င်းကံမျှားမှ တပါး ကမ္မဘေဒ မရှိ။ ဥပ္ပာဟက, အဝန္ဒိယ စသော ကံတို့သည် ၎င်းကံတို့သို့သာလျှင် အတွင်းဝင်သည်သာလျှင်တည်း။ ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့နှိုက် သံဃာတော်သည် တပါးသော သံဃာတော်အား ကံပြုသော ကံမျိုး နိတတ္ထအားဖြင့် မလာမရှိ၊ သို့ မလာမရှိ သော်လည်း နေယျတ္ထအားဖြင့်ရင်း အနုံလောမ အားဖြင့်ရင်း သိသင့် သိထိုက်သေး၏။ အဘယ်ကဲ့သို့ နေယျတ္ထအားဖြင့် သိသင့်သနည်း ဟူမူကား—

> ပဏ္ဍုကာ လောဟိတကာတိ ပဏ္ဍုကောစေဝ လောဟိတကော စာတိ ဆသု ဆဇ္ဇဂ္ဂိယေသု ဒွေ ဇနာ။ တေသံ နိဿိတကာဝိ ပဏ္ဍုကလောတိတကာတ္တေဝ ပညာယတိ။—

ဟူသော စူဠဝါအဋ္ဌကထာနှိုက် ထိုပဏ္ဍုကလောဟိတကတို့ကို မှီ၍နေကုန်သော တပည့်သံဃာတို့သည်လည်း ပဏ္ဍုကလောဟိတကဟူ၍ ထင်ရှားကုန်သည် သာလျှင်တည်းဟု ဖွင့်ဆိုတော်မူသောကြောင့် တပည့် သံဃာတို့၏ အမည်ကို ဦးစီးရှေးဆောင် ဆရာဖြစ်သော ပဏ္ဍုက လောဟိတကတို့၏ အပေါ်နှိုက် တင်စား၍ ဦးစီးရှေးဆောင် ဆရာဖြစ်သော ပဏ္ဍုက လောဟိတက ရဟန်းတို့ကို ကံပြုသည်ရှိသော် တပည့်သံဃာမျှားပါ ကံပြုရာ ကျရောက်သည် ဖြစ်၍ ၎င်းတဇ္ဇနီယကံဖြင့် သံဃာတော်သည် တပါးသံဃာအား ကံပြုနိုင်သည်ဟု နေယျတ္ထအားဖြင့်သာ သိအပ်၏။ ကြွင်းသော ပဗ္ဗာဇနီယ စသောကံတို့မှာလည်း ၎င်းတဇ္ဇနီယကံနှင့် အလားတူစွာ မှတ်အပ်၏။

ဥပ္ပာဟိကကံသည်လည်း သံဃာတော်သည် တပါးသော သံဃာတော်အား ကံပြုသောကံ မဟုတ်၊ အဓိကရဏ်း ဆုံးဖြတ်ရာနှိုက်သာလျှင် ဆယ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ဥတ္တိဒုတိယ ဥပ္ပာဟိကကမ္မဝါစာဖြင့် သမုတ်စိမ့်သောဌာနသာလျှင် ဟောတော်မူသည်။ သို့ဖြစ်၍ သမ္မုတိကံဟု မှတ်အပ်၏။ ထိုကြောင့် စူဠဝါပါဠိတော် သမထက္ခန္ဓကနှိုက်—

တေဟိ စေ ဘိက္ခဝေ ဘိက္ခူဟိ။လ။ဝိညာယတိ။အနုဇာနာမိ ဘိက္ခဝေ။လ။ဂူပသမေတုံ။ ဒသဟင်္ဂေဟိ သမန္နာဂတော ဘိက္ခု ဉဇ္ဈာဟိကာယ သမ္မန္နိတဗ္ဗော။လ။ဉဇ္ဈာဟိကာယ သမ္မန္နိတုံ။—ဟု ဟောတော်မူ၏။

ငင်း ဉဇ္ဈာဟိက ကမ္မဝါစာဖြင့် ပေးသော သမ္မုတိကံကို အပလောကနကံ ဖြင့်ငင်း ဉတ္တိဒုတိယကမ္မဝါစာဖြင့်ငင်း ပြုသင့်၏။ ထိုကြောင့် သမထက္ခန္ဓက စူဠဝါအဋ္ဌကထာနှိုက်—

> ဉဇ္ဈာဟိကာယ သမ္မန္နိတဗ္ဗောတိ အပလောကေတွာ ဝါ သမ္မန္နိတဗ္ဗော။ ပရတော ဝုတ္တာယ ဉတ္တိဒုတိယာယဝါ ကမ္မဝါစာယ။—ဟု မိန့်ဆိုတော်မူ၏။ (အနက် လွယ်၏)။

ငင်း ဉဇ္ဈာဟိကကမ္မဝါစာဖြင့် သမ္မုတိရသော ရဟန်းတို့သည်သာလျှင် အသီး နေထိုင်၍ ထိုပရိသတ်နှိုက် သမ္မုတိမရသော ရဟန်းတို့သည် တစုံတခု သော စကားကိုမျှ မပြောမဆိုရဟု ကန့်ကွက် တားမြစ် ပြောကြား၍ ထို အဓိကရဏ်းကို ဆုံးဖြတ်အပ်၏။ ငင်းဉဇ္ဈာဟိက ကမ္မဝါစာဖြင့် သံဃာတော်သည် သံဃာတော်အား ကံပြုသည်ဟု မဆိုအပ်၊ သမ္မုတိရသော ရဟန်း ပြော ဆိုဆုံးဖြတ်ရာနှိုက် တစုံတခုသော စကားကို မပြောမဆိုရဟု တားမြစ် ကန့် ကွက်ရုံမျှသာတည်းဟု မှတ်အပ်၏။ ထိုကြောင့် ငင်းအဋ္ဌကထာနှိုက်—

> ဧဝံ သမ္မတေဟိ ဘိက္ခူဟိ ဝိသုံ ဝါ နိသိဒိတွာ တဿာယေဝ ဝါ ပရိသာယ အညေဟိ အသမ္မတေဟိ နကိဉ္စိ ကထေတဗ္ဗန္တိ သာဝေတွာ တံ အဓိကရဏံ ဝိနိစ္ဆိတဗ္ဗံ။—ဟု မိန့်ဆိုတော်မူ၏။ (အနက် လွယ်၏)။

သောတုဇနတို့ သဒ္ဒနယ, အတ္ထနယတို့နှိုက် မတွေ့ဝေဓစခြင်းငှါ တဇ္ဇနီယစသော ကံဘို့၏ ဝစနတ္ထကို ပြဦးအံ့။

"တဇ္ဇီယဘိ အနေန ဝိနယကမ္မနာတိ တဇ္ဇနီယံ။ တဇ္ဇဓာတု၊ အနီယံ။ တမေဝကမ္မံ တဇ္ဇနီယကမ္မံ"။— အနေန ဝိနယကမ္မန၊ ဤ ဝိနည်းကံဖြင့်။ သောဘိက္ခု၊ ထိုဘဏ္ဍနကာရက ရဟန်းကို။ တဇ္ဇီယတိ၊ ခြိမ်းခြောက်အပ်၏။

ဣတိတသ္မာ၊ ထို ခြိမ်းခြောက်ကြောင်းဖြစ်သော သတ္တိကြောင့်။ အနေနာတိပဒေန၊ အနေနဟူသော ပုဒ်ဖြင့်။ နိဒ္ဒိဋ္ဌံ၊ ညွှန်းပြအပ်သော။ တံဝိနယကမ္မံ၊ ထို ဝိနည်းကံသည်။ တဇ္ဇနီယံ၊တဇ္ဇနီယ မည်၏။ "ဤမှနောက်နှိုက် အနက်ယောဇနာနည်း အကျဉ်းမျှသာ ပြပေအံ့"။

"နိဿာယတော ဝတ္ထုဗ္ဘန္တိ နိယဿီယတိ ဗာလော ဘဇာပိယတိ အနေန ဝိနယကမ္မေနာတိ နိယသံ။ နိပုဗ္ဗ သိဓာတု၊အာ၊ယ အာဂမနဟုမ္ဘုတ်။ နိယသမေဝ ကမ္မံ နိယသကမ္မံ"။—အနေန ဝိနယကမ္မေန၊ဖြင့်။ တော၊ထိုဗာလရဟန်းတို့ကို။ နိဿာယ၊ ၍။ ဝတ္ထုဗ္ဘန္တိ၊ နေအပ်၏ဟူ၍။ နိယဿီယတိ ဘဇာပိယတိ၊ မှီဝဲစေအပ်၏။ ဣတိတသ္မာ၊ကြောင့်။ နိယသံ၊၏။

"ဂါမာဒိတော ပဗ္ဗာဇ်ယတိ အနေနဝိနယကမ္မေနာတိ ပဗ္ဗာဇနီယံ။ ပပုဗ္ဗ ဝဇဓာတု၊ အနီယံ။ တမေဝကမ္မံ ပဗ္ဗာဇနီယကမ္မံ"။—အနေနဝိနယကမ္မေန၊ ဖြင့်။ ဂါမာဒိတော၊ ရှာ အစရှိသည်မှ။ ပဗ္ဗာဇ်ယတိ၊ နှင်ထုတ်အပ်၏။ ဣတိတသ္မာ၊ကြောင့်။ တံဝိနယကမ္မံ၊သည်။ ပဗ္ဗာဇနီယံ၊မည်၏။

"ပဋိမုခံ အတ္တာနော ဒေါသံ သရာပေတဗ္ဗံ အနေနဝိနယကမ္မေနာတိ ပဋိသာရဏီယံ။ ပဋိပုဗ္ဗ သရဓာတု၊ အနီယံ။ တမေဝကမ္မံ ပဋိသာရဏီယကမ္မံ"။—အနေနဝိနယကမ္မေန၊ဖြင့်။ ပဋိမုခံ၊ ရှေး၌။ အတ္တာနော၊မိမိ၏။ ဒေါသံ၊အပြစ်ကို။ သရာပေတဗ္ဗံ၊ အောက်မေ့စေအပ်၏။ ဣတိတသ္မာ၊ ကြောင့်။ တံဝိနယကမ္မံ၊သည်။ ပဋိသာရဏီယံ၊မည်၏။

"အာပတ္တိ အဒဿနာဒီသု ဥဒ္ဓရိတ္ဗာ ခီဏီယတိ အပနီယတိ အနေနဝိနယကမ္မေနာတိ ဥက္ခေပနီယံ။ ဥပုဗ္ဗ ခီပဓာတု၊ အနီယံ။ တမေဝကမ္မံ ဥက္ခေပနီယကမ္မံ"။—အနေနဝိနယကမ္မေန၊ဖြင့်။ အာပတ္တိအဒဿနာဒီသု၊အာပတ်ကို မရှုမမြင်ခြင်း အစရှိသည်တို့ကြောင့်။ ဥဒ္ဓရိတ္ဗာ၊ ထုတ်၍။ ခီဏီယတိ၊ ပယ်ထုတ်ဒအပ်၏။ ဣတိတသ္မာ၊ကြောင့်။တံဝိနယကမ္မံ၊သည်။ ဥက္ခေပနီယံ၊မည်၏။

"အနန္တာနိ ဘဿာနိ ဓမ္မကထိကံဝါ ဥဒ္ဓရိတ္ဗာ ဗာဟတိ ပဋိသေဓေတိ ဣမာယ သမ္မုတိယာတိ ဥဗ္ဘာဟိကာ။ ဥပုဗ္ဗ ဗာဟာဓာတု၊ ဏိကော"။—ဣမာယသမ္မုတိယာ၊ဤသမ္မုတိဖြင့်။ အနန္တာနိ၊အဆုံးအပိုင်းအခြား မရှိကုန်သော။ ဘဿာနိဝါ၊ စကားတို့ကိုဋင်း။ ဓမ္မကထိကံဝါ၊ ဓမ္မကထိကဝိနည်းဓိုရ်

ရဟန်းကိုဂုင်း။ ဥဒ္ဓရိတ္ဝာ၊ ထုဘ်၍။ ဗာဟာတိပဋိသေဓေတိ၊ တားမြစ်တတ်၏။ ဣတိတသ္မာ၊ကြောင့်။ သာသမ္မုတိ၊ထိုသမ္မုတိသည်။ ဥဗ္ဘာဟိကာ၊ဥဗ္ဘာဟိကမည်၏။ (သမ္မုတိ ရ၈စ)။

၃-တတိယပုဏ္ဏား အစေခြွ

၃။ ရဟန်းတပါးက ဥတ်ထား၍ ရဟန်းတပါးက ပါတိမောက်ပြပြီးလျှင် ဥပုသ်ပြုရာ အပ် မအပ်ဟူသော မေးလျှောက်ချက်နှိုက်—

အကျဉ်းအားဖြင့်.... စုမ်းနိုင်သည် ဖြစ်စေ မစုမ်းနိုင်သည်ဖြစ်စေ ရဟန်းတပါးက ဥတ်ထား၍ ရဟန်းတပါးက ပါတိမောက် ပြပြီးလျှင် ဥပုသ်ပြုရာနှိုက် မအပ်ဟု မုခ္ဃသန္နိဋ္ဌာန်ကျ မှတ်သားအပ်၏။ အဘယ်ကြောင့်နည်းဟူမူကား....

(က) ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော။—

ဟူသော ပါဠိတော်နှင့်အညီ ပါတိမောက်ကို ပြခြင်းငှါ စုမ်းနိုင်သော ဗျတ္တ,ပဋိဗလ ရဟန်းသည်သာလျှင် ဥတ်ထားခြင်းဖြင့် သံဃာတော်ကို သိစေအပ်သောကြောင့်၎င်း၊

(ခ) ဏ္ဍေ ဟိ သုဏာတူတိ ဧဒံ သဝနာဏတ္တိ ဝစနံ။ မေတိ ယော သာဝေတိ တဿ အတ္တနိဒ္ဒေသဝစနံ။ ဘန္တေတိ သဂါရဝ သပ္ပဋိဿဝစနံ။ သံဃောတိ ပုဂ္ဂလသမူဟဝစနံ။ သဗ္ဗမေဝ စေတံ ပါတိမောက္ခုဒ္ဒေသကေန ဝတ္တဗ္ဗဝစနံ။—

ဟူသော ကန်ဒါဝိတရဏီအဋ္ဌကထာနှိုက်"သဗ္ဗမေဝစေတံ ပါတိမောက္ခုဒ္ဒေသကေန ဝတ္တဗ္ဗဝစနံ"ဟု သုဏာတု မေ အစရှိသော အလုံးစုံသော စကားကိုသာလျှင် ပါတိမောက္ခုဒ္ဒေသကရဟန်း ရွတ်ဆိုအပ်သော စကားတည်းဟု ဧဝသဒ္ဒါဖြင့် ဖွင့်ဆိုတော်မူသောကြောင့်၎င်း၊

(ဂ) ယံ ပနေတ္ထ နိဒါနုဒ္ဒေသ ပရိစ္ဆေဒံ တံ ဒသေန္တေန သုဏာတု မေ သံဃော။လ။အာဝိကတာဟိသ ဖါသု ဟောတိတိ။—

ဟူသော ကန်ဒါဋီကာသစ်နှင့်အညီ သုဏာတု မေ စသော ဥတ်ပါဠိသည် ပါတိမောက် နိဒါနုဒ္ဒေသနှိုက် အတွင်းဝင်သဖြင့် ရဟန်းတပါးက ဥတ်ထားခဲ့

သည်ရှိသော် တခြားတပါးစီဖြစ်၍ ပါတိမောက်ကို နှစ်ပါးပြရာ ကြသော ကြောင့်၎င်း၊ ပါတိမောက်ပြရာနှိုက် ရဟန်းတပါး မစ္ဆမ်းနိုင်သော ဥဒ္ဒေသ အကြောင်းကို ရဟန်းတပါးက ဆက်၍ ပြရမည်ဟူ၍ ပါဠိ,အဋ္ဌကထာ,ဋီကာတို့ နှိုက် မရှိသောကြောင့်၎င်း၊

(ဃ) ထွောတိ ဇေသွိ ဂါထာပဒေ ဇေတသံ ဝါ ဂါထာယ သင်္ဂဟိ တာနံ သုဏာတု မေတိ အာဒိနံ ပဒါနံ အန္တရေ သဝနေ အာဏတ္တိဝစနံ သဝနာဏတ္တိဝစနံ။ကိဥ္စာပိ သဝနာဏတ္တိဝစနံ။ တထာပိ ပါတိမောက္ခုဒ္ဒေသကေန ဧဝံ ဝတ္ထုဇ္ဇန္တိ ဘဂဝတာ ဝုတ္တတ္တာ ဘဂဝတော အာဏတ္တိ။ န ဥဒ္ဒေသကာသ။—

ဟူသော ကခ်ဳိဋီကာသစ်နှိုက် သုဏာတု ဟူသော အာဏတ္တိကသဒ္ဒါကို ပါတိမောက္ခုဒ္ဒေသကရဟန်းသည် ဆိုအပ်၏ဟု"ပါတိမောက္ခုဒ္ဒေသကေန ဧဝံ ဝတ္တုဗ္ဗံ"ဟူ၍ ဖွင့်ဆိုတော်မူသောကြောင့်၎င်းတည်း။

နိဂုံးအုပ်သောအားဖြင့် လဒ္ဓဒေါသ ပြု၍ တနည်းပြဦးအံ့.... အကယ်၍ ရဟန်းတပါးက ဥ တ်ထားပြီးလျှင် ရဟန်းတပါးက ပါတိမောက်ပြု၍ ဥပုသ် ပြုခြင်းငှါ အပ်သည်ဖြစ်အံ့ မထေရ်ကြီးက တ ဥဒ္ဒေသ၊ နှစ် ဥဒ္ဒေသ စ္ဆမ်းနိုင် သည်၊ မထေရ်ငယ်က ငါးဥဒ္ဒေသအကုန် ပြစ္ဆမ်းနိုင်သောအရာနှိုက် "ထေရ ဓေယျံ ပါတိမောက္ခံ"ဟူ၍ ဟောတော်မူပြီးလျှင် အန္တရာယ်မရှိခဲ့သည်ရှိသော် ကြောင်းကျန်သော ဥဒ္ဒေသတို့ကို မထေရ်ငယ်က ဆက်၍ပြအပ်၏ဟု ဟောတော် မူခဲ့ရာ၏၊ အဋ္ဌကထာ,ဋီကာတို့နှိုက်လည်း ဖွင့်ဆိုတော်မူခဲ့ရာ၏၊ သို့ ဟောတော် မူခြင်း ဖွင့်ဆိုတော်မူခြင်း မရှိသောကြောင့် အောက်က ပြဆိုခဲ့ပြီးသော အထောက်သာဓက ယုတ္တိတို့ကို ဉာဏ်ဖြင့် ထောက်ဆဆင်ခြင်၍ စ္ဆမ်းနိုင်သည် ဖြစ်စေ မစ္ဆမ်းနိုင်သည်ဖြစ်စေ ရဟန်းတပါးက ဥ တ်ထား၍ ရဟန်းတပါးက ပါတိမောက်ပြပြီးလျှင် ဥပုသ်မပြုအပ်ဟု မုချမှတ်အပ်၏။ အကယ်၍ ပြုခဲ့အံ့ "သမဂ္ဂေန အဓမ္မကံ"ဖြစ်၏၊ ဒုက္ကဋ်အာပတ်လည်း သင့်၏ဟု မှတ်အပ်၏။ အပ်ကြောင်း ပါဠိ,အဋ္ဌကထာ,ဋီကာ အရိပ်အမြွက်မျှ မတွေ့မမြင်ချေ။ သို့ဖြစ်၍"ဂရုကလဟုကေသု ဂရုကေ ဌာတဗ္ဗံ ဧတံ ဝိနယလက္ခဏံ"ဟူသည်နှင့်အညီ ဂရုကအရာသို့ လိုက်၍ မအပ်ကြောင်း ဆုံးဖြတ်လိုက်သည်။

၄-စတုဿမုဏ္ဏာ အဓေြ

၎။ ပစ္စယ, ပစ္စယုပ္ပန္န, ပစ္စနိက ၎င်းသုံးပုဒ်တွင် ပစ္စနိကသဒ္ဒါ၏ ဝိဂြိုဟ်ဝစနတ္ထ ဓာတ်ရ ပစ္စည်းရကိုလည်း သိလိုပါ၍ ရေးသား ချီးမြှင့်ပါ ဘုရားဟု လျှောက်ထားရာနှိုက်—

ပစ္စနိက ဟူသောပုဒ်ကို ပဋိ၊ နာ၊ ဣတဟု ပဒဝိဘာဂပြုပြီးလျှင် နာ ဣတ ဟူသောပုဒ်ကို ရှေးဦးစွာ "နတ္ထိ ဣတိ ဥပပဒဒေါ် ဧတသ္မာတိ နိတော"-ဟု ပဥ္စမီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု။ နပုဒ် ဣတိပုဒ်။—ဧတသ္မာ၊ထိုမိတ်ဆွမှ။ ဣတိ ဥပပဒဒေါ်၊ဘေးရန်သည်။ နတ္ထိ၊ရှိ။ဣတိတသ္မာ၊ကြောင့်။သောမိတ္တော၊ သည်။ နိတော၊မည်၏။ (အဆွေခင်ပွန်း ရစေ)။ "နိတသ ပဋိပက္ခော ပစ္စနိတော"။ (ရန်သူ ရစေ)။ "ပစ္စနိတော ဇဝ ပစ္စနိကော"။ နိယကောက်သို့တကို ကပြု၍ ပုဒ်ပြီးသည်ဟု မှတ်။ "ပစ္စနိကောဝိယာတိ ပစ္စနိကော"။ ဥပမာတဒ္ဓိတ်။—ယော ဓမ္မော၊အကြင်တရားသည်။ ပစ္စနိကောဝိယ၊ အဆွေခင်ပွန်း၏ ဆန့်ကျင်ဘက်ဖြစ်သော ရန်သူကဲ့သို့။ ပစ္စနိကော၊ပစ္စည်း,ပစ္စယုပ္ပန် တရားတို့၏ ဆန့်ကျင်ဘက်သည်။ ဟောတိ၊၏။ ဣတိတသ္မာ၊ကြောင့်။ ပစ္စနိကောမိတ္တော၊သည်။ နိတော၊မည်၏။ (ရန်သူကဲ့သို့ ပစ္စည်း, ပစ္စယုပ္ပန်သို့ မဝင် ဆန့်ကျင်ဘက် ဖြစ်သော တရားအပေါင်း ရ၏)။ ပစ္စနိက,ပစ္စနိယဟူ၍ ပါဠိနှစ်ထွေရှိ၏။ပဋ္ဌာန်းပါဠိတော်နှိုက် သင့်သည်ချည့်ပင်။ ပစ္စည်းသာ ကဲ့လဲ့ကြ၏၊ အနက်အားဖြင့် တူကြ၏။ ပစ္စနိကရှိလျှင် တပစ္စည်း၊ ပစ္စနိယရှိလျှင် ဣပစ္စည်းဟု မှတ်အပ်၏။

တနည်း—"ပစ္စယပစ္စယုပ္ပန္နဘာဝေန နေတဗ္ဗော ဉာတဗ္ဗောတိ နိကော"။ ကမ္မသာဓန၊ နိဓာတု၊ တပစ္စည်း။ ပါရာဇိကော ကဲ့သို့တည်း။—ယောဓမ္မော၊ အကြင်တရားကို။ ပစ္စယပစ္စယုပ္ပန္နဘာဝေန၊ ပစ္စည်း,ပစ္စယုပ္ပန်တရား၏ အဖြစ်ဖြင့်။ နေတဗ္ဗော ဉာတဗ္ဗော၊သိအပ်၏။ ဣတိတသ္မာ၊ကြောင့်။ သောဓမ္မော၊ သည်။ နိကော၊မည်၏။

နိဓာတ်၏အရ ကတ္တုတ္ထကြိယာကား ပစ္စည်း,ပစ္စယုပ္ပန်တရားဟူ၍ သိတတ်သော ဉာဏ် ပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ ကမ္မတ္ထကြိယာ၏ အရကား ထိုစိတ္တုပ္ပါဒ်အား တပ်သော ပစ္စည်း,ပစ္စယုပ္ပန်တရားတို့၏ အာရမ္မဏပစ္စယသတ္တိသည် ဌာန၊ ဖလူပစာရတ္ထအားဖြင့်ရ၏။တပစ္စည်း၏အရကား ထို မုချ,ဌာန၊ ဖလူပစာရတ္ထတို့ဖြင့် မှတ်အပ်သော ပစ္စယ,ပစ္စယုပ္ပန္နဓမ္မ ရ၏။

"နိကၡ ပဋိပက္ခော ပစ္စနိကံ" ။ ဆဋ္ဌိအဗျယိဘောသမာသ်။—နိကၡ၊ ပစ္စည်း, ပစ္စယုပ္ပန်တရား၏။ ပဋိပက္ခော၊ဆန့်ကျင်ဘက်တည်း။ ပစ္စနိကံ၊ပစ္စည်း ပစ္စယုပ္ပန်တရား၏ ဆန့်ကျင်ဘက်။

နိကၡဟူသော ရွှေပုဒ်၏အရကား ပစ္စည်း, ပစ္စယုပ္ပန်တရားသည် မုချ အားဖြင့် ရ၏၊ ပစ္စည်း, ပစ္စယုပ္ပန်တရား၏ ပစ္စနိကတရားနှင့် ဝိရုဒ္ဓိ, ဝိရုဒ္ဓအဖြစ် ဖြင့် စပ်ခြင်း ဟုဆိုအပ်သော သမ္မန်သည် ဌာနူပစာရတ္ထအားဖြင့် ရ၏၊ပစ္စနိကံ ဟူသော သမာသ်ပုဒ်လုံး၏ အရကား ထို မုချ, ဌာနူပစာရတ္ထတို့ဖြင့် မှတ်အပ် သော ပစ္စည်း, ပစ္စယုပ္ပန်တရားမှ လွဲတ်သော ပစ္စနိကဓမ္မ ရ၏။

တနည်းကား—"ပစ္စယ ပစ္စယုပ္ပန္နဓမ္မာနံ ပဋိပက္ခေန နေတဗ္ဗော ဉာတဗ္ဗော တိ ပစ္စနိကော။ ကမ္မသာဓန၊ ပတိပုဗ္ဗ နိဓာတု၊ တပစ္စည်း" ။ ပတိဟူသော ရွှေ ပုဒ်၏ အရကား ပဋိပက္ခာရဟာဘောဂုဏ် ရ၏။ နိဓာတ်၏အရ၊ တပစ္စည်း၏ အရကို ရှေးနည်းအတိုင်း ကောက်လေ။

တနည်း—"ပစ္စယ ပစ္စယုပ္ပန္နဓမ္မာနံ ပဋိပက္ခေန နိယတိ ပဝတ္တတိ တိ ပစ္စနိ ကော။ ကတ္တုသာဓန" ။ **တနည်း**—"ပစ္စယ ပစ္စယုပ္ပန္နဓမ္မာနံ ပဋိပက္ခံ နိယတိ ဂစ္ဆတိ တိ ပစ္စနိကော။ ကတ္တုသာဓန" ။ **တနည်း**—"ပစ္စယ ပစ္စယုပ္ပန္နဓမ္မံ ပတိ ပဋိစ္စ နိယတိ ဉာယတိ တိ ပစ္စနိကော။ ကမ္မသာဓန" ။—ပစ္စယ ပစ္စယုပ္ပန္နဓမ္မံ၊ ကို။ ပတိပဋိစ္စ၊စဲ့၍။ နိယတိ ဉာယတိ၊သိအပ်၏။ ဣတိတသ္မာ၊ကြောင့်။ ပစ္စ နိကော၊မည်၏။ အရကောက် ရှေးနည်းကို မှီ၍ ကောက်လေ။ ဤကာအဖွင့် မရှိ။ အတ္တာနောမတိသာ။

ယုတ္တာယုတ္တိံ ဝိစာရေတ္ဝာ ဂဟေတဗ္ဗံ။

၅-ပန္နြမပုဏ္ဏာ အဋ္ဌ

၅။ "သက္ကာ ယေ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ" သတ္တမီတပ္ပုရိသ် ပြုလုပ်ရာန္နိုက်လည်း သင့် မသင့် သိလိုပါသည်ဘုရားဟု မေးလျှောက်ရာန္နိုက်—

သက္ကာယန္တိ တေဘူမကဝဋ္ဋံ။--အဂ်ုတ္တရအဋ္ဌကထာ

သန္တော ပရမတ္ထတော ဝိဇ္ဇမာနော ဓမ္မသမူဟောတိ သက္ကာ ယော။ ပဋ္ဌပါဒါနက္ခန္ဓာ။—အဂ်ုတ္တရဋီကာ

ဤသို့ ဖွင့်ပြတော်မူသောကြောင့် သက္ကာယ ရှေပုဒ်ကို "ပရမတ္ထတော သန္တောသံဝိဇ္ဇမာနော ကာယော ဓမ္မသမူဟော သက္ကာယော" ဟုကမ္မဓာရယ် သမာသ် ပြုပြီးလျှင် ဥပါဒါနက္ခန္ဓာ ငါးပါးကို အရကောက်။ ဒိဋ္ဌိသဒ္ဒါနှင့် "သက္ကာ ယေ အတ္တာတိ ပဝတ္တာ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ" ဟူ၍ သတ္တမီတပ္ပုရိသ် သာ ပြုအပ် ပြုသင့်၏။

သက္ကာယေ၊ပရမတ္ထအားဖြင့် ထင်ရှားသော ခန္ဓာငါးပါးနှိုက်။ အတ္တာတိ၊ အတ္တာဟူ၍။ ဝါ၊မိမိကိုယ်ဟူ၍။ ပဝတ္တာ၊သညာဝိပလ္လာသအားဖြင့် ဖြစ်သော။ ဒိဋ္ဌိ၊ဒိဋ္ဌိတည်း။ဝါ၊မှားသောအမြင်တည်း။ဝါ၊မှားသောအယူတည်း။သက္ကာယ ဒိဋ္ဌိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးနှိုက် အတ္တာဟူ၍ သညာ ဝိပလ္လာသအားဖြင့်ဖြစ်သော ဒိဋ္ဌိ။ဝါ၊မှားသောအမြင်။ဝါ၊မှားသောအယူ။

တနည်း— "သက္ကာယံ ပဋိစ္စ အတ္တာတိ ပဝတ္တာ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ" ဟူ၍ လည်း ပြုသင့်၏။

၆-ဆဋ္ဌမပုဏ္ဏာ အဖြေ

၆။ အနတ္တ ဟူသောပုဒ်နှိုက် အနက်ယောဇနာနည်း အရကောက်နည်းကို မေးသည်မှာ—

"သဗ္ဗေ ဓမ္မာ အနတ္တာ" ဟူသော ဝါကျနှိုက် အနတ္တ ဟူသောပုဒ်ကို "န အတ္တာ အနတ္တာ" ဟု ဝစနတ္ထပြုပြီးလျှင်— အတ္တာ၊ဥပါဒ်,ဋ္ဌိ,ဘင် အစဉ် မပြတ်ဖြစ်သော ရုပ်,နာမ်အပေါင်းသည်။ န၊မဟုတ်။ အနတ္တာ၊ဥပါဒ်,ဋ္ဌိ,ဘင် အစဉ်မပြတ်ဖြစ်သော ရုပ်,နာမ်အပေါင်းမဟုတ်ဟု အနက်ယောဇနာ၍ နိဗ္ဗာန်တရားကို အရကောက်ယူခြင်းသည် မသင့်။ အဘယ်ကြောင့်နည်း ဟူမူကား နိဗ္ဗာန်တရားသည်လည်း နာမ်ဖြစ်သောကြောင့်၎င်း၊ ဤအရာနှိုက် အတ္တသဒ္ဒါ ချည့် သက်သက် ရုပ်,နာမ်ခန္ဓာကို မဟောသောကြောင့်၎င်း၊ နသဒ္ဒါ မြစ်ခြင်း အကျိုးမရှိသောကြောင့်၎င်း၊

တတ္ထ သဗ္ဗေ ဓမ္မာတိ ပဋ္ဌာနဒေသနာ ဇဝ အဓိပ္ပေတာ။—ဟူသော ဓမ္မပဒအဋ္ဌကထာ

ယံ ဒုက္ခံ တံ အနတ္တာတိ ဝစနတော တဒေဝ ခန္ဓာ ပဏ္ဍကံ အနတ္တာ။—

ဟူသော သမ္မော အာယတနဝိဘင်းအဋ္ဌကထာမျှားနှင့်အညီ အနတ္တသဒ္ဒါ အပေါင်းမှသာလျှင် ရုပ်,နာမ် ခန္ဓာငါးပါးအပေါင်းကို ဟောစမ်းနိုင်သော ကြောင့်ထင်း မသင့်ဟု မှတ်အပ်၏။ အသင့်အမှန်ကို ဤဆိုလတံ့သောနည်းဖြင့် မှတ်သိအပ်၏။

အနတ္တတော အနုပသန္နော အတ္တသညံ ပဇဟတိ။—

သမ္မော သတိပဋ္ဌာနဝိဘင်းအဋ္ဌကထာ

အနတ္တတော၊အနတ္တအားဖြင့်။(သာမညတ္ထ)။ ဝါ၊သညာဖေါက်ပြန် မမှန် တိမ်းယိမ်း လူပြိန်းတို့သည် ကြံဆအပ်သော ကိုယ်မဟုတ်သော အားဖြင့်။ (သဒ္ဒတ္ထ)။ ဝါ၊ မိမိအလိုသို့ မလိုက်မပါတတ်သော သဘောအားဖြင့်။ ဝါ၊ အတ္တမှ ဆိတ်သောအားဖြင့်။ ဝါ၊ အရှင်မရှိ အစိုးမရသောအားဖြင့်။ (လက္ခဏတ္ထ သဘာဝတ္ထ)။

အဝသဝတ္တနဋ္ဌေန အနတ္တာ သုညာ အဿာမိကာ အနိဿရာတိ အတ္ထော။— ဟူသော ဓမ္မပဒအဋ္ဌကထာနှင့် လျော်ပေသည်။

ဝါ အနတ္တတော အနတ္တဣတိ၊အနတ္တဟူ၍။ ဝါ၊ကိုယ်မဟုတ်ဟူ၍။ ဝါ၊မိမိ အလိုသို့ မလိုက်မပါတတ်သော တရားဟူ၍။ဝါ၊အစိုးမရဟူ၍။အနုပသန္နော၊ အဖန်တလဲလဲ ဝိပဿနာသညာဖြင့် ရှုသောပုဂ္ဂိုလ်သည်။ အတ္တာသညံ၊ အတ္တသညာကို။ ဝါ၊ပရမတ္ထအားဖြင့် ထင်ရှားမရှိ ပကတိဖြစ်လာသော ငါ၏ကိုယ်သာတည်းဟု မဟုတ်မမှန် ဖေါက်ပြန်သောသညာကို။ပဇဟတိ၊ပယ်စွန့်၏။

ပရပရိကပ္ပိတဿ အတ္တနော အဘာဝေါ အနတ္တတာ။—

ဋီကာကျော်

ပရပရိကပ္ပိတဿ၊ပရမတ္ထသဘောမှ တပါးသော အတ္တဟူသော မှားယွင်း ဖေါက်ပြန်သော သဘောအားဖြင့် ကြံဆအပ်သော။ ဝါ၊ကြံဆ၍ဖြစ်သော။ ဝါ၊ကြံဆ၍ယူသော။ အတ္တနော၊ မိမိ၏။ အဘာဝေါ၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အဖြစ်သည်။ အနတ္တတာ၊ အနတ္တ၏ အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

အတ္တသုညတဉ္စ ဗုဇ္ဈိတ္ထာ ပုန သမ္မောဟ မာပဇ္ဇေယျာတိ။—

အဋ္ဌသာလိနီအဋ္ဌကထာ

ဤ အဋ္ဌကထာ, ဋီကာတို့နှိုက် "အတ္တသုညံ" ဟူ၍၎င်း၊ "အတ္တသုညတံ" ဟူ၍၎င်း၊ "အတ္တနော အဘာဝေါ" ဟူ၍၎င်း အတ္တသဒ္ဒါသည် ပညာမဲ့ကင်း လူပြိန်းတို့သည် ကြံဆအပ်သော ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အတ္တ ဘာဝ ကိုယ်ကိုဟောကြောင်း ဖွင့်ပြတော်မူသောကြောင့် အနတ္တာဟူသော ပုဒ်ကို "န အတ္တာ အနတ္တာ" ဟု ဝစနတ္ထပြုပြီးလျှင်— အတ္တာ၊အတ္တသည်။ဝါ၊ မိမိ၏ ကိုယ်သည်။ ဝါ၊လူပြိန်းတို့သည် ကြံဆအပ်သော ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အတ္တဘာဝသည်။ ဝါ၊သတ္တဇီဝသဘောသည်။—(ဌင်းအနံက်ကား အတ္တသဒ္ဒါ သဘာဝဝါစက ကြံသည်)။ န၊ မဟုတ်။ အနတ္တာ၊ အနတ္တ မဟုတ်။ အရကား....အတ္တ,သတ္တ,ဇီဝ မဟုတ်သော ဝိပဿနာပညာ၏ အာရုံ ဖြစ်သော ခန္ဓာငါးပါး ရ၏။ ဤအရာနှိုက် ဓမ္မာဟူသော သဒ္ဒန္တရသန္နိဋ္ဌာန်ကို ထောက်သဖြင့် နိဗ္ဗာန်,ပညတ်ပါ ရသင့်၏။ သို့သော်လည်း နိဗ္ဗာန်,ပညတ်တို့သည် ဝိပဿနာပညာ၏ အာရုံမဟုတ်သောကြောင့် နိဗ္ဗာန်,ပညတ် မလိုဟု မှတ်အပ်၏။ထိုကြောင့် ဓမ္မပဒအဋ္ဌကထာနှိုက်"တတ္ထ သဗ္ဗေ ဓမ္မာတိ ပဥ္စက္ခန္ဓာ ဧဝ အဓိပ္ပေတာ"ဟု နိဗ္ဗာန်, ပညတ်ကို မြစ်၍ ဧဝသဒ္ဒါဖြင့် ဖွင့်ပြတော်မူ၏။ "သဗ္ဗေ ဓမ္မာ အနတ္တာ"ဟူသော ဝါကျနှိုက် ဝိပဿနာရှုသောအရာ ဖြစ်၍ နိဗ္ဗာန်,ပညတ်ကို မရသင့်ပါဘဲလျက်"သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ"ဟူသောဝါကျကို ဟောတော်မူသကဲ့သို့ "သဗ္ဗေ သင်္ခါရာ အနတ္တာ"ဟု မဟောမူ၍ အဘယ်ကြောင့် အလုံးစုံသော သင်္ခတ,အသင်္ခတဓမ္မတို့နှင့် ဆက်ဆံသော ဓမ္မသဒ္ဒါဖြင့် "သဗ္ဗေ ဓမ္မာ အနတ္တာ"ဟု ဟောတော်မူပါသနည်းဟု စောဒနာခဲ့မူ နိဗ္ဗာန်, ပညတ်မှတပါး အလုံးစုံသော သင်္ခါရတရားတို့သည် အနိစ္စ,ဒုက္ခ မည်ကုန်၏၊ နိဗ္ဗာန်,ပညတ်သည် အနိစ္စ,ဒုက္ခ မမည်ဟု သိစေခြင်းငှါ ရှေးနှစ်ဝါကျနှိုက် သင်္ခါရသဒ္ဒါဖြင့် ဟောတော်မူသည်။ နိဗ္ဗာန်, ပညတ်သည် အနိစ္စ, ဒုက္ခ မမည်ခဲ့လျှင် အတ္တလော ဇီဝလော သတ္တလော အနတ္တလောဟု ယုံမှားဖွယ်ရှိ၍ ထိုယုံမှားခြင်းကို နှစ်စေလျက် နိဗ္ဗာန်, ပညတ်နှင့်တကွ အလုံးစုံသော သင်္ခါရတရား ဟူသမျှသည် အနတ္တ နိဇ္ဇီဝ နိသတ္တ မည်သည်သာလျှင်တည်းဟု သိစေခြင်းငှါ "သဗ္ဗေ ဓမ္မာ အနတ္တာ"ဟူသော ပစ္ဆိမ

ဝါကျန္ဋိက် သခ်ါရသဒ္ဒါဖြင့် မဟောမူ၍ အလုံးစုံသော သခ်ၤတ, အသခ်ၤတ တရားတို့နှင့် ဆက်ဆံသော ဓမ္မသဒ္ဒါဖြင့် ဟောတော်မူ၏။ ထို့ကြောင့် ပရိဝါပါဋိတော်ဋိက်—

အနိစ္စာ သင္ခေ သခ်ၤါရာ၊ ဒုက္ခာ နတ္ထာ စ သခ်ၤတာ။
နိဗ္ဗာနံ နာမ ပညတ္တိ၊ အနတ္တာ ဇုတိ နိစ္ဆယာ။
ဗုဒ္ဓ စန္ဒေ အနုပ္ပန္နေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ။
တေသံ သဘာဝဓမ္မာနံ၊ နာမမတ္တံ န နာယတိ။—ဟု
ဟောတော်မူ၏။

အနက် သင္ခေ၊ ခပ်သိမ်းကုန်သော။ သခ်ၤါရာ၊ သခ်ၤါရတရား တို့သည်။ အနိစ္စာ၊အမြဲမရှိကုန်။ဒုက္ခာ၊ဆင်းရဲတတ်ကုန်၏။ အနတ္တာ၊ကိုယ်မဟုတ်ကုန်။ ဝါ၊ အစိုးမရကုန်။ ဝါ၊အလိုသို့ မလိုက်တတ်ကုန်။ သခ်ၤတာ၊ ကံ, စိတ်,ဥတု,အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့သည် ပြုပြင်စီရင်အပ်ကုန်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကိုဂုင်း။ နာမပညတ္တိ၊ နာမပညတ်ကိုဂုင်း။ အနတ္တာဂုတိ၊အနတ္တဟူ၍သာလျှင်။ နိစ္ဆယာ၊ဆုံးဖြတ်အပ်ကုန်၏။

ဗုဒ္ဓစန္ဒေ၊ဘုရား တည်းဟူသော လမင်းသည်။အနုပ္ပန္နေ၊ဖြစ်တော်မမူသည်ရှိသော်။ ဗုဒ္ဓါဒိစ္စေ၊ဘုရား တည်းဟူသော နေမင်းသည်။ အနုဂ္ဂတေ၊တက်၍ မထွန်းပသည် ရှိသော်။ တေသံ သဘာဝမ္မောနံ၊ ထို အနံတ္တ ဖြစ်ကုန်သော သဘောတရားတို့၏။ နာမမတ္တံ၊အမည်မျှကို။ နနာယတိ၊မသိနိုင်။ ဝါ၊မထင်မမြင်နိုင်။

၇-သင်္ခေပဏ္ဏာ အဋ္ဌ

၂။ ဧဝံ ကောဒသ ဝိပတ္တိသိမာယော အတိက္ကမိတ္ဝာ တိဝိဓသမ္ပတ္တိ ယုတ္တာ နိမိတ္တေန နိမိတ္တံ ဗန္ဓိတ္ဝာ သမ္ဓတာ ဗုဒ္ဓသိမာတိ ဝေဒိ တဗ္ဗာ။ ခဏ္ဍသိမာ, သမာနသံဝါသသိမာ, အဝိပ္ပဝါသသိမာတိ တသာယေဝ ဘေဒေါ။ အဗုဒ္ဓသိမာ ပန ဂါမသိမာ, ဥဒကုက္ခေပသိမာ,သတ္ထုဘန္ဒရသိမာတိ တိဝိဓာတိ ကခ်ါဝိတရဏီယံ အာဂတတ္တာ ဝိညာယတိ။ ဧဝံ တိသု ဗုဒ္ဓသိမာသု တိသု အဗုဒ္ဓ

သီမာသူတိ ဆသုယေဝ သီမာသု ကမ္မပ္ပတ္တ သံဃသ္သ စတုဝဂ္ဂ
ကရဏီယာဒိ ကမ္မဿ ကတ္တုဗ္ဘာဝဝစနတော သုဒ္ဓါယ ဥပ
စာရသီမာယ ကမ္မဝါစာယ အဘာဏိတဗ္ဘာဝေါ ဝိညာယတိ။
အန္တော ဥပစာရသီမာယ သတိ တံဗဒ္ဓသီမံ အဝတ္ထရိတ္ဝာဝိ
ဥပစာရသီမာယ ဂမနတော သာ ဗဒ္ဓသီမာ ကမ္မဝါစာ ဘဏနာ
ရဟာစ ဟောတိ ကထိနတ္ထာရာရဟာစာတိ ဝေဒိတဗ္ဗာ။ နနု စ
ပန္နရသဝိမာ သီမာ အဋ္ဌကထာသု အာဂတာ။ အထ ကသ္မာ
ဆဋ္ဌေဝ ဝုတ္တာတိ။ သစ္စံ။ တာသု ပန ပန္နရသသု သီမာသု
ဥပစာရသီမာ သံဃလာဘ ဝိဘင်္ဂနာဒိဋ္ဌာနမေဝ ဟောတိ။
လာဘသီမာ တတြုပ္ပါဒဂဟဏဋ္ဌာနမေဝ ဟောတိတိ ဇာမာ
ဒ္ဝေ သီမာယော သံဃကမ္မကရဏဋ္ဌာနံ န ဟောန္တိ။ နိဂမသီမာ,
နဂရသီမာ, ဇနပဒသီမာ, ရဋ္ဌသီမာ, ရဇ္ဇသီမာ, ဒီပသီမာ, စက္ကဝါဠသီမာတိ ဇာမာ ပန သီမာယော ဂါမသီမာယ သမာန
ဂတိကာ ဂါမသီမာယမေဝ အန္တောဂဓာတိ န ဝိသုံ ဝုတ္တာတိ
ဒဋ္ဌဗ္ဗာ။—

ဤ ဝိနယာလင်္ကာရဋီကာပါဠိ အရ တပည့်တော်များ၏။ လ။ မှတ်ထင် ပါသည်။ ဤကဲ့သို့ စပ် မာပ် နှစ်ထွေနှစ်စား သံသယများနှင့်တကွ ဝိနယာလင်္ကာရဋီကာပါဠိ၏ အာဘော်ကိုပါ ဖြေရှင်း၍ ပေးပါမည့်အကြောင်း လျှောက်ထားရာနှိုက် ရှေးဦးစွာ ၎င်းဋီကာပါဠို၏ အနက်ကို ပြုပေအံ့။

အနက် ဧဝံ ဤမိုနာဝုတ္တနယေန၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ ကောဒသ ဝိပတ္တိသီမာယော၊ တဆယ့်တပါးသော ဝိပတ္တိသိမ်တို့ကို။ အတိက္က မိတ္ဝာ၊ လွန်၍။ တိဝိဓသမ္ပတ္တိယုတ္တာ၊ နိမိတ်, ပရိသတ်, ကမ္မဝါစာ သုံးဖြာသော ပြည့်စုံခြင်းနှင့် ယှဉ်သော။ နိမိတ္တေန၊ နိမိတ်နှင့်။ နိမိတ္တံ၊ နိမိတ်ကို။ ဗန္ဓိတ္ဝာ၊ ဖွဲ့စပ်၍။ သမ္မတာ၊ သမုတ်အပ်သော။ ဝါ၊ သိစေအပ်သော သိမ်သည်။ ဗဒ္ဓသီမာ၊ ဗဒ္ဓသိမ်မည်၏။ ဇာတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ ၏။ ခဏ္ဍသီမာ၊ ၎င်း။ သမာန သံဝါသသီမာ၊၎င်း။ အဝိပ္ပဝါသသီမာ၊၎င်း။ ဇာတိ၊ ဤသို့။ တိဿောသီမာ၊ သုံးလုံးသော သိမ်တို့သည်။ တဿာယေဝ၊ ထိုဗဒ္ဓသိမ်၏သာလျှင်။ ဘေဒေါ၊ အထူးအပြားသည်။ ဟောတိ၊ ဖြစ်၏။ ပန၊ ဗဒ္ဓသိမ်မှတပါး အဗဒ္ဓသိမ်ကို ဆိုဦးအံ့။ အဗဒ္ဓသီမာ၊ သည်။ ဂါမသီမာ၊ ဂါမသိမ်၎င်း။ ဥဒကုက္ခေပသီမာ၊ ၎င်း။

အဗ္ဘန္တရသီမာ၊ၛင်း။ဣတိ၊သို့။ တိဝိဓာ၊သုံးပါးအပြားရှိသည်။ ဟောတိ၊၏။ ဣတိ၊သို့။ ကခ်ါဝိတရဏီယံ၊ ကခ်ါဝိတရဏီအဋ္ဌကထာန္ဒိုက်။ သီမာဘေဒဿ၊ သိမ်အပြား၏။ (တ္တ သမ္မန်ထည့်)။ အာဂတတ္တာ၊လာသည်၏အဖြစ်ကြောင့်။ သီမာဘေဒေါ၊ ဗဒ္ဓသိမ်, အဗဒ္ဓသိမ် အထူးအပြားကို။ ဝိညာယတိ၊ ၏။ (ကံထည့်)။ တနည်း–တာသုသီမာသု၊ထိုခြောက်ပါးသောသိမ်တို့ဒိုက်။ ကမ္မ ဝါစာယ၊၏။ ဘဏီတဗ္ဗဘာဝေါ၊ရွတ်အပ် ရွတ်ထိုက်သည်၏ အဖြစ်ကို။ ဝိနံယ မရဘိက္ခုနာ၊သည်။ဝိညာယတိ၊၏။ဣတိ၊သို့။တီသုဗဒ္ဓသီမာသု၊သုံးပါးသော ဗဒ္ဓသိမ်တို့ဒိုက်ၛင်း။ တီသုအဗဒ္ဓသီမာသု၊ သုံးပါးသော အဗဒ္ဓသိမ်တို့ဒိုက် ၛင်း။ ဣတိ၊ဤသို့။ဆသုယေဝ၊ခြောက်ပါးသာလျှင် ဖြစ်ကုန်သော။သီမာသု၊ သိမ်တို့ဒိုက်။ ကမ္မပ္ပတ္တာသံဃာ၊ ကံအား လျော်က်ပတ်သော သံဃာသည်။ (ဆဒ္မီ ကတ္တား ကတ္တုဗ္ဗမှာစပ်)။စတုဝဂ္ဂကရဏီယာဒိကမ္မဿ၊စတုဝဂ္ဂကရဏီယ စသောကံ၏။ ဝါ၊စတုဝဂ် သံဃာသည် ပြုအပ်သော ကံအစရှိသည်၏။ကတ္တုဗ္ဗ ဘာဝဝစနတော၊ ပြုအပ်သည်၏ အဖြစ်ကို အဋ္ဌကထာန္ဒိုက် အဋ္ဌကထာဆရာ ဆိုတော်မူသောကြောင့်။ သုဒ္ဓါယ၊ ဗဒ္ဓသိမ်, အဗဒ္ဓသိမ်တို့နှင့် မရောမယှက် သက်သက်သော။ဥပစာရသီမာယ၊ဥပစာရသိမ်ဒိုက်။ ကမ္မဝါစာယ၊ကမ္မဝါစာ ၏။ အဘဏီတဗ္ဗဘာဝေါ၊မရွတ်ဆိုအပ်သည်၏ အဖြစ်ကို။ဝိနယမရေန၊သည်။ ဝိညာယတိ၊ သိအပ်၏။ အန္တော ဥပစာရသီမာယ၊ ဥပစာရသိမ်အတွင်းဒိုက်။ ဗဒ္ဓသီမာယ၊ဗဒ္ဓသိမ်သည်။ (ထည့်)။ သတိ၊ရှိလတ်သော်။ တံဗဒ္ဓသီမံ၊ ထိုဗဒ္ဓ သိမ်သည်။ ဥပစာရသီမံ၊ဥပစာရသိမ်ကို။ (ကံထည့်)။ အဝတ္ထရိတ္ဗာပိ၊ လှမ်း မိုးၛဲလည်း။ ဥပစာရသီမာယ၊ဒိုက်။ ဂမနတော၊ရောက်သောကြောင့်။ သာ ဗဒ္ဓသီမာ၊ထိုဗဒ္ဓသိမ်သည်။ ကမ္မဝါစာ၊ကို။ ဘဏနာရဟာစ၊ရွတ်ခြင်းငှါ ထိုက် သည်လည်း။ ဟောတိ၊၏။ ကထိနတ္ထာရာရဟာစ၊ ကထိန်ခင်းခြင်းငှါ ထိုက် သည်လည်း။ ဟောတိ၊၏။ ဣတိ၊သို့။ ဝေဒိကဗ္ဘော၊၏။

အမှာ – “အန္တော ဥပစာရသီမာယ။လ။ဂမနတော” ဟူသောပါဠိ အနက် ပေးရန် အဓိပ္ပါယ်ယူရန် ပါဠိရှိတိုင်း ခဲရင်းသည်၊ စာစပ်ရန်လည်း ခဲရင်းသည်။ သို့ဖြစ်၍ မိမိဉာဏ် ထင်မြင်သည့်အတိုင်း ပါဠိသေသ ထည့်စွက်၍ အနက်ယောဇနာလိုက်သည်။

စစောဒေမိ၊စောဒနာဉီးအုံ့။ ပန္နရသဝိဓာ၊တဆယ့်ငါးပါး အပြားရှိသော။ သီမာ၊သည်။ အဋ္ဌကထာသု၊တို့နှိုက်။ အာဂတာနနု၊လာသည်မဟုတ်တုံလော။ ဒုထ၊ ထိုသို့ သိမ်အပြား တဆယ့်ငါးပါး လာသည် ဖြစ်ပါလျက်။ ကသ္မာ၊ အဘယ်ကြောင့်။ ဆဋ္ဌေဝ၊ခြောက်ပါးသော သိမ်တို့ကိုသာလျှင်။ ဝုတ္တာ၊ ဆို အပ်ကုန်သနည်း။ ဣတိအယံ၊ဤသည်လျှင်။ စောဒနာ၊စောဒနာခြင်းတည်း။ သစ္ဆံ၊မှန်ပေ၏။ ပန တထာပိ၊ ထိုသို့ပင် မှန်သော်လည်း။ ပန္နရသသု၊ တဆယ့်ငါးပါးကုန်သော။ တာသုသီမာသု၊ ထိုသိမ်တို့တွင်။ ဥပစာရသီမာ၊ သည်။ သံဃလာဘဝိဘင္ဂနာဒိဋ္ဌာနမေဝ၊သံဃာ့လာဘ်ကို ဝေဖန်ရာအစရှိသောအရပ်သည်သာလျှင်။ ဟောတိ၊ ၏။ လာဘသီမာ၊ လာဘသိမ်သည်။ တတြုပ္ပါဒဂဟဏဋ္ဌာနမေဝ၊ ထိုကျောင်းတိုက်နှိုက် ဖြစ်သောလာဘ်ကို ယူရာအရပ်သည်သာလျှင်။ ဟောတိ၊၏။ ဣတိတသ္မာ၊ကြောင့်။ ဣမာဒ္ဒသီမာယေဝ၊ဤနှစ်လုံးသော ဥပစာရသိမ်, လာဘသိမ်တို့သည်။ သံဃကမ္မကရဏဋ္ဌာနံ၊သံဃာ့ကံပြုရာအရပ်သည်။နဟောန္တိ၊မဖြစ်ကုန်။ နိဂမသီမာ၊နိဂမသိမ်ငင်း။နဂရသီမာ၊ ငင်း။ ဇနပဒသီမာ၊ ငင်း။ ရဋ္ဌသီမာ၊ ငင်း။ ရဇ္ဇသီမာ၊ ငင်း။ ဒီပသီမာ၊ ငင်း။ စက္ကဝါဠသီမာ၊ငင်း။ ဣမာသီမာယေဝ၊ တို့သည်။ ဂါမသီမာယ၊ ဂါမသိမ်နှင့်။ သမာနဂတိကာ၊ တူသော အလားရှိကုန်၏။ ဂါမသီမာယမေဝ၊ ဂါမသိမ်နှိုက်သာလျှင်။ အန္တောဂဓာ၊ အတွင်း ဝင်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ ဝိသုံ၊ အသီး။ နဝုတ္တာ၊မဆိုအပ်ကုန်။ ဣတိ၊ဤသို့။ ဒဋ္ဌဗ္ဗာ၊မှတ်အပ်ကုန်၏။

ငင်းဝိနယာလင်္ကာရဋီကာပါဠိ၏ အဓိပ္ပါယ်ကို ရှေးဦးစွာ ရှင်းလင်းဖေါ်ပြပေအုံ့။

(၁) ငင်းဋီကာ ဆရာတော်သည် "ဧဝံ ကောဒသ ဝိပတ္တိသီမာယော ။လ။ကတ္တဗ္ဗဘာဝဝ ဝစနတော" ဟူသော ပါဠိဖြင့် ကခ်ဳံဝိတရဏီ အဋ္ဌကထာကို အာဂမဒဋ္ဌိ သာဓကမူ၍ ထိုခြောက်ပါးသော ဗဒ္ဓသီမ်, အဗဒ္ဓသီမ်တို့နှိုက်သာလျှင် တည်နေပြီး၍ ကမ္မဝါစာ ရွတ်ဖတ်ပြီးလျှင် ဥပုသ်, ပဝါရဏာ စသော ကံပြုထိုက်သည်၏ အဖြစ်ကို အနုယအားဖြင့် ဥာပကဟိတ်အကြောင်းကို ပြတော်မူ၏။

(၂) "သုဒ္ဓါယ ဥပစာရသီမာယ ကမ္မဝါစာယ အဘာဏိတဗ္ဗဘာဝေါတိ ဝိညာယတိ" ဟူသောပါဠိဖြင့် ဥ တ်, ကမ္မဝါစာဖြင့် ဖွဲ့အပ် သမုတ်

အပ်သော ခဏ္ဍသိမ်လည်း မဟုတ် ဝိသုဂါမလည်း မဟုတ် လူတို့နေထိုင်ခြင်းမရှိ၍ ရွာဟူ၍လည်း မခေါ်ဝေါ် ထိုက်သော သက်ဘက်သော ဂါမ,နိဂမ,နဂရခေတ်အတွင်းရှိ ရဟန်းတော်တို့ နေထိုင်သော ကျောင်းတိုက်အာရာမ်၊ မနေထိုင်သော ဥယျာဉ်, စရပ်စသော ဥပစာရသိမ်နှိုက် သိမ်ဟူသောအမည်ဖြင့် အဋ္ဌကထာဆရာ မိန့်ဆိုတော်မူငြားသော်လည်း ဂါမခေတ်နှင့်စပ်၍ ဂါမခေတ်သို့ အတွင်းဝင်သဖြင့် ဂါမခေတ်တွင်းရှိ သံဃာတော်တို့ကို ဟတ္ထပါသ်သို့ မပင့်ဆောင်ဘဲ ခဏ္ဍသိမ်နှိုက် ကံ ပြုကောင်းသကဲ့သို့ အသီး ဥပစာရသိမ် ဟူသော အမည်ဖြင့် ကံမပြုသင့်သောကြောင့် ကမ္မဝါစာ မရွတ်အပ်သည်၏ အဖြစ်ကို ပြတော်မူ၏။ ဂါမသိမ်၏ အဖြစ်ဖြင့် ကမ္မဝါစာ မရွတ်ဆို အပ်သည်၏အဖြစ်ကို ပြတော်မူသည် မဟုတ်ဟု မှတ်အပ်၏။ ဂါမခေတ်တွင်းရှိ လူတို့နေထိုင်သော ရွာကိုလည်း ဥပစာရသိမ်ဟူ၍ မှတ်အပ်၏။

(၃) "အန္တော ဥပစာရသီမာယ သတိ။ လ။ ကထိနတ္ထာရာရဟာစာတိ ဝေဒိတဗ္ဗာ" ဟူသောပါဠိဖြင့် ဥပစာရသိမ်နှိုက် ကမ္မဝါစာ မရွတ်ဖတ်အပ်သည်၏ အဖြစ်ကို ဆိုခဲ့သော် ဥပစာရသိမ်တွင်းနှိုက် တည်ရှိသော ဗဒ္ဓသိမ်သည်လည်း ထို ဥပစာရသိမ်နှိုက် အတွင်းဝင်သောကြောင့် ထိုဗဒ္ဓသိမ်နှိုက်လည်း ကမ္မဝါစာ မရွတ်ဖတ်အပ်သည် မဟုတ်ပါလော ဟူသော စောဒနာကို ပယ်ဖျောက်တော်မူလို၍ ဥပစာရသိမ်တွင်းနှိုက် ဗဒ္ဓသိမ် ရှိလတ်သော် ဥပစာရသိမ်ဟု သမုတ်ပညတ်ကြငြားသော်လည်း ထို ဗဒ္ဓသိမ်သည် ဥပစာရသိမ်ကို လွှမ်းမိုး၍ ဥပစာရသိမ်နှိုက် ရောက်ရှိသောကြောင့် ထိုဥပစာရသိမ်တွင်းရှိ ဗဒ္ဓသိမ်သည် ဥပစာရသိမ်၏သဘောသို့ မသက်မလိုက်၊ ဗဒ္ဓသိမ်သဘောသို့သာ သက်ဝင် ရောက်ရှိသောကြောင့် ကမ္မဝါစာ ရွတ်ဖတ်ခြင်းငှါ ထိုက်သည်၏ အဖြစ် ကထိန်ခင်းခြင်းငှါ ထိုက်သည်၏အဖြစ်ကို ပြတော်မူ၏။

(၄).. "နနုစ ပန္ဒရသဝိဓာ သီမာ။လ။ဝုတ္တာတိ ဝေဒိတဗ္ဗာ" ဟူသောပါဠိဖြင့် ဋီကာဆရာ ဥပစာရသိမ်စသော တဆယ့်ငါးလုံးသော သိမ်တို့

သည် ဝိနည်းမဟာဝါအဋ္ဌကထာန္ဒိုက် လာသည်မဟုတ်လော၊ ထိုသို့ လာသည်ဖြစ်ပါလျက် အဘယ်ကြောင့် ကမ္မဝါစာ ဘဏနာရဟာသိမ်တို့ကို ခြောက်လုံးဟူ၍သာလျှင် ဆိုအပ်ကုန်သနည်း ဟူသော အာဘောဂစောဒနာကို ရှေးဦးစွာ ပြပြီး၍ ထိုစောဒနာကို ဝန်ခံတော်မူပြီးလျှင် ထို တဆယ့်ငါးလုံးသော သိမ်တို့တွင် ဥပစာရသိမ်သည် သံဃာ့လာဘ်ကို ဝေဖန်ရာစသော ကမ္မဝါစာဖတ်၍ ကံမပြူအပ်သော အရပ်မျှသာလျှင် ဖြစ်၏။ လာဘသိမ်သည် ထို ကျောင်းတိုက်န္ဒိုက် ဖြစ်သော လာဘ်ကို အတူအမျှ ဝေဖန်၍ ယူရာအရပ်မျှသာလျှင် ဖြစ်၏၊ ဤ ဥပစာရသိမ်, လာဘသိမ်တို့သည် ဥပုသ်, ပဝါရဏာစသော သံဃာ့ကံကို ပြုရာအရပ် မဟုတ်ကုန်၊ နိဂမစသော သိမ်တို့သည် ဂါမသိမ်နှင့် အလားတူ၍ ဂါမသိမ်န္ဒိုက်သာလျှင် အတွင်းဝင်ကုန်၏။ ထိုကြောင့် နိဂမစသော သိမ်တို့ကို အသီးထုတ်၍ မဆိုအပ်ကုန်ဟု အဘျုပဂမနဝိဿဇ္ဇနာဖြင့် အဖြေကို ပြတော်မူ၏။ “ဤကား ဋီကာပါဠိ၏ ဝါကျ အဓိပ္ပါယ်ကို အကျဉ်းအားဖြင့် ရှင်းလင်း ဖေါ်ပြခြင်းတည်း”။

(၅) ဤသို့ ဋီကာဆရာတော်သည် ဥပစာရသိမ်န္ဒိုက် ကမ္မဝါစာ မရွတ်ဖတ်အပ်သည်၏ အဖြစ်ကို ပြဆိုတော်မူခြင်းသည် ဥပစာရသိမ်၏ အဖြစ်ဖြင့် ခဏ္ဍသိမ်တို့ကဲ့သို့ အသီးကမ္မဝါစာရွတ်၍ သံဃာ့ကံ မပြုထိုက်သည်၏ အဖြစ်ကိုသာ ပြဆိုတော်မူသည်၊ ထိုဥပစာရသိမ်သည် ဂါမသိမ်မဟုတ် ဂါမသိမ်နှင့် မစပ် အသီးအခြားဖြစ်၍ ပြဆိုတော်မူသည် မဟုတ်၊ ၎င်းဥပစာရသိမ်သည် ဂါမသိမ်နှင့် အမည် ဝေါဟာရမတွေ့မျှသာ ထူးသည် ပကာဘိဂါမသိမ်သာတည်း။ ဂါမသိမ်သို့ အန္တောဂဓအတွင်းဝင်သည်သာလျှင်တည်း။ သို့ဖြစ်၍ ၎င်းဥပစာရသိမ် တည်ရှိသော ဂါမဧခေတ်တွင်းရှိသံဃာတော်တို့ကို ဟတ္ထပါသ်သို့ ပင့်ဆောင်၍ ဥပစာရသိမ်န္ဒိုက် တည်နေပြီးလျှင် ဂါမသိမ်၏ အဖြစ်ဖြင့်သာ ကမ္မဝါစာဖတ်ရွတ်၍ သံဃာ့ကံ ပြုခြင်းငှါ အပ်၏။ သံဃာကို မသိမ်းယူဘဲ ခဏ္ဍသိမ်ကဲ့သို့ ဥပစာရသိမ်၏အဖြစ်ဖြင့် သံဃာ့ကံပြုခြင်းငှါ မအပ်ဟု မုချ မှတ်သားအပ်၏။ ဥပမာ—လူတို့ နေထိုင်သော အာရာမ်ရှိသော

ရွာန္ဒိုက် ရွာစားတယောက် ပိုင်ဆိုင်စိုးအုပ်၍ နေသော ဂါမခေတ် ကွင်းရှိ သံဃာတော်တို့ကို ဟတ္ထပါသ်သို့ မပင့်ဆောင်မူ၍ အသီးကမ္မဝါစာ ဖတ်ရွတ်၍ သံဃာ့ကံ ပြုခြင်းငှါ မထိုက်သကဲ့သို့တည်း။ သို့ဖြစ်၍ ဥပစာရသိမ်သည် ဝိသုံဂါမ မဟုတ်သောကြောင့် ပကတိဂါမသိမ်နှင့် နိဿယ, နိဿိတအဖြစ်ဖြင့်လည်း စပ်ကြ၏၊ ပကတိဂါမသိမ်နိုက်လည်း အတွင်းဝင်၏ဟု မှတ်သားအပ်၏။

(၆) ပကတိဂါမခေတ် အတွင်းရှိ ခဏ္ဍသိမ်လည်း မဟုတ် ဝိသုံဂါမလည်း မဟုတ်သော အရုံ,မီးတား အပိုင်းအခြား ရှိ မရှိသောကျောင်းတိုက် အာရာမ်, ဥယျာဉ်, မဏ္ဍပ်, စရပ်, လူတို့နေထိုင်သော ရွာ, သစ်ပင်စသည် တည်ရာအရပ်တို့သည် ဥပစာရသိမ်ချည့် မည်ကုန်၏။ ရဟန်းသံဃာတော် တည်ရှိရာအရပ်မှ ဒဿနူပစာရ သဝနူပစာရဖြင့် ပိုင်းခြားအပ်သော (၁၂)တောင်ရှိ အရပ်သည်လည်း ဥပစာရသိမ် မည်သည်သာလျှင်တည်း။ ထိုကြောင့် ထိုဥပစာရသိမ်ကို ပရိက္ခိတ္တာ၊ပစာရသိမ်,ပရိက္ခိတ္တာရဟူပစာရသိမ်, ဝိဟာရူပစာရသိမ်,ဂေဟူပစာရသိမ်, မဏ္ဍပူပစာရသိမ်,ရုက္ခူပစာရသိမ်, ပါသာဒူပစာရသိမ်,သာလူပစာရသိမ်,သံဃူပစာရသိမ်,ဂဏူပစာရသိမ်,ပုဂ္ဂလူပစာရသိမ်,ဒဿနူပစာရသိမ်, သဝနူပစာရသိမ် စသည်ဖြင့် များသော အပြားရှိသင့်ကြောင်းကို သိအပ်၏။ ထိုဥပစာရသိမ်သည် ကျောင်း ပရိသတ် ပွါးခဲ့သည်ရှိသော် ယူဇနာတရာသော်လည်း ကျယ်ပွါးနိုင်၏၊ယုတ်လျော့ခဲ့သော် ကျဉ်း၏ဟု မှတ်အပ်၏။ ထိုကြောင့် ဝိနည်းမဟာဝဂ် အဋ္ဌကထာ စီဝရက္ခန္ဓကန္ဒိုက်—

ဥပစာရသိမာ ပရိက္ခိတ္တာသ ဝိဟာရသ ပရိက္ခေပေန အပရိက္ခိတသ ပရိက္ခေပါရဟဋ္ဌာနေန ပရိစ္ဆိန္နာ ဟောတိ။ အဝိဘိက္ခူနံ သန္နိပါတဋ္ဌာနတော ဝါ ပရိယန္တေ ဋိတ ဘောဇနသာလတော ဝါ နိဗဒ္ဓ ဝသနက အာဝါသတော ဝါ ထာမမဇ္ဈိမသ ပုရိသသ ဒ္ဝိန္နံ လေဋ္ဌုပါတာနံ အန္တော ဥပစာရသိမာ ဝေဒိတဗ္ဗာ။ သာ ပန အာဝါသေသု ဝမ္ဗန္တေသု ဝဗ္ဘတိ။ ပရိဟာယန္တေသု ပရိဟာယတိ။မဟာပစ္စရိယံ ပန ဘိက္ခူသုပိ ဝမ္ဗန္တေသု

ဝမုတိတိ ဝုတ္တံ။ တသ္မာ သစေ ဝိဟာရေ သန္နိပတိတဘိက္ခူဟိ သဒ္ဓိံ ဧကောဗဒ္ဓါ ဟုတ္ဝာ ယောဇနသတမ္ပိ ဟူရေတ္ဝာ နိသီဒန္တိ ယောဇနသတမ္ပိ ဥပစာရသီမာဝ ဟောတိ။ သဗ္ဗေသံ လာဘော ပါပုဏာတိ။—ဟု မိန့်တော်မူ၏။

အနက် ဥပစာရသီမာ၊ ဥပစာရသိမ်ကို။ ဝါ၊ သည်။ ပရိက္ခိတ္တာဿ၊ အရုံရှိသော။ ဝိဟာရဿ၊ ကျောင်း၏။ ပရိက္ခေပေန၊ အရုံဖြင့်။ အပရိက္ခိတ္တာဿ၊ အရုံမရှိသော။ ဝိဟာရဿ၊၏။ ပရိက္ခေပါရဟဋ္ဌာနေန၊ အရုံထိုက်ရာ ခဲတက်အရပ်ဖြင့်။ ပရိစ္ဆိန္နာ၊ ပိုင်းခြားအပ်သည်။ ဟောတိ၊ ဖြစ်၏။ အပိစ၊ တနည်းကား။ ဘိက္ခူနံ၊ ရဟန်းတို့၏။ သန္နိပါတဋ္ဌာနတော၀ါ၊ အညီအညွတ် စည်းဝေးရာအရပ်မှၿငင်း။ ပရိယန္တေ၊ ကျောင်း၏ အစွန်နှိုက်။ ဌိတ ဘောဇနသာလတော၀ါ၊ တည်သော ဆွမ်းစား စရပ်မှၿငင်း။ နိဗ္ဗဝသနက အာ၀ါသတော၀ါ၊ရဟန်းတို့ အမြဲနေရာ ကျောင်းမှၿငင်း။ ထာမမဇ္ဈိမဿ၊အားလျစ်လျူရှိသော။ ပုရိသဿ၊ ယောကျွဲး၏။ ဒ္ဝိန္နံလေဋ္ဌုပါတာနံ၊ ခဲ နှစ်ကျတို့၏။ အန္တေ၁၊ အတွင်းအရပ်ကို။ ဥပစာရသီမာ၊ ဥပစာရသိမ်ဟူ၍။ (ဣတိ သဒ္ဒါ လုတ္တာနိဒ္ဒိဋ္ဌ)။ ဝေဒိတဗ္ဗာ၊ ၏။ ပန၊ ဆက်၍ ဆိုဦးအံ့။ သာ၊ ထိုဥပစာရသိမ်သည်။ အာ၀ါသေသု၊ကျောင်းတို့သည်။ ဝဗုန္တေသု၊ပ္ပါးကုန်သည်ရှိသော်။ ဝဗုတိ၊ပ္ပါး၏။ပရိဟာယန္တေသု၊ယုတ်ကုန်သည်ရှိသော်။ပရိဟာယတိ၊ယုတ်၏။ ပန၊အထူးကို ဆိုဦးအံ့။ မဟာပစ္စရိယံ၊မဟာပစ္စရိအဋ္ဌကထာနှိုက်။ဘိက္ခူသုပိ၊ ရဟန်းတို့သည်လည်း။ ဝဗုန္တေသု၊ပ္ပါးကုန်သည်ရှိသော်။ ဝဗုတိ၊ပ္ပါး၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ၏။ တသ္မာ၊ ကြောင့်။ ဝိဟာရေ၊ ကျောင်းနှိုက်။ သန္နိပတိတ ဘိက္ခူဟိ၊အညီအညွတ် စည်းဝေးသောရဟန်းတို့နှင့်။သဒ္ဓိံ၊တကွ။ဧကောဗဒ္ဓါ၊ တစပ်တည်း စပ်ကုန်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ ယောဇနသတမ္ပိ၊ ယူဇနာတရာရှိသော အရပ်ကိုလည်း။ ပူရေတ္ဝာ၊ပြည့်စေ၍။ သစေနိသီဒန္တိ၊အကယ်၍ နေကုန်အံ့။ ယောဇနသတမ္ပိ၊ ယူဇနာတရာရှိသော အရပ်သည်လည်း။ ဥပစာရသီမာ၀၊ ဥပစာရသိမ်သည်သာလျှင်။ ဟောတိ၊ ၏။ သဗ္ဗေသံ၊ အလုံးစုံသော ရဟန်းတို့အား။ လာဘော၊လာဘ်သည်။ ပါပုဏာတိ၊ရောက်၏။ “ဤကား ဥပစာရသိမ်၏ ဘေဒကို ဉာဏ၀ဗုန အကျိုးငှါ ဖေါ်ပြလိုက်သည်”။

ဥပစာရသီမာ-ဟူသောပုဒ်၏ သဒ္ဒနယကို ဤသို့ သိအပ်၏၊ "ဝိဟာရဿစ ဂေဟဿ မဏ္ဍပါဒိဿစ ဥပသမိပေ စရတိ ပဝတ္တတီတိ ဥပစာရံ၊ ဌာနံ လဇ္ဇတိ" ။—သီမာသဒ္ဒါသည် သီမံ အာစိက္ခတိ ဟူသော၀ါကျနှိုက် သီမသဒ္ဒါကဲ့သို့ အပိုင်းအခြားကို ဟောသည်ဖြစ်၍ "သီယတေ ပရိစ္ဆိန္ဒီယတေ သီမာ" ဟု ဘာ၀သာဓန ပြုအပ်၏။ "ဥပစာရဿ သီမာ ဥပစာရသီမာ" ။ ဆဋ္ဌီတပ္ပုရိသ်သမာသ်။ (ကျောင်းစသည်၏ အနီးနှီးကပ်ဖြစ်သောအရပ်၏ အပိုင်းအခြားရ၏) ။ တနည်း— "သီယတိ ပရိစ္ဆိန္ဒီယတီတိ သီမာ" ။ ကမ္မသာဓန၊ သီဓာတ်၊ မပစ္စည်း။ "ဥပစာရေန သီမာ ဥပစာရသီမာ" ။ တတိယာတပ္ပုရိသ်သမာသ်။ (ကျောင်းစသည်တို့၏အနီးအရပ်ဖြင့် ပိုင်းခြားအပ်သောအရပ်ရ၏) ။ တနည်း "သီယတိ ပရိစ္ဆိန္ဒီယတိ ဧတ္ထာတိ သီမာ" ။ အဓိကရဏသာဓနံ။ "ဥပစာရဿ သီမာ ဥပစာရသီမာ" ။ (ကျောင်း စသည်၏ အနီးနှီးကပ်ဖြစ်သော အရပ်၏ ပိုင်းခြားရာအရပ် ရ၏) ။ ဉာဏဝရုန အကျိုးငှါ ဝစနတ္ထကို ပြလိုက်သည်။

၈-အဋ္ဌမပုဏ္ဏာ အဝေဖြ

၈။ ပဌမ ဘုန်းကြီးသည်။လ။အထောက် အထားနှင့် တကွ သိလိုပါသည် ဘုရားဟု လျှောက်ထားရာနှိုက်—

၁။ ပေးခြင်း, ယူခြင်းသည် မူလစ္ဆဇ္ဇပေးခြင်း ယူခြင်း၊ တာ၀ကာလိက ပေးခြင်း ယူခြင်း ဟူ၍ နှစ်ပါးပြား၏။ ထိုနှစ်ပါးတို့တွင် မူလစ္ဆဇ္ဇ ပေးခြင်း ယူခြင်းသည် အပိုင်ရရှိ၍ အလိုရှိတိုင်း သုံးစွဲ ပြုပြင်ပြောင်းလဲ၍ သူတပါးအား လည်း အပိုင် ပေးစွန့်ခြင်းငှါ စွမ်းနိုင်သည်။ တာ၀ကာလိက ပေးခြင်း ယူခြင်း သည်ကား ကာလကို ပိုင်းခြား၍ ခေတ္တခဏ ပေးခြင်း ယူခြင်းဖြစ်၍ ပိုင်းခြား အပ်သောကာလကို လွန်လျှင် အလိုရှိတိုင်း မသုံးစွဲနိုင်ခြင်း ပြုပြင်ပြောင်းလဲ၍ သူတပါးအား ပေးကမ်းခြင်းကို မပြုနိုင်ဟု မှတ်အပ်၏။

ပိုင်းခြားအပ်သော ကာလကို မလွန်ငြားသော်လည်း မူလဥစ္စာရှင်ပုဂ္ဂိုလ်ကို မပန်ကြားဘဲ သူတပါးအား ခေတ္တခဏ တဆင့်ငှါးရမ်းခြင်းကို မပြုနိုင်ဟု မှတ်အပ်၏။ အပိုင်ပေးကမ်းခြင်းနှိုက် ဆိုဖွယ်မရှိ။ အဘယ်ကြောင့်နည်းဟူမူ

ကား....မူလ ခေတ္တာခဏ တသက်လျာ ပေးရင်းပုဂ္ဂိုလ်က သူတပါးအား တာဝကာလိက ပေးရန် သဘောဝူခြင်း ဆန္ဒ မရှိသောကြောင့်တည်း။ ထိုတာဝတာလိကသဒ္ဒါကို—

"ကာလံ တာဝ ပရိစ္ဆေဒံ ကတ္ဝာ ဒိန္နန္တိ တာဝကာလိကံ" ။ (ခေတ္တ ပေး အပ်သော ဝတ္ထု ရ၏)။ "ကာလံ တာဝ ပရိစ္ဆေဒံ ကတ္ဝာ ဂဟိတန္တိ တာဝကာလိကံ" ။ (ခေတ္တာခဏ ယူအပ်သောဝတ္ထု ရ၏)။ (တဒ္ဓိတဝိဂ္ဂဟ)။ တာဝသဒ္ဒါ ပရိစ္ဆေဒနိပါတ်ပုဒ်တည်း။ ဤသို့ ရှေးဦးစွာ ပေးခြင်း ယူခြင်းကို မှတ်သားထားအပ်၏။

၂။ ပဌမ ဘုန်းကြီးသည် ပုဂ္ဂလိကကျောင်းကို ဒုတိယ ဘုန်းကြီးအား တာဝကာလိကပေးသည်၊ ဒုတိယဘုန်းကြီးက တတိယမြောက် ဦးပဉ္စင်းအား ပေးရာနှိုက် ပဌမဘုန်းကြီးက တတိယမြောက် ဦးပဉ္စင်းအား မပေးသင့်ကြောင်း၊ ဒုတိယဘုန်းကြီးက ပေးသင့်ကြောင်း ငြင်းဆိုကြသည်မှာ....ပဌမဘုန်းကြီးက မပေးသင့်ကြောင်း ဆိုသောစကားသည် ဝိနည်းတော်နှင့် သင့်မြတ် လျော်ညီပေသည်။ ဒုတိယဘုန်းကြီးက တတိယမြောက် ဦးပဉ္စင်းအား ပေးသင့်ကြောင်း ဆိုသောစကားသည် ဝိနည်းတော်နှင့် မလျော်ညီသည် ဖြစ်၍ မသင့်မြတ်ဟု မှတ်အပ်၏။ အဘယ်ကြောင့်နည်း ဟူမူကား....ဒုတိယဘုန်းကြီးသည် ပဌမဘုန်းကြီးက တာဝကာလိကပေး၍—

တာဝကာလိကေတိ ပဋိဒဿာမိ ပဋိကရိဿာမိတိ ဧဝံ ဂဏှန္တေန သဒ္ဓိ တာဝကာလိကေဝိ ဂဟေတေ။—

ဟူသော ပါရာဇိကဏ်အဋ္ဌကထာနှင့် အညီ တဖန် ပြန်၍ ပေးအံ့ဟူသော အာဘောဂနှင့် ခံယူခြင်းဖြစ်သောကြောင့်၎င်း၊ ပါဠိ,အဋ္ဌကထာ,ဋီကာတို့နှိုက် တာဝကာလိက ပေးကမ်းလှူဒါန်းခြင်း မရှိသည်ဖြစ်၍ ခေတ္တစောင့်ရှောက်ရန် အပ်နှံထားသော ပစ္စည်းနှင့်အလားတူစွာ ဖြစ်သင့်သောကြောင့်၎င်း၊ တတိယမြောက် ဦးပဉ္စင်းအား ပေးသော်လည်း မိမိသည် မူလကပင်လျှင် မပိုင်၍ ပေးရာမရောက်သောကြောင့်၎င်း၊ တတိယမြောက် ဦးပဉ္စင်းလည်း—

ယံ ဂေါပကဿ ပရိစ္ဆိန္နိတ္ဝာ ဒိန္နံ ဟောတိ တတော်ကံ ဒိဝသေ ဒိဝသေ ဂဏှာတိ၊ တဒေဝ ဝဋ္ဋတိ။ တတော ဥတ္တရိ န ဝဋ္ဋတိ။—

ဟူသော အဋ္ဌကထာနှင့် အညီ တာဝကာလိက စောင့်ရှောက် ရသော ဒုတိယဘုန်းကြီးက မပေးပိုင်သော ကျောင်းကို ပေးရာန္ဒိုက် မရမပိုင် မသုံး ဆောင်သင့်သောကြောင့်ငင်း၊ ဝိနည်းတော်နှင့် မသင့်မြတ် ဖလျော်ဟု မှတ် အပ်၏။ အကယ်၍ ဥစ္စာရှင်ဖြစ်သော ပဌမဘုန်းကြီးက ကာလအချိန် ရောက် သည်ဖြစ်စေ မရောက်သည်ဖြစ်စေ ပြန်၍ တောင်းယူသောအခါ ပြန်၍ ပေး အပ်၏။ အကယ်၍ မပေးဘဲ နေခဲ့လျှင် ခတ္တစောင့်ရှောက် နေထိုင်ရန် အပ် နှံ၍ ထားသည်နှင့် တူသောကြောင့် ဥစ္စာရှင် အပ်နှံခံသူတို့ ဓူရနိက္ခေပပြုကြမူ ဓူရနိက္ခေပ ခိုးခြင်းသို့ သက်ရောက်၏ဟု မှတ်အပ်၏။ ထိုကြောင့် ကင်္ခါဋ္ဌီကာ သစ်နှိုက်—

> ဂဟိတံ ပန သစေ ဘဏ္ဍာသာမိကော ပဋ္ဌလော ဝါဂဏ္ဏော ဝါ တုယ္ဟဝ တံ ဟောတူတိ အနုဇာတိ။ ဇုဿွေတံ ကုသလံ။ နောစေ အနုဇာတိ။ အာဟာရာပေန္တေ ဒါတဗ္ဗံ။ သံဃသာ သန္တကံ ပန ပဋိဒါတုမေဝ ဝဋ္ဋတိ။—ဟု မိန့်တော်မူ၏။

ပါရာဇိကဏ် ပါဠိတော်နှိုက်လည်း—

> ဥပနိမိနာမ ဥပနိက္ခိတ္တံ ဘဏ္ဍံ။ ဒေဟိ မေ ဘဏ္ဍန္တိ ဝုစ္စမာနော နာဟံ ဂဏှာမီတိ ဘဏတိ။ အာပတ္တိ ဒုက္ကဋဿ။ သာမိကဿ ဝိမတိံ ဥပ္ပါဒေတိ။ အာပတ္တိ ထုလ္လစ္စယဿ။ သာမိကော နံ မယ္ဟံ ဒဿာမီတိ ဓူရံ နိက္ခိပတိ၊ အာပတ္တိ ပါရာဇိကဿ။—ဟု ဟော တော်မူ၏။

သို့ဖြစ်၍ ဒုတိယဘုန်းကြီးသည် မိမိ မနေထိုင်လိုသည် ဖြစ်အံ့ တတိယ မြောက် ဦးပဉ္စင်းအား မပေးအပ်မူ၍ ပဌမ တာဝကာလိက ပေးရင်းဘုန်းကြီး သို့သာ ပြန်၍ ပေးသင့်၏ဟု မှတ်အပ်၏။

ဥ-နဝမပုဏ္ဏာ အဓိပ္ပါ

၉။ အခ္ခါသော ဘုန်းကြီးများသည် သကလပ် အဝါသွေးဖြင့် ပြုလုပ်သော ဘိနပ်များကို စီးနင်းခြင်း ပြုကြပါသည်။လ။ ၎င်းအဆုံးအဖြတ်ကိုလည်း ပေးသနားတော်မူပါဟု လျှောက်ထားရာန္ဒိုက်—

(က) နာ ကမ္မလပါဒုကာ ဓာရေတဗ္ဗာ။ မဟာဝဂ်ပါဠိတော်

(ခ) ကမ္မလပါဒုကာတိ ဥဏ္ဏာဟိ ကတပါဒုကာ။ ဂဠိအဋ္ဌကထာ

(ဂ) ဥဏ္ဏာဟိ ကတပါဒုကာတိ ဥဏ္ဏလောမမယ ကမ္မလေဟိ ဥဏ္ဏလောမေဟိ ဧဝဝါ ကတပါဒုကာ။ ဂဠိတေရသကဏ္ဍဋီကာ

(ဃ) ဥဏ္ဏာဟိ ကတပါဒုကာတိ ဇတ္ထု ဥဏ္ဏမယကမ္မလေဟိ ကတပါဒုကာ သင်္ဃန္တိ။ ဂဠိဝိမတိဋီကာ

အနက် (က) ကမ္မလပါဒုကာ၊သားမွေးတို့ဖြင့် ပြုအပ်သော ခြေနင်းဘိနပ်ကို။ (အဋ္ဌကထာ အလို)။ ဝါ၊သားမွေးတို့ဖြင့် ပြီးသော ကမ္မလာတို့ဖြင့် ချုပ်လုပ်အပ်သော ခြေနင်းဘိနပ်ကို။ ဝါ၊ သားမွေးတို့ဖြင့် ယက်လုပ်အပ်သော သကလပ်တို့ဖြင့် ချုပ်လုပ်အပ်သောခြေနင်းကို။ (ဋီကာအလို)။ နဓာရေတဗ္ဗာ၊မဆောင်အပ်။ ဝါ၊မစီးအပ်။

(ခ) ကမ္မလပါဒုကာတိ၊ဟူသည်ကား။ ဥဏ္ဏာဟိ၊သားမွေးတို့ဖြင့်။ကတပါဒုကာ၊ ပြုအပ်သော ခြေနင်းကို။ တနည်းကား– ဥဏ္ဏာဟိ၊ တို့ဖြင့်။ ကတပါဒုကာ၊ပြုအပ်သော ခြေနင်းသည်။ ကမ္မလပါဒုကာတိ ကမ္မလပါဒုကာနာမ၊ ကမ္မလပါဒုက မည်၏။

(ဂ) ဥဏ္ဏာဟိ ကတပါဒုကာတိ၊ ဟူသည်ကား။ ဥဏ္ဏလောမမယကမ္မလေဟိ၊ သားမွေးဖြင့် ပြီးသော။ ဝါ၊ သားမွေးဖြင့် ယက်အပ်သော ကမ္မလာတို့ဖြင့်။ ဝါ၊တနည်းကား။ဥဏ္ဏလောမေဟိဧဝ၊မလုပ်မယက် သက်သက်သော သားမွေးတို့ဖြင့်သာလျှင်။ ကတပါဒုကာ၊ပြုလုပ်အပ်သော ခြေနင်းတည်း။

(ဃ) ဥဏ္ဏာဟိကတပါဒုကာတိဇတ္ထု၊နှိုက်။ ဥဏ္ဏမယကမ္မလေဟိ၊သားမွေးဖြင့် ပြီးသော ကမ္မလာတို့ဖြင့်။ ကတပါဒုကာ၊ပြုလုပ်အပ်သော ခြေနင်းတို့ကို။ သင်္ဃန္တိ၊ရေတွက်အပ်ကုန်၏။ ဝါ၊ပေါင်းယူအပ်ကုန်၏။

ဤသို့ ပြဆိုအပ်ပြီးသော ပါဠိ,အဋ္ဌကထာ,ဋီကာတို့နှိုက် သားမွေးဖြင့် ပြီးသော သကလပ်ခေါ် ကမ္မလာတို့ဖြင့် ချုပ်လုပ်အပ်သော ပါဒုကသဒ္ဒါဖြင့် ဟောတော်မူအပ်သော ခြေနင်းမအပ်ကြောင်းကို တိုက်ရိုက် နိတ္ထအားဖြင့် လာသည်။

ယခုခေတ်ကာလနှိုက် သကလပ်ဟု ခေါ်ဝေါ် ကြခြင်းသည်လည်း(ကမ္မလ) ဟူသော မဂဓဘာသာ ပါဠိပျက်ပြား၍ ကာလရှည်လျားသဖြင့် လူအများတို့ (မ္မ)ဟူသော အက္ခရာ၊ (လ)ဟူသော အက္ခရာနောက် ရောက်၍(သ)ဟူသော အက္ခရာကို (က)အက္ခရာ၏ ရှေ့နှိုက်ထားပြီးလျင် နဲ့ဝက်နှိုက် (ဗ)ဟူသော အက္ခရာကို တမ်းခွန်ပြ၍ "သကလပ်"ဟု ခေါ်ဝေါ် ကြခြင်း ဖြစ်သည်။ ၎င်း သကလပ်ခေါ် ကမ္မလာကိုလည်း သားမွေးတို့ကို ကြိတ်၍ ပြုလုပ်ကြသည်မှာ အလွန်ထင်ရှားသည်။ "နံ ကမ္မလ ဥပါဟနာ ဓာရေတဗ္ဗာ"ဟု ဥပါဟနသဒ္ဒါ ဖြင့် ပါဠိတော်နှိုက် မြတ်စွာဘုရားဟောတော်မမူငြားသော်လည်း အဋ္ဌကထာ ဋီကာတို့နှိုက် ဥပါဟန ပါဒုကတို့၏ အထူးမလာသောကြောင့်၎င်း၊ အဘိဓာန်နှိုက် "တဗ္ဘေဒါ ပါဒုကာ"ဟု ခြေနင်းဟူသည် ထိုဘိနပ်အထူးဟူ၍ ပြကော်မူသည်ကိုဂျင်း၊ အဘိဓာန်ဋီကာနှိုက်လည်း—

> တသ္မုပါဟနဿ ဘေဒါ ဝိသေသာ ပါဒုကာနာမ၊ ပဒဂမနေ၊ ဏုကော၊ ပါဒုကာ၊ ဗဟုပဒ္မလာ စမ္မမယာ၊ ကဋ္ဌမယာ တေ့ကော။—

ဟု ထိုဘိနပ်၏အထူးသည် ခြေနင်းမည်၏၊ များစွာသော အထပ်ရှိသော သားရေဖြင့်ပြီး၏ဟု ပြတော်မူသည်၊ အဘိဓာန်နိဿယ စာကိုပ်ဆရာတော် သည်လည်း "ပါဒုကာ-ဘိနပ်"ဟု အနက်မြန်မာ ပြန်ဆိုတော်မူသည်။ ဤသို့ အဘိဓာန် ဂျင်းဋီကာဆရာ နိဿယဆရာတော်တို့၏အလိုတော်အားဖြင့်လည်း ဘိနပ်,ခြေနင်း အထူးမရှိသောကြောင့်ဂျင်း၊ ပါဒုကပြုလုပ်ရာနှိုက် မအပ်သော ဝတ္ထုကို ဥပါဟနပက္ခ မအပ်သောအရာနှိုက် အနုလောမအားဖြင့် သွင်း၍ ယူသင့်သည်။ ဥပါဟန ပြုလုပ်ရာနှိုက် မအပ်သောဝတ္ထုကို ပါဒုကပက္ခ အပ်သောအရာနှိုက် အနုလောမအားဖြင့် သွင်း၍ ယူသင့်သည်။ မြတ်စွာဘုရား ပညတ်တော်မူသောအခါနှိုက် ဝေါဟာရအားဖြင့် ဥပါဟနခေါ် ဘိနပ်ကို သားမွေး ကမ္မလာဖြင့် ပြုလုပ်၍ စီးခြင်း သုံးစွဲခြင်း မရှိသေးသောကြောင့် သာလျှင် ပညတ်တော်မမူဟန် ရှိသည်။ ပြုလုပ်သုံးစွဲခြင်းရှိက "နံ ကမ္မလ ဥပါဟနာ ဓာရေတဗ္ဗာ"ဟု အမှန်ပညတ်တော်မူမည်သာလျှင်တည်း။ ထိုကြောင့် သကလပ်ဖြင့် ချုပ်သော ဘိနပ်သည် ရဟန်းတော်တို့အား မစီးအပ်ဟု မှတ်အပ်၏။

ယခုကာလနှိုက် သကလပ်ဖြင့် ချုပ်လုပ်ကြသော ဘိနပ်သည် သကလပ်ဖြင့်သာလျှင် ချုပ်လုပ်ကြသည် မဟုတ် အတွင်းက ဝါးပတ်ထည့်၍ ပြုလုပ်ကြသည်၊ ၎င်းဝါးပတ်သည်လည်း မအပ်။ ထိုကြောင့် မဟာဝဂါဠိတော်စမ္မက္ခန္ဓကနှိုက်—

> နံ ဘိက္ခဝေ ဝေဠုပတ္တ ပါဒုကာ ဓာရေတဗ္ဗာ။ ယော ဓာရေယျ အာပတ္တိ ဒုက္ကဋဿ။—ဟု ဟောတော်မူ၏။

ထိုသို့ သကလပ်, ဝါးပတ် နှစ်ရပ်လုံးပင် မအပ်သောကြောင့် ယခုကာလနှိုက် ပြုလုပ်ကြသော သကလပ်ဖြူ သကလပ်အဝါသွေး ဘိနပ် မအပ်ဟု မှတ်အပ်၏။ သကလပ်,ဝါးပတ်တို့ချည့် သက်သက် ပြုလုပ်သည်မဟုတ်၊အောက်ကအပ်သော သားရေ ပါသောကြောင့် အပ်သည်မဟုတ်ပါလောဟု စောဒနာခဲ့မူ.... သားရေသက်သက် ဘိနပ်ကိုသာ မြတ်စွာဘုရား ခွင့်ပြုတော်မူသည်။ ထိုသားရေသက်သက် ဘိနပ်မှသော်လည်း ဆိုးရည်အမျိုးမျိုးတို့ဖြင့် တပ်စွန်းခြင်း ပန်းပြောက်ခြယ်မှုံးခြင်း စသည်တို့ကို ပယ်မြစ်တော်မူသေးသည်။ သကလပ်,ဝါးပတ်တို့ဖြင့် ခြယ်မှုံးဖုံးအုပ်၍ ချုပ်လုပ်ရာနှိုက် အဘယ် ဆိုဖွယ်ရာ ရှိတော့အုံနည်း၊ ပယ်မြစ်တော်မူမည် စင်စစ်သာတည်း။ ထိုကြောင့် အပ်သော သားရေ အောက်ကပါငြားသော်လည်း မအပ်ဟု မုချသန္နိဋ္ဌာန်ကျ မှတ်သားအပ်၏။

အခွို့ ပါကဋ္ဌဖြစ်သော ပုဂ္ဂိုလ်ကြီးများ စီးနင်း သုံးစွဲကြပါသည်ဟု ဒေါသဆိုသည်မှာ....၎င်း ပုဂ္ဂိုလ်ကြီးများသည် "ကမ္မလပါဒုကာတိ ဥဏ္ဏာဟိ ကတပါဒုကာ"ဟု ဖွင့်ဆိုတော်မူသော အဋ္ဌကထာကိုဌင်း၊ "ဥဏ္ဏာလောမေဟိ ဧဝ ဝါ ကတပါဒုကာ"ဟု ဖွင့်ဆိုတော်မူသော ဋီကာနောက်နည်းကိုဌင်း၊ မအပ်သော ဥပါဟနပက္ခန္ဓိုက် ကမ္မလသဒ္ဒါဖြင့် ဟောတော်မူခြင်း မရှိသည်ကိုဌင်း ထောက်ချင့်၍ ယခုကာလ ပြုလုပ်ကြသော သကလပ်ဘိနပ်သည် မယက်မလုပ် မပြုပြင် မစီရင်သေးသော သားမွေးချည့် သက်သက် ပြုလုပ်ကြသည် မဟုတ်၊ အထည်ဖြစ်ပြီးသော သကလပ်,ဝါးပတ်,သားရေတို့နှင့် ရောနှော၍ ပြုလုပ်ကြသောကြောင့် အပ်လိမ့်မည်ဟူသော မိမိတို့၏ ဉာဏ်အထင်အမြင်

အယူဝါဒအားဖြင့်၎င်း၊ သို့မဟုတ် အမှတ်မဲ့အားဖြင့်၎င်း စီးနင်းသုံးစွဲကြဟန် လက္ခဏာရှိသည်။ ရှေး ဝိနယဂရုက ဆရာတော်ကြီးများ နှစ်သက်တော်မမူကြကုန်။ ဆရာတော်တို့လည်း အောက်က အကြောင်းယူတို့ကို ဖေါ်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း သကလပ်ဘိနပ်ကို ရဟန်းတော်တို့အား သာရုပ်မမြင်၍ မအပ်ဟု အယူရှိသည်။ ထို့ကြောင့် "ဂရုကလဟုကေသု ဂရုကေ ဌာတဗ္ဗံ၊ ဧတံ ဝိနယလက္ခဏံ" ဟူသည်နှင့် အညီ မစီးအပ်သော ဂရုကအရာ၌ကိုက် တည်အပ်၏။

နဝပုဏ္ဏာ ဝိနိစ္ဆယ ပြီးပြီ။

ကျေးဇူးရှင် ညောင်ခရင်းဆရာဘဒ္ဒန္တ
မေး လျှောက်သော

၁၂၉၄–ခု၊ ကဆုန်လပြည့်ကျော် (၆) ရက်။

ရိသေ လေးမြတ်စွာ လျှောက်ထားဝံ့ပါသည် ကျေးဇူးရှင် ဆရာတော် ဘုရား....။

ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းဝိုင်းအတွင်း ဘိနပ် မစီးကောင်းဟု ရှေး အစဉ်အဆက်ကစ၍ ယခုထိ ရှောင်ကြဉ်လာကြပါသည်။ စီးကောင်း မစီးကောင်း စာ အခိုင်အမာ မရှိဟု အချို့ ဘုန်းကြီးများက ပြောကြပါသည်။ ကျောင်းဝိုင် ဘုန်းကြီး ခွင့်ပြုပါက ထီး, ဘိနပ် ဆောင်းကောင်း စီးကောင်း ကြောင်းနှင့် ပြောဆိုပြီး၊ စီးသောလူများလဲ စီးနေကြပါသည်။ အချို့ လူမျိုးများက ဘုန်းကြီး ခွင့်ပြုသော်လည်း မစီးကောင်းဟု ရှောင်ကြဉ်ကြပါသည်။ ကျောင်းဝိုင်းအတွင်း ဘိနပ်စီး၍ အပြစ်ရောက်သော ဝတ္ထု သက်သေများ မရှိဟု ပြောကြပါသည်။ သို့ဖြစ်ပါ၍ တပည့်များအား သနားတော်မူပါသဖြင့် သာသနာတော်၏ ရှုတ်ထွေးနေသော ဘေးရန်ကြီးကို အကိုးအကား ခိုင်မာစွာနှင့် သုတ်သင်ရှင်းလင်း ဝိနိစ္ဆယ ပေးသနားတော်မူပါမည့် အကြောင်း ရိသေ လေးမြတ်စွာ လျှောက်ထားဝံ့ပါသည် ကျေးဇူးရှင် ဆရာတော်ဘုရား....။

တပည့်–ရှင်နန္ဒဝံသ
မမ္မဝိယတောကျောင်း
တောင်ငူမြို့။

ဥပါဟနာရုဠဒါဒိ ဝိနိစ္ဆယ

ရှင်နန္ဒဝံသ လျှောက်ထားချက်အတိုင်း စေတီ, ကျောင်းအာရာမ်တွင်းနှိုက် ဘိနပ်မစီးအပ်ကြောင်းကို အရင်းအစ အကြောင်း ဖြစ်ပေါ်လာပုံကို ရှေးဦးစွာ ဖေါ်ပြ၍ ရေးသား ဖြေဆိုပေအံ့။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်နှိုက် သီတင်းသုံး နေတော်မူသောအခါ အာဂန္တုက ရဟန်းတို့သည် မရှိမသေ ဘိနပ်စီးခြင်း, ထီးဆောင်းခြင်း, ဦးခေါင်းခြုံခြင်း စသည် တို့ကို ပြုလုပ်ကုန်လျက် ကျောင်းအာရာမ်တွင်းသို့ ဝင်ကြကုန်၏၊ ထိုအခါ အာဝါသိက ရဟန်းတို့သည် ကဲ့ရဲ့ကြပြီးလျှင် မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် မေးတော်မူ၍ ကဲ့ရဲ့တော်မူပြီးလျှင် ကျောင်း အာရာမ်တွင်းသို့ ဝင်သော အာဂန္တုက ရဟန်းတို့သည် ဘိနပ်ကိုချွတ်၍ ထီးကိုရုတ်၍ ဦးခေါင်းခြုံကို ဖွင့်၍ ရိုသေ လေးမြတ်စွာ ဂါရဝတရားဖြင့် အာရာမ်တွင်းသို့ ဝင်ကြရမည်ဟု ဝတ်အကျင့်ကို ပညတ်တော်မူ၏။ ထိုကြောင့် စူဠဝါပါဠိတော် ဝတ္တက္ခန္ဓကနှိုက်—

> အာဂန္တုကေန ဘိက္ခဝေ ဘိက္ခုနာ ဇူဒါနိ အာရာမံ ပဝိသိသာမိတိ ဥပါဟနာ သြမုဉ္ဆိတွာ နိစံ ကတွာ ပပ္ဖေါဋေ့တွာ ဂဟေတွာ ဆတ္တံ အပဏာမေတွာ သီသံ ဝိဝရိတွာ စီဝရံ ခန္ဓေ ကတွာ သာဓုကံ ကတွာ အတရမာနေန အာရာမော ပဝိသိတဗ္ဗော။—ဟု ဟောတော်မူ၏။

. အနက် ဘိက္ခဝေ၊ ရဟန်းတို့။ အာဂန္တုကေန၊ အာဂန္တုက ဖြစ်သော။ ဘိက္ခုနာ၊ရဟန်းသည်။ဇူဒါနိ၊ယခုအခါနှိုက်။အာရာမံ၊ကျောင်းတိုက် အာရာမ်သို့။ပဝိသိသာမိ၊ဝင်အံ့။ ဇူတိ၊ဤသို့ နှလုံးသွင်း၍။ဥပါဟနာ၊ဘိနပ်မှ။ ဝါ၊ကို။ သြမုဉ္ဆိတွာ၊ချွတ်၍။ နိစံ၊နိမ့်သည်ကို။ ဝါ၊ရှိသေသည်ကို။ ကတွာ၊ပြု၍။ ပပ္ဖေါဋေ့တွာ၊ခါ၍။ ဂဟေတွာ၊ယူ၍။ ဆတ္တံ၊ထီးကို။ အပဏာမေတွာ၊ရုတ်၍။ဝါ၊ရှုံ့၍။(ဝေါဟာရတ္ထ)။အောက်သို့ညွတ်စေ၍။(သဒ္ဒတ္ထ)။

သီသံ၊ ဦးခေါင်းကို။ ဝိဝရိတ္ဝာ၊ ဖွင့်၍။ စီဝရံ၊ သင်္ကန်းကို။ ခန္ဓေ၊ ပခုံးနှိုက်။ ကတ္ဝာ၊ တင်သည်ကို ပြု၍။ သာဓုကံ၊ ကောင်းစွာ။ ကတ္ဝာ၊ ပြု၍။ အတရမာနေန၊မနှေးမလျင်သဖြင့်။အာရာမော၊ကျောင်းအာရာမ်သို့။ပဝိသိတဗ္ဗော၊ ဝင်အပ်၏။

ဌင်းပါဠိတော်၏အဖွင့် အဋ္ဌကထာနှိုက်လည်း—

အာရာမံ ပဝိသိဿာမီတိ ဣမိနာ ဥပစာရသီမသမီပံ ဒဿေတိ၊ တသ္မာ ဥပစာရသီမံ ပတ္ဝာ ဥပါဟနာ ဩမုဉ္ဆနာဒိ သဗ္ဗံ ကာတဗ္ဗံ။—ဟု ဖွင့်ပြတော်မူ၏။

အနုက် အာရာမံပဝိသိဿာမီတိ ဣမိနာ၊အာရာမံ ပဝိသိဿာမိ ဟူသော ဤပါဠိဖြင့်။ ဥပစာရသီမသမီပံ၊ဥပစာရသီမ်၏အနီးကို။ ဒဿေတိ၊ပြ၏။ တသ္မာ၊ထို့ကို ဥပစာရသီမ်၏အနီးကို ပြခြင်းကြောင့်။ ဥပစာရသီမံ၊ ဥပစာရသီမ်သို့။ ဝါ၊ဥပစာရအပိုင်းအခြားသို့။ (သီမသဒ္ဒါ ပရိစ္ဆေဒဝါစက)။ ပတ္ဝာ၊ရောက်၍။ ဥပါဟနာ၊ဘိနပ်မှ။ ဩမုဉ္ဆနာဒိသဗ္ဗံ၊ချွတ်ခြင်း အစရှိသော အလုံးစုံကို။ ကာတဗ္ဗံ၊ပြုအပ်၏။

ဌင်းဗုဒ္ဓမတည္ဟု အဋ္ဌကထာဆရာတော်၏ အလိုအားဖြင့် အာရာမ်၏ ပြင်ပ ဥပစာရ ခဲတကျမှ ဘိနပ်ချွတ်ခြင်း, ထီးရုတ်ခြင်းစသည်ကို ပြုရမည်ဟု ဆိုလိုသည်။ဤသို့ မြတ်စွာဘုရားသည် ရဟန်းသံဃာချင်းချင်းပင် ဖြစ်သော်လည်း ဘိနပ်စီးခြင်း,ထီးဆောင်းခြင်း,ဦးခေါင်းခြုံခြင်းစသည်တို့သည် "ဗုဒ္ဓေအဂါရဝ၊ ဓမ္မေ အဂါရဝ၊ သံဃေ အဂါရဝ"ဖြစ်၍ အာရာမ်တပါးက အာဂန္တုကရဟန်းသည် ကျောင်းအာရာမ်တပါးသို့ ဝင်သွားသည် ရှိသော် ဘိနပ်စီးခြင်း, ထီးဆောင်းခြင်း,ဦးခေါင်းခြုံခြင်း စသည်တို့ကို မပြုမလုပ်ရဟု တားမြစ်တော်မူ၏၊ ဘိနပ်စီးခြင်း စသည်ကို ပြုလုပ်သည်ရှိသော် ရဟန်းတော်များမှာ ဒုက္ကဋ် အာပတ် သင့်၏။ လူတို့မှာ ဆိုဖွယ်ရာ မရှိတော့သည်သာတည်း။

မှတ်ချက်—ဒဋ္ဌိမိတ္တဖြစ်သော အာဝါသိက ရဟန်းတို့သည် အာဂန္တုက ရဟန်းတို့အား အပလောကနကံဖြင့် ပန်ကြား၍ ဘိနပ်စီးခြင်း, ထီးဆောင်းခြင်း စသည်တို့ကို ပြုလုပ်ကြတော့ဟု အခွင့်ပြုထားသည် ရှိသော် ဘိနပ်စီးခြင်း စသည်တို့ကို ပြုကောင်း၏ဟု ရှေးဆရာတော်

ကြီးတို့ မိန့်ဆိုတော်မူကြကုန်၏၊ သို့သော် ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှိုက် နိတတ္ထအားဖြင့် တိုက်ရိုက် မလာသောကြောင့် စူးစမ်း ဆင်ခြင်၍သာ မှတ်အပ်၏။

ငါတို့အလိုအားဖြင့် ဂကျောင်းအာရာမ်အတွင်းသို့ ရောက်ပြီးသော နောက် ကာလန္နိုက် အခွင့်ပြုသည်ရှိသော် သံဃာ့အာရာမ်ဖြစ်သဖြင့် ထိုအာဂန္တုက ရဟန်းတို့သည် သံဃာပင် ဖြစ်ရကား စိုးပိုင်သော သာမိကအရာသို့ သက်ဝင်သောကြောင့် ဘိနပ်စီးခြင်း စသည်ကို ပြုကောင်း၏ဟု ထင်ပေ၏။

စေတီ, ကျောင်းအာရာမ်တွင်းတို့နှိုက် ဘိနပ်စီးခြင်း, ထီးဆောင်းခြင်း, ဦးခေါင်းခြုံခြင်း စသည်တို့သည် ဗုဒ္ဓေ အဂါရဝ, သံဃေ အဂါရဝ ဖြစ်၏၊ ဓမ္မေ အဂါရဝလည်း ဖြစ်၏။ ထိုကြောင့် မြတ်စွာဘုရားသည် ဘိနပ်စီးသော်သူ ထီးဆောင်းသော သူ ဦးရစ်ပေါင်း၍ ဦးခေါင်းခြုံသော သူတို့အား တရားမဟောရဟု သေခိယသိက္ခာပုဒ်ကို ပညတ်တော်မူ၏။ ထိုကြောင့် ဗုဒ္ဓမတည်အဋ္ဌကထာဆရာတော်တို့သည်—

(က) စေတိယင်္ကဏေ သဆတ္တော သဥပါဟနော စရတိ၊ နတ္ထေတသ္သ ဗုဒ္ဓေ ဂါရဝေါတိ ဝေဒိတဗ္ဗော။—ပရိဝါ အဋ္ဌကထာ ကတိပုစ္ဆာဝဝါရအဖွင့်

(ခ) ဗုဒ္ဓဿ ဘဂဝတော စေတိယဒဿနဋ္ဌာနေ ဥစ္စာရံဝါ ပဿာဝံဝါ ကရောတိ ခေဠုဓိ သိင်္ဃာဏိကဓိ ဆဋ္ဍေတိ၊ ဆတ္တံ ဓာရေတိ၊ ဥပါဟနာ အာရုယှ ဂစ္ဆတိ၊ ဗုဒ္ဓဿာဝကေသု နလဇ္ဇတိ၊ သံဃေ စိတ္တီကာရံ နာ ကရောတိ။— သမ္မောအဋ္ဌကထာ ခုဒ္ဒကဝတ္ထုဝိဘင်္ဂအဖွင့်

(ဂ) သံဃမဇ္ဈေ ဥဘောအံသေ ပါရုပတိ၊ဆတ္တုပါဟနံ ဓာရေတိ၊ အယံ သံဃေ အဂါရဝေါနာမ။—ဂဂ်းအဋ္ဌကထာ ဤသို့ဖွင့်ပြတော်မူကြကုန်၏။

သာဓကပါဠိကို သခေါ်ပအားဖြင့် လိုရာကိုသာ ထုတ်နုတ်၍ ပြလိုက်သည်၊ ဝိတ္ထာရကို အလိုရှိမူ ပရိဝါပါဠိတော်၊ ဂဂ်းအဋ္ဌကထာ၊ ခုဒ္ဒကဝိဘင်းပါဠိတော်၊ ဂဂ်းအဋ္ဌကထာ၊ ပဋ္ဌကအင်္ဂုတ္တရပါဠိတော်၊ ဂဂ်းအဋ္ဌကထာ၊ နိဒါနဝဂ် ကဿပသံယုဘ်ပါဠိတော်၊ ဂဂ်းအဋ္ဌကထာတို့နှိုက် ကြည့်ရှုကြလေ။

အနက် (က) စေတိယင်္ကော၊ စေတီရင်ပြင်နှိုက်။ သဆတ္တော၊ ထိုးနှင့်တက္ခ။ဝါ၊ထိုးဆောင်းလျက်။ သဉ္ဇပါဟာနော၊ဘိုနပ်နှင့်တက္ခ။ဝါ၊ ဘိနပ်စီးလျက်။စရတိ၊သွား၏။ တေဿ၊ ထိုထိုးဆောင်းလျက် ဘိနပ်စီးလျက် သွားသော သူအား။ ဗုဒ္ဓေ၊ မြတ်စွာဘုရားနှိုက်။ ဂါရဝေါ၊ ရှိသေခြင်းသည်။ နတ္ထိ၊မရှိ။ ဣတိ၊ဤသို့။ ဝေဒိတဗ္ဗော၊သိအပ်၏။

(ခ) ဘဂဝတော၊ဘုန်းတော်ကြီးတော်မူသော။ ဗုဒ္ဓဿ၊မြတ်စွာဘုရား၏။ စေတိယဒဿနဋ္ဌာနေ၊ စေတီတော်ကို မြင်ရာအရပ်နှိုက်။ ဥစ္စာရုံဝါ၊ ကျင်ကြီးကိုဂင်း။ ပဿာဝံဝါ၊ကျင်ငယ်ကိုဂင်း။ ကရောတိ၊ပြု၏။ ခေဠမ္ပိ၊ တံတွေးကိုဂင်း။ သိင်္ဃာဏိကမ္ပိ၊ နှပ်ကိုဂင်း။ ဆဋ္ဌေတိ၊စွန့်၏။ ဆတ္တံ၊ထီးကို။ ဓာရေတိ၊ဆောင်း၏။ ဥပါဟနာ၊ ဘိနပ်ကို။ အာရုယှ၊ စီး၍။ ဂစ္ဆတိ၊ သွား၏။ ဗုဒ္ဓဿာဝဂေသု၊မြတ်စွာဘုရား၏ တပည့်သားသာဝကတို့နှိုက်။နံလဇ္ဇတိ၊မရှက်။ သံဃဿ၊ သံဃာတော်နှိုက်။ စိတ္တီကာရံ၊ အရိအသေ ပြုခြင်းကို။ နကရောတိ၊ မပြု။

(ဂ) ယော၊ အကြင်သူသည်။ သံဃမဇ္ဈေ၊ သံဃာတော်တို့၏ အလယ်နှိုက်။ ဥဘောအံသေ၊ပခုံးနှစ်ဖက်တို့ကို။ ပါရုပတိ၊ခြုံရုံ၏။ ဆတ္တုပါဟနံ၊ထိုးဘိနပ်ကို။ဓာရေတိ၊ဆောင်း၏။အယံ၊ကျိသူသည်။ သံဃော၊သံဃာတော်နှိုက်။ အဂါရဝေါ နာမ၊မရိုသေသော သူ မည်၏။

ရဟန်း သံဃာတော်ပင် ဖြစ်ငြားသော်လည်း ကျောင်းတိုက် အာရာမ်တပါးမှ အာဂန္တုက ရဟန်းသည် ကျောင်းတိုက် အာရာမ်တပါးသို့ ဘိနပ်စီး ထီးဆောင်း၍ ဝင်ခြင်းသည် ဗုဒ္ဓေ အဂါရဝ သံဃေ အဂါရဝ ဖြစ်တုံသေး၏။ လူယောကျ်ား လူမိန်းမတို့မှာ မူကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း၊ အဂါရဝ ဖြစ်တော့သည်သာလျှင်တည်း။ ထိုကြောင့် လူယောကျ်ား လူမိန်းမ ဖိုးသူတော် သီလရင် စသည်တို့သည် စေတီတော်ရင်ပြင် စေတီတော်အာရာမ် ရဟန်း သံဃာတော် နေထိုင်သောကျောင်း ကျောင်း အာရာမ်တွင်းတို့နှိုက် ဘိနပ်စီးခြင်း, ထီးဆောင်းခြင်း, ဦးခေါင်းခြုံခြင်း, လှည်း ရထားစီးခြင်း, မော်တိုကားစီးခြင်း ဆင်,မြင်းစီးခြင်း ကျင်ကြီး ကျင်ငယ် နှပ် တံတွေးစွန့်ခြင်း စသည်ဘို့ကို မပြု မလုပ်အပ်၊ မပြုမလုပ်ကောင်းဟု မုချမှတ်အပ်ကုန်၏။

မှတ်ချက်အထူး— "စေတိယဒဿနဋ္ဌာနေ"-ဟု သာမညအားဖြင့် အဋ္ဌကထာ ဆိုသော်လည်း ဒဿနူပစာရအရကို "ဒ္ဓါဒဿဟတ္ထပါသေ"ဟု တဆယ့်နှစ်တောင် အရပ်ဟု ဖွင့်ပြတော်မူသောကြောင့် အာရာမ်တံတိုင်းမရှိသော စေတီတော်,ကျောင်းကိုမြင်ရာ တဆယ့်နှစ်တောင် အရပ်က ဘိနပ်ချွတ်ခြင်း စသည်ကို ပြုရမည်။ အာရာမ်တံတိုင်းစသည်ရှိသော စေတီတော်, ကျောင်းမှာ အာရာမ်ပြင်ပ ဥပစာရအရပ်က ဘိနပ်ချွတ်ခြင်း စသည်ကို ပြုရမည်ဟု မှတ်အပ်၏။ ရဟန်းတပါး နှစ်ပါးစသည်ကို အာရာမ်ပြင်ပ ရွာတွင်း မြို့တွင်း စသောအရပ်တို့နှိုက် တွေ့မြင်သည်ရှိသော် ထိုအတူ(၁၂)တောင်အရပ်က ဘိနပ်ချွတ်ခြင်း စသည်ကို ပြု၍ လက်အုပ်ချီခြင်း ရှိခိုးခြင်းစသော အရှိအသေဂါရဝအမှုကို ပြုလုပ်ကြရမည်၊ မပြုမလုပ်က ရဟန်းတပါးတည်းပင် ဖြစ်သော်လည်း သံဃ အဂါရဝ ဖြစ်၏ဟု မုချမှတ်သားအပ်၏။ ထိုကြောင့် သမ္မောဒဋ္ဌကထာနှိုက်—

ကေဘိက္ခုသ္မိံ ဟိ အဂါရဝေ ကတေ သံဃေ အဂါရဝေါ ကတော၀ ဟောတိ။—ဟု ဖွင့်ပြတော်မူ၏။

အနက် ဟိသစ္ဘံ၊ မှန်၏။ ကေဘိက္ခုသ္မိံပိ၊ ရဟန်းတပါးကိုသော်လည်း။ အဂါရဝေ၊ မရိုသေခြင်းကို။ ကတေ၊ ပြုသည်ရှိသော်။ သံဃေ၊ သံဃာတော်နှိုက်။ အဂါရဝေါ၊မရိုသေခြင်းကို။ ကတော၀၊ ပြုအပ်သည်သာလျှင်။ ဝါ၊ပြုသည်မည်သည်သာလျှင်။ ဟောတိ၊၏။

ရဟန်းတော်တို့က ခွင့်ပြုလျှင် ဘိနပ်စီးအင်္ကျီစီးအင်္ကျီကို ပြုခြင်း

ရဟန်းတော်တို့က အခွင့်ပြုလျှင် ဘိနပ်စီးအပ် မစီးအပ် လျှောက်ထားသည်မှာ—

ရဟန်းတော်တို့က အခွင့်ပြုသော်လည်း ထိုကျောင်းတိုက် အာရာမ်တွင်းနှိုက် သီတင်းသုံးတော်မူလျက်ရှိပေသော စေတီတော်,ရုပ်ပွါးတော်တို့က အခွင့်ပြုတော်မူနိုင်ရန် ခဲလှသောကြောင့် ဂရုကအရာဌာနသို့ လိုက်သောအားဖြင့် မစီးအပ် မစီးကောင်းဟု မှတ်သင့်ပေ၏။ "နောမတိ၊ စာမရှိ"။

ချင်းချက် မှတ်ရန်— စေတီတော်, ကျောင်းအာရာမ်တွင်းတို့နှိုက် စေတီတော်၏ ကိစ္စ သံဃာတော်၏ အမှုကိစ္စများကို ပြုလုပ်ရွက်ဆောင်ကြသောအခါနှိုက် အသက်၏ အန္တရာယ်ဖြစ်လောက်အောင် အပူအားကြီးလှ၍ မလုပ်မကိုင်နိုင်အောင် ဖြစ်သဖြင့် အဂါရဝစေတနာလည်း မပါပါ၊ ပဒုဋ္ဌစေတနာလည်း မပါပါ၊ ဘိနပ်စီး ထီးဆောင်းရမှ လုပ်ကိုင်နိုင်ပါမည်ဟု လျှောက်ထားခဲ့ပါလျှင် စေတီတော်၏ ကိစ္စ သံဃာတော်၏ ကိစ္စ ပြီးစေခြင်းငှါ အဂါရဝ စေတနာ ပဒုဋ္ဌစေတနာ မပါလျှင် ဘိနပ်စီး ထီးဆောင်း၍ လုပ်ကိုင်တော့ဟု အခွင့်ပြုလျှင် ဘိနပ်စီးကောင်း၏ဟု မှတ်ယူသင့်ပေ၏၊ အဘယ်ကြောင့်နည်း ဟူမူ အဂါရဝအရာဌာနနှိုက် မြတ်စွာဘုရား၏ ခြေမတော်ဖျားနှိုက် သွေးစိမ်းတည်ရာ ဇ်ဝက ဝေးခဲ့သကဲ့သို့ဎင်း၊ ရဟန်းတော်များ ညောင်းညာ၍ အနင်းခိုင်းရာ နင်းနယ်သော သူကဲ့သို့ဎင်း အဂါရဝ ပဒုဋ္ဌစေတနာဖြင့် ဆုံးဖြတ်သင့်သောအရာ ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် တိတ္တိယဇာတ်နှိုက် "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဟူ၍ဎင်း၊ ဓမ္မပဒပါဠိတော်နှိုက်—

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာစေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။—
ဟူ၍ဎင်း ဟောတော်မူ၏။

အနက်—ဘိက္ခဝေ၊ ရဟန်းတို့။ စေတနာ၊ စေတနာကို။ ကမ္မံ၊ ကံဟူ၍။ အဟံ၊ငါဘုရားသည်။ ဝဒါမိ၊ဟောတော်မူ၏။

ဘိက္ခဝေ၊ တို့။ ဓမ္မာ၊ ဝေဒနာစသော နာမက္ခန္ဓာတရားသုံးပါးတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ ဝိညာဏက္ခန္ဓာသာလျှင် ရှေသွားရှိကုန်၏။ ဝါ၊ ဝိညာဏက္ခန္ဓာသာလျှင် ပြဓာန်းခြင်း ရှိကုန်၏။ မနောသေဋ္ဌာ၊ စိတ်လျှင် အကြီးအမြတ် ရှိကုန်၏။ မနောမယာ၊ စိတ်ဖြင့် ပြီးကုန်၏။ ပဒုဋ္ဌေန၊ အဘိဇ္ဈာ စသည်တို့သည် ဖျက်ဆီးအပ်သော။ ဝါ၊ ပြစ်မှားလိုသော။ မနသာ၊ စိတ်ဖြင့်။ ယောကောစိ၊ အမှတ်မရှိ တစုံတယောက်သောသူသည်။ ဝစီဒုစ္စရိတံ၊ မုသာဝါဒ

စသော ဝစီဒုစရိုက်ကို။ စေဘာသတိဝါ၊ အကယ်၍ ဆိုမူလည်းဆိုငြားအံ့။ ကာယဒုစ္စရိတံ၊ ပါဏာတိပါတစသော ကာယဒုစရိုက်ကို။ စေကရောတိဝါ၊ အကယ်၍ ပြုမူလည်းပြုငြားအံ့။မနောဒုစ္စရိတံ၊အဘိဇ္ဈာစသောမနောဒုစရိုက်ကို။စေစိန္တေတိဝါ၊အကယ်၍ ကြံမူလည်း ကြံအံ့။တတော၊ထိုပြစ်မှားလိုသော မကောင်းသော စိတ်သဘောဖြင့် ပြောမိ ဆိုမိ ပြုမိ ကြံစည်မိသော ဒုစရိုက်ကြောင့်။စက္ကံ၊လှည်းဘီးစက်သည်။ ဝဟတော၊လှည်းဝန်ကိုဆောင်သော နွားလား၏။ပဒံ၊ခြေရာသို့။ အန္ဝေတိဂ္ဂဝ၊အစဉ်လိုက်သကဲ့သို့။ နံပုဂ္ဂလံ၊ထိုဒုစရိုက်ရှိသော ပုဂ္ဂိုလ်သို့။ အန္ဝေတိ၊အစဉ်တစိုက် လိုက်လေ၏။

ထီးဆောင်းခြင်းနှီုက် အထူးမှတ်ချက်—မိုးရွာသောအခါနှီုက် ဝိသာခါပုဗ္ဗာရုံကျောင်းအမကြီးသည် ငယ်ရွယ်စဉ်အခါက လောကီဖြစ်သော မိန်းမတို့၏ ကြက်သရေ ဂုဏ်ဒြပ်မည်ကို စိုးရိမ်ကြောင့်ကြ၍ ထီးမပါသဖြင့် မိုးလုံခြုံရာ စရပ်သို့ အဆောတလျင် မပြေးမသွား အဖိုးထိုက်တန်သော အဝတ် တန်းဆာများကို မိုးစွတ်ခံ၍ ဖြေးဖြေးနှေးနှေးသာ သွားသကဲ့သို့၊ ထိုအတူ မိုးရွာသော်လည်း ဗုဒ္ဓေ အဂါရဝ စသည်ဖြစ်၍ အပါယ်လေးပါးသို့ ကျရောက်ကြရမည်ဖြစ်သော သံသရာဒုက္ခဘေးကြီးကို တွေးကြောက်ကြပြီးလျှင် အဝတ်တန်းဆာကို အစိုခံလျက် စေတီတော်အာရာမ်တွင်း ကျောင်းအာရာမ်တွင်းတို့နှီုက် လူဂဟဋ္ဌတို့သည် ထီးဆောင်းခြင်းတို့ကို သတိမလွဲ အမြဲနှလုံးထား၍ ကြဉ်ရှောင်ကုန်ရာ၏။

ဧစေတီဧတော်, ဧကျောင်းအာရာဇ်တွင်း ထီးဆောင်းခြင်း ဘိနပ်စီးခြင်းစသော အဂါရဝ၏ အပြစ်ကို ပြခြင်း

ထိုစေတီတော် အနီးအပါး စေတီတော်အာရာမ်တွင်း ရဟန်းသံဃာတော်တို့၏ အနီးအပါး ရဟန်းသံဃာတော် သီတင်းသုံးသော ကျောင်းအာရာမ်တွင်းတို့နှီုက် ထီးဆောင်းခြင်း ဘိနပ်စီးခြင်း စသည်တို့သည် အရိုအသေအလေးအမြတ် ပြုရာမရောက်သောကြောင့် ဗုဒ္ဓေ အဂါရဝ သံဃ အဂါရဝ ဖြစ်ကုန်၏။ထိုအဂါရဝ ဟူသည်လည်း အလွန်ခက်ထန်သော မာန်မာနရှိသည်

ဖြစ်၍ အရိုအသေ အလေးအမြတ် ပြုအပ်ပြုထိုက်သော ဘုရား, တရား, သံဃာ, ဆရာ, မိဘစသော ဂုဏဝုဒ္ဓိ ဝယဝုဒ္ဓိရှိသော သူမှန်သူမြတ်တို့အား ရှိမခိုးခြင်း ခရီးဦးမကြိုဆိုခြင်း နေရာမပေးခြင်း ခရီးရှောင်လွဲ၍ မပေးခြင်း အရိုအသေ မပြုခြင်း အလေးအမြတ် မပြုခြင်း မမြတ်နိုးခြင်း ပူဇော်ခြင်းတို့ပင်လျှင် တည်း။ ထိုစေတီတော်ယင်ပြင် ရဟန်း သံဃာတော်တို့ သီတင်းသုံးနေထိုင် တော်မူရာ ကျောင်းအာရာမ်တွင်းတို့နှိုက် ဘိနပ်စီးခြင်း ထီးဆောင်းခြင်း စသည်တို့ကို ပြုလုပ်သော သူတို့သည် ဗုဒ္ဓအဂါရဝ သံဃအဂါရဝဖြစ်၍ ချမ်းသာမှကင်းသော မကောင်းမှုကို ပြုလုပ်သော သူတို့ လားရာဖြစ်သော ပျက်စီး၍ ကျရာဖြစ်သော ငရဲနှိုက် ဖြစ်ကြရ ကျက်ကြရကုန်၏။ အကယ်၍ လူဖြစ်အံ့ အကြင်အကြင်ဘဝနှိုက်ဖြစ်အံ့ ထိုထိုဘဝနှိုက် ယုတ်နိမ့်သော အမျိုးနှိုက် ဖြစ်ရ၏။ ယုတ်စွအဆုံး ဤဘိနပ်စီးခြင်း ထီးဆောင်းခြင်းစသော အဂါရဝအကျင့်သည် ယုတ်နိမ့်သော ဒွန်းစဏ္ဍား, မူဆိုး, တံငါအမျိုးနှိုက် ဖြစ်စေတတ်သေး၏ဟူ၍ မုချမလွဲ အမြဲမှတ်ယူအပ်၏။ ထိုကြောင့် ဥပရိပဏ္ဏာသ ပါဠိတော် စူဠကမ္မဝိဘင်္ဂသုတ်နှိုက်—

ဇာဓ မာဏဝ ကေစ္ဆော ဇာတ္ထိဝါ ပုရိသော၀ါ ထဒ္ဓေါ ဟောတိ၊ အတိမာနီ အဘိဝါဒေတဗ္ဗံ နာ အဘိဝါဒေတိ၊ ပစ္စုဋ္ဌာတဗ္ဗံ နာ ပစ္စုဋ္ဌေတိ၊ အာသနာရဟဿ နာ အာသနံ ဒေတိ၊ မဂ္ဂါရဟဿ နာ မဂ္ဂံ ဒေတိ၊ သက္ကာတဗ္ဗံ နာ သက္ကရောတိ၊ ဂရုကာတဗ္ဗံ နာ ဂရုံ ကရောတိ၊ မာနေတဗ္ဗံ နာ မာနေတိ၊ ပူဇေတဗ္ဗံ နာ ပူဇေတိ၊ သော တေနကမ္မေန ဧဝံ သမတ္တေန သမာဒိန္နေန ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိ ံ ဝိနိပါတိ ံ နိရယံ ဥပပဇ္ဇတိ။ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထယတ္ထ ပစ္စာ ဇာယတိ၊ နီစ ကုလိနော ဟောတိ၊ နီစ ကုလိနသံဝတ္တနိကာ သော မာဝဏ ပဋိပဒါ။—ဟု ဟောတော်၏။

အနက် မာဏဝ၊ လုလင်။ ဇာမ၊ ဤ ငါဘုရား သာသနာတော်နှိုက်။ ကေစ္ဆော၊ အခွါသော။ ဇာတ္ထိဝါ၊ မိန်းမသည်ငင်း။ ပုရိသော၀ါ၊ ယောကျ်ားသည်ငင်း။ ထဒ္ဓေါ၊ ကြမ်းထန်းခက်ထန်သည်။ ဟောတိ၊ ဖြစ်၏။

အတိမာနီ၊လွန်သော မာန်မာန့ရှိသည်ဖြစ်၍။ အဘိဝါဒေတဗ္ဗံ၊ရှိခိုးအပ် ရှိခိုး ထိုက်သော ဘုရားအစရှိသော သူမြတ်ကို။ နအာဘိဝါဒေတိ၊ ရှိမခိုး။ ပစ္စုဋ္ဌာ တဗ္ဗံ၊ခရီးဦး ကြိုဆိုအပ် ကြိုဆိုထိုက်သော ဘုရားအစရှိသော သူမွန်သူမြတ်ကို။ နပစ္စုဋ္ဌေတိ၊ခရီးဦး မကြိုဆို။ အာသနာရဟာဿ၊ နေရာပေးခြင်းငှါထိုက်သော ဘုရားအစရှိသော သူမွန်သူမြတ်အား။ အာသနံ၊ နေရာကို။ နဒေတိ၊ မပေး။ မဂ္ဂါရဟာဿ၊ခရီးရှောင်လွဲ၍ ပေးခြင်းငှါထိုက်သော ဘုရားအစရှိသော သူမွန် သူမြတ်အား။ မဂ္ဂံ၊ ခရီးကို။ နဒေတိ၊ ရှောင်လွဲ၍ မပေး။ သက္ကာတဗ္ဗံ၊ အရိုအသေ ပြုအပ်ပြုထိုက်သော ဘုရားအစရှိသော သူမွန်သူမြတ်ကို။ နသက္ကရောတိ၊အရိုအသေ မပြု။ ဂရုကာတဗ္ဗံ၊အလေးအမြတ် ပြုအပ်ပြုထိုက်သော ဘုရား အစရှိသော သူမွန်သူမြတ်ကို။ နဂရုံကရောတိ၊ အလေးအမြတ် မပြု။ မာနေ တဗ္ဗံ၊မြတ်နိုးဒေါ် မြတ်နိုးထိုက်သော ဘုရားစသော ရတနာသုံးပါး ဆရာ,မိဘ စသော သူမွန်သူမြတ်ကို။ နမာနေတိ၊မမြတ်နိုး။ ပူဇေတဗ္ဗံ၊ပူဇော်အပ် ပူဇော် ထိုက်သော ဘုရားအစရှိသော ရတနာသုံးပါး ဆရာ, မိဘစသော သူမွန်သူ မြတ်ကို။ နပူဇေတိ၊ မပူဇော်။ သော၊ ထို ရှိခိုးခြင်းစသော ဂါရဝမပြုသော ယောကျ်ား,မိန်းမသည်။ ဧဝံသမတ္တော်၊ကျိုးသို့ ပြီးစေသော။ ဧဝံသမာဒိန္နေန၊ ကျိုးသို့ ဆောက်တည်သော။ တေနကမ္မေန၊ ထိုမကောင်းမှုကံကြောင့်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်သည်မှ။ ပရမွရဏာ၊စုတေသည်၏ အဆုံးနှိုက်။ အပါယံ၊ချမ်းသာမှကင်းသော။ ဒုဂ္ဂတိံ၊မကောင်းမှုကို ပြုသောသူတို့၏ လားရာဖြစ်သော။ ဝိနိပါတိံ၊ ပျက်စီး၍ ကျရာဖြစ်သော။ နိရယံ၊ ငရဲနှိုက်။ ဥပပဇ္ဇတိ၊ ဖြစ်ရ၏။ မနုဿတ္တံ၊ လူ၏အဖြစ်သို့။ သစေအာဂစ္ဆတိ၊ အကယ်၍ ကပ်ရ ရောက်ရသည်ဖြစ်အံ့။ ယဘ္ဃယတ္ထာ၊အကြင်အကြင် ဘဝနှိုက်။သစေပစ္စာဇာယတိ၊အကယ်၍ တဖန်ဖြစ်အံ့။တတ္ထတတ္ထာ၊ထိုထိုဘုံဘဝနှိုက်။ နီစကုလိနော၊ ယုတ်နိမ့်သော အမျိုးရှိသည်။ ဝါ၊ယုတ်နိမ့်သော ဒွန်းစက္လား, မူဆိုး, တံငါမျိုးနှိုက်ဖြစ်ရသည်။ ဟောတိ၊၏။ မာဏာ၊လုလင်။ သောပဋိပဒါ၊ကျိုးသို့ ပြီးစေသော ရှိသော ရတနာသုံးပါး ဆရာ,မိဘစသော သူမွန်သူမြတ်တို့အား ရှိခိုးခြင်းစသည် မပြုသော အဂါရဝအကျင့်သည်။ နီစကုလိနသံဝတ္တနိကာ၊ ယုတ်ညံ့ယုတ်နိမ့်သော အမျိုးနှိုက်ဖြစ်စေတတ်သည်။ ဟောတိ၊၏။

ဘိန့ဝင်းခြင်း အဂါရဝကြောင့် အပြစ်ခံရသော ဝတ္ထုသက်သေကို ပြခြင်း

ငါတို့ မြတ်စွာဘုရား လက်ထက်တော်၌က် အဇာတသတ်မင်း၏ ခမည်းတော် သောတာပန် ဗိမ္မိသာရမင်းကြီးသည် ရှေးလွန်လေပြီးသော ဘဝန်က် စေတီတော်ယင်ပြင်၌က် ဘိနပ်စီး၍ သွားမိသော မကောင်းမှုကံ၏ ဝိပါကသည်ကို ခံရသော အကျိုး ကြွင်းကြောင့်ရင်း၊ ရဟန်းသံဃာတော်တို့၏ နေ့ထိုင်ခြင်း အကျိုးငှါ ခင်းထားအပ်သော သင်ဖြူး,ဖျာန်၌က် မဆေးသောခြေတို့ဖြင့် နင်းသွားမိသော မကောင်းမှုကံ၏ ဝိပါကသည်သည် အကျိုးကြွင်း အကျိုးဆက်ကြောင့်ရင်း ခြေဘဝါးကို ဓားဖြင့်ဖေါက်ခဲ့၍ ဆား,ဆီဘို့ဖြင့် လိမ်းကျံပြီးလျှင် ရှားမီးကျီးခဲတို့၌က် မြှုပ်ကင်၍ အသတ်ခံရလေ၏။ "တဿာယံ နိဿန္ဒော" ဟူသော အဋ္ဌကထာကို ထောက်သဖြင့် ငရဲ၌က် ကျက်ရ ခံရခဲ့ဘူးပြီဟူသော ဗျတိရေက အဓိပ္ပါယ်ကို ယူအပ်၏။ ထိုကြောင့် သီလကွန်အဋ္ဌကထာ သာမညဖလသုတ်အဖွင့်၌က်—

> ရာဇာ ကိရ ပုဗ္ဗေ စေတိယင်္ကဏေ သဉ္ဉပါဟနော အဂမာသိ၊ နိသဇ္ဇနတ္ထာယ ပညတ္တာ ကဋသာရကာ အဓောတေဟိ ပါဒေဟိ အက္ကမိ။ တဿာယံ နိဿန္ဒောတိ ဝဒန္တိ။—ဟု ဖွင့်တော်မူ၏။

အနက် ရာဇာ.ဗိမ္မိသာရမင်းကြီးသည်။ ပုဗ္ဗေ၊ရှေးလွန်လေပြီးသော ဘဝန်၌က်။ စေတိယင်္ကဏေ၊ စေတီတော်ယင်ပြင်၌က်။ သဉ္ဉပါဟနော၊ ဘိနပ်နှင့်တက္ခ။ ဝါ၊ဘိနပ်စီးလျက်။ အဂမာသိကိရ၊သွားဘူးသတတ်။ နိသဇ္ဇနတ္ထာယ၊ရဟန်းသံဃာတော်တို့ နေထိုင်ခြင်းအကျိုးငှါ။ပညတ္တာကဋသာရကာ၊ ခင်းထားအပ်သော သင်ဖြူး, ဖျာကိုလည်း။ အဓောတေဟိ၊ မဆေးကြောမသုတ်သင်အပ်ကုန်သော။ ပါဒေဟိ၊ ခြေတို့ဖြင့်။ အက္ကမိကိရ၊ နင်းမိဘူးသတတ်။ အယံ၊ ဤခြေကို ဖေါက်ခဲ့၍ အသတ်ခံရခြင်းသည်။ တဿပါပကမ္မဿ၊ထိုမကောင်းမှုကံ၏။ ဝါ၊ထိုစေတီတော် ယင်ပြင်၌က် ဘိနပ်စီးမိသော မကောင်းမှုကံ သံဃာတော်တို့ နေထိုင်ခြင်းအကျိုးငှါ ခင်းထားအပ်သော သင်ဖြူး, ဖျာန်၌က် မဆေးသော ခြေတို့ဖြင့် နင်းမိသော မကောင်းမှုကံ၏။ နိဿန္ဒော၊.အကျိုးဆက်တည်း။ ဣတိ၊ ဤသို့။ အာစရိယာ၊ အဋ္ဌကထာဆရာတို့သည်။ ဝဒန္တိ၊ဆိုကုန်၏။

ဆရာသမား အမိ အဘ ဂုဏဝုဒ္ဓိ ဝယဝုဒ္ဓိရှိသော သူမွန်သူမြတ် စသည်တို့၏ အနီးအပါးနှိုက် ဘိနပ်စီးခြင်း ထီးဆောင်းခြင်း စသည်ကို ပြုလုပ်ခြင်း သည်လည်း ထိုအတူ အဂါရဝဖြစ်၍ နိရယဒုက္ခစသော အပြစ်ရှိ၏ဟူ၍မှတ်။

အနုသာသနီကထာ— မြတ်စွာဘုရား လက်ထက်တော်နှိုက် ဗိမ္မိသာရ, ကောသလစသော မင်းကောင်း မင်းမြတ်တို့သည် မြတ်စွာဘုရား ကျောင်းတော်သို့ ဆင်ယာဉ် မြင်းယာဉ် စသည်စီး၍ လာကြကုန်သည်ရှိသော် ဗုဒ္ဓေအဂါရဝ သံဃေ အဂါရဝမဖြစ်ရအောင် ကျောင်းတိုက်အာရာမ်ပြင်ပ ဥပစာရကပင်လျှင် ယာဉ်ရထားထက်မှ ဆင်းသက်၍ ဘိနပ်မစီး ထီးမဆောင်းဘဲ ခြေဖြင့် လာကြကြောင်းကို ထိုထိုပါဠိတော်တို့နှိုက် ဟောတော်မူခြင်း များစွာပင် ရှိချေသည်။ ထိုမှတပါး မိထွေးတော် ဂေါတမီအမှူးရှိသော သာကီဝင် မင်းသမီးငါးရာတို့သည် ရဟန်းပြုအံ့သောငှါ မြတ်စွာဘုရားအထံတော်သို့ သွားကြသောအခါ ယာဉ်ရထားစီး၍ သွားကုန်သည်ရှိသော် မြတ်စွာဘုရားအား မရိုမသေ ပြုရာရောက်၏ဟု နှလုံးထား၍ ဂါရဝတရားကို အလေးပြုသဖြင့် ငါးဆယ့်တယူဇနာတိုင်တိုင်သော ခရီးကိုခြေဖြင့် သွားရောက်ကြကြောင်းကို အဂ်ုတ္တရအဋ္ဌကထာ, တရသကဏ်ဍိကာတို့နှိုက် လာသည်။ ဤ ရှေးသူတော်ကောင်းတို့၏ ဝတ္ထုသက်သေကို ထောက်ဆကြ၍၎င်း၊ အထက်က ပြဆိုခဲ့ပြီးသော ပါဠိတော်, အဋ္ဌကထာလာ အပြစ် အာဒီနဝတို့ကို ဉာဏ်ပညာဖြင့် ကြည့်ရှု ဆင်ခြင်ကြ၍၎င်း စေတီတော်ယင်ပြင် သံဃာတော်တို့ သီတင်းသုံးနေထိုင်တော်မူရာ ကျောင်းအာရာမ်တွင်း အာရာမ်မရှိသော စေတီတော် ရဟန်းသံဃာတော်တို့၏ အနီးအပါး(၁၂)တောင်အတွင်းနှိုက် ဘိနပ်စီးခြင်း ထီးဆောင်းခြင်း ဦးခေါင်းခြုံခြင်း ကျင်ကြီး ကျင်ငယ် နှပ် တံတွေး စွန့်ခြင်း ယာဉ်ရထားစီးခြင်းတို့ကို ငရဲဘေးမှ လွတ်ကြရအောင် သတိသမ္မဇညတရားဖြင့် ကျိုးစား၍ ရှောင်ကြဉ်ကြလေကုန်။

ဥပါဟနာရုဇ္ဇဝဒိ ဝိနိစ္ဆယ ပြီးပြီ။

ပါရာဇိကံ ပဌမသေးပုဒ်ဖွင့်

နအာကွာရာ ပါသင့် မပါသင့်
ဝိနိစ္ဆယ

၁၂၉၆–ခု၊ ပဌမဝါဆိုလပြည့်ကျော်(၇)ရက်နေ့။

မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက် သေဋ္ဌေးကျောင်း ဆရာတော်၏ "ဆဋ္ဌိတဝိဟာရေ ပန ဖလာဖလံ ထေယျစိတ္တေန ပရိဘုဉ္ဇတော ပါရာဇိကံ" ဟူသော ပါရာဇိကဏ်အဋ္ဌကထာ ဒုတိယသိက္ခာပုဒ် "ပါရာဇိကံ" ဟူသောပုဒ်နှိုက် နအာကွာရာ ပါသင့် မပါသင့်ဟူ၍ မေးလျှောက်ရာနှိုက်–

(က) ပစ္ဆိန္နေ စောရပဒ္ဓဝေန ဂါမေသု ဝုဋ္ဌဟန္တေသု ဘိက္ခု။ ဝိဟာရေ ဆဋ္ဌေတွာ ပုန အာဝဿန္တေ ဇနပဒေ အာဂမိဿာမာတိ သဉ္ဇဿာဟာဝ ဂစ္ဆန္တိ။ ဘိက္ခု။ တာဒိသံ ဝိဟာရံ ပတ္ဝာ အမ္ဗပက္ကာဒိနိ ဆဋ္ဌိတာနိတိ ပံသုကူလသညာယ ပရိဘုဉ္ဇန္တိ အနာပတ္တိ။ ထေယျစိတ္တေန ပရိဘုဉ္ဇတော အဝဟာရော ဟောတိ ဘဏ္ဍံ အဿ ဂါပေတွာ ကာရေတဗ္ဗော။—

ဟူသော ပါရာဇိကဏ် အဋ္ဌကထာ ပဌမဝါကျနှိုက် "သဉ္ဇဿာဟာဝ" ဟူသောသဒ္ဒါဖြင့် ကျောင်းမှထွက်၍ သွားသော်လည်း ဥဿာဟ, အာလယ ရှိသည်၏အဖြစ်ကို ပြတော်မူသောကြောင့် အလျင်း အာလယပြတ် မစွန့်ရကား ထေယျစိတ်ဖြင့် သုံးဆောင်သော ရဟန်းအား အဝဟာရဏ ဖြစ်၏။ ဥဿာဟ,အာလယ မရှိသည်ဖြစ်အံ့ သဉ္ဇဿာဟာဝ ဟူသောပုဒ်နှိုက် ဝေသဒ္ဒါ၏ နိဝတ္တိတဗ္ဗ အနက်အားဖြင့် ထေယျစိတ်ဖြင့် ယူသော်လည်း အဝဟာရဏ မဖြစ်ဟူသော အနက်အဓိပ္ပါယ်ကို အဋ္ဌကထာသစ် ဆရာတော်သည် မိမိအလို အားဖြင့်သာ အာရုမိက သံဃိကဝိဟာရကို ရည်၍ "သဉ္ဇဿာဟာဝ" သဒ္ဒါဖြင့် ဖွင့်ဆိုတော်မူဟန် လက္ခဏာရှိသည်။ ဤကဲ့သို့ အာရုမိက သံဃိကဝိဟာရကို မယူသည်ရှိသော် "ဂဏသန္တကေ ပန ပုဂ္ဂလိကေစ သဉ္ဇဿာဟ မတ္တာမေဝ ပမာဏံ" ဟူ၍ ဆိုလတံ့သောစကားနှင့်ဝင်း၊ "ဆဋ္ဌိတဝိဟာရတော မဉ္ဇုပိဌာဒိနိ ထေယျစိတ္တေန ဂဏှန္တော ဥဒ္ဓါရေယေဝ ဘဏ္ဍဥ္ဍန ကာရေတဗ္ဗော" ဟူသော

သေနာသနက္ခန္ဓက အဋ္ဌကထာနှင့်ဎင်း ဆန့်ကျင်ခဲ့ရာ၏။ ထိုကြောင့် ဎင်းအဋ္ဌကထာနိုက် "ဝိဟာရ" အရကို အာရာမိကသံဃိကဝိဟာရကို ယူသင့်၏။ ဎင်းအဓိပ္ပါယ် အကျဉ်းစကားကို—

မဟာအဋ္ဌကထာယမ္ပိ ယဒိ နိရုဿာဟာ ဂန္ဆန္တိ ထေယျစိတ္တေန ဂဏ္ဍတော အဝဟာရော ဟောတိ။—

ဟူ၍ ဝင်္ဂီရဗုဒ္ဓိဋီကာဆရာ သာဓကဒဋ္ဌိမူသော မဟာအဋ္ဌကထာစကားကို ထောက်ထား၍ ရေးသားလိုက်ပါသည်။

(ခ) မဟာပစ္စရိယံ ပန သခ်ေပအဋ္ဌကထာယဉ္စ အဝိသေသေန ဝုတ္တံ၊ ဆဋ္ဌိတဝိဟာရေ ပန ဖလာဖလံ ထေယျစိတ္တေန ပရိဘုဉ္ဇတော ပါရာဇိကံ။ ကသ္မာ။ အာဂတာနာဂတာနံ သန္တကတ္တာတိ။—

ဟူသော အဋ္ဌကထာဝါဒပြု နောက်ဝါကျနိုက် "သဉ္ဇာဟ နိရုဿာဟ" ပုဒ်တို့ဖြင့် အထူးမပြုဘဲ "အဝိသေသေန" ဟူ၍ သာမညအားဖြင့် ဆိုရကား ရှေးအဋ္ဌကထာဝါကျနှင့် အဝဟာရဏဖြစ်ခြင်း အဓိပ္ပါယ်တူသောကြောင့်ဎင်း၊ "အာဂတာနာဂတာနံ သန္တကတ္တာ" ဟူ၍ အာဂတာနာဂတသဒ္ဒါ သန္တကသဒ္ဒါဖြင့် ဉာပကဟိတ်ပါဋ္ဌကို ပြခြင်းကြောင့်ဎင်း ပါရာဇိကံ ဟူသောပုဒ်နိုက် နအာကွာရာ မပါခြင်းသည်သာလျှင် သင့်မြတ်ပါ၏။ အကယ်၍ နအာကွာရာ ပါခဲ့သည်ဖြစ်အံ့ "အာဂတာနာဂတာနံ ပရိစ္ဆေဒတတ္တာ" ဟူ၍ ဉာပကဟိတ်ပါဋ္ဌ ပြရာ၏။ ဤသို့ မပြသောကြောင့် နအာကွာရာ မပါခြင်းသည်သာလျှင် ယုတ္တတရ ဖြစ်ပေ၏။

(ဂ) ဂဏသန္တကေ ပန ပုဂ္ဂလိကေစ သဉ္ဇာဟ မတ္တမေဝ ပမာဏံ။ –

ဟူသော ဂဏသန္တက ပုဂ္ဂလသန္တက ဝိသေသပြု ဎင်းအဋ္ဌကထာ နောက်ဝါကျနိုက် ဂိုဏ်း, ပုဂ္ဂိုလ်တို့သည် ထိုကျောင်းတိုက် အာရာမ်ကို မပြတ်မစဲ သဉ္ဇာဟ, အာလယရှိလျက် စွန့်၍ သွားခဲ့သော် ဖလာဖလ စသည်ကို ထေယျစိတ်ဖြင့် သုံးဆောင်သော ရဟန်းအား အဝဟာရဏဖြစ်၏။ သဉ္ဇာဟ သာလယ မရှိ စွန့်၍ သွားခဲ့သော် ထေယျစိတ်ဖြင့် ယူသော်လည်း အဝဟာရဏ

မဖြစ်ဟု အဓိပ္ပါယ်ကို မှတ်ယူအပ်၏။ ၎င်းဝါကျန္ဒိုက် ဗျတိရေက နေယျတ္ထ နည်းအားဖြင့် စာတုဒ္ဒိသာ သံဃိကဝိဟာရန္ဒိုက် အာရာမိကသံဃာတို့သည် သဉ္ဃာဟ, သာလယ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ စွန့်လွှတ်၍ သွားသော်လည်း တကျွန်းလုံးရှိ သံဃာတော်တို့သည် အလုံးစုံ စွန့်လွှတ်နိုင်ရန် ခဲယဉ်းသောကြောင့် ဖလာဖလ စသည်ကို ထေယျစိတ်ဖြင့် ယူငင် သုံးဆောင်သည် ရှိသော် အဝဟရဏဖြစ်၏ဟု အဓိပ္ပါယ်ကို ယူသင့်သောကြောင့် "ပါရာဇိကံ၊ နပါရာဇိကံ" ဟူ၍ ပါဠိနှစ်မျိုးနှစ်စားရှိရာ နအကွရာရှိသော ပါဠိမကောင်း၊ နအကွရာ မရှိသော ပါဠိသည်သာလျှင် ယုတ္တတရဖြစ်၏။ ဤအနက်, အဓိပ္ပါယ်ကို ရည်၍ စူဠဝါအဋ္ဌကထာ သေနာသနက္ခန္ဓကန္ဒိုက်—

(ဃ) ဆဋ္ဌိတဝိဟာရတော မဟ္ဓဝိဌာဒိနိ ထေယျစိတ္တေန ဂဏ္ဍုပ္ပေါ ဥဒ္ဓါရေယေဝ ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗော။—

ဟု ဖွင့်ပြတော်မူ၏။ ၎င်းအဋ္ဌကထာ၏ ဋီကာသုံးစောင်တို့ဒိုက် အဖွင့်မရှိ။ ပါစိတျာဒိယောဇနာန္ဒိုက်—

(c) ဆဋ္ဌိတဝိဟာရတောတိ ဘိက္ခု။ အနပေက္ခေန ဆဋ္ဌိတ သံဃိကဝိဟာရတောစ။ ပုဂ္ဂလေန သာပေက္ခေန ဆဋ္ဌိတ ပုဂ္ဂလိကဝိဟာရတောစ။—

ဟု ဖွင့်ပြတော်မူ၏။ ၎င်းအဋ္ဌကထာ ယောဇနာတို့ကို ထောက်သဖြင့် လည်း နအကွရာ မပါခြင်းသည်သာလျှင် ယုတ္တတရ ဖြစ်၏။

ပါဠိယံ ပန အနာဂတမ္ပိ ပါသာဏထမ္ဘံဝါ ရုက္ခထမ္ဘံဝါ အညံဝါ ကိဉ္စိ ပါဒဿနကံ ဟရန္တဿ ပါရာဇိကမေဝ။ပဓာန ဃရာဒိသု ဆဋ္ဌိတပတိတာနံ ပရိဝေဏာဒိနံ ကုဋ္ဋမ္ပိ ပါကာရမ္ပိ ဘိန္ဒိတ္ဝာ ဌဋ္ဌကာဒိနိ အဝဟရန္တဿ သေဝနယော။ကသ္မာ။ သံဃိကံနာမ ကဒါစိ အဇ္ဈာဝသန္တိ။ ကဒါစိ နဇ္ဈာဝသန္တိ။ ပစ္ဆန္နေ စောရဘယေန ဇနပဒေ ဝုဋ္ဌဟန္တေ ဆဋ္ဌိတဝိဟာရာဒိသု ကိဉ္စိ ပရိက္ခာရံ ဟရန္တဿာဝိ သေဝနယော။—

ဤ နောက်ဝါကျကို ထောက်သဖြင့်လည်း နအကွရာ မပါခြင်းသည် သာလျှင် ယုတ္တတရဖြစ်၏။ "ဤကား အဋ္ဌကထာချင်းချင်း ရှေ့,နောက်ညှိ၍ ဆုံးဖြတ်ခြင်းတည်း"။

ဝဇီရဗုဒ္ဓိဋီကာန္ဒိုက်လည်း—

(စ) အဝိသေသေနာတိ ဉဿာဟဂတာနံဝါတိ အဝတွာ ဝုတ္တံ။ နဟိ ကတိပယာနံ အနုဿာဟတာယ သံဃိက မသံဃိကံ ဟောတိ။ မဟာအဋ္ဌကထာယမွိ ယဒိ နိရဿာဟာ ဂစ္ဆန္တိ။ ထေယျစိတ္တေန ဂဏ္ဍတော အဝဟာရော ဟောတိတိ ဝုတ္တတ္တာ တဒုဘယမေတံ ဆဋ္ဌိတဝိဟာရေ ဉပစာရသိမာယ ပမာဏံ ဇာနိတုံ နသက္ကာ။ အယံ ပန ဘိက္ခု ဉပစာရသိမာယ ဇဟိဋ္ဌတ္တာ ဃဏ္ဍိ ပဟာရဏာဒိံ ကတွာ ပရိဘုဉ္ဇတိ ခါဒတိ။ တေန ဧဝံ ခါဒိတံ သုခါဒိတန္တိ အတ္ထော။ ဇုတရဝိဟာရေ တတ္ထ ဝုတ္ထဝိဓိနာဝ ပဋိပဇ္ဇိတဗ္ဗန္တိ ဝုတ္တံ။ အာဂတာနာဂတာနံ သန္ဓာကတ္တာတိ စာတုဒ္ဒိသဿ သံဃဿ ဒေမိတိ ဒိန္နတ္တာ ဝုတ္တံ။ ဧဝံ အဝတွာ သံဃဿ ဒေမိတိ ဒိန္နမွိ တာဒိသမေဝ။ တထာ ဇဟိ ဋ္ဌတော လာဘံ နလဘတိ။ဘဂဝတော ဝစနေ နာတိ ဝေဒိတဗ္ဗံ။—ဟု ဖွင့်ပြတော်မူ၏။

သာရတ္ထဒီပနီဋီကာန္ဒိုက်လည်း—

(ဆ) အဝိသေသေန ဝုတ္တန္တိ သဉဿာဟာဂဝါနိရဿာဂဝါဟာတိ ဝိသေသံ အပရာမသိတ္တာ သာမညတော ဝုတ္တံ။ နဟိ ကတိပယာနံ အနုဿာဟေ သတိ သံဃိကံ အသံဃိကံ ဟောတိတိ အယမေတ္ထ အဓိပ္ပါယော။ သဉဿာဟမတ္တမေဝ ပမာဏန္တိ သာမိကာနံ ပရိစ္ဆိန္နဘာဝတော ဝုတ္တံ။—ဟု ဖွင့်ပြ၏။

ဝိမတိဋီကာန္ဒိုက်လည်း—

(ဇ) အဝိသေသေနာတိ သဉဿာဟတာဒိ ဝိသေသံ အပရာမသိတ္တာ သာမညတော။ သဉဿာဟမတ္တမေဝ အာပတ္တိဘာဝဿ ပမာဏံ သာမိကာနံ ပရိစ္ဆိန္နဘာဝတော။—ဟု ဖွင့်ပြတော်မူ၏။

ဂင်းဋီကာတို့ကို ထောက်သဖြင့် ပစ္စေန္တစသော ရွှေဝါကျနှင့် မဟာပစ္စရိယံ ပန ဟူသော ဝါကျသည် သဉဿာဟ,နိရဿာဟသဒ္ဒါ မပါခြင်းမျှသာထူး၏။ အဝဟာရဏ ဖြစ်ခြင်း အဓိပ္ပါယ်တူသောကြောင့် ပါရာဇိကံ ဟူသောပုဒ်နှိုက်နအက္ခရာမပါသော ပါရာဇိကံဟူသော ပါဌ်သည်သာလျှင် ယုတ္တတရဖြစ်ပေ၏။

ပါရာကံန္ဒိုက် နအက္ခရာ ပါသင့် မပါသင့်ဝိနိစ္ဆယ ပြီးပြီ။

မန္တလေးဖွဲ့
မိုးကောင်းတိုက် ညောင်ရပ်းဆရာတော်ဘုရား ဆံ
ဖေး သျှောက်သွား

ရခိုင်ပြည် စစ်တွေမြို့အဝိုင် ကျွတိုးကျောင်း ဆရာတော် "ရှင်သုန္ဒရ" ဂါရဝရှေသွား ကံသုံးပါးတိုဖြင့် ခွင့်တောင်းစကား လျှောက်ကြားပါသည် ညောင်ရမ်းဆရာတော်ဘုရား....။

အောက်ပါ ပုစ္ဆာများ၏ ဝိဿဇ္ဇနာ ဝိနိစ္ဆယကို တပည့်စဉ်ဆက် မှတ်သားပါရအောင် ဖြေကြား ဆုံးဖြတ်၍ ပေးသနားတော်မူပါမည့်အကြောင်း ရိုသေစွာ လျှောက်ပါသည်ဘုရား....။

၁ ဥပုသ်ကံနှိုက် ပတ္တကလွအင်္ဂါကို ရအပ်သကဲ့သို့၊ တပါးသောကံတို့ နှိုက် ရအပ်ပါသလော။

၂ ယခုကာလနှိုက် ခန့်ထားသော ရွာသူကြီးတို့သည် အဌကထာပြု ဂါမဘောဇက ဟုတ် မဟုတ်၊ ဟုတ်ပါလျှင် ၎င်းတို့ကို ဝိသုံဂါမသိမ် အမိန့်စာကို ခံယူရန် စေခိုင်းသင့်ပါမည်လော။

၃ သိမ်ပေါ်က ကြေးနန်းကြိုး ဖြတ်သန်း၍ သွားခြင်းရှိပါလျှင် မည်သို့ အပြစ်ရှိပါသနည်း။

၄ ရဟန်းတပါးသည် ပိုင်ရှင်ရှိသောကျောင်းကို အသစ်ထပ်မံ၍ လုပ်ရာ ကျောင်းရှင်တို့နှင့် မသင့်ကြ၍ သူတို့၏ သန္တကအဖြစ်မှ လွှတ်အောင် တကာများကို နှုတ်ပေးစကားဖြင့် သွန်သင်၍ ဖျက်ဆီးပြီးလျှင် အသစ်အဟောင်း ရောသော အဆောက်အဦတို့ဖြင့် ဆောက်လုပ်ပြီးလျှင် "ငါဖျက်သည် မဟုတ်၊ တကာတို့ ဖျက်၍ လုပ်ကြသည်၊ ငါ့မှာ နေရုံသာ တာဝန်ရှိသည်" ဟု ပြောပါသည်။ ရဟန်း အချို့ကလည်း သူ၏စကားကို လိုက်နာကြပါသည်။ ဤအရာနှိုက် သင့်လျော်သော ဝိနိစ္ဆယကို အစဉ်အလာ မှတ်သားလိုပါသည်ဘုရား။

၅ ခိုးရသောပစ္စည်းကို လှူလျှင် အကျိုးမကြီးဟု သုတ္တန်အလို သိရပါပြီ၊ အလှူခံပုဂ္ဂိုလ်,ဂိဏ်း,သံဃာတို့မှာ အပြစ်လွတ် မလွတ်ကို သိလိုပါသည်။

၆ ဥပဇ္ဈာယ်ကား, ဥပဓိဥကံတို့သည် ဇာတ်တူချင်းသာ ထောက်ပံ့ခြင်းစသည်ကို ပြုကြသည်ဟု သဘောရရှိပါသည်။ တိရစ္ဆာန်တို့အား ကောင်းစွာ ကျွေးမွေးရခြင်းသည် ၎င်းတိရစ္ဆာန်၏ အသက်ရှည်ခြင်းစသော အကြောင်းပင်တည်း။ ယင်းသို့ဖြစ်သော် ၎င်းတိရစ္ဆာန်သည် ဒုဂ္ဂတိဘဝမှ မလွတ်နိုင်အောင် ဇနကကံ၏ အကျိုးကို ထောက်ပံ့ရာ မရောက်ပါလော။

၇ (က) ကောဘဏ္ဍ ကေဠာနစသော လေးပါးတို့ကို သံဝိဒါဝဟာရ အရာနှိုက် ထုတ်ပြ၏၊ အခါကာလ ပရိစ္ဆေဒကိုလည်း မပြ။

(ခ) စတုတ္ထအချက်မှာ ခိုးအပ်သောဝတ္ထု၏ တည်ရာဌာန အသီးအသီး ဖြစ်ရကား ခိုးတတ်သော ဝါသနာရှိသော ရဟန်းသည် တဘဝလုံး ခိုးရာတွင် ဝတ္ထုလောက်သည့်အခါ ပါရာဇိက ကျရောက်မည် ထင်ပါသည် ဘုရား....။ ၎င်းခိုးခြင်း လေးပါးကိုလည်း တယောက်ထီးတည်း ခိုးရာနှိုက် ရနိုင်ပါမည်လော။

ဆရာတော် ဦးသုန္ဒရ (၃၄) ဝါဂ

ကျွဲတိုးကျောင်း

စစ်တွေမြို့အဝိုင်—ရခိုင်ပြည်

ပတ္တကလွအင်္ဂါဒိဝိနိစ္ဆယ

၁-ပဌမပုစ္ဆာ အနုဂြဟ

၁။ ဥပုသ်ကံနှိုက် ပတ္တကလွအင်္ဂါကို ရအပ်သကဲ့သို့၊ တပါးသော ဝိနည်းကံတို့နှိုက် ရအပ်ပါသလောဟု မေးလျှောက်ရာနှိုက်—

(က) စတ္တာရိ ကမ္မာနိ အပလောကနကမ္မံ ဉတ္တိကမ္မံ ဉတ္တိဒုတိယကမ္မံ ဉတ္တိစတုတ္ထကမ္မံ။—

ဟူ၍ ပရိဝါပါဠိတော် ကမ္မဝဂ်နှိုက် ဘုရားဟောတော်မူသောကြောင့် ကံသည် အကျဉ်းအားဖြင့် အပလောကနံကံ, ဉတ္တိကံ, ဉတ္တိဒုတိယကံ, ဉတ္တိစတုတ္ထကံဟူ၍ လေးပါးသာ ရှိ၏။ ထိုလေးပါးတို့တွင် ဉတ္တိကံ,ဉတ္တိဒုတိယကံ, ဉတ္တိစတုတ္ထကံ ဤသုံးပါးတို့နှိုက်သာလျှင် "ယဒိ သံဃဿ ပတ္တကလ္လံ" ဟူ၍ ဘုရားဟောတော်မူသောကြောင့် ၎င်းကံသုံးပါးတို့နှိုက် သာလျှင် ဥပုသ်ကံကဲ့သို့ ပတ္တကလွအင်္ဂါလေးပါးကို ရအပ်၏ဟု အမြဲမှတ်အပ်၏။ အပလောကနကံနှိုက်—

(ခ) အပလောကနကမ္မံနာမ သီမဋ္ဌကသံဃံ သောဓေတ္ဝာ ဆန္ဒာရဟာနံ ဆန္ဒံ အာဟရိတ္ဝာ သမဂ္ဂဿ သံဃဿ အနုမတိယာ တိက္ခတ္တုံ သာဝေတ္ဝာ ကတ္တဗ္ဗံ ကမ္မံ။—

ဟူ၍ ပရိဝါအဋ္ဌကထာနှိုက် ဖွင့်ပြတော်မူသောကြောင့် အပလောကနကံနှိုက် သံဃာတော် ညီညွတ်ခြင်း အင်္ဂါတပါးသာ ရအပ်၏။ ဥပုသ်ကံကဲ့သို့ ပတ္တကလွအင်္ဂါလေးပါးကို မရအပ်ဟု မှတ်အပ်၏။ အပလောကနကံကို ဉတ္တိကံ စသည်တို့ဖြင့် မပြုအပ်၊ညီညွတ်သော သံဃာအား ပန်ကြား၍သာ ပြုအပ်၏။ ထိုကြောင့် ပရိဝါအဋ္ဌကထာ ကမ္မဝဂ်နှိုက်—

(ဂ) အပလောကနကမ္မံ အပလောကေတ္ဝာဝ ကာတဗ္ဗံ၊ ဉတ္တိကမ္မာဒိဝသေန နကာတဗ္ဗံ။—ဟု ဖွင့်ပြတော်မူ၏။

အကျဉ်းအားဖြင့် တဇ္ဇနီယ,နိယသစသော ကံဟူသမျှတို့သည် အပလောကနစသော ကံလေးပါးနှိုက်သာ အတွင်းဝင်သောကြောင့် ဥတ်ကမ္မဝါစာ

ဖြင့် ပြုအပ်သော ကံဟူသမျှ အလုံးစုံတို့သည် ပတ္တကလ္လ အင်္ဂါလေးပါးကို အမြဲ ရအပ်၏။ ဥတ်ကမ္မဝါစာဖြင့် မပြုအပ်သော ကံဟူသမျှ အလုံးစုံတို့နှိုက် ပတ္တကလ္လ အင်္ဂါလေးပါး မရအပ်ဟု မုချ သန္နိဋ္ဌာန်ကျ မှတ်သား အပ်၏။ (၎င်းဝိနိစ္ဆယ သာဓကပါဠိများနှိုက် အနက်သိလွယ်သဖြင့် (ခ)မှတ် တခုကို သာ ပြပေအံ့)။

အနက် (ခ) သီမဋ္ဌကသံဃံ၊ ဥပစာရသိမ်တွင်းနှိုက် တည်သော သံဃာကို။ သောဓေတ္ဝာ၊သုတ်သင်၍။ ဆန္ဒာရဟာနံ၊ ဆန္ဒပေးခြင်းငှါ ထိုက်သော ရဟန်း၏။ ဆန္ဒံ၊ ဆန္ဒကို။ အာဟာရိတ္ဝာ၊ ဆောင်၍။ သမဂ္ဂဿ၊ ညီညွတ်သော။ သံဃဿ၊ ၏။ အနုမတိယာ၊ အလိုအားဖြင့်။ တိက္ခတ္တုံ၊ သုံးကြိမ်။ သာဝေတ္ဝာ၊ ကြား၍။ ကတ္တဗ္ဗံ၊ ပြုအပ်သော။ ကမ္မံ၊ ကံသည်။ အပလောကနကမ္မံနာမ၊အပလောကနကံ မည်၏။

၂-ဒုတိယမူဆွာအကြောင်း

၂။ ယခုကာလနှိုက် ခန့်ထားသော ရွာသူကြီးတို့သည် အင်္ဂကထာပြု ဂါမဘောဇက ဟုတ် မဟုတ်၊ ဟုတ်လျှင် ၎င်းတို့ကို ဝိသုံဂါမသိမ် အမိန့်စာကို ခံယူရန် စေခိုင်းသင့်ပါမည်လောဟု မေးလျှောက်ရာနှိုက်—

ဂါမဘောဇကသည် ဘုရင်မင်းမြတ်၏ အခွန်တော်ငွေကို ဆယ်ဖို့ တဖို့၊ ဆယ်ခိုင့် တခိုင်စားရသော ဂါမဘောဇက ရွာသူကြီးတယောက်၊ ဘုရင်မင်းမြတ်အား တစုံတခုကိုမျှ မပေးရဘဲ ၎င်းရွာက ထွက်သော အခွန်ဟူသမျှကို ဒအလုံးစုံ အပိုင်စားရသော ဂါမဘောဇက ရွာသူကြီးတယောက်၊ ဤသို့ နှစ်ယောက်ရှိ၏။ ထိုနှစ်ယောက်တို့တွင်—

(က) ယတ္ထကေ ပဒေသေ တဿတဿဂါမဿ ဘောဇကာ ဗလိံ လဘန္တိ၊ သောပဒေသော အပ္ပေါဝါ ဟောတု မဟန္တောဝါ ဂါမသိမာတ္တေဝ သန်္ဓံ ဂစ္ဆတိ။—

ဟူသော ဝိနည်းမဟာဝါ အင်္ဂကထာပါဠ်ဖြင့် ပဌမဂါမဘောဇက ရွာသူကြီးကို ပြသည်။

(ခ) ယန္ဓိ ကေသ္မိံယေဝ ဂါမခေတ္တေ ကေဝဒေသံ အယံ ဝိသုံ ဂါမော ဟောတူတိ ပရိစ္ဆိန္နိတ္ဝာ ရာဇာ ကဿစိ ဒေတိ၊ သောဝိ ဝိသုံဂါမသိမာ ဟောတိ။—

ဟူသော ၎င်းမဟာဝါအဋ္ဌကထာပါဠ်ဖြင့် ဒုတိယဂါမဘောဇက ရှာသူကြီး ကို ပြသည်။

ယခုကာလ ရှာသူကြီးတို့သည် ပဌမဂါမဘောဇက ရှာသူကြီး မည်၏။ ထို့ကြောင့် ယခုကာလ ရှာသူကြီးတို့သည် အခွန်တော်ငွေ ဆယ်ဖို့ တဖို့ကိုသာ စားရ၍ အလုံးစုံကို အပိုင်မစားရသောကြောင့် ဝိသုံဂါမသိမ် အမိန့်စာကို ခံယူစေသည်ရှိသော် အပ်၏ဟု မုချသန္နိဋ္ဌာန်ကျ မှတ်အပ်၏။ အခွန်တော်ငွေ အလုံးစုံကိုအပိုင်စားရသော ဒုတိယဂါမဘောဇကကို မိမိစားရသောဂါမခေတ် နှိုက် ဝိသုံဂါမသိမ် အမိန့်စာကို ခံယူစေသည်ရှိသော် မအပ်၊ ဝိသုံဂါမအသီး ဖြစ်ပြီးဖြစ်သောကြောင့် ဝိသုံဂါမအသီး မဖြစ်တော့ပြီ၊ မိမိစားရသော ဂါမ ခေတ်မှ တပါးသော ဂါမခေတ်နှိုက် ဝိသုံဂါမသိမ် အမိန့်စာကို ခံယူစေသည် ရှိသော် အပ်၏ဟု အမြဲ မှတ်သားအပ်၏။

အနက် (က) ယတ္ထကော၊အကြင်မျှလောက်သော။ပဒေသေ၊အရပ်နှိုက်။ တဿတဿဂါမဿ၊ထိုထိုရွာ၏။ ဘောဇကာ၊ ရွာစားသူကြီးတို့ သည်။ ဗလိံ၊အခွန်ကို။ လဘန္တိ၊ရကုန်၏။ သောပဒေသော၊ထိုအရပ်သည်။ အပ္ပေါဝါ၊ ကျဉ်းသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ မဟန္တောဝါ၊ ကျယ်သည်မူ လည်း။ ဟောတု၊ ဖြစ်စေ။ ဂါမသီမာတ္ဝေါ၊ ဂါမသိမ်ဟူ၍သာလျှင်။ သခ်္ဃံ၊ ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ရောက်၏။

(ခ) ကေသ္မိံယေဝ၊ တခုသာလျှင်ဖြစ်သော။ ဂါမခေတ္တေ၊ ဂါမခေတ် နှိုက်။ကေဝဒေသော။ယမ္မိပဒေသံ၊အကြင် အရပ်ကိုလည်း။ အယံပဒေသော၊ ဤအရပ်သည်။ ဝိသုံဂါမော၊ဝိသုံဂါမသည်။ ဝါ၊ ရွာသီးသည်။ ဟောတု၊ ဖြစ် စေသတည်း။ ဣတိ၊ ဤသို့။ ရာဇာ၊ မင်းသည်။ ပရိစ္ဆိန္ဒိတ္ဝာ၊ ပိုင်းခြားရ၍။ ကဿစိ၊ တစုံတယောက်သောသူအား။ ဒေတိ၊ ပေး၏။ သောပိပဒေသော၊ ထိုအရပ်သည်လည်း။ ဝိသုံဂါမသိမာ၊ဝိသုံဂါမသိမ်သည်။ ဟောတိ၊၏။

၃-တာဘ်ယပုဏ္ဏ အစေ့ခြ

၃။ သိမ်ပေါ်က ကြေးနန်းကြိုး ဖြတ်သန်း၍ သွားခြင်းရှိပါလျှင် မည်သို့ အပြစ်ရှိပါသနည်းဟု လျှောက်ထားရာ၌က်–

သိမသမ္ဘေဒဒေါသကို သဘာဂဖြစ်သော ဗဒ္ဓသိမ်ချင်းချင်း စပ်ခြင်းကို သာလျှင် ပါဠိတော်,အဋ္ဌကထာ,ဋီကာတို့၌က် ပြတော်မူသောကြောင့် ကြေးနန်းတိုင်သည် တပါးသော မဟာသိမ်,ခဏ္ဍသိမ်အတွင်း၌က် စိုက်ခဲ့၍ ကြေးနန်းကြိုး ဆက်သွယ်ပြီးလျှင် ကံပြုသောသိမ်အတွင်း၌က် ကြေးနန်းတိုင် စိုက်ထားပြန်သည်ဖြစ်အံ့ သိမသမ္ဘေဒဖြစ်၍ ပြုသောကံ ပျက်၏။

(က) သစေ ပန သိမမာဠကေ ကမ္မေ ကရိယမာနေ ကောစိ ဘိက္ခု သိမမာဠကဿ အန္တော ပဝိသိတ္ဝာ ဝေဟာသံ ဌိတ သာခါယ နိသီဒတိ၊ ပါဒါ တဿ ဘူမိဂတာ ဟောန္တိ၊ နိဝါသန ပါရုပနံဝါ ဘူမိ ံ ဖုသတိ ကမ္မံ ကာတုံ န ဝဋ္ဋတိ။ ပါဒေ ပန နိဝါသန ပါရုပနဉ္စ ဥက္ခိပါပေတ္ဝာ ကာတုံ ဝဋ္ဋတိ။ ဝိနည်း မဟာဝါအဋ္ဌကထာ ဥပေါသထက္ခန္ဓက

ဌင်းအဋ္ဌကထာန္ဒိုက် တပါးသော ဗဒ္ဓသိမ်အတွင်းက ပေါက်သော သစ်ပင်သည် တပါးသော ခဏ္ဍသိမ်စသော ဗဒ္ဓသိမ်ပေါ် ရောက်လျက် တန်ဆောင်းမြေကို မထိဘဲ ကောင်းကင်ဒ္ဒိုက်တည်သော သစ်ပင်၏ သစ်ကိုင်း သစ်ခက်ဒ္ဒိုက် ရဟန်းနေသည်ဖြစ်အံ့ ထိုရဟန်း၏ ခြေတို့သည် သိမ်မြေသို့ ရောက်ကုန်သည်ဖြစ်အံ့ ထိုရဟန်း၏ ဝတ်သောသင်းပိုင်,ကိုယ်ရုံတို့သည် သိမ်မြေသို့ ကျထိသည်ဖြစ်အံ့ ကံကို ပြုခြင်းငှါ မအပ်၊ ပြုသော် သိမသမ္ဘေဒဖြစ်၍ ကံပျက်၏။ ထိုရဟန်း၏ ခြေတို့ကိုဌင်း ဝတ်ရုံသော သင်းပိုင်, ကိုယ်ရုံတို့ကိုဌင်း နှစ်တောင်ထွာ ဟတ္ထပါသ်မှ လွတ်အောင် အထက်သို့ ပင့်တင်စေ၍ ကံကို ပြုခြင်းငှါ အပ်၏။ သိမသမ္ဘေဒ မဖြစ်သောကြောင့် ကံမပျက်ဟု ဖွင့်ပြတော်မူသည်ကို ထောက်သဖြင့် ကြေးနန်းတိုင်ကို တပါးသော ဗဒ္ဓသိမ်အတွင်းက စိုက်ခဲ့သော်လည်း ထိုးကံပြုသောသိမ်ဒ္ဒိုက် မစိုက်မူ၍ ကြေးနန်းကြိုးချည့် သက်သက် သိမ်ပေါ်သို့ ဖြတ်၍ သွားရာဒ္ဒိုက် ဌင်းအဋ္ဌကထာပြစကားနှင့် အလားတူသောကြောင့် အပြစ်မရှိ သိမသမ္ဘေဒ မဖြစ်၊ ဌင်းသိမ်ဒ္ဒိုက် ပြုသောကံ မပျက်ဟု မုချ မှတ်သားအပ်၏။

အနက် သီမမာဠကော၊ သိမ်ပြာသာဒ်တန်ဆောင်းန္ဒိုက်။ ကမ္မေ၊ ကံကို။ ကရိယမာနေ၊ပြုသည်ရှိသော်။ ကောစိ၊ တစုံတယောက်သော။ ဘိက္ခု၊ရဟန်းသည်။ သီမမာဠကဿ၊သိမ်ပြာသာဒ်တန်ဆောင်း၏။ အန္တော၊ အတွင်းသို့။ ပဝိသိတ္ဝာ၊ဝင်၍။ ဝေဟာသံ၊ကောင်းကင်န္ဒိုက်။ ဌိတဿ၁ဲယ၊ တည်သော သစ်ပင်၏ သစ်ခက်န္ဒိုက်။ သစေနိသီဒတိ၊ အကယ်၍ နေသည်ဖြစ်အံ့။ တဿဘိက္ခုနော၊ ထိုရဟန်း၏။ ပါဒါ၊ခြေတို့သည်။ ဘူမိဂတာ၊ မြေန္ဒိုက် ရောက်ကုန်သည်။ သစေဟောန္တိ၊အကယ်၍ ဖြစ်ကုန်အံ့။ နိဝါသနပါရုပနံဝါ၊ ဝတ်ရုံသော သင်းပိုင်, ကိုယ်ဝတ်သည်မူလည်း။ ဘူမိံ၊ မြေသို့။ သစေဖုသတိ၊ အကယ်၍ ထိသည်ဖြစ်အံ့။ ကမ္မံ၊ ကံကို။ ကာတုံ၊ပြုခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ပန၊ မအပ်သည်မှတပါး အပ်သည်ကိုဆိုဦး။ တဿဘိက္ခုနော၊ ထိုသစ်ပင်ထက် သစ်ခက်န္ဒိုက် နေသော ရဟန်း၏။ (လိုက်)။ ပါဒေစ၊ ခြေတို့ကိုငင်း။ နိဝါသနပါရုပနဥ္စ၊ ဝတ်ရုံသော သင်းပိုင်, ကိုယ်ဝတ်ကိုငင်း။ ဥက္ခိပါပေတ္ဝာ၊ အထက်သို့ ပင့်မစေ၍။ဝါ၊ပင့်တင်စေ၍။ ကမ္မံ၊ကို။ကာတုံ၊ငှါ။ဝဋ္ဋတိ၊၏။

၄-စတုတ္ထပဉ္ဉာ အဖြေ

၄။ ရဟန်းတပါးသည် ပိုင်ရှင်ရှိသောကျောင်းကို အသစ်ထပ်မံ၍ လုပ်ရာကျောင်းရှင်တို့နှင့် မသင့်ကြ၍ သူတို့၏ သန္တကအဖြစ်မှ လွှတ်အောင် တကာများကို နှုတ်ပေးစကားဖြင့် သွန်သင်၍ ဖျက်ဆီးပြီးလျှင် အသစ်အဟောင်းရောသော အဆောက်အဦတို့ဖြင့် ဆောက်လုပ်ပြီးလျှင် "ငါဖျက်သည်မဟုတ် တကာတို့ဖျက်၍ လုပ်ကြသည် ငါ့မှာနေရုံသာ တာဝန်ရှိသည်"ဟု ပြောပါသည်၊ အခု၌ရဟန်းတို့ကလည်း သူ၏စကားကို လိုက်နာကြပါသည်၊ ဤအရာန္ဒိုက် သင့်လျော်သောဝိနိစ္ဆယကို အစဉ်အလာမှတ်သားလိုပါသည်ဟု လျှောက်ထားရာန္ဒိုက်—

မေးလျှောက်သောစကားန္ဒိုက် ကျောင်းပိုင်ရှင်သည် မူလဆောက်လုပ်လှူဒါန်းသော ဒါယကာဟူ၍၎င်း ရဟန်းဟူ၍၎င်း ဝိသေသ မပါ၊ သို့ဖြစ်၍ ပိုင်ရှင်နှစ်မျိုးအားဖြင့် ဆုံးဖြတ်ပေအံ့။

အကယ်၍ မူလဆောက်လုပ်လှူဒါန်းသော ကျောင်းဒါယကာပိုင်ရှင်ဖြစ်အံ့ ၎င်းကျောင်းရှင် ဒါယကာသည် ကျောင်းကို ဆောက်လုပ်၍ လှူဒါန်း စွန့်လှူ

ပြီးဖြစ်သောကြောင့် ၎င်းကျောင်းကို စွန့်လွှတ်ပြီးသည်မှစ၍ အစိုးမရ မပိုင် မဆိုင်တော့ပြီ၊ ကျောင်းရှင်ဒါယကာဟူ၍သာ ဝေါဟာရမျှ ရှိ၏၊ ရဟန်း သံဃာသာလျှင် အစိုးရ၏၊ ထိုသို့ ကျောင်းရှင်ဒါယကာ အစိုးမရသော ကြောင့် ၎င်းကျောင်းရှင် ဒါယကာ အခွင့်ပြုသည်ဖြစ်စေ အခွင့်မပြုသည် ဖြစ်စေ ဖျက်ဆီး၍ ပြုပြင်သောရဟန်းအား အပြစ်မရှိဟု မှတ်အပ်၏၊ပန်ကြား ရခြင်းသည် လောကဝတ်မျှသာတည်းဟု မှတ်၊ ထိုကြောင့် ဝိနယာလင်္ကာရ ဋီကာနှိုက်—

(က) ဘိက္ခုသဒ္ဒေနကာလတော ပဋ္ဌာယ ဒါယကော ဝိဟာရသာမိကော ဇာသရော နဟောတိ၊ဝတ္ထုပရိစ္စာဂလက္ခဏတ္တာ ဒါနဿ။ တထာဝိ ဒါနကာလတော ပုဗ္ဗေ ဇာသရဘူတပုဗ္ဗတ္တာ ပုဗ္ဗေဝါဟာရဝသေန ဝိဟာရသာမိကောတွေဝ ဝေါဟာရိယတိ၊ နမုချတော ဇာသရဘာဝတောတိ ဝိညာယတိ။ ကသ္မာ။ သံဃသဝါဂဏသဝါပုဂ္ဂလသဝါ ဒိန္နကာလတော ပဋ္ဌာယ သံဃာဒယော ပဋိဂ္ဂါဟကာဝေ ဝိစာရိတုံ ဇာသရော၊ နဒါယကော။—ဟု ဖွင့်ပြတော်မူ၏။

ကျောင်းပိုင်ရှင်သည် ရဟန်းဖြစ်ခဲ့ပါလျှင် ပြုပြင်ဆောက်လုပ်ပါတော့ဟု စွန့်လွှတ်၍ အခွင့်ပြုပြီးသည် ဖြစ်အံ့ စွန့်လွှတ်၍ အခွင့်ပြုပြီးသော ဝတ္ထုကို မသင့်မတင့် ရှိကြသောအခါ—

(ခ) ယော ပန ပဌမံယေဝ သုဒ္ဓေ ကတံ တယာ မမသန္တကံ ဂဏှန္တေနာတိ ဝစီဘေဒေနဝါ စိတ္တုပ္ပါဒမတ္တေနဝါ အနာမောဒိတ္ထာ ပစ္ဆာ ကုဝိတော ပစ္စာဟရာပေတုံ နလဘတိ။—

ဟူသော ဒုတိယပါရာဇိကသိက္ခာပုဒ်အဖွင့် အဋ္ဌကထာနှင့်အညီ တဖန် ပြန်၍ ယူခြင်းငှါ မရအပ် မရထိုက်သောကြောင့် ကျောင်းကို ပြုပြင်ဆောက် လုပ်သော ရဟန်းသည် ကိုယ်တိုင်ဖျက်သည်ဖြစ်စေ သူတပါးကို အဖျက်ခိုင်း သည်ဖြစ်စေ အပြစ်မရှိ အာပတ်မသင့်ဟုမှတ်၊ သို့မဟုတ် ကျောင်းပိုင်ရှင် ရဟန်းနှင့် မသင့်မြတ်ကြ၍ အခွင့်တောင်းခြင်း ပန်ကြားခြင်းကိုလည်း မပြု၊

ထိုကျောင်းပိုင်ရှင် ရဟန်းက မုတ္တစာဂအားဖြင့် စွန့်လွှတ်၍ အခွင့်မပြုသည် ဖြစ်အံ့ ဒါယကာတို့အား ဖျက်ယူရန် နှုတ်ပေးစကားဖြင့် သွဉ်သင်သော ရဟန်းအား ဒါယကာတို့ မခွတ်ဖျက်ယူလဟုံသည် ဖြစ်အံ့။—

(၈) အတ္ထသာဓကောနာမ အသုကံနာမ ဘက္ခုံ ယဒါသင်္ကောတိ၊ တဒါ အဝဟရာတိ အာဏာပေတိ၊ တတ္ထ သစေ ပရော အနန္တရာယိကော ဟုတ္ဝာ တံ အဝဟရတိ အာဏာပကော အာဏတ္တိက္ခဏေယေဝ ပါရာဇိကော ဟောတိ။—

ဟူသော ပါရာဇိကဏ်အဋ္ဌကထာနှင့်အညီ ဖျက်ယူရန် နှုတ်ပေးစကားဖြင့် သွဉ်သင်သော ခဏန္ဓိက်သာလျှင် ပါရာဇိကသို့ ရောက်၏၊ နှုတ်ပေးစကားဖြင့် သွဉ်သင်ခြင်းသည် အာဏာပနနှင့် တူ၏။ အကယ်၍ နေ့,ရက်,လ,အခါန် ကာလကိုမှတ်၍ သွဉ်သင်သည် ဖြစ်အံ့ ထိုနေ့,ရက်,လ,အခါန်ကာလကို ခွတ်ယွင်းစေသည်ဖြစ်အံ့ သွဉ်သင်သောရဟန်းအား ပါရာဇိကအာပတ် မသင့်ဟု မှတ်အပ်၏။ (သာဓကပါဠိမှာ ပါရာဇိကဏ်အဋ္ဌကထာ ဒုတိယသိက္ခာပုဒ်အဖွင့် သင်္ကေတကမ္မမှာ ကြည့်)။

အကယ်၍ သံဃိကကျောင်း ဖြစ်ခဲ့အံ့ အစောင့်အရှောက် ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ထိုကျောင်းကို ထေယျစိတ်ဖြင့် ဖျက်ယူသည်ဖြစ်အံ့ ပါရာဇိကသို့ ရောက်၏။ ထိုသို့ မဟုတ် ထေယျစိတ်မပါ တာဝကာလိက စသည်ဖြင့် ဖျက်ယူသည်ဖြစ်အံ့ ဘက္ခာစား ပေးအပ်၏။ ထိုကြောင့် ပါရာဇိကဏ် အဋ္ဌကထာနှိုက်—

(၈) မဏ္ဍာဒိနိ သတ္တဝတ္ထူနိ ပါကဋာယေဝ၊ ပါဠိယံ ပန အနာဂတမ္ပိ ပါသာဏတ္ထမ္ဘံဝါ ရုက္ခတ္ထမ္ဘံဝါ အညံဝါ ကိဉ္စိ ပါဒဿနကံ ဟရန္တဿ ပါရာဇိကမေဝ၊ ပဓာနဃရာဒိသု ဆဋ္ဌိတပတိတာနံ ပရိဝေဏာဒိနံ ကုဋ္ဌမ္ပိ ပါကာရမ္ပိ ဘိန္ဒိတ္ဝာ ဇဋ္ဌကာဒိနိ အဝဟရန္တဿာပိ သေဝနယောဂေ။—ဟုဖွင့်ပြတော်မူ၏။

အနက် (က) ဘိက္ခုဿ၊ ရဟန်းအား။ ဒိန္နကာလတော၊ လူသော ကာလမှ။ ပဋ္ဌာယ၊စ၍။ ဒါယကော၊ကျောင်းဒါယကာသည်။ ဝိဟာရဿ၊ကျောင်းကို။ ဣဿရော၊အစိုးရသည်။ နဟောတိ၊မဖြစ်။ ကသ္မာ၊

အဘယ်ကြောင့်နည်းဟူမူကား။ ဒါနသဒ္ဒါန၏။ ဝတ္ထုပရိစ္စာဂလက္ခဏတ္တာ၊ ဝတ္ထုကို စွန့်ခြင်းလက္ခဏာရှိသည်၏ အဖြစ်ကြောင့်တည်း။ တထာပိ၊ ထိုသို့ပင်ကျောင်းကို အစိုးမရသော်လည်း။ ဒါနကာလတော၊ လူဆဲဖြစ်သောကာလမှ။ ပုဗ္ဗေ၊ ရှေးကာလနှိုက်။ ဣဿရဘူတပုဗ္ဗတ္တာ၊ အစိုးရဘူးသည်၏ အဖြစ်ကြောင့်။ ပုဗ္ဗဝေါဟာရဝသေန၊ ရှေးနှိုက်ဖြစ်သော ဝေါဟာရ၏အစွမ်းဖြင့်။ ဝိဟာရသာမိကောတ္တေဝ၊ကျောင်းရှင်ဟူ၍သာလျှင်။ ဝေါဟာရိယတိ၊ခေါ်ဝေါ်အပ်၏။ မုချတော၊ မုချ အားဖြင့်။ ဣဿရဘာဝတော၊ အစိုးရသည်၏ အဖြစ်ကြောင့်။ နံဝေါဟာရိယတိ၊မခေါ်ဝေါ်အပ်။ ဣတိ၊ ဤသို့။ ဝိညာယတိ၊ သိအပ်၏။ကသ္မာ၊အဘယ်ကြောင့်နည်းဟူမူကား။သံဃဿဝါ၊သံဃာအားငင်း။ ဂဏဿဝါ၊ ဂိုဏ်းအားငင်း။ ပုဂ္ဂလဿဝါ၊ ပုဂ္ဂိုလ်အားငင်း။ ဒိန္နကာလတော၊ လူသောကာလမှ။ ပဋ္ဌာယ၊ စ၍။ သံဃာဒယော၊ သံဃာ အစရှိကုန်သော။ ပဋိဂ္ဂါဟကာဝေ၊ အလှူခံပုဂ္ဂိုလ်တို့သည်သာလျှင်။ ဝိစာရိတုံ၊ စီစစ်စီရင်ခြင်းငှါ။ ဣဿရော၊ အစိုးရ၏။ ဒါယကော၊ ကျောင်းဒါယကာသည်။ ဝိစာရိတုံ၊ ငှါ။ နဣဿရော၊အစိုးမရ။

(ခ) ယောပနဘိက္ခု၊ သည်။ ပဌမံယေဝ၊ ရှေးဦးကပင်လျှင်။ တယာ၊ သင်သည်။မမ၊ငါ၏။ သန္တကံ၊ဥစ္စာကို။ ဂဏ္ဟန္တေန၊ ယူသဖြင့်။မယာ၊ငါသည်။ သုဋ္ဌု၊ကောင်းစွာ။ ကတံ၊အခွင့်ပြုအပ်ပြီ။ ဣတိ၊ ဤသို့။ ဝစီဘေဒေနဝါ၊ နှုတ်မြွက်သဖြင့်ဂင်း။ စိတ္တုပ္ပါဒမတ္တေနဝါ၊ စိတ်ဖြစ်ခါမျှဖြင့်ဂင်း။ အနုမောဒိတ္ဝာ၊ ဝမ်းမြောက်ပြီး၍။ ပစ္ဆာ၊နောက်ကာလနှိုက်။ ကုပိတော၊အမျက်ထွက်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ ပစ္စာဟရာပေတုံ၊ တဖန် ပြန်ဆောင်ယူခြင်းငှါ။ နလဘတိ၊ မရ။

(ဂ) အတ္ထသာဓကောနာမ၊ အတ္ထသာဓက ခိုးခြင်း မည်သည်ကား။ အသုကံနာမ၊ ဤအမည်ရှိသော။ ဘဏ္ဍံ၊ ဥစ္စာကို။ ယဒါ၊ အကြင်အခါနှိုက်။ သက္ကောတိ၊ ခိုးခြင်းငှါ စွမ်းနိုင်၏။ တဒါ၊ ထိုအခါနှိုက်။ အဝဟရ၊ ခိုးလော။ ဣတိ၊ဤသို့။ အာဏာပေတိ၊ စေခိုင်း၏။ တတ္ထ၊ ထိုစေခိုင်းရာနှိုက်။ ပရော၊ တပါးသော စေခိုင်းအပ်သောသူသည်။ အနန္တရာယိကော၊ အန္တရာယ်မရှိသည်။ဟုတ္ဝာ၊၍။ တံ၊ထို့စေခိုင်းအပ်သော ဥစ္စာကို။ သစေအဝဟရတိ၊ခိုးအံ့။

အာဏာပကော၊ စေခိုင်းတတ်သော ရဟန်းသည်။ အာဏတ္တိကဏ္ဍကေယေဝ၊ စေခိုင်းသော ခဏန္ဒိုက်သာလျှင်။ ပါရာဇိကော၊ သာသနာတော်မှ ရှုံးခြင်းသို့ ရောက်သည်။ ဟောတိ၊၏။

(ဃ) မဉ္ဆာဒီနိ၊ မဉ္ဆအစရှိကုန်သော။ သတ္တဝတ္ထူနိ၊ ခုနစ်ပါးသောဝတ္ထု တို့သည်။ ပါကဋာနေဝ၊ ထင်ရှားကုန်သည်သာလျှင်တည်း။ ပါဠိယံပန၊ ပါဠိတော်၌ကား။ အနာဂတမ္မိ၊မလာသည်လည်းဖြစ်သော။ ပါသာဏတ္ထမ္ဘံဝါ၊ ကျောက်သည်တိုင်ကိုဂင်း။ ရုက္ခတ္ထမ္ဘံဝါ၊သစ်သည်တိုင်ကိုဂင်း။ ကိဉ္စိ၊တစုံတခု သော။ပါဒဿနကံ၊တမတ်ငါးပဲထိုက်သော။ အညံဝါ၊တပါးသောဝတ္ထုကိုဂင်း။ အဝဟရန္တသ၊ခိုးသောရဟန်းအား။ပါရာဇိကမေဝ၊ပါရာဇိကသည်သာလျှင်။ ဟောတိ၊ ၏။ ပဓာနဃရာဒီသု၊ ကမ္မဋ္ဌာန်းစီးဖြန်းသောကျောင်း အစရှိသည်တို့၌။ ဆဋ္ဌိတပတိတာနံ၊စွန့်အပ် ကျအပ်ကုန်သော။ ပရိဝေဏာဒီနံ၊ပရိဝုဏ်အစရှိသည်တို့၏။ ကုဋ္ဌမ္ပိ၊ နံရံကိုဂင်း။ ပါကာရမ္ပိ၊ တံတိုင်းကိုဂင်း။ ဘိန္ဒိတ္ဝာ၊ ဖျက်ဆီး၍။ ဣဋ္ဌကာဒီနိ၊ အုတ်အစရှိသည်တို့ကို။ အဝဟရန္တသပိ၊ ခိုးသော ရဟန်းအားလည်း။ သေဝနယော၊ ဤပါရာဇိကကဲ့သို့သော ပါရာဇိကနည်းကို။ ဒဋ္ဌဗ္ဗော၏။

၉-ပန္နရသမပုဗ္ဗော အဓိဂြ

၅။ ခိုးရသောပစ္စည်းကို လှူလျှင် အကျိုးမကြီးဟု သုတ္တန်အလို သိရပါပြီ၊ အလှူခံပုဂ္ဂိုလ်,ဂိုဏ်း, သံဃာတို့မှာ အပြစ်လွတ် မလွတ်ကို သိလိုပါသည်ဟု လျှောက်ထားရာန္ဒိုက်—

ဝိနည်းပါဠိတော်, အဋ္ဌကထာ,ဋီကာတို့ဒိုက် ခိုး၍ရသော ပစ္စည်းကို လှူရာ အလှူမခံအပ်ကြောင်း အပြစ်ရှိကြောင်းကို နိတထ္ထအားဖြင့် တိုက်ရိုက်မလာ၊ အမ္မပါလကဝိနိတဝတ္ထုအဖွင့် ပါရာဇိကဏ် အဋ္ဌကထာဒိုက်—

(က) အမ္မပါလကာဒိဝတ္ထူသု အနာပတ္တိ ဘိက္ခဝေ ဂေါပကဿ ဒါနေတိတ္ထေ ကတရံ ပန ဂေါပကဒါနံ ဝဋ္ဋတိ၊ ကတရံ န ဝဋ္ဋတီတိ၊ မဟာသုမတ္ထေရော တာဝ အာဟ ယံ ဂေါပကဿ ပရိစ္ဆိန္နိတ္ဝာ ဒိန္နံ ဟောတိ၊ တ္တေကံ ဒိဝသေဒိဝသေ ဂဏှာတိ၊ တဒေဝ ဝဋ္ဋတိ၊ တတော ဥတ္တရိ န ဝဋ္ဋတီတိ။ —

ဟူ၍ သရက်ပင်စောင့်တို့သည် ပိုင်ဆိုင်အစိုးရသော သရက်သီးကိုသာလျှင် အလှူခံခြင်းငှါ အပ်ကြောင်း၊ မပိုင်မဆိုင် အစိုးမရသော သရက်သီးကို အလှူခံခြင်းငှါ မအပ်ကြောင်းကိုသာလျှင် လာသည်။ ဘဏ္ဍာဒေယျ, ဂိဝါဖြစ်ကြောင်းကို မလာ၊ သို့ မလာသော်လည်း သရက်ပင်စောင့်တို့ အစိုးမရ မပိုင်မဆိုင် သရက်သီးကို လှူသဖြင့် သရက်ပင်ရှင်တို့ မကြေနပ်ခဲ့သော်—

(ခ) ဝိနယ ဝိနိစ္ဆယေဟိ အာဂတေ ဂရုကေ ဌာတဗ္ဗံ၊သော ဝိနယ ဓမ္မတာ။—

ဟူသော ပါရာဇိကဏ်အဋ္ဌကထာနှင့်အညီ ဝိနယဂရုကအရာသို့ လိုက်၍ ဂိဝါဖြစ်၏ဟု ဆုံးဖြတ်သင့်ပေ၏၊ ၎င်းဝိနီတဝတ္ထုအဖွင့် အဋ္ဌကထာကို ထောက်လျှင် ခိုး၍ လှုမှုန်းသိလျက်နှင့် အလှူ မခံသင့် အလှူ မခံထိုက်၊ အကယ်၍ သိလျက်နှင့် အလှူခံခဲ့သော် လောကန္တိက် ခိုးရာပါပစ္စည်း လက်ခံမှုဖြစ်၍ မင်းပြစ်မင်းဒဏ်လည်း ဖြစ်ခဲ့ရာ၏၊ မူလပစ္စည်းရှင်က တောင်းခဲ့သော် မူလပစ္စည်းရှင်ကို မပေးမူ၍ ခိုးသူကိုသာ ပြန်၍ ပေးအပ်၏၊ အကယ်၍ မူလပစ္စည်းရှင်ကို ပြန်၍ ပေးခဲ့သော် ခိုးသူ၏ ပစ္စည်းဖြစ်နေသောကြောင့် ခိုးသူအား ဘဏ္ဍာစား ပေးအပ်၏၊ ဘဏ္ဍာစား မပေးခဲ့သော် အလှူခံရဟန်းကလည်း ငါမပေးတော့ပြီဟု မူရနိုက္ခေပ ပြုခဲ့သော်ငင်း၊ ခိုးသူက စွန့်လှူပြီး ဖြစ်သော်လည်း ပြန်၍ပေးလျှင် ငါ့အားသာလျှင် ပေးသင့်၏၊ ငါ၏ ပစ္စည်း ဆုံးပါပြီဟု မူရနိုက္ခေပပြုခဲ့သော်ငင်း အလှူခံရဟန်းအား ပါရာဇိကသို့ရောက်၏၊ ဤသို့ ဝိနယဂရုကအရာသို့ လိုက်၍ ဆုံးဖြတ်သင့်ပေ၏။ အကယ်၍ ခိုး၍ လှုမှုန်း မသိခဲ့လျှင် လောကန္တိက် ခိုးခြင်းစသော မိစ္ဆာဇီဝဖြင့် ရသောပစ္စည်းမျှား ဖြစ်ကြသောကြောင့် မိစ္ဆာဇီဝဖြင့် ရသောပစ္စည်းကို လှူသော်လည်း အလှူခံပုဂ္ဂိုလ်မှာ အပြစ်မရှိဟု မှတ်အပ်၏၊ ထိုကြောင့် ဗာလောဝါဒဇာတ်ပါဠိတော်နှိုက်—

ပုတ္တဒါရံဝိ စေ ဟန္ဒာ၊ ဒေတိ ဒါနံ အသညတော။
ဘုဉ္ဇမာနောဝိ သပ္ပညော၊ နု ပါပ မုပလိမ္ပတိ။—
ဟု ဟောတော်မူ၏။

အနက် ဥပါသက၊ ဒါယကာ။ အသညတော၊ ကိုယ်,နှုတ်,နှလုံး သုံးပါး လုံးကို စောင့်သုံးခြင်းသီလမရှိသောသူသည်။ ပုတ္တဒါရံပိ၊သား, မယားကိုလည်း။ ဟန္တွာ၊ သတ်၍။ ဒါနံ၊ အလှူကို။ စေဒေတိ၊ အကယ်၍ ပေးလှူငြားအံ့။ သပ္ပညော၊ ပညာရှိသော အလှူခံပုဂ္ဂိုလ်သည်။ တံဘတ္တံ၊ ထိုဆွမ်းကို။ ဘုဥ္ဇမာနော‌ပိ၊ စားသော်လည်း။ ပါပံ ပါပေန၊ မကောင်းမှုဖြင့်။ နဥပလိမ္ပတိ၊ မလိမ်းကျံ့။

ဂုဏ်းပါဠိတော်နှိုက် သား,မယားကိုသတ်၍ လှူငြားသော်လည်း အလှူခံပုဂ္ဂိုလ်အား အပြစ်မရှိကြောင်းကို ဘုရားဟောတော်မူသည်ကို ထောက်သဖြင့် ခိုးရှိရသော မိစ္ဆာဇီဝပစ္စည်းဖြင့် ဒါယကာက လှူသော်လည်း မသိမမြင်သည်ဖြစ်၍ အလှူခံသော အလှူခံပုဂ္ဂိုလ်,ဂိုဏ်း,သံဃာအား အပြစ်မရှိဟု မုချ မှတ်အပ်၏။

အနက် (က) အမ္မပါလကာဒိဝတ္ထူသု၊ အမ္မပါလက အစရှိသောဝတ္ထု တို့နှိုက်။ အနာပတ္တိ ဘိက္ခဝေ ဂေါပကဿ ဒါနေတိတ္ထေ၊ နှိုက်။ ကတရံ၊အဘယ်မျှလောက်သော။ ဂေါ်ပကဒါနံ၊အစောင့်အရှောက်ဂေါပက၏ လှူခြင်းသည်။ ဝဋ္ဋတိ၊ အပ်သနည်း။ကတရံ၊ သော။ ဂေါပကဒါနံ၊ သည်။ နဝဋ္ဋတိ၊ မအပ်သနည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ မဟာသုမ္မတ္ထေရော၊ မဟာသုမထေရ်သည်။ တာဝ၊ရှေးဦးစွာ။ အာဟ၊ဆို၏။ ကိံ အာဟ၊အဘယ်သို့ ဆိုသနည်း။ တေတွက်၊ ဤမျှလောက်သော သရက်သီး ကို။ ဒိဝသေဒိဝသေ၊နေ့တိုင်းနေ့တိုင်း။ ဂဏှာ၊ယူလော။ ဣတိ၊သို့။ ယံ၊အကြင် သရက်သီးကို။ ဂေါပကဿ၊အစောင့်အရှောက်အား။ ပရိစ္ဆိန္နံတဂ္ဃာ၊ပိုင်းခြား၍။ ဒိန္နံ၊ ပေးအပ်သည်။ ဟောတိ၊၏။ တဒေဝ၊ ထိုပိုင်းခြား၍ ပေးအပ်သော သရက်သီးသည်သာလျှင်။ ဝဋ္ဋတိ၊အပ်၏။ တတော၊ထို ပိုင်းခြား၍ပေးအပ်သော သရက်သီးထက်။ ဥတ္တရိ၊အလွန်။ နဝဋ္ဋတိ၊မအပ်။

ဒါ-ဆဋ္ဌမပုစ္ဆာ အဋ္ဌကထာ

၆။ ဥပတ္ထမ္ဘကာ, ဥပဓိဥကကံတို့သည် ဇာတ်တူချင်းသာ ထောက်ပံ့ခြင်း စသည်ကို ပြုကြသည်ဟု သဘောရရှိပါသည်။တိရစ္ဆာန်တို့အား ကောင်း စွာ ကျေးမွေးရခြင်းသည် ၎င်းတိရစ္ဆာန်၏ အသက်ရှည်ခြင်း စသော

အကြောင်းပင်တည်း။ ယင်းသို့သော် ၎င်းတိရစ္ဆာန်သည် ဒုဂ္ဂတိဘဝမှ မလွတ်နိုင်အောင် ဇနကကံ၏ အကျိုးကို ထောက်ပံ့ရာ မရောက်ပါလော ဟု မေးလျှောက်ရာ၌က်–

"ဥပတ္ထမ္ဘကံနာမ ကုသလေပိ လဗ္ဘတိ၊ အကုသလေပိ" ဟူသော တိကနိပါတ် အဂုံတ္တရအဋ္ဌကထာနှင့်အညီ ဥပတ္ထမ္ဘကကံသည်သာလျှင် ကုသိုလ်ကုသိုလ်ချင်းချင်း အကုသိုလ် အကုသိုလ်ချင်းချင်း ဇာတ်တူအားဖြင့်ထောက်ပံ့နိုင်သည်။

(က) ကုသလကမ္မေ ဝိပစ္စမာနေ အကုသလကမ္မံ ဥပဝိဇ္ဇကံ ဟုတ္ထာ တဿ ဝိပစ္စိတုံ န ဒေတိ။ အကုသလကမ္မေ ဝိပစ္စမာနေ ကုသလကမ္မံ ဥပဝိဇ္ဇကံ ဟုတ္ထာ တဿ ဝိပစ္စိတုံ န ဒေတိ။–

ဟူသော တိကနိပါတ် အဂုံတ္တရအဋ္ဌကထာနှင့် အညီ ဥပဝိဇ္ဇကကံသည် ဇာတ်တူ မနှိပ်စက်တတ်၊ အကုသိုလ် ဥပပီဠကကံသည် ကုသိုလ်ကံ၏ အကျိုးကို တားမြစ်နှိပ်စက်တတ်သည်။ ကုသိုလ် ဥပပီဠကကံသည် အကုသိုလ်ကံ၏ အကျိုးကို တားမြစ်နှိပ်စက်တတ်သည်ဟူ၍ မှတ်အပ်၏။

(ခ) ဥပတ္ထမ္ဘကံ ပန ဝိပါကံ ဇနေတုံ န သက္ကောတိ၊ အညေန ကမ္မေန ဒိန္နာယ ပဋိသန္ဓိယာ ဇနိတေ ဝိပါကေ ဥပတ္ထဇနက သုခဒုက္ခံ ဥပတ္ထမ္ဘေတိ၊ အဒ္ဓါနံ ပဝတ္တေတိ။–

ဟူသော ၎င်းအဂုံတ္တရ အဋ္ဌကထာနှင့်အညီ တိရစ္ဆာန်သည် မိမိသည် ပြုအပ်သော အကုသိုလ်ဇနကကံသည် တိရစ္ဆာန်ဘုံ၌က် ပဋိသန္ဓေကို ဖြစ်စေ၏၊ ပဝတ္တိအခါ၌က် ထိုတိရစ္ဆာန် ရှေးရှေးသော ဘဝက ပြုခဲ့ဘူးသော ကုသိုလ်ကံသည် ပဝတ္တိအကျိုး ချမ်းသာသုခကို ဖြစ်စေရာ၌က် ထိုတိရစ္ဆာန်၏ ကုသိုလ် ဥပတ္ထမ္ဘကကံသည် ထောက်ပံ့အပ်သောကြောင့်သာလျှင် လူတို့က ကောင်းစွာ ကျွေးမွေးကြရသဖြင့် ချမ်းသာစွာ ကြာမြင့်စွာသော ကာလပတ်လုံး အသက်ရှည်၍ တည်ဝံ့စွာ နေရသည်။ လူတို့က ကျွေးမွေးခြင်းကြောင့် အသက်ရှည်ကြာစွာ နေသည်မဟုတ်၊ ထိုတိရစ္ဆာန်၏ကံကြောင့် အသက်ရှည်ကြာစွာ နေရသည်၊ လူတို့ကလည်း ကျွေးမွေး ကြရသည်၊ ထိုကြောင့် တိရစ္ဆာန်ကို ကောင်းစွာ ကျွေးမွေးသော သူတို့သည် အပါယ်သက် ရှည်ကြာအောင်

ထောက်ပံ့ပေးရာ မရောက်ဟု မုချ မှတ်သား အပ်၏။ ထိုတိရစ္ဆာန် တို့ကို ကောင်းစွာ ကျွေးမွေးသော သူတို့သည် အပါယ်သက် ရှည်ကြာအောင် ထောက်ပံ့ပေးရာ မရောက်သည့်ပြင်—

(၈) တတြာနန္ဒ တိရစ္ဆာနဂတေ ဒါနံ ဒတွာ သတဂုဏာ ဒက္ခိဏာ ပါဋိဂ်ာဒိတဗ္ဗာ။—

ဟူသော ဒက္ခိဏဝိဘင်္ဂသုတ် ပါဠိတော်အရ တိရစ္ဆာန် တကောင်အား ဝအောင်ကျွေးမွေးရသော ဒါနကြောင့် တဝိထိတ္ဘင်းဖြစ်သော သတ္တမဇော စေတနာဖြင့် ဒုတိယဘဝန္ဒိုက် သုဂတိပဋိသန္ဓေအကျိုးတကြိမ်၊ အလယ်ဇော ငါးချက်စေတနာဖြင့် သံသရာဝဋ်မပြတ်သေးသော အမှတ်မရှိ တခုခုသော ဘဝ၌ သုဂတိပဋိသန္ဓေအကျိုး ငါးကြိမ်ပေးပြီးလျှင် ဘဝတရာတိုင်တိုင် ပဝတ္တိ အကျိုးကို ပေးနိုင်၏ဟု မုချ မှတ်အပ်၏။

အနက် (က) ကုသလကမ္မေ၊ ကုသိုလ်ကံသည်။ ဝိပစ္စမာနေ၊ အကျိုးကို ဖြစ်စေသည်ရှိသော်။ အကုသလကမ္မံ၊ အကုသိုလ်ကံသည်။ ဥပပီဠကံ၊ ဥပပီဠကကံသည်။ ဟုတ္ဝာ၊ ဖြစ်၍။ တဿ၊ ထိုကုသိုလ်ကံ၏။ ဝိပစ္စိတုံ၊ အကျိုးကို ဖြစ်စေခြင်းငှါ။ နဒေတိ၊ မပေး။ အကုသလကမ္မေ၊ အကုသိုလ်ကံသည်။ ဝိပစ္စမာနေ၊ အကျိုးကို ဖြစ်စေသည်ရှိသော်။ ကုသလကမ္မံ၊ သည်။ ဥပပီဠကံ၊ ဥပပီဠကကံသည်။ ဟုတ္ဝာ၊ ၍။ တဿ၊ ထိုအကုသိုလ်ကံ၏။ ဝိပစ္စိတုံ၊ အကျိုးကို ဖြစ်စေခြင်းငှါ။ နဒေတိ၊ မပေး။

(ခ) ဥပတ္ထမ္ဘကံပန၊ဥပတ္ထကကံသည်ကား။ဝိပါကံ၊အကျိုးကို။ ဇနေတုံ၊ ဖြစ်စေခြင်းငှါ။ နသက္ကောတိ၊ မစွမ်းနိုင်။ အညေန၊ တပါးသော။ ကမ္မေန၊ ကံသည်။ ဒိန္နာယ၊ ပေးအပ်သော။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေန္ဒြိုက်။ ဇနိတေ၊ ဖြစ်စေအပ်သော။ ဝိပါကေ၊ အကျိုးန္ဒြိုက်။ **တနည်း**— ဝိပါကေ၊ အကျိုးကို။ ဇနိတေ၊ဖြစ်စေအပ်သည်ရှိသော်။ဥပပ္ဇနကသုခဒုက္ခံ၊ဖြစ်လတံ့သောချမ်းသာ, ဆင်းရဲကို။ ဥပတ္ထမ္ဘေတိ၊ ထောက်ပံ့၏။ အဒ္ဓါနံ၊ ရှည်စွာသော အဓွန့် ကာလပတ်လုံး။ ပဝတ္တေတိ၊ ဖြစ်စေ၏။

(ဂ) အာနန္ဒ၊ အာနန္ဒာ။ တတြ၊ ထိုအလှူခံတကျိပ်လေးယောက်တို့တွင်။ တိရစ္ဆာနဂတေ၊ဟိရစ္ဆာန်အား။ ဒါနံ၊ အလှူကို။ ဒတ္တာ၊ပေးလှူသည်ရှိသော်။ ဝါ၊ကြောင့်။ သတာဂုဏာ၊ တရာသောအာနိသင်ရှိသော။ ဒက္ခိဏာ၊အလှူကို။ ပါဠိုက်ခိတပ္ပာ၊ အလိုရှိအပ်၏။

၇-သင်္ဃဗေဒပုစ္ဆာ အစဉ်

၇။ (က) ကေဘက္ကာ ကေဋဌာနစသော (၄) ပါးတို့ကို သံဝိဒါဝဟာရအရာနှိုက် ထုတ်ပြ၏၊ အခါကာလပရိစ္ဆေဒကိုလည်း မပြ။

(ခ) စတုတ္ထအချက်မှာ ခိုးအပ်သောဝတ္ထု၏ တည်ရာဌာန အသီးအသီး ဖြစ်ရကား ခိုးတတ်သော ဝါသနာရှိသော ရဟန်းသည် တဘဝလုံး ခိုးစားရာတွင် ဝတ္ထုလောက်သည့်အခါ ပါရာဇိက ကျရောက်မည် ထင်ပါသည်ဘုရား။

(ဂ) ၎င်းခိုးခြင်း (၄)ပါးကိုလည်း တယောက်ထီးတည်း ခိုးရာနှိုက်လည်း ရနိုင်ပါမည်လောဟု မေးလျှောက်ရာနှိုက်—

(က) သံဝိဒါယ အဝဟာရော သံဝိဒါဝဟာရော၊ အညမညသညတ္တိယာ ကတာဝဟာရောတိ ဝုတ္တံ ဟောတိ။ သံဝိဒဟိတ္ဝာတိ ကေစ္ဆန္ဒတာယ ကေဇ္ဈာသယတာယ သမ္မန္တယိတ္ဝာတိ အတ္ထော။—

ဟူသော ပါဠိုဇိကဏ်အဋ္ဌကထာနှင့်အညီ အချင်းချင်း သိစေ၍ တူသော အလိုဆန္ဒ အစ္ဈာသယအားဖြင့် တိုင်ပင်ညှိညှိတ်၍ ခိုးခြင်းကိုသာလျှင် သံဝိဒါဝဟာရခိုးခြင်းဟု မှတ်အပ်၏၊ အခါကာလ ပရိစ္ဆေဒကို မမှတ်အပ်။ အကယ်၍ ဤသံဝိဒါဝဟာရခိုးခြင်းနှိုက် အခါကာလ ပရိစ္ဆေဒကို မှတ်၍ ပြသည်ရှိသော်—

(ခ) သင်္ကေတကမ္မန္တိ သဉ္ဇာနနကမ္မံ၊ ကာလပရိစ္ဆေဒ ဝသေန သညာဏ ကရဏန္တိ အတ္ထော။—

ဟူ၍ ပြအပ်သော သင်္ကေတကမ္မ ခိုးခြင်းနှင့် ဆန့်ကျင်၍ အထူးအခြား မရှိသည် ဖြစ်ရာ၏။ ထိုကြောင့် သံဝိဒါဟာရခိုးခြင်းနှိုက် အခါကာလ ပရိစ္ဆေဒကို အဋ္ဌကထာဆရာတော်သည် မပြဟု မုချ မှတ်အပ်၏။

(ခ) စတုတ္ထအချက်မှာ။ပ။ပါရာဇိက ကျရောက်မည်ထင်ပါသည်ဟူသော လျှောက်ချက်စကားနှိုက်—

တသက်လုံး အကြိမ်ကြိမ် ခိုးခြင်းသည် ပါရာဇိက မကျရောက်ခြင်းတမျိုး၊ ပါရာဇိက ကျရောက်ခြင်းတမျိုး ဤသို့ နှစ်မျိုးနှစ်စား ရှိ၏၊ထိုနှစ်မျိုးနှစ်စား တို့တွင် အကြင်ရဟန်းသည် တခုသောဌာနနှိုက် တမတ် ငါးပဲအောက် ယုတ်သောဝတ္ထုပစ္စည်းကို ခိုးယူပြီး၍ နဲ့ဂင် မခိုးတော့ပြီဟု စောင့်စည်းခြင်း သံဝရနှိုက် တည်၍ ဒေသနာကြား၍ ဓူရနိက္ခေပ ပြုပြီးလျှင် နှစ်ရက်မြောက်သော နေ့နှိုက် ခိုးယူလိုသောစိတ် ဖြစ်ပေါ်လာပြန်သည်ရှိသော် တခုသောဌာနနှိုက် တမတ်,ငါးပဲအောက် ယုတ်သောဝတ္ထုပစ္စည်းကို ခိုးယူပြန်၏၊ ခိုးယူပြီးလျှင် နောင် မခိုးတော့ပြီဟု သံဝရနှိုက်တည်၍ ဓူရနိက္ခေပပြုပြီးလျှင် နောက်နောက်နေ့ နောက်နောက်ဌာနတို့နှိုက်လည်း ဤနည်းအတူ အကြိမ်တရာပင် ခိုးသော်လည်း အကြားအကြားနှိုက် သံဝရနှိုက် တည်၍ ခိုးယူလိုသောစိတ်ဖျပ်ပျဉ် ပြတ်သဖြင့် တကြိမ်တကြိမ် ခိုးရာနှိုက် တမတ်,ငါးပဲအောက် ယုတ်၍ ပါရာဇိကဝတ္ထု မလောက်သောကြောင့် ပါရာဇိကသို့ မရောက်။

(ခ) မာသကေဝါ ဥိနမာသကေဝါ ဒုက္ကဋ်။ အတိရေကမာသကေဝါ ဥိနပဉ္စမာသကေဝါ ထုလ္လစ္စယံ။—

ဟူသော ကဉ်ါဝိတရဏ်အဋ္ဌကထာနှင့် အညီ ဒုက္ကဋ်, ထုလ္လစ္စဉ်းအာပတ်သင့်၏ဟု မှတ်အပ်၏၊ ထို့သို့မဟုတ် အကြင်ရဟန်းသည် တခုသောဌာနနှိုက် တမတ်,ငါးပဲအောက် ယုတ်သောဝတ္ထုပစ္စည်းကို တကြိမ်ခိုးယူပြီးလျှင် နောင် မခိုးယူတော့အံ့ဟု ဝန်ချခြင်း စောင့်စည်းခြင်းကို မပြုမူ၍ နေ့တိုင်း အခွင့်ရတိုင်းရတိုင်း ခိုးယူအံ့ဟု ခိုးလိုသောစိတ်ကို မပြတ်မစဲစေဘဲ ခိုးယူသည် ဖြစ်အံ့ အကြင်အခါနှိုက် ရှေးဦး ယူအပ်သော ပစ္စည်းဝတ္ထုနှင့် ပေါင်းသည် ရှိသော် ပါရာဇိကဝတ္ထု တမတ်,ငါးပဲ ပြည့်၏၊ ထိုအခါနှိုက် ခိုးလိုစိတ် မပြတ်မစဲသောကြောင့် ထိုရဟန်းအား ပါရာဇိကသို့ ကျရောက်၏ဟု မုချသန္နိဋ္ဌာန်ကျ မှတ်သားအပ်၏။ ထို့ကြောင့် ပါရာဇိကဏ်အဋ္ဌကထာ ဒုတိယပါရာဇိကသိက္ခာပုဒ် ဝိနီတဝတ္ထုအဖွင့်နှိုက်—

(၈) ကုန်ကြီ ဝတ္ထုသို့ ယော သပ္ပိတေလာဒီနိ အပါဒယ္ဟနကာနိ ဂဟေတ္ဝာ နာ ပုန ဧဝံ ကရိဿာမိတိ သံဝရေ ဌတ္ဝာ ဒုတိယ ဒိဝသာဒီသုပိ ပုန စိတ္တေ ဥပ္ပန္နေ ဧဝမေဝ ဓူရနိက္ခေပံ ကတ္ဝာ ပရိဘုဥ္ဇန္တော သဗ္ဗမ္ပိ တံ ပရိဘုဥ္ဇတိ၊ နေဝတ္ထိ ပါရာဇိကံ ဒုက္ကဋံဝါ ထုလ္လစ္စယံဝါ အာပဇ္ဇတိ၊ ဘဏ္ဍာဂေယျံ ပန ဟောတိ၊ အယမ္ပိ ဘိက္ခုဧဝ မကာသိ၊ တေန ဝုတ္တံ အနာပတ္တိ ပါရာဇိကဿာတိ။ဓူရနိက္ခေပံ ပန အကတ္ဝာ ဒိဝသေဒိဝသေ ပရိဘုဥ္ဇိဿာမိတိ ထောကံထောကမ္ပိ ပရိဘုဥ္ဇတော ယသ္မိံ ဒိဝသေ ပါဒဿနကံ ပဿတိ၊ တသ္မိံ ပါရာဇိကံ။—ဟု ပြတော်မူ၏။

(၈) ၎င်းကဘဏ္ဍ ကဋ္ဌဝန စသော ခိုးခြင်း(၄)ပါးကိုလည်း တယောက်ထီးတည်း ခိုးရာနှိုက် ရနိုင်ပါမည်လော ဟူသော မေးလျှောက်ချက်နှိုက်—

၎င်းကဘဏ္ဍ ကဋ္ဌဝနစသော လေးပါးသော အရပ်တို့နှိုက် တယောက်ထီးတည်း ခိုးရာနှိုက်လည်း ခိုးခြင်းသည် ဖြစ်၏၊ သို့သော် တိုင်ပင်ညီညွတ်ခြင်း မရှိ၍ သံဝိဒါဝဟာရ မဖြစ်၊ အာဒိယေယျံစသော တပါးပါးသော ခိုးခြင်းသည် ဖြစ်၏ဟု မှတ်ယူအပ်၏။

အနက် (က) သံဝိဒါယ၊ တိုင်ပင်၍။ အဝဟာရော၊ ခိုးခြင်းတည်း။ သံဝိဒါဝဟာရော၊ တိုင်ပင်၍ ခိုးခြင်း။ အညမညသညတ္တိယာ၊ အချင်းချင်း သိစေသဖြင့်။ ကတာဝဟာရော၊ ပြုအပ်သော ခိုးခြင်းတည်း။ ဣတိ၊သို့။ ဝုတ္တံ၊သည်။ ဟောတိ၊၏။ သံဝိဒဟိတ္ဝာတိ၊ကား။ ကေစ္ဆန္ဒတာယ၊ တူသော ဆန္ဒရှိသည်၏အဖြစ်ဖြင့်။ ကေဈာသယတာယ၊တူသောအလို အဇ္ဈာသယ ရှိသည်၏အဖြစ်ဖြင့်။ သမ္မန္တယိတ္ဝာ၊ တိုင်ပင်၍။ ဣတိအတ္ထော၊ ဤသို့သော အနက်ကို။ ဒဋ္ဌဗ္ဗော၊၏။

(ခ) မာသကေဝါ၊ တပဲသော ဥစ္စာနှိုက်ငင်း။ ဥနမာသကေဝါ၊ တပဲအောက် ယုတ်သောဥစ္စာနှိုက်ငင်း။ ဒုက္ကဋ်၊ဒုက္ကဋ်အာပတ်သင့်၏။ အတိရေကမာသကေဝါ၊ တပဲထက်လွန်သော ဥစ္စာနှိုက်ငင်း။ ဥနပဉ္စမာသကေဝါ၊ ငါးပဲအောက်ယုတ်သောဥစ္စာနှိုက်ငင်း။ ထုလ္လစ္စယံ၊ထုလ္လစ္စဉ်းအာပတ် သင့်၏။

(၈) ကုမ္ဘီဝတ္ထုသ္မိံ၊ ကုမ္ဘီဝတ္ထုန္ဟိုက်။ ယောဘိက္ခု၊ သည်။ အပါဒဂ်ဿန ကာနိ၊တမတ်, ငါးပဲ မထိုက်ကုန်သော။ သပိုတေလာဒိနိ၊ ထေ၁ပတ်, ဆီ အစရှိ သည်တို့ကို။ ဂဟေတ္ဝာ၊ခိုးယူ၍။ ပုန၊တဖန်။ ဧဝံ၊ဤသို့။ နကရိဿာမိတိ၊ ခိုး ခြင်းကို မပြုတော့အံ့ဟူ၍။ သံဝရေ၊စောင့်စည်းခြင်းန္ဟိုက်။ ဌတ္ဝာ၊တည်ပြီး၍။ ဒုတိယဒိဝသာဒီသုပိ၊ဒုတိယနေ့ အစရှိသည်တို့န္ဟိုက်လည်း။ ပုန၊တဖန်။ စိတ္တေ၊ ခိုးလိုသောစိတ်သည်။ ဥပ္ပန္နေ၊ဖြစ်သည်ရှိသော်။ ဧ၀မေ၀၊ဤအတူသာလျှင်။ မူရနိကျေပံ၊ဝန်ချခြင်းကို။ ကတ္ဝာ၊ ပြုပြီး၍။ ပရိဘုဉ္ဇန္တော၊ စားသောက်သည် ရှိသော်။ သဗ္ဗမ္ပိ၊အလုံးစုံလည်းဖြစ်သော။ တံ၊ထိုထော၁ပတ်, ဆီစသည်ကို။ ပရိ ဘုဉ္ဇတိ၊ သုံးဆောင် စားသောက်သည် ဖြစ်အံ့။ တဿဘိက္ခုနော၊ ထိုရဟန်း အား။ ပါရာဇိကံ၊ပါရာဇိကသည်။ နေ၀တ္ထိနေ၀အတ္ထိ၊မရှိ။ ဒုက္ကဋံ၀ါ၊သို့၎င်း။ ထုလ္လစ္စယံ၀ါ၊သို့၎င်း။ အာပဇ္ဇတိ၊ရောက်၏။ ဘဏ္ဍာဒေယျံပန၊ဘဏ္ဍာဒေယျ သည်ကား။ ဟောတိ၊၏။ အယမ္ပိဘိက္ခု၊ ဤရဟန်းသည်လည်း။ ဧ၀ံ၊ဤသို့။ အကာသိ၊ ပြု၏။ တေန၊ ထို့ကြောင့်။ အနာပတ္တိပါရာဇိကဿာတိ၊ ဟူ၍။ ဘဂ၀တာ၊ သည်။ ဝုတ္တံ၊ ၏။ ပန၊ ထိုမှတပါး။ မူရနိကျေပံ၊ ဝန်ချခြင်းကို။ အကတ္ဝာ၊ မပြုမူ၍။ ဒိ၀သေဒိ၀သေ၊ နေ့တိုင်း နေ့တိုင်း။ ပရိဘုဉ်ဿာမိတိ၊ သုံးဆောင် စားသောက်အံ့ ဟူ၍။ ထောကံထောကမ္ပိ၊ အတံငယ် အတံငယ် လည်း။ ပရိဘုဉ္ဇတော၊ သုံးဆောင် စားသောက်သော ရဟန်းအား။ ယသ္မိံ ဒိ၀သေ၊ အကြင် နေ့န္ဟိုက်။ ပါဒဂ်ဿနကံ၊ တမတ်, ငါးပဲထိုက်သော ဥစ္စာသည်။ ပူရတိ၊ပြည့်၏။တသ္မိံ ဒိ၀သေ၊ထိုနေ့န္ဟိုက်။ပါရာဇိကံ၊ပါရာဇိကသည်။ဟောတိ၊ ဖြစ်၏။

ပတ္တကလ္လအင်္ဂါဒိ ဝိနိစ္ဆယ ပြီးပြီ။

မန္တလေးတိုင်
မိုးကောင်းတိုက် ညောင်ရမ်းဆရာတော်ဘုရား ထံ
မေးလျောက်သော

၁၂၀၉–ခု၊ ဝါဆိုလပြည့်ကျော်(၉)ရက်နေ့။

ရခိုင်ပြည် စစ်တွေဒိစတြိတ် ပေါက်တောမြို့ဝိုင် ဝိန္ဒေချောင်တိုက် ကျောက်ပြင်ကျောင်း ဘုန်းကြီး "ဥိးဝါယမ" ရှိသေစွာ လျောက်ပါသည် ဝိနယဓရဖြစ်တော်မူသော ညောင်ရမ်းဆရာတော်ဘုရား....။

အောက်ပါ ပုစ္ဆာစကားရပ်တို့ကို ဘုရားသာသနာတော်ကို ရှေးရှုတော်မူ၍ ဖြေကြား ဆုံးဖြတ် ပေးသနားတော် မူပါဘုရား....။

၁ မိုးမလုံသော ကျောင်းများကို နောင် ပြုပြင်နိုင်ခြင်း အကျိုးငှါ ဖျက်သိမ်း၍ ထုပ်, လျောက်, သည်တိုင်တို့ကို စုပုံ၍ သိမ်းဆည်းပြီးလျှင် ထားသင့် မထားသင့်။

၂ ရခိုင်ပြည် အချို့ဘုန်းကြီး,ဥပုသ်သည်တို့ ညနေ လဘက်ရည် သောက်ကြရာ ဝိကာလဘောဇန သိက္ခာပုဒ် ပျက် မပျက်။

၃ ရခိုင်ပြည်မှာ များစွာသော ကျောင်းတို့နှိုက် ဥပုသ်သည်တို့သည် ဥပုသ်ဆောက်တည် ခံယူပြီးသောအခါ နေ့ခင်းများနှိုက် ဇာတ်ကြီး(၁၀)စောင် လက်ာများကို သာယာနာပျော်ဖွယ်ရှိအောင် အချို့ကဖတ်ပြ၍၊ အချို့ ဥပုသ်သည်တို့က အားရရွှင်လန်း နှစ်သက်စွာ နာခံကြရာတွင် ဖတ်သူ, နာသူ နှစ်ဦးတို့မှာ နစ္စ,ဂီတသိက္ခာပုဒ် ပျက် မပျက် သိလိုပါသည် ဘုရား....။

ဥိးဝါယမ
ကျောက်ပြင်ကျောင်း
ဝိန္ဒေချောင်တိုက်
စစ်တွေဒိစတြိတ်–ရခိုင်ပြည်။

ဇိက္ကာဝိဟာရဘိန္နန ဝိနိစ္ဆယ

၁-ပဌမမုဆ္ဆာ အဇြ

၁။ မိုး မလုံခြုံသောကျောင်းကို ပျက်စီး ယိုယွင်း မရှိစေဘဲ၊ ကောင်းသော စိတ်ထားဖြင့် သည်တိုင်, ထုပ်, လျောက် စသည်တို့ကို သိုမှီးသိမ်းဆည်း၍ နောင် တစုံတခု ကျောင်း အဆောက်အဦ စသည်နှိုက် ထည့်၍ အသုံးပြုရာနှိုက် ဖျက်သိမ်း ထားခြင်းငှါ သင့် မသင့်ဟု လျောက်ထားရာနှိုက်—

ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှိုက် တိုက်ရိုက် နိတ္ထာအားဖြင့် ကျောင်းဟောင်းကို ဖျက်သိမ်း၍ စုပုံထားအပ်ခြင်း မလာ။ သို့ မလာသော်လည်း ပါရာဇိကဏ်အဋ္ဌကထာ ဒုတိယပါရာဇိက သိက္ခာပုဒ်ဒုဖွင့်နှိုက်—

> ယော ပန သံဃိကော ဒဗ္ဗသမ္ဘာရော အဂုတ္တော ဒေဝေ ဝဿန္တေ တံ တေမေတိ၊ အာတပေန သုက္ခတိ၊ တံ သဗ္ဗမ်ိ အာဟာရိတ္ထာ အတ္တနော အာဝါသော ကာတုံ ဝဋ္ဋတိ။—ဟု ဖွင့်ပြ၏။

အနက် သံဃိကော၊ သံဃာတော်၏ ဥစ္စာဖြစ်သော။ ယောဒဗ္ဗသမ္ဘာရော၊ အကြင်သစ်, ဝါးစသော အဆောက်အဦသည်။ အဂုတ္တော၊ မလုံခြုံသည်။ ဟောတိ၊ ၏။ ဒေဝေ၊ မိုးသည်။ ဝဿန္တေ၊ ရွာသည်ရှိသော်။ တံ၊ ထိုသံဃိကဒဗ္ဗသမ္ဘာရကို။ တေမေတိ၊ စုပ်၏။ အာတပေန၊ နေပူဖြင့်။ သုက္ခတိ၊ ခြောက်သွေ့၏။ တံသဗ္ဗမ်ိ၊ ထိုအလုံးစုံသော သံဃိကအဆောက်အဦကိုလည်း။ အာဟာရိတ္ထာ၊ဆောင်ယူ၍။ အတ္တနော၊မိမိ၏။ အာဝါသော၊ ပုဂ္ဂလိကကျောင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။

စူဠဝါအဋ္ဌကထာ သေနာသနက္ခန္ဓကန်နှိုက်လည်း—

> .. ဂုတ္တဂုတ္တာယာတိ ယံ တတ္ထ မဏ္ဍပိဌာဒိ။ တာသ ဂုတ္တဂုတ္တာယ တံ အညတြ ဟရိတုံ အနုဇာနာမီတိ အတ္ထော။-ဟု ဖွင့်ပြ၏။

အနက် ဂုတ္တတ္ထာယဟုတိ၊ ဟူသည်ကား။ တတ္ထ၊ ထိုကျောင်းနှိုက်။ ယံ မဉ္ဇုပိဌဒါဒိ၊ အကြင် ညောင်စောင်း, အင်းပျဉ်အစရှိသည်သည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုညောင်စောင်း, အင်းပျဉ်အစရှိသည်၏။ ဝါ၊ ကို။ ဂုတ္တတ္ထာယ၊ လုံခြုံစေခြင်းငှါ။ တံ၊ ထိုညောင်စောင်း, အင်းပျဉ်အစရှိသည်ကို။ အညတြ၊ တပါးသော လုံခြုံသောကျောင်းနှိုက်။ ဟရိတုံ၊ ဆောင်ခြင်းငှါ။ အနုဇာနာမိ၊ ခွင့်ပြု၏။ ဣတိအယံ၊ ဤသည်လျှင်။ အတ္ထော၊ အနက်ကည်း။

ဤအထက်ပါ အဋ္ဌကထာလာ စကားများကို ထောက်ချင့်ပြီးလျှင် သံဃိကကျောင်း ဖြစ်စေ ပုဂ္ဂလိကကျောင်း ဖြစ်စေ သံဃာတော်များ နေထိုင်သီတင်းသုံးရန် မဖြစ်ခဲ့သော်၎င်း၊ မိုး, လေ, နေပူ မလုံခြုံ၍ မတင့်တယ်သော်၎င်း၊ တစုံတရာ ကျောင်းအဆောက်အဦအတွက် မီးဘေး စသည်များကို စိုးရိမ်ရသော်၎င်း၊ အလဟသ ဆွေးမြေ့ ဟောင်းမြင်း၍ အကျိုးမရှိဖြစ်ရန် အကြောင်းရှိခဲ့သော်၎င်း၊ ပျက်စီးစေလိုသော ပဒုဋ္ဌစိတ် မပါဘဲ နောင် အသစ်ထပ်မံ၍ ပြုပြင်ဆောက်လုပ်ရန် အကျိုးငှါ၎င်း၊ တပါးသောကျောင်းနှိုက် ထည့်စွက်၍ ဆောက်လုပ်ရန် သံဃာတော်အား ကျေးဇူးများစေခြင်း အကျိုးငှါ၎င်း၊ ကောင်းမြတ်သော ယောနိသောမနသိကာရ စိတ်ထားဖြင့် သံဃိကကျောင်း ဖြစ်လျှင် သံဃာတော်ကို ပန်ကြား၍၊ ပုဂ္ဂလိကကျောင်း ဖြစ်လျှင် ပုဂ္ဂလိကကျောင်း အလျောက် ဖျက်သိမ်းပြီးလျှင် မိုးမစို နေမပူ ချစသည် မခဲသောအရပ်နှိုက် သိုမှီးသိမ်းထားခြင်းငှါ သင့်လျော်၏ဟု မှတ်အပ်၏။

ဇင္ဇကဝိဟာရဘိန္ဒနဝိနိစ္ဆယ ပြီး၏။

ဝိကာလဘောဇနဝိနိစ္ဆယ

၂-ဒုတိယပုဏ္ဏားအဓြေ

၂။ ရခိုင်ပြည်မှာ အချို့ဘုန်းကြီး ဥပုသ်သည်တို့သည် ညနေ လဘက်ရည် သောက်ကြရာနှိုက် ဝိကာလဘောဇနသိက္ခာပုဒ် ပျက် မပျက် လျှောက်ထားရာနှိုက်—

လဘက်ရည်သည် ကာလိကလေးပါးတို့တွင် မည်သည့် ကာလိကနှိုက် ပါဝင်ကြောင်း ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှိုက် တိုက်ရိုက် နိတတ္ထအားဖြင့် မပါမရှိချေ။ သို့ မပါမရှိငြားသော်လည်း အနုလောမအားဖြင့် ကာလိက လေးပါးတို့တွင် တပါးပါးနှိုက်သွင်း၍ လဘက်ရည်ကို ယူအပ်၏။ ကာလိက လေးပါးဟူသည်ကား- ယာဝကာလိက, ယာမကာလိက, သတ္တာဟကာလိက ယာဝဇီဝကဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်—

(က) ည,နံနက် မွတ်သိတ်ဆာလောင်ခြင်းကို ပယ်ဖျောက်၍ အာဟာရကိစ္စကို ပြီးစေတတ် ပြီးစေနိုင်သော စပါးမျိုး ခုနစ်ပါးမှ ဖြစ်သော မုံ့,ခဲဘွယ်,ဘောဇဉ်သည်ဌင်း၊ ကြိတ်အစရှိသော အနုလောမ စပါးမျိုးမှဖြစ်သော မုံ့, ခဲဘွယ်, ဘောဇဉ်သည်ဌင်း၊ ထန်း, အုံးစသော သီးကြီး ကိုးလုံးသည်ဌင်း၊ ပဲမျိုးအပေါင်းသည်ဌင်း၊ တောသစ်မြစ် တောသစ်ရွက် တောသစ်ပွင့် တောသစ်သီး ဟူသမျှသည်ဌင်း၊ သာဂါးမျိုး အပေါင်းသည်ဌင်း အာရုံတက်သည်မှစ၍ မွန်းတည့်ကာလတိုင်အောင် ရဟန်း,သာမဏေ, ဥပုသ်သည်တို့ သုံးဆောင်စားသောက်အပ်သောကြောင့် **ယာဝကာလိက** မည်၏။

(ခ) သရက်သီးအဖျော်, သပြေသီးအဖျော်, တောငှက်ပျောသီးအဖျော်, အိမ်ငှက်ပျောသီး အဖျော်, သစ်မည်စည်သီးအဖျော်, မုဒရက်သီးအဖျော်, ကြာစွယ် အဖျော်, ဖက်သက်တရော်သီးအဖျော် ဤရှစ်ပါးသော အဖျော်တို့သည်ဌင်း၊ ထို ရှစ်ပါးသော အဖျော်ဘို့အား လျော်ကုန်သော ကြိန်သီး, မန်ကျည်းသီး, ရှောက်သီး, သီးသီး, ကြံ့သီး, ခံသီး, ဆီးသီး, နာနတ်သီးစသော အနုလောမ အဖျော်တို့သည်ဌင်း၊ ပေရည်, ဓနိရည်,

ထန်းရည်, ကြံရည်, သကြားအဖျော်ရည်, ဘိလတ်ရည်စသော အနုလောမ အဖျော်တို့သည်၎င်း ဆာလောင် မွတ်သိပ်သော ပိပါသ အကြောင်းရှိခဲ့သော် မွန်းလွဲကာလမှစ၍ အာရုံမတက်မီအတွင်း သုံးဆောင်အပ်သောကြောင့် **ယာမကာလိက** မည်၏။

(ဂ) ထောပတ်, ဆီဦး, ဆီ, ပျားရည်, တင်လဲ ဤငါးပါးသော ဆေးတို့သည် ရောဂါ တည်းဟူသော အကြောင်း ရှိခဲ့သော် ခုနစ်ရက်ပတ်လုံး သိုမှီး၍ သုံးဆောင်အပ်သောကြောင့် **သတ္တာဟကာလိက** မည်ကုန်၏။

(ဃ) ဤယာဝကာလိက, ယာမကာလိက, သတ္တာဟကာလိက သုံးပါး အပေါင်းကိုဌင်း ရေကိုဌင်း ထား၍ ထိုထိုသို့သော မြို့, ရွာ, ဇနပုဒ်တို့နှိုက်လူတို့၏ မွတ်သိပ်ဆာလောင်ခြင်းကို ပယ်ဖျောက်လျက် ခဲဘွယ်ကိစ္စ ဘောဇဉ်ကိစ္စ အာဟာရကိစ္စကို မပြီးစေတတ် မပြီးစေနိုင်သော အမြစ်,အခေါက် အရွက်, အပွင့်, အသီးတို့သည် အနာရောဂါ တည်းဟူသော အကြောင်း ရှိခဲ့သော် ထိုအနာရောဂါ ကင်းပျောက်စေခြင်းငှါ အသက်ရှည်သမျှ ကာလ ပတ်လုံး သိုမှီး၍ သုံးဆောင်အပ်သောကြောင့် **ယာဝဇီဝကတို့** မည်ကုန်၏။ ထို့ကြောင့် ကခ်ါဝိတရဏီ အဋ္ဌကထာနှိုက်—

(က) အာဟာရန္တိ ယံကိဉ္စိ ယာဝကာလိကံဝါ ယာမကာလိကံဝါ သတ္တာဟကာလိကံဝါ ယာဝဇီဝကံဝါ သဗ္ဗဉ္ဉေတံ အဇ္ဈောဟရဏီယတ္တာ အာဟာရောတိ ဝုစ္စတိ၊ တတ္ထ သမ္မမ္မိ ဓညံဝါ ဓညာနုလောမံဝါ၊ တာလ နာဠိကေရ ပနသ လဗုဇ အလာဗု ကုမ္ဘဏ္ဍ ပုဿဖလ တိဖုသဖလ ဧဠာလုကသင်္ခါတံ နဝဝိဓံ မဟာဖလဉ္စေဝ၊ အရဏ္ဏဉ္စ ယဉ္စညံ ဝနမူလ ပတ္တ ပုပ္ဖဖလာဒိ အာဟာရတ္ထံ ဖရတိ၊ တံ သဗ္ဗံ ယာဝမဇ္ဈန္ဟိက ကာလော၊ တာဝ ပရိဘုဉ္ဇိတဗ္ဗတော ယာဝကာလိကံနာမ။

အမ္ဗပါနံ ဇမ္ဗုပါနံ စောစပါနံ မောစပါနံ မဓုကပါနံ မုဒ္ဒိကပါနံ သာလုကပါနံ ဖါရုသကပါနန္တိ ဧဒမာနိ အဋ္ဌ ပါနာနိ၊ ယာနိစ တောသု အနုလောမာနိ ဝေတ္တ တိန္တိဏိက မာတုလုင် ကဝိဋ္ဌ ကောသမ္ဗ ကရဝိန္ဒာဒိ ခုဒ္ဒကဖလ ပါနာနိ၊

တောနိ သဗ္ဗာနိ အနုပသမ္မန္နေဟိ သိတောဒကေန မဒ္ဒိတ္ဝာ ကတာနိ အာဒိစ္စ ပါကာနိဝါ ယာဝရတ္တိယာ ပစ္ဆိမယာမံ နိဒဟိတ္ဝာ ပရိဘုဉ္ဇိတဗ္ဗတော ယာမကာလိကာနိနာမ။

အဝသေသေသု အနုညာတ ဖလပတ္တပုပ္ဖရသေသုဝိ သေဝနယော။ သပ္ပိအာဒီနိ ပဉ္စဘေသဇ္ဇာနိ သတ္တာဟံ နိဒဟိတ္ဝာ ပရိဘုဉ္ဇိတဗ္ဗတော သတ္တာဟကာလိကာနိနာမ။

ဤဒံ ပန ယာဝကာလိကာဒိတ္တယံ ကာလဝိနိမုတ္တဉ္စ ဥဒကံ ထပေတ္ဝာ အဝသေသ မူလဖလာဖလာဒိ ယံ နေဝ ခါဒနိယတ္ထံ နဘောဇနိယတ္ထံ ဖရတိ၊ တံ ယာဝဇီဝံ နိဒဟိတ္ဝာ သတိ ပစ္စယေ ပရိဘုဉ္ဇိတဗ္ဗတော ယာဝဇီဝကံနာမ။—ဟု မိန့်တော်မူ၏။

ဤသို့ ကာလိကလေးပါးကို အကျဉ်းအားဖြင့် မှတ်သားအပ်၏။ (အကျယ်ကို အလိုရှိမူ ပါစိတ်ပါဠိတော်, မဟာဝဂ်ပါဠိတော်, ၎င်းအဋ္ဌကထာ, ဝဇီရဗုဒ္ဓိဋီကာ, တေရသကဏ်ဋီကာ, ဝိမတိဋီကာ, ဝိနယသင်္ဂဟအဋ္ဌကထာ, ၎င်း ဝိနယာလင်္ကာရဋီကာ, ခုဒ္ဒသိက္ခာအဋ္ဌကထာ, ၎င်းဋီကာဟောင်း, ဋီကာသစ် တို့မှာ ကြည့်ရှုလေ)။ အကျဉ်း, အကျယ်မျှသာ ထူး၏၊ အဓိပ္ပါယ် မထူးကြ။ ပါဠိအနုက်ကို နောက်မှ ဆိုပေအံ့။

လဘက်ရည်သည် အထက်ဖေါ်ပြရာပါ ကာလိကလေးပါးတို့တွင် အမြဲပါနေသော အနုံညာတ အဖျော်ရှစ်ပါး၊ မန်ကျည်းသီးစသော အနုလောမအဖျော်တို့နှင့် လုံးလုံး မသက်ဆိုင်သောကြောင့် ယာမကာလိကသဘောသို့ မသက်ဝင်နိုင်၊ ထောပတ်အစရှိသော သတ္တာဟကာလိက သဘောသို့လည်း မသက်ဝင်နိုင်။

(ခ) အနုဇာနာမိ ဘိက္ခဝေ ပဏ္ဏာနိ ဘေသဇ္ဇာနိ နိမ္မဝပဏ္ဏံ ကုဋ္ဌပဏ္ဏံ ပဒ္မောလပဏ္ဏံ သုလသိပဏ္ဏံ ကပ္ပါသိကပဏ္ဏံ၊ ယာနိဝါ ပနညာနိ အတ္ထိ ပဏ္ဏာနိ ဘေသဇ္ဇာနိ နေဝခါဒနိယေ ခါဒနိယတ္ထံ နဘောဇနိယေ ဘောဇနိယတ္ထံ ဖရန္တိ။ တာနိ ပဋိဂ္ဂဟေတ္ဝာ ယာဝဇီဝံ ပရိဟရိတုံ သတိ ပစ္စယေ ပရိဘုဉ္ဇိတုံ အသတိ ပစ္စယေ ပရိဘုဉ္ဇန္တာသ္ဝ။—ဟူသော ဘေသဇ္ဇက္ခန္ဓက ပါဠိတော်

(ဂ) ခါဒနိယတ္ထံ ဘောဇနိယတ္ထဉ္စ ဖရဏဘာဝေါယေဝ ပနေ တေသံ လက္ခဏံ၊ တသ္မာ ယံကိဉ္စိ မူလံ တေသုတေသု ဇန ပဒေသု ပကတိ အာဟာရဝသေန မနုဿာနံ ခါဒနိယတ္ထံ ဘောဇနိယတ္ထဉ္စ ဖရတိ၊ တံ ယာဝကာလိကံ၊ ဣတရံ ယာဝ ဇီဝကန္တိ ဝေဒိတဗ္ဗံ။—ဟူသော ဝိကာလဘောဇနသိက္ခာပုဒ် အဖွင့် အဋ္ဌကထာ

(ဃ) ခါဒနိယတ္ထန္တိ ခါဒနိယေန ကတ္တဗ္ဗံ ကိစ္စံ၊ နေဝဖရန္တိတိ နနိပ္ဖါဒေန္တိ၊ တေသုတေသု ဇနပဒေသူတိတ္ထေ ကေသ္စိ ဇန ပဒေ အာဟာရကိစ္စံ သာဓေန္တံ သေသဇနပဒေသုပိ နကပ္ပတိတိ ဝဒန္တိ။ -ဟူသော တေရသကဏ်ဍိကာ

(င) ခါဒနိယေ ခါဒနိယတ္ထန္တိ ပုဝါဒိ ခါဒနိယေ ဝိဇ္ဇမာနခါဒနိယ ကိစ္စံ ခါဒနိယေဟိ ကတ္တဗ္ဗံ ဇိဃစ္ဆာဟရဏသင်္ခါတံ အတ္ထံ ပယောဇနံ နေဝဖရန္တိ နနိပ္ဖါဒေန္တိ၊ ပကတိ အာဟာရဝသေနာတိ အညေဟိ ယာဝကာလိကေဟိ အယောဇိတံ အတ္တနော ပကတိ ယာဝအာဟာရကိစ္စ ကရဏဝသေန။—ဟူသော ဝိမတိဝိနောဒနိဋ္ဌိကာ

(စ) မူလံ သာရံ တစော ဖေဂ္ဂု၊ ပဏ္ဏံ ပုပ္ဖံ ဖလံ လတာ။ အာဟာရတ္ထ မသာဓေန္တံ၊ သဗ္ဗန္တံ ယာဝဇီဝကံ။— ဟူသော ခုဒ္ဒသိက္ခာ အဋ္ဌကထာ

ဤ အထက်ပါ ပါဠိတော်,အဋ္ဌကထာ,ဋီကာတို့နှိုက် ထိုထိုသို့သော ဇန ပုဒ်, မြို့, ရွာ, နိဂုံးတို့နှိုက် လူတို့၏ မွတ်သိတ်ဆာလောင်ခြင်းကို ပယ်ဖျောက်လျက် သက်သက်သော ပကတိအာဟာရ၏ အစွမ်းဖြင့် ခဲဘွယ်ဖြင့် ပြုအပ်သော ခဲဘွယ်ကိစ္စ၊ ဘောဇဉ်ဖြင့် ပြုအပ်သော ဘောဇဉ်ကိစ္စကို မပြီးစေတတ် မပြီးစေနိုင်သော အမြစ်,အခေါက်,သစ်ရွက် စသည်တို့သည်သာလျှင် ယာဝဇီဝက မည်၏ဟု ဖွင့်ပြတော်မူကြသဖြင့် ၎င်း ရေနွေး, ရေပူဖြင့် ပြုတ်ဖျော်အပ်သော လဘက်ရည်သည် အထက်ပါ ယာဝဇီဝကဝတ္ထု တမာရွက်စသည်တို့ကဲ့သို့ ပကတိ အာဟာရကိစ္စကို မပြီးစေတတ်သည်မဟုတ်၊ ထိုထိုသို့သော မြို့, ရွာ, နိဂုံး, ဇနပုဒ်တို့နှိုက် လူတို့သည် ပဲ့လမ်း သဘင်ကြီးမျှားနှိုက်၎င်း၊

နေ့တိုင်းနေ့တိုင်းဎင်း၊ ပကတိအာဟာရအဖြစ်ဖြင့် အမြဲသုံးဆောင်ကြ၍ မွတ်သိတ်ဆာလောင်ခြင်းကို ပယ်ဖျောက်လျက် ပကတိအာဟာရကိစ္စကို မုဒ္ဓ ပြီးစေတတ်သောကြောင့်ဎင်း၊ လူအများ သုံးဆောင်ခြင်းနှင့် ဆက်ဆံသော ကြောင့်ဎင်း၊ ယာဝဇီဝကသဘောသို့ အနုလောမအားဖြင့် မသက်ဝင်နိုင်၊ ယာဝကာလိကသို့သာ သက်ဝင်နိုင်၏။ လဘက်ရည်ကို ကြိုက်နှစ်သက်၍ အမြဲသောက်သော ဒါယကာများကို မေးမြန်းစုံစမ်း၍ ကြည့်ရာ လဘက်ရည်ကို သောက်ရလျှင် ထမင်းဆာဓလောင် မွတ်သိတ်ခြင်းပျောက်၍ ထမင်းမစားဘဲ နေနိုင်ကြောင်း လျှောက်ထားဘူးကြောင်း။ သို့ဖြစ်၍ လဘက်ရည်သည် ယာဝကာလိက မုဒ္ဓ ဖြစ်သင့်ပေ၏။ ထို့သို့ လဘက်ရည်သည် မုဒ္ဓ ယာဝကာလိက ဖြစ်သင့်သောကြောင့်ဎင်း၊ ထိုထိုအရပ်ဒေသတို့ရှိက် များစွာ သုံးဆောင်ကြသဖြင့် လူအများနှင့် ဆက်ဆံသဖြင့် ရဟန်းတော်, ဥပုသ်သည် သူတော်ကောင်းတို့နှင့် အာဟာရကို သုံးဆောင်စားသောက်ခြင်းနှိုက် ချိုးချန်၍ သလွန်ခတရားဖြင့် အကျင့်သီလတရားကို ကျင့်ကြံအားထုတ်ကြသည်အားလျော်စွာ မသင့်မလျော် မလျောက်ပတ်သောကြောင့်ဎင်း၊ နေ့မွန်းလွဲသောအခါ လဘက်ရည်ကို သောက်ကြသော ရဟန်း, သာမဏေ, ဥပုသ်သည်တို့သည် "ဝိကာလဘောဇနန္တိ မဇ္ဈန္ဟိက ဝိတိက္ကမေ ဘောဇနံ" ဟူသော ခုဒ္ဒကပါဠအဋ္ဌကထာ။ "အတိက္ကန္တေ မဇ္ဈန္ဟိကေ ယာဝသူရိယတ္ထင်္ မနာ ဘောဇနံ ဝိကာလဘောဇနံနာမ" ဟူသော တေရသကဏ်ဋီကာများနှင့်အညီ ဝိကာလဘောဇနသိက္ခာပုဒ် ပျက်၏ဟု မုဒ္ဓသန္နိဋ္ဌာန်ကျ မှတ်သားအပ်၏။

တနည်း—လဘက်ရည်သည် သစ်ရွက်အဖျော်ရည်ဖြစ်၍ ယာမကာလိက ဖြစ်သောကြောင့် ပါပါသအကျိုးငှါ နေမွန်းလွဲသောအခါ ရဟန်း, သာမဏေ, ဥပုသ်သည်တို့ သောက်ကောင်းသည် မဟုတ်ပါလောဟု စောဒနာခဲ့မူ.... "အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပတ္တရသံ ထဓေတွာ ဥာကရသံ" ဟူသော **ဘေသဇ္ဇက္ခန္ဓက ပါဠိတော်**ဖြင့်ဎင်း၊ "ဥာကရသန္တိ ပက္ကဥာကရသံ၊ ယာဝကာလိက ပတ္တာနံ ဟိ ပုရေဘတ္တံယေဝ ရသော ကပ္ပတိ" ဟူသော **အဋ္ဌကထာ**ဖြင့်ဎင်း ယာမကာလိက အဖျော်ဟူသည် ရေကျက်ဖြင့် မပြုအပ်၊ ရေစိန်းဖြင့်

သာလျှင် ပြုအပ်သောကြောင့် လဘက်ရည်သည် ယာမကာလိကမဟုတ်၊ ရေကျက်ဖြင့်သာ ပြုလုပ်စီမံကြသောကြောင့် ပက္ကဒ္ဒုကရသမည်သော သစ်ရွက်ပြုတ်ရည် ယာဝကာလိကဟု မုချ မှတ်သားအပ်၏။

အနက်—ဘိက္ခဝေ၊ရဟန်းတို့။ ဒုဂကရသံ၊ဟင်းရွက်, သစ်ရွက်ပြုတ်ရည်ကို။ ထပေတ္ဝာ၊ ထား၍။ သဗ္ဗံ၊ အလုံးစုံသော။ ပတ္တရသံ၊ သစ်ရွက်ရည်ကို။ အနုဇာနာမိ၊ငါဘုရား ခွင့်ပြုတော်မူ၏။

ဒုဂကရသန္တိ၊ ဟူသည်ကား။ ပက္ကဒ္ဒုကရသံ၊ ကျက်သော သစ်ရွက်, ဟင်းရွက်ရည်တည်း။ ဟိသစ္စံ၊မှန်၏။ယာဝကာလိကပတ္တာနံ၊ယာဝကာလိကအရွက်တို့၏။ ရသော၊ အရည်သည်။ ပုရေဘတ္တံယေဝ၊ နံနက်ကာလနှိုက်သာလျှင်။ ကပ္ပတိ၊အပ်၏။

အနုသာသနီကထာ—ဇာတိ,ဇရာ,ဗျာဓိ,မရဏစသော ဘေးဒုက္ခအပေါင်းတို့ဖြင့် ပြွမ်းသည်ဖြစ်၍ အလွန်တရာကြောက်မက်ဖွယ်ကောင်းသော သံသရာဝဋ်တည်းဟူသော နှောင်အိမ်ကြီးမှ ထွက်မြောက်၍ ဘေးဒုက္ခအပေါင်းမှ ကင်းငြိမ်းရာ နိဗ္ဗာန်ကို မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုရခြင်းအကျိုးငှါ ရည်သန်တောင့်တသော ကုသိုလ်ဆန္ဒဖြင့် သာသနာတော်ထမ်း ရဟန်း, သာမဏေ ပြုလုပ်ခြင်း ဥပုသ်ကျင့်သုံးခြင်းကို ပြုလုပ်ကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ရသာရုံနှိုက် တပ်မက်မောခြင်း ရသတဏှာကို ပယ်စွန့်၍ ကောဘတ္တိက တထပ်သာ စားသုံးခြင်း အကျင့်သိလကို သန္တုဋ္ဌိ သလ္လေခဖြစ်အောင် ကျင့်ကြံအားထုတ်ကြသည် အားလျော်စွာ ရှေးပညာရှိအပေါင်း သူတော်ကောင်းတို့သည် လဘက်ရည်ကို နေမွန်းလွဲသောအခါ စားသောက်ခြင်းမှ ကြဉ်ရှောင်ခဲ့ကြသည့်အတိုင်း ယခုကာလမှလေသမတ္တာ မြွက်ထောင်ကြ၍ လဘက်ရည်ကို အပ်သလော မအပ်သလော စသည်ဖြင့် ငြင်းခုံခြင်းကို မပြုကြဘဲ နောင်လာ လူအပေါင်းတို့ ဒိဋ္ဌာနုဂတိသို့ မလိုက်ကြစေရန် ဥပုသ်သီလ ဆောက်တည်သောအခါ နေလွဲသောအခါနှိုက် လဘက်ရည်သောက်ခြင်းကို သတိသမ္ပဇညတရား ရှေ့ထား ပုဗ္ဗဂ်မ ပြု၍ အမြဲကြဉ်ရှောင်ကြလေ။

အနက် (က) အာဟာရန္တိ၊ အာဟာရံဟူသည်ကား။ ယံကိဉ္စိ၊ အလုံးစုံသော။ ယာဝကာလိကံဝါ၊ ယာဝကာလိကသည်ရင်း။ ယာမကာလိကံဝါ၊ ယာမကာလိကသည်ရင်း။ သတ္တာဟကာလိကံဝါ၊ သတ္တာဟကာလိကသည်ရင်း။ ယာဝဇီဝကံဝါ၊ ယာဝဇီဝကသည်ရင်း။ အာဟာရန္တိ အာဟာရံနာမ၊ အာဟာရမည်၏။ ဟိသစ္စံ၊ မှန်၏။ တေံသဗ္ဗံ၊ ထိုအလုံးစုံကို။ အဇ္ဈောဟရဏီယတ္တာ၊ မျိုအပ်သည်၏အဖြစ်ကြောင့်။ အာဟာရောတိ၊ အာဟာရဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တတ္ထ၊ ထိုလေးပါးသော ကာလိကတို့တွင်။ သဗ္ဗမ္ပိ၊အလုံးစုံလည်းဖြစ်သော။ ဓညံဝါ၊ စပါးမျိုး ခုနစ်ပါးသည်ရင်း။ ဓညာနုလောမံဝါ၊ စပါးမျိုး ခုနစ်ပါးအားလျော်သော နတ်ကောက်စသော စပါးသည်ရင်း။တာလ နာဠိကေရ ပနသ လဗုဇ အလာဗု ကုမ္ဘဏ္ဍ ပုဿဖလ တိပုဿဖလ ဧဠာလုကသခ်ါတံ၊ ထန်း,အုံး,ပိန်းနဲ့,တောင်ပိန်းနဲ့,ဗူး,ဖရုံ,သခွါးငဆစ်, သခွါးငပြုတ်, သခွါးငကြောင် ဟုဆိုအပ်သော။ နဝဝိဓံ၊ ကိုးပါးအပြားရှိသော။ မဟာဖလဥ္စေဝ၊သီးကြီးသည်ရင်း။ အပရဏ္ဏဉ္စ၊ပဲသည်ရင်း။ အညံ၊ တပါးသော။ ယဉ္စဝနမူလ ပတ္တ ပုပ္ဖ ဖလာဒိ၊ အကြင် တောသစ်မြစ်,တောသစ်ရွက်, တောသစ်ပွင့်, တောသစ်သီး အစရှိသည်သည်ရင်း။ အာဟာရတ္ထံ၊ အာဟာရကိစ္စကို။ ဖရတိ နိပ္ဖါဒေတိ၊ ပြီးစေတတ်၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသည်။ယာဝ၊အကြင်ရွေ့လောက်။မဇ္ဈန္ဟိကကာလော၊မွန်းတည့်ကာလသည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ထိုရွေ့လောက်။ ပရိဘုဉ္ဇိတဗ္ဗတော၊ဘုဉ်းပေးသုံးဆောင်အပ်သောကြောင့်။ ယာဝကာလိကံနာမ၊ ယာဝကာလိကမည်၏။

အမ္မပါနံ၊ သရက်သီး အဖျော်ရင်း။ ဇမ္ဗုပါနံ၊ သပြေသီး အဖျော်ရင်း။ စောစပါနံ၊ တောငှက်ပျောသီးအဖျော်ရင်း။ မောစပါနံ၊ အိမ်ငှက်ပျောသီးအဖျော်ရင်း။ မဓုကပါနံ၊ သစ်မည်စည်သီးအဖျော်ရင်း။ မုဒ္ဒိကပါနံ၊ မုဒရက်သီးအဖျော်ရင်း။ သာလုကပါနံ၊ ကြာစွယ်အဖျော်ရင်း။ ဖါရုသကပါနံ၊ ဖက်သက်တရော်အဖျော်ရင်း။ ဣတိ၊ သို့။ ဣမာနိအဋ္ဌ၊ ဤရှစ်ပါးတို့သည်။ ပါနာနိ၊ အဖျော်တို့မည်ကုန်၏။ တေသုအဋ္ဌသုပါနေသု၊ ထိုရှစ်ပါးသော အဖျော်တို့ဖြင့်။ အနုလောမာနိ၊လျော်ကုန်သော။ ယာနိစ ဝေတ္တ တိန္တိဏိက မာတုလုင် ကပိဋ္ဌ ကောသမ္ဗ ကရဝိန္ဒာဒိ ခုဒ္ဒကဖလပါနာနိ၊ အကြင် ကြိန်, မန်ကျည်း,ရှောက်,သီး,ကြို,,ခံ အစရှိကုန်သော ငယ်သောအသီး၏ အဖျော်

တို့သည်လည်း။ အတ္ထိသန္တိ၊ ရှိကုန်၏။ တောနိသဗ္ဗာနိ၊ ထိုအလုံးစုံတို့သည်။ အနုပသမ္ဘန္နေဟိ၊ လူ,သာမဏေတို့သည်။ သီတောဒကေန၊ ရေ,ရေချမ်းဖြင့်။ မဒ္ဒိတ္ဝာ၊ နယ်၍။ ကတာနိဝါ၊ ပြုအပ်ကုန်သော်၎င်း။ အာဒိစ္စပါကာနိဝါ၊ နေဖြင့် ချက်အပ်ကုန်သော်၎င်း။ ရတ္တိယာ၊ ည၌၏။ ယာဝပစ္ဆိမယာမံ၊ ပစ္ဆိမယာမ်တိုင်အောင်။ နိဒဟိတ္ဝာ၊ သိုမှီး၍။ ပရိဘုဉ္ဇိတဗ္ဗတော၊ သုံးဆောင်အပ်သောကြောင့်။ယာမကာလိကာနိနာမ၊ယာမကာလိကတို့မည်ကုန်၏။။

အဝေသေသု၊ဆိုအပ်ပြီးသည်မှ ကြွင်းကုန်သော။ အနုညာတ ဖလပတ္တ ပုပ္ဖ ရသေသုပိ၊ ခွင့်ပြုတော်မူအပ်ကုန်သော အသီးရည်, အရွက်ရည်, အပွင့်ရည်တို့နှိုက်လည်း။ ဧသေဝနယော၊ ဤနည်းသည်သာလျှင် နည်းရှိ၏။ သပ္ပိအာဒီနိ၊ ထောပတ် အစရှိကုန်သော။ ပဉ္စဘေသဇ္ဇာနိ၊ ငါးပါးသောဆေးတို့သည်။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ နိဒဟိတ္ဝာ၊ သိုမှီး၍။ ပရိဘုဉ္ဇိတဗ္ဗတော၊ ဘုဉ်းပေးသုံးဆောင်အပ်သောကြောင့်။ သတ္တာဟကာလိကာနံ နာမ၊ မည်ကုန်၏။

ပန၊ ယာဝဇီဝကကို ဆိုဦးအံ့။ ဣဒံ ယာဝကာလိကာဒိတ္တယဉ္စ၊ ဤယာဝကာလိကစသော ကာလိကသုံးပါးတို့၏ အပေါင်းကိုဎင်း။ ကာလဝိမုတ္တံ၊ ကာလိကလေးပါးမှ လွတ်သော။ ဥဒကဉ္စ၊ ရေကိုဎင်း။ ထပေတ္ဝာ၊ထား၍။ အဝေသေသ မူလဖလာဖလာဒိ၊ ဆိုအပ်ပြီးသည်မှ ကြွင်းသော အမြစ်သစ်သီးကြီး,ငယ် အစရှိသော။ ယံဝတ္ထု၊ အကြင်ဝတ္ထုသည်။ ခါဒနီယတ္ထံ၊ခဲဘွယ်ဖြင့် ပြုလုပ်အပ်သော ခဲဘွယ်ကိစ္စကို။ နေဝဖရတိ၊ မပြီးစေတတ်။ ဘောဇနီယတ္ထံ၊ ဘောဇဉ်ဖြင့် ပြုအပ်သော ဘောဇဉ်ကိစ္စကို။ နဖရတိ၊ မပြီးစေတတ်။ တံဝတ္ထု၊ ထိုဝတ္ထုသည်။ ယာဝဇီဝံ၊ အသက်ရှည်သမျှကာလပတ်လုံး။ ဝါ၊ သိက္ခာပုဒ်တော် ကိုယ်နှိုက် တည်သမျှကာလပတ်လုံး။ နိဒဟိတ္ဝာ၊ သိုမှီး၍။ ပစ္စယော၊ အနာဟူသော ဂိလာနအကြောင်းသည်။ သတိ၊ ရှိသော်။ ပရိဘုဉ္ဇိတဗ္ဗတော၊ ဘုဉ်းပေး သုံးဆောင် အပ်သောကြောင့်။ ယာဝဇီဝကံနာမ၊ မည်၏။

(ခ) ဘိက္ခဝေ၊ရဟန်းဘို့။ ပဏ္ဏာနိ၊ သစ်ရွက်ဖြစ်ကုန်သော။ဘောဇဉ်နိ၊ ဆေးတို့ကို။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ နိမ္ဗပဏ္ဏံ၊ တမာရွက်။ ကုဋဇပဏ္ဏံ၊လက်ထုပ်ရွက်။ ပဋောလပဏ္ဏံ၊ဗြူတားရွက်။ သုလသိပဏ္ဏံ၊ရုံးရွက်။

ကပ္ပါသိကပဏ္ဍံ၊ဝါရ္ဂက်။ အညာနိ၊တပါးကုန်သော။ပဏ္ဍာနိ၊သစ်ရွက်ဖြစ်ကုန်သော။ ယာနိဘေသဇ္ဇာနိ၊ အကြင် ဆေးတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ တာနိဘေသဇ္ဇာနိ၊တို့သည်။ ခါဒနီယေ၊ခဲဘွယ်နှိုက်။ ခါဒနီယတ္ထံ၊ခဲဘွယ်ဖြင့် ပြုအပ်သော ခဲဘွယ်ကိစ္စကို။ နေဝဖရန္တိ နနိပ္ပါဒေန္တိ၊ မပြီးစေ တတ်ကုန်။ ဘောဇနီယေ၊ ဘောဇဉ်နှိုက်။ ဘောဇနီယတ္ထံ၊ ဘောဇဉ်ဖြင့် ပြုအပ်သော ဘောဇဉ်ကိစ္စကို။ နဖရန္တိ နနိပ္ပါဒေန္တိ၊မပြီးစေတတ်ကုန်။ တာနိဘေသဇ္ဇာနိ၊ ထိုဆေးတို့ကို။ ပဋိဂ္ဂဟေတွာ၊အကပ်ံခံ၍။ ယာဝဇ်ံဝံ၊အသက်ရှည်သမျှ ကာလပတ်လုံး။ဝါ၊သိက္ခာပုဒ်တော် ကိုယ်နှိုက် တည်သမျှကာလပတ်လုံး။ပရိဘုဉ်တုံ၊ ဘုဉ်းပေး သုံးဆောင်ခြင်းငှါ။ ပစ္စယေ၊ အနာဟူသော ဂိလာနအကြောင်းသည်။ သတိ၊ ရှိလတ်သော်။ ပရိဘုဉ်တုံ၊ ဘုဉ်းပေး သုံးဆောင်ခြင်းငှါ။ အနုဇာနာမိ၏။ ပစ္စယေ၊သည်။ အသတိ၊မရှိလတ်သော်။ပရိဘုဉ်တ္ထဿ၊ဘုဉ်းပေး သုံးဆောင်သော ရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ အာပဇ္ဇနံ၊ရောက်ခြင်းသည်။ ဟောတိ၊၏။

(၈) ပန၊ အထူးကို ဆိုဦးအံ့။ ခါဒနီယတ္ထဉ္စ၊ ခဲဘွယ်ဖြင့် ပြုအပ်သော ခဲဘွယ်ကိစ္စကိုငင်း။ ဘောဇနီယတ္ထဉ္စ၊ ဘောဇဉ်ဖြင့် ပြုအပ်သော ဘောဇဉ်ကိစ္စကိုငင်း။ ဖရတိ နိပ္ပါဒေတိ၊ပြီးစေ၏။ တံမူလံ၊ထိုအမြစ်သည်။ ယာဝကာလိကံ၊ ယာဝကာလိက မည်၏။ ဣတရံ၊ဤမှတပါးသော ခဲဘွယ်ကိစ္စ ဘောဇဉ်ကိစ္စကို မပြီးစေတတ်သော အမြစ်သည်။ ယာဝဇီဝိကံ၊ယာဝဇီဝိက မည်၏။ ဣတိ၊ဤသို့။ ဝေဒိတဗ္ဗံ၊၏။

(ဃ) ခါဒနီယတ္ထန္တိ၊ဟူသည်ကား။ ခါဒနီယေန၊ခဲဘွယ်ကိစ္စဖြင့်။ကတ္တာဗ္ဗံ၊ ပြုအပ်သော။ ကိစ္စံ၊ကိစ္စကို။ နေဝဖရန္တိတိ၊ ဟူသည်ကား။ နနိုဟ္ဖ ါဒေန္တိ၊ မပြီး စေတတ်ကုန်။ တေသုတေသုဇနပဒေသူတိတ္ထေ၊ နှိုက်။ ဧကသ္မိံ ဇနပဒေ၊ တခု သော ဇနပုဒ်နှိုက်။ အာဟာရကိစ္စံ၊အာဟာရကိစ္စကို။ သာမေန္တံ၊ပြီးစေတတ် သော ဝတ္ထုသည်။ သေသဇနပဒေသု၊ ကြွင်းသော ဇနပုဒ်တို့နှိုက်။ နကပ္ပတိ၊ မအပ်။ ဣတိ၊ဤသို့။ အာစရိယာ၊တို့သည်။ ဝဒန္တိ၊ကုန်၏။

(c) ခါဒနီယေ ခါဒနီယတ္ထန္တိ၊ဟူသည်ကား။ ပုဝါဒိခါဒနီယေ၊မုံ့အစရှိ သော ခဲဘွယ်နှိုက်။ ဝိဇ္ဇမာန ခါဒနီယကိစ္စံ၊ ထင်ရှားရှိသော ခဲဘွယ်ကိစ္စကို။ ခါဒနီယေဟိ၊ ခဲအပ်သည်တို့ဖြင့်။ ကတ္တာဗ္ဗံ၊ပြုအပ်သော။ ဇိဃစ္ဆာဟရဏာသန်ါ တံ၊ဆာလောင်ခြင်းကို ပယ်ဖျောက်တတ်သည် ဟုဆိုအပ်သော။အတ္ထံ ပယော ဇနံ၊ အကျိုးကို။ နေဝဖရန္တိ နနိုပ္ဖ ါဒေန္တိ၊ မပြီးစေတတ်။ ပကတိ အာဟာရ ဝသေနာတိ၊ဟူသည်ကား။ အညေဟိ၊တပါးကုန်သော။ ယာဝကာလိကေဟိ၊ ယာဝကာလိကတ္တိုဖြင့်။ အယေးဇိတံ၊မယှဉ်အပ်သည်။ ဟုတ္ဝာ၍။အတ္တာနော၊ မိမိ၏။ ပကတိယာဝ၊ ပြကတော့ သဘောအားဖြင့်သာလျှင်။ အာဟာရကိစ္စ ကရဏဝသေန၊အာဟာရကိစ္စကို ပြုသည်၏ အစွမ်းဖြင့်။

(စ) အာဟာရတ္ထံ၊အာဟာရကိစ္စကို။အသာမေန္တံ၊မပြီးစေတတ်သော။ မူလံ၊အမြစ်သည်၎င်း။ သာရံ၊အနှစ်သည်၎င်း။ တစေ၊အခေါက်သည်၎င်း။ ဖေဂ္ဂု၊အကာသည်၎င်း။ ပဏ္ဏံ၊ အရွက်သည်၎င်း။ ပုပ္ဖံ၊ အပွင့်သည်၎င်း။ ဖလံ၊ အသီးသည်၎င်း။လတာ၊နွယ်သည်၎င်း။အတ္ထိ၊ရှိ၏။ တံသဗ္ဗံ၊ထိုအလုံးစုံသည်။ ယာဝဇီဝကံ၊ယာဝဇီဝက မည်၏။

ဝိကာလဘောဇန ဝိနိစ္ဆယ ပြီးပြီ။

အာယတ ဧမ္မဂိတ ဝိနိစ္ဆယ

၃-တတိယ ပဒ္ဓာ အစြ

၃။ ရခိုင်ပြည်မှာ များစွာသော ကျောင်းတိုန်းက် ဥပုသ်သည်တို့သည် ဥပုသ်ဆောက်တည် ခံယူပြီးသောအခါ နေ့လယ် နေ့ခင်းများန်းက် ဇာတ်ကြီး (၁၀)စောင် လက်ာများကို သာယာနာပျော်ဖွယ်ရှိအောင် အချို့ဥပုသ်သည်တို့က ဖတ်ပြ၍ အချို့ ဥပုသ်သည်တို့က အားရရွင်လန်း နှစ်သက်စွာ နာခံကြရာတွင် ဖတ်သူ, နာသူ (၂) ဦးတို့မှာ နစ္စ, ဂီတသိက္ခာပုဒ် ပျက် မပျက် သိလိုပါသည်ဘုရားဟု လျှောက်ထားရာန်းက်—

(က) နဘိက္ခဝေ အာယတကေန ဂီတသရေန ဓမ္မော ဂါယိတဗ္ဗော၊ ယော ဂါယေယျ အာပတ္တိ ဒုက္ကဋဿ။ စူဠဝါပါဠိတော် ခုဒ္ဒကက္ခန္ဓက

အနက် ဘိက္ခဝေ၊ ရဟန်းတို့။ အာယတကေန၊ နှစ်မတ္တရာခဲ့ထက် အလွန်ရှည်စွာသော။ ဂီတသရေန၊သီချင်းသံဖြင့်။ ဓမ္မော၊တရားတော်ကို။ နဂါယိတဗ္ဗော၊မသီရွတ်အပ်။ ယောဘိက္ခု၊အကြင်ရဟန်းသည်။ ဂါယေယျ၊ သီရွတ်ငြားအံ့။ တဿ ဘိက္ခုနော၊ ထို ရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ် အာပတ်သို့။ အာပတ္တိ အာပဇ္ဇနံ၊ရောက်ခြင်းသည်။ ဟောတိ၊၏။

၎င်း ပါဠိတော်နိုက် အသံရှည်စွာသော သီချင်းဖြင့် တရားဟောခြင်း ရွတ်ဖတ်ခြင်းကို ပယ်မြစ်တော်မူ၏၊ ရှည်စွာ ရွတ်ဆိုသော ဂီတသံဟူသည် သုတ္တန်ပါဠိ ရွတ်သောဝတ်, ဇာတ်ပါဠို ရွတ်သောဝတ်, ဂါထာရွတ်သောဝတ် တို့ကို ဖျက်ဆီး၍ မျက်စိတမှိတ် လျှပ်တပြက် လက်ပြစ်တတွက် ဟုဆိုအပ်သော နှစ်မတ္တရာခဲ့ ကာလထက်အလွန် သုံးမတ္တရာ သုံးမတ္တရာထက် အလွန်ရှည်အောင် အက္ခရာ, ပုဒ်,ဗျည်း, ဝါက်၊ စကားပြင်, ပို့ါ, မော်က္ခန်း, ကဗျာ, လက်ာတို့ကို အလွန်ရှည်စွာ အသံကို ဆွဲငင် ပြုပြင်၍ ရွတ်ဖတ်ခြင်းတည်း။ ထိုသို့ ရွတ်ဖတ်ခြင်းသည် ရဟန်း, သာမဏေ, ဥပုသ်သည်တို့မှာ မအပ်။ ထို ကြောင့် စူဠဝါအဋ္ဌကထာ ခုဒ္ဒကက္ခန္ဓကအဖွင့်နိုက်—

နှ ဘိက္ခဝေ အာယတကေနာတိတ္ထေ အာယတကောနာမ တံတံဝတ္ထုံ ဘိန္ဒိတ္ဝာ အက္ခရာနိ ဝိနာသေတ္ဝာ ပဝတ္တော။ ဓမ္မေ ပန သုတ္တန္တံ ဝတ္တုံနာမ အတ္ထိ၊ ဇာတကဝတ္တုံနာမ အတ္ထိ၊ ဂါထာ ဝတ္တုံနာမ အတ္ထိ၊ တံ ဝိနာသေတ္ဝာ အတိဒိဃံ ကာတုံ နဝဋ္ဋတိ။—ဟု ဖွင့်ပြတော်မူ၏။

အနက် နှ ဘိက္ခဝေ အာယတကေနာတိတ္ထေ၊နှဋ်က်။ အာယတကောနာမ၊ အာယတကမည်သည်ကား။ တံတံဝတ္ထုံ၊ထိုထိုရုတ်အပ်သောဝတ်ကို။ ဘိန္ဒိတ္ဝာ၊ဖျက်ဆီး၍။ အက္ခရာနိ၊အက္ခရာတို့ကို။ ဝိနာသေတ္ဝာ၊ဖျက်၍။ ပဝတ္တော၊ ဖြစ်စေခြင်းတည်း။ ဝါ၊ ရုတ်ခြင်းတည်း။ ပန၊ အထူးကို ဆိုဦးအုံ့။ ဓမ္မေ၊တရားတော်နှိုက်။သုတ္တန္တဝတ္တုံနာမ၊သုတ္တန်ပါဠိ ရုတ်သောဝတ်မည်သည်။ အတ္ထိ၊ရှိ၏။ ဇာတကဝတ္တုံနာမ၊ဇာတ်ပါဠိရုတ်သောဝတ်မည်သည်။ အတ္ထိ၊၏။ ဂါထာဝတ္တုံနာမ၊ ဂါထာရုတ်သောဝတ်မည်သည်။ အတ္ထိ၊၏။ တံဝတ္ထုံ၊ ထိုရုတ်သောဝတ်ကို။ ဝိနာသေတ္ဝာ၊ဖျက်ဆီး၍။ အတိဒိဃံ၊နှစ်မတ္တရာခဲ့ထက် အလွန်ရှည်စွာ။ ကာတုံ၊ပြုခြင်းငှါ။ နဝဋ္ဋတိ၊မအပ်။

ထိုကိုသို့သော ပါဠိုရုတ်ဖတ်အပ်သော ဝတ်ကို ဖျက်၍ ရုတ်ဖတ်ခြင်း မည်သည်ကား အ-ဂ္ဂ-ဥ ဟူသော ရဿသရသည် တမတ္တရာကာလ ရှိ၏၊ အာ-ဤ-ဦ-ဧ-ဩ ဟူသော ဒီဃသရသည် နှစ်မတ္တရာကာလရှိ၏၊သရမှကင်းသော က-ခစသော (၃၃)လုံးသော ဗျည်းသည် မတ္တရာဝက် ကာလရှိ၏၊ ရဿသရနှင့် ယှဉ်သော က-ကိ-ကု စသော ဗျည်းသည် တမတ္တရာခဲ့ ကာလရှိ၏၊ ဒီဃသရနှင့်ယှဉ်သော ကာ-ကီ-ကူ-ကေ-ကော စသော ဗျည်းသည် နှစ်မတ္တရာခဲ့ကာလရှိ၏။ တမတ္တရာဟူသည် လက်ပြစ်တတွက် လျှပ်တပြက် မျက်စိတမှိတ်ကြာသော ကာလခန့် ပမာဏရှိ၏။ ထိုကြောင့် ရူပသိဒ္ဓိန်ုက်—

> မတ္တာသဒ္ဒေါ စေတ္ထ အစ္ဆရာ သံဃာတ အက္ခိနိမ္မိလန သဒ်ေါတံ ကာလံ ဝဒတိ၊ တေန မတ္တေန ကေမတ္တာ ရဿာ၊ ဒ္ဒိမတ္တာ ဒီဃာ၊ အနုမတ္တာ ဗျဉ္ဇနာ။—ဟု မိန့်တော်မူ၏။

အနက် စ၊ ဆက်ဦးအုံ့။ တ္ထေ၊ ဤလဟုမတ္တာ ဟူသောပုဒ်နှိုက်။ သမဘိနိဝိဒ္ဒေါ၊ ကောင်းစွာ အကျုံးဝင်သော။ မတ္တာသဒ္ဒေါ၊ မတ္တာသဒ္ဒါသည်။အစ္ဆရာသံဃာတ အက္ခိနိမ်ိလနသဒ်ေါတံ၊လက်ပြစ်တတွက် လျှပ်တပြက်

မျက်စိတမှိတ် ဟုဆိုအပ်သော။ ကာလံ၊ကာလကို။ ဝဒတိ၊ ဟော၏။ တေန မဒတ္တန၊ ထို လက်ပြစ်ဖာတွက် လျှပ်တပြက် မျက်စိတမှိတ် ဟုဆိုအပ်သော မတ္တာရာကာလဖြင့်။ ရဿာ၊ရဿတို့သည်။ ဧကမတ္တာ၊တမတ္တာရာ ကာလရှိကုန်၏။ ဒီဃာ၊ ဒီဃသရတို့သည်။ ဒ္ဝိမတ္တာ၊ နှစ်မတ္တာရာ ကာလရှိကုန်၏။ ပျဉ္စနာ၊ ပျည်းတို့သည်။ အဓိမတ္တာ၊မတ္တာရာဂက် ကာလ ရှိကုန်၏။

သဒ္ဒနီတိန္ဒြိုက်ကား—

> ဧကမတ္တာ အာဒိ တတိယ ပဉ္စမာ ရဿာ။ အညေ ဒ္ဝိမတ္တာ ဒီဃာ။ သေသာ အဓိမတ္တာ ပျဉ္စနာ။—

ဟု သုတ်ထုတ်၍ တည်ထားပြီးလျှင် ဧကမတ္တာ အာဒိ တတိယာ ပဉ္စမာ ရဿာ ဟူသောသုတ်၏ ဝုတ္တိန္ဒြိုက်—

> မတ္တာသဒ္ဒေါစေတ္ထ နိမ္မိသနုမ္မိသန သခ်ါတံ ပရိတ္တံ ကာလံ ဝဒတိ၊ ယာဝ ဟိ ကလ္လသရိရော ကေဝါရံ နိမ္မိသနုမ္မိသနံ ကရောတိ၊ တ္တာကံ ကေမတ္တာနံ ရဿာနံ ပမာဏံ။—ဟု မိန့်တော်မူ၏။

အနက် စ၊ဆက်ဦးအံ့။ တ္ထ၊ဤသုတ်ဒြိုက်။မတ္တာသဒ္ဒေါ၊မတ္တာသဒ္ဒါသည်။ နိမ္မိသနုမ္မိသနသခ်ါတံ၊မျက်စိမှိတ်ခြင်း ဖွင့်ခြင်း ဟုဆိုအပ်သော။ ဝါ၊ မျက်စိမှိတ်ခြင်း ဖွင့်ခြင်းဖြင့် ရေတွက်အပ်သော။ ပရိတ္တံ၊ နည်းသော။ ကာလံ၊ကာလကို။ ဝဒတိ၊ဟော၏။ ဟိ၊ ထိုစကားကို ထင်စွာပြဦးအံ့။ ယာဝ ယတ္တကံ၊ အကြင်မျှလောက်။ ကလ္လသရိရော၊ ကြမ်းခဲ့သော ကိုယ်ရှိသောသူသည်။ ကေဝါရံ၊တကြိမ်။နိမ္မိသနုမ္မိသနံ၊မျက်စိမှိတ်ခြင်း ဖွင့်ခြင်းကို။ ကရောတိ၊ပြု၏။ တ္တာကံ၊ကျိမျှလောက်။ ဧကမတ္တာနံ၊တမတ္တာရာကာလရှိကုန်သော။ ရဿာနံ၊ရဿသရတို့၏။ ပမာဏံ၊ကာလအတိုင်းအရှည်တည်း။

ဤ သဒ္ဒနီတိပါဠိဖြင့် တမတ္တာရာကာလဟူသည် ကြမ်းခဲ့သော ကိုယ်ရှိသောသူ၏ မျက်စိမှိတ်ခြင်း ဖွင့်ခြင်း ကာလဖြင့် ရေတွက်အပ်သော နည်းသော ကာလရှိ၏၊မကြမ်းခဲ့သော ရောဂါစွဲသူ၏ လေးသော မျက်စိမှိတ်ခြင်း ဖွင့်ခြင်း ကာလကို မယူအပ်ဟု ပြတော်မူ၏။ထို့ကြောင့် တမတ္တာရာကာလသည် အလွန်နည်းသော ကာလအတိုင်းအရှည် ရှိ၏ဟု သိအပ်၏။

ထိုသို့ နည်းသော ကာလရှိသည်ဖြစ်၍ ရဿသရနှင့်ယှဉ်သော တမတ္တရာခွဲ ကာလရှိသော အက္ခရာပုဒ်ကို ထိုမတ္တရာခွဲကာလထက် ရှည်ကြာအောင် ရွတ်ခြင်းကိုဎင်း၊ ဒီဃသရနှင့်ယှဉ်သော နှစ်မတ္တရာခွဲကာလရှိသော အက္ခရာ, ပုဒ်, ဝါကျကို ထိုနှစ်မတ္တရာခွဲထက် ရှည်ကြာ၍ သုံးမတ္တရောကာလရှိအောင် ရွတ်ဖတ်ခြင်းကိုဎင်း အာယတဂိတ ခေါ်သော သီချင်းသံဟု မှတ်အပ်၏၊ ထိုသုံးမတ္တရာကာလထက် ရှည်ကြာသော ကာလရှိအောင် ရွတ်ဆို ဟောပြောပါမူကား အဘယ် ဆိုဖွယ်ရာ ရှိအံ့နည်း၊ အာယတဂိတ မည်တော့သည်သာလျှင်တည်း။ ထိုကြောင့် ဝစနတ္ထဇောတိကဋီကာနှိုက်—

> ကေမတ္တော ဘဝေ ရဿော၊ ဒ္ဝိမတ္တော ဒီဃ မုစ္စတေ။
> တိမတ္တောတု လ္ဟုတော ဥေ ယျော၊ဗျဉ္ဇနော အနုမတ္တိကော။—
> ဟု မိန့်တော်မူ၏။

အနက် ရဿော၊ရဿသရသည်။ ကေမတ္တော၊တမတ္တရာကာလရှိသည်။ ဘဝေ၊ ဖြစ်၏။ ဒီဃံ၊ ဒီဃသရကို။ ဒ္ဝိမတ္တော၊ နှစ်မတ္တရာကာလရှိ၏ဟူ၍။ ဥေ ယျော၊သိအပ်၏။ လ္ဟုတော၊ သီချင်းသံကို။ တိမတ္တောတု၊သုံးမတ္တရာကာလရှိ၏ ဟူ၍။ ဥေ ယျော၊ သိအပ်၏။ **တနည်းကား**— သုံးမတ္တရာကာလရှိမူကား....လ္ဟုတော၊သီချင်းသံဟူ၍။ဥေ ယျော၊သိအပ်၏။ “တိမတ္တာ ပြုတာ ဥေ ယျာ”ဟူ၍လည်း ပါဠိရှိသေး၏။ ဗျဉ္ဇနော၊ ဗျည်းသည်။ အနု မတ္တိကော၊မတ္တရာဝက် ကာလရှိ၏။

ဤသို့ ပြဆိုပြီးခဲ့သည့်အတိုင်း ရဿသရနှင့်ယှဉ်သော အက္ခရာ,ပုဒ်,ဝါကျကို တမတ္တရာခွဲကာလ ရှိရုံသာ ရွတ်အပ်၏၊ ဒီဃသရနှင့် ယှဉ်သော အက္ခရာ, ပုဒ်,ဝါကျကို နှစ်မတ္တရာခွဲကာလ ရှိရုံသာ ရွတ်အပ်၏။ ထိုသို့ ရွတ်အပ်သည်ကို ဖျက်၍ အလွန်ရှည်စွာ အသံကို ဆွဲဆွဲငင်ငင် ယူယူငင်ငင်နှင့် သာယာနာပျော်ဖွယ်ရှိအောင် ရွတ်ဆိုခြင်းသည် ဖေါက်ပြန်၍ ရွတ်ဆိုသော ဂီတဝိကာရမည်၏၊ ထိုဂီတဝိကာရကိုမပြုမူ၍ ရဟန်း,သာမဏေ,ဥပုသ်သည်တို့အား လျောက်ပတ်သော ဂီတသံ မပါသော ရွတ်ခြင်းဖြင့်သာလျှင် ရွတ်ဖတ် ပြောဟောအပ်၏။ ထိုကြောင့် အဋ္ဌကထာနှိုက်—

သဗ္ဗေသံ ပဒဗျဉ္ဇနာနံ အဝိနာသေတ္ထာ ဝိကာရံ အကတ္ထာ သမဏသာရုပ္ပေန စတုရဿေန နယေန ပဝတ္တနံ ယေဝ လက္ခဏံ။–ဟု ဖွင့်ပြတော်မူ၏။

ဝိမတိဋီကာန္သိုက်လည်း—

ယတ္ထကာဟိ မတ္ထာဟိ အက္ခရံ ပရိပုဏ္ဏံ ဟောတိ၊ တတောဝိ အဓိမတ္ထာ ယုတ္တံ ကတ္ထာ ကထနံ ဝိကာရကထနံနာမ။ တထာ အကတ္ထာ ကထနမေဝ လက္ခဏန္တိ အတ္ထော။-ဟု မိန့်တော်မူ၏။

အနက် သဗ္ဗေသံ၊အလုံးစုံ(၃၂)ပါးသော ရွတ်ရာဝတ်တို့၏။ပဒဗျဉ္ဇနာနံ၊ ပုဒ်,ဗျည်းတို့ကို။အဝိနာသေတ္ထာ၊မပျက်စေမူ၍။ ဝိကာရံ၊ဖေါက်ပြန်သည်ကို။ အကတ္ထာ၊ မပြုမူ၍။ သမဏသာရုပ္ပေန၊ ရဟန်း, သာမဏေတို့အား လျောက်ပတ်သော။ စတုရဿေန၊ လုံးဝန်းပြည့်စုံသော။ နယေန၊ ဖတ်ရွတ်သောနည်းဖြင့်။ ပဝတ္တနံယေဝ၊ဖြစ်စေခြင်းသည်သာလျှင်။ လက္ခဏံ၊ ရွတ်ခြင်း လက္ခဏာတည်း။

ယတ္ထကာဟိ၊ အကြင်မျှကုန်သော။ မတ္ထာဟိ၊ မတ္ထရာတို့ဖြင့်။ အက္ခရံ၊ အက္ခရာသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံသည်။ ဟောတိ၊၏။ တတောပိ၊ ပြည့်စုံသော အက္ခရာထက်လည်း။အဓိမတ္ထာယုတ္တံ၊တမတ္ထရာခဲ့ နှစ်မဘ္ဘရာခဲ့ထက် လွန်သော မတ္ထရာကာလနှင့် ယှဉ်သည်ကို။ ကတ္ထာ၊ ပြု၍။ ကထနံ၊ ရွတ်ဆိုခြင်းသည်။ ဝိကာရကထနံနာမ၊ ဖေါက်ပြန်၍ ရွတ်ဆိုခြင်းမည်၏။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ အကတ္ထာ၊ရွတ်ခြင်းကို မပြုမူ၍။ ကထနမေဝ၊ရွတ်ဆိုခြင်းသည်သာလျှင်။ လက္ခဏံ၊ရွတ်ခြင်းလက္ခဏာတည်း။ ဤတိအယံ၊ဤသည်လျှင်။ အတ္ထောဒေဓိပ္ပါယော၊ အဓိပ္ပါယ်တည်း။

ဤသို့ အောက်က ပြဆိုခဲ့ပြီးသည့်အတိုင်း ဘုရားဟော ပါဠိ,အဋ္ဌကထာ, ဋီကာ,မဂဓ အက္ခရာ ပုဒ် ဝါကျကိုဂုဏ်း၊ ဂုဏ်းမဂဓပါဠိတို့၏အဓိပ္ပါယ်ကိုပြန်သော စကားပြေ ပျို ကဗျာ လင်္ကာ မြန်မာဘာသာကိုဂုဏ်း နှစ်မတ္တရာခဲ့ထက် လွန်သော သုံးမတ္တရာ ကာလရှိသော ဂီတ သိချင်းသံထင်အောင် ရဟန်း, သာမဏေ, ဥပုသ်သည်တို့မှာ ရွတ်ဆိုဟောပြောခြင်းငှါ မအပ်၊ ထိုသို့ မအပ်သောကြောင့် မဂဓပါဠိ စကားပြေ ပျို ကဗျာ လင်္ကာတို့ကို ဂီတ သိချင်းသံ ထင်

အောင်(၃)ပေါက်သံ (၄)ပေါက်သံ (၅)ပေါက်သံ(၆)ပေါက်သံ(၇)ပေါက်သံ ရွတ်ဆို ဟောပြောခဲ့သည်ရှိသော် ရဟန်း, သာမဏေ, ဥပုသ်သည်တို့မှာ ဂီတသိက္ခာပုဒ် ပျက်၏။ ဟောပြောသူမှာ မအပ်သောကြောင့် ကြားနာသူမှာလည်း မအပ်၊ ဂီတသိက္ခာပုဒ် ပျက်၏ဟု မုချမှတ်အပ်၏။ ထိုကြောင့် ခုဒ္ဒကပါဠိအဋ္ဌကထာနှိုက်—

> ဓမ္မူပသံဟိတမ်ပိစေတ္ထ ဂီတံ နု ဝဋ္ဋတိ၊ ဂီတူပသံဟိတော ပန ဓမ္မော ဝဋ္ဋတိတိ ဝေဒိတဗ္ဗော။—ဟု မိန့်တော်မူ၏။

အနက် စ၊ ဆက်၍ဆိုဦးအံ့။ ထို့ကြောင့် ဤနှစ်, ဂီတသိက္ခာပုဒ်နှိုက်။ ဓမ္မူပသံဟိတမ်ပိ၊ ပါဠိတော်ဓမ္မနှင့် စပ်ယှဉ်သည်လည်း ဖြစ်သော်။ ဂီတံ၊ တရားဟော ပုဂ္ဂိုလ်တို့၏ အသံကို မစောင့်စည်းသော ရှည်ရှည်လျားလျား ဆဲ့ဆဲ့ငင်ငင် ဖေါက်ပြန်၍ ရွတ်ဆိုသော သီချင်းသံ တရားဟောသံသည်။ နဝဋ္ဋတိ၊ မအပ်။ တနည်းကား—ဓမ္မူပသံဟိတမ်ပိ၊ ရတနာသုံးပါးဂုဏ်နှင့် စပ်ယှဉ်ခြင်းကြောင့် အယုတ်အားဖြင့် ကြည်ညိုခြင်း သဒ္ဓါစသော ကောင်းမှုနှင့် စပ်ယှဉ်သည်လည်း ဖြစ်ထသော်။ ဂီတံ၊ သီချင်းသံ တီးမှုတ်သံသည်။ နဝဋ္ဋတိ၊ မအပ်။ ပန၊ မအပ်သည်မှတပါး အပ်သည်ကိုဆိုအံ့။ ဂီတူပသံဟိတော၊ သက္ကပဥ္ဉသုတ်နှိုက် ပဥ္စသိခနတ်သား၏ "ဝန္ဒေ တေ ပိတရံ ဘဒ္ဒေ" စသော သီချင်းသံနှင့်စပ်သော။ ဓမ္မော၊ ဘုရားဟော ပါဠိတော်သည်။ ဝဋ္ဋတိ၊ အပ်၏။

"ဓံမ္မူပသံဟိတမ်ပိ" ဟူသောပုဒ်နှိုက် ပဌမအနက်ကား—

> တတ္ထ ဓမ္မဘာဏကဂီတံနာမ အသညတ ဘိက္ခူနံ တံတံဝတ္ထုံ ဘိန္ဒိတ္ဝာ အတိဒိဃံ ကတ္ဝာ ဂီတသဒ္ဒေန ဓမ္မဘာဏံ၊ တမ်ပိ နေဝဘိက္ခဝေနော နဘိက္ခဝိနိံ ဝဋ္ဋတိ။ တထာဟိ ဝုတ္တံ ပရမတ္ထဇောတိကခုဒ္ဒကပါဌအဋ္ဌကထာယံ ဓမ္မူပသံဟိတမ်ပိ စေတ္ထ ဂီတံ နဝဋ္ဋတိ၊ ဂီတူပသံဟိတော ပန ဓမ္မော ဝဋ္ဋတီတိ။—

ဟူသော ကခ်ါဠီကာသစ်နှင့်အညီ ယောဇနာသည်။ ဒုတိယအနက်ကို ကား—

> ဓမ္မသံယုတ္တမ်ပိတိ ရတနတ္တယ ဂုဏူပသံဟိတတာယ အန္တမသော ဓမ္မေန ပုညေန သံယုတ္တမ်ပိ။—

ဟူသော ခုဒ္ဒသိက္ခာ ဋီကာသစ်နှင့် အညီ ယောဇနာသည်။ နှစ်သက်ရာကို ယူ။

"ဂိတ္တုပသံဟိတော ပန ဓမ္မော ဝဋ္ဋတိ" ဟူသော ဝါကျနှိုက် သီချင်းသံနှင့် ယှဉ်သော ပါဠိဓမ္မသည် အပ်၏ဟု ဆိုခြားသော်လည်း ယခုကာလနှိုက် လောကီလူတို့သည်၎င်း သဘင်သည်တို့သည်၎င်း သီဆိုကြသော သီချင်းများ သည် ဘုရားဟော အဓိပ္ပါယ်ပါရှိခြားသော်လည်း သီဆိုခြင်း နားထောင်ခြင်း ၌ အပ်သည်မဟုတ်၊ စင်စစ်သော်ကား သက္ကပဉ္ဉသုတ်နှိုက် ဘုရားဟောတော် မူအပ်သော—

ဇုမာစ ဂါထာ အဘာသိ၊ ဗုဒ္ဓူပသဋ္ဌိတာ ဓမ္မူပသဋ္ဌိတာ သံဃူပသဋ္ဌိတာ အရဟန္တူပသဋ္ဌိတာ ကာမူပသဋ္ဌိတာ။

ဝန္ဒေ တေ ဝိတရံ ဘဒ္ဒေ။ လ။ ယဿာ သေတာဒိ သိပဇာတိ။—

ဟူသော ပဉ္စသိခနတ်သား၏ စောင်းချင်းဂါထာများကဲ့သို့ ဂိတ္တုပသံဟိတ ဓမ္မများသာ အပ်၏၊ ၎င်းစောင်းချင်းဂါထာမျိုး ဂိတပါဠိများကိုလည်း ရဟန်း သာမဏေ ဥပုသ်သည်တို့သည် နှစ်မတ္တရာခဲ့ထက် လွန်အောင် ရှည်ရှည်လျား လျား အသံကို ဆဲ့ငင်၍ သီချင်းသံဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း တရားဟော ခြင်း သူတပါး ရွတ်ဖတ်သည်ကို နားထောင်ခြင်း၌ မအပ်။ အောက်က ပြဆို ခဲ့ပြီးသည့်အတိုင်း ပါဠိရွတ်ဖတ်နည်းအတိုင်းသာ ဖတ်ရွတ် ဟောပြောအပ်၏။ ပျို, ကဗျာ, လင်္ကာ, ဧချင်း, တေးထပ် စသည်ကိုလည်း ရှည်ရှည်လျားလျား ဆဲ့ဆဲ့ငင်ငင် အသံဖေါက်ပြန်ခြင်းကို မဖြစ်စေမူ၍ အက္ခရာပီပြင် သိသာရုံ ရွတ်ဖတ် ပြောဟောခဲ့လျှင် သီချင်းသံ မဟုတ်သောကြောင့် ရွတ်ဖတ် ပြော ဟောခြင်း နားထောင်ခြင်း၌ အပ်တော့သည်သာလျှင်တည်း။

တရားတော်ကို ဂီတသံကဲ့သို့ ရွတ်ဆိုခြင်း ဟောပြောခြင်းနှိုက် အပြစ်ငါးပါးကို ပြခြင်း

(၁) နှစ်မတ္တရာခဲ့ထက် လွန်စွာရှည်၍ ဆဲ့ဆဲ့ငင်ငင် အသံကိုမစောင့်စည်းဘဲ အာယတ ဂ်တသံဖြင့် တရားတော်ကို ဟောပြောခြင်း ရွတ်ဖတ်

သရဇ္ဈာယ်ခြင်းတို့နှိုက် ရွတ်ဖတ် ဟောပြော သရဇ္ဈာယ်သော မိမိသည်လည်း ထို ဂီတသံနှိုက် သာယာ နှစ်သက်ခြင်း သဒ္ဒတဏှာ ဖြစ်၏။

(၂) မိမိမှတပါးသော တရားနာကြသော ရဟန်း, ရှင်, လူ, ယောကျ်ား, မိန်းမတို့သည်လည်း ထိုဟောရွတ်သော ဂီတသံနှိုက် သာယာနှစ်သက်ခြင်း သဒ္ဒတဏှာ ဖြစ်၏။

(၃) တရားဟောပြော ရွတ်ဆိုရာနှိုက် နားလည်လိမ္မာကြကုန်သော လူ, ရဟန်းတို့သည် ကဲ့ရဲ့ကြသည်ကို ခံကြရကုန်၏။

(၄) ထို ဂီတသံကို ရွတ်ဆိုခြင်းကို အလိုရှိသောပုဂ္ဂိုလ်အား ကုသိုလ်သမာဓိပျက်၏၊ သမာဓိပျက်၏ဟူသည် မရသေးသော ကုသိုလ်သမာဓိကို မရ၊ ရပြီးသော ကုသိုလ်သမာဓိကို မဝင်စားနိုင် ဟူလို။

(၅) နောက်ကာလနှိုက် ဖြစ်လတ္တံ့သော တပည့် ရဟန်း, သာမဏေ, လူတို့သည် အတုမြင် အတတ်သင် ဆိုသကဲ့သို့ ငါတို့ ဆရာတို့သည်၎င်း ဥပဇ္ဈာယ်ဆရာတို့သည်၎င်း ဤသို့ ရွတ်၏၊ ဤသို့ ဟော၏ဟု အတုလိုက်၍ ရွတ်ဆို ဟောခြင်းသို့ ရောက်၏၊ ဤငါးပါးသော အပြစ်ကို ရသတည်း။ ထိုကြောင့် သဗ္ဗညု မြတ်စွာဘုရားသည် စူဠဝါပါဠိတော် ခုဒ္ဒကက္ခန္ဓကနှိုက်—

ပဠိမေ ဘိက္ခဝေ အာဒိနဝါ အာယတကေန ဂီတဿရေန ဓမ္မံ ဂါယန္တဿ၊ အတ္ထာနာဝိ တသ္မိံသရေ သာရဇ္ဇတိ၊ ပရေဝိ တသ္မိံသရေ သာရဇ္ဇန္တိ၊ ဂဟပတိကာဝိ ဥဇ္ဈာယန္တိ၊ သရကုတ္တိံဝိ နိကာမယမာနဿ သမာဓိဿ ဘင်္ဂါဟောတိ၊ ပန္တိမ ဇနတာဝိ ဒိဋ္ဌာနဂတိံ အာပဇ္ဇတိ၊ ဣမေခေါ ဘိက္ခဝေ ပဠအာဒိနဝါ အာယတကေန ဂီတဿရေန ဓမ္မံ ဂါယန္တဿ။—ဟု ဟော တော်မူ၏။

အနက် ဘိက္ခဝေ၊ တို့။ အာယတကေန၊ နှစ်မတ္တရာခဲ့ထက် အလွန်ရှည်စွာသော။ ဂီဿရေန၊ သီချင်းသံဖြင့်။ ဓမ္မံ၊ တရားတော်ကို။ ဂါယန္တဿ၊ ဟောရွတ် သီဆိုသော ရဟန်း, သာမဏေ, လူအား။ ပဠ၊ ငါးပါးကုန်သော။ ဣမေအာဒိနဝါ၊ ဤအပြစ်တို့သည်။ ဟောန္တိ၊ ကုန်၏။ အတ္တနာပိ၊

မိမိသည်လည်း။ တသို့ ၊ ထိုမိမိ သီဆို ဟောရွတ်သော တရားသီချင်းသံနှိုက်။ သာရဇ္ဇတိ၊သဒ္ဒါရုံနှိုက် တပ်မက်မောသော သဒ္ဒတဏှာဖြင့် တပ်နှစ်သက်၏။ ပရေပိ၊ မိမိမှတပါးသော တရားနှာသော ရဟန်း, ရှင်, လူတို့သည်လည်း။ တသို့ သရေ၊ ထိုတရားသီချင်းသံနှိုက်။ သာရဇ္ဇန္တိ၊ သဒ္ဒါရုံနှိုက် တပ်မက်သော သဒ္ဒတဏှာဖြင့် တပ်နှစ်သက်ကုန်၏။ ဂဟပတိကာပိ၊တရားဟောပြော ရွတ်ဆို ရာနှိုက် နားလည် လိမ္မာကုန်သော လူ, ရဟန်းတို့သည်လည်း။ (ပိသဒ္ဒါဖြင့် ရဟန်းကိုလည်း ဆည်းသည်)။ ဥဇ္ဈာယန္တိ၊ ကဲ့ရဲ့ကုန်၏။ သရကုတ္တိ ပိ၊ တရားသီချင်းသံကို ကြူးရင့်အံ့ဟု ပြုခြင်းကိုလည်း။ နိကာမယမာနဿ၊အလိုရှိသော ပုဂ္ဂိုလ်အား။ သမာဓိဿ၊ ကုသိုလ်သမာဓိ၏။ ဘင်္ဂေါ၊ ပျက်စီးခြင်းသည်။ ဟောတိ၊ ၏။ ပစ္ဆိမဇနတာပိ၊ နောက်ကာလနှိုက်ဖြစ်သော လူအပေါင်းသည်လည်း။ဒိဋ္ဌာနုဂတိ ၊မြင်သောအမှုကိုအတုလိုက်ခြင်းသို့။ အာပဇ္ဇတိ၊ရောက်၏။ ဘိက္ခဝေ၊တို့။ အာယတကေန၊နှစ်မတ္တရာခဲ့ထက် အလွန်ရှည်စွာသော။ဂီတဿရေန၊သီချင်းသံဖြင့်။ ဓမ္မံ၊တရားကို။ ဂါယန္တဿ၊သီဆိုဟောရွတ်သော ရဟန်း, သာမဏေ, လူ၏။ အာဒိနံဝါ၊ အပြစ်တို့သည်။ ဣမေခါပဉ္စ၊ ဤငါးပါးတို့တည်း။

ဤသို့ မြတ်စွာဘုရား ဟောကြား ဆုံးမတော်မူသော ပါဋိတော်, ဗုဒ္ဓမတည်း အဋ္ဌကထာဆရာတော်, ဋီကာဆရာတော်တို့ ပြဆို ဆုံးမတော်မူအပ်သော စကားအဓိပ္ပါယ်များကို ကောင်းမြတ်သော ယောနိသော မနသိကာရသတိသမ္ပဇညတရားဖြင့် ဆင်ခြင် နှလုံးထားကြပြီးလျှင် သံသရာ ဝဋ်ဒုက္ခမှ ထွက်မြောက်လို၍ ရဟန်း, သာမဏေ ပြုလုပ်ကြခြင်း၊ တနေ့တရက်မျှ ဥပုသ်သီတင်း စောင့်သုံး ကျင့်ကြံအားထုတ်ကြသည်အားလျော်စွာ သမဏသာရုပ္ပမဖြစ်သော ဂီတသံဖြင့် ပါဋိရွတ်ဖတ် ဟောပြောခြင်း၊ စကားပြေ လက်ဝဖတ်ရွတ်ခြင်းတို့ကို အမြဲ ကြဉ်ရှောင်ကုန်ရာ၏။

ရှေးကာလက မရှိ၊ လွန်ခဲ့သော အနှစ်(၂၀)ခန့်လောက်က ပေါ်၍လာသော ရပ်လှဲဟော ပုဂ္ဂိုလ်အချို့က ဤကဲ့သို့ အကွာရာ, ပုဒ်, ဗျည်းတို့ကို နှစ်မတ္တရာခဲ့ထက် အလွန်ရှည်အောင် ဆွဲငင်၍ ဟောပြောကြခြင်းသည် ဂီတသံဖြင့် ရွတ်ဆိုသည်မဟုတ်၊ သာယာနာပျော်ဖွယ်ရှိအောင် သရဘညဖြင့် ရွတ်ဆို၏ဟု ဆိုကြကုန်၏။ ဤသို့ ဆိုကြရာနှိုက် သရဘညလက္ခဏာကို သိအပ်၏။

သရဘညဟူသည် "သရဘာညန္တိ သရေန ဘဏနံ"ဟု အဋ္ဌကထာဖွင့်တော် မူသောကြောင့် အသံကို မပြုပြင်မူ၍ ပကတိအသံအားဖြင့် အလုံးစုံသော ပုဒ်,ဗျည်းတို့၏ တမတ္တရာခဲ့ကာလ နှစ်မတ္တရာခဲ့ကာလတို့ကို မပျက်စေမူ၍ အသံကို မဖေါက်ပြန်စေဘဲ သမဏသာရုပ္ပအားဖြင့် အက္ခရာပီသစွာ ထင်ရှားအောင် အသံကျယ်စွာ ရွတ်ဆိုခြင်းသည်သာလျှင် သရဘည ရွတ်ဆိုခြင်းမည်၏။ ထိုကြောင့် အဋ္ဌကထာန်းက်—

သရဘညန္တိ သရေန ဘဏနံ။ သရဘညေ ကိရ တရင်ဝတ္တ ဓောတကဝတ္တ ဂလိတဝတ္တာဒီနိ ဒ္ဝတ္တိံသဝတ္တာနိ အတ္ထိ၊ တေသု ယံ ဣစ္ဆတိ၊ တံ ကာတုံ လဘတိ။ သဇ္ဇေသံ ပဒဗျဉ္ဇနာနံ အဝိနာသေတွာ ဝိကာရံ အကတွာ သမဏသာရုပ္ပေန စတုရဿေန နယေန ပဝတ္တနံယေဝ လက္ခဏံ။—ဟု မိန့်တော်မူ၏။

အနက် သရဘညန္တိ၊ ဟူသည်ကား။ သရေန၊ ပကတိသော အသံဖြင့်။ ဘဏနံ၊ ပီသ ထင်ရှားအောင် ကျယ်စွာ ရွတ်ဆိုခြင်းတည်း။ (ဘဏိတံဟု ပါဠိအခ္ခရိ ရှိ၏။ ရွတ်ဆိုအပ်၏ဟု ယောဇနာ)။ သရဘညေ၊ ပကတိသော အသံဖြင့် ပီသ ထင်ရှားအောင် ကျယ်စွာ ရွတ်ဆိုရာန္ဒိုက်။ တရင်ဝတ္တ ဓောတကဝတ္တ ဂလိတဝတ္တာဒီနိ၊ လျိုင်းထမ်းပိုးကဲ့သို့ ရွတ်ရာသောဝတ် ပုဆိုးဖွပ်သကဲ့သို့ ရွတ်ရာသောဝတ် ချော်ချွတ်သကဲ့သို့ ရွတ်ရာသောဝတ် အစရှိကုန်သော။ ဒ္ဝတ္တိံသဝတ္တာနိ၊သုံးဆယ့်နှစ်ပါးသော ဝတ်တို့သည်။အတ္ထိသန္တိ ကိရ၊ ရှိကုန်သတတ်။ တေသု၊ ထိုသုံးဆယ့်နှစ်ပါးသော ဝတ်တို့တွင်။ ယံဝတ္တုံ၊ အကြင် ရွတ်ဆိုရာသောဝတ်ကို။ ဣစ္ဆတိ၊အလိုရှိ၏။တံဝတ္တုံ၊ထိုရွတ်ဆိုရာသော ဝတ်ကို။ ကာတုံ၊ပြုခြင်းငှါ။ လဘတိ၊ရ၏။ သဇ္ဇေသံ၊အလုံးစုံသော သုံးဆယ့်နှစ်ပါးသော ဝတ်တို့၏။ ပဒဗျဉ္ဇနာနံ၊ ပုဒ်, ဝါကျတို့ကို။ အဝိနာသေတွာ၊ မတ္တရာကာလကို မပျက်စေမူ၍။ ဝိကာရံ၊ မတ္တရာကာလ ဖေါက်ပြန်ခြင်းကို။ အကတွာ၊ မပြုမူ၍။ သမဏသာရုပ္ပေန၊ ရဟန်း,သာမဏေတို့အား လျောက်ပတ်သော။ စတုရဿေန၊ဒီဃ,ရဿ,ဂရု,လဟု,မတ္တရာပြည့်စုံသော။ နယေန၊ ရွတ်ဆိုသောနည်းအားဖြင့်။ပဝတ္တနံယေဝ၊ဖြစ်စေခြင်း ရွတ်ဆိုခြင်း ဟောခြင်း သည်သာလျှင်။ လက္ခဏံ၊ရွတ်ခြင်းလက္ခဏာတည်း။

ဤ သရဘည ဟောရွတ်နည်းကို ဤ အဋ္ဌကထာလာတိုင်းသာ သိမှတ် အပ်၏၊ တရင်ဝတ္ထု စသည်တို့၏ ရွတ်ဆိုသော အစီအရင်တို့သည် ယခုကာလ နှိုက် မရှိ ပျောက်လေ၏။ ထိုကြောင့် ပါစိတ္တိဒိ ယောဇနာနှိုက်—

တရင်ဝတ္ထာဒိနံ ဥစ္စာရဏာ ဝိဓာနာနိ ဇေတရဟိ နတ္ထိ၊ ဒွတ္တိံသ ဝတ္ထာနိတိစ သင်္ခါမတ္တမေဝ အတ္ထိ၊ န သင်္ချံယံ၊ တသ္မာ ဌီကာသု တရင်ဝတ္ထာဒိနံ ဥစ္စာရဏာ ဝိဓာနာနိ နဋ္ဌပယောဂါနိတိ ဝုတ္တံ။—ဟု ဖွင့်တော်မူ၏။

အာယတဓမ္မဂိတ ဝိနိစ္ဆယ ပြီးပြီ။

ဘိက္ခုနီ ဝိနိစ္ဆယ

ဟသ်ာတမြို့ မြစ်ကွေ့ကျောင်းတိုက် ဆရာတော် ဦးပညာဝံသက ယခုအခါ နှိုက်"ဘိက္ခု ကေတော ဥပသမ္ပန္နေ"ဖြစ်နိုင် မဖြစ်နိုင် လျှောက်ထားရာနှိုက်—

ဘိက္ခုနီမသည် ဘိက္ခု ကေတော ဥပသမ္ပန္နေ ဘိက္ခုနီမ၊ ဘိက္ခုနီ ကေတော ဥပသမ္ပန္နေ ဘိက္ခုနီမ၊ ဥဘတော ဥပသမ္ပန္နေ ဘိက္ခုနီမဟူ၍ သုံးမျိုး သုံးစား ရှိ၏။ ထိုသုံးမျိုး သုံးစားတို့တွင်—

၁။ (က) အနုဇာနာမိ ဘိက္ခဝေ ဘိက္ခူဟိ ဘိက္ခုနိယော ဥပသမ္ပါ ဒေတုံ။ စူဠဝါပါဠိတော် ဘိက္ခုနိခန္ဓက

(ခ) အနုဇာနာမိ ဘိက္ခဝေ ဘိက္ခူဟိ ဘိက္ခုနိယော ဥပသမ္ပါ ဒေတုန္တိ ဣမာယ အနုပဉ္ဇတ္တိယာ ပဏ္ဍသတ သာကိနိယော မဟာပဇာပတိယာ သဒ္ဓိဝိဟာရိနိယော ကတ္တာ ဥပသမ္ပါ ဒေသုံ။ ဣတိ တာ သဗ္ဗာပိ ကေတော ဥပသမ္ပန္နာနာမ။ ၎င်း စူဠဝါအဋ္ဌကထာ

၎င်းပါဠိတော်,အဋ္ဌကထာတို့နှိုက်လာသော ဂရုမေမ္မ ပဋိဂ္ဂဟဏ ဥပသမ္ပန္နေ မဟာပဇာပတိဂေါတမီထေရိမကို ဥပဇ္ဈာယ်ပြု၍ ရဟန်းယောကျ်ားတို့ ဥတ္တိ

စတုတ္ထ ဥပသမွဒကမ္မဝါစာဖတ်သဖြင့် ပဉ္စင်းမ အဖြစ်သို့ ရောက်ကြကုန်သော သာကီဝင်မင်းသွီး ငါးရာတို့သည် ဘိက္ခု ဧကတော ဥပသမ္ပန္နေ ဘိက္ခုနိမဘို့ မည်ကုန်၏။

မှတ်ချက်—ထိုသာကီဝင် မင်းသွီး ငါးရာတို့သည်လည်း "မဟာပဇာပတိယာ သဒ္ဓိဝိဟာရိနိယော ကတ္တာ"-ဟူသော အထက်ပါ အဋ္ဌကထာ၊ "မဟာပဇာပတိယာ သဒ္ဓိ ဝိဟာရိနိယော ကတ္တာတိ မဟာပဇာပတိံ ဥပဒ္ဓံ ကတ္တာ ပဋ္ဌသတ သာကိနိယော တဿာ သဒ္ဓိဝိဟာရိယော ကတ္တာတိ အတ္ထော"ဟူသော ပါစိတ္တျာဒိယောဇနာ တို့နှင့် အညီ ရဟန်းယောကျွဲး ဥပဇ္ဈာယ်မဟုတ်၊ ဂရုဓမ္မပဋိဂ္ဂဟဏ ဥပသမ္ပန္နဖြစ်သော မဟာပဇာပတိဂေါတမီထေရီမ ဥပဇ္ဈာယ်ဖြင့် ပဉ္စင်းမ အဖြစ်သို့ ရောက်ကြသည်ဟု မှတ်အပ်၏။

၂။ (၀) ဧကတော ဥပသမ္ပန္နာယာတိ ဘိက္ခုနိသံဃေ ဥပသမ္ပန္နာယ။ ဘိက္ခုသံဃေ ဥပသမ္ပန္နာ ပန ဩဝါဒတော ပါစိတ္တိယမေဝ။ ဇာတော ပရမ္မိ ယတ္ထယတ္ထ ဧကတော ဥပသမ္ပန္နာယာတိ ဝုစ္စတိ။ သဗ္ဗတ္ထ အယမေဝ အတ္ထော—

ဟူ၍ လာသော ဘိက္ခုနိသံဃာတော် အထံနှိုက် ဘိက္ခုနိမ ဥပဇ္ဈာယ် ဘိက္ခုနိမ ကမ္မဝါစာဆရာ ဥတ္တိစတုတ္ထ ဥပသမ္ပဒကံဖြင့် ပဉ္စင်းမ အဖြစ်သို့ ရောက်ကြကုန်သောဘိက္ခုနိမတို့သည် ဘိက္ခုနိ ဧကတော ဥပသမ္ပန္နေ ဘိက္ခုနိမတို့ မည်ကုန်၏။

မှတ်ချက်—"ဇာတော ပရမ္မိ ယတ္ထယတ္ထ ဥပသမ္ပန္နာယာတိ ဝုစ္စတိ။ သဗ္ဗတ္ထ အယမေဝ အတ္ထော ဒဋ္ဌဗ္ဗော"-ဟူသော ပါဠိဖြင့် အကြင် အကြင် ပါဠိတော်နှိုက် ဧကတော ဥပသမ္ပန္နာယဟူ၍ ဟောတော်မူအပ်၏။ ထိုထိုပါဠိတော်နှိုက် ဘိက္ခုနိသံဃေ ဥပသမ္ပန္နာယ ဟူသောအနက်ကို သာလျှင် မှတ်အပ်၏ဟု ယတ္ထယတ္ထ ဟူသော ဝိစ္ဆာစကားနှင့် ပြတော်မူသောကြောင့် သာမတ္ထိယအားဖြင့် သာကီဝင်မင်းသွီး ငါးရာမှ တပါး ဘိက္ခုနီကတော ဥပသမ္ပန္နေ ဘိက္ခုနိမ မရှိကြောင်းကို ပြတော်မူ၏ဟု မှတ်အပ်၏။

၃။ (ဃ) ဘိက္ခုနီယောနာမ ဉာတောသံဃေ ဥပသမ္မန္နာ။ ဘိက္ခု ပါစိတ်ပါဠိတော်

(ဂ) အနုဇာနာမိ ဘိက္ခဝေ ကေတော ဥပသမ္မန္နာယ ဘိက္ခုနီသံဃေ ဝိသုဒ္ဓါယ ဘိက္ခုသံဃေ ဥပသမ္မါဒေတုံ။ စူဠဝါ ဘိက္ခုနီခန္ဓကပါဠိတော်

ဂုင်းပါဠိတော်တို့ဆိုက်လာသော ဘိက္ခုနီသံဃာတော်၏အထံဆိုက် ပဉ္စင်းမအဖြစ်သို့ ရောက်ပြီးသော စင်ကြယ်ပြီးသော ဘိက္ခုနီမ၏ ဘိက္ခုနီ ဥပဇ္ဈာယ်မဖြင့် ဘိက္ခုသံဃာတော် အထံဆိုက် တဖန် ပဉ္စင်းမ အဖြစ်သို့ ရောက်ကုန်သော ဘိက္ခုနီမတို့သည် ဉာဉ်တော ဥပသမ္ပန္နဿ ဘိက္ခုနီမတို့မည်ကုန်၏။ ဤသို့ ဘိက္ခုနီ ဥပသမ္ပန္နဿ သုံးမျိုးကို ရှေးဦးစွာ မှတ်သားအပ်၏။

ထိုဘိက္ခုနီမ သုံးမျိုးသုံးစားတို့တွင်— ပဌမ ဘိက္ခု ဧကတော ဥပသမ္ပန္နဿ ဘိက္ခုနီမသည် သာကီဝင်မင်းသမီး ငါးရာတို့ ရဟန်းမ ပြုကြသောအခါဆိုက် ဘိက္ခုနီမ မရှိသေး၍ "အနုဇာနာမိ ဘိက္ခဝေ။လ။ ဥပသမ္မါဒေတုံ" ဟု ခွင့်ပြုတော်မူသောကြောင့် သာကီဝင်မင်းသမီး ငါးရာတို့သည်သာလျှင် ရှိ၏ဟူ၍ မှတ်အပ်၏။ အဘယ်ကြောင့်နည်း ဟူမူ....ဥပမာ သရဏဂုမ်ဖြင့် ဥပသမ္ပဒအဖြစ်ကို ခွင့်ပြုတော်မူပြီးသည့်နောက် ဥတ္တိစတုတ္ထကံဖြင့် ဥပသမ္ပဒအဖြစ်ကို နောက်ထပ် ခွင့်ပြုတော်မူပြန်သောအခါ ရှေး အနုညာတဖြစ်သော သရဏဂမန ဥပသမ္ပဒသည် ပယ်နုတ်ပြီးပြီးအရာသို့ ရောက်၍ မပြုရသကဲ့သို့၊ ထိုအတူ "အနုဇာနာမိ ဘိက္ခဝေ ဘိက္ခူဟိ ဘိက္ခုနီယော ဥပသမ္မါဒေတုံ" - ဟူ၍ လဟုက အနုညာတ ဘိက္ခု ဧကတော ဥပသမ္ပန္နဿ ဘိက္ခုနီမ အဖြစ်ကို ခွင့်ပြုတော်မူပြီးသည်နောက် "အနုဇာနာမိ ဘိက္ခဝေ ဧကတော ဥပသမ္ပန္နာယ ဘိက္ခုနီသံဃေ ဝိသုဒ္ဓါယ ဘိက္ခုသံဃေ ဥပသမ္မါဒေတုံ" ဟူ၍ ဘိက္ခုနီသံဃာနှိုက် ဘိက္ခုနီမ ဖြစ်ပြီး၍ စင်ကြယ်ပြီးသော ဘိက္ခုနီမကို ဘိက္ခုသံဃာတော် အထံနှိုက် ပဉ္စင်းခံခြင်းကို နောက်ထပ် ဂရုက အနုညာတ ဉာတောဉ ဥပသမ္ပန္နဿ ဘိက္ခုနီမ အဖြစ်ကို ခွင့်ပြုတော်မူပြန်သောအခါ ရှေး ပုဗ္ဗလဟုက အနုညာတ ဘိက္ခုကေတော ဥပသမ္ပန္နဿ ဘိက္ခုနီမ အဖြစ်ကို ပယ်နုတ်ရာသို့ ရောက်ပြီးဖြစ်၍ နောက်ပစ္ဆိမ ဂရုက အနုညာတ ဉာတောဉ ဥပသမ္ပန္နဿ ဘိက္ခုနီမအဖြစ်နှိုက်သာ

တည်သောကြောင့်တည်း။ ဤသို့ နောက်ထပ် ပစ္စိမ ဂရုက အနုညာတန္ဒိုက် သာ တည်ရခြင်းသည် ဝိနယာနုညာဟပညတ်၏ ဓမ္မတာဝဟုတ်း အမြဲ မှတ် အပ်၏။ ထိုသို့ ဘိက္ခု ကေတော ဥပသမ္ပန္န အနုညာတကို ပယ်နုတ်ပြီး ဖြစ် သောကြောင့်ဂုင်း ယခုအခါန္ဒိုက် ဥပဇ္ဈာယ်မ ပြုရန် ဘိက္ခုနီမ မရှိသော ကြောင့်ဂုင်း ယခု အခါကာလန္ဒိုက် ဘိက္ခု ကေတော ဥပသမ္ပန္န ဘိက္ခုနီမ မဖြစ်နိုင်ဟူ၍ မုခ္ဂသန္နိဋ္ဌာန်ကျ မှတ်သားအပ်၏။

တနည်း—အကယ်၍ ဘိက္ခု ကေတော ဥပသမ္ပန္န ဘိက္ခုနီမသည် သာကီဝင် မင်းသမီး ငါးရာအပြင် တည်ရှိခဲ့သည်ဖြစ်အံ့ သာကီဝင်မင်းသမီး ငါးရာတို့နှင့် တကွ မဟာပဇာပတိဂေါတမီရဟန်းမ ပြုပြီးသည်နောက် မကြာမြင့်မီ နောက် ထပ် ရဟန်းမ ပြုကြသော ရာဟုလာမယ်တော်, ဇနပဒကလျာဏီတို့သည် ရဟန်းယောကျ်ား သံဃာတော်၏ အထံန္ဒိုက် ရဟန်းမ ပြုကြောင်းကို အဋ္ဌ ကထာတို့ဋ္ဌိုက် ပြရာ၏။ ထိုသို့ မပြမူ၍ ဂုင်း ရာဟုလာမယ်တော်, ဇနပဒ ကလျာဏီတို့သည် မဟာပဇာပတိဂေါတမီထေရီမ အထံတော်ဋ္ဌိုက် ရဟန်းမ ပြုကြောင်းကို—

(စ) မဟာပဇာပတိဂေါတမီ ပဗ္ဗဇိ မာတုဂါမ သတေဟိ သဒ္ဓိံ သတ္ထုသန္တိကေ ပဗ္ဗဇိ။ ရာဟုလာ မာတာဝိ ဇနပဒကလျာ ဏီဝိ ထေရိယာ သန္တိကံ ဂန္တွာ ပဗ္ဗဇိ။—

ဟူ၍ ဧကနိပါတ် အဂ်ုတ္တရ အဋ္ဌကထာ ဧတဒဂ္ဂဝဂ်ဋ္ဌိုက် ပြတော်မူ သည်။

တကြောင်းလည်း-အကယ်၍ သာကီဝင်မင်းသမီး ငါးရာတို့အပြင် ဘိက္ခု ကေတော ဥပသမ္ပန္န ဘိက္ခုနီမခေတ် တည်ရှိခဲ့သည်ဖြစ်အံ့ ပဋာစာရီသည် မြတ်စွာဘုရား အထံတော်ဋ္ဌိုက် ရဟန်းမ အဖြစ်ကို လျှောက်တောင်းသော အခါ မြတ်စွာဘုရားသည် ရဟန်းယောကျ်ား သံဃာတော်အထံသို့ သွားရ၍ ရဟန်းမ ပြုလောဟု ရဟန်းမ အဖြစ်ကို ဝန်ခံတော်မူရာ၏။ ထိုသို့ ဝန်ခံတော် မမူ မူ၍ ဘိက္ခုနီမကျောင်းသို့သွား၍ ရဟန်းမ ပြုလောဟု ရဟန်းမ အဖြစ်ကို ဝန်ခံတော်မူသည်။ ထိုကြောင့် ဧကနိပါတ် အဂ်ုတ္တရအဋ္ဌကထာ ဧတဒဂ္ဂဝဂ် ဋ္ဌိုက်—

(ဆ) သာ ပဋ္ဌာစာရီ ဂါထာပရိယောသာနေ ယထာ ဋ္ဌိတာဝ သောတာပတ္တိဖလေ ပတိဋ္ဌာယ သတ္ထာရံ ဥပသင်္ကမိတ္ဝာ ဝန္ဒိတ္ဝာ ဋ္ဌိတာ ပဗ္ဗဇ်ံ ယာစိ။သတ္ထာ တသာ ဘိက္ခုနီ ဥပသဃံ ဂန္ဆာ ပဗ္ဗဇ္ဇာတိ ပဗ္ဗဇ်ံ သမ္မဋိဆ္ဆိ။—ဟု ဖွင့်ပြတော်မူ၏။

အဋ္ဌကထာန္ဒိုက် 'သာ' ဟူ၍သာ ပါ၏။ သိလ္ဓယ်စိမ့်သောင့်ငြိ ပဋ္ဌာစာရီသဒ္ဒါ ထည့်သည်ဟု မှတ်။

တကြောင်းလည်း—ဘဒ္ဒါကာပိလာနီ ဘိက္ခုနီမသည် လက်ဝဲခရီးကိုယူ၍ မြတ်စွာဘုရားသည် မာတုဂါမအာဃး ရဟန်းမ အဖြစ်ကို ခွင့်မပြုသေးသည်၏ အဖြစ်ဖြင့် ပရိဗိုဇ်အာရာမ်သို့ သွား၍ ပရိဗိုဇ်ရဟန်းမ ပြု၏၊ အကြင်အခါ၌က် မဟာပဇာပတိဂေါတမီသည် ပဗ္ဗဇ္ဇာအဖြစ် ဥပသမ္ပဒါအဖြစ်ကိုရ၏၊ထိုအခါ၌က် ထိုဘဒ္ဒါကာပိလာနီ ထေရီမသည် မဟာပဇာပတိဂေါတမီ ထေရီမအထံ၌က် ပဗ္ဗဇ္ဇာအဖြစ် ဥပသမ္ပဒါအဖြစ်ကို ရကြောင်းကို အဋ္ဌကထာန္ဒိုက် ပြတော်မူသည်။ အကယ်၍ ထိုအခါ၌က် ဘိက္ခု ကေတော ဥပသမ္ပန္နာ ဘိက္ခုနီမခေတ် ရှိသေး သည် ဖြစ်အံ့ ထိုဘဒ္ဒါကာပိလာနီဘိက္ခုနီမသည် မာတုဂါမပဗ္ဗဇ္ဇာကို ဘုရား ခွင့်မပြုမီကပင် ပရိဗိုဇ်ရဟန်းမ ပြုရင်းဖြစ်သည်အား လျော်စွာ မဟာပဇာပတိဂေါတမီတို့ ရဟန်းမ ပြု၍ မကြာမြင့်မီပင် ရဟန်းမ ပြုသောကြောင့် ဘိက္ခုသံဃာတော်၏ အထံ၌က် ပဗ္ဗဇ္ဇာ ဥပသမ္ပဒါအဖြစ်ကို ရ၏ဟု ပြတော်မူရာ၏။ ထိုသို့ မပြသောကြောင့် ဘုရားသက်တော်ထင်ရှား ရှိစဉ်ကပင်လျှင် သာကီဝင်မင်းသမီး ငါးရာအပြင် ဘိက္ခု ကေတော ဥပသမ္ပန္နာ ဘိက္ခုနီမ မရှိဟု မှတ်အပ်၏။ ထိုကြောင့် ၎င်းအဋ္ဌကထာ ဧတာဒဂ္ဂဝဂ်၌က်—

(၉) အယံ ဘဒ္ဒါကာပိလာနီ ဝါမမဂ္ဂံ ဂဏှိတ္ဝာ မာတုဂါမဿ ပဗ္ဗဇ္ဇာယ အနနုညာတဘာဝေန ပရိဗ္ဗာဇိကာရာမံ အဂမာသိ။ ယဒါ ပန မဟာပဇာပတိဂေါတမီ ပဗ္ဗဇ္ဇဉ္စ ဥပသမ္ပဒဉ္စ လဘိ၊ တဒါ သာ ထေရီ ထေရိယာ သန္တိကေ ပဗ္ဗဇ္ဇဉ္စ ဥပသမ္ပဒဉ္စ လဘိတ္ဝာ အပရဘာဂေ ဝိပဿနာယ ကမ္မံ ကရောန္တီ အရဟတ္တံ ပတ္ဝာ ပုဗ္ဗေ နိဝါသဉ္စေ စိဏ္ဏဝသီ အဟောသိ။—ဟူ၍ ဖွင့်ပြတော်မူ၏။

တကြောင်းလည်း—လက်ျာရုံ ခေမာထေရိမသည် ဘိက္ခုနီမကျောင်းနှိုက် ရဟန်းမ ပြုကြောင်းကို ၎င်းအဋ္ဌကထာ ဇေဒဂ္ဂဝဂ်နှိုက်—

(စျ) ရာဇာ သာဓု ဒေဝိတိ သမ္မဋ္ဌဆ္ဆိတ္တာ သုဝဏ္ဏာ သိဝိကာယ ဘိက္ခုနီ ဥပဿယံ ဥပနေတွာ ပဗ္ဗာဇေသိ။—ဟု ပြတော်မူ၏။

လက်ဝဲရုံ ဥပ္ပလဝဏ်ထေရိမသည် ဘိက္ခုနီမ ကျောင်းနှိုက် ရဟန်းမ ပြုကြောင်းကို ၎င်းအဋ္ဌကထာ ၎င်းဝဂ်နှိုက်—

(ည) သော တဿာ သက္ကာရံ ကတ္တွာ ဘိက္ခုနီ ဥပဿယံ နေတွာ ပဗ္ဗာဇေသိ။—ဟု ပြတော်မူ၏။

ထင်ရှားသော ဘိက္ခုနီမတို့ ရဟန်းမ ပြုကြသည်ကို အနည်းငယ် သာဓကကို ပြလိုက်သည်။ ၎င်းပြင် ဘိက္ခုနီမ ဟူသမျှတို့သည် ရှေးဦးစွာ ဘိက္ခုနီသံဃာတော်၏ အထံနှိုက်သာလျှင် ရဟန်းမ ပြုကြသည်ဟူ၍သာ မှတ်အပ်၏။ ထိုသို့ ပြဆိုအပ်ပြီးသော ပါဠိတော်,ဗုဒ္ဓမတညူအဋ္ဌကထာဆရာတို့သည် ဘုရားအလိုတော်ကျဖွင့်ပြတော်မူအပ်သော အဋ္ဌကထာ,ပါဠို ပုဗ္ဗာပရာနုသန္ဓိကို ရှေ့နောက်စပ်ညှိ၍ အနုမာန တုလနညာဏ်ဖြင့် ထောက်ဆ ကြည့်ရှုပြီးလျှင် ပြဆိုအပ်ပြီးသော အကြောင်းယုတ္တိတို့ကြောင့် မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ် ဘုရားခေတ်, ဘုရားတန်း, ဘုရားလက်ထက်တော်က ပင်လျှင် ဘိက္ခု ဧကတော ဥပသမ္ပန္နဘိက္ခုနီမ မရှိတုံးသေး၏။ ယခု ကုလားခေတ်, ကုလားတန်းနှိုက် အဘယ်မှာ ရှိနိုင်တော့အုံးနည်း။ ဘိက္ခု ဧကတော ဥပသမ္ပန္နဘိက္ခုနီမ ခေတ်ကာလ ကုန်ပြီဖြစ်သောကြောင့် ယခု ကာလနှိုက် ဘိက္ခု ဧကတော ဥပသမ္ပန္နဘိက္ခုနီမ မဖြစ်နိုင်ဟူ၍ မုချသန္နိဋ္ဌာန် ကောန်အားဖြင့် မှတ်အပ်၏။ အကယ်၍ ယခုခေတ်ကာလနှိုက် ဘိက္ခု ဧကတော ဥပသမ္ပန္နဘိက္ခုနီမ ပြုခဲ့သော် "အပညတ္တံ ပညပေတိ" အရာသို့ ကျရောက်မည့်ပြင် ဘိက္ခုနီမလည်း မဖြစ်,လူမိန်းမလည်း မဟုတ်, သီလရင်လည်း မဟုတ်,ကုလားတန်းဖြစ်၍ ကုလားမ,သာ ဖြစ်ခဲ့ရာ၏၊ သာမဏေမမှာ ဆိုဖွယ်ရာ မရှိဟု မှတ်အပ်၏။

ဘိက္ခုနီ ဝိနိစ္ဆယ ပြီးပြီ။

သံဃိကဝိဟာရသင်္ဃရက္ခဝိနိစ္ဆယ

၁၂၉၀–ပြည့်၊ တပေါင်းလဆန်း(၁၀)ရက်နေ့။

စစ်တွေဒိစတြိတ် မြို့ဟောင်းအပိုင် သံချောင်းရွာသစ်နေ ဒါယကာ မောင်မြထွန်းက သံဃိကကျောင်းကို အရပ်တပါးသို့ ရွှေ့ပြောင်း၍ ဆောက်လုပ်သင့် မဆောက်လုပ်သင့်ဟု မေးလျှောက်ရာနှိုက် —

စုဥဝါပါဠိတော် သေနာသနက္ခန္ဓကနှိုက် ရဟန်းတို့သည် တယောက်သော ဒါယကာ၏ ကျောင်း အသုံးအဆောင် အိပ်ရာ နေရာ ညောင်စောင်း အင်းပျဉ်တို့ကို တပါးသောကျောင်းနှိုက် သုံးဆောင်ကြကုန်၏၊ ထိုအခါ ၎င်းဒါယကာ ကဲ့ရဲ့၍ မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားသည်—

(က) နဘိက္ခဝေ အညတြ ပရိဘောဂေါ အညတြ ပရိဘုဉ်တဗ္ဗော။ ယော ပရိဘုဉ္ဇေယျ အာပတ္တိ ဒုက္ကဋဿ။—

ဟု တပါးသော ကျောင်းနှိုက် သံဃိကအသုံးအဆောင်ကို တပါးသော သံဃိကကျောင်းနှိုက် မသုံးဆောင်အပ်ကြောင်းကို ပယ်မြစ်တော်မူသည်။

တဖန် တာဝကာလိက အခိုက်အတန့်မျှ ဥပုသ်အိမ် စသည်တို့နှိုက် ယူ၍ သုံးဆောင်ခြင်းတို့နှိုက် ရဟန်းတို့ ကုက္ကုစ္စသံသယ ဖြစ်ကြသောအခါ—

(ခ) အနုဇာနာမိ ဘိက္ခဝေ တာဝကာလိကံ ဟရိတုံ။—

ဟု အခိုက်အတန့်ယူ၍ သုံးဆောင်စိမ့်သောငှါ ခွင့်ပြုတော်မူသည်။

ဇဖန် သံဃိကကျောင်းကြီး ပြိုကျ ပျက်စီးသောအခါ ရဟန်းတို့သည် ထိုပြိုကျသော ကျောင်းကြီးမှ သံဃိက ညောင်စောင်း, အင်းပျဉ်, အိပ်ရာ, နေရာတို့ကို ယူ၍ သုံးဆောင်ခြင်းငှါ ကုက္ကုစ္စသံသယ ရှိကြကုန်သည်ဖြစ်၍ မြတ်စွာဘုရားအား လျှောက်ထားကြသောအခါ မြတ်စွာဘုရားသည်—

(ဂ) အနုဇာနာမိ ဘိက္ခဝေ ဂုတ္တဂုတ္တာယ ဟရိတုံ။—

ဟု လုံခြုံစိမ့်သောဌါ ဆောင်ယူ သိမ်းဆည်းခြင်းကို ခွင့်ပြုတော်မူသည်။ ၎င်း သေနာသနက္ခန္ဓက အဋ္ဌကထာနိုင်—

(ဃ) ဂုတ္တထ္ထာယာတိ ယံ တတ္ထ မဏ္ဍိဋ္ဌာဒိ။ တဿ ဂုတ္တထ္ထာယ တံ အညတြ ဟရိတုံ အနုဇာနာမီတိ အတ္ထော။ တသ္မာ တံ အညတြ ဟရိတ္ထာ သံဃိကပရိဘောဂေန ပရိဘုဉ္ဇန္တေဿ နဒ္ဒီ သုနဒ္ဒံ ဇိဏ္ဏံ သုဇိဏ္ဏံ။ သစေ အရောဂံ တသ္မိံ ဝိဟာရေ ပဒ္ဓိ သခ်ံတေ ပုန ပါကတိကံ ကာတဗ္ဗံ။ ပုဂ္ဂလိကပရိဘောဂေန ပရိဘုဉ္ဇတော နဒ္ဒံဝါ ဇိဏ္ဏံဝါ ဂိဝါ ဟောတိ၊ တသ္မိံ သခ်ံတေ ဒါတဗ္ဗမေဝ-ဟု ဖွင့်ပြတော်မူ၏။

အဓိပ္ပါယ် ဆွေးမြည့် ယုင်းယို ပျက်ပြို့ ဟောင်းနွမ်းသဖြင့် မိုးယိုသော သံဃိကကျောင်းမှ မပျက်စီးစေလိုသော သဘောဆန္ဒ လုံခြုံစေလိုသော ဂုတ္တဂေါပက တာဝကာလိကသဘောဖြင့် ညောင်စောင်း, အင်းပျဉ်တို့ကို တပါးသောကျောင်းသို့ ယူဆောင်၍ သံဃိကပရိဘောဂအဖြစ်ဖြင့် သုံးဆောင်သော ရဟန်းအား ပျက်စီးဆွေးမြည့်ခြင်း နဋ္ဌဇိဏ္ဏဖြစ်အံ့ ကောင်းသော ပျက်စီးခြင်း သုနဋ္ဌ သုဇိဏ္ဏ ဖြစ်၏၊ ၎င်းပြိုပျက်သောကျောင်းကို တဖန် အသစ် ပြုပြင်ပြီးသော်.... ၎င်း သံဃိကပရိဘောဂ ညောင်စောင်း, အင်းပျဉ် စသည်တို့ကို တဖန် ပြန်၍ ရှေးအတိုင်း ထားအပ်၏၊ ၎င်းသံဃိက ပရိဘောဂတို့ကို ပုဂ္ဂလိကအဖြစ်ဖြင့် သုံးဆောင်မူ နဋ္ဌ ဇိဏ္ဏ ဖြစ်အံ့ အစားပေးအပ်၏၊ ထိုပြိုပျက်သော ကျောင်းကို အသစ်တဖန် ပြုပြင်ပြီးသော် နဋ္ဌ ဇိဏ္ဏ မဖြစ်မူ ပကတိအတိုင်း ပြန်၍ ပေးအပ်၏။ ဤသို့သော အဓိပ္ပါယ်ကို အဋ္ဌကထာဆရာတော် ဖွင့်ပြတော်မူခြင်းသည် မပြိုမပျက်သောကျောင်း၏ သံဃိကပရိဘောဂကိုမဆို၊ ပြိုပျက်သောကျောင်း၏ သံဃိကပရိဘောဂတို့ကိုသာ မပျက်စီးစေခြင်း အကျိုးငှါသာ ဆောင်ယူ သုံးဆောင်အပ်ကြောင်းကို ဖွင့်ပြတော်မူသည်။ ၎င်းပြိုပျက်သောကျောင်းမှ အချင်,ထုပ်,လျောက်,သည်တိုင် စသည်တို့ကို ယူ၍ တပါးသော သံဃိကကျောင်းနှိုက် ထည့်သွင်း ပြုလုပ်ကုန်သည် ဖြစ်အံ့ ကောင်းသော ပြုလုပ်ခြင်းပင် မည်၏။ ထိုကြောင့် ၎င်းအဋ္ဌကထာနှိုက်—

(ဂ) သစေ တတော ဂေါပါနသီအာဒိနိ ဂဟေတွာ အညသ္မိံ သံဃိကာဝါသေ ယောဇေန္တိ သုယောဇိတာနိ။—ဟု ဖွင့်ပြတော်မူ၏။

မှတ်ချက်—ဌင်း အဋ္ဌကထာနှိုက် သံဃာတော်တို့သည် စွန့်ပစ်အပ်သော ဆဋ္ဌိတဝိဟာရကို မဆို၊ သံဃာတော်တို့ စောင့်ရှောက် နေထိုင်အပ်သော ကျောင်းတိုက်အတွင်း ကျောင်းအမျှားရှိရာတွင် ပြိုပျက်သော ကျောင်း တကျောင်းမှ အချင်, ထုပ်, လျောက် စသည်ကို ယူ၍ ဌင်းကျောင်းတကျောင်းနှိုက် ထည့်သွင်း ဆောက်လုပ် ပြုပြင်သည်ကိုသာ ဖွင့်ဆိုတော်မူသည်ဟု မှတ်အပ်၏။ တပါးသော ကျောင်းတိုက်သို့ အချင် စသည်ကို ယူ၍ ပြုလုပ်ကောင်းသည်ဟု မမှတ်အပ်။ ထိုကြောင့် အဋ္ဌကထာဆရာသည် "အညသ္မိံ သံဃိကဝိဟာရေ"ဟု မဖွင့်ပြမူ၍ ကျောင်းဟော အာဝါသသဒ္ဒါဖြင့် "အညသ္မိံ သံဃိကာဝါသေ"ဟု ဖွင့်ပြတော်မူ၏။

ထိုပြိုပျက်သော သံဃိကကျောင်းမှ အချင်စသည်တို့ကို သံဃိကကျောင်းနှိုက် ထည့်သွင်း ဆောက်လုပ်သော်သာလျှင် သုယောဇိတ ဖြစ်၏။ ပုဂ္ဂလိကကျောင်းနှိုက် ထည့်သွင်း ဆောက်လုပ်သည်ရှိသော် သုယောဇိတ မဖြစ်၊ ထည့်သွင်း ဆောက်လုပ်သော ရဟန်းသည် ဌင်း၏ အဖိုးကိုသော်ဌင်း ပေးအပ်၏၊ ရှေး ပကတိအတိုင်းသော်လည်း ပြန်၍ ထားအပ်၏။ ထိုကြောင့် ဌင်း အဋ္ဌကထာနှိုက်—

(စ) ပုဂ္ဂလိကာဝါသေ ယောဇေန္တေဟိ ပန မူလံဝါ ဒါတဗ္ဗံ။ ပဋိပါကတိကံဝါ ကာတဗ္ဗံ။—ဟု ဖွင့်ပြတော်မူ၏။

ရဟန်းသံဃာတော်တို့သည် မနေထိုင်လို၍ စွန့်ပစ်ခဲ့သောရက္ခက ဂေါပက ပြတ်သော သံဃိကကျောင်းမှ ညောင်စောင်း,အင်းပျဉ် စသည်တို့ကို ထေယျစိတ်ဖြင့် ဆောင်ယူသော ရဟန်းကို ချီကြ မ,ယူသော ခဏနှိုက်ပင်လျှင် ဘဏ္ဍာကို အဖိုးဖြတ်သဖြင့် ဆုံးဖြတ်ခြင်းကို ပြုအပ်၏။ တဖန် ကျောင်းနေ အာဝါသိက ရဟန်းတို့ လာသောအခါ ပြန်၍ ပေးအံ့ဟု နှလုံးသွင်းပြီးလျှင်

သံဃိကပရိဘောဂ အဖြစ်ဖြင့် ယူ၍ သုံးဆောင်သော ရဟန်းအား ပျောက်ပျက်သော် သုနဋ္ဌ ဖြစ်၏၊ ဆွေးမြည့်သော် သုဇီဏ္ဏ ဖြစ်၏။ မပျောက်မပျက် မဆွေးမမြည့်သော် အာဝါသိကရဟန်းတို့ လာသောအခါ ရှေးပကတိအတိုင်း ပြန်၍ ထားအပ်၏။ ပုဂ္ဂလိကပရိဘောဂ အဖြစ်ဖြင့် ယူ၍ သုံးဆောင်သော ရဟန်းအား နဋ္ဌ ဇီဏ္ဏ ဖြစ်ခဲ့အုံ့ ဘဏ္ဍာစား လျော်ပေး အပ်၏။ ထို ရဟန်း သံဃာတော်တို့ စွန့်ပစ်၍ ထားခဲ့သော သံဃိကကျောင်းဟောင်းမှ တံခါးရွက် လေသာပြူတင်းစသည်တို့ကိုယူ၍ သံဃိကကျောင်းနှိုက်ဌင်း၊ပုဂ္ဂလိကကျောင်း နှိုက်ဌင်း ထည့်သွင်း၍ ဆောက်လုပ်ကုန်အုံ့ တဖန် ပြန်၍ ပေးအပ်ကုန်သည် သာလျှင်တည်း။ ထိုကြောင့် စူဠဝါ သေနာသနက္ခန္ဓက အဋ္ဌကထာနှိုက်—

(ဆ) ဆဋ္ဌိတဝိဟာရတော မဏ္ဍပဋ္ဌာဒိနိ ထေယျစိတ္တေန ဂဏ္ဟန္တော ဥဒ္ဓါရေယေဝ ဘဏ္ဍန္သေန ကာရေတဗ္ဗော။ပုန အာဝါသိက ကာလေ ဒဿာမိတိ ဂဟေတ္ဝာ သံဃိကပရိဘောဂေန ပရိဘုဉ္ဇန္တသ နဋ္ဌံ သုနဋ္ဌံ ဇီဏ္ဏံ သုဇီဏ္ဏံ။ အရောဂဉ္စေ ပါကတိကံ ကာတဗ္ဗံ။ ပုဂ္ဂလိကပရိဘောဂေန ပရိဘုဉ္ဇန္တသ နဋ္ဌံဝါ ဇီဏ္ဏံဝါ ဂိဝါ ဟောတိ။ တတော ဒွါရ ဝါတပါနာဒိနိ သံဃိကာဝါသေဝါ ပုဂ္ဂလိကာဝါသေဝါ ယောဇိတာနိ ပဋိဒါတဗ္ဗာနိယေဝ။—ဟု ဖွင့်ပြတော်မူ၏။

မှတ်ချက်—ဤသို့ ပြဆိုအပ်ပြီးသော ပါဠိတော်, အဋ္ဌကထာ တို့နှိုက်ကျောင်းတိုက် အာရာမ်တခုတည်းပင် ဖြစ်သော်လည်း တကျောင်းနှိုက် ဒါယကာတို့ လှူဒါန်း၍ ထားအပ်သော သံဃိက ညောင်စောင်း, အင်းပျဉ်,ဖျာ,သင်ဖြူး,ကော်ဇော စသည်ကို တကျောင်းနှိုက် အမြဲထာဝရ မသုံးဆောင်ထိုက်ကြောင်းကို မြတ်စွာဘုရား ပယ်မြစ်တော်မူခြင်းကြောင့်ဌင်း၊ အချင်,ထုပ်,လျောက် စသည်တို့ကို ယူ၍ တပါးသော သံဃိကကျောင်းနှိုက် ပြုလုပ်ကုန်သည်ရှိသော် "သုယောဇိတာနိ" ဟု အဋ္ဌကထာ ဖွင့်ပြသော်လည်း တပါးသောကျောင်းတိုက် အာရာမ်ဟု မပြုသောကြောင့်ဌင်း၊ ရဟန်း သံဃာတော်တို့သည် စွန့်ပစ်ခဲ့သော ဆဋ္ဌိတဝိဟာရ ရက္ခကဂေါပက အစောင့်အရှောက် ကင်းပြတ်သော သံဃိကဝိဟာရမှ ညောင်စောင်း, အင်းပျဉ် စသည်တို့ကို

ထေယျစိတ်ဖြင့်ယူရာ ဘဏ္ဍာကို အဖိုးဖြတ်သဖြင့် ဆုံးဖြတ်အပ်သော ကြောင့်ဌင်း၊ထိုဆဋ္ဌိတဝိဟာရမှ တံခါးရွက်,လေသာပြူတင်း စသည် တို့ကိုယူ၍ သံဃိကကျောင်း ပဂ္ဂလိကကျောင်းနှိုက် ယှဉ်တပ် ပြုလုပ် ကုန်ရာ တဖန်ပြန်၍ ပေးအပ်ကြောင်းကို အဋ္ဌကထာ ဖွင့်ပြတော်မူ သောကြောင့်ဌင်း၊ ကျောင်းတိုက် အာရာမ်တခုနှိုက် ဆောက်လုပ် ပြီးသော သံဃိကကျောင်းကို ကျောင်းတိုက်အာရာမ်တခုသို့ ရွှေ့ ပြောင်း၍ ဆောက်လုပ်ရန် မသင့်၊ ရက္ခက ဂေါပက အစောင့် အရှောက် ကင်းပြတ်သော ဆဋ္ဌိတဝိဟာရပင် ဖြစ်ငြားသော်လည်း အာရာမ်တပါးသို့ ရွှေ့ပြောင်းမဆောက်လုပ်ကောင်းဟု မှတ်အပ်၏၊ ပြင်ဆင်လိုမူ ၎င်းနေရာနှိုက်ပင် ပြင်ဆင်အပ်၏။ "ဤကား ပါဠိ တော်,အဋ္ဌကထာလာ နိတတ္ထ ဝိနိစ္ဆယတည်း"။

အနုလောမ နေယျတ္ထအားဖြင့်သော်ကား— ၎င်းသေနာသနက္ခန္ဓက အဋ္ဌ ကထာနှိုက်ပင် တပါးသော သံဃိကကျောင်းမှ ညောင်စောင်း, အင်းပျဉ် စသည်ကို ယူဆောင်၍ သံဃိကပရိဘောဂဖြင့် သုံးဆောင်သော ရဟန်းအား ပျောက်ပျက် ဆွေးမြည့်ခဲ့သော် သုနဒ္ဒ,သုဇဏ္ဏဖြစ်၏ဟု—

(ဇ) တသ္မာ တံ အညတြ ဟရိတ္ဝာ သံဃိကပရိဘောဂေန ပရိ ဘုဉ္ဇန္တသ္သ နဒ္ဒံ သုနဒ္ဒံ ဇိဏ္ဏံ သုဇိဏ္ဏံ။—ဟူ၍ ဖွင့်ပြသည်ကို ထောက်သဖြင့်ဌင်း၊

ပြိုကျ ပျက်စီးသော သံဃိကကျောင်းမှ အချင်,ထုပ်,လျောက် စသည် တို့ကို ယူဆောင်၍ တပါးသော သံဃိကကျောင်းနှိုက် ထည့်သွင်း ပြုလုပ်ကုန် အံ့ ကောင်းသော ပြုလုပ်ခြင်းပင်တည်းဟု—

(ဈ) သစေ တတော ဂေါပါနသီအာဒီနိ ဂဟေတ္ဝာ အညသ္မိံ သံဃိကာဝါသေ ယောဇေန္တိ သုယောဇိတာနိ။—ဟူ၍ ဖွင့် ပြသည်ကို ထောက်သဖြင့်ဌင်း၊

(ည) သစေ တေဝိ နသ္သော်ဘန္တိ၊ သံဃိကေနပစ္စယေန ဇဂ္ဂိတဗ္ဗာ။ တသ္မိံ အသတိ ကေဝံ အာဝါသံ ဝိဿဇ္ဇေတ္ဝာ အဝသေသာ ဇဂ္ဂိတဗ္ဗာ။ ဗဟူ ဝိဿဇ္ဇေတ္ဝာ ကေဝံ သဏ္ဌာပေတုမ္မိ ဝဋ္ဋတိ

ယေဝ။ ဒုတိယကွေ့ ဘိက္ခုသု ပဏ္ဏာသေသု သစေ အာဝါသာ နသန္တိ။ တသ္မာ ကေဝါ ဒွေဝါ တယောဝါ အာဝါသေ ဝိသဇ္ဇေတွာ တတော ယာဂုဘတ္တာဒီနိ ပရိဘုဉ္ဇန္တေဟိ သေသာဝါသာ ဇဂ္ဂိတဗ္ဗာယေဝ။--

ဟူသော စုဋ္ဌဝါသေနာသနကွန္ဓက အဋ္ဌကထာနှိုက်လည်း ရက္ခက ဂေါ ပက သံဃာမရှိခဲ့သော် ရက္ခက ဂေါပက သံဃာရှိရာအရပ်သို့ ရွှေ့ပြောင်း အပ်၏ဟု တိုက်ရိုက်နိတတ္ထအားဖြင့် မဖွင့်ပြငြားသော်လည်း မပျက်စီးစေခြင်း အကျိုးငှါ မရောင်းစားကောင်းသော သံဃိက ဂရုဘဏ်ကျောင်းကို ရောင်းစွန့်၍ ၎င်းပစ္စည်းဖြင့် ကြွင်းကျန်သောကျောင်းကို စောင့်ရှောက်အပ်၏ ဟူ၍ ၎င်း၊ ဇတ်မှတ်သော ဒုဗ္ဘိက္ခဘေး ဖြစ်သောအခါနှိုက် ရဟန်းတို့သည် အရပ်တပါးသို့ ဖဲသွားကုန်သည်ရှိသော် သံဃိကကျောင်းတို့သည် အကျိုးမရှိ ပျက်စီးမည် ဖြစ်သောကြောင့် မရောင်းစားကောင်းသော ဂရုဘဏ် ကျောင်းတကျောင်း, နှစ်ကျောင်း, သုံးကျောင်းတို့ကို ရောင်းစွန့်၍ ထိုရောင်းစွန့်၍ ရသော ပစ္စည်းတို့ဖြင့် လဟုဘဏ် ယာဂု, ဆွမ်း, သင်္ကန်း စသည်တို့ကို စား သောက်သုံးဆောင်၍ မပျက်စီးစေခြင်းအကျိုးငှါ ကြွင်းသောကျောင်းတို့ကို စောင့်ရှောက်ခြင်းငှါ အပ်၏ ဟူ၍ဌင်း ဗုဒ္ဓမတညူတ အဋ္ဌကထာဆရာတော် ဖွင့်ပြတော်မူသည်ကို ထောက်သဖြင့်ဌင်း၊

မရောင်းစားအပ် မရောင်းစားသင့် မရောင်းစားထိုက် မရောင်းစား ကောင်းသော သံဃိက ဂရုဘဏ်ကျောင်းကို မပျက်စီးစေခြင်း အကျိုးငှါ ရောင်းစွန့်၍ ဆွမ်းစသော လဟုဘဏ်ပစ္စည်း ပြုလုပ်လဲလှယ်ခြင်းငှါ အပ်သည် နှင့်အတူ ဤကျောင်းသည် ဤဆောက်လုပ်ထားရင်း အရပ်နှိုက် တည်နေသည်ရှိသော် ရက္ခက ဂေါပက သံဃာ မရှိ၍ အကျိုးမဲ့ ပျက်စီးရာ၏၊ ဆောက်လုပ်သူ ဒါယကာလည်း နောက်ထပ် ကုသိုလ် မဖြစ်ပွါးရာဟု ကောင်းသော စိတ်နှလုံးထားပြီးလျှင် ဆောက်လုပ်ရင်း ဒါယကာတို့နှင့် သဘောတူ အပ်နှင်းရင်း သံဃာကိုဌင်း၊ အနီးရှိ သံဃာများကိုဌင်း သဘောတူ ကြေနပ်စွာ ပန်ကြား၍ မပျက်စီးစေခြင်းအကျိုးငှါ ကောင်းဧသာ စိတ်နှလုံးထားဖြင့် သံဃာတော် အကျိုးများရာ အရပ်သို့ ရွှေ့ပြောင်း ဆောက်လုပ်မူ ရွှေ့ပြောင်းခြင်းငှါ အပ်၏ဟု အနုလောမ နေယျတ္ထအားဖြင့် ယူသင့်ပေသည်။

တကြောင်းလည်း- မင်းတုန်းဘုရင်မင်းမြတ်သည် အမရပူရမြို့မှ မန္တလေးမြို့သို့ ရွှေ့ပြောင်းသောအခါ အမရပူရမြို့မှ သံဃိကကျောင်းကြီးများကို မန္တလေးမြို့သစ်သို့ ရွှေ့ပြောင်း ဆောက်လုပ်ထားခြင်းများလည်း အထင်အရှားရှိ၏။ ထိုအခါ ဂန္ဆန္တရ ဗဟုဿုတ ဖြစ်တော်မူကြကုန်သော တံဆိပ်တော်ရ ဆရာတော်ကြီးများ မျက်မှောက် ထင်ရှား ရှိတော်မူကြသဖြင့် အကယ်၍ အောက်က ပြခဲ့သည့်အတိုင်း အနုလောမ နေယျတ္ထ အဓိပ္ပါယ်အားဖြင့် ရွှေ့ပြောင်းခြင်းငှါ မအပ်သည်ဖြစ်အံ့ တားမြစ်တော်မူတန်ရာ၏၊ ဤသို့ မတားမြစ်သည်ကို ထောက်သဖြင့်လည်း ရွှေ့ပြောင်းခြင်းငှါ အပ်၏၊ အပြစ်မရှိဟု ယူသင့်ပေကြောင်း။ "ၦင်းဝိနိစ္ဆယနှစ်မျိုးတွင် ကြိုက်နှစ်သက်ရာ ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်၍ မှတ်ယူအပ်၏" ။

အနက် (က) ဘိက္ခဝေ၊ ရဟန်းတို့။ အညတြ၊ တပါးသော သံဃိက ကျောင်းနှိုက်။ ပရိဘောဂေါ၊ ညောင်စောင်း, အင်းပျဉ်စသော သံဃိက အသုံးအဆောင်ကို။ အညတြ၊ တပါးသော သံဃိကကျောင်းနှိုက်။ နုပရိဘုဉ်္ဇိတဗ္ဗော၊ယူ၍ မသုံးဆောင်အပ်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ပရိဘုဉ္ဇေယျ၊ သုံးဆောင်ငြားအံ့။ ဒုက္ကဋဿ၊သို့။ အာပတ္တိ အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ **တနည်း**-အာပတ္တိဒုက္ကဋ်၊ ဒုက္ကဋ်အာပတ်သည်။ အဿဟောတိ၊ဖြစ်၏။

အာပတ္တိ ဒုက္ကဋဿကို အာပတ္တိ ဒုက္ကဋ် အဿဟု ပဒစ္ဆေဒပြု၊ အဿ ကား အာချာတ်ပုဒ်တည်း။

(ခ) ဘိက္ခဝေ၊တို့။ တာဝကာလိကံ၊ အခိုက်အတန့်။ ဝါ၊ ခေတ္တခဏ။ (အဓိပ္ပါယတ္ထ)။ ဝါ၊ပိုင်းခြားအပ်သောကာလရှိသော သံဃိကညောင်စောင်း အင်းပျဉ် စသည်ကို။ (သဒ္ဒတ္ထ)။ ဟရိတုံ၊ဆောင်ယူခြင်းငှါ။ အဟံ၊ငါဘုရား သည်။ အနုဇာနာမိ၊ခွင့်ပြုတော်မူ၏။

(ဂ) ဘိက္ခဝေ၊ တို့။ ဂုတ္တတ္ထာယ၊ လုံခြုံစိမ့်သောငှါ။ ဝါ၊ စောင့်ရှောက်ခြင်းအကျိုးငှါ။ တတော၊ ထိုပျက်စီး ပြိုကျသော သံဃိကကျောင်းမှ။ ပရိ

ဘောဂံ၊ ညောင်စောင်း, အင်းပျဉ်စသော သံဃိက အသုံး အဆောင်ကို။ အညတြ၊တပါးသော ကျောင်းသို့။ ဟရိတုံ၊ဆောင်ယူခြင်းငှါ။အဟံ၊ငါဘုရား သည်။ အနုဇာနာမိ၊ခွင့်ပြုတော်မူ၏။

(ဃ) ဂုတ္တာတ္ထာယာတိ၊ဂုတ္တာတ္ထာယ ဟူသည်ကား။ တတ္ထ၊ထိုပြိုကျပျက်စီး သော သံဃိကကျောင်းနှိုက်။ ယံမဉ္ဇပိဌဒါဒိ၊ အကြင် ညောင်စောင်း,အင်းပျဉ် အစရှိသည်သည်။ အတ္ထိ၊ရှိ၏။ တဿ၊ထိုညောင်စောင်း,အင်းပျဉ် စသည်၏။ ဝါ၊ကို။ ဂုတ္တာတ္ထာယ၊လုံခြုံစိမ့်သောငှါ။ ဝါ၊စောင့်ရှောက်ခြင်းအကျိုးငှါ။ တံ၊ ထိုညောင်စောင်း,အင်းပျဉ် စသည်ကို။ အညတြ၊ တပါးသော ကျောင်းသို့။ ဟရိတုံ၊ဆောင်ယူခြင်းငှါ။အဟံ၊သည်။ အနုဇာနာမိ၏။ ဤတိအယံ၊ဤသည်လျှင်။ အတ္ထော၊ တည်း။ တသ္မာ၊ ထိုသို့ ဘုရားခွင့်ပြုတော်မူသောကြောင့်။ တံ၊ ထို ညောင်စောင်း,အင်းပျဉ် စသည်ကို။ အညတြ၊ တပါးသောကျောင်း နှိုက်။ ဝါ၊သို့။ ဟရိတ္ဝာ၊ဆောင်ယူ၍။ သံဃိကပရိဘောဂေန၊သံဃာတော်၏ ဥစ္စာဟူသော သုံးဆောင်ခြင်းဖြင့်။ ပရိဘုဉ္ဇန္တဿ၊ သုံးဆောင်သော ရဟန်း အား။ နဋ္ဌံ၊ ပျောက်ပျက်မူကား။ သုနဋ္ဌံ၊ ကောင်းသော ပျောက်ပျက်ခြင်း တည်း။ ဝါ၊သည်။ ဟောတိ၊၏။ ဇိဏ္ဏံ၊ဟောင်းနွမ်း ဆွေးမြည့်မူကား။သုဇိဏ္ဏံ၊ ကောင်းသော ဟောင်းနွမ်း ဆွေးမြည့်ခြင်းတည်း။ ဝါ၊ သည်။ ဟောတိ၊ ၏။ ဒေါသော၊အပြစ်သည်။ နတ္ထိ၊မရှိ။ (ထည့်)။ အရောဂံ၊ပျက်စီးဆွေးမြည့်ခြင်း အနာမရှိသည်။ သစေဟောတိ၊ အကယ်၍ ဖြစ်အံ့။ တသ္မိံ ဝိဟာရေ၊ထိုပြိုကျ ပျက်စီးသော ကျောင်းကို။ ပဋိသင်္ခတော၊ တဖန် ပြုပြင် ဆောက်လုပ်သည် ရှိသော်။ ပုန၊ တဖန်။ ပါကတိကံ၊ ပကတိအတိုင်း ထားခြင်းကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ပဂ္ဂလိကပရိဘောဂေန၊ ပုဂ္ဂိုလ်၏ ဥစ္စာဟူသော သုံးဆောင်ခြင်း ဖြင့်။ ပရိဘုဉ္ဇတော၊သုံးဆောင်သော ရဟန်းအား။ နဋ္ဌဝါ၊ပျောက်ပျက်သော်၎င်း။ ဇိဏ္ဏံဝါ၊ ဟောင်းနွမ်း ဆွေးမြည့်သော်၎င်း။ ဂိဝါ၊ အစားထိုက်သည်။ ဝါ၊အစားပေးအပ်သည်။ ဟောတိ၊၏။ တသ္မိံ၊ထိုပြိုကျပျက်စီးသောကျောင်း ကို။ သင်္ခတော၊ပြုပြင် ဆောက်လုပ်သည်ရှိသော်။ ဒါတဗ္ဗမေဝ၊ ပြန်၍ ပေးအပ် သည်သာလျှင်တည်း။

(c) တတော၊ထိုပြိုကျပျက်စီးသော ကျောင်းမှ။ ဂေါပါနသိအာဒီနိ၊ အချင်,ထုပ်,လျှောက် စသည်တို့ကို။ ဂဟေတ္ဝာ၊ယူ၍။အညသ္မိံ၊တပါးသော။

သံဃိကာဝါသေ၊ သံဃိကကျောင်းန္ဒိုက်။ ယောဇေန္တိ၊ ယှဉ်ကုန်အံ့။ ဝါ၊ ထည့်သွင်းဆောက်လုပ်ကုန်အံ့။ သုယောဇိတာနိ၊ ကောင်းစွာ ယှဉ်အပ်ကုန်သည်။ ဝါ၊ကောင်းစွာ ထည့်သွင်း ဆောက်လုပ်အပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဒေါသေ၊အပြစ်သည်။ နတ္ထိ၊မရှိ။ (ထည့်)။

(စ) ပဂ္ဂလိကာဝါသေ၊ပဂ္ဂလိကကျောင်းန္ဒိုက်။ယောဇေန္တေဟိပန၊ယှဉ်ကုန်သော ရဟန်းတို့သည်ကား။ဝါ၊ထည့်သွင်း ဆောက်လုပ်ကုန်သောရဟန်းတို့သည်ကား။မူလံဝါ၊ ၎င်းအချင်စသည်၏ အဖိုးကိုမူလည်း။ ဒါတဗ္ဗံ၊အပ်၏။ ပဋိပါကတိကံဝါ၊တဖန် ပြကဝေ့ထားခြင်းကိုမူလည်း။ကာတဗ္ဗံ၊အပ်၏။

(ဆ) ဆဋ္ဌိတဝိဟာရတော၊ ရဟန်း သံဃာတော်တို့သည် စွန့်အပ်သော ကျောင်းမှ။ မဉ္ဆပိဋ္ဌာဒီနိ၊ ညောင်စောင်း,အင်းပျဉ် စသည်တို့ကို။ ထေယျစိတ္တေန၊ ခိုးလိုသောစိတ်ဖြင့်။ ဂဏှန္တော၊ ယူသောရဟန်းကို။ ဥဒ္ဒါရေယော၊ မ,ယူ ချီကြွသောခဏန္ဒိုက်ပင်လျှင်။ ဘဏ္ဍဂ္ဃေန၊ဘဏ္ဍာ၏ အဖိုးဖြင့်။ ကာရေတဗ္ဗော၊ အာပတ်ဖြင့် ဆုံးဖြတ်ခြင်းကို ပြုအပ်၏။ ပုန၊ တဖန်။ အာဝါသိကကာလေ၊ အာဝါသိက ကျောင်းနေ ရဟန်းတို့ ပြန်လာသော အခါန္ဒိုက်။ ဒဿာမိတိ၊ ပေးအံ့ဟူ၍။ ဂဟေတ္ဝာ၊ယူ၍။ သံဃိကပရိဘောဂေန၊ဖြင့်။ ပရိဘုဥ္ဇန္တဿ၊ သုံးဆောင်သော ရဟန်းအား။ နဋ္ဌံ၊ ပျောက်ပျက်မူကား။ သုနဋ္ဌံ၊ ကောင်းသော ပျောက်ပျက်ခြင်းတည်း။ ဇိဏ္ဏံ၊ဟောင်းနွမ်းဆွေးမြည့်မူကား။ သုဇိဏ္ဏံ၊ကောင်းသော ဟောင်းနွမ်းဆွေးမြည့်ခြင်းပင်လျှင်တည်း။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊မရှိ။ (ထည့်)။ အရောဂံ၊ ပျက်စီး ဟောင်းနွမ်းဆွေးမြည့်ခြင်း အနာမရှိသည်။ စေဟောတိ၊ အကယ်၍ ဖြစ်အံ့။ ပါကတိကံ၊ပြကတော့ထားခြင်းကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ပဂ္ဂလိကပရိဘောဂေန၊ ပုဂ္ဂိုလ်၏ ဥစ္စာဟူသော သုံးဆောင်ခြင်းဖြင့်။ ပရိဘုဥ္ဇန္တဿ၊ သုံးဆောင်သော ရဟန်းအား။ နဋ္ဌံဝါ၊ပျောက်ပျက်သော်၎င်း။ဝါ၊ပျောက်ပျက်သောညောင်စောင်း, အင်းပျဉ် စသည်သည်၎င်း။ ဇိဏ္ဏံဝါ၊ဟောင်းနွမ်းဆွေးမြည့်သော ညောင်စောင်း, အင်းပျဉ် စသည်သည်၎င်း။ ဂိဝါ၊ အစားထိုက်သည်။ ဝါ၊ အစားပေးအပ်သည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထိုပြုကျပျက်စီးသော သံဃိကကျောင်းဟောင်းမှ။ ဒ္ဒါရ ဝါတပါနာဒီနိ၊တံခါးမကြီးလေသာပြူတင်း စသည်တို့ကို။ဂဟေတ္ဝာ၊ယူ၍။(ထည့်)။ သံဃိကာဝါသေဝါ၊

သံဃိက ကျောင်းနှိုက်ၔင်း။ ပုဂ္ဂလိကာဝါသေဝါ၊ပုဂ္ဂလိက ကျောင်းနှိုက်ၔင်း။ ယောဇိတာနိ၊ ယှဉ်အပ်သည်တို့ကို။ ဝါ၊ ထည့်သွင်း ဆောက်လုပ်အပ်သည်တို့ကို။ ပဋိဒါတဗ္ဗာနိယေဝ၊ တဖန်ပြန်၍ ပေးအပ်ကုန်သည်သာလျှင်တည်း။ (ဇ-မှတ်၊ ၈၂-မှတ် ပါဠိတို့ကို အောက်နှိုက် အနက်ယောဇနာခဲ့ပြီ)။

(ည) တေပိ၊ထိုကျောင်းဒါယကာ ထိုကျောင်းဒါယကာ၏ဆွေမျိုးညာတိအလုပ်အကျွေးဒါယကာတို့သည်။တံဝိဟာရံ၊ထိုပျက်စီးယိုယွင်းသောကျောင်းကို။ ဇဂ္ဂိတုံ၊ စောင့်ရှောက် သုတ်သင် ပြင်ဆင်ခြင်းငှါ။ သစေ နသက္ကောန္တိ၊ အကယ်၍ မစွမ်းနိုင်ကုန်အံ့။ သံဃိကေနံ၊သံဃာတော်၏ ဥစ္စာဖြစ်သော။ ပစ္စယေန၊ပစ္စည်းဖြင့်။ ဇဂ္ဂိတဗ္ဗာ၊စောင့်ရှောက်သုတ်သင် ပြင်ဆင်အပ်၏။တသ္မိံ၊ ထိုသံဃိကဥစ္စာသည်။ အသတိ၊ မရှိသည်ရှိသော်။ ဧကံအာဝါသံ၊ သံဃိကကျောင်း တကျောင်းကို။ ဝိဿဇ္ဇေတ္ဝာ၊ ရောင်းစွန့်၍။ အဝသေသာ၊ ကြွင်းကျန်သောကျောင်းတို့ကို။ဇဂ္ဂိတဗ္ဗာ၊၏။ဗဟူ၊များစွာသော သံဃိကကျောင်းတို့ကို။ ဝိဿဇ္ဇေတ္ဝာ၊ ရောင်းစွန့်၍။ ဧကံ၊ သံဃိကကျောင်း တကျောင်းကို။ သဇ္ဈာပေတုမိ၊တည်စေခြင်းငှါလည်း။ဝဋ္ဋတိယေဝ၊အပ်သည်သာလျှင်တည်း။ ဒုဗ္ဘိက္ခေ၊ ငတ်မွတ်ခေါင်းပါး ဆွမ်းရှားသော အခါနှိုက်။ ဝါ၊ ဆွမ်း ရခဲသော အခါနှိုက်။ ဝါ၊ ရခဲသော ဆွမ်းရှိသော အခါနှိုက်။ ဘိက္ခူ၊သူ၊ ကျောင်းနေရဟန်းတို့သည်။ ပက္ကန္တေသု၊ အရပ်တပါးသို့ ဖဲသွားကုန်သည်ရှိသော်။ အာဝါသာ၊ သံဃိကကျောင်းတို့သည်။ သစေနသန္တိ၊ အကယ်၍ ပျက်ကုန်သည်ဖြစ်အံ့။ တသ္မာ၊ ထိုသို့ ကျောင်းပျက်စီးသောကြောင့်။ ဧကံဝါ အာဝါသံ၊ သံဃိကကျောင်း တကျောင်းကိုၔင်း။ ဒ္ဝေဝါ အာဝါသေ၊ နှစ်ကျောင်းတို့ကိုၔင်း။ တယောဝါ အာဝါသေ၊ သုံးကျောင်းတို့ကိုၔင်း။ ဝိဿဇ္ဇေတ္ဝာ၊ ကပ္ပိယကာရကဖြင့် ရောင်းစွန့်ပြီး၍။ တတော၊ ထိုရောင်းစွန့်၍ ရပြီးသောပစ္စည်းမှ။ ဝါ၊ဖြင့်။ ယာဂုဘတ္တစီဝရာဒီနိ၊ယာဂု,ဆွမ်း,သင်္ကန်း စသည်တို့ကို။ ဘုဥ္ဇန္တေဟိ၊ သုံးဆောင် ဝေးသောက်ကုန်သော ရဟန်းတို့သည်။ သေသာဝါသာ၊ ကြွင်းကျန်သော သံဃိကကျောင်းတို့ကို။ ဇဂ္ဂိတဗ္ဗာယေဝ၊ စောင့်ရှောက်အပ်ကုန်သည်သာလျှင်တည်း။

သံဃိကဝိဟာရသဉ္ဇရဏ ဝိနိစ္ဆယ ပြီးပြီ။

စာတုဒ္ဒိသာ သံဃိကစရုပ် ဝိနိစ္ဆယ

၁ ၂၉၁–ခု၊ နတ်တော်လပြည့်ကျော်(၁)ရက် တနင်းလာနေ့။

မန္တလေးမြို့ ဂွေးချိုတိုက် မန်ကျည်းပင်ကျောင်း ရှင်စန္ဒ ရိုသေစွာ လျှောက်ပါသည် ဆရာတော်ဘုရား....

စာတုဒ္ဒိသာ သံဃိက ဆောက်လုပ် လှူထားပြီးသော စရပ် ပျက်စီးယိုယွင်းနေပါ၍ ထိုစရပ်မှ သည်တိုင် စသည်ကို ယူပြီးလျှင် ပုဂ္ဂလိကကျောင်းနှိုက် ထည့်သွင်း၍ ဆောက်လုပ်ခြင်းငှါ အပ် မအပ်ကို အဆုံးအဖြတ် ရေးသား၍ ကယ်မချီးမြှင့်တော်မူပါမည့်အကြောင်း ရိုသေစွာ လျှောက်ပါသည် ဆရာတော်ဘုရား ဟု မေးလျှောက်ရာနှိုက်—

သစေ တတော ဂေါပါနသိအာဒိနိ ဂဟေတွာ အညသ္မိံ သံဃိကာဝါသေ ယောဇေန္တိ၊ သုယောဇိတာနိ။ ပုဂ္ဂလိကာဝါသေ ယောဇေန္တေဟိ ပန မူလံဝါ ဒါတဗ္ဗံ။ ပဋိပါကတိကံဝါ ကာတဗ္ဗံ။—

ဟူသော စူဠဋီကာအဋ္ဌကထာ သေနာသနက္ခန္ဓကနှိုက် ပျက်စီး ပြိုကျသော သံဃိကကျောင်းမှ အချင်,သည်တိုင် စသည်တို့ကို ယူ၍ တပါးသော သံဃိက ကျောင်းနှိုက် ထည့်သွင်း၍ ဆောက်လုပ်ကုန်သည် ဖြစ်အံ့ ကောင်းသော ဆောက်လုပ်ခြင်း မည်၏၊ အပြစ် မရှိ။ ပုဂ္ဂလိကကျောင်းနှိုက် ထည့်သွင်း ဆောက်လုပ်ကုန်သော ရဟန်းတို့သည် ယူသောအသား အဆောက်အဦ အဖိုး ကိုမူလည်း ပေးအပ်၏၊ ယူသော သည်တိုင်စသည်ကိုမူလည်း ပြကတော့အတိုင်း ပြန်၍ ထားအပ်၏ဟု ဖွင့်ပြတော်မူသောကြောင့် ပျက်စီး ယိုယွင်းလျက်ရှိသော စာတုဒ္ဒိသာသံဃိကစရပ်မှ သည်တိုင်,ထုပ်,လျှောက်,အချင်စသည်တို့ကို ယူ၍ စာတုဒ္ဒိသာ သံဃိကကျောင်းနှိုက် ထည့်သွင်း ဆောက်လုပ်သည်ဖြစ်အံ့ အပ်၏ အပြစ်မရှိ။ ပုဂ္ဂလိကကျောင်းနှိုက် ထည့်သွင်း ဆောက်လုပ်အံ့ မအပ်၊ ယူမိသော သည်တိုင် စသည်တို့၏ အဖိုးကိုသော်လည်း ပေးအပ်၏၊ သို့မဟုတ် ယူမိသော သည်တိုင် စသည်ကိုသော်လည်း ရှေးအတိုင်း ပြန်၍ ထားအပ်၏။

အနက် တတော၊ထိုပြိုကျပျက်စီးသော သံဃိကကျောင်းမှ။ ဂေါပါနသီအာဒီနိ၊အချင် စသည်တို့ကို။ ဂဟေတွာ၊ယူ၍။ အညသ္မိံ၊တပါး သော။ သံဃိကာဝါသေ၊ သံဃိကကျောင်းနှိုက်။ သစေယောဇေန္တိ၊ အကယ်၍ ယှဉ်ကုန်အံ့။ သုယောဇိတာနိ၊ ကောင်းစွာ ယှဉ်အပ်ကုန်၏။ ပုဂ္ဂလိကာဝါသေ၊ ပုဂ္ဂလိကကျောင်းနှိုက်။ ယောဇေန္တေဟိ၊ ယှဉ်ကုန်သော ရဟန်းတို့သည်။ မူလံဝါ၊ ယူသော အဆောက်အဦ၏ အဖိုးကိုမူလည်း။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ပဋိပါကတိကံဝါ၊တဖန် ရှေးအတိုင်း ပြကတေ့ကိုမူလည်း။ ကာတဗ္ဗံ၊ ပြုအပ်၏။

ဤအဋ္ဌကထာနှိုက် သံဃိကကျောင်းနှိုက် ထည့်သွင်း ဆောက်လုပ်သည် ဖြစ်အံ့ အပ်၏ဟု ဖွင့်ပြတော်မူခြင်းသည် ပျက်စီး ပြိုကျသော ကျောင်း၏ အချင်စသော အဆောက်အဦတို့သည်အကျိုးမရှိ ပျက်စီးမည်ဖြစ်၍ မပျက်စီး စေခြင်းငှါ သံဃိကကျောင်းနှိုက် ထည့်သွင်း ဆောက်လုပ်ခြင်းကို ဘုရားအလို တော်ကျ ခွင့်ပြုတော်မူ၏။ မပျက်စီးသော ကျောင်းနေရဟန်းတို့ စွန့်ပစ်ထား ခဲ့သော ကျောင်းမှာမူကား တံခါးရွက် စသည်ကို ထေယျစိတ် မပါဘဲ ယူ၍ သံဃိကကျောင်းနှိုက်၎င်း၊ ပုဂ္ဂလိကကျောင်းနှိုက်၎င်း မတပ်မယှဉ်အပ်၊ တပ် ယှဉ်သည်ရှိသော် တဖန် ပြန်၍သာ ပေးအပ်သည်သာလျှင်တည်း။ ထိုကြောင့် ၎င်းအဋ္ဌကထာနှိုက်—

> တတော ဒွါရဝါတပါနာဒီနိ သံဃိကာဝါသေဝါ ပုဂ္ဂလိကာဝါသေဝါ ယောဇိတာနိ ပဋိဒါတဗ္ဗာနိယေဝ။—ဟု ဖွင့်ပြတော်မူ၏။

အနက် တတော၊ထိုကျောင်းနေရဟန်းတို့စွန့်ပစ်ထားခဲ့သော မပြိုမပျက် သော သံဃိကကျောင်းမှ။ ဒွါရဝါတပါနာဒီနိ၊တံခါးမ,လေသာ တံခါးရွက် စသည်တို့ကို။ သံဃိကာဝါသေဝါ၊ သံဃိက ကျောင်းနှိုက်၎င်း။ ပုဂ္ဂလိကာဝါသေဝါ၊ပုဂ္ဂလိကကျောင်းနှိုက်၎င်း။ ယောဇိတာနိ၊ ယှဉ်တပ်ကုန်အံ့။ ပဋိဒါတဗ္ဗာနိယေဝ၊တဖန်ပြန်၍ ပေးအပ်ကုန်သည်သာလျှင်တည်း။

မပေးသော် ဘဏ္ဍာစား ထိုက်၏ဟု မှတ်။ သို့ဖြစ်၍ မပျက်စီးသော စာတုဒ္ဒိသာစရပ်မှာမူကား တစုံတရာ အဆောက်အဦကိုယူ၍ ပုဂ္ဂလိကကျောင်း

မှာ ဆိုဖွယ်မရှိ၊ သံဃိကကျောင်းနှိုက် မထည့်ကောင်းဟု သန္နိဋ္ဌာန်ကျ မှတ်သားအပ်၏။ အကယ်၍ ထိုပျက်စီးယိုယွင်းသော စာတုဒ္ဒိသာစရပ်မှ သည်တိုင်စသည်ကို ထေယျစိတ်ဖြင့် ယူသည်ဖြစ်အံ့ ယူသောခဏနှိုက်သာလျှင် ဘဏ္ဍာဖိုးဖြင့် ဆုံးဖြတ်အပ်၏။ ထိုကြောင့် စူဠဝါအဋ္ဌကထာ သေနာသနက္ခန္ဓက ဝဏ္ဏနှိုက—

ဆဋ္ဌိတဝိဟာရတော မဟ္ဆဝိဌာဒိနိ ထေယျစိတ္တေန ဂဏှန္တော ဥဒ္ဒါရေယေဝ ဘဏ္ဍဿေန ကာရေတဗ္ဗော။—ဟု ဖွင့်ပြတော်မူ၏။

အနက် ဆဋ္ဌိတဝိဟာရတော၊ ရဟန်းတို့သည် စွန့်အပ်သောကျောင်းမှ။ မဟ္ဆပိဌာဒိနိ၊ညောင်စောင်း,အင်းပျဉ် အစရှိသည်တို့ကို။ ထေယျစိတ္တေန၊ ခိုးလိုသောစိတ်ဖြင့်။ ဂဏှန္တော၊ ယူသည်ရှိသော်။ ဥဒ္ဒါရေယေဝ၊ထုပ်ချိသော ခဏနှိုက်သာလျှင်။ ဘဏ္ဍဿေန၊ ဘဏ္ဍာဖိုးဖြင့်။ ကာရေတဗ္ဗော၊ ဆုံးဖြတ်ခြင်းကို ပြုအပ်၏။

ဤ“ဘဏ္ဍဿေန ကာရေတဗ္ဗော”ဟူသော ဝိနိစ္ဆယကို ကျောင်းကို နိတတ္ထတိုက်ရိုက်အားဖြင့် မပြောသော်လည်း ညောင်စောင်း,အင်းပျဉ်ကို ပြသဖြင့် ထိုနှင့် အလားတူစွာ အနုလောမ နေယျတ္ထအားဖြင့် ပြလိုက်သည်ဟု မှတ်။

မှတ်ချက်—သံဃိကပစ္စည်းကို ခိုးယူရာနှိုက် အလုံးစုံသော သံဃာ ဝန်မချနိုင်၍ ပါရာဇိက မကျဟု ပြောဆိုကြခြင်းသည် သံဃိက အာရာမ်စသည်ကို တရားစွဲဆိုရာနှိုက် မူရနိကျေပ ခိုးခြင်းကိုသာ ရည်၍ ပြောဆိုဆုံးဖြတ်ကြသည်။ မူရနိကျေပ ခိုးခြင်းမဟုတ်သော ခိုးခြင်းနှိုက်ကား သံဃိကပစ္စည်းပင် ဖြစ်သော်လည်း ဥစ္စာထုပ်ကို ချိယူသောခဏနှိုက်ပင် ပါရာဇိကကျရောက်၏ဟု မှတ်အပ်၏။

စာတုဒ္ဒိသာ သံဃိကစရပ် ဝိနီစ္ဆယ ပြီးပြီ။

ပရမဒေသ ပဋ္ဌာနုဒ္ဒေသ

သာသနဒါယာဒဝိနိစ္ဆယ

ရခိုင်ပြည် သံတွဲမြို့ လက်ပံစုကျောင်း ဘုန်းကြီး မန္တလေးမြို့"ပရိယတ္တိ သာသနဟိတ အသင်း" စာမေးပွဲ စာသင်တန်း စာချတန်း အဋ္ဌကထာ (၃)ကျမ်း အောင်မြင်၍ "ဂဏဝါစက ဓမ္မာစရိယ"ဘွဲ့ရ တပည့် ရှင်သူရိန္ဒ ရိသေလေးမြတ်စွာ လျှောက်ပါသည် ကျေးဇူးရှင် ဆရာတော်ဘုရား.... ။

သူတပါးတို့၏ သား, မြေး, မြစ်တို့ကို ပရိက္ခရာရှစ်ပါးစသည် စိုက်ထုတ်လှူဒါန်း၍ ရဟန်း, သာမဏေ အဖြစ်သို့ ရောက်အောင် ချီးမြှောက်ရာနှိုက် သာသနဒါယာဒ ဖြစ် မဖြစ်ကို လျှောက်ထားရာနှိုက်—

ဇမ္ဗူဒိပ်တကျွန်းလုံးကို အစိုးရသော သီရိဓမ္မာသောက မင်းကြီးသည် အသောကာရာမကျောင်းကြီးကို အဦးထား၍ ရှစ်သောင်းလေးထောင်သော ကျောင်း, စေတီတော်တို့ကို ဆောက်လုပ်တည်ထားခြင်း အစရှိသည်ဖြင့် မြတ်စွာဘုရား၏ သာသနာတော်ကို ချီးမြှောက်ရာနှိုက် သာသနဒါယာဒဖြစ်ပါမည်လောဟု "ဘဝါမိနုခေါ ဘန္တေ သာသနဒါယာဒေါ"ဟူသော စကားဖြင့် သံဃာတော်ကို လျှောက်ရာနှိုက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာ ထေရ်မြတ်သည် အသောကာရာမ ကျောင်းတော်ကြီးကို ဆောက်လုပ်ခြင်း စေတီတော် ရှင်သောင်းလေးထောင် တည်ထားကိုးကွယ်ခြင်းစသော ဤမျှလောက်သော ဒါနမှု ကောင်းမှုအစုစုဖြင့် သာသနဒါယာဒ သာသနာ့အမွေခံ မဖြစ်ထိုက်သေးဟု မိန့်ကြားတော်မူပြီးလျှင် သားတော် မဟိန္ဒမင်းသား၏ မဂ်, ဖိုလ်ကိုရ၍ ရဟန္တာဖြစ်လတံ့သော အားကြီးသောအကြောင်း ကောင်းမှုဥပနိဿယ၏ ပြည့်စုံခြင်းကိုဎင်း၊ သားတော် မဟိန္ဒမင်းသားအား ရဟန်းပြုခွင့်ကို ပေး၍ ရဟန်းပြုသည်ရှိသော် သာသနာတော်၏ အလွန်ကြီးပွါးလတံ့သော အကြောင်းကိုဎင်း အနာဂတံသဉာဏ်ဖြင့် မြင်တော်မူ၍ ပရပုတ္တ ပဗ္ဗဇ္ဇာနုဂ္ဂဟသည် သာသနဒါယာဒဖြစ်သော်လည်း "ပရေသံ ပုတ္တံ" ဟုထည့်၍ ဟောသည်ရှိသော် သားတော် မဟိန္ဒမင်းသားအား ရဟန်းပြုခွင့်ကို မပေးခဲ့

ရာဟု နှလုံးထားတော်မူပြီးလျှင် မဟိန္ဒမင်းသားအား ရဟန်းပြုခွင့်ကို ပေးစိမ့် သောငှါ သန္ဓာယဘာသိတ အားဖြင့် "ပရေသံ ပုတ္တံ"ဟု ထည့်တော်မမူဘဲ သာသနဒါယာဒအဖြစ်ကို—

ယောဟိကောစိ မဟာရာဇ အမှောဝါဒလိဒ္ဓေါဝါအတ္တနော သြရသံ ပုတ္တံ ပဗ္ဗာဇေတိ၊ အယံ ဝုစ္စတိ မဟာရာဇ ဒါယာဒေါ သာသနဿ။—ဟု ဟောတော်မူ၏။

အနက် မဟာရာဇ၊ မြတ်သော မင်းကြီး။ ဟိတဒေဝသစ္စံ၊ ထိုသာသန ဒါယာဒ မဖြစ်သေးဟု ဆိုသော စကားသည်သာလျှင် မှန်၏။ အမှောဝါ၊ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသည်လည်းဖြစ်သော။ ဒလိဒ္ဓေါဝါ၊ ပစ္စည်းဥစ္စာမရှိ ဆင်းရဲသည်လည်းဖြစ်သော။ ယောကောစိ၊ အမှတ်မရှိ တစုံတယောက်သော သူသည်။ အတ္တနော၊ မိမိ၏။ သြရသံ၊ ရင်နှီးကဲဖြစ်သော။ ပုတ္တံ၊ သား,သမီးကို။ ပဗ္ဗာဇေတိ၊ ရှင်ရဟန်းပြုစေ၏။ မဟာရာဇ၊ မြတ်သော မင်းကြီး။ အယံ၊ ဤသူကို။ သာသနဿ၊ သာသနာတော်၏။ ဒါယာဒေါ၊ အမွေခံဟူ၍။ ဝါ၊ အမွေနှစ်ကို ခံစံထိုက်သော အဆွေအမျိုး ဥာတိဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ထိုကြောင့် ပါရာဇိကဏ်အဋ္ဌကထာနှိုက်—

တတော မောဂ္ဂလိပုတ္တတိဿတ္ထေရော ရညော ဿဒံဝစနံ သုတ္ဝာ ရာဇပုတ္တဿ မဟိန္ဒဿ ဥပနိဿယသမ္ပတ္တိံ သမ္ပဿမာနော သစေ အယံကုမာရော ပဗ္ဗဇိဿတိ။ သာသနဿ အတိဝိယ ဝုဠိ ဘဝိဿတီတိ စိန္တေတ္ဝာ ရာဇာနံ ဇေတဒေါစိ။—ဟု ပြတော်မူ၏။

အနက် တတော၊ ထိုနောက်မှ။ မောဂ္ဂလိပုတ္တတိဿတ္ထေရော၊ မောဂ္ဂလိပုတ္တတိဿထေရ် ရဟန္တာသည်။ ရညော၊ ဓမ္မာသောကမင်းကြီး၏။ ဿဒံဝစနံ၊ဤ"ဘဝါမိနုခေါ ဘန္တေ သာသနဒါယာဒေါ"ဟူသောစကားကို။ သုတ္ဝာ၊ ကြားတော်မူ၍။ မဟိန္ဒဿ၊ မဟိန္ဒအမည်ရှိသော။ ရာဇပုတ္တဿ၊ မင်းသား၏။ ဥပနိဿယ သမ္ပတ္တိံ၊ အရဟတ္တဖိုလ်ကို ရခြင်း၏ အကြောင်း

ရှေးကောင်းမှု တည်းဟူသော ဥပနိဿယ၏ ပြည့်စုံခြင်းကို။ သမ္ပယုတ္တမာနော၊ ကောင်းစွာ မြင်တော်မူသည်ဖြစ်၍။ အယံကုမာရော၊ ဤမဟိန္ဒမင်းသားသည်။ သစေပဗ္ဗဇိဿတိ၊ အကယ်၍ ရဟန်းပြုရသည်ဖြစ်အံ့။ သာသနဿ၊ သာသနာတော်၏။ အတိဝိယ၊ အလွန်လျင်။ ဝုဿိ၊ မင်္ဂ, ဖိုလ်, နိဗ္ဗာန်ဖြင့် ကြီးပွားခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဣတိ၊ သို့။ စိန္တေတွာ၊ ဉာဏ်ဖြင့် ကြံဆင်ခြင်တော်မူ၍။ ရာဇာနံ၊ မဲမွှာသောကမင်းကြီးကို။ တေံဝစနံ၊ ထို"နခေါ် မဟာရာဇ ဧတ္တာဝတာ"အစရှိသော စကားကို။ အဝေါစ၊ မိန့်ဆိုတော်မူ၏။

မှတ်ချက်— "စိန္တေတွာ အဝေါစ" ဟူသော စကားနှင့် သန္ဓေယျာဟ ဟူသောစကားသည် အဓိပ္ပါယ် တူကြ၏။ ထိုကြောင့် သာရတ္ထဒီပနီဋီကာန္ဒိုက် "ဃေသံ သာသနေ။ပ။ဣမမတ္ထံ သန္ဓာယ ထေရော ဧဝမာဟ။ နခေါ် မဟာရာဇ ဧတ္တာဝတာ သာသနဒါယာဒေါ် ဟောတီတိ"ဟူ၍ ဖွင့်ပြတော်မူ၏။

သန္ဓေယျဘာသိတဟူသည် မျှားသောအနက် အဓိပ္ပါယ်နှင့် ဆက်ဆံရာတွင် တခုသော အနက် အဓိပ္ပါယ်ကို ရည်ရွယ်ဆိုခြင်းသည် သန္ဓေယျဘာသိတမည်၏။ ထိုကြောင့် သီလက္ခန်ဓိကာသစ်ဋီက်—

သာမညေဟိ သတိ သန္ဓေယျဘာသိတ နိဒ္ဓါရဏံ။—ဟု ဖွင့်ပြ၏။

အနက် ဟိသစ္ဒံ၊ မှန်၏။ သာမညေ၊ အမျှားနှင့် ဆက်ဆံသော သာမညသည်။ သတိ၊ ရှိလတ်သော်။ အာစရိယာနံ၊ အဋ္ဌကထာဆရာတို့၏။ (သမ္မာန်ထည့်)။ သန္ဓေယျဘာသိတနိဒ္ဓါရဏံ၊ သန္ဓေယျဘာသိတကို ထုတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဒုံအင်္ဂါသော သန္ဓေယျဘာသိတကို ပြခြင်း

သာသနဒါယာဒသည် သကပုတ္တကိုဌင်း, ပရပုတ္တကိုဌင်း မြတ်စွာဘုရား၏ သာသနာတော်တွင်းနှိုက် ရဟန်း, သာမဏေအဖြစ်သို့ ရောက်အောင် သွတ်သွင်း ချီးမြှောက်ရာနှိုက် သာသနဒါယာဒ ဖြစ်ခြင်း၊ သကပုတ္တ, ပရပုတ္တကို ပဗ္ဗဇ္ဇာနုဂ္ဂဟ မပြုသော်လည်း "ယေစ ပဋိပန္နကာ တေ ဧတေသ ဒါယာဒါ"

ဟူသော မူလပဏ္ဏာသအဋ္ဌကထာနှင့်အညီ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်အတိုင်း ဒါန, သီလ, ဘာဝနာ တည်းဟူသော အကျင့်တရားကို ကောင်းမွန်စွာ ကျင့်ကြံအားထုတ်ကုန်သောသူတို့သည် ဓမ္မဒါယာဒသာသနဒါယာဒဖြစ်ခြင်း၊ ဤသို့ အစရှိသော အမျှားနှင့် ဆက်ဆံငြားသော်လည်း အရှင်မဟာမောဂ္ဂလိပုတ္တတိဿရဟန္တာမဟာထေရ်မြတ်သည် ''ပရေသံ ပုတ္တံ'' ဟု ထည့် ဟောတော်မူခဲ့ကာ ဓမ္မာသောက မင်းကြီးသည် ဇမ္မူဒိပ်တကျွန်းလုံးကို အစိုးရသောမင်းဖြစ်၍ သားတော်မဟိန္ဒမင်းသားအား ရဟန်းပြုရန် အခွင့်ကို မပေးဘဲ ပရပုတ္တတို့ကို တောင်းယူ၍ ပဗ္ဗဇ္ဇာနုဂ္ဂဟကို ပြုရာ၏၊ ဤသို့ ချီးမြှောက်လတ်သည်ကိုဂုဏ်း၊ အကယ်၍ ဓမ္မာသောကမင်းကြီးသည် သားတော် မဟိန္ဒမင်းသားအား မိမိ၏အမွေခံ မင်း၏အဖြစ်ကို အလိုရှိသည်ဖြစ်၍ ရဟန်းပြုရန် အခွင့်မပေးသည် ဖြစ်အံ့ သားတော် မဟိန္ဒမင်းသားသည် ကျွတ်ထိုက်သော ဘဗ္ဗကုလပုတ္တ ဖြစ်ပါလျက် ရဟန္တာအဖြစ်သို့ မရောက်ရာသည်ကိုဂုဏ်း၊ မဟိန္ဒမင်းသား ရဟန်းမပြုရသည်ရှိသော် ဂုဏ်းရဟန်းပြုခြင်းကို မှီ၍ သာသနာတော်၏ အလွန်ကြီးပွါးလတ်သည်မှ ဆုတ်ယုတ်လတ်သည်ကိုဂုဏ်း၊ အနာဂတံသဉာဏ်ဖြင့် မြင်တော်မူ၍ ကြံဆင်ခြင်တော်မူပြီးလျှင် သားတော် မဟိန္ဒမင်းသားအား ရဟန်းပြုခြင်းငှါ အခွင့်ပေးစေခြင်းကိုဂုဏ်း၊ ဓမ္မာသောကမင်းကြီး၏ သာသနဒါယာဒ ဟုဆိုအပ်သော သာသနအဘ္ဘန္တရဉာတိအဖြစ်ကိုဂုဏ်း ရည်ရွယ်တော်မူ၍ သန္ဓာယဘာသိတ အားဖြင့် ''အတ္တာနောသြရသံ ပုတ္တံ'' ဟု ဟောတော်မူသည်။

ပရပုတ္တပဗ္ဗဇ္ဇာနုဂ္ဂဟသည် သာသနဒါယာဒ, သာသနအဘ္ဘန္တရဉာတိမဖြစ်၍ ဟောတော်မူသည် မဟုတ်။ ထိုကြောင့် သူတပါးတို့၏ သား,မြေး,မြစ်တို့ကို ကိုတို့မသားပြု၍ ပဗ္ဗဇ္ဇာနုဂ္ဂဟပြုသောသူတို့သည်လည်း သာသနဒါယာဒဟုဆိုအပ်သော သာသနအဘ္ဘန္တရဉာတိ ဖြစ်၏၊ ဝါ-သာသနာတော် တည်းဟူသော အမွေကို ခံစံထိုက်၏ဟု မှတ်ချာန်ကျ မှတ်သားအပ်၏။

အနက် ယေစ၊အကြင်သူတို့သည်လည်း။ ပဋိပန္နကာ၊တရားကို ကျင့်ကုန်၏။ တေ၊ ထိုသူတို့သည်။ တေဿ၊ ထို လောကုတ္တရာတရား ကိုးပါး၏။ ဒါယာဒါ၊အမွေခံတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

သာသနဒါယာဒသဒ္ဒါ၏ ဝစနတ္ထစသည်ဖြင့် နိဒ်္ဒေသကို ပြခြင်း

"သာသိယတိ ဇတ္ထ ဇေတနာတိ ဝါ သာသနံ"။—ဇတ္ထ၊ကျိသုံးပါးအပြား ရှိသော သဒ္ဒမ္မန္ဒိုက်။ ဝါ၊ တနည်းကား။ ဇေတန၊ ထိုသုံးပါး အပြားရှိသော သဒ္ဒမ္မဖြင့်။ ဘဂဝတာ၊မြတ်စွာဘုရားသည်။ ဝေနေယျသတ္တော၊ဆုံးမထိုက်သော သတ္တဝါဘို့ကို။ သာသိယတိ၊ ဆုံးမတော်မူအပ်၏။ ဣတိတသ္မာ၊ ထို့သို့ ဆုံးမအပ်ရာ ဆုံးမအပ်ကြောင်းဖြစ်သော သတ္တိကြောင့်။ တံတိဝိဓသဒ္ဒမ္မံ၊ထိုသုံးပါးအပြားရှိသော သဒ္ဒမ္မသည်။သာသနံ၊သာသနာ မည်၏။(အရကား ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ,ပဋိဝေဓသာသနာ သုံးပါး ရ၏)။

"ဒါတဗ္ဗန္တိ ဒါယံ"။—ယံဓနံ၊အကြင်ဥစ္စာကို။ဒါတဗ္ဗံ၊ပေးအပ်၏။ဣတိတသ္မာ၊ထို့သို့ ပေးအပ်သော သတ္တိကြောင့်။ တံဓနံ၊ထိုဥစ္စာသည်။ ဒါယံ၊ဒါယမည်၏။ (အမိ,အဖတို့သည် ပေးအပ်သော အမွေဥစ္စာ ရ၏)။ "ဒါယံ အာဒဒါတိတိ ဒါယာဒေါ"။—ယောပုတ္တာဒိကော၊ အကြင် သား,သမီး အစရှိသော ဆွေမျိုးဉာတိသည်။ ဒါယံ၊အမိ,အဖတို့သည် ပေးအပ်သော အမွေဥစ္စာကို။ အာဒဒါတိ၊ခံယူတတ်၏။ ဣတိတသ္မာ၊ထို့သို့ ခံယူတတ်သော သတ္တိကြောင့်။ သောပုတ္တာဒိကော၊ ထို သား, သမီး အစရှိသော ဆွေမျိုးဉာတိသည်။ ဒါယာဒေါ၊ ဒါယာဒမည်၏။ (အရကား အမိ, အဖတို့သည် ပေးအပ်သော အမွေဥစ္စာကို ခံယူတတ်သော သား,သမီးစသော ဆွေမျိုးဉာတိ ရ၏)။ "ဒါယာဒေါ ဝိယာတိ ဒါယာဒေါ"။—ယော၊ အကြင် သကပုတ္တ ပဗ္ဗဇ္ဇာနုဂ္ဂဟကို ပြုသော အမိ,အဖ ပရပုတ္တပဗ္ဗဇ္ဇာနုဂ္ဂဟကို ပြုသော ရဟန်းဒါယကာ,ရဟန်းဒါယိကာမသည်။ ဒါယာဒေါ ဝိယ၊အမိ,အဖ၏ အမွေဥစ္စာကို ခံယူတတ်သော သား,သမီး ဆွေမျိုးဉာတိနှင့်တူသည်။ ဟောတိ၊ဖြစ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ သော၊ ထိုသကပုတ္တပဗ္ဗဇ္ဇာနုဂ္ဂဟကိုပြုသော အမိ,အဖ ပရပုတ္တပဗ္ဗဇ္ဇာနုဂ္ဂဟကိုပြုသော ရဟန်းဒါယကာ, ရဟန်းဒါယိကာမသည်။ ဒါယာဒေါ၊ ဒါယာဒ မည်၏။ (အရကား အမိ,အဖတို့၏ အမွေဥစ္စာကို ခံယူတတ်သော သား,သမီး ဆွေမျိုးဉာတိနှင့်တူသော သကပုတ္တပဗ္ဗဇ္ဇာနုဂ္ဂဟကို ပြုသော အမိရင်း, အဖရင်း ပရပုတ္တပဗ္ဗဇ္ဇာနုဂ္ဂဟကို ပြုသော ရဟန်း ဒါယကာ, ရဟန်း ဒါယိကာမ ရ၏)။

"သာသနဿ ဒါယာဒေါ သာသနဒါယာဒေါ"။—သာသနဿ၊ ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ ဟုဆိုအပ်သော သုံးပါးသော သာသနာတော်၏။ ဒါယာဒေါ်အမွေကို ခံယူတတ်သော အတွင်းဖြစ်သော ဆွေမျိုးဉာတိတည်း။ သာသနဒါယာဒေါ်၊ သုံးပါးသော သာသနာတော်၏ အမွေကို ခံယူတတ်သော အတွင်းဖြစ်သော ဆွေမျိုးဉာတိ။ (အရကား သာသနာတော်၏ အတွင်း ဆွေမျိုးဉာတိဖြစ်သော ရဟန်း၏ အမိရင်း,အဖရင်း ရဟန်းဒါယကာ,ရဟန်း ဒါယိကာမ ရ၏)။

သာသနာသုံးပါးကို ပြခြင်း

သာသနဿ ဒါယာဒေါ်ဟူသောပုဒ်နှိုက် သာသနဿဟူသော ပုဒ်၏အရကို ပရိယတ္တိသာသနာ,ပဋိပတ္တိသာသနာ,ပဋိဝေဓသာသနာ သုံးပါးကို ယူအပ်၏၊ ထိုသုံးပါးတို့တွင် ပိဋကတ်သုံးပုံဖြင့် ရေတွက်အပ်သော အဋ္ဌကထာနှင့်တကွ အလုံးစုံသော ဘုရားစကားတော် ဟုဆိုအပ်သော ပါဠိတော်သည် ပရိယတ္တိသာသနာတော် မည်၏။ ဓူတင်(၁၃)ပါး၊ (၁၄)ပါးသော စုဠဒသခန္ဓကဝတ်၊ (၈၂)ပါးသော ဒွေအသီတိမဟာဝတ်ကြီး၊ သီလ,သမာဓိ,ဝိပဿနာ ဟူသော အကျင့်တရား ဟူသမျှသည် ပဋိပတ္တိသာသနာတော်မည်၏။ လေးပါးသော အရိယာမဂ်,လေးပါးသောအရိယာဖိုလ်,နိဗ္ဗာန်သည် ပဋိဝေဓသာသနာတော်မည်၏။ ထိုကြောင့် ပါရာဇိကဏ်အဋ္ဌကထာနှိုက်—

> တတ္ထ ဝိဒူကတ္တယသင်္ဂဟိတံ သဗ္ဗမ္ပိ ဇုဒ္ဓဝစနံ ပရိယတ္တိသဒ္ဓမ္မောနာမ။ တေရသဓုတင်္ဂာ စုဒ္ဒသခန္ဓကဝတ္တာနိ ဒွေအသီတိ မဟာဝတ္တာနိ သီလသမာဓိ ဝိပဿနာစာတိ အယံ ပဋိပတ္တိသဒ္ဓမ္မောနာမ။ စတ္တာရော အရိယမဂ္ဂါ စတ္တာရိ သာမညဖလာနိ နိဗ္ဗာနဉ္စာတိ အယံ အဓိဂမသဒ္ဓမ္မောနာမ။—ဟု မိန့်ဆိုတော်မူ၏။

အနက် တတ္ထ၊ ထိုသုံးပါးသော သဒ္ဓမ္မတို့တွင်။ ပိဋကတ္တယသင်္ဂဟိတံ၊ ပိဋကတ်တို့၏ သုံးပါးတို့၏အပေါင်းဖြင့် ရေတွက်အပ်သော။ သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ ဇုဒ္ဓဝစနံ၊ ဘုရားစကားတော်သည်။ ဝါ၊ ဘုရားဟောတော်မူအပ်သော ပိဋကတ်သုံးပုံ ပါဠိတော်သည်။ ပရိယတ္တိသဒ္ဓမ္မောနာမ၊

ပရိယတ္တိသဒ္ဓမ္မ မည်၏။ တေရသ၊ တဆယ့်သုံးပါးကုန်သော။ မုတဂုဏာစ၊ မူတင်ကျေးဇူးတို့သည်၎င်း။ စုဒ္ဒသ၊ တဆယ့်လေးပါးကုန်သော။ ခန္ဓကဝတ္တာနိစ၊ ခန္ဓကဝတ်တို့သည်၎င်း။ ဒွေအသီတိ၊ ရှစ်ဆယ့်နှစ်ပါးကုန်သော။ မဟာဝတ္တာနိစ၊ခန္ဓကဝတ်ကြီးတို့သည်၎င်း။ သီလ သမာဓိ ဝိပဿနာစ၊စတုပါရိသုဒ္ဓိသီလ ဥပစာရသမာဓိ အပ္ပနာသမာဓိ ဂံပဿနာတို့သည်၎င်း။ ဣတိ၊ ဤသို့။ အယံ သဗ္ဗော၊ ဤခုတင်စသော အလုံးစုံသည်။ ပဋိပတ္တိ သဒ္ဓမ္မောနာမ၊ပဋိပတ္တိသဒ္ဓမ္မ မည်၏။ စတ္တာရော၊ လေးပါးကုန်သော။ အရိယမဂ္ဂါစ၊ အရိယာမဂ်တို့သည်၎င်း။ စတ္တာရိ၊ လေးပါးကုန်သော။ သာမညဖလာနိစ၊ သာမညဖိုလ်တို့သည်၎င်း။ နိဗ္ဗာနဥ္စ၊နိဗ္ဗာန်သည်၎င်း။ ဣတိ၊ ဤသို့။ အယံသဗ္ဗော၊ ဤအရိယာမဂ်စသော အလုံးစုံသည်။ အဓိဂမသဒ္ဓမ္မောနာမ၊အဓိဂမသဒ္ဓမ္မ မည်၏။

မှတ်ချက်—ဤသို့ ပြဆိုအပ်သော ဝစနတ္ထတို့နှင့်အညီ ဤအရာနှိုက် သာသနဒါယာဒဟူသောပုဒ်၏အရကို "ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသဒါယာဒါ" ဟူသော ဓမ္မဒါယာဒသုတ်နှိုက်ကဲ့သို့ မုချဖြစ်သော မဂ်,ဖိုလ်,နိဗ္ဗာန် တည်းဟူသော တရားအဓိမ္မကို ခံယူတတ်သော ပုဂ္ဂိုလ်တို့ကို မယူမူ၍ မြတ်စွာဘုရား၏ သာသနာတော်ထမ်းရဟန်း,သာမဏေ ဟူသမျှသည် သကျပုတ္တိယ သာကီဝင်မင်းသားဘုရားသားတော် အစစ်ချည့်သာ ဖြစ်ကြကုန်၍ မိမိတို့သည် ရဟန်းသာမဏေအဖြစ်သို့ရောက်အောင် ချီးမြှောက်၍ထားသော ထိုရဟန်းသာမဏေနှင့် စပ်သဖြင့် ထိုရဟန်း, သာမဏေတို့သည် သကျပုတ္တိယသာကီဝင်မင်းသား ဖြစ်ကုန်သကဲ့သို့၊ မြတ်စွာဘုရားနှင့် သာကီဝင်မင်းမျိုး အဖြစ်ဖြင့် အမျိုးတော်စပ်သော သာသနအင်္ဘန္တရဉာတိကိုသာ ယူအပ်၏။ အကယ်၍ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ယူသည်ဖြစ်အံ့ ဓမ္မာသောကမင်းကြီးသည် မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရရာ၏။ ဓမ္မာသောကမင်းကြီးသည် မဂ်,ဖိုလ်ရကြောင်းကို ပိဋကတ်သုံးပုံ အဋ္ဌကထာတို့နှိုက် မရှိခဲ့။ ၎င်းဓမ္မာသောကမင်းကြီး၏ အသန္ဓိမိတ္တာမိဖုရားသည် သောတာပတ္တိမဂ်,ဖိုလ်ရကြောင်းကို သုတ်မဟာဝါအဋ္ဌကထာစသည်တို့နှိုက် လာ၏။ ဓမ္မာသောကမင်းကြီးသည်လည်း မဂ်,ဖိုလ်,နိဗ္ဗာန်တည်းဟူသော သာသနဒါယာဒကို ရည်ရွယ်၍ "ဘဝါနုမိဒါ အဟံ

ဘန္တေ သာသနဒါယာဒေါ”ဟူ၍ လျှောက်ထားသည်မဟုတ်၊ စင်စစ်အားဖြင့်ကား သာသနအဘ္ဗန္တရဉာတ်အဖြစ်ကိုသာလျှင် ရည်ရွယ်၍ လျှောက်ထားသည်ဟု မှတ်အပ်၏။ ထိုကြောင့် သာရတ္ထဒီပနီဋီကာနှိုက်—

> သာသနဿ ဒါယာဒေါ ဟောမိ နု ဟောမိတိ သာသနဿ ဉာတကော အဘ္ဗန္တရော ဟောမိ နု ဟောမိတိ အတ္ထော။—ဟု ဖွင့်ပြ၏။ ဝိမတိဋီကာနှိုက်လည်း ၎င်းအတူ ဖွင့်ပြ၏။

အနက် သာသနဿ ဒါယာဒေါ ဟောမိ နဟောမီဘိ၊ သာသနဿ ဒါယာဒေါ ဟောမိ နဟောမိ ဟူသည်ကား။ သာသနဿ၊သုံးပါးသော သာသနာတော်၏။ အဘ္ဗန္တရော၊အတွင်းဖြစ်သော။ ဉာတကော၊အဆွေအမျိုးသည်။ အဟံ၊ငါသည်။ ဟောမိ၊ဖြစ်ပါအံ့လော။ နဟောမိ၊မဖြစ်ပါအံ့လော။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံ၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်ဇာည်း။

ထိုကြောင့် ဤအရာဌာနနှိုက် အဋ္ဌကထာ၏အလိုကို အမှန်သိတော်မူကုန်သော ဗုဒ္ဓမတည္ဥ ဋီကာဆရာတော်တို့၏ အလိုကို မဆန့်ကျင်စေမူ၍ ဋီကာဆရာတို့၏အလိုအတိုင်းသာလျှင် သာသနဒါယာဒအရကို သာမည ပရိယာယအားဖြင့် သာသနအဘ္ဗန္တရဉာတိကိုသာလျှင် ယူအပ်၏။ အကယ်၍ မုချဖြစ်သော မင်္, ဖိုလ်, နိဗ္ဗာန်ကို ယူသည်ဖြစ်အံ့ သကပုတ္တပဗ္ဗဇ္ဇာနုဂ္ဂဟ ပရပုတ္တပဗ္ဗဇ္ဇာနုဂ္ဂဟကို မပြုသောသူတို့သည် မင်္,ဖိုလ်,နိဗ္ဗာန်ကို မရရာဟူသောအပြစ်ဒေါသသည် ရောက်ခဲ့ရာ၏။ မြတ်စွာဘုရား လက်ထက်တော်နှိုက် သကပုတ္တပဗ္ဗဇ္ဇာနုဂ္ဂဟ,ပရပုတ္တပဗ္ဗဇ္ဇာနုဂ္ဂဟကို မပြုမလုပ်ဘဲလျက် ဒါန,သီလ,ဘာဝနာတရားကို ကျင့်ကြံအားထုတ်၍ မင်္,ဖိုလ်,နိဗ္ဗာန်ကို ရသောသူတို့သည် လွန်စွာပေါများကုန်၏။ ထိုသို့ သာသနဒါယာဒအရကို သာသနအဘ္ဗန္တရဉာတိကိုသာလျှင် ယူသင့်သောကြောင့် မိမိ၏ သားရင်းမဟုတ်သော သူတပါးတို့၏သားကို ကိုတ္တိမသားပြု၍ မြတ်စွာဘုရား၏ သာသနာတော်နှိုက် ရဟန်း, သာမဏေအဖြစ်သို့ရောက်အောင် ချီးမြှောက်သောသူတို့သည်လည်း သာသနဒါယာဒဖြစ်၏၊ သာသနဒါယာဒအကျိုး ရ၏ဟု မုချမှတ်အပ်၏။

သာသနာအဘိဉာဏ်ဖြစ်ပုံကို ပြခြင်း

အကြင်သူတို့အား မြတ်စွာဘုရား၏ သာသနာတော်နှိုက် ရှင်,ရဟန်းပြုသော သား,သမီးတို့သည် မရှိကုန်၊ ထိုသူတို့သည် သာသနာတော်နှိုက် ပြုအပ်သော ပြုဖွယ်ကိစ္စ ဟူသမျှတို့ကို မိမိတို့၏ တာဝန်ကြီးပြု၍ မဆောင်ရွက်ကုန်။ အနှယအားဖြင့် အကြင်သူတို့အား မြတ်စွာဘုရား၏ သာသနာတော်နှိုက် ရှင်,ရဟန်းပြုသော သား,သမီးတို့သည် ရှိကုန်၏၊ ထိုသူတို့သည်သာလျှင် သာသနာတော်နှင့် ဆွေမျိုးညာတိ တော်စပ်ကြကုန်သည်ဖြစ်၍ သာသနာတော်နှိုက် ပြုအပ်သော ပြုဖွယ်ကိစ္စ ဟူသမျှတို့ကို မိမိတို့၏ တာဝန်ကြီးပြု၍ ပြုလုပ်ဆောင်ရွက်ကြကုန်၏။ ဥပမာ....လောကနှိုက် ဆွေမျိုးညာတိတို့၏ အမှုကိစ္စတို့ကို ဆွေမျိုးညာတိတော်စပ်သော သူတို့သည်သာလျှင် မိမိတို့၏ တာဝန်ကြီးပြု၍ အားထုတ် ရွက်ဆောင်ကုန်သကဲ့သို့ဟုတည်း။

မှတ်ချက်—သာသနာတော်နှိုက် ပြုဖွယ်ကိစ္စကို ပြု၏ဟူသည် ရဟန်းသံဃာတော်တို့၏ ပြုဖွယ်အမှုကိစ္စတို့ကို ကိုယ်ဖြင့် ဝေယျာဝစ္စအမှုကို ပြုခြင်း, ပစ္စည်းလေးပါးတို့ကို ပေးလှူခြင်း စသည်ပင်တည်းဟု မှတ်အပ်၏။ ထိုသို့ မိမိတို့ ချီးမြှောက်၍ထားသော ရဟန်းတော်နှင့် စပ်သဖြင့် သာသနာတော်နှိုက် ပြုဖွယ်ကိစ္စတို့ကို အားထုတ်ဆောင်ရွက်သောကြောင့် ရဟန်း, သာမဏေ၏ အမိရင်း အဖရင်း ရဟန်း ဒါယကာ ရဟန်းဒါယိကာမတို့သည် သာသနအဘ္ယန္တရဉာတိဖြစ်၏ဟု မှတ်။

ဤသို့သော အနက် အဓိပ္ပါယ်ကို ကြံရွယ်စဉ်းစား နှလုံးထားတော်မူ၍ အရှင်မဟာမောဂ္ဂလိပုတ္တတိဿရဟန္တာမဟာထေရ်မြတ်သည် “နခေါ မဟာရာဇ ဇွောဝတာ သာသနဒါယာဒေါ ဟောတိ” ဟူသော စကားကို မိန့်ကြားတော်မူ၏။ ထိုကြောင့် သာရတ္ထဒီကာနှိုက်—

> ယေသံ သာသနေ ပဇ္ဇဇီတာ ပုတ္တဓိတရော နသန္တိ။ နတေ သာသနေ ကတ္တဗ္ဗကိစ္စံ အတ္ထနော ဘာရံ ကတ္ဝာ ဝဟန္တိတိ ဇာမမတ္ထံ သန္ဓာယ ထေရော ဧဝမာဟ နခေါ မဟာရာဇ ဇွောဝတာ သာသနဒါယာဒေါ ဟောတိတိ။—ဟု ဖွင့်ပြတော်မူ၏။

အနက် ယေသံ၊ အကြင်သူတို့အား။ သာသနေ၊ မြတ်စွာဘုရား၏ သာသနာတော်နှိုက်။ ပဗ္ဗဇိတာ၊ ရှင်,ရဟန်းပြုကုန်သော။ ပုတ္တမိတရော၊ သား,သမီးတို့သည်။ နသန္တိ၊ မရှိကုန်။ တေ၊ ထိုသူတို့သည်။ သာသနေ၊ မြတ်စွာဘုရား၏သာသနာတော်နှိုက်။ကတ္တာဗ္ဗကိစ္စံ၊ပြုအပ်သောပြုဖွယ်ကိစ္စကို။ အတ္တနော၊မိမိ၏။ ဘာရံ၊ဝန်ကို။ ကတ္ဝာ၊ပြု၍။ နဝဟန္တိ၊မရွက်ဆောင်ကုန်။ ဣတိတသ္မာ၊ ထိုကြောင့်။ ဣမမတ္ထံ၊ ဤအနက်ကို။ သန္ဓာယ၊ ရည်သန်တော်မူ၍။ ဃရော၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာထေရ်မြတ်သည်။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဇေတ္ထာဝတာ၊ ဤမျှ အတိုင်းအရှည်ရှိသော ပစ္စည်းလေးပါးဖြင့် သာသနာတော်ကို ချီးမြှောက်ခြင်းဖြင့်။ သာသနဒါယာဒေါ၊ သာသနာတော်၏ အမွေခံသည်။ ဝါ၊ သာသနအဇ္ဈန္တရဉာတိသည်။ နဟောတိ၊မဖြစ်သေး။ ဣတိဝေါ၊ဤသို့။အာဟ၊မိန့်ကြားတော်မူ၏။

ဝိမတိဝိနောဒနီ ဋီကာနှိုက်လည်း—

> ယေ သာသနေ ပဗ္ဗဇိတုံ ပုတ္တမိတရော ပရိစ္ဆဇန္တိ။ တေ ဗုဒ္ဓသာသနေ သာလောဟိတညာတကာနာမ ဟောန္တိ။—စသည်ဖြင့် ဖွင့်ပြ၏။ (သန္ဓာယဘာသိတ စကားသည် သာရတ္ထဒီပနီဋီကာနှင့် တူ၏)။

အနက် ယေ၊အကြင်သူတို့သည်။ သာသနေ၊မြတ်စွာဘုရား၏ သာသနာတော်နှိုက်။ ပဗ္ဗဇိတုံ၊ရှင်,ရဟန်းပြုခြင်းငှါ။ ပုတ္တမိတရော၊သား,သမီးတို့ကို။ ပရိစ္ဆဇန္တိ၊ စွန့်ကုန်၏။ တေ၊ထိုသူတို့သည်။ ဗုဒ္ဓသာသနေ၊မြတ်စွာဘုရား၏ သာသနာတော်နှိုက်။သာလောဟိတ ညာတကာနာမ၊သွေးစပ်သော အဆွေအမျိုးတို့ မည်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

မှတ်ချက်—ဤဝိမတိဋီကာ၏အလိုအားဖြင့် မိဖရင်းဖြစ်သော သူတို့သည် ရဟန်း,သာမဏေအဖြစ်သို့ ရောက်အောင် ပစ္စည်းဖြင့် မချီးမြှောက်နိုင်ငြားသော်လည်း သား,သမီးတို့ကို ရှင်,ရဟန်းပြုစိမ့်သောငှါ သာသနာတော်နှိုက် စွန့်သောကြောင့် သာသနဒါယာဒ ဖြစ်သေး၏ဟု ယူသင့် ယူထိုက်၏။

ရဟန်း,သာမဏေတို့၏ မိဖရင်းတို့သည် သာသနအင်္ဘန္တရ သာလောဟိတ ဥာတိဖြစ်ကြကုန်၍ သာသနာတော်ဦးက် ကုသိုလ်ကောင်းမှု ပြုခြင်းစသော ပြုဖွယ်ကိစ္စ ဟူသမျှတို့ကို မိမိတို့၏ တာဝန်ကြီးပြု၍ အားထုတ် ရွက်ဆောင်ကြကုန်သကဲ့သို့၊ ထိုအတူ သူတပါးတို့၏ သားကို ကိတ္တိမသားပြု၍ ဘုရားသာသနာတော်ဦးက် ရဟန်း,သာမဏေအဖြစ်သို့ ရောက်အောင် ချီးမြှောက်ကြကုန်သော ရဟန်းဒါယကာ ရဟန်းဒါယိကာမတို့သည်လည်း သာသနအင်္ဘန္တရာတိ ဖြစ်၍ ထိုကိတ္တိမသား ရဟန်းနှင့်စပ်သဖြင့် ထိုရဟန်းကို အမှီပြုပြီးလျှင် သာသနာတော်ဦးက် ကုသိုလ်ကောင်းမှု ဟူဆိုအပ်သော ပြုဖွယ်ကိစ္စတို့ကို မိမိတို့၏ တာဝန်ကြီးပြု၍ အားထုတ် ရွက်ဆောင်ခြင်းတို့သည် သာသနာတော်ဦးက် နေ,လအသွင် အလွန်ထင်ရှားကုန်၏။ ထိုကြောင့် ပရပုတ္တပဗ္ဗဇ္ဇာနုဂ္ဂဟကို ပြုသော ရဟန်းဒါယကာဒါယိကာမတို့သည်လည်း သာသနဒါယာဒ ဖြစ်၏၊ သာသနဒါယာဒ အကျိုးကိုလည်း ရ၏ဟု မှတ်အပ်၏။

တနည်း– လောကဦးက် မွေးစားသော ကိတ္တိမသားတို့သည် သားရင်းကဲ့သို့ မွေးစားသော မိဖ၏ အမွေဥစ္စာနှစ်တို့ကို မုချ ရထိုက်သကဲ့သို့၊ ထိုအတူ သူတပါးတို့၏သားကို ရှင်,ရဟန်းအဖြစ်သို့ ရောက်အောင် ချီးမြှောက်သော သူတို့သည်လည်း သာသနဒါယာဒ သာသနအင်္ဘန္တရဉာတိ ဖြစ်၏ဟု မုချ မှတ်အပ်၏။

မှတ်ချက်—မိဖရင်းတို့က ရဟန်းဒါယကာ ပြုလုပ်ပါတော့ဟု အခွင့်ပြုသည်နှင့် တပြိုင်နက် ကိတ္တိမသား အဖြစ်သို့ ရောက်၏ဟု မှတ်။

သာသနဒါယာဒ နှစ်မျိုးအား ဖြင့် ဝိနိစ္ဆယကို ပြခြင်း

သာသနဒါယာဒသည် ဓမ္မဒါယာဒကဲ့သို့ နိပ္ပရိယာယ သာသနဒါယာဒ, ပရိယာယသာသနဒါယာဒ၏ အစွမ်းဖြင့် နှစ်ပါး ပြားသင့်၏၊ ထိုနှစ်ပါးတို့တွင် မင်္ဂလ်,ဖိုလ်,နိဗ္ဗာန် အပြားရှိသော လောကုတ္တရာတရား ကိုးပါးသည် မုချဖြစ်သော နိပ္ပရိယာယသာသနဒါယာဒ မည်၏။ သံသရာဝဋ်မှ ကင်းရာဖြစ်သော နိဗ္ဗာန်ကို တောင့်တ၍ ပေးလှူခြင်း, သီလကို ဆောက်တည်ခြင်း, ဥပုသ်သုံး

ခြင်း, ပန်းနံ့သာ စသည်တို့ဖြင့် ရတနာသုံးပါးတို့အား ပူဇော်ခြင်း, တရား နာခြင်း, တရားဟောခြင်း, သမထ ဝိပဿနာကို ပွါးများခြင်း, စျာန် သမာပတ်တို့ကို ဖြစ်စေခြင်းတို့သည် အမြိုက်နိဗ္ဗာန်ကို ရခြင်း၏အကြောင်းဖြစ်သော ကြောင့် ပရိယာယသာသနဒါယာဒ မည်၏။ ဤသို့ နှစ်ပါးပြားသင့်၏။

မှတ်ချက်—ယခု သာသနာတော် ထွန်းလင်းတောက်ပသော ခေတ်ကာလ နှိုက် သကပုတ္တာကို ဖြစ်စေ ပရပုတ္တာကို ဖြစ်စေ ရှင်,ရဟန်းအဖြစ်သို့ ရောက်အောင် ချီးမြှောက်သောသူတို့သည် ယခု ပစ္စက္ခဘဝနှိုက် မုချ ဖြစ်သော မင်, ဖိုလ်, နိဗ္ဗာန် တည်းဟူသော နိပ္ပရိယာယသာသန ဒါယာဒအကျိုးကို ရနိုင်၏။ မရသော်လည်း နောက်နောင်သော ဘဝတို့နှိုက် ရခြင်း၏ အကြောင်းဖြစ်၏။ ယခု ပစ္စက္ခဘဝနှိုက်မှကား မိမိတို့သည် ချီးမြှောက်၍ထားသော ရဟန်း,သာမဏေကို အမှီပြု၍ သာသနာ့တော်နှိုက် လှူဒါန်း စွန့်ကြဲခြင်း, ငါးပါးသီလကို ဆောက် တည်ခြင်း, ဥပုသ်သုံးခြင်း စသော ပရိယာယသာသနဒါယာဒ ဖြစ် သော အကျိုးကိုကား မုချ ရ၏ဟု မှတ်အပ်၏။

ထို့ကြောင့် "ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ"-ဟူသော မွေဒါယာဒ သုတ်နှိုက် ဓမ္မဒါယာဒ ဟူသောပုဒ်နှိုက် ဓမ္မအရကို ၎င်းအဋ္ဌကထာနှိုက်—

> တတ္ထ ဓမ္မောဝိ ဒုဝိဓော နိပ္ပရိယာယဓမ္မော, ပရိယာယ ဓမ္မောတိ။ ကထံ၊ မဂ္ဂဖလနိဗ္ဗာနဘေဒေါ ဟိ နဝဝိဓောဝိ လော ကုတ္တရဓမ္မော နိပ္ပရိယာယဓမ္မော နိဗ္ဗတ္တိတဓမ္မော။ နှ ယေန ကေနစိ ပရိယာယေန ကာရဏေနဝါ လေသေနဝါ ဓမ္မော။ ယံ ပနိဒံ ဝိဝဋ္ဋူပနိဿိတံ ကုသလံ။ သေယျထိဒံ၊ ဇ္ဈာနဝိမောက္ခော ဝိဝဋ္ဋံ ပတ္ထေန္တော ဒါနံ ဒေတိ၊ သီလံသမာဒိယတိ၊ ဥပေါသထ ကမ္မံ ကရောတိ၊ ံဂန္ဓမာလာဒိဟိ ဝတ္ထုပူဇံ ကရောတိ၊ ဓမ္မံ သုဏာတိ ဒေသေတိ၊ စျာနသမာပတ္တိယော နိဗ္ဗတ္တေတိ။ ဧဝံ ကရောန္တော အနုပုဗ္ဗေန နိပ္ပရိယာယဓမ္မံ အဓိဂံ နိဗ္ဗာနံ ပဋ္ဌ လဘတိ။ အယံ ပရိယာယဓမ္မော။—ဟု ဖွင့်ပြတော်မူ၏။

အနက် တတ္ထ၊ထိုဓမ္မဒါယာဒ ဟူသောပုဒ်နှိုက်။ဓမ္မောပိ၊ဓမ္မသည်လည်း။ နိပ္ပရိယာယဓမ္မော၊ နိပ္ပရိယာယဓမ္မတ္တင်း။ ဝါ၊ မုချဖြစ်သောဓမ္မတ္တင်း။ ပရိယာယဓမ္မော၊ ပရိယာယဓမ္မတ္တင်း။ ဝါ၊ ဥပစာဖြစ်သော ဓမ္မတ္တင်း။ ဣတိ၊ကျိသို့။ ဒုဝိဓော၊နှစ်ပါး အပြားရှိသည်။ဟောတိ၊ဖြစ်၏။ကထံဟောတိ၊ အဘယ်သို့ ဖြစ်သနည်းဟူမူကား။ မဂ္ဂဖလနိဗ္ဗာနဘေဒေါ၊ မဂ်, ဖိုလ်, နိဗ္ဗာန် အပြားရှိသော။ နဝဝိဓောပိ၊ ကိုးပါးအပြားရှိသည်လည်း ဖြစ်သော။ လောကုတ္တရဓမ္မော၊ လောကုတ္တရာတရားသည်။ နိပ္ပရိယာယဓမ္မော၊ နိပ္ပရိယာယဓမ္မ မည်၏။ နိဗ္ဗတ္တိတဓမ္မော၊ မုချဆတ်ဆတ် ပရမတ်ဖြစ်သော ဓမ္မမည်၏။ ယေနကေနစိ၊အမှတ်မရှိသော။ ပရိယာယေန၊ပရိယာယ်ဖြစ်သော။ဝါ၊ဥပစာဖြစ်သော။ ကာရဏေနဝါ၊ အကြောင်းအားဖြင့်ရင်း။ လေသေနဝါ၊ အမြွက်အားဖြင့်ရင်း။ ပဝတ္တော၊ ဖြစ်သော။ (ထည့်)။ နဓမ္မော၊ ဓမ္မမဟုတ်။ ပန၊ နိပ္ပရိယာယဓမ္မမှ တပါး ပရိယာယဓမ္မကို ဆိုဦးအုံ့။ ဝိဝဋ္ဋ။ပနိသိတံ၊ ဝဋ်မှကင်းရာ နိဗ္ဗာန်ကိုမှီသော။ယံပနိဒံ ယံပနဣဒံကုသလံ၊အကြင် ကုသိုလ်သည်။ အတ္ထိ၊ ရှိ၏။ ဣဒံကုသလံ၊ ဤကုသိုလ်သည်။ သေယျာထာကတမံ၊ အဘယ်နည်း။ ဣဓလောကေ၊ ဤလောကနှိုက်။ ဧကစ္စော၊ အချို့သော သူသည်။ ဝိဝဋ္ဋံ၊ဝဋ်မှ ကင်းရာဖြစ်သော နိဗ္ဗာန်ကို။ ပတ္ထေန္တော၊ တောင့်တသည်ဖြစ်၍။ ဒါနံ၊ အလှူကို။ ဝါ-ဒါနံ ပရိစ္စဇိတဗ္ဗဝတ္ထုံ၊ ပေးစွန့်အပ်သော ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ သီလံ၊ငါးပါးသီလကို။ သမာဒိယတိ၊ကောင်းစွာ ဆောက်တည်၏။ ဥပေါသထကမ္မံ၊ ရှစ်ပါးသီလ, ဆယ်ပါးသီလ ဟူဆိုအပ်သော ဥပုသ်ကံကို။ ကရောတိ၊ပြု၏။ ဂန္ဓမာလာဒီဟိ၊ပန်း နံ့သာ စသည်တို့ဖြင့်။ ဝတ္ထုပူဇံ၊ရတနာသုံးပါး တည်းဟူသော ဝတ္ထုအား ပူဇော်ခြင်းကို။ကရောတိ၊ပြု၏။ဓမ္မံ၊တရားတော်ကို။ သုဏာတိ၊နာ၏။ ဓမ္မံ၊တရားတော်ကို။ ဒေသေတိ၊ဟော၏။ စျာနသမာပတ္တိယော၊ စျာန် သမာပတ်တို့ကို။ နိဗ္ဗတ္တေတိ၊ ဖြစ်စေ၏။ ဧဝံ၊ ကျိသို့။ ကရောန္တော၊ ပြုသောသူသည်။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ နိပ္ပရိယာယဓမ္မံ၊ မုချ တရားတော်ဖြစ်သော။ အမတံ၊ သေခြင်းမှ ကင်းရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပဋိလဘတိ၊ ရ၏။ အယံ၊ ကျိဒါနစသော တရားသည်။ ပရိယာယဓမ္မော၊ပရိယာယ်ဖြစ်သော ဓမ္မမည်၏။ ဝါ၊ဥပစာဖြစ်သော ဓမ္မမည်၏။

မှတ်ချက်—အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာထေရ်မြတ်သည် ဤသာသနဒါယာဒကို ဟောပြတော်မူခြင်းသည် ဓမ္မာသောကမင်းကြီးသည် မေးလျှောက်သော ပုစ္ဆာအား လျော်စွာ သန္ဓာယဘာသိတအားဖြင့် ဖြေကြားတော်မူ၏။ ဤကဲ့သို့ ဟောပြခြင်းသည် ပါရာဇိကာဏ် အဋ္ဌကထာ နိဒါန်းတခုန်းက်သာ ရှိ၏၊ တပါးသော ပါဠိတော် အဋ္ဌကထာတို့၌ကဲ့ မရှိ။ မူလပဏ္ဏာသပါဠိတော် ဓမ္မဒါယာဒသုတ်ဖြင့် ဓမ္မဒါယာဒဟူ၍သာ ရှိ၏။ ထိုကြောင့် ၎င်းဓမ္မဒါယာဒကိုယူ၍ ၎င်းဓမ္မဒါယာဒသုတ် အဋ္ဌကထာကို သာဓကပြုပြီးလျှင် အနုလောမအားဖြင့် သာသနဒါယာဒ နှစ်မျိုး နှစ်စားရှိသင့်ကြောင်းကို ပြလိုက်သည်ဟု မှတ်။ ဓမ္မာသောကမင်းကြီးသည်လည်း ပစ္စက္ခဘဝန့်ကို နိပ္ပရိယာယသာသနဒါယာဒ မဖြစ်ငြားသော်လည်း နောက်နောင်သော ဘဝတို့၌ကဲ့ နိပ္ပရိယာယသာသနဒါယာဒ၏ အကြောင်းဖြစ်သော ပရိယာယသာသနဒါယာဒ သာသနအဘ္ယန္တရဥာဏ်ဖြစ်၏ဟု မှတ်အပ်၏။

ဘုန်းအားဖြင့် ပြခြင်း

သူတပါးတို့၏ သားကို ဘုရားသာသနာတော်၌ရှိက် ရဟန်း, သာမဏေအဖြစ်သို့ ရောက်အောင် ချီးမြှောက်ကုန်သော သူတို့သည် ဟိမဝန္တာတောင်မင်းကိုအမှီပြု၍ သစ်ပင်ကြီးတို့သည် အခက်,အလက်,အရွက်တို့ဖြင့်၎င်း၊အခွံ, အပွေး, အကာ, အနှစ်တို့ဖြင့်၎င်း ကြီးပွါးကုန်သကဲ့သို့၊ ထိုအတူ မိမိတို့ ချီးမြှောက်၍ထားသော ကုလပုတ္တဖြစ်သော ထိုရဟန်း,သာမဏေတို့ကို အမှီပြု၍ မြတ်စွာဘုရား၏သာသနာတော်၌ကဲ့ ကြည်ညိုခြင်းသဒ္ဓါတရားဖြင့် တိုးပွါး၏၊ အကျင့်သီလဖြင့် တိုးပွါး၏၊ ထိုရဟန်း ထိုရဟန်း၏ ဆရာဥပဇ္ဈာယ်တို့၏တရားဒေသနာတော်ကို ကြားနာရသဖြင့် အကြား,အမြင် ဗဟုသုတဖြင့် တိုးပွါး၏၊ လှူဒါန်းပူဇော်ခြင်းဟူသော စာဂဖြင့် တိုးပွါး၏၊ ပညာဖြင့် တိုးပွါး၏၊ ထိုသို့ သဒ္ဓါတရား စသည်ဖြင့် တိုးပွါးသောကြောင့် မင်္ဂလာ,ဖိုလ်,နိဗ္ဗာန် တည်းဟူသော လောကုတ္တရာတရား ကိုးပါးကို ရခြင်းဟူသော နိပ္ပရိယာယသာသနဒါယာဒ၏

မုချအကြောင်းလည်း ဖြစ်၏။ သာသနာတော် ကြီးပွါးခြင်း၏ အကြောင်းလည်း ဖြစ်၏။ယခုဘဝ ပစ္စက္ခနိုက် သဒ္ဓါတရား တိုးပွါးခြင်းစသော ပရိယာယသာသနဒါယာဒ သာသနအဘ္ဗန္တရဉာတိ ဟူသော အကျိုးလည်း မုချရ၏ဟု မှတ်အပ်၏။ ထိုကြောင့် ပဥ္စကအင်္ဂုတ္တရပါဠိတော်နိုက်—

ဇဝမေဝ ခေါ ဘိက္ခဝေ သဒ္ဓံ ကုလပုတ္တံ နိဿာယ အန္တော ဇနော ပဏ္ဍိတော ဝိနီတော ဝဒညူ။ ကတမာဟိ ပဏ္ဍိတော၊ သဒ္ဓါယ ဝဒတိ၊ သီလေန ဝဒတိ၊ သုတေန ဝဒတိ၊ စာဂေန ဝဒတိ၊ ပညာယ ဝဒတိ၊ သဒ္ဓံ ဘိက္ခဝေ ကုလပုတ္တံ နိဿာယ အန္တော ဇနော ဇုမာဟိ ပဏ္ဍိတော ဝိနီတော ဝဒညူ။—ဟု ဟောတော်မူ၏။

အနက် ဘိက္ခဝေ၊ရဟန်းတို့။ ဇဝမေဝခေါ၊ဤအတူသာလျှင်။သဒ္ဓံ၊သဒ္ဓါတရားနှင့် ပြည့်စုံသော။ ကုလပုတ္တံ၊ အမျိုးကောင်းသားကို။ နိဿာယ၊အမှီပြု၍။အန္တောဇနော၊အတွင်းဖြစ်သော ဆွေမျိုးဉာတိဖြစ်သော လူသည်။ ပဏ္ဍိတော၊ငါးပါးကုန်သော။ ဝဏ်ိတော်၊ တိုးပွါးခြင်းတို့ဖြင့်။ ဝဒတိ၊ တိုးပွါး၏။ ကတမာဟိ၊အဘယ်မည်ကုန်သော။ ပဏ္ဍိတော်၊ငါးပါးကုန်သော။ ဝဏ်ိတော်၊ တိုးပွါးခြင်းတို့ဖြင့်။ ဝဒတိ၊တိုးပွါးသနည်း။ သဒ္ဓါယ၊သဒ္ဓါတရားဖြင့်။ဝဒတိ၊ တိုးပွါး၏။ သီလေန၊သီလဖြင့်။ ဝဒတိ၊တိုးပွါး၏။ သုတေန၊အကြားအမြင်ဖြင့်။ ဝါ၊ကြားနာအပ်သော ပါဋိဒါနက်ဖြင့်။ ဝဒတိ၊တိုးပွါး၏။ စာဂေန၊ လှူဒါန်း စွန့်ကြဲခြင်းဖြင့်။ ဝဒတိ၊တိုးပွါး၏။ ပညာယ၊ ပညာဖြင့်။ ဝဒတိ၊ တိုးပွါး၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သဒ္ဓံ၊ သဒ္ဓါတရားနှင့် ပြည့်စုံသော။ ကုလပုတ္တံ၊ အမျိုးကောင်းသားကို။နိဿာယ၊အမှီပြု၍။အန္တောဇနော၊အတွင်းဖြစ်သော ဆွေမျိုးဉာတိဖြစ်သော လူသည်။ ပဏ္ဍိတော်၊ ငါးပါးကုန်သော။ ဇုမာဟိဝဏ်ိတော်၊ ဤတိုးပွါးခြင်းတို့ဖြင့်။ ဝဒတိ၊တိုးပွါး၏။

မှတ်ချက်—ဥပမာနပက္ခပါဋိကို ကျယ်မည်စိုး၍ မထည့်သတည်း။

အာဒိသပုစ္ဆာ မွေပုစ္ဆာအားဖြင့် ပြခြင်း

ဒွေမာ ဘိက္ခဝေ ပုဂ္ဂလာ၊ ကတမာ ဒွေ၊ အာမိသပုဂ္ဂလစ, ဓမ္မပုဂ္ဂလစ။ဇုမာ ခေါ် ဘိက္ခဝေ ဒွေ ပုဂ္ဂလာ၊တေဒဂ်ံ ဘိက္ခဝေ ဇုမာသံ ဒ်ိန်နံ ပုဂ္ဂလာနံ ယဒိဒံ ဓမ္မပုဂ္ဂလာ။—

ဟူသော အဂ်ုတ္တရပါဠိတော်နှင့် အညီ သာသနာတော်နှိုက် ပူဇော် ချီးမြောက်ခြင်းသည် အာမိသပူဇာ,ဓမ္မပူဇာဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး ဤလေးပါးသော ပစ္စည်းတို့ဖြင့် ပူဇော် ချီးမြောက် လှူဒါန်းခြင်းသည် အာမိသပူဇာ မည်၏။ သူတပါးတို့အား တရား တော်အတိုင်း ကျင့်အောင် တရားဟောခြင်း, မိမိတရားကို ကျင့်၍ပူဇော်ခြင်း, သီလအကျင့် စသည်ကို အားထုတ်နိုင်အောင် ချီးမြောက် လှူဒါန်းပူဇော်ခြင်း သည် ဓမ္မပူဇာ မည်၏။ ထိုကြောင့် ဤတိဝုတ်အဋ္ဌကထာနှိုက်—

(က) ဓမ္မေန ပရေသံ အနုဂ္ဂဏှနံ အနုကမ္ပနံ ဓမ္မာနုဂ္ဂဟော။— ဟု ပြ၏။

သုတ်မဟာဝါ အဋ္ဌကထာနှိုက်လည်း—

(ခ) သမ္မာပဋိပတ္တိ ပန တထာဂတဿ အနုစ္ဆဝိကာ ပူဇာ။ သာ ဟိ တေန ပတ္တိတာစေဝ သက္ကောတိ သာသနဉ္စ သန္ဓာ ရေတုံ။—ဟု ပြတော်မူ၏။

အနက် (က) ဓမ္မေန၊ တရားဖြင့်။ ပရေသံ၊ တပါးသော သူဘို့အား။ အနုဂ္ဂဏှနံ၊ချီးမြှောက်ခြင်းသည်။အနုကမ္ပနံ၊အစဉ်စောင့်ရှောက်ခြင်းသည်။ ဓမ္မာနုဂ္ဂဟော၊ဓမ္မာနုဂ္ဂဟ မည်၏။

(ခ) သမ္မာပဋိပတ္တိပန၊ ကောင်းသော အကျင့်သည်ကား။ တထာဂတဿ၊မြတ်စွာဘုရားအား။ အနုစ္ဆဝိကာ၊လျောက်ပတ်သော။ ပူဇာ၊ပူဇော်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဟိသစ္ခံ၊ မှန်၏။ သာပဋိပတ္တိ၊ ထိုအကျင့်ကို။ တေနဘဂဝတာ၊ထိုမြတ်စွာဘုရားသည်။ ပတ္တိတာစေဝ၊တောင့်တတော်မူအပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ သာသနဉ္စ၊ သာသနာကိုလည်း။ သန္ဓာရေတုံ၊ တည်စေခြင်းငှါ။ သက္ကောတိ၊စွမ်းနိုင်၏။

မှတ်ချက်—သူတပါးတို့၏သားကို ရှင်,ရဟန်းအဖြစ်သို့ ရောက်အောင် ချီးမြှောက်သောသူတို့သည် အထက်ပါ ပါဠိတော်, အဋ္ဌကထာတို့နှင့်အညီ သင်္ကန်းစသော ပစ္စည်းတို့ဖြင့် ချီးမြှောက်သောကြောင့် အာမိသပူဇာ, အာမိသာနုဂ္ဂဟ ဖြစ်၏၊ မိမိတို့သည် စတုပါရိသုဒ္ဓိသီလ ပရိယတ္တိဓမ္မကို မဖြည့်ကျင့်နိုင် မရွက်ဆောင်နိုင်သောကြောင့် ထိုစတု

ပါရိသုဒ္ဓိသီလကို ဖြည့်ကျင့်စေခြင်း, ပရိယတ္တိဓမ္မကို ရွက်ဆောင်စေခြင်းငှါ ရှင်,ရဟန်းအဖြစ်သို့ရောက်အောင် ချီးမြှောက်သောကြောင့် ဓမ္မပူဇာ ဓမ္မာနုဂ္ဂဟလည်း ဖြစ်၏၊ သာသနာတော်ကိုလည်း တည်စေနိုင်၏။ ထိုရဟန်းတို့ ကျင့်တိုင်း ဆောင်တိုင်း ဝမ်းမြောက်သောကြောင့် ကုသိုလ်တရားလည်း ပွါးများ၏။ ထိုကြောင့် သာသနဒါယာဒ အကျိုးကို ရ၏ဟု မုချ မှတ်အပ်၏။

အာစရိယူပဒေသကို ပြခြင်း

ငါတို့သည်သာလျှင် ပရပုတ္တပဗ္ဗဇ္ဇာနုဂ္ဂဟကို ပြုရာန္ဒိုက် သာသနဒါယာဒဖြစ်ကြောင်းကို ပြသည် မဟုတ်၊ မန္တလေး ရတနာပုံ နေပြည်တော် ပဉ္စမသေလကွန်ရ သံဂါယနာတင် မင်းတရားကြီးသည် ကျောင်းတိုက်ဆောက်လှူ၍ ကိုးကွယ်တော်မူသော ပိဋကတ္တယဆေက သုတဓရ သုတသန္ဓိစ္စယ စသော ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသော "ဂုဏဝါဘိလက်ခဏ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော မင်းလွန်ခေါ်နှိပ် တံဆိပ်နာမံတော်ရှိသော လုံးတော်ဆရာတော်ကြီးသည်လည်း သက္ကရာဇ် ၁၂၄၁-ခုနှစ်၊ မော်လမြိုင်မြို့နေ ငတေငမှုံ့ ငပုံ စသော ဒါယကာတို့က ပရပုတ္တပဗ္ဗဇ္ဇာနုဂ္ဂဟသည် သာသနဒါယာဒဖြစ် မဖြစ်ကို မေးလျှောက်ရာန္ဒိုက် သကပုတ္တကိုပင် ဖြစ်စေ ပရပုတ္တကိုပင် ဖြစ်စေ သာသနာတော်တွင်းန္ဒိုက် သွတ်သွင်းချီးမြှင့်၍ ရဟန်းတရားကို အားထုတ် ကျင့်ဆောင်စေလျှင် သာသနဒါယာဒ ဖြစ်၏၊ မြတ်စွာဘုရား၏ အမွေတော်ကို ခံရသည်မည်၏။ သာသနာတော်ကို မဆုတ်မယုတ်စေဘဲ တိုးပွါးကြီးမားစေသည် မည်၏။ ဤသို့ စသည်ဖြင့် ပရပုတ္တပဗ္ဗဇ္ဇာနုဂ္ဂဟသည် သာသနဒါယာဒ ဖြစ်ကြောင်းကို ဆုံးဖြတ်တော်မူသည်။ ၎င်းပြင် အရှင်မဟာမဟိန္ဒ ဟောတော်မူသော ပါဠိတော်အရမှာလည်း "ယောကောစိ ပုဂ္ဂလော အဓုနာဝါ ဒလိဒ္ဒေါဝါ အတ္တာနော ပုတ္တာနေတ္တာဝါ ပရေသံ ပဗ္ဗာဇေတိ၊ အယံ ဝုစ္စတိ ဒါယာဒေါ သာသနဿ" ဟူသော အနက်သဘောကို သိရှု၏ဟူ၍ ပြဆိုသော စကားအထူးလည်း ပါရှိ၏၊ အကျယ်ကို သိလိုမူ ၎င်းလုံးတော်ဆရာတော်ကြီး ရေးသားတော်မူသော ပကိဏ္ဏကဝိဿဇ္ဇနာကျမ်း သုံးအုပ်တို့တွင် ဒုတိယအုပ် နံပါတ် (၂၉၂)ကစ၍ ကြည့်ရှုအပ်၏။

နိဂမနအားဖြင့် အထူးမှတ်ချက်ကို ပြခြင်း

အရှင်မဟာမောဂ္ဂလိပုတ္တတိဿရဟန္တာထေရ်မြတ် ဟောတော်မူရာနှိုက် သန္ဓာယဘာသိတ နေယျတ္ထ အဓိပ္ပါယ်ကို မယူဘဲ နိတတ္ထအားဖြင့်သာ ယူ၍ ပရေသံပုတ္တသဒ္ဒါ မပါခြင်းကြောင့် ပရမတ္ထပဗ္ဗဇောနုဂ္ဂဟသည် သာသနဒါယာဒ အကျိုးမဖြစ်ဟု ယူသည်ရှိသော် သာသနဝုဏ္ဍိ သာသနဝိရုဠှိ သာသနဝေပုလ္လ ဖြစ်ခြင်း နည်းခဲ့ရာ၏၊ ရဟန်းတော်များမှာလည်း စတုပစ္စယဒုလ္လဘ ဖြစ်ခဲ့ရာ၏၊ ဥယျာဉ်သည် ရေလောင်းပေးသူ ရှိမှသာလျှင် ကြီးပွါးသကဲ့သို့ ထိုအတူ သာသနာတော်နှိုက်လည်း ပစ္စည်းလေးပါး လှူဒါန်းချီးမြှောက်သူ ရှိမှသာလျှင် ကြီးပွါးရာသောကြောင့် အမိ,အဖ မရှိသောသူ အမိ,အဖ ရှိသော်လည်း ထိုအမိ,အဖတို့က မချီးမြှောက်နိုင်သောသူတို့သည် ရှင်,ရဟန်းပြုလိုငြားသော်လည်း ရဟန်းဒါယကာ, ရဟန်းဒါယိကာမ မရှိ၍ ရှင်,ရဟန်း မပြုရသည် ရှိသော် သာသနာတော်လည်း ဆုတ်ယုတ်ခဲ့ရာ၏၊ ထိုသူတို့သည်လည်း ပဗ္ဗဇ္ဇာဒုလ္လဘမှ ယုတ်ခဲ့ရာ၏။ ဒါယကာ,ဒါယိကာမတို့သည်လည်း ရဟန်းကိုအမှီပြု၍ ဖြစ်သော ကုသိုလ်ကောင်းမှု ပွါးများခြင်းမှ ဆုတ်ယုတ်ခဲ့ရာ၏။ သကပုတ္တ ပဗ္ဗဇ္ဇာနုဂ္ဂဟကို မပြုမလုပ်သောသူတို့သည်လည်း မင်္ဂ,ဖိုလ်,နိဗ္ဗာန်ကို မရနိုင်ရာဟူသော အပြစ်ဒေါသတို့သည် ဖြစ်ရောက်ခဲ့ရာ၏။ ထိုကြောင့် ပရပုတ္တ,ပဗ္ဗဇ္ဇာနုဂ္ဂဟသည် သာသနဒါယာဒ အကျိုးကို ရ၏ဟု မုချအားဖြင့် မှတ်ယူအပ်၏။

ပဗ္ဗဇ္ဇာနုဂ္ဂဟ၏ အကျိုးကို ဒဂကျဉ်းပြခြင်း

မိမိ၏ရင်နှိုက်ဖြစ်သောသားကိုဂင်း သူတပါးတို့၏ရင်နှိုက်ဖြစ်သော သားကိုဂင်း ပဗ္ဗဇ္ဇာနုဂ္ဂဟကို ပြုသောသူတို့သည် သင်္ကန်း,သပိတ်စသော ပရိက္ခရာရှစ်ပါး၊ ထီး,ဘိနပ်စသော ရဟန်းတော်တို့၏ အသုံးအဆောင် ပရိဘောဂ၊ ဆွမ်းစသည်ကို ချီးမြှောက် လှူဒါန်းသဖြင့် အာမိသာနုဂ္ဂဟဖြစ်သောကြောင့်ဂင်း၊ ထိုပရိက္ခရာစသည်တို့ကို ရှင်,ရဟန်းအဖြစ်သို့ ရောက်၍ ရှင်,ရဟန်းတို့၏ အကျင့်တရားကို ကျင့်စေခြင်းငှါ ရည်သန်တောင့်တ၍ ချီးမြှောက်လှူဒါန်းသဖြင့် အကျင့်ဖြင့် ချီးမြှောက် လှူဒါန်းခြင်း ဓမ္မာနုဂ္ဂဟလည်း ဖြစ်သောကြောင့်ဂင်း မင်္ဂ,ဖိုလ်,နိဗ္ဗာန် တည်းဟူသော မုချသာသနဒါယာဒ၊ ထိုမုချ

သာသနဒါယာဒ၏ အကြောင်းဖြစ်သော သဒ္ဓါစသော ကုသိုလ်တရား ပွါး များခြင်း သာသနအဘ္ဘန္တရဉာတိ ဟုဆိုအပ်သော သာသနဒါယာဒ အကျိုး ကိုလည်း ရ၏။ ပရိက္ခရာရှစ်ပါး အပြည့်အစုံ လှူဒါန်းရသောကြောင့်—

ဇာတ္ထိနံ စိဝရဒါနံ မဟာလွတာပသာဒေန မတ္ထကံ ပပ္ပေါတိ၊
ပုရိသာနံ ဇာဒ္ဓိမယပတ္တစိဝရေန။ ခမ္မပဒအဋ္ဌကထာ

ဥပနိဿယသမ္ပန္နဿ ပုဗ္ဗေ အဋ္ဌပရိက္ခာရ ဒါနုပနိဿယ သမ္ပန္နံ၊ ယော ဟိ စိဝရာဒိကေ အဋ္ဌပရိက္ခာရေ ပတ္တစိဝရမေဝ ဝါ သောတာပန္နာဒိ အရိယဿ ပုထုဇ္ဇနသေဝဝါ သီလ သမ္ပန္နဿ ဒတ္ဝာ ပရိက္ခာရဒါနံ အနာဂတေ ဟိဘိက္ခုဘဝါယ ပစ္စယော ဟောတူတိ ပတ္ထနံ ပဋ္ဌပေသိ။ တဿ တံ သတိ အမိ ကာရသမ္ပတ္တိယံ ဇဒ္ဓါနံ သမ္မုခီဘာဝေ ဇာဒ္ဓိမယပရိက္ခာရ လာဘာယ သံဝတ္တိတိ ဝေဒိတဗ္ဗံ။ သာရတ္ထဒီပနီဋီကာ

အထက်ပါ အဋ္ဌကထာ,ဋီကာတို့နှင့်အညီ ယောကျွဲးဖြစ်မူ တန်းခိုးဖြင့် ပြီးသော သပိတ်, သင်္ကန်းဖြင့် ဟိဘိက္ခုရဟန်းဖြစ်၍ မင်, ဖိုလ်, နိဗ္ဗာန်ကို ရခြင်းဟူသောအကျိုး၊ မိန်းမ ဖြစ်မူ ပုပ္ပါရုံကျောင်းအမ, ဝိသာခါသေဋ္ဌေး ကတော်ကြီးတို့ကဲ့သို့ အဖိုးကိုးကုဋေ ထိုက်တန်သော မဟာလွတာတန်းဆာကို ဝတ်ဆင်ရ၍ မင်,ဖိုလ်,နိဗ္ဗာန်ကို ရခြင်းဟူသော အကျိုးထူးဝိသေသကိုလည်း ရ၏၊ "နိဗ္ဗဒ္ဓ ပုညာနိ သောတာပန္နသဒိသာန်" ဟူသည်နှင့်အညီ မြဲသော နိဗ္ဗဒ္ဓ ပုညဖြစ်၍ သောတာပန် ပုဂ္ဂိုလ်သည် အပါယ်လေးပါး မလား မရောက်ရ သကဲ့သို့ အပါယ်လေးပါးသို့ မလားရောက်ရခြင်း တည်းဟူသော အကျိုးကို လည်း ရ၏။

ကေသာ ပုပ္ဖပူဇာယ၊ စိတ္တာသ ပဏိဓိဟိစ။
ကပ္ပါနံ သတသဟဿံ၊ ဒုဂ္ဂတိ ံ နုပပဇ္ဇဟံ။
ကေပုပ္ဖံ ယဇိတ္ဝာန၊ အသိတိ ကပ္ပကောဋိယော။
ဒုဂ္ဂတိ ံ နာဘိဇာနာမိ၊ ပုပ္ဖဒါနဿိဒံ ဖလံ။

စသော ပါဋိတော်တို့နှင့် အညီ ပန်းတပွင့်ကို လှူဒါန်း ပူဇော်ရသော ကောင်းမှုကြောင့် ကမ္ဘာကုဋေ့ရှစ်ဆယ်တိုင်တိုင် အပါယ်လေးပါးသို့ မလား

မရောက်ရမှု၍ စကြာမန္ဒာတ်စသော လူမင်း,လူမိဖုရား,နတ်မင်း,နတ်မိဖုရား, သေဋ္ဌေး,သူကြွယ်တို့၏ စည်းစိမ်ချမ်းသာကို မရေတွက်နိုင်အောင် ခံစားရပြီးလျှင် အဆုံးဘဝန္ဒိုက် မင်္ဂဖိုလ်,နိဗ္ဗာန်ကို ရတုံသေး၏။ ပဗ္ဗဇ္ဇာနုဂ္ဂဟကုသိုလ်သည် ပန်းတပွင့်မျှမက မျှားစွာသော လူဖွယ်ဝတ္ထု အမျိုးမျိုးတို့ကို လှူဒါန်းပူဇော်ရခြင်း၊အမြဲမပြတ် သင်္ဃန်းစသည်ကို လှူဒါန်းရခြင်း၊ကျမ်းဂန်သင်ကြားသောအခါ စာအုပ်စသည်ကို လှူဒါန်းပူဇော်ရခြင်းစသော ကောင်းမှုကုသိုလ်လွန်စွာ ပွါးများသောကြောင့် အကျိုးအနန္တရမည်မှာ အဘယ်မှာ ဆိုဖွယ်ရာရှိတော့နည်း။ ယုံမှားမရှိ အကျိုးအနန္တကို ရ၏ဟု မုချ မှတ်ယူအပ်၏။

သာသနဒါယာဒ ဝိနိစ္ဆယ ပြီးပြီ။

သာသနာ သုံးပါးခြင်း

ဝစနတ္ထ အရကောက် အဓိပ္ပါယ် အဆုံး အဖြတ်

မြတ်စွာဘုရား၏ သာသနာတော်သည် ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာ ဟူ၍ သုံးပါးအပြား ရှိ၏၊ ထိုသုံးပါးတို့တွင် ပိဋကတ်သုံးပုံဖြင့် ရေတွက်အပ်သော အဋ္ဌကထာနှင့်တကွ အလုံးစုံသော မြတ်စွာဘုရား၏ စကားတော်သည် ပရိယတ္တိသာသနာတော် မည်၏။ ဓူတင် တဆယ့်သုံးပါး, စုဒ္ဒသခန္ဓကဝတ်, ဒွေအသီတိမဟာဝတ်ကြီး, သီလ, သမာဓိ, ဝိပဿနာဟူသော အကျင့်သည် ပဋိပတ္တိသာသနာ မည်၏။ လေးပါးသော အရိယာမဂ် လေးပါးသော အရိယာဖိုလ် နိဗ္ဗာန်သည် ပဋိဝေဓသာသနာမည်၏။ ထိုကြောင့် ပါရာဇိကဏ် အဋ္ဌကထာနှိုက်—

သဒ္ဓမ္မဋ္ဌိတိယာတိ တိဝိဓော သဒ္ဓမ္မော ပရိယတ္တိသဒ္ဓမ္မော, ပဋိပတ္တိသဒ္ဓမ္မော, အဓိဂမသဒ္ဓမ္မောတိ။ တတ္ထ ပိဋကတ္တယ သင်္ဂဟိတံ သမ္မဒ္ဓိ ဇုဒ္ဓဝစနံ ပရိယတ္တိသဒ္ဓမ္မောနာမ။ တေရသ ဓုတင်္ဂဏာ စုဒ္ဒသ ခန္ဓကဝတ္တာနိ ဒွေအသီတိ မဟာဝတ္တာနိ သီလ

သမာဓိဝိပဿနာတိ အယံပဋိပတ္တိသဒ္ဒမ္မောနာမ။ စတ္တာရော အရိယမဂ္ဂါ စတ္တာရိ သာမညဖလာနိ နိဗ္ဗာနဥ္စာတိ အယံအဓိဂမ သဒ္ဒမ္မောနာမ။—ဟု ဖွင့်ပြတော်မူ၏။

အနက် သဒ္ဓမ္မဋ္ဌိတိယာတိတ္ထေပဒေါန္ဒိက်။ ။သဒ္ဓမ္မော၊သဒ္ဓမ္မသည်ကား။ပရိယတ္တိသဒ္ဓမ္မော၊ဂုဏ်း။ ပဋိပတ္တိသဒ္ဓမ္မော၊ဂုဏ်း။ အဓိဂမသဒ္ဓမ္မော၊ဂုဏ်း။ ဣတိ၊ဤသို့။ တိဝိဓော၊၏။ တတ္ထ၊ထိုသုံးပါးကုန်သော သဒ္ဓမ္မတို့တွင်။ ပိဋကတ္တယသင်္ဂဟိတံ၊ ပိဋကတ်တို့၏ သုံးပါးတို့၏ အပေါင်းဖြင့် ရေတွက်အပ်သော။ သဗ္ဗမ်ိ၊ အလုံးစုံလည်းဖြစ်သော။ ပဋိဝေဓနံ၊ ဘုရားစကားတော်သည်။ ပရိယတ္တိသဒ္ဓမ္မောနာမ၊ မည်၏။ တေရသ ဓုတင်္ဂကထာစ၊ တဆယ့်သုံးပါးကုန်သော ဓူတင် ကျေးဇူးတို့သည်ငင်း။ စုဒ္ဒသ ခန္ဓကဝတ္တာနိစ၊ တဆယ့်လေးပါးကုန်သော ခန္ဓကဝတ်တို့သည်ငင်း။ဒွေအသီတိ ခန္ဓက မဟာဝတ္တာနိစ၊ရှစ်ဆယ့်နှစ်ပါးကုန်သော ခန္ဓကဝတ်ကြီးတို့သည်ငင်း။ သီလသမာဓိဝိပဿနာစ၊စတုပါရိသုဒ္ဓိသီလ, ဥပစာရသမာဓိ, အပ္ပနာသမာဓိ, ဝိပဿနာတို့သည်ငင်း။ဣတိ အယံသဗ္ဗော၊ ဤအလုံးစုံသည်။ ပဋိပတ္တိ သဒ္ဓမ္မောနာမ၊ မည်၏။ စတ္တာရော၊ လေးပါးကုန်သော။ အရိယမဂ္ဂါစ၊ အရိယာမဂ်တို့သည်ငင်း။ စတ္တာရိ၊ လေးပါးကုန်သော။ သာမညဖလာနိစ၊သာမညဖိုလ်တို့သည်ငင်း။ နိဗ္ဗာနဥ္စ၊နိဗ္ဗာန်သည်ငင်း။ဣတိအယံသဗ္ဗော၊ဤအလုံးစုံသည်။ အဓိဂမသဒ္ဓမ္မောနာမ၊အဓိဂမသဒ္ဓမ္မ မည်၏။

မှတ်ချက်—အဓိဂမသဒ္ဒါနှင့် ပဋိဝေဓသဒ္ဒါ၊ သဒ္ဓမ္မသဒ္ဒါနှင့် သာသနသဒ္ဒါ အနက်တူ၏ဟူ၍ မှတ်။

ပရိယတ္တိသာသနသဒ္ဒါ၏ ဝစနတ္ထ အရကောက်ကို ပြခြင်း

ပရိ ပါပုဏိတဗ္ဗာတိ ပရိယတ္တိ။—ကမ္မသာဓန၊ ပရိပုဗ္ဗ အပဓာတ်၊ တိပစ္စည်း။

အပဓာတ်၏အရ ကတ္တုတ္ထကြိယာ၏အရကား....သင်ယူကုန်သော ပုထုဇဉ် အရိယာ၊ဂိုဂ်လ်တို့၏ သတိ,ဝီရိယ,ဉာဏ် ပြခဲ့ာန်းသော မဟာကုသိုလ်,မဟာကြိယာစိတ်တုပ္ပါဒ်သည် မုချအားဖြင့်ရ၏၊ ယောနိသောမနသိကာရသည် ဖလူ

ပစာရတ္ထအားဖြင့် ရ၏။ ကမ္မတ္ထကြိယာ၏ အရကား....ထို စိတ္တုပ္ပါဒ်အားတပ်သော အဌကထာနှင့်တကွ ပိဋကတ်သုံးပုံ ဟုဆိုအပ်သော ဘုရားစကားတော်၏ အာရမ္မဏပစ္စယသတ္တိသည် ဌာန၊ဖလူပစာရတ္ထအားဖြင့် ရ၏။ တိပစ္စည်း၏ အရကား....ထို ဌာန၊ ဖလူပစာရတ္ထဖြင့် မှတ်အပ်သော အဌကထာနှင့်တကွ ပိဋကတ်သုံးပုံ ဟုဆိုအပ်သော ဘုရားစကားတော် ရ၏။

တနည်း–ပရိ သမန္တတော ပရိပုနပ္ပုနံဝါ အဇ္ဈာယိတဗ္ဗာ သိက္ခိတဗ္ဗာတိ ပရိယတ္တိ။— ကမ္မသာဓန၊ ပရိပုဗ္ဗ အယဓာတ်၊ တိ ပစ္စည်း။ (အရကား ရှေးဝိကပ်နှင့် အတူကောက်)။

အနက် ယောဓမ္မော၊ အကြင် ပရိယတ္တိတရားတော်ကို။ ဘိက္ခူဟိ၊ တို့သည်။ ပရိသမန္တတော၊ ထက်ဝန်းကျင်မှ။ ဝါ၊ လင်းကဲတပုံမှ။ ဝါ၊ တနည်းကား။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အဇ္ဈာယိတဗ္ဗာ သိက္ခိတဗ္ဗာ၊သင်အပ်ကုန်၏။ ဣတိတသ္မာ၊ ထို့သို့ သင်အပ်သော သတ္တိကြောင့်။ သောဓမ္မော၊ သည်။ ပရိယတ္တိ၊ပရိယတ္တိ မည်၏။

တနည်း–ပရိ ပုနပ္ပုနံ သုဂတိံ ယန္တိ ဂစ္ဆန္တိ ဧတာယာတိ ပရိယတ္တိ။— ကရဏသာဓန၊ ပရိပုဗ္ဗ ယာဓာတု၊ တိ။

ပရိဟူသော ဥပသာရပုဒ်၏အရကား....ပုနပ္ပုနဘောဂုဏ်ရ၏။ယာဓာတ်၏ အရ ကတ္တုတ္ထကြိယာကား.... သုဂတိဘဝန္ဒိုက် ဖြစ်သော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့၏ ဥပါဒ်သည် မုချအားဖြင့် ရ၏။ ဧတာယဟူသော ကရဏတ္ထကြိယာ၏ အရကား....ပရိယတ္တိဓမ္မ၏ ပကတူပနိဿယသတ္တိ၊ ပရိယတ္တိဓမ္မကို သင်ယူကုန်သော ကလျာဏပုထုဇဉ်, အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့၏ မဟာကုသိုလ်စေတနာ၏ နာနာက္ခဏိကကမ္မပစ္စယသတ္တိသည် ဌာန၊ဖလူပစာရတ္ထအားဖြင့် ရ၏။ တိပစ္စည်း၏ အရကား....ထို့ဌာန၊ ဖလူပစာရတ္ထဖြင့် မှတ်အပ်သော အဌကထာနှင့် တကွ ပိဋကတ်သုံးပုံ ဟုဆိုအပ်သော ဘုရားစကားတော် ရ၏။

တနည်း–ပရိ နိဗ္ဗာနံ ယန္တိ ဂစ္ဆန္တိ ပါပုဏန္တိ ဧတာယာတိ ပရိယတ္တိ။— ကရဏသာဓန၊ ပရိပုဗ္ဗ ယာဓာတု၊ အယဓာတု ဝါ၊ တိ။

ပရိဟူသော ဥပသာရပုဒ် အရကား....နိဗ္ဗာန် ရ၏။ ယာဓာ၏အရ ကတ္ထုတ္ထ ကြိယာကား....ပရိယတ္တိဓမ္မကို သင်ယူကုန်သော ပုဂ္ဂိုလ်တို့၏ သန္တာန်နှိုက် နိဗ္ဗာန်ကို အာရုံပြုသည်၏ အစွမ်းဖြင့်ဖြစ်သော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်,မဂ်,ဖိုလ်စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ ဧတာယ ဟူသော ကရဏတ္ထကြိယာ၏ အရကား....ပရိယတ္တိဓမ္မ၏ ပကတူပနိဿယ သတ္တိ၊ ဝါ-ပရိယတ္တိဓမ္မကို သင်ယူသောအခါနှိုက် ဖြစ်သော မဟာကုသိုလ်, မဟာကြိယာစိတ္တုပ္ပါဒ်၏ ပကတူပနိဿယသတ္တိသည် ဌာန္၊ ဖလူပစာရတ္ထ အားဖြင့် ရ၏။ တိပစ္စည်း၏ အရကား....ထိုဌာန္၊ဖလူပစာရတ္ထအားဖြင့် မှတ် အပ်သော အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံဟူသော ဘုရားစကားတော် ရ၏။

တနည်း–ပရိ ဗျတ္တံ ပါကဋံ ယန္တိ ဂစ္ဆန္တိ ဧတာယ တံဓာရော ပုဂ္ဂလောတိ ပရိယတ္တိ။—ကရဏသာဓန၊ ပရိပုဗ္ဗ ယာဓာတု၊ တိ။

ပရိဟူသော ဥပသာရပုဒ်၏ အရကား....လောကနှိုက် ကျော်စောထင်ရှား ခြင်း ဟုဆိုအပ်သော ပရိဗျတ္တဘောဂုဏ် ရ၏။ ယာဓာတ်၏ အရ ကတ္ထုတ္ထ ကြိယာကား.... ပရိယတ္တိဓမ္မကို သင်ကြားပြသ ပို့ချသင်ဆောင် ကုန်သော ပုဂ္ဂိုလ်တို့၏ လောကနှိုက် ကျော်စောထင်ရှားခြင်းသို့ ရောက်သော သီလဂုဏ် သမာဓိဂုဏ်, ပညာဂုဏ်သည် မုချအားဖြင့် ရ၏။ ယောနိသောမနသိကာရ, စတုစက္ကသမ္ပတ္တိသည် ဖလူပစာရတ္ထအားဖြင့် ရ၏။ ဧတာယဟူသော ကရဏတ္ထကြိယာ၏ အရကား....ပရိယတ္တိဓမ္မ၏ ပကတူပနိဿယသတ္တိသည် ဌာန္၊ ဖလူပစာရတ္ထအားဖြင့် ရ၏။ တိ ပစ္စည်း၏ အရကား....ထိုဌာန္၊ ဖလူပစာရတ္ထ ဖြင့် မှတ်အပ်သော အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံ ဟုဆိုအပ်သော ဘုရား စကားတော် ရ၏။ (ပရိယတ္တိဓမ္မ ရ၏ဟူ၍လည်း အကျဉ်းကောက်နိုင်သည်)။

သာသနဒ္ဒါ၏ ဝစနတ္ထကို ပြခြင်း

သာသိတဗ္ဗာ အနုသာသိတဗ္ဗာတိ သာသနံ။— ကမ္မသာဓန၊ သာသဓာတု၊ ယု။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝေဏေယျသတ္တော၊ ဆုံးမအပ်သော သတ္တဝါတို့ကို။ သာသိတဗ္ဗာ အနုသာသိတဗ္ဗာ၊ ဆုံးမအပ်ကုန်၏။ ဣတိ တသ္မာ၊ထိုသို့ ဆုံးမအပ်သော သတ္တိကြောင့်။ သာပရိယတ္တိ၊ထိုပရိယတ္တိသည်။ သာသနံ၊သာသနမည်၏။

သာသဓာတ်၏အရ ကတ္တုတ္ထကြိယာကား....မြတ်စွာဘုရား၏ သဗ္ဗညုတ ညာဏ်ပြဓာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ ကမ္မတ္ထကြိယာ၏ အရကား....ထို စိတ္တုပ္ပါဒ်အား တပ်သော ပရိယတ္တိ ဓမ္မ၏၊ ဝါ-ပရိယတ္တိဓမ္မ ဟုဆိုအပ်သော သဒ္ဒပဗန္ဓအစဉ်၏ အာရမ္မဏပစ္စယ သတ္တိသည် ဌာန္၊ ဖလူပစာရတ္ထအားဖြင့် ရ၏။ ယု ပစ္စည်း၏ အရကား.... ထိုဌာန္၊ ဖလူပစာရတ္ထတို့ဖြင့် မှတ်အပ်သော ပရိယတ္တိသာသနာတော် ရ၏။ (ဤအရကောက်ကို ပရိယတ္တိသာသန အရဟု မှတ်)။

တနည်း—သာသတိ အနုသာသတိ ဧတေနာတိ သာသနံ။— ကရဏ

သာဓနံ၊ သာသဓာတု၊ အနုသဋ္ဌမ္ပိ၊ ယု။

အနက် ဘဂဝါ၊မြတ်စွာဘုရားသည်။ ဧတေန၊ထိုပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ ဟုဆိုအပ်သော သုံးပါးသော သမ္ပဒမ္မဖြင့်။ ဝေဏေယျသတ္တော၊ ဆုံးမအပ်သော သတ္တဝါတို့ကို။ သာသတိ အနုသာသတိ၊ ဆုံးမတော်မူတတ်၏။ ဣတိတသ္မာ၊ထိုသို့ ဆုံးမကြောင်းဖြစ်သော သတ္တိကြောင့်။ ဧတေနာတိပဒေန၊ဧတေန ဟူသောပုဒ်ဖြင့်။နိဒ္ဒိဋ္ဌံ၊ညွှန်ပြအပ်သော။တံတိဝိဓသဒ္ဒမ္ပိ၊ ထိုသုံးပါးအပြားရှိသော သဒ္ဒမ္မသည်။ သာသနံ၊ သာသနမည်၏။

သာသဓာတ်၏အရ ကတ္တုတ္ထကြိယာကား.... မြတ်စွာဘုရား၏ ဒေသနာ ညာဏ် ပြဓာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်တော်သည် မုချ အားဖြင့် ရ၏။ ထိုဒေသနာတော်မှ ပကတူပနိဿယကို ရသော ဝေဏေယျတို့၏ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သည် ကာရဏူပစာရတ္ထအားဖြင့် ရ၏။ ဧတေန ဟူသော ကရဏတ္ထကြိယာ၏ အရကား....ထိုဒေသနာဉာဏ် ပြဓာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား တပ်သော တိဝိဓသဒ္ဒမ္မ၏ အာ

ရမ္မဏပစ္စယသတ္တိသည် ဖလူပစာရတ္ထအားဖြင့် ရ၏။ ယုပစ္စည်း၏ အရကား.... ထိုဖလူပစာရတ္ထအားဖြင့် မှတ်အပ်သော သာသနာသုံးပါး ရ၏။ (ဤကား သာသနာသုံးပါးလုံးရသော ဝစနတ္ထတည်း)။

တနည်း—သာသတိ အနုသာသတိ ဇေတ္ထာတိ သာသနံ။-ဟူ၍ အဓိကရဏ သာဓနလည်း ပြုအပ်၏။ (အရကောက် တူ၏)။ "ပရိယတ္တိဧဝ သာသနံ ပရိယတ္တိသာသနံ"—ဟု အဝဓာရဏကမ္မဓာရုယ် သမာသ်တဲ့လေ။ (အရကား ပရိယတ္တိသာသနာတော် ရ၏)။

တနည်း— ပရိယတ္တိဓမ္မဖြင့် ဆုံးမရာ ဆုံးမကြောင်း ဖြစ်သောကြောင့် အဘေဒဘေဒူပစာ အားဖြင့် "ပရိယတ္တိယာ သာသနံ ပရိယတ္တိ သာသနံ" ဟု တပ္ပုရိသ်သမာသ်လည်း တဲ့သင့်၏။

ပရိယတ္တိဟူသော ရွေပုဒ်၏ အရကား....ပရိယတ္တိဓမ္မ ရ၏။ ပရိယတ္တိဓမ္မ၏ ဆုံးမခြင်းနှင့် အဘေဒဘေဒူပစာအားဖြင့် စပ်ခြင်း ဟုဆိုအပ်သော သမ္မန် သည် ဌာနူပစာရတ္ထအားဖြင့် ရ၏။ သမာသ်ပုဒ်လုံး၏ အရကား....ပရိယတ္တိ သာသနာတော် ရ၏။

ပဋိပတ္တိသာသနပုဒ်၏ ဝစနတ္ထကို ပြခြင်း

ပဋိပဇ္ဇနံ ပဋိပတ္တိ။—ဘာဝသာဓန၊ ပဋိပုဗ္ဗ ပဒဓာတု၊ တိ။

ဘာဝသာဓနနှိုက် ဓာတ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် ကျင့်ခြင်း ကြိယာ ရ၏။

တနည်း—ပဋိပဇ္ဇတဗ္ဗာတိ ပဋိပတ္တိ။— ကမ္မသာဓန၊ ပဋိပုဗ္ဗ ပဒဓာတ်၊ တိပစ္စည်း။

ပဋိပုဗ္ဗ ပဒဓာတ်၏အရ ကတ္တုတ္ထကြိယာကား....သီလ ဓုတင် ဝတ်ကြီး ဝတ်ငယ် သမထ ဝိပဿနာကို ဖြည့်ကျင့် အားထုတ်သောအခါ ကလျာဏ ပုထုဇဉ်, သေက္ခ, အသေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်နှိုက်ဖြစ်သော သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော မဟာကုသိုလ်,မဟာကြိယာဉာဏသမ္ပယုတ်ဇောစိတ္တုပ္ပါဒ်

သည် မုချအားဖြင့် ရ၏။ ကမ္မတ္ထကြိယာ၏ အရကား....ထိုဇောစိတ္တုပ္ပါဒ်အား တပ်သော သီလဓုတင် စသည်တို့၏ အာရမ္မဏပစ္စယသတ္တိသည် ဌာန၊ ဖလူပစာရတ္ထအားဖြင့် ရ၏။တိပစ္စည်း၏ အရကား....ထိုဌာန၊ ဖလူပစာရတ္ထတို့ဖြင့် မှတ်အပ်သော သီလဓုတင် ဝတ်ကြီး ဝတ်ငယ် သမထ ဝိပဿနာ ရ၏။

တနည်း—ပဋိပုနပ္ပုနံ သုဂတိံ ပဇ္ဇန္တိ ပါပုဏန္တိ ဇောယာတိ ပဋိပတ္တိ။—
ကရဏသာဓန၊ ပဋိပုဗ္ဗ ပဒဓာတု၊ တိ။

ပဋိဟူသော ဥပသာရပုဒ်၏အရကား....အဖန်တလဲလဲ ဖြစ်ခြင်း ဟုဆိုအပ်သော ပုနပ္ပုနဘောဂုဏ် ရ၏။ ပဒဓာတ်၏အရ ကတ္တုတ္ထကြိယာကား....သုဂတိဘုံနိုက်ဖြစ်သော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့၏ ဥပါဒ်သည် မုချအားဖြင့် ရ၏။ဇောယဟူသော ကရဏတ္ထကြိယာ၏ အရကား....သီလဓုတင်စသည်ကို ဖြည့်ကျင့်သောအခါ ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့၏ သန္တာန်နိုက် ဖြစ်သော မဟာကုသိုလ်ဇောစေတနာ၏ နာနာက္ခဏိကကမ္မပစ္စယသတ္တိ, ပကတူပနိဿယသတ္တိသည် ဌာန, ဖလူပစာရတ္ထ အားဖြင့် ရ၏။ တိပစ္စည်း၏ အရကား.... ထိုဌာန, ဖလူပစာရတ္ထတို့ဖြင့် မှတ်အပ်သော သီလ ဓုတင် ဝတ်ကြီး ဝတ်ငယ် သမထ ဝိပဿနာ ရ၏။

တနည်း—ပဋိပဇ္ဇန္တိ ပါပုဏန္တိ ဇောယ နိဗ္ဗာနန္တိ ပဋိပတ္တိ။—ကရဏသာဓန၊
ပဋိပုဗ္ဗ ပဒဓာတု၊ တိ။

ပဋိပုဗ္ဗ ပဒဓာတ်၏အရ ကတ္တုတ္ထကြိယာကား....ကလျာဏပုထုဇဉ်, အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်နိုက် နိဗ္ဗာန်ကို အာရုံပြုသည်၏ အစ္စမ်းဖြင့်ဖြစ်သော မဟာကုသိုလ်,မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် မဂ်,ဖိုလ်စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ ဇောယဟူသော ကရဏတ္ထကြိယာ၏ အရကား....သီလအစရှိသော အကျင့်၏ ပကတူပနိဿယသတ္တိသည် ဌာန, ဖလူပစာရတ္ထအားဖြင့် ရ၏။ တိပစ္စည်း၏ အရကား....ထို ဌာန, ဖလူပစာရတ္ထတို့ဖြင့် မှတ်အပ်သော သီလ ဓုတင် ဝတ်ကြီး ဝတ်ငယ် သမထ ဝိပဿနာ ရ၏။

သာသနသဒ္ဒါကို နောက်နည်းပြု။ "ပဋိပတ္တိ ဧဝ သာသနံ ပဋိပတ္တိသာသနံ" ဟု တွဲ။ **တနည်း**—အဘေဒ ဘေဒူပစာရအားဖြင့် "ပဋိပတ္တိယာ သာသနံ ပဋိပတ္တိသာသနံ" ဟု တွဲ။

ပဠိဓေယျသဒ္ဒနုဝုဒ္ဓိ၏ ဝစနတ္ထကို ပြခြင်း

ပဋိဝဏ္ဏနံ ပဋိဝေဓော။— ဘာဝသာဓန၊ ပဋိပုဗ္ဗ ဝိဓော်၊ ဏ ပစ္စည်း။ (ထိုးထွင်း၍ သိခြင်းကြိယာ ရ၏)။

တနည်း—ပဋိဝဏ္ဏတိ သမ္မဋ္ဌတိ စတုသစ္စမေမ္မ အပွဋိဟတဘာဝေနာတိ ပဋိဝေဓော။—ကတ္တုသာဓန၊ ပဋိပုဗ္ဗ ဝိဓော်တု၊ ဉာဏော၊ ဏပစ္စယော။

ပဋိပုဗ္ဗ ဝိဓော်၏ အရကား.... မဂ်ဉာဏ်လေးပါးတို့၏ အပိတ် အပင် အဆီးအတားမရှိ သစ္စာလေးပါးကို သိမြင်သော သတ္တိ၊ နိဗ္ဗာန်၏ အာရမ္မဏပစ္စယသတ္တိသည် မုချအားဖြင့် ရ၏။ ဖိုလ်ဉာဏ်လေးပါးသည် ကာရဏူပစာရတ္ထအားဖြင့် ရ၏။ ဏပစ္စည်း၏ အရကား....ထိုမုချ,ကာရဏူပစာရတ္ထတို့ဖြင့် မှတ်အပ်သော မဂ်ဉာဏ်,ဖိုလ်ဉာဏ်,နိဗ္ဗာန် ရ၏။

တနည်း—ပစ္စဝေက္ခဏဉာဏေန ပဋိဝိဇ္ဈိတဗ္ဗော ဉာတဗ္ဗောတိ ပဋိဝေဓော။—ကမ္မသာဓန၊ ပဋိပုဗ္ဗ ဝိဓော်တု၊ ဏ။

ပဋိပုဗ္ဗ ဝိဓော်၏အရ ကတ္တုတ္ထကြိယာကား....ပစ္စဝေက္ခဏာဉာဏ်သည်၊ ဝါ-ပစ္စဝေက္ခဏာဉာဏ် ပြဓာန်းသော မဟာကုသိုလ်,မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ ကမ္မတ္ထကြိယာ၏ အရကား....ထိုစိတ္တုပ္ပါဒ်အား တပ်သော မဂ်,ဖိုလ်,နိဗ္ဗာန်၏ အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယသတ္တိသည် ဌာန္၊ ဖလူပစာရတ္ထအားဖြင့် ရ၏။ ဏပစ္စည်း၏အရကား.... ထိုဌာန္၊ ဖလူပစာရတ္ထတို့ဖြင့် မှတ်အပ်သော မဂ်,ဖိုလ်,နိဗ္ဗာန် ရ၏။

"ပဋိဝေဓောဝေ သာသနံ ပဋိဝေဓသာသနံ"။-အဝေဒဝေဒူပစာရအားဖြင့် "ပဋိဝေဓေန သာသနံ ပဋိဝေဓသာသနံ"။—တတိယာတပ္ပုရိသ်သမာသ်။ ဝိဂြိုဟ် အကောက် နောက်နည်းအတိုင်းမှတ်။ သာသနသဒ္ဒါ၏ ဝစနတ္ထကိုလည်း ဆိုခဲ့သောနည်းအတိုင်း မှတ်အပ်၏။

သဒ္ဒသနုဒါယဒ္ဒ, ဒါယဇ္ဇ,
ပဇ္ဇယဒါယက, သဒ္ဒသနုဒါယက, အနုဂ္ဂဟသဒ္ဒါဒိဋ္ဌိ

ဝစနတ္ထ အရကောက် အဓိပ္ပါယ် အဆုံး အဖြတ်

သာသနသဒ္ဒါ၏ ဝစနတ္ထကို အောက်က ဆိုခဲ့ပြီးသည့်အတိုင်း မှတ်။ ဒါယာဒသဒ္ဒါကို ဒါယ အာဒဟု ပဒဝိဘာဂပြု။

ဒါတဗ္ဗန္တိ ဒါယံ။—ကမ္မသာဓန၊ ဒါဓာတ်၊ ဏပစ္စည်း။

မှတ်ချက်—ဌင်းဏပစ္စည်းကို ဝိသရဇပဒါဒိတောဏဖြင့်သက်၊ ဌင်းသုတ်၏ ဋ္ဌီကာများနှိုက် ဘာဝသာဓန,သမ္ပဒါနသာဓနမှတပါး ကြွင်းသော ငါးပါးသော သာဓနတို့နှိုက် သက်နိုင်ကြောင်းကို ဆို၏။ ရူပသိဒ္ဓိမှာ ကတ္တုသာဓနသာဟု ဆိုအပ်၏။ ဏပစ္စည်းရှိမှသာလျှင် အာကာရန္တာနမာယော ဟူသောသုတ်ဖြင့် အာကာရန္တဓာတ်၏ အစိတ်အာကို အာယပြုနိုင်သောကြောင့် ဋ္ဌီကာများ၏အလိုအတိုင်း ငါးပါးသောအနက်နှိုက် သက်နိုင်ခြင်းသည် အတိသုန္ဒရဖြစ်၏ဟုမှတ်။

ဒါဓာတ်၏အရ ကတ္တုထွကြိယာကား....ဒါနစေတနာပြဓာန်းသောကုသိုလ်စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ ကမ္မထွကြိယာကား.... ထိုစိတ္တုပ္ပါဒ်အားတပ်သော ဒါနဝတ္ထု၏အာရမ္မဏပစ္စယသတ္တိသည် ဌာန္၊ ဖလူပစာရတ္ထအားဖြင့် ရ၏။ ဏပစ္စည်း၏ အရကား....ထိုဌာန္၊ ဖလူပစာရတ္ထဖြင့် မှတ်အပ်သော ပေးအပ်သော ဒါနဝတ္ထု ဟုဆိုအပ်သော အမွေဥစ္စာ ရ၏။

ဒါယံ အာဒဒါတီတိ ဒါယာဒေါ။—ကတ္တုသာဓန၊ ဒါယသဒ္ဒါပဒ အာပုဗ္ဗ ဒါဓာတ်၊ အ ပစ္စည်း။

ဒါယဟူသော ရှေးပုဒ်၏ အရကား....ပေးအပ်သော အမွေဥစ္စာ ရ၏။ အာပုဗ္ဗ ဒါဓာတ်၏ အရကား....ခံယူတတ်သော စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ အပစ္စည်း၏ အရကား....ထိုစိတ္တုပ္ပါဒ်နှင့် ပြည့်စုံသော သား,သမီး အစရှိသော အမွေခံပုဂ္ဂိုလ် ရ၏။

ဒါယာဒေါ ဝိယာတိ ဒါယာဒေါ။—ဥပမာတဒ္ဓိတ်၊အပစ္စည်း။

ဒါယာဒေါဟူသော ဥပမာတဒ္ဓိတ်ပုဒ်၏ အရကား....အမိ,အဖ၏ အမွေဥစ္စာကို ခံယူတတ်သော သား,သမီးစသော အမွေခံပုဂ္ဂိုလ်သည် မုချအားဖြင့် ရ၏။ ထိုအမွေခံတို့၏ ဘုရားပေးတော်မူအပ်သော လောကီ, လောကုတ္တရာ ကုသိုလ် အမွေအနှစ်ကို ခံယူကုန်သော ရဟန်း,ရှင်,လူတို့နှင့် သဒိသီ သဒိသ အဖြစ်ဖြင့် စပ်ခြင်း ဟုဆိုအပ်သော သမ္မန္ဓဘောဂုဏ်သည် ဖလူပစာရတ္ထ အားဖြင့် ရ၏။ အပစ္စည်း၏ အရကား....ထိုဖလူပစာရတ္ထဖြင့် မှတ်အပ်သော ရဟန်း,ရှင်,လူ ရ၏။

သာသနဿ ဒါယာဒေါ သာသနဒါယာဒေါ။—ဆဋ္ဌိတပ္ပုရိသ် သမာသ်။

သာသနဟူသောရှေးပုဒ်၏အရကား....ပရိယတ္တိ,ပဋိပတ္တိ,ပဋိဝေဓဟူသော သာသနာတော်သုံးပါးသည် မုချ ရ၏။ ထိုသာသနာတော်သုံးပါး၏ ရဟန်း, ရှင်,လူတို့နှင့် ဌာနီ ဌာန သံ သာမိ အဖြစ်ဖြင့် စပ်ခြင်း ဟုဆိုအပ်သော သမ္မန္ဓ ဘောဂုဏ်သည် ဌာနူပစာရတ္ထအားဖြင့် ရ၏။ သမာသ်ပုဒ်လုံး၏ အရကား.... ထိုဌာနူပစာရတ္ထဖြင့် မှတ်အပ်သော ဘုရားအမွေခံဖြစ်သော သူတော်ကောင်း ရဟန်း,ရှင်,လူ ရ၏။

မှတ်ချက်—ဆုံးမရာ ဆုံးမကြောင်းဖြစ်သောကြောင့် သာသနာ မည်၏။ ထိုသာသနာသည်ပင်လျှင် မြတ်စွာဘုရား ပေးတော်မူအပ်သော ဒါယ မည်၏။ သာသနာမှ တပါး ဒါယ မရှိ။ ထိုကြောင့် "သာသနဿ ဒါယာဒေါ သာသနဒါယာဒေါ" ဟူသော ဝစနတ္ထကို အဘေဒဘေဒူပစာဟု မှတ်အပ်၏။

မြတ်စွာဘုရားသည် အမွေဥစ္စာကို ပေးတော်မူသောအားဖြင့် ဟောတော်မူသော ပရိယတ္တိဓမ္မကို နာခံမှတ်ယူ၍ စွမ်းနိုင်သမျှ သင်ကြားဆောင်ရွက်သော အမှတ်မရှိသော ရဟန်း,ရှင်,လူ ဟူသမျှ၊ ထိုပရိယတ္တိဓမ္မနှိုက် ဟောတော်မူသော ပဋိပတ္တိဓမ္မအား လျော်စွာ ဘိက္ခုသီလ, ဘိက္ခုနီသီလ, သာမဏေရသီလ, ဂဟဋ္ဌသီလ စသည်ကိုကျင့်သော အမှတ်မရှိသော ရဟန်း,ရှင်,

လူ ဟူသမျှ၊ထိုသီလအစရှိသော ပဋိပတ္တိမမှကို ဖြည့်ကျင့်သည်ဖြစ်၍ အရိယာပုဂ္ဂိုလ်၏ အဖြစ်သို့ရောက်သော ရဟန်း,ရှင်,လူ ဟူသမျှတို့သည် သာသနာတော် သုံးပါး၏ အမွေအနှစ် ဟုဆိုအပ်သော တရားတည်းဟူသော ဥစ္စာကို ဆက်လက် ခံယူကုန်သော သာသနဒါယာဒပုဂ္ဂိုလ်ချည်းပင်တည်းဟု မုချမှတ်ယူအပ်ကုန်၏။ ယခုအခါ၌ကိုက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန် တည်းဟူသော ပဋိဝေဓအမွေကို မရငြားသော်လည်း ၎င်းကို ရခြင်းအကျိုးငှါ ပရိယတ္တိ,ပဋိပတ္တိနှစ်ပါးကို ခံယူ၍ အားထုတ်ကြသောကြောင့် သာသနဒါယာဒပင် ဖြစ်၏ဟု မှတ်အပ်၏။ သာသနာတော်၏ အမွေဟုဆိုငြားသော်လည်း မြတ်စွာဘုရား၏ အမွေဥစ္စာဟု မှတ်ယူရမည်။ အဘယ်ကြောင့်နည်းဟူမူ အကျဉ်းဆုံးအားဖြင့် သုံးပါးသော သာသနာတော်မှတပါး အမွေဥစ္စာ မရှိသောကြောင့်တည်း။ ထိုကြောင့် "သာသနံဧဝ ဒါယံ သာသနဒါယံ၊ တံ အာဒဒါတိတိ သာသနဒါယာဒေါ"ဟူ၍လည်း ဝစနတ္ထပြုသင့်၏ဟု မှတ်အပ်၏။

တနည်း–"သာသတိ အနုသာသတိတိ သာသနော"— မြတ်စွာဘုရား၏။ "သာသနဿ ဒါယာဒေါ သာသနဒါယာဒေါ"—မြတ်စွာဘုရား၏ သဒ္ဓါဓန, သီလဓန, ဟိရိဓန,ဩတ္တပ္ပဓန,သုတဓန,စာဂဓန,ပညာဓန ဟူသော သူတော်ကောင်းဥစ္စာ ခုနစ်ပါးကို ခံယူတတ်သော ရဟန်း,ရှင်,လူ ရ၏။

ထိုကြောင့် သမ္မောဒဉ္ဉကထာန္၌က်—

> မဟန္တံ ခေါပနေတံ သတ္ထု ဒါယဇ္ဇံ၊ ယဒိဒံ သတ္တာအရိယ ဓနာနိနာမ၊ တံ န သက္ကာ ကုသိတေန ဂဟေတုံ။—ဟု ပြတော်မူ၏။

> ဒါယာဒဿ ဘာဝေါ ဒါယဇ္ဇံ။—ဘာဝတဒ္ဓိတ်၊ ဒါယာဒပုဒ်၊ ဏျပစ္စည်း။

ဒါယာဒဟူသော တဒ္ဓိတ်ပုဒ်၏ အရကား....အမွေဥစ္စာကို ခံယူတတ်သော ပုဂ္ဂိုလ်ဒြဗ်သည် မုချအားဖြင့် ရ၏။ ထို ပုဂ္ဂိုလ်ဒြဗ်၏ ခံယူခြင်းကြိယာနှင့် သာဓန, သာဓေတဗ္ဗ အဖြစ်ဖြင့် စပ်ခြင်း ဟုဆိုအပ်သော သမ္ဗန်သည် ဖလူပစာရတ္ထအားဖြင့် ရ၏။ ဏျပစ္စည်း၏ အရကား...ထိုမုချ, ဖလူပစာရတ္ထဖြင့် မှတ်အပ်သော ခံယူခြင်းကြိယာ ရ၏။

တနည်း—"ဒါယာဒံ အရဟာတိတိ ဒါယဇ္ဇံ"ဟု အရဟာတိတဒ္ဓိတ် ဝစနတ္ထ လည်းပြု။ ၎င်းဝစနတ္ထသည် "နဝလောကုတ္တရမမ္မ ဒါယဇ္ဇံ အရဟာတိတိ မမ္မ ဒါယာဒေါ"ဟူသော အဂ္ဂညသုတ် အဋ္ဌကထာနှင့်အညီတည်း။

ပစ္စယဒါယကသဒ္ဒါ၏ ဝစနတ္ထကို ပြခြင်း

ပစ္စယသဒ္ဒါသည် ဆွမ်းအစရှိသော ပစ္စည်း, ပဋ္ဌာန်းပစ္စည်း, သဒ္ဒါပစ္စည်း ဤသုံးပါးတို့နှိုက် ဖြစ်၏။ ထိုသုံးပါးတို့တွင် ဆွမ်းအစရှိသော ပစ္စည်းကို ဟောသော ပစ္စယသဒ္ဒါ၏ ဝစနတ္ထကား....ပိတိ ကရောတိတိ ပစ္စယော။—ကတ္တု သာဓန၊ပတိပုဗ္ဗ ဣဓာတု၊ဓောတုဝါ၊အယဓာတု ဝါ၊အပစ္စယော။ပတိ အယဟု ပဒစ္ဆေဒပြု။ပတိ၏အစိတ် ဣကို အပြု၊ တိကို စ္ဆပြု၍ ပစ္စယော၊ဟု ရုပ်ပြီး၏။

ပတိဟူသော ရွေးပုဒ်၏ အရကား....နှစ်သက်ခြင်းပိတိ ရ၏။ ဣဓာတ်၏ အရကား....ဆွမ်းစသော ပစ္စည်းလေးပါးတို့၏ ပစ္စယပဋိဂ္ဂါဟက ရဟန်းတို့အား နှစ်သက်ခြင်းကို ပြုတတ်သောသတ္တိ ရ၏။ အပစ္စည်း၏ အရကား.... သတ္တိမန္တဖြစ်သော ပစ္စည်းလေးပါး ရ၏။

တနည်း—ပိတိ ကရောတိ ဧတေနာတိ ပစ္စယော။—ကရဏသာဓန၊ ပိတိ သဒ္ဒ၊ပပဒ ဣဓာတု၊ အပစ္စယော။

ပိတိဟူသော ရွေးပုဒ်၏ အရကား....နှစ်သက်ဝမ်းမြောက်ခြင်း ပိတိ ရ၏။ ဣဓာတ်၏အရ ကတ္တုထ္ထကြိယာကား.... ပစ္စည်းလေးပါးကို ရသောအခါ သပ္ပိတိကတဏှာဖြင့် နှစ်သက်သောပုဂ္ဂိုလ်အား လောဘမူစိတ္တုပ္ပါဒ် ရ၏။ပစ္စည်းလေးပါးကို ရသောအခါ သပ္ပါယဖြစ်သော ပစ္စည်းကိုရ၍ ရဟန်းတရားကို အားထုတ်ရတော့မည် ဟူ၍ နှစ်သက်သော ပုဂ္ဂိုလ်အား ပိတိ ပြဓာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ် မဟာကြိယာ စိတ္တုပ္ပါဒ်သည် မုခ္ယအားဖြင့် ရ၏။ ဧတေနဟူသော ကရဏတ္ထကြိယာ၏ အရကား....ထိုစိတ္တုပ္ပါဒ်အား တပ်သော ပစ္စည်းလေးပါးတို့၏ အာရမ္မဏပစ္စယသတ္တိ, ပကတူပနိဿယပစ္စယသတ္တိသည် ဖလူပစာရတ္ထအားဖြင့် ရ၏။ အပစ္စည်း၏ အရကား....ထို ဖလူပစာရတ္ထဖြင့် မှတ်အပ်သော ပစ္စည်းလေးပါး ရ၏။ (၎င်းပစ္စယသဒ္ဒါ၏ ဝစနံတ္ထသည် ပိတိ ကရဏဌေန ပစ္စယောဟူသော ဝိနည်းအဋ္ဌကထာနှင့် အညီတည်း)။

တနည်း—စိဝရာဒယော ပဋိစ္စ ဘုဉ္ဇမာနာ ပါဏိနော အယန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ ဧတေဟိတိ ပစ္စယာ။

အနက် စိဝရာဒယော၊သက်နိုးအစရှိသည်တို့ကို။ ပဋိစ္စ၊စဲ့၍။ ဘုဉ္ဇမာနာ၊ သုံးဆောင်ကုန်သော။ ပါဏိနော၊ အသက်ရှိသော ရဟန်းတို့ သည်။ ဝါ၊အသက်ဇီဝိတိန္ဒြေတို့သည်။ ဧတေဟိ၊ထိုလေးပါးသော ပစ္စည်းတို့ ဖြင့်။ အယန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ဖြစ်ကြောင်း ဖြစ်သော သဘ်ကြောင့်။ တေစိဝရာဒယော၊ တို့သည်။ ပစ္စယာ၊ ပစ္စည်းတို့ မည်ကုန်၏။

စိဝရာဒယော။လ။ပဝတ္တန္တိ ဧတေဟိကား ကရဏသာဓနကိတ် ဂိုဂ္ဂိုဟ်၊ ပစ္စယာကား ကရဏသာဓနကိတ်ပုဒ်၊ ပတိပုဗ္ဗ အယဓာတ်၊ အပစ္စည်း။

ပတိဟူသော ရှေးပုဒ်၏ အရကား....ပဋိစ္စနိဿယဘောဂုဏ် ရ၏။ အယ ဓာတ်၏အရ ကတ္တုတ္ထကြိယာကား....ဇီဝိတိန္ဒြေ၏ ကြာမြင့်စွာ ဖြစ်ခြင်း တည် ခြင်းသည် မုချအားဖြင့် ရ၏။ ဧတေဟိဟူသော ကရဏတ္ထကြိယာ၏ အရ ကား....ပစ္စည်းလေးပါးတို့၏ ပကတူပနိဿယသတ္တိသည် ဖလူပစာရတ္ထအား ဖြင့် ရ၏။ အပစ္စည်း၏ အရကား.... ထိုဖလူပစာရတ္ထအားဖြင့် မှတ်အပ်သော ပစ္စည်းလေးပါး ရ၏။ (၎င်းဝစနတ္ထသည် "စိဝရာဒယော ဟိ ယသ္မာ တေ ပဋိစ္စ နိဿာယ ပရိဘုဉ္ဇမာနာ ပါဏိနော အယန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ၊ တသ္မာ ပစ္စယာတိ ဝုစ္စန္တိ"ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် အညီတည်း)။

ပဋ္ဌာန်းပစ္စည်းဟော ပစ္စယသဒ္ဒါကိုကား....."ပဋိစ္စ ဖလံ ဧတိ ဧတသ္မာတိ ပစ္စယော"ဟု ပြု။

သဒ္ဒါပစ္စည်းဟော ပစ္စယသဒ္ဒါကိုကား...."ပဋိ ဝိသုံဝိသုံ အတ္ထေ ဧတိ ဂစ္ဆတိ ပဝတ္တတိတိ ပစ္စယော"ဟု ကတ္တုသာဓနပြု။ **တနည်း**—"ကတ္တာဒိ အတ္ထံ ပဋိစ္စ ဧတိ ဂစ္ဆတိ ပဝတ္တတိတိ ပစ္စယော"ဟု ပြု။ (ဝိဂြိုဟ်ကောက် ဆင်ခြင်၍ ကောက်လေ မခဲယဉ်း)။

ပစ္စယဒါယကသဒ္ဒါ၏ ဝစနတ္ထကို ပြခြင်း

ပစ္စယံ ဒေတီတိ ပစ္စယဒါယကော။—ကတ္တုသာဓန၊ ပစ္စယသဒ္ဒုပ
ပဒ ဒါဓာတ်၊ ဏ္ဍုပစ္စည်း။

ပစ္စယဟူသော ရှေးပုဒ်၏ အရကား....ပစ္စည်းလေးပါး ရ၏။ ဒါဓာတ်၏ အရကား....ပေးလှူတတ်သော သတ္တိ၊ ဝါ-ပေးလှူတတ်သော သဒ္ဓါ,စေတနာ ပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ ဏ္ဍုပစ္စည်း၏ အရကား....ထိုသတ္တိ၊ ဝါ-ထိုစိတ္တုပ္ပါဒ်နှင့် ပြည့်စုံသောပုဂ္ဂိုလ် ရ၏။

သာသနဒါယကသဒ္ဒါကိုကား....“သာသနဿ သာသနေဝါ ဒါယကော သာသနဒါယကော”ဟု ပြု။ သာသနာတော်အား၊ ဝါ-သာသနာတော်ရှိုက် ပစ္စည်းလေးပါးကို ပေးလှူစွန့်ကြဲတတ်သော ပုဂ္ဂိုလ်ကို ရစေ။

အနုဋ္ဌဟသဒ္ဒါ၏ ဝစနတ္ထကို ပြခြင်း

အနုဂ္ဂဟသည် ပစ္စယာနုဂ္ဂဟ,ဓမ္မာနုဂ္ဂဟဟူ၍ နှစ်ပါးအပြားရှိ၏။ ဝါ၊အာမိသာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟဟူ၍ နှစ်ပါး အပြားရှိ၏။

“ပစ္စယေနံ အနုဂ္ဂဏှာတီတိ ပစ္စယာနုဂ္ဂဟော”။—ယောပုဂ္ဂလော၊သည်။ ပစ္စယေန၊ သက်ဒ်နှင်းစသော လေးပါးသော ပစ္စည်းဖြင့်။ သာသနေ၊ သာသနာတော်ရှိုက်။ အနုဂ္ဂဏှာတိ၊ချီးမြှောက်တတ်၏။ ဣတိတသ္မာ၊ကြောင့်။ပစ္စယာနုဂ္ဂဟော၊ ပစ္စယာနုဂ္ဂဟ မည်၏။ ကတ္တုသာဓန၊ ပစ္စယသဒ္ဒုပဒ အနုပုဗ္ဗဂဟဓာတ်၊ အပစ္စည်း။

ပစ္စယဟူသော ရှေးပုဒ်၏အရကား....သက်ဒ်နှင်းစသော ပစ္စည်းလေးပါးရ၏။ အနုပုဗ္ဗ ဂဟဓာတ်၏ အရကား.... သဒ္ဓါ, စေတနာပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ ယောနိသောမနသိကာရသည် ဖလူပစာရတ္ထအားဖြင့် ရ၏။ အပစ္စည်း၏ အရကား.... ထို မုချ, ဖလူပစာရတ္ထဖြင့် မှတ်အပ်သော၊ ဝါ-ထိုကုသိုလ်စိတ္တုပ္ပါဒ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ် ရ၏။

ဓမ္မေန အနုဂ္ဂဏှာတိတိ ဓမ္မာနုဂ္ဂဟော။

နိဗ္ဗာန်,မဂ်,ဖိုလ်,စျာန် တည်းဟူသော တရားထူးကို ရကြောင်း ရောက်ကြောင်းဖြစ်သော သီလဓူဟုတ် သမထ ဝိပဿနာ တည်းဟူသော အကျင့်ကို ကောင်းစွာ ကျင့်သဖြင့် မြတ်စွာဘုရား၏ သာသနာတော်ကို ချီးမြှောက်သော ပုဂ္ဂိုလ် ရစေ။ (ဝိဂြိုဟ်ကောက်အကျယ်ကို ပစ္စယာနုဂ္ဂဟနည်းကို မှီး၍ ကောက်လေ)။

တနည်း—"ပစ္စယေဟိ အနုဂ္ဂဏှန် ပစ္စယာနုဂ္ဂဟော။ ဓမ္မေန အနုဂ္ဂဏှန် ဓမ္မာနုဂ္ဂဟော"ဟု တပ္ပုရိသ်သမာသ်ပြု။

ထိုကြောင့် ဒုကနိပါတ် အင်္ဂုတ္တရအဋ္ဌကထာန္သိုက်—

စတူဟိ ပစ္စယေဟိ အနုဂ္ဂဏှန် အာမိသာနုဂ္ဂဟော၊ ဓမ္မေန အနုဂ္ဂဏှန် ဓမ္မာနုဂ္ဂဟော။—ဟု ဖွင့်ပြတော်မူ၏။

အဓိပ္ပါယ် အကျဉ်း အကြင် ရဟန်း, ရှင်, လူတို့သည် မြတ်စွာဘုရား၏ သာသနာတော်နှိုက် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး လေးပါးသော ပစ္စည်း အစရှိသော ပစ္စည်းဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်၍ ချီးမြှောက်ခြင်းသည် ပစ္စယာနုဂ္ဂဟ အာမိသာနုဂ္ဂဟမည်၏။ စျာန်,မဂ်,ဖိုလ်, နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော သီလဓူတင် သမထ ဝိပဿနာ တည်းဟူသော အကျင့်တရားကို ကိုယ်တိုင် ကောင်းမွန်စွာကျင့်၍ သာသနာတော်ကို ချီးမြှောက်ခြင်းသည် ဓမ္မာနုဂ္ဂဟ မည်၏။ မိမိမှ တပါးသောသူတို့အား သီလ အကျင့် အစရှိသည်တို့ကို ကောင်းမွန်စွာ ကျင့်အောင် တရားဟောပြော ဆုံးမခြင်းသည်ရင်း၊ ပရိယတ္တိဓမ္မကို သင်ကြားပို့ချခြင်းသည်ရင်း ဓမ္မာနုဂ္ဂဟ မည်၏ဟု မှတ်အပ်၏။

သာသနသဒ္ဒါ၏ ဝစနတ္ထာဒိ ဝိနိစ္ဆယ ပြီးပြီ။

သမဏသံယ ဝိနိစ္ဆယ

သာမဏေရများသည် သံဃာ ဟုတ် မဟုတ်၊ သံဃာ မည် မမည် လျှောက်ထားရာ၌က်—

(က) အနုဇာနာမိ ဘိက္ခဝေ တုမှေဝ ဒါနိ တာသုတာသု ဒိသာသု တေသုတေသု ဇနပဒေသု ပဇ္ဇာဇေထ ဥပသမ္ပါဒေထာတိ။ ဝေဆ္ဆ ပန ဘိက္ခဝေ ပဇ္ဇာဇေတဗ္ဗော ဥပသမ္ပါဒေတဗ္ဗော။ ပဌမံ ကေသမဿုံ ဩဟာရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒါပေတွာ ကေသံ ဥတ္တရာသင်္ဃံ ကာရာပေတွာ ဘိက္ခူနံ ပါဒေ ဝန္ဒာပေတွာ ဥက္ကုဋိကံ နိသီဒါပေတွာ အဉ္ဇလိံ ပဂ္ဂဏှာပေတွာ ဧဝံ ဝဒေဟိတိ ဝတ္တဗ္ဗော။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ အနုဇာနာမိ ဘိက္ခဝေ ဇုမေဟိ တိဟိ သရဏဂမနေဟိ ပဇ္ဇိံ ဥပသမ္ပဒန္တိ။—

ဟူသော ဝိနည်းမဟာဝါ ပဗ္ဗဇ္ဇာက္ခန္ဓက ပါဠိတော်ဖြင့် မြတ်စွာဘုရားသည် ဆံမုတ်ဆိတ်ကို ရိတ်ပယ်၍ ဖန်ရည်တပ်စွန်းသော အရဟတ္တဓဇသင်္ကန်းကို ဝတ်ဆင်းသော ရှင်သာမဏေပဗ္ဗဇ္ဇာအဖြစ်ကိုဂင်း၊ ဥပသမ္ပဒ ရဟန်းအဖြစ်ကိုဂင်း၊ ရဟန်း,သာမဏေမခြား တူမျှစွာ သုံးပါးသော သရဏဂုမ်တိုဖြင့် ခွင့်ပြုတော်မူသောကြောင့် သာမဏေသည်ဂင်း ရဟန်းသည်ဂင်း ဗုဒ္ဓပုတ္တ ဘုရားသားတော်ချည့်သာ ဖြစ်ရကား ရဟန်း, သာမဏေ တည်းဟူသော သံဃာတော်သည် အကျင့်သိက္ခာပုဒ် အသီးအသီး ပညတ်တော်မူခြင်းကို စွဲ၍ ပဗ္ဗဇ္ဇာသံဃာ, ဥပသမ္ပဒသံဃာဟူ၍ နှစ်မျိုးနှစ်စား ရှိသင့်ကြောင်းကို ရှေးဦးစွာ မှတ်သားအပ်၏။

အနက် (က) ဘိက္ခဝေ၊ရဟန်းတို့။ ဒါနိုက္ကဒါနိ၊ယခုအခါန္ဒိုက်။ တုမှေဝ၊ သင်ခြစ်သားတို့သည်သာလျှင်။ တာသုတာသုဒိသာသု၊ ထိုထိုသို့သော အရပ်တိုန္ဒိုက်။ တေသုတေသုဇနပဒေသု၊ ထိုထိုသို့သော ဇနပုဒ်တို့

နိုက်။ ပဗ္ဗာဇေထ၊ ရှင်သာမဏေပြုကြကုန်လော။ ဥပသမ္ပဒါဒေထ၊ ပဉ္စင်းခံကြကုန်လော။ ဣတိ၊ ကျိသို့။ အဟံ၊ ငါဘုရားသည်။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝဉ္စပန၊ ကျိသို့လျှင်။ ပဗ္ဗာဇေတဗ္ဗော၊ ရှင်ပြုအပ်၏။ ဥပသမ္ပဒါဒေတဗ္ဗော၊ပဉ္စင်းခံအပ်၏။ပဌမံ၊ရှေးဦးစွာ။ကေသမဿုံ၊ဆံမုတ်ဆိုတ်ကို။ ဩဟာရေတွာ၊ရိတ်ပယ်၍။ ကာသာယာနိ၊ဖန်ရည် တပ်စွန်းကုန်သော။ ဝတ္ထာနိ၊အဝတ်သင်္ကန်းတို့ကို။အစ္ဆာဒါပေတွာ၊ဖုံးလွှမ်းစေ၍။ ဧကံသံ ဧကသ္မိံ အံသေ၊လက်ဝဲတဖက် ပခုံးထက်နိုက်။ဥတ္တရာသင်္ဃံ၊ကိုယ်ဝတ်စမ္မါယ်တင်သည်ကို။ ကာရာပေတွာ၊ပြုစေ၍။ ဘိက္ခူနံ၊ရဟန်းတို့၏။ ပါဒေ၊ခြေတို့ကို။ ဝန္ဒာပေတွာ၊ရှိခိုးစေ၍။ ဥက္ကုဋိကံ၊ ဆောင့်ကြောင့်။ နိသီဒါပေတွာ၊ ထိုင်စေ၍။ အဉ္ဇလိံ၊လက်အုပ်အစုံကို။ ပဂ္ဂဏှာပေတွာ၊ချီစေ၍။ ဧဝံ၊ကျိသို့။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။လ။တတိယမ္ပိ သံဃံသရဏံဂစ္ဆာမိတိ၊ဂစ္ဆာမိဟူ၍။ဧဒေဟိ၊ဆိုလော။ ဣတိ၊ကျိသို့။ ဝတ္တဗ္ဗော၊ဆိုအပ်၏။ဣတိ၊ကျိသို့။ပဗ္ဗာဇေတဗ္ဗော၊ရှင်ပြုအပ်၏။ ဥပသမ္ပဒါဒေတဗ္ဗော၊ ပဉ္စင်းခံအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေဟိ တိဟိ သရဏဂမနေဟိ၊ ကျိသုံးပါးသော သရဏဂုဏ်တို့ဖြင့်။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေအဖြစ်ကိုဂုဏ်း။ ဥပသမ္ပဒံ၊ ပဉ္စင်းအဖြစ်ကိုဂုဏ်း။ အဟံ၊ ငါဘုရားသည်။ အနုဇာနာမိ၊ခွင့်ပြုတော်မူ၏။

ဘိက္ခူနံ သံဃော ဘိက္ခုသံဃော။—ဘိက္ခူနံ၊ ရဟန်းတို့၏။ သံဃော၊ အပေါင်းတည်း။ဘိက္ခုသံဃော၊ရဟန်းတို့၏အပေါင်း။ ၎င်းပါရာဇိကဏ်အဋ္ဌကထာနှင့်အညီ သံဃသဒ္ဒါသည် အပေါင်းသာမည သမူဟအနက်ကို ဟောရကား သာမဏေသည်လည်း ဘုရားပညတ်တော်မူအပ်သော သိက္ခာသီလကျင့်ဝတ်ကို ဖြည့်ကျင့် စောင့်ထိန်းခြင်း၊ ဝိဘင်္ဂဝါဒီ သမ္မာအယူရှိခြင်း ဘုရားခွင့်ပြုတော်မူအပ်သော ဖန်ရည်တပ်စွန်းသော အရဟတ္တဓဇအဝတ်သင်္ကန်းကို ဝတ်ဆင်းခြင်းစသောအားဖြင့် သကျပုတ္တ သာကီဝင်မင်းသား ဘုရားသားတော်အစစ်ဖြစ်၍ဂုဏ်း သဇြဟ္မစရိယ သီတင်းသုံးဘော်တယောက် အဝင်အပါဖြစ်၍ဂုဏ်း ရဟန်းတော်နှင့် အယူသီလ တူမျှသောပေါင်းခြင်းအားဖြင့် ပေါင်းအပ်သောကြောင့် သံဃာမည်တော့သည်သာလျှင်တည်း။ ထိုကြောင့် ပါရာဇိကဏ် အဋ္ဌကထာ ဝေရဉ္ဇကဏ္ဍနိုက်—

ဒိဋ္ဌသိလသံဃာတေန သံဟတောတိ သံဃော။—ဟု ဖွင့်ပြ တော်မူ၏။

အနုက် ယောပုဂ္ဂလသမူဟော၊ အကြင် ပုဂ္ဂိုလ်အပေါင်းကို။ ဒိဋ္ဌသိလ သံဃာတေန၊အယူသိလ တူမျှသော ပေါင်းခြင်းအားဖြင့်။ သံဟ တော၊ ပေါင်းအပ်၏။ ဣတိတသ္မာ၊ ထိုသို့ ပေါင်းအပ်သော သတ္တိကြောင့်။ သောပုဂ္ဂလသမူဟော၊ထိုပုဂ္ဂိုလ်အပေါင်းသည်။ သံဃော၊သံဃာမည်၏။

သာမဏေသည် ဥပသမ္ပဒရဟန်း မဟုတ်သဖြင့် "ဘိက္ခူနံ သံဃော ဘိက္ခု သံဃော" ဟူသော ပါရာဇိကဏ်အဋ္ဌကထာနှင့် ဆန့်ကျင်သည် မဟုတ်ပါလော ဟူမူ.... မဆန့်ကျင်ပေ။ အဘယ်ကြောင့်နည်း ဟူမူကား သံဃိကဆွမ်းဖြင့် ပင့်ဘိတ်ခြင်း စသည်နှိုက် ရဟန်းတို့ကို ရေတွက်အပ်ကုန်သည်ရှိသော် သာမဏေကိုလည်း သံဃာပင် ဖြစ်သောကြောင့် ရဟန်းသံဃာသိမ်းယူ၍ ရဟန်းတရာ, ရဟန်းတထောင်ဟူ၍ ဆိုအပ်သောကြောင့်တည်း။ ထိုကြောင့် ပါရာဇိကဏ် အဋ္ဌကထာ ပဌမသိက္ခာပုဒ်အဖွင့်နှိုက်—

တထာ ဟိ နိမန္တနာဒိမှိ ဘိက္ခူသု ဂဏိယမာနေသု သာမဏေရေပိ ဂဟေတွာ သတံဘိက္ခူ သဟဿံဘိက္ခူတိ ဝဒန္တိ။—ဟု ဖွင့်ပြတော်မူ၏။

အနုက် တထာ တံဝစနံ၊ထိုစကားသည်။ ဟိသစ္စံ၊မှန်၏။ **တနည်းကား**—

တထာဟိ တတော၎ဝေ၊ ထို သာမညအားဖြင့် ဘိက္ခုမည်သောကြောင့်သာလျှင်။ နိမန္တနာဒိမှိ၊ သံဃိကဆွမ်းဖြင့် ပင့်ဘိတ်ခြင်းစသည်နှိုက်။ ဘိက္ခူသု၊ ရဟန်းတို့ကို။ ဂဏိယမာနေသု၊ ရေတွက်အပ်ကုန်သည်ရှိသော်။ သာမဏေရေပိ၊ သာမဏေတို့ကိုလည်း။ ဂဟေတွာ၊ရဟန်း သံဃာနှိုက် သိမ်းယူ၍။ သတံဘိက္ခူတိ၊ရဟန်းတရာဟူ၍။ သဟဿံ ဘိက္ခူတိ၊ရဟန်းတထောင်ဟူ၍။ ဝဒန္တိ၊ဆိုကုန်၏။

တနည်း—အကြင် သာမဏေစသော ပုဂ္ဂိုလ်သည် သီလကျင့်ဝတ် ပဋိပတ်ကို ဖြည့်ကျင့်၏၊ ထိုသာမဏေစသော ပုဂ္ဂိုလ်သည် အရိယာတို့၏ တောင်းစားခြင်း အလေ့အားဖြင့် တောင်းစားခြင်း အလေ့ရှိသည်ဖြစ်၍ ဘိက္ခုမည်သောကြောင့်လည်း မဆန့်ကျင်ပေ။ ထိုကြောင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာ သတိပဋ္ဌာနသုတ်နှိုက်—

ယော ဟိ ဣမံ ပဋိပတ္တိံ ပဋိပဇ္ဇတိ၊သော ဘိက္ခုနာမ ဟောတိ။ ပဋိပန္နကော ဟိ ဒေဝေါဝါ ဟောတု မနုဿောဝါ ဘိက္ခု။တိ သခ်ိံ ဂစ္ဆတိယေဝ။—ဟု ဖွင့်ပြတော်မူ၏။

အနက် ဟိသစ္စံ၊မှန်၏။ ယောပုဂ္ဂလော၊အကြင်သာမဏေစသော ပုဂ္ဂိုလ်သည်။ ဣမံပဋိပတ္တိံ၊ဤသီလဘာဝနာကျင့်ဝတ်ကို။ ပဋိပဇ္ဇတိ၊ကျင့်၏။သောပုဂ္ဂလော၊ထိုသာမဏေစသော ပုဂ္ဂိုလ်သည်။ဘိက္ခုနာမ၊ရဟန်းမည်သည်။ ဟောတိ၊ဖြစ်၏။ ဟိသစ္စံ၊မှန်၏။ ဝါ ဟိယသ္မာ၊အကြင်ကြောင့်။ ပဋိပန္နကော၊သီလဘာဝနာကျင့်ဝတ်ကို ဖြည့်ကျင့်သောပုဂ္ဂိုလ်သည်။ ဒေဝေါဝါ၊ နတ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ မနုဿောဝါ၊ လူသည်မူလည်း။ ဟောတု၊ဖြစ်စေ။ ဘိက္ခု။တိသခ်ံ၊ရဟန်းဟူသော အရေအတွက်သို့။ ဂစ္ဆတိယေဝ၊ရောက်သည်သာလျှင်တည်း။

ဤသမ္မောဟဝိနောဒနီအဋ္ဌကထာပါဠိဖြင့် အရဟတ္တဓဇသက်နိုးကို မဝတ်ဆည်းသော လူ, နတ်သည်ပင်လျှင် ဘိက္ခုမည်သေး၏။ အရဟတ္တဓဇသက်နိုးကို ဝတ်ဆည်းသော သာမဏေမှာမူကား အဘယ် ဆိုဖွယ်ရာ ရှိအံ့နည်း၊ ဘိက္ခုရဟန်း မည်တော့သည်သာလျှင်တည်း။ ထိုကြောင့် မဆန့်ကျင်ဟု မှတ်အပ်၏။

တနည်း—သံသုဋ္ဌံ ကိလေသေ ဟနတီတိ သံဃော။— ယောပုဂ္ဂလသမူဟော၊အကြင်ဘုရားတပည့်သား ပုဂ္ဂိုလ်အပေါင်းသည်။သံသုဋ္ဌံ၊ကောင်းစွာ။ ကိလေသေ၊ကိုးလသာတို့ကို။ဟနတိ၊တဒင်္ဂပဟာန်,ဝိက္ခမ္ဘနပဟာန်,သမုစ္ဆေဒပဟာန်ဖြင့် ဖျက်ဆီး သတ်ဖြတ်တတ်၏။ဣတိတသ္မာ၊ထိုသို့ ဖျက်ဆီးသတ်ဖြတ်တတ်သော သတ္တိကြောင့်။သောပုဂ္ဂလသမူဟော၊ထိုဘုရားတပည့်သား ပုဂ္ဂိုလ်အပေါင်းသည်။ သံဃော၊သံဃာမည်၏။

ဤသို့ အဋ္ဌကထာ, ဋီကာဆရာတော်တို့ ဖွင့်ပြတော်မူအပ်သော ဝစနတ္ထနှင့်အညီ မြတ်စွာဘုရား လက်ထက်တော်ရှိက် ရဟုလာသာမဏေ,သောပါကသာမဏေ, ပဏ္ဍိတသာမဏေ, သုမနသာမဏေ, နိဂြောဓသာမဏေ စသော သာမဏေတို့သည် များသောအားဖြင့် ခုနစ်နှစ်အရွယ်ကပင်လျှင် ကိလေသာတည်းဟူသော ကျောက်တောင်ကြီးတို့ကို မဂ်ဉာဏ် တည်းဟူသော သမုစ္ဆေဒ

ပဟာန်ဖြင့် အကြွင်းမဲ့ ဖျက်ဆီးဖြို့ဖျက် သတ်ဖြတ်ကြပြီးလျှင် ဆဋ္ဌာဘိည့,ပဋိသမ္ဘိဒါပတ္တာ အရိယာအစစ် သာဝကအဖြစ်သို့ရောက်ကြသောကြောင့် သံဃာတော်အစစ် မည်တော့သည်သာလျှင်တည်း။ ပုထုဇ္ဇန်သာမဏေတို့သည်လည်း သီလသိက္ခာ ဘာဝနာကျင့်ဝတ် ပဋိပတ်တို့ကိုဖြည့်ကျင့်ကြသော ကာမာဝစရကုသိုလ် တဒင်္ဂပဟာန်ဖြင့် ကိလေသာတို့ကို ဖျက်ဆီး သတ်ဖြတ်တတ်သောကြောင့် သံဃာမည်တော့သည်သာလျှင်တည်း။

တနည်း–ပုထုဇ္ဇန်သာမဏေတို့ကိုလည်း သမုစ္ဆေဒပဟာန်ဖြင့် ကိလေသာတို့ကို ပယ်ဖျက် သတ်ဖြတ်၍ အရိယာသံဃာအဖြစ်သို့ ရောက်အောင် မဂ်၏ ရှေးအဖို့ဖြစ်သော အကျင့်နိုက် တည်လျက် သီလသိက္ခာ ဘာဝနာကျင့်ဝတ်တို့ကို ကျင့်တုန်းကျင့်ဆဲ ပုဂ္ဂိုလ်များဖြစ်ကြ၍ အလှူဒါန၏ ရှေးအဖို့ နောက်အဖို့နိုက်ဖြစ်သော ပုဗ္ဗစေတနာ,အပရစေတနာတို့ကို မူဥစေတနံဒါန်းထည့်၍ ဒါနဟု ရေတွက်အပ်သကဲ့သို့၊ အရိယာသံဃာတော်အစစ်နိုက်ထည့်၍ သံဃာဟု ရေတွက်အပ်သောကြောင့် သာမဏေတို့သည်လည်း မြတ်သောအလှူကို ခံထိုက်သော ဒက္ခိဏေယျသံဃာ လက်အုပ်ချီခြင်း, အရိုအသေပြုခြင်း, ကိုးကွယ်ဆည်းကပ်ခြင်း ပါဏိပါတ သရဏဂုမ် စသည်ထိုက်သော သရဏဂမနသံဃာမည်သည်သာလျှင်တည်းဟု မုချသန္နိဋ္ဌာန်ကျ မှတ်အပ်၏။ အကယ်၍ သာမဏေကို မုချ သံဃာဟု မမှတ်ထင်နိုင်သော ပုဂ္ဂိုလ်သည် "သံဃံ သရဏံ ဂစ္ဆာမိ"မရှိ သံဃသရဏဂုမ်မတည်ဟု မှတ်အပ်၏။ ထိုကြောင့် ကခ်ါဠီကာသစ်နိုက်—

> ပေါထုဇ္ဇနိကသံဃသဿပိ ပုဗ္ဗဘာဂပ္ပဋိပဒါယ ဋ္ဌိတတ္တာ ပုရိမစေတနာယ ဝိယ ဒါနေ ဇေ္ဌဝ သင်္ဂဟော ဒဋ္ဌဗ္ဗော။ သောဝိကိစ္စာဝိ အရိယေန ဒိဋ္ဌသီလသာမညေန အသံဟတော နိယျာနိက ပက္ခိယေန ပန ပေါထုဇ္ဇနိကေန သံဟတတ္တာ ဒက္ခိဏေယျပါဏိပါတာရဟော သံဃောယေဝါတိ။—ဟု ဖွင့်ပြတော်မူ၏။

အနက် ပေါထုဇ္ဇနိကသံဃသဿပိ၊ ပုထုဇ္ဇန် သံဃာ၏လည်း။ ပုဗ္ဗဘာဂပ္ပဋိပဒါယ၊မဂ်,ဖိုလ်၏ ရှေးအဖို့ဖြစ်သော အကျင့်နိုက်။ ဋ္ဌိတတ္တာ၊ တည်သည်၏ အဖြစ်ကြောင့်။ ပုရိမစေတနာယ၊မလှူမီ ရှေးအဖို့နိုက်ဖြစ်သော စေတနာ၏။ ဒါနေ၊ဒါနနိုက်။ သင်္ဂဟော၀ိယ၊ရေတွက်အပ်သကဲ့သို့။ ဇေ္ဌဝ၊

ဤအရိယာသံဃာတော်နှိုက်သာလျှင်။ သင်္ဃော၊ရေတွက်ခြင်းကို။ ဒဋ္ဌေဗ္ဗော၊ မှတ်အပ်၏။ ဟိသစ္စံ၊မှန်၏။ သော၀ါ၊ထို့ပုထုဇ္ဇန် သံဃာသည်လည်း။ အရိယေန၊ အရိယာပုဂ္ဂိုလ်နှင့်။ ဒိဋ္ဌိသီလသာမညေန၊ အယူသီလ တူမျှသောအားဖြင့်။ ကိဉ္စာပိအသံဟတော၊အကယ်၍ကား မပေါင်းအပ်၏ရှင့်။ ပနတထာပိ၊ထို့သို့ပင် မပေါင်းအပ်သော်လည်း။နိယျာနိကပဂ္ဂိယေန၊သံသရာဝဋ်မှထွက်မြောက်ကြောင်း အဖို့ရှိက်တည်သော။ ပေါထုဇ္ဇနိကေန၊ ပုထုဇ္ဇန်ပုဂ္ဂိုလ်နှင့်။ သံဟတတ္တာ၊ပေါင်းအပ်သည်၏ အဖြစ်ကြောင့်။ ဒက္ခိဏေယျပါဏိပါတာရဟော၊ မြတ်သောအလှူကို ခံထိုက် ပါဏိပါတသရဏကုမ်အားထိုက်သော။ သံဃော ယေ၀၊ သံဃာမည်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ သန္နိဋ္ဌာန်ကျမှတ်သားအပ်၏။

တနည်း—

ဥဘတော သံဃသဿာတိ ဇေဋ္ဌ ပန ယံ ဥဘတော သံဃသဿ ဒိန္နံ တံ ဥပဓုံ ဘိက္ခူနံ ဥပဓုံ ဘိက္ခုနိန် ဒါတဗ္ဗံ။ သစေ ဧကော ဘိက္ခု ဟောတိ ကော၀ါ ဘိက္ခုနီ၊ အန္တမသော အနုပသမ္ပန္နသာပိ ဥပဓုမေ၀ ဒါတဗ္ဗံ။— **ကဒ်ါ၀ိတရဏီအဋ္ဌကထာ၊ တတိယသိက္ခာပုဒ်အဖွင့်**

အနုက် ဥဘတော သံဃသဿာတိ ဇေဋ္ဌပန၊ ဥဘတော သံဃသဿဟူသော ပုဒ်နှိုက်ကား။ ယံလာဘံ၊အကြင်လာဘ်ကို။ဥဘတောသံဃသဿ၊ နှစ်ပါးစုံသော ဘိက္ခုသံဃာ,ဘိက္ခုနီသံဃာအား။ ဒိန္နံ၊လှူအပ်၏။ တံလာဘံ၊ ထိုလာဘ်ကို။ ဥပဓုံ၊ ထက်၀က်ကို။ ဘိက္ခူနံ၊ ရဟန်းယောကျွားတို့အား။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ဥပဓုံ၊ ထက်၀က်ကို။ ဘိက္ခုနိန်၊ ရဟန်းမိန်းမတို့အား။ ဒါတဗ္ဗံ၊ပေးအပ်၏။ ဧကော၊ တပါးသော။ ဘိက္ခု၊ ရဟန်းယောကျွားသည်။ သစေပိဟောတိ၊အကယ်၍ ဖြစ်အံ့။ ဥပဓုမေ၀၊ထက်၀က်ကိုသာလျှင်။ဒါတဗ္ဗံ၊ ပေးအပ်၏။ ဧကော၊ ဟယောက်သော။ ဘိက္ခုနီ၀ါ၊ ရဟန်းမိန်းမသည်လည်း။ သစေပိဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဥပဓုမေ၀၊ ထက်၀က်ကိုသာလျှင်။ ဒါတဗ္ဗံ၊ပေးအပ်၏။ အန္တမသော၊ ယုတ်သောအပိုင်းအခြားအားဖြင့်။ အနုပသမ္ပန္နသာပိ၊ ရဟန်းမဟုတ်သော သာမဏေဘ၀ါးအား၀ယ်လည်း။ ဥပဓု မေ၀၊ထက်၀က်ကိုသာလျှင်။ ဒါတဗ္ဗံ၊ပေးအပ်၏။

အဓိပ္ပါယ် ရဟန်းယောကျွး သံဃာ, ရဟန်းမိန်းမ သံဃာ နှစ်ဦးကို သုံးသပ်၍ အမှတ်မရှိ တစုံတခု သင်္ကန်းစသော လာဘ်ကို "ဥဘတောသံဃဿ ဒမ်မို" ဟုဆို၍ လှူသည်ဖြစ်အံ့ ထိုလာဘ်ကို နှစ်ခုထက်ဝက် ခွဲဝေ၍ ရဟန်းယောကျွး, ရဟန်းမိန်းမ နှစ်ဦးလုံးပင် သံဃာချည့်ဖြစ်သော ကြောင့် ရဟန်းယောကျွးအား တစုတဝက်၊ ရဟန်းမိန်းမအား တစုတဝက် ပေးဝေအပ်၏။ အကယ်၍ ဘိက္ခုသံဃာဘက်ကဖြစ်စေ ဘိက္ခုနီသံဃာဘက်က ဖြစ်စေ ရဟန်းယောကျွးသံဃာတပါး ရဟန်းမိန်းမသံဃာတပါး တပါး တည်းပင်ဖြစ်သော်လည်း ထက်ဝက်တစုကို ပေးဝေအပ်၏။ အယုတ်အားဖြင့် ဘိက္ခုသံဃာဘက်က ဖြစ်စေ ဘိက္ခုနီသံဃာဘက်ကဖြစ်စေ သာမဏေတပါး ပင် ဖြစ်ငြားသော်လည်း ထို သာမဏေသည်လည်း သံဃာပင် ဖြစ်သော ကြောင့် ထိုသာမဏေအားလည်း ထက်ဝက်သောအစုကိုသာလျှင် ပေးဝေ အပ်၏။ ၎င်း ကခ်ါဝိတရဏီအဋ္ဌကထာပါဠိဖြင့်လည်း သာမဏေသည် သံဃာ မည်ကြောင်း သံဃာဟုတ်ကြောင်းကိုလည်း မုချအားဖြင့် ယုံမှားသံသယမရှိ မှတ်သားအပ်၏။

တနည်း—

ယော ဟိ သံဃဂတံ ဒက္ခိဏံ ဒဿာမိတိ ဒေယျဓမ္မံ ပဋိယာ ဒေတွာ ဝိဟာရံ ဂန္ဓာ ဘန္တေ သံဃတော ဥဒ္ဒိဿ ကေ ထေရံ ဒေထာတိ ဝဒတိ။ အထ သံဃတော သာမဏေရံ လဘိတွာ "သာမဏေရော မေ လဒ္ဓေါ"တိ အညတ္ထတ္တံ အာ ပဇ္ဇတိ။ တဿ ဒက္ခိဏာ သံဃဂတာ နဟောတိ။ မဟာထေရံ လဘိတွာပိ "မဟာထေရော လဒ္ဓေါ"တိ သောမနဿံ ဥပ္ပါ ဒေန္တဿပိ နဟောတိယေဝ။ ယောပန သာမဏေရံဝါ ဥပ သမ္ပန္နံဝါ ဒဟရံဝါ ထေရံဝါ ဗာလံဝါ ပဏ္ဍိတံဝါ ယံကိဉ္စိ သံဃတော လဘိတွာ နိဒ္ဒေမတိကော ဟုတွာ သံဃဿ ဒေမိတိ သံဃေ စိတ္တီကာရံ ကာတုံ သက္ကောတိ။ တဿ ဒက္ခိဏာ သံဃဂတာနာမ ဟောတိ။— ဥပရိပဏ္ဏာသ ဒက္ခိဏဝိဘင်္ဂသုတ် အဋ္ဌကထာ

၎င်းအဋ္ဌကထာနှိုက် သာမဏေသည် သံဃာတော်နှိုက် အကျုံးဝင်၍ သံဃာမည်သောကြောင့်သာလျှင် "သံဃဒေတာ သာမဏေရံ လဘိတ္ဝာ"။— သံဃတော၊ သံဃာတော်မှ။ သာမဏေရံ၊ သာမဏေကို။ လဘိတ္ဝာ၊ ရ၍။ ဟူ၍ဌင်း၊ "ယောပန သာမဏေရံဝါ ဥပသမ္ပန္နံဝါ။လ။လဘိတ္ဝာ" ဟူ၍ဌင်း ဖွင့်ပြတော်မူသောကြောင့် သာမဏေသည် သံဃာတော်မည်ကြောင်း သံဃာဟုတ်ကြောင်း မုချ သန္နိဋ္ဌာန်ကျ မှတ်သားအပ်၏။

အနက် ဟိသစ္စံ၊မှန်၏။ ယော၊အကြင်ဒါယကာသည်။သံဃဂတံ၊သံဃာတော်နှိုက် ရောက်သော။ ဒက္ခိဏံ၊ အလှူကို။ ဒဿာမီတိ၊ လှူအံ့ဟူ၍။ဒေယျမမ်ံ၊လှူဖွယ်ဝတ္ထုကို။ပဋိယာဒေတ္ဝာ၊စီရင်ပြီး၍။ဝိဟာရံ၊ကျောင်းသို့။ ဂန္ဆာ၊သွား၍။ဘန္တေ၊အရှင်ဘုရား။ သံဃတော၊သံဃာတော်မှ။ဥဒ္ဒိဿ၊ စာရေးတံ မဲလက်မှတ်စသည်ဖြင့် ညွှန်ချ၍။ ဧကံ၊တပါးသော။ထေရံ၊မထေရ်ကို။ ဒေထ၊ပေးတော်မူပါလော။ ဣတိ၊ဤသို့။ ဝဒတိ၊လျှောက်ဆို၏။ အထ၊ ထိုသို့ လျှောက်တောင်းသောအခါနှိုက်။ သံဃတော၊ သံဃာတော်မှ။ သာမဏေရံ၊သာမဏေကို။ မေ၊ငါ့အား။ ဝါ၊ငါသည်။ သာမဏေရော၊သာမဏေကို။ လဒ္ဓေါ၊ ရအပ်ပြီ။ ဣတိ၊ ဤသို့။ အညတ္ထတ္တံ၊ အကြည်ညိုပျက်သောအဖြစ်သို့။အာပဇ္ဇတိ၊ရောက်၏။ တဿ၊ထိုဒါယကာ၏။ဒက္ခိဏာ၊အလှူသည်။ သံဃဂတာ၊ သံဃာတော်နှိုက် ရောက်သည်။ နဟောတိ၊မဖြစ်။ မဟာထေရံ၊ မထေရ်ကြီးကို။ လဘိတ္ဝာပိ၊ ရ၍လည်း။ မေ၊ ငါ့အား။ ဝါ၊ငါသည်။ မဟာထေရော၊ မထေရ်ကြီးကို။ လဒ္ဓေါ၊ ရအပ်ပြီ။ ဣတိ၊ ဤသို့။ သောမနဿံ၊ နှစ်သက်ဝမ်းမြောက်ခြင်းကို။ ဥပပါဒေန္တိဿပိ၊ ဖြစ်သော ဒါယကာ၏လည်း။ ဒက္ခိဏာ၊အလှူသည်။ သံဃဂတာ၊သံဃာတော်နှိုက် ရောက်သည်။ နဟောတိ၊ မဖြစ်။ပန၊သံဃာတော်နှိုက် ရောက်သည်ကို ဆိုဦးအံ့။ယော၊အကြင်ဒါယကာသည်။ သာမဏေရံဝါ၊သာမဏေကိုဌင်း။ဥပသမ္ပန္နံဝါ၊ရဟန်းကိုဌင်း။ဒဟာရံဝါ၊ ပဉ္စင်းငယ်ကိုဌင်း။ ထေရံဝါ၊ ထေရ်ကိုဌင်း။ ဗာလံဝါ၊ ပညာမရှိသော ရဟန်းကိုဌင်း။ ပဏ္ဍိတံဝါ၊ ပညာရှိသော ရဟန်းကိုဌင်း။ ယံကိဉ္စိ၊ အမှတ်မရှိသော ရဟန်း, သာမဏေကို။ သံဃဒေတာ၊ သံဃာတော်မှ။ လဘိတ္ဝာ၊ ရ၍။ နိဗ္ဗေ

မတိကော၊ သာမဏေသည် သံဃာဟုတ်သလော မဟုတ်သလောဟု ယုံမှားခြင်းမှ ကင်းသည်။ ဟုတ္တာ၊ ဖြစ်၍။ သံဃဿ၊ သံဃာတော်အား။ ဒေမိတိ၊ လှူအံ့ဟူ၍။ သံယေ၊ သံဃာတော်နှိုက်။ စိတ္တီကာရုံ၊ ရှိသေလေးမြတ်ခြင်းကို။ ကာတုံ၊ပြုခြင်းငှါ။ သက္ကောတိ၊စွမ်းနိုင်၏။ တဿ၊ထိုဒါယကာ၏။ ဒက္ခိဏာ၊ အလှူသည်။ သံဃဂတာနာမ၊ သံဃာတော်နှိုက် ရောက်သည် မည်သည်။ ဟောတိ၊ဖြစ်၏။

ဂင်းအဋ္ဌကထာပါဠိဖြင့် ဒါယကာသည် သံဃာတော်မှ သံဃာအစစ်ဖြစ်သော သာမဏေကို ရပါလျက် သာမဏေကို သံဃာမမှတ်ဘဲ သာမဏေဟု မှတ်ထင်၍ ပုဂ္ဂလိကဘက်သို့ စိတ်ညွတ်ကိုင်းသောကြောင့်ဂင်း၊ သံဃာအစစ်ဖြစ်သော မထေရ်ကြီးကို ရပါလျက် သံဃာမမှတ်ဘဲ မထေရ်ကြီးကိုရပါတကားဟု ဝမ်းမြောက်သောအားဖြင့် ပုဂ္ဂလိကဘက်သို့ စိတ်ညွတ်ကိုင်းသောကြောင့်ဂင်း၊ သံဃာတော်အား လှူသည် မမည်သည်ကို ထောက်ရှုကြ၍ဂင်း အရှက်မရှိသော ရဟန်း,သာမဏေကို ရသည်ရှိသော် ရဟန်း,သာမဏေဟု ပုဂ္ဂိုလ်ကို မမှတ်ဘဲ သံဃာတော်တည်းဟု မှတ်ထင်၍ လှူဒါန်းသောအလှူသည် သံဃိကအလှူမည်သည်ကို ထောက်ရှုကြ၍ဂင်း သာမဏေသည် သံဃာအစစ်ဖြစ်ကြောင်း သံဃာတော်ဟုတ်ကြောင်းကို မုချ မှတ်သားအပ်၏။

သမဏသံဃ ဝိနိစ္ဆယ ပြီးပြီ။

မန္တလေးဖြို့
ဖိုးကောင်းတိုက် ညောင်ရမ်းဆရာဘောင်ဘုရား ထံ
မေး လျောက်သည်။

၁၃၀၂—ခု၊ တန်ခူးလပြည့်ကျော် (ဂ) ရက်။

ရိသေ လေးမြတ်စွာ လျှောက်ပါသည် ဆရာတော်ဘုရား....။

၁ လူဝတ် လူ၏အသွင်ဖြင့် သာမဏေ၏ သရဏဂုဏ်နှင့်သီလကို ဆောက်တည် ခံယူပြီးမှ လူဝတ်ပုဆိုးကို ချွတ်၍ သင်္ကန်းကို ဝတ်ပေးရာနှိုက် သာမဏေ ဖြစ် မဖြစ်။

၂ ဆရာက ဆွမ်းခံသွားကာနီးတွင် ရှင်လူထွက် တပည့်ကို သင်္ကန်းဝတ်ပြီး ဆွမ်းခံလိုက်ခဲ့ဟုခေါ်ရာ တပည့်က သင်္ကန်းဝတ်ပြီးလိုက်ရာ သာမဏေ ဖြစ် မဖြစ်။

၃ ဆရာက သရဏဂုဏ် ပီသ၍ တပည့်က သရဏဂုဏ် မပီသရာနှိုက်ငင်း၊ တပည့်က သရဏဂုဏ်ပီသ၍ ဆရာက မပီသရာနှိုက်ငင်း၊ ဆရာတပည့် နှစ်ယောက်လုံး မပီသရာနှိုက်ငင်း သာမဏေ ဖြစ် မဖြစ်။

၄ ဥပသမ္ပဒကံကို ရွက်ဆောင်ရာနှိုက် လူဝတ်နှင့် ပြုလုပ်နိုင်ကြောင်း သာမဏေဝတ်နှင့်သာ ပြုလုပ်နိုင်ကြောင်း နှစ်ပါးစုံပင် သင့်မြတ်ကြောင်း ဝါဒအမျိုးမျိုး ပြောဆိုကြရာ မည်သည့်ဝါဒ သင့်ပါသနည်း။

အထက်ပါပုစ္ဆာ(၄)ချက်ကို သာသနာတော်ကြီး အနာဂတ်ကာလနှိုက် ဆုတ်ယုတ် ပျက်စီးခြင်းမရှိ ကြီးပွါးခြင်းအကျိုးငှါ ဝိနိစ္ဆယ ရေးသားချီးမြှင့်ပါမည့်အကြောင်း ရိသေစွာ လျှောက်ထား တောင်းပန်ပါသည် ဆရာတော်ဘုရား....။

ဦးပညာကြီး

စာချဆရာတော်

သိမ်ဦးကျောင်း—ရမည်းသင်းမြို့။

သာမဏောရပဗ္ဗဇ္ဇာဝိနိစ္ဆယ

၁-ပဌမပုစ္ဆာ အဖြေ

၁။ လူဝတ် လူ၏အသွင်ဖြင့် သာမဏေ၏ သရဏဂုမ်းကို ပေးပြီးမှ၊ လူဝတ် ပုဆိုးကို ချွတ်၍ သင်္ကန်းကို ဝတ်ပေးရာနှိုက် သာမဏေ ဖြစ် မဖြစ်ဟု လျှောက်ထားရာနှိုက်—

အကျဉ်းအားဖြင့် ဂိဟိလိင်္ဂဖြင့် သရဏဂုမ်းပေးရာနှိုက် သာမဏေအစစ် မုချမဖြစ်ဟု မှတ်အပ်၏။ အဘယ်ကြောင့်နည်းဟူမူ—

(က) ဧဝဉ္စ ပန ဘိက္ခဝေ ပဗ္ဗာဇေတဗ္ဗော၊ ပဌမံ ကေသမဿုံ ဩဟာရာပေတွာ ကာသာယာနိ အစ္ဆာဒါပေတွာ ဥတ္တရာသင်္ဃံ နိသီဒါပေတွာ ကေသံ ဥတ္တရာသင်္ဃံ ကာရာပေတွာ ဘိက္ခူနံ ပါဒေ ဝန္ဒာပေတွာ ဧဝံ ဝဒေဟိတိ ဝတ္တဗ္ဗော၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။လ။ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမီတိ၊ အနုဇာနာမိ ဘိက္ခဝေ ဇုမေဟိ တိဟိ သရဏဂမနေဟိ သာမဏေရ ပဗ္ဗဇ္ဇန္တိ။—

ဟူ၍ ဟောတော်မူအပ်သော ဝိနည်းမဟာဝါဠိတော်နှိုက် ရှေးဦးစွာ ဆံမုတ်ဆိတ်ကို ရိတ်ပယ်ခြင်း တည်းဟူသော သာမဏေရပဗ္ဗဇ္ဇာအင်္ဂါတပါး, သင်္ကန်းဝတ်ဆင်းခြင်း တည်းဟူသော သာမဏေရပဗ္ဗဇ္ဇာအင်္ဂါတပါး ဤအင်္ဂါနှစ်ပါးတို့ကို ပြုပြီး၍ လက်ခဲတဖက် ပခုံးထက်နှိုက် ကိုယ်ဝတ်သင်္ကန်းကို တင်စေ၍ ရဟန်းတို့၏ ခြေတို့ကို ရှိခိုးစေ၍ ဆောင့်ကြောင့်ထိုင်စေ၍ လက်အုပ်ကို ချီစေပြီးလျှင် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသော သရဏဂုမ်ပါဠိကို ဌာန်,ကရိဏ်း ကျန ပီသစွာ ရွတ်ဆိုစေ၍ သုံးပါးကုန်သော သရဏဂုမ်တို့ဖြင့် ရှင်ပြုရမည် ဟူ၍ နိတတ္ထတိုက်ရိုက်အားဖြင့် ဟောတော်မူသောကြောင့် ရှေးဦးစွာ ကေသစ္ဆေဒန သာမဏေရပဗ္ဗဇ္ဇာအင်္ဂါ, ကာသာယစ္ဆာဒန သာမဏေရပဗ္ဗဇ္ဇာအင်္ဂါ ဤနှစ်ပါးတို့ကို မပြည့်စုံစေမူ၍ ဂိဟိလိင်္ဂ လူ၏အသွင်ဖြင့် သရဏဂုမ်ကို ပေးခြင်း နောက်မှ သင်္ကန်းဝတ်ခြင်းသည် ဆရာ, တပည့် နှစ်ယောက်လုံးပင် သရဏဂုမ်ပီသသော်လည်း အင်္ဂါနှစ်ပါးချွတ်ယွင်းသောကြောင့် သာမဏေစစ် မဖြစ်ဟု မုချသန္နိဋ္ဌာန်ကျ မှတ်အပ်၏။ ထိုကြောင့် ဝင်္ကရဗုဒ္ဓိဋ္ဌိကာန်နှိုက်—

(ခ) ဥပဇ္ဈာယော စေ ကေသမဿု ဩရောပနာဒီနိ အကတ္ဝာ ပဗ္ဗဇ္ဇတ္ထံ သရဏာနိ ဒေတိ၊ န ရူဟတိ ပဗ္ဗဇ္ဇာ။—ဟု ပြတော်မူ၏။

ဝိနယာလင်္ကာရဋီကာ, ပါစိတျာဒိယောဇနာတို့နှိုက်လည်း ၎င်းအတူပင် ပြတော်မူကြကုန်၏။

မှတ်ချက်—သာမဏေ၏အဖြစ်သို့ မရောက်ရုံသာမက ဆရာသည် မြတ်စွာဘုရားကို ပယ်မြစ်ရာလည်း ရောက်၏၊ ကဲ့ရဲ့စွပ်စွဲရာလည်း ရောက်၏၊ မရိုမသေ မလေးစားရာလည်း ရောက်၏၊ ဘုရားပညတ်တော်ကို လွန်ကျူးခြင်း အထူးပညတ်ရာလည်း ရောက်၏၊ "ဗဟုဿုတော ဟောတိ၊ ပညဝါ ဟောတိ" ဟူသော ဥပဇ္ဈာယ်အင်္ဂါနှင့် မပြည့်စုံသည့်အပြင် "အပ္ပဿုတော ဒုပ္ပညော" ဟူသော ဗာလဥပဇ္ဈာယ်အင်္ဂါသို့ သက်ရောက်သဖြင့် အာပတ်သင့်ခြင်းသို့လည်း ရောက်ရာ၏၊ ဒုဂ္ဂတိဘဝသို့လည်း ရောက်ရာ၏ဟူသော အတိရေကတ္ထကိုလည်း မှတ်ယူသင့်၏။

သာမဏေရ ပဗ္ဗဇ္ဇာအင်္ဂါကို ပြခြင်း

သာမဏေရပဗ္ဗဇ္ဇာအရာနှိုက် အင်္ဂါသုံးပါး ရှိ၏၊ သုံးပါးဟူသော်ကား.... ကေသစ္ဆေဒန-ဆံရိတ်ခြင်းတပါး၊ ကာသာယစ္ဆာဒန-သင်္ကန်းဝတ်ဆင်းခြင်းတပါး၊ သရဏဒါန-သရဏဂုမ်ပေးခြင်းတပါး ဤသို့ သုံးပါးတည်း။ ဤအင်္ဂါ (၃)ပါး စုံညီမှသာလျှင် သာမဏေအစစ် ဖြစ်၏၊ မစုံညီလျှင် မဖြစ်ဟု မှတ်အပ်၏။ ထိုကြောင့် ဝိမတိဝိနောဒနီဋီကာနှိုက်—

(ဂ) သယံ ပဗ္ဗာဇေတဗ္ဗောတိ ဇ္ဈေ ကေသမဿုံ ဩဟာရာပေတွာတိ ဝစနတော ကေသစ္ဆေဒန ကာသာယစ္ဆာဒန သရဏဒါနာနိ ပဗ္ဗဇ္ဇနံနာမ၊ တေသု ပန္နိမဒ္ဒယံ ဘိက္ခူဟိ ဧဝ ကာတဗ္ဗံ ကာရေတဗ္ဗံဝါ၊ ပဗ္ဗာဇေဟိတိ ဇ္ဈဒံ တိဝိဓမ္ပိ သန္ဓာယ ဝုတ္တံ။—ဟု ဖွင့်ပြတော်မူ၏။

မဟာဝါတေရသကဏ်ဋီကာနှိုက်လည်း—

(ဃ) သယံ ပဇာဇေတဇ္ဇောတိ ကေသဇ္ဆေဒနာဒီနိ သယံ ကရောန္တေန ပဇာဇေတဇ္ဇော၊ ကေသဇ္ဆေဒနံ ကာသာယဿာဒနံ သရဏဒါနန္တိ ဟိ ဇ္ဈမာနိ တိဏံ ကရောန္တော ပဇာဇေတိတိ ဝုစ္စတိ။—ဟု ပြတော်မူ၏။

အနက် (က) ဘိက္ခဝေ၊တို့။ ဝေဠုပန၊ဤသို့သာလျှင်။ပဇာဇေတဇ္ဇော၊ ရှင်သာမဏေ ပြုအပ်၏။ ပဌမံ၊ ရှေးဦးစွာ။ ကေသမဿုံ၊ ဆံမုတ်ဆိတ်ကို။ သြဟာရာပေတွာ၊ ရိတ်ပယ်စေပြီး၍။ ကာသာယာနိ၊ ဖန်ရည်စွန်းသော သင်္ကန်းတို့ကို။ အစ္ဆာဒါပေတွာ၊ ဖုံးလွှမ်းစေပြီး၍။ ဝါ၊ဝတ်ဆင်းစေပြီး၍။ ဥက္ကုဋိကံ၊ဆောင့်ကြောင့်။ နိသီဒါပေတွာ၊ထိုင်စေပြီး၍။ ဧကံသံ ဧကသ္မိံ အံသေ၊ လက်ဝဲတဖက် ပခုံးထက်နှိုက်။ ဥတ္တ်ရာသင်္ဃံ၊ ကိုယ်ဝတ်စမ္မယ်တင်သည်ကို။ ကာရာပေတွာ၊ပြုစေပြီး၍။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ပါဒေ၊ခြေတို့ကို။ ဝန္ဒာပေတွာ၊ရှိခိုးစေပြီး၍။ ဧဝံ၊ဤသို့။ ဝဒေဟိ၊ဆိုလော။ ဣတိ၊သို့။ ဝတ္တာဇ္ဇော၊ဆိုအပ်၏။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။လ။တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိတိ၊ ဂစ္ဆာမိဟူ၍။ ဝဒေဟိ၊ ဆိုလော။ ဣတိ၊ ဤသို့။ ဝတ္တာဇ္ဇော၊ ဆိုအပ်၏။ ဘိက္ခဝေ၊တို့။ တိဟိ၊သုံးပါးကုန်သော။ ဣမေဟိ သရဏဂမနေဟိ၊ဤသရဏဂုဏ်တို့ဖြင့်။ သာမဏေရပဗ္ဗဇ္ဇံ၊ သာမဏေရှင်အဖြစ်ကို။ အဟံ၊ ငါဘုရားသည်။ အနုဇာနာမိ၊ခွင့်ပြုတော်မူ၏။

(ခ) ဥပဇ္ဈာယော၊ဥပဇ္ဈာယ်ဆရာသည်။ကေသမဿု သြရောပနာဒီနိ၊ ဆံမုတ်ဆိတ်ကို ရိတ်ပယ်ခြင်း အစရှိသည်တို့ကို။ အကတ္ဝာ၊မပြုမူ၍။ ပဗ္ဗဇ္ဇတ္ထံ၊ ရှင်သာမဏေဖြစ်ခြင်း အကျိုးငှါ။ သရဏာနိ၊ သရဏဂုဏ်တို့ကို။ စေဒေတိ၊ အကယ်၍ ပေးအံ့။ဝံသတိ၊ဤသို့ ပေးသည်ရှိသော်။ပဗ္ဗဇ္ဇာ၊ရှင်သာမဏေ၏ အဖြစ်သည်။ နဇ္ဇုဟတိ၊မရောက်။

(ဂ) သယံ ပဗ္ဗာဇေတဇ္ဇောတိ ဧတ္ထ၊ နှိုက်။ ကေသမဿုံ သြဟာရာပေတွာတိ၊ဟူ၍။ဝစနတော၊ဘုရားဟောတော်မူသောကြောင့်။ကေသဆ္ဆေဒန ကာသာယဿာဒနသရဏဒါနာနိ၊ဆံကိုရိတ်ဖြတ်ခြင်း,သင်္ကန်းဝတ်ဆင်းခြင်း,

သရဏာဂုမ်ပေးခြင်းတို့သည်။ပဗ္ဗဇ္ဇနံနာမ၊ရှင်သာမဏေပြုသည်မည်၏။ တေသု၊ ထိုသုံးပါးတို့တွင်။ ပစ္ဆိမဒ္ဒယံ၊ နောက်ဆုံးဖြစ်သော သက်နှံးဝတ်ဆည်းခြင်း, သရဏာဂုမ်ပေးခြင်း နှစ်ပါးတို့၏ အပေါင်းကို။ ဘိက္ခူဟိဝေ၊ ရဟန်းတို့သည် သာလျှင်။ ကာတဗ္ဗံဝါ၊ ပြုမူလည်း ပြုအပ်၏။ ကာရေတဗ္ဗံဝါ၊ ပြုစေမူလည်း ပြုစေအပ်၏။ ပဗ္ဗာဇေဟိတိ ဣဒံဝစနံ၊ ပဗ္ဗာဇေဟိ ဟူသော ဤစကားကို။ တိဝိဓမ်ိ၊ သုံးပါး အပြားရှိသည်လည်းဖြစ်သော။ ကေသစ္ဆေဒနကာသာယစ္ဆာဒနသရဏာဒါနံ၊ ဆံရိတ်ခြင်း, သင်္ကန်းဝတ်ဆည်းခြင်း, သရဏာဂုမ်ပေးခြင်းကို။ (ထည့်)။ သန္ဓာယ၊ ရည်ရွယ်၍။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ ၏။

(ဃ) သယံ ပဗ္ဗာဇေတပ္ပေါတိ၊ကား။ ကေသစ္ဆေဒနာဒီနံ၊ ဆံရိတ်ခြင်း အစရှိသည်တို့ကို။ သယံ၊ကိုယ်တိုင်။ ကရောန္တေန၊ပြုသဖြင့်။ ပဗ္ဗာဇေတပ္ပေါ၊ ရှင်သာမဏော ပြုအပ်၏။ ဟိသစ္ဒံ၊ မှန်၏။ ကေသစ္ဆေဒနံ၊ ဆံရိတ်ခြင်းငင်း။ ကာသာယစ္ဆာဒနံ၊ သင်္ကန်းဝတ်ဆည်းခြင်းငင်း။ သရဏာဒါနံ၊ သရဏာဂုမ်ပေးခြင်းငင်း။ ဣတိ၊သို့။ ဣမာနိတိဏိ၊ဤသုံးပါးတို့ကို။ ကရောန္တော၊ပြုခြင်းကို။ ပဗ္ဗာဇေတိတိ၊ပဗ္ဗာဇေတိဟူ၍။ ဝုစ္စတိ၊၏။

၂-ဒုတိယမူဆာ အစ်ြ

၂။ ဆရာသည် ဆွမ်းခံသွားခါနီးတွင် ရှင်လူထွက်တပည့်ကို သင်္ကန်းဝတ်ပြီး ဆွမ်းခံလိုက်ခဲ့ဟု ခေါ်ရာ တပည့်က သင်္ကန်းဝတ်ပြီးလိုက်ရာ သာမဏော ဖြစ် မဖြစ်ဟု လျှောက်ထားရာနှိုက်—

အကျဉ်း အားဖြင့် သင်္ကန်းယူခြင်း, ပေးခြင်း မရှိသောကြောင့်ငင်း၊ သရဏာဂုမ်ပေးခြင်း မရှိသောကြောင့်ငင်း မုချ သာမဏေစစ် မဖြစ်ဟု မှတ်အပ်၏။ အကျယ်အားဖြင့်ကား....

(က) အနုဇာနာမိ ဘိက္ခဝေ တိဟိသရဏဂမနေဟိ သာမဏေရ ပဗ္ဗဇ္ဇန္တိ။—

ဟူ၍ မြတ်စွာဘုရားသည် သုံးပါးကုန်သော သရဏာဂုမ်တို့ဖြင့် သာမဏေ၏ အဖြစ်ကို ခွင့်ပြုတော်မူသောကြောင့်ငင်း၊

(ခ) သရဏာနိ ပန သယံ ဒါတဗ္ဗာနိ၊ ဧဝံ ဘိက္ခုနာဝ ပဗ္ဗဇိတော ဟောတိ။—

ဟူ၍ ဝိနည်းမဟာဝဂ် အဋ္ဌကထာန္သိုက် သရဏကုမ်ကို ဆရာကိုယ်တိုင် ပေး အပ်၏ဟူ၍ ပြတော်မူသောကြောင့်၎င်း၊

(ဂ) တဿာ သာ ဧတရဟိဝိ သရဏမတ္တေနေဝ ရူဟတိ၊ တ္တော ဝတာ ဟိ သာမဏေရဘူမိယံ ပတိဋ္ဌိတော ဟောတိ။—

ဟူ၍ ၎င်းအဋ္ဌကထာန္သိုက်ပင် သရဏကုမ်ဖြင့်သာလျှင် သာမဏေ၏အဖြစ် သို့ ရောက်ကြောင်းကို ပြတော်မူသောကြောင့်၎င်း၊

(ဃ) ကာသာယာနိ တိက္ခတ္တုံ၂ဂါ ဒ္ဝိက္ခတ္တုံ၂ဂါ သကိံဝါ ပဋိဂ္ဂဟာ ပေတဗ္ဗော။—

ဟူ၍ ၎င်းအဋ္ဌကထာန္သိုက်ပင်လျှင် သင်္ကန်းတို့ကို သုံးကြိမ်၎င်း, နှစ်ကြိမ် ၎င်း, တကြိမ်၎င်း ခံစေအပ်၏ဟု ပြတော်မူသောကြောင့်၎င်း၊ ဤသို့ သင်္ကန်း ယူခြင်း,ပေးခြင်းကိုလည်း မပြု၊ သရဏကုမ်ပေးခြင်းကိုလည်း မပြုဘဲ ဆရာက သင်္ကန်းဝတ်ခဲ့ဟု ဆိုကာမျှမတ္တဖြင့် တပည့်က သင်္ကန်းကို ကောက်ယူဝတ်ရာ နှိုက် မုချ စင်စစ် သာမဏော မဖြစ်ဟု မှတ်အပ်၏။

မှတ်ချက်—“တဿာ သာ ဧတရဟိပိ သရဏမတ္တေနေဝ ရူဟတိ” ဟူသော ဝါကျနှိုက် “သရဏမတ္တေနေဝ” ဟူသောပုဒ်နှိုက်ပါသော ဧဝသဒ္ဒါကို စွဲ၍ မိစ္ဆာဝါဒီပုဂ္ဂိုလ်တို့သည် သရဏကုမ်မျှဖြင့်သာလျှင် ရှင်သာမဏော ၏ အဖြစ်သို့ ရောက်၏ဟု အဋ္ဌကထာဆရာ ပြတော်မူသောကြောင့် ဆံရိတ်ခြင်း, သင်္ကန်းဝတ်ဆင်းခြင်း မရှိသော်လည်း လူဝတ် လူ၏ အသွင်ဖြင့် သရဏကုမ်ပေးသည်ရှိသော် သာမဏေအစစ် ဖြစ်၏ဟု ယူဆ ရာ၏၊ ဤကဲ့သို့ ယူဆခဲ့လျှင် ယောကျ်ား,မိန်းမတို့သည်လည်း မကာရန္တအားဖြင့် သရဏကုမ်ကို ရွတ်ရာနှိုက် ပီသကြသောကြောင့် သာမဏေချည့်ပင် ဖြစ်ရာ၏ဟူသော အတိဗျာပိတဒေါသ ရောက်ခဲ့ ရာ၏။ထိုကြောင့်“သရဏမတ္တေနေဝ” ဟူသောပုဒ်နှိုက် မှန်ကန်သော

ဝေသဒ္ဒါ၏ အနက်သုံးပါးကို မှတ်ယူအပ်၏။ ဤ ဝေသဒ္ဒါဖြင့် သရဏာဂုမ်ဖြင့် သာမဏေ၏ အဖြစ်သို့ ရောက်ခြင်းသည် ယူအပ်သော ဂဟေတဗ္ဗတ္ထ မည်၏။ သရဏာဂုမ်ဖြင့် ရဟန်းအဖြစ်သို့ မရောက်နိုင်ခြင်းသည် နစ်စေအပ်သော နိဝတ္တေတဗ္ဗတ္ထ မည်၏။ ဆံရိတ်ခြင်း- ကေသစ္ဆေဒနသာမဏေရပဗ္ဗဇ္ဇ၊ သင်္ကန်း ဝတ်ဆင်းခြင်း- ကာသာယစ္ဆာဒနသာမဏေရပဗ္ဗဇ္ဇ၊ ဤ ပဗ္ဗဇ္ဇာနှစ်ပါးသည် ခွင့်ပြုအပ်သော အနုညာတတ္ထ မည်၏၊ ဤအနက်သုံးပါးကို ပြ၏။ ဤသို့ ဝေသဒ္ဒါ၏ အနက် သုံးပါးကို မှန်ကန်စွာ ယူတတ်မှ သာလျှင် မိစ္ဆာဉာဏ်မှ ကင်းလွတ်မည်ဟု မှတ်သိအပ်၏။ (က-ခ-ဃ မှတ် ပါဠိအနက်လွယ်၏)။

အနက် (၈) တသ္မာ၊ ထိုသို့ ဘုရားခွင့်ပြုတော်မူသောကြောင့်။ သာ၊ ထို သာမဏေရပဗ္ဗဇ္ဇာသည်။ တေရဟိပိ၊ ယခုအခါနှိုက်လည်း။ သရဏမတ္တေနေဝ၊ သရဏာဂုမ်မျှဖြင့်သာလျှင်။ ရူဟတိ၊ရောက်၏။ ဟိသစ္စံ၊၏။ တွော်ဝတော၊ဤမျှအတိုင်းအရှည်ရှိသော သရဏာဂုမ်ပေးခြင်းဖြင့်။ သာမဏေရ ဘူမိယံ၊သာမဏေ၏ဘုံနှိုက်။ ပတိဋ္ဌတော၊တည်သည်။ ဟောတိ၊၏။

နိဒါနအဒိန္နာဒါနဝေရမဏိဆယကံ ပဉ္စမံ

သာမဏေလောင်းတို့သည် မိမိပိုင်သက်နှံးပင် ဖြစ်သော်လည်း ဥပဇ္ဈာယ်ဆရာသည် မပေးအပ်ဘဲ မိမိအလိုလို သက်နှံးကို ဝတ်ရာနှိုက်ငင်း၊ ဥပဇ္ဈာယ်ဆရာသည် မိမိလက်ဖြင့် သက်နှံးကို မပေးဘဲ သက်နှံးဝတ်ခဲ့ဟု ဆိုကာမျှမတတ်ဖြင့် သာမဏေလောင်းသည် သက်နှံးကို ဝတ်ရာနှိုက်ငင်း ဆရာ,တပည့် နှစ်ယောက်လုံး ဥဘတောသုဒ္ဓိအားဖြင့် သရဏာဂုမ်ပြီသော်လည်း သာမဏေအစစ် မဖြစ်ဟု မှတ်အပ်၏။ ထိုကြောင့် ဝိနည်းမဟာဝဂ် အဋ္ဌကထာ ပဗ္ဗဇ္ဇာဝိနိစ္ဆယနှိုက်—

(က) ကေသေသု ပန ဩရောဝိတေသု ဟလိဒ္ဒိ စုဏ္ဏေနဝါ ဂန္ဓစုဏ္ဏေနဝါ သီသဉ္စ သရီရဉ္စ ဥဒ္ဒန္တေတွာ ဂိဟိဂန္ဓံ အပနေတွာ ကာသာယာနိ တိက္ခတ္တုံဝါ ဒ္ဝိက္ခတ္တုံဝါ သကိံဝါ ပဋိဂ္ဂဟာပေတဗ္ဗော။ အထာပိဿ ဟတ္ထေ အဒတွာ အာစရိယောဝါ

ကြကုန်၏၊ အလ္လုမဏ္ဍပ်နှိုက်လည်း "သကလဝဋ္ဋ ဒုက္ခနိဿရဏ" စသော ပါဠိဖြင့် ရွတ်ဆို၍ သင်္ဃန်းကိုတောင်းစေခြင်း ရှင်သာမဏေ၏အဖြစ်ကို တောင်းစေခြင်း ဥပဇ္ဈာယ်ဆရာသည် လက်ဖြင့် သင်္ဃန်းကို ပေးခြင်းကို မပြုမလုပ်ဘဲ သင်္ဃန်းဝတ်ခဲ့ဟုဆို၍ သရဏကုမ်သာပေး၍ သာမဏေပြုလုပ်ပေးသည်မျှားကို လည်း ဒိဋ္ဌတွေ့မြင်ခဲ့ရဘူးပေ၏၊ ထိုဆရာတို့၏ အဉာဏ အတ္တနောမတိမျှသာ တည်း။ "သကလဝဋ္ဋဒုက္ခနိဿရဏ" စသော ပါဠိကိုရွတ်၍ သင်္ဃန်းကို တောင်းစေခြင်း သင်္ဃန်းပေးခြင်းကို ပြု၍ သင်္ဃန်းကို ဝတ်စေခြင်းသည်သာလျှင် ယထာဘူတ နည်းလမ်းကျ၍ ဂရုက ဖြစ်သောကြောင့် အပ်သည်သာလျှင် တည်းဟု မှတ်အပ်၏။ ထိုကြောင့် အထက်ပါ အဋ္ဌကထာ၏ အဖွင့် ဝိမတိဋီကာနှိုက်—

(ဃ) ကာသာယာနိ တိက္ခတ္တုံ၊ဝါ။လ။ပဋိဂ္ဂဟေတဗ္ဗာတိ ဇေဋ္ဌ သဗ္ဗ ဒုက္ခနိဿရဏတ္ထာယ ဇ္ဈမံကာသာဝံ ဂဟေတ္ဝာတိဝါ တံ ကာသာဝံ ဒတ္ဝာတိဝါ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယာတိ ဧဝံ ယာစနပုဗ္ဗကံ စီဝရံ ပဋိဆ္ဆာပေတိ။— ဟု ပြတော်မူ၏။ (ဝိနယာလင်္ကာရဋီကာနှိုက်လည်း ၎င်းအတိုင်းပင် ပြတော်မူ၏)။

နိဂဂဒခဒ်ပျိယ် မှတ်ချက်ကို ပြခြင်း

၁။ သဗ္ဗဒုက္ခနိဿရဏတ္ထာယ ဇ္ဈမံကာသာဝံ ဂဟေတ္ဝာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

၂။ သဗ္ဗဒုက္ခနိဿရဏတ္ထာယ တံကာသာဝံ ဒတ္ဝာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။ —

ဟူ၍ ဝါကျနှစ်ခု ခွဲစပ်၍ ယူအပ်၏၊ ထိုဝါကျတို့တွင် ပဌမဝါကျဖြင့် သာမဏေလောင်းသည် မိမိ သန္တကဖြစ်သောသင်္ဃန်းကို ဝိနည်းကံအားလျော်စွာ ဆရာဥပဇ္ဈာယ်အား ဆောင်နှင်းအပ်သည်၏အဖြစ်ကို ပြ၏။ ဒုတိယဝါကျဖြင့် ဆရာဥပဇ္ဈာယ်သည် ထိုတပည့် ဆောင်နှင်းအပ်သော သင်္ဃန်းကို ဝိနည်းကံအား လျော်စွာ တပည့်သာမဏေလောင်းအား ပေးအပ်သည်၏ အဖြစ်ကို

ပြ၏။ ဝိမတိဋ္ဌီကာဆရာ ပြသော ယာစနပုဗ္ဗက စီဝရဒိန္နစကားနှင့် ရွှေးဝိနယ မရဆရာတော်ကြီးတို့ စီရင်၍ထားခဲ့သည့်အတိုင်း ဆရာအစဉ်အဆက် ဆောင် အပ်သော ယခုကာလန္ဒိုက် ရွှတ်ဆိုကြသော သက်နှံးတောင်းပါဋိအစဉ်သည် "သကလဝဋ္ဋဒုက္ခနိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ" ဤမျှသာ ထူး၏။ အဓိပ္ပါယ်ကား နှံးနှောညီညွတ်ကြ၏။ သို့ဖြစ်၍ ဝိနည်းကံအရာ ဖြစ်သော ကြောင့် ဂရုကအရာသို့ လိုက်ပြီးလျှင် သကလဝဋ္ဋစသောပါဋိဖြင့် ရွှတ်ဆိုစေ၍ သက်နှံးကို တောင်းစေခြင်း သာမဏေရပဗ္ဗဇ္ဇကို တောင်းစေခြင်း သက်နှံး ပေးခြင်းတို့ကို မုချ ပြုသင့် ပြုထိုက်၏ဟု မှတ်။

မှတ်ချက်—ဝိမတိဋ္ဌီကာဆရာသည် သီဟိုဠ်ကျွန်းသားဖြစ်၍ ဤသက်နှံး တောင်း ယာစနဝိဓိပါဋိသည် သီဟဠဒီပမှ စ၍ဖြစ်သည်ဟု မမှတ် အပ်၊ မြတ်စွာဘုရား လက်ထက်တော်မှစ၍ အာစရိယပရမ္ပရာဘတ အားဖြင့် ဆရာအစဉ်အဆက် နှုတ်တက်ဆောင်ရွက်ခဲ့ကြသည်ဖြစ်၍ ယခုနေ့တိုင် ထင်ရှားရှိ၏ဟု မှတ်ယူအပ်၏။ ထိုကြောင့် အထက်က ဖေါ်ပြခဲ့ပြီးသည်အတိုင်း ဥပဇ္ဈာယ်ဆရာ၏သက်နှံးဖြစ်စေ သာမဏေ လောင်း၏ သက်နှံးဖြစ်စေ ဥပဇ္ဈာယ်ဆရာရဟန်းက ပေးမှသာလျှင် ဝတ်ထိုက်၏ သာမဏေဖြစ်၏၊ ဥပဇ္ဈာယ် မပေးသော သက်နှံးကို ဝတ်သည်ရှိသော် သာမဏေ မဖြစ်ဟု မုချမှတ်အပ်၏။

အနက် (က) ပန၊ထိုမှတပါး။ ကသေသု၊ဆံတို့ကို။ သြရောပိတေသု၊ ရိတ်ပယ်အပ်ကုန်ပြီးသည်ရှိသော်။ ဟလိဒ္ဒိစုဏ္ဏောနဝါ၊ နန္ဒင်းမှုန့် ဖြင့်ဂင်း။ ဂန္ဓစုဏ္ဏောနဝါ၊နံ့သာမှုန့်ဖြင့်ဂင်း။ သီသဉ္စ၊ဦးခေါင်းကိုဂင်း။ သရီရဉ္စ၊ ကိုယ်ကိုဂင်း။ ဥပဇ္ဈန္ဒေတွာ၊ ပွတ်တိုက်၍။ ဂိဟိဂန္ဓံ၊လူ၏အနံ့ကို။ အပနေတွာ၊ ပယ်ပြီး၍။ ကာသာယာနိ၊သက်နှံးတို့ကို။ တိကွတ္တုံဝါ၊သုံးကြိမ်ဂင်း၊ ဒွိက္ခတ္တုံ ဝါ၊နှစ်ကြိမ်ဂင်း။ သကိံဝါ၊တကြိမ်ဂင်း။ ပဋိဂ္ဂဟာပေတဗ္ဗော၊ခံယူစေအပ်၏။ အထာပိ၊သက်နှံးကို ခံယူစေပြီးသည်မှ နောက်နှိုက်လည်း။ အဿ၊ထိုသာမဏော လောင်း၏။ ဟတ္ထေ၊လက်နှိုက်။ အဒတ္တော၊မပေးမူ၍။ အာစရိယော၁ါ၊သရဏ ဂုမ်ပေးသော ဆရာသည်ဂင်း။ ဥပဇ္ဈာယော၁ါ၊ ဥပဇ္ဈာယ်ဆရာသည်ဂင်း။

သယမေဝ၊ကိုယ်တိုင်သာလျှင်။ အစ္ဆာဒေတိ၊သက်န်းဖြင့် ဖုံးလွှမ်း၏။ ဝါ၊ဝတ်၍ပေးအံ့။ ဝဋ္ဋတိ၊အပ်၏။ သစေပိ၊အကယ်၍လည်း။ အညံ၊တပါးသော။ ဒဟရံဝါ၊ပဉ္စင်းငယ်ကိုဂုဏ်း။ သာမဏေရံဝါ၊သာမဏေကိုဂုဏ်း။ ဥပါသကံဝါ၊သီတင်းသည် ဒါယကာကိုဂုဏ်း။ အာဏာပေတိ၊ စေခိုင်းအံ့။ အာဝုသော၊ ငါ့ရှင်။ ဧတာနိ ကာသာယာနိ၊ထိုသက်န်းတို့ကို။ ဂဟေတ္ဝာ၊ယူ၍။ ဧတံ၊ထိုသာမဏေလောင်းကို။ အစ္ဆာဒေတိ၊ဖုံးလွှမ်းလော။ ဝါ၊ဝတ်၍ပေးလော။ ဣတိ၊သို့။ အာဏာပေတိ၊ စေခိုင်းအံ့။ တံယေဝဝါ၊ ထို သာမဏေလောင်းကိုသာလျှင်မူလည်း။ ဧတာနိ၊ ထိုသက်န်းတို့ကို။ ဂဟေတ္ဝာ၊ ယူ၍။ အစ္ဆာဒေဟိ၊ ဖုံးလွှမ်းလော။ ဝါ၊ ဝတ်ဆင်းလော။ ဣတိ၊ သို့။ အာဏာပေတိ၊ စေခိုင်းအံ့။ သဗ္ဗံ၊ အလုံးစုံသည်။ ဝဋ္ဋတိ၊ အပ်၏။ သဗ္ဗံ၊ ကိုယ်တိုင်ပေးခြင်း စေခိုင်း၍ပေးခြင်း အလုံးစုံသည်။ တေနဘိက္ခုနာဝ၊ ထိုဥပဇ္ဈာယ်ဖြစ်သော ရဟန်းသည်သာလျှင်။ ဒိန္နံ၊ ပေးအပ်သည်မည်သည်။ ဟောတိ၊၏။ ပန၊ဗျတိရိတ်ကို ဆိုဦးအံ့။ ပဏ္ဏုပလာသော၊ သာမဏေလောင်းသည်။ (ကတ္တားထည့်)။ ယံနိဝါသနံဝါ၊ အင်္ကြင်သင်းပိုင်ကို ဝတ်ခြင်းကိုဂုဏ်း။ ယံပါရုပနံဝါ၊အင်္ကြင် ကေသီကို ရုံခြင်းကိုဂုဏ်း။ အနာဏတ္တိယာ၊ဆရာ မစေခိုင်းဘဲ။ နိဝါသေတိဝါ၊ဝတ်မူလည်း ဝတ်အံ့။ ပါရုံပတိဝါ၊ရုံမူလည်း ရုံအံ့။ တံ၊ ထိုဝတ်ခြင်း,ရုံခြင်းကို။ အပနေတ္ဝာ၊ ပယ်ချတ်စေ၍။ ပုန၊ တဖန်။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ဟိတဒေဝသစ္ဆံ၊ ထိုစကားသည်သာလျှင် မှန်ပေစ့။ ဘိက္ခုနာ၊ ဥပဇ္ဈာယ် ဆရာရဟန်းသည်။ သဟတ္ထေနဝါ၊ မိမိလက်ဖြင့်ဂုဏ်း။ အာဏာတ္တိယာဝဝါ၊စေခိုင်းသဖြင့်ဂုဏ်း။ ဒိန္နမေဝ၊ပေးအပ်သည်သာလျှင်ဖြစ်သော။ကာသာဝံ၊သက်န်းသည်။ဝဋ္ဋတိ၊အပ်၏။ အဒိန္နံ၊ဥပဇ္ဈာယ် ဆရာ မပေးအပ်သော သက်န်းသည်။ နဝဋ္ဋတိ၊မအပ်။ တဿေဝ၊ထိုသာမဏေလောင်း၏သာလျှင်။ သန္တကံ၊ ဥစ္စာဖြစ်သော။ ကာသာဝံ၊ သက်န်းသည်။ သစေဟောတိ၊အကယ်၍ ဖြစ်အံ့။ အဒိန္နံ၊ဥပဇ္ဈာယ်ဆရာ မပေးဘဲ။ နဝဋ္ဋတိ၊ မအပ်။ (အဒိန္နံ နဝဋ္ဋတိ ဟူသော၁ဝါကျကို အဓိကာရနည်း ကာကောလောကနနည်းအားဖြင့် လိုက်၍ ယှဉ်)။ ဥပဇ္ဈာယမူလကော၊ ဥပဇ္ဈာယ်ဆရာ အရင်းရှိသော သက်န်းနှိုက်။ ကောပနဝါဒေါ၊အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ဒိန္နမေဝ၊ ပေးသော်သာလျှင်။ ဝဋ္ဋတိ၊၏။

(ခ) အဒိန္နံ နဝဋ္ဋတိတိ ဣမိနာ၊အဒိန္နံ နဝဋ္ဋတိဟူသော ဤအဋ္ဌကထာပါဠိဖြင့်။ ပဗ္ဗဇ္ဇာ၊ ရှင်သာမဏေ၏ အဖြစ်သည်။ နရူဟတိ၊ မရောက်။ ဣတိ ဣမံအတ္ထံ၊ ဤသို့သော အနက်ကို။ အာစရိယော၊ အဋ္ဌကထာဆရာသည်။ ဒသ္သေတိ၊ပြ၏။ (ဂ-မှတ် တေရသကဏ်ဋီကာနက် လှယ်၏)။

(ဃ) ကာသာယာနိတိကွတ္တံ၀ါ။လ။ပဋိဂ္ဂဟေတဗ္ဗောတိတ္ထေ၊ပဋိဂ္ဂဟေတဗ္ဗော ဟူသော၀ါကျနှိုက်။ သဗ္ဗဒုက္ခနိဿရဏတ္ထာယ၊အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းအကျိုးငှါ။ ဣမံကာသာဝံ၊အကျွန်ုပ်လက်နှိုက်ရှိသော ဤသင်္ကန်းကို။ ဂဟေတ္ဝာ၊ ယူတော်မူ၍။ ဣတိ၀ါ၊ ဤသို့ဌင်း။ တံကာသာဝံ၊အရှင်ဘုရားလက်တော်နှိုက်ရှိသော ထိုသင်္ကန်းကို။ဒတ္ဝာ၊ပေးတော်မူ၍။ ဣတိ၀ါ၊ ဤသို့ဌင်း။ ၀တ္ဝာ၊ ဆိုပြီး၍။ (ထည့်)။ ဘန္တေ၊အရှင်ဘုရား။ မံ၊အကျွန်ုပ်ကို။ အနုကမ္ပံ၊အစဉ်သနားတော်မူသည်ကို။ ဥပါဒါယ၊အကြောင်းပြု၍။ ပဗ္ဗာဇေထ၊ရှင်သာမဏော ပြုတော်မူပါလော။ဣတိ၀ေါ၊ဤသို့။ ယာစန ပုဗ္ဗကံ၊တောင်းပန်ခြင်း ရှေးရှိသော။စီ၀ရံ၊သင်္ကန်းကို။ပဋိစ္ဆာပေတိ၊ခံစေ၏။ ၀ါ၊ခံစေအပ်၏။

၃-တတိယ ပုဒ္ဓါ အဇ္ဈေ

၃။ ဆရာကသာလျှင် သရဏဂုမ် ပီသ၍ တပည့်က မပီသရာန္ဒိုက်ဌင်း၊ တပည့်က သရဏဂုမ်ပီသ၍ ဆရာက မပီသရာန္ဒိုက်ဌင်း၊ဆရာ,တပည့်နှစ်ယောက်လုံး မပီသရာန္ဒိုက်ဌင်း သာမဏော ဖြစ် မဖြစ်ကိုလျှောက်ထားရာန္ဒိုက်—

သရဏဂုမ်ပေးသော ဆရာဘုန်းတော်ကြီးသည်သာလျှင် သရဏဂုမ်ပါဠိကို သိထိုလ, ဓနိတ, ဒီဃ, ရဿ, ဂရု, လဟု, သမ္မဒ္ဓ, ဝဝတ္ထိတ,ဝိမုတ္တ,နိဂ္ဂဟိတ ဟူသော ဗျည္ဇနဗုဒ္ဓိဆယ်ပါးနှင့်အညီ ဌာန်,ကရိဏ်း,ပယတန အက္ခရာကျန မှန်ကန်စွာ ရွတ်ဆိုနိုင်၍၊ တပည့်သာမဏေလောင်းသည် ဌင်းနည်း အက္ခရာကျန မှန်ကန်စွာ မရွတ်ဆိုနိုင်လျှင် မုချသာမဏေအစစ် မဖြစ်။

တပည့်သာမဏေလောင်းသည်သာလျှင် အက္ခရာကျန မှန်ကန်စွာ ရွတ်ဆိုနိုင်၍ ဆရာဘုန်းကြီးက အက္ခရာကျန် ပီသစွာ မရွတ်ဆိုနိုင်လျှင်လည်း မုချသာမဏေအစစ် မဖြစ်နိုင်။

ဆရာ,တပည့် နှစ်ယောက်လုံး အကွရာကျန ပီသစွာ မရွတ်ဆိုနိုင်ရာန္ဒိုက် ပြောဆိုဖွယ်ရာ မရှိ၊ သာမဏေအစစ် မဖြစ်သည်သာလျှင်တည်းဟု မှတ် အပ်၏။

ဥပဇ္ဈာယ်ဆရာသည် သာမဏေ၏ အဖြစ်သို့ ရောက်အောင် ချီးမြှောက် ရာန္ဒိုက် ဗုဒ္ဓမတည္ဟု အဋ္ဌကထာဆရာတော်တို့သည် ဥဘတောသုဒ္ဓိကိုသာ ပြ တော်မူသောကြောင့် ဆရာ, တပည့် နှစ်ယောက်လုံးပင် သရဏဂုမ်ပါဠိကို ဌာန်,ကရိဏ်း,ပယတန, နိဂ္ဂဟိတန္တ,မကာရန္တဖြင့် အကွရာကျန မှန်ကန်စွာ ရွတ်ဆိုနိုင်မှသာလျှင် သာမဏေအစစ် ဖြစ်၏ဟု မှတ်ယူအပ်၏။ ထိုကြောင့် ဝိနည်းမဟာဝဂါ အဋ္ဌကထာန္ဒိုက်—

(က) သာမဏေရ ပဗ္ဗဇ္ဇာ ပန ဥဘတောသုဒ္ဓိယာဝ ဝဋ္ဋတိ၊ နောစ ကေတော သုဒ္ဓိယာ။

(ခ) ပဗ္ဗဇ္ဇာယ ပန ဇုမာနိ တိဏိသရဏာနိ ဗုကာရ ဓကာရာဒိနံ ဗျဉ္ဇနာနံ ဌာနကရဏသမ္ပဒံ အဟာပေန္တေနေဝ အာစရိ ယေနဝိ အန္တေဝါသိကေနဝိ ဝတ္တဗ္ဗာနိ၊ သစေ အာစရိယော ဝတ္တုံ၊ သဇ္ဈောတိ၊ အန္တေဝါသိကော နသဇ္ဈောတိ၊ အန္တေ ဝါသိကောဝါ သဇ္ဈောတိ၊ အာစရိယော နသဇ္ဈောတိ၊ ဥဘောဝိဝါ နသဇ္ဈောတိ နဝဋ္ဋတိ။ သစေ ပန ဥဘောဝိ သဇ္ဈောန္တိ ဝဋ္ဋတိ။—ဟု ပြတော်မူ၏။

အနက် (က) ပန၊ ထိုမှတပါး။ သာမဏေရပဗ္ဗဇ္ဇာ၊ သာမဏေရ၌၏ အဖြစ်သည်။ ဥဘတောသုဒ္ဓိယာဝ၊ ဆရာ, တပည့်နှစ်ယောက်စုံ သရဏဂုမ်ပါဠိကို ဌာန်,ကရိဏ်း အကွရာကျန မှန်ကန်စွာ ရွတ်ဆိုနိုင်ခြင်း၏ စင်ကြယ်ခြင်းဖြင့်သာလျှင်။ ဝဋ္ဋတိ၊အပ်၏။ ဧကတောသုဒ္ဓိယာ၊ဆရာ,တပည့် နှစ်ယောက်တို့တွင် တယောက်ယောက်၏ သရဏဂုမ်ပါဠိကို ဌာန်, ကရိဏ်း အကွရာကျန မှန်ကန်စွာ ရွတ်ဆိုတတ်ခြင်း၏ စင်ကြယ်ခြင်းဖြင့်။ နောဝဋ္ဋတိ၊ မအပ်။

(ခ) ပန၊ ဆက်၍ ဆိုဦးအံ့။ ပဗ္ဗဇ္ဇာယ၊ ရှင်သာမဏေ၏ အဖြစ်နှိုက်။ ဝါ၊ရှင်ပြုရာန္ဒိုက်။ တိ.ဟိ၊ သုံးပါးကုန်သော။ ဇုမာနိသရဏာနိ၊ ဤသရဏဂုမ်

ပါဠိတို့ကို။ ဗုကာဝရ ဓကာရာဒိနံ၊ ဗုအက္ခရာ မအက္ခရာ အစရှိကုန်သော။ ဗျဥ္ဇနာနံ၊သဒ္ဒါတို့၏။ ဌာနကရဏသမ္ဗန်၊ ဌာန်,ကရိဏ်း၏ ပြည့်စုံခြင်းကို။ အဟာပေန္တေနေဝ၊ မယုတ်စေသဖြင့်သာလျှင်။ အာစရိယေနပိ၊ ဆရာသည်၎င်း။ အန္တေဝါသိကေနပိ၊တပည့်သည်၎င်း။ ဝတ္တဗ္ဗာနိ၊ ရွက်ဆိုအပ်ကုန်၏။ အာစရိယော၊သရဏာဂုမ်ပေးသော ဆရာသည်။ ဝတ္တာ၊အက္ခရာ ကျန် မှုနကနစ္စာ ရွတ်ဆိုခြင်းငှါ။ သစေသင်္ကောတိ၊ အကယ်၍ စွမ်းနိုင်သည်ဖြစ်အံ့။ အန္တေဝါသိကော၊သာမဏေလောင်း တပည့်သည်။ဝတ်တုံ၊ငှါ။ သစေနသင်္ကောတိ၊အကယ်၍ မစွမ်းနိုင်သည် ဖြစ်အံ့။ နဝဋ္ဌတိ၊မအပ်။ (လှမ်း၍စပ်)။ အန္တေဝါသိကော ဝါ၊တပည့်သည်မူလည်း။ ဝတ်တုံ၊ငှါ။ သစေသင်္ကောတိ၊အကယ်၍ စွမ်းနိုင်အံ့။ အာစရိယော၊သရဏာဂုမ်ပေးသောဆရာသည်။ ဝတ်တုံ၊ငှါ။ သစေနသင်္ကောတိ၊ အကယ်၍ မစွမ်းနိုင်သည်ဖြစ်အံ့။ နဝဋ္ဌတိ၊မအပ်။ ဥဘောပိဝါ၊ ဆရာ,တပည့် နှစ်ယောက်တို့သည်မူလည်း။ ဝတ်တုံ၊ငှါ။ သစေ နသင်္ကောတိ၊အကယ်၍ မစွမ်းနိုင်သည်ဖြစ်အံ့။ နဝဋ္ဌတိ၊မအပ်။ ပန၊မအပ်သည်မှတပါး အပ်သည်ကို ဆိုဦး အံ့။ ဥဘောပါ၊ ဆရာ,တပည့် နှစ်ယောက်တို့သည်လည်း။ သစေသင်္ကောတ၊ အကယ်၍ စွမ်းနိုင်သည်ဖြစ်အံ့။ ဝဋ္ဌတိ၊အပ်၏။

မှတ်ချက်—နဝဋ္ဌတိ အရ သာမဏေ မဖြစ်ဟု မှတ်။

သရဏာဒါနနယကို ပြခြင်း

ဤသရဏာဂုမ်ပေးသောအရာနှိုက် သရဏာဂုမ်ပေးနည်း ရွတ်ဆိုနည်းကို ပြဦးအံ့၊ သာမဏေလောင်းအား သရဏာဂုမ်ပေးခြင်းသည် နိဂ္ဂဟိတန္တပေးနည်း မကာရန္တပေးနည်းအားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဟူသော ဝါကျကို ဝိဘတ္တျန္တပုဒ်အတိုင်း စဉ်းငယ် မဖြတ်မရပ်မူ၍ တဆက်တစပ်တည်း ဗုဒ္ဓံဟူသော သရဏံဟူသော နိဂ္ဂဟိတန္တပုဒ်ကို နှုတ်ခမ်း နှစ်ဘက်ထိအောင် နှုတ်ခမ်းကိုပိတ်၍ နာသိကဋ္ဌာန်နှိုက်ဖြစ်သော နှာခေါင်းသံ ထင်အောင် ရွတ်ဆို၍ ပေးခြင်းသည် နိဂ္ဂဟိတန္တပေးနည်း မည်၏။

မှတ်ချက်—နိဂ္ဂဟိတန္တိ ယံ ကရဏာနိ နိဂ္ဂဟိတ္ထာ အဝိသဇ္ဇေတ္ထာ အဝိဝဇ္ဇေန မုခေန အနုနာသိကံ ကတ္ထာ ဝတ္တဗ္ဗံ။ ပရိဝါ အဋ္ဌကထာ ကမ္မဝဂ်

အနက် ယံဗိန္ဓု၊ အကြင် ဗိန္ဓုကို။ ဝါ၊ပတ်တမြားဥသျောင်သဖွယ် ငယ်ငယ်သေးသေးတင်၍ ရေးအပ်သော ဗိန္ဓုလုံးကို။ ကရဏာနိ၊ ဌာန်,ကရိဏ်းတို့ကို။ နိဂ္ဂဟိတ္ဝာ၊ နှိပ်၍။ အဝိဿဇ္ဇေတ္ဝာ၊ ဌာန်,ကရိဏ်းကို မစွန့်မူ၍။ အဝိဝဇ္ဇေန၊မဖွင့်သော။ ဝါ၊နှုတ်ခမ်းချင်း ထိအောင် ပိတ်ထားသော။ မုခေန၊ခံတွင်းဖြင့်။ အနုနာသိကံ၊နာသိက ဌာန်နှိုက်ဖြစ်သည်ကို။ ကတ္ဝာ၊ပြု၍။ ဝတ္တုံ၊ရွတ်ဆိုအပ်၏။ တံဗိန္ဓု၊ ထိုဗိန္ဓုသည်။ နိဂ္ဂဟိတန္တိ နိဂ္ဂဟိတံနာမ၊နိဂ္ဂဟိတ်မည်၏။

ဤပရိဝါအဋ္ဌကထာနှင့်အညီ နိဂ္ဂဟိတ်အဆုံးရှိသော "ဗုဒ္ဓံ သရဏံ" ဟူသောပုဒ်တို့ကို နိဂ္ဂဟိတ်၏ တည်မှီရာ ဒွဒအက္ခရာ၏ ဒန္တဌာန်, ကရိဏ်း၊ ဏကြီးအက္ခရာ၏ မုဒ္ဓဌာန်,ကရိဏ်းတို့ကို လုံးလုံးကြီးမထင်စေမူ၍ စဉ်းငယ်ထင်စေလျက် နိဂ္ဂဟိတ်ဖြစ်ရာ နာသိကဌာန်နှိုက်ထင်အောင် နှုတ်ခမ်းချင်းထိအောင် ပိတ်၍ ရွတ်ဆိုအပ်၏။ ဌာန်, ကရိဏ်းကိုနှိပ်၏ဟူသည် နိဂ္ဂဟိတ်၏ မှီရာ အက္ခရာ၏ ဌာန်,ကရိဏ်းတို့ကို မထင်စေမူ၍ နိဂ္ဂဟိတ်၏ဖြစ်ရာ နာသိကဌာန် နှာခေါင်းသံထင်စေလျက် ရွတ်ဆိုခြင်းပင်လျှင်တည်းဟု မှတ်အပ်၏။

ထိုကြောင့် သဒ္ဒနီတိန္ဒိုက်—

ကရဏာနိ ဝါ နိဂ္ဂဟိတ္ဝာ အဝိဝဇ္ဇေန မုခေန သာနုနာသိကံ ကတ္ဝာ ဤရိတန္တိ နိဂ္ဂဟိတံ။—ဟု ပြ၏။

အနက် ဝါ၊တနည်းကား။ ယံဗိန္ဓု၊ကို။ ကရဏာနိ၊တို့ကို။ နိဂ္ဂဟိတ္ဝာ၊၍။ အဝိဝဇ္ဇေန၊သော။ မုခေန၊ဖြင့်။ သာနုနာသိကံ၊ နှာသိကဌာန် နှာခေါင်းသံနှင့်တကွ။ ဝါ၊နှာခေါင်းနှိုက်ဖြစ်သော အသံရှိသည်ကို။ ကတ္ဝာ၊ ၍။ ဤရိတံ၊ရွတ်ဆိုအပ်၏။ ဣတိတသ္မာ၊ထိုကြောင့်။ တံဗိန္ဓု၊သည်။ နိဂ္ဂဟိတံ၊ မည်၏။

"ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဟူသော ပုဒ်တို့နှိုက်လည်း ဤနည်းအတူပင်မှတ်။ ဤနိဂ္ဂဟိတန္တဖြစ်သော ဗုဒ္ဓံ ဓမ္မံ သံဃံ သရဏံဟူသော

ပုဒ်တို့ကို နိဂ္ဂဟီတန္တ ကျနအောင် ရွတ်ဆိုရန် ခဲယဉ်း၏၊ သို့သော် အာစရိယ လဒ္ဓေါပဒေသ ရရှိသူတို့မှာ မခဲယဉ်းလှ၊ ယင်းနိဂ္ဂဟီတန္တအက္ခရာ မပီသလျှင် သာမဏေအစစ် မဖြစ်ဟု မှတ်။

သိဆိုလေခနိဘအက္ခရာကို ပြခြင်း

နိဂ္ဂဟီတန္တပုဒ် မပီသသော်သာလျှင် သာမဏေမဖြစ်သည် မဟုတ်၊သိထိုလ ခနိတအက္ခရာ အဆိုချွတ်ယွင်းရာနှိုက်လည်း သာမဏေ မဖြစ်ဟုမှတ်။ "ဗုဒ်၊ မွံ၊ သံ၊ သရဏံ၊ ဂစ်၊ မိ" ဟူသော အက္ခရာတို့သည် သိထိုလအက္ခရာတို့ မည်ကုန်၏၊ ထိုသိထိုလအက္ခရာတို့ကို ပုဂ္ဂိုလ်အားထုတ်ခြင်း ပယောဂ မပါစေဘဲ ပကတိသဘောအတိုင်း လျှော့လျှော့ ပေါ့ပေါ့ ရွတ်ဆိုအပ်၏။ "ဒ္ဓံ၊ ဓမ်၊ ဃံ၊ ဆာ" ဟူသော အက္ခရာတို့သည် ခနိတအက္ခရာတို့မည်ကုန်၏။ထိုခနိတအက္ခရာတို့ကို ပကတိသဘောအတိုင်း မရွတ်ဆိုမူ၍ ပုဂ္ဂလဗျာပါရ ဝစီပယောဂ စိုက်ထုတ်၍ ပြင်းပြင်းတင်းတင်း ရွတ်ဆိုအပ်၏။ ထိုကြောင့် ကာရိကာသဒ္ဒါငယ် ကျမ်းနှုက—

(က) သိထိလေန အဂါဠ္ဟေန၊ အထဒ္ဓေနေဝ သဗ္ဗဒါ။
ဝစီပယောဂ မုဒုတာ၊ ဝတ္တဗ္ဗကွရ ဘာဝတော။

ပဠဝဂ္ဂေသု ဒုတိယံ၊ စတုတ္ထမနိတ ဌယံ။
ဂဠ ဝစီပယောဂေန၊ ဝတ္တဗ္ဗကွရ ဘာဝတော။—ဟု ပြ၏။

"ဗုဒ်" စသော သိထိလအက္ခရာတို့ကို နိတအက္ခရာအသံဖြစ်အောင် ပြင်းပြင်းတင်းတင်း ရွတ်ဆိုမိအံ့ ကံပျက်၏ သာမဏေ မဖြစ်၊ "ဒ္ဓံ၊ ဓမ်၊ ဃံ၊ ဆာ" ဟူသော နိတအက္ခရာတို့ကို သိထိလအက္ခရာ အသံဖြစ်အောင် အားထုတ်ခြင်း ဝစီပယောဂ ကင်းလျက် လျှော့လျှော့ပေါ့ပေါ့ ရွတ်ဆိုမိအံ့ ကံပျက်၏ သာမဏေ မဖြစ်၊ နှုတ်ခမ်းကိုပိတ်၍ နာသိကဌာန် နှာခေါင်းသံထင်အောင် ရွတ်အပ်သော နိဂ္ဂဟီတန္တပုဒ်ကို နှုတ်ခမ်းကို မပိတ်ဘဲ နှုတ်ခမ်းကို ဖွင့်၍ ဝိမုတ္တန္တပုဒ်ဖြစ်အောင် ရွတ်ဆိုမိအံ့ ကံပျက်၏ သာမဏေ မဖြစ်၊ နှုတ်ခမ်းကို ဖွင့်၍ ရွတ်ဆိုအပ်သော ဝိမုတ္တန္တပုဒ်ကို နိဂ္ဂဟီတန္တပုဒ် ဖြစ်အောင် နှုတ်ခမ်းကို ပိတ်၍ ရွတ်ဆိုမိအံ့ ကံပျက်၏ သာမဏေ မဖြစ်၊ ဒီဃကို ရဿ၊

ရဿကို ဒီဃ၊ ဂရုကို လဟု၊ လဟုကို ဂရု၊ သမ္မန္ဓကို ဝဝတ္ထိတ၊ ဝဝတ္ထိတကို သမ္မန္ဓပြုလုပ်၍ ရွတ်ဆိုမိရာန္ဒိုက် ကံမပျက် ဒုရုစ္စနမျှသာဖြစ်၏ သာမဏော ဖြစ်၏။ ထိုကြောင့် ပရိဝါအဋ္ဌကထာန္ဒိုက်—

(ခ) ဇုတိ သိထိလေ ကာတဗ္ဗေ ဓနိတံ၊ ဓနိတေ ကာတဗ္ဗေ သိထိလံ၊ ဝိမုတ္တေ ကာတဗ္ဗေ နိဂ္ဂဟိတံ၊ နိဂ္ဂဟိတေ ကာတဗ္ဗေ ဝိမုတ္တန္တိ ဇုမာနိ စတ္တာရိ ဗျဉ္ဇနာနိ အန္တော ကမ္မဝါစာယ ကမ္မံ ဒုဿေန္တိ။

(ဂ) ဇုမာနိ ဟိ ဆဗျဉ္ဇနာနိ ကမ္မံ နာ ကောပေန္တိ။—ဟုပြ၏။

အနက် (က) သိထိလေန၊လျော့သော။အဂါဠ္ဟေန၊မမြဲမြံသော။အထဒ္ဓေနေဝ၊မခက်ထန်သည်သာလျှင် ဖြစ်သော။သဗ္ဗဒါ၊အခါခပ်သိမ်း။ ဝစီပယောဂမုဒုတာ၊နူးညံ့သော ဝစီပယောဂဖြင့်။ ဝတ္တုဗ္ဗကွဲရဘာဝတော၊ရွတ်ဆိုအပ်သော အကွာရာ၏ အဖြစ်ကြောင့်။ သိထိလံ၊ သိထိလအက္ခရာ မည်၏။ (ထည့်)။ ပဋ္ဌဝဂ္ဂေသု၊ ငါးပါးကုန်သော ဝဂ်တို့တွင်။ ဒုတိယံ၊ ဒုတိယအက္ခရာ ငါးလုံးကိုဂုဏ်း။ စထုတ္ထံ၊ စတုတ္ထအက္ခရာ ငါးလုံးကိုဂုဏ်း။ ဂဠဝစီပယောဂေန၊ မြဲမြံသော ဝစီပယောဂဖြင့်။ဝတ္တုဗ္ဗကွဲရဘာဝတော၊ရွတ်ဆိုအပ်သော အက္ခရာ၏ အဖြစ်ကြောင့်။ ဓနိတဒ္ဒယံ၊ဓနိတအက္ခရာဟု ခေါ်ဝေါ်အပ်၏။

(ခ) ဇ္ဈတိ၊ ဤသို့။ သိထိလေ၊ လျော့လျော့ရွတ်ခြင်းကို။ ကာတဗ္ဗေ၊ ပြုအပ်လျက်။ ဓနိတံ၊ ပြင်းပြင်းရွတ်ခြင်း။ ဓနိတေ၊ ပြင်းပြင်းရွတ်ခြင်းကို။ ကာတဗ္ဗေ၊လျက်။ သိထိလံ၊လျော့လျော့ရွတ်ခြင်း။ ဝိမုတ္တေ၊ကရိဏ်းကိုလွှစ်၍ ရွတ်ခြင်းကို။ ကာတဗ္ဗေ၊လျက်။ နိဂ္ဂဟိတံ၊ကရိဏ်းကို နှိပ်၍ ရွတ်ခြင်း။နိဂ္ဂဟိတေ၊ကရိဏ်းကို နှိပ်၍ ရွတ်ခြင်းကို။ ကာတဗ္ဗေ၊လျက်။ဝိမုတ္တံ၊နှုတ်ခမ်းကိုဖွင့်၍ ရွတ်ခြင်း။ ဇုတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးကုန်သော။ ဗျဉ္ဇနာနိ၊ အက္ခရာတို့သည်။ အန္တောကမ္မဝါစာယ၊ကမ္မဝါစာ၏ အတွင်းနှိုက်။ ကမ္မံ၊ကံကို။ဒုဿေန္တိ၊ ပျက်စေတတ်ကုန်၏။ (ဤကား နိဿယအနက်အတိုင်း)။

တနည်း—ဇုတိ၊ ဤသို့။ သိထိလေ၊ လျော့လျော့ရွတ်အပ်သော သိထိလအက္ခရာကို။ ကာတဗ္ဗေ၊ပြုအပ်လျက်။ ဓနိတံ၊ပြင်းပြင်းရွတ်အပ်သော ဓနိတအက္ခရာကို။ ကတွာ၊ပြု၍။ ဥစ္စာရဏံ၊ရွတ်ဆိုခြင်းငင်း။ ဓနိတေ၊ပြင်းပြင်းရွတ်

အပ်သော ဓနိတအက္ခရာကို။ ကာတဗ္ဗေ၊ လျက်။ သိထိလံ၊ လျော့လျော့ရွတ် အပ်သော သိထိလအက္ခရာကို။ကတ္ဝာ၍။ဥစ္စာရဏံ၊ ၎င်း။ဝိမုတ္တော၊နှုတ်ခမ်းကို ဖွင့်၍ ရွတ်အပ်သော ဝိမုတ္တအက္ခရာကို။ ကာတဗ္ဗေ၊လျက်။ နိဂ္ဂဟီတံ၊နှုတ်ခမ်း ကို ပိတ်၍ ရွတ်အပ်သော နိဂ္ဂဟီတအက္ခရာကို။ ကတ္ဝာ၍။ ဥစ္စာရဏံ၊၎င်း။ နိဂ္ဂဟီတော၊နှုတ်ခမ်းကိုပိတ်၍ ရွတ်အပ်သော နိဂ္ဂဟီတအက္ခရာကို။ ကာတဗ္ဗေ၊ လျက်။ ဝိမုတ္တံ၊ နှုတ်ခမ်းကို ဖွင့်၍ ရွတ်အပ်သော ဝိမုတ္တအက္ခရာကို။ ကတ္ဝာ၍။ ဥစ္စာရဏံ၊ ရွတ်ဆိုခြင်းငင်း။ ဣတိ၊ ဤသို့။ စတ္တာရိ၊ ကုန်သော။ ဣမာနိ ဗျဉ္ဇနာနိ၊တို့သည်။ အန္တောကမ္မဝါစာယ၊နှိုက်။ ကမ်္မံ၊ကို။ ဒဠှေန္တိ၊ကုန်၏။

(၈) ဟိသစ္စံ၊ မှန်၏။ ဆ၊ ခြောက်ပါးကုန်သော။ ဣမာနိဗျဉ္ဇနာနိ၊ ဤ ဒီဃ,ရဿ,ဂရု,လဟု,သမ္မဒ္ဓ,ဝဝတ္ထိတအက္ခရာတို့သည်။ အန္တောကမ္မဝါစာယ၊ကမ္မဝါစာ၏ အတွင်းနှိုက်။ (လိုက်)။ ကမ်္မံ၊ ကို။ နကောပေန္တိ၊ မပျက်စေတတ်ကုန်။

မှတ်ချက်—ဤ ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးတို့သည် ကမ္မဝါစာနှိုက် သာလျှင် ကံအောင်ခြင်း ကံပျက်ခြင်းကို ဖြစ်စေတတ်သည် မဟုတ်၊ သရဏာဂုမ်ပေးသောအရာနှိုက်လည်း သာမဏေဖြစ်ခြင်း သာမဏေမဖြစ်ခြင်းကို ဖြစ်စေတတ်၏ဟု မုခ္ဍ မှတ်အပ်၏။

မကာရန္တသရဏာဂုမ် ပေးနည်း

"ဗုဒ္ဓံ သရဏံ၊ ဓမ္မံ သရဏံ၊ သံဃံ သရဏံ" ဟူသော နိဂ္ဂဟီတန္တပုဒ်တို့နှိုက် ရွတ်လွယ်စိမ့်သော နိဂ္ဂဟီတ်ကို ဖျောက်၍၊ ထိုနိဂ္ဂဟီတ်အစား မအက္ခရာ၏ အပေါ်နှိုက် အသတ်တမ်းခွန်တင်ပြီးလျှင် "ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ၊ ဓမ္မမ် သရဏမ် ဂစ္ဆာမိ၊ သင်္ဃမ် သရဏမ် ဂစ္ဆာမိ" ဟူ၍ ဗုဒ္ဓမ်နှိုက် စဉ်းငယ်၊ သရဏမ်နှိုက် စဉ်းငယ်ဖြတ်ရပ်၍ နှုတ်ခမ်းချင်းထိအောင် မပိတ်ဘဲ နှုတ်ခမ်းကို ဖွင့်၍ သိထိလ,ဓနိတအက္ခရာ ပီသစွာ ဌာန်,ကရိဏ်း,ပယတန မမှားမချွတ် ရွတ်ဆို၍ ပေးခြင်းသည် မကာရန္တ ပေးနည်းမည်၏။ မအက္ခရာ၏အပေါ်နှိုက် တမ်းခွန်လှဲး၍ ထားခြင်းသည် မအက္ခရာနှိုက် သရမရှိသည်၏အဖြစ်ကို ပြ၏၊ ဤမကာရန္တကို ရည်ရွယ်၍ သရဏာဂုမ်ကို ပေးရာနှိုက် ဝိမုတ္တာမဖြစ်မူ၍ နိဂ္ဂဟီတန္တဖြစ်အောင် နှုတ်ခမ်းကိုပိတ်၍ ရွတ်မိသော်ငင်း၊သိထိလအက္ခရာကို ဓနိတ

အကွာရာ၊ ဓနိတအကွာရာကို သိထိလအကွာရာ အသံ ပြောင်းလဲ၍ ရွှတ်မိသော် ၎င်း ကံပျက်၏ သာမကော မဖြစ်၊ နိဂ္ဂဟိတကို ဝိမုတ္တာ၊ ဝိမုတ္တာကို နိဂ္ဂဟိတ အကွာရာ ရွှတ်ဆိုမိသကဲ့သို့ မှတ်။

အချို့ဆရာတော်ကြီးတို့၏ ဝါဒကို ပြခြင်း

အချို့ ဆရာတော်ကြီးတို့သည် "သူဇာလူကမ်း၊ နွားနို့ဓမ်း၊ နတ်ဆွမ်း တကြိုင်ကြိုင်"ဟူသောလင်္ကာကို သာဓကပြု၍ ဝိဿဇ္ဇနီထိုးပြီးလျှင် "ဗုဒ္ဓမ်း သရဏမ်း ဂစ္ဆာမိ၊ ဓမ္မမ်း သရဏမ်း ဂစ္ဆာမိ၊ သမ်းဃမ်း သရဏမ်း ဂစ္ဆာမိ" ဟူ၍ ဝိဿဇ္ဇနီသံဖြင့် ရွှတ်ဆို၍ မကာရန္တသရဏဂုမ် ပေးကြကုန်၏။ ကိုယ်တိုင် ဒိဋ္ဌလည်း မြင်ဘူး တွေ့ဘူး၏၊ သုတစကားလည်း ကြားဘူး၏၊ ဤကဲ့သို့ သရဏဂုမ် ပေးကြခြင်းသည် "ကရဏာနိ အနိဂ္ဂဟိတာ ဝိဝဋ္ဋေန မုခေန ဝတ္တာဗ္ဗံ ဝိမုတ္တံ"ဟူသော ပရိဝါအဋ္ဌကထာနှင့် ဆန့်ကျင်သောကြောင့်၎င်း၊ "အံဣတိ ဝိဿဇ္ဇနိယံ"ဟူသော ကလာပ်သုတ်နှင့်အညီ သဣဇ္ဈာသာတို့နှုတ် ဝိဿဇ္ဇနီ ရှိသကဲ့သို့ မဂဓဘာသာတို့နှုတ် ဝိဿဇ္ဇနီ မရှိသောကြောင့်၎င်း မသင့်မအပ် သာမကောမဖြစ်ဟု မှတ်အပ်၏၊ ပဌာန်းဂဏ္ဌိနှုတ် မဂဓဘာသာကို ဝိဿဇ္ဇနီသံ ရယစ်သံ ယပင့်သံဖြင့် ရွှတ်သည်ရှိသော် ဒုက္ကဋ်အာပတ် သင့်၏ဟု ဆို၏။ ထိုစကားသည် "န ဘိက္ခဝေ ဗုဒ္ဓဝစနံ ဆန္ဒသော အာရောပေတဗ္ဗံ၊ ယော အာရောပေယျ အာပတ္တိဒုက္ကဋဿ"-ဟူသော စူဠဝါပါဠိတော်နှင့် ညီ၏။ ထိုကြောင့် ဝိနည်းမဟာဝဂ်အဋ္ဌကထာနှုတ်—

(က) ဣမာနိစ ပန ဒဒမာနေန ဗုဒ္ဓံ သရဏံ ဂစ္ဆာမိတိ ဧဝံ ဧကသမ္ဗန္ဓာနိ အနုနာသိကန္တာနိဝါ ကတ္ဝာ ဒါတဗ္ဗာနိ၊ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိတိဝါ ဧဝံ ဝိစ္ဆိန္နဒ္ဓိတ္ဝာ မကာရန္တာနိဝါ ကတ္ဝာ ဒါတဗ္ဗာနိ။—ဟု ပြတော်မူ၏။

၎င်းတရဿကဏ်ဌီကာနှုတ်လည်း—

(ခ) အနုနာသိကန္တံ ကတ္ဝာ ဒါနကာလေ အန္တရာ ဝိစ္ဆေဒံ အကတ္ဝာ ဒါတဗ္ဗာနိတိ ဒဿေတုံ ကေသမ္ဗန္ဓာနိတိ ဝုတ္တံ။ ဝိစ္ဆိန္နဒ္ဓိတ္ဝာတိ မကာရန္တံ ကတ္ဝာ ဒါနသမယေ ဝိစ္ဆေဒံ ကတ္ဝာ။—ဟု ပြတော်မူ၏။

အနက် (က) ပန၊ဆက်၍ဆိုဦးအံ့။ ကျမာနိစ၊ဤသရဏဂုမ်တို့ကိုလည်း။ ဒဒမာနေန၊ပေးသောဆရာသည်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိတိ၊ဟူ၍။ ဧဝံ၊ သို့။ ဧကသမ္မဒွာနိ၊ တစပ်တည်း စပ်ကုန်သော။ အနုနာသိကန္တ္ဓာနိဝါ၊ နိဂ္ဂဟီတဌာန်အဆုံးရှိသည်တို့ကိုလည်း။ ဝါ၊နာသိကဌာန် အဆုံးရှိသည်တို့ကို မူလည်း။ ဝါ၊ နှာခေါင်းနှိုက်ဖြစ်သော နိဂ္ဂဟီတ် အဆုံးရှိသည်တို့ကိုမူလည်း။ ကတွာ၊၍။ ဒါတဗ္ဗာနိ၊ပေးအပ်ကုန်၏။ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိတိ၊ဟူ၍။ ဧဝံ၊ သို့။ ဝိစ္ဆိန္ဒိတွာ၊ ဖြတ်၍။ ဝါ၊ စဉ်းငယ်ရပ်တန့်၍။ မကာရန္တ္ဓာနိဝါ၊ မအက္ခရာ အဆုံးရှိသည်ကိုလည်း။ ကတွာ၊၍။ ဝါ၊တမ်းခွန်လွှားသော မအက္ခရာ အဆုံးရှိသည်ကိုလည်း။ ကတွာ၊၍။ ဒါတဗ္ဗာနိ၊ကုန်၏။

(ခ) အနုနဲ့ာသိကန္တံ၊ နိဂ္ဂဟီတ်အဆုံးရှိသည်ကို။ ကတွာ၊ ပြု၍။ ဒါန ကာလေ၊သရဏဂုမ်ပေးသောကာလနှိုက်။ အန္တရာ၊ဝိဘတ္တျန္တပုဒ်အကြားနှိုက်။ ဝိစ္ဆေဒံ၊ စဉ်းငယ်ဖြတ်ရပ်ခြင်းကို။ အကတွာ၊ မပြုမူ၍။ ဒါတဗ္ဗာနိ၊ ကုန်၏။ ဣတိ၊သို့။ ဒသေတုံ၊ဌါ။ ဧကသမ္မဒွာနိတိ၊ဧကသမ္မဒွာနိ ဟူသောစကားကို။ အာစရိယေန၊သည်။ ဝုတ္တံ၊၏။ ဝိစ္ဆိန္ဒိတွာတိ၊ကား။ မကာရန္တံ၊တမ်းခွန်လွှား သော မအက္ခရာ အဆုံးရှိသည်ကို။ ကတွာ၊၍။ ဒါနသမယေ၊သရဏဂုမ်ပေး သောအခါနှိုက်။ ဝိစ္ဆေဒံ၊စဉ်းငယ်ဖြတ်ရပ်ခြင်းကို။ ကတွာ၊၍။

ဤအရာနှိုက် သြဝါဒကထားကို ပြခြင်း

သာမဏေရပဗ္ဗဇ္ဇသည် ဥပသမ္မဒပဗ္ဗဇ္ဇကဲ့သို့ မဟုတ်၊ ကေသစ္ဆေဒနသမ္မတ္တို့, ကာသာယစ္ဆာဒနသမ္မတ္တို့,သရဏဒါနသမ္မတ္တို့ ဤသမ္မတ္တိအင်္ဂါသုံးပါး ပြည့်စုံမှ သာလျှင် သာမဏေအစစ်အမှန် ဖြစ်၏။ဤသမ္မတ္တိအင်္ဂါသုံးပါးတို့တွင် တပါး ပါး ချွတ်ယွင်းခဲ့လျှင် သာမဏေအစစ်အမှန် မဖြစ်နိုင်၊လူဟူ၍လည်းမခေါ်နိုင်၊ သာမဏေစစ် ဟူ၍လည်း မဆိုနိုင်၊ သာမဏေတု သာမဏေယောင်ဟူ၍သာ လျှင် ခေါ်ဆိုထိုက်၏။ ထိုသာမဏေတု သာမဏေယောင်တို့မှာ အသက်နှစ် ဆယ်မပြည့်သေးသူကို အသက်နှစ်ဆယ်ပြည့်၏ဟု မှတ်ထင်၍ ပဉ္စင်းခံရာနှိုက် ရဟန်းမဖြစ်သော်လည်း အကြင်မျှလောက်သောကာလပတ်လုံး ရဟန်းမဖြစ် သည်၏ အဖြစ်ကို မသိ၊ ထိုမျှလောက်သော ကာလပတ်လုံး သဂ္ဂန္တရာယ်

မဂ္ဂန္တရာယ် မဖြစ်သကဲ့သို့၊ သာမဏေဖြစ်၏ဟု မှတ်ထင်ခြင်း ရှိသောကြောင့် သဂ္ဂန္တရာယ်ဖြစ်ရန် မရှိ၊ သို့သော် သာမဏေပြုလုပ်၍ပေးသော ဆရာတို့မှာ ဥပဇ္ဈာယ်ဆရာတို့၏ ဗဟုသုတပညဝါအင်္ဂါ, သာမဏေရဥပဒ္ဒကအင်္ဂါ မပြည့်စုံခြင်း၊ အသမာဒါနအရာနှိုက် ဆောက်တည်စေရာကျသောကြောင့် အပြစ်ရှိ၏ဟု မှတ်ယူထိုက်၏။ ထိုကြောင့် ကျောင်းထိုင်ပုဂ္ဂိုလ်တို့သည် သာမဏေများနှင့် မကင်းနိုင်ကြသဖြင့် သာမဏေပြုလုပ်၍ ပေးသောနည်းနယ ဝိနည်းကံကို အာစရိယလက္ခဏာပါဒေသရရှိအောင် သင်ယူကြပြီးလျှင် ဘုရားသာသနာတော်မဆုတ်မယုတ် တိုးတက်ကြီးပွါးခြင်းကို နှလုံးထား၍ သာမဏေလောင်းတို့အား ရှေးမဆွကပင်လျှင် သရဏဂုမ်ပါဠိကို နိဂ္ဂဟီတန္တ,မကာရန္တ,သိထိလ, ဓနိတအက္ခရာတို့ဖြင့် ဌာန်,ကရိဏ်း ကျနမှန်ကန်စွာ ရွတ်ဆိုတတ်အောင် သတိသမ္ပဇညယောနိသောမနသိကာရဖြင့် သင်ကြား၍ ပေးသင့် ပေးထိုက်လှပေ၏။

သာမဏေနှိုက် ဥပဇ္ဈာယ် ရှိ မရှိကို ပြခြင်း

ယခုကာလနှိုက် အချို့သော ဆရာတို့သည် သာမဏေတို့နှိုက် ဥပဇ္ဈာယ်မရှိဟု ဆိုကြကုန်၏။ ဥပဇ္ဈာယ်မယူဘဲ ရှင်ပြုကြကုန်၏၊ မြင်လည်း မြင်ဘူး၏၊ ကြားလည်း ကြားဘူး၏၊ ထိုဆရာတို့၏ အယူဝါဒသည် မသင့်မြတ်။ အဘယ်ကြောင့်နည်းဟူမူ မြတ်စွာဘုရား၏ သားတော် လာဟုလာမင်းသားကို ရှင်ပြုရာနှိုက် အရှင်သာရိပုတ္တရာသည်ဥပဇ္ဈာယ်ဆရာဖြစ်၏၊အရှင်မဟာမောဂ္ဂလာန်သည် ဆံရိတ်၍ သင်္ကန်းပေး၍ သရဏဂုမ်ပေးသော ဆရာဖြစ်၏၊ အရှင်မဟာကဿပသည် အဆုံးအမပေးသော ဩဝါဒါစရိယဖြစ်၏၊ ထိုကြောင့် သာမဏေတို့နှိုက် ဥပဇ္ဈာယ်ဆရာ ရှိ၏ ဥပဇ္ဈာယ် ယူရမည်ဟု မှတ်။ ထိုကြောင့် ဝိနည်းမဟာဝါ အဋ္ဌကထာ ပဗ္ဗဇ္ဇဝိနိစ္ဆယနှိုက်—

(က) အထခေါ အာယသ္မာ သာရိပုတ္တော ရာဟုလာကုမာရံ ပဗ္ဗာဇေသိတိ ကုမာရဿ မဟာမောဂ္ဂလာနတ္ထေရော ကေသေ ဆိန္ဒိတ္ဝာ ကာသာယာနိ ဒတ္ဝာ သရဏာနိ အဒါသိ။ မဟာကဿပတ္ထေရော ဩဝါဒါစရိယော အဟောသိ။ယသ္မာ ပန

ဥပဏ္ဍာစရိယမူလကာ ပဇ္ဇဇ္ဇာစ ဥပသမ္ပဒါစ၊ ဥပဏ္ဍာယော တတ္ထ ဇာသရော၊ တသ္မာ ဝုတ္တံ အထခေါ အာယသ္မာ သာရိပုတ္တော ရာဟုလကုမာရံ ပဗ္ဗာဇေသီတိ။—ဟု ပြတော်မူ၏။

(ခ) ရာဟုလာဘဒ္ဒေါဝိ ဝိတာ မေတိ ဒသဗလဿဝါ ဥပဏ္ဍာယော မေတိ ဓမ္မသေနာပတိနောဝါ အာစရိယော မေတိ မဟာမောဂ္ဂလာနဿဝါ စူဠဝိတာ မေတိ အာနန္ဒာထေရဿဝါ သန္တိကံ အဂန္တ္ဝာ ဒသဗလဿ ဝဠဉ္ဇန ဝစ္ဆကုဋိံ ဗြဟ္မဝိမာနံ ပဝိသန္တော ဝိယ ပဝိသိတ္ဝာ ဝါသံ ကပ္ပေတိ။—**ကေနိပါတ် တိပလ္လတ္တမိဂဇာတ်အဋ္ဌကထာ**

(ဂ) နဘိက္ခဝေ ဥပဏ္ဍာယေ အနာပုစ္ဆာ အာဝရဏံ ကာတဗ္ဗံ၊ ယော ကာရေယျ အာပတ္တိ ဒုက္ကဋဿ။—**ဝိနည်းမဟာဝါ ပါဠိတော် မဟာခန္ဓက**

(ဃ) ဥပဏ္ဍာယော စေ ကောသမဿု ဩရောပနာဒိနိ အကတ္ဝာ ပဗ္ဗဇ္ဇတ္ထံ သရဏာနိ ဒေတိ နရူဟတိ ပဗ္ဗဇ္ဇာ။—**ဝင်္ဂီရဗုဒ္ဓဋီကာ**

(ဃ) သစေ ဥပဏ္ဍာယော သယမေဝ သဗ္ဗံ သိက္ခာပေတိ၊ အညဿိံ နနိယျာတေတိ ဥပဏ္ဍာယောဝဿ အာစရိယောဝိ ဟောတိ။ **ဝိမတိဋီကာ**

မှတ်ချက်—အထက်ပါ ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ဖြင့်လည်း သာမဏေတို့နှိုက် ဥပဏ္ဍာယ်ရှိကြောင်း ဥပဏ္ဍာယ်ယူအပ်ကြောင်းကို မုချမှတ်သိအပ်၏။

အနက် (က) အထခေါ အာယသ္မာတော သာရိပုတ္တော ရာဟုလကုမာရံ ပဗ္ဗာဇေသီတိ၊ပဗ္ဗာဇေသိ ဟူသည်ကား။ ကုမာရဿ၊ ရာဟုလာမင်းသားအား။ မဟာမောဂ္ဂလာနတ္ထေရော၊ သည်။ ကသော၊ ဆံတို့ကို။ ဆိန္ဒိတ္ဝာ၊ ရိတ်ဖြတ်ပြီး၍။ ကာသာယာနိ၊ သင်္ကန်းတို့ကို။ ဒတ္ဝာ၊ ပေးပြီး၍။ သရဏာနိ၊ သရဏဂုဏ်တို့ကို။ အဒါသိ၊ ပေးပြီ။ မဟာကဿပတ္ထေရော၊ သည်။ သြဝါဒါစရိယော၊ ဆုံးမတတ်သော သြဝါဒဆရာသည်။ အဟောသိ၊ ဖြစ်ပြီ။ ပန၊ဆက်၍ ဆိုဦးအံ့။ ယသ္မာ၊ကြောင့်။ ပဗ္ဗဇ္ဇာစ၊ရှင်သာမဏေ၏ အဖြစ်သည်ၵင်း။ ဥပသမ္ပဒါစ၊ရဟန်း၏ အဖြစ်သည်ၵင်း။ ဥပဏ္ဍာယမူလကာ၊

ဥပဇ္ဈာယ်ဆရာလျှင် အကြောင်းရင်းရှိ၏။ တတ္ထ၊ ထို ရှင်, ရဟန်းပြုရာနှိုက်။ ဥပဇ္ဈာယောဝ၊ဥပဇ္ဈာယ်ဆရာသည်သာလျှင်။ ဣဿရော၊အစိုးရ၏။ အာစရိယော၊ သရဏာဂုမ်ဆရာ, ဩဝါဒဆရာသည်။ နဣဿရော၊ အစိုးမရ။ တသ္မာ၊ ထိုကြောင့်။ အထခေါ အာယသ္မာ သာရိပုတ္တော ရာဟုလကုမာရံ ပဗ္ဗာဇေသိတိ၊ဟူ၍။ဝါ၊ပဗ္ဗာဇေသိ ဟူသောစကားကို။ ဘဂဝတာ၊သည်။ဝုတ္တံ၊၏။

(ခ) ရာဟုလာဘဒ္ဒေါပိ၊ရာဟုလာဘဒ္ဒသာမဏေသည်လည်း။ မေ၊ငါ၏။ ပိတာ၊ခမည်းတော်တည်း။ ဣတိ၊ဤသို့ နှလုံးသွင်း၍။ ဒဿဗလဿဝါ၊မြတ်စွာဘုရား၏ဂုဏ်း။ မေ၊ ငါ၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာတည်း။ ဣတိ၊ ၍။ ဓမ္မသေနာပတိနောဝါ၊ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ၏ဂုဏ်း။ မေ၊ငါ၏။ အာစရိယော၊တည်း။ ဣတိ၊၍။မဟာမောဂ္ဂလာနဿဝါ၏ဂုဏ်း။ မေ၊ ငါ၏။ စူဠပိတာ၊ ဘထ္ထေးတော်တည်း။ ဣတိ၊ ၍။ အာနန္ဒာထေရဿဝါ၊အာနန္ဒာမထေရ်၏ဂုဏ်း။ သန္တိကံ၊အထံသို့။ အဂန္ဆာ၊မသွားမူ၍။ ဒဿဗလဿ၊မြတ်စွာဘုရား၏။ ဝဋ္ဋဥနဝစ္စကုဋိံ ၊ သုံးဆောင်တော်မူသော ဝစ္စကုဋိသို့။ ဗြဟ္မဝိမာနံ၊ ဗြဟ္မာမင်း၏ဗိမာန်သို့။ ပဝိသန္တောဝိယ၊ ဝင်သကဲ့သို့။ ပဝိသိတ္ဝာ၊ဝင်၍။ ဝါသံ၊နေခြင်းကို။ ကပ္ပေတိ၊ပြု၏။

(ဂ) ဘိက္ခဝေ၊ တို့။ ဥပဇ္ဈာယေ၊ ဥပဇ္ဈာယ်ဆရာတို့ကို။ အနာပုစ္ဆာ၊ မပန်ကြားကုန်မူ၍။ သာမဏေရံ၊သာမဏေကို။ အာဝရဏံ၊ပိတ်ပင်ခြင်းကို။ နကာတဗ္ဗံ၊မပြုအပ်။ ယောဘိက္ခု၊သည်။ ကရေယျ၊ ပြုငြားအံ့။ တဿဘိက္ခု နော၊ အား။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ အာပဇ္ဇနံ၊ သည်။ ဟောတိ၊ ဖြစ်၏။ (ဃ-မှတ် ဝဇီရဗုဒ္ဓိဋီကာနက် အောက်က ယောဇနာခဲ့ပြီ)။

(ဃ) သစေပန၊အကယ်၍။ ဥပဇ္ဈာယော၊ သည်။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ သဗ္ဗံ၊အလုံးစုံကို။ သိက္ခာပေတိ၊သင်စေအံ့။ အညသ္မိံ၊တပါးသော ရဟန်း၏အထံနှိုက်။ နနိယျာတေတိ၊မဆောင်နှင်း။ ဝါ၊ မအပ်နှင်း။ အဿ၊ ထိုသာမဏေ၏။ ဥပဇ္ဈာယောဝ၊ဥပဇ္ဈာယ်ဆရာသည်သာလျှင်။အာစရိယောပိ၊သရဏာဂုမ်ဆရာ ဩဝါဒဆရာသည်လည်း။ ဟောတိ၊ ၏။ ယထာကိံ ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဥပသမ္ပဒကာလေ၊ရဟန်းပဉ္စင်းခံသောအခါနှိုက်။သယမေဝ၊ဥပဇ္ဈာယ်

ဆရာ ကိုယ်တိုင်သာလျှင်။ ကမ္မဝါစံ၊ ကမ္မဝါစာကို။ ဝါစေန္တော၊ ဖတ်သည် ရှိသော်။ ဥပဇ္ဈာယော၀၊ဥပဇ္ဈာယ်ဆရာသည်သာလျှင်။ ဟောတိယထာ၊ဖြစ်သကဲ့သို့တည်း။

မှတ်ချက်—ဤယထာအစရှိသောပါဠိဖြင့် ဥပဇ္ဈာယ်ဆရာသည် ကမ္မဝါစာဆရာ ပြုလုပ်ထိုက်သည်၏ အဖြစ်ကို ပြ၏။ အခြို့ ဆရာတို့သည် ဥပဇ္ဈာယ်ဆရာသည် ကမ္မဝါစာဆရာ မပြုလုပ်ထိုက်ဟု ပြောဆိုကြကုန်၏၊ မသင့်၊ ထိုဆရာတို့၏ အတ္တနောမတိမျှသာတည်း။

၄-စတုတ္ထမုဒ္ဒေသ အဖြေ

၄။ ဥပသမ္ပဒကံကို ရွက်ဆောင်ရာနှိုက် လူဝတ်နှင့်ပင် ပြုလုပ်နိုင်ကြောင်း၊ အခြို့ဆရာတို့ကလည်း သာမဏေဝတ်နှင့်သာ ပြုလုပ်နိုင်ကြောင်း၊ အခြို့ဆရာတို့ကလည်း နှစ်ပါးစုံပင် အပ်ကြောင်း ဝါဒအမျိုးမျိုး ပြောဆိုကြရာ မည်သည့်ဝါဒ သင့်မြတ်ကြောင်းကို သိလိုပါသည်ဟု လျှောက်ထားရာနှိုက်—

၎င်းဟိသင်္ဃပဉ္ဉသမ္ပဒ ဝိနိစ္ဆယကို ပြခြင်း

(က) နု ဘိက္ခဝေ အစီဝရကော ဥပသမ္ပါဒေတဗ္ဗော၊ ယော ဥပသမ္ပါဒေယျ အာပတ္တိ ဒုက္ကဋဿ။—

ဟူသော ဝိနည်းမဟာဝါပါဠိတော်နှိုက် သင်္ကန်းမရှိသောသူကို ရဟန်းမခံအပ်၊ အကယ်၍ ရဟန်းခံအံ့ ရဟန်းပြု၍ ပေးသော ဆရာ, သံဃာတော်အား ဒုက္ကဋ်အာပတ် သင့်၏ဟု သာမညအားဖြင့် ဟောတော်မူ၏၊ မာတု ဃာတကစသော ငတ္ထုတို့နှိုက်ကဲ့သို့ အနုပသမ္ပန္နော ဟူသောပုဒ်ဖြင့် အထူးပြု၍ ရဟန်း မဖြစ်ဟု နိတ္ထာအားဖြင့် ဟောတော်မမူသည်ကို ဉာဏ်ဖြင့် ထောက်ဆတော်မူ၍ ဗုဒ္ဓမတညူ အဋ္ဌကထာဆရာတော်သည် အပတ္တာကဝတ္ထု၏ အဖွင့် ဝိနည်းမဟာဝါ အဋ္ဌကထာနှိုက်—

(ခ) အာပတ္တိ ဒုက္ကဋဿာတိ ဧဝံ ဥပသမ္ပါဒေန္တသ္သေဝ အာပတ္တိ ဟောတိ၊ ကမ္မံ ပန နု ကုပ္ပတိ၊ အစီဝရကာဒိ ဝတ္ထူသုပိ ဧသေဝနယော။—

ဟူ၍ သပိတ်မရှိသောသူကို ရဟန်းခံရာနှိုက် ရဟန်းပြု၍ပေးသော ရဟန်းသံဃာတော်အားသာလျှင် ဒုက္ကဋ်အာပတ် သင့်၏၊ ကံမပျက်၊ ရဟန်းဖြစ်၏။ "အစိဝရကာဒိ ဝတ္ထူသုပိ သေဝနယော" ဟူသောပါဠိဖြင့် သင်္ကန်းမရှိသောသူကို ရဟန်းခံပေးရာနှိုက်လည်း အပတ္တကပုဂ္ဂိုလ်အတူ ရဟန်း, သံဃာတော်အားသာလျှင် အာပတ်သင့်၏၊ ဥပသမ္ပဒကံ မပျက်၊ ရဟန်းဖြစ်၏ဟု ဂိဟိလိင်္ဂသဒ္ဒါဖြင့် အထူးမပြုဘဲ သာမညသာ ပြတော်မူ၏။

(၇) ပရိပုဏ္ဏာသ ပတ္တစီဝရန္တိ ပရိပုဏ္ဏမသ ဥပသမ္ပဒါပေက္ခဿ ပတ္တစီဝရံ၊ ဧဝံ ဝုတ္တေဝေ အပတ္တစီဝရဿာပိ ဥပသမ္ပဒါ ရုဟတိ၊ နာညထာ။ —

ဟူသော ဝိမတိဋီကာနှိုက် အဋ္ဌကထာကို ထောက်ဆပြီးလျှင် သပိတ်, သင်္ကန်းမရှိ မပြည့်စုံသော်လည်း ကမ္မဝါစာနှိုက် "ပရိပုဏ္ဏာသ ပတ္တစီဝရံ" ဟူသောပုဒ်ကို ထည့်၍ ဖတ်သော်သာလျှင် ရဟန်းဖြစ်၏၊ ကံမပျက်၊ ယင်းပုဒ်ကိုထည့်၍ မဖတ်လျှင် ရဟန်းမဖြစ်ဟု သာမညသာ ပြတော်မူ၏။

(၈) ယထာစ အပရိပုဏ္ဏပတ္တစီဝရဿ ဥပသမ္ပဒါနကာလေ ကမ္မဝါစာယ ပရိပုဏ္ဏာသ ပတ္တစီဝရန္တိ အသန္တေပတ္ထုံ ကိတ္တေတွာ ကမ္မဝါစာယ ကတာယပိ ဥပသမ္ပဒါ ရုဟတိ၊ ဧဝံ အယံ ဗုဒ္ဓရက္ခိတော အာယသ္မတော မမ္မရက္ခိတဿ ဥပသမ္ပဒါပေက္ခော်ပိ အသန္တံ ပုဂ္ဂလံ ကိတ္တေတွာ ကေဝလံ သန္တပဒနိဟာရေန ကမ္မဝါစာယ ကတာယ ဥပသမ္ပဒါ ရုဟတိယေဝါတိ ဒဋ္ဌဗ္ဗံ၊ တေနေဝါဟ ကမ္မံ ပန နကုပ္ပတီတိ။

ဟူသော ဝိနည်းမဟာဝါတေရသကဏ်ဋီကာ အနုပဇ္ဈာယကဝတ္ထု အဖွင့်နှိုက် သပိတ်, သင်္ကန်းမပြည့်စုံသောသူအား ရဟန်းခံသောအခါ ကမ္မဝါစာနှိုက် "ပရိပုဏ္ဏာသ ပတ္တစီဝရံ" ဟူ၍ထင်ရှားမရှိသော သပိတ်, သင်္ကန်းတည်းဟူသော ဝတ္ထုကို ကြား၍ ကမ္မဝါစာဖတ်ခြင်းကို ပြုသော်လည်း ရဟန်းအဖြစ်သည် ရောက်သကဲ့သို့ဟု ဥပမာနကို သာမညအားဖြင့်သာလျှင် ပြတော်မူ၏၊ ဂိဟိလိင်္ဂအားဖြင့် အထူးမပြု။

(ဂ) ဥပဇ္ဈာယော စေ ကေသမဿု ဩရောပနာဒိနိ အကတ္ဝာ ပဗ္ဗဇ္ဇတ္ထံ သရဏာနိ ဒေတိ၊ နာ ရုဟတိ ပဗ္ဗဇ္ဇာ၊ ကမ္မဝါစံ သာဝေတ္ဝာ ဥပသမ္ပါဒေတိ၊ ရုဟတိ ဥပသမ္ပဒါ။ အပတ္တိစဝရာနံ ဥပသမ္ပဒါ သိဒ္ဓိ ဒဿနတော ကမ္မဝိပတ္တိယာ အဘာဝတော စေတံ ယုဇ္ဇတေဝါတိ ဧကေ။ ဟောတိစေတ္ထ—

သလိင်္ဂဿဝ ပဗ္ဗဇ္ဇာ၊ ဝိလိင်္ဂဿာဝိစေတရာ။
အပေတပုဗ္ဗဝေသဿ၊ တဒ္ဓယာ ဇုတိ စာပရေတိ။

ဟူသော ဝင်္သရဋ္ဌဝိဒ္ဒီကာန္သိုက် ဥပဇ္ဈာယ်ဆရာသည် ဆံမုတ်ဆိုတ်ကို ရိတ်ပယ်ခြင်း, သင်္ကန်းဝတ်ဆင်းခြင်းကို မပြုမူ၍ ရှင်သာမဏေဖြစ်စေခြင်းအကျိုးငှါ သရဏဂုမ်တို့ကိုပေး၏၊ ရှင်သာမဏေ၏ အဖြစ်သည် မရောက်၊ ကောင်း၏၊ ဆံမုတ်ဆိတ်ကို ရိတ်ပယ်ခြင်း, သင်္ကန်းဝတ်ဆင်းခြင်းကို မပြုမူ၍ ကမ္မဝါစာကို ဖတ်ကြား၍ ရဟန်းပဉ္စင်းခံအံ့ ရဟန်းပဉ္စင်းအဖြစ်သည် ရောက်၏၊ သပိတ်သင်္ကန်း မရှိကုန်သော သူတို့၏ ရဟန်းအဖြစ်၏ ပြီးပြည့်စုံခြင်းကို မြင်ခြင်းကြောင့်ဌင်း၊ ဥပသမ္ပဒကံ၏ ပျက်စီးခြင်း၏ မရှိခြင်းကြောင့်ဌင်း ထိုစကားသည် သင့်သည်သာလျှင်တည်းဟု ဧကေဆရာတို့ဆိုကြကုန်၏ မနှစ်သက်လတ္တန်း၊ ရှင်သာမဏေ၏ အဖြစ်သည် ဆံမုတ်ဆိတ်ကို ရိတ်ပယ်၍ သင်္ကန်းဝတ်ဆင်းပြီးသော ရှင်သာမဏေ၏ အသင့်ရှိသောသူအားသာလျှင် ရောက်၏၊ကောင်းပေ၏။ ရဟန်း၏ အဖြစ်သည် သာမဏေ၏အသင့်မှ ကင်းသော လူ၏အသင့်ရှိသောသူအားလည်း ရောက်၏၊ မနှစ်သက်။ ရှေးလူ၏အသင့်မှကင်းပြီးသော သာမဏေ၏ အသင့်ရှိသော သူအားလည်း ရောက်၏၊ ကောင်း၏။ ဤသို့ အပရေဆရာတို့ ဆိုကြကုန်၏ဟု ဧကေဝါဒ, အပရေဝါဒကို ပြတော်မူ၏။ ဝိနယာလင်္ကာရဋ္ဌီကာဆရာသည်လည်း ယင်းဝင်္သရဋ္ဌဝိဒ္ဒီကာပါဠိကို ယူပြီးလျှင် ယင်းပါဠိအတိုင်းပင်လျှင် ပြတော်မူ၏၊ ထိုသို့ ပြသော်လည်း မည်သည့်ဝါဒသင့်မြတ်ကြောင်းကို ဝိနိစ္ဆယပြုတော်မမူခဲ့ချေ၊ ဥပေက္ခာထားတော်မူခဲ့၏။

မှတ်ချက်—ယခုကာလနှိုက် ယင်းဝင်္သရဋ္ဌဝိဒ္ဒီကာန္သိုက်လာသော ဧကေဝါဒအပရေဝါဒကိုစဉ်၍ ဂိဟိလိင်္ဂဖြင့် ရဟန်းခံသော်လည်း အပ်၏၊ သာမဏေ၏ အသင့်ဖြင့် ရဟန်းခံမှသာလျှင် အပ်၏၊ ဤသို့ ဝိဝါဒဖြစ်ကြသည်ဟု မှတ်။

အဋ္ဌကထာဆရာသည် ပါဠိတော်နှိုက် မာတုဃာတက စသော ပုဂ္ဂိုလ်တို့ကဲ့သို့ အနုသမ္ပန္နောပုဒ်ဖြင့် အထူးပြု၍ ရဟန်း မဖြစ်ဟု ပယ်မြစ်ခြင်းမရှိသည်ကိုငင်း၊ ရဟန်းပြုသောအခါနှိုက် အထူးအသစ် ဝတ်ရုံရန် မရှိသည်ကိုငင်း ရည်ရွယ်ထောက်ဆတော်မူ၍ ‘‘ကမ္မံ ပန နကုပ္ပတိ’’ဟူ၍ သာမညပြတော်မူ၏၊ ဂိဟိလိင်္ဂသဒ္ဒါဖြင့် အထူးပြု၍ ပြတော်မမူ။ တေရသကဏ်ဍီကာ, ဝိမတိဍီကာ တို့နှိုက်လည်း ‘‘ကမ္မံ ပန နကုပ္ပတိ’’ဟူသော အဋ္ဌကထာသို့ လိုက်ပြီးလျှင် ကမ္မဝါစာနှိုက်‘‘ပရိပုဏ္ဏာသ ပတ္တစီဝရံ’’ဟူသောပုဒ်ကိုထည့်၍ ဖတ်သော်သာလျှင် ကံမပျက်ဟု သာမညသာ ပြတော်မူ၏။ အကယ်၍ ဝဇီရဗုဒ္ဓိဍီကာလာ ဧကဝါဒ, အပရဝါဒသို့ လိုက်၍ ဂိဟိလိင်္ဂဖြင့် ရဟန်းပြု၍ ပေးခဲ့ငြားအံ့ ရဟန်းနှင့်လူ ထူးခြားခြင်းမရှိသော အပြစ်ဒေါသသည် ဖြစ်ခဲ့ရာ၏၊ မြတ်စွာဘုရားဟောတော်မူအပ်သော ‘‘ပဌမံ ကေသမဿုံ ဩဟာရာပေတွာ ကာသာယာနိဝတ္ထာနိ အစ္ဆာဒဒါပေတွာ’’ဟူသောစကားသည် နိရတ္ထက အကျိုးမရှိသည် ဖြစ်ခဲ့ရာ၏။ ထိုကြောင့် ဝဇီရဗုဒ္ဓိဍီကာနှိုက်‘‘အစီဝရိကံ’’ဟူသော သာမညစကား ကိုစွဲ၍၊ ဝါ-ဗျတိရေကအားဖြင့် အဓိပ္ပါယ်ကိုယူ၍ ဂိဟိလိင်္ဂဖြင့် ဥပသမ္ပဒကံကို ပြုရာနှိုက် ရဟန်းဖြစ်ကြောင်းကို ဧကဝါဒ, အပရဝါဒ ပြငြားသော်လည်း ကေသစ္ဆေဒန, ကာသာယစ္ဆာဒနကို မပြုဘဲ ဂိဟိလိင်္ဂဖြင့် သရဏဂုမ်းကို ပေးရာနှိုက် မုချသာမဏေအစစ် မဖြစ်သကဲ့သို့၊ ဂိဟိလိင်္ဂဖြင့် ကမ္မဝါစာကို ဖတ်ကြားရာနှိုက် ရှေးဦးစွာ ဆံမုတ်ဆိတ်ကို ရိတ်ပယ်ခြင်း ပဗ္ဗဇ္ဇာဂ်ါ၊သင်္ကန်းဝတ်ဆင်းခြင်း ပဗ္ဗဇ္ဇာဂ်ါနှစ်ပါး ချုတ်ယှင်းခြင်းကြောင့်ငင်း၊ ဥပဇ္ဈာယ်ဆရာ ကမ္မဝါစာဆရာ ကာရကသံဃာတော်တို့အား ဒုက္ကဋ်အာပတ် သင့်ရောက်ခြင်း ကြောင့်ငင်း၊ထိုဒုက္ကဋ်အာပတ်သည်လည်း သာမညမဟုတ် ‘‘သဉ္ဇိစ္စ ဝီတိက္ကန္တဉ္ဇိ အန္တမသော ဒုက္ကဋ ဒုဘ္ဘာသိတံပိ သဂ္ဂမဂ္ဂဖလာနံ အန္တရာယံ ကရောတိ’’ ဟူသော ပဏ္ဏာသအဋ္ဌကထာနှင့်အညီ သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ်ကို ပြုတတ် သောကြောင့်ငင်း၊ မြတ်စွာဘုရား၏ သာသနာတော်သည် တိတ္ထိသာသနာ မဟုတ်သောကြောင့်ငင်း၊ သာသနာတော်နှိုက် သာရုပ္ပ မဖြစ်သောကြောင့် ငင်း၊ရှေးရှေးနှိုက် ဖြစ်တော်မူကြကုန်သော ဝိနယဂရုက ဝိနယမရဆရာတော် ကြီးတို့သည် ဂိဟိလိင်္ဂဖြင့် ဥပသမ္ပဒကံ ပြုခြင်းကို မကြားမတွေ့မြင်ဘူးသော ကြောင့်ငင်း၊ ‘‘ဝိနယဝိနိစ္ဆယေဟိ အာဂတေ ဂရုကေ ဌာတဗ္ဗံ၊ သော ဝိနယ

ဓမ္မတာ''ဟူသော ပါရာဇိကဏ်အဋ္ဌကထာနှင့်အညီ ဂရုကအရာန္ဒိုက် တည်သင့်သောကြောင့်၎င်း၊ ''ပရိပုဏ္ဏပတ္တစီဝရော၀ ဥပသမ္ပါဒေတဗ္ဗော'' ဟူသော ဝိနည်းမဟာဝါ အဋ္ဌကထာန္ဒိုက် သပိတ်,သင်္ကန်း ပြည့်စုံသောသူကိုသာလျှင် ဥပသမ္ပဒကံဖြင့် ရဟန်းပဉ္စင်းပြုအပ်၏ဟု ဓေသဒ္ဒါဖြင့် ပြတော်မူသောကြောင့်၎င်း၊ ကမ္မကုပ္ပနမဖြစ်ဟု အဋ္ဌကထာဆရာသည် သင်္ကန်းအထူး မရှိသည်ကို ရည်ရွယ်၍ သန္ဓာယဘာသိတအားဖြင့် ပြသော်လည်း ရှေးဦးစွာ သာမဏေ မပြုမလုပ်စေဘဲ ဂိဟိလိင်္ဂဖြင့် ရဟန်းမပြုအပ် ပဉ္စင်းမခံအပ် မခံထိုက်ဟု မုချသန္နိဋ္ဌာန်ကျ မှတ်အပ်၏။ မြတ်စွာဘုရား၏ လက်ထက်တော်ဒိုက် အစီဝရိက ပုဂ္ဂိုလ်ကို ဂိဟိလိင်္ဂဖြင့် ရဟန်းခံသည်မဟုတ်လော စောဒနာတက်ခဲ့မူ ဆိုလတံ့သော စကားဖြင့် ဖြေကြားအပ်၏၊ အစီဝရိက သင်္ကန်းမရှိသောသူကို ရဟန်းပြုသော၀တ္ထုသည် ''ပဌမံ ကေသမဿုံ ဩဟာရာပေတ္ဝာ ကာသာယာနိ၀တ္ထာနိ အစ္ဆာဒါပေတ္ဝာ''စသည်ဖြင့် သရဏဂုမ်ဖြင့် သာမဏေ၏ အဖြစ်ကို ခွင့်ပြုတော်မူပြီးသည်မှ နောက်ဒိုက်၎င်း၊ ရှေးဦးစွာ ဥတ္တိစတုတ္ထကံဖြင့် ရဟန်း၏ အဖြစ်ကို ခွင့်ပြုတော်မူသော ရာဓပုဏ္ဏား၏၀တ္ထုဒိုက် ''တေနဟိ တုံ သာရိပုတ္တ တံ ဗြာဟ္မဏံ ပဗ္ဗာဇေဟိ ဥပသမ္ပါဒေဟီတိ၊ကထာဟံ ဘန္တေ တံ ဗြာဟ္မဏံ ပဗ္ဗာဇေမိ ဥပသမ္ပါဒေမီတိ။လ။အနုဇာနာမိ ဘိက္ခဝေ ဥတ္တိစတုတ္ထေန ကမ္မေန ဥပသမ္ပါဒေတုံ''ဟူ၍ မြတ်စွာဘုရားသည် သာရိပုတ္တရာ ရာဓပုဏ္ဏားကို ရှေးဦးစွာ သာမဏေပြုလော၊ ထိုနောင်မှ ရဟန်းပဉ္စင်းပြုလောဟု ခွင့်ပြုပညတ်တော်မူပြီးသည်မှ နောက်ဒိုက်၎င်း ဖြစ်ပေါ်၍လာ၏။ ထိုသို့ နောက်မှ ဖြစ်ပေါ်၍လာသောကြောင့် ''တေနခေါပန သမယေန အစီဝရိကံ ဥပသမ္ပါဒေန္တိ၊ နဂ္ဂါ ပိဏ္ဍာယ စရတိ၊ မနုဿာ ဥဇ္ဈာယန္တိ ခိယန္တိ ဝိပါစေန္တိ၊ သေယျထာပိ တိတ္ထိယာတိ''ဟူသော ပါဠိတော်နှင့်အညီ မြတ်စွာဘုရား၏ လက်ထက်တော်ဒိုက် အစီဝရိက သင်္ကန်းမပြည့်စုံသောသူကို ရဟန်းပြုတော်မူကြကုန်သော ဗုဒ္ဓသာ၀က ရဟန်းသံဃာတော်တို့သည် အထက်ပါ ခွင့်ပြုချက်နှစ်ရပ်ကို သိရှိတော်မူပြီး ဖြစ်ကြကုန်၍ ရှေးဦးစွာ ရှိသောသင်္ကန်းနွမ်းဖြင့် ရှင်သာမဏေ ပြုလုပ်စေပြီးမှ သံဃာဋ္ဌိ, ဥတ္တရာသင်္ဂ, အန္တရဝါသက ဟူသော သင်္ကန်းအထူးမရှိဘဲ အစီဝရိကပုဂ္ဂိုလ်ကို ရဟန်းပြု၍ ပေးသည်ဟု အနုမာန အားဖြင့်မှတ်သိရာ၏။သို့သော် ထိုအခါဒိုက် မြတ်စွာဘုရားသည် ဂဟပတိစီဝရ

ကို ခွင့်ပြုတော်မမူသေးရကား ရခဲသော စီဝရဒုလ္လဘသည် ဖြစ်၏၊ ပဉ္စခဏ္ဍ, သတ္တခဏ္ဍ စသည်ဖြင့် သင်္ကန်းကို ခွင့်ပြုတော်မူခြင်းလည်း မရှိသေးသည်ဖြစ်၍ ဖန်ရည်တပ်စွန်းသော ဟောင်းနွမ်းစုတ်ပြတ်သော သင်္ကန်းဖြင့်သာလျှင် ရှေးဦးစွာ ရှင်သာမဏေ ပြုလုပ်စေပြီးမှ ဒုကူဋ္ဌ,ကိုယ်ဝတ်,သင်းပိုင် တည်းဟူသော သင်္ကန်းအထူး မပြည့်စုံဘဲ ရဟန်းပြု၍ ပေးသည်ဟု သိသင့်သိထိုက်၏။

အစီဝရိကဟု ဆိုစေကာမူ ထို ဗုဒ္ဓသာဝကရဟန်းတော်တို့သည် "ပဌမံ ကေသမဿုံ ဩဟာရာပေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒါပေတွာ" စသည်ဖြင့် ဘုရားပညတ်တော်မူခြင်းကို သိတော်မူကြပြီးဖြစ်၍ တိတ္ထိရဟန်းများမဟုတ်သောကြောင့် မတင့်မတယ် မဖွယ်ရာသော အချည်းနှဲ့အားဖြင့်ဌင်း၊ ဂိဟိလိင်္ဂအားဖြင့်ဌင်း ရှင်သာမဏေ, ရဟန်းပြုလုပ်၍ မပေးတန်ရာ။ ထိုကြောင့် အစီဝရိကပုဒ်ကို ဗျတိရေကနည်းအားဖြင့် အဓိပ္ပါယ်ကို ကြံဆ၍ ဂိဟိလိင်္ဂဖြင့် ရဟန်းပြုခြင်းငှါ အပ်၏ဟု မယူထိုက် မမှတ်ထိုက်ပေ။ "နဂ္ဂါ ပိဏ္ဍာယ စရတိ" ဟူသောပါဠိနှိုက် ထိုရဟန်းသည် ဒုကူဋ္ဌ,ကိုယ်ဝတ်,သင်းပိုင် ဟူသော ဝတ်ရုံရန်သင်္ကန်းအထူးမရှိသဖြင့် သင်္ကန်းပေးကမ်းလှူဒါန်းမည့်သူကို မြော်လင့်ရည်ရွယ်၍ အလွန်စုတ်ပြတ်၍ မကောင်းဟောင်းနွမ်းသော သင်္ကန်းတို့ကို မဝတ်မရုံဘဲ တိတ္ထိတို့ကဲ့သို့ အချည်းစည်း အဝတ်မပါဘဲ ဆွမ်းခံသွား၏ဟု မှတ်သင့် မှတ်ထိုက်၏။ ဤအရာနှိုက် ဂိဟိလိင်္ဂဖြင့်ရဟန်းပြု၍ ပေးခဲ့အံ့ ဂိဟိလိင်္ဂ လူ၏အသွင်ဖြင့်သာလျှင် ဆွမ်းခံသွားခဲ့ရာ၏၊ ဤသို့ ဂိဟိလိင်္ဂဖြင့် ဆွမ်းခံမသွားသည်ကို ထောက်ဆသဖြင့် ဂိဟိလိင်္ဂဖြင့် ရဟန်းပြု၍ မပေးဟု မုချ သိထိုက်ပေ၏။ ထိုကြောင့် "အစီဝရိကံ" ဟူသောပုဒ်၏အရ ဗျတိရေကအားဖြင့် ဂိဟိလိင်္ဂအားဖြင့် ရဟန်းပြုထိုက်၏ဟူသောအဓိပ္ပါယ်ကို မမှတ်ထိုက်ချေ။ ထိုကြောင့် ဂိဟိလိင်္ဂအားဖြင့် ရဟန်းပြု၍ပေးခြင်းငှါ မအပ်ဟု မုချမှတ်အပ်၏။

မှတ်ချက်— အဋ္ဌကထာဆရာသည် ရဟန်းခံခြင်းငှါ လျောက်ပတ်သော သံဃာဋ္ဌိ, ဥတ္တရာသင်္ဂ်, အန္တရဝါသက တည်းဟူသော သင်္ကန်းအထူး မပြည့်စုံခြင်းကို ရည်ရွယ်တော်မူ၍ သန္ဓာယဘာသိတအားဖြင့် "အစီဝရိကာဒိ ဝတ္ထုသုပိ ဧသေဝနယော" ဟု ပြတော်မူ၏။ ဂိဟိလိင်္ဂဖြင့် ရဟန်းပြုခြင်းငှါ အပ်သည်ကို ရည်ရွယ်၍ ပြသည်ဟု မမှတ်ထိုက်ပေ၊ ဤသို့ ဖြေဆိုအပ်၏။

အနက် (က) ဘိက္ခဝေ၊တို့။ အစီဝရိကော၊သက််နှ်းမရှိ သက််နှ်းမပြည့်စုံသော သူကို။ နဉ်ပသမွ၊ဒေတဗ္ဗော၊ရဟန်းမပြုအပ်။ ဝ၊၊ပဉ္စင်းမခံအပ်။ ယော၁ဘိက္ခု၊သည်။ ဉပသမွ၊ဒေယျ၊အံ့။ တ၁ဘိက္ခုနော၊အား။ ဒုက္ကဋ္ဌဿ၊သို့။ အာပတ္တိ အာပဇ္ဇနံ၊သည်။ ဟော၁တိ၊၏။

(ခ) အာပတ္တိဒုက္ကဋ္ဌဿ၁တိ၊ကား။ ဧဝံ၊ဤသို့ သပိတ်မရှိဘဲ။ဉပသမွ၊ဒေန္တဿေ၀၊ရဟန်းပဉ္စင်းခံပေးသော ရဟန်းအား၁ဘလျှင်။ အာပတ္တိ၊ဒုက္ကဋ် အာပတ်သည်။ ဟော၁တိ၊၏။ပန၊ထိုသို့ ဒုက္ကဋ်အာပတ်သင့်သော်လည်း။ကမ်္မ၊ဉပသမွဒကံသည်။ နကုပ္ပတိ၊မပျက်။ အစီဝရကာဒိဝတ္ထူသုပိ၊အစီဝရက အစရှိကုန်သော ဝတ္ထုတို့နှိုက်လည်း။ ဧသေ၀နယော၊ ဤဆိုအပ်ပြီးသော နည်းကဲ့သို့သော နည်းကို။ ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။

(ဂ) အပရိပုဏ္ဏာဿ ပတ္တစီဝရဿ၊ ကား။ အဿဉပသမွဒါပေက္ခဿ၊ ထို ရဟန်းအဖြစ်ကို ငဲ့သော သူအား။ ဝ၊၊ရဟန်းလောင်းအား။ ပတ္တစီဝရံ၊သပိတ် သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ပြည့်စုံပြီ။ ဧဝံ၊သို့။ ဝုတ္တော၀၊ကမ္မ၀ါစာနှိုက် ဖတ်ဆို သော်သာလျှင်။ အပတ္တစီဝရဿပိ၊သပိတ်,သင်္ကန်းမရှိ မပြည့်စုံသော သူအားလည်း။ဝ၊၊၏လည်း။ဉပသမွဒါ၊ရဟန်း၏အဖြစ်သည်။ရှုဟတိ၊ရောက်၏။အညထာ၊ကမ္မ၀ါစာနှိုက် "ပရိပုဏ္ဏာဿ ပတ္တစီဝရံ" ဟူ၍ ဖတ်ဆိုသည်မှတပါး မဖတ်ဆိုသော အခြင်းအရာအား၁ဖြင့်။ဉပသမွဒါ၊သည်။ နရှုဟတိ၊မရောက်။

သာမဏေရပဗ္ဗဇ္ဇာ ဝိနိစ္ဆယ ပြီးပြီ။

ဘာသန္တရ ဝိနိစ္ဆယ

၁၂၀၃-ခု၊ တပိုတ့ဲလပြည့်ကျော်(၂)ရက်နေ့။

မော်လမြိုင်မြို့ ကတိုးကွင်းကျောင်းဘုန်းကြီး ရှင်ဥတ္တမ,က ရဟန်းခံ,ရှင်ပြုရာတို့နှိုက် မြန်မာဘာသာမှတပါး ရှမ်း,တလိုင်း ဘုန်းတော်ကြီးတို့သည် ၎င်းတို့၏ ဘာသာနှင့် ကမ္မ၀ါစာဖတ်ခြင်း သရဏဂုံပေးခြင်းပြုခဲ့သော် ရဟန်း,သာမဏေဖြစ် မဖြစ် သိလိုပါသည်ဘုရားဟု လျှောက်ထားရာနှိုက်—

(က) ယထာ ပါဠိယာ နိရုတ္တိ ံ သောဓေတ္ဝာ ဒသဝိဓာယ ဗျဉ္ဇန နိရုတ္တိယာ ဝုတ္တဒေါသေ ပရိဟရန္တေန ကမ္မဝါစာ ကာတဗ္ဗာ။ ဣတရထာ ဟိ သဝနံ ဟာပေတိနာမ။ ဝိနည်းမဟာဝါ အဋ္ဌကထာ

(ခ) ပဗ္ဗဇ္ဇာ ပန ဣမာနိ တိဏိသရဏာနိ ဗုကာရ ဓကာရာဒီနံ ဗျဉ္ဇနာနံ ဌာနကရဏသမ္ပဒံ အဟာပေန္တေနေဝ အာစရိယေ နဝိ အန္တေဝါသိကေနဝိ ဝတ္တဗ္ဗာနိ။ သစေ အာစရိယော ဝတ္တုံ၊ သက္ကောတိ၊ အန္တေဝါသိကော နသက္ကောတိ၊ အန္တေဝါသိကောဝါ သက္ကောတိ၊အာစရိယော နသက္ကောတိ၊ ဥဘောဝိဝါန သက္ကောန္တိ နဝဋ္ဋတိ။သစေ ပန ဥဘောဝိ သက္ကောတိ ဝဋ္ဋတိ၊ ဣမာနိစ ပန ဒဒမာနေန ဗုဒ္ဓံ သရဏံ ဂစ္ဆာမိတိ ဧဝံ ကေသမ္မန္ဓာဒိ အနုနာသိကန္တာနိဝါ ကတ္ဝာ ဒါတဗ္ဗာနိ။ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိတိ ဧဝံ ဆိန္နိတ္ဝာ မကာရန္တာနိဝါ ကတ္ဝာ ဒါတဗ္ဗာနိ။ ၎င်းအဋ္ဌကထာ

ဤမဟာဝါ အဋ္ဌကထာနှိုက် ရဟန်းခံ ကမ္မဝါစာ ရွတ်ဖတ်သောအရာဝယ် “ယထာ ပါဠိယာ နိရုတ္တိ ံ သောဓေတ္ဝာ” စသည်ဖြင့် ဖွင့်ဆိုတော်မူသော ကြောင့်၎င်း၊ ရှင်ပြု သရဏဂုမ်ပေးသောအရာဝယ်“ဣမာနိ တိဏိ သရဏာနိ ဗုကာရ ဓကာရာဒီနံ ဗျဉ္ဇနာနံ ဌာနကရဏသမ္ပဒံ အဟာပေန္တေနေဝ”စသည် ဖြင့် ဖွင့်ဆိုတော်မူသောကြောင့်၎င်း ကမ္မဝါစာ ရွတ်ဖတ်ခြင်း, သာမဏေတို့ အား သရဏဂုမ်ပေးခြင်းတို့နှိုက် မဂဓဘာသာ ဟုဆိုအပ်သော ပါဠိဘာသာမှ တပါးသော မြန်မာ, ရှမ်း, တလိုင်း စသောဘာသာတို့ဖြင့် မအပ်၊ ရဟန်း, သာမဏေ မဖြစ်ဟု မုချ သန္နိဋ္ဌာန်ကျ မှတ်သားအပ်၏။

အနက် (က) ယထာပါဠိယာ၊မြတ်စွာဘုရား ဟောတော်မူတိုင်းသော မဂဓဘာသာ ပါဠိဖြင့်။ နိရုတ္တိ ံ၊ သဒ္ဒါကို။ သောဓေတ္ဝာ၊ ကျန်မှန်ကန်စွာ အကွဲရာ မချွတ်မယွင်းရအောင် သုတ်သင်၍။ ဒသဝိဓာယ၊ ဆယ်ပါး အပြားရှိသော။ ဗျဉ္ဇန နိရုတ္တိယာ၊ ဗျဉ္ဇန်နိရုတ္တိဖြင့်။ ဝုတ္တဒေါသေ၊ဆိုအပ်ပြီးသော ကမ္မဝါစာ၏ အပြစ်ငါးပါးတို့ကို။ ပရိဟရန္တေန၊ ပယ်သဖြင့်။ ကမ္မဝါစာ၊ကမ္မဝါစာကို။ ကာတဗ္ဗာ၊ဖတ်ရွတ်ခြင်းကို ပြုအပ်၏။ ဟိ၊လဒ္ဓဒေါသကို

ဆိုဦးအံ့။ ဣတရထာ၊ဤပါဠိဘာသာမှ တပါးသော မြန်မာ, ရှမ်း, တလိုင်း စသော ဘာသာအပြားအားဖြင့်။ ဝါစိတော၊ဖတ်ရွတ်ခြင်းကို။ ကတော၊ပြုသည် ရှိသော်။ သဝနံ၊ ကမ္မဝါစာကို။ ဟာပေတိနာမ၊ ယုတ်စေသည်မည်၏။ ဝါ၊ ပျက်စေသည် မည်၏။

(ခ) ပန၊ ဥပသမ္ပဒကံမှတပါး ပဗ္ဗဇ္ဇကံကို ဆိုဦးအံ့။ ဝါ၊ ဥပသမ္ပဒကံ ဆောင်ရာ ကမ္မဝါစာရွတ်ဖတ်သော နည်းနယမှတပါး ရှင်ပြုရာ သရဏဂုမ်ပေး သော နည်းနယကို ဆိုဦးအံ့။ ဝါ၊ ရဟန်းခံသော အခြင်းအရာမှတပါး ရှင် သာမဏေပြုသော အခြင်းအရာကို ဆိုဦးအံ့။ ပဗ္ဗဇ္ဇာယ၊ ရှင်ပြုခြင်းနှိုက်။ ဝါ၊ ရှင်အဖြစ်နှိုက်။ ဣမာနိ တီဏိ သရဏာနိ၊ဤသုံးပါးသော သရဏဂုမ်တို့ကို။ ဝါ၊ ဤသုံးပါးသော သရဏဂုမ်ပါဠိတို့ကို။ ပုကာရ ဓကာရာဒီနံ၊ ပုအက္ခရာ, ဓအက္ခရာ အစရှိကုန်သော။ ဗျဥ္ဇနာနံ၊အက္ခရာတို့၏။ ဌာနကရဏသမ္ပဒံ၊ဌာန် ကရိဏ်း၏ ပြည့်စုံခြင်းကို။ အဟာပေန္တေနေဝ၊ မယုတ်စေသဖြင့်သာလျှင်။ အာစရိယေနပိ၊ သရဏဂုမ်ပေးသော ဆရာသည်ဌင်း။ အန္တေဝါသိကေနပိ၊ သရဏဂုမ်ယူသော တပည့်သည်ဌင်း။ ဝတ္တာဗ္ဗာနိ၊ ရွတ်ဆိုအပ်ကုန်၏။ အာစရိယော၊ ဆရာသည်။ ဝတ္တုံ၊ အက္ခရာ ဌာန်, ကရိဏ်းမယုတ် ရွတ်ဆိုခြင်းငှါ။ သစေသက္ကောတိ၊ အကယ်၍ စွမ်းနိုင်သည်ဖြစ်အံ့။ အန္တေဝါသိကော၊သည်။ ဝတ္တုံ၊ငှါ။ သစေနသက္ကောတိ၊အကယ်၍ မစွမ်းနိုင်အံ့။ အန္တေဝါသိကော၀ါ၊ တပည့်သည်မူလည်း။ ဝတ္တုံ၊ ငှါ။ သစေသက္ကောတိ၊ အကယ်၍ စွမ်းနိုင်အံ့။ အာစရိယော၊ ဆရာသည်။ ဝတ္တုံ၊ ငှါ။ သစေနသက္ကောတိ၊ အံ့။ ဥဘောပိ၀ါ၊ ဆရာ, တပည့် နှစ်ယောက်တို့သည်မူလည်း။ သစေ နသက္ကောန္တိ၊ ကုန်အံ့။ နဝန္နတိ၊ မအပ်။ ဝါ၊ ရှင်သာမဏေ မဖြစ်။ ပန၊ အထူးကိုဆိုဦးအံ့။ ဣမာနိစ၊ ဤသရဏဂုမ်တို့ကိုမူလည်း။ ဒဒမာနေန၊ပေးသောရဟန်းသည်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိတိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိဟူ၍။ ဧဝံ၊ ဤသို့။ ဧကသမ္ဗန္ဓာဒိ အနုနံ့သိ ကန္တာနိဝ၊ တစပ်တည်း စပ်ခြင်းအစရှိသော နိဂ္ဂဟိတ် အဆုံးရှိသည်တို့ကိုမူ လည်း။ ကတ္ဝာ၊ပြု၍။ ဒါတဗ္ဗာနိ၊ပေးအပ်ကုန်၏။ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိတိ၊ ၍။ ဧဝံ၊ဤသို့။ ဝိစ္ဆိန္ဒိတွာ၊ ဗုဒ္ဓမ်ဟူသော ပုဒ်တို့ကို စဉ်းငယ်ဖြတ်၍။ မကာရန္တာနိဝ၊ မအက္ခရာအဆုံးရှိသည်တို့ကိုမူလည်း။ ကတ္ဝာ၊ ပြု၍။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။

အဘယ့်ကြောင့် မြန်မာ,ရှမ်း,တလိုင်းစသော ဘာသာတို့ဖြင့် ကမ္မဝါစာဖတ်ခြင်း သရဏာဂုမ်ပေးခြင်းငှါ မအပ်သနည်းဟု စောဒနာမူ....မြန်မာ, ရှမ်း, တလိုင်းစသော ဘာသာတို့နှိုက် သိထိုလ, ဓနိတစသော ဗျည္ဇနဗုဒ္ဓိဆယ်ပါး ကျနမှန်ကန်စွာ မရသင့်သောကြောင့်ငင်း၊ ဘုရားမြတ်စွာသည် မြန်မာ,ရှမ်း, တလိုင်းစသော ဘာသာတို့ဖြင့် ပိဋကတ်သုံးပုံကို ဟောတော်မမူသောကြောင့်ငင်းတည်းဟု ဖြေဆိုအပ်၏။

သို့ဖြစ်၍ တလိုင်းဘုန်းကြီးများသည် "သုဏာတု မေ ဘန္တေ သံဃော" စသော ပါဠိဘာသာ ကမ္မဝါစာကို"စောက်ဏာတောက်မေ ဘွောန္တေ စွန်ခူး" စသည်ဖြင့် ရွတ်ဖတ်ခြင်းသည်ငင်း၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"ဟူသော မဂဓပါဠိဘာသာကို "ဖွတ်တုံ စရဏုံ ဂစ်ချာမိုက်" ဟူ၍ ဖတ်ရွတ်ခြင်းသည်ငင်း၊ ဥပမာ-ကြက်နှင့် ကျီးကန်း စပ်၍ရသော တိရစ္ဆာန်သည် ကြက်ကဲ့သို့လည်း မတွန်၊ ကျီးကန်းကဲ့သို့လည်း မမြည်၊"အောက္ကလိ အာ"မည်သကဲ့သို့၊မိမိတို့၏ ဘာသာလည်း မကျန၊ မဂဓဘာသာလည်း မကျန၊ ပါဠိဘာသာကို ဗျည္ဇနဗုဒ္ဓိဆယ်ပါးနှင့် မသင့်မလျော် မညီမညွတ် ပုဒ်အက္ခရာကို ဖျက်ဆီး၍ မကောင်းသဖြင့် ဖတ်ရွတ်ပြီးလျှင် ပဋ္ဌင်းခံခြင်း, ရှင်သာမဏေပြုခြင်းကို ပြုလုပ်သောကြောင့် မုချစင်စစ် ရဟန်း,သာမဏေ မဖြစ်ဟု မှတ်သားအပ်၏။ ထိုကြောင့် ပရိဝါအဋ္ဌကထာနှိုက်—

> အက္ခရံဝါ ပဒံဝါ ဆဋ္ဌေန္တောဝိ ဒုရုတ္တံ ကရောန္တောဝိ အနုသဝနံ ဟာပေတိယေဝါတိ ဝေဒိတဗ္ဗော။—ဟု မိန့်တော်မူ၏။

အနက် အက္ခရံဝါ၊အက္ခရာကိုငင်း။ ပဒံဝါ၊ပုဒ်ကိုငင်း။ ဆဋ္ဌေန္တောပိ၊စွန့်သော်ငင်း။ဒုရုတ္တံ၊မကောင်းသဖြင့် ရွတ်ဆိုခြင်းကို။ကရောန္တောပိ၊ပြုသော်ငင်း။ အနုသဝနံ၊ကမ္မဝါစာကို။ ဟာပေတိယေဝ၊ယုတ်စေသည်သာလျှင်တည်း။ ဣတိ၊ကြ၏သို့။ ဝေဒိတဗ္ဗော၊သိအပ်၏။

သို့ ရှမ်း,တလိုင်းတို့ ရဟန်းခံခြင်းသည် ရဟန်းမဖြစ်သောကြောင့် သက်ပန်းဆရာတော်ကြီးသည် မဂဓပါဠိဘာသာတို့ဖြင့် အဋ္ဌကထာနှင့်အညီ ကမ္မဝါစာ ဖတ်ရွတ်၍ ရှမ်းဘုန်းကြီးများ ရဟန်းခံပေးထားသော ရှမ်းဦးပဋ္ဌင်းများကို ထပ်မံ၍ ရဟန်းခံပေးခြင်းသည် ကောင်းသောပြုလုပ်ခြင်းပင်တည်းဟု မှတ်အပ်၏။

မောင်းထောင် ဆရာတော်ဘုရားကြီးသည် “သက်ပန်း ဆရာတော်ကလဲ ရှမ်းဦးပဉ္စင်းလေးတွေကို အာပတ်သင့်အောင်လုပ်ပြန်ပါပြီ”ဟုမိန့်တော်မူခြင်း သည်လည်း ရှေးက ရှမ်းဘာသာဖြင့် မဂဓပါဠိဘာသာကို မမှန်မကန် ဖတ်ရှုတ်၍ ရဟန်းခံသောကြောင့် ရဟန်းစစ် မဖြစ်၊ မဖြစ်ကလည်း အာပတ်မသင့်ထိုက်၊ ရဟန်းဖြစ်မှ အာပတ်သင့်ထိုက်သည်ကိုစဲ့၍ မိန့်ဆိုတော်မူသောကြောင့် ကောင်းသော မိန့်ဆိုခြင်းပင်တည်းဟု မှတ်သားအပ်၏။

သင်္ဃာဆရာတော်ကြီးသည် “မြန်မာရဟန်းခံလျှင် မြန်မာရဟန်း၊ ရှမ်းရဟန်းခံလျှင် ရှမ်းရဟန်း၊ တလိုင်း ရဟန်း ခံလျှင် တလိုင်းရဟန်းပေါ့”ဟု မိန့်ဆိုတော်မူခြင်းသည်လည်း မဂဓပါဠိဘာသာဖြင့် ပုဒ်အက္ခရာ မချွတ်မယွင်းရအောင် ကမ္မဝါစာဖတ်ရှုတ်၍ ရဟန်းခံသကဲ့သို့ ရဟန်းစစ် မဖြစ်ငြားသော်လည်း ရှမ်း, တလိုင်းတို့၏ ရဟန်းဖြစ်၏ဟူသော အမှတ်သင်္ကေတအားဖြင့် ရဟန်းဟု မှတ်ထင်သော သညာဝေါဟာရသို့ လိုက်၍ မိန့်ဆိုတော်မူသောကြောင့် ကောင်းသော မိန့်ဆိုခြင်းပင်တည်းဟု မှတ်သားအပ်၏။

သိက္ခာပုဒ်ကို ဆောက်တည်ခြင်း ပရိဝါသ်, မာနတ်ကြားခြင်း စသည်တို့သာလျှင် “ယာယကာယစိဘာသာယ”ဟု အဋ္ဌကထာ, ဋီကာတို့နှိုက် လာရှိသည်။

ကမ္မဝါစာ ဖတ်ရှုတ်ခြင်း, သာမဏေတို့အား သရဏဂုံမပေးခြင်းတို့နှိုက် မလာမရှိဟု မုချမှတ်အပ်၏။ထိုကြောင့် ဝိနည်းမဟာဝါအဋ္ဌကထာ သာမဏေတို့အား သိက္ခာပုဒ်ကို သင်ပြသောအရာနှိုက်—

> ပဗ္ဗဇ္ဇာ ဟိ သရဏဂမနေဟေဝ သိဒ္ဓါ၊ သိက္ခာပဒါနိ ပန ကေဝလံ သိက္ခာပဒ ပူရဏတ္ထံ ဇာနိတဗ္ဗာနိ၊ တသ္မာ ပါဠိယံ အာဂတနယေန ဥဂ္ဂဟေတုံ အသက္ကောန္တသ္သ ယာယကာယစိဘာသာယ အတ္ထဝသေနဝိ အာစိက္ခိတုံ ဝဋ္ဋတိ။–ဟု ဖွင့်ဆိုတော်မူ၏။

အနက် ဟိတဝေသစ္ခံ၊သိက္ခာပဒံ သမာဒိယာမိ ဟူသောပုဒ်ကို မထည့်မူ၍ ပါဠိတော် လာတိုင်းသာလျှင် ပါဏာတိပါတာ ဝေရမဏိဟူ၍ သင်အပ်၏ဟူသော ထိုစကားသည်သာလျှင် မှန်၏။ ပဗ္ဗဇ္ဇာ၊ ရှင်သာမဏေ၏ အဖြစ်သည်။ သရဏဂမနေဟေဝ၊သရဏဂုံတို့ဖြင့်သာလျှင်။ (သာမညတ္ထ)။

ဝါ၊ရတနာသုံးပါးကို ကိုးကွယ် မှီခိုရာဟူ၍ ဆည်းကပ်ခြင်းသို့ ရောက်ခြင်းတို့ ဖြင့်သာလျှင်။ (သဒ္ဒတ္ထ)။ဝါ၊ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသောပါဠိကို သဒ္ဒါဆယ်ပါး ဌာန်,ကရိဏ်းတို့နှင့် ညီညွတ်ကျန မှန်ကန်စွာ ဆရာ,တပည့်သာမဏေလောင်း တို့ ရွတ်ဆိုခြင်း သရဏဂုမ်ပါဠိတို့ဖြင့်သာလျှင်။ (အဓိပ္ပါယတ္ထ)။ သိဒ္ဓါ၊ သာမဏေဖြစ်ခြင်း ကိစ္စပြီးခြင်းသည်။ ဟောတိ၏။ နှ၊သိက္ခာပုဒ်ကို ဆောက် တည်ခြင်းဖြင့် သာမဏေဖြစ်ခြင်း ကိစ္စမပြီး။ (ဧဝသဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထ ထုတ်သည်)။ ပနံ၊ ပဗ္ဗဇ္ဇာဟူသော ရှေးဝါကျနှိုက် အပြစ်တယ်ဘုယ် ပယ်၍ ခဲခက် စကားဆက်ကို ဆက်၍ဆိုဦးအံ့။ကေဝလံ၊သာမဏေဖြစ်ခြင်းအကြောင်း ကိစ္စနှင့် မရောမယှက် သိက္ခာပုဒ်ကို ဖြည့်ခြင်းငှါ သက်သက်။ သိက္ခာပဒါနိ၊ ပါဏာတိပါတစသော ဆယ်ပါးသော သိက္ခာပုဒ်တို့ကို။ သိက္ခာပဒပူရဏတ္ထံ၊ ဆယ်ပါးသော သိက္ခာပုဒ်ကို ဖြည့်ခြင်းငှါ။ ဇာနိတဗ္ဗာနိ၊ သိအပ်ကုန်၏။ တသ္မာ၊ ထိုသို့ ဆယ်ပါးသော သိက္ခာပုဒ်တို့ကို ဖြည့်ခြင်းငှါ သိအပ်သော ကြောင့်။ တာနိ၊ ထို ပါဏာတိပါတ စသော သိက္ခာပုဒ်တို့ကို။ ပါဠိယံ၊ ပါဠိ တော်နှိုက်။အာဂတနယေန၊သိက္ခာပဒံ သမာဒိယာမိဟူသောပုဒ် မပါ ပါဏာ တိပါတာ ဝေရမဏိဟူ၍ လာသောနည်းဖြင့်။ ဥဂ္ဂဟေတုံ၊ ပါဏာတိပါတာ ဝေရမဏိဟူ၍ ပါဠိဘာသာဖြင့် သင်ယူစေခြင်းငှါ။ အသက္ကောန္တဿ၊မစွမ်း နိုင်သော သာမဏေအား။ ယာယကာယစိဘာသာယ၊ အမှတ် မရှိသော မြန်မာ,ရှမ်း,တလိုင်း စသောဘာသာဖြင့်။ အတ္ထဝသေနပိ၊ အနက်နှင့် စပ် သဖြင့်လည်း။ ဝါ၊အနက်၏ အစွမ်းအားဖြင့်ဝင်း။သဒ္ဒဝသေနပိ၊ပါဠိဘာသာ သဒ္ဒါ၏ အစွမ်းဖြင့်ဝင်း။ (ဝင်းအနက်ကား ပိသဒ္ဒါဖြင့်ပေါင်းယူသောအနက်။ ပိသဒ္ဒါကား ပါဏာတိပါတာ ဝေရမဏိ စသော ပါဠိဘာသာကို ပေါင်းဆည်း သော အနက်ရှိသော သမ္ပိဏ္ဍနတည်း)။ အာစိက္ခိတုံ၊သင်ပြ ပြောကြားခြင်း ငှါ။ ဝဋ္ဋတိ၊အပ်၏။

“သရဏဂမနေဟေဝ” ဟူသောပါဠိနှိုက် “ဧဝ”သဒ္ဒါ၏ အနက်ကို မေး လျှောက်သည်မှာ....ဧဝသဒ္ဒါ၏ အနက်သည် ဂဟေတဗ္ဗတ္ထ, နိဝတ္တေတဗ္ဗတ္ထ, အနုညာတတ္ထအားဖြင့် သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် ဤအရာနှိုက် သရဏဂုမ်တို့ဖြင့် သာမဏေဖြစ်ခြင်း ကိစ္စပြီးခြင်း အနက်သည် ဂဟေတဗ္ဗတ္ထ မည်၏။ ပါဏာတိပါတစသော သိက္ခာပုဒ်တို့ကို ကျင့်သုံးဆောက်တည်ကာမျှ

ဖြင့် သာမဏေဖြစ်ခြင်း ကိစ္စပြီး၏ဟူသောအနက်ကို နှစ်စေခြင်းသည် နိဝတ္တော တပ္ပတ္ထ မည်၏။ သရဏဂုမ်ဖြင့် သာမဏေဖြစ်ခြင်းကိစ္စသာ ပြီးသည်သာလျှင် မဟုတ်သေး၊ ပါဏာတိပါဘစသော ဆယ်ပါးသော သိက္ခာပုဒ်တို့ကို ဆောက်တည်ဖွယ်မရှိ ဆောက်တည်ခြင်းကိစ္စလည်း ပြီးပြည့်စုံပြီး မည်သည်သာလျှင်တည်း ဟူသောအနုညာတအနက်ကို သိအပ် မှတ်အပ်၏။

"ယာယကာယစိဘာသာယ အတ္ထဝသေနပိ" ဟူသော ဝါကျန္ဒိုက် "ပိ" သဒ္ဒါ၏ အနက်ကို မေးလျှောက်သည်မှာ.... ၎င်းပိသဒ္ဒါကို သမ်ဗဉ္ဇနအနက် ရှိသော ပိသဒ္ဒါဟု မှတ်အပ်၏။ ပေါင်းဆည်းဟန်ကား....သာမဏေတို့ ကျင့်သုံးအပ်သော ဆယ်ပါးသီလ၏အနက်အဓိပ္ပါယ်သရုပ်ကို မြန်မာ,ရှမ်း,တလိုင်းစသော အမှတ်မရှိသော ဘာသာဖြင့်သာ သင်ပြ ပြောကြားအပ်သည်သာလျှင် မဟုတ်သေး၊ ပါဏာတိပါတာ ဝေရမဏိစသော ပါဠိဘာသာဖြင့်လည်း သင်ပြ ပြောကြားအပ်သေး၏ဟူသော အနက်,အဓိပ္ပါယ်ကို ပေါင်းဆည်း၏။ အဋ္ဌကထာ,ဋီကာတို့ဒိုက် သမ်ဗဉ္ဇန,သမုစ္စည်း အထူးမရှိဟု မှတ်အပ်၏။

သာမဏေတို့အား ကျင့်အပ်သောသီလကို သင်ပြ ပြောကြား၍ သီလပေးရာဒိုက် အထူးမှတ်သားရန် အချက်ကား....ရဟန်းတို့မှာ ကမ္မဝါစာ ဖတ်ရွတ်ပြီးသော အဆုံးဒိုက် ရဟန်းအဖြစ်သို့ ရောက်သည်နှင့်တပြိုင်နက် သိက္ခာပုဒ် ဆောက်တည်ပြီး မည်သကဲ့သို့၊ ထိုအတူ သာမဏေတို့မှာလည်း သရဏဂုမ်ကို ပိသစ္စာ ရွတ်ဆို ဆောက်တည်ပြီးသော အဆုံးဒိုက် သာမဏေ အဖြစ်သို့ ရောက်သည်နှင့်တပြိုင်နက် သိက္ခာပုဒ်ကို အထူးဆောက်တည်ဖွယ်မရှိ၊ဆောက်တည်ခြင်း ကိစ္စပြီးသောကြောင့် သာမဏေတို့အား သီလပေးသောအခါ သိက္ခာပဒံ သမာဒိယာမိ ဟူသောပုဒ်ကို မထည့်မူ၍ ဘုရားဟောတော်မူတိုင်း ပါဏာတိပါတာ ဝေရမဏိ စသည်ဖြင့်သာ ပေးအပ်၏။ယခုခေတ်ကာလ အခွို့ပုဂ္ဂိုလ်များ သိက္ခာပဒံ သမာဒိယာမိ ဟူသောပုဒ်ကို ထည့်စွက်၍ ပေးကြခြင်းသည် အမှားစင်စစ်ဟု မုချမှတ်သားအပ်၏။

ဘာသန္တရ ဝိနိစ္ဆယ ပြီးပြီ။

ရဟန်းခံသောအခါ သာမဏေပြုစဉ်ကာ
ဥပဇ္ဈာယ်နှုတ်လျက် နောက်ထင်ဥပဇ္ဈာယ်ဆရာ ယူသင့် မယူသင့်
အဆုံး အဖြတ်

သဲတောမြို့ ဆယ်ရွာကျောင်း ဆရာတော် ဦးသူရိယက ရဟန်းခံသောအခါ သာမဏေပြုစဉ်က ဥပဇ္ဈာယ်ဆရာ ရှိလျက်၊ နောက်ထပ် ဥပဇ္ဈာယ်ဆရာ(၁)ပါး ယူသင့် မယူသင့် လျှောက်ထားရာနှိုက်—

ဥပဇ္ဈာယ်ဆရာသည် သာမဏေ၏ ဥပဇ္ဈာယ်ဆရာ, ရဟန်း၏ ဥပဇ္ဈာယ်ဆရာဟူ၍ နှစ်မျိုး ရှိ၏။ ထိုနှစ်မျိုးတို့တွင် ရဟန်းဥပဇ္ဈယ်ဆရာ ထင်ရှားစေခြင်းငှါ ရှေးဝိနယဓရ ဆရာတော်ကြီးတို့သည် "ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော" ဟူသော ပါဠိတော်နှင့်အညီ ပဉ္စင်းမခံမီ ရှေးဦးစွာ ရဟန်းလောင်း သာမဏေ၏ ဥပဇ္ဈာယ်ဆရာ၏ အင်္ဂါငါးပါးနှင့် ပြည့်စုံလုံလောက်သော ဆရာတော်ကြီး (၁)ပါးကို ဥပဇ္ဈာယ်ယူလေ့ ရှိကြကုန်၏။ (အမှားဟု မယူသင့်)။ပဉ္စင်းခံကြသည်၊ သာမဏေပြုစဉ်က ဥပဇ္ဈာယ် ရှိသော်လည်း။ တနည်း—

> ပဋိမာ ဘိက္ခဝေ နိဿယပဋိပ္ပဿဒ္ဓိယော ဥပဇ္ဈာယမှာ ဥပဇ္ဈာယော ပက္ခန္တောဝါ ဟောတိ ဝိဿန္တောဝါ ကာလင်္ကတောဝါ ပက္ခသင်္ကန္တောဝါ၊ အာဏတ္တိယေဝ ပဉ္စမီ၊ ဇုမာခေါ ဘိက္ခဝေ ပဉ္စနိဿယပဋိပ္ပဿဒ္ဓိယော ဥပဇ္ဈာယမှာ။—

ဟူ၍ ဟောတော်မူအပ်သော ဥပဇ္ဈာယ်မှ ငြိမ်းခြင်း အင်္ဂါငါးပါးတို့တွင် ပဉ္စမမြောက် "အာဏတ္တိယေဝ" ဟူသော အင်္ဂါအရ သာမဏေပြုစဉ်က ထင်ရှားရှိသော ဥပဇ္ဈာယ်ဆရာက လွှဲအပ် စေခိုင်းခြင်းအားဖြင့်လည်း ရဟန်းခံသောအခါ ဥပဇ္ဈာယ်ဆရာ(၁)ပါး ယူခြင်းသည် အပ်၏ သင့်မြတ်၏ဟူ မှတ်။

တတိယသံဂါယနာတင် အရှင်မောဂ္ဂလိတိဿမထေရ်၏ သာမဏေပြုစဉ်က ဥပဇ္ဈာယ်ဆရာ ရဟန္တာသိဂ္ဂဝမထေရ်မြတ်သည် မောဂ္ဂလိတိဿသာမဏေကို

ရဟန္တာစကွာဝဇ်မထေရ်ထံသို့ စေလွှတ်၍ စကွာဝဇ်မထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံသော ဝတ္ထုကို ထောက်လေ။ "ဥပဇ္ဈာယေန ပရိစ္စတ္တာတ္တာ ဥပဇ္ဈာယသမောဓာနဟာရော နတ္ထိ" ။—တရားကော် ဒီကာကိုလည်း ထောက်လေ။

တနည်း—"ယသ္မာ ပန ဥပဇ္ဈာယမူလကာ ပဗ္ဗဇ္ဇာစ ဥပသမ္ပဒါစ ဥပဇ္ဈာယောဝ တတ္ထ ဣဿရော၊ နာစရိယော" ဟူသော အဋ္ဌကထာနှိုက် ဆိုအပ်သောကြောင့် ရဟန်းခံရာနှိုက် ဥပဇ္ဈာယ်ဆရာသည်သာလျှင် အစိုးရသောကြောင့် သာမဏေပြုစဉ်က ဥပဇ္ဈာယ်ဆရာသည် အင်္ဂါမလောက်ခဲ့သော်လည်းကောင်း၊ ဥပဇ္ဈာယ်အဖြစ်မှ ငြိမ်းခဲ့သော်လည်းကောင်း ဥပဇ္ဈာယ်မရှိသည်ဖြစ်ခဲ့ရာ၏ဟု နှလုံးပြုတော်မူကြ၍ ရှေးဝိနယဓရ ဆရာတော်ကြီးတို့သည် ရဟန်းခံသောအခါနှိုက် ဥပဇ္ဈာယ်ဆရာ အင်္ဂါနှင့် ပြည့်စုံလုံလောက်သောဆရာတော်ကြီး(၁)ပါးကို အသစ်ဥပဇ္ဈာယ်ယူစေ၍ ရဟန်းခံတော်မူကြကုန်၏။ သာမဏေပြုစဉ်က ဥပဇ္ဈာယ် ဆရာရှိလျက် ရဟန်းခံသောအခါထိုဆရာသည်ပင်လျှင် ဥပဇ္ဈာယ်ဖြစ်ရမည်၊ အသစ်ဥပဇ္ဈာယ်ဆရာတပါး မယူရဟူ၍ ပါဠိ,အဋ္ဌကထာ,ဋီကာတို့နှိုက် မရှိဟူ၍ မှတ်ယူအပ်၏။

နောက်ထပ် ဥပဇ္ဈာယ်ဆရာ ယူသင့် မယူသင့် အဆုံးအဖြတ် ပြီးပြီ။

သာသနာပြု ညောင်ရမ်းဆရာတော်၏
ဆုံးဖြတ်စာ

၁၂၉၄-ခု၊ တပေါင်းလပြည့်ကျော်(၁၂)ရက်

အသစ်တန်ဆောင်း ဆောက်လုပ်ရန် မပျက်မစီးသေးသော တန်ဆောင်းဟောင်းကို ဖျက်သင့် မဖျက်သင့် လျှောက်ထားရာနှိုက်—

ခနပါလသေဋ္ဌေးသည် သူတပါး ပြုလုပ်ထားသော ရေတွင်း,ရေကန်,ရေအိုးစင်,စရပ်,တန်ဆောင်း,အာရာမ်,အဆောက်အဦ,တံတားမျှားကို ဖျက်ဆီးခဲ့ဘူးသော မကောင်းမှုကံကြောင့် အနှစ် ၈ ဝါးဆယ့်၈ ဝါးနှစ် ကာလပတ်လုံး

တကြိမ်တခါမျှ မစားရ မသောက်ရ မဝတ်ရ အဆင်းမလှ အမြင်မကောင်း သော ထန်းပင်ပမာဏရှိသော ပြိတ္တာဖြစ်ကြောင်း၊ ပြိတ္တာဘဝမှ စုတေခဲ့ သော် အဝီစိငရဲကြီးနှိုက် မရေ မတွက်နိုင်အောင် နှစ်ပေါင်းများစွာ ခံရ ကြောင်းကို ပေတဝတ္ထု ပါဠိတော်နှိုက်—

ပေါက္ခရညောဒ ပါနာနိ၊ အာရာမာနိ စ ရောဝိတေ။
ပပါယော စ ဝိနာသေသိ၊ ဒုဂ္ဂေ သင်္ကမနာနိစ။
သွာဟံ အကတ ကလျာဏော၊ ကတပါပေါ တတော စုတော။
ဥပ္ပန္နော ပေတ္တိဝိသယံ၊ ခုဂ္ဂပါသ သမင်္ဂိတော။

စသည်ဖြင့် မြတ်စွာဘုရား ဟောတော်မူသည်။

အနုဇာနာမိ ဘိက္ခဝေ ခဏ္ဍုဖုလ္လပဋိသင်္ခရဏံ။— ဝိနည်း ပါဠိတော်

ဘဂဝတာခေါ အာဝုသော ခဏ္ဍုဖုလ္လပဋိသင်္ခရဏံ ဝဏ္ဏိတံ။— သီလက္ခန်အဋ္ဌကထာ

ပဋိသင်္ခရိဿတိတိ ပါကတိကံ ကရိဿတိ။ ဆာဒနဘိတ္တိ ဘူမိသု ယံကိဉ္စိ ခဏ္ဍံဝါ ဖုလ္လံ ဝါ ဟောတိ၊ တံ သဗ္ဗံ ပဋိသင်္ခရိတဗ္ဗံ။—စူဠဋီကာအဋ္ဌကထာ

ဂုင်း ပါဠိတော်, အဋ္ဌကထာတို့နှိုက် ကျိုးဖွင့် ပျက်စီးသည်ကို ပကတိဖြစ် အောင် ပြုပြင်ရမည် ဟူ၍သာ လာသည်။ အသစ်ဆောက်လုပ်ရန် အလုံးစုံ ဖျက်ပယ်ရမည်ဟူ၍ မလာ။ ဂုင်းပြင် ပါဠိ,အဋ္ဌကထာ,ဋီကာတို့နှိုက် အကြိုးကို ဆောက်လုပ်လို၍ မပျက်စီးသေးသော ဘုရားတန်ဆောင်း စသည်ကို ဖျက် ဆီးရမည်ဟူ၍လည်း မလာချေ။ ထိုကြောင့် ရှေးပညာရှိတို့သည် ငရဲစသော အပါယ်ဘေးကို ကြောက်ကြသဖြင့် ပျက်စီးယိုယွင်းခြင်း ရှိသော်လည်း ဖျက် ဆီးခြင်းကိုမပြုမူ၍ စေတီတော်ဟောင်းကို မျိုငုံ၍တည်ခြင်း,ကျိုးဖွင့်ပျက်စီး သည်ကိုသာလျှင် ပြုပြင်ကြပေသည်။ အဟောင်း, အငယ်ကို ဖျက်ပယ်၍

အသစ်အကြီးဆောက်လုပ်ရန် ဘုရားခွင့်ပြုခြင်း မရှိသည့်ပြင် ဘုရားလက်ထက်တော်က ဆင်းရဲသားတို့ အနည်းငယ် ဆောက်လုပ်ထားသော ကုသိုလ် အဆောက်အဦကို တရားစောင့်သော မင်းကောင်း မင်းမြတ် သေဋ္ဌး သူကြွယ်တို့သည် အနိုင်အထက် နှိပ်စက်ဖျက်ဆီး၍ အသစ် အကြီးအကျယ် ဆောက်လုပ်သော ထုံးဟောင်းသာဓကလည်း မရှိချေ။

"ပဏ္ဍိတဓဇ သိရိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု" ဟု မင်းလှူတံဆိပ်တော်ရှိမိုင်းခိုင်း ဆရာတော်သည် ဘုရားကြီး ဂန္ဓကုဋီတိုက်ဟောင်းကို ဖျက်ပယ်၍ တိုက်သစ် ဆောက်လုပ်ရန် လျှောက်ထားရာ၌က် မဖျက်ပယ်သင့်ကြောင်း ဆုံးဖြတ်တော်မူသည်။ မဟာလောကရံသီ အိမ်တော်ရာစေတီတော် အရှေ့မုခ်စောင်းတန်းကို ညောင်ဇင်ကျောင်းအမကြီး အသစ် ဆောက်လုပ်ရာ၌က် တခမ်းမျှ ဆောက်လုပ်သော ကောင်းမှုရှင် တဦးက အခွင့်မပြုသဖြင့် ၎င်း တခမ်းကို ချန်ထား၍ ရှေးပညာရှိတို့ ဆောက်လုပ်ဘူးသော ထုံးလည်း ရှိပေသည်။

မှတ်ချက်—အောက်ကပြဆိုခဲ့ပြီးသော ပါဠိတော်, အဋ္ဌကထာအကြောင်းများကို ထောက်ဆ၍ ဆောက်လုပ်ပြီး ဘုရား တန်ဆောင်းစသည် များကို ပယ်ဖျက်ရခြင်းသည် ကောင်းမှုရှင်၏ ထာဝရ ကုသိုလ် အဆောက်အဦကြီး တည်ရှိသမျှ ကာလပတ်လုံး ဖြစ်ပွါးတိုးတက်၍ နေသော ကောင်းမှုအယဉ်အဟုန်ကြီးကိုဖျက်ဆီး၍ ပြစ်ရာကျသဖြင့် များစွာ အကုသိုလ်ဖြစ်ပွါး၍ အပါယ်သို့ ကျရောက်ရခြင်း မကောင်းကျိုး များရန် ရှိသောကြောင့် ကောင်းမှုရှင် မရှိသော်လည်း ပြင်ဆင်၍ ဖြစ်နိုင်လောက်သော တန်ဆောင်းအဆောက်အဦအဟောင်းများကို မြေနှိုက် ပုံချထား၍ အသစ်ဆောက်လုပ်ရန် ခဲယဉ်း၏ မသင့်ဟု မှတ်သင့်ပေ၏။

ပြင်ဆင်၍ မဖြစ်နိုင်လောက်အောင် ပျက်စီးယိုယွင်းလျက်ရှိသော ဘုရား တန်ဆောင်း စသည်များကို ဖျက်သိမ်း စုပုံ၍ ထားခြင်းငှါ အပ်၏။ သို့သော်

မီးမဆိုက်ကောင်း၊ ပြင်ဆင်၍ ဖြစ်နိုင်လောက်သော ဘုရားတန်ဆောင်း စသည်မျှားကို မဖျက်မပယ်ဘဲ ပကတိဖြစ်အောင် ပြုပြင်ခြင်းငှါသာ အပ်၏။ မပျက်စီးပါမူ ဆိုဖွယ်ရာ မရှိပေ။

ကောင်းမှုရှင်က ဖျက်ပယ်၍ အသစ်ဆောက်လုပ်ပါတော့ဟု အခွင့်ပြုလျှင် ဖျက်ပယ်နိုင်သည်ဟု အယူရှိကြသည်။သို့သော်လည်း ပါဠိတော်,အဋ္ဌကထာ, ဋီကာတို့နှိုက် အခိုင်အမာ မရှိချေ။ သို့ မရှိသော်လည်း ဘုရားတန်ဆောင်း သည် ဗုဒ္ဓသန္တကဖြစ်အံ့ တပည့်ရဟန်းလည်း မသုံးဆောင်ထိုက်၊ လူမှာ ဝေးစွ မသုံးဆောင်ထိုက်သည်သာ ဖြစ်သောကြောင့် ရှေ့ပြောင်း၍ ကျောင်း,စရပ် ဆောက်ရမှာလည်း ခဲယဉ်းလှပေ၏။ သို့သော်—

သစေ ပန ကေသွိ် စေတိယေ ပုဇိတံ ပုပ္ဖံ ဂဟေတွာ အညေ သွိ် စေတိယေ ပူဇေတိ ဝဋ္ဋတိ။ —

ဟူသော တေရသကဏ်ဋီကာနှင့်အညီ ကောင်းမှုရှင် ခွင့်ပြုသည့်အတိုင်း မပျက်မစီးအောင် ရှေ့ပြောင်း၍ တပါးသောသိမ်, ဘုရား, စေတီရုပ်ပွါးတော်တို့နှိုက် ဆောက်လုပ်ပေးနိုင်ပါမူ ကောင်းမှုရှင်၏ အဆောက်အဦ ကုသိုလ်အဟုန် မပျက်မစီးသောကြောင့် ဖျက်ပယ်ခြင်းငှါ သင့်လျော်၏ဟု ထင်ပေသည်။ ဤအရာဌာနနှိုက် အထက်ပါ စကားရပ်တို့ကို ထောက်ရှုကြ၍ ပညာရှိတို့သည် နက်နဲသော ဉာဏ်ပညာဖြင့် နှိုင်းချိန်စဉ်းစားကြ၍ သတိပြုကြလေ။ (အကျဉ်းမျှသာ ရေးလိုက်သည်)။

ဆုံးဖြတ်စာ ပြီးပြီ။

မန္တလေးတိုင်း
ဖိုးကောင်းတိုက် ညောင်ရပ်းဆရာတော်ဘုရား ထံ
မေးလျှောက်သော

တပည့်တော် ရှင်နန္ဒာဘာသ ရိုသေလေးမြတ်စွာ လျှောက်ထားပါသည် ဆရာတော်ဘုရား....

လျှောက်ထားရန်မှာ.... ပြိုပျက်လျက်နေသော ရွှေရောင်ပြ စေတီတော် ကြီးကို ပြင်ဆင်လိုပါသည်ဖြစ်၍—

၁ ၎င်းစေတီတော် ပျက်ကြီး၏ တောင်ဘက်နှိုက် ကပ်လျက်နေသော ဂန္ဓကုဋီတိုက်ကို အတွင်းနှိုက် ကိန်းအောင်းလျက်နေသော ကြေး ဆင်းတုတော်ကြီးအား သင့်တော်သောနေရာနှိုက် အသစ်ဆောက် လုပ်အပ်သော ဂန္ဓကုဋီနှိုက် ကိန်းအောင်းစေလျက် ဖျက်ဆီးခြင်းငှါ အပ် မအပ်။

၂ စေတီတော်ပျက်ကြီး၏အရှေ့ဘက်နှိုက် ကပ်လျက်နေသော အရိုးအိုး ဂူကိုလည်း ဖျက်ဆီးခြင်းငှါ အပ် မအပ်။

၃ ၎င်းတို့မှ ဖျက်ဆီး၍ ရသောအုတ်များကို ပြင်ဆင်လတံ့သော စေတီ တော်ကြီးနှိုက် ထည့်သွင်း၍ အသုံးပြုခြင်းငှါ အပ် မအပ်။

၌(၃)ရပ်ကို တပ်အပ်သေချာ ဝေဖန်ခြင်းငှါ မစွမ်းနိုင်ပါ၍ ဆရာတော် အရှင်မြတ်က ထူးမြတ်သော ဉာဏ်ဝရဇိန်ဖြင့် နှိုင်းချိန် ချင့်ထောက်လျက် ဝတ္ထုသက်သေ ပြသလျက် သာသနာတော်ရေးဖြစ်၍ အချက်ကျ ဖြေဆို တော်မူရန် လေးမြတ်စွာ လျှောက်ထားပါသည် ဆရာတော် အရှင်သူမြတ် ဘုရား....။

ရှင်နန္ဒာဘာသ
စံကျောင်း
ရေကာင်းမြို။

ဂန္ဓကုဋိသဠရဏာဒိ ဝိနိစ္ဆယ

၁-ပဌမမူဆ္ဆာ အစေဒြ

၁။ စေတီပျက်ကြီး၏တောင်ဘက်နှိုက် ကပ်လျက်နေသော ဂန္ဓကုဋိတိုက်ကို အတွင်းနှိုက် ကိန်းအောင်းလျက်ရှိသော ကြေးဆင်းတုတော်ကြီးအား သင့်တင့်သော နေရာနှိုက် အသစ် ဆောက်လုပ်အပ်သော ဂန္ဓကုဋိတိုက်နှိုက် ကိန်းအောင်းစေလျက် ဖျက်ဆီးခြင်းငှါ အပ် မအပ် လျှောက်ထားရာနှိုက်—

(က) ဘဂဝတာ ခေါ် အာဝုသော ခဏ္ဍဖုလ္လပဋိသင်္ခရဏံ ဝဏ္ဏိတံ။—

ဟူသော ပါရာဇိကဏ်အဋ္ဌကထာနှိုက် ကျိုးသည် ဖွင့်သည် ပျက်စီးသည်ကို အသစ်ထပ်မံ ပြုပြင်ခြင်းကို ဘုရားချီးမွမ်းတော်မူအပ်၏ဟူ၍သာ ပြတော်မူ၏၊ ပျက်စီးယိုယွင်း ရှိသည်ကို ဖျက်ပြစ်ရမည်ဟူ၍ ထိုထိုပါဠိတော်, အဋ္ဌကထာ,ဋီကာတို့နှိုက် မဖွင့်ပြသောကြောင့်ရင်း၊

(ခ) စေတိယသဲ့ ပရိဏတံ အညစေတိယသဲ့ ဝါ သံဃသဲ့ ဝါ ပုဂ္ဂလသဲ့ ဝါ ဒေတိ။ — အဓမ္မိကဒါနကိုပြသော ပရိဝါ ပါဠိတော်

(ဂ) စေတိယသဲ့ ပရိဏတံ အညစေတိယသဲ့ ဝါ သံဃသဲ့ ဝါ ပုဂ္ဂလသဲ့ ဝါ ပရိဏာမေတိ၊ အာပတ္တိ ဒုက္ကဋဿ။ — ဘိက္ခုပါစိတ်ပါဠိတော်

(ဃ) စေတိယသဲ့ ပရိဏတန္တိ ဇ္ဈေ နိယမေတ္ဝာ အညစေတိယသဲ့ အတ္ထာယ ရောပိတမာလာဝစ္ဆတော အညစေတိယမ်ဒိ ပုပ္ပံပိ အာရောပေတုံ န ဝဋ္ဋတိ။— ပါရာဇိကဏ် အဋ္ဌကထာ

ဂင်းပါဠိတော်,အဋ္ဌကထာတို့နှိုက် တပါးသောစေတီတော်အား ညှတ်ပြီးလှူပြီးဖြစ်သော ပစ္စည်းဝတ္ထုကို တပါးသောစေတီတော်အား မလှူအပ်၊ ညှတ်စေ လှူစေလျှင် အဓမ္မိကဒါနဖြစ်ကြောင်း အာပတ်သင့်ကြောင်းကို ပြတော်မူသည်နှင့်အညီ ဂင်းဂန္ဓကုဋိတိုက်တော်သည် ဂင်းအတွင်းရှိ ရုပ်ပွါးတော်ကြီး

အား လူပြီးဖြစ်၍၊ ၎င်းလောဟဇိမ္မ ရုပ်ပွါးတော်,ဥဒ္ဒိဿစေတီတော်၏ သန္တကဖြစ်သောကြောင့်၎င်း၊ တပါးသော စေတီတော်ကို ပြုပြင်ခြင်းငှါ ၎င်းဂန္ဓကုဋိတိုက်ကို ပျက်စီးယိုယွင်းခြင်း ရှိသော်လည်း မဖျက်ဆီးအပ် မဖျက်ဆီးထိုက် မဖျက်ဆီးကောင်းဟု မှတ်အပ်၏။ ပျက်စီးယိုယွင်းခြင်း မရှိပါမူကား ဆိုဖွယ်မရှိ၊ မဖျက်ဆီးအပ်သည်သာလျှင်တည်း။

အကယ်၍ ပျက်စီးယိုယွင်းခြင်း ရှိသဖြင့် ရုပ်ပွါးတော်အား နေပူ မိုးစွတ် ရှိ၍ ထိုနေရာန္ဒိုက် အကုန်အကျ များသဖြင့် မပြုပြင်နိုင်သည်ဖြစ်အံ့ ပြစ်မှားလိုသော ပဒုဋ္ဌစေတနာမပါဘဲ သဒ္ဓါပသန္နစေတနာ သက်သက် အားဖြင့် တပါးသော ပျက်စီးသော စေတီတော်သို့ ရုပ်ပွါးတော်မြတ်ကို ဂန္ဓကုဋိတိုက် ပျက်ပါ ရှေ့ပြောင်းပြီးလျှင် ရောနှောလျက် လိုဏ်မုခ်စသည် ထုတ်သဖြင့် ပြုပြင်၍ ထားပါမူကား တချက်ခုတ် နှစ်ချက်ပြတ် ဆိုဘိသကဲ့သို့ အမှုသေစနဂုရုပိန္နနည်းအားဖြင့် သင့်လျော်ရန် ရှိပေ၏ဟု မှတ်အပ်၏။

၂-ဒုတိယပုစ္ဆာအဖြေ

၂။ စေတီပျက်ကြီး၏ အရှေ့ဘက်နှိုက် ကပ်လျက်နေသော အရိုးအိုးဂူကို ဖျက်ဆီးခြင်းငှါ အပ် မအပ်ဟု လျှောက်ထားရာန္ဒိုက်–

(c) ဆဇ္ဇဂ္ဂိယာနံ ဘိက္ခုနိနံ မဟတ္တရာ ဘိက္ခုနိ ကာလင်္ကတာ ဟောတိ၊ ဆဇ္ဇဂ္ဂိယာ ဘိက္ခုနိယော တံ ဘိက္ခုနိံ နိဟရိတ္ဝာ အာယသ္မတော ကဂ္ဂိတကဿ ဝိဟာရဿ အဝိဒူရေ စျာပေတ္ဝာ ထူပံ ကတ္ဝာ ဂန္ဓာ တသ္မိံ ထူပေ ရောဒန္တိ။ အထ ခေါ အာယသ္မာ ကဂ္ဂိတကော တေနသမ္ဗန္ဓေန ဥဇ္ဇာယ္ဎော တံ ထူပံ ဘိန္ဒိတ္ဝာ ပကိရေသိ။–

ဟူသော ဘိက္ခုနိပါစိတ် ပါဠိတော်နှိုက် အရှင် ကပ္ပိတကမထေရ်သည် ဘိက္ခုနိမ၏ အရိုးအိုးစေတီကို ဖျက်ဆီး၍ ပြစ်ကြောင်းကိုသာ ဘုရားဟောတော်မူသည်၊ အပြစ်ရှိကြောင်းကို ဟောတော်မမူ။ ၎င်းအဋ္ဌကထာနှိုက်လည်း အပြစ်ရှိကြောင်းကို ဖွင့်၍မပြ။ သို့ဖြစ်၍ ၎င်းအရိုးအိုးဂူကို ဖျက်ဆီးခြင်းငှါ

အပ်၏၊ အပြစ်မရှိဟု မှတ်အပ်၏။ သို့သော်လည်း အရိုးအိုးဂူကို ပြုလုပ်သူ ထင်ရှား ရှိခဲ့ပါမူ ၎င်းဂူရှင်ကို လောကဝတ်တရားအတိုင်း ကြေနပ်အောင် ပြန်ကြားပြောဆို၍ ဖျက်ယူသင့်၏၊ ၎င်းဂူရှင် မကြေနပ်လျှင် မဖျက်သင့်ဟု မှတ်အပ်၏။

၃-တတိယပုဆွေး အဖြေ

၃။ ၎င်းတို့မှ ဖျက်၍ရသော အုတ်မျှားကို ပြင်ဆင်လတ္တံ့သော စေတီတော်ကြီးနှိုက် ထည့်သွင်း၍ အသုံးပြုခြင်းငှါ အပ် မအပ်ဟု လျှောက်ထားရာနှိုက်—

၎င်းဂန္ဓကုဋိတိုက်သည် ကြေးဆင်းတု လောဟဗိမ္ဗ ဥဒ္ဒိဿ စေတီတော်တဆူ၏ သန္တကဖြစ်၍ တဆူသော စေတီတော်သို့ ရွှေ့ပြောင်း၍ လှူခြင်းငှါ မအပ်သောကြောင့် ၎င်းဂန္ဓကုဋိတိုက်မှ အုတ်ကို ပြင်ဆင်လတ္တံ့သော စေတီတော်နှိုက် အသုံးပြုခြင်းငှါ မအပ်ဟု မှတ်အပ်၏။ (သာဓကပါဠိမှာ ၁-ပုဆွာအဖြေက ပြခဲ့ပြီးသော ပါဠိအတိုင်းပင် မှတ်အပ်၏)။

အရှင်မရှိသော အရိုးအိုးဂူကို ဖျက်ဆီးခြင်းငှ၊ အပ်သဖြင့် အပြစ်မရှိသောကြောင့် ၎င်းအရိုးအိုးဂူမှ ဖျက်၍ရသော အုတ်ကို ပြင်ဆင်လတ္တံ့သော စေတီတော်နှိုက် အသုံးပြုခြင်းငှါ အပ်၏ဟု မှတ်အပ်၏။

စေတီတော်ပျက်ကို အသစ်ပြုပြင်ရာနှိုက် အငယ်ကို ကြီးအောင်ပြုရမည်၊ အကြီးကို ငယ်အောင် မပြုရဟူ၍ ပါဠိတော်,အဋ္ဌကထာ,ဋီကာတို့နှိုက် နိတ္ထတ်ရိုက်မရှိ။ သို့မရှိသော် ကဿပမြတ်စွာဘုရား၏စေတီတော်ကို လူအပေါင်းတို့သည် ခုနစ်ယူဇနာ ခြောက်ယူဇနာ စသည် တည်ထားမည်ဟု ပြောဆို၍ နေကြရာ ထိုအခါနှိုက် လကုဏ္ဍကဘဒ္ဒိယမထေရ်၏လောင်းလျာ ဒါယကာသည် အကြီးအမှူးဖြစ်၍ ခုနစ်ယူဇနာရှိ စေတီတော်ကြီးသည် သုတ်သင်စောင့်ရှောက်ရန် အလွန်ခဲယဉ်းသည်ဟု စသည်ဖြင့် ပြောဆိုပြီးလျှင် တယူဇနာခန့်မျှသာ တည်ထားခဲ့သောကြောင့် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝတို့နှိုက် ကိုယ်သဏ္ဌာန်လွန်စွာ ပုတို သေးငယ်၍နေ၏။ ရဟန္တာဖြစ်သော ဘဝနှိုက်လည်း ကိုယ်သဏ္ဌာန် လွန်စွာ ပုတို သေးငယ်၍နေ၏။ ၎င်းဝတ္ထုကို ထောက်ဆကြ၍

ရှေးပညာရှိသူတော်ကောင်းတို့သည် ပျက်စီးယိုယွင်းခြင်းရှိသော စေတီတော်ကို သေးငယ်အောင် မပြုမလုပ်ကြဘဲ ကြီးအောင် ငုံမျှို၍သော်၎င်း၊ ရှေးပကတိအတိုင်းသော်၎င်း အသစ်ထပ်မံ၍ ပြုပြင်ကုန်၏။ သို့ဖြစ်၍ ပျက်စီးယိုယွင်းသော အရပ်ဌာနတိုင်ရုံ မကောင်းသော အရပ်ဌာနကို ဖျက်သိမ်းပြီးလျှင် ရှေးကထက် ကြီးအောင်သော်၎င်း၊ ရှေးပကတိ အတိုင်းသော်၎င်း အသစ်ထပ်မံ၍ ပြုပြင်ခြင်းငှါသော သင့်လျော်၏ဟု မှတ်သားအပ်၏။

လကုဏ္ဍာဘဒ္ဒိယမထေရ်၏ ဝတ္ထုကို သိလိုလျှင် ဧကနိပါတ် အဂ်ုတ္တရ အဋ္ဌကထာ ဧတဒဂ္ဂဝဂ်မှာ ကြည့်။

အနက် (က) အာဝုသော၊ငါ့ရှင်တို့။ ဘဂဝတာ၊သည်။ ခေါ၊စင်စစ်။ ခဏ္ဍဖုလ္လပဋိသန်ရဏ်၊ကျိုးသည် ဖွင့်သည်ကို ပြုပြင်ခြင်းကို။ ဝဏ္ဏိတံ၊ချီးမွမ်းတော်မူအပ်၏။

(ခ) စေတိယဿ၊ စေတီတော်အား။ ပရိဏတံ၊ ညွတ်ပြီး လှူပြီးသော လာဘ်ကို။ အညစေတိယဿဝါ၊တပါးသော စေတီတော်အားငင်း။ သံဃဿဝါ၊ ငင်း။ ပုဂ္ဂလဿဝါ၊ ငင်း။ ဒေတိ၊ ပေးလှူ၏။ (ဤသို့ ပေးလှူခြင်းသည် အမြဲကဒါနဖြစ်၏၊ဟု မှတ်)။

(ဂ) စေတိယဿ၊စေတီတော်အား။ ပရိဏတံ၊ကို။ အညစေတိယဿဝါ၊အားငင်း။ သံဃဿဝါ၊ငင်း။ ပုဂ္ဂလဿဝါ၊ငင်း။ ပရိဏာမေတိ၊ညွတ်စေလှူစေငြားအံ့။တဿသိက္ခုနော၊ထိုရဟန်းအား။ဒုက္ကဋ္ဌဿ၊ဒုက္ကဋ်အာပတ်သို့။ အာပတ္တိအာပဇ္ဇနံ၊ရောက်ခြင်းသည်။ ဟောတိ၊၏။

(ဃ) စေတိယဿ ပရိဏတန္တိ ဧတ္ထ၊ စေတိယဿ ပရိဏတံ ဟူသောပုဒ်နှိုက်။ နိယမေတ္ဝ၊ စိတ်ဖြင့်ရည်မှတ်ပြီး၍။ အညစေတိယဿ၊ တပါးသော စေတီတော်၏။ အတ္ထာယ၊အကျိုးငှါ။ ရောပိတမာလာဝစ္ဆတော၊စိုက်ပျိုးအပ်သော ပန်းပင်ငယ်မှ။ ပုပ္ပံပိ၊ပန်းကိုလည်း။ အညစေတိယမှိ၊တပါးသောစေတီတော်နှိုက်။ အာရောပိတုံ၊တင်လှူခြင်းငှါ။ နဝဋ္ဋတိ၊မအပ်။

(င) ဆဗ္ဘဂ်ိယာနံ၊ ဆဗ္ဘဂ်ိအမည်ရှိကုန်သော။ ဝါ၊ခြောက်ယောက်အစုရှိကုန်သော။ ဘိက္ခုနိနံ၊ ရဟန်းမိန်းမတို့၏။ မဟတ္တရာ၊ အကြီးဖြစ်သော။ ဘိက္ခုနီ၊ ရဟန်းမိန်းမသည်။ ကာလက်တာ၊ သေသည်။ ဝါ၊ ပို့လွှန်သည်။

ဟောတိ၊ ၏။ ဆဗ္ဗဂ္ဂိယာ၊ ဆဗ္ဗဂ္ဂိအမည်ရှိကုန်သော။ ဘိက္ခုနိယော၊ ရဟန်းမိန်းမတို့သည်။ တံဘိက္ခုနိံ၊ထိုသေသောဘိက္ခုနီမကို။ နီဟရိတ္ဝာ၊ကျောင်းမှထုတ်ဆောင်၍။အာယဿ္မတော၊ရှည်သော သက်တော်ရှိသော။ကပ္ပိတကဿ၊ကပ္ပိတကမထေရ်၏။ ဝိဟာရဿ၊ ကျောင်း၏။ အဝိဒူရေ၊ အနီးနှိုက်။ စျာပေတ္ဝာ၊မီးဘိုက်၍။ ထူပံ၊အရိုးအိုးစေတီကို။ကတ္ဝာ၊ပြုလုပ်၍။ ဂန္ဓေဝ၊လော်၍။ တသ္မိံ ထူပေ၊ထိုအရိုးအိုးစေတီနှိုက်။ ရောဒန္တိ၊ငိုကြကုန်၏။ အထ၊ထိုသို့ ငိုကြကုန်သည်ရှိသော်။ အာယဿ္မာကပ္ပိတကော၊ အရှင်ကပ္ပိတက မထေရ်သည်။ တေနသဒ္ဒေန၊ထိုငိုကြသောအသံဖြင့်။ဝါ၊သည်။ ဥဗ္ဗာဋ္ဌေ၊နှိပ်စက်အပ်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ တံထူပံ၊ ထိုဘိက္ခုနီမ အရိုးအိုးစေတီကို။ ဘိန္ဒိတ္ဝာ၊ ဖျက်ဆီးပြီး၍။ ပက်ိရေသိ၊ဖရိုဖရဲ ကြဲစေ၏။

ဂန္ဓကုဋိသဉ္ဉရဏာဒိ ဝိနိစ္ဆယ ပြီးပြီ။

မတသန္တကဒိန္နဝိနိစ္ဆယ

မြင်းမူမြို့ပိုင် ဝမ်းပြည့်ရွာ ဒါယကာ မောင်ဘ,က ဘကြီးတော် ကန်စွယ်ကျောင်း ဆရာတော်ကြီးသည် မပျံလွန်မီ ယခုတင်ပြသော ပေစာမူ စာတန်းကို ကိုယ်တိုင်ရေးသား၍ ဥယျာဉ်စသော ပစ္စည်း ပရိက္ခရာများကို ဘုရားတပည့်တော် ငဘအား ပေးထားခဲ့ပါသည်၊ ၎င်း ကန်စွယ်ကျောင်း ဆရာတော်ကြီး ပျံလွန်တော်မူသော အခါ အဘယ်သူ ရထိုက်ပါသနည်းဟု လျှောက်ထားရာနှိုက်—

(က) သစေ ပန သော ဇီဝမာနောယေဝ သဗ္ဗံ အတ္တနော ပရိက္ခာရံ နိဿဇ္ဇိတ္ဝာ ကဿစိ အဒါသိ။ ကောစိဝါ ဝိဿာသံ အဂ္ဂဟေသိ။ ယဿ ဒိန္နံ ယေနစ ဂဟိတံ။ တသ္သေဝ ဟောတိ။ တဿ ရုစိယာဧဝ ဂိလာနုပဋ္ဌာကာ လဘန္တိ။—
ဝိနည်းမဟာဝဂ်၊ အဋ္ဌကထာ စီဝရက္ခန္ဓက

၎င်း အဋ္ဌကထာနှိုက် ရဟန်းသည် အသက်ဝိညာဏ် တည်ရှိစဉ်ပင်လျှင် မိမိပုဂ္ဂလိက အဖြစ်ဖြင့် စိုးပိုင်သော ဂရုဘဏ်, လဟုဘဏ် ပစ္စည်း ပရိက္ခရာ

များကို အမှတ်မရှိ တယောက်ယောက်သော ရဟန်းအားဎင်း၊ ဆွမျိုးညာတိ တော်စပ်သော လူအားဎင်း၊ ဆွမျိုးညာတိ မတော်စပ်သော လူအားဎင်း စာတန်းရေး၍ဖြစ်စေ မရေးမူ၍ဖြစ်စေ ပေးစွန့်ခဲ့၏၊ တစုံတယောက်သော လူ,ရဟန်းသည် အသက်ဝိညာဏ်ရှိစဉ် ဝိဿာသဂ္ဂါဟဖြင့်ယူ၏၊ ထိုမတသန္တက ပစ္စည်းပရိက္ခရာကို ထိုပေးစွန့်အပ်သော ရဟန်း,လူ၊ ဝိဿာသဂ္ဂါဟဖြင့် ယူသော ရဟန်း, လူအားသာလျှင် ရ၏၊ တိုက်တွင်းရှိ ရဟန်း သံဃာတော်တို့ မရထိုက်။ ဂိလာနုပဋ္ဌာကပုဂ္ဂိုလ်တို့သည် ထိုအပေးအလှူခံရသော လူ,ရဟန်း၊ ဝိဿာသဂ္ဂါဟယူသော လူ,ရဟန်းတို့က ပေးလှူမှသာလျှင် ရထိုက်၏ဟု ဖွင့်ပြတော်မူ၏။။

ဝိနယလင်္ကာရဋီကာ ဒုတိယအုပ် စတုပစ္စယဘာဇနီယအဖွင့်နှိုက်လည်း—

(ခ) ယောဘိက္ခု အတ္တနော ဇီဝမာနကာလေယေဝ သဗ္ဗံ အတ္တနော ပရိက္ခာရံ နီဿဇ္ဇိတ္ဝာ ကဿစိ ညာတကဿဝါ အညာတကဿဝါ ဂဟဋ္ဌဿဝါ ပဗ္ဗဇိတဿဝါ အဒါသိ။ ကောစိ စ ညာတကောဝါ အညာတကောဝါ ဂဟဋ္ဌောဝါ ပဗ္ဗဇိတောဝါ ဝိဿာသံ အဂ္ဂဟေသိ။ တာဒိသေ သန္ဓာယ ယေ တဿ ဓနဿ ဇာဿရာ ဂဟဋ္ဌာ ပဗ္ဗဇိတာဝါ တေသံ ဒါတဗ္ဗန္တိ ဝုတ္တံ။ န ပန အတာဒိသေ ညာတကေ။—

ဟူ၍ ကဿစိ ဟူသောပုဒ်၏ အရ "ညာတကဿဝါ အညာတကဿဝါ ဂဟဋ္ဌဿဝါ ပဗ္ဗဇိတဿဝါ"ဟု ဝိသေသကို ပြပြီးလျှင် ဎင်းအဋ္ဌကထာအတူ ဖွင့်ပြ၏။။

ဤသို့ ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှိုက် လာသောကြောင့်ဎင်း၊ ကန်စွယ်ကျောင်း ဆရာတော်ကြီးသည် မောင်ဘအား ပေးစွန့်ခဲ့ခြင်းသည် ၁၂၇၃-ခု နှစ်၊ ဝါခေါင်လဆန်း(၉)ရက် ဖြကြာနေ့တွင် သက်သေဒါယကာသုံးယောက်နှင့် သုဒိန္ဒ, သုဂ္ဂဟိတမြောက် ပေးကြောင်းကို ပါဠိသာဓကနှင့်တကွ ပေမူပေးစာတန်းနှိုက် ပါရှိသောကြောင့်ဎင်း၊ ဎင်း ပေမူ ပေးစာတန်းနှိုက်လည်း ဥဒါန်းပါဠိတော်စသောပါဠိတော်,အဋ္ဌကထာ,ပ္ပကို,ကဗျာလင်္ကာများကိုအကိုး သာဓကပြု၍ မရဏသံဝေဂတရားရေးသား၍ ထားသည်ကို ထောက်ဆသဖြင့်

သီဟိုဠ်ကျန်း မလယဇနပုဒ်ကဲ့သို့ တအိမ်သာရှိသောရွာသည် ကေကုဋိက ဂါမ မည်၏။ နှစ်အိမ်, သုံးအိမ်, လေးအိမ်, ငါးအိမ် စသည်ရှိသောရွာသည် ဒွိကုဋိက, တိကုဋိက, စတုကုဋိက, ပဉ္စကုဋိက, အနေကကုဋိကရွာ မည်၏။ ထိုကြောင့် ပါရာဇိကဏ်အဋ္ဌကထာနှိုက်—

(၈) တတ္ထ ယသ္မိံ ဂါမေ ကောဇဝ ကုဋ္ဌိ ကံ ဂေဟံ။သေယျထာပိ မလယဇနပဒေ။ အယံ ကေကုဋ္ဌိကော ဂါမောနာမ။ ဇေတုနယေန အပရေပိ ဝေဒိတဗ္ဗာ။—ဟု ဖွင့်ပြတော်မူ၏။

တအိမ်,နှစ်အိမ်စသည် လူရှိသောရွာသည် သမနုဿဂါမ မည်၏။ အကြင်ရွာသည် နေအိမ်သာရှိသည်ဖြစ်၍ အချင်းခပ်သိမ်း လူမရှိသဖြင့် ဘီလူးတို့သည် သိမ်းဆည်းအပ်၏။ ထိုယက္ခပရိဂ္ဂဟိတ ယက္ခနဂရသည်ၵင်း၊ အကြင်ရွာမှ လူတို့သည် တစုံတခုသော ဘေးရန်အန္တရာယ်ဟူသော အကြောင်းကြောင့် တဖန် ပြန်လာအံ့ဟူသော အာလယဖြင့် ဖဲသွားကြကုန်၏၊ ထိုရွာသည်ၵင်း အမနုဿဂါမ မည်၏။ ထိုအမနုဿဂါမသည် လူမရှိသော်လည်း ဘီလူးတို့ ရှိသောကြောင့်ၵင်း၊ လူတို့သည် ပြန်လာအံ့ဟူသော အာလယရှိသောကြောင့်ၵင်း အရည်ကင်ဓူတင်ကို ဖျက်ဆီးတတ်သောရွာဟု မှတ်အပ်၏။ ထိုကြောင့် ပါရာဇိကဏ် အဋ္ဌကထာနှိုက်—

(ဃ) အမနုဿောနာမ ယော သဗ္ဗသော၀ါ မနုဿာနံ အဘာဝေန ယက္ခပရိဂ္ဂဟဘူတော၊ ယတော၀ါ မနုဿာ ကေနစိကာရဏေန ပုနဝိ အာဂန္တုကာမာဧဝ အပက္ကန္တာ။—ဟု ဖွင့်ပြတော်မူ၏။

အထူးမှတ်ချက်—ယက္ခပရိဂ္ဂဟိတ အမနုဿဂါမ ယက္ခနဂရသည် ဘီလူးတို့သည် လူယောင်ဖန်ဆင်း၍ အိမ်, ဈေး, သဘင်စသည် ကျင်းပပြုခြင်းထင်သော်သာလျှင် ရှာမည်၏၊မထင်သည်ရှိသော် ရှာမမည်ဟု မှတ်အပ်၏။ ရှာမည်သော်သာလျှင် တောကျောင်းအန္တရာယ်ဖြစ်၏၊ ရှာမမည်သော် တောကျောင်း၏ အန္တရာယ်ကို မပြုတတ်ဟု မှတ်အပ်၏။ ထိုကြောင့် သာရတ္ထဒီပနီဋီကာနှိုက်—

(ငဴ) ယက္ခပရိဂ္ဂဟဘူတောတိ သဉ္ဇပ္ပဒ္ဒဝဝသေန ဝုတ္တံ။ ယက္ခ နဂရာဒိဴဝါသဂ််ဏာတိ။ ယက္ခနဂရမွိ အာပဏာဒိသု ဒိဿ မာနေသု ဂါမသင်္ခံ ဂစ္ဆတိ။ အဒိဿမာနေသု နဂစ္ဆတိ။ တသ္မာ ယက္ခနဂရမွိ ပဝိသန္တေန အပဏာဒိသု ဒိဿ မာနေသု သဗ္ဗံ ဂါမပွဝေသန ဝတ္တံ ကာတဗ္ဗံ။ အဒိဿ မာနေသု နကာတဗ္ဗန္တိ ဝဒန္တိ။—ဟု ဖွင့်ပြ၏။

ဝဇီရဗုဒ္ဓိဋီကာနှိုက်လည်း—

(စ) ကေစိ ပန ယက္ခပရိဂ္ဂဟဘူတောတိ အာပဏာဒိသု ဒိဿ မာနေသုဝေ ဂါမောတိ သင်္ခံ ဂစ္ဆတိ။ အဒိဿမာနေသု ပဝေသနေ အနာပတ္တိတိ ဝဒန္တိ။—ဟု ဖွင့်ပြတော်မူ၏။

ဎင်း ဋီကာနှစ်စောင်တို့နှိုက် "ဝဒန္တိ ကေစိ" ဟု ဖွင့်ပြသော်လည်း ဝိနည်း အရာဖြစ်၍ ဂရုကသို့ လိုက်သောအားဖြင့် မှတ်ယူသင့်ပေ၏။

အပက္ကန္တ အမနုဿဂါမနှိုက် အထူးမှတ်ချက်—အနုဂဏ္ဌိပုဒ် ပါ၌ အလိုအား ဖြင့် အကြင်ရွာမှ လူတို့သည် တဖန် ပြန်လိုသော အာလယရှိသည် ဖြစ်စေ မရှိသည်ဖြစ်စေ ဖဲသွားကုန်၏၊ ထိုရွာသည် အမနုဿဂါမ မည်၏။ ထိုအမနုဿဂါမသို့ သက််နှံးကို မရုံမူ၍ဎင်း ရွာဝင်ခြင်းကို မပန်ကြားမူ၍ဎင်း ဝင်ခြင်းငှါ အပ်၏ဟု ဆိုသဖြင့် ဎင်းအမနုဿဂါမ သည် တောကျောင်း၏ အန္တရာယ် မပြုတတ်ဟူသော အနက်, အဓိပ္ပါယ်သည် ရောက်၏။ ထိုသို့ ရောက်သော်လည်း ပါဋိတော်, ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို မလွန်နိုင်သဖြင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာအတိုင်း သာ တောကျောင်း၏ အန္တရာယ်ကို ပြုတတ်၏ဟု မှတ်။ ထိုကြောင့် ဝဇီရဗုဒ္ဓိဋီကာနှိုက်—

(ဆ) ယတောဝါ အပသက္ကန္တော၊ သော အမနုဿောနာမ။ အမနုဿဂါမံ အပါရုဝိတ္ဝာ ဂါမပွဝေသနဉ္စ အနာပုစ္ဆာ ပဝိသိတုံ ဝဋ္ဋတိတိ အနုဂဏ္ဌိပဒေ ဝုတ္တံ။—ဟု ဖွင့်ပြတော်မူ၏။

အုတ်တံတိုင်း, သစ်သားမီးတားကိုအစပြု၍ အယုတ်အားဖြင့် ဆူးသစ်ခက်စသည်တို့ဖြင့် ခြံရံကာဆီးထားသောရွာသည် ပရိက္ခိတ္တဂါမ မည်၏။ အခြံအရံအကာအဆီး မရှိသောရွာသည် ထင်ရှား၏။ ထိုကြောင့် ပါရာဇိကဏ် အဋ္ဌကထာန္ဒိုက်—

(၈) ပရိက္ခိတ္တောနာမ ဣဋ္ဌကပါကာရံ အာဒိံကတ္ဝာ အန္တမသော ကလ္လကသာခါဟိဝိ ပရိက္ခိတ္တော။—ဟု ဖွင့်ပြတော်မူ၏။

နွားတို့သည် ထိုထိုအရပ်န္ဒိုက် နှစ်ကောင်,သုံးကောင် စု၍နေဘိသကဲ့သို့ ခရီးလမ်းမ ခရီးငယ် ခရီးလမ်းဆုံတို့ကို ကောင်းစွာစီရင်၍ ထားခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် မနေထိုင်မူ၍ ထိုထိုအရပ်န္ဒိုက် နှစ်အိမ်တစု သုံးအိမ်တစုပြု၍ နေထိုင်သောရွာသည် ဂေါနိသာဒိနိဝိဋ္ဌဂါမ မည်၏။ ထိုကြောင့် ပါရာဇိကဏ် အဋ္ဌကထာန္ဒိုက်—

(၅) ဂေါနိသာဒိနိဝိဋ္ဌောနာမ ဝိထိသန္နိဝေသာဒိ ဝသေန အနိဝိသိတ္ဝာ ယထာဂါဝေါ တတ္ထတတ္ထ ဒွေ တယော နိသီဒန္တိ။ ဧဝံ တတ္ထတတ္ထ ဒွေ တီဏိ ဃရာနိ ကတ္ဝာ နိဝိဋ္ဌော။—ဟု ဖွင့်ပြတော်မူ၏။

ပခုံးထမ်း,ခေါင်းရွက် ခြေကုန်သည် ရောင်းဝယ်ရန် ဥစ္စာပါသော လှည်းကုန်သည် လှေကုန်သည်တို့သည် တောကျောင်း အရညကင်မူတင် ရခြင်း၏ လက္ခဏာ တောကျောင်းမှ တာငါးရာအတွင်းန္ဒိုက် ခြေကုန်သည်တို့မှာ တဲမပျက်ပြု၍ လှည်းကုန်သည်တို့မှာ လှည်းဝိုင်း လှည်းတပ်ဖွဲ့၍ လှေကုန်သည်တို့မှာ မြစ်ကမ်းန္ဒိုက် လှေဝိုင်း လှေစု လှေအုပ် လှေတပ်ဖွဲ့၍ မိုးလေးလထက် အာလွန် နေသည်ရှိသော် တောကျောင်းအရညကင်မူတင်ကို ဖျက်ဆီးတတ်သောသတ္တဂါမမည်၏။ မိုးလေးလအောက် အယုတ် နေသည်ရှိသော် တောကျောင်းအရညကင်မူတင်ကို ဖျက်ဆီးတတ်သော သတ္တဂါမ မမည်ဟု မှတ်အပ်၏။ ထိုကြောင့်—

(ည) ယောဝိ သတ္ထော အတိရေကစာတုမာသနိဝိဋ္ဌော။ သောဝိ ဝုစ္စတိ ဂါမော။—ဟု ဟောတော်မူ၏။

ဂင်းအဋ္ဌကထာန္ဒိုက်လည်း—

(၄) သတ္ထောတိ ဇင်္ဃသတ္ထ သကဋသတ္ထာဒိသု ယောကောစိ။—ဟု ဖွင့်ပြတော်မူ၏။

ဝသုဒ္ဓမဂအဋ္ဌကထာန္ဒုကလည်း—

(၅) အန္တမသော အတိရေက စာတုမာသနိဝိဋ္ဌော ယောကောစိ သတ္ထောဝိ။—ဟု ဖွင့်ပြတော်မူ၏။

အထူးမှတ်ချက်—သတ္ထောပိ ဟူသောပုဒ် ပိသဒ္ဒါ၊ ဇင်္ဃသတ္ထ သကဋသတ္ထာဒီသု ဟူသောပုဒ် အာဒိသဒ္ဒါတို့ဖြင့် ခေတ္တနေထိုင်သော စစ်သည်,ဆင်တပ်,မြင်းတပ်,ခြေသည်တပ်ကိုဎင်း၊ မိုးကြိုး ရေကြိုး ကြိုးသည်ဖြစ်၍ ခေတ္တနေထိုင်သော လူနှင့်တကွသော နွားတပ်, မြင်းတပ်,ကျဲတပ်ကိုဎင်း၊ သစ်ဆွဲဆင်တို့၏ နေထိုင်ရာ ဆင်တပ်ကိုဎင်း၊ သစ်ခုတ်သမားတို့၏ ခေတ္တနေထိုင်ရာ တဲကိုဎင်း၊ ကူညီသမား, လက်သမားတို့၏ ခေတ္တနေထိုင်ရာ တဲကိုဎင်း၊ လယ်လုပ်သမားတို့၏ ခေတ္တနေထိုင်ရာ တဲကိုဎင်း ဧပါင်း၍ ယူအပ်၏။

နိဂမနာ ဓိပ္ပါယ ထိုပြဆိုအပ်ပြီးသော ဂါမတို့တွင် သတ္ထဂါမမှ တပါးသော နိယမဂါမတို့သည် တည်ဉ့်မျှပင် ရှာတည်ရှိခြင်းသော်လည်း တောကျောင်းအင်္ဂါလက္ခဏာ ပျက်၏ဟု မှတ်အပ်၏။ ခြေကုန်သည်,လှည်းကုန်သည်,လှေကုန်သည်စသော အနိယမသတ္ထဂါမသည် "အတိရေက စာတုမာသနိဝိဋ္ဌော" ဟု ဘုရားဟောတော်မူသောကြောင့် မိုးလေးလထက်အလွန် နေသော်သာလျှင် တောကျောင်းအင်္ဂါလက္ခဏာပျက်၏ဟုမှတ်။ အိမ်သစ်ဆောက်လုပ်ပြီးသော ကေကုဋိကစသောရွာသည် အကြင်မျှလောက်သောကာလပတ်လုံး လူတို့သည် ဝင်၍ နေထိုင်ခြင်းကိုမပြုသေး၊ထိုမျှလောက်သော ကာလပတ်လုံး ရွာဟူသော အရေအတွက်သို့ မရောက်၊ ထိုလူတို့ မနေထိုင်သော ရွာသစ်သည် အိမ်ရှိသော်လည်း တောကျောင်းအင်္ဂါလက္ခဏာမပျက်ဟု မှတ်အပ်၏။ ထိုကြောင့် သာရတ္ထဒီပနီဋီကာန္ဒိုက်—

(၃) အဘိနဝ နိဝိဋ္ဌော ကေကုဋ္ဌိကာဒိဂါမောယေဝ မနုဿာ ပဝိသိတ္ဝာ ဝါသံ နကပ္ပေန္တိ။ တာဝ ဂါမသင်္ခံ နဂစ္ဆတိတိ ဝဒန္တိ။ တသ္မာ တတ္ထ ဂါမပ္ပဝေသနာ ပုစ္ဆာဒိ ကိစ္စမ္ပိ နတ္ထိ။—ဟု ဖွင့်ပြတော်မူ၏။

ဝိမတိဋ္ဌိကာန္နိဂ်လည်း ထိုလူမနေသေးသော ရွာသစ်ဦးဂ်ိ "ပုနပိ အာဂန္တုကာမာ" ဟူ၍ အဋ္ဌကထာဦးဂ်ိ ဆိုတော်မူအပ်သည်၏ အဖြစ်ကြောင့် တဖန် မဝင်တော့ကုန်အံ့ဟု အာလယကင်းကုန်သော လူတို့သည် စွန့်အပ်သောရွာဦးဂ်ိ ဂါမဝေါဟာရ မရှိသောကြောင့် ဂါမပ္ပဝေသန ပုစ္ဆနာဒိကိစ္စမရှိဟု ဖွင့်ပြတော်မူ၏။ ၎င်းဝိမတိဋ္ဌိကာအလိုအားဖြင့် လူမနေသေးသော ရွာသစ်ဖြစ်သော်လည်း မနေတော့ပြီဟု အာလယပြတ် စွန့်မှသာလျှင် ရွာမဟုတ်ဟူသော အရေအတွက်သို့ ရောက်၏။ အာလယပြတ် မစွန့်ခဲ့သော် လူမရှိသော်လည်း ရွာပင်တည်းဟု အယူရှိတော်မူဟန် လက္ခဏာရှိသည်။ "အမနုဿောပိ ဂါမော" ဟူသော ပါဠိတော်ကို ထောက်လျှင် သင့်မြတ်၏ဟု ထင်ပေ၏။ သာရတ္ထဋီကာပြ ဝဒန္တိဝါဒနှင့် နှိုင်းယှဉ်၍ နှစ်သက်ရာကိုယူကြလေ။ ၎င်းဝိမတိဋ္ဌိကာအလိုအားဖြင့် လူမနေသေးသော ရွာသစ်သည် တောကျောင်း အင်္ဂါလက္ခဏာ ပျက်၏ဟု မှတ်။ ထိုကြောင့် ဝိမတိဋ္ဌိကာန္နိဂ်က—

(၄) ပုနဝိ အာဂန္တုကာမာတိ ဝုတ္တတ္တာစ သဗ္ဗထာ မနုဿေသဟိ အနိဝုတ္ထပုဗ္ဗေ အဘိနဝ မာဝိတေ ပုန နပဝိသိဿာမာတိ နိရာလယေဟိ ပရိစ္ဆေစ္ဆေစ ဂါမေ ဂါမဝေါဟာရာဘာဝါ ဂါမပ္ပဝေသနာ ပုစ္ဆနာဒိကိစ္စံ နတ္ထိတိ ဝေဒိတဗ္ဗံ။—ဟု ဖွင့်ပြတော်မူ၏။

လူတို့သည် တဖန် မပြန်လာတော့ပြီဟု အာလယပြတ် စွန့်သွားသော ကေကုဋ္ဌိကစသော အမနုဿဂါမသည် ဘီလူးတို့သည် မသိမ်းဆည်းမူ၍ အိမ်စေ့းစသည် မထင်သည်ရှိသော် ရွာမမည်ဟု မှတ်အပ်၏။ ဂါမ မမည်သောကြောင့် ဂါမပ္ပဝေသနပုစ္ဆန စသော ကိစ္စ မရှိ။ တောကျောင်း၏ အနီးနှိုက်တည်ရှိသော်လည်း တောကျောင်း၏ အင်္ဂါလက္ခဏာ မပျက်ဟု မှတ်အပ်၏။ ထိုကြောင့် သာရတ္ထဋီကာန္နိဂ်က—

လူတို့သည် တဖန် မပြန်လာတော့ပြီဟု အာလယပြတ် စွန့်သွားသော ကေကုဋ္ဌိကစသော အမနုဿဂါမသည် ဘီလူးတို့သည် မသိမ်းဆည်းမူ၍ အိမ်စေ့းစသည် မထင်သည်ရှိသော် ရွာမမည်ဟု မှတ်အပ်၏။ ဂါမ မမည်သောကြောင့် ဂါမပ္ပဝေသနပုစ္ဆန စသော ကိစ္စ မရှိ။ တောကျောင်း၏ အနီးနှိုက်တည်ရှိသော်လည်း တောကျောင်း၏ အင်္ဂါလက္ခဏာ မပျက်ဟု မှတ်အပ်၏။ ထိုကြောင့် သာရတ္ထဋီကာန္နိဂ်က—

(ဏ) ပုနဝိ အာဂန္တုကာမာတိ ဧကမိနာ တေသံ တတ္ထ သာပေက္ခ ဘာဝံ ဒဿေတိ။ ယတော ပန နိရာပေက္ခောဝ ဟုတ္ဝာ ပက္ကမန္တိ။ သော ဂါမသင်္ခံ န ဂစ္ဆတိ။ တသ္မာ တတ္ထ ဂါမပွဝေသနာ ပုစ္ဆနာဒိကိစ္စမ္မိ နတ္ထိ။—ဟု ဖွင့်ပြတော်မူ၏။

အထူးမှတ်ချက်—ထို နိရာလယအားဖြင့် လူတို့သည် စွန့်သွားသော အမနုဿဂါမနှိုက် အမှတ်မရှိသော လူတို့သည် တည်ဉ့်မျှပင် ဝင်၍ နေထိုင်ခြားသော်လည်း တောကျောင်း အင်္ဂါလက္ခဏာ ပျက်၏ဟု မုခ္ဍ မှတ်သားအပ်၏။ ဤသို့ နိရာလယအားဖြင့် လူတို့သည် စွန့်ပစ်၍ သွားသော အမနုဿဂါမနှိုက် တည်ဉ့်မျှ လူတို့ ဝင်၍ နေထိုင်သည်ကို ရည်၍ ရှေးဆရာတော်ကြီးတို့သည် အိမ်ထောင်စုံ တည်ဉ့်မျှ ဝင်၍ နေထိုင်သည်ရှိသော် တောကျောင်းအင်္ဂါလက္ခဏာ ပျက်၏ဟု ဆိုဟန် လက္ခဏာရှိသည်။ တောကျောင်းအတွင်းနှိုက် ခေတ္တခဏ ဝင်၍ နေထိုင်သည်ရှိသော် တောကျောင်း အင်္ဂါလက္ခဏာ မပျက်ဟု မှတ်အပ်၏။

တောကျောင်း၏ အတွင်းနှိုက် အိမ်ထောင်စုံ ဝင်၍နေက တောကျောင်း ပျက်သည်ဟု အခ္ခါ ပြောဆိုနေကြပါသည်၊ ၎င်းအချက်များကို စဉ်းစားမှာ သေချာစွာ မတွေ့ရှိပါသောကြောင့် မည်ကဲ့သို့ ယူရမည်ကို ထပ်မံ၍ ဝိနိစ္ဆယ ပေးသနားတော်မူပါမည့်အကြောင်း လျှောက်ထားရာနှိုက်—

(တ) သာသင်္ကံ နာမ အာရာမေ အာရာမူပစာရေ စောရာနံ နိဝဒ္ဒောကာသော ဒိဿတိ၊ ဘုတ္တောကာသော ဒိဿတိ၊ ဋ္ဌိတောကာသော ဒိဿတိ၊ နိသိန္နောကာသော ဒိဿတိ၊ နိပ္ပန္နောကာသော ဒိဿတိ။—

ဟူသော ပါရာဇိကဏ်ပါဠိတော် နိဿဂ္ဂိယ သာသင်္ကသိက္ခာပုဒ်နှိုက် ခိုးသူတို့သည် တောကျောင်း၏ အာရာမ်တွင်း ဥပစာရတို့နှိုက် ဝင်၍ နေထိုင်ကြောင်းကို ဟောတော်မူသည်၊ ၎င်းခိုးသူတို့ နေထိုင်ခြင်းကြောင့် တောကျောင်းပျက်သည်ဟူ၍ ပါဠိတော်နှိုက် ဟောတော်မူခြင်း မရှိသောကြောင့်

၎င်း၊ ၎င်းအဖွင့်ဖြစ်သော အဋ္ဌကထာ,ဋီကာတို့နှိုက် ၎င်းခိုးသူတို့ နေထိုင်ရာ အကယ်၍ တောကျောင်းအင်္ဂါ ပျက်ခဲ့အုံ့ ပျက်ကြောင်းကို ဖွင့်ပြခဲ့ရာ၏၊ ဤသို့ ဖွင့်ပြခြင်း မရှိသောကြောင့်၎င်း၊ မူတင်နှင့်စပ်၍ ဖွင့်ပြသော မင်္ဂလသုတ်ပဏ္ဏာသအဋ္ဌကထာ,ဝိသုဒ္ဓိမဂ်အဋ္ဌကထာ,၎င်းဋီကာ စသည်တို့နှိုက်လည်း ဖွင့်ပြခြင်း မရှိသောကြောင့်၎င်း၊ ဆွမ်းစသည် လှူဒါန်းခြင်းစသော အကြောင်းအာဒီဖြင့် တောကျောင်းသို့ လာ၍ အိမ်ထောင်စုံ ဒါယကာ, ဒါယိကာမတို့နေ့,ညဥ့်ပတ်လုံး ခေတ္တာနေထိုင်ကြခြင်းသည် တောကျောင်း မပျက်ဟူ၍သာ မှတ်ယူသင့်ပေ၏။

မှတ်ချက်—၎င်းပြင် အထောက်အကြောင်းပါဠိသာဓကကို ရှာဖြေးသော်လည်း တွေ့ရှိမည် မဟုတ်ချေ၊ အိမ်ထောင်စုံ တညဥ့်မျှ ဝင်၍ နေကတောကျောင်းပျက်၏ဟု ယူသော ဝါဒဘက်မှလည်း ပါဠိသာဓကမရှိချေ၊ပါရာဇိကဏ်ပါဠိတော်,၎င်းအဋ္ဌကထာ,ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှ တပါး ဂါမအရ အထူးပြသောအရာလည်း မရှိချေ၊သို့ဖြစ်၍ အောက်က ပြဆိုခဲ့ပြီးသော အတိုင်းသာ မှတ်ယူသင့်ပေ၏။

အထူးမှတ်ချက်—အရည၀ါသီ ပုဂ္ဂိုလ်တို့သည် မြို့,ရွာ၏ တွန်သံဆယ်ပါး လူတို့နှင့် ရောပြွမ်းခြင်းများကို စက်ဆုတ်ကြသဖြင့် ကာယဝိဝေက, စိတ္တဝိဝေကကို အလိုရှိ၍ တောနှိုက် နေကြသောကြောင့် မိမိတို့၏ ကုသိုလ်ဆန္ဒ ပြည့်စုံကြရန် တောကျောင်းအင်္ဂါ မပျက်ငြားသော်လည်း ဝိသဘာဂဖြစ်သော လူတို့ကို တောကျောင်းအတွင်းနှိုက် ကာလကြာမြင့်စွာ လက်ခံထားရန် မသင့်ဟု မှတ်ယူသင့်ပေ၏။

အနက် (က) ဂါမောနာမ၊ရွာမည်သည်ကား။ကေကုဋ္ဌိကောပိ၊တအိမ်သာရှိသော ရွာသည်လည်း။ ဂါမော၊ရွာမည်၏။ ဒ္ဝိကုဋ္ဌိကောပိ၊ နှစ်အိမ်ရှိသော ရွာသည်လည်း။ ဂါမော၊၏။ တိကုဋ္ဌိကောပိ၊သုံးအိမ်ရှိသော ရွာသည်လည်း။ ဂါမော၊ ၏။ စတုကုဋ္ဌိကောပိ၊ လေးအိမ်ရှိသော ရွာသည်လည်း။ ဂါမော၊၏။ သမန္နုဿောပိ၊လူရှိသော ရွာသည်လည်း။ ဂါမော၊၏။ အမန္နုဿောပိ၊ လူမရှိ ဘီလူးသိမ်းဆည်းသော ရွာသည်လည်း။ ဂါမော၊ ၏။

ပရိက္ခိတ္တောပိ၊အရံရှိသော ရှာသည်လည်း။ ဂါမော၊၏။ အပရိက္ခိတ္တောပိ၊အရံမရှိသောရှာသည်လည်း။ဂါမော၊၏။ဂေါနိသာဒိနိဝိဋ္ဌောပိ၊နွားတို့ နှစ်ကောင်တစု သုံးကောင်တစုနေသကဲ့သို့ နှစ်အိမ်တစု သုံးအိမ်တစုနေသောရှာသည်လည်း။ ဂါမော၊၏။ ယောပိသတ္ထော၊အကြင် လှည်းကုန်သည် သည်လည်း။ အတိရေက စာတုမာသနဝဋ္ဌော၊မုံးလေးလထက် အလွန် နေသည်။ ဟောတိ၊ဖြစ်၏။ သောပိသတ္ထော၊ ထို လှည်းကုန်သည်ကိုလည်း။ ဂါမော၊ ရှာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(ခ) ယောကောစိ၊ အမှတ်မရှိသော။ ကေကုဋ္ဌိကော၀ါ၊ တအိမ်သာရှိသောရှာသည်ဌင်း။ အနေကကုဋ္ဌိကော၀ါ၊ မျှားသောအိမ်ရှိသော ရှာသည်ဌင်း။ ပရိက္ခိတ္တော၀ါ၊ ဌင်း။ အပရိက္ခိတ္တော၀ါ၊ ဌင်း။ သမနုဿော၀ါ၊ ဌင်း။ အမနုဿော၀ါ၊ ဌင်း။ ဂါမောနာမ၊ ရှာမည်၏။ အန္တမသော၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ဝါ၊အယုတ်အဆုံးနှိုက် ဖြစ်သောအားဖြင့်။အတိရေက စာတုမာသနိဝဋ္ဌော၊မိုးလေးလထက် အလွန်နေသော။ ယောကောစိ၊အမှတ်မရှိသော။ သတ္ထောပိ၊ လှည်းကုန်သည်သည်လည်း။ ဂါမောနာမ၊၏။

(ဂ) တတ္ထ၊ ထိုကေကုဋ္ဌိကဂါမ စသည်တို့တွင်။ ယသ္မိံ ဂါမေ၊ အကြင်ရှာနှိုက်။ ကောဝေကုဋ္ဌိကေံဂေဟံ၊တအိမ်သည်သာလျှင်။ အတ္ထိ၊ရှိ၏။ သေယျထာပိမလယဇနပဒေ၊ မလယဇနပုဒ်ကဲ့သို့တည်း။ တနည်း— သေယျထာပိမလယဇနပဒေ၊ကဲ့သို့။ ကောဝေကုဋ္ဌိကေံဂေဟံ၊သည်သာလျှင်။ အတ္ထိ၊ရှိ၏။ အယံဂါမော၊ သည်။ ကေကုဋ္ဌိကော၊ သော။ ဂါမောနာမ၊ မည်၏။ ဇေတနယေန၊ဤနည်းဖြင့်။အပရေပိ၊တပါးသော ဒ္ဒိကုဋ္ဌိက စသောရှာတို့ကိုလည်း။ ဂေဒိတဗ္ဗာ၊ကုန်၏။

(ဃ) ယောဂါမော၊ သည်။ သဗ္ဗသော၀ါ၊ အချင်းခပ်သိမ်းမူလည်း။ မနုဿာနံ၊လူတို့၏။ အဘာဝေန၊ မရှိသဖြင့်။ ယက္ခပရိဂ္ဂဟဘူတော၊ ဘီလူးတို့သည် သိမ်းဆည်းအပ်သည်ဖြစ်၍ ဖြစ်၏။ သောဂါမော၀ါ၊ ထိုရှာသည်ဌင်း။ ယတော၀ါ၊အကြင် ရှာမှလည်း။ မနုဿာ၊တို့သည်။ ကေနစိကာရကေန၊တစုံတခုသော အကြောင်းဖြင့်။ ပုနပိ၊တဖန်လည်း။ အာဂန္တုကာမာဓေ၊ပြန်လာလိုကုန်သည်သာလျှင်။ ဟုတ္ဝာ၊၍။ အပက္ကန္တာ၊ဖဲသွားကုန်၏။ သောဂါမော၊ သည်။ အမနုဿောနာမ၊မည်၏။

(c) ယက္ခပရိဂ္ဂဟဘူတောတိ ဣဒံဝစနံ၊ ကို။ သဉ္ဉပ္ပဒ္ဒဝဝသေန၊ ဘေး ရန်ရှိသည်၏ အစ္ဓမ်းဖြင့်။ ဝုတ္တံ၊ ၏။ ယက္ခနဂရာဒိံဝါ၊ ဘီလူးမြို့ အစရှိသည် ကိုလည်း။ သင်္ကာတိ၊သိမ်းယူ၏။ ယက္ခနဂရမ်ပိ၊သည်လည်း။ အာပဏာဒီသု၊ အိမ်စေျး အစရှိသည်တို့သည်။ ဒိဿမာနေသု၊ ထင်ကုန်သည်ရှိသော်။ ဂါမ သခ်္ဂံ၊ ရွာဟူသော အရေအတွက်သို့။ ဂစ္ဆတိ၊၏။ အာပဏာဒီသု၊ တို့သည်။ (လိုက်)။ အဒိဿမာနေသု၊မထင်ကုန်သည်ရှိသော်။ ဂါမသခ်္ဂံ၊သို့။(လိုက်)။ နဂစ္ဆတိ၊ မရောက်။ တသ္မာ၊ ကြောင့်။ ယက္ခနဂရမ်ပိ၊ ဘီလူးမြို့သို့လည်း။ ပဝိသန္တေန၊ဝင်သောရဟန်းသည်။အာပဏာဒီသု၊တို့သည်။ဒိဿမာနေသု၊သော်။ သဗ္ဗံ၊သော။ ဂါမပွဝေသနဝတ္တံ၊ရွာသို့ဝင်ရာနှိုက် ပြုရာသောဝတ်ကို။ ကာတဗ္ဗံ၊ ၏။အာပဏာဒီသု၊တို့သည်။ (လိုက်)။ အဒိဿမာနေသု၊သော်။သဗ္ဗံ၊သော။ ဂါမပွဝေသနဝတ္တံ၊ကို။ (လိုက်)။ နံကာတဗ္ဗံ၊မပြု အပ်။

(စ) ကေစိပန၊ တို့သည်ကား။ ယက္ခပရိဂ္ဂဟဘူတောတိ၊ ကား။ အာ ပဏာဒီသု၊တို့သည်။ ဒိဿမာနေသုဝေ၊ထင်ကုန်သော်လျှင်။ဂါမောတိ၊ဟူ၍။ သခ်္ဂံ၊သို့။ ဂစ္ဆတိ၊၏။ အာပဏာဒီသု၊တို့သည်။ (လိုက်)။ အဒိဿမာနေသု၊ သော်။ ပဝေသနေ၊ရွာသို့ ဝင်ရာနှိုက်။ အနာပတ္တိ၊အာပတ်မသင့်။ ဣတိ၊သို့။ ဝဒန္တိ၊ကုန်၏။

(ဆ) ယတောဝါ၊အကြင်ရွာမှ မူလည်း။ မနုဿာ၊တို့သည်။ (ထည့်)။ အပသက္ကန္တော၊ ဆုတ်ခွါရှောင်ရှား ဇဲသွားကုန်၏။ သောဂါမော၊ သည်။ အမနုဿောနာမ၊ မည်၏။ အမနုဿဂါမံ၊ လူမရှိသောရွာသို့။ အပါရုပိတ္ဝာ၊ သင်္ခန်းကို မရုံမူ၍။ ဂါမပွဝေသနဉ္စ၊ ရွာသို့ ဝင်ခြင်းကိုလည်း။ အနာပုစ္ဆာ၊ မပန်ကြားမူ၍။ ပဝိသိတုံ၊ဝင်ခြင်းငှါ။ ဝဋ္ဋတိ၊အပ်၏။ အနုဂဏ္ဍိပဒေ၊အနုဂဏ္ဍိ ပုဒ်နှိုက်။ ဝုတ္တံ၊အပ်၏။

(ဇ) ဣဋ္ဌကပါကာရံ၊အုတ်တံတိုင်းကို။ အာဒိံကတ္ဝာ၊အစပြု၍။ အန္တမ သော၊ဖြင့်။ ကဏ္ဏကသာခါဟိပိ၊ ဆူးခက်တို့ဖြင့်လည်း။ ဝါ၊ဆူးရှိသော သစ် ခက်တို့ဖြင့်လည်း။ ပရိက္ခိတ္တောဝ၊ ခြံရံအပ်သော ရွာသည်။ ပရိက္ခိတ္တောနာမ၊ မည်၏။

(စျ) ဂေါနိသာဒိနိဝိဋ္ဌောနာမ၊ မည်သည်ကား။ ဝိထိသန္နိဝေသာဒိစသေန၊ လမ်းခရီးအစဉ် အစရှိသည်တို့၏ အစွမ်းဖြင့်။ ဝါ၊ ခရီးအစဉ်ထား၍ နေခြင်း အစရှိသည်တို့၏ အစွမ်းဖြင့်။ အနိဝိသိတ္ဌာ၊ မနေမူ၍။ ဂါဝေါ၊ နွားတို့သည်။ တတ္ထတတ္ထာ၊ထိုထိုအရပ်နှိုက်။ ဒဋ္ဌတယော၊နှစ်ကောင်, သုံးကောင်တို့သည်။ နိသီဒန္တိယထာ၊ စု၍နေကုန်သကဲ့သို့။ ဧဝံတထာ၊ဟူ။ တတ္ထတတ္ထ၊ထိုထိုအရပ်နှိုက်။ ဒဋ္ဌတိဏိဃရာနိ၊နှစ်အိမ်,သုံးအိမ်တို့ကို။ကတ္ဝာ၊၍။နိဝိဋ္ဌော၊နေသော ရှာသည်။ ဂေါနိသာဒိနိဝိဋ္ဌောနာမ၊ မည်၏။ (ည-ဋ္ဌ-ဌ-မှတ်သာဓကပါဠိတို့သည် အနက် သိသာထင်ရှား၏)။

(ဥ) အဘိနဝနိဝိဋ္ဌော၊အသစ်နေသော။ဝါ၊အသစ်ဆောက်လုပ်သော။ ကေကုဋ္ဌိကာဒိဂါမောယေဝ၊ကေကုဋ္ဌိကစသော ရှာသည်သာလျှင်။ မနုံဿာ၊တို့သည်။ ပဝိသိတ္ဌာ၊ဝင်၍။ ယာဝ၊အကြင်ရွေ့လောက်။ ဝါသံ၊နေခြင်းကို။ နကပ္ပေန္တိ၊ မပြုကုန်သေး။ တာဝ၊ ထိုရွေ့လောက်။ ဂါမသဒ္ဒံ၊ ရှာဟူသော အရေအတွက်သို့။ နဂစ္ဆတိ၊မရောက်။ ဣတိ၊ဤသို့။ အာစရိယာ၊တို့သည်။ ဝဒန္တိ၊ကုန်၏။ တသ္မာ၊ထိုကြောင့်။ တတ္ထ၊ထိုလူမနေသေးသော ရှာသစ်နှိုက်။ ဂါမပ္ပဝေသနာပုစ္ဆနာဒိကိစ္စမ်ိ၊ရှာသို့ဝင်ခြင်းကို ပန်ကြားခြင်းစသောကိစ္စသည်လည်း။ နတ္ထိ၊မရှိ။

(ဃ) ပုနပိအာဂန္တုကာမာတိ၊ဟူ၍။ဝုတ္တတ္တာဝ၊အဋ္ဌကထာနှိုက် ဆိုအပ်သည်၏ အဖြစ်ကြောင့်လည်း။ သဗ္ဗထာ၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ မနုဿေဟိ၊တို့သည်။ အနိဝုတ္ထပုဗ္ဗေ၊ မနေဘူးသေးသော။ အဘိနဝမာပိတော၊အသစ်ဆောက်လုပ် ဖန်ဆင်းအပ်သော။ ပုန၊ဖန်။ နပဝိသိဿာမ၊မဝင်ကုန်အံ့။ ဣတိ၊သို့။ နိရာလယေဟိ၊နေလိုခြင်း အာလယကင်းကုန်သော လူတို့သည်။ ပရိစ္ဆေတ္တေ၊ စွန့်အပ်သော။ ဂါမေ၊ နှိုက်။ ဂါမဝေါဟာရာဘာဝေါ၊ ရှာဟူသော ခေါ်ဝေါ်ခြင်း မရှိသည်၏ အဖြစ်ကြောင့်။ ဂါမပ္ပဝေသနာပုစ္ဆနာဒိကိစ္စံ၊ ရှာသို့ဝင်ခြင်းနှိုက် ပန်ကြားခြင်းစသော ကိစ္စသည်။ နတ္ထိ၊မရှိ။ ဣတိ၊ဤသို့။ ဝေဒိတဗ္ဗံ၊၏။

(ဏ) ပုနပိ အာဂန္တုကာမာတိဣမိနာ၊ ဖြင့်။ တေသံမနုဿာနံ၊ တို့၏။ တတ္ထတသ္မိံ ဂါမေ၊ထိုရှာနှိုက်။ သာပေက္ခဘာဝံ၊ငဲ့ကွက်ခြင်း ရှိသည်၏ အဖြစ်ကို။ ဒဿေတိ၊ ပြ၏။ ပန၊ ထိုမှတပါး။ ယတော ဂါမတော၊ အကြင်ရွာမှ။

နိရာပေကွောဝ၊ တဖန် နေအံ့ဟူသော ငဲ့ကွက်ခြင်း ကင်းကုန်သည်သာလျှင်။ ဟုတ္ဝာ၍။ မနုဿာ၊တို့သည်။ ပက္ကမန္တိ၊ဖဲသွားကုန်၏။ သောဂါမော၊ထို့ရာသည်။ ဂါမသခ်ျံ၊သို့။ နဂစ္ဆတိ၊မရောက်။ တသ္မာ၊ထို့သို့ ရှာဟူသော အရေအတွက်သို့ မရောက်ခြင်းကြောင့်။ တတ္ထတသ္မိံ ဂါမေ၊ထိုလူတို့ အလျှင်းစွန့်သွားသော ရှာနှိုက်။ ဂါမပ္ပဝေသနာပုစ္ဆနာဒိကိစ္စမ်ိ၊ ရှာသို့ဝင်ခြင်းနှိုက် ပန်ကြားခြင်းစသော ကိစ္စသည်လည်း။ နတ္ထိ၊မရှိ။

(တ) သာသင်္ံနာမ၊ သာသင်မည်သည်ကား။ အာရာမေ၊ အာရာမ်နှိုက်ဌင်း။အာရာမူပစာရေ၊အာရာမ်၏ဥပစာရနှိုက်ဌင်း။စောရာနံ၊ခိုးသူတို့၏။ နိဝိဋ္ဌောကာသော၊ နေရာအရပ်သည်။ ဒိဿတိ၊ ထင်၏။ ဘုတ္တောကာသော၊ စားရာအရပ်သည်။ ဒိဿတိ၊ ထင်၏။ ဋ္ဌိတောကာသော၊ ရပ်ရာအရပ်သည်။ ဒိဿတိ၊၏။ နိသိန္နောကာသော၊ ထိုင်ရာအရပ်သည်။ ဒိဿတိ၊၏။ နိပ္ပန္နောကာသော၊အိပ်ရာအရပ်သည်။ ဒိဿတိ၊၏။

အရညကဓူတင်္နာသနဂါမ ဝိနိစ္ဆယ ပြီးပြီ။

ရဟန်းတော်တို့သည်
ဒွေဆိုင်း,ဘော်ဆိုင်းတို့ကို ကိုယ်တိုင် ကိုင်ယူ၍
ဘုရားဒေတီ ရုပ်ပွါးတော် စသည်တို့နှိုက် ဓချသင့် မချကောင်းသော

သုဝဏ္ဏာဒိဒါမလေပန ဝိနိစ္ဆယ

၁၂၉၄-ခု၊ နှောင်းတန်ခူးလဆန်း(၉)ရက် တနင်းလာနေ့။

မန္တလေးမြို့ ပုဂံတိုက် ဓမ္မကထိကဆရာတော် ဦးတိလောက,က ရဟန်းတော်များသည် ရွှေဆိုင်း,ဘော်ဆိုင်းတို့ကို ကိုယ်တိုင် ကိုင်ယူ၍ ဘုရားရုပ်ပွါးတော် စသည်တို့အား ချကောင်း ကပ်ကောင်း ပူဇော်ကောင်းပါမည်လောဟု မေးလျှောက်ရာနှိုက်—

(က) ယောပန ဘိက္ခု ဇာတရူပရဇတံ ဥဂ္ဂဏှေယျဝါ ဥဂ္ဂဏှာပေယျဝါ ဥပနိက္ခိတ္တံဝါ သာဒိယေယျ နိဿဂ္ဂိယံ ပါစိတ္တိယံ။- ဘိက္ခုပါတိမောက်ပါဠိတော်

(ခ) ပုနစ အပရံ ဘိက္ခဝေ ဧကော သမဏဗြဟ္မဏာ ဇာတရူပရဇတံ သာဒိယန္တိ။ ဇာတရူပရဇတ ပဋိဂ္ဂဟာဏာ အပ္ပဋိဝိရတာ။ အယံ ဘိက္ခဝေ တတိယော သမဏဗြဟ္မဏာနံ ဥပက္ကိလေသော။ ယေန ဥပက္ကိလေသေန ဥပက္ကိလိဋ္ဌာ။ ဧကော သမဏဗြဟ္မဏာ နတပန္တိ နဘာသန္တိ နဝိရောစန္တိ။—စူဠဝါပါဠိတော်

ၵင်းပါဠိတော်တို့နှိုက် ၵ္ခ,ငဳ,ၵ္ခဆိုင်း,ဘော်ဆိုင်း ၵ္ခဖြင့်ပြီးသော၀တ္ထု ဝေါဟာရကဟာပဏ ငဳစက္ကူတို့ကို လက်ဖြင့် မကိုင်အပ် မခံအပ်၊ ယုတ်စွန် အဆုံး စိတ်ဖြင့်လည်း မသာယာအပ်ကြောင်းကို အပြစ်နှင့်တကွ ဘုရားဟော တော်မူသည်။

ၵ္ခ,ငဳ,ပုလဲ စသည်ပြီးသော ရတနာတန်းဆာတို့ကိုၵင်း၊ အထည်ဘဏ္ဍာ ပြုအပ်ပြီး မပြုအပ်သော ၵ္ခ,ငဳကိုၵင်း အခါခပ်သိမ်း မကိုင်အပ်၊ ယုတ်စွန် အဆုံး ထို ၵ္ခ,ငဳစသော ရတနာတို့၏ မျိုးစေ့ဖြစ်သော ကျောက်မျက်ပင် လျှင် မကိုင်အပ် မသုံးသပ်အပ်ကြောင်းကို ပါရာဇိကဏ်အဋ္ဌကထာ ကာယသံသဂ္ဂသိက္ခာပုဒ်အဖွင့်နှိုက်—

(ဂ) သုဝဏ္ဏရဇတ မုတ္တာဒိမယံ ပန အနာမသမေဝ။
(ဃ) ရဇတံ ဇာတရူပဉ္စ ကတဘဏ္ဍမိဒံ အကတဘဏ္ဍမိဒံ သဇ္ဇုနသဇ္ဇံ ဗီဇတော ပဋ္ဌာယ အနာမသဉ္စ အသမ္ပဋိစ္ဆိတဉ္စ။—ဟု ဖွင့်ပြတော်မူ၏။

ဤမျှသာ မဟုတ်သေး၊ ရဟန်းတော်တို့သည် စေတီအိမ် စေတီကျောင်း နှိုက် တန်းဆာဆင်၍ ထားအပ်သော ၵ္ခဲကြာပွင့်စသည်မျက်လည်း လက်ဖြင့် မသုံးသပ်အပ်ကြောင်းကို ၵင်းအဋ္ဌကထာ ၵင်းသိက္ခာပုဒ်အဖွင့်နှိုက်ပင်လျှင်—

(င) စေတိယဃရေ သုဝဏ္ဏပဒုမသုဝဏ္ဏပုပ္ဖုဠကာဒိနိ ဟောန္တိ။ တောနိဝိ အနာမသာနိ။—ဟု ဖွင့်ပြတော်မူ၏။

ဤစေတီအိမ်အရာဝယ် မဟာအဋ္ဌကထာနှိုက် စေတီယဂေါပက ရဟန်း တို့သည် ၵ္ခ,ငဳကိုစွန့်သောရဟန်းအရာနှိုက် တည်သည်ဖြစ်၍ ထို ၵ္ခကြာပွင့် စသည်တို့ကို ထိုမှဤမှ လက်ဖြင့်ကိုင်၍ ၵ္ခေ့ပြောင်းခြင်းငှါ အပ်၏ဟု ဖွင့်ဆို တော်မူ၏။ ၵင်းစကားကို ကုရုန္ဒီအဋ္ဌကထာနှိုက် ပယ်၏။ ဤသို့ အဋ္ဌကထာ ဝါဒ ကဲ့ပြားသော်လည်း—

ဝိနယ ဝိနိစ္ဆယေ ဥပ္ပန္နေ ဂရုကလဟုကေသု ဂရုကေ ဌာတဗ္ဗံ။ ဧတံ ဝိနယလက္ခဏံ။—

ဟူသော အဋ္ဌကထာသစ်နှင့် အညီ ဂရုကအရာသို့ လိုက်သောအားဖြင့် မကိုင်ယူအပ် မသုံးသပ်အပ်ဟူသော ကုရုန္ဒီအဋ္ဌကထာ၏ စကားနှိုက် တည် ခြင်းသည်သာလျှင် သင့်မြတ်၏ဟု မှတ်အပ်၏။ ထိုကြောင့် ၎င်းအဋ္ဌကထာ ၎င်းသိက္ခာပုဒ်အဖွင့်နှိုက်—

(စ) စေတိယဂေါပကာ ပန ရူပိယဆဋ္ဌကဋ္ဌာနေ ဌိတာ။ တသ္မာ တေသံ ကေဠာပယိတုံ ဝဋ္ဋတိတိ ဝုတ္တံ။ ကုရုန္ဒိယံ ပန ပဋိက္ခိတ္တံ။ –ဟု ဖွင့်ပြတော်မူ၏။

ရွှေစစ် ငွေစစ်ဖြင့် ပြုအပ်သော ရွှေဆင်းတု,ရွှေစေတီတော်,ငွေဆင်းတု, ငွေစေတီတော်တို့ကို ရဟန်းတော်တို့သည် လက်ဖြင့်ကိုင်ယူခြင်း သုံးသပ်ခြင်း ဌါ မအပ်၊အမိုက် မြူမှုံ့များကိုသာလျှင် ပယ်ခြင်း သုတ်ခြင်းသာလျှင်အပ်၏။ ရွှေစစ် ငွေစစ်ကို မဆိုထားဘိဦး ရွှေစစ် ငွေစစ်နှင့် အလားတူသော ရွှေတု ငွေ တု ရွှေရောင် ငွေရောင်နှင့်တူအောင် ပြုလုပ်ထားသော တေးခပ်ပြာ, ရွှေရည် စိမ်,ငွေရည်စိမ်,ရွှေရည်ပွတ်,ငွေရည်ပွတ်, ရွှေဆိုင်းချ,ငွေဆိုင်းချ,ကပ်ပိုယကြေး စသော ဝတ္ထုများကိုပင် ရဟန်းတော်တို့သည် ကိုင်ယူခြင်း သုံးသပ်ခြင်းဌါ မအပ်တော့သည်သာလျှင်တည်း။ကိုင်ယူသုံးသပ်လျှင် အနာမာသဒုက္ကဋ် သင့် ၏။ထိုကြောင့် ပါရာဇိကဏ်အဋ္ဌကထာ ကာယသံသဂ္ဂသိက္ခာပုဒ်အဖွင့်နှိုက်—

(ဆ) သုဝဏ္ဏစေတိယေ ကစဝရမေဝ ဟရိတုံ ဝဋ္ဋတိတိ ဇွန်းက မေဝ အနုညာတံ။ ဟာရကဋ္ဌလောဟမိဋ္ဌ ဇာတရူပဂတိက မေဝ အနာမသန်ဿိ သဗ္ဗအဋ္ဌကထာသု ဝုတ္တံ။–ဟု ဖွင့်ပြတော်မူ၏။

ဝိနယ ဝိနိစ္ဆယဋီကာနှိုက်လည်း—

(ဇ) သုဝဏ္ဏာဒိဟိ ကတံ သုဝဏ္ဏပဋိမာ စေတိယပေါဏ္ဍကာ ဝစ္ဆာဒကမဏိပဒုမဝဋ္ဋာဒိ ယံကိဉ္စိ နသာဒိတဗ္ဗမေဝ။နအာမ သိတဗ္ဗံ။ – ဟု ဖွင့်ပြ၏။

ယုတ်စွအဆုံးအားဖြင့် ရဟန်းတော်တို့အား ၎ရ,ငွေဖြင့် ပြီးကုန်သော ရွှေခွက်,ငွေခွက်, ၎ရဖလား,ငွေဖလား, ရွှေထုံးဘူး,ငွေထုံးဘူး, ရွှေတု,ငွေတု, တေးခပ်ပြာ, ရွှေရည်စိမ်,ငွေရည်စိမ် ဖလ်စစ်ခွက် အထူးတို့သည် လူဒါယကာတို့၏ ဥစ္စာအထူး ဖြစ်ကုန်သော်လည်း ခေတ္တခဏ အခိုက်အတန့်မျှ ကိုင်ခံခြင်းငှါ မအပ်ကုန်သည်သာလျှင်တည်း။ ယခုကာလနှိုက် အခြို့ သတိမရှိသော ရဟန်းတို့သည် ငွေဖလား ငွေထုံးဘူးဖြင့် ဒါယကာ,ဒါယိကာမတို့သည် ကွမ်းအစ် ကပ်သည်ကို ခံယူသုံးဆောင်ကြကုန်၏၊ မအပ်ပေ၊ သတိရှိကြစေ။ ယခုကာလပေါ် ရွှေမျက်မှန်ကိုင်းတို့သည် ရွှေစစ်မဟုတ်သော်လည်း ဟာရကူဋ္ဌသို့ ပါဝင်သင့်သောကြောင့် ရဟန်းတော်တို့အား မအပ်ဟု မှတ်ယူသင့်ပေ၏။ ထိုကြောင့် စူဠဝါ သေနာသနက္ခန္ဓကနှိုက်—

(စျ) သုဝဏ္ဏရတဟာရကူဋဇာတိဖလိကဘာဇနာနိ ဂိဟိဝိကဋ္ဌကာနိဝိ နဝဋ္ဋန္တိ။ ပဓေဝ သံဃိကပရိဘောဂေနဝါ ပုဂ္ဂလိကပရိဘောဂေနဝါ။—ဟု ဖွင့်ပြတော်မူ၏။

ဝိနိစ္ဆယမှတ်ချက်—အောက်က ဖေါ်ပြခဲ့ပြီးသော ပါဠိတော်,အဋ္ဌကထာ, ဋီကာတို့နှိုက် ၎ရ, ငွေ, ဟာရကူဋ္ဌတို့ကို မကိုင်အပ် မသုံးသပ်အပ် ကြောင်းကို ပြတော်မူသောကြောင့် ရဟန်းတော်တို့သည် မိမိ၏ ကောင်းမှုဖြစ်စေ သို့မဟုတ် ဒါယကာတို့၏ ကောင်းမှုဖြစ်စေ ၎ရ ဆိုင်း ဘော်ဆိုင်းတို့ကို ရွှေစစ် ငွေစစ်ပင် ဖြစ်သောကြောင့် ကိုယ်တိုင် ကိုင်ယူ၍ စေတီရုပ်ပွါးတော်တို့အား ချခြင်း ကပ်လှူခြင်းငှါ မအပ်ဟု မူချသနှိုဋ္ဌာန်ကျ မှတ်သားအပ်၏။ ကုသိုလ်ပုညကို အလိုရှိသည်ဖြစ်၍ ဘုရားရှေချခြင်းကို ပြုလုပ်ငြားသော်လည်း ကုသိုလ်ပုညဖြစ်မည် ဝေးစွ၊ သစိတ္တက အနာမာသဒုက္ကဋ် အာပတ်မှ မလွတ်ချေ။ ရွှေချသော ပယောဂတိုင်း ပယောဂတိုင်းလည်း သစိတ္တက ပယောဂဒုက္ကဋ်အာပတ်မှလည်း မလွတ်ချေ။ပါတိမောက္ခသံဝရသီလ ဣန္ဒြိယသံဝရသီလလည်း ပျက်ရချေသေး၏။ ငဖူမာနဲ့ မူဆိုးသည် အလင်္ဂီဒုဿီလရဟန်းအား ချီးမြှောက် လှူဒါန်းခြင်းသည် ကုသိုလ်ပုည မဖြစ်သည့်ပြင် အပါယ်ရောက်ကြောင်း မကောင်းမှု အကုသိုလ်

သာ ဖြစ်ပွါးသကဲ့သို့၊ အပါယ်ရောက်ကြောင်း မကောင်းမှု အကုသိုလ် သာ ဖြစ်ပွါးရာသည်။ ထို သစိတ္တကဒုက္ကဋ်အာပတ် ဟူသမျှသည် အနည်းငယ်မျှ အပွသာဝဇ္ဇဟု မမှတ်ထင်သင့်၊ ယခုဘဝန္ဒိုက် စျာန်, မဂ်,ဖိုလ်ကို မရခြင်း၏ အန္တရာယ် ဖြစ်ရုံမျှ မဟုတ်၊ ထိုဒုက္ကဋ်အာပတ် နှင့် စုတေခဲ့သည်ရှိသော် လူ့ဘုံ,နတ်ဘုံ ဟုဆိုအပ်သော သုဂတိဘုံ ဘဝန္ဒိုက်လည်း မဖြစ်နိုင်ပေ၊ မုချမလွဲ အမြဲအားဖြင့် ဒုဂ္ဂတိဘုံဘဝ နွိုက် ဖြစ်ကြရမည် စင်စစ်တည်း။ ထိုကြောင့် ရဟန်းတော်တို့သည် ဘုရားပညတ်တော်မူအပ်သော အဖိုးအနှဲ့ ထိုက်တန်သော သိက္ခာ ပုဒ်တော်ကိုငင်း၊ မြတ်စွာဘုရားကိုငင်း ကျောက်ထီးအတူ အလေးမူ ကြပြီးလျှင် ဒုက္ကဋ်အာပတ်၏ အပြစ်အာဒီနဝကိုငင်း၊ ပစ္စယဒါယကာ တို့၏ သဒ္ဓါတရားကိုငင်း ပညာဉာဏ်ဖြင့် ထောက်ရှုကြ၍ အသာရုပ္ပ အနာမသဖြစ်သော ရွှေဆိုင်း,ဘော်ဆိုင်းတို့ကို ကိုယ်တိုင် ကိုင်ယူ၍ ဘုရားရုပ်ပွါး စေတီတော်တို့အား ရွှေကပ်လှူခြင်း ရွှေချခြင်းတို့ကို သတိသံဝေဂ ဟိရီဩတ္တပ္ပသံဝေဂ ဉာဏသံဝေဂ ကုသိုလ်ဝိရဂီတို့ဖြင့် နိစ္စမလွဲ အမြဲကြဉ်ရှောင်အပ်၏၊ ကြဉ်ရှောင်လေ။ ထိုကြောင့် မူလ ပဏ္ဏာသအဋ္ဌကထာနှိုက်—

(ည) သဠွိစ္စ ဝိတိက္ကန္တဉွိ အန္တမသော ဒုက္ကဋဒ္ဘာသိတမွိ သဂ္ဂမဂ္ဂ ဖလာနံ အန္တရာယံ ကရောတိ။—ဟု ဖွင့်ပြတော်မူ၏။

အနက် (က) ယောပနဘိက္ခု၊ အကြင် ရဟန်းသည်။ ဇာတရူပရဇတံ၊ ရွှေ,ငွေကို။ ဥဂ္ဂဏှေယျ၀ါ၊မိမိမူလည်း ခံငြားအံ့။ ဥဂ္ဂဏှာပေယျ ၀ါ၊ သူတပါးကိုမူလည်း ခံစေငြားအံ့။ ဥပနိက္ခိတ္တံ၀ါ၊ အနီးနှိုက် ထားသည်ကို မူလည်း။ သာဒိယေယျ၊သာယငြားအံ့။ တဿ ဘိက္ခုနော၊ထိုရဟန်းအား။ နိဿဂ္ဂိယံ၊စွန့်ခြင်း ဝိနည်းကံရှိသော။ ပါစိတ္တိယံ၊ပါစိတ်အာပတ်သည်။ ဟောတိ၊ ပြစ်၏။

(ခ) ဘိက္ခ၀ေ၊ တို့။ ပုနစ အပရံ၊ တပါးတုံ။ ဧကော၊ အခွါကုန်သော။ သမဏ္ဍပြဟ္မဏာ၊ရဟန်း,ပုဏ္ဏားတို့သည်။ ဇာတရူပရဇတံ၊ရွှေ,ငွေကို။ သာဒိ ယန္တိ၊ သာယာကုန်၏။ ဇာတရူပရဇတပဋိဂ္ဂဟဏာ၊ရွှေ,ငွေကို ခံခြင်း ကိုင်ခြင်း

သာယာခြင်းမှ။ အပ္ပဋိဝရတာ၊မကြဉ်ရှောင်ကုန်။ ဘိက္ခဝေ၊တို့။အယံ၊ဤရွှေ, ငွေကို ခံခြင်း ကိုင်ခြင်း သာယာခြင်းသည်။ သမဏဗြဟ္မဏာနံ၊တို့၏။ တတိယော၊ သုံးခုမြောက်သော။ ဥပက်ကိလေသော၊ ညစ်ငြူးခြင်းတည်း။ ယေန ဥပက်ကိလေသေန၊အကြင် ညစ်ငြူးခြင်းဖြင့်။ ဥပက်ကိလိဋ္ဌာ၊ညစ်ငြူးကုန်သော။ ဝါ၊ညစ်နွမ်းကုန်သော။ ဇာေ၊ အချို့ကုန်သော။ သမဏဗြဟ္မဏာ၊ တို့သည်။ သာသနေ၊ဘုရား သာသနာတော်၌ကုန်။ နတပန္တိ၊သီလရောင်ဖြင့် မတောက်ပကုန်။ နဘာသန္တိ၊ မဂ်ဉာဏ်ရောင် ဖိုလ်ဉာဏ်ရောင်ဖြင့် မထွန်းလင်းနိုင်ကုန်။ နဝိရောစန္တိ၊မတင့်တယ်ကုန်။

(ဂ) ပန၊ ထိုမှတပါး။ သုဝဏ္ဏရဇတမုတ္တာဒိမယံ၊ ရွှေ,ငွေ,ပုလဲ အစရှိသည်ဖြင့် ပြီးသော တန်းဆာကို။ ဘိက္ခုနာ၊သည်။ အနာမသမေဝ၊မသုံးသပ်အပ်သည်သာလျှင်တည်း။

(ဃ) ကတဘဏ္ဍမ်၊ ပြုအပ်ပြီးသော ဘဏ္ဍာလည်းဖြစ်သော။ အကတဘဏ္ဍမ်၊ မပြုအပ်သော ဘဏ္ဍာလည်းဖြစ်သော။ ရဇတဥ္စ၊ ငွေကိုလည်း။ ဇာတရူပဥ္စ၊ရွှေကိုလည်း။ သဗ္ဗေနသဗ္ဗံ၊အချင်းခပ်သိမ်း။ ပဋိဂ္ဂဟော၊ မျိုးစေ့ဖြစ်သော ကျောက်မှ။ ပဋ္ဌာယ၊ စ၍။ ဘိက္ခုနာ၊ သည်။ အနာမသဥ္စ၊ သုံးလည်း မသုံးသပ်အပ်။ အသမ္ပဋိစ္ဆိတဥ္စ၊ခံလည်း မခံအပ်။

(ငံ) စေတိယဃရေ၊စေတိအိမ်နှိုက်။ ဝါ၊စေတီကျောင်းနှိုက်။ သုဝဏ္ဏပဒုမသုဝဏ္ဏပုပ္ဖဠုကာဒီနိ၊ ရွှေပဒုမာ,ရွှေကြယ်ပွင့်တို့သည်။ ဟောန္တိ၊ကုန်၏။ ဧတာနိပိ၊ထိုရွှေပဒုမာပွင့်, ရွှေကြယ်ပွင့်တို့ကိုလည်း။ ဘိက္ခုနာ၊သည်။ အနာမသာနိ၊မသုံးသပ်အပ်ကုန်။

(စ) ပန၊မအပ်သည်မှတပါး အပ်သည်ကိုဆိုဦးအံ့။ စေတိယင်္ဂဏပကာ၊ စေတီတော်ကို စောင့်ရှောက်သော ရဟန်းတို့သည်။ ရူပိယဆဋ္ဌကဋ္ဌာနေ၊ရွှေ, ငွေကို ကိုင်၍ စွန့်သော ရဟန်းအရာနှိုက်။ ယသ္မာ၊ အကြောင်းကြောင့်။ ဌိတာ၊ တည်ကုန်၏။ တသ္မာ၊ထိုကြောင့်။ တေသံ၊ထိုရွှေကြာပွင့်, ရွှေကြယ်ပွင့်တို့ကို။ ကေဋဋာပယိတုံ၊လက်ဖြင့်ကိုင်၍ ရွှေ့ပြောင်းခြင်းငှါ။ ဝဋ္ဋတိ၊အပ်၏။ ဣတိ၊သို့။ မဟာအဋ္ဌကထာယံ၊နှိုက်။ ဝုတ္တံ၊၏။ ပန၊ထိုသို့ပင် ဆိုသော်လည်း။ ကုရုန္ဒိယံ၊ ကုရုန္ဒီအဋ္ဌကထာနှိုက်။ တံဝစနံ၊ ထိုမဟာအဋ္ဌကထာနှိုက် ဆိုသောစကားကို။ ပဋိက္ခိတ္တံ၊ပယ်အပ်၏။

(ဆ) သုဝဏ္ဏစေတိယော၊ ဧရွှစေတီနှိုက်။ ကစဝရဓမဝ၊ အမှိုက်ကိုသာလျှင်။ ပဟာရိတုံ၊ပယ်ခြင်းငှါ။ ဝဋ္ဋတိ၊အပ်၏။ တွေ့ကမေဝ၊ဤမျှကိုသာလျှင်။ ကုရုန္ဒိယံ၊ကုရုန္ဒီအဋ္ဌကထာနှိုက်။ အနုညာတံ၊ခွင့်ပြုတော်မူအပ်၏။ ဇာတရူပဂတိကမေဝ၊ရွှေ,ငွေနှင့် အဆင်းအရောင်အားဖြင့် အလားတူသည်သာလျှင် ဖြစ်သော။ ဟာရကူဋလောဟမိဝ၊ ဟာရကူဋကြေးကိုလည်း။ ဝါ၊ တေးခပ်ပြာကိုလည်း။ ဘိက္ခုနာ၊ သည်။ အနာမသံ၊ မသုံးသပ်အပ်။ ဣတိ၊ဤသို့။ သဗ္ဗအဋ္ဌကထာသု၊အလုံးစုံသော အဋ္ဌကထာတို့နှိုက်။ ဝုတ္တံ၊၏။

(ဇ) သုဝဏ္ဏာဒီဟိ၊ဧရွှအစရှိသည်တို့ဖြင့်။ ကတံ၊ပြုအပ်သော။ သုဝဏ္ဏပဋိမာစေတိယပေါတ္ထကာဝစ္ဆာဒကမဏိပဒုမဝဋ္ဋာဒိ၊ ဧရွှဆင်းတု, ဧရွှစေတီ, ပေစာထုပ်ကို ဖုံးအုပ်သော ပတ်တမြားကြာပွင့်, ပတ်ထမြားရွဲလုံး အစရှိသော။ ယံကိဉ္စိ၊ အလုံးစုံကို။ နသာဒိတဗ္ဗမေဝ၊ မသာယာအပ်သည်သာလျှင်တည်း။ န အာမသိတဗ္ဗံ၊လက်ဖြင့် မသုံးသပ်အပ်။

(စျ) သုဝဏ္ဏရဇတဟာရကူဋဇာတိဖလိကဘာဇနာနိ၊ဧရွှခွက်,ငွေခွက် ဧရွှတု, ငွေတုလုပ်သော တေးခပ်ပြာခွက်, ဖလိုင်စ်ခွက်တို့သည်။ ဂိဟိဝိကဋ္ဌာနိပိ၊လူတို့၏ ဥစ္စာအထူးဖြစ်ကုန်သော်လည်း။ ဘိက္ခူနံ၊ တို့အား။ နဝဋ္ဋန္တိ၊ကိုင်ခံခြင်းငှါ မအပ်ကုန်။ သံဃိကပရိဘောဂေနဝါ၊ သံဃိကသုံးဆောင်ခြင်းဖြင့်ငင်း။ ပုဂ္ဂလိကပရိဘောဂေနဝါ၊ ပုဂ္ဂလိကသုံးဆောင်ခြင်းဖြင့်ငင်း။ ပဂေဝ၊ အဘယ် ဆိုဖွယ်ရာရှိအံ့နည်း။

(ည) ဟိသစ္စံ၊မှန်၏။ သဠိစ္စ၊သင့်စေလိုသော စေတနာနှင့်တကွ လုံ့လပြု၍။ဝိတိက္ကန္တံ၊လွန်ကြူးသော။အန္တမသော၊အယုတ်အားဖြင့်။ ဒုက္ကဋဒုဗ္ဘာသိတမ္ပိ၊ ဒုက္ကဋ်,ဒုဗ္ဘာသိအာပတ်သည်လည်း။ သဂ္ဃမဂ္ဃဖလာနံ၊ နတ်ရွာ,မင်္ဂလာ,ဖိုလ်တို့၏။ အန္တရာယံ၊မရခြင်း အန္တရာယ်ကို။ ကရောတိ၊ပြုတတ်၏။

"သဂ္ဂသဒ္ဒေန မနုဿဘူမိ သင်္ဂဟိတာ"ဟူသော ယောဇနာနှင့်အညီ သဂ္ဂသဒ္ဒါဖြင့် မနုဿဘုံဘဝကိုလည်း သိမ်းယူအပ်၏။

သုဝဏ္ဏာဒိဒါမလေပန ဝိနိစ္ဆယ ပြီးပြီ။

သုဝဏ္ဏဆွာဒက ပဋိမာဒိဂဟဏာ
ဝိနိစ္ဆယ

ရှေဆိုင်း ဘော်ဆိုင်း ချ၍ထားသော ရှရုပ်ပွါးတော် ရှစေတီ စသည်တို့ နှိုက် ကိုင်အပ် သုံးသပ်အပ်ပါသလောဟု မေးလျှောက်ရာနှိုက်—

အဋ္ဌကထာ,ဋီကာတို့နှိုက် ရှဆင်းတု, ရှစေတီ ပေစာထုပ်တို့နှိုက် ဖုံးလွှမ်းအပ်သော ပတ္တမြားကြာပွင့် ပတ္တမြားလုံး စသည်တို့ကို မကိုင်အပ် မသုံးသပ်အပ်ဟု လာရှိသော်လည်း ယခုကာလနှိုက် ရှဆိုင်း ဘော်ဆိုင်းချထားသော ရှစေတီ ရှဆင်းတု ရှစာထုပ် စသည်မျှားကို ရှ,ငွေကို ကိုင်ယူအံ့ဟု နှလုံးပြု၍ ကိုင်ယူသော် မအပ်၊ စေတီ,ရုပ်ပွါး,ဘုရားဆင်းတု စာထုပ် စာအုပ် ပေရွက် စက္ကူ ကမ္မဝါကို ကိုင်ယူအံ့ဟု စိတ်ကို ဆောက်တည် နှလုံးပြုလျက် ကိုင်ယူ သုံးသပ်သော် အပ်၏ဟု မှတ်အပ်၏။ အဘယ်ကြောင့်နည်းဟူမူ.... မူလဖြစ်သော သစ်သား, အုတ်, ကျောက်, ပေ,စက္ကူ စသည်တို့၏ အပ်သော ကပ်ပိယဝတ္ထု ဖြစ်ခြင်းကြောင့်တည်း။ အဘယ်ကဲ့သို့နည်းဟူမူ....အိမ်တံခါး ခရီးလမ်းများနှိုက် မသုံးသပ်အပ်သော စပါးမျိုး(၇)ပါးကို ဖြန့်ခင်း၍ ထားရာနှိုက် သွားရန် လမ်းခရီး မရှိခဲ့သော် လမ်းခရီးကို သွားအံ့ဟု စိတ်ကို ဆောက်တည် နှလုံးပြု၍ လမ်းခရီးဟူသောအမှတ်ဖြင့် စပါးကို နင်းသွားရာနှိုက် အာပတ်မသင့်အပ်သကဲ့သို့တည်း။ ထိုကြောင့် ပါရာဇိကဏ်အဋ္ဌကထာ ကာယသံသဂ္ဂသိက္ခာပုဒ်အဖွင့်နှိုက်—

သစေ ဃရဒ္ဒါရေဝါ အန္တရမဂ္ဂေဝါ ဓညံ ပသာရိတံ ဟောတိ။ ပဿေနစ မဂ္ဂေါ အတ္ထိ။ န မဒ္ဒန္တေန ဂန္တဗ္ဗံ။ ဂမနမဂ္ဂေ အသတိ မဂ္ဂံ အဓိဋ္ဌာယ ဂန္တဗ္ဗံ။—ဟု ဖွင့်ပြတော်မူ၏။

အနက် ဃရဒ္ဒါရေဝါ၊ အိမ်တံခါးနှိုက်ငင်း။ အန္တရမဂ္ဂေဝါ၊ လမ်းခရီးအကြားနှိုက်ငင်း။ ဓညံ၊ စပါးသည်။ ပသာရိတံ၊ ဖြန့်ခင်းအပ်သည်။ သစေဟောတိ၊အကယ်၍ ဖြစ်အံ့။ ပဿေနစ၊နံပါးဖြင့်လည်း။ မဂ္ဂေါ၊ သွားရာလမ်းခရီးသည်။ သစေအတ္ထိ၊အကယ်၍ ရှိသည်ဖြစ်အံ့။ မဒ္ဒန္တေန၊စပါး

ကို နင်းသဖြင့်။ နဂန္ဓဗ္ဗံ၊ မသွားအပ်။ ဂမနမဂ္ဂေ၊ သွားအပ်သော ခရီးလမ်းသည်။ အသတိ၊မရှိသည်ရှိသော်။ မဂ္ဂံ၊ခရီးကို။ အဓိဋ္ဌာယ၊ဆောက်တည်၍။ ဂန္ဓဗ္ဗံ၊သွားအပ်၏။

ရွှေဆိုင်း ဘော်ဆိုင်း ချထားသော စေတီရုပ်ပွါးတော် စသည်တို့ကဲ့သို့ပင် လျှင် ရွှေစစ် ငွေစစ်ဖြင့် ပြုလုပ်သော စေတီရုပ်ပွါးတော် စသည်တို့ကို ဘုရား စေတီရုပ်ပွါးတော်ကို ကိုင်ယူအံ့ သုံးအပ်အံ့ဟူသော စိတ်ကို ဆောက်တည်ခြင်း နှလုံးသွင်းခြင်းဖြင့် ကိုင်ယူ သုံးသပ်ခြင်းငှါ အပ်သည်မဟုတ်ပါလောဟူမူ မအပ်၊ အဘယ်ကြောင့်နည်းဟူမူ ရွှေစစ် ငွေစစ်ဖြစ်၍ ကိုင်ယူ သုံးသပ်ခြင်းငှါ အပ်သော ကပ္ပိယဝတ္ထု အရင်းမရှိသောကြောင့် ဘုရားကို ကိုင်ယူအံ့ဟု နှလုံးသွင်း ရှိသော်လည်း သုဝဏ္ဏပဋိမာ စသည်ကို ရဟန်းတော်တို့အား မကိုင်ယူအပ် မသုံးသပ်အပ်ဟု မုချ မှတ်သားအပ်၏။

မှန်စီရွှေချ၍ထားသော ညောင်စောင်း, အင်းပျဉ်, ကုလားထိုင်, စားပွဲ စသည်တို့မှာ "သေနာသနပရိဘောဂေါ သဗ္ဗကပ္ပိယော" ဟူသော အဋ္ဌကထာနှင့်အညီ သေနာသန အသုံးအဆောင်ဖြစ်၍ ကိုင်ယူ သုံးဆောင်ခြင်း နေထိုင်ခြင်းငှါ အပ်တော့သည်သာလျှင်တည်း။စိတ်ကိုဆောက်တည်ရန် မလိုတော့ပြီ၊ သို့သော်လည်း ၎င်း မှန်စီရွှေချ ညောင်စောင်း စသည်တို့သည် ပုဂ္ဂလိက အလှူခံယူခြင်းငှါ မအပ်။ "ဣမံ သုဝဏ္ဏမဉ္စံ သေနာသနတ္ထာယ ဒမ္မိ" ဟူ၍ဌင်း၊ "ဝိဟာရဿ ဒမ္မိ" ဟူ၍ဌင်း ရေစက်ချ၍ အလှူခံခြင်းငှါသာ အပ်၏ဟု မှတ်အပ်၏။ ပညာရှိ သိက္ခာကာမရဟန်းတို့သည် သတိရှိကြစေ။ သတိမေ့လျော့တတ်သည်။

သုဝဏ္ဏစ္ဆဝဒကပဋိမာဒိဂဟဏ ဝိနိစ္ဆယ ပြီးပြီ။

ဘဏ္ဍာဒေယျဝိမတိဆေဒနဝိနိစ္ဆယ

မိုးကောင်းမြို့ ညောင်ပင်ကျောင်း 'ရှင်အာစရ'က ပူးတွဲပါ စာလွှာဖြင့် 'ဦးကေသီ'က တပည့်တော်၏ အပေါ်နှိုက် ဘဏ္ဍာစားတောင်းရာ တပည့်တော် နှင့် တက္ခ မိုးကောင်းသံဃာတော်များပါ ဝိနယကုက္ကုစ္စ သံသယဖြစ်ရန်ရှိပါ၍ ဘဏ္ဍာစား ထိုက်မထိုက် ယထာဝမှ ကျနမှန်ကန်စွာ ဝိနိစ္ဆယ ချပေးပါမည့် အကြောင်း လျှောက်ထားချက်အရ—

> အနုဝိဇ္ဇကေန ကထံ ပဋိပဇ္ဇိတဗ္ဗန္တိ အနုဝိဇ္ဇကေန ယေန ဓမ္မေန ယေနဝိနယေန ယေနသတ္ထုသာသနေန တံအဓိကရဏံ ဂူပသမ္မတိ။ တထာ တံ အဓိကရဏံ ဂူပသမေတဗ္ဗံ။ အနုဝိဇ္ဇကေန ဧဝံ ပဋိပဇ္ဇိတဗ္ဗံ။— ပရိဝါပါဠိတော်

အနက် အနုဝိဇ္ဇကေန ကထံ ပဋိပဇ္ဇိတဗ္ဗန္တိတ္ထ၊ အနုဝိဇ္ဇကေန ကထံ ပဋိပဇ္ဇိတဗ္ဗံဟူသော ဤအမေးပုစ္ဆာ စကားရပ်နှိုက်။အနုဝိဇ္ဇကေန၊ အနုဝိဇ္ဇကပုဂ္ဂိုလ်သည်။ ယေနဓမ္မေန၊အကြင် ဟုတ်မှန်သော ဝတ္ထုဖြင့်။ယေန ဝိနယေန၊အကြင် စောဒနာဝိနည်း, သာရဏာဝိနည်းဖြင့်။ ယေန သတ္ထုသာသနေန၊အကြင် ဥတ္တိသမ္ပဒါ, အနုသာဝနံသမ္ပဒါဖြင့်။ တံအဓိကရဏံ၊ထိုအဓိကရဏ်းသည်။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ဂူပသမ္မတိ၊ ငြိမ်း၏။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ တံအဓိကရဏံ၊ ထိုအဓိကရဏ်းကို။ ဂူပသမေတဗ္ဗံ၊ငြိမ်းစေအပ်၏။

ဤသို့ စသည်ဖြင့် မိန့်ဆိုအပ်သော ဝိနယဓရ အနုဝိဇ္ဇကပုဂ္ဂိုလ်တို့၏ ဂုဏ်အင်္ဂါလက္ခဏာနှင့် အညီငင်း၊

> ပါဠိံ အဋ္ဌကထဉ္စေဝ၊ သာဓိပ္ပါယ မသေသတော။
> သြဂ္ဂယှ အပွမတ္တေန၊ ကရဏီယော ဝိနိစ္ဆယော။
> အာပတ္တိဒဿနသာဟော၊ နကတ္တဇ္ဇော ကုဒါစနံ။
> ပသိဿာမိ အနာပတ္တိ၊ မိတိ ကယိရာထ မာနသံ။
> ပသိတ္ဓာဝိစ အာပတ္တိံ၊ အဝတ္ဓာဝ ပုနပ္ပုနံ။
> ဝိမံ သိတ္ဓာဝ ဝိညူဟိ၊ သံသန္ဒိတ္ဓာဝ တံ ဝဒေ။

ပါရာဇိကဏ် အဋ္ဌကထာ

အနက် ပါဠိဠ္ဍ၊ ပါဠိကိုဎင်း။ အဋ္ဌကထဠ္ဎေဝ၊ အဋ္ဌကထာကိုဎင်း။ သာဓိပ္ပါယံ၊အဓိပ္ပါယ်နှင့်တကွ။ အသေသတော၊အကြွင်းအကျန် မရှိသောအားဖြင့်။ သြဂ္ဂယ္ဟ၊ဉာဏ်ဖြင့် သက်ဝင်၍။အပ္ပမတ္တကေန၊အနည်းမျှဖြင့်။ ဝိနိစ္ဆယော၊အဆုံးအဖြတ်ကို။ ကရဏီယော၊ပြုအပ်၏။

အာပတ္တိဒဿနုဿာဟော၊ အာပတ်ကို ရှုမြင်အံ့ဟု အားထုတ်ခြင်းကို။ ကုဒါစနံ၊ တရံတဆစ်မျှ။ နကတ္တပ္ပေါ၊ မပြုအပ်။ အနာပတ္တိံ၊ အာပတ်မသင့်ခြင်းကို။ ပဿိဿာမိဣတိ၊ရှုမြင်အံ့ဟူ၍။ မာနသံ၊စိတ်ကို။ ကယိရာထ၊ပြုကုန်ရာ၏။

အာပတ္တိံ၊အာပတ်ကို။ပဿိတ္ဝာပိစ၊မြင်သော်လည်း။အဝတ္ဝာဝ၊အာပတ်သင့်၏ဟု အဆောတလျင် မဆိုမူ၍သာလျှင်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဝီမံသိတ္ဝာဝ၊ စူးစမ်းဆင်ခြင်၍သာလျှင်။ ဝိညူဟိ၊ ပညာရှိတို့နှင့်။ သံသန္ဒိတ္ဝာဝ၊ ဖွဲ့နှောတိုင်ပင်၍သာလျှင်။တံ အာပတ္တိံ၊ထိုအာပတ်ကို။ဝဒေ၊ပြောဆိုရာ၏။

ဤသို့ အဋ္ဌကထာဆရာတို့ ဩဝါဒစကား မိန့်ကြားအပ်သည်နှင့်အညီ ဎင်းဝိနိစ္ဆယ ချပေးမှုန်းက် စဉ်းစား နှိုင်းချိန်၍ ဝီမံသနအမှု ပြုသည်ရှိသော် ရှင်ကောဏ်သည် စောဒက၏ အင်္ဂါလက္ခဏာနှင့်အညီ မိုးကောင်းမြို့ ဂိုဏ်းသံဃာတော်များအထံသို့သွား၍ ရှင်အာစရ၏ အပေါ်နှိုက် ဘဏ္ဍာစား ရလို ကြောင်း လျှောက်ထားသင့်ပါလျက် လျှောက်ထား စောဒနာခြင်းကို မပြု မလုပ်မူ၍ အက္ကောသာဓိပ္ပါယ, ဂုဏဝိဒ္ဓံသနာဓိပ္ပါယစသည်ဖြင့် မိမိ အလို အလျောက် စာအုပ်ငယ်ရိုက်နှိပ်၍ ဝေငှခြင်းသည်ဎင်း၊ (မိစိုးမယ်)စဲ့ဆိုသော အမှု ပြီးဆုံးသည်နောက် ရက်မကြာမီ မိမိ ထင်မြင်ချက်အရ ဘဏ္ဍာစား တောင်းသင့်ပါလျက် မတောင်းမူ၍(၃)နှစ်ခန့်ကြာရှိမှ တောင်းဆိုခြင်းသည် ဎင်း၊ ရှင်အာစရ၏ အစစ်ခံချက်တွင် မြစ်ကြီးနားနှိုက် ဦးကေသီတို့ ရဟန်းခံ၍ ပေးပြီးသည်ကို တဖန် ကမ္မဝါဖတ်ပြီး ရဟန်းခံ၍ ပေးခြင်း၊ မိုးကောင်းမြို့သို့ ဦးကေသီလာလျှင် အပေါင်းအသင်း မပြုရဟု သံဃာတော်ငယ်ကလေးများ စည်းဝေးဆုံးဖြတ်ခြင်း ဤသို့စသော အကြောင်းများကြောင့် တပည့်တော်၏ အပေါ်နှိုက် အာဃာတထား၍ တောင်းသည်ဟု ထင်ပါကြောင်း လျှောက်

ထား အစစ်ခံသည်ဖြစ်၍၎င်း၊ ရုံးဒီကရီနှိုက် ရှင်ကေသီ ထုက်ဆိုအစစ်ခံရာတွင် မိုးကောင်းမြို့ ညောင်ပင်ကျောင်း ဦးအာစရသည် ရန်သူကြီးဖြစ်ကြောင်း ထုက်ဆိုထားသည် ဖြစ်၍၎င်း ဒုဋ္ဌ,ဒေါသအားဖြင့် ဘဏ္ဍာစားတောင်းသည်ဟု ယူဆရန်ရှိကြောင်း။ ရှင်ကေသီ ဘဏ္ဍာစားတောင်းဆိုခြင်းသည်—

အယံ ပန စောဒနာနာမ ဒုတံဝါ ပဏ္ဏံဝါ သာသနံဝါ ပေသေတွာ စောဒေန္တာဿ သီသံ နတေိ။ ပုဂ္ဂလဿ ပန သမီပေ ဌတွာဝ ဟတ္ထမုဒ္ဓါယဝါ ဝစီဘေဒေနဝါ စောဒေန္တာဿေဝ သီသံ တေိ။ - **ပါရာဇိကဏ်ဏ အဋ္ဌကထာ**

အနက် အယံ ပန စောဒနာနာမ၊ ဤစောဒနာခြင်းမည်သည်။ ဒုတံဝါ၊ တမန်ကိုဝင်း။ ပဏ္ဏံဝါ၊ ကမ္ဗည်းစာကိုဝင်း။ သာသနံဝါ၊ သတင်းစကားကိုဝင်း။ ပေသေတွာ၊စေလွှတ်၍။စောဒေန္တာဿ၊စောဒနာသောရဟန်းအား။ ဝါ၊စောဒနာသော ရဟန်း၏။ အယံပန စောဒနာ၊ဤစောဒနာခြင်းသည်။ သီသံ၊ အပြီးအဆုံးသို့။ နတေိ၊ မရောက်။ ပန၊ အလျှော်ကို ဆိုအံ့။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ သမီပေ၊ အနီးနှိုက်။ ဌတွာဝ၊ တည်၍သာလျှင်။ ဟတ္ထမုဒ္ဓါယဝါ၊ လက်ဆုပ်ပြသဖြင့်၎င်း။ ဝစီဘေဒေနဝါ၊ နှုတ်မြွက်သဖြင့်၎င်း။ စောဒေန္တာဿေဝ၊ စောဒနာသော ရဟန်း၏သာလျှင်။ စောဒနာ၊ စောဒနာခြင်းသည်။ သီသံ၊အပြီးအဆုံးသို့။ တေိ၊ရောက်၏။

ဤသို့ ပါရာဇိကဏ်အဋ္ဌကထာနှင့်အညီ စောဒနာရန်အခွင့်ကို တောင်းယူပြီးလျှင် စုဒိတကပုဂ္ဂိုလ်၏အနီးနှိုက်တည်၍ စောဒနာခြင်းကိုမပြုဘဲ အကြောသာဓိပ္ပါယ စသည်ဖြင့် ရှင်အာစရ၏ အထံသို့ ပဏ္ဏမည်သောစာကို ရေးသားပေးပို့ခြင်းသည်၎င်း၊ စာအုပ်ငယ်ရိုက်နှိပ်၍ ဝေငှခြင်းသည်၎င်း စောဒနာရာသို့ မရောက်သောကြောင့် သံဃာတော်၏ မျက်မှောက်သို့ မသက်ရောက်သော ဒုဗ္ဘလစောဒနာဟု ယူဆရန် ရှိသည်ဖြစ်၍၎င်း၊

ရှင်ကေသီက သောင်ဦး ဆရာတော်ကြီး ထံသို့ လျှောက်ထားသော စာနှိုက်—

ပဌမ ဝါဆိုလပြည့်ကျော်(၁)ရက်နေ့ (၁၂)နာရီအချိန်တွင် ဘဏ္ဍာရှင်ဖြစ်သော ရှင်ကေသီက ဓူရနိုကွိတ္တာ ချလိုက်ပြီးပြီဖြစ်ပါကြောင်း ပါရှိသဖြင့်

မိမိအလိုအလျောက် စိတ်ထင်မြင်ချက်အတိုင်း ဆုံးဖြတ်ချက်ချပြီး ဓူရနိုင်ငွေပ ပြုပြီးဖြစ်၍ငင်း ဘဏ္ဍာစား တောင်းစာတွင်လည်း အစုံအလင် ပါပြီးဖြစ်၍ ငင်း ရှင်ကေသီကို စောဒကပုဂ္ဂလသမ္မုခဖြစ်ရန် သံဃာတော်၏ အစည်း အဝေးသို့ လာရောက်စေခြင်းငှါ ဆင့်ခေါ်ရန် မလိုတော့ပြီဖြစ်ကြောင်း၊ ဤသို့ မလိုလျှင်းမူလည်း သောင်ဦးဆရာတော်၏ပေးစာအရ "သံဃသုဉ္ဉ သံဃဖါသု သံဃသာမဂ္ဂီ" ဖြစ်စေခြင်းအကျိုးငှါ ဆင့်ခေါ်ပါသော်လည်း ရှင်းလင်း ပြောဆိုရန် မလာမရောက်သောကြောင့်ငင်း၊ ရှင်ကေသီက မိုးကောင်းဂိုဏ်းသံဃာတော်တို့အား ဝိနိစ္ဆယချပေးပါဟု စောဒကပြုလုပ်၍ လျှောက်ထားခြင်း မရှိသောကြောင့်ငင်း စောဒကပုဂ္ဂလသမ္မုခ မဖြစ်ဟု မဆိုထိုက်ချေ။ စင်စစ်မူကား ရှင်အာစရ၏ လျှောက်လွှာတွင် ပါရှိသည့်အတိုင်း—

> တိရောရဋ္ဌေသု တိရောဇနပဒေသုစ ဥပ္ပန္နံ ကုက္ကုစ္စာ ဘိက္ခု။ အသုကသ္မိံ ကိရ ဝိဟာရေ ဝိနယဓရော၀သတီတိ ဒူရတော၀ိ တဿ သန္တိကံ အာဂန္ဆာ ကုက္ကုစ္စံ ပုစ္ဆန္တိ။ သော တေဟိ ကတဿ ကမ္မဿ ဝတ္ထုံ၊ ဩလောကေတွာ ဒေသနာဂါမိနိံ ဒေသာပေတွာ ဝုဋ္ဌာနဂါမိနိယာ ဝုဋ္ဌာပေတွာ သုဒ္ဓန္တေ ပတိဋ္ဌာပေတိ။ — အဋ္ဌကထာ

အနက် တိရောရဋ္ဌေသုစ၊ တိုင်းတပါးတို့နိုက်ငင်း။ တိရောဇနပဒေသုစ၊ ဇနပုဒ်တပါးတို့နိုက်ငင်း။ ဥပ္ပန္နကုက္ကုစ္စာ၊ဖြစ်သောကုက္ကုစ္စရှိကုန်သော။ ဘိက္ခု၊၊ ရဟန်းတို့သည်။ အသုကသို့ ဝိဟာရေ၊ ဤအမည်ရှိသောကျောင်းတိုက်နိုက်။ ဝိနယဓရော၊ ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည်။ ဝသတိကိရ၊ နေသတတ်။ ဣတိ၊သို့။ ဒူရတောပိ၊ဝေးသောအရပ်မှလည်း။တဿ၊ထိုဝိနည်းဓိုရ်ရဟန်း၏။သန္တိကံ၊အထံသို့။ အာဂန္ဆာ၊လာ၍။ကုက္ကုစ္စံ၊အလိုလိုကို။ဝါ၊ယုံမှားသံသယ ကုက္ကုစ္စကို။ ပုစ္ဆန္တိ၊ မေးလျှောက်ကြကုန်၏။ သော၊ ထိုဝိနည်းဓိုရ်ပုဂ္ဂိုလ်သည်။ တေဟိ၊ထိုကုက္ကုစ္စက ရဟန်းတို့သည်။ ကတဿ၊ပြုအပ်သော။ ကမ္မဿ၊အမှု၏။ဝတ္ထုံ၊ဝတ္ထုကို။ ဩလောကေတွာ၊ကြည့်၍။ ဒေသနာဂါမိနိံ၊ ဒေသနာဂါမ်အာပတ်ကို။ ဒေသာပေတွာ၊ ဒေသနာကြားစေ၍။ ဝုဋ္ဌာနဂါမိနိယာ၊ဝုဋ္ဌာနဂါမ်အာပတ်ကို။ ဝုဋ္ဌာပေတွာ၊ပရိဝါသ်ဆောက်တည်ခြင်း စသည်ဖြင့် ထစေ၍။ သုဒ္ဓန္တေ၊စင်ကြယ်သောအဖို့နိုက်။ပတိဋ္ဌာပေတိ၊တည်စေ၏။

ဤသို့ ဆိုအပ်သော အဋ္ဌကထာစကားနှင့်အညီ ရှင်အာစရ၏ ဝိနယကုက္ကုစ္စ သံသယကင်းပျောက်ရန်သာ ဝိနိစ္ဆယချပေးရန် ရှိပေကြောင်း။

သို့ဖြစ်၍ ရှင်အာစရကို (မိစိုးမယ်)အား တရားစွဲဆိုရန် တိုက်တွန်းပါသလား.... ။ ရွှေနေခ ငွေ(၅၀)စသည်တို့ကို ပေးပါသလား စသည်ဖြင့် သံဃာတော်၏ ရွှေမျက်မှောက်နှိုက် စစ်ဆေးမေးမြန်းရာ တရားစွဲဆိုရန် မတိုက်တွန်းရပါကြောင်း၊ ရွှေနေခ စသည်ကိုလည်း မပေးရပါကြောင်း ထုတ်ဆိုလျှောက်ထားသည်။ ရွှေနေ မောင်စိုးမောင်ကို စစ်မေးရာ ဘုန်းကြီး ဦးအာစရက မိစိုးမယ်အတွက် ရွှေနေခငွေ(၅၀)ပေး၍ မငှါးပါ၊ နမ္မား ကိုဦးကာနှင့် ခရူချောင်းသူကြီး ဦးဘိုးသိုက်တို့ လာရောက်၍ ငွေ(၅၀)ပေးပြီး ငှါးကြောင်း ထုတ်ဆို လျှောက်ထားသည်၊ ဤသို့ ရွှေနေ မောင်စိုးမောင် လျှောက်ထားသောစကားသည် ရှင်အာစရ၏စကားကို မြဲမြံခိုင်ခံ့အောင် မယ်နအထပ်ထပ် စွဲနှက်အပ်ဘိသကဲ့သို့ ဒဋ္ဌိကမ္မဖြစ်အောင် ထောက်ခံလျက်ပင်ဖြစ်သည်။ တရားစွဲဆိုရာနှိုက် ထမြောက်အောင်မြင်ခြင်းမှာ ရွှေနငှါးခြင်းသာလျှင် မူလအစဖြစ်ချေသည်။ သို့ဖြစ်၍ ရွှေနေ မောင်စိုးမောင်သည် ဦးအာစရက ရွှေနေမငှါးကြောင်း ထုတ်ဆို လျှောက်ထားသောကြောင့် ဤအမှုနှိုက် ဦးအာစရက ထောက်ပံ့၍ စသည်ဖြင့် တရားလိုမ မိစိုးမယ် အစစ်ခံသည်ဟု (ရုံး ဒီဂရီ)ပါရှိသော်လည်း ပမာနအားဖြင့် မယူသင့်သောကြောင့် မိစိုးမယ်အားခေါ်၍ စစ်ဆေးရန် မလိုတော့ကြောင်း။ သို့ဖြစ်၍—

တိတ္ထာမိ ထေရာနံ ဝါဒေ စုဒိတကသေဝ ပဋိညာယ ကာရေတဗ္ဗော။—

ဟူသော အဋ္ဌကထာနှင့်အညီ ရှင်အာစရ၏ ဝန်ခံချက် ပဋိညာဉ်ဖြင့်သာလျှင် ဝိနိစ္ဆယပြုသင့်သောကြောင့် အထက်က ဖော်ပြပါရှိသည့်အတိုင်း စောဒနာရာသို့ မရောက်သောကြောင့်၎င်း၊ ရှင်အာစရက တရားစွဲဆိုရန် မတိုက်တွန်းရပါ၊ ရွှေနေခ စသည်ကိုလည်း မပေးရပါဟု ပန်ခံခြင်း ပဋိညာဉ်ကို ပေးသဖြင့်၎င်း ရှင်အာစရအား ဘဏ္ဍာစားထိုက်မည်ဝေးစွ ဒုက္ကဋ်အာပတ်မျှ မသင့်ဟု မှတ်အပ်၏။ အကယ်၍ တရားစွဲဆိုရန် တိုက်တွန်းခြင်း ထောက်ပံ့ခြင်း လုံ့လပယောဂ ရှိစေကာမူ—

ယောစာယံ ဘိက္ခုနိနံ ဝုတ္တော။ဘိက္ခုနမွိ ဧသေဝနယော။ ဘိက္ခုနောဝိ ဟိ ဩဒိဿ အာစိက္ခနာ နဝဇ္ဇတိ။ယံ တထာ အာစိက္ခိတေ ဒဏ္ဍံ ကရောန္တိ။ သဗ္ဗံ ဂိဝါ ဟောတိ။—

ဘိက္ခုနီဝိဘင်းအဋ္ဌကထာ

အနက် ဘိက္ခုနိနံ၊ ရဟန်းမိန်းမတို့အား။ ယောစာယံ ယောစအယံ ဝိနိစ္ဆယော၊အကြင် အဆုံးအဖြတ်ကို။ဝုတ္တော၊ဆိုအပ်၏။ဘိက္ခုနမွိ၊ ရဟန်းယောကျ်ားတို့အားလည်း။ ဧသေဝနယော၊ ဤ ဆုံးဖြတ်အပ်ပြီးသော နည်းအတိုင်းပင်လျှင်တည်း။ ဟိသစ္စံ၊ မှန်၏။ ဘိက္ခုနောဝိ၊ ရဟန်းယောကျ်ားအားလည်း။ ဩဒိဿအာစိက္ခနာ၊ ဤသူသည် ဤအမှုကို ပြုပြီး ပြုလတ္တံ့ဟူ၍ ရည်ညွှန်း၍ မင်းတို့အား ပြောကြားခြင်းသည်။နဝဇ္ဇတိ၊မအပ်။ တထာ၊ထိုသို့သော အခြင်းအရာအားဖြင့်။ အာစိက္ခိတေ၊ပြောကြားအပ်သည်ရှိသော်။ ယံဒဏ္ဍံ၊အကြင် ဥစ္စာဒဏ်ကို။ ကရောန္တိ၊မင်းတို့က ပေးစေ ဆောင်စေဟု တပ်ကုန်ငြားအံ့။ သဗ္ဗံ၊ မင်းတို့က ပေးစေ ဆောင်စေဟု ဒဏ်တပ်သမျှ အလုံးစုံသောဥစ္စာသည်။ ဂိဝါ၊ ကြွေးမြီသည်။ ဝါ၊ ဘဏ္ဍာစားပေးရသည်။ ဟောတိ၊ဖြစ်၏။

ဤဘိက္ခုနီဝိဘင်းအဋ္ဌကထာနှိုက် ရုံးမင်းက ဒဏ်တပ်ရိုက်သော ငွေသည် သာလျှင် ဂိဝါဖြစ်၏၊ တရားခံ၏ ကာကွယ်မှု စားမှု သွားမှုအားဖြင့် ကုန်ကျသောစရိတ် ရွှေနှင့်ငါးခ စသည်မျှားသည် ဂိဝါဖြစ်၏ဟု ပါဠိ,အဋ္ဌကထာ, ဋီကာတို့နှိုက် မဆိုသောကြောင့်၎င်း ယခု မိစိုးမယ်၏ အမှုနှိုက် ရုံးမင်းက ဒဏ်တပ်ရိုက်ခြင်းလည်း မရှိ၊ တောင်းဆိုသော ကလေး စားစရိတ်ကိုလည်း ပေးစေဟု ဆုံးဖြတ်ချက်လည်း ဒီဂရီနှိုက် ၎ပါမရှိသောကြောင့်၎င်း၊ “ဂိဝဿ ဒဏ္ဍိတေ ဒဏ္ဍော”ဟူသော ခုဒ္ဒသိက္ခာ အဋ္ဌကထာနှိုက်လည်း ဤအမှုနှိုက် ရှင်အာစရက ဒဏ်ထားစေခြင်းအလျှင်းမရှိသောကြောင့်၎င်း၊ “ဘိက္ခုဿေဝ ပန ပယောဂဝသေန အာပတ္တိယော ဟောန္တိ”ဟူသော ဝိနယာလင်္ကာရဋီကာနှိုက်လည်း မိစိုးမယ်၏အမှုနှိုက် ရှင်အာစရ၏ပယောဂ လုံးဝမပါသောကြောင့်၎င်း ဝိနယကုက္ကုစ္စ သံသယကို ပယ်ဖျောက်၍ ဘဏ္ဍာစား ဂိဝါမဖြစ်ဟု သန္နိဋ္ဌာန်ကျ မှတ်ယူလေ ရှင်အာစရ။

ရှင်အာစရသည်လည်း ဤကဲ့သို့ ဘဏ္ဍာစားတောင်းခံရ၍ ဝိနယကုက္ကုစ္စ ဖြစ်ရခြင်းသည် "ဣတ္ထိယာ မနံ ဝက်ံ" ဟူသည်နှင့်အညီ ကောက်ကျစ်သော စိတ်ရှိသောမိန်းမကို လက်ခံထားမိခြင်းကြောင့်ဖြစ်ရကား ဤအမှုမျိုး နောင် အခါကာလနှိုက် မဖြစ်ရန် ယုတ်မာသော မိန်းမများကို သနားခြင်း ကရုဏာ ဖြင့် လက်ခံသိမ်းထားခြင်းကို မပြုလုပ်ဘဲ ကောင်းမွန်စွာ ကျင့်ကြံနေထိုင်စေ။

ဘဏ္ဍာဒေယျဝိမတိစ္ဆေဒန ဝိနိစ္ဆယ ပြီးပြီ။

အာပတ္တာဓိကရဏ ဝိနိစ္ဆယ

၁၃၀၁-ခု၊ တော်သလင်းလဆန်း(၁၅)ရက်နေ့။

၁။ သုတစောဒက—ဦးသုဇာတ၊ တံခွန်တိုင်ကျောင်းဘုန်းကြီး ပုသိမ်မြို့
၂။ စုဒိတက—ဦးသုန္ဒရ၊ သဲဖြူအရှေ့ကျောင်းဘုန်းကြီး ပုသိမ်မြို့
၃။ ဝတ္ထုသည်မ—မိအုန်းခင်၊ တံခွန်တိုင်ရွာ ပုသိမ်မြို့
၄။ အမှု၏အမည်—ပဌမ ပါရာဇိကာပတ္တာဓိကရဏ်းမှု

မှတ်ချက်—(က) ဇာမသို့ ပနေတ္ထ ပါရာဇိကာပတ္တိသင်္ခါတံ အာပတ္တာ ဓိကရဏမေဝ အဓိပ္ပေတံ။ သေသာနိ အတ္ထုဒ္ဓါရ ဝသေန ဝုတ္တာနိ။—ဟူသော ပါရာဇိကဏ်အဋ္ဌကထာ နှင့် အညီပေတည်း။

၁၃၀၁-ခု၊ တော်သလင်းလဆန်း(၁၀)ရက်နေ့စွဲဖြင့်—

၁။ ရှင်သုန္ဒရ (စုဒိတက) သဲဖြူအရှေ့ကျောင်း ပုသိမ်မြို့
၂။ ရှင်ကေသရ (နာယက) ကျစ်ပိုးတိုက် မြင်းခြံမြို့
၃။ ရှင်သီဟ (ဂဏဝါစက) မင်းဒင်တိုက် မန္တလေးမြို့
၄။ ရှင်ပညာဇောတ (ဓသောတုဇန) ဘုရားကြီးတိုက် မန္တလေးမြို့
၅။ ရှင်ခေမာ (၎င်း) မဟာဓမ္မိကာရာမတိုက် မန္တလေးမြို့
၆။ ရှင်နရိန္ဒ (၎င်း) ရွှေရေးဆောင်တိုက် မန္တလေးမြို့
၇။ ရှင်သုန္ဒရ၏ (ဒါယကာ, ဒါယိကာမများ) သဲဖြူရွာ ပုသိမ်မြို့

အထက်ပါ ပုဂ္ဂိုလ်တို့က အာပတ္တာ ဓိကရဏ်းမူအတွက် ပုသိမ်မြို့ ဝိနယဓရ ဆရာတော်(၅)ပါးတို့၏ ဆုံးဖြတ်ချက် ဝိနိစ္ဆယနှင့်တကွ သုတဓရဒက စုဒိတက ဝတ္ထုသည်မ နှစ်ဖက်ပြ သက်သေတို့၏ အရပ်ရပ်သော ထွက်ချက်တို့ကို မူရင်းအတိုင်း ကူးယူတင်ပြကြပြီးလျှင် ၎င်းဝိနိစ္ဆယနှင့် ထွက်ချက်အားလုံးတို့ကို ကြည့်ရှု ဆင်ခြင်တော်မူပါ၍ သာသနာတော်၏ အရှုပ်အထွေး အဓိကရဏ်းငြိမ်းအေးမှုကို အာရုံပြုတော်မူသောအားဖြင့် ယထာဓမ္မသဘာဝအားလျော်စွာ ဝိနိစ္ဆယ ချမှတ်ပေးသနားတော်မူပါရန် လျှောက်ထားတောင်းပန်ကြပေ၏ကြောင်း။

(ခ) ကထံ ကုက္ကုစ္စ ပကတာနံ ပဋိသရဏံ ဟောတိ၊ တိရော ရဋ္ဌေသု တိရောဇနပဒေသုစ ဥပ္ပန္နကုက္ကုစ္စာ ဘိက္ခူ။ အသုက သွိ ံ ကိရ ဝိဟာရေ ဝိနယဓရော ဝသတီတိ ဒူရတောဝိတဿ သန္တိကံ အာဂန္ဆာ ကုက္ကုစ်ံ ပုစ္ဆန္တိ၊ သော တေဟိ ကတဿ ကမ္မဿ ဝတ္ထုံ သြလောကေတွာ အာပတ္တာ နာပတ္တိ ဂရုကလဟုကာဒိဘေဒံ သလ္လက္ခေတွာ ဒေသနာဂါမိနိ ံ ဒေသာပေတွာ ဝုဋ္ဌာနဂါမိနိယာ ဝုဋ္ဌာပေတွာ သုဒ္ဓန္တေ ပတိဋ္ဌာပေတိ၊ ဧဝံ ကုက္ကုစ္စပကတာနံ ပဋိသရဏံ ဟောတိ။—ဟူသော ပါစိတ္တျာဒိအဋ္ဌကထာနှင့်အညီ ရှောင်လွှဲ ငြင်းပယ်ခြင်းငှါ မသင့်ပေရကား ....။

(ဂ) ယေဝိ တေ ဘိက္ခဝေ ဘိက္ခူ။ ဓမ္မံ အဓမ္မောတိ ဒီပေန္တိ၊ တေ ဘိက္ခဝေ ဘိက္ခူ။ ဗဟုဇန အဟိတာယ ပဋိပန္နာ ဗဟုဇန အသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ။ အပုညံ ပသဝန္တိ၊ တေစိမံ သဒ္ဓမ္မံ အန္တရဓာပေန္တိ။—ဟူသော အင်္ဂုတ္တရပါဠိတော်ကိုလည်းကောင်း။

(ဃ) လဇ္ဇီပန ကုက္ကုစ္စကော သိက္ခာကာမော ဇိဝိတဟေတုဝိတန္တိ ံ အဝိသံဝါဒေတွာ ဓမ္မမေဝ ဝိနယမေဝစ ဒီပေတိ၊ သတ္ထုသာသနံ ဂရုံ ကတွာ ထပေတိ။—ဟူသောပါရာဇိကဏ်အဋ္ဌကထာကိုလည်းကောင်း။

ဘယ တုလနညာဏ်ဖြင့် နှိုင်းချိန်စဉ်းစား ဂရုကတရ ထားပြီးလျှင် အရေးအကြီးဆုံးဖြစ်သော မောဟဂတိသို့ မလားဘို့ရန် ဝိနည်းပါဠိတော်, ၎င်း အဋ္ဌကထာ, ၎င်းဋီကာ စသည်တို့နှိုက်လာသော စကားတို့ကို ပုဗ္ဗပရသံသန္ဒန ပြုပြီးလျှင် ယထာမွသဘာဝအား လျော်စွာ ဝိနိစ္ဆယ ပြုသင့်ပေကြောင်း။

အာပတ္တာနာပတ္တိ ဒိမံသနာကာရဒဿန

ထိုသို့ ဝိနိစ္ဆယ ပြုသင့်သောကြောင့် ဤပဌမပါရာဇိကာပတ္တာဓိကရဏ်း မှန်ကန် တင်ပြသော မူလ ဝိနိစ္ဆယနှင့် နှစ်ဖက် နှစ်ရပ်သော ထုတ်ချက်တို့ကို ပါဠိနယ, အဋ္ဌကထာနယ, ဝိနယလက္ခဏာ ရှိသည်အားလျော်စွာ ဆင်ခြင်ရာ—

ကောက်ချက်—စောဒကနှင့် ၎င်းပြ သက်သေတို့သည် ငအုန်းတင်၏ထံမှ တဆင့်ကြား အနုသဝန သုတစောဒက အနုသဝနသက္ခိမျှသာ ဖြစ်ကြချေသည်။

စောဒက၏ အရေးကြီးဆုံးဖြစ်သော မူလသက္ခိ ငအုန်းတင်၏ ထုတ်ချက်နှိုက်—

. ၁။ စုဒိတက၏ ပဌမပါရာဇိက ဝတ္ထုဝိတိက္ကမအမှုကို ဒိဋ္ဌမြင်ပါသည်ဟု မပါရှိသည်က တချက်၊

စောဒက၏ သက်သေ မောင်စိန်တုံး၏ ထုတ်ချက်နှိုက်—

၂။ မောင်စိန်တုံးက မိအုန်းခင်ကိုမေးရာ မောင်အုန်းတင်၏ ပဋိသန္ဓေလို့ ပြောပါသည်ဟု ပါရှိသည်ကလည်း တချက်၊

ဝတ္ထုသည်မ၏ ထုတ်ချက်နှိုက်—

၃။ မောင်အုန်းတင် တဦးတည်းနှင့်ပင် ဖြစ်ခဲ့ပါသည်၊ ဘုန်းကြီးနှင့် လုံးလုံး ကင်းရှင်းပါသည်ဟု ပါရှိသည်ကလည်း တချက်၊

စုဒိတက၏ သက်သေ ဦးစန္ဒောဘာသ၏ ထုတ်ချက်နှိုက်—

၄။ ငအုန်းတင်နှင့် မိအုန်းခင် စောင်တခြုံထည်း အိပ်နေသည်ကို တွေ့၍ ခြေနှင့်ပင် ကန်ရပါသေးသည်ဟု ပါရှိသည်ကလည်း တချက်၊

စုဒိတက၏ ထွက်ချက်နှိုက်—

၅။ ပဌမပါရာဇိက ဝတ္ထုဝိတိက္ကမအမှုကို ပြုမိကြောင်း ဝန်ခံ ပဋိညာဉ် မပါရှိသည်ကလည်း တချက်၊

၆။ ကောဝါသ သယနအမှု ပါစိတ်ဝတ္ထုကိုသာ ပြုမိကြောင်း ဝန်ခံ ပဋိညာဉ် ပါရှိသည်ကလည်း တချက်၊

၇။ ငအုန်းတင်ကို အနာအကျင် ရိုက်နှက်ဆုံးမပါသည်၊ သို့အတွက် သူ၏အဘက နှုတ်ခေါ်သွားပါသည်ဟု ပါရှိသည်ကလည်း တချက်၊

အထက်ပါ အချက်တို့ကို ထောက်ဆလျှင် ဆရာဘုန်းကြီး၏ အပေါ်နှိုက် အာဃာတထားခြင်း, လောကပြစ်မှုအားဖြင့် မိမိအပေါ်မှာ တာဝန်ကျရောက်လာမည်ကို ကြောက်လန့်ခြင်းကြောင့် ဆရာဘုန်းကြီး၏ အပေါ်သို့ လဲချလိုသဖြင့် သက်သေ မရှိဘဲ သစ္စာရေသောက်ပြီး အောက်က လူစောင့်ခိုင်းပါသည်ဟု စသည်ဖြင့် ကြံစည် လည်ဆယ်၍ ထွက်ဆိုသော ငအုန်းတင်ကို ဒုဋ္ဌဒေါသ အမှုလက ကူငွေသက္ခိဟု ယူဆရန် အကြောင်းရှိပေသည်။

နံပါတ်(၆)ကောက်ချက်ကိုသာ ပဋိညာဉ် ဝန်ခံချက်ပေးသော စုဒိတက ပုဂ္ဂိုလ်ကို "ပါရာဇိကောသိ"ဟူ၍ အသုဒ္ဓ ဆုံးဖြတ်ရမှာလည်း ခဲယဉ်းပေ၏။

ဒုဋ္ဌဆရာဘေဒဲကြီးမားး၏ နေဝသုဒ္ဓနာသုဒ္ဓ စိန်ဆွယ် ချုပ်ဘေဒဲမူပုံ

စောဒကနှင့် သက်သေတို့က စုဒိတက၏ ပါရာဇိက ဝတ္ထုဝိတိက္ကမအမှုကို မုချ, ဒိဋ္ဌ တွေ့မြင်ကြောင်း၊ ဝတ္ထုသည်မကလည်း ဟုတ်မှန်ကြောင်းကို ထင်လျားစွာ ထွက်ဆိုနိုင်ကြလျက် စုဒိတက,က ပဋိညာဉ် ဝန်ခံချက် မပေးသော အမှုမျိုးနှိုက်သာလျှင်—

(ဂ) ဧဝံ လဇ္ဇိနာ ဧကောဒိယမာနော အလဇ္ဇီ ဗဟုသုတော ဝတ္ထု။သုဉ္ဉတ္ထေသု ပဋိညံ နဒေတိ၊ သော နေဝသုဒ္ဓေါတိ ဝတ္တဗ္ဗော နအသုဒ္ဓေါတိ ဇိဝမတကောနာမ အာမကဗူတိကောနာမ စေသ။—

ဟူသော ပါရာဇိကဏ် အဋ္ဌကထာ, ဋီကာ စသည်တို့နှင့်အညီ ရှေးဆရာတော်ကြီးများသည် **နေဝသုဒ္ဓနာသုဒ္ဓ**ဟု ဆိုးဖြတ်တော်မူကြပေကြောင်း။

ယခု ပဌမ ပါရာဇိကာပတ္တာဓိကရဏ်းမှန်၏ အထက်ပါ ကောက်ချက် နံပါတ်(၁-၂-၃-၄-၅-၆)အရ **နေဝသုဒ္ဓနာသုဒ္ဓ ဝိနိစ္ဆယ** အင်္ဂါနှင့် မပြည့်စုံသောကြောင့် **နေဝသုဒ္ဓနာသုဒ္ဓ ဝိနိစ္ဆယ** ချပေးရမည်မှာလည်း သုဒ္ဓိက္ကရပင် ဖြစ်ချေသည်။

ဝိနိစ္ဆယကာရဏဒဿန

(စ) အာပတ္တိ ဒဿနသာဟော နကာတဗ္ဗော၊ ကုဒါစနံ ပဿိဿာမိ အနာပတ္တိမိတိ ကယိရာထ မာနသံ။—

ဟူသော ပါရာဇိကဏ်အဋ္ဌကထာန်းက် ဝိနိစ္ဆိက, ဝိနယဓရပုဂ္ဂိုလ်သည် "အာပတ္တိဒဿနုဿာဟ"ကို တရုံတဆစ်မျှ မပြုအပ်၊ အနာပတ္တိပဿနကိုသာ ပြုရမည်ဟု ပြတော်မူပေသည်။

(ဆ) သုတံ သုတေန သမေတိ၊ သုတေန သံသန္ဒတေ သုတံသုတံ ပဋိစ္စ နဉပေတိ။ အသုဒ္ဓ ပရိသင်္ကိတော၊ သောပုဂ္ဂလော ပဋိညာယ ကာရေတဗ္ဗော၊ တေနုပေါသထော။—ဟူသော ပရိဝါပါဠိတော်နှင်းက်လည်းကောင်း။

(ဇ) ယသ္မာ ပန ဇုတရော တံဒဿနံ ပဋိစ္စဒေါသံ နပဋိဗာနာတိ၊ တသ္မာ အသုဒ္ဓပရိသင်္ကိတော ဟောတိ အမူလက ပရိသင်္ကိတောတိ အတ္ထော။ တဿ ပုဂ္ဂလဿ သုဒ္ဓေါ အဟန္တိ ပဋိညာယ တေန သဒ္ဓိံ ဉပေါသထော ကာတဗ္ဗော။—ဟူသော ပရိဝါအဋ္ဌကထာန်းက် လည်းကောင်း။

သုတသည် သုတနှင့် နှီးနှောသော်လည်း သုတကိုစွဲ၍ ပါရာဇိကသို့ မရောက်နိုင်သေး၊ ထို့ကြောင့် ထိုစုဒိတကသည် အရင်းမရှိသော ရှုံရှာခြင်း အသုဒ္ဓပရိသင်္ကိတ မူလကပရိသင်္ကိတသာ ဖြစ်၏၊ ထို စုဒိတကပုဂ္ဂိုလ်၏ ဝန်ခံချက် ပဋိညာဉ်ဖြင့် ဆုံးဖြတ်အပ်၏။ သုဒ္ဓဟု ဝန်ခံခြင်းကြောင့် ထိုအသုဒ္ဓ အမူလက ပရိသင်္ကိတဖြစ်ထိုက်သော ရဟန်းပုဂ္ဂိုလ်နှင့် အတူတကွ ဥပုသ်ပြုအပ်၏ဟု ပြတော်မူပေသည်။

(ဈ) စောဒကော အာဟ အာပန္နောတိ စုဒိတကော အာဟ အနာပန္နောတိ ဉတော အနုက္ခိပန္တော ပဋိညာနသန္ဓိတေန ကာရယေ။—ဟူသော ပရိဝါပါဠိတော်နှင့် လည်းကောင်း။

(ည) ပဋိညာနသန္ဓိတေနကာရယေတိတ္ထေ အနသန္ဓိတန္တိ ကထာ နသန္ဓိ ဝုစ္စတိ၊ တသ္မာ ပဋိညာနသန္ဓိနာ ကာရယေ ကထာ နသန္ဓိံ သလ္လက္ခေတ္ဝာ ပဋိညာယ ကာရယေတိ အတ္ထော။—ဟူသော ပရိဝါအဋ္ဌကထာနှင့်လည်းကောင်း။

(ဋ) တိက္ခတ္တုမွိ ထေရာနံ ဝါဒေ စုဒိတကသော ပဋိညာယ ကာရေတဗ္ဗော။—ဟူသော ပါရာဇိကဏ် အဋ္ဌကထာနှင့် လည်းကောင်း။

(ဌ) အလဇ္ဇိစ တေမွိ နတ္ထိ တေမွိ နတ္ထိတိ ပဋိညံ နဒေတိ အလဇ္ဇိသ ပဋိညာယဝေ ကာတဗ္ဗံ။—ဟူသော ပါရာဇိကဏ်အဋ္ဌကထာ နှင့်လည်းကောင်း။

(ဍ) အလဇ္ဇိသ ပဋိညာယဝေ ကာတဗ္ဗန္တိ ဝစန ပဋိဝစနတ္တမေ နေဝဒေါသေ အာဝိဘူတေဝိ အလဇ္ဇိသ အသုဒ္ဓေါ အဟန္တိ ဒေါသသမ္ဘဒ္ဓန ပဋိညာယဝေ အာပတ္တိယာ ကာတဗ္ဗန္တိ အတ္ထော။—ဟူသော ဝိမတိဋီကာနှင့် လည်းကောင်း။

(ဎ) ယော ပန အလဇ္ဇိတာယ ပဋိညံ အဒတ္ဝာ ဝိက္ခေပံ ကရောတိ တသ အာပတ္တိ နသတ္ထာ ဩဠာရိကာဝိ ဝိနိစ္ဆိနိတုံ။—ဟူသောဝိနယာလင်္ကာရဋီကာနှင့် လည်းကောင်း။

ဤသို့ အထက်ပါ မျှားစ့ဉသော ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့နှင့် အလဇ္ဇီပင် ဖြစ်လင့်ကစား "အသုဒ္ဓေါ အဟန္တိ" ဟူသော ပဋိညာဉ်ကို ရမှသာလျှင် အသုဒ္ဓဝိနိစ္ဆယ ပြုရမည်ဟု ဓဝသဒ္ဒါဖြင့် ပြတော်မူပေသည်။

(ဏ) ပဋိညာယ ကရဏီယံ အပဋိညာယ ကရောတိတိ ပဋိညံ အာရောပေတွာ ယထာဒိန္နာယ ပဋိညာယ ကာတဗ္ဗံ၊ အပဋိညာယ ကရောန္တသ ဝိပ္ပလပန္တသ ဗလက္ကာရေန ကရောတိ။—

ဟူသော ပရိဝါအဋ္ဌကထာန္ဒိုက် ပဋိညာဉ် ပေးတိုင်းသာ ပြုအပ်သောအမှု ကို ပဋိညာဉ် ပေးတိုင်းမဟုတ်ဘဲ တခြားကပါးသော အခြင်းအရာအားဖြင့် ကံပြုသော်လည်းကောင်း, ဝိနိစ္ဆယပြုသော်လည်းကောင်း အဓမ္မအားဖြင့် လွှမ်းမိုး နှိပ်စက်၍ ပြုသည် မည်ကြောင်းကို ပြတော်မူပေသည်။

ဝိနိစ္ဆယ

အထက်က ဖေါ်ပြခဲ့ပြီးသော ပါဠိတော်,အဋ္ဌကထာ,ဋီကာတို့ကို ထောက် ဆသဖြင့်—

(တ) ဣဒဉ္စ ဝုတ္တာန လက္ခဏံ မညမာနာ ဗုဒ္ဓကာလေဝိ သက္ခိနာ သုဒ္ဓိဝါ အသုဒ္ဓိဝါ ဟောတိ။—

ဟူ၍ ပါရာဇိကဏ်အဋ္ဌကထာ လာရှိပေရကား ဤအဓိကရဏ်းမှန်ိုက် မူလ ပဋ္ဌာနသက္ခိဖြစ်သောငအုန်းတင်သည်စုဒိတက၏ပဌမပါရာဇိက ဝတ္ထုဝိတိက္ကမ အမှုကို မုချဒိဋ္ဌမြင်ပါသည်ဟု အကယ်၍ပင် ထုတ်ဆိုစေကာမူ ကောက် ချက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း ဒုဋ္ဌဒေါသ အမှုလက ကုဋ္ဌသက္ခိသာဖြစ်၍ ၎င်း၏ထုတ်ဆိုချက်ကို အခိုင်အမာ မယူသင့်ပေသောကြောင့် လည်းကောင်း၊ ဝတ္ထုသည်မ မိအုန်းခင်ကလည်း စုဒိတကနှင့် လုံးလုံး ကင်းရှင်းကြောင်းကို သာလျှင် ထုတ်ဆိုသောကြောင့် လည်းကောင်း၊ စုဒိတက ရှင်သုန္ဒရကလည်း ပါရာဇိက ဝတ္ထုဝိတိက္ကမအမှုကို ဝန်မခံ၊ ကောဝါသသယနအမှု ပါစိတ္တိယ ဝတ္ထုကိုသာ ဝန်ခံပေသောကြောင့် လည်းကောင်း၊

(ထ) သာ စေ ဧဝံ ဝဒေယျ အယျော မယာ ဒိဋ္ဌော နိသိန္နော မာတုဂါမဿ မေထုနံ ဓမ္မံ ပဋိသေဝန္တော'တိ၊ သောစေ ဧဝံ ဝဒေယျ သစ္စာဟံ နိသိန္နော နောစခေါ မေထုနံ ဓမ္မံ ပဋိသေ ဝိန္တိ နိသဇ္ဇာယ ကာရေတဗ္ဗော။—ဟူသော ပါရာဇိကဏ် ပါဠိတော်။

(ဒ) နိသဇ္ဇာယ ကာရေတဗ္ဗောတိ နိသဇ္ဇံ ပဋိဇာနိတ္ဝာ မေထုနဓမ္မံ ပဋိသေဝနံ အပ္ပဋိဇာနန္တော မေထုနဓမ္မံ ပါရာဇိကာပတ္တိယာ အကာရေတ္ဝာ နိသဇ္ဇမတ္တေန ယံအာပတ္တိံ အာပဇ္ဇတိ၊တာယ ကာရေတဗ္ဗော၊ ပါစိတ္တိယာပတ္တိယာ ကာရေတဗ္ဗောတိ အတ္ထော။—

ဟူသော ပါရာဇိကဏ် အဋ္ဌကထာတို့နှင့်အညီ စုဒိတက ရှင်သုန္ဒရသည် ပဌမပါရာဇိကအာပတ်သို့ မရောက်၊ သဟဇေယျအာပတ်သို့ ရောက်လေသော ကြောင့် ယင်းအာပတ်ကို ဒေသနာဂါမိတည်းဟူသော ဆေးတော်ဖြင့် ကုစား၍ သုဒ္ဓ၏ အဖြစ်နှိုက် တည်စေ။

(ဓ) ကုသော ယထာ ဒုဂ္ဂဟိတော၊ ဟတ္ထမေဝါနုကန္တာတိ။
သာမညံ ဒုပ္ပရာမဋ္ဌံ၊ နိရယာ ယူပကဓုတိ။

ဟူသော ဓမ္မပဒပါဠိတော်ကိုနှလုံးထား၍ နိရယာယူပကဓုန၏အကြောင်းဖြစ်သော ဗုဒ္ဓပဋိကုဋ္ဌ အသမဏကမ္မအမှုမျိုးကို မပြုမလုပ်မူ၍ နောင်တဖန် သီတင်းသုံးဘော်တို့၏ သံသယ ကုက္ကုစ္စ ပရာနုဝါဒဘယ မဖြစ်ရအောင် ကျင့်သုံး ဆောက်တည်၍ ချမ်းသာစွာ ဓူရတရား နှစ်ပါးကို ပွါးများ အားထုတ်နေထိုင်စေ။

သီတင်းသုံးဘော် သမဂ္ဂ သံဃာတော်တို့ကလည်း အထက်ပါ ဝိနိစ္ဆယ ကာရဏ ဒဿနမှာ (ဆ-ဇ)အမှတ်ပြု ပါဠိတော်, အဋ္ဌကထာတို့ကို လည်းကောင်း၊

(န) ဥက္ခိတ္တကေ အနုက္ခိတ္တကသညီ သံဘုဇ္ဈတိဝါ သံဝသတိဝါ သဟဝါသေယျံ ကပ္ပေတိ အနာပတ္တိ။—

ဟူသော ပါစိတ်ပါဠိတော်ကိုလည်းကောင်း အာရုံပြု၍ ဥက္ခိတ္တကရဟန်းကို ဥက္ခိတ္တက ရဟန်းမဟုတ်ဟု ထင်မှတ်၍ သံဝါသစသည်ကို ပြုရာနှိုက် အာပတ် မသင့်သကဲ့သို့၊ ထိုအတူ ရဟန်းဟု ပဋိညာဉ်ပေး၍ ရဟန်းသညာရှိသော စုဒိတက ရှင်သုန္ဒရနှင့် သံဝါသ စသည်ကိုပြုသော ရဟန်းတို့မှာ အာပတ် သင့်ခြင်းမရှိ၊ ဝိနယ သံသယကုက္ကုစ္စ ကင်းငြိမ်းတော်မူကြပြီးလျှင် သံဃဘေဒ သံဃရာဇိ မဖြစ်ရအောင် ယောနိသော မနသိကာရဖြင့် အတူတကွ ဥပုသ် ပဝါရဏာစသော ကံကြီး,ကံငယ်တို့ကို ဆောင်ရွက်၍ သင့်တင့် ညီညွတ်စွာ ပေါင်းသင်း နေထိုင်ကြစေ။

အာပတ္တာဓိကရဏ ဝိနိစ္ဆယ ပြီးပြီ။

ယထာဧမ္မ ဝိနိစ္ဆယ

၁၂၉၅-ခု၊ နယုန်လဆန်း (၈) ရက်။

စုဒိတက— ကျုပ်ကုန်းရွာရှေ့ကျောင်း ဘုန်းကြီး ရှင်ကေလာသ။
စောဒကဝတ္ထုသည်မ— ညောင်ပင်အိုင့်ရွာ မိဇ္ဈချီ။
အနုဝါဒါဓိကရုဏ်း— ပဌမပါရာဇိကမှု။

ၵင်း အထက်ပါ အနုဝါဒါဓိကရုဏ်းမှုကို ဝိနိစ္ဆယချမေးရန် မြစ်ကွေ့မြို့ ပေါက်အိုဂိုဏ်း သံဃာတော်တို့ စစ်ဆေးချက် စာတန်းနှင့်တကွ သဘောတူ ချက် ဆုံးဖြတ်ချက်များကိုတင်ပြ၍ ရှင်ကေလာသ လျှောက်ထားသည်မှာ—

၁။ စုဒိတက ရဟန်း၏ ထွက်ချက်ကိုၵင်း၊ စောဒကဝတ္ထုသည်မ၏ ထွက် ချက်ကိုၵင်း စစ်တန်းစာရွက်နှိုက် ပါရှိသည့်အတိုင်း ပါဠိနယ, အဋ္ဌကထာနယ ရှိသည်အားလျော်စွာ စစ်ဆေးကြည့်ရှုရာ စောဒကဝတ္ထုသည်မ ထွက်ဆိုချက် အတိုင်း စုဒိတကရဟန်း၏ ဟုတ်မှန်ကြောင်း တစုံတခုမျှ ဝန်ခံခြင်းမရှိသဖြင့်-

> ဧဝံ လဇ္ဇိနာ စောဒိယမာနော အလဇ္ဇီ ဗဟူသုပိ ဝတ္ထု။သု ဥပ္ပန္နေသု ပဋိညံ နဒေတိ။ သော နေဝသုဒ္ဓေါတိ ဝတ္တဗ္ဗော။ န အသုဒ္ဓေါတိ ဇီဝမတကောနာမ အာမကပူတိကောနာမ စေသ။—

ဟူသော ပါရာဇိကဏ်အဋ္ဌကထာနှင့်အညီ နေဝသုဒ္ဓနာသုဒ္ဓဟူ၍ ဆုံးဖြတ် ရမှာလည်း စောဒကပြုလုပ်သူက လဇ္ဇီသူတော်ကောင်း ပဏ္ဍိတဗျတ္တ ပစ္စာ ယိကပုဂ္ဂိုလ်မဟုတ်၊ အလဇ္ဇီဗာလ အဗျတ္တ မာယာသာဌေယျ အသဒ္ဓေယျ ဝစသာ ဟီနိတ္ထိမျိုးဖြစ်၍ အင်္ဂါမပြည့်စုံရကား နေဝသုဒ္ဓနာသုဒ္ဓဟူ၍ ဆုံး ဖြတ်ရန်လည်း ခဲယဉ်း၏။

၂။ အလဇ္ဇီစ တေမွိ နတ္ထိ တေမွိ နတ္ထိတိ ပဋိညံ နဒေတိ၊ အလဇ္ဇီဿ ပဋိညာယ ဧဝ ကာတဗ္ဗံ။—ဟူသော ပါရာဇိကဏ် **အဋ္ဌကထာ**

နိသဇ္ဇံ ဘိက္ခု၊ ပဋိဇာနမာနောတိ ကိဉ္စာဝိ ဧဝရူပါ ဉပါသိကာ ဒိဿာ ဝဒတိ။ အထခေါ ဘိက္ခု၊ နိသဇ္ဇံ ပဋိဇာန မာနောယေဝ တိဏ္ဏံမမွာနံ အညတရေန ကာရေတဗ္ဗော။ နအပ္ပဋိဇာနမာနော တိ အတ္ထော။—

ဟူသော အဋ္ဌကထာတို့နှိုက် အလင်္ဃီပုဂ္ဂိုလ်ပင် ဖြစ်လင့်ကစား ပဋိညာဉ် ဝန်ခံခြင်း ရှိမှသာလျှင် သုဒ္ဓ,အသုဒ္ဓဟူ၍ ဆုံးဖြတ်အပ်၏ဟု ဧဝသဒ္ဒါဖြင့် ဖွင့်ပြတော်မူသောကြောင့် စောဒကဝတ္ထုသည်မ၏ ပုဗ္ဗာပရဝစန အနုသန္ဓိတလည်း မရှိ၊ စုဒိတကရဟန်း၏ တစုံတရာ ဂရုကအာပတ်နှင့် စပ်ဆိုင်သော ဝန်ခံခြင်း ပဋိညာဉ်လည်း မရှိရကား အသုဒ္ဓ ဒုဿီလဟူ၍လည်း ဆုံးဖြတ်ရန် ခဲယဉ်းချေ၏။

၃။ ဇာဒဠ္ဆ ဝုဋ္ဌာနလက္ခဏံ မညမာနာ ဇဒ္ဓကာလေဝိ သဇ္ဈိနာ သုဒ္ဓိဝါ အသုဒ္ဓိဝါ ဟောတိ။—

ဟူသော အဋ္ဌကထာနှင့်အညီ သက်သေကို အခိုင်အမာယူ၍ အသုဒ္ဓဟူ ဆုံးဖြတ်ရမှာလည်း စစ်တန်းတွင် ခိုင်လုံသော သက်သေ မပါချေ။

၄။ သုံဖြစ်၍—အထ ဒဟရဿ ပါရာဇိကဏ္ဍာယဝဝ ဥပဒ္ဒဝတိ။ တေနပိ ပါရာဇိကောသိတိ နဝတ္တဗ္ဗော။ဒုလ္လဘောဟိ ဇုဒ္ဓုပ္ပါဒေါ။ တတော ဒုလ္လဘတရာ ပဗ္ဗဇ္ဇာစ ဥပသမ္ပဒါစ။—

စသော ပါရာဇိကဏ်အဋ္ဌကထာနှိုက် ရဟန်းငယ်အား ပါရာဇိက အရိပ်အရောင် ထင်ငြားသော်လည်း ဇုဒ္ဓုပ္ပါဒနဝမက္ခဏထက် ပဗ္ဗဇ္ဇာ ဥပသမ္ပဒအဖြစ် ရခဲသောကြောင့် ပါရာဇိကသို့ ရောက်၏ဟု မဆိုအပ်သေး စသည်ဖြင့် ဖွင့်ပြတော်မူသောကြောင့်ဌင်း၊

အကယ်၍ စုဒိတက ရှင်ကေလာသသည် ပါရာဇိကသို့ ကျရောက်သည်ဖြစ်အံ့ သာသနာတော် တည်းဟူသော သမုဒြာ လှိုင်းထမ်းပိုး ခတ်တင်၍ လွှင့်ပါး ထွက်သွားရာ၏။

ဝိနယဓမ္မ ဗဟုသုတရှိသူ ပုဂ္ဂိုလ် တဦးတယောက်ဖြစ်၍ မိမိအမှုကို မိမိသိရှိသဖြင့် သံပူ ကျောက်ပူနှိုက် နင်းမိသော ယောကျ်ားကဲ့သို့ဌင်း၊ ရှင်သုဒိန်

ကဲ့သို့ဌင်း နှလုံးမသာယာခြင်း ဝိပ္ပဋိသာရ သောကပရိဒေဃုန မီးတောက်လောင်၍ ကိသလူခ စသည်ဖြစ်ခဲ့ရာ၏။ ဤကဲ့သို့ ဖေါက်ပြန်ခြင်းမရှိ သမာဓိဖြင့် တည်တံ့စွာ နေထိုင်နိုင်ခြင်းကို ထောက်ချင့် သင့်သောကြောင့်ဌင်း၊ ပေါက်အိုဂိုဏ်း သံဃာတော်တို့သည် သဗြဟ္မစရိယ သဟဓမ္မိက ဖြစ်ကြ၍ စုဒိတကပုဂ္ဂိုလ်၏ လဇ္ဇီ, အလဇ္ဇီ ဟုတ် မဟုတ် အမှုအရာ လက္ခဏာကို ဒိဋ္ဌ, သုတ, မုတအားဖြင့် သိမြင်နိုင်ကြသည့်အတိုင်း သတိရှေသွား နှိုင်းချိန်စဉ်းစားသော တုလနညာဏ်ဖြင့် ဆုံးဖြတ်သော ဝိနိစ္ဆယသည် သဘောယုတ္တိအားဖြင့် သုတ္တ, သုတ္တာနုလောမ အာစရိယဝါဒသို့ သက်ဝင်သောကြောင့်ဌင်း၊ ဌင်းစုဒိတကရဟန်း၏ "ပရိသုဒ္ဓါ အဟံ ဘန္တေ ပရိသုဒ္ဓါတိ မံ မာရေဟိ" ဟူ၍ ဟုတ်မှန်သော သမဏ ပဋိညာဉ် ဝန်ခံခြင်းကို ပေးသည်ဖြစ်အံ့ ဌင်းရှင်ကေလာသကို သုဒ္ဓ, သုသီလဟူ၍ မှတ်အပ်၏။

၅။ ဌင်းစောဒကဝတ္ထုသည်မ မိဒွေချိသည် "ဗာလအဗျတ္တ အဓမ္မ" စောဒကမျိုးအဖြစ်သို့ ရောက်သဖြင့် စွပ်စွဲခြင်း မဖြစ်ထိုက်ရကား ရှင်ကေလာသအပေါ် နှိုက် သံသယ ကုက္ကုစ္စ ကင်းငြိမ်းကြပြီးလျှင် ပေါက်အိုဂိုဏ်းသံဃာတော်စသော သံဃာတော်တို့သည်လည်း—

ဥက္ခိတ္တကေ အနုက္ခိတ္တကသညိ သံဘုဉ္ဇတိဝါ သံဝသတိဝါ
သဟသေယျံ ကပ္ပေတိ အနာပတ္တိ။—

ဟူသော ပါဠိတော်နှိုက် ဥက္ခိတ္တကရဟန်းနှိုက် ဥက္ခိတ္တကရဟန်း မဟုတ်ဟု မှတ်၍ သံဝါသ စသည်ကိုပြုရာနှိုက် အာပတ်မသင့်သကဲ့သို့ဌင်း၊ ရဟန်းတပါးက မအပ်သောပစ္စည်းကို ပေးရာ ထိုရဟန်းကို ယုံကြည်၍ သုံးဆောင်ရာနှိုက် အာပတ်မသင့်သကဲ့သို့ဌင်း၊ စုဒိတကရဟန်း၏ အသမဏပဋိညာဉ်ကို မပေး၊ သမဏပဋိညာဉ်ကိုသာ ပေးသောကြောင့် ထိုပဋိညာဉ်ကို ယုံကြည်၍ သံဝါသ စသည်ကို ပြုလုပ်ရာနှိုက် ရဟန်းဟူသော သညာရှိသဖြင့် အာပတ်မသင့်၊ အကယ်၍ ရဟန်း မဟုတ်ခဲ့သည်ဖြစ်အံ့ ထိုရဟန်းအားသာလျှင် အဓမ္မိက

ပဋိညာဉ်ကြောင့် မဟာအာဒိနဝ ဖြစ်မည်ကိုငဲ့“သကမေဝ ပညာယိဿတိ” ဟူသော ဒေသနာတော်ကိုငဲ့၊ ပညာဖြင့် ဆင်ခြင်စဉ်းစား နှလုံးထားတော်မူကြ၍ငဲ့၊

အန္တိမဝတ္ထုံ၊ အဇ္ဈာပန္နဿ နိသိန္နဿ ပရိသာယ ကလဟာဒိဘယေန နာဟံ ကရိဿာမိတိ စိတ္တံ ဥပ္ပါဒေတ္ဝာ နိသီဒိတုံ ဝဋ္ဋတိ။—

ဟူသော ဝဇီရဗုဒ္ဓိဋီကာလာ စကားရပ်ကို နှလုံးထားတော်မူကြ၍ငဲ့ သံဃဘေဒ သံဃရာဇီ မဖြစ်ရအောင် ယောနိသော မနသိကာရဖြင့် စုဒိတက ရှင်ကေလာသနှင့် အတူတက္က ဥပုသ်, ပဝါရဏာစသော ကံကြီး, ကံငယ်တို့ကို ပေါင်းသင်း ဆက်ဆံ၍ သင့်တင့်ညီညွတ်စွာ နေထိုင်ကြစေ။

၆။ စုဒိတက ရှင်ကေလာသသည်လည်း—

ဇတ္ထိ မလံ ဇြဟ္မစရိယဿ၊ ဇ္ဈောယံ သဇ္ဇတေ ပဇာ။
သဂါဆာဝဂ္ဂသံယုတ်ပါဠိတော်

ဇတ္ထိ မလန္တိ တေသံ ဗာဟိရမလံ ဘသ္မခါရာဒိဟိ ဓောဝိတ္ဝာ သဂ္ဂာ သောဓေတုံ၊ မာတုဂါမ မလေန ဒုဋ္ဌော ပန နသဂ္ဂာ သုဒ္ဓေါနာမ ကာတုန္တိ ဇတ္ထိမလန္တိ ဝုတ္တာ။ ဇ္ဈောတိ ဇ္ဈေ ဇတ္ထိယံ ပဇာ သဇ္ဇတိ။ ၎င်းအဋ္ဌကထာ

မာတုဂါမသည် မြတ်သော သာသနာတော်၏ အညစ်အကြေး မည်၏၊ မာတုဂါမ မလမှတပါးသော ဗာဟိရ အညစ်အကြေး ဟူသမျှကို ဆပ်ပြာစသည်တို့ဖြင့် ဆေးကြော၍ ဖြူစင်စေခြင်းငှါ စွမ်းနိုင်၏၊ မာတုဂါမ မလဖြင့် နှိပ်စက် ဖျက်ဆီးသော ရဟန်းသည် စင်ကြယ်အောင် ပြုခြင်းငှါ မစွမ်းနိုင်ဟူ၍ ၎င်း၊ “ဣတ္ထိမိဿော ကုတော သီလံ”ဟူ၍ဖြင့်း လာသော သြဝါဒကထာ အရပ်ရပ်တို့ကို နှလုံးထား၍ဖြင့်း၊မြတ်စွာဘုရားသည် ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်ကို ရိုသေလေးစား ဂရုထား၍ဖြင့်း၊ သီလဝိနာသန သံဝရ

ဘေဒ၏ အကြောင်းဖြစ်သော မကောင်းသော မိန်းမယုတ်တို့နှင့် ရောနှော ဆက်ဆံခြင်းကို အလျှင်း မပြုမလုပ်မူ၍ ဣန္ဒြိယသံဝရသီလကို အထူး စောင့် စည်းပြီးလျှင် မိမိပြုသော အမှုကို မိမိသာလျှင် အမှန်အကန် အသိဆုံးဖြစ်၍ နောင်တဖန် သာသနာမလ သံဃဝိဟဒန အတ္တာနုဝါဒ ပရာနုဝါဒ ဒုဂ္ဂတိဘယ မဖြစ်ရအောင် သတိဉာဏ်ရောင်ဖြင့် လင်းအောင်ကုစား သံဝေဂရွှေထား၍ ဓူရတရား နှစ်ပါးကို ပွါးများအားထုတ်၍ ကျင့်ကြံ နေထိုင်စေ။

ယထာဓမ္မ ဝိနိစ္ဆယ ပြီးပြီ။

ဓိနုယကဏ္ဍ ပြီး၏။

ခမး လျောက်သွား

၁၂၉၃-ခု၊ ဝါဆိုလဆန်း(၁၅)ရက်။

မအူပင်မြို မြို့လည်ကျောင်းတိုက်ရှင် တပည့် ရှင်အာစိကွဏ ရိုသေစွာ လျောက်ပါသည် ကျေးဇူးရှင် ဆရာတော်ဘုရား....။

အောက်ပါ ပရမတ္ထ သဘောတရားများကို သိသာထင်ရှားစွာ တပည့် သိသ အဆက်ဆက်တို့ မှတ်သားရပါအောင် ဝိနိစ္ဆယ ရေးသား ကယ်မ တော်မူပါမည့်အကြောင်း ရိုသေ လေးမြတ်စွာ လျောက်ထား တောင်းပန် ပါသည် ကျေးဇူးရှင် ဆရာတော်ဘုရား....။

၁ ဤဟာ,ဥဿာဟ,ဗျာပါရတို့၏ သဘော တရားကိုယ်ကို မည်ကဲ့သို့ မှတ်ယူရပါမည်နည်း။

၂ သခ်ံတဖြစ်သော ရုပ်,နာမ်တရားတို့နှိုက် ဤဟာ,ဥဿာဟ,ဗျာပါရ တို့ ရှိ မရှိ။

၃ ပရမတ္ထတရားတို့နှိုက် သွားမှု လာမှု လှုပ်ရှားမှု ပြုလုပ်မှုစသော ကိစ္စ မရှိ၊ ပညတ်ဖြစ်သော ပုဂ္ဂိုလ်, သတ္တဝါတို့သည်သာလျှင် ထိုသွားမှု စသော ကိစ္စတို့ကို ဆောင်ရွက်ကြသည်ဟု ထင်မြင်ယူဆခြင်းသည် ပရမတ္ထမမှ သဘာဝအတိုင်း ယထာဘူတ ဟုတ် မဟုတ် မှန် မမှန်။

၄ ပရမတ္ထမမှ ဟူသမျှသည် ဒြဗ်မရှိ သဘောအားဖြင့် ဖြစ်ခြင်းကြိယာ သက်သက်မျှဖြစ်၍ စိတ္တံဟူသော ပရမတ္ထမမှနိုက် "စိန္တနမတ္တံ စိတ္တံ" ဟူသော ဘာဝသာဓနကိုသာလျှင် မုချ ရကောင်းသောကြောင့်၎င်း၊ "စိန္တေတိတိ စိတ္တံ၊ စိန္တေန္တိ သမ္မယုတ္တမမှာ ဇေတနာဘိ စိတ္တံ" ဟူသော ကတ္တုသာဓန ကရဏသာဓနတို့ကို ပရိယာယ်အားဖြင့် သာလျှင် ရသင့်သောကြောင့်၎င်း၊ အထက်ဝိသုဒ္ဓိမဂ်စာန်းသို့ ရောက် အောင် အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့မှာ မုချအားဖြင့် ရအပ် သော ဘာဝသာဓနအရ ပရမတ္ထသဘောကိုသာလျှင် ဆင်ခြင် သုံးသပ်အပ်၏ဟု ယူဆခြင်းသည် ယထာဘူတ ဖြစ် မဖြစ်ကို သိလိုပါ ကြောင်း။

ရှင်အာစိကွဏ
မြို့လည်ကျောင်းတိုက်
မအူပင်မြို

၂-ပကိဏ္ဏက ကဏ္ဍ

ပရမတ္ထဂန္ထိရဝိနိစ္ဆယ

၁-ပဌမပုဗ္ဗာ အခြေ

၁။ ဤဟာ,ဥဿာဟ,ဗျာပါရတို့၏ သဘော တရားကိုယ်ကို မည်ကဲ့သို့ မှတ်ယူရပါမည်နည်းဟူသော မေးလျှောက်ချက်နှိုက်—

အကျဉ်းအားဖြင့်ကား.... ဤဟာ, ဥဿာဟဟူသည် အားထုတ်ခြင်း ကြိယာတည်း။ "ပဒေ့ဇန ဝိရိယဿ နာမာနိ" ဟု အဘိဓာန်ဋီကာနှိုက် ဖွင့်သော ကြောင့်၎င်း၊သဒ္ဒနီတိနှိုက်လည်း "ဤဟာ ဝုစ္စတိ ဝိရိယံ" ဟု ဖွင့်သောကြောင့် ၎င်း တရားကိုယ်အားဖြင့် ဝိရိယစေတသိက်သာတည်း။ ဗျာပါရဟူသည် လည်း "သဗျာပါရတောတိ သဤဟတော" ဟု ဝိသုဒ္ဓိမဂ် မဟာဋီကာနှိုက် ဖွင့်သောကြောင့် အားထုတ်ခြင်း ကြိယာပင်တည်း။ တရားကိုယ်အားဖြင့် လည်း ဝိရိယစေတသိက်ပင်တည်း။ထိုကြောင့် အဘိဓာန်နှိုက် အားထုတ်ခြင်း ပရိယာယ်သဒ္ဒါကို—

(က) ဥဿာဟာ တပ ပဂ္ဂဟာ၊ ဝါယာမောစ ပရက္ကမော။ ပဓာနံ ဝိရိယံ့ စိဟာ၊ ဥယျာမောစ မိတိဏ္ဍိယံ့။—ဟု မိန့်၏။

၎င်းအဘိဓာန်ဋီကာနှိုက်လည်း—

(ခ) ပဒေ့ဇန ဝိရိယဿ နာမာနိ ဥဒုက္ခလာဘံ ဥဒ္ဓံဝါ သဟတိ ခမတီတိ ဥဿာဟော၊ ဏော။ ဤဟတိ ဧတေ ဝါ ယာယ သုဘာသုဘဖလန္တိ ဤဟာ။ ဤဟ ဧဒ္ဒါယံ့။ ဧ ဝါ ဂတိမ္ဒိ၊ ပစ္ဆိမေ ဟပစ္စယော။— ဟု ဖွင့်၏။

သဒ္ဒနီတိနှိုက်လည်း—

(ဂ) ဤဟာ ဝုစ္စတိ ဝိရိယံ၊ ဤဟ စေတာယံ့။—ဟု မိန့်၏။

ဘေဒစိန္တာနှိုက်လည်း—

(ဃ) မာတ္ထတ္ထောဝ ကြိယာနာမ၊ ကာစိဟာ ကာစ ဇေဋ္ဌကာ။ ကာစ ကာရက ဗျာပါရော၊ သော ကြိယာတိ ပတိယတေ။— ဟု မိန့်၏။

အနက် (က) ဥဿာဟ၊ အားထုတ်ခြင်း။ အာတပ၊ အားထုတ်ခြင်း။ ပဂ္ဂဟ၊ခြင်း။ ဝါယာမော၊ခြင်း။ ပရက္ကမော၊ခြင်း။ပဓာန်၊ခြင်း။ ဝီရိယံ၊အားထုတ်ခြင်း။ ဤဟာ၊အားထုတ်ခြင်း။ ဓီတိ၊အားထုတ်ခြင်း။အယံ၊ ဤဓီတိသဒ္ဒါသည်။ ဣတ္ထိ၊ဣတ္ထိလိင်တည်း။

(ခ) ပဇ္ဇေန၊ဥဿာဟာတပ ဟူသောဂါထာဖြင့်။ ဝီရိယဿ၊ဝီရိယ၏။ နာမာနိ၊အမည်တို့ကို။ ဒဿိတာနိ၊ပြအပ်ကုန်၏။ ဥဒုဇ္ဈလာဘံ၊ဆင်းရဲရခြင်းကို။ ဝါ၊တနည်းကား။ ဥဒ္ဓံ၊အထက်နှိုက်။ ဝါ၊လွန်စွာ။ သဟတိခမတိ၊သည်းခံတတ်၏။ ဣတိတသ္မာ၊ကြောင့်။ ဥဿာဟော၊မည်၏။ဏော၊ဏပစ္စည်းသက်။ ယာယ၊အကြောင် အားထုတ်ခြင်း ကြိယာဖြင့်။ သုဘာသုဘဖလံ၊ကောင်းသောအကျိုး, မကောင်းသော အကျိုးကို။ ဤဟတိ၊ အားထုတ်တတ်၏။ ဣတိတသ္မာ၊ထို့ကြောင့် ဣဿာဟ၊ခြင်း ကြိယာသည်။ ဤဟာ၊မည်၏။ ဤဟာ၊ ဤဟာဓာတ်သည်။ ဇောဒယံ၊အကြိုးအမှူးနှိုက်။ ဝတ္တတိ၊၏။ ဝါ၊တနည်းကား။ဣ၊ဣဓာတ်သည်။ ဂတိယံ၊ ရောက်ခြင်း လားခြင်းဟူသော အနက်နှိုက်။ ဝတ္တတိ၊ ၏။ ပစ္ဆိမေ၊ နောက်ဝိကပ်နှိုက်။ ဟပစ္စယော၊ဟပစ္စည်းသက်။

(ဂ) ဝီရိယံ၊ဝီရိယကို။ ဤဟာ၊ဤဟာဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ဤဟာ၊ ဤဟာဓာတ် သည်ကား။ စေတာယံ၊ စေ့ဆော်ခြင်းဟူသော အနက်နှိုက်။ ဝတ္တတိ၊ဖြစ်၏။

(ဃ) ဓာတ္ထတ္ထောဝ၊ဂမု,ပစ အစရှိသော ဓာတ်တို့၏ သွားခြင်း, ကျက်ခြင်း အစရှိသော အနက်သည်ပင်လျှင်။ ကြိယာနာမ၊ကြိယာမည်၏။ သာစ၊

ထိုကြိယာဟူသည်လည်း။ ကာ၊ အဘယ်နည်း။ ဤဟာ၊ အားထုတ်ခြင်းပင်တည်း။ သာစ၊ထိုအားထုတ်ခြင်း ဟူသည်လည်း။ ကာ၊အဘယ်နည်း။ ဇဋ္ဌကာ၊ အကြီးအမှူးပင်တည်း။ သာစ၊ ထိုအကြီးအမှူး ဟူသည်လည်း။ ကာ၊ အဘယ်နည်း။ ကာရကဗျာပါရော၊ကတ္တား, ကံစသော ကာရကတို့၏ ကြောင့်ကြ အားထုတ်ခြင်းပင်တည်း။ သော၊ ထိုကတ္တား, ကံစသော ကာရကတို့၏ ဗျာပါရကို။ ကြိယာတိ၊ကြိယာဟူ၍။ ပတိယတေ၊သိအပ်၏။

ဝစနတ္ထကို ပြခြင်း

ထို ဤဟာ, ဥဿာဟ, ဗျာပါရတို့သည် ကြိယာကို ဟောသောအခိုက်နှိုက် "ဤဟာနံ ဤဟာ၊ ဥဿာဟာနံ ဥဿာဟော၊ ဗျာပါရဏံ ဗျာပါရော" ဟု ဘာဝသာဓနဝစနတ္ထပြု။ အားထုတ်ခြင်းဟု အနက်ယောဇနာ။ ဤဟာဓာတ်၊ ဏပစ္စည်း။ ဥပုဗ္ဗ သဟာဓာတ်၊ ဏပစ္စည်း။ ဝိ အာပုဗ္ဗ ပရဓာတ်၊ ဏပစ္စည်း။ ဤသို့ အစဉ်အတိုင်း ဓာတ်,ပစ္စည်းကို မှတ်။ ဤဟာ, ဥဿာဟတို့၏ ကတ္တာသာဓန, ကရဏသာဓဝစနတ္ထကု အဘာဓာနဋ္ဌကာအတုံးမှတ။

ဗျာပါရကိုကား.... "ဗျာပါရေတိ နိပ္ဖာဒေတိ အတ္တာနော ဖလန္တိ ဗျာပါရော" ဟု ပြု။ (ဝိရိယ ရ၏)။ ဟေတုကတ္တာသာဓန၊ ဝိ အာပုဗ္ဗ ပရဓာတ်၊ ဏပစ္စည်း။

ယောဓမ္မော၊ အကြင်တရားသည်။ အတ္တာနော၊ မိမိ၏။ ဖလံ၊ အကျိုးကို။ ဗျာပါရေတိ နိပ္ဖာဒေတိ၊ ပြီးစေတတ်၏။ ဣတိတသ္မာ၊ကြောင့်။ သောဓမ္မော၊ သည်။ ဗျာပါရော၊ မည်၏။

တနည်း–"ဗျာပါရတိ သမတ္ထေတိ ဖလနိပ္ဖာဒနေတိ ဗျာပါရော"။ ကတ္တာသာဓန၊ ဝိ အာပုဗ္ဗ ပရဓာတု သာမတ္ထိယံ၊ ဏ။ (ဝိရိယ ရ၏)။

ယောဓမ္မော၊သည်။ဖလနိပ္ဖာဒနေ၊အကျိုးကို ပြီးစေခြင်းနှိုက်။ဗျာပါရတိ သမတ္ထေတိ၊စွမ်းနိုင်တတ်၏။ ဣတိဘသ္မာ၊ကြောင့်။ သောဓမ္မော၊သည်။ ဗျာပါရော၊မည်၏။

တနည်း—"ဗျာပါရေတိ နိပ္ပါဒေတိ သမ္မယုတ္တဓမ္မာ ဧတေန ဖလန္တိ ဗျာပါရော။ ဗျာပါရတိ သမတ္ထေတိ သမ္မယုတ္တဓမ္မာ ဧတေန ဖလနိပ္ပါဒနေတိ ဗျာပါရော"ဟု ကရဏသာဓနလည်း ပြုသင့်၏။ ဘေဒစိန္တာဋီကာန္သိုက်—"ဗျာပါရတိ ဉဿာဟတိတိ ဗျာပါရော"ဟု ဝစနတ္ထပြု၏။

သတ္တိဝါစက ဗျာပါရသဒ္ဒါကိုကား.... "ဗျာပါရနံ သမတ္ထနံ ဗျာပါရော"-ဘာဝသာဓန။ "ဗျာပါရေတိ အတ္တဓနာကိစ္စံ ကာတုံ သမတ္ထောတိတိ ဗျာပါရော"-ကတ္တုသာဓန။ (ပရမတ္ထဓမ္မတို့၏ သတ္တိလက္ခဏာသဘော ရ၏)။

တနည်း—"ဗျာပါရေတိ အတ္တနောကိစ္စံ နိပ္ပါဒေတီတိ ဗျာပါရော"-ဟောတု ကတ္တုသာဓန၊ဝိ အာပုဗ္ဗ ပရဓာတု။သာမတ္ထိယံ နိပ္ပါဒနေဟု ဓာတ်နက်ဖေါ်၊ ဏပစ္စည်း။ ၎င်းဝစနတ္ထသည် ဝိသုဒ္ဓိမဂ်ဋီကာတို့နှင့် အညီ ပြုသော ဝစနတ္ထတည်း။

ဗျာပါရနံ သမတ္ထနံ၊စ္ဆမ်းနိုင်ခြင်း။ ဗျာပါရော၊စ္ဆမ်းနိုင်ခြင်း။ ယောသဘာဝေါ၊အကြင်သဘောတရားသည်။ အတ္တနော၊မိမိ၏။ ကိစ္စံ၊ကိစ္စကို။ ကာတုံ၊ပြုခြင်းငှါ။ ဗျာပါရေတိ သမတ္ထေတိ၊စ္ဆမ်းနိုင်တတ်၏။ ဣတိတသ္မာ၊ထို့သို့ စ္ဆမ်းနိုင်တတ်သော သတ္တိကြောင့်။ သောသဘာဝေါ၊ ထို သဘောတရားသည်။ ဗျာပါရော၊ဗျာပါရမည်၏။

၂-ဒုတိယမူလဋီကာအဋ္ဌကထာ

၂။ သခ်ံတဖြစ်သော ရုပ်,နာမ်တရားတို့နှိုက် ဤဟာ, ဗျာပါရ ရှိ မရှိ၊ သို့မဟုတ် ဉဿာဟ,ဗျာပါရ ရှိ မရှိဟု မေးလျှောက်ရာနှိုက်—

ဤဟာ,ဉဿာဟ,ဗျာပါရတို့သည် ပရိယာယ်သဒ္ဒါမျှ ဖြစ်၍ ဗျာပါရတခုကိုသာ ရှိ မရှိကိုပြပေအံ့။အကျဉ်းအားဖြင့်ကား....ဝိသုဒ္ဓိမဂ်မဟာဋီကာန္သိုက်-"စင်မာနေတိ အာဒီဟိ ဒိဗ္ဗစက္ခုကိစ္စံ ဝုတ္တန္တိ ဂ်သယမုခေန ဝိသယိ ဗျာပါရ မာဟ"ဟူ၍၎င်း၊ "သဗျာပါရတောတိ သဤဟတောဝ"ဟူ၍၎င်း၊ "သဉဿာဟတောတိ သသတ္တိတောဝ"ဟူ၍၎င်း ဖွင့်ပြတော်မူသောကြောင့်၎င်း။

ဇာလိနီဋ္ဌိကာန္နိက်—“သတ္တိ ဗျာပါရောတိ ဝုစ္စတိ၊ ယထာစိတ္တ ဗျာပါရောတိ”ဟု ဖွင့်ပြသောကြောင့်ဎင်း ဗျာပါရသည် သတ္တိဗျာပါရ,လုံ့လဝီရိယ ဗျာပါရဟူ၍ နှစ်မျိုးနှစ်စား ရှိသင့်၏၊ ထိုနှစ်ပါးတို့တွင် သတ္တိဗျာပါရသည် သခ်ၤတပရမတ္ထမမ္မတို့နှိုက် မိမိမိမိတို့၏ ကိစ္စသဘောလက္ခဏာအားဖြင့် ရှိသင့်၏၊ လုံ့လဝီရိယဗျာပါရသည် မရှိသင့်။

တနည်း—သကဗျာပါရ, ပရဗျာပါရဟူ၍ နှစ်မျိုးနှစ်စား ရှိသင့်၏၊ ထိုနှစ်ပါးတို့တွင် သကဗျာပါရသည် သခ်ၤတဖြစ်သော ပရမတ္ထမမ္မနှိုက် မိမိ မိမိတို့၏ ကိစ္စသဘောလက္ခဏာအားဖြင့် ရှိသင့်၏၊တပါးသောမမ္မ ပုဂ္ဂိုလ်တို့သည် တိုက်တွန်း နှိုးဆော်အပ်သော ပရဗျာပါရ မရှိသင့်ဟု မှတ်အပ်၏။

ပရမတ္ထမမ္မတို့၏ မိမိတို့၏ ပစ္စည်းအကြောင်းထူးအားဖြင့် တပါးသောမမ္မတို့၏ လုံ့လပယောဂ မရှိ၊ သဘာဝမမ္မအား လျော်စွာ ဖြစ်စမ်းနိုင်သော အခြင်းအရာ သတ္တိထူးကို သတ္တိဗျာပါရဟူ၍ မှတ်သိအပ်၏၊ သစ္ဆိကဋ္ဌပရမတ္ထမရကောင်းသော ပုဂ္ဂိုလ်ပညတ်တို့နှိုက် အားထုတ်ခြင်း ဗျာပါရတို့ မရှိဟု မုခ္ဖ မှတ်အပ်၏။ “ဤကား အကျဉ်းမှတ်ချက်တည်း”။

· အကျယ်အားဖြင့်ကား .... ကေတ္တာနည်း, နာနတ္တာနံည်း, အဗျာပါရနည်း, ဝေဒံဓမ္မတာနည်းအားဖြင့် လေးပါးရှိသော်လည်း ဤအရာနှိုက် သက်ဆိုင်သော အဗျာပါရ တခုကိုသာ ပြပေအံ့။

(က) အဝိဇ္ဇာယ သခ်ၤါရာ မယာ ဥပ္ပါဒေတဗ္ဗာ၊ သခ်ၤါရာနံဝါ ဝိညာဏံ အမှေဟိတိ ဝေမာဒိ ဗျာပါရာဘာဝေါ အဗျာပါရနယောနာမ။(သမ္မောဟဝိနောဒနီအဋ္ဌကထာ ပဋိစ္စသမုပ္ပါဒဝိဘင်း။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပညာဘူမိနိဒ္ဒေသနှိုက်လည်းဎင်းအတူ လာ၏)။

မှတ်ချက်—ဎင်း အဋ္ဌကထာဖြင့် ပရမတ္ထမမ္မတို့နှိုက် ပရဗျာပါရ,လုံ့လဝီရိယဗျာပါရ မရှိသည်ကိုပြ၏၊ သကဗျာပါရ,သတ္တိဗျာပါရရှိသည်ကို မမြစ်၊ အဓိပ္ပါယ်အကျယ်ကို အနက်အတိုင်းမှတ်။

(ခ) ထွေစ တွံ ဘဝင်ံနာမ ဟောဟိ၊ တွံ အာဝဇ္ဇနံနာမ၊ တွံ ဒဿနံနာမ၊ တွံ သမ္မဋ္ဌဆ္ဆနံနာမ၊ တွံ သန္တီရဏံနာမ၊ တွံ ဝေါဋ္ဌဗ္ဗနံနာမ၊ တွံ ဇဝနံနာမ ဟောဟိတိ ကောစိ ကတ္ထာဝါ ကာရေတာဝါ နတ္ထိ။—အဋ္ဌသာလိနီ အဗျာကတဝိပါကအဖွင့်

၎င်းအဋ္ဌကထာဖြင့် ပရမတ္ထဓမ္မတို့နှိုက် ပြုတတ်သော ပညတ်ပုဂ္ဂိုလ် ပြုစေတတ်သော ပညတ်ပုဂ္ဂိုလ် မရှိသည်၏ အဖြစ်ကို ပြ၏။ အဓိပ္ပါယ်မှာ အနက်အတိုင်းမှတ်။

အနက် (က) အဝိဇ္ဇာယ၊ အဝိဇ္ဇာ၏။ (ဗျာပါရဘာဝေါနှိုက် စပ်)။ သခ်ါရာ၊ပုညာဘိသခ်ါရ,အပုညာဘိသခ်ါရ,အာနဉ္ဇာဘိသခ်ါရတို့ကို။ မယာ၊ငါအငိဇ္ဇာသည်။ဥပပါဒေတဗ္ဗာ၊ဖြစ်စေအပ်ကုန်၏။သခ်ါရာနံဝါ၊ သခ်ါရတို့၏မူလည်း။ (ဗျာပါရာဘာဝေါနှိုက် စပ်)။ ဝိညာဏံ၊ ပဋိသန္ဓေစိတ် ဇကူနဝိသ ဟုဆိုအပ်သော ဝိညာဏ်ကို။ ဝါ၊လောကီဝိပါက် ဗာတ္တိံသ ဟုဆိုအပ်သော ဝိညာဏ်ကို။ အမှေဟိ၊ ငါသခ်ါရတို့သည်။ ဥပပါဒေတဗ္ဗံ၊ ဖြစ်စေအပ်၏။ ဧဝမာဒိဗျာပါရာဘာဝေါ ဧဝံအာဒိဗျာပါရအဘာဝေါ၊ဤသို့ အစရှိသော တပါးသောဓမ္မတို့၏ လုံ့လပြုခြင်း ကြောင့်ကြပြုခြင်း ဖြစ်စေခြင်း ဗျာပါရ မရှိသည်၏ အဖြစ်သည်။ အဗျာပါရနယောနာမ၊ အဗျာပါရနည်းမည်၏။

(ခ) စ၊ဆက်ဦးအံ့။ ထွေ၊ဤဝိထိစိတ်ဖြစ်ရာနှိုက်။ ဝါ၊ဤစိတ်အပေါင်းတို့တွင်။ တွံ၊ သည်။ ဘဝင်ံနာမ၊ ဘဝင်မည်သည်။ ဟောဟိ၊ဖြစ်လော။ တွံ၊ သည်။ အာဝဇ္ဇနံနာမ ၊မည်သည်။ ဟောဟိ၊လော။ တွံ၊ သည်။ ဒဿနံနာမ၊ ဒဿနမည်သည်။ ဝါ၊စက္ခုဝိညာဏ်မည်သည်။ ဟောဟိ၊ လော။ တွံ၊ သည်။ သမ္ပဋိစ္ဆနံနာမ၊သမ္ပဋိစ္ဆိန်းမည်သည်။ ဟောဟိ၊လော။ တွံ၊ သည်။ သန္တီရဏံနဲ့ာမ၊သန္တီရဏမည်သည်။ ဟောဟိ၊လော။ တွံ၊သည်။ ဝေါဋ္ဌဗ္ဗနံနာမ၊ဝုဋ္ဌေမည်သည်။ ဟောဟိ၊ ဖြစ်လော။ တွံ၊ သင်သည်။ ဇဝနံနာမ၊ ဇောမည်သည်။ ဟောဟိ၊ဖြစ်လော။ ဣတိ၊သို့။ ကတ္တာဝါ၊ပြုတတ်သောသူသည်ရင်း။ကာရေတာဝါ၊ပြုစေတတ်သောသူသည်ရင်း၊ နတ္ထိ၊မရှိ။

တပါးသော ပရမတ္ထဓမ္မပုဂ္ဂိုလ်တို့၏ တိုက်တွန်းစေ့ဆော်ခြင်း ဖြစ်စေခြင်း မရှိလျှင် အဘယ်ကြောင့် ပရမတ္ထဓမ္မတို့ ဖြစ်ကြပါသနည်းဟူမူ.... ။

ပရမတ္ထဓမ္မတို့၏ ဓမ္မတာသဘောအားဖြင့်၎င်း၊ မိမိတို့အား ကျေးဇူးပြုတတ်သော ပစ္စယဝိသေသ သတ္တိဗျာပါရအား လျော်စွာ စိတ္တနိယမအားဖြင့်၎င်း ပရမတ္ထဓမ္မတို့သည် ပရဗျာပါရ, ကာရက, ဝေဒကပုဂ္ဂိုလ် မရှိဘဲလျက် ဖြစ်ကြကုန်၏။ ထိုကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာန္သိုက်—

(က) အတ္ထနော ပန ဓမ္မတာယဇေ အာရမ္မဏေန ပသာဒဿ ဃဋ္ဋနတကာလတော ပဋ္ဌာယ ကြိယာမနောဓာတု စိတ္တံ ဘဝင်္ဂံ အာဝဇ္ဇေတိ၊ စက္ခုဝိညာဏံ ဒဿနကိစ္စံ သာဓေတိ၊ ဝိပါကမနောဓာတု သမ္ပဋိစ္ဆနကိစ္စံ သာဓေတိ၊ ဝိပါကမနောဝိညာဏဓာတု သန္တီရဏကိစ္စံ သာဓေတိ၊ ကြိယာမနောဝိညာဏဓာတု ဝေါဋ္ဌဗ္ဗနကိစ္စံ သာဓေတိ၊ ဇဝနံ အာရမ္မဏရသံ အနုဘဝတိ၊ အယံ စိတ္တနိယမောနာမ။

ဝိသုဒ္ဓိမဂ်ဋီကာန္သိုက်လည်း—

(ခ) သဘာဝဓမ္မာ ဟိ ပစ္စယဝိသေသ သိဒ္ဓေန ပဝတ္တိ အာကာရေန ဝိသိဋ္ဌာကာရာ ဟောန္တိ၊ တေနာဟ သဇ္ဇေမမ္မာ သဇ္ဇာကာရေန ဇုဒ္ဓိဿ ဘဂဝတော ဉာဏမုခေ အာပါထမာဂစ္ဆတီတိ။—**ပညာဘူမိနိဒ္ဒေသ**

အနက် (က) ပန၊စင်စစ်သော်ကား။ အတ္တနော၊မိမိ၏။ဓမ္မတာယဇေ၊ သဘောအားဖြင့်သာလျှင်။ အာရမ္မဏေန၊ အာရုံသည်။ ပသာဒဿ၊စက္ခုပသာဒကို။ ဃဋ္ဋိတကာလတော၊ ထိခိုက်သောကာလမှ။ ပဋ္ဌာယ၊ စ၍။ ကြိယာမနောဓာတုစိတ္တံ၊ ကြိယာမနောဓာတ်စိတ်သည်။ ဝါ၊ ပဋ္ဌဒ္ဓါရာဝဇ္ဇန်းစိတ်သည်။ ဘဝင်္ဂံ၊ဘဝင်ကို။ အာဝဇ္ဇေတိ၊လည်စေ၏။ ဝါ၊နှစ်စေ၏။ စက္ခုဝိညာဏံ၊စက္ခုဝိညာဏ်သည်။ ဒဿနကိစ္စံ၊ မြင်ခြင်းကိစ္စကို။ သာဓေတိ၊ ပြီးစေ၏။ ဝိပါကမနောဓာတု၊ ဝိပါက်မနောဓာတ်စိတ်သည်။ ဝါ၊သမ္ပဋိစ္ဆိန်းစိတ်သည်။ သမ္ပဋိစ္ဆနကိစ္စံ၊ အာရုံကို ခံခြင်းကိစ္စကို။ သာဓေတိ၊ ပြီးစေ၏။

ဝိပါကမနောဝိညာဏဓာတု၊ ဝိပါက်မနောဝိညာဏဓာတ်သည်။ ဝါ၊သန္ဋိဂဏ စိတ်သည်။ သန္ဋိဂဏကိစ္စံ၊အာရုံကို စုံစမ်းခြင်းကိစ္စကို။ သာဓေတိ၊ပြီးစေ၏။ ကြိယာမနောဓာတု၊ ကြိယာမနောဓာတ်သည်။ ဝါ၊ မနောဒ္ဓါဏဝဇ္ဇန်းစိတ်သည်။ ဝေါဋ္ဌပ္ပနကိစ္စံ၊အာရုံကို မှတ်ခြင်းကိစ္စကို။ သာဓေတိ၊ပြီးစေ၏။ ဇဝနံ၊ ဇောသည်။ အာရမ္မဏရသံ၊ အာရုံ၏ အရသာကို။ အနုဘဝတိ၊ ခံစား၏။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ စိတ္တနိယမောနာမ၊ စိတ္တနိယမမည်၏။ ဝါ၊ စိတ်၏ မြဲခြင်းမည်၏။

(ခ) ဟိသစ္စံ၊ မှန်၏။ သဘာဝမေမာ၊ ပရမတ္ထသဘောတရားတို့သည်။ ပစ္စယဝိသေသသိဒ္ဓေန၊အကြောင်းထူးအားဖြင့်ပြီးသော။ပဝတ္တိအာကာရေန၊ ဖြစ်သော အခြင်းအရာအားဖြင့်။ ဝိသိဋ္ဌာကာရာ၊ ထူးသော အခြင်းအရာ ရှိကုန်သည်။ ဟောန္တိ၊ကုန်၏။ တေန၊ထိုကြောင့်။ သဗ္ဗေမေမာ။လ။ အာပါထမာဂစ္ဆတီတိ၊ မာဂစ္ဆတိဟူ၍။ အာဟာ၊ အဋ္ဌကထာဆရာ မိန့်ဆိုတော်မူ၏။ သဗ္ဗေမေမာ၊ အလုံးစုံသော သခ်ၤတ, အသခ်ၤတတရားတို့သည်။ သဗ္ဗာကာရေန၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ဘဂဝတော၊ ဘုန်းရှိတော်မူသော။ ဗုဒ္ဓဿ၊မြတ်စွာဘုရား၏။ ဉာဏမုခေ၊ဉာဏ်တော်ဝန္ဒိုက်။ အာပါထံ၊ထင်ခြင်းသို့။ အာဂစ္ဆတိ၊ရောက်၏။

တနည်း—မီးထင်ရှား မရှိသော်လည်း ကျောက်,မီးစာ,နေပူသည် ပေါင်းဆုံမိသည်ရှိသော် သဘောအားလျော်စွာ မီးဖြစ်သကဲ့သို့၊ ထိုအတူ သခ်ၤတပရမတ္ထမမှတို့၏ ဒြပ်မရကောင်း၍ ထိုဓာန္ဒိုက် ထင်ရှားမရှိသော်လည်း အကြောင်းဖြစ်သော ဝတ္ထု,အာရုံစသော ပရမတ္ထမမှတို့၏ ပေါင်းဆုံထိခိုက်သည် ရှိသော် ပရဗျာပါရကင်းလျက် မိမိတို့၏ သတ္တိဗျာပါရ သဘောအားလျော်စွာ ထူးသော အခြင်းအရာသို့ ရောက်၍ ဖြစ်ကြကုန်၏။ ထိုကြောင့် သစ္စသံခိပ်ဒိုက်—

မဏိန္ဓနာ တပေ အဂ္ဂိ၊ အသန္တောဝိ သမာဂမေ။
ယထာ ဟောတိ တထာ စိတ္တံ၊ ဝတ္ထာလမ္ဗဏာဒိ သင်္ဂမေ။—
ဟု မိန့်၏။

အနက် မဏိန္ဒနာတပေါကျောက်,မီးစာ,နေပူသည်။ သမာဂမေပေါင်းဆုံမိသည်ရှိသော်။ အသန္တောပိ၊ ထိုခဏန္ဒိုက် ထင်ရှားမရှိသော်လည်း။ အဂ္ဂိမီးသည်။ ဟောတိယထာဖြစ်သကဲ့သို့။ တထာထိုအတူ။ စိတ်ဆံ၊ စိတ်သည်။အသန္တောပိ၊ထိုခဏန္ဒိုက် ထင်ရှားမရှိသော်လည်း။ဝတ္ထာလမ္မဏာဒိသင်္ဂမော၀တ္ထု, အာရုံ စသည်တို့၏ ပေါင်းမိ ထိခိုက်ခြင်းသည်။ သတိ၊ရှိလတ်သော်။ ဟောတိ၊၏။

တနည်း—သခ်ၤတပရမတ္ထဓမ္မတို့သည် ပရဗျာပါရကင်းလျက် သတ္တိဗျာပါရသဘောအား ဇလျော်စွာ ဧ၀ံဓမ္မတာနည်းအားဖြင့် ဖြစ်ကုန်၏။ ထိုကြောင့် သမ္မောအဋ္ဌကထာန္ဒိုက်—

> အဝိဇ္ဇာဒိဟိ ပန ကာရဏေဟိ သခ်ၤါရာဒိနံယေ၀ သမ္ဘ၀ေါ ဒါရာဒိဟိ ဒဓိအာဒိနံ ဝိယ နာ အညေသန္တိ အယံ ဧ၀ံ ဓမ္မတာ နယောနာမ။—ဟု မိန့်၏။

အနက် ပန၊ အဖို့တပါးကို ဆိုဦးအံ့။ ခါရာဒိဟိ၊ နို့ရည် အစရှိသည်တို့ကြောင့်။ ဒဓိအာဒိနံ၊ နို့ဓမ်း အစရှိသည်တို့၏။ သမ္ဘ၀ေါ၊ ဖြစ်ခြင်းသည်။ ဟောတိ၀ိယ၊ဖြစ်သကဲ့သို့။တထာ၊ထိုအတူ။ အ၀ိဇ္ဇာဒိဟိ၊အ၀ိဇ္ဇာအစရှိကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ သခ်ၤါရာဒိနံယေ၀၊ သခ်ၤါရ အစရှိသည်တို့၏ သာလျှင်။ သမ္ဘ၀ေါ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ၏။ အညေသံ၊ သခ်ၤါရမှ တပါးကုန်သော တရားတို့၏။ သမ္ဘ၀ေါ၊ ဖြစ်ခြင်းသည်။ နဟောတိ၊ မဖြစ်။ ဣတိအယံ၊ဤသို့ ဖြစ်ခြင်းသည်။ ဧ၀ံဓမ္မတာနယောနာမ၊ ဧ၀ံဓမ္မတာနည်း မည်၏။

သင်္ခတပရမတ္ထဓမ္မတို့နှိုက် ဗျာပါရဉာဿဟ ဒွိသင်္ခြင်းကို ပြခြင်း

ကုသိုလ်, အကုသိုလ်ပရမတ္ထဓမ္မတို့နှိုက် အကျိုးဝိပါက်ကို ဖြစ်စေခြင်းငှါ စွမ်းနိုင်ခြင်း, အာရုံကို ယူခြင်းငှါ စွမ်းနိုင်ခြင်း, ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ခြင်းငှါ စွမ်းနိုင်ခြင်း မိမိတို့၏ သတ္တိဗျာပါရ ဉာဿဟ, သကဗျာပါရ ဉာဿဟ ရှိ၏၊ အားထုတ်ခြင်း ဤဟာကြိယာလည်း ရှိ၏၊ ဝါ-ဗျာပါရဉာဿဟနှင့် တကွ

ဖြစ်၏။ အကယ်၍ ဗျာပါရဉာဏဟာ မရှိခဲ့သော် အကျိုးဝိပါက်ကို ဖြစ်စေခြင်းငှါငင်း၊ အာရုံကိုယူခြင်းငှါငင်း၊ ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ခြင်းငှါငင်း မစ္ဆမ်းနိုင်ရာ။ ဝိပါက်ကြိယာဓမ္မန္ဓိက် အာရုံကို ယူခြင်းငှါ စွမ်းနိုင်ခြင်း, ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ခြင်းငှါ စွမ်းနိုင်ခြင်း သတ္တိဗျာပါရ ဉာဏဟာ, သကဗျာပါရဉာဏဟာရှိ၏၊ ဝါ-ဗျာပါရ ဉာဏဟာနှင့် တကွဖြစ်၏။ အကယ်၍ ၎င်းသတ္တိဗျာပါရ ဉာဏဟာတို့ မရှိခဲ့သော် ၎င်းဝိပါက်ကြိယာဓမ္မတို့သည် အာရုံကို ယူခြင်းငှါငင်း၊ ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ခြင်းငှါငင်း မစ္ဆမ်းနိုင်ရာ။ ရုပ်ဓမ္မတို့ဓ္ဍိက်လည်း ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ခြင်းငှါ စွမ်းနိုင်သောသတ္တိဗျာပါရ ဉာဏဟာရှိ၏၊အကယ်၍ သတ္တိဗျာပါရ မရှိခဲ့သော် ၎င်းရုပ်ဓမ္မတို့သည် ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ခြင်းငှါ မစ္ဆမ်းနိုင်ရာ။ ထိုကြောင့် သခ်ၤတပရမတ္ထဓမ္မ တို့ဓ္ဍိက် ဖြစ်သင့်သည်အား လျော်စွာ သတ္တိဗျာပါရ်, သကဗျာပါရ, သတ္တိဉာဏဟာ, သကဉာဏဟာ အား ထုတ်ခြင်း ဤဟာကြိယာရှိ၏ဟု မှတ်အပ်၏၊ တပါးသော ပရမတ္ထဓမ္မတို့၏ ပရဗျာပါရ,ပရဉာဏဟာ ပြုတတ် ပြုစေတတ်သော ကတ္တာ,ကာရေတာ,ကာရက,ဝေဒကပုဂ္ဂိုလ် မရှိဟု မှတ်အပ်၏။ ဤသို့ ဆိုအပ်ပြီးသော အဓိပ္ပါယ်အတိုင်း အဋ္ဌကထာ, ဋီကာ တိုက်ရိုက်မရှိသော်လည်း အစိတ်အပိုင်းမျှလာသော အဋ္ဌကထာ, ဋီကာတို့ကို ထောက်ချင့်၍ငင်း နယဂ္ဂါဟအားဖြင့်ငင်း ယူ၍ ပြလိုက်သည်။ အဘိဓမ္မာသဘာဝအရာသည် အတိဂမ္ဘီရ,သုဒုဒ္ဒသ,အတိသုခုမ ဖြစ်၍ သိမ်မွေ့နက်နဲသော ဉာဏ်ဖြင့် အလွန်အားထုတ်၍ ယထာဘူတကျနခြင်းရှိအောင် ကြံဆင်ခြင်ကြလေ။ အထောက်သာဓက ပါဠိကား—

(က) သဗျာပါရတော သဉ္ဉာဟတော သဝိပါကတော ကိလေသ သန္တာပဘာဝတော သဗျာပဇ္ဇတော သာဝဇ္ဇတောစ ဝိပါကာ ဗျာကတာယ ဩဠာရိကာ။ဒ္ဝေဝိကုသလာကုသလ ဝေဒနာ သဗျာပါရတော သဉ္ဉာဟတော သဝိပါက တောစ ယထာယောဂံ ဒုဝိဓာယဝိ အဗျာကတာယ ဩဠာရိကာ။—**ဝိသုဒ္ဓိမဂ် ခန္ဓနိဒ္ဒေသ**

(ခ) သဗျာပါရတောတိ သဉ္ဉာဟတော၊ တေန ယထာ ပဝတ္တမာနာ ယဿာ ဝိပါကေန ဘဝိတဗ္ဗံ၊ တထာ ပဝတ္တိံ ဝဒန္တော ဝိပါကုပ္ပါဒန ယောဂ္ဂတမာဟ။ သဉ္ဉာဟ

တောတိ သသတ္တိတော၊ တေန ဝိပါကုပ္ပါဒနသမတ္ထတံ။ ကာယကမ္မာဒိ ဗျာပါရသမ္ဘဝတော၁ါ သဗျာပါရတော၊ ဇဝနုသာဟ ဝသေန သဉ္ဉာဟတော။— ဝိသုဒ္ဓိမဂ် မဟာဋီကာ

(၈) စဝမာနေတိ အာဒိဟိ ဒိဋ္ဌစက္ခုကိစ္စံ ဝုတ္တန္တိ ဝိသယမုခေန ဝိသယိ ဗျာပါရမာဟ။— ဝိသုဒ္ဓိမဂ်မဟာဋီကာ အဘိညာ နိဒ္ဒေသ၊ (ဂင်းဋီကာဖြင့် စိတ်နှိုက် ဗျာပါရ ရှိကြောင်းကို ပြသည်)။

(ဃ) ပဋိသန္ဓိဇနနတ္ထံ အာယူဟန္တိ ဗျာပါရံ ကရောန္တိတိ အာယူဟနရသာ။—ဝိသုဒ္ဓိမဂ်မဟာဋီကာ

(ငေ) သတ္တိဗျာပါရောတိ ဝုစ္စတိ၊ ယထာ စိတ္တ ဗျာပါရောတိ။— ဇာလိနီဋီကာ၊ (ဂင်းဋီကာဖြင့် ဗျာပါရဟူသည် သတ္တိတည်း၊ စိတ်နှိုက် ဗျာပါရရှိကြောင်းကို ပြသည်)။

အနက် (က) သဗျာပါရတော သဂ္ဂါဟတော၊ ကြောင့်ကြဗျာပါရနှင့် တကွဖြစ်သည်၏ အဖြစ်ကြောင့်ဂင်း။ သဉ္ဉာဟတော သသတ္တိတော၊ဝိပါက်ကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သော သတ္တိနှင့် တကွဖြစ်သည်၏ အဖြစ်ကြောင့်ဂင်း။ သဝိပါကတော ဝိပါကသမ္ဘဝတော၊ ဝိပါက်၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်ဂင်း။ **တနည်း**—သဗျာပါရတော ကာယကမ္မာဒိ ဗျာပါရသမ္ဘဝတော၊ ကာယကံစသော ဗျာပါရထင်ရှားရှိသည်၏ အဖြစ်ကြောင့်ဂင်း။ ဇဝနုသာဟဝသေန၊ဇော်ဟူသော ဉာဟ၏ အစွမ်းဖြင့်။ (ထည့်)။ သဉ္ဉာဟတော၊ဉာဟရှိသည်၏ အဖြစ်ကြောင့်ဂင်း။ဝိပါကုပ္ပါဒနသမတ္ထတာဝဝသေန၊ဝိပါက်ကို ဖြစ်စေခြင်းနှိုက် စွမ်းနိုင်သည်၏အဖြစ် တည်းဟူသော သတ္တိရှိသည်၏ အစွမ်းအားဖြင့်။ (ထည့်)။ သဝိပါကတော ဝိပါကသမ္ဘဝတော၊ ဝိပါက်ကို ဖြစ်စေနိုင်သောသတ္တိ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်ဂင်း။ ကိလေသသန္တာပဘာဝတော၊ကိလေသာဟူသောမီးဖြင့် ပူလောင်ခြင်းရှိသည်၏ အဖြစ်ကြောင့်ဂင်း။ သဗျာပဇ္ဇတော၊ အပြစ်နှင့်တကွ ဖြစ်သည်၏ အဖြစ်ကြောင့်ဂင်း။ သာဝဇ္ဇတော၁ာ၊ကဲ့ရဲ့ထိုက်သောအပြစ်နှင့် တကွဖြစ်သော ဓမ္မ၏ အဖြစ်ကြောင့်ဂင်း။ အကုသလဝေဒနာ၊ အကုသိုလ် ဝေဒနာသည်။

(ထည့်)။ ဝိပါကာဗျာကတာယ၊ဝိပါက်အဗျာကတဝေဒနာအောက်။ သြဋ္ဌာရိကာ၊ရုန့်ရင်း၏။ဒွေပိ၊နှစ်ပါးလည်းဖြစ်ကုန်သော။ကုသလာကုသလဝေဒနာ၊ကုသိုလ်,အကုသိုလ်ဝေဒနာတို့သည်။သဗျာပါရဒတာ သက္ခါဟတော၊ကြောင့်ကြဗျာပါရနှင့် တကွ ဖြစ်သည်၏ အဖြစ်ကြောင့်ငင်း။ သဉ္ဇာဟတော သသတ္တိတော၊ဝိပါက်ကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သောသတ္တိနှင့် တကွဖြစ်သည်၏ အဖြစ်ကြောင့်ငင်း။ တနည်း—သဗျာပါရတော ကာယကမ္မာဒိဗျာပါရသမ္ဘဝတော၊ကာယကံစသော ဗျာပါရထင်ရှားရှိသည်၏ အဖြစ်ကြောင့်ငင်း။ ဇဝနုဿာဟာဝသေန၊ ဇောဟူသော ဉာဿာဟ၏ အစွမ်းအားဖြင့်။ (ထည့်)။ သဉ္ဇာဟတော၊ ဉာဿာဟ ရှိသည်၏ အဖြစ်ကြောင့်ငင်း။ ဝိပါကုပ္ပါဒနသမတ္ထတာဝသေန၊ဝိပါက်ကို ဖြစ်စေခြင်းနှိုက် စွမ်းနိုင်သည်၏အဖြစ် တည်းဟူသောသတ္တိ ရှိသည်၏အစွမ်းအားဖြင့်။ (ထည့်)။ သဝိပါကတော၀ ဝိပါက သမ္ဘဝတော၊ ဝိပါက်ကို ဖြစ်စေတတ်သောသတ္တိ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်ငင်း။ ယထာယောဂံ၊ယှဉ်သင့်သည်အားလျော်စွာ။ ဒုဝိဓာယ၊နှစ်ပါးအပြား ရှိသည်လည်း ဖြစ်သော။ အဗျာကတာယ၊ အဗျာကတ ဝေဒနာအောက်။ သြဋ္ဌာရိကာ၊ရုန့်ရင်း၏။ (ငင်းအနက်ကား နိဿယအနက်အတိုင်းသာတည်း။ ထည့်သောပါဠိမှာ ဋီကာပါဠိဟု မှတ်)။

(ခ) သဗျာပါရတောတိ၊ သည်ကား။ သက္ခါဟတော၊ အားထုတ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ဝါ၊ကြောင့်ကြအားထုတ်ခြင်းနှင့် တကွဖြစ်သည်၏ အဖြစ်ကြောင့်။ တေန၊ ထိုအားထုတ်ခြင်းဖြင့်။ ယထာ၊အကြင်သို့သော အခြင်းအရာအားဖြင့်။ ပဝတ္တမာနာ၊ ဖြစ်သည်ရှိသော်။ ယဿာ၊ အကြင် အကုသိုလ်ဝေဒနာ၏။ ဝိပါကေန၊အကျိုးသည်။ ဘဝိတဗ္ဗံ၊ဖြစ်အပ်၏။ ဝါ၊ဖြစ်ရာ၏။တထာ၊ထိုသို့သော အခြင်းအရာအားဖြင့်။ ပဝတ္တိံ၊ဖြစ်ခြင်းကို။ဝဒန္တော၊ ဆိုသည်ရှိသော်။ဝိပါကုပ္ပါဒနယောဂျတံ၊အကျိုးကိုဖြစ်စေခြင်းအား လျောက်ပတ်သည်၏ အဖြစ်ကို။ အာဟာ၊ဆို၏။ သဉ္ဇာဟတောတိ၊ကား။ သသတ္တိတော၊သတ္တိရှိသည်၏ အဖြစ်ကြောင့်။ ဝါ၊ အကျိုးကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သော သတ္တိနှင့် တကွဖြစ်သည်၏ အဖြစ်ကြောင့်။ တေန၊ ထိုအားထုတ်ခြင်းအစွမ်းသတ္တိဖြင့်။ ဝိပါကုပ္ပါဒနသမတ္ထတာ၊အကျိုးကို ဖြစ်စေခြင်းငှါ စွမ်းနိုင်

သော သတ္တိ ရှိသည်၏အဖြစ်ကို။ အာဟ၊၏။ ဝါ၊တနည်းကား။ကာယ၊ကမ္မာဒိဗျာပါရသမ္ဘဝတော၊ ကာယကံစသော ဗျာပါရ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်။ သဗျာပါရတော၊မည်၏။ ဝါ၊ကာယကံစသော ဗျာပါရ ရှိသည်၏ အဖြစ်ကြောင့်။ ဇဝနုဿာဟဝသေန၊ဇောဟူသော ဉဿာဟ၏ အစွမ်းအားဖြင့်။သဉဿာဟတော၊ဉဿာဟရှိသည်၏ အဖြစ်ကြောင့်။

(၇) စဝမာနေတိ အာဒိဟိ ဒိဗ္ဗစက္ခုကိစ္စံ ဝုတ္တန္တိ ဣမိနာ၊ စဝမာနေတိ အာဒိဟိ ဒိဗ္ဗစက္ခုကိစ္စံ ဝုတ္တံ ဟူသော ဤပါဠိဖြင့်။ ဝိသယမုခေန၊ အာရုံကို အရင်းပြုသဖြင့်။ ဝိသယိ ဗျာပါရံ၊ အာရုံရှိသော စျာန်စိတ်၏ ကြောင့်ကြ အားထုတ်ခြင်း ဗျာပါရကို။ အာဟ၊ဆို၏။

(ဃ) ပဋိသန္ဓိဇနနတ္ထံ၊ပဋိသန္ဓေကို ဖြစ်စေခြင်းငှါ၊ အာယူဟန္တိ ဗျာပါရံ ကရောန္တိ၊ အားထုတ်ခြင်းကို ပြုတတ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ အာယူဟနရသာ၊အာယူဟနရသာ မည်၏။

(င) သတ္တိ၊သတ္တိကို။ ဗျာပါရောတိ၊ဟူ၍။ ဝုစ္စတိ၊အပ်၏။ ယထာကိံ၊ အဘယ်ကဲ့သို့နည်းဟူမူကား။စိတ္တဗျာပါရောတိယထာ၊စိတ္တဗျာပါရောဟူသကဲ့သို့တည်း။ စိတ္တဗျာပါရော၊စိတ်၏ ကြောင့်ကြ အားထုတ်ခြင်း။

၃-တတိယဝုဋ္ဌာနအင်္ဂဗြဟ္မဏ

၄။ ပရမတ္ထဓမ္မတို့ဿိုက် သဒ္ဒးမှု လာမှု လှုပ်ရှားမှု ပြုလုပ်မှုစသော ကိစ္စမရှိ၊ ပညတ်ဖြစ်သော ပုဂ္ဂိုလ်, သတ္တဝါတို့သည်သာလျှင် ထို့သဒ္ဒးမှု လာမှု ပြုလုပ်မှုစသော ကိစ္စတို့ကို ဆောင်ရွက်ကြသည်ဟု ထင်မြင်ယူဆခြင်းသည် ပရမတ္ထဓမ္မသဘာဝအတိုင်း ယထာဘူတ ဟုတ် မဟုတ်, မှန် မမှန် သိလိုပါသည်ဟူသော မေးလျှောက်ချက်ဖြစ်ကုန်၏—

ဒုတိယ မေးလျှောက်ချက်၏ အဖြေဖြင့်ပင်လျှင် သိလောက်ငြားသော်လည်း ထင်ရှားစိမ့်ဟုသာငှါ ပြဦးအံ့။

အကျဉ်းအားဖြင့်ကား.... ပုဂ္ဂိုလ်, သတ္တဝါဟူသည် သစ္စိကဋ္ဌ ပရမတ္ထဓမ္မအားဖြင့် ထင်ရှားမရှိ၊ သစ်ပင်ကိုစွဲ၍ သစ်ပင်ရိပ် ဖြစ်သကဲ့သို့ ခန္ဓာငါးပါး ပရမတ္ထတရားကိုစွဲ၍ ပုဂ္ဂိုလ်,သတ္တဝါစသည်ဖြင့် လောကသမ္မုတိပညတ်မျှသာ

သက်သက် ရကောင်းသောကြောင့် ပညတ် ပုဂ္ဂိုလ်, သတ္တဝါ၏ သွားမှု လာမှု ပြုလုပ်မှုစသော ကိစ္စမဟုတ်၊ သစ္ဆိကဋ္ဌ ပရမတ္ထဓမ္မအားဖြင့် စင်စစ် ရကောင်းသော ခန္ဓာငါးပါးစသော ပရမတ္ထဓမ္မ၏သာလျှင် သွားမှု လာမှု ပြုလုပ်မှုစသော ကိစ္စဟု မုချမှတ်သားအပ်၏။ ထိုကြောင့် ပရမတ္ထဓမ္မတို့နှိုက် သွားမှု လာမှု ပြုလုပ်မှု စသော ကိစ္စ မရှိ၊ ပညတ်ဖြစ်သော ပုဂ္ဂိုလ်, သတ္တဝါတို့သည် သာလျှင် ထိုသွားမှု လာမှု ပြုလုပ်မှုစသော ကိစ္စတို့ကို ဆောင်ရွက်ကြသည်ဟု ထင်မြင်ယူဆသော အယူဝါဒသည် မြတ်စွာဘုရား၏ အလိုတော် ပါဠိ, အဋ္ဌကထာ,ဋီကာတို့နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်သော မိစ္ဆာအယူဝါဒကြီးဟု မုချမှတ်ယူအပ်၏။

အကျယ် အားဖြင့်ကား.... ကထာဝတ္ထုပါဠိတော် ပုရိသကာရာနုယောဂနှိုက် ပရဝါဒီပုဂ္ဂိုလ်သည် ကောင်းမှုကံ မကောင်းမှုကံတို့ကိုရအပ်ကုန်သလော၊ ဝါ-ဉာဏ်ဖြင့်ကပ်၍ သိအပ်ကုန်သလောဟု "ကလျာဏ ပါပကာနိ ကမ္မာနိ ဥပလဗ္ဘတိတိ" ဟု မေး၏။ သကဝါဒီပုဂ္ဂိုလ်သည် ကောင်းမှုကံ မကောင်းမှုကံရှိသည်၏အဖြစ်ကြောင့် "အာမန္တာ" ဟု ဝန်ခံ၏။ တဖန် ပရဝါဒီပုဂ္ဂိုလ်သည် ထို ကောင်းမှုကံ မကောင်းမှုကံတို့ကို ပြုတတ်သောပုဂ္ဂိုလ် ပြုစေတတ်သော ပုဂ္ဂိုလ်တို့ကိုရအပ်သလော၊ဝါ-ဉာဏ်ဖြင့်ကပ်၍ သိအပ်သလောဟု "ကလျာဏ ပါပကာနံ ကမ္မာနံ ကတ္တာ ကာရေတာ ဥပလဗ္ဘတိတိ" ဟူ၍ မေး၏။ သကဝါဒီ ပုဂ္ဂိုလ်သည် ကောင်းမှု မကောင်းမှုကံတို့ကို ပြုတတ် ပြုစေတတ်သော ပုဂ္ဂိုလ် မရှိ၊ ကောင်းမှု မကောင်းမှုကံတို့ကို ပြီးစေတတ် ယှဉ်စေတတ်သည်၏ အဖြစ်အားဖြင့် ဖြစ်သော ခန္ဓာသည်သာတည်းဟု "နဟေဝံ ဝတ္တဗ္ဗေ" စသည်ဖြင့် ပယ်၏။ ၎င်းပရဝါဒီ,သကဝါဒီပုဂ္ဂိုလ်တို့၏ စကားကို ထောက်သဖြင့် ပြုလုပ်မှု ကိစ္စစသည်သည် ပရမတ္ထဓမ္မ ခန္ဓာစသည်တို့၏ ပြုလုပ်မှု စသည်သာတည်း။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ပုဂ္ဂိုလ်, သတ္တဝါတို့၏ ပြုလုပ်မှုစသည် မဟုတ်ဟု အမြဲမုချ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် မှတ်သားအပ်၏။ ထိုကြောင့် ကထာဝတ္ထုပါဠိတော်နှိုက်—

(က) ကလျာဏ ပါပကာနိ ကမ္မာနိ ဥပလဗ္ဘတိတိ၊ အာမန္တာ၊ ကလျာဏ ပါပကာနံ ကမ္မာနံ ကတ္တာ ကာရေတာ ဥပလဗ္ဘတိတိ၊ နဟေဝံ ဝတ္တဗ္ဗေ။—စသည်ဖြင့် ဟောတော်မူ၏။

(ခ) ကမ္မံ အတ္ထိတိ၊အာမန္တာ။ ကမ္မကာရကော အတ္ထိတိ၊ န ဟေဝံ ဝတ္တဗ္ဗေ။— ၎င်းပါဠိတော်

၎င်းအဋ္ဌကထာနှိုက်လည်း—

(ဂ) ဇာဒါနိ ပုရိသကာရာနုယောဂေါ ဟောတိ၊ တတ္ထ ကမ္မေ သတိ နိယမတော တဿ ကာရကေနဝိ ဘဝိတဗ္ဗန္တိ လဒ္ဓိယာ ပုစ္ဆာ ပရဝါဒိဿ၊ တထာ ရူပါနံ ကမ္မာနံ အတ္ထိတာယ ပဋိညာ သကဝါဒိဿ၊ ပုန ကတ္ထာ ကာရေတာတိ ပုစ္ဆာ ပရဝါဒိဿ၊ တတ္ထ ကတ္ထာတိ တေသံ ကမ္မာနံ ကာရကော၊ ကာရေတာတိ အာဏတ္တိ ဒေသနာဒိဟိ ဥပါယေဟိ ကာရာပကော၊ ဇာဒါနိ ယသ္မာ ပရဝါဒိ ပုဂ္ဂလံ သန္ဓာယ ကတ္ထာတိ ပုစ္ဆတိ၊ နကာရဏမတ္တံ၊ တသ္မာ ပဋိက္ခေပေါ သကဝါဒိဿ။— ဟု မိန့်တော်မူ၏။

အနက် (က) ကလျာဏပါပကာနိ၊ ကောင်းမှု မကောင်းမှု ဖြစ်ကုန်သော။ ကမ္မာနိ၊ကံတို့ကို။ ဥပလဗ္ဘတိ၊ရအပ်သလော။ ဝါ၊ဉာဏ် ဖြင့်ကပ်၍ သိအပ်သလော။ ဣတိ၊သို့။ ပရဝါဒိ၊ပရဝါဒိပုဂ္ဂိုလ်သည်။ပုစ္ဆတိ၊ မေး၏။ အာမန္တာ၊ သြ....ဉာဏ်ဖြင့်ကပ်၍ သိအပ်၏။ ဣတိ၊သို့။ သကဝါဒိ၊ သကဝါဒိပုဂ္ဂိုလ်သည်။ ပဋိဇာနာတိ၊ဝန်ခံ၏။ ကလျာဏပါပကာနံ၊ကောင်းမှု မကောင်းမှုဖြစ်ကုန်သော။ကမ္မာနံ၊ကံတို့ကို။ကတ္တာ၊ပြုတတ်သော ပုဂ္ဂိုလ်ကို။ ကာရေတာ၊ပြုစေတတ်သော ပုဂ္ဂိုလ်ကို။ ဥပလဗ္ဘတိ၊ရအပ်သလော။ဝါ၊ဉာဏ် ဖြင့်ကပ်၍ သိအပ်သလော။ ဣတိ၊သို့။ ပရဝါဒိ၊သည်။ ပုစ္ဆတိ၊၏။ ဧဝံ၊ဤသို့ ပြုတတ်သောပုဂ္ဂိုလ် ပြုစေတတ်သောပုဂ္ဂိုလ်ကို ဉာဏ်ဖြင့်ကပ်၍ သိအပ်၏ ဟူ၍။ နဝတ္တဗ္ဗေဟိ နဝတ္တဗ္ဗောဧဝ၊ မဆိုအပ်သည်သာလျှင်တည်း။ ဣတိ၊သို့။ သကဝါဒိ၊သည်။ ပဋိက္ခိပတိ၊ပယ်၏။

(ခ) ကမ္မံ၊ကံသည်။ အတ္ထိ၊ရှိသလော။ ဣတိ၊ဤသို့။ ပရဝါဒိ၊သည်။ ပုစ္ဆတိ၊မေး၏။ အာမန္တာ၊ သြ....ရှိ၏။ ဣတိ၊ဤသို့။ သကဝါဒိ၊ သည်။ ပဋိဇာနာတိ၊ဝန်ခံ၏။ ကမ္မကာရကော၊ကံကို ပြုတတ်သော ပုဂ္ဂိုလ်သည်။ အတ္ထိ၊ ရှိသလော။ ဣတိ၊ ဤသို့။ ပရဝါဒိ၊ သည်။ ပုစ္ဆတိ၊ မေး၏။ ဧဝံ၊ဤသို့ ကံကို

ပြုတတ်သော ပုဂ္ဂိုလ် ရှိ၏ဟူ၍။ ·နဝတ္တာဗ္ဗေဟိ နဝတ္တာဗ္ဗောဝေ၊ မဆိုအပ်သည် သာလျှင်တည်း။ ဣတိ၊ သို့။ သကဝါဒီ၊ သကဝါဒီပုဂ္ဂိုလ်သည်။ ပဋိက္ခိပတိ၊ ပယ်၏။

(၈) ဣဒါနိ၊ယခုအခါနှိုက်။ ပုရိသကာရာနုယောဂေါ၊ယောကျ်ားသည် ပြီးစေအပ်သောကိစ္စကို စီစစ်ခြင်းသည်။ဝါ၊ယောကျ်ားသည် ပြီးစေအပ်သော ကိစ္စ စီစစ်ကြောင်းသည်။ ဟောတိ၊၏။ တတ္ထ၊ထိုပုရိသကာရာနုယောဂနှိုက်။ ကမ္မေ၊ကုသိုလ်,အကုသိုလ်ကံသည်။သတိ၊ရှိလတ်သော်။ နိယမတော၊မြဲသောအားဖြင့်။ တဿ၊ ထိုကုသိုလ်,အကုသိုလ်ကံကို။ ကာရကေနပိ၊ ပြုတတ်သော ပုဂ္ဂိုလ်သည်လည်း။ ဘဝိတဗ္ဗံ၊ ရှိသည်ဖြစ်ရာ၏။ ဣတိလဒ္ဓိယာ၊ ဤသို့သောအယူဖြင့်။ ပရဝါဒိဿ၊ပရဝါဒီပုဂ္ဂိုလ်၏။ ပုစ္ဆာ၊မေးခြင်းသည်။ ဟောတိ၊၏။ တထာရူပါနံ၊ထိုသို့ သဘောရှိကုန်သော။ ကမ္မာနံ၊ကံတို့၏။ အတ္ထိတာယ၊ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏ အဖြစ်ကြောင့်။သကဝါဒိဿ၊သကဝါဒီပုဂ္ဂိုလ်၏။ ပဋိညာ၊ဝန်ခံခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ပုန၊တဖန်။ ကတ္တာ ကာရေတာတိ၊ ကတ္တာ ကာရေတာဟူ၍။ ပရဝါဒိဿ၊ပရဝါဒီပုဂ္ဂိုလ်၏။ ပုစ္ဆာ၊မေးခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထတဿိံ ဝစနေ၊ ထိုပရဝါဒီပုဂ္ဂိုလ်၏ အမေးစကားနှိုက်။ ကတ္တာတိ၊ ကတ္တာဟူသည်ကား။ တေသံကမ္မာနံ၊ ထိုကုသိုလ်,အကုသိုလ်ကံတို့ကို။ ကာရကော၊ ပြုတတ်သောပုဂ္ဂိုလ်ကို။ (ပါဠိတော် ဥပလဘ္ဘတိဟူသော ပုဒ်နှင့် စပ်)။ ကာရေတာတိ၊ကား။ တေသံ ကမ္မာနံ၊တို့ကို။ (လိုက်)။ အာဏတ္တိဒေသနာဒီဟိ၊စေခြင်း,တရားဟောခြင်း အစရှိကုန်သော။ ဥပါယေဟိ၊ အကြောင်းတို့ဖြင့်။ ကာရာပကော၊ ပြုစေတတ်သော ပုဂ္ဂိုလ်ကို။ (အထက်ကနည်း စပ်)။ ဣဒါနိ၊ ယခုအခါနှိုက်။ ယသ္မာ၊ အကြင်ကြောင့်။ ပရဝါဒိ၊ ပရဝါဒီပုဂ္ဂိုလ်သည်။ ပုဂ္ဂလံ၊ပုဂ္ဂိုလ်ကို။ သန္ဓာယ၊ရည်၍။ ကတ္တာတိ၊ ကတ္တာဟူ၍။ ပုစ္ဆတိ၊ မေး၏။ ကရဏမတ္တံ၊ ကုသိုလ်, အကုသိုလ်ကံတို့ကို ပြီးစေသည် ယှဉ်စေသည်၏ အစွမ်းဖြင့် ဖြစ်သော ခန္ဓာ ဟုဆိုအပ်သော ပြုခြင်းမျှကို။ သန္ဓာယ၊ ရည်၍။ ကတ္တာတိ၊ ကတ္တာဟူ၍။ နပုစ္ဆတိ၊မမေး။ တသ္မာ၊ ထိုကြောင့်။ သကဝါဒိဿ၊ သကဝါဒီပုဂ္ဂိုလ်၏။ ပဋိက္ခေပေါ၊ ပယ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။

နကရဏမတ္တံ ဟူသောအဋ္ဌကထာပါဠိန္နိုက် ကရဏမတ္တ၏အရကို မူလဋီကာဆရာသည်—

ကရဏမတ္တန္တိ ကမ္မာနံ နိပ္ဖါဒကပွဃောဇက ဘာဝေန ပဝတ္တာ ခန္ဓာ။—ဟု ဖွင့်ပြတော်မူ၏။

ဂင်းဋီကာဖြင့်လည်း ပြုလုပ်ခြင်းကိစ္စဟူသည် ပညတ်ပုဂ္ဂိုလ်၏ကိစ္စမဟုတ်၊ ပရမတ္ထမမ္မ ခန္ဓာတို့၏ ပြုခြင်းကိစ္စသာ ထင်စ္စာ ပြတော်မူသည်။

အနက် ကရဏမတ္တန္တိ၊ ကား။ ကမ္မာနံ၊ ကုသိုလ်ကံ, အကုသိုလ်ကံတို့ကို။ နိပ္ဖါဒကပွဃောဇကဘာဝေန၊ပြီးစေတတ်သည်၏အဖြစ် ယှဉ်စေတတ်သည်၏အဖြစ်ဖြင့်။ပဝတ္တာ၊ဖြစ်သော။ခန္ဓာ၊ခန္ဓာငါးပါးတည်း။ ဘါ၊ခန္ဓာငါးပါးသည်။ ကရဏမတ္တန္တိ ကရဏမတ္တံနာမ၊ပြုခါမျှ မည်၏။

ဂင်း ကထာဝတ္ထုပါဠိတော်, ဂင်းအဋ္ဌကထာ, ဋီကာတို့ကို ပါဠိအနည်းငယ်သာ ထုတ်ဆောင်၍ ပြလိုက်သည်၊ အကျယ်ကို အလိုရှိမူ ဂင်းပါဠိတော်, ဂင်းအဋ္ဌကထာ,ဋီကာတို့နှိုက် ကြည့်ရှုလေ။ ဂင်းပါဠိတော်, အဋ္ဌကထာတို့နှိုက် အဓိပ္ပါယ်သည် နူးညံ့ သိမ်မွေ့သည်ဖြစ်၍ ဂမ္ဘီရ ဒုဒ္ဒသဖြစ်ရကား ယထာဘူတ ကျနမှန်ကန်စွာ အဓိပ္ပါယ်ယူရန် အလွန်ခဲယဉ်းသည်။ သကဝါဒီပဂ္ဂ္ဂ, ပရဝါဒီပဂ္ဂ္ဂကိုဂင်း၊ နိဂ္ဂဟ, ပဋိဇာနနဂိုဂင်း၊ အနုလောမထပနာ, ပဋိလောမထပနာကိုဂင်း၊ အနုလောမပါပနာ,ပဋိလောမပါပနာ၊ အနုလောမရောပနာ, ပဋိလောမရောပနာ ဟူသော ကျမ်းရိုးငါးချက်ကိုဂင်း နိုင်နင်းသော ဂမ္ဘီရဉာဏ်ရှင် ပုဂ္ဂိုလ်တို့သည်သာလျှင် သကဝါဒီဝါဒငါးရာ, ပရဝါဒီဝါဒငါးရာပါရှိသော ဤကထာဝတ္ထုကျမ်း တည်းဟူသော သမုဒြာကြီးကို ကူးခတ်နိုင်ကြသည်၊ သာမန်အားဖြင့် ဂန္ထန္တရ ဗဟုသုတ ရှိသော ပုဂ္ဂိုလ်တို့သည် မကူးခတ်နိုင်ကြကုန်။ သို့ဖြစ်၍ လွန်ကဲသော ဝိရိယသတိ ရှေးသွားရှိသော ဂမ္ဘီရဉာဏ်ဖြင့် ကြည့်ကြလေ။

မိလိန္ဒပဉ္ဟာပါဠိတော်နှိုက်လည်း—

မဟာရာဇ ဣမိနာနာမရူပေန ကမ္မံ ကရောတိ သောဘဏ်ဝါ အသောဘဏ်ဝါ၊ တေန ကမ္မေန အညံ နာမရူပံ ပဋိသန္ဓဟတိ။—

ဟူ၍ ပရမတ္ထဓမ္မဖြစ်သော နာမ်,ရုပ်ဖြင့် ကုသိုလ်ကံ, အကုသိုလ်ကံကို ပြုကြောင်းကို ပြတော်မူသည်၊ ပညတ်ပုဂ္ဂိုလ်ဖြင့် ပြုကြောင်းကို မပြ၊ ထိုပါဠိတော်ဖြင့်လည်း ပရမတ္ထဓမ္မဖြစ်သော နာမ်,ရုပ်၏သာ ပြုလုပ်မှု ကိစ္စ ဖြစ်ကြောင်းကို သိသင့် သိထိုက်ပေ၏။

အနက် မဟာရာဇ၊မြတ်သောမိလိန္ဒမင်းကြီး။ဣမိနာနာမရူပေန၊ဤနာမ်ရုပ်ဖြင့်။သောဘဏံ၊တင့်တယ်သော။ကမ္မံဝါ၊ကုသိုလ်ကံကိုဂင်း။ အသောဘဏံ၊ မတင့်တယ်သော။ ကမ္မံဝါ၊အကုသိုလ်ကံကိုဂင်း။ ကရောတိ၊ပြု၏။ တေနကမ္မေန၊ထိုကုသိုလ်,အကုသိုလ်ကံနှင့်။ အညံ၊တပါးသော။ နာမရူပံ၊နာမ်,ရုပ်သည်။ ပဋိသန္ဓဟတိ၊စပ်၏။

မှတ်ချက်—ပညတ် ပုဂ္ဂိုလ်, သတ္တဝါတို့သည် သစ္စိကဋ္ဌ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်,သတ္တဝါဟူ၍ မရကောင်းသောကြောင့်ဂင်း၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ ပရမတ္ထဓမ္မ ခန္ဓာငါးပါးကိုစွဲ၍ လောကသမ္မုတိပညတ်အားဖြင့် ခေါ်ဝေါ်ပညတ်ခါမျှသာ ဖြစ်သောကြောင့်ဂင်း၊ အထည်ဝတ္ထု မရှိသော ပညတ် ပုဂ္ဂိုလ်, သတ္တဝါတို့သည် အဘယ်မှာလျှင် သွားမှု လာမှု ပြုလုပ်မှုစသော ကိစ္စတို့ကို ပြုလုပ်နိုင်အံ့နည်း။အကယ်၍ ပရမတ္ထဓမ္မတို့နှိုက် ပြုလုပ်မှုစသော ကိစ္စမရှိ၊ ပညတ် ပုဂ္ဂိုလ်, သတ္တဝါတို့နှိုက်သာလျှင် ရှိသည်ဖြစ်အံ့၊ ဣဒ္ဓိဝိဓ,ဒိဗ္ဗသောတ,ပရစိတ္တဝိဇာနန, ပုဗ္ဗေနိဝါသာနုဿတိ, ဒိဗ္ဗစက္ခုအာဘိညာဏ်ငါးပါးကို မရသော ရဟန်း,ရှင်,လူတို့သည် အထူးထူးအပြားပြား တန်းခိုးဖန်ဆင်းခြင်း စသည်တို့ကို ပြုနိုင်ရာ၏၊ ဂင်းပရမတ္ထဓမ္မဖြစ်သော အာဘိညာဏ်ငါးပါးကို မရသော သူတို့သည် တန်းခိုးဖန်ဆင်းခြင်း စသည်ကို မပြုလုပ်နိုင်၊ ရသောသူတို့သည်သာလျှင် တန်းခိုးဖန်ဆင်းခြင်း စသည်ကို ပြုနိုင်၏။ ပရမတ္ထဓမ္မ စက္ခု,သောတချို့သော ပုဂ္ဂိုလ်တို့သည် ရူပါရုံကို မြင်ရာ၏၊ သဒ္ဒါရုံကို ကြားရာ၏။ မြင်ခြင်း ကြားခြင်းကိစ္စကို ပြုတတ်သော ပရမတ္ထဓမ္မ စက္ခု,သောတ မရှိသောကြောင့် မမြင်နိုင် မကြားနိုင်၊ သွားမှု လာမှု စားမှု သောက်မှု ပြုလုပ်မှု လှုပ်ရှားမှု စသည်ကို ပြီးစေတတ်သော ဝါယောဓာတ် ပျက်သော ပုဂ္ဂိုလ်တို့

သည်လည်း သဒ္ဒးမှု လာမှု စသည် ပြုလုပ်နိုင်ရာ၏၊ မပြုလုပ်နိုင်။ ပရမတ္ထမမှ စိတ်,စိတ္တဇရုပ် ချုပ်ကင်းပြီးသော လူသေတို့သည်လည်း သဒ္ဒးမှု လာမှု စားမှု သောက်မှု ပြောဆိုမှု ပြုလုပ်မှုစသည် ပြုလုပ်နိုင်ရာ၏၊ မပြုလုပ်နိုင်။ ၎င်းအထက်ပါ စကားများကို ထောက်သဖြင့်လည်း ပညတ် ပုဂ္ဂိုလ်,သတ္တဝါတို့၏ သဒ္ဒးမှု လာမှု စသည်မဟုတ်ကြောင်း အလွန်ထင်ရှားလေသည်။ထိုကြောင့် သဒ္ဒးမှု လာမှု ပြုလုပ်မှု စသော ကိစ္စဟူသမျှသည် ပရမတ္ထမမှ၏ အမှုကိစ္စမဟုတ်။ ပညတ် ပုဂ္ဂိုလ်,သတ္တဝါတို့၏ အမှုကိစ္စသာတည်းဟု ယူသော အယူဝါဒသည် အလွန်တရာ မှားယွင်းချတ်ချေါ်သော မိစ္ဆာအယူဝါဒကြီးဟု မြဲမြဲစံစံ မုချ သန္နိဋ္ဌာန်ကျ မှတ်သားအပ်၏။

မြတ်စွာဘုရားသည် "အတ္တဟိတာယ ပဋိပန္နော ပုဂ္ဂလော ဟောတိ" အစရှိသည်ဖြင့်၎င်း၊ "ပုရိသော ကမ္မံ ကရောတိ၊ ပုရိသော မဂ္ဂံ ဂစ္ဆတိ၊ ပုရိသော ဘတ္တံ ဘုဉ္ဇတိ၊ ပုရိသော ဝဒတိ" စသည်ဖြင့် ပုဂ္ဂလကထာ ဒေသနာတော်ကို ဟောတော်မူသောကြောင့် သဒ္ဒးမှု လာမှု ပြုလုပ်မှု စသော ကိစ္စတို့သည် ပညတ် ပုဂ္ဂိုလ်, သတ္တဝါတို့နှိုက်သာလျှင် ရှိသည်မဟုတ်ပါလော်ဟု စောဒနာခဲ့မူ....မြတ်စွာဘုရားသည် သမ္မုတိပညတ် ပုဂ္ဂလကထာကို ဟောတော်မူခြင်းသည် မှန်ပေ၏။ သို့ ဟောတော်မူခြင်း မှန်သော်လည်း ပုဂ္ဂိုလ်,သတ္တဝါသည် ပရမတ္ထအားဖြင့် ထင်ရှားရှိ၍ ပညတ် ပုဂ္ဂိုလ်, သတ္တဝါတို့နှိုက် သဒ္ဒးမှု လာမှု ပြုလုပ်မှုစသော ကိစ္စရှိသောကြောင့် ဟောတော်မူသည်မဟုတ်၊ စင်စစ်သော်ကား မြတ်စွာဘုရား၏ ဒေသနာတော်သည် သမ္မုတိဒေသနာ,ပရမတ္ထဒေသနာဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် သတ္တော,ပုဂ္ဂလော,ဒေဝေါ,ဗြဟ္မာ,ဣတ္ထိ, ပုရိသော,ခတ္တိယော,ဗြဟ္မဏော စသည်ဖြင့် ဟောတော်မူခြင်းသည် သမ္မုတိဒေသနာတော်မည်၏၊ အနိစ္စံ,ဒုက္ခံ,အနတ္တာ,ခန္ဓာ,ဓာတုယော,အာယတနာနိ, သတိပဋ္ဌာနာ, သမ္မပ္ပဓာနာ အစရှိသည်ဖြင့် ဟောတော်မူခြင်းသည် ပရမတ္ထဒေသနာတော် မည်၏။ ထိုနှစ်ပါးတို့တွင်—

အကြင် ပုဂ္ဂိုလ်တို့သည် သမ္မုတိဒေသနာတော်ဖြင့် သတ္တော ဟူ၍၎င်း ပုဂ္ဂလော ဟူ၍၎င်း ဣတ္ထိဟူ၍၎င်း ပုရိသောဟူ၍၎င်း ဟောတော်မူသည်

ရှိသော် သစ္စာ(၄)ပါးတရားကို ထိုးထွင်း၍ သိမြင်ခြင်းငှါ စွမ်းနိုင်ကုန်၏။ ထိုပုဂ္ဂိုလ်တို့အား မြတ်စွာဘုရားသည် ရှေးဦးအစန္ဒိုက်သာလျှင် သတ္တောဟူ၍ ၎င်း ပုဂ္ဂလောဟူ၍၎င်း သမ္မုတိဒေသနာဖြင့် ဟောတော်မူ၏၊ ဤသို့ သမ္မုတိဒေသနာဖြင့် သိစေတော်မူပြီးမှ ပရမတ္ထဒေသနာတော်ကို ထပ်၍ ဟောတော်မူပြန်၏။

အကြင် ပုဂ္ဂိုလ်တို့သည် ပရမတ္ထဒေသနာတော်ဖြင့် အနိစ္စဟူ၍၎င်း ဒုက္ခဟူ၍၎င်း အနတ္တဟူ၍၎င်း ခန္ဓာဟူ၍၎င်း ဓာတ်ဟူ၍၎င်း ဤသို့ အစရှိသည်ဖြင့် ဟောတော်မူသည်ရှိသော် တပါးပါးကိုကြားနာကြရ၍ သစ္စာ(၄)ပါးကို သိမြင်ခြင်းငှါ စွမ်းနိုင်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့အား မြတ်စွာဘုရားသည် အနိစ္စ, ဒုက္ခ, အနတ္တ, ခန္ဓာ စသည်တို့တွင် တပါးပါးကို ပရမတ္ထဒေသနာတော်ဖြင့် ဟောတော်မူ၏၊ ဤသို့ ပရမတ္ထဒေသနာတော်ဖြင့် သိစေတော်မူပြီးမှ မတွေ့ဝေစိမ့်သောငှါသမ္မုတိဒေသနာတော်ကို တဖန်ထပ်၍ ဟောတော်မူ၏။

ပကတိအားဖြင့် ပရမတ္ထဒေသနာချည့် သက်သက် ဟောတော်မူသည်ရှိသော် ဒေသနာတော်၏ ဂမ္ဘီရဖြစ်၍ မသိမမြင်နိုင်သောကြောင့် ဒေသနာတော်သည် ခေါင်းပါး၏။ထိုကြောင့် မြတ်စွာဘုရားတို့သည် ရှေးဦးစွာ သမ္မုတိကထာကို ဟောတော်ပြီးမှ ပရမတ္ထကထာကို ဟောတော်မူကုန်၏။

အကျဉ်းတနည်း—သမ္မုတိကထာဒေသနာတော်ဖြင့် တရားတော်ကို သိမြင်ခြင်းငှါ တတ်ကောင်းသော သတ္တဝါအား ရှေးဦး ပရမတ္ထကထာဒေသနာတော်ကို ဟောတော်မမူ၊ စင်စစ်အားဖြင့်ကား သမ္မုတိကထာ ဒေသနာတော်ဖြင့် သိစေဦး၍ နောက်မှ ပရမတ္ထကထာ ဒေသနာတော်ကို ဟောတော်မူ၏။ပရမတ္ထကထာဒေသနာဖြင့် တရားတော်ကို သိမြင်ခြင်းငှါ တတ်ကောင်းသော သတ္တဝါအား ရှေးဦး သမ္မုတိကထာ ဒေသနာတော်ကို ဟောတော်မမူ၊ စင်စစ်အားဖြင့်ကား ပရမတ္ထကထာ ဒေသနာတော်ဖြင့် သိစေဦး၍ နောက်မှ သမ္မုတိကထာ ဒေသနာတော်ကို ဟောတော်မူ၏။ဤသို့ မြတ်စွာဘုရားသည် ဝေနေယျဇ္ဈာသယအားဖြင့် “အတ္တ ဟိတာယ ပဋိပန္နော ပုဂ္ဂလော ဟောတိ” စသည်ဖြင့် ပုဂ္ဂလကထာဒေသနာတော်ကို ဟောတော်မူသည်၊ပုဂ္ဂိုလ်,သတ္တဝါ

သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် ဟောတော်မူသည် မဟုတ်၊ ထိုကြောင့် ပုဂ္ဂလကထာ ပုဂ္ဂလဒေသနာတော်ကို မိစ္ဆာဉာဏ်ဖြင့် စွဲယူ၍ ပုဂ္ဂိုလ်,သတ္တဝါန္နိုက်သာ သူးမှ လာမှ ပြုလုပ်မှုစသော ကိစ္စရှိသည်ဟု မမှတ်ယူထိုက်ပေ။ ထိုကြောင့် ကထာဝတ္ထုအဋ္ဌကထာန္နိုက်—

၁။ ဗုဒ္ဓါနံ ပန ဒ္ဝေကထာ သမ္မုတိကထာစ ပရမတ္ထကထာစ၊ တတ္ထ သတ္ထော ပုဂ္ဂလော ဒေဝေါ ဗြဟ္မာတိ အာဒိကာ သမ္မုတိကထာ နာမ။

၂။ အနိစ္စံ ဒုက္ခံ အနတ္တာ ခန္ဓာ ဓာတုယော အာယတနာနိ သတိ ပဋ္ဌာနာ သမ္မပ္ပဓာနာတိ အာဒိကာ ပရမတ္ထကထာနာမ။

၃။ တတ္ထ ယော သမ္မုတိဒေသနာယ သတ္ထောတိဝါ။ပ။ဗြဟ္မာတိဝါတိ ဝုတ္တေ ဇာနိတုံ ပဋိဝိဇ္ဈိတုံ နိယျာတုံ အရဟတ္တဇယဂ္ဂါဟံ ဂဟေတုံ သက္ကောတိ။ တဿ ဘဂဝါ အာဒိတောဝ သတ္ထောတိဝါ ပုဂ္ဂလောတိဝါ ပေါသောတိဝါ ဒေဝေါတိဝါ ဗြဟ္မာတိဝါ ကထေတိ။

၄။ ယော ပရမတ္ထဒေသနာယ အနိစ္စန္နိဝါ ဒုက္ခန္နိဝါတိ အာဒိသု အညတရံ သုတ္တာဝ ဇာနိတုံ ပဋိဝိဇ္ဈိတုံ နိယျာတုံ အရဟတ္တဇယဂ္ဂါဟံ ဂဟေတုံ သက္ကောတိ။တဿ အနိစ္စန္နိအာဒိသု အညတရံ ကထေတိ။

၅။ တထာ သမ္မုတိကထာယ ဗုဒ္ဓနကသတ္တဿ နု ပဌမံ ပရမတ္ထကထံ ကထေတိ၊ သမ္မုတိကထာယ ပန ဗောဓေတ္တာ ပစ္ဆာ ပရမတ္ထကထံ ကထေတိ။

၆။ ပရမတ္ထကထာယ ဗုဒ္ဓနကသတ္တဿဝိ နု ပဌမံ သမ္မုတိကထံ ကထေတိ။

၇။ ပကတိယာ ပန ပဌမမေဝ ပရမတ္ထကထံ ကထေန္တဿ ဒေသနာ လူခါကာရာ ဟောန္တိ၊ တဿာ ဗုဒ္ဓါ ပဌမံ သမ္မုတိကထံ ကထေတ္ဝာ ပစ္ဆာ ပရမတ္ထကထံ ကထေန္တိ။—ဟု ဖွင့်ပြတော်မူ၏။ (သာရတ္ထဒီပနီဋီကာန္နိုက် ၎င်းအတိုင်းလာ၏)။

အနက် ၁။ ပန၊ဆက်၍ဆိုဦးအံ့။ ဗုဒ္ဓါနံ၊မြတ်စွာဘုရားတို့၏။ ကထာ၊ ဟောအပ်သော ဒေသနာတို့သည်။ သမ္မုတိကထာစ၊ သမ္မုတိကထာဌင်း။ ဝါ၊သမ္မုတိဒေသနာဌင်း။ ပရမတ္ထကထာစ၊ ပရမတ္ထကထာဌင်း။ ဝါ၊ ပရမတ္ထဒေသနာဌင်း။ ဣတိ၊သို့။ ဒွေ၊နှစ်ပါးတို့သည်။ ဟောန္တိ၊ကုန်၏။ တတ္ထ၊ထိုနှစ်ပါးသော ကထာဒေသနာတို့တွင်။ သတ္တော၊သတ္တဝါ။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်။ ဒေဝေါ၊နတ်။ ဗြဟ္မာ၊ဗြဟ္မာ။ ဣတိအာဒိကာ၊ ဤသို့ အစရှိသော ဒေသနာသည်။ သမ္မုတိကထာနာမ၊ သမ္မုတိကထာမည်သည်။ ဝါ၊ သမ္မုတိဒေသနာမည်သည်။ ဟောတိ၊ဖြစ်၏။

၂။ အနိစ္စံ၊အနိစ္စ။ ဝါ၊မမြဲ။ ဒုက္ခံ၊ဒုက္ခ။ ဝါ၊ဆင်းရဲ၏။ အနတ္တာ၊အနတ္တ။ ဝါ၊ ကိုယ်မဟုတ်။ ခန္ဓာ၊ ခန္ဓာတို့။ ဓာတုယော၊ ဓာတ်တို့။ အာယတနာနိ၊ အာယတနတို့။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့။ သမ္မပ္ပဓာနာ၊ သမ္မပ္ပဓာန်တို့။ ဣတိအာဒိကာ၊ဤသို့အစရှိသော ဒေသနာသည်။ပရမတ္ထကထာနာမ၊ပရမတ္ထ ကထာမည်သည်။ ဝါ၊ပရမတ္ထဒေသနာမည်သည်။ ဟောတိ၊၏။

၃။ တတ္ထ၊ ထိုနှစ်ပါးသော ကထာဒေသနာတို့တွင်။ ယောပုဂ္ဂလော၊ အကြင် ဝေနေယျပုဂ္ဂိုလ်သည်။ သမ္မုတိဒေသနာယ၊ သမ္မုတိဒေသနံ့ာတော်ဖြင့်။ သတ္တောတိဝါ၊သတ္တဟူ၍ဌင်း။လ။ဗြဟ္မာတိဝါ၊ဗြဟ္မာဟူ၍ဌင်း။ ဝုတ္တော၊ ဟောတော်မူအပ်သည်ရှိသော်။ ဓမ္မံ၊တရားကို။ (ထည့်)။ ဇာနိတုံ၊သိခြင်းငှါ။ ပဋိဝိဇ္ဈိတုံ၊ထိုးထွင်း၍ သိခြင်းငှါ။ နိယျာတုံ၊သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းငှါ။ အရဟတ္တဇယဂ္ဂါဟံ၊ အရဟာတ္တဖိုလ် တည်းဟူသော ယူအပ်သော အောင်ခြင်းကို။ ဝါ၊အရဟတ္တဖိုလ် တည်းဟူသော အောင်လံကို ယူခြင်းကို။ ဂဟေတုံ၊ ယူခြင်းငှါ။ သင်္ကောတိ၊ စွမ်းနိုင်၏။ တဿ ပုဂ္ဂလဿ၊ ထို၀ေနေယျ ပုဂ္ဂိုလ်အား။ အာဒိတော၀၊ရှေးဦး ပဌမ အစနှိုက်သာလျှင်။ သတ္တောတိဝါ၊ သတ္တဟူ၍ဌင်း။ ပုဂ္ဂလောတိဝါ၊ပုဂ္ဂလဟူ၍ဌင်း။ ပေါသောတိဝါ၊ပေါသဟူ၍ ဌင်း။ ဒေဝေါတိဝါ၊ဒေဝဟူ၍ဌင်း။ ဝါ၊နတ်ဟူ၍ဌင်း။ ဗြဟ္မာတိဝါ၊ဗြဟ္မာဟူ၍ ဌင်း။ ဓမ္မံ၊တရားကို။ ကထေတိ၊ဟောတော်မူ၏။

၄။ ယောပုဂ္ဂလော၊အကြင် ဝေနေယျပုဂ္ဂိုလ်သည်။ပရမတ္ထဒေသနာယ၊ ပရမတ္ထဒေသနာတော်ဖြင့်။ အနိစ္စန္တိဝါ၊ အနိစ္စဟူ၍ဌင်း။ ဒုက္ခန္တိဝါ၊ ဒုက္ခဟူ၍ ဌင်း။ ဣတိအာဒိသု၊ ဤသို့ အစရှိသည်တို့တွင်။ အညတရံ၊ တပါးပါးကို။

သုတ္ဒာဝ၊ကြားနာပြီး၍သာလျှင်။ ဇာနိတုံ၊သိခြင်းငှါ။ ပဋိဝိဇ္ဈတုံ၊ထိုးထွင်း၍ သိခြင်းငှါ။ နိယျာတုံ၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းငှါ။ အရဟာတ္တ ဇယဂ္ဂါဟံ၊အရဟာတ္တဖိုလ် တည်းဟူသော ယူအပ်သော အောင်ခြင်းကို။ဂဟေတုံ၊ယူခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏။ တဿပဋိလဿ၊ ထိုဝေနေယျပုဂ္ဂိုလ်အား။ အနိစ္စန္တိအာဒိသု၊ အနိစ္စံ ဤသို့ အစရှိသည်တို့တွင်။ အညတရံ၊ တပါးပါးကို။ ကထေတိ၊ဟောတော်မူ၏။

၅။ တထာ၊ထိုမှတပါး။ သမ္မုတိကထာယ၊သမ္မုတိကထာဒေသနာဖြင့်။ ဗုဇ္ဈနကသတ္တာဿ၊ တရားကို သိလတ်သော သတ္တဝါအား။ ပဌမံ၊ ရှေးဦးစွာ။ ပရမတ္ထကထံ၊ ပရမတ္ထကထာဒေသနာကို။ နကထေတိ၊ ဟောတော်မမူ။ ပန၊ စင်စစ်သော်ကား။ သမ္မုတိကထာယ၊ သမ္မုတိကထာဒေသနာဖြင့်။ ဗေဓေတ္ဝာ၊သိစေဦး၍။ ပစ္ဆာ၊နောက်နှိုက်။ပရမတ္ထကထံ၊ပရမတ္ထကထာဒေသနာကို။ ဘဂဝါ၊မြတ်စွာဘုရားသည်။ ကထေတိ၊ဟောတော်မူ၏။

၆။ ပရမတ္ထကထာယ၊ ပရမတ္ထကထာဒေသနာဖြင့်။ ဗုဇ္ဈနကသတ္တာဿပိ၊ တရားကို သိလတ်သော သတ္တဝါအားလည်း။ပဌမံ၊ရှေးဦးစွာ။ သမ္မုတိကထံ၊ သမ္မုတိကထာဒေသနာကို။ နကထေတိ၊ ဟောတော်မမူ။ ပန၊ စင်စစ်သော်ကား။ ပရမတ္ထကထာယ၊ ပရမတ္ထကထာ ဒေသနာဖြင့်။ ဗေဓေတ္ဝာ၊ သိစေဦး၍။ ပစ္ဆာ၊နောက်နှိုက်။ သမ္မုတိကထံ၊သမ္မုတိကထာ ဒေသနာကို။ဘဂဝါ၊ မြတ်စွာဘုရားသည်။ ကထေတိ၊ဟောတော်မူ၏။

၇။ ပန၊ အထူးကိုဆိုဦးအံ့။ ပကတိယာ၊ ပြကတ်သဘောအားဖြင့်။ ပဌမမေဝ၊ ရှေးဦးစွာသာလျှင်။ ပရမတ္ထကထံ၊ ပရမတ္ထကထာဒေသနာကို။ ကထေန္တသ္သ၊ဟောတော်မူသော မြတ်စွာဘုရား၏။ ဒေသနာ၊ဒေသနာတော်သည်။ လူခါကာရာ၊ ခေါင်းပါးခြောက်တပ်သော အခြင်းအရာ ရှိသည်။ ဟောတိ၊၏။ တသ္မာ၊ထိုကြောင့်။ ဗုဒ္ဓါ၊မြတ်စွာဘုရားတို့သည်။ ပဌမံ၊ရှေးဦးစွာ။ သမ္မုတိကထံ၊ သမ္မုတိကထာ ဒေသနာကို။ ကထေတ္ဝာ၊ ဟောတော်မူပြီး၍။ ပစ္ဆာ၊နောက်နှိုက်။ ပရမတ္ထကထံ၊ပရမတ္ထကထာ ဒေသနာတော်ကို။ ကထေန္တိ၊ဟောတော်မူကြကုန်၏။

မြတ်စွာဘုရားသည် ပုဂ္ဂိုလ်, သတ္တဝါဟူသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ ပြုလုပ်မှုကိစ္စကိုလည်း မပြုတတ်ပါဘဲလျက် သမ္မုတိဒေသနာကို ဟောတော်မူခြင်းသည် မုသာဝါဒဖြစ်သည် မဟုတ်လောဟု စောဒနာခဲ့မူ....မုသာဝါဒ မဖြစ်၊ အဘယ်ကြောင့်နည်းဟူမူ သစ္စာသည် သမ္မုတိသစ္စာ,ပရမတ္ထသစ္စာဟူ၍ နှစ်ပါးအပြားရှိ၏၊ ထို နှစ်ပါးတို့တွင် သမ္မုတိသစ္စာ ဟုဆိုအပ်သော ကမ္ဘာဦးသူ လူပညာရှိတို့၏ သတ္တ,ပုဂ္ဂလ,ဂေါ,မဟိံသ,အဿစသော အမှတ်သင်္ကေတ ပညတ်စကားသည် လောကသမ္မုတိ၏အစွမ်းဖြင့် ဖြစ်ခြင်းဟူသော အကြောင်းကြောင့် မှန်၏။ ပရမတ္ထသစ္စာ ဟုဆိုအပ်သော စကားသည် ပရမတ္ထဓမ္မတို့၏ မဖေါက်မပြန် ဟုတ်မှန်သောအားဖြင့် ဖြစ်ခြင်းသဘောလက္ခဏာဟူသော အကြောင်းကြောင့် မှန်၏၊ ထိုသို့ လောကဝေါဟာရနှိုက် လိမ္မာတော်မူသော မြတ်စွာဘုရားသည် သမ္မုတိ သစ္စာအားဖြင့် ဟောတော်မူသောကြောင့်ဂုဏ်း၊ ဥပမာ နာနာဒေသဘာသာကို သိနားလည်သော ဆရာသည် ဗေဒင်စသော အတတ်ပညာကို သင်ကြားသည်ရှိသော် ဘာသာတမျိုးတည်းဖြင့်သာ မသင်ကြားမူ၍ သိလွယ် တတ်လွယ်စိမ့်သောငှါ တပည့်တို့၏ အသီးအသီး ပြောဆိုကြသော ဒေသဘာသာ အသီးအသီးတို့ဖြင့် တယောက်တယောက်သော တပည့်တို့အား သင်ကြားသကဲ့သို့၊ သတ္တဝါတို့၏ ပညာနွေးကို ထောက်ချင့်၍ သိလွယ်စေခြင်းငှါ သမ္မုတိဒေသနာဖြင့် ဟောတော်မူသော ကြောင့်ဂုဏ်း မုသာဝါဒ မဖြစ်ဟု မှတ်အပ်၏။ ထိုကြောင့် သာရတ္ထဒီပနီဋီကာနှိုက်—

ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္မုဒ္ဓေါ ဝဒတံ ဝရော။
သမ္မုတိံ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။

သင်္ကေတ ဝစနံ သစ္စံ၊ လောကသမ္မုတိ ကာရဏံ။
ပရမတ္ထဝစနံ သစ္စံ၊ ဓမ္မာနံ တထလက္ခဏံ။

တသ္မာ ဝေါဟာရ ကုသလဿ၊ လောကနာထဿ သတ္ထုနော။
သမ္မုတိံ ဝေါဟရန္တဿ၊ မုသာဝါဒေါ နံ ဇာယတိ။—

ဟု မိန့်ဆိုတော်မူ၏။ (ဂုဏ်းပါဠိအရင်းကား ကထာဝတ္ထုအဋ္ဌကထာပါဠိပင်တည်း)။

အနက် ဝဒတံ ဝဒန္တာနံ၊ဟောဆိုတတ်သော ပုဂ္ဂိုလ်တို့တွင်။ဝါ၊တို့ထက်။ ဝရော၊ မြတ်တော်မူသော။ သမ္မုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ သမ္မုတိံ၊သမ္မုတိသစ္စာကိုဂင်း။ ပရမတ္ထဉ္စ၊ပရမတ္ထသစ္စာကိုဂင်း။ ဣတိ၊ဤသို့။ ဒုဝေ၊ နှစ်ပါးကုန်သော။ သစ္စာနိ၊ သစ္စာတို့ကို။ အက္ခာတိ၊ ဟောတော်မူပြီ။ တတိယံ၊သမ္မုတိသစ္စာ,ပရမတ္ထသစ္စာမှ လွတ်သော သုံးခုမြောက်သော သစ္စာကု။ နုပလဗ္ဘတၱာ၊မရအပ်။

တတ္ထ၊ထိုသမ္မုတိသစ္စာ,ပရမတ္ထသစ္စာ နှစ်ပါးတို့တွင်။ (ထည့်)။ သင်္ခေတဝစနံ၊ကမ္မာဉီးသူ လူပညာရှိတို့၏ သတ္တ, ပုဂ္ဂလ, ဂေါ, မဟီံသ, အဿစသော အမှတ်သင်္ကေတဖြင့်ဖြစ်သော စကားသည်။လောကသမ္မုတိကာရဏံ၊လောကသမ္မုတိ၏ အစွမ်းဖြင့် ဖြစ်ခြင်းဟူသော အကြောင်းကြောင့်။ ဝါ၊ လောကသမ္မုတိလျှင် ဖြစ်ကြောင်းရှိသည်ဖြစ်၍။ သစ္စံ၊ မှန်သည်။ ဟောတိ၊ ဖြစ်၏။ ပရမတ္ထဝစနံ၊ ခန္ဓာ, အာယတန, ဓာတ်စသော ပရမတ္ထအားဖြင့် ဖြစ်သော စကားသည်။ဓမ္မာနံ၊ခန္ဓာ,အာယတန,ဓာတ်စသောပရမတ္ထတရားတို့၏။တထလက္ခဏံ၊ ရုပ္ပန, ဝေဒိယနစသော မဖေါက်မပြန် ဟုတ်မှန်သောအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိသောကြောင့်။ဝါ၊ရုပ္ပန,ဝေဒိယနစသော မဖေါက်မပြန် ဟုတ်မှန်သော သဘောလက္ခဏာလျှင် ဖြစ်ကြောင်းရှိသည်ဖြစ်၍။ သစ္စံ၊မှန်သည်။ ဟောတိ၊ဖြစ်၏။

ဘူတလက္ခဏံဟူ၍ သာရတ္ထဋီကာ ရှိ၏၊ တထလက္ခဏံဟူ၍ ကထာဝတ္ထု အဋ္ဌကထာမှာ ရှိ၏၊ သင့်သည်ချည်းပင်။ ၎င်းအနက်ကား— “သမ္မုတိကရဏန္တိ ယသ္မာ လောကသမ္မုတိဝသေန ပဝတ္တံ၊ တသ္မာ သစ္စန္တိ ဝုတ္တံ ဟောတိ၊ တထလက္ခဏန္တိ တထကာရဏံ၊ ယသ္မာ ဓမ္မာနံ တထတာယ ပဝတ္တံ တသ္မာ သစ္စန္တိ ဒဿေတိ”-ဟူသော မူလဋီကာနှင့် အညီ ယောဇနာသည်။

တသ္မာ၊ထိုကြောင့်။ ဝေါဟာရကုသလဿ၊လောကဝေါဟာရဆိုက် လိမ္မာတော်မူထသော။ လောကနာထဿ၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူထသော။ သမ္မုတိံ၊သမ္မုတိပညတ်,သမ္မုတိသစ္စာကို။ ဝေါဟရန္တဿ၊ပြောဆိုတော်မူထသော။ သတ္ထုနော၊ မြတ်စွာဘုရားအား။ မုသာဝါဒေါ၊ မုသာဝါဒသည်။ဝါ၊မဟုတ် မမှန် ချွတ်ယွင်းသော စကားသည်။နဇာယတိ၊မဖြစ်။

မြတ်စွာဘုရားသည် "အတ္ထိ ပုဂ္ဂလော၊ ပုရိသော ကမ္မံ ကရောတိ" စသည်ဖြင့် သမ္မုတိသစ္စာကို ဟောတော်မူငြားသော်လည်း ပုဂ္ဂိုလ်,သတ္တဝါဟူသည် ပရမတ္ထအားဖြင့် ရအပ်၏ ထင်ရှားရှိ၏ ပြုလုပ်မှုစသော ကိစ္စရှိ၏ဟူ၍ မှားသော မိစ္ဆာဉာဏ်ဖြင့် နှလုံးသွင်းခြင်းကို မပြုအပ် မပြုထိုက် မပြုသင့်ပေ။ အဘယ်ကြောင့်နည်းဟူမူကား မြတ်စွာဘုရားသည် လောကသမ္မုတိပညတ်ဖြစ်သော သဒ္ဒါကို မလွန်မူ၍ ပရမတ္ထဓမ္မအားဖြင့် မရကောင်းသော်လည်း လောကသမ္မုတိ သဒ္ဒပညတ်,အတ္ထပညတ်နှင့် ကင်း၍ ပရမတ္ထဓမ္မကို မသိမမြင်နိုင်သောကြောင့်ရင်း၊ ပရမတ္ထဓမ္မဟူသည် စက္ခုဝိညေယျ မဟုတ်၊ ပညာဝိညေယျသာဖြစ်သောကြောင့်ရင်း သိလွယ်စိမ့်သောဌါ ပရမတ္ထဓမ္မကိုဖဿဝေဒနာစသော သဒ္ဒပညတ်အားဖြင့်ရင်း သတ္တော၊ ပုဂ္ဂလောစသော သဒ္ဒပညတ်, အတ္ထပညတ် အားဖြင့်ရင်း ပြတော်မူအပ်သောကြောင့်တည်း။ ထိုကြောင့် ကထာဝတ္ထုအဋ္ဌကထာနှိုက်—

အဓိပ္ပာ နယော ဒွေ ဘဂဝတော ဒေသနာ ပရမတ္ထ ဒေသနာစ ခန္ဓာဒိဝသေန၊ သမ္မုတိ ဒေသနာစ သတ္တိကုမ္ဘာဒိဝသေန၊ နဟိ ဘဂဝါ သမညံ အတိဓာဝတိ၊ တဿာ အတ္ထိ ပုဂ္ဂလောတိ ဝစနမတ္တတော အဘိနိဝေသော နကာတဗ္ဗော၊ သတ္ထာရာ ဟိ—

> ပညတ္တိံ အနတိက္ကမ္မ၊ ပရမတ္ထော ပကာသိတော။
> သမညံ နာတိဓာဝေယျ၊ တဿာ အညောဝိ ပက္ခိတော။
> ပရမတ္ထံ ပကာသေန္တော၊ သမညံ နာတိဓာဝယေ။—ဟု မိန့်တော်မူ၏။

အနက် အပရောနယော၊နည်းတပါးကို။မယာ၊သည်။ဝုစ္စတေ၊ဆိုဦးအံ့။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဒေသနာ၊ ဒေသနာတော်တို့သည်။ ခန္ဓဒိဝသေန၊ ခန္ဓာအစရှိသည်တို့၏ အစွမ်းအားဖြင့်။ ပဝတ္တာ၊ ဖြစ်သော။(ထည့်)။ပရမတ္ထဒေသနာစ၊ပရမတ္ထဒေသနာဂုဏ်း။သပ္ပိကုမ္ဘာဒိဝသေန၊ သပ္ပိကုမ္ဘ အစရှိသည်တို့၏ အစွမ်းဖြင့်။ ဝါ၊ ထောပတ်,အိုး အစရှိသည်တို့၏ အစွမ်းအားဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ (ထည့်)။ သမ္မုတိဒေသနာစ၊ သမ္မုတိ

ဒေသနာဌင်း။ ဣတိ၊ သို့။ ဒွေ၊နှစ်ပါးတို့သည်။ ဟောန္တိ၊ကုန်၏။ ဟိယသ္မာ၊ အကြောင်ကြောင့်။ ဘဂဝါ၊မြတ်စွာဘုရားသည်။ သမညံ၊သမ္မုတိပညတ် လောကဝေါဟာရကို။ နာတိဓာဝတိ၊လွန်၍ ပြေးသွားတော်မမူ။ တသ္မာ၊ထို့ကြောင့်။ အတ္ထိပဋိဂ္ဂလောတိဝစနမတ္တတော၊ အတ္ထိပဋိဂ္ဂလောဟူသော သမ္မုတိပညတ်သဒ္ဒါမျှဖြင့်။ ဝါ၊အတ္ထိပဋိဂ္ဂလောဟူ၍ သမ္မုတိပညတ်ကို ဟောခါမျှဖြင့်။ အဘိနိဝေသော၊ပုဂ္ဂိုလ်သည် ပရမတ္ထအားဖြင့် ရအပ် သိအပ်၏ဟူ၍ မှားသောအားဖြင့် နှလုံးသွင်းခြင်းကို။ နကာတဗ္ဗော၊ မပြုအပ်။ ဟိသစ္စံ၊၏။ သတ္ထာရာ၊မြတ်စွာဘုရားသည်။

ပညတ္တိံ၊လောကသမ္မုတိပညတ်ကို။ အနတိက္ကမ္မ၊မလွန်မူ၍။ ပရမတ္ထော၊ ပရမတ္ထကို။ ပကာသိတော၊ပြတော်မူအပ်၏။ သမညံ၊လောကဝေါဟာရကို။ ဝါ၊လူတို့သည် ခေါ်ဝေါ်အပ်သော သမ္မုတိပညတ်ကို။ နာတိဓာဝေယျ၊လွန်၍ မပြေးသွားရာ။ တသ္မာ၊ထိုသို့ မြတ်စွာဘုရားသည် လောကဝေါဟာရသမ္မုတိပညတ်ကို မလွန်မူ၍ ပရမတ္ထတရားကို ပြတော်မူသောကြောင့်။ အညော၊ ဘုရားမှ တပါးသော။ ပဏ္ဍိတောပိ၊ပညာရှိသော ပုဂ္ဂိုလ်သည်လည်း။ပရမတ္ထံ၊ ပရမတ္ထတရားကို။ ပကာသေန္တော၊ပြသည်ရှိသော်။ သမညံ၊လောကဝေါဟာရကို။ ဝါ၊လူတို့သည် ခေါ်ဝေါ်အပ်သော သမ္မုတိပညတ်ကို။ နာတိဓာဝယေ၊ လောကဝေါဟာရကို လွန်၍ မပြေးသွားရာ။

မြတ်စွာဘုရားသည် ပရမတ္ထအားဖြင့် ထင်ရှား မရှိသော်လည်း သမ္မုတိပုဂ္ဂလကထာ ဒေသနာတော်ကို ဟောတော်မူရခြင်း၏အကြောင်းကို ထင်ရှားပြဦးအံ့။

မြတ်စွာဘုရားသည် ဟိရီ, ဩတ္တပ္ပကို ပြခြင်းငှါ၎င်း၊ ကမ္မဿကတာဉာဏ်ကို ပြခြင်းငှါ၎င်း၊ အသီးဖြစ်သော ယောဂျိုး၏ ပြုလုပ်မှုကို ပြခြင်းငှါ၎င်း၊ အနန္တရိယကံကို ပြခြင်းငှါ၎င်း၊ ဗြဟ္မဝိဟာရကို ပြခြင်းငှါ၎င်း၊ ပုဗ္ဗေနိဝါသကို ပြခြင်းငှါ၎င်း၊ အလ္လူ၏ စင်ကြယ်ခြင်းကို ပြခြင်းငှါ၎င်း၊ လောကသမ္မုတိပညတ်ကို မပယ်ခြင်းငှါ၎င်း ဤရှစ်ပါးသော အကြောင်းတို့ဖြင့် သမ္မုတိပညတ် ပုဂ္ဂလကထာ ဒေသနာတော်ကို ဟောတော်မူ၏။ ၎င်းရှစ်ပါးသော အကြောင်းကို အကျဉ်းချုံး၍ ပြပေအံ့။

ခန္ဓာတို့သည်၎င်း ဓာတ်တို့သည်၎င်း အာယတနတို့သည်၎င်း ရှက်ကုန်၏၊ လန့်ကုန်၏၊ ကံသာလျှင် ဥစ္စာရှိကုန်၏၊ ဝဋ္ဋဥပန်းကျောင်းတော်ကို ဆောက်လုပ်ကုန်၏၊ အမိ, အဖ, ရဟန္တာကို သတ်ကုန်၏၊ ဘုရားကို သွေးစိမ်းတည်အောင် ပြု၏၊ သံဃာကို သင်းခွဲကုန်၏၊ ချစ်ကုန်၏၊ သနားကုန်၏၊ ရှေးနှိုက် နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့ကုန်၏၊ အလှူပေးကုန်၏၊ အလှူကို ခံယူကုန်၏၊ သွားကုန်၏၊ လာကုန်၏၊ အမှုကို ပြုလုပ်ကုန်၏၊ ဤသို့ အစရှိသော ပရမတ္ထအစစ် ဒေသနာတော်ဖြင့် ဟောတော်မူသည်ရှိသော် ဝေနေယျသတ္တဝါတို့သည် ပရမတ္ထဓမ္မကို မသိ မမြင် နားမလည်ကြကုန်သည် ဖြစ်၍ ဤခန္ဓာ, အာယန, ဓာတ်ဟူသော စကားသည် အဘယ်စကားနည်း၊ ခန္ဓာ, အာယတန, ဓာတ်တို့သည် ရှက်ကုန် လန့်ကုန်သလော၊ ကံသာလျှင် ဥစ္စာရှိကုန်သလော၊ ကျောင်းကို ဆောက်ကုန်သလော ဤသို့ အစရှိသည်ဖြင့် ပြောဆို၍ မသိမမြင် ပြင်းစွာတွေဝေခြင်းသို့ ရောက်ကုန်၏၊ မြတ်စွာဘုရား၏ ပဋိပက္ခ ဆန့်ကျင်ဘက် ရန်သူဖြစ်ကြကုန်၏၊ မိန်းမ,ယောကျ်ား,မင်း,ပုဏ္ဏား, သေဋ္ဌး,သူကြွယ်,နတ်,ဗြဟ္မာတို့သည် ရှက်ကုန်၏၊ လန့်ကုန်၏၊ ကံသာလျှင် ဥစ္စာရှိကုန်၏၊ ဝဋ္ဋဥပန်းကျောင်းကို ဆောက်လုပ်ကုန်၏၊ အမိ,အဖ,ရဟန္တာကို သတ်ကုန်၏၊ ဘုရားကို သွေးစိမ်းတည်အောင် ပြုကုန်၏၊ သံဃာကို သင်းခွဲကုန်၏၊ သတ္တဝါကို ချစ်ကုန်၏၊ သနားကုန်၏၊ ရှေးနှိုက် နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့ကုန်၏၊ အလှူပေးကုန်၏၊ အလှူကိုခံကုန်၏၊ သွားကုန်၏၊ လာကုန်၏၊ အမှုကို ပြုလုပ်ကုန်၏၊ ဤသို့အစရှိသော လောကသမ္မုတိ ပုဂ္ဂလကထာ ဒေသနာဖြင့် ပညတ္တိ မရင့်သေးသော ဝေနေယျသတ္တဝါတို့၏ အလိုသို့ လိုက်၍ လောကသမ္မုတိပညတ် မယုတ်စေခြင်းငှါ ဟောတော်မူသည်ရှိသော် ဝေနေယျသတ္တဝါ အပေါင်းတို့သည် လောကသမ္မုတိပညတ်ကို သိနားလည်ပြီးဖြစ်၍ သိကုန်၏၊ တွေဝေခြင်းသို့ မရောက်ကုန်၊ မြတ်စွာဘုရား၏ ပဋိပက္ခ ဆန့်ကျင်ဘက် ရန်သူလည်း မဖြစ်ကုန်။ ထို့ကြောင့် မြတ်စွာဘုရားသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော်လည်း လောကသမ္မုတိပညတ် ပုဂ္ဂလကထာ ဒေသနာတော်ကို ဟောတော်မူသတည်း။ ဤသို့ မြတ်စွာဘုရား၏ အလိုတော်ကို မသိကြကုန်သော အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့သည် လောကသမ္မုတိပုဂ္ဂလကထာဒေသနာကိုစွဲ၍ ပရမတ္ထဓမ္မတို့နှိုက် သွားမှု လာမှု ပြုလုပ်မှုစသော

ကိစ္စမရှိ၊ ပညတ် ပုဂ္ဂိုလ်နှိုက်သာလျှင် သွားမှု လာမှု ပြုလုပ်မှု စသော ကိစ္စ ရှိ၏ဟု မိစ္ဆာဉာဏ် သက်ဝင်တတ်ကြကုန်၏။ ထိုကြောင့် သာရတ္ထဒီပနီ ဋီကာနှိုက်—

အဝိစ အဋ္ဌဟိ ကာရဏေဟိ ဘဂဝါ ပုဂ္ဂလကထံ ကထေသိ၊ ဟိရိသြတ္တပ္ပ ဒီပနတ္ထံ၊ ကမ္မဿကတာ ဒီပနတ္ထံ၊ ပစ္ဆတ္တပုရိသကာရ ဒီပနတ္ထံ၊အာနန္တရိယ ဒီပနတ္ထံ၊ ဗြဟ္မဝိဟာရ ဒီပနတ္ထံ၊ပုဗ္ဗေနိဝါသ ဒီပနတ္ထံ၊ ဒက္ခိဏာ ဝိသုဒ္ဓိ ဒီပနတ္ထံ၊ လောကသမ္မုတိယာ အပ္ပဟာနတ္ထဉ္စာတိ။ခန္ဓာဓာတုယော အာယတနာနိ ဟိရိယန္တိ သြတပ္ပန္တိ တိ ဝုတ္တေ မဟာဇနော နဇာနာတိ၊ သမ္မောဟမာပဇ္ဇတိ၊ ပဋိသတ္တု ဟောတိ၊ ကိမိဒံ ခန္ဓာဓာတုယော အာယတနာနိ ဟိရိယန္တိ သြတ္တပ္ပန္တိနာမာတိ၊ ဇာတ္တိ ဟိရိယတိ သြတ္တပ္ပတိ၊ ပုရိသော ခတ္တိယော ဗြဟ္မဏော ဒေဝေါ မာရောတိ ဝုတ္တေ မဟာဇနော ဇာနာတိ၊ နသမ္မောဟမာပဇ္ဇတိ၊ နပဋိသတ္တု ဟောတိ၊ တသ္မာ ဘဂဝါ ဟိရောတ္တပ္ပ ဒီပနတ္ထံ ပုဂ္ဂလကထံ ကထေသိ။လ။တသ္မာ ဇာမိနာစ အမိပ္ပါယေန ဘဂဝတော ပုဂ္ဂလဒေသနာ၊ နပရမတ္ထ ဒေသနာတိ ဧဝံ အမိပ္ပါယံ အဇာနန္တော ဝုတ္တံ ဟောတိ။—ဟု မိန့်ဆိုတော်မူ၏။

ဤ ဋီကာပါဠိကို သိလောက်ရုံမျှသာ ပေယျာလနှင့် ပြလိုက်သည်၊ အကျယ်ကို အလိုရှိမူ ဤဋီကာ ပဌမအုပ်မှာ ကြည့်လေ။

အနက် အပိစ အပရောနယော၊နည်းတပါးကို။မယာ၊ငါသည်။ဝုစ္စတေ၊ ဆိုဦးအံ့။ဘဂဝါ၊မြတ်စွာဘုရားသည်။ဟိရောတ္တပ္ပဒီပနတ္ထဉ္စ၊ဟိရိ သြတ္တပ္ပကိုပြခြင်းဌာနငှါ။ကမ္မဿကတာဒီပနတ္ထဉ္စ၊ကမ္မဿကတာဉာဏ်ကို ပြခြင်း ဌာနငှါ။ပစ္ဆတ္တပုရိသကာရဒီပနတ္ထဉ္စ၊အသီးဖြစ်သော ယောကျ်း၏ ပြုခြင်းကို ပြခြင်းဌာနငှါ။ အာနန္တရိယဒီပနတ္ထဉ္စ၊ အနန္တရိယကံကို ပြခြင်းဌာနငှါ။ ဗြဟ္မ ဝိဟာရဒီပနတ္ထဉ္စ၊ ဗြဟ္မဝိဟာရကို ပြခြင်းဌာနငှါ။ ပုဗ္ဗေနိဝါသဒီပနတ္ထဉ္စ၊ ပုဗ္ဗေ နိဝါသဉာဏ်ကို ပြခြင်းဌာနငှါ။ ဒက္ခိဏာဝိသုဒ္ဓိဒီပနတ္ထဉ္စ၊ အလှူ၏ စင်ကြယ် ခြင်းကို ပြခြင်းဌာနငှါ။ လောကသမ္မုတိယာ၊ လူတို့သည် ခေါ်ဝေါ်ပညတ် သမုတ်အပ်သည်ကို။ အပ္ပဟာနတ္ထဉ္စ၊မပယ်ခြင်းအကျိုးဌာနငှါ။ ဤတိ၊ဤသို့။

အဋ္ဌဟိ၊ ရှစ်ပါးကုန်သော။ ကာရဏောဟိ၊ အကြောင်းတို့ဖြင့်။ ပုဂ္ဂလကထံ၊ ပုဂ္ဂလကထာဒေသနာကို။ ကထေသိ၊ ဟောတော်မူပြီ။ ခန္ဓာ၊ ခန္ဓာတို့သည်။ ဓာတုယော၊ ဓာတ်တို့သည်။ အာယတနာနိ၊ အာယတနတို့သည်။ ဟိရိယန္တိ၊ ရှက်ကုန်၏။ သြတ္တပ္ပန္တိ၊လန့်ကုန်၏။ ဣတိ၊ဤသို့။ ဝုတ္တော၊ပရမတ္ထဒေသနာဖြင့် ဟောတော်မူသည်ရှိသော်။ မဟာဇနော၊လူများအပေါင်းသည်။ နဇာနာတိ၊ မသိ။ ဣဒံဝစနံ၊ဤခန္ဓာ,ဓာတ်,အာယတနဟူသော စကားသည်။ ကိံဝစနံ၊ အဘယ်စကားနည်း။ ခန္ဓာ၊ခန္ဓာတို့သည်။ ဓာတုယော၊ဓာတ်တို့သည်။ အာယတနာနိ၊ အာယတနတို့သည်။ ဟိရိယန္တိနာမ၊ ရှက်သည်မည်ကုန်သလော။ သြတ္တပ္ပန္တိနာမ၊ လန့်သည်မည်ကုန်သလော။ ဣတိ၊ဤသို့။ သမ္မောဟံ၊ပြင်းစွာ တွေဝေခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပဋိသတ္တာ၊ဆန့်ကျင်ဘက် ရန်သူသည်။ ဟောတိ၊ဖြစ်၏။ ဣတ္ထိ၊မိန်းမသည်။ ဟိရိယတိ၊ ရှက်၏။ သြတ္တပ္ပတိ၊ လန့်၏။ ပုရိသော၊ ယောကျ်ားသည်။ ခတ္တိယော၊ မင်းသည်။ ဗြဟ္မဏော၊ပုဏ္ဏားသည်။ ဒေဝေါ၊နတ်သည်။ မာရော၊မာရ်နတ်သည်။ ဟိရိယတိ၊ ရှက်၏။ သြတ္တပ္ပတိ၊လန့်၏။ ဣတိ၊ဤသို့။ ဝုတ္တော၊လောကသမ္မုတိပညတ် ပုဂ္ဂလကထာ ဒေသနာဖြင့် ဟောတော်မူသည်ရှိသော်။ မဟာဇနော၊လူများအပေါင်းသည်။ ဇာနာတိ၊သိ၏။ သမ္မောဟံ၊ပြင်းစွာ တွေဝေခြင်းသို့။ နအာပဇ္ဇတိ၊ မရောက်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပဋိသတ္တာ၊ ဆန့်ကျင်ဘက် ရန်သူသည်။ နဟောတိ၊မဖြစ်။ တသ္မာ၊ထို့ကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဟိရောတ္တပ္ပဒီပနတ္ထံ၊ ဟိရီ,သြတ္တပ္ပကို ပြခြင်းငှါ။ ပုဂ္ဂလကထာ၊ပုဂ္ဂလကထာ ဒေသနာတော်ကို။ ကထေသိ၊ဟောတော်မူ၏။ ဝါ၊ပြီ။ လ။တသ္မာ၊ ထို့ကြောင့်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဣမိနာဝစ အဓိပ္ပါယေန၊ ဤသို့သော အလိုအားဖြင့်လည်း။ ဘဂဝတော၊ မြတ်စွာဘုရား၏။ (ထည့်)။ ပုဂ္ဂလဒေသနာ၊ပုဂ္ဂလဒေသနာတော်သည်။ ဟောတိ၏။ ပရမတ္ထဒေသနာ၊ပရမတ္ထဒေသနာတော်သည်။ နဟုတ်။ ဣတိဝေါအဓိပ္ပါယံ၊ဤသို့သော ဘုရားအလိုတော်ကို။အဇာနန္တော၊မသိသည်ဖြစ်၍။ဒုဂ္ဂဟိတံ၊မကောင်းသော အယူကို။ဂဏှာတိ၊ယူ၏။ (ထည့်)။ ဣတိအယံအဓိပ္ပါယော၊ဤသို့သော အဓိပ္ပါယ်သည်။ ဝုတ္တံဝုတ္တောဝ၊ဆိုအပ်သည်။ ဟောတိ၏။

ပြုလုပ်မှု စသည်၏ သရုပ်ကို ပြဦးအုံ.... ပရမတ္ထမမ္မတို့၏ သဘးမှု လာမှု ပြုလုပ်မှုစသည် ဟူသည်လည်း ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, အာဝဇ္ဇန်းကိစ္စ, ဒဿနကိစ္စ,သဝနကိစ္စ,ဃာယနကိစ္စ,သာယနကိစ္စ,ဖုသနကိစ္စ,သမ္ပဋိစ္ဆိန်းကိစ္စ, သန္တီရဏကိစ္စ, ဝုဋ္ဌောကိစ္စ, ဇောကိစ္စ, တဒါရုံကိစ္စ, စုတိကိစ္စတို့ကို အဋ္ဌကထာဆရာတော်တို့ ပြတော်မူသောကြောင့် ကိစ္စပင်လျှင်တည်း။ ထိုကိစ္စဟူသည်လည်း ဝိသေသပစ္စယအကြောင်းထူးအား လျော်စွာ ပရမတ္ထတရားတို့၏ ပရဗျာပါရမှကင်းလျက် သဘောလက္ခဏာအတိုင်း ဖြစ်ခြင်းပင်လျှင်တည်း။ ထိုသဘောလက္ခဏာအတိုင်း ဖြစ်ခြင်းမှလွဲတ်သော ပြုလုပ်မှုကိစ္စဟူသည် မရှိဟု မှတ်အပ်၏။ ထိုကြောင့် ဝိသုဒ္ဓိမဂ်ဋီကာန္သိုက်—

> ပဋိသန္ဓိဝိညာဏာဒီနံ ကိစ္စံနာမ ဘဝန္တရ ပဋိသန္ဓာဒိနာ အာကာရေန ပဝတ္တိဧဝ၊ တဗ္ဘိမုတ္တွာ စိတ္တဿ အညံ ကိစ္စံ နတ္ထိတိ အာဟ စုဒ္ဒသဟိ အာကာရေဟိ ပဝတ္တန္တိတိ။—ဟူ၍ မိန့်ဆို၏။

အနုက် ပဋိသန္ဓိဝိညာဏာဒီနံ၊ ပဋိသန္ဓေဝိညာဏ် အစရှိသည်တို့၏။ ကိစ္စံနာမ၊ ကိစ္စမည်သည်ကား။ ဘဝန္တရပဋိသန္ဓာဒိနာ၊ ရှေ့,နောက်ဖြစ်သော ဘဝအထူးကို စပ်ခြင်းအစရှိသော။ အာကာရေန၊ အခြင်းအရာအားဖြင့်။ ပဝတ္တိယေဝ၊ ဖြစ်ခြင်းသည်သာလျှင်တည်း။ စ၊ ဗျတိရိတ်ကို ဆိုဦးအုံ။တဗ္ဘိမုတ္တံ၊ထိုဖြစ်ခြင်းမှ လွဲတ်သော။ စိတ္တဿ၊စိတ်၏။ အညံ၊တပါးသော။ ကိစ္စံ၊ကိစ္စသည်။ နတ္ထိ၊မရှိ။ ဣတိတသ္မာ၊ထိုကြောင့်။ စုဒ္ဒသဟိအာကာရေဟိ ပဝတ္တန္တိတိ၊စုဒ္ဒသဟိ အာကာရေဟိ ပဝတ္တန္တိဟူ၍။ အာစရိယော၊အဋ္ဌကထာဆရာသည်။ အာဟ၊မိန့်ဆိုတော်မူ၏။

ထိုပရမတ္ထမမ္မတို့၏ ဖြစ်ခြင်းဟူသည်လည်း နာမ်တရားချည့် သက်သက်လည်း မဖြစ်နိုင်၊ ရုပ်တရားချည့် သက်သက်လည်း မဖြစ်နိုင်၊ နာမ်,ရုပ်တရားနှစ်ပါး ရောစပ်၍ အချင်းချင်း ကျေးဇူးပြုမှသာလျှင် ဖြစ်နိုင်၏။

အကျယ်အားဖြင့်ကား.... နာမ်တရားသည် မိမိချည့် သက်သက် တန်းခိုးအစွမ်း မရှိ၊ မိမိ၏ တန်းခိုးအစွမ်းအားဖြင့် ဖြစ်ခြင်းငှါ မစွမ်းနိုင်၊ မစားတတ် မသောက်တတ် စကားမပြောဆိုတတ်၊ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်း အိပ်ခြင်းဟူသော ဣရိယာပုထ်ကို မပြုတတ်၊ ရုပ်တရားသည်လည်း မိမိချည့်

သက်သက် တန်းခိုးအစွမ်းမရှိ၊မိမိ၏တန်းခိုးအစွမ်းအားဖြင့် ဖြစ်ခြင်းငှါ မစွမ်းနိုင်။ ထိုစကား သင့်စွ၊ ရုပ်တရား၏ ခဲစားလိုသည်၏ အဖြစ်မရှိ သောက်လိုသည်၏အဖြစ်မရှိ စကားပြောဆိုလိုသည်၏ အဖြစ်မရှိ ကျရိယာပုထ်ကို ပြုလိုသည်၏ အဖြစ်မရှိ၊ စင်စစ်သော်ကား နာမ်ကိုမှီ၍ ရုပ်သည်ဖြစ်၏၊ ရုပ်ကိုမှီ၍ နာမ်သည်ဖြစ်၏၊ နာမ်တရား၏ စားလိုသည်၏အဖြစ် သောက်လိုသည်၏ အဖြစ် စကားပြောဆိုလိုသည်၏အဖြစ် ကျရိယာပုထ်ကို ပြုလိုသည်၏အဖြစ် ဖြစ်သည်ရှိသော် ရုပ်တရားသည် ခဲစား၏၊ သောက်၏၊ စကားပြောဆို၏၊ ကျရိယာပုထ်ကို ပြု၏။ဥပမာ—သူကျိုး သူကာဏ်းနှစ်ယောက်တို့တွင် သူကျိုးသည် ခြေမသန်၍ မိမိအစွမ်းဖြင့် လိုရာအရပ်သို့ မသွားနိုင်၊ သူကာဏ်းသည် လည်း မျက်စိမပါ၍ မိမိအစွမ်းဖြင့် လိုရာအရပ်သို့ မသွားနိုင်၊ မျက်စိမရှိသော သူကာဏ်းသည် မျက်စိရှိသောသူကျိုးကို ပခုံးဖြင့် ထမ်းဆောင်၍ သွားသည်ရှိသော် ပခုံးထက်က သူကျိုးသည် ဤသည်ကား လမ်းခရီးစသည်ဖြင့်ညွှန်ပြ၍ အချင်းချင်းမှီရာ အထောက်အပံ့နိဿယပစ္စည်းကိုရသဖြင့် သူကျိုး,သူကာဏ်းနှစ်ယောက်လုံးပင် လိုရာအရပ်သို့ ရောက်သကဲ့သို့၊ ထိုအတူ နာမ်တရားသည် မိမိ၏တန်းခိုးအစွမ်းဖြင့် မဖြစ်၊ ထိုထို့သို့သော ပြုလုပ်မှုကိစ္စ ကြိယာတို့လည်း မဖြစ်စွမ်းနိုင်။ ရုပ်သည်လည်း မိမိ၏ တန်းခိုးအစွမ်းဖြင့် မဖြစ်၊ ထိုထို့သို့သော ပြုလုပ်မှုကိစ္စကြိယာတို့နှိုက်လည်း မဖြစ်စွမ်းနိုင်။ထိုရုပ်,နာမ်တရားနှစ်ပါးတို့၏ အချင်းချင်းထောက်ပံ့ခြင်းနိဿယ,ဥပနိဿယပစ္စည်းကိုရမှသာလျှင် ဖြစ်ခြင်း တည်ခြင်း ထိုထိုအမှုကိစ္စကြိယာတို့နှိုက် ဖြစ်စွမ်းနိုင်သည်ဟူ၍မှတ်အပ်၏၊နာမ်တရားသည် မျက်စိမြင်သော သူကျိုး,သူဆွံ့နှင့် တူ၏၊ ရုပ်တရားသည် မျက်စိမရှိသော သူကာဏ်းနှင့် တူ၏ဟုမှတ်။ထိုကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှိုက်—

အပိစေတ္ထ နာမံ နိတ္ထေဇံ န သကေန တေဇေန ပဝတ္တိတုံ သတ္ထောတိ၊ န ခါဒတိ၊ န ဝိဝတိ၊ န ဗျာဟရတိ၊ န ဣရိယာပထံ ကပ္ပေတိ၊ ရူပမွိ နိတ္ထေဇံ န သကေန တေဇေန ပဝတ္တိတုံ သတ္ထောတိ၊ န ဟိ တဿ ခါဒိတုကာမတာ၊ နာဝိ ဝိဝိတုကာမတာ၊ န ဗျာဟရိတုကာမတာ၊ န ဣရိယာပထံ ကပ္ပေတုကာမတာ၊ အထခေါ နာမံ နိဿာယ ရူပံ ပဝတ္တတိ၊ ရူပံ နိဿာယ နာမံ ပဝတ္တတိ၊ နာမဿ ခါဒိတုကာမတာယ၊ ဝိဝိတုကာမ

တာယ၊ ဗျာဟရိတုကာမတာယ၊ ဇုရိယာပထံ ကပ္ပေတုကာမ တာယ သတိ ရူပံ ခါဒတိ ဝိဝတိ ဗျာဟရတိ ဇုရိယာပထံ ကပ္ပေတိ။လ။ဧဝမေဝ နာမမ္ပိ နိတ္တေဇံ နဿကေန တေဇေန ဥပ္ပဇ္ဇတိ၊ နဿတာသု ကြိယာသု ပဝတ္တတိ၊ ရူပမ္ပိ နိတ္တေဇံ နဿကေန တေဇေန ဥပ္ပဇ္ဇတိ၊ နဿတာသု ကြိယာသု ပဝတ္တတိ၊ နစ တေသံ အညမညံ နိဿာယ ဥပ္ပတ္တိဝါ ပဝတ္တိဝါ နဟောတိ။—ဟု မိန့်ဆိုတော်မူ၏။

ဝိတ္ထာရဖြစ်မည်စိုးဖြင့် ပါဠိကို ပေယျာလနှင့် ရေးလိုက်သည်၊ အကျယ်ကို အလိုရှိမူ ၎င်းဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒိဋ္ဌဝိသုဒ္ဓိနိဒ္ဒေသမှာ ကြည့်လေ။

မှတ်ချက်—၎င်း အဋ္ဌကထာနှိုက် နာမ်တရားက ခဲစားလို သောက်လို စကားပြောဆိုလို သွားလို ရပ်လို ထိုင်လို အိပ်လိုသည် ရှိသော် ယောကျ်ား,မိန်းမ ခဲစား၏၊သောက်၏၊စကားပြောဆို၏၊ သွားခြင်း စသော ဇုရိယာပုထ်ကို ပြု၏ဟု မဆို။ "နာမဿ ခါဒိတုကာမ တာယ။လ။သတိ ရူပံ ခါဒတိ၊ ပိဝတိ၊ ဗျာဟရတိ၊ ဇုရိယာပထံ ကပ္ပေတိ" ဟု ရုပ်စား၏၊ သောက်၏၊ စကားပြောဆို၏၊ ဇုရိယာပုထ်ကို ပြု၏ဟူ၍သာ ဖွင့်ဆိုတော်မူသောကြောင့် ၎င်းအဋ္ဌကထာပါဠိ ဖြင့်လည်း ပြုလုပ်မှုစသော ကိစ္စဟူသည် ပညတ် ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား,မိန်းမတို့၏ ပြုလုပ်မှုစသော ကိစ္စမဟုတ်၊ ပရမတ္ထဓမ္မဖြစ်သော နာမ်,ရုပ်တရားတို့၏ ပြုလုပ်မှုစသော ကိစ္စ ဖြစ်ကြောင်းကို ထင်ရှား သိရလေသည်။

အနက် အပိစ၊နည်းတပါးကို။ မယာ၊ငါသည်။ ဝုစ္စတေ၊ဆိုဦးအံ့။ ဇဇ္ဈ၊ ဤ ရုပ်,နာမ်တရား နှစ်ပါးတို့တွင်။ နာမံ၊ နာမ်သည်။ နိတ္တေဇံ၊ တန်းခိုးအစွမ်း မရှိ။ သကေန၊ မိမိဥစ္စာဖြစ်သော။ တေဇေန၊ တန်းခိုးအစွမ်း ဖြင့်။ ပဝတ္တိတုံ၊ ဖြစ်ခြင်းငှါ။ နသက္ကောတိ၊ မစွမ်းနိုင်။ နခါဒတိ၊ မခဲစားနိုင်။ နံပိဝတိ၊ မသောက်နိုင်။ နဗျာဟရတိ၊ စကားမပြောဆိုနိုင်။ ဇုရိယာပထံ၊ ဇုရိယာပုထ်ကို။ နကပ္ပေတိ၊မပြုနိုင်။ ရူပမ္ပိ၊ရုပ်သည်လည်း။ နိတ္တေဇံ၊တန်းခိုး အစွမ်းမရှိ။ သကေန၊မိမိဥစ္စာဖြစ်သော။ တေဇေန၊တန်းခိုးအစွမ်းဖြင့်။ပဝတ္တိတုံ၊ဖြစ်ခြင်းငှါ။ နသက္ကောတိ၊မစွမ်းနိုင်။ ဟိသစ္စံ၏။ တဿ၊ထိုရုပ်တရား၏။

ခါဒိတုကာမတာ၊ခဲစားလိုသည်၏အဖြစ်သည်။ နအတ္ထိ၊မရှိ။ ပိဝိတုကာမတာ၊ သောက်လိုသည်၏အဖြစ်သည်။နာပိအတ္ထိ၊ ရှိလည်းမရှိ။ဗျာဟရိတုကာမတာ၊ စကားပြောဆိုလိုသည်၏ အဖြစ်သည်။နအတ္ထိ၊မရှိ။ဣရိယာပထံ၊ဣရိယာပုထ်ကို။ကပ္ပေတုကာမတာ၊ပြုလိုသည်၏အဖြစ်သည်။နအတ္ထိ၊မရှိ။အထခေါ၊စင်စစ်သော်ကား။ နာမံ၊နာမ်တရားကို။ နိဿာယ၊အမှီပြု၍။ ရူပံ၊ရုပ်တရားသည်။ ပဝတ္တတိ၊ ဖြစ်၏။ ရူပံ၊ ရုပ်တရားကို။ နိဿာယ၊ အမှီပြု၍။ နာမံ၊နာမ်တရားသည်။ ပဝတ္တတိ၊ဖြစ်၏။ နာမဿ၊ နာမ်တရား၏။ ခါဒိတုကာမတာယ၊ ခဲစားလိုသည်၏ အဖြစ်သည်။ ပိဝိတုကာမတာယ၊သောက်လိုသည်၏အဖြစ်သည်။ ဗျာဟရိတုကာမတာယ၊စကားပြောဆိုလိုသည်၏ အဖြစ်သည်။ ဣရိယာပထံ၊ ဣရိယာပုထ်ကို။ ကပ္ပေတုကာမတာယ၊ပြုခြင်းငှါ အလိုရှိသည်၏အဖြစ်သည်။ သတိ၊ ရှိလတ်သော်။ ရူပံ၊ ရုပ်သည်။ ခါဒတိ၊ခဲစား၏။ ပိဝတိ၊ သောက်၏။ ဗျာဟရတိ၊စကားပြောဆို၏။ ဣရိယာပထံ၊ဣရိယာပုထ်ကို။ ကပ္ပေတိ၊ပြု၏။ ။လ။ဧဝမေဝ၊ ဤအတူသာလျှင်။ (ၾင်းဖြင့် သူကာဏ်း, သူကျိုး ဥပမာကို ပြသည်)။ နာမမ္ပိ၊ နာမ်တရားသည်လည်း။ နိတ္တေဇံ၊ တန်းခိုးအစွမ်း မရှိ။ သကေန၊မိမိဥစ္စာဖြစ်သော။ တေဇေန၊တန်းခိုးအစွမ်းဖြင့်။ နဥပ္ပဇ္ဇတိ၊မဖြစ်။ တာသုတာသုကြိယာသု၊ထိုထိုသို့သော ပြုလုပ်မှုကိစ္စ ကြိယာတို့၌ကုန်။ နပဝတ္တတိ၊မဖြစ်။ ရူပမ္ပိ၊ရုပ်တရားသည်လည်း။ နိတ္တေဇံ၊တန်းခိုးအစွမ်းမရှိ။ သကေန၊ မိမိဥစ္စာဖြစ်သော။ တေဇေန၊ တန်းခိုးအစွမ်းဖြင့်။ နဥပ္ပဇ္ဇတိ၊ မဖြစ်။ တာသု တာသုကြိယာသု၊ ထိုထိုသို့သော ပြုလုပ်မှုကိစ္စ ကြိယာတို့၌ကုန်။ နပဝတ္တတိ၊ မဖြစ်။ စ၊ အနွယကို ဆိုဦးအံ့။ တေသံ၊ ထိုနာမ်,ရုပ်တရားတို့၏။ အညမညံ၊ အချင်းချင်း။ ဝါ၊တပါးသည် တပါးကို။ နိဿာယ၊မှီ၍။ ဥပ္ပတ္တိဝါ၊ဖြစ်ခြင်းသည်ၾင်း။ ပဝတ္တိဝါ၊ ကည်ခြင်းသည်ၾင်း။ နဟောတိ၊ မဖြစ်သည်ကား။ န၊မဟုတ်။ ဟောတိဧဝ၊ဖြစ်သည်သာလျှင်တည်း။

ပရမတ္ထဓမ္မ နာမ်,ရုပ်တရားတို့သည် နိတ္တေဇဖြစ်၍ ခါဒန,ပိဝန စသည်မှ တပါး သဒ္ဓါ ယုံကြည်မှု အားထုတ်မှုစသည် မရှိသည်မဟုတ်လောဟု စောဒနာမူ ပရမတ္ထဓမ္မဟူသည် ဂမ္ဘီရ,သဏှ,သုခုမဖြစ်၍ ပစ္စယဝိသေသအကြောင်းထူးအား လျော်စွာ ယူရသောကြောင့် နာမ်တရားသည် ခါဒန, ပိဝနစသော ကိစ္စမှ တပါးကုန်သော သဒ္ဓါ ယုံကြည်မှု အားထုတ်မှု စသည်တို့နှင်က် တန်းခိုး

အစ္ဓမ်းသတ္တိ မရှိဟူ၍ ဆိုခြင်းငှါ မတတ်ကောင်း။ ရုပ်တရားသည်လည်း ကောင်းစွာ ဆောင်မှု ဖဲ့မှုကိစ္စ စသည်တို့နှိုက် တန်းခိုးအစ္ဓမ်းသတ္တိ မရှိဟူ၍ ဆိုခြင်းငှါ မတတ်ကောင်း။ ထိုကြောင့် ပရမတ္ထနာမ်တရားနှိုက် ဖြစ်သင့်သည် အား လျော်စွာ သဒ္ဓါ ယုံကြည်မှုကိစ္စ အားထုတ်မှုကိစ္စ စသည်ရှိ၏။ရုပ်တရား နှိုက်လည်း ကောင်းစွာဆောင်မှုကိစ္စ ဖဲ့မှုကိစ္စ စသည်ရှိ၏ဟု မှတ်အပ်၏။

မှတ်ချက်—ဤအရာနှိုက် သဒ္ဓါ ယုံကြည်မှုကိစ္စ အားထုတ်မှုကိစ္စ စသည် ကိုငင်း၊ ရုပ်၏ ကောင်းစွာဆောင်မှု ဖဲ့မှုကိစ္စ စသည်ကိုငင်း အကျယ် အားဖြင့် ဆိုခွင့်ရောက်သော်လည်း ဝိတ္ထာရဖြစ်မည်ဖြစ်၍ မရေးလိုက် သတည်း။ ထိုကြောင့် ဝိသုဒ္ဓိမဂ်ဋီကာနှိုက်—

> န ဟိ အညထာ သဒ္ဓဟနသာဟနာဒိသု နာမံ နိတ္ထေဇန်ဿ သက္ကာ ဝတ္တုံ၊ နာဝိ ရူပံ သန္ဓာရဏာ ဗန္ဓနာဒိသု။—ဟု ဖွင့်ပြတော်မူ၏။

အနက် ဟိသစ်၊၏။ အညထာ အညေသု၊ခါဒန ပိဝနစသည်မှ တပါးကုန်သော။ သဒ္ဓဟနသာဟနာဒိသု၊ ယုံကြည်မှုကိစ္စ အားထုတ်မှုကိစ္စ စသည်တို့နှိုက်။ဝါ၊ယုံကြည်ခြင်း အားထုတ်ခြင်း စသည်တို့နှိုက်။(ခြင်းကိုပင် နောက်ဆရာမျှားက အမှုဟု ရေးကြသည် အတူတူပင်တည်း)။ နာမံ၊ နာမ်တရားကို။ နိတ္တေဇန်၊တန်းခိုး အစ္ဓမ်း သတ္တိ မရှိဟူ၍။ ဝတ္တုံ၊ဆိုခြင်းငှါ။ နသက္ကာ၊မတတ်ကောင်း။ ရူပံ၊ရုပ်တရားကို။ သန္ဓာရဏာဗန္ဓနာဒိသု၊ကောင်းစွာ ဆောင်မှုကိစ္စ ဖဲ့မှုကိစ္စ စသည်တို့နှိုက်။ ဝါ၊ကောင်းစွာဆောင်ခြင်း ဖဲ့ခြင်း စသည်တို့နှိုက်။ နိတ္တေဇန်၊ တန်းခိုးအစ္ဓမ်းသတ္တိ မရှိဟူ၍။ ဝတ္တုံ၊ ဆိုခြင်းငှါ။ နာပိသက္ကာ၊တတ်လည်း မတတ်ကောင်း။

အောက်ကပြဆိုခဲ့ပြီးသော စကားတို့ကို နိသတ္တ,နိဇ္ဇီဝ,နိဗျာပါရ,နိရီဟက ဟူသောစကားနှင့် မဆန့်ရအောင် ဝိပဿနာ ရှုနည်းအားဖြင့် နိဂုံးအုပ်၍ ပြဦးအံ့။

ပညတ် ပုဂ္ဂိုလ်,သတ္တဝါတို့နှိုက် သတ္တိဗျာပါရ မရှိ၊ သွားမှု လာမှု ပြုလုပ်မှု စသော ကိစ္စလည်း မရှိဟု သာဓကနှင့်တကွ ပြဆိုခဲ့ခြင်းသည် ပုဂ္ဂိုလ်,သတ္တဝါဟူသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ လောကဝေါဟာရ ပညတ်မျှသာဖြစ်၍

လုံးလုံး မရကောင်းသောကြောင့် မုချအားဖြင့် ပြဆိုအပ်သည်ဟုမှတ်၊ ပုဂ္ဂိုလ်သတ္တဝါဟူသော ပညတ်လည်း တခြားတပါး၊ ခန္ဓာစသော ပရမတ္ထဓမ္မလည်း တခြားတပါးဟူ၍လည်း မှတ်အပ်၏။ အောက်က သာဓကနှင့်တကွ ပရမတ္ထဓမ္မတို့နှိုက် သွားမှု လာမှု ပြုလုပ်မှုစသော ကိစ္စရှိ၏ဟု ဆိုခဲ့ပြီးသောစကားကို နာမ်တရားချည့်သက်သက် ရုပ်တရားချည့်သက်သက် နိဗ္ဗာန်တွေဇ, နိဗ္ဗာန, နိရီဟကဖြစ်သော အခိုက်အတန့်ကာလကို ရည်၍ သန္ဓာယဘာသိတ အားဖြင့် မဆိုအပ်။ စင်စစ်အားဖြင့်ကား နာမ်,ရုပ်တရား နှစ်ပါးတို့သည် ပစ္စယဝိသေသကြောင့် အချင်းချင်း ရောစပ်မိ၍ တပါးသည် တပါးအား ကျေးဇူးပြုသဖြင့် သဘာဝဓမ္မအား လျော်စွာ ဖြစ်ပေါ်လာသော အခိုက်အတန့်ကာလကိုရည်၍ ဥပစာနည်းအားဖြင့် ဆိုအပ်၏။ အဘယ်ကြောင့်နည်းဟူမူကား ထိုသွားမှု လာမှု ပြုလုပ်မှု စသည်တို့သည် နာမ်,ရုပ်တရားနှင့် ကင်း၍လည်း မဖြစ်နိုင်၊ ထို နာမ်,ရုပ်တရားတို့၏ တန်းခိုး အစွမ်းသတ္တိ အကျိုးဆက် အာနိသံသဖြစ်သောကြောင့်၎င်း၊ ပုဂ္ဂိုလ်,သတ္တဝါ မရှိသဖြင့် နာမ်,ရုပ်တရားမှတပါး သွားမှု လာမှု ပြုလုပ်မှုစသော ကိစ္စတို့ကို ပြီးစေတတ်သော တပါးသောတရား မရှိသောကြောင့်၎င်း၊ ပရမတ္ထဓမ္မသည် နိဗ္ဗာန,နိရီဟကဖြစ်၍ ပစ္စယဝိသေသကြောင့် ဖြစ်၏ဟုဆိုသော်လည်း ထိုပစ္စယဝိသေသသည်လည်း နာမ်,ရုပ်တရားမှ တခြားတပါး မဟုတ်၊ ၎င်းနာမ်,ရုပ်တရားပင်လျှင် ဖြစ်သောကြောင့်၎င်း၊ ဝိပဿနာ ရှုနည်းအားဖြင့် နိဗ္ဗာန,ရဟု ဆိုခြားသော်လည်း ထိုနာမ်,ရုပ်တရားနှစ်ပါးသည် ပေါင်းယှဉ်မိသောအခါ ဝိဇ္ဇမာနဓမ္မဖြစ်သည်အား လျော်စွာ သတ္တိဗျာပါရမှု ထင်ရှားပေါ်ပေါက်၍ လာသောကြောင့်၎င်း ပရမတ္ထဓမ္မနှိုက် သွားမှု လာမှု ပြုလုပ်မှုစသော ကိစ္စရှိ၏ဟူ၍ ရုဋ္ဌိပစာအားဖြင့် မှတ်အပ်၏။ ပရမတ္ထဓမ္မမျှနှိုက် သွားမှု လာမှုစသော မိမိကိစ္စကို ပြီးစေရာနှိုက် ဥပမာအားဖြင့် သစ်သားယန္တရား ရုပ်သည် ဇီဝအသက်ပင် မရှိငြားသော်လည်း ထိုသစ်သားယန္တရားရုပ်နှိုက် တပ်ဆင်ဖွဲ့ချည်၍ ထားအပ်သော ကြိုးငယ်နှင့် ယှဉ်သည်၏အစွမ်းဖြင့် ထိုယန္တရားကြိုးငယ်ကို ဆွဲငင်သည်ရှိသော် သွားလည်း သွား၏၊ ရပ်လည်း ရပ်၏၊ ထိုင်လည်း ထိုင်၏၊ ကလည်း က၏၊ ထိုအခါ ထိုယန္တရားသစ်သား ယမင်းရုပ်၏ အားထုတ်မှု အမူအရာ ဗျာပါရဟု ထင်ရဘိသကဲ့သို့၊ ထိုအတူ ပရမတ္ထဓမ္မဖြစ်သော နာမ်,ရုပ်တရားသည် အကြောင်း

ဖြစ်သော ပစ္စယဝိသေသနှင့် မပေါင်းယှဉ်မီ အသီးအသီး နာမ်သက်သက် ရုပ်သက်သက် အခိုက်အတန့်ကာလနှိုက် နိသတ္တ,နိဇီဝ,နိဗျပါရဖြစ်သော်လည်း အချင်းချင်း ပေါင်းယှဉ်မိ၍ ပစ္စယဝိသေသနှင့် ယှဉ်သောခါ သွားလည်း သွား၏၊ ရပ်လည်း ရပ်၏၊ ထိုင်လည်း ထိုင်၏၊ ပြုလုပ်မှုစသော ကိစ္စတို့ကို ပြီးစေ၏၊ ထိုအခါ ကြောင့်ကြအားထုတ်မှု အမှုအရာ ဗျာပါရရှိသကဲ့သို့ ထင်ကြ ရ၏ဟု မှတ်။ ထိုကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသနှိုက်—

တသ္မာ ယထာ ဒါရုယန္တံ သုညံ နိဇ္ဇီဝံ နိရီဟကံ၊ အထစ ပန ဒါရုရဇ္ဇုကာ သမာယောဂဝသေန ဂစ္ဆတိဝိ တိဋ္ဌတိဝိ၊ သဉ္ဇိဟကံ သဗျာပါရံ ဝိယ ခါယတိ၊ ဧဝ မိဒံ နာမရူပမ္ပိ သုညံ နိဇ္ဇီဝံ နိရီဟကံ၊ အထစ ပန အညမညသမာယောဂဝသေန ဂစ္ဆတိဝိ တိဋ္ဌတိဝိ၊ သဉ္ဇိဟကံ သဗျာပါရံ ဝိယ ခါယတိတိ၊ တေနာဟု ပေါရာဏာ—

နာမဉ္စ ရူပဉ္စ ဇဂတ္ထိ သစ္စတော၊
နဟေတ္ထ သတ္တော မနုဇော၀ိဇ္ဇတိ။
သုညံ ဇုဒံ ယန္တမိဝါတိ သခ်ံတံ၊
ဒုက္ခဿ ပုဉ္ဇော တိဏကဋ္ဌ သာဒိသောတိ။—ဟု
မိန့်ဆိုတော်မူ၏။

အနက် တသ္မာ၊ထိုသို့ အသို့မဟူ၍ အဟံဟူ၍ ယူခြင်း စွဲလန်းခြင်း၏ ဝတ္ထု ဖြစ်သောသတ္တဝါမည်သည်မရှိ ပရမတ္ထအားဖြင့် နာမ်,ရုပ်မျှသာ ဖြစ်သောကြောင့်။ ဒါရုယန္တံ၊ သစ်သားယန္တရားရုပ်သည်။ သုညံ၊ အတ္တမှ ဆိတ်၏။ နိဇ္ဇီဝံ၊အသက်မရှိ။ နိရီဟကံ၊အားထုတ်ခြင်းလုံ့လမရှိ။ အထစပန၊ ထိုသို့ သတ္တ,သုည,နိဇ္ဇီဝ ဖြစ်လျက်လည်း။ တံ၊ထိုသစ်သားယန္တရားရုပ်သည်။ (ထည့်)။ ဒါရုရဇ္ဇုကသမာယောဂဝသေန၊ သစ်သားယန္တရားရုပ်နှိုက် ဖွဲ့အပ်သော ယန္တရားကြိုးငယ်နှင့် ယှဉ်သည်၏အစွမ်းအားဖြင့်။ ဂစ္ဆတိပိ၊သွားလည်း သွား၏။ တိဋ္ဌတိပိ၊ ရပ်လည်း ရပ်၏။ နစ္စတိပိ၊ ကလည်း က၏။ (ထည့်)။ သဉ္ဇိဟကံဝိယ၊အားထုတ်ခြင်း လုံ့လနှင့် တကွဖြစ်သကဲ့သို့။ သဗျာပါရံဝိယ၊ အမှုအရာ ဗျာပါရနှင့် တကွဖြစ်သကဲ့သို့။ ခါယတိယထာ၊ထင်သကဲ့သို့။ ဧဝံ

တထာ၊ကျိအတူ။ ကွဲနာမရူပမို၊ကျိနာမ်,ရုပ်သည်လည်း။ သုညံ၊အတ္တာမှဆိတ်၏။ နိဇ္ဇီဝံ၊ဇီဝမှ ကင်း၏။ နိရိဟကံ၊အားထုတ်ခြင်း လုံ့လမှ ကင်း၏။ အထစပန၊ထိုသို့ သုည,နိဇ္ဇီဝ,နိရိဟကဖြစ်သော်လည်း။အညမညသမ္ဘယောဂဝသေန၊ အချင်းချင်း အညီအညွတ် ပေါင်းယှဉ် ရောရှက်သည်၏ အစွမ်းအားဖြင့်။ ဂစ္ဆတိပိ၊ သွားလည်း သွား၏။ တိဋ္ဌတိပိ၊ ရပ်လည်း ရပ်၏။ သဂျိဟကံဝိယ၊ အားထုတ်ခြင်း လုံ့လနှင့် တကွဖြစ်သကဲ့သို့။ သဗျာပါရံဝိယ၊ အမှုအရာဗျာပါရနှင့် တကွဖြစ်သကဲ့သို့။ ခါယတိ၊ထင်၏။ တေန၊ထိုကြောင့်။ ပေါရာဏာ၊ ရှေးဆရာတို့သည်။ “နာမဥ္စ။လ။သာဒိသော”တိ၊ ဟူ၍။ အာဟု၊ ဆိုကုန်၏။

ကွဲမ၊ကျိခန္ဓာဟူသော လောကနှိုက်။ သစ္စတော၊အမှန်အားဖြင့်။ နာမဥ္စ၊ နဲ့ာမ်သည်၎င်း။ ရူပဥ္စ၊ ရုပ်သည်၎င်း။ အတ္ထိ၊ ရှိ၏။ ဟိသစ္စံ၊၏။ ဇွတ္ထ၊ကျိနာမ်,ရုပ်နှိုက်။ သတ္တောစ၊ သတ္တဝါမည်သည်၎င်း။ မနုဇောစ၊ လူမည်သည်၎င်း။ နဝိဇ္ဇတိ၊မရှိ။ ကွဲဒုယံ၊ ကျိနာမ်,ရုပ်နှစ်ပါးအပေါင်းသည်။ သုညံ၊ သတ္တဇီဝမှဆိတ်၏။ အဘိသခ်ံတံ၊ယန္တရားကြိုးငယ် တည်းဟူသော အကြောင်းထူးသည်ပြုပြင်အပ်သော။ယန္တမိဝ၊သစ်သား ယန္တရားရုပ်ကဲ့သို့။ပစ္စယဝိသေသဝသေန၊ အကြောင်းထူး၏ အစွမ်းဖြင့်။ ပဝတ္တတိ၊ဖြစ်၏။ (ထည့်)။ နိစ္စာတုရတာယ၊ အမြဲ ကျင်နာသည်၏ အဖြစ်ကြောင့်။ ဒုက္ခဿ၊ဆင်းရဲခြင်း၏။ ပုဉ္ဇော၊အစုမျှသာတည်း။ အတ္တာသုညတာယ၊ အတ္တာမှဆိတ်သည်၏ အဖြစ်ကြောင့်။ တိဏာကဋ္ဌသာဒိသော၊မြက်,ထင်းတုံးနှင့် တူ၏။

ဎင်းဝိသုဒ္ဓိမဂ်ဋီကာနှိုက်လည်း—

(က) ဣဒါနိ နာမရူပမတ္တေဝိ ဂမနာဒိ အတ္တကိစ္စ သိဒ္ဓိံ ဒဿေတုံ တသ္မာတိအာဒိ ဝုတ္တံ၊ တတ္ထ တသ္မာတိ ယသ္မာ အသ္မိတိဝါ အဟန္တိဝါ ဂါဟဿ ဝတ္ထုဘူတော သတ္တောနာမ နတ္ထိ၊ ပရမတ္ထတော နာမရူပမတ္တမေဝ။ သစေ ကောစိ အတ္တာနာမ နတ္ထိ၊ ကထမိဓ နာမရူပမတ္တေ ဂမနာဒိ အတ္တကိစ္စ သိဒ္ဓိတိ စောဒနံ သန္ဓာယာဟ ဒါရုယန္တာဒီ အာဒိ။ ခါယတီတိ ဇေတေန ယထာ နိဇ္ဇီဝေ ဒါရုမယယန္တေ အဘ္ဘန္တရေ ဝတ္တမာနဿ ဇိယဿ ဝသေန သဂျိဟဿ သဗျာပါရဿ ဝိယ

ဥပဒ္ဒာနမတ္တံ ပစ္စယဝိသေသတော၊ ဧဝံ နိဒ္ဒိဝေ နာမရူပမတ္တေ ပစ္စယဝိသေသတော ဂမနာဒိ အတ္တကိစ္စ သိဒ္ဓိတိ သဉ္ဇ်ဟာသ သဗျာပါရသ ဝိယ ဥပဒ္ဒာနန္တိ ဒသေတိ။—ဟု ဖွင့်ပြတော်မူ၏။

ဤဦးကာပါဠ်ဖြင့် ပရမတ္ထအားဖြင့် ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝ မရှိသည်ရှိသော် အထည်ဝတ္ထုမရှိသော ပရမတ္ထနာမ်,ရုပ်မျှန်ုိက် အဘယ်မှာလျှင် သွားခြင်း လာခြင်း အစရှိသော မိမိကိစ္စ ပြီးစေနိုင်အံ့နည်းဟူသော စောဒနာခြင်းကို နှလုံးသွင်း၍ သစ်သားယန္တရား ယမင်းရုပ်ကဲ့သို့၊ ပုဂ္ဂလ,သတ္တ,အတ္တ, ဇီဝ မရှိသော်လည်း ပရမတ္ထဖြစ်သော နာမ်,ရုပ်မျှန်ုိက် ပစ္စယဝိသေသအားဖြင့် သွားမှု လာမှုစသော မိမိ ဟုဆိုအပ်သော ပရမတ္ထဓမ္မ၏ ဖြစ်ခြင်းကိစ္စကို ပြီးစေသောကြောင့် ပုဂ္ဂိုလ်,သတ္တဝါတို့သည် ဥဿာဟ ဗျာပါရ မရှိသော်လည်း ဥဿာဟ ဗျာပါရ ရှိသကဲ့သို့ ရှိသယောင်ယောင် ထင်မှတ်ကြရ၏ ဟူသော အဓိပ္ပါယ်ကို ထင်စ္ဘာပြသည်။

မှတ်ချက်—ဤပြဆိုအပ်ပြီးသော အဋ္ဌကထာ,ဋီကာဖြင့် ဝိပဿနာရှုသော အရာဌာနကို ပြသည်၊ အကယ်၍ ပုဂ္ဂိုလ်,သတ္တဝါနှိုက်လည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် သွားမှု လာမှုစသော ကိစ္စမရှိ၊ ပရမတ္ထဓမ္မနှိုက်လည်း နိသတ္တ, နိဇီဝ, နိရီဟက, နိဗျာပါရဖြစ်သောကြောင့် သွားမှု လာမှုမရှိဟု အဓိပ္ပါယ်ကိုယူခဲ့သည်ရှိသော် အဘယ်မှာလျှင် သွားမှု လာမှုစသော ကိစ္စရှိနိုင်ဟော့အံ့နည်း၊ သွားမှု လာမှုစသော ကိစ္စမရှိဟူသော အပြစ်ဒေါသ ရောက်ခဲ့ရာ၏၊ သွားမှု လာမှုစသော ကိစ္စသည် ထင်ရှားရှိလည်း ရှိ၏။ ထိုကြောင့်—

(ခ) အဘိဓမ္မေ ဒုပ္ပဋိပန္နော ဓမ္မစိန္တံ အတိဓာဝန္တော အစိန္တေယျာနိဝိ စိန္တေတိ၊ တတော စိတ္တက္ခေပံ ပါပုဏာတိ။—ဟူ၍ဎင်း၊

(ဂ) အစိန္တေယျသဘာဝါ ဟိ သဘာဝဓမ္မာ။—ဟူ၍ဎင်း၊

အဋ္ဌကထာ, ဋီကာဆရာတော်တို့ ဖွင့်ပြတော်မူကြသည်နှင့်အညီ ပရမတ္ထ ဓမ္မဟူသည် မကြံစည်အပ် မကြံစည်နိုင် မကြံစည်ကောင်းသော သဘောဓမ္မ ကြီး ဖြစ်သည်အား လျော်စွာ ဉာဏ်သေး ဉာဏ်ဖဲ့ ဉာဏ်နုတ်တို့ဖြင့် ကြံစည် ခြင်းကို အလွန်မပြေးစေမူ၍ ပါဠို,အဋ္ဌကထာ,ဋီကာဆရာတို့ပြဆိုတော်မူတိုင်း ကိုသာ အရာဌာနအား လျော်စွာ မှတ်ယူသင့်သောကြောင့် "နိဗ္ဗိဝေ နာမ ရူပမတ္တေ ပစ္စယဝိသေသတော ဂမနာဒိ အတ္တကိစ္စ သိဒ္ဓိ" ဟူသော ဋီကာ။ "သဗ္ဗန္တံ စိတ္တေနေဝ ကရိယတိ" ဟူသော အဋ္ဌသာလိနီတို့နှင့်အညီ ပရမတ္ထဓမ္မမှ တပါး သွားမှု လာမှုစသော ကိစ္စကို ပြီးစေတတ်သော တရားမရှိရကား ရုဋ္ဌိ ပစ္စာအားဖြင့်၎င်း၊ အဘေဒဘေဒူပစာအားဖြင့်၎င်း ပရမတ္ထဓမ္မ၏ သွားမှု လာမှုစသောကိစ္စပေတည်းဟူ၍ မှတ်ယူသင့် မှတ်ယူထိုက်ပေ၏။ ပညတ်ပုဂ္ဂိုလ် သတ္တဝါသည် ပရမတ္ထအားဖြင့် မရှိ၊ ဝေါဟာရပညတ်မျှသာ ဖြစ်၍ သွားမှု လာမှုစသောကိစ္စကို ပြီးစေတတ်သော တန်းခိုးအစွမ်းသတ္တိမရှိရကား ပညတ် ပုဂ္ဂိုလ်,သတ္တဝါတို့၏ သွားမှု လာမှုစသော ကိစ္စမဟုတ်ဟု မှတ်ယူအပ်၏။

အနက် (က) ဣဒါနိ၊ယခုအခါနှိုက်။ နာမရူပမတ္တေပိ၊နာမ်,ရုပ်မျှဖြစ်သော်လည်း။ ဂမနာဒိအတ္တကိစ္စသိဒ္ဓိံ၊ သွားခြင်း အစရှိသော မိမိ၏ ကိစ္စပြီးခြင်းကို။ ဒဿေတုံ၊ ပြတော်မူခြင်းငှါ။ တသ္မာတိအာဒိ၊ တသ္မာ ဤသို့ အစရှိသည်ကို။ အာစရိယေန၊အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ဆိုအပ်၏။ တတ္ထတသ္မိံ ဝစနေ၊ ထိုတသ္မာ အစရှိသော စကားနှိုက်။ တသ္မာတိ၊ တသ္မာ ဟူသည်ကား။ ယသ္မာ၊ အကြောင်းကြောင့်။ အသ္မိတိဝါ၊ အသ္မိဟူ၍၎င်း။ ဝါ၊ငါ ဖြစ်၏ဟူ၍၎င်း။အဟန္တိဝါ၊အဟံဟူ၍၎င်း။ဝါ၊ငါဟူ၍၎င်း။ဂါဟဿ၊သက္ကာယ ဒိဋ္ဌိဖြင့် စွဲလန်း၍ ယူခြင်း၏။ ဝတ္ထုဘူတော၊ဝတ္ထု ဖြစ်၍ဖြစ်သော။ သတ္တော နာမ၊ သတ္တမည်သည်။ နတ္ထိ၊ မရှိ။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ နာမရူပ မတ္တမေဝ၊နာမ်,ရုပ်မျှသည်သာလျှင်တည်း။တသ္မာ၊ကြောင့်။ကောစိ၊တစုံတခု သော။ အတ္တာနာမ၊အတ္တမည်သည်။ သစေနတ္ထိ၊အကယ်၍ မရှိသည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ မရှိသည်ရှိသော်။ ဣဓနာမရူပမတ္တော၊ ဤ နာမ်,ရုပ်မျှနှိုက်။ ဂမနာဒိအတ္တကိစ္စသိဒ္ဓိ၊သွားခြင်းအစရှိသော မိမိ ဟုဆိုအပ်သော နာမ်,ရုပ်၏ ဖြစ်ခြင်းကိစ္စ၏ ပြီးခြင်းသည်။ကထံဟောတိ၊အသို့ဖြစ်သနည်း။ဣတိစောဒနံ၊

ဤသို့သော စောဒနာခြင်းကို။ သန္ဓေဃ၊ရည်၍။ ရုဒါယန္တန္တိအာဒိ၊ဒါရုယန္တံ ဤသို့ အစရှိသည်ကို။ အာစရိယော၊ အဋ္ဌကထာဆရာသည်။ အာဟ၊ မိန့်ဆို တော်မူ၏။ ခါယတီတိ ဇေတန၊ခါယတိဟူသောပုဒ်ဖြင့်။ နိဇ္ဇီဝေ၊အသက်မရှိ သော။ ဒါရုမယယန္တေ၊ သစ်သားဖြင့် ပြုအပ်သော ယန္တရားယမင်းရုပ်နှိုက်။ အဘ္ဘန္တရေ၊အတွင်းနှိုက်။ဝတ္တမာနဿ၊ဖြစ်သော။ ဇီယဿ၊သို့ကြိုး၏။ဝသေန၊ အစွမ်းအားဖြင့်။ သဤဟာဿဝိယ၊ အားထုတ်ခြင်းနှင့် တကွဖြစ်သကဲ့သို့။ သဗ္ဗာပါရဿဝိယ၊ အမှုအရာ ဗျာပါရနှင့် တကွဖြစ်သကဲ့သို့။ ပစ္စယဝိသေသ တော၊ အကြောင်းထူးအားဖြင့်။ဥပဋ္ဌာနမတ္တံ၊ထင်ရခါမျှသည်။ ဟောတိဝိယ၊ ဖြစ်သကဲ့သို့။ ဇဝံတထာ၊ ထိုအတူ။ နိဇ္ဇီဝေ၊ အသက်မှ ကင်းသော။ နာမရူပ မတ္တော၊ နာမ်,ရုပ်မျှနှိုက်။ ပစ္စယဝိသေသတော၊ အကြောင်းထူး အားဖြင့်။ ဂမနာဒိအတ္ထကိစ္စသိဒ္ဓိ၊သွားခြင်း အစရှိသော မိမိ ဟုဆိုအပ်သော နာမ်,ရုပ်၏ ဖြစ်ခြင်းကိစ္စ၏ ပြီးခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သဥဿာဟဿဝိယ၊အားထုတ်ခြင်း လုံ့လနှင့် တကွဖြစ်သကဲ့သို့။ သဗ္ဗာပါ ရဿဝိယ၊ အမှုအရာ ဗျာပါရနှင့် တကွဖြစ်သကဲ့သို့။ ဥပဋ္ဌာနံ၊ ထင်မြင်ရခြင်း သည်။ဟောတိ၊ဖြစ်၏။ဣတိဣမံအတ္ထဇာတံ၊ ဤသို့သော အနက်သဘောကို။ ဒဿေတိ၊ပြ၏။

(ခ) အဘိဓမ္မေ၊ အဘိဓမ္မာန္ဒိုက်။ ဒုပ္ပဋိပန္နော၊ မကောင်းသဖြင့် ကျင့် သော ပုဂ္ဂိုလ်သည်။ ဓမ္မစိန္တံ၊ပရမတ္ထသဘောကို ကြံခြင်းကို။ အတိဓာဝန္တော၊ ရပ်သင့်သော အပိုင်းအခြားနှိုက် မရပ် လွန်၍ပြေးသွားသည်ဖြစ်၍။အစိန္တေ ယျာနိ၊ မကြံစည်အပ် မကြံစည်ထိုက် မကြံစည်ကောင်း မကြံစည်နိုင်သော အရာတို့ကို။ စိန္တေတိ၊ကြံ၏။ တတော၊ထိုမကြံစည်အပ်သော အရာကို ကြံစည် သောကြောင့်။ စိတ္တက္ခေပံ၊စိတ်ပျံလွှင့်ခြင်းသို့။ ပါပုဏာတိ၊ရောက်၏။

(ဂ) ဟိသစ္စံ၊ မှန်၏။ သဘာဝဓမ္မာ၊ ပရမတ္ထသဘောတရားတို့သည်။ အစိန္တေယျသဘာဝါ၊မကြံစည်အပ် မကြံစည်ထိုက် မကြံစည်ကောင်း မကြံ စည်နိုင်သော နက်နဲသော ဂမ္ဘီရသဘောရှိကုန်၏။

၄-စတုတ္ထမုန်ဆာ အဓေြ

၄။ ပရမတ္ထဓမ္မဟူသမျှသည် သဘောအားဖြင့် ဖြစ်ခြင်းကြီယာမျှ သက်သက် ဖြစ်၍ စိတ်ဟူသော ပရမတ္ထနိုက် "စိန္တနမတ္တံ စိတ္တံ" ဟူသော ဘာဝ သာဓနကိုသာလျှင် မုချရကောင်းသော်ကြောင့်ဂင်း၊ "စိန္တေတိတိ စိတ္တံ၊ စိန္တေတိ သမ္ပယုတ္တဓမ္မာ ဧတေနာတိ စိတ္တံ" ဟူသော ကတ္တုသာဓန ကရဏသာဓနတို့ကို ပရိယာယ်အားဖြင့်သာလျှင် ရသင့်သောကြောင့်ဂင်း အထက်ဝိသုဒ္ဓိ မဂ်,ဖိုလ်စခန်းသို့ ရောက်အောင် အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့မှာ မုချရသော ဘာဝသာဓနအရ ပရမတ္ထသဘောကို သာလျှင် ဆင်ခြင် သုံးသပ်အပ်၏ဟု ယူဆပါလျှင် ယထာဘူတ ဖြစ်မဖြစ်ကို သိလိုပါကြောင်းဟု လျှောက်ထားရာနိုက်—

(က) ပထဝိတေဝ အဓိမုစ္စေယျာတိ ထဒ္ဓါကာရံ ပထဝိဓာတ္ဟုတိ သလ္လက္ခေယျ။ ယံ နိဿာယာတိ ယံဝိဇ္ဇမာနံ ထဒ္ဓါကာရံ ပထဝိဓာတုံ နိဿာယ အမုံ ဒါရက္ခန္ဓံ ပထဝိတေဝ အဓိမုစ္စေယျ၊ သာ ဇ္ဈေ ပထဝိဓာတု အတ္ထိတိ။— ဆက္ကနိပါတ် အဋ္ဌကထာ

(ခ) ယသ္မာ ပနေတ္ထ သလက္ခဏ သာမညလက္ခဏ ဝသေန ဓမ္မာနံ အဒဿနတော အန္ဓောဝိယ အဝိဇ္ဇာ။— ဝိသုဒ္ဓိမဂ် ပညာဘူမိနိဒ္ဒေသ

(ဂ) သလက္ခဏ သာမညလက္ခဏ ဝသေနာတိ ဧတေန သဇ္ဇာကာရေန ဓမ္မာနံ ယာထာဝတော အဒဿနမာဟ၊ တဒုဘယ ဝိနိမုတ္တာသ ဓမ္မေသု ပရမတ္ထတော ပဿိတဗ္ဗဘာဝဿ အဘာဝတော။— ဝိသုဒ္ဓိမဂ်ဋီကာ

ဂင်းအထက်ပါ အဋ္ဌကထာ,ဋီကာတို့နိုက် ဝိပဿနာရှုသော ယောဂီပုဂ္ဂိုလ်သည် ပရမတ္ထဓမ္မတို့၏ ကက္ခဋ,ဖုသနစသော ဝိသေသလက္ခဏာ၊ အနိစ္စ,ဒုက္ခ, အနတ္တဟူသော သာမညလက္ခဏာအားဖြင့် ရှုအပ်၏၊ ဂင်းလက္ခဏာနှစ်ပါးမှ လွဲတ်သော ရှုအပ်သော အဖြစ်မရှိဟု ဖွင့်ပြတော်မူသောကြောင့် ဘာဝသာဓနအရ သိခြင်းစသော ကြိယာဟူသည်လည်း ဝိဇ္ဇာနနစသော လက္ခဏာသဘာဝပင် ဖြစ်ရကား ဘာဝသာဓနအရ သိခြင်းစသော ကြိယာကို ရှုဆင်ခြင်ခြင်းငှါ သင့်မြတ်ပေ၏။

သို့သော်လည်း ကထာဝတ္ထုအင်္ဂကထာနှိုက်—

(ဃ) သတ္ထာရာ ဟိ—

ပညတ္တိ် အနတိက္ကမ္မ၊ ပရမတ္ထော ပကာသိတော။
သမညံ နာတိဓာဝေယျ၊ တသ္မာ အညောဝိ ပဏ္ဍိတော။
ပရမတ္ထံ ပကာသေန္တော၊ သမညံ နာတိဓာဝယေ။

မြတ်စွာဘုရားသည် လောကသမ္မုတိပညတ်ကို မလွန်မူ၍ ပရမတ္ထဓမ္မကို ပြတော်မူ၏။ လောကဝေါဟာရ သမ္မုတိပညတ်ကို လွန်၍ မပြေးသွားရာ၊ ထို့ကြောင့် ဘုရားမှ တပါးသော ပညာရှိသည်လည်း ပရမတ္ထဓမ္မကို ပြသည်ရှိသော် လောကဝေါဟာရ သမ္မုတိပညတ်ကို လွန်၍ မပြေးသွားရာဟု ဖွင့်ဆိုတော်မူသည်နှင့်အညီ ဗုဒ္ဓမတည္ထု ဖြစ်တော်မူကုန်သော အင်္ဂကထာ, ဋီကာ ဆရာတို့သည် ပရမတ္ထသဘာဝသည် သိမြင်နိုင်ခဲ့သော ဒုဒ္ဒသ,ဂမ္ဘီရဖြစ်၍ မန္ဒဗုဒ္ဓိတို့ သိမြင်လွယ်စေခြင်း အကျိုးငှါ မြတ်စွာဘုရားသည် သမ္မုတိကထာဒေသနာတော်ကို ဟောတော်မူသကဲ့သို့၊ သမ္မုတိကထာ ဒေသနာဖြင့် ကတ္တုသာဓ်, ကရဏသာဓ်ကို ပြတော်မူကြသောကြောင့်ၵင်း၊ ထို့ကတ္တုသာဓန, ကရဏသာဓန အရကောက်ယူသည်ရှိသော် လက္ခဏ, လက္ခဏဝန္တ, သဘာဝ, သဘာဝဝန္တ, သတ္တိ, သတ္တိမန္တကိုသာလျှင် ကောက်ယူ ရသောကြောင့်ၵင်း၊ သာမညလက္ခဏာအားဖြင့် ရှုရာနှိုက်လည်း "စိတ္တံ အနိစ္စံ ဒုက္ခံ အနတ္တံ ဝိပရိဏာမဓမ္မံ" ဟူ၍ သာမည လောကဝေါဟာရ သမ္မုတိပညတ်အားဖြင့် ရှုသင့်ရှုထိုက်သောကြောင့်ၵင်း ကတ္တုသာဓန, ကရဏသာဓနအရကိုလည်း ဝိပဿနာ ရှုသင့် ရှုထိုက်၏ဟု မုချမှတ်သားအပ်၏။

တနည်း—ပရမတ္ထသဘောမှ လွတ်သော ကတ္တား, ကရိဏ်းမည်သည် မရှိသောကြောင့် ကတ္တုသာဓန,ကရဏသာဓနအရဖြစ်သော ပရမတ္ထဓမ္မကိုလည်း ဝိပဿနာ ရှုသင့် ရှုထိုက်၏ဟု မှတ်အပ်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်ဋီကာနှိုက်—

(ဇ) သဘာဝဓမ္မတော သတ္တာ နတ္ထိတိ ဒဿနတ္ထံ ကတ္တုနိဒ္ဒေသော။—ဟု ဖွင့်ပြ၏။

အဘိဓမ္မတ္ထဝိဘာဝနီဋီကာနှိုက်လည်း—

(စ) တထာ နိဒဿနံ ပန ဓမ္မသဘာဝ ဝိနိမုတ္တာသ ကတ္တာဒိနော အဘာဝ ပရိဒီပနတ္ထန္တိ ဝေဒိတဗ္ဗံ။—ဟု ဖွင့်ပြ၏။

နိဿဂ္ဂိယ ဝိဂြိဟ်ကောက်ပုံကို ပြခြင်း

အာရမ္မဏံ စိန္တေတိတိ စိတ္တံ။—ကတ္တုသာဓန၊စိန္တဓာတ် တပစ္စည်း။ စိန္တဓာတ်၏ အရကား စိတ်၏ အာရမ္မဏဝိဇာနနလက္ခဏာ, အာရမ္မဏဝိဇာနန သဘာဝ,အာရမ္မဏဝိဇာနနသတ္တိ ရ၏။ တပစ္စည်း၏ အရကား လက္ခဏဝန္တ, သဘာဝဝန္တ,သတ္တိမန္တဖြစ်သော စိတ် ရ၏။

စိန္တေန္တိ ဧတေန ကရဏဘူတေန သမ္မယုတ္တဓမ္မာတိ စိတ္တံ။—ကရဏ သာဓန၊ စိန္တဓာတ် တပစ္စည်း။ စိန္တဓာတ်၏အရ ကတ္တုတ္ထကြိယာကား ဖဿ စသော သမ္မယုတ္တဓမ္မသည် မုချအားဖြင့် ရ၏။ တနည်း—ဖဿစသော သမ္မ ယုတ္တဓမ္မတို့၏ အာရမ္မဏဝိဇာနနလက္ခဏာ, သဘာဝ, သတ္တိသည် မုချအား ဖြင့် ရ၏။ ဧတေနဟူသော ကရဏတ္ထကြိယာ၏အရကား စိတ်၏ သဟဇာတ, သမ္မယုတ္တစသော ပစ္စယသတ္တိသည် ဖလူပစာရတ္ထအားဖြင့် ရ၏။

စိန္တနမတ္တံ စိတ္တံ။—ဘာဝသာဓန၊ စိန္တဓာတ် တပစ္စည်း။ စိန္တဓာတ်၏ အရကား စိတ်၏သိခြင်း ကြိယာ ရ၏။ တပစ္စည်း၏ အရကား ၎င်းသိခြင်း ကြိယာပင် ရ၏။ (ဘာဝသာဓနမှာ ဓာတ်အရ ပစ္စည်းအရ အထူးမရှိ)။

ပရမတ္ထဓမ္မ ဟူသမျှတို့နှုိက် ဤနည်းအတူ ဝိဂြိဟ်၏ အရကောက်ကို မှတ် အပ်၏။

သဒ္ဒါဝိဇ္ဇမာန၊ ဝိဂြိဟ်ပြက၊ ဓာတ်အရမှာ၊ လက္ခဏာသဘာဝ၊ ကောက်ရမခ္ဏို၊ ပစ္စည်းဘို့မှာ၊ လက္ခဏာဝန်၊ သဘာဝန်ကို၊ကောန်အရ ညွှန်းသတည်း။—ဟူသော နိယံနှင့်အညီ ကောက်သတည်း။

အနက် (က) ပထဝီတော၀ အဓိမုစ္စယျာတိ၊ပထဝီတော၀ အဓိမုစ္စယျ ဟူသည်ကား။ ထဒ္ဓါကာရံ၊ ကြမ်းထန်းခက်ထန်သော အခြင်း အရာ လက္ခဏာကို။ပထဝီဓာတူတိ၊ပထဝီဓာတ်ဟူ၍ ။သလ္လက္ခဏယျ၊မှတ်ရာ၏။ ယံနိဿာယာတိ၊ ယံနိဿာယဟူသည်ကား။ ဝိဇ္ဇမာနံ၊ ပရမတ္ထအားဖြင့် ထင် ရှားရှိသော။ ထဒ္ဓါကာရံ၊ ကြမ်းထန်းခက်ထန်သော အခြင်းအရာ လက္ခဏာ ရှိသော။ ယံပထဝီဓာတုံ၊ အကြင် ပထဝီဓာတ်ကို။ နိဿာယ၊ မှီ၍။ အမုံ၊

ဤအမည်ရှိသော။ ဒါရုကွဉ္ဇံ၊ သစ်တုံးကို။ ပထဝီတေဝ ပထဝီတိဧဝေ၊ ပထဝီ ဟူ၍သာလျှင်။အဓိမုစ္စေယျ၊မှတ်ရာ၏။ ဝါ၊နှလုံးသွင်းရာ၏။ ဧတ္ထ၊ဤသစ်တုံး နှီးက်။ သာပထဝီ၊ ထိုပထဝီဓာတ်သည်။ အတ္ထိတိ၊ ရှိ၏ဟူ၍။ အဓိမုစ္စေယျ၊ နှလုံးသွင်းရာ၏။ ဝါ၊မှတ်ရာ၏။

(ခ) ပန၊ ထိုမှတပါး။ ဧတ္ထ၊ ဤဘဝစက်နှီးက်။ ဝါ၊ အဝိဇ္ဇာစသည်တို့ တွင်။ သလက္ခဏာ သာမညလက္ခဏဝသေန၊ ကက္ခဋ, ဖုသနစသော မိမိတို့၏ မှတ်ကြောင်းလက္ခဏာ အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော သာမညလက္ခဏာ၏ အစွမ်းအားဖြင့်။ ဓမ္မာနံ၊ပရမတ္ထသဘောတရားတို့ကို။ အဒဿနတော၊မမြင်ခြင်းကြောင့်။ အဝိဇ္ဇာ၊ မောဟ တည်းဟူသော အဝိဇ္ဇာကို။ အန္ဓောဝိယ၊ သူကာဏ်းကဲ့သို့။ ဒဋ္ဌဗ္ဗာ၊မှတ်အပ်၏။

(ဂ) သလက္ခဏာ သာမညလက္ခဏဝသေနာတိ ဧတေန၊သလက္ခဏာ သာမညလက္ခဏဝသေန ဟူသောပါဠိဖြင့်။ သဗ္ဗာကာရေန၊ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ဓမ္မာနံ၊ ပရမတ္ထတရားတို့ကို။ ယာထာဝတော၊ မဖေါက်မပြန် ဟုတ်မှန်သောအားဖြင့်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာ၏။ (ထည့်)။ အဒဿနံ၊ မမြင်ခြင်းကို။ အာဟာ၊ ဆို၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ တဒုဘယ ဝိနိမုတ္တာဿ၊ ထိုနှစ်ပါးသော သလက္ခဏာ, သာမညလက္ခဏာမှ လွတ်သော။ (ပဿိတဗ္ဗဘာဝန္ဒိုက် စပ်)။ ဓမ္မေသု၊ ပရမတ္ထသဘောတရားတို့နှိုက်။ ပရမတ္ထတော၊ပရမတ္ထအားဖြင့်။ ပဿိတဗ္ဗဘာဝဿ၊ ရှုအပ်သည်၏ အဖြစ်၏။ အဘာဝတော၊မရှိခြင်းကြောင့်တည်း။

(ဃ) ဟိသဒ္ဒေါ၏။ သတ္ထာရာ၊မြတ်စွာဘုရားသည်။ — ပညတ္တိံ၊လောကသမ္မုတိပညတ်ကို။ အနတိက္ကမ္မ၊မလွန်မူ၍။ ပရမတ္ထော၊ပရမတ္ထကို။ ပကာသိတော၊ ပြတော်မူအပ်၏။ သမညံ၊ ကမ္ဘာဦးသူ လူပညာရှိတို့သည် ခေါ်ဝေါ်အပ်သော ဝေါဟာရပညတ်ကို။ နာတိမာဝေယျ၊ လွန်၍ မပြေးသွားရာ။ တသ္မာ၊ ထိုကြောင့်။ အညော၊ ဘုရားမှ တပါးသော။ ပဏ္ဍိတောပိ၊ ပညာရှိသည်လည်း။ ပရမတ္ထံ၊ ပရမတ္ထကို။ ပကာသေန္တော၊ပြသည်ရှိသော်။ သမညံ၊ ကမ္ဘာဦးသူ လူပညာရှိတို့သည် ခေါ်ဝေါ်အပ်သော ဝေါဟာရပညတ်ကို။ နာတိမာဝေယျ၊လွန်၍ မပြေးသွားရာ။

(ဇ) သဘာဝမမ္မတော၊ပရမတ္ထသဘာဝမမ္မအားဖြင့်။ ကတ္တာ၊ပြုတတ်သော ကတ္တားမည်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဒဿနတ္ထံ၊ ပြခြင်းငှါ။ ကတ္တုနိဒ္ဒေသော၊ ကတ္တုနိဒ္ဒေသကို။ ဝါ၊ကတ္တုသာဓနဖြင့် ညွှန်းပြခြင်းကို။ အာစရိယေန၊အဋ္ဌကထာဆရာသည်။ ကတော၊ပြုတော်မူအပ်၏။

ပရမတ္ထမမ္မမှတပါး ကတ္တားမရှိ၊ပရမတ္ထမမ္မသည်ပင်လျှင် ကတ္တားဖြစ်၏ဟု ဆိုလိုသည်။

တနည်း—သဘာဝမမ္မတော၊ပရမတ္ထသဘာဝမမ္မမှ။ အညာ၊တပါးသော။ ကတ္တာ၊ကတ္တားသည်။ နတ္ထိ၊မရှိ။ ဣတိ၊သို့။ ဒဿနတ္ထံ၊ငှါ။ ကတ္တုနိဒ္ဒေသော၊ကို။ အာစရိယေန၊သည်။ ကတော၊၏။

(စ) ပန၊အကျိုးကို ဆိုဦးအံ့။ **တနည်း**—ပနတထာပိ၊ထိုသို့ပင် ကတ္တုသာဓန, ကရဏသာဓနကို ပရိယာယ် အားဖြင့် ပြသော်လည်း။ တထာနိဒဿနံ၊ ထိုသို့ ကတ္တုသာဓန, ကရဏသာဓနကို ပရိယာယ်အားဖြင့်ထုတ်၍ ပြခြင်းသည်။ ဓမ္မသဘာဝဝိနိမုတ္တာဿ၊ ပရမတ္ထတရားသဘောမှ လွတ်သော။ ကတ္တာဒိနော၊ ကတ္တားအစရှိသည်၏။ အဘာဝဒီပနတ္ထံ၊ မရှိခြင်းကို ပြခြင်းအကျိုးရှိသည်။ ဟောတိ၊၏။ ဣတိ၊ဤသို့။ ဝေဒိတဗ္ဗံ၊သိအပ်၏။

ပရမတ္ထဂမ္ဘီရ ဝိနိစ္ဆယ ပြီးပြီ။

စေတနာကမ္မ ဝိနိစ္ဆယ

(က) တိဏ္ဏံ ကမ္မာနံ ကာယကမ္မံ ဝစီကမ္မံ မနောကမ္မန္တိ။ကိံ ပနေတံ ကမ္မံနာမာတိ။ စေတနာစေဝ ကေစ္ဆေစ စေတနာသမ္ပယုတ္တာ ကာ ဓမ္မာ။ တတ္ထ စေတနာယ ကမ္မဘာဝေ ဇာနနာနိ သုတ္တာနိ။

၁ စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတ္ဝာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ။

၂ ကာယေဝါ ဟိ အာနန္ဒ သတိ၊ ကာယသင်္ခေတနာဟေတု ဥပ္ပဇ္ဇတိ အဇ္ဈတ္တံ သုခံ ဒုက္ခံ။ ဝါစာယဝါ အာနန္ဒ သတိ ဝစီသင်္ခေတနာဟေတု ဥပ္ပဇ္ဇတိ အဇ္ဈတ္တံ သုခံ ဒုက္ခံ။ မနေဝါ အာနန္ဒ သတိ မနောသင်္ခေတနာဟေတု ဥပ္ပဇ္ဇတိ အဇ္ဈတ္တံ သုခံ ဒုက္ခံ။

၃ တိဝိဓာ ဘိက္ခဝေ ကာယသင်္ခေတနာ အကုသလံ ကာယကမ္မံ ဒုက္ခဿုဒ္ရယံ ဒုက္ခဝိပါကံ။ စတုဗ္ဗိဓာ ဘိက္ခဝေ ဝစီသင်္ခေတနာ။ လ။တိဝိဓာ ဘိက္ခဝေ မနောသင်္ခေတနာ အကုသလံ မနောကမ္မံ ဒုက္ခဿုဒ္ရယံ ဒုက္ခဝိပါကံ။ တိဝိဓာ ဘိက္ခဝေ ကာယသင်္ခေတနာ ကုသလံ ကာယကမ္မံ သုခဿုဒ္ရယံ သုခဝိပါကံ။ စတုဗ္ဗိဓာ ဘိက္ခဝေ ဝစီသင်္ခေတနာ။လ။တိဝိဓာ ဘိက္ခဝေ မနောသင်္ခေတနာ ကုသလံ မနောကမ္မံ သုခဿုဒ္ရယံ သုခဝိပါကံ။

၄ သစာယံ အာနန္ဒ သမိဒ္ဓိ မောဃပုရိသော ပါတလိပုတ္တသ္သ ပရိဇ္ဇာဇကဿ ဧဝံ ပုဋ္ဌော ဧဝံ ဗျာကရေယျ၊ သင်္ခေတနိ အာဝုသော ပါတလိပုတ္တ ကမ္မံ ကတ္တာ ကာယေန ဝါစာယ မနသာ သုခဝေဒနိယံ သုခံ သော ဝေဒယတီ။လ။အဒုက္ခ မသုခဝေဒနိယံ အဒုက္ခမသုခံ သော ဝေဒယတီတိ ဧဝံ ဗျာကရမာနော ခေါ အာနန္ဒ သမိဒ္ဓိ မောဃပုရိသော ပါတလိပုတ္တဿ ပရိဇ္ဇာဇကဿ သမ္မာ ဗျာကရမာနော ဗျာကရေယျာတိ ဥမာနိ တာဝ စေတနာယ ကမ္မဘာဝေ သုတ္တာနိ။ **အဋ္ဌသာလိနီအဋ္ဌကထာ ဒုဓရကထာ**

မှတ်ချက်အဓိပ္ပါယ်—အထက်ပါ အဋ္ဌကထာပါဠိတို့တွင်—

၁။ “တီဏိ ဟိ ကမ္မာနိ”စသောပါဠိဖြင့် ကံ(၃)ပါးသရုပ်ကို ပြတော်မူ၏။

၂။ “ကိံ ပနေတံ ကမ္မံ နာမာတိ”ဟူသောပါဠိဖြင့် ထိုကံမည်သည် တရားကိုယ်အားဖြင့် အဘယ်တရားနည်းဟု ပုစ္ဆာကို ပြတော်မူ၏။

၃။ “စေတနာစေဝ ကေစ္စေစ စေတနာသမ္ပယုတ္တကာ ဓမ္မာ”ဟူသော ပါဠိဖြင့် စေတနာသည်ရင်း၊ ထိုစေတနာနှင့်ယှဉ်သော သမ္ပယုတ်

တရားသည်ၵင်း ကံမည်၏။ ဗျတိရေကအားဖြင့် ထိုစေတနာဿည် ဖြစ်စေအပ်သော ဝိညတ်စောပနကြိယာ အဘိဇ္ဈာဒိကြိယာသည် ကံမမည်ဟု အဖြေ ဝိဿဇ္ဇနာကို ပြတော်မူ၏။

၄။ "တတ္ထ စေတနာယ ကမ္မဘာဝေ ဣမာနိ သုတ္တာနိ၊ စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" အစရှိသောပါဠိဖြင့် စေတနာ၏ သာလျှင် ကံမည်သည်၏ အဖြစ်ကို မြတ်စွာဘုရားသည် နိတတ္ထအားဖြင့် ဟောတော်မူအပ်သော ပါဠိတော်(၄)ရပ်ကို အာဂမဒဋ္ဌိ သာဓက ထုတ်ပြတော်မူ၏။

ဆိုပါဠိတော်(၄)ခင်းတွင်
"စေတနာဟံ ဘိက္ခဝေ" အစရှိသော ပဌမပါဠိတော်၏ ဝါကျတွဲကို ဖွင့်ဆိုပုံ ဖွင့်ဆိုချက် ပြခြင်း

"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဟူသောပါဠိဖြင့် အကျိုးဝါကျကို ပြတော်မူ၏။ "စေတယိတ္ဝာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ" ဟူသောပါဠိဖြင့် အကြောင်းဝါကျကို ပြတော်မူ၏။ ထိုဝါကျတွင် "ကာယေန ဝါစာယ မနသာ" ဟူသောပါဠိဖြင့် စေတနာ ဟုဆိုအပ်သော ကံ၏ဖြစ်ရာ ကာယဝိညတ်ဟူသော ကာယဒွါရ, ဝစီဝိညတ်ဟူသော ဝစီဒွါရ, စိတ်ဟူသော မနောဒွါရကို ပြတော်မူ၏။ ကာယဝိညတ်, ဝစီဝိညတ်,စိတ်ကို ဒွါရဟူ မှတ်အပ်၏။ ထိုကြောင့် အဋ္ဌသာလိနီအဋ္ဌကထာနှိုက်—

(ခ) စိတ္တသမုဋ္ဌာနေသု အဋ္ဌသု ရူပေသု ကော ဝိညတ္တိ အတ္ထိ၊ ဣဒံ ကာယကမ္မဒွါရံနာမ။ ယာ သဟသဒ္ဒါ ကောဝိညတ္တိ အတ္ထိ၊ ဣဒံ ဝစီကမ္မဒွါရံနာမ။ ဣဒံ ပနေတ္ထ သန္နိဋ္ဌာနံ တေဘူမကကုသလာကုသလော ဧကူနတိံသဝိဓော မနော မနောကမ္မဒွါရံနာမ။—ဟု ပြတော်မူ၏။

"စေတယိတ္ဝာ" ဟူသောပါဠိဖြင့် ရှေးဦးစွာ လုံ့လကြိုးကုတ် အားထုတ်စေ့ဆော်သော ပုဗ္ဗစေတနာကို ပြတော်မူ၏။ "ကမ္မံ" ဟူသောပါဠိဖြင့် အပြီးအဆုံးသို့ ရောက်သော သန္နိဋ္ဌာနမုဉ္စစေတနာ ဟုဆိုအပ်သော ကံကို ပြတော်

မူ၏။ "ကရောတိ" ဟူသောပါဠိဖြင့် စေတနာသည် ဖြစ်စေအပ်သော အမူအရာကြိယာကို ပြတော်မူ၏။ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဟူသောပါဠိဖြင့် ထိုကြောင့် ငါဘုရားသည် သန္နိဋ္ဌာန မူဥစေတနာကို ကံဟူ၍ တိုက်ရိုက်မုချ အားဖြင့် ဟောတော်မူ၏ဟု ပြတော်မူ၏။ ဤသို့ အကျဉ်းအားဖြင့် ရှေးဦးစွာ မှတ်အပ်၏။

ပဌမသုတ်နှင့်ကာ မူလဋီကာ၏ အားဘေးဂကို ပြခြင်း

"စေတနာဟံ ဘိက္ခဝေ။လ။မနသာ" ဟူသော ပဌမသုတ်၏ အဓိပ္ပါယတ္ထကို ဖွင့်ပြတော်မူလိုသော မူလဋီကာဆရာ အရှင်အာနန္ဒာသည်—

(၈) စေတယိတ္ဘာ ကမ္မံ ကရောတီတိ ဇ္ဈေ ယသ္မာ ပုရိမ စေတနာယ စေတယိတ္ဘာ သန္နိဋ္ဌာနကမ္မံ ကရောတိ၊ တသ္မာ စေတနာပုဗ္ဗကံ ကမ္မံ တံ စေတနာသဘာဝမေဝါတိ စေတနံ အဟံ ကမ္မံ ဝဒါမီတိ အတ္ထော။အထဝါ သမာနကာလတ္တေပိ ကာရဏကြိယာ ပုဗ္ဗကာလာ ဝိယ ဝတ္တုံ၊ ယုတ္တာ၊ ဖလ ကြိယာစ အပရကာလာပိယ။ ယသ္မာစ စေတနာယ စေတယိတ္ဘာ ကာယ ဝါစာဟိ စောပနကြိယံ မနသာစ အဘိဇ္ဈာဒိ ကြိယံ ကရောတိ၊ တသ္မာ တသာ ကြိယာယ ကာရိကံ စေတနံ အဟံ ကမ္မံ ဝဒါမီတိ အတ္ထော။—ဟု ဖွင့်ပြတော်မူ၏။

အနက် စေတယိတ္ဘာ ကမ္မံ ကရောတီတိ ဇ္ဈေ၊ နှိုက်။ ယသ္မာ၊ ကြောင့်။ ပုရိမစေတနာယ၊ ပြုအံ့ဟု ရှေးနှိုက်ဖြစ်သော ပုဗ္ဗစေတနာဖြင့်။ စေတယိတ္ဘာ၊လုံ့လကြိုးကုတ် အားထုတ်စေ့ဆော်ပြီး၍။ သန္နိဋ္ဌာနကမ္မံ၊ပြုအံ့ဟု ဆုံးဖြတ်ပြီးသော အပြီးအဆုံးသို့ရောက်သော သန္နိဋ္ဌာနမူဥစေတနာ ဟုဆို အပ်သောကံကို။ (သန္နိဋ္ဌာနကမ္မန္တိ ပစ္ဆိမ စေတနာသခ်ါတံ ကမ္မံ-ဟူသော မဓုဋီကာနှင့် အညီတည်း)။ ပုဂ္ဂလော၊ သည်။ (ကတ္တားထည့်)။ ကရောတိ၊ ပြု၏။ တသ္မာ၊ထို့သို့ သန္နိဋ္ဌာန မူဥစေတနာကံကို ပြုသောကြောင့်။ စေတနာ ပုဗ္ဗကံ၊ပုဗ္ဗစေတနာ ရှေသွားရှိသော။ တံကမ္မံ၊ထိုမူဥစေတနာ ဟုဆိုအပ်သော သန္နိဋ္ဌာနကံသည်။ (တန္တိ သန္နိဋ္ဌာနကမ္မံ-ဟူသော မဓုဋီကာနှင့် အညီတည်း)။

စေတနာသဘာဝမေဝ၊စေတနာသဘောရှိသည်သာလျှင်တည်း။ ဣတိတသ္မာ၊ ထိုသို့ ပုရိမစေတနာ ရှေသွားရှိသော ထိုသန္နိဋ္ဌာန မုဉ္စစေတနာကံသည် စေတနာသဘောရှိသောကြောင့်။ စေတနံ၊ သန္နိဋ္ဌာန မုဉ္စစေတနာကို။ အဟံ၊ ငါသည်။ ကမ္မံဣတိ၊ကံဟူ၍။ ဝဒါမိ၊ဟောတော်မူ၏။ ဣတိအယံ၊ဤဆိုအပ်ပြီးသည်ကား။ စေတနာဟံ တျာဒိ ပါဠိယာ၊စေတနာဟံ ဤသို့အစရှိသော ပါဠိတော်၏။ အတ္ထော၊ တည်း။ အထဝါ၊ ကား။ ဝါ အထသောပုဗ္ဗောနယော၊ဤရှေးနည်းသည်။ ယုတ္တောဝါ၊သင့်သည်မူလည်း။ ဟောတု၊ဖြစ်စေ။ အယုတ္တောဝါ၊ မသင့်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ဝါ အပရောနယော၊ နည်းတပါးကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုဦးအံ့။ ဝါ၊ ၏။ (ၦင်းအထဝါသည် အကြောင်းကို လဲသည်ဟု မှတ်)။ စေတယိတ္ဝာတိပဒေ၊ စေတယိတ္ဝာဟူသောပုဒ်နိုက်။ တ္ဝာပစ္စယော၊ တ္ဝာပစ္စည်းသည်။ (ထည့်)။ သမာနကာလတ္တော၊ အပရကြိယာနှင့် တူမျှသောကာလနိုက် သက်သည်၏ အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ ကာရကာကြိယာ၊အကြောင်းဖြစ်သော စေတယိတ္ဝာဟူသောကြိယာကို။ ဝါ၊ စေတယိတ္ဝာဟူသော အကြောင်းကြိယာကို။ ပုဗ္ဗကာလာဝိယ၊ ရှေးကာလအစစ် မဟုတ်သော်လည်း ရှေးကာလကဲ့သို့။ ဝတ္တုံ၊ ဆိုခြင်းငှါ။ ဝါ ဝတ္တုံဝစနံ၊ဆိုခြင်းသည်။ ယုတ္တာ၊သင့်မြတ်၏။ ဖလကြိယာစ၊အကျိုးဖြစ်သော ကရောတိကြိယာကိုလည်း။ ဝါ၊ ကရောတိဟူသော အကျိုးကြိယာကိုလည်း။ အပရကာလာဝိယ၊နောက်ကာလအစစ် မဟုတ်သော်လည်း နောက်ကာလကဲ့သို့။ ဝတ္တုံ၊ဆိုခြင်းငှါ။ ဝါ ဝတ္တုံ ဝစနံ၊ဆိုခြင်းသည်။ ယုတ္တာ၊သင့်မြတ်၏။ စ၊ ဆက်၍ ဆိုဦးအံ့။ ယသ္မာ၊ ကြောင့်။ စေတနာယ၊ ဖြင့်။ ဧတယိတ္ဝာ၊ စေ့ဆော်ပြီး၍။ ဝါ၊ လှုံ့ဆော်ပြီး၍။ ကာယဝါစာဟိ၊ စိတ္တသမုဋ္ဌာန်ဖြစ်သော ကိုယ်,နှုတ်တို့ဖြင့်။ ဝါ၊ကာယဝိညတ်,ဝစီဝိညတ်တို့ဖြင့်။ စေတနာယ၊သည်။ သမုဋ္ဌာပိတံ၊ ဖြစ်စေအပ်သော။ (ထည့်)။ စောပနကြိယံ၊ လှုပ်ခြင်းအမူအရာ ကြိယာကို။ ဝါ၊ မဟာဘုတ်တို့၏ ဖေါက်ပြန်သော တခုသော အခြင်းအရာ အမူအရာကြိယာကို။ ဝါ၊ ရူပကာယ၏ ခိုင်ခြင်း တုန်လှုပ်ခြင်းကြိယာကို။ ဝါ၊ စိတ္တဇပထဝီဓာတ်၏ ကမ္မဇပထဝီဓာတ်နှင့် ထိခိုက်ခြင်း ကြိယာကို။ ပုဂ္ဂလော၊သည်။ (ထည့်)။ ကရောတိ၏။ မနသာစ၊ စိတ်ဖြင့်လည်း။ အဘိဇ္ဈာဒိကြိယံ၊အဘိဇ္ဈာ အစရှိသော ကြိယာကို။ ဝါ၊သူတပါးတို့၏ စည်းစိမ်ချမ်းသာ

ကို ရှေးရှုကြံခြင်း အစရှိသော အမှုအရာကြီယာကို။ ပုဂ္ဂလော၊ သည်။ ကရောတိ၏။ တသ္မာ၊ထိုကြောင့်။ဝါ၊ထိုစေတနာဖြင့် စေ့ဆော်ပြီး၍ ကိုယ်, နှုတ်တို့ဖြင့် စောပန ကြိယာစိတ်ဖြင့် အဘိဇ္ဈာစသော ကြိယာကို ပြုခြင်းကြောင့်။ တဿာ ကြိယာယ၊ထိုစောပနကြိယာ အဘိဇ္ဈာစသောကြိယာကို။ ကာရိကံ၊ပြုတတ်သော။ ဝါ၊ပြီးစေတတ်သော။ စေတနံ၊သန္နိဋ္ဌာနမုဉ္ဇစေတနာကို။ အဟံ၊ငါဘုရားသည်။ ကမ္မံဣတိ၊ကံဟူ၍။ ဝဒါမိ၊ဟောတော်မူ၏။ ဣတိ အယံ၊ကား။အတ္ထော၊တည်း။(ဤသို့ အနက်ကို ကျနစ္စာ ယောဇနာအပ်၏)။

မုလဋီကာ၏ အာဘောဂကို ဖွင့်၍ အကျဉ်းမျှ ပြခြင်း

ဎင်းမူလဋီကာန္ဒိုက်"စေတယိတ္ဝာ။လ။ဝဒါမိတိ အတ္ထော"ဟူသော ပဌမသံဝဏ္ဏနာဝါကျဖြင့် ပုဂ္ဂိုလ်သည် အကြင်ကြောင့် ရှေးနှိုက်ဖြစ်သော ပုဗ္ဗစေတနာဖြင့် စေ့ဆော်ကြိုးကုတ် အားထုတ်ပြီး၍ အပြီးအဆုံးသို့ ရောက်သော သန္နိဋ္ဌာနမုဉ္ဇစေတနာ ဟုဆိုအပ်သော ကံကိုပြု၏။ ထိုကြောင့် ပုဗ္ဗစေတနာရှေသွားရှိသော ထိုသန္နိဋ္ဌာနမုဉ္ဇစေတနာ ဟုဆိုအပ်သော ကံသည် စေတနာသဘော ရှိသည်သာလျှင်တည်း။ ထိုကြောင့် သန္နိဋ္ဌာနမုဉ္ဇစေတနာကို မုချအားဖြင့် ကံဟူ၍ ငါဘုရား ဟောတော်မူ၏ဟူသော အနက်အဓိပ္ပါယ်ကို ပြတော်မူ၏။

မှတ်ချက်—ဤပဌမသံဝဏ္ဏနာဖြင့် သမာနကာလတွေပိ စသော ပစ္ဆိမသံဝဏ္ဏနာကို ထောက်လျှင် "အန္ဓကာရံ ဟန္ဒာန ဥဒိတော ယံ ဒိဝါကရော"ဟူသော ဥဒါဟရဏ်နှိုက် အမိုက်မှောင်ဖျောက်ခြင်း ကြိယာနှင့် နေထွက်ခြင်း ကြိယာ တူမျှသကဲ့သို့၊ ဤပါဋိတော်နှိုက် စေတယိတ္ဝာ ဟူသောပုဒ်အရ ပုရိမစေတနာဖြင့် စေ့ဆော်ခြင်းကြိယာနှင့် ကမ္မံကရောတိဟူသောပုဒ်၏အရ သန္နိဋ္ဌာနစေတနာကံကို ပြုလုပ်ခြင်း ကြိယာသည် တခုတည်းသော စိတ္တုပ္ပါဒ်နှိုက်ဖြစ်၍ တူမျှကြသည်၏ အဖြစ်ကို ပြတော်မူ၏။ ထိုကြောင့် စေတယိတ္ဝာ ဟူသောပုဒ်နှိုက် တ္ဝာပစ္စည်းကို သမာနကာလနှိုက် သက်သည်၏အဖြစ်ကို မှတ်အပ်၏။

ဤ ပုရိမသံဝဏ္ဏနာ အလိုအားဖြင့် ကမ္မံဟူသော ပုဒ်ကို "ကရဏံ ကမ္မံ။ ဝိပါကံ ကရောတိ အဘိနိပ္ဖါဒေတိတိ ဝါ ကမ္မံ"ဟု ဘာဝသာဓ်, ကတ္တုသာဓ် ဝစနတ္ထပြုအပ်၏။ "ကရိတဗ္ဗန္တိ ကမ္မံ"ဟူသော ကမ္မသာဓ် မပြုသင့်၊ အဘယ်ကြောင့်နည်းဟူမူ ကမ္မသာဓ် ပြုခဲ့သော် ပြုအပ်သော အမှုသည်သာလျှင် ကံမည်ရာ၏၊ စေတနာသည် ကံမမည်ရာသောကြောင့်တည်း။ဤပဌမသံဝဏ္ဏနာ နှိုက် ကမ္မံ၏အရကို စေတနာလော, ဝိညတ်လောဟု ယုံမှားတွေးတောရန်မလို၊ စေတနာကိုပင် (ကံ)ဟု တိုက်ရိုက် နိတတ္ထအားဖြင့် ပြတော်မူ၏ဟု မုချမှတ်အပ်၏။ သို့ဖြစ်၍ အနုဋ္ဌိကာနှိုက် အဖွင့်အထူးမရှိ။

ဒုတိယသံဝဏ္ဏနာ၏ အာဘောဂကို ပြခြင်း

အထဝါစသော ဒုတိယနည်း သံဝဏ္ဏနာဖြင့် စေတယိတ္ဝာ ဟူသောပုဒ်နှိုက် တွဝပစ္စည်းသည် ကရောတိဟူသော နောက်ကြိယာနှင့် တူမျှသော သမာနပစ္စုပ္ပန်ကာလနှိုက် ဖြစ်ငြားသော်လည်း အကြောင်းဖြစ်သော စေတနာ၏ စေ့ဆော်ခြင်း စေတယိတ္ဝာဟူသော ကြိယာကို ပုဗ္ဗကာလ အတိတ်ကြိယာအစစ် မဟုတ်ငြားသော်လည်း ပုဗ္ဗကာလ အတိတ်ကြိယာအစစ်ကဲ့သို့ ဆိုခြင်းငှါ သင့်၏၊ အကျိုးဖြစ်သော ပြုလုပ်ခြင်း ကရောတိဟူသောကြိယာကို အပရကာလ ပစ္စုပ္ပန်ကြိယာ အစစ် မဟုတ်ငြားသော်လည်း အပရကာလ ပစ္စုပ္ပန်ကြိယာအစစ်ကဲ့သို့ ဆိုခြင်းငှါ သင့်၏။ ထိုကြောင့် ပုဂ္ဂိုလ်သည် အကြောင်းဖြစ်သော ပုရိမစေတနာဖြင့် စေ့ဆော်ပြီး၍ ကာယဝိညတ်,ဝစီဝိညတ်တို့ဖြင့်၊ ဝါ-ကာယဒွါရ, ဝစီဒွါရတို့ဖြင့် စေတနာသည် ဖြစ်စေအပ်သော အကျိုးဖြစ်သော ကိုယ်,နှုတ်၏ တုန်လှုပ်ခြင်း ကိုယ်အမှုအရာ နှုတ်အမှုအရာ စောပနကြိယာကို ပြု၏။ စိတ်ဖြင့်လည်း၊ ဝါ-မနောဒွါရဖြင့်လည်း သူတပါး တို့၏ စည်းစိမ်ချမ်းသာကို ရှေး၌ကြံခြင်း အစရှိသော အကျိုးဖြစ်သော အမှုအရာကြိယာကို ပြု၏။ ထိုကြောင့် ကိုယ်,နှုတ်,စိတ်တို့၏ အမှုအရာကြိယာကို ပြုတတ်သော၊ ဝါ-ပြီးစေတတ်သော အကြောင်းစေတနာကို မုချအားဖြင့် ကံဟူ၍ ငါဘုရား ဟောတော်မူ၏ဟူသော အနက်အဓိပ္ပါယ်ကိုသာ ပြတော်မူ၏။

မှတ်ချက်—"စေတနာယ စေတယိတ္ဝာ"ဟူသောပါဠိဖြင့် စေတနာသည် အကြောင်း ပုဗ္ဗကာလကြိယာဟု ပြတော်မူ၏။ "ကာယဝါစာဟိ မနသာစ"ဟူသောပါဠိဖြင့် ကာယေန ဝါစာယ မနသာဟူသော ပါဠိတော်နှိုက် ကာယ,ဝါစာ,မနတို့၏အရကို စေတနာကံသည် မှီရာဒွါရ နှိုက်သာဖြစ်သောကြောင့် ကာယဒွါရ,ဝစီဒွါရ,မနောဒွါရကို ယူကြ ဟု ပြတော်မူ၏။ "စောပန ကြိယံ အဘိဇ္ဈာဒိကြိယံ"ဟူသောပါဠိဖြင့် ကမ္မံဟူသော ပါဠိတော်ပုဒ်အရ နိတတ္တ မုချအားဖြင့် စောပနကြိယာ ဟုဆိုအပ်သော ကာယဝိညတ်,ဝစီဝိညတ်,အဘိဇ္ဈာစသော ကြိယာ ကို ကံဟူ၍ ပြသည် မဟုတ်၊ စင်စစ် နေယျတ္ထအားဖြင့် စေတနာ ပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဖြစ်စေ ပြီးစေအပ်သော စေတနာနှင့် သဟဇာတဖြစ်သော စိတ္တသမုဋ္ဌာနဝါယောဓာတ်၏ တုန်လှုပ်ခြင်း အမူအရာ အာကာရဝိသေသ ဟုဆိုအပ်သော "သာ အဋ္ဌရူပါနိဝိယ နံ စိတ္တသမုဋ္ဌာနာ"။—အဋ္ဌသာလိနီ။ "နံ စိတ္တသမုဋ္ဌာနာတိ ဧတေန ပရမတ္ထတော အဘာဝံ ဒဿေတိ"ဟူသော မူလဋီကာတို့နှင့် အညီ စင်စစ် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ကာယဝိညတ်,ဝစီဝိညတ်, အဘိဇ္ဈာ,ဗျာပါဒ,မိစ္ဆာဒိဋ္ဌိတည်းဟူသော အကျိုးကြိယာ အပဓာန နှင့် တကွဖြစ်သော ပဓာနစေတနာ တည်းဟူသော ကံကိုသာ ဋီကာ ဆရာ ပြတော်မူ၏။

အဘယ်ကြောင့် စေတနာပဓာနဖြစ်သနည်းဟူမူ ကာယဝိညတ်, ဝစီဝိညတ်, အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိတို့သည် စိတ်သို့သာ အစဉ် လိုက်သော စိတ္တာနုပရိဝတ္တိမမ္မ ဖြစ်ရကား စိတ်ဖြစ်လျှင် ဖြစ်ခြင်း စိတ်ချုပ်လျှင် ချုပ်ခြင်း ရှိသောကြောင့် စေတနံ့ာ ပြဓာန်းသော စိတ္တုပ္ပါဒ် မရှိသည်ရှိသော် ဝိညတ်ဒွေ, အဘိဇ္ဈာစသော စေတသိက မမ္မတို့သည် မဖြစ်နိုင်သောကြောင့်တည်း။ ထိုကြောင့် ဓမ္မသင်္ဂဏီ ပါဠိတော်နှိုက်—

(ဃ) ကတမေ ဓမ္မာ စိတ္တာနုပရိဝတ္တိနော ဝေဒနာက္ခန္ဓော, သညာက္ခန္ဓော,သင်္ခါရက္ခန္ဓော,ကာယဝိညတ္တိ,ဝစီဝိညတ္တိ။— ဟု ဟောတော်မူ၏။

"ကရောတိ"ဟူသော ကြိယာပုဒ်ဖြင့် စေတနာ၏ အကျိုးဖြစ်သော ပြုခြင်း အပရကာလကြိယာကိုသာ ပြတော်မူ၏။ ထိုကြောင့် မူလဋီကာဆရာသည် ပင်လျှင် "တသ္မာ တဿာကြိယာ ကာရိကံ စေတနံ အဟံ ကမ္မံ ဝဒါမီတိ အတ္ထော"ဟူသောပါဠိဖြင့် ထိုစောပနကြိယာ, အဘိဇ္ဈာဒိကြိယာကို ပြုတတ် ပြီးစေတတ်သော သန္နိဋ္ဌာန စေတနာကိုသာလျှင် ကံဟုပြတော်မူ၏။ပရမတ္ထအစစ်လည်း မဟုတ်၊ အကျိုးဝိပါကကိုလည်း မဖြစ်စေတတ်သော ရုပ်အဗျာကတဝိညတ်ကို ကံဟူ၍ မပြဟု မုချသန္နိဋ္ဌာန်ကျ မှတ်ယူအပ်၏။

အထက်ပါ ဋီကာကို ထောက်ဆသောအားဖြင့် ကမ္မံဟူသော ပုဒ်ကို "စောပနကြိယဉ္စ အဘိဇ္ဈာဒိကြိယံ ဝိပါကံဝါ ကရောတိ အဘိနိပ္ဖါဒေတိဝါ တောယာတိ ကမ္မံ"ဟူသော ကရဏသာဓန ဝစနတ္ထကို ပြုအပ်၏။ ထိုကြောင့် မစ္ဆိမပဏ္ဏာသ အဋ္ဌကထာ ဥပါဋိသုတ်အဖွင့်နှိုက် "ကသ္မာ စေတနာ ကမ္မန္တိ ဝုတ္တာ၊ စေတနာ မူလကတ္တာ ကမ္မဿ"ဟု ဖွင့်ပြတော်မူ၏။

ဒဿနုဇ္ဇုနယဖြင့် စေတနာကမ္မကို ပြခြင်း

ကမ္မံ ကရောတိတိ ဣမိနာ စေတနံ မုချေန ဒသ္သေတိ၊ တံ ဒဿိတေန ဖလဿ ကာရဏေန အဝိနာဘာဝတော၊ ယောနိသော မနသိကာရာဒိ မူလကာ ပုရိမစေတနာ ဖလူပစာရေန ဒိပေတိ၊ တဒ္ဒိပနေန ကာရဏဿ ဖလေန အဝိနာဘာဝတော။ စောပနကြိယံ အဘိဇ္ဈာဒိကြိယဉ္စ ကာရဏူပစာရေန ပကာသေတိ၊ တပ္ပကာသနေန ကာယဝစီမနောဒ္ဝါရံ ဖလူပစာရေန ဝိဘာဝေတိ၊ တံ ဝိဘာဝေန သုခဒုက္ခဝိပါကံ ကာရဏူပစာရေန အနုဘာဝေတိ။

မှတ်ချက်—ဤသို့ ဒဿနတ္ထာဒိနယကို ထုတ်ရာနှိုက် ဝိညတ်စသည်ကို ကံဟုယူသော် ထိုဝိညတ်စသည်တို့သည် သုခ,ဒုက္ခဝိပါကကို မဖြစ်စေတတ်သောကြောင့် အနုဘာဝကို မရနိုင်ရာ၊ ထိုကြောင့် ဝိညတ်စသည်တို့ကို ကံဟူ၍ မယူအပ်ဟု မုချမှတ်ယူအပ်၏။

စေတနာဟံ ဘိက္ခဝေ ဟာသေပါဠိတော်ရှိကောက် အလက်ာနှယ အားဖြင့် စေတနာကမ္မကို ပြခြင်း

ကမ္မံ ကရောတိတိပဒဿ ဝါစွာဘူတော စေတနာပဓာနော စိတ္တုပ္ပါဒေါ ဉဿာဟဋ္ဌာယိဘာဝေါနာမ၊ သောယေဝ ပန ဝိရရသောနာမ၊ သရိရတ္တာ။စေတယိတ္တာတိပဒဿ ဝါစွာဘူတာ ပုရိမစေတနာစ၊ ကာယေန ဝါစာယ မနသာတိ ပဒဿ ဝါစွာဘူတံ ကာယဝစီမနောဒ္ဒါရဉ္စ ဥဋ္ဌိပန ဝိဘာဝေါနာမ၊ကမ္မကာရဏတ္တာ။ တဿ စိတ္တုပ္ပါဒဿ အာရမ္မဏဘူတော ဒါနဝတ္ထု အာဒိကော အာရမ္မဏဝိဘာဝေါနာမ၊ ကမ္မကာရဏတ္တာ။ ကိစ္စာဝိ ပနေတ္ထ အာရမ္မဏ ဒီပကံ ပဒံ နတ္ထိ။ အာရမ္မဏိကမမ္မဿ ပန အာရမ္မဏေန အဝိနာဘာဝတော၊အာရမ္မဏိကဿ အာရမ္မဏံ ဝိညေယျန္တိ။ စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိတိ ဝါကျဿ ဝါစွာဘူတော စေတနာယေဝ ကမ္မံနာမ ဘာဝတ္ထော အနုဘာဝေါနာမ၊ တဿ အာနိသံသဖလတ္တာ။ အထဝါ စေတနာသင်္ခါတဿ ကမ္မဿ ဝိပါကဘူတံ သုခဒုက္ခံ အနုဘာဝေါနာမ။ ကိစ္စာဝိ ပနေတ္ထ အနုဘာဝဒီပကံ ပဒံ နတ္ထိ၊ ကာရဏဿ ဖလေန အဝိနာဘာဝတော ပန ကာရဏဿဖလံ ဝိညေယျန္တိ။ အာဝိဘူတာ ကမ္မဿ ဝိပါကဇာနနာ မတိစ အလဿဘာဝေါစ စိတ္တပ္ပသာဒေါစ သမာဓိဘျာဒိစ ဗျပိစာရိဘာဝေါနာမ။ လောမဟံသာဒယော သတ္တိကာဘာဝေါနာမ။ သော ဟိ သတ္တေန ဒဗ္ဗေန နိယုတ္တာ သတ္တိကာ။ သာ ဧဝ သာတိကာဘာဝေါနာမာတိ ဝုစ္စတိတိ အယမေတ္ထ အလက်ာရနယော ဥဒ္ဓရိတဗ္ဗော။

မှတ်ချက်—ဘုရားဟော ပါဠိတော်တို့နှိုက် အလက်ာရနယနှင့် မကင်းရာသောကြောင့် ဤသို့ အလက်ာရနယကိုထုတ်ရာနှိုက် "စိတ္တဝိကာရော ဘာဝေါ၊ စိတ္တဝုတ္တိဝိသေသော" ဟု ဆိုသဖြင့် ဝိညတ်တို့သည် အကျိုးဝိပါကမျှဖြစ်၍ စိတ္တဝိကာရ,စိတ္တဝုတ္တိဝိသေသလည်း မဖြစ်နိုင်၊ သုခ, ဒုက္ခဝိပါကကိုလည်း မဖြစ်စေနိုင်သောကြောင့် ဘာဝ, ဝိဘာဝ, အနုဘာဝအားဖြင့် အလက်ာရနယထုတ်၍မရ၊ သို့ဖြစ်၍ ဝိညတ်ဒွေတို့ကို ကံဟူ၍ ဘုရားမဟော၊ဟု မုချသန္နိဋ္ဌာန်ကျ မှတ်အပ်၏။

ဒုဋ္ဌဂါမဏိကာဓိ၏အမှုနှင့် အနုဋ္ဌိကာဓိ၏ အဘေဘဝကို ပြခြင်း

(ဂ) စောပနကြိယန္တိ ဝိညတ္တိဒွယံ အာဟ၊ တဿာ ဟိ စိတ္တသမုဋ္ဌာန ကာယသန္ဒဝါစာဟိ ကာယဝစီဝိညတ္တိဟိဝေါ ပုရိမာပုရိမာဟိ ပဝတ္တေတဗ္ဗတ္တာ ကာယဝါစာဟိ စောပနကြိယံ ကရောတိတိ ဝုတ္တံ၊ တဗ္ဘိကာရာနံ ဘူတာနံ တထာ ပဝတ္တနတော။ အထဝါ ကာယဝါစာဟိတိ ကာယဝစီဝိညတ္တိဟိ။ စောပနကြိယန္တိ ရူပကာယသ ထမ္ဘန စလန ကြိယံ ဉပါဒိန္နက ဃန္ဒနကြိယဉ္စ။သော ဟိ ကြိယာ ရူပကာယံ ထမ္ဘေတုံ စာလေတုံ ပစ္စယော ဘဝိတုံ သမတ္ထောတိ။ ဉပါဒိန္နက ပစ္စယဘူတောတိစ ဝုတ္တတ္တာ ကာယဝစီဝိညတ္တိဟိ နိပ္ပဇ္ဇတိတိ။ ဝေဠု ကတ္ဘာ စောပနကြိယာ နိဿယဘူတာ ကာယဝါစာတိ၊ ကာယာဒိဟိ ကရဏဘူတေဟိ စောပနာဘိဓ္ဓာဒိကြိယံ ကရောန္တိ ဝါသိအာဒိဟိ ဝိယ ဆေဒနာဒိန္တိစ ဋီ၁ဒ၆ဖို ဝစနံ သမတ္ထိတံ ဘဝတိ။— အနုဋ္ဌိကာ

အဓိပ္ပါယ် ကာယေနသံဝရောသာဓု ဟူသော ပါဠိန္တိုက် ကာယေန၏ အရကို ပသာဒကာယ, စောပနကာယကို ယူရသကဲ့သို့၊ ဤစောပနကြိယံ ဟူသောပုဒ်နှိုက် ပသာဒကာယ,စောပနကာယကို ယူရမည်လောဟု စောဒနာရန် ရှိသောကြောင့် ပသာဒကာယ, စောပနကာယကို မယူရ ဝိညတ္တိဒွယကို ယူကြဟု ပြလိုသောကြောင့် "ဝိညတ္တိဒွယံ အာဟ" ဟူသော သံဝဏ္ဏနာကို ဖွင့်ပြတော်မူ၏၊ထိုသံဝဏ္ဏနာပါဠိဖြင့် စေတနာပြခန်းသော စိတ္တုပ္ပါဒ်သည် ဖြစ်စေအပ်သော တုန်လှုပ်ခြင်း အမူအရာ ဟူသည် မဟာဘုတ်တို့၏ ဝိကာရ အာကာရဝိသေသ ဟုဆိုအပ်သော ဝိညတ်ဒွေပင်တည်းဟု ပြတော်မူ၏။ကံဟူသည် ဝိညတ်ဒွေဟု ပြသည်မဟုတ်ဟု မှတ်အပ်၏။ စောပနကြိယာ,အဘိဇ္ဈာဒိကြိယာတို့၏ ဖြစ်ရာဒွါရဖြင့် စေတနာကံ ဖြစ်ခြင်းကိုသာလျှင် အနုမာန ဉပစာနည်းအားဖြင့် ပြသည်ဟု မုချမှတ်ယူအပ်၏။ ထိုကြောင့် အနုဋ္ဌိကာဆရာသည် ကမ္မကထာအဖွင့်နှိုက်—

(စ) ကာယာဒိဟိ ကရဏာဘူတေဟိ စောပနာဘိဏှာဒိကြိယံ ကရောန္တိတိ ဧတေန စောပနာဘိဏှာဒိကြိယာ နိဗ္ဗတ္တိ ဒွါရေန စေတနာ နိဗ္ဗတ္တိယေဝ ဝုတ္တာတိ ဇာမိနာမိပွါယေန ဝေဒိတ္ဗ။လ။ ယာဇ္ဇန္တိတိ အာဟ။—ဟု ဖွင့်ပြတော်မူ၏။

မှတ်ချက်—ၛင်း ဋီကာန္ဒိုက် "စောပနာဘိဏှာဒိကြိယာ။လ။ဝုတ္တာ" ဟူသောပါဠိဖြင့် စောပနာဘိဏှာဒိကြိယာ ဖြစ်ရာဒွါရဖြင့် စေတနာ၏ ဖြစ်ခြင်းကို ဆိုသဖြင့် စောပနာဘိဏှာဒိကြိယာန္ဒိုက် စေတနာကံ ဖြစ်ခြင်း အန္တောဂဓ အတ္ထင်းဝင်သည်၏ အဖြစ်ကို မှတ်သိအပ်၏။ အဘယ်ကြောင့်နည်းဟူမူ စေတနာပြဓာန်းသော စိတ္တုပ္ပါဒ်မပါလျှင် စောပနာဒိကြိယာ မဖြစ်နိုင်သောကြောင့်တည်း။

မူလဋီကာဆရာသည် "ကာယဝါစာဟိ စောပနကြိယံ ကရောတိ" ဟူသော စကားကို အဘယ်ကြောင့် ဆိုသနည်းဟု မေးဘွယ်ရှိသောကြောင့် "တဿာဟိ။လ။ပဝတ္တေ တဗ္ဗတ္တာ" ဟူသောပါဠိကို မိန့်ဆိုတော်မူ၏။ ဤဝါကျ အမွေသေစန ဂုရုန္နာပနနည်းဟု မှတ်။ အဓိပ္ပါယ်ကား.... ထိုစောပနကြိယာကို စိတ္တသမုဋ္ဌာန ကာယသဒ္ဒဝါစာတို့သည်၊ တနည်း— ရှေးရှေးနှိုက် ဖြစ်ကုန်သော ကာယဝိညတ်, ဝစီဝိညတ်တို့သည်သာလျှင် ဖြစ်စေအပ်သည်၏ အဖြစ်ကြောင့် "ကာယ။လ။ကရောတိ" ဟူသော စကားကို ဆို၏ဟူလို။ အဘယ်ကြောင့်နည်းဟု စောဒနာရန် ရှိပြန်သောကြောင့် "တဗ္ဘိကာရာနံ ဘူတာနံ တထာပဝတ္တာနတော" ဟူသော ဥပကဟိတ်ကို ပြတော်မူ၏။အဓိပ္ပါယ်ကား....ထိုသို့တောက်ပကုန်သော မဟာဘူတ်တို့၏ ထိုသို့ တုန်လှုပ်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့် ဟူလို။ ၎င်းဟိတ်ဖြင့် ဝိညတ်ဒွေသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ မဟာဘူတ်တို့၏ တုန်လှုပ် ဖေါက်ပြန်သော အာကာရဝိသေသမျှသာတည်းဟု ပြတော်မူ၏ဟု မှတ်ယူအပ်၏။ အထဝါ ပြသောဝါကျနှိုက် ကာယဝါစာ၏ အဘိဓေယျတ္ထကို ကာယဝိညတ်, ဝစီဝိညတ်ကိုယူဟု ပြလိုသောကြောင့် "အထဝါ ကာယဝါစာ တိဟိ ကာယဝစီဝိညတ္တိဟိ" ဟု ပြတော်မူ၏။ "စောပနကြိယန္တိ။လ။ဃဋ္ဋနကြိယဥ္စ" ဟူသောပါဠိဖြင့် စောပန

ကြိယာဟူသည် ရူပကာယ၏ ခိုင်ခြင်း တုန်လှုပ်ခြင်းကြိယာမျှသာတည်း။ စိတ္တဇပထဝီဓာတ်၏ ကမ္မဇပထဝီဓာတ်နှင့် ထိခိုက်ခြင်းကြိယာမျှသာတည်းဟု ပြတော်မူ၏၊ ကံဟူ၍မပြ။ အဘယ်ကြောင့် စောပနကြိယာအရကို ရူပကာယ ထမ္ဘန စလနကြိယာ ဥပါဒိန္နက ဃဋ္ဋနကြိယာဟူ၍ ဖွင့်ပြပါသနည်း၊ ကံဟူ၍ ဖွင့်ပြသင့်သည် မဟုတ်ပါလော၀ဟု စောဒနာဘွယ်ရှိသောကြောင့် "ဧသာ ဟိ ကြိယာ"စသော၀ါကျကို ဆိုတော်မူပြန်၏။ ထို၀ါကျဖြင့် ဤစောပနကြိယာသည် ရူပကာယကို ခိုင်ခဲ့စေခြင်း တုန်လှုပ်စေခြင်းငှါ ဥပစာအားဖြင့် အကြောင်းဖြစ်ခြင်းငှါ စွမ်းနိုင်ကာမျှသာတည်း။ ထိုကြောင့် "ရူပကာယဿ ထမ္ဘနစလနကြိယံ"ဟူ၍ ဖွင့်ပြ၏၊ "ဥပါဒိန္နက ဃဋ္ဋနဿ ပစ္စယဘူတော"ဟူ၍ အဋ္ဌကထာန္ဒိုက် ဆိုအပ်သည်၏ အဖြစ်ကြောင့် ဥပါဒိန္နက ဃဋ္ဋကြိယာသည် ကာယ, ဝစီဝိညတ်တို့ဖြင့် ဖြစ်၏။ ထိုကြောင့် "ဥပါဒိန္နက ဃဋ္ဋနကြိယံ"ဟု ဖွင့်ပြ၏ ဟူသောအကြောင်းကို ပြတော်မူ၏။ လဒ္ဓဂုဏ်ကို ပြခြင်းငှါ "ဒေဠ္ဆကတ္တာ"စသည်ကို မိန့်ပြတော်မူ၏။ ဤလဒ္ဓဂုဏ်၀ါကျဖြင့် ဤသို့ ဖွင့်ဆိုအပ်ပြီးသော အကြောင်းကြောင့် ကာယ၀ါစာသည် စောပနကြိယာ၏ မှီရာဖြစ်၏ ဟူ၍ဌင်း၊ ပဲခွပ် အစရှိသည်တို့ဖြင့် ဖြတ်ခြင်း အစရှိသည်တို့ကို ပြုသကဲ့သို့၊ ကရိဏ်း ဖြစ်၍ဖြစ်သော ကာယ, ၀ါစာတို့ဖြင့် စောပနာ ဘိဇ္ဈာဒိကြိယာကို ပြုကုန်၏ဟူ၍ဌင်း မူလဋီကာဆရာဆိုဲသော ဤစကားသည် ပြီးပြည့်စုံခြင်းသည်ဖြစ်၏ ဟူ၍သာလျှင် ပြဒတ်မူ၏။ စောပနကြိယာ အဘိဇ္ဈာဒိကြိယာသည် ကံမည်၏ဟူ၍ မပြဟု မုချမှတ်အပ်၏။

စောပနကြိယံ စသည်ဖွင့်ခြင်း
စကားအကြွင်းထားသောနည်းဖြင့် ဒီကာမှတ်ခြင်းကို တနည်းပြခြင်း

မူလဋီကာဆရာသည် "ကာယ၀ါစာဟိ သဟ စေတနာယ စောပနကြိယံ" ဟူ၍ဌင်း၊ တနည်း– "သစောပနကြိယံ" ဟူ၍ဌင်း၊ "မနသာစ သဟ စေတနာယ အဘိဇ္ဈာဒိကြိယံ" ဟူ၍ဌင်း၊ တနည်း– "အဘိဇ္ဈာဒိကြိယံ ကရောတိ" ဟူ၍ဌင်း ဆိုလိုလျက် သဟသဒ္ဒါ စေတနာသဒ္ဒါတို့ကို အကြွင်းထား၍ "ကာယ၀ါစာဟိ

စောပနကြိယံ၊ မနသာစ အဘိဇ္ဈာဒိကြိယံ ကရောတိ”ဟူ၍ ဖွင့်ပြတော်မူ၏။ အနုဋီကာဆရာသည်လည်း “စောပနကြိယန္တိ သဟ စေတနာယ ဝိညတ္တိ ဒ္ဝယံ အာဟ”ဟူ၍ဌင်း၊ တနည်း—“သဝိညတ္တိ ဒ္ဝယံ အာဟ”ဟူ၍ဌင်း ဆိုလိုလျက် စကားအကြွင်းထားသော နည်းအားဖြင့် “စောပနကြိယန္တိ ဝိညတ္တိ ဒ္ဝယံ အာဟ”ဟူ၍ ဖွင့်ပြတော်မူ၏။ ဥပမာ ဘယ်ကဲ့သို့နည်းဟူမူကား လောကူပမာအားဖြင့် “ဂေဟံ ပဝိသိတ္ဝာ ခီရံ ပိဝ”ဟု ဆိုလိုလျက် “ပဝိသ ခီရံ”ဟုဆိုသကဲ့သို့ဌင်း၊သာသနူပမာအားဖြင့်“အဟံ သုစိယာ အတ္ထော”ဟု ဆိုလိုလျက် “အဟံ သုစိယာ”ဟု ဆိုသကဲ့သို့ဌင်း၊ “မံ ပဠေန အတ္ထော”ဟု ဆိုလိုလျက် “မံ ပဠေန”ဟု ဆိုသကဲ့သို့ဌင်း၊ “အဟံ ဝေယျာကရဏေန အတ္ထော”ဟု ဆိုလိုလျက် “အဟံ ဝေယျာကရဏေန”ဟု ဆိုသကဲ့သို့ဌင်း၊ “အကွရပဒံ”ဟု ဆိုလိုလျက် “ပဒံ”ဟု ဆိုသကဲ့သို့ဌင်းတည်း။ ထိုကြောင့်—

စောပနကြိယံ၊စေတနာနှင့် တကွဖြစ်သော စောပနကြိယာကို။ ဝါ၊ စောပနကြိယာနှင့် တကွဖြစ်သော စေတနာကံကို။ အဘိဇ္ဈာဒိကြိယံ၊ စေတနာနှင့် တကွဖြစ်သော အဘိဇ္ဈာဒိကြိယာကို။ ဝါ၊ အဘိဇ္ဈာဒိကြိယာနှင့် တကွဖြစ်သော စေတနာကံကို။

ဤသို့ ယောဇနာအပ်၏၊ ဤသို့ ယောဇနာမှသာလျှင် နိတတ္ထပါဠိတော် “တဿာ ကြိယာယ ကာရိကံ စေတနံ”ဟူသော ဋီကာ နောက်စကားနှင့် ညီညွတ်မည်ဟုမှတ်။ ထိုကြောင့် သဒ္ဒနီတိနှိုက်—

(ဆ) ကေဂေဟေ ပဋိယတ္တံ ခီရံ ပါယေတုကာမော တံ ဂေဟံ ပါဝိသ၊ ပဝိသိတ္ဝာ ခီရံ ဝိဝါတိ ဝတ္တဗ္ဗေ ဝစနသေသံ ကတ္ဝာ ပဝိသ ခီရံ အာဟ။ —ဟူ၍ဌင်း၊

ယေသံ အယျာနံ သုစိယာ အတ္ထော၊ အဟံ သုစိယာတိစ၊ ယဿ ပဠေန အတ္ထော၊ သော မံ ပဠေန၊ အဟံ ဝေယျာကရဏေနာတိစ။—ဟူ၍ဌင်း ပြတော်မူ၏။

မူလဋီကာဆရာသည်
ကမ္ဘံဟူသောပုဒ်၏အဓိ စောပနကြိယံ စသည်ဖြင့် ပွင့်ပြခြင်းသည်
နေယျတ္ထသံဝဏ္ဏနာနည်းဟု ပြခြင်း

မူလဋီကာဆရာသည် "ကာယဝါစာဟိ စောပနကြိယံ မနသာစ အဘိဇ္ဈာဒိကြိယံ ကရောတိ" ဟု ဖွင့်ပြခြင်းသည် နေယျတ္ထနည်းအားဖြင့် ဖွင့်ပြသည်ဟု တနည်းအားဖြင့် မှတ်ယူအပ်၏။ အဘယ်သို့ နေယျတ္ထဖြစ်သနည်းဟူမူ ကမ္ဘံဟူသောပုဒ်ကို "ကရဏံ ကမ္မံ" ဟု ဘာဝသာဓနပြု၊ စောပနကြိယာ,အဘိဇ္ဈာဒိကြိယာကို အရကောက်။ ထိုအကျိုးဖြစ်သော စောပနာဘိဇ္ဈာဒိကြိယာကို အကြောင်းဖြစ်သော စေတနာပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဇနကသတ္တိဖြင့် ဖြစ်စေအပ်သောကြောင့်ဂုဏ်း စောပနကြိယာ ဟုဆိုအပ်သော ဝိညတ်ရုပ်, အဘိဇ္ဈာဒိကြိယာ ဟုဆိုအပ်သော စေတသိကဓမ္မတို့သည် ထိုစေတနာပြဓာန်းသော စိတ္တုပ္ပါဒ်နှင့် အတူတကွ ဖြစ်ခြင်း ချုပ်ခြင်း ရှိသောကြောင့်ဂုဏ်း၊ "တဿာ ကြိယာယ ကာရိကံ စေတနံ အဟံ ကမ္မံ ဝဒါမိတိ အတ္ထော" ဟူသော ဋီကာ နောက်စကားကို ထောက်သဖြင့် ထိုစောပနာဘိဇ္ဈာဒိကြိယာနှင့် တကွဖြစ်သော စေတနာကို ကံဟူ၍ မှတ်အပ်၏ဟူသော နေယျတ္ထနည်းအားဖြင့် ဖွင့်ပြသည်ဟု မုချမှတ်သိအပ်၏။ သဒ္ဒနေယျတ္ထ,အတ္ထနေယျတ္ထ နှစ်ပါးတို့တွင် အတ္ထနေယျတ္ထဟု မှတ်။

တနည်း–အကြောင်း ပရမတ္ထဖြစ်သော စေတနာ၏ ကံဟူသောအမည်ကို အကျိုး ပရမတ္ထဖြစ်သော စောပနကြိယာ,အဘိဇ္ဈာဒိကြိယာနှိုက် တင်စား၍ ကာရဏူပစာ နည်းအားဖြင့် ဖွင့်ပြသည်ဟု ယူသော်လည်း သင့်၏ဟုမှတ်။ ထိုကြောင့် ဋီကာဆရာသည် "တဿာ ကြိယာယ ကာရိကံ စေတနံ အဟံ ကမ္မံ ဝဒါမိတိ အတ္ထော" ဟု ပြတော်မူ၏။ သို့သော် မုချအားဖြင့် စေတနာသာ ကံမည်၏ဟု မှတ်ယူအပ်၏။ အနုဋီကာ အဖွင့်နှိုက်လည်း ၎င်းနည်းအတူပင် မှတ်။

မှတ်ချက်–၎င်းဋီကာဖွင့်နည်းကို နေယျတ္ထ,ဥပစာနည်းအားဖြင့် မယူမူ၍ နိတတ္ထ မုချတ္ထနည်းအားဖြင့် ဝိညတ်ဒွေ, အဘိဇ္ဈာ အစရှိသည်သည် ကံမည်၏ဟု ယူခဲ့သည်ရှိသော် ပြလတ္တံသော ထိုထို ပါဠိတော်,

အဋ္ဌကထာ,ဋီကာတို့နှင့်လည်း ဆန့်ကျင်ခဲ့ရာ၏၊သဗ္ဗညုမြတ်စွာဘုရား အားလည်း စွပ်စွဲရာ ရောက်ခဲ့ရာ၏။ ထိုကြောင့် ဒုကနိပါတ် အဂုံတ္တရ ပါဠိတော်နှိုက်—

(၈) ဒွေ မေ ဘိက္ခဝေ တထာဂတံ အဗ္ဘာစိက္ခန္တိ၊ ကတမေ ဒွေ၊ ယောစ နေယျတ္ထံ သုတ္တန္တံ နီတတ္ထော သုတ္တန္တော်တိ ဒီပေတိ။ ယောစ နီတတ္ထံ သုတ္တန္တံ နေယျတ္ထော သုတ္တန္တော်တိ ဒီပေတိ၊ ဣမေခေါ ဘိက္ခဝေ ဒွေ တထာဂတံ အဗ္ဘာစိက္ခန္တိတိ။—ဟု ဟောတော်မူ၏။

မှတ်ချက်—"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိတိ" ဟူသောဒေသနာတော် သည် "သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊သဗ္ဗေ ဘာယန္တိ မစ္စုနော" အစရှိသော ဒေသနာတော်တို့ကဲ့သို့ နေယျတ္ထ ဒေသနာမဟုတ် နီတတ္ထဒေသနာ တော်တည်း။ထိုကြောင့် အကြောင်းကို မရှာအပ်၊ ဘုရားဟောတော် မူတိုင်း နီတတ္ထအားဖြင့် စေတနာကို ကံဟူ၍သာ ယုံယုံကြည်ကြည် မှတ်ယူအပ်၏။ ထိုကြောင့် မူလဋီကာ ကာမာဝစရနိဒ္ဒေသအဖွင့် နှိုက်—

(စျ) ယထာ ဘဂဝတာ ဝုတ္တာ၊ တံသဘာဝါယေဝ တေ ဓမ္မာတိ၊ န ဝေံ ဝိဓေသု ကာရဏံ မဂ္ဂိတဗ္ဗံ။—ဟု ပြတော်မူ၏။

ဘုရားစကားတော်ကို မယုံကြည်လျှင်လည်း ငရဲသို့ ကျရောက်သေး၏။ ထိုကြောင့် ပါရာဇိကဏ် ပါဠိတော်နှိုက်—

(ည) ယေ မေ န သဒ္ဒဟေယျုံ၊ တေ သန္တံ အသေ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ။—ဟူ၍ ဟောတော်မူ၏။

မှတ်ချက်—ထိုကြောင့် အတ္တနောမတိမည်သော ဋီကာဆရာတို့သည် အတ္တ နောမတိအားဖြင့် အမျိုးမျိုး ဖွင့်ပြသော်လည်း ပါဠိတော်, အဋ္ဌ ကထာတို့နှင့် မဆန့်မကျင် ညီညွတ်ခြင်းရှိအောင် အနုမာနညာဏ်ဖြင့် နှိုင်းချိန် စဉ်းစားပြီးလျှင် နယအမျိုးမျိုးဖြင့် ဥဇုက အဓိပ္ပါယတ္ထကို သာ မှတ်ယူအပ်၏ဟု မှတ်အပ်၏။

ဘုန်းတော်ဘုရားကြီးသည် စောပနုကြွယံ စသည်ကို ဒီကာမဉ္ဇရာန်းကဲ့ ပါဠိတော် စသည်တို့နှင့် မဆန့်ကျင်အောင် အဓိပ္ပါယ်ယူနည်းကို ပြခြင်း

"ကာယဝါစာဟိ စောပနကြိယံ မနသာစ အဘိဇ္ဈာဒိ ကရောတိ"ဟူ၍ မူလဋီကာဆရာ ဖွင့်ဆိုရာ၌က် "စောပနကြိယန္တိ ဝိညတ္တိဒ္ဒယံ အာဟ"ဟူသော အနုဋီကာနှင့်အညီ နိတတ္ထအားဖြင့် ဝိညတ်ဒွေကို ကံဟူ၍ ယူခဲ့သည်ရှိသော် "ရူပံ ကမ္မန္တိ၊ အာမန္တာ"အစရှိသော ကထာဝတ္ထုပါဠိတော်၊ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"အစရှိသော ပါဠိတော်တို့နှင့်ဝင်း၊ ထိုမှတပါးသော အဋ္ဌကထာ, ဋီကာတို့နှင့်ဝင်း မူလဋီကာ, အနုဋီကာတို့၏ ရှေ့နောက်စကား တို့နှင့်ဝင်း ဆန့်ကျင်ခဲ့ရာ၏။ ထိုကြောင့် ကမ္မံဟူသော ပုဒ်၏အရ "စောပနကြိယံ အဘိဇ္ဈာဒိကြိယံ" ဟု ဖွင့်ပြသော်လည်း နေယျတ္ထအားဖြင့် ကမ္မံဟူသောပုဒ်အရ စေတနာကိုသာလျှင် ကောက်ယူအပ်၏။ ဥပမာ ကာယော ဟု ဘုရားဟောတော်မူသော်လည်း ကာယ၏အရ စေတနာကို နေယျတ္ထအားဖြင့် ယူရသကဲ့သို့တည်း။ထိုကြောင့် စတုက္ကနိပါတ် အင်္ဂုတ္တရအဋ္ဌကထာန္ဒိက်—

(၄) ကာယဒ္ဒါရေ ပဝတ္တာ ဟိ စေတနာ ဇဝ ကာယောတိ အဓိပ္ပေတာ။—ဟု ဖွင့်ပြတော်မူ၏။

နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာန္ဒိက်လည်း

(၅) အဝိစ ကာယောတိ စေတနာကာယော. ဝါစာဝိ စေတနာ ဝါစာ၊ မနောဝိ ကမ္မမနောယေဝ။— ဟု ဖွင့်ပြတော်မူ၏။

မှတ်ချက်—ဤသို့သော အရာဌာနမျိုးတို့ဒိန္ဒိုက် ဆန့်ကျင်သော အခြင်း အရာအားဖြင့် မြင်ခဲ့သည်ရှိသော် ပါဠိတော်, အဋ္ဌကထာ, ဋီကာ အချင်းချင်း မဆန့်ကျင်ရအောင် များစွာသော အားထုတ်ခြင်း စိန္တမယဉာဏ်ကို စေလွှတ်သုတ်သင်၍ ပါဠိတော်နည်းသို့ သက်ဝင်သော အသင့်ယုတ္တိကို ဉာဏ်ဖြင့် ရှာပြီးလျှင် ပြဆိုခဲ့ပြီးသောနည်း အတိုင်း အပြစ်မရှိသော အနက် အဓိပ္ပါယ်ကိုသာလျှင် မှတ်ယူအပ်၏။

ဤသို့ သဘောရှိသော အရာဌာနတို့နှိုက် ယုံမှားခြင်း ဝိမတိကို ဖြစ်စေ၍ အမြင်မှားသော မိစ္ဆာဉာဏ်ကို မတည်စေအပ်ဟု မှတ်အပ်၏။ ထိုကြောင့် ကုရုရာဇ ဇာတ်ဋီကာနှိုက်—

(၃) ၎စွေဝံ အဋ္ဌကထာသု အညမညံ ဝုတ္တဝစနဿ ဝိရုဒ္ဓါ ကာရေန သန္ဒိဿနဋ္ဌာနေ မဟန္တေန ဥဿာဟေန စိန္တာမယ ဉာဏံ ပေသေတွာ ဝိသောဓေတွာ ယုတ္တိံ ဂဝေသေတွာ နိဋ္ဌေါသောယေဝ အတ္ထော ဒဋ္ဌဗ္ဗော၊ န ပန ဤဒိသေသု ဌာနေသု ဝိမတိံ ဥပ္ပါဒေတွာ မိစ္ဆာဉာဏံ ပတိဋ္ဌာပေတဗ္ဗံ။— ဟု ပြတော်မူ၏။

မှတ်ချက်—ဤသို့ ပြဆိုအပ်ပြီးသော နည်းအမျိုးမျိုးတို့ဖြင့်ငင်း စိန္တာမယဉာဏ်,တုလနဉာဏ်,ဂမ္ဘီရဉာဏ်,သဏှသုခုမဉာဏ် စသည်တို့ဖြင့်ငင်း အဖန်တလဲလဲ မေ့နှောက် ချောက်ခြားပြီးလျှင် အဋ္ဌကထာ, ဋီကာတို့နှိုက် ဖွင့်ပြအပ်သော အနက်, အဓိပ္ပါယ်တို့ကို ဘုရားဟော ပါဠိတော်တို့နှင့် ညီညွတ်၍ မဆန့်ကျင်ရအောင် ယုတ္တိ အဓိပ္ပါယ် ယူနည်း ပြောနည်း ဆိုနည်းတို့နှိုက် သတိရှိကြစေ။

ဝိညတ်သည် ကံမည်မှာဝေးစွ စေတနာ၏ မုချ အကြောင်းမှု မမည်ခြင်းကို ပြခြင်း

ဝိညတ်သည် ကံမည်မှာဝေးစွ စေတနာ တည်းဟူသော ကံအား တစုံတခု သော ပစ္စည်းဖြင့် ကျေးဇူးပြုခြင်းကို ပဋ္ဌာန်းပါဠိတော်နှိုက် မြတ်စွာဘုရား ဟောတော်မမူသောကြောင့် ဝိညတ်သည် စေတနာ၏ မုချအကြောင်းမဖြစ်နိုင်၊ ဖလူပစာအားဖြင့် အကြောင်းမျှဖြစ်၍ ကာယကမ္မဟူ၍သာ ဆိုအပ်၏။ ထိုကြောင့် အဘိဓမ္မတ္ထဝိဘာဝနီ မည်သော ဋီကာကျော်နှိုက်—

(၄) ကိဉ္စာပိ တံတံ ကမ္မသဟဂတစိတ္တုပ္ပါဒေနေဝ သာ ဝိညတ္တိ ဇနိယတိ၊ တထာပိ တဿာ တထာ ပဝတ္တမာနာယ တံသမုဋ္ဌာပက ကမ္မဿ ကာယကမ္မာဒိ ဝေါဟာရော ဟောတိတိ သာ တသ္မေဝ ပဝတ္တိမုခဘာဝေန ဝတ္တုံ လဒ္ဓာတိ။—ဟု ပြတော်မူ၏။

ထိုဋ္ဌိကာကို ရည်ရွယ်တော်မူ၍ ‘‘ဇာဂရာဘိဓေ့ တိပိဋကဓရ မဟာဓမ္မ ရာဇာမိရာဇာဂုရု’’ ဒကို့ဏာရာမ ဘုရားကြီးတိုက် ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော သင်္ဂိုဟ်ဂဏ္ဌိသစ်နှိုက်—

ကာယောဓေ ကမ္မဿဒ္ဓါရုံ ကာယဒ္ဓါရုံ၊(ကာယဝိညတ် ရစေ)။ ကံ ဟုဆို အပ်သော စေတနာနှင့် တကွဖြစ်သော စိတ္တုပ္ပါဒ်သည် ဖြစ်စေအပ်သော ကြောင့် ဝိညတ်ကား အကျိုး, ကံကား အကြောင်းဖြစ်သည်၊ ယင်းသို့ ကံသာ အကြောင်းဖြစ်သော်လည်း အကျိုးဖြစ်သော ဝိညတ်၏ ကာယဟူသော အမည်ကို အကြောင်းဖြစ်သော ကံနှိုက် တင်စား၍ ကံကိုလည်း ကာယကံဟု ခေါ်ဝေါ်သောကြောင့် ဖလူပစာအားဖြင့် ဝိညတ်ကို ကံ၏ဖြစ်ကြောင်းဟု ဆိုသည် ဟူ၍ ပြတော်မူ၏။

မှတ်ချက်အင်္ဂါယင်ကို ပြခြင်း

အထက်ပါ ဋ္ဌိကာကျော်ဆရာ၏စကားသည်လည်း အောက်ပါ ကာယကမ္မ ဒ္ဓါရကထာအဖွင့် မူလဋ္ဌိကာ,အနုဋ္ဌိကာတို့နှင့် ညီမျှ၏ဟု မှတ်အပ်၏။

(က) ကာယကမ္မဿ ဥပ္ပဇ္ဇနဋ္ဌာနန္တိ တံ သဟဇာတ ဝိညတ္တိယေဝ ဝုစ္စတိ၊ ကိဉ္စာဝိ ဟိ သာ တဿ ကေနစိ ပကာရေန ပစ္စယောန ဟောတိ၊ တထာဝိ ကမ္မဿ ဝိသေသိကာ ဝိညတ္တိ တံ သဟဇာတာ ဟောတိတိ တဿ ဥပ္ပတ္တိဋ္ဌာန ဘာဝေန ဝုတ္တာ ယထာဝုတ္တနိယမေန အညာ ဝိသေသနဿ ကမ္မဿ ဝိသေသနန္တရေ ဥပ္ပတ္တိ အဘာဝါ။ ကာယေန ပန ကတတ္တာတိ ကာယဝိညတ္တိံ ဇနေတ္ဝာ တာယ ဇိဝိတိန္ဒြိယံ ပစ္ဆေဒါဒိ နိပ္ပါဒနတော အတ္တနော နိပ္ဖတ္တိဝသေန ကာယေန ကတံ ကမ္မန္တိ ဝုတ္တံ၊ ကာရဏာဘူတော ဟိ ပနေတ္ထ ကာယော‌တိ။—မူလဋ္ဌိကာ ကာယကမ္မဒ္ဓါရကထာအဖွင့်

(ဘ) ကိဉ္စာဝိ ဝိညတ္တိယာ စတုဝိသတိယာ ပစ္စယေသု ကေနစိ ပစ္စယေန စေတနာယ ပစ္စယဘာဝေါ နတ္ထိ၊ တထာ ပန ဝိညတ္တိယာ ပဝတ္တမာနာယဇေ ပါဏာတိပါတာဒိ ဟောတိ၊ နာညထာတိ သိယာ ဝိညတ္တိယာ ဟေတုဘာဝေါ စေတနာယာတိ ဝုတ္တံ ဒ္ဓါရေဟိ ကာရဏာဘူတော‌တိ။ ကာယကမ္မံ

ဝစီကမ္မန္တိ ကမ္မဝဝတ္ထာနသေဝ ဝါ ကာရဏာဘာဝံ သန္ဓာယ
ဒွါရေဟိ ကာရဏာဘူတေဟိတိ။ သာတိ ဝိညတ္တိ။တဿာတိ
ကမ္မဿ၊ ကေနစိ ပကာရေနာတိ စတုဝိသတိယာ ပစ္စယပ္ပ
ကာရေသု ကေနစိ ပကာရေန၊ တံ သဟဇာတာတိ ဧတေန
ကာယဝိညတ္တိယာ သဒ္ဒာဝေယေဝ၊ ကာယကမ္မဿ သဒ္ဒာ
ဝေါ၊ နာညထာတိ ပရိယာယေန ဝိညတ္တိယာ ကမ္မဿ
ကာရဏာဘာဝံ ဝိဘာဝေတိ၊ တေနေဝါဟ ဥပ္ပတ္တိဋ္ဌာန
ဘာဝေန ဝုတ္တာတိ။—ၚင်းအပ္ဌင့်အနုဋီကာ

အဓိပ္ပါယ်ကို ပါဠိ၌ရှိတိုင်း ယူအပ်၏၊ လိုရင်းပဓာန အဓိပ္ပါယ်ကိုသာ ပြ
ပေအံ့၊ "ကာရဏာဘူတော ဟိ ပနေတ္ထ ကာယော‌တိ" ဟူသော မူလဋီကာပါဠိ၊
"ပရိယာယေန ဝိညတ္တိယာ ကမ္မဿ ကာရဏာဘာဝံ ဝိဘာဝေတိ" ဟူသော
အနုဋီကာပါဠိတို့ဖြင့် ဝိညတ်သည် စေတနာ တည်းဟူသော ကံ၏အကြောင်း
ဖြစ်ငြားသော်လည်း တစုံတခုသော ပစ္စည်းဖြင့် စေတနာအား ကျေးဇူး မပြု
တတ်သောကြောင့် ပရိယာယ် ဥပစာအားဖြင့်ဖြစ်သော အကြောင်း၏အဖြစ်
ကိုသာ ပြတော်မူ၏။ ထိုကြောင့် ဝိညတ်သည် ကံမဖြစ်နိုင်ဟူ၍ မုချမှတ်အပ်
၏၊ အကယ်၍ ဝိညတ်ကို ကံဟု ယူခဲ့သည်ရှိသော်—

(ထ) ဒွါရေ စရန္တိ ကမ္မာနိ၊ န ဒွါရာ ဒွါရစာရိနော။
တဿာ ဒွါရေဟိ ကမ္မာနိ၊ အညမည ဝဝတ္ထိတာ။

တတ္ထ ကမ္မေနာပိ ဒွါရံ နာမံ လဘတိ ဒွါရေနာပိ ကမ္မံ။
တတ္ထ အညော ကာယော အညံ ကမ္မံ။—

ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာနှိုက် ကံတို့သည် ဒွါရတပါးနှိုက် ဖြစ်
ကုန်၏၊ဒွါရတို့သည် ဒွါရတပါးနှိုက် မဖြစ်ကုန်။ထိုကြောင့် ဒွါရတို့ဖြင့် ကံတို့
ကို အချင်းချင်း ပိုင်းခြား မှတ်သားအပ်ကုန်၏၊ ကံဖြင့်လည်း ဒွါရဟူသော
အမည်ကို ရ၏၊ ဒွါရဖြင့်လည်း ကံဟူသော အမည်ကို ရ၏၊ ကာယလည်း
တခြားတပါး ကံလည်း တခြားတပါးဟူ၍ ပြအပ်သော စကားနှင့်လည်း ၎,
နော်ဂက် ဆန့်ကျင်ခဲ့ရာ၏၊ ကံနှင့် ဒွါရလည်း ရောယှက်ခဲ့ရာ၏၊ နောက်နှိုက်

(ပ) ကာယေဝါတိ ကာယဝိညတ္တိသင်္ခါတေ ကာယေဝ သတိတိ ဓရမာနေ အနိရောဓိတေ ဝါ၊ ကာယသမုဋ္ဌာဝိကာ စေတနာ ကာယသင်္ခေတနာ၊ ဇာတ္တစ သုခဒုက္ခုပ္ပါဒကေန ကမ္မေန ဘဝိတဗ္ဗံ၊ စေတနာစ သုခဒုက္ခုပ္ပါဒိကာ ဝုတ္တာတိ တာသာ ကမ္မဘာဝေါ သိဒ္ဓေါ ဟောတိ။— မူလဋီကာ

ဂုင်း မူလဋီကာနှိုက် ဇတ္တ အစရှိသောပါဠိဖြင့် ချမ်းသာ, ဆင်းရဲကို ဖြစ်သော ကံသည် ဖြစ်ရာ၏၊ စေတနာကိုသာလျှင် သုခ, ဒုက္ခ တည်းဟူသော အကျိုးကို ဖြစ်စေတတ်၏ဟူ၍ ဆိုအပ်၏။ ထိုကြောင့် စေတနာ၏သာလျှင် ကံ၏အဖြစ် ပြီး၏။ ဝါ၊ ထင်ရှား၏ဟု ပြတော်မူ၏။ ဗျတိရေကအားဖြင့် ဝိညတ္တိဒွယသည် ရုပ်အဗျာကတ စေတနာကံသည် ဖြစ်စေအပ်သော အကျိုး ဖလမျှသာဖြစ်၍ သုခ,ဒုက္ခဝိပါကကို မဖြစ်စေတတ်သောကြောင့် ကံ၏အဖြစ် မပြီးဟု ပြတော်မူ၏။ ထိုကြောင့် မူလဋီကာဆရာသည် "စောပနကြိယံ ကရောတိ" ဟု ဖွင့်ပြသော်လည်း ဝိညတ်၏ ကံ၏အဖြစ်ကို အာဘောဂ မရှိခြင်းသည် ကောင်းကင်ပြင်နှိုက် နေ,လအသွင် အလွန်ထင်ရှား၏။ထိုကြောင့် ဂုင်းသံဝဏ္ဏနာကို စဲ၍ ဝိညတ်ကို ကံဟူ၍ မယူအပ် မယူထိုက် မယူသင့်ဟု မှတ်အပ်၏။ (ဂုင်းနှိုက် အနုဋီကာ အထူးအဖွင့် မရှိ)။

မူလဋီကာဆရာ
စေတနာကံသာ ကံဟူ၍ အလေ့ရှိခြင်းကြောင့် ဂုဏ်ဋီကာပါဠိကို ထုတ်၍ ပြခြင်း

(ဖ) ယထာ ပန သုတ္တန်ဋ္ဌိတာနိ၊တထာ စောပနာကြိယာ နိဿယ ဘူတာ ကာယဝါစာ အဘိဇ္ဈာဒိကြိယာ နိဿယောစ မနောဒ္ဓါရာနိ၊ ယာယ ပန စေတနာယ တေဟိ ကာယာဒိဟိ ကာရဏဘူတေဟိ စောပနာဘိဇ္ဈာဒိကြိယံ ကရောန္တိ၊ဝါသိ အာဒိဟိ ဝိယ ဆေဒနာဒိ၊သာ စေတနာ ကမ္မန္တိ၊ ဒ္ဝါရပ္ပဝတ္တိယဖြိ ကမ္မဒ္ဝါရဘေဒနဿ ကမ္မဒ္ဝါရ ဝဝတ္ထာနဿ ဒိဿတိ၊ဝေဿသတိ ကာယေန စေ ကဘံ ကမ္မန္တိ အာဒိ ဂါထာယော အတိဝိယ ယုဇ္ဇန္တိ။— မူလဋီကာ ကမ္မကထာ

ၛင်း မူလဋီကာပါဠိနိုက် "ယထာပန။လ။ဒ္ဓါရာနိ"ဟူသော ပါဠိဖြင့် အကြင်သို့သော အခြင်းအရာအားဖြင့် "ကာယေဝါ အာနန္ဒ သတိ"အစရှိသော သုတ်တို့သည် တည်ကုန်၏၊ ထိုသို့သော အခြင်းအရာအားဖြင့် စောပနကြိယာ၏ မှီရာ ဖြစ်၍ဖြစ်ကုန်သော ကာယဝါစာတို့သည်ၛင်း၊ အဘိဇ္ဈာ အစရှိသော ကြိယာ၏ မှီရာဖြစ်သော စိတ်သည်ၛင်း ဒ္ဓါရ မည်ကုန်၏ဟု ပြတော်မူ၏။ ထိုစောပနစသော ကြိယာကို ဒ္ဓါရဟူ၍သာ ပြတော်မူသောကြောင့် ကံဟူ၍ အလိုမရှိကြောင်း အလွန်ထင်ရှား၏။ "ယာယ ပန စေတနာယ။လ။ အတိဝိယ ယုဇ္ဇန္တိ"ဟူသောပါဠိဖြင့် ပဲခွပ်အစရှိသည်တို့ဖြင့် ဖြတ်ခြင်း အစရှိသည်ကို ပြုကုန်သကဲ့သို့၊ အကြင် စေတနာဖြင့် အကြောင်း ဖြစ်၍ဖြစ်ကုန်သော ကာယ, ဝါစာ, မနတို့ဖြင့် ရူပကာယ၏ ထမ္ဘန,စလန,စောပနကြိယာ အဘိဇ္ဈာအစရှိသော ကြိယာကို သတ္တဝါတို့သည် ပြုကုန်၏၊ ထိုစေတနာသည် သာလျှင် ကံမည်၏၊ ထိုသို့ စောပန,အဘိဇ္ဈာ အစရှိသော ကြိယာကို ပြုတတ်ပြီးစေတတ်သော စေတနာသည်သာလျှင် ကံမည်သောကြောင့် ဒ္ဓါရတပါးတို့နိုက် ကံသည်ဖြစ်သော်လည်း ကံ,ဒ္ဓါရ မရောယှက်ခြင်းသည်ၛင်း၊ ကံ,ဒ္ဓါရ တပါးသည် တပါးဖြင့် ပိုင်းခြားခြင်းသည်ၛင်း ထင်၏၊ ဤသို့ ကံ,ဒ္ဓါရတို့၏ တပါးနှင့်တပါး မရောယှက်သည်ရှိသော် အဋ္ဌကထာနိုက် ဆိုအပ်ကုန်သော "ကာယေန စေ ကတံ ကမ္မံ"အစရှိကုန်သော ဂါထာတို့သည် အလွန်သင့်မြတ်ကုန်၏ဟု ပြတော်မူ၏။

မှတ်ချက်—ဤဋီကာပါဠိဖြင့်လည်း ဋီကာဆရာသည် ဝိညတ်ကို ကံဟူ၍ အလိုမရှိကြောင်း အလွန်ထင်ရှား၏။ ထိုကြောင့် ဝိညတ်ကို ကံဟူ၍ မယူအပ်၊ ကံဟု ယူသည်ရှိသော် ကံနှင့်ဒ္ဓါရ ရောယှက်ခဲ့ရာ၏ဟု မှတ်အပ်၏။

ၛင်းမူလဋီကာ၏အဓွန့် အနုဋီကာ၏ အဓိပ္ပာယ်ကို ပြခြင်း

(၀) ကာယာဒိဟိ ကာရဏဘူတေဟိ စောပနာဘိဇ္ဈာဒိကြိယံ ကရောန္တီတိ ဇေတန စောပနာဘိဇ္ဈာဒိကြိယာ နိဗ္ဗတ္တိဒ္ဓါရေန စေတနာနိဗ္ဗတ္တိယေဝ ဝုတ္တာတိ ဣမိနာဓိပ္ပါယေန၊ ဧဝဥ္စ။လ။

ယုဇ္ဇန္တိ တိ အာဟ။ ယာယ စေတနာယာတိ ကရဏာ နိဒ္ဒေသော ပန ကာယာဒိနံ စောပနကြိယာယစ စေတနာ ဟေတုကတ္တာဒဿနတ္ထံ ဝုတ္တောတိ။— ၎င်းမူလဋီကာအဖွင့် အနုဋီကာ

၎င်းအနုဋီကာပါဠိန္ဒိုက် ''စောပနာဘိဇ္ဈာဒိကြိယာ နိဗ္ဗတ္တိဒ္ဒါရေန'' ဟူသော ပါဠိဖြင့် စောပနာ ဘိဇ္ဈာဒိကြိယာ၏ ဖြစ်ရာ ဒ္ဒါရဖြင့်ဟု ပြသဖြင့် စောပနကြိယာ အဘိဇ္ဈာဒိကြိယာသည် ဒ္ဒါရန္ဒိုက် အတွင်းဝင်၏၊ ဒ္ဒါရဟူ၍သာ မှတ်ယူအပ်၏၊ ကံဟူ၍ မယူအပ်ဟူသော အဓိပ္ပါယ်ကို ပြတော်မူ၏။ ''စေတနာ နိဗ္ဗတ္တိယေဝ ဝုတ္တာ'' ဟူသောပါဠိဖြင့် စေတနာ ဟုဆိုအပ်သောကံ၏ ဒ္ဒါရန္ဒိုက် စေတနာကံဖြစ်ခြင်းကိုသာ ပြတော်မူ၏။ ''ယာယ စေတနာယာတိ။လ။ ဝုတ္တော'' ဟူသောပါဠိဖြင့် ကာယဝါစာ အဘိဇ္ဈာအစရှိသည်တို့၏ဝင်း၊ စောပနကြိယာ၏ဝင်း စေတနာ တည်းဟူသော ကံလျှင် အကြောင်းရှိသည်၏ အဖြစ်ကို ပြတော်မူ၏။ ထိုကြောင့် အနုဋီကာဆရာသည်လည်း ''စောပနကြိယန္တိ ဝိညတ္တိဒ္ဒယံ အာဟ'' ဟု ဖွင့်ပြသော်လည်း ဝိညတ်ကို ကံဟူ၍ အလိုမရှိကြောင်း အလွန်ထင်ရှား၏။

သန္နိဋ္ဌာပကစေတနာသာ ကံမည်ခြင်းကို ပြခြင်း

(ဘ) တိဝိဓာ ဘိက္ခဝေ ကာယသဉ္စေတနာ အကုသလံ ကာယကမ္မန္တိ အာဒိနာ ကမ္မပထပတ္တာဝ သန္နိဋ္ဌာပကစေတနာ ကမ္မန္တိ ဝုတ္တာတိ ပုရိမစေတနာ သဗ္ဗာ ကာယကမ္မံ နဟောတိတိ ဝုတ္တာ။— မူလဋီကာ ကမ္မကထာ

ဤမူလဋီကာပါဠိဖြင့် ''တိဝိဓာ ဘိက္ခဝေ။လ။ကမ္မံ'' ဤသို့ အစရှိသော ပါဠိတော်ဖြင့် ကမ္မပထသို့ ရောက်သည်သာလျှင် ဖြစ်သော သန္နိဋ္ဌာပကစေတနာကိုသာလျှင် ကံဟူ၍ ဘုရားဟောတော်မူအပ်၏၊ ထိုကြောင့် အလုံးစုံသော ပုရိမစေတနာသည် ကံမမည်ဟု ပြတော်မူ၏။

မှတ်ချက်—မူလဋီကာဆရာသည် အကယ်၍ စောပနကြိယာ, အဘိဇ္ဈာဒိကြိယာကို ကံဟူ၍ အလိုရှိငြားအံ့ ''တိဝိဓာ။လ။ကမ္မန္တိအာဒိနာ

ကာယဝါစာဟိ စောပနကြိယံ၊ မနသာစ အဘိဇ္ဈာဒိကြိယံ ကမ္မန္တိ ဝုတ္တံ”ဟူ၍ ဖွင့်ပြရာ၏၊ ထိုသို့ မဖွင့်ပြသောကြောင့် မူလဋီကာဆရာသည် စောပနာဘိဇ္ဈာဒိကြိယာကို ကံဟူ၍ အလိုမရှိဟု မုချ မှတ်ယူအပ်၏။

စေတနာသာ ကံမည်ခြင်း အဘိဇ္ဈာစသည် ကံမမည်ခြင်းကို ပြခြင်း

အဋ္ဌသာလိနီအဋ္ဌကထာန္ဒိုက် “မနောဒ္ဒါရေ ပန ဝမကစေတနာယ ဥပ္ပန္နမတ္တာယဝေ ကမ္မပထဘေဒေါ ဟောတိ၊ သောစ ဗျာပါဒဝသေန၊ နပါဏာတိပါတဝသေန” စသည်ဖြင့် စေတနာသာ ကံမည်ကြောင်းကို ပြငြားသော်လည်း ဝိတ္ထာရ ဖြစ်မည်ကြောင့် သံဝဏ္ဏေတဗ္ဗ အဋ္ဌကထာကို ထုတ်မပြဘဲ မူလဋီကာ သံဝဏ္ဏနာ သက်သက်ကိုသာလျှင် ထုတ်ပြ၍ ဆိုပေအံ့။

(မ) တိဝိဓာ ဘိက္ခဝေ မနောသဉ္စေတနာ အကုသလံ မနော ကမ္မန္တိ ပန ဝစနတော သဘာဝေနေဝ သာ မနောကမ္မံ၊ နအဘိဇ္ဈာဒိ ပက္ခိကတ္တာတိ အဘိဇ္ဈာဒိ ပက္ခိကာဝါတိ နဝုတ္တံ။—မူလဋီကာ ကမ္မကထာ

ဤမူလဋီကာပါဠိန္ဒိုက် “သဘာဝေနေဝ သာ မနောကမ္မံ”ဟူသောပါဠိဖြင့် စေတနာသည်သာလျှင် သဘောအားဖြင့် မနောကံ မည်၏၊ အဘိဇ္ဈာအစရှိသည်တို့၏ အဖို့ရှိသည်၏ အဖြစ်ကြောင့် မနောကံ မမည်ဟု ပြတော်မူ၏။ ထိုသို့ ဖွင့်ပြခြင်းကြောင့် ဋီကာဆရာသည် အဘိဇ္ဈာ အစရှိသည်တို့ကို ကံဟူ၍ အလိုမရှိကြောင်းကို မှတ်ယူအပ်၏။

၎င်းအဖွင့် အနုဋီကာ၏ အာဘောဂကို ပြခြင်း

(ယ) ယဒိ အဘိဇ္ဈာဒယော ပဋ္ဌာနာ၊ နစေတနာ၊ ဧဝံ သတိ အဘိဇ္ဈာဒယော စေတ္ထ ကမ္မံ၊ နစေတနာ၊ အဘိဇ္ဈာဒိ ပက္ခိကာဝါ သာ သိယာတိ အနုယောဂံ မနသိကတ္တာ အာဟ တိဝိဓာ ဘိက္ခဝေတိအာဒိ။— ၎င်းအဖွင့် အနုဋီကာ

အဓိပ္ပါယ် မနောဒ္ဓါရန္ဒိုက် အဘိဇ္ဈာ အစရှိသည်တို့သည် အကယ်၍ ပြဓာန်းကုန်သည် ဖြစ်အံ့၊ စေတနာသည် မပြဓာန်းသည် ဖြစ်အံ့၊ ဤသို့ အဘိဇ္ဈာ အစရှိသည်တို့သည် ပဓာန, စေတနာသည် အပဓာန ဖြစ်သည်ရှိသော် ဤမနောဒ္ဓါရအရာန္ဒိုက် အဘိဇ္ဈာ အစရှိသည်တို့သည် ကံမည်သည် ဖြစ်ရာ၏၊ စေတနာသည် ကံမည်သည် မဖြစ်ရာ၊ ထိုကံမည်သော စေတနာသည် အဘိဇ္ဈာ အစရှိသည်တို့၏ အပင်းအသင်း အပေါင်းအဖော်မျှ ရှိသည်ဖြစ်ရာ၏၊ ဤသို့သော ဗျတိရေက စောဒနာခြင်းကို နှလုံးထားတော်မူ၍ မူလဋီကာဆရာသည် "တိဝိဓာ ဘိက္ခဝေ" ဤသို့ အစရှိသော စကားကို မိန့်ဆိုတော်မူ၏ဟု ပြတော်မူ၏၊ ဤဋီကာဖြင့်လည်း အနုဋီကာ ဆရာသည် အဘိဇ္ဈာ အစရှိသည်ကို ကံဟူ၍ အယူမရှိဟု မှတ်အပ်၏။

ပဓာနအားဖြင့် စေတနာကံ မည်ခြင်းကို ပြခြင်း

(ရ) အဘိဇ္ဈာဒိ ပကွိကတ္တာတိတေတန ဝိဇ္ဇမာနေသုဝိ ဗျာပါဒါဒိသု ယဒါ ကာယဝစီဒ္ဒါရေသု စေတနာ ဗလဝတီ ဟောတိ၊ နတထာ ဇာတရေ၊ တဒါ ပဒ္ဓာနဘာဝတော စေတနာ ကာယကမ္မံ ဝစီကမ္မန္တိစ ဝေါဟာရံ လဘတိ၊ သော ခေါပနသာ ပဒ္ဓာနဘာဝေါ ပါဏာတိပါတာဒိ သိဒ္ဓါယ ဝိညာယတိ။– ၎င်းမူလဋီကာအဖွင့် အနုဋီကာ

ဤအနုဋီကာန္ဒိုက် "အဘိဇ္ဈာဒိပဒ္ဓာနတ္တာ" ဟူသော မူလဋီကာပါဠ်ဖြင့် ဗျာပါဒ အစရှိသည်တို့သည် စိတ္တုပ္ပါဒ်န္ဒိုက် ထင်ရှားရှိကုန်သော်လည်း အကြင် အခါန္ဒိုက် ကာယ,ဝစီဒ္ဒါရတို့န္ဒိုက် စေတနာသည် အားရှိ၏၊ ထိုစေတနာအတူ ဗျာပါဒ အစရှိသည်တို့သည် အားမရှိကုန်၊ ထိုအခါန္ဒိုက် ပြဓာန်းသည်၏ အဖြစ်ကြောင့် စေတနာသည်သာလျှင် ကာယကံ, ဝစီကံဟူသော အမည် ဝေါဟာရကို ရ၏၊ ထိုစေတနာ၏ ပြဓာန်းသည်၏ အဖြစ်ကို ပါဏာတိပါတ အစရှိသည်တို့၏ ပြီးခြင်းဖြင့် သိအပ်၏ဟု ပြတော်မူ၏၊ ထိုသို့ ပြခြင်းကြောင့် အနုဋီကာဆရာသည် စေပနကြိယာ,အဘိဇ္ဈာဒိကြိယာကို ကံဟူ၍ အလိုမရှိဟု မှတ်သိအပ်၏။

စေတနာသာ မုချအားဖြင့် ကံမည်ခြင်းကို ပြခြင်း

(လ) အထဝါ စေတနာယ နိပ္ပရိယာယ ကမ္မဘာဝတော၊ ပရိယာယ ကမ္မေ အနဝရောဓေတဗ္ဗတ္တာ အဇ္ဈောဟာရိကာတိ ဝုတ္တံ၊ အတ္တနော သဘာဝေနေဝ ပန သာ ဇော္ဍာဝိ ကမ္မန္တိ ဝုစ္စတိ၊ ယထာဟ–"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"တိ အာဒိ။ အဠကထာယဉ္စ တသ္မိံ ဒ္ဝါရေ သိဒ္ဓါ စေတနာတိ အာဒိနာ စေတနာယေဝ ပဌာနံ ကတ္ဝာ ဝုတ္တံ၊ တေနေဝါဟ သဘာဝေနေဝ သာ မနောကမ္မန္တိ အာဒိ။– **အနုဋီကာ ကမ္မကထာ**

ဤအနုဋီကာနှိုက် စေတနာ၏သာလျှင် မုခ္ယ ကံမည်သည်၏အဖြစ်ကြောင့်၎င်း၊ ပရိယာယ်ဖြစ်သော အာဘိဇ္ဈာ အစရှိသောကံနှိုက် မဝင်သည်၏ အဖြစ်ကြောင့်၎င်း အဇ္ဈောဟာရိကာဟူ၍ ဆိုအပ်၏၊ ထိုစေတနာကိုသာလျှင် မိမိ၏ သဘောအားဖြင့် ဤမနောကမ္မအရာနှိုက် ကံဟူ၍ ဆိုအပ်၏ဟု ပြတော်မူပြီး၍ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"အစရှိသော သာဓကသုတ်ပါဠိတော်ကို ပြတော်မူ၏၊ "အဠကထာယဉ္စ"စသောပါဠိဖြင့် အဋ္ဌကထာနှိုက် စေတနာကို သာလျှင် ပဓာနပြု၍ ဆိုအပ်၏ဟု သာဓက ပြုတော်မူ၏၊ "တေနေဝါဟ" စသောပါဠိဖြင့် မူလဋီကာကိုလည်း သာဓက ပြုတော်မူ၏၊ ထိုသို့ စေတနာကို သာလျှင် ပရမတ္ထသဘာဝအားဖြင့် မုခ္ယကံဟူ၍ ပြတော်မူသောကြောင့် အနုဋီကာဆရာသည် ဝိညတ်, အာဘိဇ္ဈာ အစရှိသည်ကို ကံဟူ၍ အယူမရှိဟု မုခ္ယမှတ်အပ်၏။

ကုသိုလ်အရာနှိုက် အဘိဇ္ဈာစသည်သည် သဗ္ဗယူဇ္ဈကံ ဧနုဘိ ကံမမည်ခြင်းကို ပြခြင်း

(ဝ) ဣမသ္မိံ ပန ဌာနေ ကာယဒ်ဝါစဒ်ဂါနိ အစောပေတ္ဝာ စိန္တနကာလေ စေတနာဝိ စေတနာသမ္ပယုတ္တာမမ္မာ မနောဒ္ဝါရေဝေ သမုဋ္ဌဟန္တိ၊ တသ္မာ စေတနာယ အဇ္ဈောဟာရိကဘာဝေါ ကထဋ္ဌိ နတ္ထိတိ အဓိပ္ပါယော၊ တိဝိဓာ ဘိက္ခဝေ ကာယသဉ္စေတနာ ကုသလံ ကာယကမ္မန္တိ အာဒိဝစနတော

ပါဏာတိပါတာဒိ ပဋိပက္ခဘူတာ တဇ္ဇိရတိ ဝိသိဋ္ဌာ စေတနာဝ ပါဏာတိပါတဝိရတိ အာဒိကာ ဟောန္တိတိ စေတနာ ပက္ခိကာဝါတိ ဝုတ္တံ၊ န ဝိရတိ ပက္ခိကာတိ။—မူလဋီကာ ဂၢမ္မကထာ

ဤမူလဋီကာနှိုက် “စေတနာပိ စေတနာသမ္မယုတ္တဓမ္မာ” စသောပါဠိဖြင့် စေတနာသည် မုချ ကံ၊ အဘိဇ္ဈာ အစရှိသည်တို့သည် ဥပစာအားဖြင့် သမ္မယုတ္တဓမ္မကံမည်၏၊စေတနာသည် အဗ္ဗောဟာရိကမရှိဟုပြတော်မူ၏၊“တိဝိဓာ ဘိက္ခဝေ” အစရှိသောပါဠိဖြင့် ပါဏာတိပါတ စသည်မှ ကြဉ်ရှောင်ရာနှိုက် ဝိရတိသည် အထူးပြုအပ်သော စေတနာသည်သာလျှင် ပါဏာတိပါတမှ ကြဉ်ခြင်း အစရှိသည်တို့သည် ဖြစ်ကုန်၏။ ထိုကြောင့် ဝိရတိသည် စေတနာ၏ အဖေါ်သဟဲမျှဖြစ်၏ဟု ပြတော်မူ၏။ ထိုကြောင့် ဝိရတိသည်လည်း ကံမမည်ဟု မှတ်အပ်၏။

ဥဒ်းဆုလဒ်ကာဒ်ကိုတမ့ဲ့ အနုဒ်ကာဒ်၏ အာဒေဘဲကို ပြခြင်း

(သ) စေတနာပိ။လ။မနောဒွါရေဝေ သမုဋ္ဌဟန်တိ ဇုဒံ မနောဒွါရေ စေတနာယ အဘိဇ္ဈာဒီဟိ မနောကမ္မဘာဝေ နိဗ္ဗေသေသဘာဝဒဿနန်တိ ကတ္ဝာစေတနာ။လ။အဓိပ္ပါယောတိ အာဟ။ စေတနာ စေတနာကမ်ံ အဘိဇ္ဈာဒယော စေတနာသမ္မယုတ္တကမ္မန်တိ ဇ္ဈောကမေဝ ဟိ ဇ္ဈော ဝိသေသော၊ဇ္ဈောစေတနာယ ကာယဝစီကမ္မဘာဝေါ သိယာတိ အာသင်္ကာယ အဘာဝတော၊မနောဒွါရေ အကုသလကာယဝစီကမ္မာနံ အနုပ္ပတ္တိတောစ အဗ္ဗောဟာရိကာတိ နု ဝုတ္တန်တိ ဒဋ္ဌဗ္ဗံ၊ ဝိရတိ ဝိသိဋ္ဌာတိ ဝိရတိတော စေတနာယ ပဋ္ဌာနဘာဝ မာဟ။—ဂဉ်းအဖွဉ့ အနုဋ္ဌကာ ကမ္မကထာ

ဂဉ်းဋီကာနှိုက် “စေတနာပိ။လ။သမုဋ္ဌဟန်တိ” ဟူသော မူလဋီကာစကားသည် မနောဒွါရနှိုက် စေတနာ၏ အဘိဇ္ဈာ အစရှိသည်ဘို့မှ မနောကံ၏ အဖြစ်နှိုက် အထူးမရှိသည်၏ အဖြစ်ကို ပြကြောင်းဖြစ်သော စကားတည်း။ ဤသို့သော အဓိပ္ပါယ်ကို နှလုံးသွင်း၍ “စေတနာ။လ။အဓိပ္ပါယော”ဟူ၍

ဦးကာဆို၏ဟုပြတော်မူ၏။ ဤသို့သောအဓိပ္ပါယ်ကို ဦးကာပြရာ၌ကား စေတနာ နှင့် အဘိဇ္ဈာ စသည်တို့သည် အထူးမရှိပါသလောဟု စုဒ်ရှိရကား "စေတနာ စေတနာကမ္မံ"စသည်ကို မိန့်၏။ အဓိပ္ပါယ်ကား—စေတနာသည် စေတနာ ကံမည်၏၊ အဘိဇ္ဈာ အစရှိသည်တို့သည် ကာရဏူပစာအားဖြင့် စေတနာ သမ္ပယုတ္တကံ မည်၏၊ ဤမျှသာလျှင် မနောဒွါရန္နိုက် ထူး၏ဟုပြ၏၊ "ဇော်ဆစ" အစရှိသောပါဠိဖြင့် ဤ မနောဒွါရန္နိုက် စေတနာ၏ ကာယကံ, ဝစီကံ၏ အဖြစ်သည် ဖြစ်ရာ၏၊ ဤသို့ ယုံမှားခြင်း၏ မရှိခြင်းကြောင့်ထင်း မနောဒွါရန္နိုက် အကုသိုလ် ကာယကံ,ဝစီကံတို့၏ မဖြစ်ခြင်းကြောင့်ထင်း အဇ္ဈောဟာရိကာ ဟူ၍ အဋ္ဌကထာန္နိုက် မဆိုအပ်၊ ဤသို့ မှတ်အပ်၏ဟု ပြ၏။ "ဝိရတိ ဝိသိဋ္ဌာတိ။လ။ဘာဝမာဟ"ဟူသောပါဠိဖြင့် ဝိရတိ ဝိသိဋ္ဌာဟူသော ဦးကာ ပါဠိဖြင့် ဝိရတိမှ၊ ဝါ-ထက် စေတနာပြခန်းသည်၏ အဖြစ်ကို ဦးကာဆရာ ဆိုတော်မူ၏ဟု ပြ၏၊ ထိုသို့ ဖွင့်ပြသောကြောင့် အနုဋီကာ ဆရာသည်လည်း အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိကိုထင်း ဝိရတိကိုထင်း မုခ္ယ ကံဟူ၍ အယူမရှိကြောင်း အလွန်ထင်ရှား၏။

မုချအားဖြင့် စေတနာသာ ကံမည်ခြင်း ဝိရတီအဘိဇ္ဈာ စသည်တို့သည် မုချ ကံမမည်ခြင်းကို ပေါင်းစုချ ပြခြင်း

(ဟ) ယသ္မာစ ပဋ္ဌာနေ စေတနာဝ ကမ္မပစ္စယောတိ ဝုတ္တာ။ န ဝိရတိ အဘိဇ္ဈာဒယောဝါ။ တသ္မာ နိပ္ပရိယာယေန ကမ္မံ စေတနာတိ၊ အနဘိဇ္ဈာဒယော စေတနာ ပက္ခိကာဝါတိ ဝုတ္တာတိ ဝေဒိတဗ္ဗံ။— အနုဋီကာ ကမ္မကထာ

အဓိပ္ပါယ် အကြင်ကြောင့် ပဋ္ဌာန်းပါဠိတော်၌က် စေတနာကိုသာ လျှင် ကမ္မပစ္စည်းဟူ၍ ဘုရားဟောတော်မူ၏၊ ဝိရတိကိုထင်း အဘိဇ္ဈာအစရှိသည်တို့ကိုထင်း ကမ္မပစ္စည်းတပ်သောတရားဟူ၍ ဘုရားမဟော အပ်။ ထိုကြောင့် မုခ္ယအားဖြင့် စေတနာသည်သာ ကံမည်၏။ ထိုကြောင့် "အနဘိဇ္ဈာဒယော စေတနာ ပက္ခိကာဝါ"ဟူ၍ အဋ္ဌကထာန္နိုက် ဆိုအပ်၏၊

ဤသို့ သိအပ်၏ဟု ပြတော်မူ၏။ ဤအနုဋ္ဌိကာပါဠိဖြင့်လည်း အနုဋ္ဌိကာဆရာသည် ဝိရတီ,အဘိဇ္ဈာ အစရှိသည်တို့ကို ကံဟူ၍ အယူမရှိကြောင်း အလွန်ထင်ရှား၏ဟု မှတ်။

အဒ္ဒသာလိနီ ကာယကမ္မဒ္ဝါရကထာ စသည်ဖြင့် စေတနာကမ္မဝိနိစ္ဆယကို ဘနည်းပြခြင်း

ဤနှိုက် အဓိပ္ပါယ် မှတ်ချက် အနည်းငယ်မျှဖြင့် ပါဠိသက်သက်လောက်သာ ပြပေအံ့။

(၄) ဝေမေသာ စိတ္တာသမုဋ္ဌာနေသု ရူပေသု ဝိညတ္တိ ကာယကမ္မဒ္ဝါရံနာမာတိ ဝေဒိတဗ္ဗာ၊ ယာ ပန တသ္မိံ ဒ္ဝါရေ သိဒ္ဓါ စေတနာ၊ ယာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မိစ္ဆာစာရံ စရတိ၊ ပါဏာတိပါတာဒိဟိ ဝိရမတိ၊ ဣဒံ ကာယကမ္မံနာမ။ ဧဝံ ပရဝါဒိမှိ သတိ ကာယော ဒ္ဝါရံ၊ တမှိဒ္ဝါရေ သိဒ္ဓါ စေတနာ ကာယကမ္မံ ကုသလံဝါ အကုသလံဝါတိ ထပေတဗ္ဗံ၊ ပရဝါဒိမှိ အသတိ အဗျာကတံဝါတိ တိကံ ပုရေတ္တာဝ ထပေတဗ္ဗံ။— **အဋ္ဌသာလိနီ ကာယကမ္မဒ္ဝါရကထာ**

(အ) ယာ ပန တသ္မိံ ဝစီဒ္ဝါရေ သိဒ္ဓါ စေတနာ ယာယ မုသာကထေတိ၊ ပေသုညံ ကထေတိ၊ ဖရုသံ ကထေတိ၊ သမ္ဖံပလပတိ၊ မုသာဝါဒါဒိဟိ ဝိရမတိ၊ ဣဒံ ဝစီကမ္မံနာမ။— **ဌာနအဋ္ဌကထာ ဝစီကမ္မ ဒ္ဝါရကထာ**

(က) ယာ ပန တသ္မိံ မနောဒ္ဝါရေ သိဒ္ဓါ စေတနာ၊ ယာယ အဘိဇ္ဈာဗျာပါဒမိစ္ဆာဒဿနာနိစေဝ၊ အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒဿနာနိစ ဂဏှာတိ ဣဒံ မနောကမ္မံနာမ။— **ဌာနအဋ္ဌကထာ မနောကမ္မဒ္ဝါရကထာ**

မှတ်ချက်—အထက်ပါ အဋ္ဌကထာနှိုက် စိတ္တာသမုဋ္ဌာနရုပ်တို့တွင် ဤကာယဝိညတ်, ဝစီဝိညတ်သည် ကာယကံ, ဝစီကံတို့၏ဖြစ်ရာ ဒ္ဝါရဟူ၍သာ ပြတော်မူ၏၊ အကြင် စေတနာဖြင့် ပါဏာတိပါတ စသည်ကို ပြု၏၊

ပါဏာတိပါတစသည်မှကြဉ်၏၊ထိုစေတနာသည်သာလျှင် ကာယကံ, ဝစီကံ,မနောကံ မည်၏ဟု ပြတော်မူ၏၊ ဝိညတ်, အဘိဇ္ဈာစသည်ကို ကံဟူ၍ အရိပ်အမြွက်မျှ မပြခဲ့။ ထိုကြောင့် စေတနာကိုသာ ကံဟူ၍ ဘုရားဟောတော်မူတိုင်း ယူအပ်၏၊ ဝိညတ်ကို ကံဟူ၍ မယူအပ်၊ အဘယ်ကြောင့်နည်းဟူမူ....ဝိညတ်သည် ပဋ္ဌာန်း(၂၄)ပစ္စည်းတို့တွင် တစုံတခုသော ပစ္စည်းဖြင့် ကျေးဇူး မပြုတတ်သောကြောင့်ဝင်း၊ ကုသိုလ်,အကုသိုလ် ဟူသော အမည်ကို မရသောကြောင့်ဝင်း၊ ပရမတ္ထ အစစ်အားဖြင့် ထင်ရှားမရှိသောကြောင့်ဝင်း၊ သုဂ္ဂတိ,ဒုဂ္ဂတိ ဘဝတို့ဦးတိုက် ချမ်းသာ, ဆင်းရဲကို မဖြစ်စေတတ်သောကြောင့်ဝင်း တည်း။

ဥဒ်းဏ်အပ္ပဉ် မူသဒ္ဒိကာဒဏ်၏ အာဘောဝိကံ့ ပြခြင်း

(က၁) တသ္မိံ ဒ္ဝါရေ သိဒ္ဓါတိ တေနဒ္ဝါရေန ဝိညာတဗ္ဗဘာဝတော တေနေဝဒ္ဝါရေန နာမလာဘတော၊ တသ္မိံ ဒ္ဝါရေ ပါကဋ္ဌဘာဝဝသေန သိဒ္ဓါ၊ ကုသလံ အကုသလံဝါတိ ထပေတဗ္ဗံ၊ ကသ္မာ ယသ္မာ ပရဝါဒိနော အဝိပါကဿ ကမ္မဘာဝေါန သိဒ္ဓေါ၊ ဇာတရဿ ပန သိဒ္ဓေါတိ ဝိညတ္တိသမုဋ္ဌာပကာနံ ကောဒဿန္နံ ကြိယစိတ္တာနံ ဝသေန တိကံ ပူရေတွာ ထပေတဗ္ဗံ။—ဟု ဖွင့်ပြ၏။

အဓိပ္ပါယ် ထို ဒ္ဝါရန္နိုက် ပြီး၏ဟူသည် ထို ကာယဒ္ဝါရ, ဝစီဒ္ဝါရဖြင့် ထိုစေတနာ တည်းဟူသောကံကို သိအပ်သောကြောင့်ဝင်း၊ ထိုကာယဒ္ဝါရ, ဝစီဒ္ဝါရဖြင့်သာလျှင် ကာယကံ, ဝစီကံ ဟူသောအမည်ကို ရသောကြောင့်ဝင်း ထိုကာယဒ္ဝါရ, ဝစီဒ္ဝါရန္နိုက် ထင်ရှားသည်၏ အဖြစ်၏ အစွမ်းဖြင့်ပြီးသော၊ ဝါ-ထင်ရှားသောဟူ၍ စေတနာကိုသာ ကံဟူ၍ ပြတော်မူ၏၊"ကုသလံ အကုသလံဝါ"စသောပါဠိန္နိုက်"အဝိပါကဿ"ဟူသောပါဠိဖြင့် ပရဝါဒီပုဂ္ဂိုလ်သည် အကျိုးကို မဖြစ်သော အဗျာကတဓမ္မ၏ ကံ၏အဖြစ် မထင်ရှားသည်ကို ပြ၏။ ထိုကြောင့် ဝိညတ်၏ ကံ၏အဖြစ် မပြီးသည်မှာ ဆို ဘွယ်ရာမရှိဟု မှတ်အပ်၏။

ဒုဋ္ဌိကာဒဓမ္မဉ် အနုဋ္ဌိကာဒဓ္ဓါ အာဒေဘေဒကို ပြခြင်း

(ကိ) ကာယဝိညတ္တိယာ တထာပဝတ္တမာနာယ စေတနာသင်္ခါတာ ကမ္မဿ ကာယကမ္မဘာဝေါ နုပ္ပဇ္ဇတိ၊ တာယ ဥပလက္ခိတ္တာ၊ နုပနုစတုဝိသတိယာ ပစ္စယေသု ကေနစိ ပစ္စယာဘာဝတောတိ ဒဿနွော တသ္မိံ ဒ္ဓါရေ သိဒ္ဓါတိ အာဒိ မာဟာ၊ အထဝါ ကာယဒ္ဓါရုပ္ပန္နာယ ကာယကမ္မဘူတာယ စေတနာယဝသေန၊ တေန ဒ္ဓါရေန ဝိညာတဗ္ဗဘာဝတောတိ ဝုတ္တံ၊ တဿာယေဝ ဒ္ဓါရန္တရုပ္ပန္နာယ ဝသေန တေနဒ္ဓါရေန နာမလာဘတောတိ။

မှတ်ချက်–ဤ အနုဋ္ဌိကာပါဌ်နှိုက် “စေတနာ သင်္ခါတကမ္မဿ ကာယကမ္မဘာဝေါ”ဟူ၍ဎင်း၊ “ကာယကမ္မဘူတာယ စေတနာယ”ဟူ၍ဎင်း စေတနာကိုသာလျှင် ကံဟူ၍ ပြတော်မူ၏။

ဧဇာနုဂတ် ဗလဝ အဗလဝဗြဒ္ဓိ့ မဟာသာဝဇ္ဇာ အပ္ပသာဝဇ္ဇာကို ပြခြင်း

(ကီ) ပယောဂဝတ္ထု၊ မဟန္တာဒီဟိ မဟာသာဝဇ္ဇတာ၊ တေဟိ ပစ္စယေဟိ ဥပ္ပဇ္ဇမာနာယ စေတနာယ ဗလဝဘာဝတော၊ ယထာ ဝုတ္တပစ္စယ ဝိပရိယာယေဝိ တံတံပစ္စယေဟိ ဥပ္ပဇ္ဇမာနာယ စေတနာယ ဗလဝါဗလဝဝသေနေဝ အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇတာ ဝေဒိတဗ္ဗာ။— **မူလဋီကာ ဒ္ဓါရသံသန္ဒန အဖွင့်**

ဤမူလဋီကာနှိုက် စေတနာသည်သာလျှင် မဟာသာဝဇ္ဇ, အပ္ပသာဝဇ္ဇ တည်းဟူသော အကျိုးကို ဖြစ်စေတတ်သော ကံမည်သောကြောင့် ဝိညတ်ဟုဆိုအပ်သော တုန်လှုပ်ခြင်း စေဝပနကြိယာဖြင့် မဟာသာဝဇ္ဇ,အပ္ပသာဝဇ္ဇ၏အဖြစ်ကို မဆုံးမဖြတ်ဘဲ စေတနာကံ၏ ဗလဝ,အဗလဝ၏ အစွမ်းဖြင့်သာလျှင် မဟာသာဝဇ္ဇ,အပ္ပသာဝဇ္ဇအဖြစ်ကို ဝိနိစ္ဆယ ပြုတော်မူ၏။ ထိုကြောင့် မူလဋီကာဆရာသည် ဘုံရားဟောတော်မူတိုင်း စေတနာကိုသာလျှင် ကံဟူ၍ အယူရှိသည်ဟု မှတ်အပ်၏။

၎င်း၏အဖွင့် အနုဋီကာ၏ အဘိဓေယျကို ပြခြင်း

(က) ယာယစေတနာယ ပဝတ္တမာနဿ ဇိဝိတိန္ဒြိယဿ ပစ္ခယ ဘူတေသု မဟာဘူတေသု ဥပက္ကမကရဏဟေတုံ၊ တံ မဟာ ဘူတပစ္ခယာ ဥပဒ္ဒုနကမဟာဘူတာ နုပဒ္ဒိဿန္တိ၊ သာ ကာဒိသ ပယောဂသမုဋ္ဌာပိကာ စေတနာ ပါဏာတိ ပါတောနာမ။ လဒ္ဓူပက္ကမာနိ ဟိ ဘူတာနိ နုပုရိမဘူတာနိ ဝိယ ဝိသဒါနိတိ သမာနဇာတိယာ နုဘူတာနံ ကာရဏံ နဟောန္တိတိ ကေသဝိ ပယောဂဿ သဟဿာ နိပ္ပါဒန ဝုသေန ကိစ္စသာဓိကာယ ဗဟုက္ခတ္တုံ၊ ပဝတ္တဇဝနေဟိ လဒ္ဓါ သေဝနာယ သန္နိဋ္ဌာပကစေတနာယ ဝသေန ပယောဂဿ မဟန္တဘာဝေါ၊ သတိဝိ ကဒါစိ ခုဒ္ဒကေစေဝ မဟန္တေစ ပါဏကေ ပယောဂမဟန္တဘာဝေ မဟန္တံ၊ မဟန္တဿ စေတနာ တိဗ္ဗတရာ ဥပက္ကမတိတိ ဝတ္ထုဿ မဟန္တဘာဝေါတိ တဒုဘယံ စေတနာယ ဗလဝဘာဝေနေဝ ဟောတီတိ အာဟ ပယောဂ။လ။ဘာဝတောတိ။—ဟု ဖွင့်ပြ၏။

မှတ်ချက်—ဤ အနုဋီကာနှိုက် “သာ တာဒိသ ပယောဂသမုဋ္ဌာပိကာ စေတနာ ပါဏာတိပါတောနာမ” ဟူသော ပါဠိဖြင့် ထိုသို့ သဘောရှိသော ဝိညတ် ဟုဆိုအပ်သော ရူပကာယ၏ တုန်လှုပ်ခြင်း ပယောဂကို ဖြစ်စေတတ်သော စေတနာသည် ပါဏာတိပါတကံ မည်၏ဟု ပြတော်မူ၏၊ ဝိညတ် ဟုဆိုအပ်သော ပယောဂကို ပါဏာတိပါတကံ ဟူ၍ မပြ၊ “လဒ္ဓူပက္ကမာနိ” စသောပါဠိဖြင့် ပယောဂမဟန္တ, ဝတ္ထု မဟန္တကြောင့် မဟာသာဇ္ဇ,အပ္ပသာဝဇ္ဇဖြစ်သည်မဟုတ်၊ စေတနာကံ၏ ဗလဝ,အဗလဝ၏ အဖြစ်အားဖြင့်သာလျှင် မဟာသာဝဇ္ဇ,အပ္ပသာဝဇ္ဇ ဖြစ်သည်ဟူသော အဓိပ္ပါယ်ကို ပြတော်မူ၏။ အဘယ်ကြောင့် နည်းဟူမူ ပယောဂမဟန္တကို ထိုဝမ်းစေတနာသည် ဖြစ်စေအပ်သောကြောင့်တည်း။ ထိုကြောင့် ၎င်းအနုဋီကာနှိုက် “ဥပက္ကမော ဝမ်းစေတနာ သမုဋ္ဌာပိတော”ဟု ပြတော်မူ၏။ ဤအနုဋီကာဖြင့်လည်း အနုဋီကာဆရာသည် ဝိညတ်ကို ကံဟူ၍ အယူမရှိကြောင်း ထင်ရှား၏။

ကမ္မပဏဘေဒနိုက် စေတနာကံဟူ၍ ပြခြင်း

အကုသလကမ္မပထတရား (၁၀) ပါးကို ဓမ္မစသည်ဖြင့် ဝေဖန်ခဲ့ပါလျှင် ပါဏာတိပါတစသော (၇)ပါးတို့သည် ဓမ္မအာဒီးဖြင့် စေတနာဓမ္မ ဖြစ်ကုန်၏၊ အဘိဇ္ဈာစသော သုံးပါးသောတရားတို့သည် စေတနာသမ္မယုတ္တဓမ္မ ဖြစ်ကုန်၏ ဟု မှတ်အပ်၏။ ထိုကြောင့် အဋ္ဌသာလိနီနိုက်—

(က) တတ္ထ ဓမ္မတောတိ ဧတေသုဟိ ပဠိပါဠိယာ သတ္တစေတနာ ဓမ္မာဝ ဟောန္တိ၊ အဘိဇ္ဈာဒယော တယော စေတနာ သမ္မယုတ္တာ။—ဟု ပြတော်မူ၏။

မှတ်ချက်—ဤအဋ္ဌကထာပါဠိတို့တွင် "သတ္တ စေတနာ ဓမ္မာဝ" ဟူသော ပါဠိဖြင့် စေတနာသည်သာလျှင် ဓမ္မအာဒီးဖြင့် ပါဏာတိပါတစသော ကံမည်၏ဟု ပြတော်မူ၏၊ "အဘိဇ္ဈာဒယော" စသော ပါဠိဖြင့် အဘိဇ္ဈာ အစရှိသည်တို့သည် ဓမ္မအာဒီးဖြင့် စေတနာသမ္မယုတ္တ ကံမည်၏ဟု ပြတော်မူ၏။ ကံသည် စေတနာကံ, စေတသိကကံဟူ၍ဌင်း၊ စေတနာကံ, စေတနာသမ္မယုတ္တကံ ဟူ၍ဌင်း နှစ်မျိုးရှိ၏ဟု မှတ်အပ်၏။ ထိုကြောင့် နေတ္တိပါဠိတော်နိုက်—

(ကေ) တာနိ ဒွေ ကမ္မာနိ စေတနာ စေတသိကဉ္စ။—ဟု ဟောတော်မူ၏။

အနုဋ္ဌီကာနိုက်လည်း—

(ကဲ) စေတနာ စေတနာကမ်ံ၊အဘိဇ္ဈာဒယော စေတနာသမ္မယုတ္တ ကမ္မန္တိ ဇ္ဈောကမေဝ ဟိ ဇ္ဈော ဝိသေသောတိ။—ဟု ပြ၏။

အဘိဇ္ဈာ အစရှိသည်တို့သည် မုခ္ဓ ကံမမည်ကြောင်းကို အောက်နိုက် ပြပြီးသော အဋ္ဌကထာ,ဋီကာတို့ဖြင့် မှတ်သိအပ်၏။

အဋ္ဌကထာန်ိုက်
စေတနာကို တိုက်ရိုက် ကမ္မပထဟူ၍ မပြခြင်းအကြောင်းကို ပြခြင်း

အဋ္ဌကထာန်ိုက် စေတနာကို နိတတ္ထအားဖြင့် ကမ္မပထကို မပြသောကြောင့် စေတနာသည် ကံမမည်သည် မဟုတ်လောဟု စောဒနာခဲ့မူ အောက်ပါ မူလဋီကာပါဠိဖြင့် ဖြေဆိုအပ်၏။

(ကော) နနု စေတနာကမ္မပထေသု န ဝုတ္တာတိ၊ ပဋိပါဋိယာ သတ္တန္နံ ကမ္မပထဘာဝေါ န ယုတ္တောတိ။ န။ အဝစနဿ အညဟေတုတ္တာ၊ န ဟိ စေတနာယ အကမ္မပထတ္တာ၊ ကမ္မပထရာသိမ္ပိ အဝစနံ၊ ကဒါစိ ပန ကမ္မပထော ဟောတိ၊ န သဗ္ဗဒါတိ ကမ္မပထဘာဝဿ အနိယတတ္တာ အဝစနံ ယဒါ ပန ကမ္မပထော ဟောတိ၊ တဒါ ကမ္မပထရာသိသင်္ခေါ န နိဝါရိတောတိ။—မူလဋီကာ

ဤ မူလဋီကာပါဠိန်ိုက် "နနု။ လ။ နယုတ္တောတိ" ဟူသောပါဠိဖြင့် အဋ္ဌကထာဆရာသည် စေတနာကို ကမ္မပထရာသီတို့ိုန်ိုက် နိတတ္ထအားဖြင့် ကမ္မပထဟူ၍ မဆိုအပ်၊ ထို့ကြောင့် ကမ္မပထအစဉ်အားဖြင့် ပါဏာတိပါတစသော (၇)ပါးသော စေတနာတို့၏ ကမ္မပထ၏အဖြစ် မသင့်သည် မဟုတ်လော ဟူသော အာဘောဂစောဒနာကိုပြ၏၊ "န" စသောပါဠိဖြင့် ပဋိက္ခေပဝိသဇ္ဇနာကို ပြတော်မူ၏။

အဓိပ္ပါယ် အဋ္ဌကထာဆရာသည် စေတနာကို ကမ္မပထအစုန်ိုက် ကမ္မပထဟူ၍ နိတတ္ထအားဖြင့် မဆိုသော်လည်း စေတနာတို့၏ ကမ္မပထ၏အဖြစ် မသင့်သည်မဟုတ် သင့်သည်သာလျှင်တည်း။ အဘယ်ကြောင့်နည်းဟူမူ စေတနံဝတို့၏ ကမ္မပထ၏အဖြစ်ကို မဆိုခြင်း၏ တပါးသောအကြောင်း ရှိသည်၏ အဖြစ်ကြောင့်တည်း။ ခဲ့ပြီးအံ့....စေတနာ၏ ကမ္မပထမဟုတ်သည်၏အဖြစ်ကြောင့် ကမ္မပထအဖြစ်နိုက် မဆိုသည်မဟုတ်၊ စင်စစ်အားဖြင့်ကား စေတနာသည် တရုံတခါ ကမ္မပထဖြစ်၏၊ အချင်းခပ်သိမ်း အမြဲကမ်ပထ ဖြစ်သည်မဟုတ်၊ ထို့ကြောင့် စေတနာ၏ ကမ္မပထအဖြစ် မမြဲသည်၏

အဖြစ်ကြောင့် စေတနာကို ကမ္မပထဆရာသီန္ဒိုက် အဋ္ဌကထာဆရာ မဆိုခြင်းကို မှတ်အပ်၏။ ထိုသို့ပင် မဆိုသော်လည်း အကြင်အခါန္ဒိုက် ကမ္မပထဖြစ်၏။ ထိုအခါန္ဒိုက် ကမ္မပထရာသီန္ဒိုက် မမြစ်အပ်၊ ကမ္မပထဟူ၍သာ မှတ်အပ်၏ ဟူလိုသော်။

မှတ်ချက်—"နု၊ အဝစနဿ အညဟောတူတ္တာ" စသောပါဠိဖြင့် အဖြေဝိသဇ္ဇနာကို ပြ၏။ ထိုတွင် "နု ဟိ" စသည်ဖြင့် ဟိတ်ပါဠိ၏ ဝိတ္ထာရကို ပြ၏၊ ထိုတွင် "'ကဒါစိ ပန။လ။အဝစနံ"ဖြင့် အနုယကို ပြ၏၊ "ယဒါ ပန။လ။န နိဝါရိတောတိ"ဖြင့် အဓိပ္ပတ္တိ ဗျတိရေကကို ပြ၏ဟု မှတ်အပ်၏။

ဤဒေရာန္ဒိုက် ဧိုကဒေသဆရာ၏ အဒေသဝါဒကို ပြခြင်း

ဧိုကာဆရာသည်အဋ္ဌကထာန္ဒိုက် "ဇဝိတိန္ဒြိယုပစ္ဆေဒက ဥပက္ကမသမုဋ္ဌာပိကာ ကာယဝစီဒ္ဝါရာနံ အညတရဒ္ဝါရပဝတ္တာ၊ ဝဓကစေတနာ ပါဏာတိပါတော" စသည်ဖြင့် စေတနာကို ပါဏာတိပါတကံ အစရှိသည်ကို ပြုပါလျက် စေတနာကို ကမ္မပထဟူ၍ တိုက်ရိုက် မပြခြင်းသည် စကားကြွင်းထား၍ ပြခြင်းပင် တည်းဟု အာဘော်ရှိ၍ "နနု"စသည်ဖြင့် စောဒနာ၍ ဝိသဇ္ဇနာကို ပြ၏ဟု မှတ်၊ အဘယ်ကဲ့သို့နည်းဟူမူကား လောကူပမာအားဖြင့် "ဂေဟံ ပဝိသိတ္တာ ခီရံ ပိဝ"ဟု ဆိုလိုလျက် "ပဝိသ ခီရံ"ဟု ဆိုသကဲ့သို့၎င်း၊ သာသနူပမာအားဖြင့် "အဟံ သုစိယာ အတ္ထော"ဟု ဆိုလိုလျက် "အဟံ သုစိယာ"ဟု ဆိုသကဲ့သို့၎င်း၊ "မံ ပဥ္ဉေန အတ္ထော"ဟု ဆိုလိုလျက် "မံ ပဥ္ဉေန"ဟု ဆိုသကဲ့သို့၎င်း၊ "အဟံ ဝေယျာကရဏေန အတ္ထော"ဟု ဆိုလိုလျက် "အဟံ ဝေယျာကရဏေန"ဟု ဆိုသကဲ့သို့၎င်း၊ "စေတနာဝ ကမ္မပထော"ဟု ဆိုလိုလျက် စကားအကြွင်းထား၍ အဋ္ဌကထာန္ဒိုက် စေတနာကို ကမ္မပထဟူ၍ မဆိုဘဲ စကားအကြွင်းထားသည်ဟု အာဘော်ရှိသည်ဟု မှတ်အပ်၏။ ထိုကြောင့် သဒ္ဒနီတိန္ဒိုက်—

(ကော်) ကေဂေဟေ ပဋိယတ္တံ ခီရံ ပါယေတုကာမော တံ့ ဂေဟံ ပါဝိသ ပဝိသေတ္ဝာ ခီရံ ဝိဝါတိ ဝတ္တဗ္ဗေ ဝစနသေသံ ကတ္ဝာ ပဝိသ ခီရန္တိ အာဟ။—ဟူ၍၎င်း။

(ကံ) ယေသံ အယျာနံ သုစိယာ အတ္ထော၊ အဟံ သုစိယာတိစ
ယဿ ပဥ္ဉေန အတ္ထော သော မံ ပဥ္ဉေန အဟံ ဝေယျာ
ကရဏေနာတိစ။ - ဟူ၍ဂုဏ်း ပြတော်မူ၏။

ဤအရာ၌ အနုဋီကာ၏ သဒ္ဒတ္ထဝိကာသဂ်ိုလ် ဤသို့ဆိုး

(ကား) ယဒိ စေတနာယ သဗ္ဗဒါ ကမ္မပထဘာဝါဘာဝတော
အနိယတော ကမ္မပထဘာဝေါတိ ကမ္မပထရာသိမ္ပိ အဝစနံ။
နနု အဘိဇ္ဈာဒီနမ္ပိ ကမ္မပထ အပ္ပတ္တာနံ အဏ္ဍိတာယ
အနိယတော ကမ္မပထဘာဝေါတိ တေသမ္ပိ ကမ္မပထ
ရာသိယံ အဝစနံ အာပဇ္ဇတီတိ၊ နာပဇ္ဇတိ၊ ကမ္မပထတာ တံ
သဘာဂတာ ဟိ တေသံ တတ္ထ ဝုတ္တတ္တာ။ ယဒိ ဧဝံ
စေတနာပိ တတ္ထ ဝုတ္တဗ္ဗာ သိယာတိ၊ သစ္စမေတံ၊ သာ ပန
ပါဏာတိပါတာဒိကာတိ ပါဏဋ္ဌော တသာ ကမ္မပထ
ဘာဝေါတိ နာ ဝုတ္တံ သိယာ၊ စေတနာယ ဟိ စေတနာဟံ
ဘိက္ခဝေ ကမ္မံ ဝဒါမိ။ တိဝိဓာ ဘိက္ခဝေ ကာယသဉ္စေတနာ
အကုသလံ ကာယကမ္မန္တိအာဒိ ဝစနေဟိ ကမ္မဘာဝေါ
ဒီပိတော၊ ကမ္မံယေဝစ သုဂတိဒုဂ္ဂတီနံ တဒုပဂ္ဂမန သုခဒုက္ခာ
နဉ္စ ပထဘာဝေန ပဝတ္တံ ကမ္မပထောတိ ဝုစ္စတိတိ ပါဏဋ္ဌော
ကမ္မပထဘာဝေါ။—အနုဋီကာ ကမ္မပထဘေဒအဖွင့်

ဤဋီကာပါဠိန်းက "ယဒိ။လ။အာပဇ္ဇတီတိ" ဟူသောပါဠိဖြင့် ဗျတိရေက အာဘောဂစေတနာကို ပြသည်။ အဓိပ္ပါယ်ကား—စေတနာ၏ အချင်းခပ်သိမ်း အမြဲအားဖြင့် ကမ္မပထ၏အဖြစ် မရှိခြင်းကြောင့် ကမ္မပထ၏ အဖြစ်မမြဲ၊ ထို့ကြောင့် ကမ္မပထအစုန်းက် စေတနာကို အကယ်၍ မဟောသည်ဖြစ်အံ့ ထိုသို့ မဟောသည်ရှိသော် ကမ္မပထသို့ မရောက်ကုန်သော အဘိဇ္ဈာ အစရှိသည်တို့၏လည်း ရှိသည်၏အဖြစ်ကြောင့် အဘိဇ္ဈာ အစရှိသည်တို့၏လည်း ကမ္မပထ၏ အဖြစ်သည် မမြဲရာ၊ ထို့ကြောင့် ထိုအဘိဇ္ဈာ အစရှိသည်တို့၏ လည်း ကမ္မပထအစုန်းက် မဆိုခြင်းသည်ဖြစ်ရာ ရောက်ရာသည် မဟုတ်လောဟု စောဒနာ၏။ "နာပဇ္ဇတိ။လ။ဝုတ္တတ္တာ" ဟူသောပါဠိဖြင့် ပဋိက္ခေပဝိသဇ္ဇနာကို ပြ၏။ အဓိပ္ပါယ်ကား—ထိုအဘိဇ္ဈာ အစရှိသည်တို့၏ ကမ္မပထအစုန်းက်

မဆိုခြင်းသည် မဖြစ်၊ ဆိုသည်သာလျှင်တည်း။ ခဲ့ဦးအံ့....ကမ္မပထ၏ အဖြစ်သည် ထိုအဘိဇ္ဈာ စသည်တို့နှင့်တူသော သဘောရှိ၏။ အဘယ်ကြောင့်နည်း ဟူမူ ထိုအဘိဇ္ဈာ အစရှိသည်တို့၏ ထိုကမ္မပထအစုန်းက် ဆိုအပ်သည်၏အဖြစ်ကြောင့်တည်းဟု ဖြေ၏။ "ယဒိဧဝံ။လ။သိယာ"ဟူသော ပါဠိဖြင့် တဖန် ဗျတိရေကစောဒနာကို ပြ၏။ အဓိပ္ပါယ်ကား—အဘိဇ္ဈာ အစရှိသည်တို့ကို ကမ္မပထအစုန်းက် အကယ်၍ ဆိုသည်ဖြစ်အံ့၊ ဤသို့ ဆိုသည်ရှိသော် စေတနာကိုလည်း ထိုကမ္မပထအစုန်းက် ဆိုအပ်သည်ဖြစ်ရာ၏ဟု စောဒနာ၏ "သစ္စေတံ။လ။ကမ္မပထဘာဝေါ"ဟူသောပါဠိဖြင့် အဘိဗြူပဂမန ဝိသဇ္ဇနာကို ပြ၏။ အဓိပ္ပါယ်ကား—စေတနာကို ကမ္မပထအစုန်းက် ဆိုအပ်သည်ဖြစ်ရာ၏ဟူ၍ စောဒကဆရာဆိုသောစကားသည် မှန်ပေ၏၊ ထိုသို့ပင် မှန်သော်လည်း ထိုစေတနာသည် ပါဏာတိပါတ စသည်ကို ပြီးစေတတ်ကုန်၏၊ ထိုကြောင့် ထိုစေတနာ၏ ကမ္မပထ၏ အဖြစ်သည် ထင်ရှား၏၊ ထိုကြောင့် စေတနာကို ကမ္မပထအစုန်းက် အဋ္ဌကထာဆရာ မဆိုခြင်းသည် ဖြစ်ရာ၏၊ အဘယ်ကြောင့်နည်းဟူမူ စေတနာ၏ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ တိဝိဓာ ဘိက္ခဝေ။လ။ကာယကမ္မံ"ဤသို့ အစရှိသော ပါဠိတော်စကားတို့ဖြင့် ကမ္မပထ၏ အဖြစ်ကို မြတ်စွာဘုရား ပြတော်မူအပ်၏။ သုဂ္ဂတိ, ဒုဂ္ဂတိဘဝတို့၏ဝင်း၊ ထို သုဂ္ဂတိ, ဒုဂ္ဂတိဘဝတို့နှိုက် ဖြစ်ကုန်သော သုခ,ဒုက္ခတို့၏ဝင်း အကြောင်း၏ အဖြစ်အားဖြင့် ဖြစ်သော စေတနာ တည်းဟူသော ကံကို သာလျှင် ကမ္မပထဟူ၍ ဆိုအပ်၏၊ ထိုကြောင့် စေတနာ၏ ကမ္မပထ၏အဖြစ်သည် အလွန်ထင်ရှား၏၊ထိုကြောင့် စေတနာ၏ကမ္မပထ၏အဖြစ်ကို ကမ္မပထရာသီနှိုက် အဋ္ဌကထာ မပြဆိုခြင်းသည် ဖြစ်ရာ၏ဟူသော အဋ္ဌကထာဆရာ၏ အဓိပ္ပါယ အာဘောဂကို အနုမာနအားဖြင့် ဋီကာဆရာ ပြတော်မူ၏ဟု မှတ်အပ်၏။

မှတ်ချက်—ဤဋီကာပါဠိဖြင့်လည်း ဋီကာဆရာသည် စေတနာ၏ ကံ၏အဖြစ် ကမ္မပထ၏အဖြစ်ကို အလိုရှိခြင်း၊ ဝိညတ်၏ ကံ၏အဖြစ် ကမ္မပထ၏အဖြစ်ကို အလိုမရှိခြင်းသည် အလွန် ထင်ရှား၏ဟု မှတ်ယူအပ်၏။

အဘိဇ္ဈာ စသည်တို့ကို ကမ္မပထရာသိုက် အဋ္ဌကထာဆရာ တိုက်ရိုက် ပြခြင်း အဓေကြောင်းကို ပြခြင်း

(ခ) အဘိဇ္ဈာဒိနံ ပန စေတနာသမိဟနဘာဝေန သုစရိတဒုစ္စရိတ ဘာဝေါ စေတနာ ဇနိတတံ ဗန္ဓတိဘာဝေန သုဂ္ဂတိဒုဂ္ဂတိ တဒုပဂ္ဂန သုခဒုက္ခာနံ ပထဘာဝေါစာတိ။ န တထာ ပါကဋ္ဌော ကမ္မပထဘာဝေါတိ တေဝေ ကမ္မပထရာသိ ဘာဝေန ဝုတ္တာ။ အတထာ ဇာတိယတ္တာဝါ စေတနာ တေဟိ သဒ္ဓိံ နဝုတ္တာ သိယာ၊ ဝိစာရေတ္ဝာ ဂဟေတဗ္ဗံ။— အနုဋီကာ

အဓိပ္ပါယ် အဘိဇ္ဈာ အစရှိသည်တို့၏ စေတနာ၏ အားထုတ်ကြောင်း၏ အဖြစ်အားဖြင့်၊ ဝါ-စေတနာသည် အားထုတ်သည်၏ အဖြစ်အားဖြင့် သုစရိုက်,ဒုစ္စရိုက်၏ အဖြစ်သည်ရင်း၊ စေတနာသည် ဖြစ်စေအပ်သည်ဖြစ်၍ ထိုစေတနာနှင့် စပ်သည်၏အဖြစ်အားဖြင့်ရင်း၊ သုဂတိ,ဒုဂ္ဂတိဘဝ၊ ထိုသုဂတိ,ဒုဂ္ဂတိဘဝတို့ဆိုက် ဖြစ်ကုန်သော သုခ,ဒုက္ခတို့၏ အကြောင်း၏ အဖြစ်သည်ရင်း ဖြစ်၏။ ထိုကြောင့် အဘိဇ္ဈာ အစရှိသည်တို့၏ ကမ္မပထ၏ အဖြစ်သည် စေတနာ၏ ကမ္မပထ၏ အဖြစ်ကဲ့သို့ မထင်ရှား။ ထိုကြောင့် ထင်ရှားစေခြင်းငှါ ထိုအဘိဇ္ဈာ အစရှိသည်တို့ကိုသာလျှင် အဋ္ဌကထာဆရာသည် တိုက်ရိုက် ဆိုအပ်၏ဟု ပြတော်မူ၏။ ထိုကြောင့် အဋ္ဌကထာနှိုက်—

(ခ၊) အဘိဇ္ဈာ ဗျာပါဒါ ကမ္မပထာစေဝ မူလာနိစ၊ အဘိဇ္ဈာဟိ မူလံ ပတ္ဝာ လောဘော အကုသလမူလံ ဟောတိ၊ဗျာပါဒေါ ဒေါသော အကုသလမူလံ။— ဟု ပြတော်မူ၏။

"အတထာ ဇာတိယတ္တာဝါ" စသောပါဠိဖြင့် တနည်း အကြောင်းကို ပြတော်မူ၏။ အဓိပ္ပါယ်ကား— စေတနာ၏ ထိုအဘိဇ္ဈာ အစရှိသည်တို့၏ သဘောနှင့် တူသော သဘော မရှိသည်၏ အဖြစ်ကြောင့် စေတနာသည် ထိုအဘိဇ္ဈာ အစရှိသည်တို့နှင့်တကွ ကမ္မပထ၏ အဖြစ်ကို မဆိုအပ်သည် ဖြစ်ရာ၏၊ ထို နောက်နည်းကို စုံစမ်းဆင်ခြင်၍ ယူအပ်၏ဟု ပြတော်မူ၏။

မှတ်ချက်—အနုဋ္ဌီကာဆရာ ပြသော နှစ်နည်းတို့တွင် ပဌမနည်းဖြင့် ပဓာန စေတနာပါမှသာလျှင် အဘိဇ္ဈာ စသည်တို့၏ သုစရိတ, ဒုစ္စရိတ အဖြစ် သုဂတိ, ဒုဂ္ဂတိဘဝ၊ သုခ, ဒုက္ခတို့၏ အကြောင်းဖြစ်နိုင်ရာ သောကြောင့်—

(ဒ) ယာ ပန တသ္မိံ မနောဒ္ဓါရေ သိဒ္ဓါ စေတနာ၊ ယာယ အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒဿနာနိစေဝ ဂဏှာတိ၊အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒဿနာနိစ ဂဏှာတိ၊ ဇုဒံ မနောကမ္မံ နာမ။—

ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာနှင့်အညီ စေတနာသည်သာလျှင် မုချ ကမ္မပထ မည်၏၊ အဘိဇ္ဈာ အစရှိသည်တို့သည် စေတနာသမ္ပယုတ္တ ကမ္မပထ မည်၏ဟု နေယျတ္ထအားဖြင့် အဓိပ္ပါယ်ကို ပြ၏ဟု မှတ်အပ်၏။ **တနည်း**—စေတနာသည် မုချ ကမ္မပထ ဖြစ်ပါလျက် အဘယ်ကြောင့် စေတနာနှင့်တကွ ကမ္မပထကို အဋ္ဌကထာ မပြပါသနည်းဟု စောဒနာရန် ရှိပြန်သောကြောင့် "အတထာ ဇာတိယတ္ထာဝါ" ဟူသော နောက်နည်းကို ပြတော်မူ၏။ အဓိပ္ပါယ်ကား—စေတနာသည် မုချ ကမ္မပထ ဖြစ်သော်လည်း စေတနာ၏ အဘိဇ္ဈာ အစရှိသည်တို့နှင့် အချင်းချင်း မရောယှက်သော ပရမတ္ထသဘော လက္ခဏာအားဖြင့် မတူသော သဘောလက္ခဏာ ရှိသည်၏ အဖြစ်ကြောင့် စေတနာကို ထိုအဘိဇ္ဈာ စသည်တို့နှင့် အတူတကွ ကမ္မပထဟူ၍ အဋ္ဌကထာဆရာ မဆိုခြင်းသည် ဖြစ်ရာ၏ဟု ပရိကပ္ပအားဖြင့် အဖြေ စကားကိုသာ ပြတော်မူ၏။ စေတနာ၏ အဘိဇ္ဈာ စသည်တို့နှင့် လက္ခဏာအားဖြင့် မတူသော်လည်း သဟဇာတ သမ္ပယုတ္တဓမ္မဖြစ်သောကြောင့် မိမိစကားကို "ဝိစာရေတွာ ဂဟေဘဗ္ဗံ"ဟု ပြတော်မူ၏ဟု မှတ်အပ်၏။

မှတ်ချက်—အထက်ပါ စကားနှစ်ရပ်ကို အနုဋ္ဌီကာဆရာသည် အနုမာန ဉာဏ် ပရိကပ္ပအားဖြင့် ပြသော်လည်း "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ။လ။ကာယကမ္မံ" ဟူသော ဘုရားဟော ပါဠိတော် နှစ်ရပ်ကို သာဓကပြု၍ ပြသောကြောင့်—

(ဒ) သံသယာနဗန္ဓံ ဟိ လောကေ အနုမာနဉာဏန္တိ ဝဒန္တိ။— ဟူသော ဋုတိဝုတ် အဋ္ဌကထာ။

(ခု) ပဏ္ဍိတာနံ ဟိ အနုမာနတော ဇနာနံ ဗာလာနံ ပစ္စက္ခဝသေန ဒိဋ္ဌတောပိ ဗလဝတရမေဝါတိ။—ဟူ၍ဎင်း၊

(ဂူ) ဗောဓိသတ္တာနံ ပန အနုမာနဉာဏံ သဗ္ဗေဟိပိ ဝိသေသတရ မေဝ ဟောတိ။—ဟူ၍ဎင်း၊

ပြအပ်သော မစ္ဆဇာတ်ဦကာတို့နှင့် သင့်လျော်ညီညွတ်သည်ဖြစ်၍ ကောင်း မြတ်သော ပြခြင်းပင်တည်းဟု မှတ်ယူအပ်၏ မပယ်သင့်ပေ။

ပဋ္ဌာန်းနည်းအားဖြင့် စေတနာသာ ကံမည်ခြင်းကို ပြခြင်း

(ဃ) ကမ္မပစ္စယောတိ ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော၊ စေတနာ သမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မ ပစ္စယေန ပစ္စယော။—ပဋ္ဌာန်းပါဠိတော် ပစ္စယနိဒ္ဒေသ

(ခ) ကမ္မန္တိ စေတနာကမ္မမေဝ။ ကဋတ္တာရူပါနန္တိ ကမ္မသ ကတတ္တာ ဥပ္ပန္နရူပါနံ။ ကမ္မပစ္စယေနာတိ အနေကာနဗ္ဗိ ကပ္ပကောဋိနံ မတ္ထကေ အတ္တနော ဖလံ ဥပ္ပါဒေတုံ သမတ္ထေန နာနာကွဏိက ကမ္မပစ္စယေနာတိ အတ္ထော။ အယံ ပန ကမ္မပစ္စယော စတုဘူမိကစေတနာမတ္တမေဝ။ကုသလံ ကမ္မန္တိ ကုသလ စေတနာ အတ္တနော ဝိပါကဿ ဥပနိဿယ ပစ္စယော။— ပဋ္ဌာန်းအဋ္ဌကထာ

အထက်ပါ အဋ္ဌကထာန္ဒိုက် စေတနာသည်သာလျှင် ကမ္မပစ္စည်းတပ်၏၊ ကံလည်း မည်၏ဟူ၍ "ကမ္မန္တိ စေတနာကမ္မမေဝ"ဟု ဝေသဒ္ဒါဖြင့် ဖွင့်ပြ တော်မူ၏။ ထို ဝေသဒ္ဒါဖြင့် ဝိညတ်ဒွေမှာ ဝေးစ့ စေတနာသမ္မယုတ္တ ကံမည် သော အဘိဇ္ဈာ အစရှိသည်ပင်လျှင် ပစ္စည်းတပ်သောအရာန္ဒိုက် ကမ္မပစ္စည်း မတပ်၊ကံလည်း မမည်ဟု နိဝတ္တေတဗ္ဗကို ပြတော်မူ၏။ ထိုကြောင့် ၎င်းအဖွင့် မူလဋီကာန္ဒိုက်—

(၉၁) စေတနာသမ္မယုတ္တကမ်ံ အဘိဇ္ဈာဒိကမ္မပစ္စယော နု ဟောတိ တိ အာဟ စေတနာကမ္မမေဝါတိ၊ သတိဝိ ဟိ ဝိပါကမမ္မ ဓမ္မတ္တေ နု စေတနာဝဇ္ဇာ ဧဝံ သဘာဝါတိ။ အတ္တနော ဖလံ ဥပ္ပါဒေတုံ သမတ္ထေနာတိ ကမ္မသ သမတ္ထတာ တသ ကမ္မပစ္စယဘာဝေါ ဝုတ္တောတိ ဒဋ္ဌဗ္ဗော။—ဟု ပြတော်မူ၏။

အဓိပ္ပါယ် စေတနာသမ္မယုတ္တ ကံမည်သော အဘိဇ္ဈာ အစရှိသည်တို့သည် ကမ္မပစ္စည်း မဖြစ်၊ ထိုကြောင့် အဋ္ဌကထာဆရာသည် ဧဝသဒ္ဒါနှင့်တကွ စေတနာကမ္မမေဝ ဟူသော သံဝဏ္ဏနာကို မိန့်ဆိုတော်မူ၏၊ ဧဝသဒ္ဒါဖြင့် ဖွင့်ဆိုခြင်း၏ အကြောင်းကို ပြလိုသောကြောင့် “သတိပိ ဟိ” စသော၀ါကျကို ပြတော်မူ၏။ အကျိုးကို ဖြစ်စေတတ်သော ပရမတ္ထတရား၏ အဖြစ် ထင်ရှားရှိသော်လည်း စေတနာသည် ကြဉ်အပ်သော တရားသည်၊ ဝါ-စေတနာကို ကြဉ်သောတရားသည် ဤသို့ ကမ္မပစ္စည်းဖြင့် ကျေးဇူးပြုခြင်း သဘောမရှိ၊ ထိုကြောင့် အဋ္ဌကထာဆရာသည် ဧဝသဒ္ဒါနှင့်တကွ စေတနာ ကမ္မမေဝဟူ၍ ဖွင့်ဆိုတော်မူ၏ဟု အကြောင်း, အကျိုးစပ်၍ ဋီကာဆရာ ပြတော်မူ၏။ အတ္တနောဖလံ စသောပါဠိ၏ အဓိပ္ပါယ်ကား—“အတ္တနော ဖလံ ဥပ္ပါဒေတုံ သမတ္ထေန”ဟူသော အဋ္ဌကထာပါဠိဖြင့် စေတနာ တည်းဟူသောကံ၏ မိမိ၏အကျိုးကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သော အစွမ်းသတ္တိ အာနုဘော်ကို ထိုဝိပါက်နာမကွန္ဓာ ကဋတ္တာရုပ် ဟုဆိုအပ်သော အကျိုး၏ ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ဟူ၍ ဆိုအပ်၏၊ ဤသို့ မုချမှတ်အပ်၏ဟု ဋီကာဆရာ ပြတော်မူ၏။

မှတ်ချက်—အထက်ပါ ပါဠိတော်,အဋ္ဌကထာ,ဋီကာတို့နှိုက် သဟဇာတ စေတနာ နာနာက္ခဏိကစေတနာ၏သာလျှင် တပါးမက များစွာကုန်သော ကမ္မာကုဋ္ဌေတို့၏ အထက်နှိုက် မိမိ အကျိုးပစ္စယုပ္ပန်ကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သောအစွမ်းသတ္တိ အာနုဘော်ရှိသောကြောင့် သဟဇာတကမ္မပစ္စည်း,နာနာက္ခဏိကကမ္မပစ္စည်းတပ်ခြင်းကို ပြတော်မူ၏၊ ဝိညတ်ဒွေမှာ ဝေးစွ ဥပစာအားဖြင့် စေတနာသမ္မယုတ္တကံ မည်သင့်သော အဘိဇ္ဈာ,ဗျာပါဒ,မိစ္ဆာဒိဋ္ဌိတို့၏ ကမ္မပစ္စည်း တပ်ခြင်းကို

ပြတော်မမူ၊ ထိုကြောင့် စေတနာသည်သာလျှင် မုချ ကံမည်၏၊ ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးမပြုတတ်သော ဝိညတ်ဒွေ့ အဘိဇ္ဈာအစရှိသည်သည် မုချကံမမည်ဟု သန္နိဋ္ဌာန်ကျ မှတ်ယူအပ်၏၊ အထက်ပါဋီကာပါဠိဖြင့်လည်း မူလဋီကာဆရာသည်လည်း အောက်နှိုက် စောပနကြိယံ အဘိဇ္ဈာဒိကြိယံဟူ၍ ဖွင့်ခဲ့ငြားသော်လည်း ဝိညတ်, အဘိဇ္ဈာဒိကို ကံဟူ၍ အယူမရှိကြောင်း ထင်ရှားလှပေ၏။

ကထာဝတ္ထု၊ ပါဠိတော်ဖြင့် စေတနာကမ္မဝိနိစ္ဆယကို ပြခြင်း

အရှင်မဟာဗုဒ္ဓဃောသဆရာသည် မိမိဉာဏ်သက်သက်အားဖြင့် စေတနာ၏သာလျှင် ကံမည်သည်၏ အဖြစ်ကို "စေတနာဟံ ဘိက္ခဝေ" အစရှိသော သုတ် ပါဠိတော် (၄)ရပ်ကို သာဓကပြု၍ ဆုံးဖြတ်သည်မဟုတ်၊ ပဋိသမ္ဘိဒါပတ္တိ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာမထေရ်မြတ် ဟောတော်မူအပ်သော အဘိဓမ္မာ ကထာဝတ္ထုပါဠိတော်ကို ဗလဝတရ မှီရာနိဿယပြု၍ ဆုံးဖြတ်တော်မူသည်ဟု မှတ်အပ်၏။ ထိုကြောင့် ကထာဝတ္ထုပါဠိတော်နှိုက်—

(၁၈၇) ရူပံ ကမ္မန္တိ၊ အာမန္တာ၊ နနု ဝုတ္တံ ဘဂဝတာ "စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ၊စေတယိတ္ဝာ ကမ္မံ ကရောတိ၊ကာယေန ဝါစာယ မနသာ"တိ။ အထ္ထေဝ သုတ္တန္တောတိ၊ အာမန္တာ။ တေနဟိ နဝတ္တဗ္ဗံ ရူပံ ကမ္မန္တိ။ ရူပံ ကမ္မန္တိ၊ အာမန္တာ။ နနု ဝုတ္တံ ဘဂဝတာ "ကာယေဝါ အာနန္ဒ သတိ ကာယသင်္ခေတနာ ဟေတု ဥပ္ပဇ္ဇတိ အဇ္ဈတ္တံ သုခ ဒုက္ခံ။ ဝါစာယဝါ အာနန္ဒ သတိ ဝစီသင်္ခေတနာဟေတု ဥပ္ပဇ္ဇတိ အဇ္ဈတ္တံ သုခဒုက္ခံ။ မနေဝါ အာနန္ဒ သတိ မနောသင်္ခေတနာဟေတု ဥပ္ပဇ္ဇတိ အဇ္ဈတ္တံ သုခဒုက္ခ"န္တိ။ အထ္ထေဝ သုတ္တန္တောတိ၊ အာမန္တာ။ တေနဟိ နဝတ္တဗ္ဗံ ရူပံ ကမ္မန္တိ။ ရူပံ ကမ္မန္တိ၊ အာမန္တာ။ နနု ဝုတ္တံ ဘဂဝတာ "တိဝိဓာ ဘိက္ခဝေ ကာယသင်္ခေတနာ အကုသလံ ကာယကမ္မံ ဒုက္ခုဒ္ရြယံ ဒုက္ခဝိပါကံ။ စတုဗ္ဗိဓာ ဘိက္ခဝေ ဝစီသင်္ခေတနာ အကုသလံ ဝစီကမ္မံ

ဒုက္ခုဒြယံ ဒုက္ခဝိပါကံ။ တိဝိဓာ ဘိက္ခဝေ မနောသဉ္စေတနာ အကုသလံ မနောကမ္မံ ဒုက္ခုဒြယံ ဒုက္ခဝိပါကံ။ တိဝိဓာ ဘိက္ခဝေ ကာယသဉ္စေတနာ ကုသလံ ကာယကမ္မံ သုခုဒြယံ သုခဝိပါကံ။ စတုဗ္ဗိဓာ ဘိက္ခဝေ ဝစီသဉ္စေတနာ ကုသလံ ဝစီကမ္မံ သုခုဒြယံ သုခဝိပါကံ။ တိဝိဓာ ဘိက္ခဝေ မနောသဉ္စေတနာ ကုသလံ မနောကမ္မံ သုခုဒြယံ သုခဝိပါက”န္တိ။ အတ္ထော သုတ္တန္တောတိ၊ အာမန္တာ။ တေနဟိ နဝတ္တဗ္ဗံ ရူပံ ကမ္မန္တိ။ ရူပ် ကမ္မန္တိ၊ အာမန္တာ။ နနု ဝုတ္တံ ဘဂဝတာ “သစာယံ အာနန္ဒ သမိဒ္ဓိ မောဃပုရိသော ပါဠလိပုတ္တဿ ပရိဗ္ဗာဇကဿ ဧဝံ ဗျာကရေယျ။ သဉ္စေတနိယံ အာဝုသော ပါဠလိပုတ္တ ကမ္မံ ကတ္တာ ကာယေန ဝါစာယ မနသာ သုခဝေဒနိယံ သုခံ သော ဝေဒယတိ၊ သဉ္စေတနိယံ အာဝုသော ပါဠလိပုတ္တ ကမ္မံ ကတ္တာ ကာယေန ဝါစာယ မနသာ ဒုက္ခဝေဒနိယံ ဒုက္ခံ သော ဝေဒယတိ၊ သဉ္စေတနိယံ အာဝုသော ပါဠလိပုတ္တ ကမ္မံ ကတ္တာ ကာယေန ဝါစာယ မနသာ အဒုက္ခမသုခဝေဒနိယံ အဒုက္ခမသုခံ သော ဝေဒယတီတိ။ ဧဝံ ဗျာကရမာနော ခေါ အာနန္ဒ သမိဒ္ဓိ မောဃပုရိသော ပါဠလိပုတ္တဿ ပရိဗ္ဗာဇကဿ သမ္မာ ဗျာကရမာနော ဗျာကရေယျာ”တိ။အတ္ထော သုတ္တန္တောတိ၊ အာမန္တာ။ တေနဟိ နဝတ္တဗ္ဗံ ရူပံ ကမ္မန္တိ။–ဟု ဟောတော်မူ၏။

အဓိပ္ပါယ် အကျဉ်းကား

သကဝါဒီပုဂ္ဂိုလ်သည် “ရူပံ ကမ္မန္တိ” ဟူသောပါဌ်ဖြင့် ဝိညတ်ရုပ်သည် ကံမည်သလောဟု မေး၏။ ပရဝါဒီပုဂ္ဂိုလ်သည် “အာမန္တာ” ဟူ၍ ဝိညတ်ရုပ်သည် ကံမည်၏ဟု ဝန်ခံ၏။ သကဝါဒီပုဂ္ဂိုလ်သည် “စေတနာဟံ ဘိက္ခဝေ။လ။မနသာ”ဟူသော သုတ္တန် ပါဠိတော် ရှိသည်မဟုတ်လောဟု မေး၏။ ပရဝါဒီပုဂ္ဂိုလ်သည် “အာမန္တာ” ဟု ဝန်ခံ၏။ သကဝါဒီပုဂ္ဂိုလ်သည် “တေနဟိ နဝတ္တဗ္ဗံ ရူပံ ကမ္မန္တိ” ဟူသောပါဌ်ဖြင့် ထိုသို့ ဘုရားဟော သုတ္တန်ပါဠိတော် ရှိသောကြောင့်သာလျှင် ဝိညတ်ရုပ်ကို ကံဟူ၍ မဆိုအပ် မဆိုထိုက် မဆိုသင့်ဟု ပယ်ဖြတော်မူ၏။ နောက်နှိုက်

"ကာယေဝါ အာနန္ဒ"အစရှိသော ပါဠိတော်(၃)ရပ်ကို သာဓကပြု၍ ပယ်ဖြေရာနှိုက်လည်း အဓိပ္ပါယ်ကိုလည်း ဤအတူပင် မှတ်ယူအပ်၏။ အဋ္ဌသာလိနီ အဋ္ဌကထာနှိုက်လည်း အရှင်မဟာဗုဒ္ဓဃောသသည် စေတနာ၏ သာလျှင် ကံမည်သည်၏အဖြစ်ကို ၎င်းပါဠိတော်(၄)ရပ်ကိုပင်လျှင် သာဓကပြု၍ ပြဆို တော်မူသောကြောင့် ယုံမှား သံသယမရှိဘဲ စေတနာသည်သာလျှင် ကံမည်၏ဟု မုခ္ဃ မှတ်ယူအပ်၏။

မှတ်ချက်—"ရူပံ" ဟူသော ပုဒ်၏ အရကို သာမည ဟောသော်လည်း ဝိညတ်ရူပ်ကိုသာ ယူအပ်၏။ ထိုကြောင့် ထိုကထာဝတ္ထုအဋ္ဌကထာနှိုက်—

(ခံ) ဇာဒါနိ ရူပံ ကမ္မန္တိ ကထာနာမ ဟောတိ၊ တတ္ထ ယေသံ ကာယဝစီဝိညတ္တိသင်္ခါတံ ရူပမေဝ ကာယကမ္မံ ဝစီကမ္မံ နာမ။ တဒုဘယမ္ပိ ကုသလသမုဋ္ဌာနံ ကုသလံ၊ အကုသလသမုဋ္ဌာနံ အကုသလန္တိ လဒ္ဓိ။ သေယျထာပိ မဟိသာသကာနဉ္စေဝ သမ္မိတိယာနဉ္စ၊ တေ သန္ဓာယ ကုသလေန စိတ္တေန သမုဋ္ဌိတန္တိ ပုစ္ဆာ သကဝါဒိဿ။ ပဋိညာ ဇာတရဿ။—ဟု ဖွင့်ပြတော်မူ၏။

မှတ်ချက်—တတိယသံဂါယနာတင် ပါမောက္ခနာယက ဖြစ်တော်မူသော အရှင် မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာ အရှင်မြတ်သည် နောင် အနာဂတ်ကာလနှိုက်လည်း ဝိညတ်ကို ကံဟူ၍ ယူသော မိစ္ဆာဝါဒီ ပရဝါဒီ ပေါ်ပေါက်လတံ့သည်ကို မြင်တော်မူ၍ "ရူပံ ကမ္မန္တိ၊ အာမန္တာ" စသည်ဖြင့် ဟောတော်မူ၏။ နောက် အဋ္ဌကထာ,ဋီကာဆရာတို့သည် မည်သည့်နည်းဖြင့် ဖွင့်ငြားသော်လည်း ပါဠိတော်ရင်းကို မလွန်နိုင်သောကြောင့်ရင်း ကထာဝတ္ထုပါဠိတော်လာတိုင်းသာလျှင် စေတနာသည်သာလျှင် မုခ္ဃ ကံမည်၏ဟု သန္နိဋ္ဌာန်ကျ မှတ်သားအပ်၏။

မင်္ဂလိမပဉ္ဉာသပါဠိတော် ၎င်းအဋ္ဌကထာဖြင့် ဧဘာနုဂကမ္မကို ပြခြင်း

(ခါး) တိကို ခေါ အဟံ တပဿီ ကမ္မာနိ ပညာပေမိ ပါပဿ ကမ္မဿ ကိရိယာယ ပါပဿ ကမ္မဿ ပတ္တိယာ၊သေယျထိဒံ ကာယကမ္မံ ဝစီကမ္မံ မနောကမ္မန္တိ။— မင်္ဂလိမပဏ္ဏာသပါဠိတော် ဥပါလိသုတ်

(ဂ) ကာယကမ္မံ ဝစီကမ္မံ မနောကမ္မန္တိတ္ထေ ကာယဒွါရေ အာဒါနဂဟဏ ပုဗ္ဗင်္ဂန စောပနပတ္တာ အဋ္ဌကာမာဝစရကုသလ စေတနာ ဒွါဒသာ ကုသလစေတနာတိ ဝိသတိစေတနာ ကာယကမ္မံနာမ။ ကာယဒွါရေ အာဒါနာဒိနိ အပတ္တာ ဝစီ ဒွါရေ ဝစနဘေဒံ ပါပယမာနာ ဥပ္ပန္နာ တာယော ဝိသတိ စေတနာ ဝစီကမ္မံနာမ။ ဥဘယဒွါရေ စောပနံ အပတ္တာ မနောဒွါရေဥပ္ပန္နာ ကျေနတိ ံသ ကုသလာကုသလစေတနာ မနောကမ္မံနာမ။ အဝိစ သဉ်ဇီပတော တိဝိဓံ ကာယဒုစ္စရိတံ ကာယကမ္မံနာမ။ စတုဋ္ဌံ ဝစီဒုစ္စရိတံ ဝစီကမ္မံနာမ။ တိဝိဓံ မနောဒုစ္စရိတံ မနောကမ္မံနာမ။ ဇ္ဈမသ္မိ ံစ သုတ္တေ ကမ္မံ ဓုရံ။ အနန္တရသုတ္တေ စတ္တာရိမာနိ ပုဏ္ဏကမ္မာနိ မယာ သယံ အဘိညာ သစ္ဆိကတ္ဝာ ပဝေဒိတာနိတိ ဧဝမာဂတေဝိ စေတနာ ဓုရံ၊ ယတ္ထကတ္ထစိ ပဝတ္တာ စေတနာ ကဏှံ ကဏှ ဝိပါကန္တိ အာဒိဘေဒံ လဘတိ။ နိဒ္ဒေသဝါရေစဿ သဗ္ဗာ ပဇ္ဇံ ကာယသခ်ါရံ အဘိသခ်ါရောတိအာဒိနာ နယေန သာ ဝုတ္တာဝ။ ကာယဒွါရေ ပဝတ္တာ ပန ဇ္ဈ ကာယကမ္မန္တိ အဓိပ္ပေတံ။ဝစီဒွါရေ ပဝတ္တာ ဝစီကမ္မံ။မနောဒွါရေ ပဝတ္တာ မနောကမ္မံ။ တေန ဝုတ္တံ — “ဇ္ဈမသ္မိ ံ သုတ္တေ ကမ္မံ ဓုရံ၊ အနန္တရသုတ္တေ စေတနာ”တိ။ ကမ္မံပိ ဟိ ဘဂဝါ ကမ္မန္တိ ပညပေတိ၊ ယထာ ဇ္ဈမသ္မိ ံယော သုတ္တေ စေတနံပိ။ ယထာဟ “စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတ္ဝာ ကမ္မံ ကရောတိ”တိ။ ကသ္မာ ပန စေတနာကမ္မန္တိ ဝုတ္တာ။ စေတနာ မူလကတ္တာ ကမ္မဿ။—၎င်းအဋ္ဌကထာ

မှတ်ချက်အကျဉ်း—ဤ အဋ္ဌကထာန္သိုက်လည်း "ဝိသတိစေတနာ ကာယကမ္မံနာမ။ ဝိသတိစေတနာ ဝစီကမ္မံနာမ။ ကြွေနတိံသ ကုသလာကုသလစေတနာ မနောကမ္မံနာမ" ဟူ၍ စေတနာကိုသာလျှင် ကာယကံ,ဝစီကံ,မနောကံဟု ဖွင့်ပြတော်မူ၏၊ ဝိညတ်ဒွေ, အဘိဇ္ဈာဒိကို ကံဟူ၍ မပြ၊ သို့ဖြစ်၍ "ကမ္မသကာ ဘိက္ခဝေ သတ္တာ ကမ္မဒါယာဒါ" စသည်ဖြင့် ကံကို ပဓာနပြု၍ ဟောတော်မူရာတို့ဿိုက်လည်း အပဓာနဖြစ်သော စေတနာကို ကံဟူ၍ ယူအပ်၏၊ "ကာယသဉ္စေတနာဟေတု" စသည်ဖြင့် စေတနာကို ပဓာနပြု၍ ဟောတော်မူရာန္သိုက်လည်း အပဓာနဖြစ်သောကံကို စေတနာဟူ၍ ယူအပ်၏။ ထိုကြောင့် ၎င်းအဋ္ဌကထာန္သိုက် "ဣမသ္မိံ စ သုတ္တေ ကမ္မံ ဓုရံ။ အနန္တရသုတ္တေ စတ္တာရိမာနိ ပုဏ္ဏကမ္မာနိ မယံ သယံ အဘိညာ သစ္ဆိကတ္ဘာ ပဝေဒိတာနီတိ ဧဝမာဂတေပိ စေတနာ ဓုရံ။လ။ယထာဟ စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတ္ဘာ ကမ္မံ ကရောတီတိ" ဟူ၍ ဖွင့်ပြတော်မူ၏။ "စေတနာဟံ ဘိက္ခဝေ" အစရှိသော သုတ်သည် ကံကို ပဓာနပြု၍ ဟောတော်မူသော သုတ်ဟု မှတ်အပ်၏။ ထိုကြောင့် စေတနာကိုသာလျှင် ကံဟူ၍ မုချ မှတ်ယူအပ်၏၊အဓိပ္ပါယ် အကျဉ်းမျှသာ ပြလိုက်သည်၊ အဋ္ဌကထာပါဠိရှိတိုင်း အဓိပ္ပါယ်ကို မှတ်ယူအပ်၏။

အာစရိယဓမ္မသင်္ဂဟဖွဲ့ စေတနာကံကို ပြခြင်း

(၈၂) ဣမာနိ စေတနာယ နာမာနိ—

သဉ္စေတနာ စေတယိတံ၊ စေတနာကမ္မမေဝစ။
ကမ္မဉ္စိ စေတနာတေဝ၊ ဇိနေနာဟစ္ဆဘာသိတံ။

အတြေယံ ပါဠိ— စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ။ စေတယိတ္ဘာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာတိ။— သဒ္ဒနီတိ ဓာတုမာလာ

အနက် ကမာနိ၊ကျိသည်တို့သည်။ စေတနာယ၊၏။ နာမာနိ၊တို့တည်း။ သဥ္ဇေတနာ၊ကံ။ စေတယိတံ၊ကံ။စေတနာ၊ကံ။ကမ္မမေဝစ၊ကံ။ ဟိသစ္စံ၊ မှန်၏။ ကမ္မံ၊ ကို။ စေတနာဇေဝ၊ စေတနာဟူ၍သာလျှင်။ ဇီနေန၊ သည်။ အာဟာစ္စ၊ကိုယ်တော်တိုင် ထုတ်ဆောင်၍။ ဘာသိတံ၊အပ်၏။ အတြ၊ နှိုက်။ အယံ၊ကား။ ပါဠိ၊တည်း။ ဘိက္ခဝေ၊တို့။ ယသ္မာ၊ကြောင့်။ ပုရိမ စေတနာယ၊ဖြင့်။ စေတယိတ္ဝာ၍။ ကာယေန၊ဖြင့်၎င်း။ ဝါစာယ၊ဖြင့်၎င်း။ မနသာ၊ဖြင့်၎င်း။ ကမ္မံ၊အပြီးအဆုံးဖြစ်သော ကံကို။ ကရောတိ၊၏။ တသ္မာ၊ ကြောင့်။ စေတနာပုဗ္ဗင်္ကံ၊စေ့ဆော်ခြင်း ရှေးရှိသော။ကမ္မံ၊သန္နိဋ္ဌာနကံသည်။ တံ စေတနာသဘာဝမေဝ၊ ထိုစေ့ဆော်ခြင်း သဘောရှိသည်သာလျှင်တည်း။ ဣတိ၊ကျိသို့။ ဝါ ဣတိတသ္မာ၊ကြောင့်။ စေဘာနံ၊သန္နိဋ္ဌာနစေတနာကို။ ကမ္မံ၊ ဟူ၍။ အဟံ၊ သည်။ ဝဒါမိ၊ ၏။ ဝါ၊ တနည်းကား။ ယသ္မာ၊ ကြောင့်။ စေတယိတ္ဝာ၊သမ္မယုတ်စေတနာဖြင့် စေ့ဆော်၍။ ကာယေန၊ဖြင့်။ကမ္မံ၊လက် လှုပ်ခြင်းစသော အမူအရာကို။ဝါစာယ၊ဖြင့်။ကမ္မံ၊လျှာလှုပ်ခြင်းစသော အမူ အရာကို။ မနသာ၊ဖြင့်။ ကမ္မံ၊အဘိဇ္ဈာစသော အမူအရာကို။ ကရောတိ၊၏။ ဝါ၊ပြီးစေ၏။တသ္မာ၊ကြောင့်။ တဿာကြိယာယ၊ထိုကိုယ်အမူအရာ နှုတ်အမူ အရာ စိတ်အမူအရာကို။ ကာရိကံ၊ ပြုတတ် ပြီးစေတတ်သော။ စေဘာနံ၊ သမ္မယုတ်စေတနာကို။ ကမ္မံ၊ ဟူ၍။ အဟံ၊ သည်။ ဝဒါမိ၊၏။

နိဗ္ဗေဓိကသုတ်—စေတယိတ္ဝာ ကမ္မံ ကရောတီတိ ဧတ္ထ။လ။အဟံ ဝဒါမိ အတ္ထော။—ဋီကာဒ္ဝါရ။ “ကျိကား ဆရာတော် ဦးဗုဒ္ဓိရေးသော သဒ္ဒနီတိ ဓာတုမာလာ နိဿယ”။

မှတ်ချက်—ကျိအထက်ပါ ပါဠိဖြင့် စေတနာ၏ အမည်ကိုပြရာနှိုက် သဒ္ဒ နီတိဆရာသည်လည်း စေတနာကိုသာလျှင် ကံဟူ၍ ပြ၏။ ကျမ်းဂန် တတ်မြောက် လိမ္မာသော အရာဌာနနှိုက် “ဗုဒ္ဓအစ ဗုဒ္ဓအဆုံး” ဟူ၍ ပညာရှိတို့ ထောမနာခြင်းကို ခံရသော ဆရာတော် ဦးဗုဒ္ဓသည်လည်း “သဥ္ဇေတနာ၊ ကံ။လ။ကမ္မမေဝစ၊ ကံ” ဟူ၍သာ ယောဇနာ၏ ဝိညတ်ဟူ၍ ယောဇနာခြင်းကို မပြု။ ပါဠိတော်ကို အနက်မြန်မာ ပြန်ဆိုရာနှိုက်လည်း မူလဋီကာကို သာဓကပြု၍ ပြန်ဆိုတော်မူ၏။

ထိုသို့ ပြန်ဆိုရာ၌ကဲ့သို့ ပဌမယောဇနာနည်းမှာ ကမ္မဟေတုသောပုဒ်၏အရ သန္နိဋ္ဌာန စေတနာကံကို ပြသောကြောင့် ဝိညတ်လော စေတနာလောဟု ယုံမှားရန် မလိုတော့ပြီ။ ဒုတိယယောဇနာနည်းနှင့်က ''စောပနကြိယံ အဘိဇ္ဈာဒိကြိယံ တဿာကြိယာယ ကာရိကံ စေတနံ'' ဟူသော မူလဋီကာကိုထောက်၍ ကမ္မဟေတုသောပုဒ်၏အနက်ကို ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာဟူ၍ ယောဇနာ၏။ ၎င်း၏ အလိုဖြင့် ကမ္မဟေတုသောပုဒ်ကို ''ကရဏံ ကမ္မံ၊ ကရိယတေ ကမ္မံ'' ဟူ၍ အမူအရာကြိယာ ရအောင် ဘာဝသာဓန ပြုစေလို၏။ ဝိညတ်ကို ရည်ရွယ်ခြင်း မရှိဟုမှတ်။ အဘယ်ကြောင့်နည်းဟူမူ....စေတယိတ္ဘာ၊ သမ္မယုတ်စေတနံဖြင့် စေ့ဆော်၍ ဟူ၍ဋီကာ။ စေတနံ၊ သမ္မယုတ် စေတနာကို ဟူ၍ဋီကာ ယောဇနာသောကြောင့်တည်း။

အဓိပ္ပါယ် ထိုအမူအရာကြိယာကို စေတနာသည် ပြုအပ် ပြီးစေအပ်၏၊ ထိုအမူအရာ ကြိယာနှင့် အတူတကွ သဟဇာတဖြစ်သော စေတနာသည်သာလျှင် ကံမည်၏ဟူသော အဓိပ္ပါယ်ကို အလိုရှိတော်မူ၏၊ ဝိညတ်သည် အမူအရာပင် ဖြစ်သော်လည်း ကံမည်၏ဟု အလိုမရှိဟု မှတ်အပ်၏။ ''စေတနာဟံ ဘိက္ခဝေ'' ဟူသောသုတ်ကို သဒ္ဒနီတိနိဿယနှင့်က နိဗ္ဗေဓိကသုတ်ဟု မှာတော်မူ၏၊ ရှာ၍ မတွေ့ခဲ့ချေ။ လုံးတော် ဆရာတော်သည်လည်း ပကိဏ္ဏကဝိသဇ္ဇနာနှင့်က် စေတနာကိုသာလျှင် ကံဟူ၍ ဆုံးဖြတ်တော်မူ၏။ လယ်တီဆရာတော်သည်လည်း ၎င်းအတူ ဆုံးဖြတ်တော်မူ၏။ ''စေတနာဟံ ဘိက္ခဝေ'' အစရှိသောပါဠိသည် ဆက္ကနိပါတ် အင်္ဂုတ္တရပါဠိတော်နှင့်က် လာ၏၊ ၎င်းပြင် ကထာဝတ္ထု ပါဠိတော်နှင့်က်လည်း လာ၏၊ ''ကာယေဝါ ဟိ အာနန္ဒ'' စသော ဒုတိယသုတ်သည် ဥပရိပဏ္ဏာသ ပါဠိတော် မဟာကမ္မဝိဘင်္ဂသုတ်နှင့်က် လာ၏၊ ''တိဝိဓာ ဘိက္ခဝေ ကာယသဉ္စေတနာ'' အစရှိသော တတိယသုတ်သည် ၎င်းပါဠိ အစဉ်အတိုင်း ရှာ၍ မတွေ့ခဲ့ချေ။ ဒသနိပါတ် အင်္ဂုတ္တရပါဠိတော် ကရဇကာယဝဂ်နှင့်က် ''တတြ ဘိက္ခဝေ တိဝိဓံ ကာယကမ္မန္တိ သဒေါသဗျာပတ္တိ အကုသလံ သဉ္စေတနိကံ ဒုက္ခုဒြယံ ဒုက္ခဝိပါကံ ဟောတိ'' စသည်ဖြင့် လာ၏၊ အဋ္ဌသာလိနီ သာဓကပါဠိနှင့် မတူကြ၊ ပါဠိတော်ရင်း တွဲအောင် ရှာကြလေ။

ထင်ထိုး ပါဠိ၌, အဋ္ဌကထာ, ဋီကာတို့ဖြင့်
စေတနာကိုသာလျှင် ကံဟူ၍ ဖွင့်ပြခြင်း ပါဠိသက်သက်ကိုသာလျှင် ထုတ်၍ ပြခြင်း

(ဂ) စေတနာတိ ကမ္မစေတနာ။— တိကနိပါတ် အင်္ဂုတ္တရဋ္ဌကထာ

(ဃ) သဉ္ဇေတနာ အဿ အတ္ထီတိ သဉ္ဇေတနိကံ၊ သာ ဘိသန္ဓိကံ သဉ္ဇေတနာ ကမ္မံ ကတ္ဝာတိ အတ္ထော။—ဥပရိပဏ္ဏာသဋ္ဌကထာ

(င) အကုသလစေတနာ ပဋိသန္ဓိပဝတ္တိသု ဒုက္ခဿေဝ ဇနနတော ဒုက္ခဝေဒနိယ ကမ္မံနာမ ကာယဒွါရေ ပဝတ္တေယေဝ စေတံ ကေန္တေန ဒုက္ခံ ဇနေတိ။—ဂဠိးအဋ္ဌကထာ

(စ) ကမ္မံ ဝိဇ္ဇာစ မမ္မောစ၊ သိလံ ဇီဝိတ မုတ္တမံ။
ဇေတေန မဇ္ဇာ သုဗ္ဗန္တိ၊ နဂေါတ္တေန မနေန ဝါ။
ဥပရိပဏ္ဏာသပါဠိတော် အနာထပိဏ္ဍိကသုတ်

(ဆ) ကမ္မန္တိ မဂ္ဂစေတနာ၊ ဝိဇ္ဇာတိ မဂ္ဂပညာ၊ မမ္မောတိ သမာဓိ ပက္ခိကော မမ္မော။သိလံ ဇီဝိတမုတ္တမန္တိ သိလေ ပတိဋ္ဌိတသဉ္ဉတ္တမန္တိ ဒသေတိ။—ဂဠိးအဋ္ဌကထာ(သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာနှိုက်လည်း ဂဠိးအတူပင် လာ၏)။

(ဇ) ကေဝိဏ္ဍပါတဒါနသ္မိဉ္ဉိ ကောစေတနာ ဒွေ ပဋိသန္ဓိယောန ဒေတိ၊ ပုဗ္ဗပစ္ဆိမစေတနာနံ ဟိ ဝသေန သတ္တက္ခတ္တုံ သဂ္ဂေ သတ္တက္ခတ္တုံ သေဋ္ဌကုလေ နိဗ္ဗတ္တော၊ ပုရာဏန္တိ ပစ္ဆေကဗ္ဗဿ ဒိန္နဝိဏ္ဍပါတစေတနာကမ္မံ။— သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ၊ ကောသလသံယုတ် အာဂန္တုကသေဋ္ဌိ ဝတ္ထု

(ဈ) မနောသဉ္ဇေတနာ ကုသလာကုသလကမ္မဝသေန အာယူဟနမာနာယေဝ ဘဝမူလ နိမ္မါဒနတော သတ္တာနံ ဋ္ဌိတိယာ ဟောတိ။—နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ၊ အာဟာရဝဂ်၊ ပဌမသုတ်အဖွင့်

(၈၇) တသေဝ ကမ္မဿ ဝိပါကာဝသေသေနာတိ တဿ နာနာ စေတနာဟိ အာယူဟိတဿ အပရာပရိယကမ္မဿ တတြဟိ ယာယစေတနာယ နရကေ ပဋိသန္ဓိ ဇနိတာ၊ တဿာ ဝိပါကေ ပရိက္ခီဏေ အဝသေသကမ္မံဝါ ကမ္မနိမိတ္တံဝါ အာရမ္မဏံ ကတွာ ပုန ပေတာဒိသု ပဋိသန္ဓိ နိဗ္ဗတ္တတိ။တဿာ သာ ပဋိသန္ဓိကမ္မသဘာဂတာယ အာရမ္မဏသဘာဂတာယဝါ တသေဝ ကမ္မဿ ဝိပါကာဝသေသောတိ ဝုစ္စတိ။—နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ လက္ခဏသံယုတ်

(ဂံ) ကာယေတိ ကာယဒ္ဓါရေ၊ ကာယဝိညတ္တိသတိတိ အတ္ထော၊ ကာယသင်္ခေတနာဟေတူတိ အာဒိသု ကာယသင်္ခေတနာနာမ ကာယဒ္ဓါရေ စေတနာ သံကပ္ပနာ၊ သာ အဋ္ဌကာမာဝစရကုသလဝသေန အဋ္ဌဝိဓာ၊ အကုသလဝသေန ဒွါဒသဝိဓာတိ ဗိသတိဝိဓာ။ တထာ ဝစီသင်္ခေတနာ။ တထာ မနောသင်္ခေတနာ။ အပိစေတ္ထ နဝမဟဂ္ဂတစေတနာပိ လဗ္ဘန္တိ။—စတုက္ကနိပါတ် အဂ်ုတ္တရအဋ္ဌကထာ

အဋ္ဌသာလိနီနှုက် လာသော “ကာယေဝါ ဟိ အာနန္ဒ သတိ” ဟူသော ဒုတိယသုတ်၏ အဖွင့်ဟုမှတ်။ ၎င်းအင်ဂုတ္တရပါဠိတော်နှုက် ဘိက္ခဝေ သဒ္ဒါနှင့် ပါဠိရှိ၏။

(၈၆း) ကာယသင်္ခေတနာဟေတူတိ ကာယဒ္ဓါရေ ဥပ္ပန္နစေတနာဟေတု၊ ဝစီသင်္ခေတနာ မနောသင်္ခေတနာသုပိ ဧသေဝ နယော။ ထွေစ ကာယဒ္ဓါရေ ကာမာဝစရကုသလာကုသလဝသေန ဝိသတိစေတနာ လဗ္ဘန္တိ၊ တထာ ဝစီဒ္ဓါရေ မနောဒ္ဓါရေ။ နဝဟိ ရူပါရူပစေတနာဟိ သဒ္ဒိံ ကျေနတိံသာတိ၊ တိသု ဒ္ဓါရေသု ကျေနသတ္တတိ စေတနာဟောန္တိ။ တပ္ပစ္စယံ ဝိပါကံ သုခဒုက္ခံ ဒဿိတံ။—နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ (ကာယေဝါဟာနန္ဒ သတိ အစရှိသော ဒုတိယသုတ်၏ အဖွင့်)။

စေတနာသည်သာလျှင် သုခဒုက္ခဝိပါကကို ဖြစ်စေတတ်သောကြောင့် စေတနာကိုသာလျှင် ကံဟူ၍ ယူအပ်၏၊ ဝိညတ်သည် သုခဒုက္ခဝိပါကကို မဖြစ်စေတတ်သောကြောင့် ကံဟူ၍ မယူအပ်၊ ယူခဲ့သော် ၎င်းပါဠိတော်, အဋ္ဌကထာတို့နှင့် ဆန့်ကျင်ရာ၏၊ ဘုရားကိုလည်း စွပ်စွဲရာ ရောက်၏၊ အဋ္ဌကထာ, ဋီကာဆရာတို့ကိုလည်း စွပ်စွဲရာ ရောက်၏ဟု မှတ်။

နိဂုံးချုပ်သောအားဖြင့် ပြခြင်း

အလုံးစုံသော အမှုကိစ္စတို့ကို ပြုလုပ်ရာတို့နှိုက် ငါသည် ဤအမှုကို ပြုအံ့၊ ဤသူကို သတ်အံ့ဟူ၍ စသည်ဖြင့် ရှေးဦးစွာ စေတနာသည် ဖြစ်၏၊ထို့ကြောင့် စေတနာကို ကံဟူ၍ မုချ သန္နိဋ္ဌာန်ကျ မှတ်ယူအပ်၏။ ထို့ကြောင့် နဝနိပါတ် အဂုံတွာရဋ္ဌိကာနှိုက်—

(၈) အဟမေဝ နံ ပဋမတရံ မာရေဿာမိတိ စေတနာ ဥပ္ပဇ္ဇတိ။

မှတ်ချက်—အထက်ပါ ပါဠိ,အဋ္ဌကထာ,ဋီကာ သာဓကပေါင်း (၅၉)မျှ ထုတ်ပြသဖြင့် စေတနာသာလျှင် ကံမည်သည်၏အဖြစ်ကို ယုံကြည်နိုင်လောက်ပြီဖြစ်၍ စေတနာဒါန, စေတနာပုည, စေတနာသခ်ါရ စသည်ကို မထုတ်ပြဘဲ နိဂမန ကျဉ်းချုံး၍ နိဂုမ်းအုပ်တော့သည် သာလျှင်တည်း။

စေတနာကမ္မ ဝိနိစ္ဆယ ပြီးပြီ။

သီဟဠပုဏ္ဏာယ ဝိဿဇ္ဇနာ

မန္တလေး နဂရေ မိုးကောင်းဝိဟာရေ အဓိဝတ္ထဿ လဒ္ဓ အဂ္ဂမဟာပဏ္ဍိတလဉ္ဆိတဿ ညောင်ရမ်း အာစရိယောတိ ဝိဿုတဿ သံဃမဟာနာယကဘူတဿ အာယသ္မာ မဟာရေဝတဒတ္ထရဿ ဝိဿဇ္ဇနာ။

၁။ မရမ္မရဋ္ဌေ ဗုဒ္ဓဘာသာနံ သာသနသမ္ဗန္ဓာနံ ဥပဒေသာနံ ကာရဏံ သမ္ပဏ္ဏံ ဇာနိတုံ မိစ္ဆာမိတိ ပုစ္ဆာယ။—

၁။ အယမ္ပန ဝိဿဇ္ဇနာ။—မရမ္မရဋ္ဌေဟိ ဗုဒ္ဓသာသနေ သံဃံ အဓိဝတ္ထေဟိ မမ္မသေနံဝပတိ အာဒီဟိ မဟာနာယကတ္ထေရေဟိ "အပညတ္တံ န ပညာပေတဗ္ဗံ၊ ပညတ္တံ န သမုစ္ဆိန္ဒိတဗ္ဗံ၊ ယထာ ပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိတဗ္ဗ"န္တိ ဝစနတော ဝိသေသတော ပညတ္တံ ထပိတံ ဥပဒေသံနာမ နတ္ထိ၊ တသ္မာ ပန အနုရူပံ ဘိက္ခုသံဃော ဗုဒ္ဓေန ယထာပညတ္တေသု သမာဒါယ စတုပါရိသုဒ္ဓိသီလံ ပရိပူရေတ္ဝာ ဝသတိ၊ ကသ္မာ၊ သိက္ခာပဒပညတ္တိယာ ဗုဒ္ဓသေဝ ဝိသယတ္တာ၊ နာ သာဝကသာတိ။

၂။ သမ္မာ ဇာနနကာမော ပန ကထံ ဘိက္ခု။ ဗုဒ္ဓဝိဟာရေသု ရက္ခိတုံ ထပေန္တီတိ ပုစ္ဆာယ။—

၂။ အယမ္ပန ဝိဿဇ္ဇနာ။— နာ မရမ္မရဋ္ဌေဟိ ဓမ္မသေနာပတိအာဒယော မဟာနာယက မဟာထေရာ ဗုဒ္ဓဝိဟာရေသုစ အညစေတိယေသုစ ဘိက္ခု။ ရက္ခိတုံ ထပေန္တိ။ သစေ ပန ယသ္မိံ ယသ္မိံ ဝိဟာရေဝါ အာဝါသေဝါ ဗုဒ္ဓ ဃရဠ္ဆ စေတိယဠ္ဆ အတ္ထိ။ တတ္ထတ္ထ ဝသန္တော သံဃော, ဂဏော, ဘိက္ခုစ အတ္တနောအတ္တနော ယထိစ္ဆိတံ ရက္ခတိတိ ဒဋ္ဌဗ္ဗံ။ မရမ္မရဋ္ဌေ ပန မရမ္မရာဇ ကာလေ ဓမ္မိကော မရမ္မရာဇာ မန္တလေးနဂရေ မဟာမုနိဗိမ္ဗာဒီသု ဗုဒ္ဓ ဝိဟာရေသုစ သဘိက္ခုကဝိဟာရတော ဗဟိ ဌိတေသု အညစေတိယေသုစ ရက္ခိတုံ ဗုဒ္ဓဝိဟာရစေတိယာနိ အာရာမိကာနံ ဒတ္ဝာ တေမနုဿေ ဂေါပက ဘဏ္ဍာဂါရိကဘာဝေန ထပေသိတိ။ အင်္ဂလိပ်ရာဇကာလေ ပန တောင်တော်

သာသနာပိုင်ကွတိ ဝိဿုတော မာလာလင်္ကာရဓဇ ဓမ္မသေနာပတိ အတုလ ဓိပတိ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရုတိ လဒ္ဓလဋ္ဌတော မဟာနာယ ကဏ္ဌရော မဟာဘောဂေ မဟာဒ္ဓနေ သီလသမာဓိပညာဝန္တေ မဟာ ဥပသကေ မဟာမုနိဗိမ္မဃရေသုစ သဘိက္ခုကဝိဟာရတော ဗဟိ ဌိတေသု စေတိယေသုစ ရက္ခိတုံ ဂေါပကဘဏ္ဍာဂါရိကဘာဝေန ထပေသိတိ။သဘိက္ခုက ဝိဟာရေသု ပန ဌိတံ ဗုဒ္ဓဃရဥ္စ စေတိယဥ္စ ဘိက္ခူ။ ယထိစ္ဆိတံ ရက္ခိ ံသူတိ။

၃။ ကိ ံ ပန ဘိက္ခူ။ ကေဗုဒ္ဓဝိဟာရတော အညံ ဗုဒ္ဓဝိဟာရံ မူလဂဏ္ဌ ဗန္ဓေဝစ အညဂဏ္ဌဗန္ဓေဝစ သဥ္ဇရိတ္ဝာ ထပိတုံ သက္ကောတိတိ ပုစ္ဆာယ။—

၃။ ဣမိဿံ ပန ပုစ္ဆာယံ ဝိဿဇ္ဇံတုံ နယုတ္တံ၊ ဝိဿဇ္ဇိတဝစနံဝါ နတ္ထိ၊ ကဿမာ၊ မရမ္မရဋ္ဌေ ဗုဒ္ဓဝိဟာဒရေသု ရက္ခိတုံ မဟာနာယကတ္ထရေဟိ အထပိတတ္တာ။ ဧသေဝနယော သေသာသု စတူသု ပုစ္ဆာသ္ဝတိ။

အပိစ ပဌမပုစ္ဆာယံ ‘‘အနုဇာနာမိ ဘိက္ခဝေ ပဥ္စဟင်္ဂေဟိ သမန္နာဂတံ ဘိက္ခုံ ဘဏ္ဍာဂါရိကံ သမန္နေတုံ၊ ယော နဆန္ဒာဂတိ ံဂစ္ဆေယျ၊ နဒေါသာဂတိ ံဂစ္ဆေယျ၊ နမောဟာဂတိ ံဂစ္ဆေယျ၊ နဘယာဂတိ ံဂစ္ဆေယျ၊ ဒုတ္တာဒုတ္တဥ္စ ဇာနေယျာ’’တိအာဒိနာ ဘဂဝတာ ဘဏ္ဍာဂါရိကံ ဘိက္ခုံ အနုညာတတ္တာ။ သံယော ပဥ္စင်္သမန္နာဂတံ ဘိက္ခုံ ဗုဒ္ဓဝိဟာရ ရက္ခဏသမ္မုတိ ံ ဥတ္တိဒုတိယ ကမ္မေနဝါ အပလောကနကမ္မေနဝါ ဒတ္ဝာ ဗုဒ္ဓဝိဟာရေ ရက္ခာပေတုံ ဝဋ္ဋတိ၊ သံယောဝေ ဟိ ဗုဒ္ဓဝိဟာရံ ရက္ခိတုံ-ဣဿရော၊ နဗုဒ္ဓဝိဟာရဒါယကာ ဒယောဝါ ဇနပဒသာမိကရာဇာဒယောဝါ။ ကဿာ၊ တဿ ဗုဒ္ဓဝိဟာရဿ ဗုဒ္ဓဿ ဒိန္နတ္တာ ပရိစ္စဇိတတ္တာစ။

တေန ဝုတ္တံ ဝိနယာလင်္ကာရဋီကာယံ—

ယဒါ ဒါယကော ဝိဟာရံ ပတိဋ္ဌာပေတ္ဝာ ဒေတိ၊ တဿ မူဠ္ဆစေတနံ ပတ္ဝာ ဒိန္နကာလတော ပဋ္ဌာယ သောဝါ တဿ ဝံသေ ဥပ္ပန္နောဝါ ဇနပဒ သာမိကရာဇာဒယောဝါ ဣဿရော ဘဝိတုံဝါ ဝိစာရေတုံဝါ နလဘတိ၊ ပဋိဂ္ဂါဟကဘူတော သံယောဝါဂဏောဝါ ပုဂ္ဂလောဝါ သောယေဝ ဣဿရော ဘဝိတုံဝါ ဝိစာရေတုံဝါ လဘတိတိ ဒဋ္ဌဗ္ဗန္တိ။

သံဃော ပန တဿဘိက္ခုနော ဗုဒ္ဓဝိဟာရ ရက္ခဏသမ္မုတိ ဒေတိ၊ သောယေဝ တံ ကေဗုဒ္ဓဝိဟာရတော အညံ ဗုဒ္ဓဝိဟာရံ သဉ္ဆရိတ္ဝာ ထပေတုံ ဝဋ္ဋတိ၊ န အညသံဃော။ ကသ္မာ၊ အနိဿရိယတ္တာ။

သစေ ပန သော တံ နသမ္မာ ရက္ခတိ၊ တံ ပန သောယေဝ သံဃော တံ ဌာနတော ဥဒ္ဓရိတုံ ဝဋ္ဋတိ၊ န အညသံဃော။ ကသ္မာ၊အနိဿရိယတ္တာ။

ဗုဒ္ဓဝိဟာရ ရက္ခဏသမ္မုတိကော ပန ဘိက္ခု တံ သီဿာနံ ရက္ခာပေတုံ နဒါတဗ္ဗံ။ ကသ္မာ၊ အနိဿရိယတ္တာ။ သံဃဿ ပန အနုမတိယာဝ ဒါတုံ ဝဋ္ဋတိတိ ဒဋ္ဌဗ္ဗန္တိ။

၄။ ဗုဒ္ဓဝိဟာရယုတ္တေ အဓိကရဏေ ဥပ္ပန္နေ ကိံ ပန သုတ္ဝာ ဝိနိစ္ဆိတဗ္ဗန္တိ ပုစ္ဆာယံ။—

၄။ သံဃေန ပန သမ္မုတိ လဒ္ဓါလဒ္ဓါဒိဉ္စ အနုယုဉ္ဇိတ္ဝာ ဝိနယပါဠိဉ္စ အဋ္ဌကထာဋီကာသု အာဂတနယေန စောဒက စုဒိတကာနံ ဝုတ္တဝစနံ သုတ္ဝာစ ဉာဏေန ဝိမံသိတ္ဝာစ ဝိနိစ္ဆိတဗ္ဗန္တိ။

၅။ ဗုဒ္ဓဝိဟာရေဟိ သဒ္ဓိံ သာသနယုတ္တာနိ သန္တကိဿရိယာနိ ပုဂ္ဂလာနိ ပဿိတ္ဝာ အဓိရက္ခိတေ သာသနသမ္ဗန္ဓံ ပညတ္တံ ထပိတံ ဥပဒေသံ စိရဋ္ဌိတတ္ထာယ ကတာဝဟံ သစေ ကိဉ္စိ အတ္ထိ၊ တံ ပန သီဿာနံ အဝယဝါဝယဝံ ဇာနိတုံ မိစ္ဆာမိတိ ပုစ္ဆာယ။—

၅။ အယမ္ပန ဝိဿဇ္ဇနာ— ဣဒါနိ မရမ္မရဋ္ဌေ ရာဇူဟိ သံဃသ္သုပရိ ထပိတံ ဥပဒေသံနာမ နတ္ထိ။ မရမ္မရဋ္ဌေ ပန ဝိနယဓရေဟိ သိက္ခာကာမေဟိ သီလသမာဓိပညာဝန္တေဟိ သံဃမဟာနာယကတ္ထေရေဟိ ဗုဒ္ဓဝိဟာရေဟိ သဒ္ဓိံ သံဃသန္တကာဒီနိ ရက္ခဏတ္ထာယ ပါဠိနယာဒိတော အညံ ပညတ္တံ ထပိတံ ဥပဒေသံနာမ နတ္ထိ၊ ဝိနယပါဠိ,အဋ္ဌကထာ,ဋီကာသု အာဂတနယေန ဓမ္မေန ရက္ခိံသူတိ။

မန္တလေးနဂရေ ပန မဟာမုနိနာမိက ဗုဒ္ဓဗိမ္ဗသ္သစ၊ ရန်ကုန်နဂရေ တိဂုမ္ဗ မဟာစေတိယသ္သစ ဘဏ္ဍာဂါရိကာနံ မဟာဥပဋ္ဌာကာနံ ဗုဒ္ဓသန္တကံ ဓမ္မေန

သမေနဲ ဝိဘင်္ဂနတ္ထံ ထပိတံ ဥပဒေသံနာမ အတ္ထိ၊ တေ ပန တံ စိရဋ္ဌိတပ္ပဝတ္တနတ္ထာယ ဒိစတြိက ဝိနိစ္ဆယဋ္ဌာနံ အာရောပေတ္ဝာ ဒဿေတိ၊ သော ပန ဝေါဟာရိကော တံ ဇာနနသည်ံ ကရောတိ၊တသ္မာ တံ စိရဋ္ဌိတိကံ ဟောတီတိ။

၆။ **ဗုဒ္ဓသာသနေ သံဃသန္တကာနိ ဣဿရိယပုဂ္ဂလေဟိ သမ္မန္နိုပဒေသဥ္စ သံဃဂဏဗန္ဓနနယဥ္စ, သံဃဿ အဘိဘဝနုပဒေသဥ္စ ပါဋိဘာသာဟိ လိခိတ္ဝာ ဒေဟီတိ ဝုတ္တော။—**

၆။ အယမ္ပန ဝိဿဇ္ဇနာ— မရမ္မရဋ္ဌေဟိ သံဃဿ အဓိဝတ္ထေဟိ ဓမ္မသေနာပတိအာဒီဟိ ဝိနယဓရေဟိ ဝိနယဂရုကေဟိသီလသမာဓိပညာဝန္တေဟိ မဟာနာယကတ္ထေရေဟိ ဗုဒ္ဓေန ပညတ္တာသိက္ခာပဒတော အညော သံဃသန္တကဿ ရက္ခဏတ္ထာယ ဣဿရတ္ထာယစ ဝိသုံ ပညတ္တော ထပိတော ဥပဒေသောနာမ နတ္ထိ။ ဣဒါနိ မရမ္မရဋ္ဌိဿရေဟိ ရာဇူဟိ သံဃသန္တကဿ ဣဿရတ္ထာယ ထပိတော ဥပဒေသောပိ နတ္ထိ။

စေတိယသန္တကဥ္စ သံဃသန္တကဥ္စ ပန သံဃော, ဂဏော, ဘိက္ခုစ ဝိနယ ပါဋိ,အဋ္ဌကထာ,ဋီကာသု အာဂတနယေန ရက္ခိတ္ဝာ ဂေါပေတ္ဝာ သိက္ခံ ပရိပူရေန္တော ဝသတီတိ။

ဝိသေသတော ပန ဝိဟာရဒါယကော ဥပါသကော ဝိဟာရံ ကာရာပေတ္ဝာ တံ သံဃဿ နိယျာတေတ္ဝာ တံ ပန အမ္ဟာကံ ပုညံ အဝိနာသနတ္ထံ အာယသ္မာ တိဿောဘိက္ခု ရက္ခိတ္ဝာ ဝသတူတိ ဝဒတိ၊ သော၀ တဿ ရက္ခိတုံ သာမိကောတိ၊ န အညေ ဘိက္ခူ။ ကသ္မာ၊ ဒါယကာနံ ဝစနာနုရူပမေဝ ဒါနဿ ပဝတ္တနတော။ ဝုတ္တဉ္ဉေတံ အဋ္ဌကထာယံ—"ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗ"န္တိ။သော ပန တံ သံဃိကဝိဟာရံ သိဿာနံ ရက္ခဏတ္ထာယ နိယျာနိတုံ လဘတိ။ ကသ္မာ၊ ဒါယကေန ရက္ခဏတ္ထာယ နိယျာနိတတ္တာ။

၇။ **သံဃဂဏဗန္ဓနံ ပန သဘာဂဘိက္ခူ။ သံဃဿ အနုမတိယာ ပါဋိနယာနုရူပံ ဓမ္မံ ကထိကဝတ္တာသန်ါတံ ဥပဒေသံ ကတ္ဝာ ဗန္ဓန္တီတိ။—**

၇။ မရမ္မရဋ္ဌေ ပန ဘိက္ခုသံဃံ အဓိဝတ္ထာ ဓမ္မသေနာပတိအာဒယော မဟာနာယကတ္ထေရာ ဝိနယပါဋိယံ အာဂတနယတော အညံ ဥပဒေသံနာမ

ဝိသုံ ဥဒ္ဓရိတ္ဘာ အဘိဘဝေါနာမ နတ္ထိ၊ ဗုဒ္ဓေန ပန ပညတ္တံ သိက္ခာပဒံ သမာဒါယ သမ္မာရက္ခိတ္ဘာ သံဂေါပေတ္ဘာ စတုပါရိသုဒ္ဓိသီလံ ပူရေတ္ဘာ ဂန္ထဓုရဥ္စ ဝိပဿနာဓုရဥ္စ ဘာဝေတ္ဘာ ရာဇူဟိ ဥဒ္ဓရိတေဟိ ဥပဒေသေဟိ ဝိရုဒ္ဓကမ္မဥ္စ ဘိက္ခူနံ အသာရုပ္ပကမ္မဥ္စ အကတ္ဘာ ဝိနယဓမ္မေန သမံ ပဋိပဇ္ဇိတ္ဘာ ဓမ္မာနုဓမ္မ ပဋိပတ္တိဥ္စ သမ္မာပဇ္ဇိတ္ဘာ ဘက္ခုသဃော သမ္မာ ဝသိတ္ဝါတ အာဏာဝစန ဥဒ္ဓရိတ္ဘာ အဘိဘဝန္တီတိ ဒဋ္ဌဗ္ဗာ။

သီဟဠဒီပရဇ္ဇေ ဝသန္တာယ ကော်မိတိယာ ပဋ္ဌပုဆ္ဆာယ
ဝိဿဇ္ဇနာ နိဋ္ဌိတာ။

အရိယာဝါသ ဆယ်ပါး ဝိနိစ္ဆယ

အရိယာဝါသဆယ်ပါးဝိနိစ္ဆယ

ကမ္ဘာလောကကြီးနှိုက် အရိယာပုဂ္ဂိုလ်တို့ကို "ဤသူသည် အရိယာပုဂ္ဂိုလ်ဟူ၍ သိမြင်နိုင်ခဲ၏" ဟု ပြောဆိုကြကုန်၏၊ သို့သော် ပြဆိုလတံ့သော အရိယာပုဂ္ဂိုလ်တို့၏ နေခြင်း အရိယာဝါသ အင်္ဂါ (၁၀) ပါးကို အနုမာနဉာဏ်ဖြင့် ထောက်ဆ၍ ပညာမျက်စိဖြင့် နှိုင်းချိန်ကြည့်ရှုပါလျှင် "ဤသူသည် အရိယာ ဤသူသည် အရိယာမဟုတ်" ဟု မုချ သိမြင်နိုင်၏ဟု မှတ်အပ်၏။

အရိယာဝါသ ၁၀ ပါးကို ပြခြင်း

၁။ **ပဉ္စင်္ဂဝိပ္ပဟီနော**—ကာမစ္ဆန္ဒ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာ ဟုဆိုအပ်သော ငါးပါးသော တရားတို့ကို ပယ်ပြီး၍ နေခြင်း။

၂။ **ဆဠင်္ဂသမန္နာဂတော**—တပ်နှစ်သက်ဖွယ်ရှိသော ရူပါရုံကို မြင်ခြင်း၊ သဒ္ဒါရုံကို ကြားခြင်း၊ ဂန္ဓာရုံကို နံခြင်း၊ ရသာရုံကို လျက်ခြင်း၊ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခြင်း၊ ဓမ္မာရုံကို သိခြင်းတို့နှိုက် သာယာနှစ်သက်ခြင်း မရှိ၊ နှလုံး မသာမယာခြင်းလည်း မဖြစ်၊ လျစ်လျူရှု၍သာ နေခြင်းနှင့် ပြည့်စုံခြင်း။

၃။ ကောရက္ခော—ကာယကံမှု,ဝစီကံမှု,မနောကံမှုကို မလွန်ကြူးအောင် စောင့်ရှောက်တတ်သော သတိနှင့်ယှဉ်သော စိတ်နှင့် ပြည့်စုံစွာ နေခြင်း။

၄။ စတုရာပဿေနော—ပညာဖြင့်ဆင်ခြင်၍ ဆွမ်းစသောပစ္စည်း(၄)ပါးတို့ကို မှီဝဲခြင်း၊ ပညာဖြင့် ဆင်ခြင်၍ အချမ်း,အပူ အစရှိသည်တို့ကို သည်းခံခြင်း၊ပညာဖြင့်ဆင်ခြင်၍ ကြမ်းတန်းသော ဆင်,မြင်းစသည်တို့ကို ကြဉ်ရှောင်ခြင်း၊ ပယ်ဖျောက်သင့်သော ကာမဝိတက်စသော တရားတို့ကို ပယ်ဖျောက်ခြင်း၊ ဤမှီရာတရား(၄)ပါးတို့နှင့် ပြည့်စုံစွာ နေခြင်း။

၅။ ပနုဏ္ဏပစ္စေကသစ္စော—ငါ၏ ဉာဏ်အမြင်သည်သာလျှင် မှန်၏၊ ငါ၏ အယူသည်သာလျှင် မှန်၏ဟူ၍ အသီး ယူတတ်သော ဒိဋ္ဌိသစ္စာကို ပယ်၍နေခြင်း။

၆။ သမ ဝယ သဒ္ဒေသနော—ကာမဘဝ,ကာမဂုဏ်ကိုရှာမှီးခြင်းတည်းဟူသော ကာမေသနကို ပယ်၍နေခြင်း၊ ဘဝကို ရှာမှီးခြင်း တည်းဟူသော ဘဝေသနကို ပယ်၍နေခြင်း၊ မြတ်သောအကျင့်ကို ရှာမှီခြင်းမှ ငြိမ်းပြီးသည်ဖြစ်၍ ချမ်းသာစွာနေခြင်း။

၇။ အနာဝိလသင်္ကပ္ပေါ—ကာမသင်္ကပ္ပ, ဗျာပါဒသင်္ကပ္ပ, ဝိဟိံသသင်္ကပ္ပတို့ကို ပယ်၍နေခြင်း။

၈။ ပဿဒ္ဓကာယသင်္ခါရော—သုခ, ဒုက္ခကို ပယ်ခြင်းကြောင့် ရှေးရှေးနှိမ်ပင်လျှင် သောမနဿ, ဒေါမနဿ တို့၏ ချုပ်ခြင်းကြောင့် ဥပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ စင်ကြယ်ခြင်း ရှိသော စတုတ္ထဈာန်ကို ပြည့်စုံစေ၍၊ ဝါ-ဝင်စား၍ နေခြင်း။

၉။ သုဝိမုတ္တစိတ္တော—ရာဂ,ဒေါသ,မောဟမှ စိတ်သည် လွတ်၍နေခြင်း။

၁၀။ သုဝိမုတ္တပညော—ငါ့သည် ရာဂ,ဒေါသ,မောဟကို ပယ်အပ်ပြီ၊အမြစ်ကို ဖြတ်အပ်ပြီ၊ ထန်းပင်ငုတ်ကဲ့သို့ ပြုအပ်ပြီ၊ တဖန် မဖြစ်ခြင်းကို ပြုအပ်ပြီ၊ နောင်အခါနှိုက် တဖန် မဖြစ်သော သဘောရှိ၏ဟု သိ၍ နေခြင်း။

ဤဆယ်ပါးသောတရားနှင့်ပြည့်စုံစွာ သောတာပန်စသော အရိယာပုဂ္ဂိုလ်တို့သည် အမြဲနေ၏ဟူ၍မှတ်အပ်၏။ ဤဆယ်ပါးသော အရိယာဝါသတရားနှင့် ပြည့်စုံသည် မပြည့်စုံသည်ကိုထောက်ဆ၍ အရိယာပုဂ္ဂိုလ် ဟုတ်သည် မဟုတ်သည်ကို ကျမ်းဂန်မြင်သိ ပညာရှိသည် သိသင့် သိထိုက်၏ သိလေ သိရမည်။

ဒသ အရိယာဝါသာ ဇရာဝုသော ဘိက္ခု၊ ပဉ္စင်္ဂပ္ပဟီနော ဟောတိ၊ ဆဠင်္ဂသမန္နာဂတော၊ ကောရက္ခော၊ စတုရာပဿေနော၊ ပနုဏ္ဏော ပစ္စေကသစ္စော၊ သမဝယသဒ္ဒေသနော၊ အနာဝိလသင်္ကပ္ပေါ၊ ပဿဒ္ဓကာယသင်္ခါရော၊ သုဝိမုတ္တစိတ္တော၊ သုဝိမုတ္တပညော။ — သုတ်ပါဌေယျပါဠိတော် ဒသုတ္တရသုတ်

အနက် အရိယာဝါသာ၊အရိယာပုဂ္ဂိုလ်တို့၏ နေခြင်းတို့သည်။ဒသ၊ဆယ်ပါးတို့တည်း။ အာဝုသော၊ ငါ့ရှင်။ ဇာမ၊ ဤမြတ်စွာဘုရား သာသနာတော်နှိုက်။ ဘိက္ခု၊ရဟန်းသည်။ ပဉ္စင်္ဂပ္ပဟီနော၊ငါးပါးသော အင်္ဂါကို ပယ်သည်။ ဟောတိ၊ ဖြစ်၏။ ဆဠင်္ဂသမန္နာဂတော၊ ခြောက်ပါးသော အင်္ဂါနှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ကောရက္ခော၊ စောင့်ရှောက်တတ်သော တခုသော သတိနှင့်ယှဉ်သော စိတ်ရှိသည်။ ဟောတိ၏။ စတုရာပဿေနော၊ လေးပါးသော မှီရာ တရားရှိသည်။ ဟောတိ၊ဖြစ်၏။ ပနုဏ္ဏော ပစ္စေကသစ္စော၊ ပယ်နုတ်အပ်ပြီးသော အသီး ယူတတ်သော ဒိဋ္ဌိသစ္စာရှိသည်။ ဟောတိ၊ ဖြစ်၏။ သမဝယသဒ္ဒေသနော၊ကောင်းစွာမယုတ် ပယ်စွန့်အပ်ပြီးသော ကာမကို ရှာမှီးခြင်း, ဘဝကိုရှာမှီးခြင်းရှိသည်။ဟောတိ၊ဖြစ်၏။အနာဝိလသင်္ကပ္ပေါ၊ ကာမသင်္ကပ္ပ, ဗျာပါဒသင်္ကပ္ပ, ဝိဟိံသသင်္ကပ္ပကို ပယ်သည်။ ဟောတိ၊ဖြစ်၏။ ပဿဒ္ဓကာယသင်္ခါရော၊ငြိမ်းပြီးသော ကာယသင်္ခါရရှိသည်။ဟောတိ၊ဖြစ်၏။ သုဝိမုတ္တစိတ္တော၊ရာဂ, ဒေါသ, မောဟမှ ကောင်းစွာလွတ်ပြီးသောစိတ်ရှိသည်။ ဟောတိ၊ဖြစ်၏။ သုဝိမုတ္တပညော၊ရာဂ, ဒေါသ, မောဟမှ ကောင်းစွာလွတ်ပြီဟူ၍ သိသောပညာရှိသည်။ ဟောတိ၊ဖြစ်၏။ ဣတိ၊ဤသို့။ ဒသ၊ဆယ်ပါးတို့တည်း။

အရိယာဝါသဆယ်ပါး ဝိနိစ္ဆယ ပြီးပြီ။

သောကာသွင် အဘိယာစကာ

၁၉၅၂–ခု၊ ဩဂုတ်လ (၆) ရက်။

ခြေတော်ဦးခိုက် လျောက်ပါသည် ဘုရား။....။

မိလိန္ဒပဉ္ဟာနှင့် နေတို့,ပေဋကောပဒေသပါဠိတော်များသည် မြတ်စွာဘုရား ဟောတော်မူခဲ့သည့် ပါဠိတော်များ မဟုတ်သည့်အပြင်၊ ထိုပါဠိတော်များနှင့် စပ်လျဉ်း၍ တစုံတရာ ဗျာဒိတ် ရှိတော်မမူဘဲလျက် အဘယ်ကြောင့် ခုဒ္ဒကနိကာယ်တွင် သံဂါယနာတင် ကျမ်းစာများအဖြစ် သွတ်သွင်းထားပါသနည်း ဟူသောမေးခွန်းကို ဆဋ္ဌသံဂါယနာတင် ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းလျက်ရှိကြသော တပည့်တော်များအပေါ်အား မကြာခဏ မေးမြန်းခြင်း ခံရပါသည်ဘုရား....။

ထိုမေးခွန်းနှင့် စပ်လျဉ်း၍ တိတိကျကျ ပြန်လည် ဖြေဆိုနိုင်ရန် တပည့်တော်များအား မှတ်သားဖွယ်ရာဝိသဇ္ဇနာတရပ်ကို စုံစုံလင်လင် ချီးမြှင့်တော်မူပါမည့်အကြောင်း ရိုသေစွာ ရှိခိုး လျောက်ထားပါသည် ဆရာတော်ဘုရား ... ။

ထိုပြင် ၎င်းမိလိန္ဒပဉ္ဟာနှင့် နေတို့,ပေဋကောပဒေသ ပါဠိတော်များသည် ကုသိုလ်တော် ကျောက်စာများတွင် ရေးထွင်းပြီး ရှိ, မရှိ ကိုလည်း အမိန့်ရှိတော်မူပါဘုရား....။

အောင်သန်း

အုပ်ချုပ်ရေးအရာရှိ

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့

သာသနာ့ရိပ်သာ–ရန်ကုန်မြို့။

မိလိန္ဒပဉ္ဟာ သင်္ဂီတိ ဝိသဇ္ဇနာ

ဗုဒ္ဓေါ၊ ဓမ္မော၊ သံဃော ပါတု။—ဒဋ္ဌဃကာရ ဗန္ဓဂါထာ

ဗုဒ္ဓေါ၊သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည်ဌင်း။ ဓမ္မော၊သုဂတိ နိဗ္ဗာန်သို့ ရောက်အောင် ဆောင်တတ် တရားမြတ်သည်ဌင်း။ သံဃော၊ကိလေသာကို ကုန်အောင် သတ်တတ် သံဃာတော်မြတ်သည်ဌင်း။ မံ၊ငါ့ကို။ ပါတု၊ အန္တရာယ်မရောက် ကျမ်းပြီးမြောက်အောင် စောင့်ရှောက်ပါစေသတည်း။

ဟောတု မေ ဇယမင်္ဂလံ။—ဒဋ္ဌဃကာရ ဗန္ဓဂါထာ

မေ၊ ငါ့အား။ ဇယမင်္ဂလံ၊ နှောက်ရှက်ရန်ကင်း အောင်မြင်ခြင်း မင်္ဂလာသည်။ ဟောတု၊စင်စစ်မသွေ ဖြစ်ပါစေသတည်း။

ရန်ကုန်မြို့ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ မေးလျှောက်သော ပုစ္ဆာ၏ ဝိသဇ္ဇနာကို အကျဉ်းအားဖြင့် ရှေးဦးစွာ အောက်ပါအတိုင်း မှတ်ယူအပ်ပေ၏။

ရှေးဦးစွာ မိလိန္ဒပဉ္ဟာ သင်္ဂီတိကို ပြခြင်း

မိလိန္ဒပဉ္ဟာ ပါဠိတော်ကို သာသနာတော်နှစ် (၄၅၀) လေးရာ့ငါးဆယ် ရှိသောအခါ သီဟိုဠ်ကျွန်းနှိုက် မင်း(၁၈)ဆက်မြောက် ဝဋ္ဋဂါမဏိမင်းကို အမှီပြု၍ ရဟန္တာ မဟာထေရ်မြတ်တို့သည် မလယဇနပုဒ် အာလောကလိုဏ်နှိုက် ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် ပါဠိတော်မြတ်တို့ကို အဋ္ဌကထာနှင့်တကွ ပေါတ္ထကာရုဠ္ဟ တင်ပြီးသည့်နောက် သာသနာတော်နှစ်(၅၀၀)ငါးရာရှိသောအခါ အရှင်နာဂသေန ရဟန္တာထေရ်မြတ်သည် မြတ်စွာဘုရား ဗျာဒိတ်တော်ထားတော်မူခဲ့သည်အတိုင်း 'ယောနကတိုင်းခေါ် ယိုးဒယားပြည် သာဂလမြို့'နှိုက် မိလိန္ဒမင်းအား ဟောတော်မူသောကြောင့် စတုတ္ထ,ပေါတ္ထကာရုဠ္ဟနှိုက် မပါဝင်နိုင်၊ ပဌမ,ဒုတိယ,တတိယသံဂါယနာတို့နှိုက် ဆိုဖွယ်မရှိ၊ မပါဝင်ဟူ၍ မုချ မှတ်ယူအပ်၏။

ထိုမိလိန္ဒပဉှာ ပါဠိတော်သည် သံဂါယနာ (၄) တန်တင်ရာန္ဟိုက် မပါဝင်သော်လည်း အရှင်နာဂသေန မဟာထေရ်မြတ် မိလိန္ဒပဉှာကို ဟောသော အခါ ကာလန္ဟိုက် "ရဟန္တာကုဋ္ဌေ(၁၀၀၀)တထောင်" ရှိသည်ဖြစ်၍ ထိုရဟန္တာ မဟာထေရ်မြတ်တို့သည် တစုံတခုသော အချက်န္ဟိုက် တားမြစ်ခြင်းမရှိ အနုံမောဒနာပြုကြသည်ဖြစ်၍ ပမာဏမြောက်သော ကျမ်းဖြစ်၏။ ၎င်းမိလိန္ဒပဉှာပါဠိတော်သည် ဘုရားဟောတော်မူရင်း နိကာယ်ပါဠိတော်ငါးရပ်မှ သာဓကပါဠိတော်များကို ထုတ်ဆောင်ပြီးလျှင် ဣတိဝုတ်ပါဠိတော်, မဟာနိဒ္ဒေသပါဠိတော်, ပဋိသမ္ဘိဒါမဂ်ပါဠိတော် စသည်တို့ကဲ့သို့ ဘုရားဟောပါဠိတော်များနှင့် တစုံတခု အဓိပ္ပါယ် ဆန့်ကျင်ကဲလွဲခြင်းလည်း မရှိချေ။ ထိုကြောင့် ဗုဒ္ဓမတညှ အရှင်မဟာဗုဒ္ဓဃောသ အစရှိသော အဋ္ဌကထာ, ဋီကာဆရာတို့သည် ယင်းမိလိန္ဒပဉှာပါဠိတော်ကို သာဓကပြု၍ ဖွင့်ပြတော်မူကြကုန်၏။ ထိုကြောင့် ဤမိလိန္ဒပဉှာပါဠိတော်ကျမ်းကို မြတ်စွာဘုရား သာသနာတော်န္ဟိုက် ပမာဏမြောက်သော ကျမ်းဟူ၍ မုချ မှတ်ယူအပ်၏။

ဒိဋ္ဌိန္တပဒုဒ္ဒါ ပါဠိတော်ကို ဟောလေ့ဟု ဗျာဒိတ် ထားတော်မူခြင်းကို ပြခြင်း

မြတ်စွာဘုရားသည် "ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသည်မှ တဆယ့်ရှစ်နှစ်အလွန်ရှိသော အနှစ်နှစ်ရာတို့၏အထက်န္ဟိုက် မောဂ္ဂလိပုတ္တတိဿအမည်ရှိသောထေရ်သည် ကထာဝတ္ထုကို ဝေဖန်၍ ဟောလတံ့" ဟု ဗျာဒိတ်စကား ညွှန်ကြားအပ်သကဲ့သို့၊ ထိုအတူသာလျှင် ထိုနာဂသေနထေရ်, မိလိန္ဒမင်းတို့ကိုလည်း ဗျာဒိတ်စကား ညွှန်ကြားတော်မူအပ်ကုန်၏။ "ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသည်မှ အနှစ်(၅၀၀)ငါးရာ လွန်သော အခါန္ဟိုက် နာဂသေနထေရ်,မိလိန္ဒမင်းတို့သည် ငါဘုရားသည် သိမ်မွေ့နူးညံ့သည်ကိုပြု၍ အကြင်သုတ်,အဘိဓမ္မာ,ဝိနည်းကို ဟောအပ်၏၊ ထို သုတ်,အဘိဓမ္မာ,ဝိနည်းကို မေးခြင်း ဖြေခြင်း ဥပမာတို့နှင့် ယှဉ်သည်၏အစွမ်းဖြင့် အရှုပ်အထွေးမရှိသည်ကိုပြု၍ ဝေဖန်ကြကုန်လတံ့" ဟု ဗျာဒိတ်စကား ညွှန်ကြားတော်မူအပ်၏။ ထိုကြောင့် မိလိန္ဒပဉှာပါဠိတော်န္ဟိုက်—

အထအမှာကံ့ ဘဂဝတာ ယထာ မောဂ္ဂလိပုတ္တတိဿတ္ထေရော ဒိဿတိ၊ ဝေမေဝ တေဝိ ဒိဿန္တိ၊ မမ ပရိနိဗ္ဗာနတော ပဋ္ဌဝဿသတေ အတိက္ကန္တေ ဇေတေ ဥပ္ပဇ္ဇိဿန္တိ၊ ယံ မယာ သုခုမံ ကတ္တာ ဒေသိတံ ဓမ္မဝိနယံ တံ ပဥ္ဟာပုစ္ဆနံ သြပမ္မယုတ္တိဝသေန နိဇ္ဇံ နိဂုမ္ဗံ ကတ္တာ ဝိဘဇိဿန္တိ နိဒ္ဒိဋ္ဌာ။—ဟု ပြတော်မူ၏။

အနက် အထ၊ထိုအခါ၌ဂ်။ အမှာကံ၊ငါတို့၏။ ဘဂဝတာ၊မြတ်စွာဘုရားသည်။မောဂ္ဂလိပုတ္တတိဿတ္ထေရော၊မောဂ္ဂလိပုတ္တတိဿထေရ်ကို။ ဒိဿတိယထာ၊ ဗျာဒိတ်စကား ညွှန်ကြားအပ်သကဲ့သို့။ ဝေမေဝ၊ ဤအတူသာလျှင်။ကေပိ၊ထိုအရှင်နာဂသေန, မိလိန္ဒမင်းတို့ကိုလည်း။ဒိဿန္တိ၊ဗျာဒိတ်စကား ညွှန်ကြားတော်မူအပ်ကုန်၏။ မမ၊ ငါဘုရား၏။ ပရိနိဗ္ဗာနတော၊ ပရိနိဗ္ဗာန် စံလွန်တော်မူသည်မှ။ ပဋ္ဌဝဿသတေ၊ အနှစ် ၎ါးရာသည်။ အတိက္ကန္တေ၊ လွန်သည်ရှိသော်။ ဝါ၊ လွန်သောအခါ၌ဂ်။ ဇေတေ၊ ထိုအရှင်နာဂသေန,မိလိန္ဒမင်းတို့သည်။ဥပ္ပဇ္ဇိဿန္တိ၊ဖြစ်ပေါ်ကုန်လတ့ံ။ မယာ၊ငါဘုရားသည်။ သုခုမံ၊သိမ်မွေ့သည်ကို။ ကတ္တာ၊ပြု၍။ ယံဓမ္မဝိနယံ၊အကြင် သုတ်, အဘိဓမ္မာ,ဝိနည်းကို။ ဒေသိတံ၊ဟောတော်မူအပ်၏။ တံဓမ္မဝိနယံ၊ထိုသုတ်, အဘိဓမ္မာ,ဝိနည်းကို။ ပဥ္ဟာပုစ္ဆနံ၊မေးခြင်း,ဖြေခြင်းကို။ သြပမ္မယုတ္တိဝသေန၊ခိုင်းနှိုင်းစရာ ဥပမာတို့နှင့် ယှဉ်သည်၏အစွမ်းဖြင့်။ နိဇ္ဇံ၊အရှုပ်အထွေး မရှိသည်ကို။ နိဂုမ္ဗံ၊ခြုံမရှိသည်ကို။ကတ္တာ၊ပြု၍။ဝိဘဇိဿန္တိ၊ဝေဖန်ကြကုန်လတ့ံ။ ဣတိ၊ဤသို့။ နိဒ္ဒိဋ္ဌာ၊ဗျာဒိတ်စကား ညွှန်ကြားတော်မူအပ်ကုန်၏။

မှတ်ချက်—ဤဗျာဒိတ်စကား ညွှန်ကြားခဲ့သောအကြောင်းအရာကို မိလိန္ဒပဉ္ဟာ ပါဠိတော်နှိုက် အရှင်နာဂသေန ရဟန္တာ မဟာထေရ်မြတ်သည် ကိုယ်တိုင်မူလည်း ဟောတော်မူခဲ့ရာ၏။ သို့မဟုတ် နောက်မှ မဟာထေရ်မြတ်တို့ ထည့်ထားသည်ဟူ၍လည်း ဆိုရာ၏။ထိုသို့ ဆိုစေကာမူ ထိုမိလိန္ဒပဉ္ဟာကို ဟောပြီးသောအခါ ရဟန်းကုဋေတသိန်းရှိ၏၊ဆဋ္ဌာဘိည ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ကုဋေ(၁၀၀၀)တထောင် ရှိ၏ဟု ဆိုလေသည်။ ထိုမဟာထေရ်မြတ်တို့သည် အဘိညာဉ်ဉာဏ်ဖြင့် သိမြင်နိုင်သော မဟာထေရ်များဖြစ်၍ အလေးအမြတ် ပြုထိုက်သော ကြောင့် ယုံကြည်အပ်သော စကားဟူ၍ မုချ မှတ်ယူအပ်၏။

သေးငယ်ရာ ဘင်ဆေးခြင်း

အထက်ဖေါ်ပြရာပါ အကြောင်းအရာတို့ကို ဂမ္ဘီရ, ဝိမံသန, တုလနဉာဏ် ဖြင့် ဆင်ခြင်တော်မူကြပြီးလျှင် မန္တလေး သေလက္ခရ ပဥ္စမသံဂါယနာတင် "ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မ ရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ ဒက္ခိဏာရာမဘုရားကြီး ဆရာတော်အမှူးရှိကုန်သော ဆရာတော်ကြီးတို့သည် မိလိန္ဒပဉှာ ပါဠိတော်ကို အဂ္ဂသာဝက, မဟာသာဝက ဘာသိတဖြစ်သော ပဋိသမ္ဘိဒါမဂ္ဂ မဟာနိဒ္ဒေသ စသောပါဠိတော်တို့ကဲ့သို့ သေလက္ခရာန္ဒိုက် တင် ထားတော်မူကြကုန်၏။ကျောက်ချပ်ရေ(၆)ချပ်ရှိ၏။ ထိုကြောင့် မိလိန္ဒပဉှာ ပါဠိတော်သည် မြတ်စွာဘုရား ဗျာဒိတ်စကား ညွှန်ကြားပြီး ကျမ်းဖြစ်၍ သာသနာတော်နှိုက် ပမာဏမြောက်သော ကျမ်းဖြစ်သောကြောင့် ဆဋ္ဌသံဂါ ယနာနှိုက် ထည့်သွင်း၍ သံဂါယနာ တင်ထိုက်၏ဟု မုချ မှတ်ယူအပ်၏။

မိလိန္ဒပဉှာ သင်္ဂီတိ ဝိသဇ္ဇနာ ပြီးပြီ။

နေတ္တိ,ပေဋကောပဒေသ သင်္ဂီတိ ဝိနိစ္ဆယ

ဒုနဲ့ဘွဲ့,ပေဋကောပဒေသ သင်္ဂီတိကို သဒ္ဓေါပဖြခြင်း

(က) တေဒဂို ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သံမိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ ဝိဘဇန္တာနံ ယဒိဒံ မဟာ ကစ္စာနော—။

ဟူသော ကေနိပါတ် အင်္ဂုတ္တရပါဠိတော်နှင့်အညီ အကျဉ်းအားဖြင့် ဟော တော်မူအပ်သော တရား၏ အနက်,အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဝေဖန် ကုန်သော မဟာသာဝကတို့တွင် အမြတ်ဆုံးဟု တေဒဂ် ထားတော်မူသော ဆဋ္ဌဘိည, ပဋိသမ္ဘိဒါပတ္တ, မဟာသာဝကရဟန္တာ မဟာကစ္စည်းထေရ်မြတ် သည် နေတ္တိပါဠိတော်, ပေဋကောပဒေသ ပါဠိတော်ကို ဟောတော်မူ၏။

ထိုပါဠိတော်များကို မြတ်စွာဘုရားသည်လည်း "သာဓု....သာဓု"ဟု အနုမောဒနာ ပြုတော်မူအပ်၏။ အရှင် မဟာကဿပ အမှူးရှိကုန်သော ပဉ္စမသံဂါယနာတင် ရဟန္တာမဟာထေရ်မြတ် ငါးရာတို့သည်လည်း မူလ ပဌမသံဂါယနာနှိုက် တင်အပ်ကုန်၏ဟု မှတ်အပ်၏။ ထိုကြောင့် နေတ္တိပါဠိတော် အဆုံး နဂုံးနှုက—

(၁) တ္တောဝတာ သမတ္တာ နေတ္တိယာ အာယသ္မတာ မဟာကစ္စာယနေန ဘာသိတာ ဘဂဝတာ အနုမောဒိတာ မူလသင်္ဂီတိယံ သင်္ဂီတာတိ။—ဟူ၍ ဟောတော်မူ၏။

အနက် တ္တောဝတာ၊ဤ ယံလောကော ပူဇယတေ အစရှိသော သဒ္ဒါအစဉ် အနက်အစဉ်ဖြင့်။ အာယသ္မတာ၊သက်တော်ရှည်သော။ မဟာကစ္စာယနေန၊ မဟာကစ္စည်းထေရ်သည်။ ယာနေတ္တိ၊ အကြင် ပိဋကတ်သုံးပုံ၏အနက်ကို ဖွင့်ရာဖွင့်ကြောင်းဖြစ်သော နေတ္တိကျမ်းကို။ ဘာသိတာ၊ ဟောအပ်၏။ ဘဂဝတာစ၊ မြတ်စွာဘုရားသည်လည်း။ သာနေတ္တိ၊ ထိုနေတ္တိကျမ်းကို။အနုမောဒိတာ၊သာဓု,သာဓု,သာဓုဟု အနုမောဒနာ ပြုတော်မူအပ်၏။ ဝါ၊ဝမ်းမြောက်တော်မူအပ်၏။ မူလသင်္ဂီတိယံ၊မူလပဌမသံဂါယနာနှိုက်။ သင်္ဂါယန္တေဟိ၊ သံဂါယနာတင်ကုန်သော။ ထေရာသဘေဟိ၊ အရှင်မဟာကဿပအစရှိကုန်သော ရဟန္တာမဟာထေရ်မြတ်တို့သည်။ယာနေတ္တိ၊အကြင်နေတ္တိကျမ်းကို။သင်္ဂီတာ၊သံဂါယနာတင်ပြီ။သာနေတ္တိ၊ထို နေတ္တိကျမ်းသည်။ သမတ္တာ၊ပြီးပြီ။

နေတ္တိဝိဘာဝနီကျမ်းနှိုက်လည်း—

(၇) အာယသ္မတာ မဟာကစ္စာယနေန ယာ နေတ္တိ ဘာသိတာ၊ ဘဂဝတာစ သာ နေတ္တိ အနုမောဒိတာ။ မူလသင်္ဂီတိယံ သင်္ဂါယန္တေဟိ ထေရာသဘေဟိ ယာ နေတ္တိ သင်္ဂီတာ၊ သာ နေတ္တိ ယံလောကော ပူဇယတေ။လ။နိယုတ္တံ သာသန ပဋ္ဌာနန္တိ တ္တောဝတာ ဝစနက္ကမေန သမတ္တာ ပရိပုဏ္ဏာဝ ဟောတိ။—ဟူ၍ အနက်ယောဇနာခြင်းကို ပြတော်မူ၏။

မှတ်ချက်—မူလ ပဌမ သံဂါယနာနှိုက် တင်သည်ကို ပြသဖြင့် ၎င်းကျမ်းတို့ကို ဒုတိယ, တတိယ, စတုတ္ထပေါတ္ထကာရုဠ္ဍတို့နှိုက်လည်း သံဂါယနာတင်အပ်၏ ဟူ၍ အဝုတ္တသိဒ္ဓိနည်းအားဖြင့် သိအပ်၏။ ထိုအတူ မန္တလေး ပဉ္စမ သေလက္ခရာရုဠ္ဍနှိုက်လည်း တိပိဋကဓရ ဆရာတော်ကြီးတို့သည် ၎င်းကျမ်းတို့ကို သေလက္ခရာနှိုက် တင်ထားကြကုန်၏၊ နေတ္တိပါဠိတော် ကျောက်ချပ်ရေ(၈)ချပ် ရှိ၏၊ ပေဋကောပဒေသပါဠိတော် ကျောက်ချပ်ရေ(၉)ချပ် ရှိ၏။

ထိုကြောင့် နေတ္တိပါဠိတော်, ပေဋကောပဒေသပါဠိတော်တို့ကို ဘုရားအနုမောဒနာ ပြုအပ်ပြီးသောကျမ်း, သံဂါယနာ ငါးကြိမ် တင်အပ်ပြီးသော ကျမ်းဟူ၍ မုချ မှတ်ယူအပ်၏၊ မိစ္ဆာဉာဏ်ဖြင့် ဘုရား အနုမောဒနာ မပြုအပ်သောကျမ်း, သံဂါယနာတင်ကျမ်း မဟုတ်ဟူ၍ မမှတ်ယူအပ်။

နေတ္တိပါဠိ, ပေဋကောပဒေသ သင်္ကိတိခေါ်ဝေါ်နာကို ပြခြင်း

မိလိန္ဒပဉ္ဉာနှင့် နေတ္တိ, ပေဋကောပဒေသ ပါဠိတော်များသည် မြတ်စွာဘုရားဟောကြားတော်မူအပ်သော ပါဠိတော်များ မဟုတ်သည်ပြင်၊ ထိုပါဠိတော်များနှင့် စပ်လျဉ်း၍ တစုံတရာ ဗျာဒိတ်ရှိတော်မမူခဲ့ပါဘဲလျက် အဘယ်ကြောင့် ခုဒ္ဒကနိကာယ်တွင် သံဂါယနာတင်ကျမ်းအဖြစ်ဖြင့် ထည့်သွင်း၍ထားပါသနည်းဟူသော မေးခွန်းပုစ္ဆာသည်—

ပဌမ, ဒုတိယ, တတိယ, စတုတ္ထပေါတ္ထကာရုဠ္ဍသံဂါယနာတင် ရဟန္တာမဟာထေရ်မြတ်တို့ကိုဂုဏ်း၊ ဂန္ဆန္တရ ဗဟုဿုတ, တိက္ခ, ဇဝန, ဂမ္ဘီရ, ပဋိဘာန်တဖြစ်သော ပဉ္စမ သေလက္ခရာရုဠ္ဍ သံဂါယနာတင် ဆရာတော်ကြီးတို့ကိုဂုဏ်း ကဲ့ရဲ့စဉ်စဲ့ရာ ရောက်၏ဟု မှတ်ယူသင့်၏။ အဘယ်ကြောင့်ဆိုသော် ထိုမေးခွန်းပုစ္ဆာရှင် ပုဂ္ဂိုလ်သည်—

(က) ခုဒ္ဒကပါဌ မမ္မပဒ ဥဒါန ဇာတိဝတ္ထုက သုတ္တနိပါတ ဝိမာန ဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ ထေရီဂါထာ ဇာတက နိဒ္ဒေသ အပဒါန ဇုဒ္ဓဝံသ စရိယာဝိဒူကဝသေန ပန္နရသပွဘေဒေါ ခုဒ္ဒကနိကာယောတိ။—

ဟူသော ပါရာဇိကဏ် အဋ္ဌကထာ, အဋ္ဌသာလိနီ အဋ္ဌကထာ စသည်တို့နှိုက် ခုဒ္ဒကနိကာယ် ပါဠိတော်သရုပ် (၁၅) တဆယ့်ငါးကျမ်းကို ပြရာနှိုက် နေတ္တိ,ပေဋကောပဒေသ ပါဠိတော်ကို သရုပ်ထုတ်ပြခြင်း မပါသည်ကို အစဲ့ပြု၍ နေတ္တိ,ပေဋကောပဒေသ ပါဠိတော်များသည် သံဂါယနာတင်ကျမ်း မဟုတ်ဟု မိမိ၏ ပုထုဇဉ် ဉာဏ်အမြင်ဖြင့် ယူဆဟန်ရှိ၏ဟု သိသင့် သိထိုက်သောကြောင့်တည်း။

အဋ္ဌကထာဆရာ၏ အာဘော်ကို ဖွင့်ပြခြင်း

အဋ္ဌကထာဆရာသည် ခုဒ္ဒကနိကာယ်ကျမ်း သရုပ်(၁၅)တဆယ့်ငါးကျမ်းကို ပြရာနှိုက် နိဒ္ဒေသကျမ်းကို သာမညနိဒ္ဒေသနည်း နိဒဿနနည်း ဥပလက္ခဏာနည်းအားဖြင့် သာမညနိဒ္ဒေသဟု ပြတော်မူ၏။ ထိုသို့ သာမညအားဖြင့် နိဒ္ဒေသဟု ပြတော်မူသော်လည်း နိဒ္ဒေသဟူသောပုဒ်၏အရ ကျမ်း၏သရုပ်ကို မဟာနိဒ္ဒေသပါဠိတော်, စူဠနိဒ္ဒေသပါဠိတော်တို့ကို ဝိသေသအားဖြင့် ယူအပ်၏။ သည်သာမဟုတ်သေး၊ နေတ္တိပါဠိတော်, ပေဋကောပဒေသပါဠိတော်တို့သည်လည်း ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် ပါဠိတော်များ၏အဖွင့် အကျယ် နိဒ္ဒေသဖြစ်သောကြောင့် ထိုနေတ္တိပါဠိတော်, ပေဋကောပဒေသ ပါဠိတော်တို့ကိုလည်း ခုဒ္ဒကနိကာယ် နိဒ္ဒေသနှိုက် သွင်းချယူအပ်၏။ ထိုကြောင့် ယင်းနေတ္တိ, ပေဋကောပဒေသ ပါဠိတော်များသည် ခုဒ္ဒကနိကာယ် အဝင်အပါ သံဂါယနာ (၅)တန်တင်ပြီးကျမ်းဟု မုချ မှတ်ယူအပ်၏။

နေတ္တိပါဠိတော် နိဒ္ဒေသမည်ခြင်း၏ဆင်ကြောင်းကို ပြခြင်း

နေတ္တိအဋ္ဌကထာနှိုက်—

(က) သံဓိတ္တံ ဝိဘင်္ဂနှာနံ၊ ဓေသော အင်္ဂေါတိ တာဒိနာ။
ဌပိတော ဇေတဒဂ္ဂသ္မိံ၊ ယော မဟာသာဝကုတ္တမော။
ဆဠာဘိညော ဝသိပ္ပတ္တော၊ ပဘိန္နပဋိသမ္ဘိဒေါ။
မဟာကစ္စာယနော ထေရော၊ သမ္မုဒ္ဓေန ပသံသိတော။
တေန ယာ ဘာသိတာ နေတ္တိ၊ သတ္ထာရာ အနုမောဒိတာ။
သာသနဿ သဒါ ယတ္တာ၊ နဝင်္ဂဿတ္ထဝဏ္ဏနာ။—ဟူ၍ဂုဏ်း။

(ခ) သာသနပရိယေဒ္ဓိတိ သာသနဿ အတ္ထပရိယေသနာ။ ပရိယတ္တိသာသနဿ အတ္ထဝဏ္ဏနာတိ အတ္ထော။—ဟ္ဂ၍ဌင်း။

(ဂ) သာသနပရိယေဒ္ဓိ ဘာဝတောတိ သကလံ နေတ္တိပ္ပကရဏံ၊ သိက္ခတ္တယသင်္ဂဟိတဿ နဝင်္ဂဿ သတ္ထုသာသနဿ အတ္ထဝဏ္ဏနာ ဘာဝတော။—ဟ္ဂ၍ဌင်း၊

အလုံးစုံသော နေတ္တိကျမ်းသည် အဓိသီလ,အဓိစိတ္တ,အဓိပညာ ဟုဆိုအပ်သော သိက္ခာတို့၏ သုံးပါးတို့၏အပေါင်းဖြင့် ရေတွက်အပ်သော ကိုးပါးသော အင်္ဂါရှိသော မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်၏ အနက်,အဓိပ္ပါယ်ကို ဖွင့်ရာဖွင့်ကြောင်းဖြစ်သောကျမ်းဟု ပြတော်မူသောကြောင့် နေတ္တိပဒိဋ္ဌတော်ကို နိဒ္ဒေသကျမ်းနှိုက် အဝင်အပါဟု မုချ မှတ်ယူအပ်၏။

အနက် (က) တာဒိနာ၊တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သံခိတ္တံ၊ အကျဉ်းအားဖြင့် ဟောတော်မူအပ်သောတရားကို။ ဝိဘဇန္တာနံ၊အကျယ် ဝေဖန်ကုန်သော တပည့်သာဝကတို့ထက်။ သေဌော၊ဤမဟာကစ္စည်းထေရ်ကို။ အဂ္ဂေါတိ၊အမြတ်ဟူ၍။ တေဒဂ္ဂသို့၊ တေဒဂ်အရာနှိုက်။ ဌပိတော၊ ထားတော်မူအပ်ထသော။ မဟာသာဝကတ္တမော၊မဟာသာဝကတို့ထက် မြတ်ထသော။ ဆဠာဘိညော၊ခြောက်ပါးသော အဘိညာဉ်ရှိထသော။ ဝသီပတ္တော၊ အာဝဇ္ဇန စသော ငါးပါးသော ဝသီဘော်သို့ ရောက်ပြီးထသော။ ပဘိန္နပဋိသမ္ဘိဒေါ၊ ပြားသော လေးပါးပဋိသမ္ဘိဒါရှိထသော။ သမ္မုဒ္ဒေန၊မြတ်စွာဘုရားသည်။ ပသံသိတော၊ "ပဏ္ဍိတော ဘိက္ခဝေ မဟာကစ္စာယနော မဟာပညော ဘိက္ခဝေ မဟာကစ္စာယနော" အစရှိသည်ဖြင့် ချီးမွမ်းအပ်ထသော။ မဟာကစ္စာယနော၊ မဟာကစ္စည်းအမည်ရှိသော။ ယောထေရော၊အကြင် မဟာထေရ်မြတ်သည်။အတ္ထိ၊ ရှိ၏။ တေန မဟာကစ္စာယနတ္ထေရေန၊ ထို မဟာကစ္စည်း ထေရ်မြတ်သည်။ သတ္ထာရာ၊မြတ်စွာဘုရားသည်။ အနုမောဒိတော၊ဝမ်းမြောက်တော်မူထသော။ ဝါ၊ကောင်းစွ....ကောင်းစွဟု သာဓုအနုမောဒနာ ပြုအပ်ထသော။ နဝင်္ဂဿ၊ ကိုးပါးသော အင်္ဂါရှိသော။ သာသနဿ၊ပရိယတ္တိသာသနာတော်၏။ သဒါယတ္တာ၊အခါခပ်သိမ်း စပ်ထသော။အတ္ထဝဏ္ဏနာ၊အနက်ကို ဖွင့်ရာဖွင့်ကြောင်းဖြစ်သော။ ယာနေတ္တိ၊အကြင်နေတ္တိကျမ်းကို။ဘာသိတာ၊ဟောအပ်၏။

(ခ) သာသနပရိယေဋ္ဌိတိ၊ ကား။ သာသနံဃ၊ ပရိယတ္တိသာသနာ တော်၏။ အတ္ထပရိယေသနာ၊အနက်ကို ရှာရာ ရှာကြောင်းဖြစ်သော။ပရိယတ္တိ သာသနဃ၊ပရိယတ္တိသာသနာတော်၏။ အတ္ထဝဏ္ဏနာ၊ အနက်ကို ဖွင့်ရာ ဖွင့် ကြောင်းဖြစ်သော။ ဣတိအယံ၊ကား။ အတ္ထော၊တည်း။

(ဂ) သာသနပရိယေဋ္ဌိ ဘာဝတော်၊ဟူသည်ကား။ သကလံ၊အလုံး စုံသော။ နေတ္တိပ္ပကရဏံ၊နေတ္တိကျမ်းသည်။ သိက္ခတ္တယ သင်္ဂီတသာ၊သိက္ခာ သုံးပါး၏ အပေါင်းဖြင့် ရေတွက်အပ်သော။ နဝင်္ဂံဃ၊ ကိုးပါးသော အင်္ဂါ ရှိသော။ သတ္ထုသာသနဃ၊ မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ပရိယတ္တိသာသနာတော်၏။ အတ္ထဝဏ္ဏနံဘာဝတော၊ အနက်ကို ဖွင့်ရာ ဖွင့် ကြောင်း၏ အဖြစ်ကြောင့်။

ပေဋကောပဒေသပါဠိတော်၏ နိဒ္ဒေသမည်ခြင်း အကြောင်းကို ပြခြင်း

ဌင်းပါဠိတော်နိုက် "သေသုတ္တနိဒ္ဒေသော၊အယံ သုတ္တနိဒ္ဒေသော ပကိဏ္ဏက နိဒ္ဒေသော" ဟူ၍ ပြသောကြောင့်ဌင်း၊ "ပိဋကဿ အတ္ထံ ဉပဒိဿတိ ပကာသတိ ဇောတေနာတိ ပေဋကောပဒေသော။ ပိဋကဿ အတ္ထော ဉပဒိဿတိ တောယာတိ ဝါ ပေဋကောပဒေသော" ဟူသော ဝစနတ္ထနှင့်အညီ ပေဋကော ပဒေသပါဠိတော်သည် ပိဋကတ်သုံးပုံ၏ အဖွင့်ဖြစ်သောကြောင့်ဌင်း နိဒ္ဒေသ မည်၏ဟု မှတ်အပ်၏။ ထိုကြောင့် ယင်းပါဠိတော်ကို ခုဒ္ဒကနိကာယ် အဝင် အပါ နိဒ္ဒေသကျမ်းဟု မုချ မှတ်အပ်၏။

မှတ်ချက်—ပေဋကောပဒေသပါဠိတော်ကို ယင်းပါဠိတော်၏ နိဂမနစကား ရပ်တို့နိုက်—"ဣတိ ဃေရဿ မဟာကစ္စာယနဿ ဇမ္ဗုဝနဝါသိနော ပေဋကောပဒေသေ တတိယဘူမိ သုတ္တာဓိဋ္ဌာနံနာမ" ဟူ၍ဌင်း၊ "ပေဋကောပဒေသေ မဟာကစ္စာယနဿ ဃေရဿ သုတ္တဝေဘင်္ဂိဿ ဒဿနံ သမတ္တံ" ဟူ၍ဌင်း၊ "ဃေရဿ မဟာကစ္စာယနဿ ပေဋကော ပဒေသေ ဟာရဿ သမ္ပါတဘူမိ သမတ္တာ" ဟူ၍ဌင်း ပြတော်မူသော ကြောင့် မြတ်စွာဘုရား လက်ထက်တော်နိုက် ဇောဒက်ရ ပဋိသမ္ဘိဒါ

ပတ္တ, ဆဋ္ဌာဘိညာ, ဝသီပတ္တ, ခီဏာသဝ ရဟန္တာ အရှင်မဟာကစ္စည်း ထေရ်သည် ဟောအပ်၏။ မြတ်စွာဘုရားသည်လည်း အနုမောဒနာ ပြုတော်မူအပ်၏။ သံဂါယနာလေးတန်ခိုက်လည်း တင်အပ်၏ဟု မုချ မှတ်ယူအပ်၏။

ပါဠိတော်ဘဒ်နည်းအားဖြင့် ဘနုမောဒနာပြုခြင်းကို ပြခြင်း

(က) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သံဓိတ္တေန ဘာသိတသ္မ ဝိတ္ထာရေန အတ္ထံ ဝိဘဇန္တာနံ ယဒိဒံ မဟာကစ္စာနော။—အင်္ဂုတ္တရ ပါဠိတော်

(ခ) အယံခေါ အာယသ္မာ မဟာကစ္စာယနော သတ္ထုစေဝဏ္ဏိတော သမ္မာဝိတောစ ဝိညူနံ သဗြဟ္မစာရီနံ ပဟောတိ စာယသ္မာ မဟာကစ္စာယနော ဇုမသ္မ ဘဂဝတော သံဓိတ္တေန ဥဒ္ဒေသသ္မ ဥဒ္ဒိဋ္ဌသ္မ ဝိတ္ထာရေန အတ္ထံ အဝိဘတ္တသ္မ ဝိတ္ထာရေန အတ္ထံ ဝိဘဇိတုံ။—

(ဂ) ပဏ္ဍိတော ဘိက္ခဝေ မဟာကစ္စာယနော မဟာပညော ဘိက္ခဝေ မဟာကစ္စာယနော။ မံ စေဝိ တုမ္ဟေ ဘိက္ခဝေ ဧတရဟိ မတ္ထံ ပဋိပုစ္ဆေယျာထ အဟံဝိ တံ ဧဝမေဝ ဗျာကရေယျံ။ ယထာ တံ မဟာကစ္စာယနေန ဗျာကတံ၊ ဧသောစေဝေ တသ္မ အတ္ထော ဧဝမေဝစ မာရေထာတိ။—မူလပဏ္ဏာသ မဓုပိဏ္ဍိကသုတ် ပါဠိတော်

အနက် (က) ဘိက္ခဝေ၊ ရဟန်းတို့။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်သာဝကဖြစ်ကုန်သော။ သံဓိတ္တေန၊ အကျဉ်းအားဖြင့်။ ဘာသိတသ္မ၊ဟောအပ်သောတရား၏။ အတ္ထံ၊အနက်ကို။ ဝိတ္ထာရေန၊အကျယ်အားဖြင့်။ ဝိဘဇန္တာနံ၊ ဝေဖန်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ယဒိဒံ ယောအယံမဟာကစ္စာနော၊ အကြင် မဟာကစ္စည်းထေရ်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ ဧသော မဟာကစ္စာနော၊ ဤ မဟာကစ္စည်းထေရ်သည်။ အဂ္ဂံ အဂ္ဂေါ၊ အမြတ်ဆုံးတည်း။

(ခ) အာယသ္မာ၊ ရာဟုလော သက်တော်ရှိသော။ အယံ မဟာကစ္စာ
ယနော၊ ဤမဟာကစ္စည်းထေရ်ကို။ သတ္ထုစေဝ၊ မြတ်စွာဘုရားသည်လည်း။
ဝဏ္ဏိတော၊ ချီးမွမ်းတော်မူအပ်၏။ ဝိညူနံ၊ပညာရှိကုန်သော။ သဗြဟ္မစာရီနံ၊
သီတင်းသုံးဘော်တို့သည်။ သမ္ဘာဝိတောစ၊ ချီးမွမ်းလည်း ချီးမွမ်းအပ်၏။
အာယသ္မာ မဟာကစ္စာယနော၊အရှင် မဟာကစ္စည်းထေရ်သည်။ ဘဂဝတော၊
မြတ်စွာဘုရား၏။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဥဒ္ဒေသဿ၊ ပြအပ်သော။
ဥဒ္ဒိဋ္ဌဿ၊အကျဉ်းပြအပ်သော။ ဝိတ္ထာရေန၊အကျယ်အားဖြင့်။ အတ္ထံ၊အနက်
ကို။ အဝိဘတ္တဿ၊ မဝေဖန်အပ်သော။ ဣမဿ ဓမ္မဿ၊ ဤတရားတော်၏။
အတ္ထံ၊အနက်ကို။ ဝိတ္ထာရေန၊ဖြင့်။ ဝိဘဇိတုံ၊ဝေဖန်ခြင်းငှါ။ ပဟောတိစ၊စွမ်း
လည်း စွမ်းနိုင်၏။

(ဂ) ဘိက္ခဝေ၊တို့။ မဟာကစ္စာယနော၊သည်။ ပဏ္ဍိတော၊ပညာရှိ၏။
ဘိက္ခဝေ၊တို့။ မဟာကစ္စာယနော၊သည်။ မဟာပညော၊ကြီးမြတ်သော ပညာ
ရှိ၏။ ဘိက္ခဝေ၊တို့။ တုမ္ဟေ၊သင်တို့သည်။ မံ၊ငါဘုရားကို။ ဇေတမတ္ထံ၊ထိုအနက်
ကို။စေပိပဋိပုစ္ဆထ၊အကယ်၍ တဖန် မေးကုန်ငြားအံ့။အဟံပိ၊ငါဘုရား
သည်လည်း။ တံ အတ္ထံ၊ထိုအနက်ကို။ ဇေမေဝ၊ဤမဟာကစ္စာယန ဖြေကြား
သည်နှင့် အတူသာလျှင်။ ဗျာကရေယျံ၊ ဖြေကြားရာ၏။ ယထာ၊ အကြင်သို့
သော အခြင်းအရာအားဖြင့်။ တံ အတ္ထံ၊ ထိုအနက်ကို။ မဟာကစ္စာယနေန၊
မဟာကစ္စည်းထေရ်သည်။ ဗျာကတံ၊ ဖြေကြားအပ်၏။ ဇေဿ ဓမ္မဿ၊ ထို
တရား၏။ ဧသောစေဝအတ္ထော၊ဤအနက်ကိုသာလျှင်။ဇေမေဝစ၊ဤအတိုင်း
သာလျှင်။ ဓာရေထ၊ဆောင်ကြကုန်လော။ ဝါ-ဓာရေထ သလ္လက္ခေထ မှတ်
ကြကုန်လော။ ဣတိ၊ဤသို့။ ဘဂဝါ၊မြတ်စွာဘုရားသည်။ အဝေါစ၊မိန့်တော်
မူပြီ။

မှတ်ချက်—အထက်ပါ ပါဠိတော်များကို ထောက်ဆသဖြင့် အရှင်မဟာ
ကစ္စည်းထေရ် ဟောသော ကျမ်းများကို မြတ်စွာဘုရားသည်ဂုဏ်း
တပည့်သာဝကတို့သည်ဂုဏ်း ချီးမွမ်းအပ်၏၊အနုမောဒနာ ပြုအပ်၏၊
သံဂါယနာလည်း တင်အပ်၏ဟု မုချ မှတ်ယူအပ်၏။

နန္ဒာတွေ့, ပေဋကောပဒေသ အဋ္ဌကထာနည်းအားဖြင့် ဘုရား အနုမောဒနာပြုခြင်းကို ပြခြင်း

နေတ္တိအဋ္ဌကထာန္ဒိုက်—

ထွောဟ ဇုဒံ နေတ္တိပွကရဏံ မဟာသာဝကဘာသိတံ။ ဘဂဝတာ အနုမောဒိတန္တိစ ကထမေတံ ဝိညာယတိတိ။—ဟူ၍ စောဒနာကို ထုတ်ပြပြီးလျှင်—

ပါဠိတော်ဝယ နဟိ ပါဠိတော အညံ ပမာဏတရံ အတ္ထိ၊ ယာဟိ စတူဟိ မဟာပဒေသေဟိ အဝိရုဒ္ဓါ ပါဠိ၊ သာ ပမာဏံ၊ တထာဟိ အဂရုဟိတာယ အာစရိယပရမ္ပရာယ ပေဋကောပဒေသောဝိယ ဇုဒံ နေတ္တိပွကရဏံ အာဘတံ။—ဟူ၍ အဖြေ ဝိဿဇ္ဇနာကို ပြတော်မူ၏။

အနက် ထွေဋ္ဌာနေ၊ဤအရာဌာနန္ဒိုက်။ ဌတ္ဝာ၊တန့်ရပ်၍။ စောဒကော၊ စောဒကဆရာသည်။ ဇုဒံ နေတ္တိပွကရဏံ၊ ဤ နေတ္တိကျမ်းကို။ မဟာသာဝကဘာသိတံ၊မဟာသာဝကသည် ဟောအပ်၏။ဇုတိစ၊ဤသို့ဌင်း။ ဘဂဝတာ၊မြတ်စွာဘုရားသည်။ အနုမောဒိတံ၊သာဓု,သာမုဟု အနုံမောဒနာပြုအပ်၏။ ဇုတိစ၊ ဤသို့ဌင်း။ တေံကာရဏံ၊ ထိုအကြောင်းကို။ ကထံဝိညာယတိ၊အဘယ်သို့ သိအပ်ပါသနည်း။ ဇုတိ၊ဤသို့။ အာဟ၊ဆို၏။

မှတ်ချက်—ဤစောဒနာကို တိုက်ရိုက် မေးသော စောဒနာဟု မှတ်ယူအပ်၏။

ဝိဿဇ္ဇနာ— ပါဠိတော ဧဝ၊ ပါဠိတော်ဖြင့်သာလျှင်။ တေံကာရဏံ၊ ထိုအကြောင်းကို။ ဝိညာယတိ၊ သိအပ်၏။ ဟိသစ္စံ၊ မှန်၏။ ပါဠိတော၊ပါဠိတော်မှ။အညံ၊တပါးသော။ပမာဏတရံ၊အထူးသဖြင့် ပမာဏဖြစ်သောကျမ်းသည်။ နအတ္ထိ၊မရှိ။ ဟိတဒေဝသစ္စံ၊ ထိုစကားသည်သာလျှင် မှန်၏။ ယာပါဠိ၊ အကြင်ပါဠိသည်။ စတူဟိ၊ လေးပါးကုန်သော။ မဟာပဒေသေဟိ၊ မဟာပဒေသတို့နှင့်။ အဝိရုဒ္ဓါ၊ မဆန့်ကျင်။ သာပါဠိ၊ ထိုပါဠိသည်။ ပမာဏံ၊ ပမာဏသည်။ ဟောတိ၊ ဖြစ်၏။ တထာဟိ တတော ဧဝ၊ ထို မဟာ

ပဒေသလေးပါးတို့နှင့် မဆန့်ကျင်သည်ဖြစ်၍ ပမာဏမြောက်သောကြောင့် သာလျှင်။ အဂရဟိတာယ၊ မကဲ့ရဲ့အပ်သော။ အာစရိယပရမ္မရာယ၊ အရှင်မဟာကဿပ စသော ဆရာအဆက်ဆက်သည်။ ပေဋ္ဌကောပဒေသောဝိယ၊ ပေဋ္ဌကောပဒေသကျမ်းကဲ့သို့။ တနည်း— ပေဋ္ဌကောပဒေသော၊ ပေဋ္ဌကောပဒေသကျမ်းကို။ အာဘတောဝယ၊ဆောင်အပ်သကဲ့သို့။ ဣဒ နေတ္တိပဂ်ကရဏ၊ ဤနေတ္တိကျမ်းကို။ အာဘတံ၊ဆောင်အပ်၏။

ဥဒ်းအဋ္ဌကထာ၏ အဓိပ္ပါယ်အကျဉ်းကို ပြခြင်း

နေတ္တိကျမ်းကို မဟာသာဝက ဟောဟူ၍ဥဒ်း၊ မြတ်စွာဘုရား အနုမောဒနာပြုအပ်သော ကျမ်းဟူ၍ဥဒ်း အဘယ်သို့ သိအပ်ပါသနည်းဟု မေး၏။

အဖြေကား—ဤနေတ္တိကျမ်းကို မဟာသာဝက အရှင်မဟာကစ္စည်းထေရ်မြတ် ဟောအပ်သည်၏ အဖြစ်ကိုဥဒ်း၊ မြတ်စွာဘုရားသည် သာဓုအနုမောဒနာ ပြုအပ်သည်၏အဖြစ်ကိုဥဒ်း ပါဠိတော်အားဖြင့်သာလျှင်၊ ဝါ-ပါဠိတော်သို့ အစဉ်လိုက်သောအားဖြင့်သာလျှင် သိအပ်၏။ အဘယ်ကြောင့်နည်းဟူမူ ပါဠိတော်မှတပါးသော ပမာဏမြောက်သောကျမ်း မရှိသောကြောင့်တည်း။ နေတ္တိပါဠိတော်သည် ဘုရားဟောတော်မူအပ်သော မဟာပဒေသလေးပါးတို့နှင့် တစုံတရာ ဆန့်ကျင်ခြင်း မရှိသောကြောင့် ပမာဏမြောက်သောကျမ်းဖြစ်၏။ ထိုကြောင့် မကဲ့ရဲ့အပ်သော အရှင်မဟာကဿပ အစရှိသော ဆရာအဆက်ဆက်သည် ပေဋ္ဌကောပဒေသပါဠိတော်ကဲ့သို့၊ ဤ နေတ္တိပါဠိတော်ကျမ်းကို မဟာသာဝက အရှင်မဟာကစ္စည်းထေရ်မြတ် ဟောအပ်၏၊မြတ်စွာဘုရားသည်လည်း အနုမောဒနာ ပြုအပ်၏ဟု မုချ မှတ်ယူအပ်၏။

မှတ်ချက်—“ပေဋ္ဌကောပဒေသောဝိယ”ဟူသောပါဠိဖြင့် မဟာသာဝက အရှင်မဟာကစ္စည်းထေရ်မြတ်သည် ပေဋ္ဌကောပဒေသပါဠိတော်ကို ရှေးဦးစွာ ဟောအပ်သည်အဖြစ်ကိုဥဒ်း၊ မြတ်စွာဘုရားသည် သာဓု, သာဓုဟု အနုမောဒနာ ပြုအပ်သည်၏အဖြစ်ကိုဥဒ်း၊ သံဂါယနာလေးတန်တင်အပ်သည်၏ အဖြစ်ကိုဥဒ်း အဝုတ္တသိဒ္ဓိနည်း, နေယျတ္ထနည်းအားဖြင့် အဋ္ဌကထာဆရာ ပြု၏ဟူ၍ မုချ မှတ်ယူအပ်၏။

နိုကာနုညှဲးအားဖြင့် ငင်းကျမ်းကို ဘုရားအနုမောဒနာ ပြုခြင်းကို ပြခြင်း

တပါးသောအခါနိုက် ဇမ္မူသပြေပင်တောအုပ်နိုက် နေသော ဤမဟာသာဝက ခီဏာသဝ ကစ္စည်းမဟာထေရ်မြတ်သည် မိမိ၏ အနီးနေ ဖြစ်ကုန်သော ရဟန်းတို့အား (၁၆)တဆယ့်ခြောက်ပါးသော ဟာရ, ငါးပါးသော နည်းတို့ဖြင့် တန်းဆာဆင်အပ်သော ဤပေဋကောပဒေသကျမ်း,နေတ္တိကျမ်းကို ဟောတော်မူ၏။ ဟောပြီး၍ မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုး၍ တင့်အပ် လျောက်ပတ်သော အပြစ်ခြောက်ပါးကင်းသောအရပ်နိုက်နေသော အရှင်မဟာကစ္စည်းထေရ်မြတ်သည် မိမိ ဟောအပ်ပြီးသော ဤပေဋကောပဒေသ, နေတ္တိကျမ်းကို မြတ်စွာဘုရားအား လျောက်ကြား၏၊ မြတ်စွာဘုရားသည် ထိုလျောက်ထားသောကျမ်းကို ကြားနာတော်မူ၍ "ကစ္စာန၊ ကစ္စာန သာဓု သာဓု-ကောင်းစွ....ကောင်းစွ၊ သင်သည် ပိဋကတ်သုံးပုံ၏ အဖွင့်ဖြစ်သော ဤကျမ်းကို ဟောခြင်းသည် ကောင်းပေစွ....ကောင်းပေစွ"ဟု အနုမောဒနာပြုတော်မူ၍ "ကစ္စာယန-သင်သည် ပိဋကတ်သုံးပုံ၏အဖွင့်ဖြစ်သော ဤဓမ္မသံဝဏ္ဏနာကျမ်းကို ဓမ္မနေတ္တိကျမ်းဟူ၍ မှတ်လော....ဆောင်လောဟူ၍ အမည်ကိုလည်း ပြုတော်မူ၏"ဟု မှတ်အပ်၏။ ထိုကြောင့် နေတ္တိဋီကာဟောင်းနိုက်—

> အနုမောဒိတာတိ သာဓုသာဓု ကစ္စာန၊ သာဓုခေါ တုံ ကစ္စာန ဣမံ ဓမ္မသံဝဏ္ဏနံ အဘာသိတိ ဧဝံ အနုမောဒိတာ။ ကေသ္မိံ ကိရ သမယေ အယံ မဟာထေရော ဇမ္မုဝနသဏ္ဍေ ဝိဟရန္တော အတ္တနော သန္တိကာ ဝစရာနံ ဘိက္ခူနံ ဣမံဟာရနယပဋိမဏ္ဍိတံ ပကရဏံ အဘာသိ။ ဘာသိတ္ဝာစ ဘဂဝတော သန္တိကံ ဥပသင်္ကမိတ္ဝာ ဘဂဝန္တံ အဘိဝါဒေတ္ဝာ ကေမန္တံ နိသိန္နော ယထာဘာသိတံ ဣမံပကရဏံ ဘဂဝတော နိဝေဒေသိ။ တံ သုတ္ဝာ ဘဂဝါ သာဓုသာဓူတိ အာဒိနာ အနုမောဒိတ္ဝာ တသ္မာ တိဟ တုံ ကစ္စာန ဣမံဓမ္မသံဝဏ္ဏနံ ဓမ္မနေတ္တိတေဝ ဓာရေဟိတိ နာမဂ္ဂဟဏံ အကာသိတိ ဝဒန္တိ။—ဟူ၍ ဖွင့်ပြတော်မူ၏။

အနက် အနုမောဒိတာတိ၊ဟူသည်ကား။ ကစ္စာန၊ကစ္စာန။ သာဓုသာဓု၊ ကောင်းစ့....ကောင်းစ့။ ကစ္စာန၊ကစ္စာန။ တုံ၊သင်သည်။ ဣမံ ဓမ္မသံဝဏ္ဏနံ၊ ဤ ပိဋကတ်သုံးပုံ၏ အဖွင့်ဖြစ်သော နေတ္တိ,ပေဋကောပဒေသ ကျမ်းကို။ အဘာသိ၊ ဟောပြီ။ ဣတိအယံ၊ ဤသို့ ဟောခြင်းသည်။ သာဓု ခေါ သာဓုဝေ၊ကောင်းသည်သာလျှင်တည်း။ကေသို့၊ဘပါးသော။ သမယော၊ အခါနှိုက်။ ဇမ္မုဝနသဏ္ဍော၊ ဇမ္မု့သပြေပင် တောအုပ်နှိုက်။ ဝိဟရန္တော၊ သီတင်းသုံးနေသော။ အယံမဟာထေရော၊ဤကစ္စည်းမဟာထေရ်မြတ်သည်။ အတ္တနော၊မိမိ၏။သန္တိကာဝစရာနံ၊အနီးနှိုက် ကျင်လည်ကျက်စားကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဟာရနယပဋိမဏ္ဍိတံ၊ တဆယ့်ခြောက်ပါးသော ဟာရ, ၎ါးပါးသောနည်းတို့ဖြင့် တန်းဆာဆင်အပ်သော။ ဣမံပကရဏံ၊ဤ နေတ္တိ,ပေဋကောပဒေသကျမ်းကို။အဘာသိ၊ဟောပြီ။ဘာသိတ္ထာစ၊ဟောပြီး၍လည်း။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကံ၊ အထံတော်သို့။ ဥပသင်္ကမိတ္ထာ၊ချဉ်းကပ်ပြီး၍။ ဘဂဝန္တံ၊မြတ်စွာဘုရားကို။ အဘိဝါဒေတ္ထာ၊ရိုသေစွာ ရှိခိုးပြီး၍။ ဧကမန္တံ၊သင့်တင့်လျောက်ပတ်သော အရပ်နှိုက်။ နိသိန္နော၊နေပြီး သော။ မဟာကစ္စာနတ္ထေရော၊မဟာကစ္စည်းထေရ်မြတ်သည်။ ယထာဘာသိတံ၊ ဟောတိုင်းသော။ ဣမံပကရဏံ၊ ဤ နေတ္တိပေဋကောပဒေသကျမ်းကို။ ဘဂဝတော၊ မြတ်စွာဘုရားအား။ နိဝေဒေသိ၊ ကြားလျောက်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တံပကရဏံ၊ထိုကြားလျောက်သော ကျမ်းကို။ သုတ္ထာ၊ ကြားရ၍။ ဝါ၊ကြားသောကြောင့်။ကစ္စာန၊ကစ္စာန။သာဓု သာဓု၊ကောင်းစ့ ကောင်းစ့။ဣတိအာဒိနာ၊ဤသို့ အစရှိသည်ဖြင့်။အနုမောဒိတ္ထာ၊ဝမ်းမြောက် တော်မူ၍။ ကစ္စာန၊ ကစ္စာန။ တသ္မာ၊ ထိုကြောင့်။ (တိဟ အနက်မရှိ)။ တုံ၊ သင်သည်။ ဣမံ ဓမ္မသံဝဏ္ဏနံ၊ ဤပိဋကတ်သုံးပုံ တရားတော်၏အနက်ကို ဖွင့်ရာဖြစ်သော နေတ္တိ,ပေဋကောပဒေသကျမ်းကို။ ဓမ္မနေတ္တိတော၀ ဓမ္မနေတ္တိ ဝေ၊ ဓမ္မနေတ္တိ ဟူ၍သာလျှင်။ ဓာရေဟိ၊ ဆောင်လော။ ဝါ-ခါရေဟိ သလ္လက္ခေဟိ၊ မှတ်လေလော။ ဣတိ၊ဤသို့။ နာမဂ္ဂဟဏံ၊ အမည်ယူခြင်းကို။ ဝါ၊အမည်မှည့်ခြင်းကို။ အကာသိ၊ပြုတော်မူပြီ။

မှတ်ချက်–ဤဋီကာနှိုက်"အယံမဟာထေရော ဇမ္မုဝနသဏ္ဍော ဝိဟရန္တော" ဟူသောပါဠိဖြင့် "ဣတိ ထေရဿ မဟာကစ္စာယနဿ ဇမ္မုဝန

ဝါသိနော ပေဋ္ဌကောပဒေသေ တတိယဘူမိ သုတ္တာ ဓိဋ္ဌာနံ” ဟူသော ပေဋ္ဌကောပဒေသ ပါဠိတော်အရ ပေဋ္ဌကောပဒေသပါဠိတော်ကိုလည်း ထိုအတူ အနုမောဒနာ ပြုတော်မူသည်ကို ပြ၏ဟု မှတ်သင့်၏။

နေတ္တိပါဠိတော်နှင့် ပေဋကောပဒေသပါဠိတော်တို့ သံဂါယနာ ဘင်ကြောင်းကို ပြခြင်း

နေတ္တိပါဠိတော်နှိုက်—

ဘဂဝတာ အနုမောဒိတာ။ မူလသင်္ဂီတိယံ သင်္ဂီတာ။

ဟူ၍ ယင်းပါဠိတော်များကို မြတ်စွာဘုရားသည် သာဓု....သာဓု အနုမောဒနာပြုအပ်၏၊မူလ ပဌမသံဂါယနာနှိုက် သံဂါယနာတင်အပ်၏ဟု ဟော တော်မူသောကြောင့်၎င်း၊ အရှင် မဟာကစ္စည်း မဟာထေရ်မြတ်သည် ဟော အပ်သော မဓုပိဏ္ဍိကသုတ်ကို မူလပဏ္ဏာသပါဠိတော်နှိုက် သံဂါယနာတင်အပ် သကဲ့သို့၎င်း၊ ၎င်းထေရ်မြတ်သည် အာရာမဒဏ္ဍပုဏ္ဏားအား ဟောအပ်သော သုတ်,ကန္ဒရာယနပုဏ္ဏားအား ဟောအပ်သောသုတ်တို့ကို ဒုကနိပါတ် အင်္ဂုတ္တရ ပါဠိတော်နှိုက် သံဂါယနာတင်အပ်သကဲ့သို့၎င်း နေတ္တိပေဋ္ဌကောပဒေသပါဠိတော်များကိုလည်း သံဂါယနာတင်အပ်၏ဟု သိသင့် သိထိုက်သောကြောင့်၎င်း ဤနေတ္တိ,ပေဋ္ဌကောပဒေသပါဠိတော်ကို ခုဒ္ဒကနိကာယ်(၁၅)ကျမ်းတို့တွင် နိဒ္ဒေသကျမ်းနှိုက် ထည့်သွင်း၍ ယူအပ်သောကြောင့်၎င်း သံဂါယနာ ငါးကြိမ် တင်အပ်ပြီးသောကျမ်းဟူ၍ မုချ မှတ်ယူအပ်၏။

တကြောင်းအားဖြင့်လည်း သီဟဠဒီပသာသနာပြု ခီဏာသဝ ဆဠာဘိညပဋိသမ္ဘိဒါပတ္တ အရှင် မဟာမဟိန္ဒမဟာထေရ်မြတ်သည် တတိယ သံဂါယနာတင်ပြီးနောက် သာသနာတော်နှစ်(၂၃၆) ရှိသောအခါနှိုက် ပဌမ, ဒုတိယ, တတိယ သံဂါယနာတင်ပြီးသော ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ပါဠိတော် အစုံတို့ကို ပကိဏ္ဏကဒေသနာတော် ဟုဆိုအပ်သော မဟာအဋ္ဌကထာနှင့်တကွ နှုတ်တော်ဖြင့် သီဟိုဠ်ကျွန်းသို့ ယူဆောင်တော်မူ၏၊ ထိုသို့ ယူဆောင်တော်မူရာတွင် နေတ္တိပါဠိတော်, ပေဋ္ဌကောပဒေသပါဠိတော်သည်လည်း ပါဝင်၏ဟု မှတ်ယူအပ်၏။

ထိုသို့ ပါဝင်သောကြောင့်သာလျှင် သာသနာတော်နှစ် (၄၅၀) ရှိသော အခါ သီဟိုဠ်ကျွန်း ရဟန္တာမဟာထေရ်မြတ် (၅၀၀)တို့သည် အဋ္ဌကထာ ကျမ်းများနှင့်တကွ ပိဋကတ်သုံးပုံပါဠိတော်တို့ကို ပေါတ္ထကာရုဠ္ဍ တင်ရာန္ဒိုက်လည်း ပါဝင်၏ဟု မှတ်အပ်၏။ ထိုသို့ ပေါတ္ထကာရုဠ္ဍ ပါဝင်သောကြောင့်သာလျှင် ယင်းပါဠိတော်များသည် သီဟိုဠ်ကျွန်းနှိုက် နေ,လအသွင် ထင်ရှားလျက် ရှိ၏။ ထိုသို့ ထင်ရှားရှိသောကြောင့် အရှင်မဟာဗုဒ္ဓဃောသသည် သာသနာတော်နှစ် (၉၄၆) ခုနှစ်တွင် ပိဋကတ်တော်များကို ကူးယူပြီးသည့်နောက် သီဟိုဠ်ကျွန်းသား ဗဒရတိတ္ထကျောင်းနှိုက် သီတင်းသုံးတော်မူသော အရှင် ဓမ္မပါလထေရ်မြတ်သည် နေတ္တိပါဠိတော်၏ အဖွင့်ဖြစ်သော နေတ္တိအဋ္ဌကထာကို ရှေးဆရာမြတ်တို့၏ သံဝဏ္ဏနာကို အမှီပြု၍ ရေးသား၍ ထားတော်မူ၏၊ ၎င်းဋီကာကိုလည်း ရေးသားတော်မူ၏၊ ၎င်းပါဠိတော်, အဋ္ဌကထာ, ဋီကာတို့သည် ဆရာစဉ်ဆက် မပျက်သောအားဖြင့် သီဟိုဠ်ကျွန်းမှ မြန်မာပြည်သို့ ဆောင်ယူလာကြသဖြင့် ယခု သာသနာတော်နှစ် (၂၄၉၆) ခုနှစ်တိုင်အောင် ထင်ရှားလျက် ရှိပေ၏။

မှတ်ချက်—ထိုသို့ အထက်ဖော်ပြရာပါ အကြောင်းတို့ကြောင့် နေတ္တိပါဠိတော်,ပေဋ္ဌကောပဒေသပါဠိတော်များကို ပဌမ, ဒုတိယ, တတိယ, စတုတ္ထပေါတ္ထကာရုဠ္ဍ သံဂါယနာတို့နှိုက် တင်အပ်ပြီးကျမ်းများဟူ၍ မုချ မှတ်အပ်၏။

နေတ္တိအဋ္ဌကထာ နေတ္တိဋီကာကျမ်းလာစကားများကို မုချ မှတ်ယူသင့်သည်ကို ပြခြင်း

ဗုဒ္ဓမတည္ အရှင်ဓမ္မပါလ ဆရာမြတ်သည် နေတ္တိအဋ္ဌကထာ,ဋီကာကျမ်းများကိုသာ ရေးသားသည်မဟုတ်၊ ဣတိဝုတ္တအဋ္ဌကထာ, ဥဒါနအဋ္ဌကထာ, စရိယပိဋကအဋ္ဌကထာ, ထေရဂါထာအဋ္ဌကထာ, ထေရီဂါထာအဋ္ဌကထာ, ဝိမာနဝတ္ထုအဋ္ဌကထာ, ပေတဝတ္ထုအဋ္ဌကထာ, ဝိသုဒ္ဓိမဂ်မဟာဋီကာ, ဒီဃနိကာယ်ဋီကာ(၃)ကျမ်း,ပဏ္ဏာသဋီကာ(၃)ကျမ်း, သံယုတ်ဋီကာ(၃)ကျမ်း, ၎ငါးရာငါးဆယ်ဇာတ်ဋီကာ, ဗုဒ္ဓဝံသဋီကာ, အဘိဓမ္မာအနုဋီကာ, နေတ္တိအဋ္ဌ

ကထာ,နေတ္တိဋ္ဌကာနှင့်တကွ (၁၆)ကျမ်းတို့ကို ရေးသားတော်မူ၏။ ၎င်းကျမ်းများသည် နိကာယ်ငါးရပ် ပါဠိတော်များနှင့် မဆန့်ကျင် သက်ဝင်ညီညွတ်ခြင်း ရှိသည်ဖြစ်၍ ဗုဒ္ဓသာသနာတော်နှိုက် ပမာဏမြောက်သော ကျမ်းများပင် ဖြစ်၏။ သီဟိုဠ်ကျွန်း,မြန်မာပြည်ရှိ ဂန္ထဋ္ဌရ ဗဟုဿုတ ပညာဝန္တ တိပိဋကဓရ မဟာထေရ်မြတ်တို့သည်လည်း အလေးဂရုပြု၍ နှစ်သက် မြတ်နိုးလျက် ယုံကြည်ကြကုန်၏။ ထိုကြောင့် နေတ္တိ,ပေဋကောပဒေသပါဠိတော်ကို ဘုရားအနုမောဒနာ ပြုအပ်ကြောင်းကို ပြသောစကားများကို မုချ ယုံကြည်အပ်၏။

နိဂုဗ်း အနုသာသနိကို ပြခြင်း

ဂန္ထဋ္ဌရ ဗဟုဿုတ ပညာနည်းသော သူတို့သည် မိမိတို့၏ အနည်းငယ်မျှမကောင်းသော ကျမ်းဂန်ကို သင်ယူခြင်းတို့ဖြင့် ပါဠိတော်ကိုဂင်း အဋ္ဌကထာကိုဂင်း တားမြစ်တတ်ကြကုန်၏၊ ထိုသူတို့သည် များစွာသော တိုင်းသူပြည်သား လူအပေါင်း၏ အစီးအပွါး မရှိခြင်း ချမ်းသာမရှိခြင်းငှါ ကျင့်သည်မည်၏၊ နတ်,လူတို့၏ အကျိုးစီးပွါး မရှိခြင်း ဆင်းရဲခြင်းငှါလည်း ကျင့်သည်မည်၏၊ ထိုပါဠိတော်,အဋ္ဌကထာ,အနက်,အဓိပ္ပါယ်ကို တားမြစ်သော သူတို့သည် မကောင်းမှု အကုသိုလ်တရားတို့သည် လွန်စွာပွါးကုန်၏၊ ပရိယတ္တိသဒ္ဓမ္မ ပဋိပတ္တိသဒ္ဓမ္မ ပဋိဝေဓသဒ္ဓမ္မ ဟုဆိုအပ်သော သာသနာတော်ကိုလည်း ကွယ်စေကုန်၏။ ထိုကြောင့် ဗုဒ္ဓဘာသာဝင် သုတေသနပုဂ္ဂိုလ်တို့သည် မိမိတို့ယုံကြည်၍ ကြည့်ရှုမိသော အနည်းငယ်မျှသော ကျမ်းဂန်များကို အစဲပြု၍ မိစ္ဆာဝါဒအားဖြင့် သက်ဝင်ပြီးလျှင် မြတ်စွာဘုရားကိုဂင်း တရားတော်ကိုဂင်း ပါဠိတော်,အဋ္ဌကထာကိုဂင်း တားမြစ်စဲပယ်ခြင်း မဖြစ်ရအောင် ယောနိသောမနသိကာရဖြင့် သတိပြုကြစေလိုကြောင်း။ ထိုကြောင့် ဒုကနိပါတ် အင်္ဂုတ္တရပါဠိတော်နှိုက်—

ယေ တေ ဘိက္ခဝေ ဘိက္ခူ။ ဒုဂ္ဂဟိတေဟိ သုတ္တန္တေဟိ ဗျဉ္ဇနပဋိရူပကေဟိ အတ္ထဉ္စေ ဓမ္မဉ္စေ ပဋိဗာဟန္တိ၊ တေ ဘိက္ခဝေ ဘိက္ခူ။ ဗဟုဇနာဟိတာယ ပဋိပန္နော ဗဟုဇနာသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ၊ ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ။ အပုညံ ပသဝန္တိ၊ တေစိမံ သဒ္ဓမ္မံ အန္တရဓာပေန္တိ။—ဟု ဟောတော်မူ၏။

အနက် ဘိက္ခဝေ၊ရဟန်းတို့။ ယေ တေ ဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ ဒုဂ္ဂဟိတေဟိ၊မကောင်းသဖြင့် သင်ယူအပ်ကုန်သော။ သုတ္တန္တေဟိ၊ပါဠိတော်တို့ဖြင့်။ ဗျဉ္ဇနပဋိရူပကေဟိ၊သဒ္ဒါတူ,သဒ္ဒါရောင်တို့ဖြင့်။အတ္ထဉ္စ၊အနက်ကိုဂျင်း။ ဝါ၊အဋ္ဌကထာကိုဂျင်း။ ဓမ္မဉ္စ၊ပါဠိတော်ကိုဂျင်း။ ပဋိဗာဟာန်၊ တားမြစ်ကြကုန်၏။ ဘိက္ခဝေ၊ရဟန်းတို့။ တေဘိက္ခူ၊ထိုပါဠိ,အဋ္ဌကထာကို တားမြစ်ကုန်သော ရဟန်းတို့သည်။ ဗဟုနော ဇနဿ၊ များစွာသော လူအပေါင်း၏။ ဗဟုဇနဿဟိတာယ၊ များစွာသော လူအပေါင်း၏ အစီးအပွါးမရှိခြင်းငှါ။ ဗဟုဇနဿသုခါယ၊များစွာသော လူအပေါင်း၏ မချမ်းမသာခြင်းငှါ။ ပဋိပန္နာ၊ကျင့်သည် မည်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ဒေဝမနုဿာနံ၊ နတ်,လူတို့၏။ အနတ္ထာယ၊အကျိုးမရှိခြင်းငှါ။ အဟိတာယ၊အစီးအပွါး မရှိခြင်းငှါ။ ဒုက္ခာယ၊ဆင်းရဲခြင်းငှါ။ ပဋိပန္နာ၊ကျင့်သည်မည်ကုန်သည်။ဟောန္တိ၊ ဖြစ်ကုန်၏။ ဘိက္ခဝေ၊ရဟန်းတို့။ တေဘိက္ခူ၊ထိုရဟန်းတို့သည်။ ဗဟုဉ္စ၊များစွာလည်း။ အပုညံ၊ မကောင်းမှုကို။ ပသဝန္တိ၊ ပွါးစေကုန်၏။ တေစ ဘိက္ခူ၊ ထိုရဟန်းတို့သည်လည်း။ ဣမံ သဒ္ဓမ္မံ၊ ဤပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ ဟုဆိုအပ်သော သာသနာတော်ကို။ အန္တရဓာပေန္တိ၊ ကွယ်စေကုန်၏။

ဗုဒ္ဓဘာသိတဆိုးကို ပြခြင်း

ယခုအခါ ပဏ္ဍိုရူပကပုဂ္ဂိုလ်တို့သည် အတ္တနာဒုဂ္ဂဟိတအားဖြင့် မိလိန္ဒပဉ္ဉာနှင့် နေတ်တိ,ပေဋ္ဌကောပဒေသကျမ်းများသည် ဘုရားဟောမဟုတ်၊ ဘုရား အနုမောဒနာပြုခြင်း ဗျာဒိတ်စကား ကြားခြင်းလည်း မရှိ၊ သံဂါယနာတင်ကျမ်းမဟုတ်ဟု အကယ်၍ ဆိုကြကုန်ငြားအံ့....၊ထိုပုဂ္ဂိုလ်တို့၏ အတ္တနောမတိမျှသာတည်းဟူ၍ မှတ်အပ်၏။ ထို ပုဂ္ဂိုလ်တို့သည် အတ္တနောမတိမျှသာ မဟုတ်သေး၊—

(က) အထစ ပန တံ မောဃပုရိသ အတ္တနာ ဒုဂ္ဂဟိတေန အမ္မေ စေဝ အဿာစိက္ခသိ၊ အတ္တာနဉ္စ ခဏသိ၊ ဗဟုဉ္စ အပုညံ ပသဝသိ၊ တံ ဟိ တေ မောဃပုရိသ ဘဝိဿတိ၊ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယာတိ။—

ဟူသော မူလပဏ္ဏာသပါဠိတော်နှင့်အညီ မြတ်စွာဘုရားကို စုပ်စုံသည် မည်၏၊ ဟောရင်းဖြစ်သော မဟာသာဝကရဟန္တာ အရှင်မဟာကစ္စည်းမဟာထေရ်မြတ်ကိုဂုဏ်း၊ ရဟန္တာ အရှင်နာဂသေနထေရ်မြတ်ကိုဂုဏ်း သံဂါယနာတင် အရှင်မဟာကဿပ အစရှိကုန်သော ရဟန္တာမဟာထေရ်မြတ်တို့ကိုဂုဏ်း စုပ်စုံသည်လည်း မည်၏၊ မိမိတို့ကိုယ်ကိုလည်း တူးဖြိုဖျက်ဆီးသည် မည်၏၊ များစွာသော မကောင်းမှု အကုသိုလ်ကိုလည်း ပွါးစေသည် မည်၏၊ ရှည်မြင့်စွာသော နေ့,ည၌်ကာလပတ်လုံး ငရဲနိုက်ဖြစ်ရ၍ အစီးအပွါးမရှိခြင်း ဆင်းရဲခြင်းငှါ ဖြစ်လတံ့ဟု မုဒ္ဓ မှတ်ယူအပ်၏။

ဤမျှသာ မဟုတ်သေး၊ နေတို့,ပေဋ္ဌကောပဒေသပါဠိတော်သည် ပိဋကတ်သုံးပုံ ပါဠိတော်၏ အဖွင့်ဖြစ်သောကြောင့် ပိဋကတ်သုံးပုံ ပါဠိတော်များကိုလည်း တားမြစ်ရာ ရောက်၏၊ ထိုသို့ တားမြစ်ရာရောက်သည်ရှိသော် မြတ်စွာဘုရား၏ အာဏာစက်ကို ပုတ်ခတ်သည် မည်၏၊ သဗ္ဗညုတညာဏ်တော်ကို တားမြစ်သည် မည်၏၊ မြတ်စွာဘုရား၏ ဝေသာရဇ္ဇညာဏ်ကို နှစ်စေသည် မည်၏၊ ကြားနာလိုသော ပရိသတ်ကို ချုတ်ယှင်းစေသည် မည်၏၊ အရိယမဂ်နိုက် အပိတ်အပင်ကို ဖွဲ့သည်မည်၏၊ ထိုကြောင့် လွန်စွာ အပြစ်ကြီး၏ဟူ၍ မှတ်အပ်၏။ ထိုကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာနိုက်—

(ခ) အဘိဓမ္မံ ပဋိဗာဟေန္တော ဣမသ္မိံ ဇိနစက္ကေ ပဟာရံ ဒေတိ၊ သဗ္ဗညုတညာဏံ ပဋိဗာဟတိ၊ သတ္ထု ဝေသာရဇ္ဇညာဏံ ပဋိနိဝတ္တေတိ၊ သောတုကာမံ ပရိသံ ဝိသံဝါဒေတိ၊ အရိယမဂ္ဂေ အာဝရဏံ ဗန္ဓတိ၊ အဋ္ဌာရသသု ဘေဒကရဝတ္ထူသု ကေသ္မိံ သန္နိဿိတော၊ ဥက္ခေပနီယကမ္မ တဇ္ဇနီယကမ္မာရဟော ဟောတိ။ တံတံကမ္မံ ကတ္တာ ဥယျောဇေတဗ္ဗော၊ ဂဏ္ဌ ဝိဿာသဒေါ ဟုတ္တာ ဇိဝိဿတီတိ။—ဟူ၍ ပြတော်မူ၏။

အနက် (က) မောဃပုရိသ၊မင်္,ဖိုလ်မမှိုး အချည်းနှီးသောယောကျ်ား။ တံ့၊သင်သည်။ အထစပန၊ထိုသို့ ယူသည်ရှိသော်။ အတ္တနာ၊မိမိသည်။ ဒုဂ္ဂဟီတေန၊ မကောင်းသဖြင့် ယူအပ်သော အယူဖြင့်။ အဓမ္မစေဝ၊ ငါဘုရားကိုလည်း။ အဗ္ဘာစိက္ခသိ၊ စုပ်စုံ၏။ အတ္တာနဉ္စ၊ မိမိကိုယ်ကိုလည်း။

ခဏသိ၊ တူးဖြို ဖျက်ဆီး၏။ ဗဟုဠ္ဟ၊ များစွာလည်း။ အပုညံ၊ မကောင်းမှုကို။ ပသဝသိ၊ပွါးစေ၏။ ဟိသစ္ဆံ၊မှန်၏။ မောဃပုရိသ၊မင်္ဂ,ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား။ တေ၊သင်၏။ တံအဇ္ဈာစိကွဏံ၊ ထိုငါဘုရားကို စွပ်စွဲခြင်းသည်။ ဒီဃရတ္တံ၊ရှည်မြင့်စွာသော နေ့,ညဉ့်ပတ်လုံး။အဟိတာယ၊အစီးအပွါးမရှိခြင်းငှါ။ ဒုက္ခာယ၊ဆင်းရဲခြင်းငှါ။ ဘဝိဿတိ၊ဖြစ်လတ္တံ့။

(၁) အဘိဓမ္မံ၊အဘိဓမ္မာကို။ ပဋိဗာဟေန္တော၊တားမြစ်သောသူသည်။ ဣမသ္မိံ ဇိနစက္ကေ၊ ဤဘုရားသာသနာတော်နှိုက်။ ပဟာရံ၊ ပုတ်ခတ်ခြင်းကို။ ဒေတိ၊ ပေး၏။ သဗ္ဗညုတညာဏံ၊ သဗ္ဗညုတညာဏ်တော်ကို။ ပဋိဗာဟတိ၊ တားမြစ်၏။ သတ္ထုဝေသာရဇ္ဇညာဏံ၊ မြတ်စွာဘုရား၏ ဝေသာရဇ္ဇညာဏ်တော်ကို။ ပဋိနိဝတ္တေတိ၊ ဆုတ်နစ်စေ၏။ သောတုကာမံ၊ တရားနာခြင်းငှါ အလိုရှိသော။ပရိသံ၊ပရိသတ်ကို။ ဝိသံဝါဒေတိ၊ခွဲတ်ယွင်းစေ၏။အရိယမဂ္ဂေ၊အရိယမဂ်နှိုက်။ အာဝရဏံ၊ ပိတ်ပင်ခြင်းကို။ ဗန္ဓတိ၊ ဖွဲ့သည်မည်၏။ အဋ္ဌာရသဿု၊ တဆယ့်ရှစ်ပါးကုန်သော။ဘေဒကရဝတ္ထူသု၊ဘေဒကရဝတ္ထုတို့တွင်။ ကေသို၊ တခုသော ဘေဒကရဝတ္ထုနှိုက်။ သန္ဒိဿတိ၊ထင်၏။ ဥက္ခေပနီယကမ္မတဇ္ဇနီယကမ္မာရဟော၊ နှင်ထုတ်အပ်သော ဥက္ခေပနီယကံ, ခြိမ်းခြောက်အပ်သော တဇ္ဇနီယကံကို ပြုခြင်းငှါထိုက်သည်။ ဟောတိ၊ဖြစ်၏။ တံတံကမ္မံ၊ထိုထိုကံကို။ ကတ္တာ၊ပြု၍။ ဂစ္ဆာ၊သွားလော့။ ဝိဿာသာဒေါ၊စားကြွင်းစားသည်။ ဟုတ္တာ၊ဖြစ်၍။ ဇီဝိဿတိ၊ အသက်မွေးရလတ္တံ့။ ဣတိ၊သို့။ ဝတ္တာ၊ဆို၍။ ဥယျောဇေတဗ္ဗော၊လွှတ်လိုက်အပ်၏။

ပါဠိတော်သင့် အနုသာသနိကို ပြခြင်း

ပိဋကတ်သုံးပုံ ပါဠိတော်,အဋ္ဌကထာ,ဋီကာတို့နှိုက် ဗဟုဿုတ ပညာ မရှိကုန်သော သူတို့သည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်ကို အက္ခရာ,ပုဒ်,ဝါကျ ယုတ်၏ဟူ၍ငင်း၊ သံသရာဝဋ်မှ ထွက်မြောက်ကြောင်းတရား မဟုတ်ဟူ၍ငင်း၊ ဝါ-ယုတ်သော အက္ခရာ,ပုဒ်,ဝါကျရှိ၏ဟူ၍ငင်း၊ ဘုရားဟော မဟုတ်ဟူ၍ငင်း ကဲ့ရဲ့ကုန်လျက် လှည့်လည်ကြကုန်၏။ ထိုဒုမေဓ လူ့ဗာလတို့သည် အပူပြင်းပြ ကြမ်းတမ်းစွာသော ရောရုဝင်ရဲသို့

ကပ်ရောက်ကြရကုန်၏။ ရှည်ကြာလှစွာသော နေ့,ည၌်ကာလပတ်လုံး ငရဲနှိုက်ဖြစ်သော ဆင်းရဲကို ခံစားကြရကုန်၏။ ထိုကြောင့် သဂါထာဝဂ္ဂသံယုတ် ပါဠိတော် ဒေဝတာသံယုတ်နှိုက်—

> ယေကေစိ အရိယံ ဓမ္မံ၊ ဝိဂရဟန္တာ စရန္တိ ဒုမေဓာ။
> ဥပေန္တိ ရောရုဝံ ဃောရံ၊ စိရရတ္တံ ဒုက္ခံ အနုဘဝန္တိ။—ဟူ၍ ဟောတော်မူ၏။

အနက် ယေကေစိ၊ ခပ်သိမ်းကုန်သော။ ဒုမေဓာ၊ ပရိယတ္တိ ဗဟုသုတ ပညာမရှိကုန်သော သူတို့သည်။ အရိယံဓမ္မံ၊ ညစ်ကြေးမထင် ဖြူစင်သော ဘုရားဟော တရားတော်ကို။ ဝါ၊အရိယာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော တရားတော်ကို။ (အရိယံနှိုက်ဆန်းကြောင့် နိဂ္ဂဟိတ်လာသည်)။ ဟီနကွ္ခရပဒဗျဉ္ဇနောတိဝါ၊ ယုတ်သော ပုဒ်အက္ခရာဝါကျရှိ၏ ဟူ၍ဆင်း။ အနိယျာနိကောတိဝါ၊ သံသရာဝဋ်မှ ထွက်မြောက်ကြောင်း မဟုတ် ဟူ၍ဆင်း။ (ဤကား အဋ္ဌကထာ ထည့်ပါဠ်)။ အဘာသိတောဝါ၊ဘုရားဟော မဟုတ်ဟူ၍ဆင်း။ (ဤကား အနုလောမအားဖြင့် ထည့်သည်)။ ဝိဂရဟန္တာ၊စွပ်စွဲကဲ့ရဲ့ကြကုန်လျက်။စရန္တိ၊သွားလာ လှည့်လည်ကြကုန်၏။ တေ ဒုမေဓာ၊ထိုပညာကင်းပ လူ့ဗဟုလတို့သည်။ ဃောရံ၊ ပူပြင်းချုတ်ချုတ် ကြမ်းကြုတ်စွာသော။ ရောရုဝံ၊ ရောရုဝငရဲသို့။ ဥပေန္တိ၊ ကပ်ရောက်ကြကုန်၏။စိရရတ္တံ၊ရှည်ကြာလှစွာသော နေ့,ည၌်ကာလပတ်လုံး။ ဒုက္ခံ၊ငရဲနှိုက်ဖြစ်သောဆင်းရဲကို။အနုဘဝန္တိ၊အဖန်တလဲလဲ ခံစားကြရကုန်၏။

ဥယျောဇနကထာ

ဤကမ္ဘာလောကကြီးနှိုက် အလွန်တရာ ကြုံကြိုက်ခဲလှစွာသော ဘုရားပွင့်တော်မူသောအခါ သာသနာတော်တွင်းနှိုက် ဒုလ္လဘအစစ် လူ၏အဖြစ်ကို ရကြကုန်သော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် အထက်နှိုက် ဖေါ်ပြခဲ့ပြီးသော ပါဠိတော်,အဋ္ဌကထာတို့နှိုက်လာသော အကြောင်းအကျိုး အပြစ်တို့ကိုဉာဏ်၊ သံဂါယနာတင် အရှင်မဟာကဿပ အစရှိကုန်သော ရဟန္တာ မဟာထေရ်မြတ်တို့ကိုဉာဏ်၊ ဗုဒ္ဓမတည် အဋ္ဌကထာဆရာတို့ကိုဉာဏ်၊ ပိဋကတ်သုံးပုံ

ပါဠိတော်များကို တစုံတခုကိုမျှ ပယ်မြစ်ခြင်း မရှိ၊ အာစရိယ ပရမ္ပရ ဆရာစဉ်ဆက်အားဖြင့် ယနေ့တိုင်အောင် ဆောင်ရွက်တော်မူကြကုန်သော ဂန္ထန္တရဗဟုဿုတ မထေရ်ကြီးတို့ကိုဂုဏ်း သတိ,ပညာ ရှေးသွားရှိသော သဒ္ဓါတရားဖြင့် ယုံကြည်သက်ဝင်ကြပြီးလျှင် ဗုဒ္ဓဘာသိတ ပစ္စေကဗုဒ္ဓဘာသိတ သာဝကဘာသိတ ဒေဝတာဘာသိတ ဣသိဘာသိတဖြစ်သော ဘုရားဟော တရားတော်တို့ကို သံသရာဝဋ်မှ ထွက်မြောက်ကြောင်းတရား မဟုတ် ဟူ၍ဂုဏ်း၊ မကောင်းသဖြင့် ဟောအပ်သော တရားဟူ၍ဂုဏ်း၊ ဘုရားအနုမောဒနာပြုခြင်း ဗျာဒိတ်ထားခြင်း မရှိဟူ၍ဂုဏ်း၊ သံဂါယနာတင်ကျမ်း မဟုတ်ဟူ၍ဂုဏ်း၊ မိမိတို့၏ ပုထုဇဉ် ဉာဏ်အမြင်အားဖြင့်ဂုဏ်း၊ သူတပါးတို့၏ အယူဝါဒသို့ အတုလိုက်သော အနုဝတ္တက မိစ္ဆာဉာဏ်ဖြင့်ဂုဏ်း တားမြစ်ခြင်း ကဲ့ရဲ့ခြင်းမှ အမြဲကြဉ်ရှောင်ကြပါကုန်လော၊ အကယ်၍ မကြဉ်ရှောင်ပါလျှင် ပြဆိုခဲ့ပြီးသော ပါဠိတော်များအတိုင်း မချတ်မလွဲ အပါယ်ငရဲနိုက် ဆင်းရဲဒုက္ခကို မုချ ကျခံရမည်ဟူ၍ မှတ်ယူအပ်၏။

နေတို့, ပေဋ္ဌကောပဒေသ သင်္ဂီတိ ဝိနိစ္ဆယ ပြီးပြီ။

ဝယဝုမှာပစာယန ဝိနိစ္ဆယ

၁၃၀၉—ခု၊ သီတင်းကျွတ်လဆန်း(၁)ရက်နေ့စဲနှင့် ဗန်းမော်ပိုင် လုံးကင်းရွာကျောင်းဘုန်းကြီး "ရှင်ဝိဇယ"သည်—

အဘိဝါဒန သီလိဿာ၊ နိစ္စံ ဝုဈ့ာ ပစာယိနော။

စတ္တာရော ဓမ္မာ ဝဈ့န္တ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

ဟူသော ပရိတ်ကြီးပါဠိတော်လာ ဂါထာအရ မိမိထက် အသက်အရွယ် တရက်,တလ,တနှစ်မျှ ကြီးသောသူတို့အား အရိုအသေပြုသောသူအား(၄)ပါးကုန်သော တရားတို့သည် ပွါးကုန်၏ဟု ဟောတော်မူရာနိုက် မာတုဂါမတို့အား ရှိခိုးအပ် ရှိမခိုးအပ်ကို ဝိနိစ္ဆယချပေးတော်မူပါဘုရားဟု လျှောက်ထားရာနိုက်—

ၚင်းပါဠိတော်ဂါထာသည် ဓမ္မပဒပါဠိတော်နှိုက်လည်း ဘုရားရှင် ဟော တော်မူ၏။

(က) နာ ဘိက္ခဝေ မာတုဂါမဿ အဘိဝါဒနံ ပစ္စုပဋ္ဌာနံ အဉ္ဇလိ ကမ္မံ သာမိစိကမ္မံ ကာတဗ္ဗံ။—စူဠဝါပါဠိတော်

(ခ) မာတုဂါမော အဝန္ဒိယော။—ပရိဝါပါဠိတော်

အနက် (က) ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခုနာ၊ ရဟန်းသည်။ မာတုဂါမဿ၊မာတုဂါမအား။ ဝါ၊မိန်းမအား။ အဘိဝါဒနံ၊ရှိခိုးခြင်း ကိုၚင်း။ ပစ္စုပဋ္ဌာနံ၊ခရီးဦး ကြိုဆိုခြင်းကိုၚင်း။ အဉ္ဇလိကမ္မံ၊လက်အုပ်ချီခြင်း အမှုကိုၚင်း။ သာမိစိကမ္မံ၊ အရိုအသေ ပြုခြင်းအမှုကိုၚင်း။ နကာတဗ္ဗံ၊ မပြု အပ်။

(ခ) မာတုဂါမော၊ မာတုဂါမကို။ အဝန္ဒိယော၊ရှိမခိုးအပ်။

ဤ ပါဠိတော်တို့နှိုက် ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့အား အသက်ကြီး၍ ဝါ(၁၀၀)တရားပင် ရသော်လည်း ရှိခိုးခြင်း အစရှိသည်တို့ကို မပြုအပ်ဟု ဟောတော်မူ၏။ ထိုအတူ လူယောကျ်ားတို့သည် လူမိန်းမတို့အား အသက်အရွယ်ကြီး၍ သီလ, သမာဓိ, ပညာဂုဏ်နှင့် ပြည့်စုံသော်လည်း ရှိခိုး ခြင်း အစရှိသည်တို့ကို မပြုအပ် မပြုထိုက်ဟု မှတ်အပ်၏။

အသက်အရွယ်ကြီး၍ ဝါ(၁၀၀)တရာ ရရှိသော ရဟန်းမိန်းမသည် ထိုနေ့ ရဟန်းခံသော ရဟန်းငယ်အား ရှိခိုးအပ်၏။ ထိုကြောင့် စူဠဝါပါဠိတော် နှိုက်—

ဝဿသတုပသမ္ပန္နာယ ဘိက္ခုနိယာ တဒဟုပသမ္ပန္နဿ ဘိက္ခုနော အဘိဝါဒနံ ပစ္စုပဋ္ဌာနံ အဉ္ဇလိကမ္မံ သာမိစိကမ္မံ ကာတဗ္ဗံ။—ဟု ဟောတော်မူ၏။

အနက် ဝဿသတုပသမ္ပန္နာယ၊ ရဟန်းမိန်းမ ဖြစ်၍ ဝါတရာရှိသော။ ဘိက္ခုနိယာ၊ ရဟန်းမိန်းမသည်။ တဒဟုပသမ္ပန္နဿ၊ ထိုနေ့နှိုက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်သော။ ဘိက္ခုနော၊ ရဟန်းအား။ အဘိဝါဒနံ၊ရှိခိုးခြင်းကိုၚင်း။လ။ကာတဗ္ဗံ၊ပြုအပ်၏။

ဤပါဠိတော်ဖြင့် မိန်းမများသည်သာလျှင် ယောကျ်ားတို့အား ရှိခိုးခြင်း အစရှိသည်တို့ကို ပြတော်မူ၏။

ဤသို့ ဘုရားဟောတော်မူပါလျှင် လူမိန်းမကြီးတို့သည် ယောကျ်ားငယ်ကလေးတို့အား ရှိခိုးခြင်း စသည်တို့ကို ပြုလုပ်ခြင်းငှါ ထိုက်ပါသလောဟု အမေးထုတ်ခဲ့ပါမူ ဝုဈုဟု သာမည အားဖြင့် ဟောတော်မူသောကြောင့် အရွယ်ဝုဈုအားဖြင့် ရှိခိုးခြင်း အစရှိသည်တို့ကို မပြုထိုက်။ သို့သော် သိဒ္ဓတ္ထမင်းသား ဘုရားလောင်း သူငယ်အား ခမည်းတော် သုဒ္ဓဒါဓနံမင်းကြီးတို့က ရှိခိုးကြသည်တို့ကို ထောက်လျှင် သီလ, သမာဓိ, ပညာဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ တရားဟောသော ယောကျ်ားငယ်တို့အား ရှိခိုးခြင်း စသည်တို့ကို ပြုထိုက်၏ဟု ယူဆသင့်၏။

အဘယ်ကြောင့် ယောကျ်ားတို့သည် မိန်းမတို့အား ရှိခိုးခြင်း စသည်တို့ကို မပြုအပ်သနည်းဟူမူ.... "ပုရိသလိင်္ဂံ ဥတ္တမံ၊ ဣတ္ထိလိင်္ဂံ ဟီနံ" ဟူသော ပါဠိနှင့်အညီ ပုရိသလိင် မြတ်သည်ဖြစ်၍ မိန်းမလိင် ယုတ်သောကြောင့်တည်းဟု ဖြေဆိုအပ်၏။

မှတ်ချက်—ယောကျ်ားတို့သည် မာတုဂါမတို့အား ရှိခိုးခြင်း စသည်ကို မပြုအပ်ဟု ဤအရာနှိုက် ဟောတော်မူအပ်သော်လည်း မာတုပေါသထဇာတ် သိင်္ဂါလသုတ်ပါဠိတော်တို့ကို ထောက်၍ အနုဇ္ဇကျေးဇူးရှင်ဖြစ်သော မိခင်မိန်းမနှင့် အဘွားမိန်းမကြီးတို့အား သားငယ်ယောကျ်ားတို့သည် ရှိခိုးခြင်းစသည်တို့ကို ပြုခြင်းငှါ ထိုက်၏၊ကုသိုလ်ရ၏၊ အာယု,ဝဏ္ဏ,သုခ,ဗလလည်း ပွါး၏။ ကုလစာရိတ္တအားဖြင့်ဂုဏ်ကျေးမွေးခြင်း, ပညာသင်ပေးခြင်း စသည်ဖြင့်ဂုဏ်ကျေးဇူးများသည်ဖြစ်၍ သီလစသည်နှင့် ပြည့်စုံသော မိကြီး,မိထွေးတို့အား သဒိသူပစာအားဖြင့် ရှိခိုးခြင်း စသည်တို့ကို ပြုခြင်းငှါ သင့်လျော်၏ဟု မှတ်သင့်၏။ ထိုကြောင့် ပါထေယျပါဠိတော် သိင်္ဂါလသုတ်နှိုက်—

(က) ပုတ္တေန ပုရတ္ထိမဒိသာ မာတာဝိတရော ပစ္စုပဋ္ဌာတဗ္ဗာ။—ဟု ဟောတော်မူ၏။

ဌင်းအဋ္ဌကထာန္ဒိုက်—

(ခ) မာတာဝိတရော ပန ပုရတ္ထိမဒိသာသဒိသေ ကတ္ဝာ နမဿာ ပေတိ။—ဟု ပြတော်မူ၏။

အနက် (က) ပုတ္တောန၊သားသမီးသည်။ပုရတ္ထိမဒိသာ၊အရှေ့အရပ်မျက်နှာ နှင့် တူကုန်သော။ မာတာပိတရော၊ အမိ,အဘတို့ကို။ ပစ္စုပဋ္ဌာ တပ္ပာ၊အရှိအသေ ပြုအပ်ကုန်၏။

(ခ) မာတာပိတရော၊တို့ကို။ ပုရတ္ထိမဒိသာသဒိသေ၊အရှေ့အရပ် မျက် နှာနှင့် တူသည်တို့ကို။ ကတ္ဝာ၊ပြု၍။ နမဿာပေတိ၊ရှိခိုးစေ၏။

ယောကျွဲး အချင်းချင်းမှာ အသက်အရွယ် ငယ်သောယောကျွဲးသည် အသက်အရွယ်ကြီးသော ယောကျွဲးအား ရှိခိုးခြင်း စသည်တို့ကို ပြုခြင်းငှါ ထိုက်၏။မိန်းမအချင်းချင်းမှာမူ အသက်အရွယ်ငယ်သောမိန်းမသည် အသက် အရွယ်ကြီးသော မိန်းမအားထင်း ယောကျွဲးအားထင်း ရှိခိုးခြင်း အစရှိသည် တို့ကို ပြုလုပ်ခြင်းငှါ ထိုက်၏ဟု မှတ်အပ်၏။

တပည့် ယောကျွဲးကလေးမျွးသည် ပညာသင်၍ ပေးသော ကျောင်း ဆရာမအား ရှိခိုးခြင်း စသည်တို့ကို ပြုခြင်းငှါ ထိုက်ပါမည်လောဟု အမေး ထုတ်ခဲ့ပါမူ....ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့နှိုက် ဆရာကို ရှိခိုးအပ်၏ဟူ၍ သာမညအားဖြင့် လာရှိ၏၊မိန်းမဆရာဟူ၍မလာ၊ဓမ္မပဒအဋ္ဌကထာနှိုက် မိဂါရ သေဋ္ဌးသည် ဖွေးမ ဝိသာခါကို အမိအရာ ဆရာအရာနှိုက် ထား၏ဟုလာ၏။ သို့သော် ဝိသာခါအား ရှိခိုးသည်ဟူ၍ မလာ၊ ထိုကြောင့် တပည့်ကျောင်း သား ယောကျွဲးကလေးမျွးသည် ကျောင်းဆရာမအား အပစာယနကုသိုလ် ဖြစ်ခြင်းငှါ ရှိခိုးခြင်း လက်အုပ်ချီခြင်းငှါ မထိုက်။ ပညာသင်ပေးသော ဧကျွး ဇူးကို ထောက်၍ သာမညအရှိအသေပြုခြင်းမျှသာ ထိုက်၏ဟု မှတ်ယူအပ်၏။

သာမည ဝိနိစ္ဆယ ပြီး၏။

ဒိဿသ ဒ်ိန်ဆ်ယ

ယေ ဝုစု မပစာယန္တိ၊ နရာ ဓမ္မသ ကောဝိဒါ။
ဒိဋ္ဌေဝ ဓမ္မေ ပါသံသာ၊ သမ္မရာယေစ သုဂတိံ။
ကေနိပါတ် တိတ္တိရဇာတ် ပါဠိတော်

အနက် ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မသ၊ အသက် သိက္ခာဂုဏ်အားဖြင့် ကြီးသောသူတို့အား အရိုအသေပြုခြင်း ပူဇော်ခြင်း ကျင့်ဝတ်တရားန္နိုက်။ ကောဝိဒါ၊လိမ္မာကုန်သော။ ယေနရာ၊အကြင်သူတို့သည်။ ဝုစု၊အသက်သိက္ခာဂုဏ်အားဖြင့် ကြီးသောသူကို။အပစာယန္တိ၊အရိုအသေပြုခြင်းအမှုဖြင့် ပူဇော်ကုန်၏။ တေနရာ၊ ထိုသူတို့သည်။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်ပစ္စုပ္ပန်အတ္တဘောန္နိုက်သာလျှင်။ဝါ၊မျက်မှောက်သော ကိုယ်၏အဖြစ်န္နိုက်သာလျှင်။ ပါသံသာ၊ချီးမွမ်းခြင်းငှါ ထိုက်ကုန်၏။ သမ္မရာယေစ၊တမလွန်ဘဝန္နိုက်လည်း။ သုဂတိံ၊လူ့ပြည်,နတ်ရပ် မြတ်သော သုဂတိဘဝသို့။ ယန္တိ၊ရောက်ကုန်၏။

ခါ, မျောက်, ဆင် ဤသုံးဦးသော တိရစ္ဆာန်တို့သည် ကြီးသောသူအား အရိုအသေ ပြုသောကြောင့် နတ်ပြည်သို့ ရောက်သောဝတ္ထုကို ယင်းတိတ္တိရဇာတ်ဝတ္ထုန္နိုက်ပင်လျှင် ကြည့်ရှု မှတ်ယူအပ်၏။

မှတ်ချက် အဓိပ္ပါယ်—ဤပါဠိတော်န္နိုက် ဝုစု-ကြီးသောသူဟု သာမည အားဖြင့် ဘုရားဟောတော်မူသော်လည်း ဝုစုသည် ဇာတိဝုစု, ဝယဝုစု, ဂုဏ်ဝုစုအားဖြင့် (၃)ပါး အပြားရှိ၏။ ထို(၃)ပါးတို့တွင်—

၁- မင်း,ပုဏ္ဏား,သေဋ္ဌး,သူကြွယ်သည် အမျိုးဇာတ်အားဖြင့် ကြီးသောကြောင့် ဇာတိဝုစု မည်၏။
၂- အသက်အရွယ်အားဖြင့် ကြီးသောသူသည် အသက်အား ဖြင့် ကြီးသောကြောင့် ဝယဝုစု မည်၏။
၃- သီလ,သမာဓိ,ပညာဂုဏ် စသည်နှင့် ပြည့်စုံသောသူသည် ဂုဏ်အားဖြင့် ကြီးမြတ်သောကြောင့် ဂုဏဝုစု မည်၏။

ထိုသုံးယောက်သောသူတို့တွင် သီလစသောဂုဏ်တို့နှင့် မပြည့်စုံသည်ဖြစ်၍ သက်သက် ဇာတိဝုစု, ဝယဝုစုအားဖြင့် ကြီးသောသူတို့

အား ရှိခိုးခြင်း စသည်ကို ပြုခြင်းငှါ မထိုက်၊ အဘယ်ကြောင့်နည်း ဟူမူ ကိုယ်ခန္ဓာသည် ရှိခိုးခြင်းငှါ မထိုက်၊ သီလစသော ဂုဏ်သည် သာလျှင် ရှိခိုးခြင်းငှါ ထိုက်သောကြောင့်တည်း။ သီလ, သမာဓိ, ပညာ အစရှိသောဂုဏ်နှင့် ပြည့်စုံသော အသက်အရွယ်ကြီးသော ဂုဏဝုဒ္ဓ ပုဂ္ဂိုလ်အားသာလျှင် ရှိခိုးခြင်း အစရှိသည်တို့ကို ပြုခြင်းငှါ ထိုက်၏၊ အပစာယနကုသိုလ်လည်း ဖြစ်၏ဟု မုချ မှတ်ယူအပ်၏။ ထိုကြောင့် တိတ္ထိရဇာတ် အဋ္ဌကထာနှိုက်—

ယေ ဝုဒ္ဓ မပစာယန္တိတိ ဇာတိဝုဒ္ဓော, ဝယောဝုဒ္ဓော, ဂုဏဝုဒ္ဓောတိ တယော ဝုဒ္ဓာ။ တေသု ဇာတိသမ္ပန္နော ဇာတိဝုဒ္ဓော နာမ။ ဝယေ ဌိတော ဝယောဝုဒ္ဓောနာမ။ ဂုဏသမ္ပန္နော ဂုဏဝုဒ္ဓောနာမ။ တေသု ဂုဏသမ္ပန္နော ဝယောဝုဒ္ဓော ဣမသ္မိံ ဌာနေ ဝုဒ္ဓောတိ အဓိပ္ပေတော။—ဟု ဖွင့်ပြတော်မူ၏။

အနက် ယေဝုဒ္ဓမပစာယန္တိတိတ္ထေ၊ယေဝုဒ္ဓမပစာယန္တိဟူသောပါဠိနှိုက်။ ဝုဒ္ဓာ၊ကြီးသောသူတို့သည်။ ဇာတိဝုဒ္ဓော၊အမျိုးဇာတ်အားဖြင့် ကြီးသောသူဌင်း။ ဝယောဝုဒ္ဓော၊အသက်အရွယ်အားဖြင့် ကြီးသောသူဌင်း။ ဂုဏဝုဒ္ဓော၊သီလစသောဂုဏ်အားဖြင့် ကြီးသောသူဌင်း။ ဣတိ၊သို့။ တယော၊ သုံးယောက်တို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ တေသု၊ထိုသုံးယောက်သောသူတို့တွင်။ ဇာတိသမ္ပန္နော၊ အမျိုးဇာတ်နှင့် ပြည့်စုံသောသူသည်။ ဇာတိဝုဒ္ဓောနာမ၊ဇာတိဝုဒ္ဓမည်၏။ ဝယေ၊ကြီးသော အသက်အရွယ်နှိုက်။ ဌိတော၊တည်ဌေသောသူသည်။ ဝယောဝုဒ္ဓောနာမ၊ ဝယောဝုဒ္ဓမည်၏။ ဂုဏသမ္ပန္နော၊ သီလစသောဂုဏ်နှင့် ပြည့်စုံသောသူသည်။ဂုဏဝုဒ္ဓောနာမ၊ဂုဏဝုဒ္ဓမည်၏။ကေသု၊ ထိုသုံးယောက်တို့တွင်။ ဂုဏသမ္ပန္နော၊ သီလစသောဂုဏ်နှင့် ပြည့်စုံသော။ ဝယောဝုဒ္ဓော၊ အသက်အရွယ်အားဖြင့် ကြီးသောသူကိုသာလျှင်။ ဣမသ္မိံ ဌာနေ၊ဤရှိခိုးခြင်းစသည်ကို ပြုသောအရာနှိုက်။အဓိပ္ပေတော၊အလိုရှိအပ်၏။

မှတ်ချက်—သီလ, သမာဓိ, ပညာ စသောဂုဏ်နှင့် ပြည့်စုံခြင်း, အသက်အရွယ်အားဖြင့် ကြီးခြင်း ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသောသူသည်လျှင် ရှိခိုးခြင်း စသည်တို့ကို ပြုခြင်းငှါ ထိုက်၏ဟု မုချ မှတ်အပ်၏။

ကြောက်၍ ရှိခိုးခြင်း, လာဘ်ကို လိုချ၍ ရှိခိုးခြင်း, ကုလစာရိတ္တအားဖြင့် ရှိခိုးခြင်း, မိစ္ဆာဒိဋ္ဌိအားဖြင့် ရှိခိုးခြင်း, တော့ဝေသော သမ္မောဟအားဖြင့် ရှိခိုးခြင်း, သူတပါးတို့ ကဲ့ရဲ့စဉ်စဲ့မှာကြောက်၍ ရှိခိုးခြင်း, အရိုအသေပြုခြင်း အစရှိသည်တို့ကို ပြုလုပ်ခြင်းသည် အပစာယနကုသိုလ် မဖြစ်ဟု မုချ မှတ်ယူအပ်၏။

ဝယဝုဗုဒ္ဓပစာယန ဝိနိစ္ဆယ ပြီးပြီ။

ဂေါဘမဇေဓာဒိသတ္တ ပဒီသန္ဒိဋ္ဌဟန့ စိစာယန့
အဘိန်ဂ္ဂမန့ သမ္ဖဿသမ္ဘေဒါပတ္တ ဓမ္မစက္ကပဝတ္တန့ ပဒီဒိဋ္ဌဒေန့

ဝဿ မာသ ဒိန ဝိနိစ္ဆယ

မှတ်ချက်—လျှောက်စာနိုက် ဗုဒ္ဓနှေနှင့် စပ်လျဉ်း၍ အခြား တိုင်းပြည်များ၏ အယူအဆ ဗေဒင်ကျမ်းများ၏ အယူအဆများကို လျစ်လျူရှု၍ဟု ပါရှိသော်လည်း သိရှိကြရန် ရှေးဦးစွာ အနည်းငယ်မျှ ပြဦးအံ့—။

သူရိယသိဒ္ဓန္တ, ဇောတိသတ္ထ, ဗျိုဟင်္ဂ, ဇနနိယမစသော ဗေဒင်ကျမ်းတို့နိုက် ဘုရားလောင်း ပဋိသန္ဓေ နေတော်မူသောနေ့ ဘွားမြင်တော်မူသောနေ့ စသည်တို့၏ ခုနှစ်,လ,ရက်ကို ပြခြင်းမရှိချေ။ ဗိုလ်ထွက် လက်ဝန်နိုက်—

သင်္ကြာဇ်ဖြို၊ ဗိုလ်ဟုသမုတ်၊ ငါးကြိမ်ထုတ်သား၊ ဘုရားဘိုးရင်း၊ တွင်ခြင်းနာမ၊ အဋ္ဌနှင့်၊ ဒေဝိလခေါ်၊ ရသေ့ကျော်တို့၊ ကိန်းဖေါ်ခက်းပြု၊ ဖြိုးစုသည်နှစ်၊ သင်္ကြာဇ်ကား၊ ပါနသိန္ဓု၊ ဆဗလျှုမှတ်—စသည်ဖြင့်ပြသော ဗိုလ်လက်ဝကိုသာ တွေ့မြင်ရဘူးချေ၏။

ထိုလက်ဝကို အစဲ့ပြု၍ ဗေဒင်မှတ်စုများနိုက် ဘိုးတော် အဋ္ဌနမင်းကြီး ဖြိုကြွင်း သင်္ကြာဇ်(၆ဂ)ခု၊ ကဆုန်လပြည့်(၆)ကြာနေ့ ဝိသာခါနက္ခတ်နှင့် ယှဉ်လျက် အရုဏ်တက်အချိန် ပြိဿနိုက် တနင်္ဂနွေ,ဗုဒ္ဓဟူး,သောကြာ,မေဓုန်

နှိုက် အင်္ဂါ၊ သိဟ်နှိုက် လက်ရာဟု၊ ပြိစ္ဆာနှိုက် စန်း၊ ကုံနှိုက် ကြာသပတေး၊ စဉ်နက္ခတ်(၁၇)လုံး၊ ပါဒ် သုည မင်္ဂလာအချိန်တွင် ဘုရားလောင်း သိဒ္ဓတ္ထ မင်းသား ဘွားတော်မူသည်ဟု ရေးသားထားသည်ကို တွေ့မြင်ရ၏။

တထာဂတ ဥဒါနဒီပနီကျမ်းနှိုက် မြတ်စွာဘုရား မွေးဘွားတော်မူသော နေ့, ဘုရားဖြစ်တော်မူသောနေ့, ပရိနိဗ္ဗာန်ပြုတော်မူသောနေ့ သင်္ကရာဇ်,နှစ်, လ,ရက်ကို အရာဌာနအား လျော်စွာ ပြ၏။

မဟာရာဇဝင်တော်ကြီးနှိုက် ဘုရားလောင်း သိဒ္ဓတ္ထမင်းသည် ဘိုးတော် အဥ္ဇနမင်းကြီးသည် သင်္ကရာဇ်(၈၆၇၅)ခုကို ဖြို့၍ သင်္ကရာဇ်(၂)ခုအကြွင်း ထားသည်။ထိုအကြွင်းထားသော သင်္ကရာဇ်(၆၇)ခု ဝါဆိုလပြည့်နေ့ ဥတ္တရာသင်္ဍ နက္ခတ်နှင့် ယှဉ်လျက် သိရီ မဟာမာယာ မယ်တော်ဝမ်းနှိုက် ပဋိသန္ဓေနေတော်မူသည်၊ ဆယ်လစ့၍ ထိုသင်္ကရာဇ်(၆၈)ခု ကဆုန်လပြည့်နေ့ ဘွားမြင်တော်မူ၏၊ သက်တော်(၁၆)နှစ် ရှိသောအခါ ဘဒ္ဒကစ္စနာ မင်းသမီးကို "ယသောဓရာ"ဟူသော အမည်သမုတ်၍ ရာဇဘိသေက ခံတော်မူပြီးလျှင် ရမ္မ,သုရမ္မ,သုဘ တည်းဟူသော ဤနန်းပြာသာဒ်(၃)ဆောင်နှိုက် မင်းသမီး အပေါင်း (၄၀၀၀၀)ခြံရုံလျက် (၁၃)နှစ်တိုင်တိုင် မင်း၏စည်းစိမ်ကို ခံစားတော်မူ၏၊ မင်းမဖြစ်မီ(၁၆)နှစ်, မင်းစည်းစိမ်(၁၃)နှစ်, အသက်(၂၉)နှစ် ရှိသောအခါ သင်္ကရာဇ်(၉၇)ခု ဝါဆိုလပြည့်နေ့ မြင်းစီး၍ တောထွက်တော်မူ၏၊ သင်္ကရာဇ်(၁၀၃)ခု ကဆုန်လပြည့်နေ့ ဘုရားဖြစ်တော်မူ၏၊သင်္ကရာဇ်(၁၄၈)ခု ကဆုန်လပြည့်နေ့ မိုးသောက် ရောင်ဖြူလာတွင် အမြိုက်နိဗ္ဗာန် စံလွန်တော်မူ၏၊ ကဆုန်လပြည့်ကျော်(၇)ရက်နေ့ တေဇောဓာတ် လောင်တော်မူသည်၊ သင်္ကရာဇ် (၁၄၈)ခု နယုန်လဆန်း (၅)ရက်နေ့ ဓာတ်တော် ဝေဖန်သည်၊ သင်္ကရာဇ်(၁၄၈)ခု ဝါခေါင်လပြည့်ကျော်(၅)ရက်နေ့ ပဌမသံဂါယနာတင်သည်၊ ၎င်းသင်္ကရာဇ်(၁၄၈)ခုကို တခုကြွင်းထား၍ အရှင်မဟာကဿပသည် သာသနာတော်နှစ် ပြုတော်မူသည်ဟူ၍ ဘုရားလောင်း ပဋိသန္ဓေနေသည်မှ စ၍ သံဂါယနာတင်သည်တိုင်အောင် သင်္ကရာဇ်,ခု,နှစ်,လ,ရက်ကို ပြဆို၏။

မှတ်ချက်—၎င်းမဟာရာဇဝင်တော်ကြီးနှိုက် တခဏ်းစီ ပြထားသော်လည်း ပေါင်းစု၍ လိုရင်းကိုသာ ရေးထည့်လိုက်သည်၊ ဘုရား ဖြစ်တော်မူသော ခုနှစ်မပါ၍ ရေးလိုက်သည်။

ဇိနတ္ထပကာသနိကျမ်းနှိုက်လည်း သိဒ္ဓတ္ထမင်းသား ဘုရားလောင်းပဋိသန္ဓေနေခြင်း, ဘွားမြင်တော်မူခြင်း, တောထွက်တော်မူခြင်း, ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း, ပရိနိဗ္ဗာန်ပြုတော်မူခြင်း သက္ကရာဇ် နှစ်, လ, ရက်တို့ကို ပြတော်မူ၏၊ သို့ ပြသော်လည်း ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့နှိုက် နှစ်သက္ကရာဇ် ပြခြင်းမရှိ၊ နောက်ရေးဖြစ်၍ အထက်ပါ မဟာရာဇဝင်လာ စကားကို ယူ၍ ရေးဟန်ရှိပါသည်။

ပါဠိတော်, အဋ္ဌကထာ, ဋီကာအစရ ဂုဇ္ဈဒီနုကို ညွှန်ခြင်း

(က) တာရာဂဏာ ဝိရောစန္တိ၊ နက္ခတ္တံ ဂဂနမဏ္ဍလေ။
ဝိသာခါ စန္ဒိမာ ယုတ္တာ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿတိ။

ဟူသော ဗုဒ္ဓဝင်ပါဠိတော်နှိုက် ဝိသာခါနက္ခတ် လနှင့်ယှဉ်သော ကဆုန်လပြည့်နေ့နှိုက် ဘုရားဖြစ်လတ္တံ့ဟု ပြတော်မူ၏။ ထို၎ါထာဖြင့် အလုံးစုံသော မြတ်စွာဘုရားတို့၏ ဝိသာခါနက္ခတ်နှင့်ယှဉ်သော ကဆုန်လပြည့်နေ့နှိုက် ဘုရားဆုကို တောင်းခြင်း, ဗျာဒိတ်ခံခြင်းသည် ဖြစ်၏ဟု ပြတော်မူ၏ဟု မှတ်အပ်၏။ထိုကြောင့် သုတ်မဟာဝါ မဟာပဒါနသုတ်ဋီကာနှိုက်—

(ခ) တာရာဂဏာ ဝိရောစန္တိ၊ နက္ခတ္တံ ဂဂနမဏ္ဍလေ။
ဝိသာခါ စန္ဒိမာ ယုတ္တာ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿတိ။

တေနေဝစ သဗ္ဗဗုဒ္ဓါနံ ဝေသာခနက္ခတ္တေနေဝ မဟာဘိနိဟာရော ဟောတိစ ဝဒန္တိ။—ဟု ပြတော်မူ၏။

မှတ်ချက်—ဤပါဠိတော်တကျမ်းနှိုက်သာလျှင် "ဝိသာခါ စန္ဒိမာ ယုတ္တာ" ဟူ၍ ကဆုန်လပြည့်နေ့နှိုက် ဘုရားဖြစ်တော်မူခြင်းကို ပြတော်မူ၏၊ တပါးသော ပါဠိများနှိုက် မရှိဟု မှတ်အပ်၏။

ဗောဓိသတ္တ ပဒီသန္ဓိဂ္ဂဟဏ စသည်ကို ပါဠိ အဋ္ဌကထာ ဋီကာအားဖြင့် ပြခြင်း

(ဂ) မမ္မတာ သော ဘိက္ခဝေ ယဒါ ဗောဓိသတ္တော တုသိတာ ကာယာ စဝိတ္ဝာ မာတုကုစ္ဆိံ ဩက္ကမတိ၊ မမ္မတာ သော ဘိက္ခဝေ ယဒါ ဗောဓိသတ္တော မာတုကုစ္ဆိမှာ နိက္ခမတိ။—
မဟာပဒါနသုတ်ပါဠိ

(ဃ) သတော သမ္မာတော အာနန္ဒ ဗောဓိသတ္တော တုသိတာ ကာယာ စဝိတ္ဝာ မာတုကုစ္ဆိ ံ ဩက္ကမတိ။ ယဒါ အာနန္ဒ ဗောဓိသတ္တော မာတုကုစ္ဆိမှာ နိက္ခမတိ။— ဥပရိပဏ္ဏာသ ပါဠိတော် အစ္ဆရိယဗ္ဘုတသုတ်

မှတ်ချက်—အထက်ပါ ပါဠိတော်တို့နှိုက် ပဋိသန္ဓေ နေတော်မူခြင်း ဘုံးမြင်တော်မူခြင်းတို့၏ လ,ရက် မပါ။

(င) ပဋိသန္ဓိ ံ ဂဏ္ဍန္တော ပန အာသဇ္ဇပုဏ္ဏမာယံ ဥတ္တရာသဇ္ဇ ပုဏ္ဏမာယံ ဥတ္တရာသဇ္ဇနက္ခတ္တေန အဂ္ဂဟေသိ။— ဇင်းဥပရိပဏ္ဏာသ အဋ္ဌကထာ

(စ) ယထာစ အမ္မာကံ ဘဂဝါ၊ ဧဝံ သောဝိ အာသဇ္ဇိပုဏ္ဏမာယံ ဥတ္တရာသဇ္ဇနက္ခတ္တေနေဝ ပဋိသန္ဓိ ံ အဂ္ဂဟေသိ။—သုတ်မဟာဝါ မဟာပဒါနသုတ် အဋ္ဌကထာ

(ဆ) အာသဇ္ဇိပုဏ္ဏမာယံ ဥတ္တရာသဇ္ဇနက္ခတ္တေနေဝ ပဋိသန္ဓိ ံ အဂ္ဂဟေသိ။—ဗုဒ္ဓဝံသ အဋ္ဌကထာ

(ဇ) တသ္မိ ံ ဟိ ခဏေ မဟာသတ္တော စဝိတ္ဝာ မဟာမာယာ ဒေဝိယာ ကုစ္ဆိသ္မိ ံ ဥတ္တရာသဇ္ဇနက္ခတ္တေန ပဋိသန္ဓိ ံ ဂဏ္ဟိ။— ဇိနာလင်္ကာရ ဋီကာ

မှတ်ချက်—အထက်ပါ အဋ္ဌကထာ,ဋီကာတို့နှိုက် ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ဥတ္တရာသဇ္ဈ နက္ခတ်နှင့် စန်းယှဉ်သော ဝါဆိုလပြည့်နေ့ မဟာမာယာဒေဝီ မိဖုရားဝမ်းနှိုက် ပဋိသန္ဓေကို ယူတော်မူ၏ဟု ပြတော်မူ၏။ ဘုံးမြင်တော်မူသော လ, ရက် မပါ၊ (အဖွင့်)ဟု မှတ်အပ်၏။

ဘုရားအလောင်း ပဋိသန္ဓေယူခြင်း ဘုံးဖြင်တော်မူခြင်း လ-ရက်ကို ပြခြင်း

ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည် တာဝတိ ံသာနတ်ပြည်မှ စုတေ၍ ဥတ္တရာသဇ္ဈနက္ခတ် စန်းနှင့်ယှဉ်သော ဝါဆိုလပြည့်နေ့နှိုက် သာကီဝင်မင်း မျိုးဖြစ်သော မဟာမာယာ မိဖုရား၏ ဝမ်းနှိုက် ပဋိသန္ဓေယူပြီး၍ ဆယ်လစေ့

သဖြင့် ဝိသာခါနက္ခတ်စန်းနှင့်ယှဉ်သော ကဆုန်လပြည့် မိုးသောက်အချိန်နှုက်ဘွားမြင်တော်မူ၏။ ထိုကြောင့် ဣတိဝုတ်အဋ္ဌကထာ ဒုကနိပါတ် ဒုတိယဝဂ်အဖွင့်နှုက်—

ဧဒါနိ အဟံ မနုဿယောနိယံ ဥပပဇ္ဇိတွာ အဘိသမ္ဗုဒ္ဓိသာမိတိ အာသင်္ခိပုဏ္ဏမာယံ သက္ကရာဇကုလေ မဟာမာယာဒေဝိယာ ကုစ္ဆိမှိ ပဋိသန္ဓိံ ဂဟေတွာ ဒသမာသေ ဒေဝမနုဿေသဟိ မဟတာ ပရိဟာရေန ပရိဟရိယမာနော ဝိသာခပုဏ္ဏမာယံ ပစ္ဆိုသသမယေ အဘိဇာတိံ ပါပုဏိံ။—ဟု ဖွင့်ပြတော်မူ၏။

ဘုရားဖြစ်ဘေဒါဓုသေးနေ့ ပရိနိဗ္ဗာန်ပြုသေးနေ့ သေ-ရက်ကို ပြခြင်း

ယဉ္စ ဘိက္ခဝေ ရတ္တိံ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈတိ၊ ယဉ္စ ရတ္တိံ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယတိ။—ဣတိဝုတ်ပါဠိတော် တထာဂတအဖွင့်

မှတ်ချက်—ဂင်း ပါဠိတော်အတိုင်း မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်နှုက်လာ၏။ သို့သော် အဋ္ဌကထာအဖွင့်မရှိ၊ စတုက္ကနိပါတ် အင်္ဂုတ္တရပါဠိတော်နှုက်လည်း လာ၏။ ဂင်းအဋ္ဌကထာနှုက် အဖွင့်မရှိ၊ ဂင်းဋီကာနှုက်ကား အဖွင့်ပါ၏၊နောက်နှုက် ပြလတံ့သော ဣတိဝုတ်အဋ္ဌကထာနှင့် အတူပင်ဟု မှတ်အပ်၏။

(ဈ) ယဉ္စ ဘိက္ခဝေ ရတ္တိံ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈတိ။ ယဿံ ဝိသာခပုဏ္ဏမ ရတ္တိယံ တထာ အာဂတာဒိ အတ္ထေန တထာဂတော ဘဂဝါဗောဓိမဏ္ဍေ အပရာဇိတာ ပလ္လင်္ကေ နိသိန္နော တိဏ္ဏံ မာရာနံ မတ္ထကံ မဒ္ဒိတွာ ဥတ္တရိတရာဘာဝတော အနုတ္တရံ သမ္မာသမ္ဗောဓိံ သဗ္ဗညုတညာဏံ အဓိဂစ္ဆတိ။

(ည) ယဉ္စ ရတ္တိ ံ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယတီတိ။ယသ်ံ စ ဝိသာခပုဏ္ဏမရတ္တိယံ်ယေဝ ကုသိနာရာယံ် ဥပဝတ္တနေ မလ္လာနံ် သာလဝနေ ယမကသာလာနမန္တရေ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယတီ။—

ဟူ၍ ဖွင့်ပြသော ဣတိဝုတ်အဋ္ဌကထာနှိုက် ကဆုန်လပြည့်နေ့နှိုက် ဘုရား အဖြစ်သို့ ရောက်တော်မူ၏၊ ၎င်း ကဆုန်လပြည့်နေ့နှိုက်ပင်လျှင် ပရိနိဗ္ဗာန် ပြုတော်မူ၏ဟု ပြတော်မူ၏။ပါဠိရှိသည့်အတိုင်း အဓိပ္ပါယ်ကို မရေးဘဲ လိုရင်း ကိုသာ ရေးလိုက်သည်။

ဘုရားဖြစ်သောနေ့ကို ပြခြင်း

(၄) ဘဂဝါ ဟိ ဝိသာခပုဏ္ဏမာယံ် ရတ္တိယာ ပဌမယာမေ ပုဗ္ဗေ နိဝါသံ် အနုဿရတိ၊ မဇ္ဈိမယာမေ ဒိဗ္ဗစက္ခုံ် ဝိသောဓေတိ၊ ပစ္ဆိမယာမေ ပဋိစ္စသမုပ္ပါဒံ် အနုလောမပဋိလောမကံ် မနသိကတွာ ဇရာဒိနိ အရဏ်ာ ဥဂ္ဂမိဿတီတိ သဗ္ဗညုတံ် ပါပုဏိ။—ဝိနည်းမဟာဝဂ်အဋ္ဌကထာ

(၅) ဝိသာခပုဏ္ဏမဒိဝသေ ပါတော်ဝ သုဇာတာယ ဒိန္နပါယာသံ် ပရိဘုဉ္ဇိတွာ။လ။သဗ္ဗဂုဏ ပဋိမဏ္ဍိတံ် သဗ္ဗညုတညာဏံ် ပဋိဝိဇ္ဈိတွာ။—ဓမ္မပဒ အဋ္ဌကထာ

(၃) ကဒါ အဓိဂတောတိ ဝိသာခပုဏ္ဏမာယံ်။— အဋ္ဌသာလိနီ

(၈) ဆဗ္ဗဿာနီ မဟာပဓာနံ် ပဒဟိတွာ ဝိသာခပုဏ္ဏမဒိဝသေ ပါတော်ဝ။လ။သဗ္ဗညုတညာဏံ် ပဋိဝိဇ္ဈနွောယေဝ။— အဋ္ဌသာလိနီ အဋ္ဌကထာ

(ဏ) သာယန္ဟသမယေ ဝိသာခပုဏ္ဏမာယ မဟာဗောဓိမဏ္ဍံ် အာရဗ္ဘ မာရဗလံ် ဝိဓမေတွာ။— ကေနိပါတ် အင်္ဂုတ္တရ အဋ္ဌကထာ

(တ) ဝိသာခပုဏ္ဏမဒိဝသေ သုဇာတာယ ဒိန္နံ် ဝရဘောဇနံ် ဘုဉ္ဇိတွာ။လ။သဗ္ဗညုတညာဏံ် ပဋိဝိဇ္ဈိတွာ။— အင်္ဂုတ္တရအဋ္ဌကထာ

(ထ) ဘဂဝါ ဟိ ဝိသာခပုဏ္ဏမာယ ရတ္တိယာ ပဌမယာမေ ပုဗ္ဗ
နိဝါသံ အနုဿရိတ္ဝာ မဇ္ဈိမေယာမေ ဒိဗ္ဗစက္ခုံ ဝိသော
ဓေတ္ဝာ၊ပစ္ဆိမေယာမေ ပဋိစ္စသမုပ္ပါဒေ ဉာဏံ သြတာရေတ္ဝာ
နာနာနယေဟိ တေဘူမိကသင်္ခါရေ သမ္မသိတ္ဝာ ဇာဒါနိ
အရဏော ဥဂ္ဂမိဿတိတိ သမ္မာသမ္ဗောဓိံ ပါပုဏိ၊ သဇ္ဇု
တာပတ္တိ သမနန္တရမေဝစ အရဏော ဥဂ္ဂစ္ဆတိ။— ဥဒါန
အဋ္ဌကထာ ဗောဓိဝဂ္ဂ

(ဒ) ကေပလ္လကေနာတိ ဝိသာခပုဏ္ဏမာယ အနတ္ထဂ်တေယေဝ
သူရိယေ အပရာဇိတပလ္လင်္ကဝရေ ဝဇိရာသနေ နိသိန္နကာလ
တော ပဋ္ဌာယ သကိမ္ပိ အနုဋ္ဌဟိတ္ဝာ ယထာ အာဘုဇိတေန
ကေနေဝ ပလ္လင်္ကေန။— ဂၚဒ်းဥဒါနအဋ္ဌကထာ

(ဓ) အထ ဗောဓိသတ္တော သြဇ္ဇာရိကာဟာရ ပရိဘောဂေန ဆဝိ
မံသ လောဟိတံ ပါရိပူရိ ပတ္ဝာ ဝိသာခပုဏ္ဏမဒိဝသေ
သုဇာတာယ ဒိန္နံ ဝရဘောဇနံ ဘုဉ်ဇိတ္ဝာ သုဝဏ္ဏပါတိံ
နဒီယာ ပဋိသောတံ ခိပိတ္ဝာ "အဇ္ဇ ဗုဒ္ဓေါ ဘဝိဿတိ"တိ
ကတသန္နိဋ္ဌာနော ။လ။ သဇ္ဇုတညာဏံ ပဋိဝိဇ္ဈိတ္ဝာ ။လ။
တတ္ထေဝ သတ္တာဟံ ဝိတိနာမေတိ။— ကေနိပါတ် အင်္ဂုတ္တရ
အဋ္ဌကထာ တေဒဂ္ဂဝဂ်

(န) တထာဟိ ဝိသာခပုဏ္ဏမာယံ အဘိသမ္ဗောဓိ အတ္ထံ၊ ဗောဓိ
ရုက္ခမူလေ နိသိန္နဿ လောကနာထဿ အန္တရာယ ကရ
ဏတ္ထံ ဥပဋ္ဌိတံ မာရဗလံ ဝိဓမေတုံ။ အစေတနာယံ ပထဝီ
အဝိညာယ သုခဒုက္ခံ၊ သာဝိ ဒါနဗလံ မယ္ဟံ သတ္တက္ခတ္တုံ၊
ပကမ္ပထာတိ။— သုတ်မဟာဝါဒ်ဋီကာ မဟာပရိနိဗ္ဗာနသုတ်

(ပ) ယဒါ သော ဗောဓိမဏ္ဍံ ဥပဂတော၊ တဒါ ဝိသာခါပုဏ္ဏမိ
ဟောတိ။— ဇိနာလင်္ကာရဋီကာ

မှတ်ချက်—အထက်ပါ အဋ္ဌကထာ,ဋီကာ(၁၀)ဌာနတို့နှိုက် ဘုရားလောင်း
သိဒ္ဓတ္ထမင်းသားသည် ကဆုန်လပြည့်နေ့ နံနက် အရုဏ်တက် အချိန်
နှိုက် သဗ္ဗညုတညာဏ်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်၏ဟူ၍ အညီ
အညွတ် သမာနဝါဒအားဖြင့် ပြတော်မူကြကုန်၏ဟူ၍ မုချ မှတ်ယူ
အပ်ကုန်၏၊ သို့သော် နှစ် သက္ကရာဇ်ကို ပြခြင်းမပါ။

ဘုရားပရိနိဗ္ဗာန် ပြုသောနေ့ကို ပြခြင်း

(ဖ) ဓမ္မစက္ကပဝတ္တနဉ် အာဒိံ ကတွာ ယာဝ သုဘဒ္ဒပရိဗ္ဗာဇကဝိနယနာ ကတဗုဒ္ဓကိစ္စေ ကုသိနာရာယံ ဥပဝတ္တနေ မလ္လာနံ သာလဝနေ ယမကသာလာနမန္တရေ ဝိသာခပုဏ္ဏမဒိဝသေ ပစ္ဈသ သမယေ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတေ ဘဂဝတိ လောကနာထေ ဘဂဝတော ပရိနိဗ္ဗာနေန သန္နိပတိတာနံ သတ္တန္နံ ဘိက္ခုသတသဟဿာနံ သံဃတ္ထေရော အာယသ္မာ မဟာကဿပေါ။–ပါရာဇိကဏ် အဋ္ဌကထာဗဟိရနိဒါန်း(ခုဒ္ဒကပါဋအဋ္ဌကထာ မဂ်လသုတ် အဖွင့်နှိုက်လည်း ၎င်းပါရာဇိကဏ်အတိုင်း အတူဖွင့်ပြ၏)။

(ဗ) ဘဂဝါ ဟိ ဝိသာခပုဏ္ဏမာယံ ပစ္ဈသသမယေ ပရိနိဗ္ဗုတော။ သီလက္ခန်အဋ္ဌကထာ (သာရတ္ထဒီပနီ ဋီကာနှိုက်လည်း ၎င်းအတိုင်း ဖွင့်ပြ၏)။

(ဘ) တသံ ဝိသာခပုဏ္ဏမရတ္တိယံယေဝ ကုသိနာရာယံ ဥပဝတ္တနေ မလ္လာနံ သာလဝနေ ယမကသာလာနမန္တရေ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယတိ။–ဣတိဝုတ်အဋ္ဌကထာ

(မ) အဟံဝိ ဝိသာခပုဏ္ဏမာယံ ပရိနိဗ္ဗာယိဿာမိတိ ဧဝံ ဗုဒ္ဓ ဉာဏေန ပရိစ္ဆိန္ဒိတွာ သဒ္ဓဘာဂေန နိစ္ဆယံ အကတွာ။–အဋ္ဌနိပါတ် အင်္ဂုတ္တရဋီကာ

မှတ်ချက်–အထက်ပါ အဋ္ဌကထာ, ဋီကာတို့နှိုက် ဘုရားသည် ကဆုန်လပြည့်နေ့နှိုက် ပရိနိဗ္ဗာန်ပြုတော်မူသည်ကို တညီတညွတ်ထည်း သမာန ဝါဒအားဖြင့် ပြတော်မူသည်ကို မှတ်အပ်၏။

ဗုဒ္ဓဝံသအဋ္ဌကထာနှိုက် ပေါင်းစု၍ ပြသည်ကို ပြခြင်း

သိဒ္ဓတ္ထမင်းသား အလောင်းတော်သည် တဝဝတိံ သာနည်ပြည်မှ စုတေ၍ သာကီဝင်မင်းမျိုး သုဒ္ဓေါဒနမင်းကြီး၏ မဟာမာယာဒေဝီမိဖုရားဝမ်းနှိုက် အာသဠှိနက္ခတ်နှင့် စန်းယှဉ်သော ဝါဆိုလပြည့်နေ့နှိုက် ပဋိသန္ဓေတည်နေတော်မူ၏၊ ၎င်းနေ့နှိုက်ပင်လျှင် ဇာတထွက်တော်မူ၏၊ ၎င်းနေ့နှိုက်ပင်လျှင် ယမိုက်ပြာဋိဟာကို ပြတော်မူ၏၊ ၎င်းနေ့နှိုက်ပင်လျှင် ဓမ္မစကြာတရားကို

ဟောတော်မူ၏။ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သော ကဆုန်လပြည့်နေ့နှိုက် အင်ကြင်းတောနှိုက် ဘုံးမြင်တော်မူ၏၊ ၎င်းနေ့နှိုက်ပင်လျှင် အဘိသမ္ဗောဓိ သို့ ရောက်၍ ဘုရားဖြစ်တော်မူ၏၊ ၎င်းနေ့နှိုက်ပင်လျှင် ဘုရားကိစ္စ ကုန်၍ ပရိနိဗ္ဗာန် ပြုတော်မူ၏။မာဃနက္ခတ်နှင့် စန်းယှဉ်သော တပို့တဲ့လပြည့်နေ့နှိုက် သာဝက အစည်းအဝေးသည် ဖြစ်၏။၎င်းနေ့နှိုက်ပင်လျှင် ပရိနိဗ္ဗာန် ပြုတော့ အံ့ဟု အာယုသင်္ခါရ လွှတ်တော်မူ၏။ အဿဝဇိနက္ခတ်နှင့် စန်းယှဉ်သော သီတင်းကျွတ်လပြည့်နေ့နှိုက် တာဝတိံသာနတ်ပြည်မှ လူ့ပြည် သက်ဿမြို့သို့ သက်ကြွတော်မူ၏။ ထို့ကြောင့် သုတ်မဟာဝါ မဟာပဒါနသုတ်အဖွင့်နှိုက်၎င်း ဗုဒ္ဓဝံသအဋ္ဌကထာနှိုက်၎င်း—

> မဟာပုရိသော ပန ဥတ္တရာသဠှနက္ခတ္တေနေဝ မာတုကုစ္ဆိံ သြက္ကမိ၊ မဟာဘိနိက္ခမနံ နိက္ခမိ၊ ဓမ္မစက္ကံ ပဝတ္တေသိ၊ ယမကပါဋိဟာရိယံ အကာသိ။ ဝိသာခါနက္ခတ္တေန ဇာတော စ အဘိသမ္ဗုဒ္ဓေါ စ ပရိနိဗ္ဗုတော စ၊ မာဃနက္ခတ္တေန တဿ သာဝကသန္နိပါတော စ အာယုသင်္ခါရ ဝေါဿဇ္ဇနဉ္စ အဟောသိ၊အဿယုဇနက္ခတ္တေန ဒေဝေါရောဟကံ၊ အယံ နက္ခတ္တပရိဏ္ဏာဒေါ။—ဟူ၍ ပြတော်မူ၏။ (သုတ်မဟာဝါ အဋ္ဌကထာပါဠိကို တူ၍ မရေးလိုက်ပါသတည်း)။

မှတ်ချက်—အထက် ဖော်ပြရာပါ ပါဠိ,အဋ္ဌကထာ,ဋီကာတို့နှိုက် မြတ်စွာဘုရား ပဋိသန္ဓေနေတော်မူခြင်း အစရှိသည်တို့၏ ခုနှစ် သက္ကရာဇ်ကို ပြခြင်းမရှိဟူ၍ မှတ်အပ်၏။

အထက်က သဒ္ဓေကအပြစ်ပြုခြင်း

ဖော်ပြရာပါ သေဒကိ, သေဒကုတ္တရာကျမ်း ဘိုးကို နှိုးနှောင့်ယှက်လှုပ်ရှားခြင်း သဒ္ဓေတ္တမင်းသား ဘုရားသေဘင်းခါ၏ ပဋိသန္ဓေ နေတော်မူခြင်း အစရှိသည်တို့၏ ခုနှစ် သက္ကရာဇ်ကို ရှာ၍ နေ့အခါနှင့်ကို ပေါင်းခြင်း ဝိနိစ္ဆယကို ပြခြင်း

ဂေါတမ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် တာဝတိံသာနတ်ပြည်မှ စုတေ၍ ဘိုးတော်အဇ္ဈန်မင်းကြီး ဖြို့၍ ကြွင်းသော သက္ကရာဇ် (၆၇)ခု အာသဠှနက္ခတ်နှင့် စန်းယှဉ်သော ဝါဆိုလပြည့် (၅)တေးနေ့နှိုက်

အသမ္ဘိန္နခတ္တိယမင်းမျိုးဖြစ်သော သုဒ္ဓေါဒနမင်းကြီး၏ မင်္ဂလာမဟာမာယာ ဒေဝီ မိဖုရားဝမ်းနှိုက် ပဋိသန္ဓေ ယူတော်မူ၏။ ဆယ်လစေ့သဖြင့် ထိုဖြိုကြွင်း သင္ကရာဇ်(၆၈)ခု ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သော ကဆုန်လပြည့်(၆)ကြာ နေ့ နံနက် တချက်တီးချိန် အင်ကြင်းတော၌ကိုက် ဘွားမြင်တော်မူ၏။(၁၆)နှစ် ရှိသောအခါ ဘဒ္ဒကဉ္စနာ မင်းသမီးကို "ယသောဓရာ"ဟု အမည်သမုတ်၍ ရာဇဘိသေက ခံတော်မူပြီးလျှင် ရမ္မ, သုရမ္မ, သုဘ တည်းဟူသော ရွှေနန်း ပြာသာဒ်(၃)ဆောင်နှိုက် မင်းသမီးအပေါင်း (၄၀၀၀)ခြံရံလျက် (၁၃)နှစ် တိုင်တိုင် မင်းစည်းစိမ်ကို ခံစားတော်မူစဉ် သူအို, သူနာ, သူသေ, ရဟန်း တည်းဟူသော နိမိတ်ကြီး(၄)ပါး ထင်သဖြင့် မင်းစည်းစိမ်နှိုက် ငြီးငွေ့တော် မူ၍ သက်တော်(၂၉)နှစ် ရှိသောအခါ ထိုသင္ကရာဇ်(၉၇)ခု ဝါဆိုလပြည့်နေ့ (၂)လာနေ့ ညသန်းကောင်ယာမ်အချိန် မြင်းစီး၍ တောထွက်တော်မူ၏။ ဒုက္ကရစရိယာ(၆)နှစ်ပတ်လုံး ကျင့်တော်မူပြီး၍ သေဋ္ဌေးသမီး သုဇာတာသည် လှူအပ်သော နို့ဃနာဆွမ်းကို (၄၉)လုပ် ဘုဉ်းပေးတော်မူပြီး၍ ရွှေခွက်ကို နေရဥ္ဇရာမြစ်နှိုက် မျှောပြီးလျှင် ညချမ်းသောအခါ နတ်တို့သည် စီရင်အပ် သော လမ်းခရီးဖြင့် ဗောဓိမဏ္ဍိုင်သို့ ကြွသွားတော်မူ၍ ထိုသင္ကရာဇ်(၁၀၃)ခု ကဆုန်လပြည့် (၄)ဟူးနေ့နှိုက် နေမဝင်မီ ဒေဝပုတ္တမာရ်ကို အောင်တော်မူ၍ ညဉ့်ဦးယာမ်နှိုက် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ မင်္ဂလိမယာမ်နှိုက် ဒိဗ္ဗစက္ခု ဉာဏ်ကို ရတော်မူ၍ ပစ္ဆိမယာမ် အရုဏ်တက်အချိန်နှိုက် သဗ္ဗညုတညာဏ်သို့ ရောက်၍ ဘုရားဖြစ်တော်မူ၏။ ထိုနှစ် ဝါဆိုလပြည့် စနေနေ့ ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ ကြွသွားတော်မူ၍ ပဉ္စဝဂ္ဂိငါးဦးတို့အား ဓမ္မစက္ကပဝတ္တနသုတ် အနတ္တလက္ခဏသုတ်တရားကို ဟောတော်မူ၏၊ ထိုတော်နှိုက် ပဌမဝါကပ်တော် မူ၏။ထိုသင္ကရာဇ်(၁၀၉)ခု ဝါဆိုလပြည့်နေ့နှိုက် သာဝတ္ထိပြည် သရက်ဖြူပင်၏ အနီးနှိုက် တိတ္ထိတို့ကို နှိမ်နင်းခြင်းအကျိုးငှါ ရေ,မီး အစုံအစုံ ထွက်သော တန်းခိုးပြာဋိဟာကို ပြတော်မူ၏၊ တန်းခိုးပြာဋိဟာကို ပြတော်မူပြီးသည်၏ အဆုံးနှိုက် သုံးဘဝါးသာ နင်းသဖြင့် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ ၎င်းနှိုက် ဝါကပ်တော်မူပြီးလျှင် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားကို ဟောတော်မူ၏။ ထိုနှစ် သီတင်းကျွတ်လပြည့်နေ့ တာဝတိံသာ နတ်ပြည်မှ လူ့ပြည် သင်္ကဿနဂိုရ်မြို့သို့ သက်ကြွတော်မူ၏။ထိုသင္ကရာဇ်(၁၄၇)ခု တပိုတ့ဲ

လပြည့်နေ့နှိုက် မာရ်နတ်သည် တောင်းပန်အပ်သည်ဖြစ်၍ "ငါဘုရားသည် ဤနေ့မှ သုံးလလွန်သောအခါနှိုက် ပရိနိဗ္ဗာန် ပြုတော့အံ့"ဟု အာယုသင်္ခါရ လွှတ်တော်မူ၏။ ထိုသက္ကရာဇ်(၁၄၈)ခု ကဆုန်လပြည့် အင်္ဂါနေ့ အရုဏ်တက် အချိန်နှိုက် ဘုရားကိစ္စ ကုန်တော်မူ၍ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ၎င်း ကဆုန်လပြည့်ကျော်(၇)ရက် အင်္ဂါနေ့နှိုက် တေဇောဓာတ် လောင်တော်မူ၏။ ထိုနှစ် နယုန်လဆန်း(၅)ရက် တနင်းလာနေ့နှိုက် ဒေါဏပုဏ္ဏားသည်(၇)ပြည်ထောင် မင်းတို့အား ဓာတ်တော်ကို ဝေဖန်၏။ ထိုနှစ် ဝါခေါင်လပြည့်ကျော်(၅)ရက် သောကြာနေ့ ရာဇဂြိုဟ်ပြည် စရည်းပင်ရောက်သော လိုဏ်ဝန်ိုက် အရှင်မဟာကဿပ အမှူးရှိကုန်သော ရဟန္တာ(၅၀၀) ငါးရာတို့သည် (၇)လ ပတ်လုံး ပဌမသံဂါယနာ တင်တော်မူကြကုန်၏။

အင်္ကျဉ်းချုံး၍ ပြခြင်း

ဂေါတမဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ဘိုးတော်အဋ္ဌန မင်းကြီး ဖြိုကြွင်းသက္ကရာဇ်(၆၇)ခု ဝါဆိုလပြည့် (၅)တေးနေ့ သန်းကောင်ယာမ်အချိန် မယ်ခတော် မဟာမာယာဒေဝီမိဖုရားဝမ်းနှိုက် ပဋိသန္ဓေ တည်နေတော်မူ၏။ ထို ဖြိုကြွင်းသက္ကရာဇ်(၆၈)ခု ကဆုန်လပြည့် သောကြာနေ့ နံနက် တချက်တီးအချိန် ဘဉ်းမြင်တော်မူ၏။ သက်တော်(၁၆)နှစ်မှစ၍ (၁၃)နှစ် တိုင်တိုင် မင်းစည်းစိမ်ကို ခံစားတော်မူ၍ သက်တော်(၂၉)နှစ် ရှိသောအခါ ထိုဖြိုကြွင်းသက္ကရာဇ်(၉၇)ခုနှစ် ဝါဆိုလပြည့် (၂)လာနေ့ သန်းကောင်ယာမ်အချိန် မြင်းစီး၍ တောထွက်တော်မူ၏။ ထိုဖြိုကြွင်း သက္ကရာဇ်(၁၀၃)ခု ကဆုန်လပြည့် (၄)ဟူးနေ့ ပစ္ဆိမယာမ် အရုဏ်တက်အချိန် သမ္မာသမ္ဗောဓိသို့ ရောက်၍ ဘုရားဖြစ်တော်မူ၏။ ထိုနှစ် ဝါဆိုလပြည့် (၇)နေ့ ဓမ္မစကြာတရား ကို ဟောတော်မူ၏။ ထိုဖြိုကြွင်းသက္ကရာဇ်(၁၀၉)ခု ဝါဆိုလပြည့် ယမိုက်ပြာဋိဟာကို ပြတော်မူ၏၊ ထိုယမိုက်ပြာဋိဟာကို ပြတော်မူပြီးသည်၏ အဆုံးနှိုက် တာဝတိံသာနတ်ပြည်သို့ အဘိဓမ္မာတရားကို ဟောတော်မူအံ့သောငှါ ကြွသွားတော်မူ၏။ ထိုနှစ် သီတင်းကျွတ်လပြည့်နေ့ တာဝတိံသာနတ်ပြည်မှ လူ့ပြည် သင်္ကန်းသွမ်းသို့ သက်ကြွတော်မူ၏။ ထို ဖြိုကြွင်းသက္ကရာဇ်(၁၄၇)ခု တပိုတ့ဲလပြည့်နေ့ ပရိနိဗ္ဗာန် ပြုတော့အံ့ဟု အာယုသင်္ခါရ လွှတ်တော်မူ၏။

ထိုဖြိုကြွင်းသက္ကရာဇ်(၁၄၈)ခု ကဆုန်လပြည့် (၃)ဂ်ါနေ့ အရုဏ်တက်အချိန် ဘုရားကိစ္စကုန်တော်မူ၍ ခန္ဓပရိနိဗ္ဗာန် ပြုတော်မူ၏။ ၎င်းကဆုန်လပြည့်ကျော် (၇) ရက် အင်္ဂါနေ့ တေဇောဓာတ် လောင်တော်မူ၏။ ထိုနှစ် နယုန်လ ဆန်း(၅)ရက် တနင်းလာနေ့ ဒေါဏပုဏ္ဏားသည် ဓာတ်တော်ကို ဝေဖန်၏။ ထိုနှစ် ဝါခေါင်လပြည့်ကျော်(၅)ရက် သောကြာနေ့မှစ၍ ရာဇဂြိုဟ်ပြည် စရည်းပင်ရောက်သော လိုဏ်ဝန္ဒိုက် အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာ (၅၀၀)ငါးရာတို့သည်(၇)လပတ်လုံး ပဌမသံဂါယနာ တင်တော်မူကြကုန်၏။ ဤသို့ ခုနှစ် သက္ကရာဇ် လ ရက် နေ့တို့ကို မှတ်အပ်၏။

မှတ်ချက်—အဋ္ဌကထာ, ဋီကာတို့နိုက် ခုနှစ် သက္ကရာဇ် မပါသော်လည်း ဘိုးတော်အဋ္ဌနမင်းကြီး ဖြိုကြွင်းသက္ကရာဇ်ကို အစဲပြု၍ ရှေးဆရာ တော်ကြီးတို့သည် အရာဌာနအား လျော်စွာ အသီးသီး ရေးပြထားသည်ကို ပေါင်းစု၍ ပြသည်ဟု မှတ်အပ်၏။

ဝဿ မာသ ဒိန ဝိနိစ္ဆယ ပြီးပြီ။

အနိစ္စ ဒုက္ခ အနတ္တပုဒ်တို့၏

လက္ခဏာဒိစတုက္က ဝိနိစ္ဆယ

ရေဦးမြို့ မြင်းကျကျောင်း ဘုန်းကြီး 'ဦးကောဏ္ဍည'က အနိစ္စ ဒုက္ခ အနတ္တ ပုဒ်တို့၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနကို လျှောက်ထားရာနိုက်—

အဋ္ဌကထာ,ဋီကာတို့နိုက် အနိစ္စ,ဒုက္ခ,အနတ္တပုဒ်တို့၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနတို့ကို တိုက်ရိုက် ထုတ်၍ပြသော ပါဠိကို မတွေ့ဘူးချေ။ အောက်ပါအတိုင်းသာ တွေ့မြင်ရ၏။ အဋ္ဌသာလိနီ အဋ္ဌကထာနိုက် ရှုပဿ အနိစ္စတာ၏ လက္ခဏာ စသည်ကို—

(က) ပရိဘေဒလက္ခဏာ ရှုပဿ အနိစ္စတာ၊ သံသီဒနရသာ၊ ခယ ဝယပစ္စုပဋ္ဌာနာ၊ပရိဘိဇ္ဇမာနရူပ ပဒဋ္ဌာနာ။—ဟုပြတော်မူ၏။

အနက် ရူပဿ၊ ရုပ်၏။ အနိစ္စတာ၊ မမြဲသည်၏ အဖြစ်သည်။ ပရိဘေဒ လက္ခဏာ၊ ထက်ဝန်းကျင်မှ ပျက်ခြင်းလက္ခဏာရှိ၏။ သံသီဒန ရသာ၊ရုပ်တို့ကို နစ်စေခြင်းကိစ္စရှိ၏။ ခယဝယပစ္စုပဋ္ဌာနာ၊ရုပ်တို့၏ ကုန်ခြင်း ပျက်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ပရိဘိဇ္ဇမာနရူပပဒဋ္ဌာနာ၊ပျက်ဆဲ ဖြစ်သော ရုပ်လျှင် နီးစ်ဘာအကြောင်းရှိ၏။

သမ္မောဟဝနောဒနအဋ္ဌကထာ သစ္စဝဘင်းအဖွင့်နှုက—

(ခ) ဗာဓနလက္ခဏံ ဒုက္ခသစ္စံ၊သန္တာပန ရသံ၊ပဝတ္တိ ပစ္စုပဋ္ဌာနံ။—ဟု ပြတော်မူ၏။း

အနက် ဒုက္ခသစ္စံ၊ဒုက္ခသစ္စာသည်။ ဗာဓနလက္ခဏံ၊သတ္တဝါတို့ကို နှိပ်စက်ခြင်းလက္ခဏာရှိ၏။ သန္တာပန ရသံ၊ သတ္တဝါတို့ကို ပူပန်စေခြင်းကိစ္စရှိ၏။ပဝတ္တိပစ္စုပဋ္ဌာနံ၊အစဉ်မပြတ် ဖြစ်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ဝါ၊သတ္တဝါတို့၏ သန္တာန်နှုက် အစဉ်မပြတ်ဖြစ်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်တတ်၏။ (ပဒဋ္ဌာန် မဟာ)။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဣန္ဒြိယသစ္စနိဒ္ဒေသနှုက်—

(ဂ) ဒုက္ခံနာမ ကာယိကံ ဒုက္ခံ။ တံ ကာယပီဠနလက္ခဏံ၊ ဒုပ္ပညာနံ ဒေါမနဿကရဏ ရသံ၊ ကာယိကာဗာဓ ပစ္စုပဋ္ဌာနံ။ ဒေါမနဿံနာမ မာနသံ ဒုက္ခံ၊ တံ စိတ္တပီဠန လက္ခဏံ၊ မနောဝိဃာတ ရသံ၊ မာနသဗျာဓိ ပစ္စုပဋ္ဌာနံ။—ဟု ပြတော်မူ၏။

အနက် ကာယိကံ၊ကိုယ်နှုက်ဖြစ်သော။ ဒုက္ခံ၊ဒုက္ခသည်။ ဒုက္ခံနာမ၊ဒုက္ခမည်၏။ တံဒုက္ခံ၊ ထိုဒုက္ခသည်။ ကာယပီဠနလက္ခဏံ၊ ကိုယ်ကိုနှိပ်စက်ခြင်း လက္ခဏာရှိ၏။ ဒုပ္ပညာနံ၊ပညာမရှိကုန်သော သူတို့၏။ဝါ၊အား။ ဒေါမနဿကရဏရသံ၊စိတ်နှလုံး မသာမယာခြင်း ဒေါမနဿကို ပြုခြင်းကိစ္စရှိ၏။ ကာယိကာဗာဓပစ္စုပဋ္ဌာနံ၊ ကိုယ်နှုက်ဖြစ်သော အနာအားဖြင့် ထင်သော အခြင်းအရာရှိ၏။ဝါ၊ကိုယ်နှုက်ဖြစ်သော အနာဟူ၍ ဉာဏ်အား ရှေးရှုထင်တတ်၏။ မာနသံ၊ စိတ်နှုက်ဖြစ်သော။ ဒုက္ခံ၊ သည်။ ဒေါမနဿံနာမ၊ မည်၏။ တံ၊ ထိုဒေါမနဿသည်။ စိတ္တပီဠနံလက္ခဏံ၊ စိတ်ကို ညှဉ်းဆဲနှိပ်စက်ခြင်း လက္ခဏာရှိ၏။ မနောဝိဃာတရသံ၊ စိတ်ကို ဖျက်ဆီး ညှဉ်းဆဲခြင်းကိစ္စ

ရှိ၏။ မာနသဗျာဓိပစ္စုပဋ္ဌာနာ၊စိတ်နှိုက်ဖြင်သော အနာအားဖြင့် ထင်သော အခြင်းအရာရှိ၏။ ဝါ၊စိတ်နှလုံးနှိုက်ဖြစ်သော အနာဟူ၍ ဉာဏ်အား ရှေးရှု ထင်တတ်၏။ (ပဒဋ္ဌာန် မဟာ)။

မှတ်ချက်—အထက်ပါအတိုင်း ရူပဿ အနိစ္စတာ ဒုက္ခသစ္စာ၊ ကာယိက ဒုက္ခ စေတသိကဒုက္ခတို့၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန်ကို ပြသောအရာ ကို တွေ့မြင်ရပေ၏။ သာမညလက္ခဏာဖြစ်သော အနိစ္စ,ဒုက္ခ,အနတ္တာ တို့၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ကို ထုတ်၍ပြသော အဋ္ဌကထာ,ဋီကာတို့နှိုက် ပါဠိရပ်များကို မတွေ့မြင်ရချေ။

(ဃ) ဇာတ္တေစ အနိစ္စံ အနိစ္စလက္ခဏံ။ ဒုက္ခံ ဒုက္ခလက္ခဏံ။ အနတ္တာ အနတ္တလက္ခဏန္တိ အယံဝိဘာဂေါ ဝေဒိတဗ္ဗော။ တတ္ထ အနိစ္စန္တိ ခန္ဓပဉ္စကံ။ ကသ္မာ၊ ဥပ္ပါဒါဝယညထတ္တာဘာဝါ။ ဟုတ္ဝာ အဘာဝတော ဝါ။ ဥပ္ပါဒဝယညထတ္တံ အနိစ္စ လက္ခဏံ။ ဟုတ္ဝာ အဘာဝသမ်ါတော အာကာရဝိကာရော ဝါ။ ယဒနိစ္စံ တံ ဒုက္ခန္တိဝစနတော ပန တဒေဝ ခန္ဓပဉ္စကံ ဒုက္ခံ။ ကသ္မာ၊ အဘိဏှ သမ္ပဋိပီဠနတော။ အဘိဏှ သမ္ပဋိပီဠနာကာရော ဒုက္ခလက္ခဏံ။ ယံဒုက္ခံ တံ အနတ္တာတိ ပန ဝစနတော တဒေဝ ခန္ဓပဉ္စကံ အနတ္တာ။ ကသ္မာ၊ အဝသဝတ္တနတော။ အဝသဝတ္တနာကာရံ အနတ္တလက္ခဏံ။ ဧတိ အညဒေဝ အနိစ္စံ ဒုက္ခံ အနတ္တာ။ အညာနိ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာနိ။—

ဟူသော သမ္မောဟဝိနောဒနီ အဋ္ဌကထာ အာယတနဝိဘင်း အဖွင့်နှိုက် အနိစ္စလက္ခဏာကို "ဥပ္ပါဒဝယညထတ္တံ အနိစ္စလက္ခဏံ။ ဟုတ္ဝာ အဘာဝသမ်ါတော အာကာရဝိကာရော ဝါ" ဟု ပြ၏။ ဒုက္ခလက္ခဏာကို "အဘိဏှ သမ္ပဋိပီဠနာကာရော ဒုက္ခလက္ခဏံ" ဟု ပြ၏။ အနတ္တလက္ခဏာကို "အဝသဝတ္တနာကာရံ အနတ္တလက္ခဏံ" ဟု ပြ၏။ (ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနတို့ကို မပြ)။

အထက်ပါ အာယတနဝိဘင်း အဋ္ဌကထာအရကိုသာ ယူ၍ အနိစ္စ, ဒုက္ခ, အနတ္တတို့၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနကို အတ္တနောမတိအားဖြင့် ပြပေအံ့။

၁ အနိစ္စံ ဥပ္ပါဒဝယညထတ္တာ လက္ခဏံ။ ဟုတ္ဝာ အဘာဝါ ကာရဏိကာရလက္ခဏံ ဝါ။ ဥဒယဗ္ဗယ ရသံ။ ခယ ရသံ ဝါ။ အနဝဋ္ဌိတ ပစ္စုပဋ္ဌာနံ။ ဥပ္ပဇ္ဇမာန နာမရူပ ပဒဋ္ဌာနံ။

၂ ဒုက္ခံ အဘိဏှသမ္ပဋိပီဠန လက္ခဏံ။ အဘိဏှသမ္ပဋိပီဠနာကာရ လက္ခဏံ ဝါ။ ဘယကရ ရသံ။ ဘယဘေရဝ ပစ္စုပဋ္ဌာနံ။ ဒုက္ခမ ပစ္စုပဋ္ဌာနံ ဝါ။ ဥပ္ပဇ္ဇမာန နာမရူပ ပဒဋ္ဌာနံ။

၃ အနတ္တာ အဝသဝတ္တနာကာရ လက္ခဏာ။ အတ္တသုည ရသာ။ အသာမိက ပစ္စုပဋ္ဌာနာ။ ဥပ္ပဇ္ဇမာန နာမရူပ ပဒဋ္ဌာနာ။

အနက် ၁။ အနိစ္စံ၊ ခန္ဓာငါးပါး ဟုဆိုအပ်သော အနိစ္စသည်။ ဥပ္ပါဒဝယညထတ္တာလက္ခဏံ၊ ဖြစ်ခြင်း, ပျက်ခြင်းအားဖြင့် ဖေါက်ပြန်သည်၏ အဖြစ်လျှင် မှတ်ကြောင်းလက္ခဏာရှိ၏။ ဝါ၊ တနည်းကား။ ဟုတ္ဝာ အဘာဝါကာရဝိကာရလက္ခဏံ၊ဖြစ်ပြီး၍ ထင်ရှားမရှိသည်၏အဖြစ် ဟုဆိုအပ်သော အခြင်းအရာအားဖြင့် ဖေါက်ပြန်ခြင်း လက္ခဏာရှိ၏။ ဥဒယဗ္ဗယရသံ၊ ဖြစ်ခြင်း, ပျက်ခြင်းကိစ္စရှိ၏။ ဝါ၊ကား။ ခယရသံ၊ကုန်ခြင်းကိစ္စရှိ၏။ အနဝဋ္ဌိတ ပစ္စုပဋ္ဌာနံ၊အမြဲမတည်သောအဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ ဝါ၊အမြဲမတည်သော တရားဟူ၍ ဉာဏ်အား ရှေးရှု ထင်တတ်၏။ ဥပ္ပဇ္ဇမာနနာမရူပ ပဒဋ္ဌာနံ၊ဖြစ်ဆဲဖြစ်သော နာမ်,ရုပ်တရားလျှင် နီးစွာသောအကြောင်းရှိ၏။

၂။ ဒုက္ခံ၊ ခန္ဓာငါးပါး ဟုဆိုအပ်သော ဒုက္ခသည်။ အဘိဏှသမ္ပဋိပီဠန လက္ခဏံ၊ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် မပြတ် အဖန်တလဲလဲ နှိပ်စက်ညှဉ်းဆဲခြင်း လက္ခဏာရှိ၏။ ဝါ၊တနည်းကား။ အဘိဏှသမ္ပဋိပီဠနာကာရလက္ခဏံ၊ဖြစ်ခြင်း ပျက်ခြင်းအားဖြင့် မပြတ် အဖန်တလဲလဲ နှိပ်စက်ညှဉ်းဆဲသော အခြင်းအရာ အားဖြင့်မှတ်ကြောင်းလက္ခဏာရှိ၏။ ဘယကရရသံ၊ကြောက်မက်ဖွယ်ကောင်း သော ဘေးကြီးကို ပြုတတ်သော ကိစ္စရှိ၏။ ဘယဘေရဝပစ္စုပဋ္ဌာနံ၊ကြောက်မက်ဖွယ်ကောင်းသော ဘေးကြီးဟူသော ထင်သော အခြင်းအရာရှိ၏။ ဝါ၊ကား။ ဒုက္ခမပစ္စုပဋ္ဌာနံ၊ သည်းခံနိုင်ခဲသော တရားဟူ၍ ဉာဏ်အား ရှေးရှု ထင်တတ်၏။ ဥပ္ပဇ္ဇမာန နာမရူပ ပဒဋ္ဌာနံ၊ ဖြစ်ဆဲဖြစ်သော နာမ်, ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

၄။ အနတ္တာ၊ခန္ဓာငါးပါး ဟုဆိုအပ်သော အနတ္တသည်။အဝသဝတ္တနာ ကာရလက္ခဏာ၊တစုံတယောက်သောသူ၏ အလိုသို့ မလိုက်မပါသော အခြင်း အရာအားဖြင့် မှတ်ကြောင်းလက္ခဏာ ရှိ၏။ အတ္တသုညရသာ၊ အတ္တမှ ဆိတ် ခြင်းကိစ္စရှိ၏။ အသာမိကပစ္စုပဋ္ဌာနာ၊အစိုးမရသော အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ ဝါ၊အစိုးရသောသူ မရှိသောတရားဟူ၍ ဉာဏ်အား ရှေးရှု ထင်တတ်၏။ ဥပပဇ္ဇမာနနာမရူပပဒဋ္ဌာနာ၊ ဖြစ်ဆဲဖြစ်သော နာမ်, ရုပ်တရား လျှင် နီးစွာသော အကြောင်းရှိ၏။

မှတ်ချက်—အနိစ္စသည် သရုပ်အားဖြင့် ခန္ဓာငါးပါးပင် ဖြစ်၍ ဖြစ်ခြင်း, ပျက်ခြင်း အမြဲရှိသောကြောင့် "ဥဒယဗ္ဗယ ရသံ"ဟု ကိစ္စရသကို ထုတ်သည်။ "အနိစ္စံ ခယဋ္ဌေန"ဟု သံယုတ် ပါဠိတော်နှိုက် ဟောတော်မူသောကြောင့် "ခယရသံဝါ"ဟု ထုတ်သည်။ ဖြစ်ခြင်း,ပျက်ခြင်း ဥပါဒ် ဘင်ရှိ၍"အနဝဋ္ဌိတ ပစ္စုပဋ္ဌာနံ"ဟု ထုတ်သည်။အဝိဇ္ဇာ တဏှာ ကံ ဥပါဒါန် တရားသည် နာမ်,ရုပ်တရား၏ ဝေးသော အကြောင်းဖြစ်၍ ပဒဋ္ဌာန်မထုတ်ဘဲ ခန္ဓာငါးပါး နာမ်,ရုပ်တရား ဖြစ်ဆဲဖြစ်မှသာလျှင် အနိစ္စ, ဒုက္ခ, အနတ္တဟူသော သာမည မှတ်ကြောင်းလက္ခဏာ ဖြစ်သင့်သောကြောင့် "ဥပပဇ္ဇမာနနာမ ရူပ ပဒဋ္ဌာနံ"ဟု ပဒဋ္ဌာန်ကို ထုတ်သည်ဟု မှတ်။ "ဒုက္ခံ ဘယဋ္ဌေန"ဟု ဟောတော်မူသောကြောင့် ဒုက္ခံနှိုက် "ဘယကရရသံ ဘယဘေရဝပစ္စုပဋ္ဌာနံ"ဟု ထုတ်သည်။ "ဒုက္ခံ ဒုက္ခမတော"ဟု အဋ္ဌကထာ ပြသောကြောင့် "ဒုက္ခမပစ္စုပဋ္ဌာနံ"ဟု ထုတ်သည်။ အနတ္တနှိုက် "အနတ္တာ အသာရကဋ္ဌေန"ဟု ဟောတော်မူသောကြောင့် "အတ္တသုညရသာ အသာမိကတော"ဟု အဋ္ဌကထာနှိုက် ပြသောကြောင့် "အသာမိက ပစ္စုပဋ္ဌာနာ"ဟု ထုတ်သည်ဟု မှတ်။

လက္ခဏာဒိစတုက္က ဝိနိစ္ဆယ ပြီးပြီ။

မဂဓဘာသာကထန ဝိနိစ္ဆယ

မဂဓဘာသာကို ဗြဟ္မာတို့မှတပါး အာကာသဋ္ဌ နတ်ဟူသမျှပင် ပြောကြ မပြောကြကို အထောက်သာဓက ခိုင်ခိုင် မ,ဝတော်မူပါဘုရားဟု ဆရာတော် ဦးဇဃန္တ မေးလျှောက်ရာ၌က်—

ရှုပသိဒ္ဓိ စာကိုယ်,မဓုဋ္ဌီကာ,သုတ်သီလက္ခန်ဋ္ဌီကာသစ်,ကာရိကာသဒ္ဒါငယ် ကျမ်းတို့၌က်—

(က) သာမာဂဓိ မူလဘာသာ၊ နရာယာယာဒိကပ္ပိကာ။
ဗြဟ္မာနောစာသုတလာပါ၊ သမ္မုဒ္ဓါစာဝိ ဘာသရေ။

ဟူသောဂါထာဖြင့် မြတ်စွာဘုရား, ဗြဟ္မာ, ကမ္ဘာဦးနှိုက် ဖြစ်သောလူ, အသုတလာပ-သူတပါးတို့၏ ဘာသာစကားကို မကြားဘူးသော ကလေး သူငယ်တို့သည် မဂဓဘာသာစကားကို ပြောဆိုကြကုန်၏ဟု ပဓာနနည်း, ဥပလက္ခဏနည်းအားဖြင့် တစိတ်တဒေသကိုသာ ပြတော်မူကြကုန်၏။ စင်စစ်အားဖြင့် မြတ်စွာဘုရား,ပစ္စေကဗုဒ္ဓါ အရိယာသာဝက,အသည်သတ်ဘုံ,အရှုပလေးဘုံနှိုက်ဖြစ်သော ဗြဟ္မာတို့ကိုထား၍ အလုံးစုံသောဗြဟ္မာ ကမ္ဘာဦးလူနှင့်တကွ လူ့ပြည်လောကနှိုက်ဖြစ်သော လူမနုဿ စာတုမဟာရာဇ်စသော နတ်ပြည် ခြောက်ထပ်နှိုက် ဖြစ်သော နတ်များ နတ်အသုရာများ ဘီလူးများ ငရဲဘုံနှိုက်ဖြစ်သော ယမမင်း နိရယပါလများနှင့်တကွ ငရဲသူသတ္တဝါများ တိရစ္ဆာန်ဘုံနှိုက်ဖြစ်သော တိရစ္ဆာန်သတ္တဝါများ ပြိတ္တာဘုံနှိုက် ဖြစ်သော ပြိတ္တာများ အသုရကာယ်ဘုံနှိုက် ဖြစ်သော အသုရကာယ်များ နတ်အသုရာများ ဤအလုံးစုံတို့သည် များသောအားဖြင့် မဂဓဘာသာစကားကိုသာလျှင် ပြောဆိုကြကုန်၏ဟု သိမှတ်အပ်ကုန်၏။

မှတ်ချက်—ဘုရား,ဗြဟ္မာ,နတ်တို့ကိုထား၍ ကြွင်းသောသူတို့သည် အပွဂအားဖြင့် သဂ သဂဘာသာကို ပြောဆိုကြကုန်သေး၏ဟု မှတ်အပ်၏။ ထိုကြောင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာနှိုက်—

(ခ) ယောဝိ အဂါမကေ မဟာအရညေ နိဗ္ဗတ္တောဝါတတ္ထ အညော ကထေန္တောနာမ နတ္ထိ။ သောဝိ အတ္တနော ဓမ္မတာယ ဝစနံ သမုဋ္ဌာပေန္တော မဂဓဘာသမေဝ ဘာသိဿတိ။

နိရယေ တိရစ္ဆာနယောနိယံ ပေတ္တိဝိသယေ မနုဿလော
ကေ ဒေဝလောကေတိ သဗ္ဗတ္ထ မဂဓဘာသာဝ ဥဿန္နာ။
တတ္ထ သေသာ ဩန္ဒ ကိရာတ အန္ဓက ယောနက ဒမိဠ
ဘာသာဒိကာ အဋ္ဌာရသ ဘာသာ ပရိဝတ္တန္တိ။အယမေကာ
ယထာဘုစ္စ ဗြဟ္မဝေါဟာရ အရိယဝေါဟာရ သခ်ါတာ
မဂဓဘာသာ နု ပရိဝတ္တတိ။ သမ္မာသမ္ဗုဒ္ဓေါဝိ တေဝိဉ္ဇကံ
ဗုဒ္ဓဝစနံ တန္တိ ံ အာရောပေန္တော မဂဓဘာသာယဝေ အာ
ရောပေသိ။—ဟု ပြတော်မူ၏။ (သီဟိုဠ် အရှင်မဟာနာမ
ထေရ် ရေးသော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာနှိုက်လည်း ယင်း
အတူပင် လာ၏)။

ဌင်း မူလဋီကာနှိုက်လည်း တိရစ္ဆာန် မဂဓဘာသာ ပြောဆိုကြောင်းကို—

(ဂ) ဆဒ္ဒန္တဝါရဏ တိတ္တိရဇာတကာဒိသု တိရစ္ဆာန္နေသုစ မဂဓ
ဘာသာ ဥဿန္နာ။ နု သြန္ဒကာဒိဘာသာ ကတ္ထဉ္စဝါ။
တတ္ထ ဟိ မဂဓ သေသဘာသာသု သေသာ ပရိဝတ္တန္တိ။
ကေန္တေန ကာလန္တရေ အညထာ ဟောန္တိ။ ဝိနသ္တန္တိစ။
မဂဓာ ပန ကတ္ထစိ ကဒါစိ ပရိဝတ္တန္တိဝိ။ နု သဗ္ဗတ္ထ သဗ္ဗဒါ
သဗ္ဗထာစ ပရိဝတ္တတိ။ ကပ္ပဝိနာသေဝိ တိဋ္ဌတိယေဝါတိ
အယမေဝေကာ နု ပရိဝတ္တတိတိ။—ဟု ပြ၏။

အနုဋီကာနှိုက်လည်း ဗြဟ္မဉ့ပြည့်,နှတ်ပြည့်တို့နှိုက် အဓဖါက်အပြန် မရှိ
မဂဓဘာသာ အမြဲတည်ကြောင်းကို—

(ဃ) မနုဿာနံ ဒုရုဂ္ဂဟဏာဒိနာ ကတ္ထစိ ကဒါစိ ပရိဝတ္တန္တိဝိ။
ဗြဟ္မလောကာဒိသု ယထာသဘာဝေနေဝ အဝဋ္ဌာနတော
နု သဗ္ဗတ္ထ သဗ္ဗဒါ သဗ္ဗထာစ ပရိဝတ္တတိ။ တေနာဟ ကပ္ပ
ဝိနာသေဝိ တိဋ္ဌတိဇေါတိ။—ဟူ၍ ပြတော်မူ၏။

ဤ အနုဋီကာနှိုက် မှတ်ချက်—“ ဗြဟ္မလောကာဒိသု ” ဟူသော ပုဒ်နှိုက်
အာဒိသဒ္ဒါဖြင့် စာတုမဟာရာဇ်စသော နှတ်,ဘီလူးတို့ကို ယူအပ်၏။
“အဝဋ္ဌာနတော”စသောပါဠိဖြင့် မဂဓဘာသာ ဖေါက်ပြန်ခြင်းမရှိ
အမြဲတည်ကြောင်းကို ပြ၏။

အထူးမှတ်ချက်—အထက်ပါ အဋ္ဌကထာန္သိုက် "ဗြဟ္မဝေါဟာရ" ဟူသော ဝိသေသနပါဒ်ဖြင့် ဗြဟ္မာကို ပြ၏။ "အရိယဝေါဟာရ" ဟူသော ဝိသေသနပါဒ်ဖြင့် ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့ကို ပြ၏။ အသုရကာယ်, နတ်အသုရာ, ဘီလူးတို့ကို နိတ္ထ မပြငြားသော်လည်း နေယျတ္ထအားဖြင့် "ပေတ္တိဝိသယ" သဒ္ဒါဖြင့် ပေတအသုရကာယ်ကို ယူအပ်၏။ "ယမဿ ရညော်တိ ယမရာဇာနာမ ဝေမာနိက ပေတ ရာဇာ" ဟု အဂ်ုတ္တရအဋ္ဌကထာန္သိုက် ဆိုသောကြောင့် ယမမင်း နိရယပါလကိုလည်း ယူအပ်၏။ "ဒေဝလောက" သဒ္ဒါဖြင့် ဝေပစိတ္တိ အစရှိသော နတ်အသုရာ, အာဠဝက အစရှိသော ဘီလူးတို့ကိုလည်း ယူအပ်၏။

ဗြဟ္မာများမဂဓဘာသာပြောဆိုခြင်းသည် ဗြဟ္မနိမန္တနသုတ်, ဗြဟ္မသံယုတ် အစရှိသည်နှိုက် အလွန်ထင်ရှား၏။ နတ်များ မဂဓဘာသာ ပြောဆိုခြင်းသည် သက္ကပဉ္ဉသုတ်, သက္ကသံယုတ်, ဒေဝတာသံယုတ်, မဟာသမယသုတ်, အာဠဝနာဋိယသုတ်, မာရတဇ္ဇနသုတ်, ဝိမာနဝတ္ထုပါဠိတော် အစရှိသည်တို့နှိုက် အလွန်ထင်ရှား၏။ ဘီလူးများ မဂဓဘာသာ ပြောဆိုခြင်းသည် အာဠဝကသုတ်, ဟေမဝတသုတ်, သုစိလောမသုတ် စသည်တို့နှိုက် အလွန်ထင်ရှား၏။ ပြိတ္တာအသုရကာယ်တို့ မဂဓဘာသာ ပြောဆိုခြင်းသည် ပေတဝတ္ထုပါဠိတော် စသည်တို့နှိုက် အလွန်ထင်ရှား၏။ ယမမင်း, ငရဲသူသတ္တဝါတို့ မဂဓဘာသာ ပြောဆိုခြင်းသည် ဒေဝဒူတသုတ် စသည်တို့နှိုက် အလွန်ထင်ရှား၏။ တိရစ္ဆာန်များ မဂဓဘာသာ ပြောဆိုခြင်းသည် ဆဒ္ဒန္တဇာတ်, တိတ္တိရဇာတ်, တေသကုဏဇာတ်, သုဝဏ္ဏမိဂဇာတ်, ဝလာဟကဇာတ်, မဟာဟံသဇာတ်, ဝါနရဇာတ်, သိင်္ဂါလဇာတ် အစရှိသည်တို့နှိုက် အလွန်ထင်ရှား၏။ ဝလာဟကဇာတ်ဋီကာန္သိုက် "မနုဿ ဝါစန္တိ မနုဿာနံ ဝါစံ။ မဂဓဘာသန္တိ အတ္ထော" ဟု ဖွင့်ပြ၏။

မဂဓဘာသာကထန ဝိနိစ္ဆယ ပြီးပြီ။

ပရိတ်ရွတ်ဖတ်နည်း နိဿယည်း

ပဏာမ ပဒီဿာဒ်ိက် ပြုခြင်း

မဟာကာရုဏိကံ ဗုဒ္ဓံ၊ သဗ္ဗဉ္ဉုတ္တရာယ ဝိဒ္ဒသံ။
ဝန္ဒေ ကသိဏံ ဟိတတ္ထဉ္စ၊ ပရိတ္တာဘဏ နိဿယံ။

အဟံ၊ငါသည်။ မဟာကာရုဏိကံ၊သတ္တဝါတို့အား ကြီးမြတ်သော သနားခြင်း ကရုဏာရှိတော်မူထသော။ သဗ္ဗဉ္ဉုတ္တရာယ ဝိဒ္ဒသံ၊အလုံးစုံ ဘေးအန္တရာယ် အပေါင်းကို ဖျက်ဆီးတော်မူတတ်ထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဝန္ဒေ ဝန္ဒာမိ၊ရှိခိုးပါ၏။ ဝန္ဒိတ္ဝာ၊ရှိခိုးပြီး၍။ ဒေဝမနုဿာနံ၊နတ်,လူတို့၏။ (သမ္မန်ထည့်)။ ဟိတတ္ထဉ္စ၊ ချမ်းသာခြင်း အစီးအပွါးအကျိုးငှါလည်း။ ပရိတ္တာဘဏ နိဿယံ၊ပရိတ်ရွတ်ဖတ်နည်း မှိရာနိဿယည်းကို။ ကသိဏံ ကရိဿာမိ၊ရေးသားခြင်းကို ပြုပေအံ့။

"ပရိသမန္တတော ဘယံ တာယတိ ရက္ခတီတိ ပရိတ္တံ"။—ယံသုတ္တံ၊အကြင်သုတ်သည်။ ပရိသမန္တတော၊ထက်ဝန်းကျင်မှ။ ဘယံ၊ရောဂါ ဝေဒနာစသော ဘေးကို။ တာယတိ ရက္ခတိ၊စောင့်ရှောက်တတ်၏။ ဣတိတသ္မာ၊ထိုသို့ စောင့်ရှောက်တတ်သော သတ္တိကြောင့်။ တံသုတ္တံ၊ ထိုသုတ်သည်။ ပရိတ္တံ၊ ပရိတ်မည်၏။

ထိုပရိတ်တော်ကို ရွတ်ဖတ်ရာ၌က် နာယူသောသူတို့အား အန္တရာယ်ကင်းခြင်း အစရှိသော အကျိုးအာနိသင်ကို ရခြင်းသည် အကျဉ်းမူလ အင်္ဂါအား ဖြင့် (၆) ပါး အပြားရှိ၏၊ ထို (၆) ပါးတို့တွင် ရွတ်သောပုဂ္ဂိုလ်၏ အင်္ဂါ (၃)ပါး, နာယူသောပုဂ္ဂိုလ်၏ အင်္ဂါ(၃)ပါး ဤသို့ (၆)ပါး ဖြစ်၏။

ပရိတ်ရွတ်သော ပုဂ္ဂိုလ်၏ အင်္ဂါ (၃) ပါးကို ပြုခြင်း

၁ ပရိတ်ပါဠိတော်၏ ပုဒ်,ပါဒ်,အက္ခရာကို ကျနမှန်ကန်စွာ ရွတ်ဆို နိုင်ခြင်း၊

၂ ပရိတ်ပါဠိတော်၏ အနက်,အဓိပ္ပါယ်ကို သိခြင်း၊

၃ လာဘ်ပူဇော်သကာကို မငဲ့ကွက်ဘဲ မေတ္တာ,ကရုဏာ ရှေသွား ရှိသော စင်ကြယ်သော စိတ်ဖြင့် ရွတ်ခြင်း....ဤ (၃) ပါး တည်း။

၄ လာဘ်ပူဇော်သကွာရ မငဲ့ကွက်ခြင်း ဟူသော အင်္ဂါ(၁)ပါးကို ထည့်၍ အင်္ဂါ(၄)ပါး ရှိ၏ဟူ၍လည်း ဆိုသင့် ဆိုထိုက်၏။

လင်္ကာ— ၁ သဒ္ဓါလည်းစင်၊ အနက်ထင်၊ သက်ဝင် မေတ္တာထား။
၂ ရွတ်သူတို့မှာ၊ အင်သုံးဖြာ၊ မှတ်ပါ ကျမ်းစကား။
၃ လာဘ်မငဲ့ကွက်၊ ထည့်ကာစွက်၊ မှတ်ချက် အင်္ဂလေးပါး။

ပရိတ်ဖွင့်ခြင်း၏ ဇာကျိုး ခွဲ,မခွဲကို ပြခြင်း

အထက် ဖေါ်ပြရာပါ အင်္ဂါ(၃)ပါး, အင်္ဂါ(၄)ပါးနှင့် ပြည့်စုံစွာ ရွတ်မှ သာလျှင် ပရိတ်တော်၏ တန်းခိုးအာနုဘော်ကြီးမြတ်၍ နာသောသူတို့အား မျက်မှောက် ပစ္စက္ခနိုက် ဘေးအန္တရာယ် ကင်းပျောက်၍ ချမ်းသာခြင်းသို့ ရောက်နိုင်၏၊ ၎င်းအင်္ဂါနှင့် မပြည့်စုံလျှင် အလိုရှိအပ် တောင့်တအပ်သော အကျိုးမပြီးဟု မှတ်အပ်၏။ ထိုကြောင့် ပါဌေယျပါဠိတော် အာဋာနာဋိယသုတ် အဋ္ဌကထာနိုက်—

သုဂ္ဂဟိတာတိ အတ္ထဉ္စ ဗျဉ္ဇနဉ္စ ပဋိသောဓေတွာ သုဋ္ဌု ဥဂ္ဂဟိတာ။ သမတ္တာ ပရိယာ ပုဒ္ဓာတိ ပဒဗျဉ္ဇနာနိ အဟာပေတွာ ပရိပုဏ္ဏာ ဥဂ္ဂဟိတာ။ အတ္ထမ္မိ ပါဋိမ္မိ ဝိသံဝါဒေတွာ သမ္မသော ဝါပန အပ္ပဂုဏံ ကတွာ ဘဏန္တသ ဟိ ပရိတ္တံ တေဇဝန္တံ နဟောတိ၊ သမ္မသော ပဂုဏံ ကတွာ ဘဏန္တသေဝ တေဇဝန္တံ ဟောတိ။ လာဘဟေတု ဥဂ္ဂဟေတွာ ဘဏန္တသပိ အတ္ထံ နသာဓေတိ။ နိဿရဏပဋ္ဌေ ဌတွာ မေတ္တံ ပုရေစာရိကံ ကတွာ ဘဏန္တသေဝ အတ္ထာယ ဟောတီတိ ဒသေတိ။ —ဟု ပြတော်မူ၏။

အနက် သုဂ္ဂဟိတာတိ၊သုဂ္ဂဟိတာဟူသည်ကား။ အတ္ထဥ္စ၊ပါဠိ၏ အနက်ကိုဂင်း။ ဗျဉ္ဇနဥ္စ၊ ပုဒ်အက္ခရာကိုဂင်း။ ပဋိဝိသောဓေတွာ၊ အဖန်တလဲလဲ သုတ်သင်ပြီး၍။ သုဋ္ဌု၊ကောင်းစွာ။ ဥဂ္ဂဟိတာ၊ သင်ယူအပ်ကုန်၏။ သမတ္တာ ပရိယာပုဋ္ဌာတိ၊ကား။ပဒဗျဉ္ဇနာနိ၊ပုဒ်အက္ခရာတို့ကို။အဟာပေတွာ၊ မယုတ်စေမူ၍။ ပရိပုဏ္ဏာ၊ပြည့်စုံကုန်သည်။ဟုတွာ၊ဖြစ်၍။ ဥဂ္ဂဟိတာ၊သင်ယူအပ်ကုန်၏။ အတ္ထမ္မိ၊ပါဠိ၏အနက်ကိုဂင်း။ ပါဠိမ္မိ၊ပါဠိကိုဂင်း။ ဝိသံဝါဒေတွာ၊ ချွတ်ယွင်းစေ၍။ ဝါပန၊ တနည်းသော်ကား။ အပဂုဏံ၊ မလေ့လာသည်ကို။ ကတွာ၊ပြု၍။ ဘဏ္ဍန္တဿ၊ရွတ်ဆိုသောရဟန်း၏။ ပရိတ္တံ၊ပရိတ်သည်။ တေဇဝန္တံ၊ တန်းခိုးအာနုဘော်ရှိသည်။ နဟောတိ၊ မဖြစ်။ သဗ္ဗသော၊ အချင်း ခပ်သိမ်း။ ပဂုဏံ၊လေ့လာသည်ကို။ ကတွာ၊ ပြု၍။ ဘဏ္ဍန္တဿဝ၊ ရွတ်ဆိုသောရဟန်း၏သာလျှင်။ပရိတ္တံ၊ပရိတ်သည်။တေဇဝန္တံ၊တန်းခိုးအာနုဘော်ရှိသည်။ ဟောတိ၊၏။ လာဘဟေတု၊လာဘ် ပူဇာသက္ကာရ တည်းဟူသောအကြောင်းကြောင့်။ ဥဂ္ဂဟေတွာ၊ သင်ယူပြီး၍။ ဘဏ္ဍန္တဿပိ၊ ရွတ်ဆိုသော ရဟန်း၏လည်း။ ပရိတ္တံ၊ ပရိတ်သည်။ အတ္ထံ၊ အလိုရှိအပ်သော အနက်ကို။ ဒေသေတိ၊ မပြီးစေနိုင်။ ပန၊ စင်စစ်သော်ကား။ (ထည့်)။ နိဿရဏပက္ခေ၊ သံသရာဝဋ်မှ ထွက်မြောက်ကြောင်း အဖို့နှိုက်။ ဌတွာ၊တည်၍။ မေတ္တံ၊မေတ္တာကို။ ပုရေစာရိကံ၊ရှေ့နှိုက်ဖြစ်သည်ကို။ကတွာ၊ ပြု၍။ ဘဏ္ဍန္တဿဝ၊ ရွတ်ဆိုသော ရဟန်း၏သာလျှင်။ ပရိတ္တံ၊ ပရိတ်သည်။ အတ္ထာယ'ဘေးအန္တရာယ်ကင်းခြင်း အစရှိသောအကျိုးငှာ။ ဟောတိ၊ဖြစ်၏။ ဣတိဣမံအတ္ထဇာတံ၊ဤသို့သော အနက်သဘောကို။ ဒဿေတိ၊၏။

မှတ်ချက်—ပရိတ်ရွတ်သောပုဂ္ဂိုလ်သည် ပရိတ်ပါဠိတော်ကို အဋ္ဌကထာနှင့် တကွ ဆရာ၏အထံနှိုက် ပုဒ်,အက္ခရာ ကျနမှန်ကန်စွာ ရွတ်ပုံရွတ်နည်း ပါ လေ့လာသင်ယူပြီး၍ ပုဒ်,အက္ခရာဋ္ဌပ်ယွင်းခြင်းမရှိ သဒ္ဒါ,အနက်နှစ်ပါး ပြည့်စုံစွာရွတ်ဆိုမှသာလျှင် ပရိတ်တော်၏တန်းခိုးအာနုဘော်ရှိသည်ဖြစ်၍ အလိုရှိအပ်သော ဘေးအန္တရာယ် ကင်းခြင်း စသော အကျိုးကိုပြီးစေနိုင်၏၊ရွတ်ဆိုသောအခါ ပုဒ်,အက္ခရာ ချွတ်ယွင်းခြင်း ပုဒ်,အက္ခရာ ကျပျောက်ခြင်း သဒ္ဒါ,အနက် မပြည့်စုံခြင်း လာဘ်

ပူဇော်သက္ကာရကို ငဲ့ကွက်၍ ရွတ်ခြင်း ရှိခဲ့ပါမူ ပရိတ်တော်၏ တန်းခိုး အာနုဘော်မရှိသည်ဖြစ်၍ အလိုရှိအပ် တောင့်တအပ်သော ဘေး အန္တရာယ် ကင်းခြင်းစသော အကျိုးကို မပြီးစေနိုင်၊ စင်စစ်အားဖြင့် သံသရာဝဋ်မှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းအဖို့နှိုက် တည်၍ သတ္တဝါတို့၏ ချမ်းသာရာ ချမ်းသာကြောင်းဖြစ်သော မေတ္တာ, ကရုဏာ ရှေးသွားသော စိတ်ကိုထား၍ လာဘ်ပူဇော်သက္ကာရကို မငဲ့ကွက်ဘဲ ရွတ်ဆိုအပ်သော ပရိတ်တော်၏ တန်းခိုးအာနုဘော်ရှိသည်ဖြစ်၍ အလိုရှိအပ် တောင့်တအပ်သော ဘေးအန္တရာယ်ကင်းခြင်း ချမ်းသာသုခကိုရခြင်း အစရှိသော အကျိုးကို ပြီးစေနိုင်၏ဟူ၍ မုချမှတ်အပ်၏၊ ထိုကြောင့် ပရိတ်ရွတ်သော ပုဂ္ဂိုလ်သည် လာဘ် ပူဇော်သက္ကာရကို မငဲ့ကွက်ဘဲ နိဿရဏတ္ထနှိုက် တည်၍ မေတ္တာ, ကရုဏာ ရှေးသွားရှိသော ဉာဏသမ္ပယုတ်စိတ်ဖြင့် ပုဒ်,အက္ခရာ ကျန်မှန်ကန်စွာ ရွတ်ဆိုအပ်၏။

ပရိတ်ရွတ်သောပုဂ္ဂိုလ်၏ ဝိပတ္တိနှင့် သမ္ပတ္တိ ပြခြင်း

ပရိတ်ရွတ်သောပုဂ္ဂိုလ်၏ ဝိပတ္တိသည် ပယောဂဝိပတ္တိ, အဇ္ဈာသယဝိပတ္တိ ဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် ပရိတ်ပါဠိတော်၏ အနက်,အဓိပ္ပါယ်ကို မသိခြင်းသည်၎င်း၊ ပုဒ်,အက္ခရာကို ကျန်မှန်ကန်စွာ မရွတ်ဆိုနိုင်ခြင်းသည်၎င်း ပယောဂဝိပတ္တိမည်၏၊ လာဘ်ပူဇော်သက္ကာရကို ငဲ့ကွက်၍ ရွတ်ဆိုခြင်းသည် အဇ္ဈာသယဝိပတ္တိမည်၏။ သမ္ပတ္တိသည်လည်း ပယောဂသမ္ပတ္တိ, အဇ္ဈာသယသမ္ပတ္တိဟူ၍ နှစ်မျိုးရှိ၏၊ထိုနှစ်မျိုးတို့တွင် ပရိတ်ပါဠိတော်၏ အနက်,အဓိပ္ပါယ်ကို သိခြင်းသည်၎င်း၊ပုဒ်,အက္ခရာကို ကျန်မှန်ကန်စွာ ရွတ်ဆိုနိုင်ခြင်းသည်၎င်း ပယောဂသမ္ပတ္တိမည်၏၊ လာဘ်ပူဇော်သက္ကာရကို ငဲ့ကွက်ခြင်းမရှိဘဲ နိဿရဏပက္ခနှိုက် တည်၍ မေတ္တာ,ကရုဏာရှေးသွား ဉာဏသမ္ပယုတ်စိတ်ထားဖြင့် ရွတ်ဆိုခြင်းသည် အဇ္ဈာသယသမ္ပတ္တိမည်၏။ ထိုကြောင့် ယင်းသုတ် ဋ္ဌကာနှိုက်—

> ဧဝံ ပယောဂဝိပတ္တိံ ပဟာယ ပယောဂသမ္ပတ္တိယာ သတိ ပရိတ္တဿ အတ္ထသာဓကတံ ဒဿေတွာ ဣဒါနိ အဇ္ဈာသယ ဝိပတ္တိံ ပဟာယ အဇ္ဈာသယသမ္ပတ္တိယာ အတ္ထသာဓကတံ

ဒဿေတုံ လာဘဟေတူတိ၊ ဣဒံ ပရိတ္တဘဏနံ သတ္တာနံ အနတ္ထ ပဋိဗာဟန ဟေတူတိ၊တဿ ဉာဏကရဏာပုဗ္ဗကတာ နိဿရဏ ပက္ခော။ မေတ္တံ ပုရေစာရိကံ ကတ္ဝာတိ မေတ္တာ မနသိကာရေန သတ္တေသု ဟိတဖရဏံ ပုရေက္ခိတ္ဝာ။—ဟု ဖွင့်ပြတော်မူ၏။

အနက် ဧဝံ၊ဤသို့။ပယောဂဝိပတ္တိ ၊ရွတ်ဆိုခြင်း လုံ့လပယောဂ၏ ပျက်စီးခြင်းကို။ပဟာယ၊ပယ်စွန့်၍။ပယောဂသမ္ပတ္တိယာ၊ရွတ်ဆိုခြင်း လုံ့လပယောဂ၏ ပြည့်စုံခြင်းသည်။ သတိ၊ ရှိသော်။ ပရိတ္တာဿ၊ ရွတ်ဆိုအပ်သော ပရိတ်တော်၏။ အတ္ထသာဓကတံ၊ အန္တရာယ်ကင်းခြင်း စသောအကျိုးကို ပြီးစေတတ်သည်၏အဖြစ်ကို။ ဒဿေတွာ၊ပြပြီး၍။ ဣဒါနိ၊ယခုအခါ၌ကား။ အဇ္ဈာသယဝိပတ္တိ ၊ အလိုဆန္ဒ အဇ္ဈာသယ၏ ပျက်စီးခြင်းကို။ ပဟာယ၊ ပယ်စွန့်၍။ အဇ္ဈာသယသမ္ပတ္တိယာ၊ အလိုဆန္ဒ အဇ္ဈာသယ၏ ပြည့်စုံခြင်းသည်။ သတိ၊ရှိသော်။ ပရိတ္တာဿ၊ရွတ်ဆိုအပ်သော ပရိတ်တော်၏။ အတ္ထသာဓကတံ၊ အန္တရာယ်ကင်းခြင်း အစရှိသောအကျိုးကို ပြီးစေတတ်သည်၏ အဖြစ်ကို။ ဒဿေတုံ၊ ပြခြင်းငှါ။ လာဘဟေတူတိ၊ လာဘဟေတုဟူ၍။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ ဆိုအပ်၏။ ဣဒံ ပရိတ္တဘဏနံ၊ ဤပရိတ်တော် ရွတ်ဆိုခြင်းသည်။ သတ္တာနံ၊သတ္တဝါတို့၏။ အနတ္ထပဋိဗာဟနဟေတု၊အကျိုးမဲ့ကို တားမြစ်ခြင်း၏ အကြောင်းသည်။ ဟောတိ၊၏။ ဣတိတသ္မာ၊ကြောင့်။ တဿ၊ထိုပရိတ်ရွတ်သော ပုဂ္ဂိုလ်၏။ဉာဏ ကရဏာ ပုဗ္ဗကတာ၊ပရိတ်တော်၏ သဒ္ဒါအနက်ကို သိသောဉာဏ်, သတ္တဝါတို့နှိုက် သနားခြင်း ကရဏာရှေ့ဆွားရှိသည်၏ အဖြစ်သည်ၵင်း။ နိဿရဏပက္ခော၊ သံသရာဝဋ်မှ ထွက်မြောက်ကြောင်း စိတ်အဖို့ရှိခြင်းသည်။ အင်္ဂံ၊အင်္ဂါသည်။ ဟောတိ၊၏။ မေတ္တံပုရေစာရိကံ ကတ္ဝာတိ၊ကား။မေတ္တာ မနသိကာရေန၊မေတ္တာကိုနှလုံးသွင်းသဖြင့်။ သတ္တေသု၊သတ္တဝါတို့နှိုက်။ဟိတဖရဏံ၊အကျိုးစီးပွါး ပျံ့နှံ့ခြင်းကို။ပုရေက္ခိတ္ဝာ၊ ရှေ့ဆွားပြု၍။ (ဒုဓိပပါဌ် အနက်အတိုင်း မှတ်အပ်၏)။

မှတ်ချက်—ပရိတ်ရွတ်သောပုဂ္ဂိုလ်သည် အထက်ဖော်ပြရာပါ ဝိပတ္တိနှစ်ပါးကို ပယ်စွန့်၍ သမ္ပတ္တိနှစ်ပါးနှင့် ပြည့်စုံ ညီညွတ်စွာ ပရိတ်တော်ကို

ရွတ်ဆိုအပ်၏၊ ဤသို့ ပြည့်စုံ ညီညွတ်စွာ ရွတ်ဆိုမှသာလျှင် ပရိတ်တော် တန်းခိုး အကျိုးအာနိသင်ကို နာယူသော သတ္တဝါတို့သည် ရအပ်ကုန်၏ဟူ၍ မှတ်အပ်ကုန်၏။

လက်ာ— ၁ သဒ္ဒါအနက်၊ ယိုယွင်းကွက်၊ ပျက်၏ ပယောဂ။
၂ စတုနေယျင်းကွက်၊ လာဘကုမ္မက်၊ ပျက်ဘာ အာသယ။
၃ သဒ္ဒါနက်ပုံ၊ နှုတ်အာဂုံ၊ ပြည့်စုံ ပယောဂ။
၄ လာဘ်မငဲ့တုံ၊ မေတ္တာထုံ၊ ပြည့်စုံ အာသယ။
၅ ပရိတ်ရွတ်သူ၊ အင်္ဂါမူ၊ မှတ်ယူ ပဏ္ဍိတ။

ပရိတ်နာသောသူ၏ အင်္ဂါကို ပြခြင်း

ပရိတ်နာသောသူ၏ အင်္ဂါ(၃)ပါး ဟူသည်ကား....

၁ ပဥ္စာနန္တရိယကံငါးပါး တည်းဟူသော ကမ္မန္တရာယ် မရှိခြင်း၊
၂ နိယတမိစ္ဆာဒိဋ္ဌိ တည်းဟူသော ကိလေသန္တရာယ် မရှိခြင်း၊
၃ ပရိတ်တော်၏ဂုဏ်တော် ကျေးဇူးတော်ကို အလွန်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ဤသို့ အင်္ဂါ(၃)ပါး ရှိ၏။

တနည်း—တည်ကြည်ခြင်းသမာဓိ သက္ကစ္စကါရဝဖြင့်နာခြင်း တည်းဟူသော အင်္ဂါတပါးကို ထည့်၍ အင်္ဂါ(၄)ပါးဟူ၍လည်း ယူအပ်၏။ ထိုကြောင့် မိလိန္ဒပဉ္ဉာ ပါဠိတော်နှိုက်—

တိဟိ မဟာရာဇ ကာရဏေဟိ ပရိတ္တံ နရက္ခတိ။ ကမ္မာဝရဏေန ကိလေသာဝရဏေန အသဒ္ဓဟနတာယ။— ဟု ဟော တော်မူ၏။

အနက် မဟာရာဇ၊ မြတ်သော မိလိန္ဒမင်းကြီး။ ကမ္မာဝရဏေန၊ ပဥ္စာနန္တရိယ တည်းဟူသော ကံငါးပါး၏ ပိတ်ပင်တားမြစ်ခြင်း အားဖြင့်ဂုဏ်း။ ကိလေသာဝရဏေန၊နိယတမိစ္ဆာဒိဋ္ဌိ တည်းဟူသော ကိလေသာ၏ တားမြစ်ပိတ်ပင်ခြင်းအားဖြင့်ဂုဏ်း။အသဒ္ဓဟနတာယ၊ပရိတ်တော်ကိုယုံကြည်

ခြင်း သဒ္ဓါတရား မရှိသည်၏ အဖြစ်အားဖြင့်ငင်း။ ဣတိ၊ သို့။ တိဟိ၊ သုံးပါး ကုန်သော။ ကာရဏောဟိ၊ အကြောင်းတို့ဖြင့်။ ဝါ၊ အကြောင်းတို့ကြောင့်။ ပရိတ္တံ၊ ရွတ်ဆိုအပ်သောပရိတ်တော်သည်။သတ္တာနံ၊သတ္တဝါတို့အား။နရက္ခတိ၊ မစောင့်ရှောက်။

မှတ်ချက်—ဤအန္ဓရာယ်(၃)ပါးမှ လွတ်သော သတ္တဝါတို့အား ပရိတ်တော်သည် စောင့်ရှောက်၏ဟု မှတ်အပ်၏။

လက်ံာ— ၁ အာနန္တရိ၊ ကံပဥ္စ၊ မရှိ တအင်္ဂါ။
၂ နိယတ မိစ္ဆာဒိဋ္ဌိ၊ ကိလေသိ၊ မရှိ တအင်္ဂါ။
၃ သဒ္ဓါတရား၊ ပြည့်စုံငြား၊ တခြား တအင်္ဂါ။
၄ ရှိသေ သက္ကစ္စ၊ ဂါရဝ၊ နာက ထည့်အင်္ဂါ။
၅ ဤအင်္ဂါလေးပါး၊ ပြည့်စုံငြား၊ နာကြား ဘေးကင်းစ္ဒာ။

ပရိတ်ဟိန်းသံသည်၏ ဝိပတ္တိနှင့် သမ္ပတ္တိကို ပြခြင်း

ပရိတ်နာသောသူ၏ ဝိပတ္တိသည် ပယောဂဝိပတ္တိ, အဇ္ဈာသယဝိပတ္တိဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် ပရိတ်တော်ကို ရိုသေလေးမြတ်စွာ သက္ကစ္စဂါရဝဖြင့် လက်အုပ်ချီ၍ မနဲ့ယူခြင်း, ပရိတ်တော်အာရုံမှ တပါး တခြားအာရုံသို့ စိတ်ကို မသွားစေမူ၍ ကောင်းမွန် တည်ကြည်စွာ မနာယူခြင်းသည် လုံ့လပျက်စီးသောကြောင့် ပယောဂဝိပတ္တိ မည်၏။ ပရိတ်တော်၏ ဂုဏ်တော်တန်းခိုး အာနုဘော်ကို မယုံကြည်ခြင်း ပရိတ်တရားနာ ဘိတ်သောသူ၏ မျက်နှာကို ငဲ့ကွက်၍ နာခြင်းသည် အလိုဆန္ဒ အဇ္ဈာသယ၏ ပျက်စီးသောကြောင့် အဇ္ဈာသယဝိပတ္တိမည်၏။

သမ္ပတ္တိသည်လည်း ပယောဂသမ္ပတ္တိ, အဇ္ဈာသယသမ္ပတ္တိဟူ၍ နှစ်မျိုးရှိ၏၊ ထို နှစ်မျိုးတို့တွင် ပရိတ်တော် တရားတော်ကို ရိုသေလေးမြတ်စွာ သက္ကစ္စဂါရဝဖြင့် လက်အုပ်ချီ၍ နာယူခြင်း, ပရိတ်တော် တရားတော် အာရုံမှတပါး တခြားအာရုံသို့ စိတ်ကို မသွားစေမူ၍ ကောင်းမွန် တည်ကြည်စွာ နာယူခြင်းသည် လုံ့လပယောဂ၏ ပြည့်စုံခြင်းကြောင့် ပယောဂသမ္ပတ္တိမည်၏။ ပရိတ်

တော်တရားတော်၏ဂုဏ်တော် တန်းခိုးအာနုဘော်တော်ကို ယုံကြည်သက်ဝင်သော သဒ္ဓါတရားနှင့် ပြည့်စုံစွာ နာခြင်း, ပရိတ်နာ ဘိတ်သောသူ၏ မျက်နှာကို မငဲ့ကွက်ခြင်း, လောကန္ဒိုက် ကျော်စောထင်ရှားခြင်းကို ငဲ့ကွက်ခြင်းမရှိဘဲ ကုသိုလ်ဆန္ဒဖြင့် နာယူခြင်းသည် အလိုဆန္ဒ အဇ္ဈာသယ၏ပြည့်စုံသောကြောင့် အဇ္ဈာသယသမ္ပတ္တိမည်၏။

မှတ်ချက်—ပရိတ်တရားတော်ကို နာယူသောပုဂ္ဂိုလ်ဟူသမျှသည် အထက်ဖော်ပြရာပါ ဝိပတ္တိတရားနှစ်ပါးကို ပယ်စွန့်၍ သမ္ပတ္တိတရားနှစ်ပါးနှင့် ပြည့်စုံညီညွတ်စွာ ပရိတ်တရားတော်ကို နာယူအပ်၏။ ဤသို့ နာယူမှသာလျှင် ပရိတ်တရားတော်၏ အန္တရာယ်ကင်းခြင်း အစရှိသော အကျိုးအာနိသင်ကို မုချရ၏ဟူ၍ မှတ်ယူအပ်၏။

ပရိတ်ရွတ်သောပုဂ္ဂိုလ်နှိုက် ဝိပတ္တိနှစ်ပါး, သမ္ပတ္တိနှစ်ပါး ဖြစ်ခြင်းကို ရဘိသကဲ့သို့၊ ထိုအတူ ပရိတ်တရားတော်ကို နာယူသောသူတို့နှိုက်လည်း ဝိပတ္တိနှစ်ပါး, သမ္ပတ္တိနှစ်ပါးတို့၏ ဖြစ်ခြင်းကို ရအပ်၏ဟု မှတ်အပ်၏၊ ထိုကြောင့် ဋီကာဆရာ၏ အာဘောဂအား လျော်စွာ ဖော်ပြလိုက်သည်။

နိဂမနကို ပြခြင်း

ဤသို့ အထက် ဖော်ပြရာပါ ပရိတ်ရွတ်သော ပုဂ္ဂိုလ်၏ အင်္ဂါ(၃)ပါး, (၄)ပါး၊ သမ္ပတ္တိ(၂)ပါးနှင့် ပြည့်စုံခြင်း ပရိတ်တရားတော်ကို နာသောသူတို့၏ အင်္ဂါ(၃)ပါး, (၄)ပါး၊ သမ္ပတ္တိ(၂)ပါးနှင့် ပြည့်စုံခြင်း ရှိမှသာလျှင် ပရိတ်တော်၏ မျက်မှောက် ပစ္စက္ခဘဝန္ဒိုက် ဘေးအန္တရာယ် ကင်းလွတ်ခြင်းစသော အကျိုးအာနိသင်ကို မုချ ခံစားရ၏ဟူ၍ မှတ်အပ်၏။

ပရိတ်ရွတ်သော ပုဂ္ဂိုလ်၏ အင်္ဂါ (၃) ပါး ပဒေသဂဒိပင်္ဂိ သမ္ပတ္တိ အကျဉ်းကို သင်္ဂဟဂါထာဖြင့် ပြခြင်း

ပဒက္ခရာ ဝိရဒ္ဓါနံ၊ ပရိတ္တာဿတ္ထ ဇာနနံ။
ဘာဏကဿ တိဝင်္ဂါနိ၊ မေတ္တာယ ပုရစာရိကံ။ ပဏ္ဍ ၁၀တ္တ

အနက် ဘာဏကဿ၊ ပရိတ်ရွတ်ဖတ် ပုဂ္ဂိုလ်မြတ်၏။ ပရိတ္တာဿ၊ပရိတ်ပါဠိတော်၏။ပဒက္ခရာဝိရုဒ္ဓါနံ၊ရွတ်ဖတ်သောအခါ ပုဒ်,အက္ခရာကို မမှား မချွတ်ယွင်းခြင်းငှင်း။ ပရိတ္တာဿ၊ ပရိတ်ပါဠိတော်၏။ (လိုက်)။ အတ္ထဇာနနံ၊အနက်မှန်ကို သိခြင်းငှင်း။ မေတ္တာဃ၊ရောဂါအန္တရာယ် ငြိတွယ်ကပ်ထ ဒုက္ခိတသတ္တဝါအား သနားကရုဏာ ချစ်မေတ္တာကို။ ပုရစာရိကံ၊ချမ်းသာစေသား စိတ်ရည်ထား၍ ရှေသွားဖြစ်ခြင်း ရှိခြင်းငှင်း။ ဣတိ၊ဤသို့။ တိဝင်္ဂါနိ၊သုံးပါးသော အင်္ဂါတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

ဒိပဒဿ သမ္မာသမ္ဗုဒ္ဓဿ သင်္ဃဂဏိဆာ

ဝိရာဓနံ ပရိတ္တာဿ၊အတ္ထာဿစာ ဝိဇာနနံ။
ဝိပတ္တိ သာ ပယောဂဿ၊ အာသယာဿ လာဘပေက္ခာ။
သမ္မတ္တိ တဒ္ဗိပရိတာ၊ ပဏ္ဏိတေန ဝိဇာနိယာ။ ဝိပုလာဂဂါဆာ

အနက် ပရိတ္တာဿ၊ပရိတ်ပါဠိတော်၏။ ယံဝိရာဓနဉ္စ၊အကြင် ပုဒ်,အက္ခရာ ချွတ်ချော် မှားယွင်းခြင်းသည်ငှင်း။အတ္ထာဿ၊ပရိတ်ပါဠိတော်၏ အနက်ကို။ ယံအဝိဇာနနဉ္စ၊ အကြင် မသိခြင်းသည်ငှင်း။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုပုဒ်,အက္ခရာ ချွတ်ယွင်းခြင်းသည်။ တာဿ၊ ထိုပရိတ်ရွတ်သော ပုဂ္ဂိုလ်၏။ ပယောဂဿ၊ရွတ်ဆိုခြင်း လုံ့လပယောဂ၏။ဝိပတ္တိ၊ပျက်စီးခြင်းဝိပတ္တိမည်၏။ လာဘပေက္ခာ၊လာဘ်ပူဇော်သက္ကာရကို ငဲ့ကွက်ခြင်းသည်။ အာသယဿ၊အလိုဆန္ဒ အစ္ဆာသယ၏။ ဝိပတ္တိ၊ပျက်စီးခြင်း ဝိပတ္တိမည်၏။ တဒ္ဗိပရိတာ တဒ္ဗိပရိတာယ၊ ထိုဝိပတ္တိမှ ပြန်သောအားဖြင့်။ သမ္ပတ္တိ၊ ပြည့်စုံခြင်းကို။ ဝါ၊ ပယောဂသမ္ပတ္တိ, အစ္ဆာသယသမ္ပတ္တိကို။ ပဏ္ဏိတေန၊ ပညာရှိသည်။ ဝိဇာနိယာ၊ သိအပ်၏။

ဘဂဝနုဿဒ္ဓိက သင်္ဃဂဏိဆာ

မေတ္တာ ပုဗ္ဗင်္ဂမံ ကတ္တာ၊ ဌတ္တာ နိဿရဏောဝိစ။
ဘဏနံ သာတ္ထကံ ယေဝ၊ နတု အညန္တိ လက္ခဏေ။
ကရုဏာ ဉာဏ ပုဗ္ဗတာ၊ ဇေ္ဌ နိဿရဏံ မတာ။

အနက် မေတ္တာပုဗ္ဗင်္ဂမံ၊မေတ္တာရွှေသွား ရှိသည်ကို။ကတ္တာ၊၍။နိဿရဏော ပိ၊ရောဂါမတ္တယ် အန္တရာယ်ကင်းစေခြင်းဟူသော ထွက်မြောက်ရာ ထွက်မြောက်ကြောင်းနှိုက်လည်း။ ဌတ္တာစ၊တည်၍လည်း။ ဘဏနံ၊ပရိတ်တော်ကို ရွတ်ဆိုခြင်းသည်။ သာတ္ထကံယေဝ၊ အန္တရာယ်ကင်းခြင်း စသော အကျိုးရှိသည်သာလျှင်။ ဟောတိ၊၏။ အညံတု၊ကျွှမ့တပါးသော ရွတ်ဆိုခြင်း သည်ကား။သာတ္ထကံ၊အန္တရာယ်ကင်းခြင်းစသော အကျိုးရှိသည်။နဟောတိ၊ မဖြစ်။ဣတိ၊သို့။ပဏ္ဍိတေန၊သည်။ လက္ခိတော၊မှတ်အပ်၏။'တ္ထေ၊ကျွှပရိတ်တော်ကို ရွတ်ရာနှိုက်။ ကရုဏာ ဉာဏ ပုဗ္ဗတာ၊ကရုဏာ,ပညာ ရှေးရှိသည်၏အဖြစ်ကို။နိဿရဏံ၊နိဿရဏပက္ခဟူ၍။ မတာ၊သိအပ်၏။

ပရိတ်နာသေးသူ့၏
အင်္ဂါ (၃) ပါး ပယောဇန အာသယ စိပဒွဲ့ သဓွဲ့ဒို့ကို့
သင်္ဂဟဂါထာဖြင့် ပြခြင်း

၁ သုဏန္တသ္သ တိဏဂ်ါနိ၊ အပဇ္ဇာနန္တ္ရိယဉ္စ။
အနိယတ မိစ္ဆာဒိဋ္ဌိ၊ သဒ္ဓါဟနံ ပရိတ္တသ။

၂ ဣမိနဂ်ေန သမ္မုဏ္ဏံ၊ သုဏန္တော ပရိတ္တမမ္မံ။
လဘေ ဘယ ဝိနာသဉ္စ၊ သဗ္ဗံ သုခံ သမိစ္ဆိတံ။
တေနဂ်ေနာ သမ္မန္နေန၊ ယထိစ္ဆိတံ နလဘ္ဘတိတိ။

အနက် ပရိတ္တမမ္မံ၊ ပရိတ်တရားတော်ကို။ သုဏန္တသ္သ၊ ကြားနာသော ပုဂ္ဂိုလ်၏။အပဇ္ဇာနန္တ္ရိယဉ္စ၊ငါးပါးသော အာနန္တရိယကံမရှိခြင်းဌင်း။အနိယတမိစ္ဆာဒိဋ္ဌိစ၊နိယတမိစ္ဆာဒိဋ္ဌိအယူ မရှိခြင်းဌင်း။ပရိတ္တသ္သ၊ပရိတ်တရားတော်၏။ ဂုဏံ၊အန္တရာယ်ကို ကင်းပျောက်စေတတ်သော ဂုဏ်ကျေးဇူးကို။ သဒ္ဓါဟနဉ္စ၊ သက်ဝင်ယုံကြည်ခြင်းကိုဌင်း။ ဣတိ၊ ဤသို့။ တိဏိ၊ သုံးပါးကုန်သော။ အင်္ဂါနိ၊အင်္ဂါတို့ကို။ ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။

ပရိတ္တမမ္မံ၊ပရိတ်တရားတော်ကို။ ဣမိနဂ်ေန ဣမိနာအင်္ဂေန၊ကျွှအင်္ဂါ(၃)ပါးနှင့်။ သမ္မုဏ္ဏံ၊ ပြည့်စုံစွာ။ သုဏန္တော၊ ကြားနာသောသူသည်။ သမိစ္ဆိတံ၊ ကောင်းစွာ အကျိုးရှိအပ် တောင့်တအပ်သော။ ဘယဝိနာသဉ္စ၊ ဘေးအန္တရာယ်၏ပျက်စီးခြင်းကိုဌင်း။ သဗ္ဗံသုခဉ္စ၊အလုံးစုံသော လောကီ, လော

ကုတ္တရာ ချမ်းသာကိုဎင်း။ လဘေ လဘတိ၊ရ၏။တေနင်္ဂေန၊ထိုအင်္ဂါ(၃)ပါး နှင့်။အသမ္ဘဒ္ဓေန၊မပြည့်မစုံ ပရိတ်နာသောသူသည်။ယထိစ္ဆိတံ၊အကြင်အကြင် အလိုရှိအပ် တောင့်တအပ်သောအကျိုးကို။ နလဘတိ၊မရအပ်။ ဣတိ၊ဤသို့။ ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။

ဒါဝဒ္ဒဒ် သဗ္ဗဒ် သင်္ဂဟကဓာ

၁ အဠလိဠ္ဆ အသက္ကစ္စံ၊ အကတ္ဝာ ပရိတ္တမမံ့။
မနသိကာရံ် အကတ္ဝာ၊ ယော သုဏာတိ ဝိရဒ္ဓေန။

၂ ပယောဂသဓ သာ တဿ၊ ဝိပတ္တိတိ ဝိဇာနိယာ။
သမ္ပတ္တိစ သုဏန္တဿ၊ တဿစ ပရိဟတ္တတော။

၃ ယော သုဏာတိ ပရိတ္တဿ၊ နိမန္တဿ မုခါပေက္ခော။
အသဒ္ဓါသယဝိပတ္တိ၊ ဇာနိတဗ္ဗာ ဝိဘာဝိနာ။
သမ္ပတ္တိစ သုဏန္တဿ၊ တဿာစ ပရိဟတ္တတော။

အနက် ယောနရော၊အကြင် ရဟန်း,ရှင်,လူသည်။ပရိတ္တာဓမ္မံ၊ပရိတ်တရား တော်ကို။ အဠလိံ၊လက်အုပ်ချီမိုး ရှိခိုးခြင်းကို။အကတ္ဝာစ၊မပြု မူ၍ဎင်း။ မနသိကာရံ်၊ပရိတ်တရားတော်နှိုက် နှလုံးသွင်းခြင်းကို။အကတ္ဝာစ၊ မပြုမူ၍ဎင်း။ အသက္ကစ္စံ၊မရိုမသေ။ ဝိရဒ္ဓေန၊ဆန့်ကျင်သောအားဖြင့်။သုဏာတိ၊ကြားနာ၏။ တဿ နရဿ၊ထိုရဟန်း,ရှင်,လူ၏။ သာ၊ထိုမရိုမသေ ကြားနာခြင်းကို။ ပယောဂဿ၊တရားနာခြင်း လုံ့လပယောဂ၏။ ဝိပတ္တိတိ၊ပျက်စီးခြင်း ဝိပတ္တိဟူ၍။ ဝိဘာဝိနာ၊ပညာရှိသည်။ ဝိဇာနိယာ၊သိအပ်၏။စ၊ဗျတိရိတ်ကို ဆိုဦးအံ့။ တဿာ ဝိပတ္တိယာ၊ ထိုဝိပတ္တိ၏။ ဝါ၊ ထိုဝိပတ္တိကို။ ပရိဟတ္တတော၊ပြန်သောအားဖြင့်။ သုဏန္တဿ၊၏။သမ္ပတ္တိစ၊ပယောသမ္ပတ္တိကိုလည်း။ ဝိဘာဝိနာ၊သည်။ ဝိဇာနိယာ၊သိအပ်၏။

ယောနရော၊အကြင် ရဟန်း,ရှင်,လူသည်။ နိမန္တဿ၊တရားနာဘိတ်သော သူ၏။ မုခါပေက္ခော၊မျက်နှာငဲ့ကွက် အားနာဖက်သည်။ ဟုတ္ဝာ၊ဖြစ်၍ဎင်း။ အသဒ္ဓါ၊ပရိတ်တရားတော်၏ ဂုဏ်ကို ယုံကြည်ခြင်း မရှိသည်။ ဟုတ္ဝာ၊ဖြစ်၍ဎင်း။ ပရိတ္တာဿ၊ပရိတ်တရားတော်ကို။သုဏာတိ၊ကြားနာ၏။တဿ၊ထိုသဒ္ဓါ

တရားမရှိ ဘိတ်သောသူကိုအားနာ၍ တရားနာသော သူ၏။ အာသယဝိပတ္တိ၊ အလိုဆန္ဒ အဇ္ဈာသယ၏ ပျက်စီးခြင်း ဝိပတ္တိကို။ ဝိဘာဝိနာ၊ ပညာရှိသည်။ ဇာနိတဗ္ဗာ၊သိအပ်၏။ စ၊ဗျတိရိတ်ကို ဆိုဦးအံ့။ တဿာ ဝိပတ္တိယာ၊ထိုအဇ္ဈာသယဝိပတ္တိ၏။ ဝါ၊ကို။ ပရိဗျတ္တတော၊ပြန်သောအား၊ဖြင့်။ သုဏာန္တဿ၊ပရိတ်နာသောသူ၏။ သမ္ပတ္တိစ၊ အဇ္ဈာသယသမ္ပတ္တိကိုလည်း။ ဝိဘာဝိနာ၊ သည်။ ဇာနိတဗ္ဗာ၊၏။

သုဏန္တသာဒ္ဓုက သင်္ဂဟဂါထာ

ပရိတ္တာဓမ္မဿ ဂုဏံ၊ သဒ္ဓဟိတွာန စဇ္ဇလိံ။
ကတွာ မနသိကာရဉ္စ၊ ဌတွာ နိဿရဏောဝိစ။
သုဏန်္တံ သာတ္ထကံယော၀၊ နတု အညန်္တိ ဉာယတေ။

အနက် ပရိတ္တာဓမ္မဿ၊ပရိတ်တရားတော်၏။ ဂုဏံ၊ဘေးအန္တရာယ်ကို ပယ်ဖျောက်တတ်သော ဂုဏ်တော်ကို။ သဒ္ဓဟိတွာနစ၊ ယုံကြည်ပြီး၍ဂုဏ်း။ အဇ္ဇလိံ၊လက်အုပ်ချီမိုး ရှိခိုးခြင်းကို။ကတွာစ၊ပြု၍ဂုဏ်း။ မနသိကာရံ၊ပရိတ်တရားတော်နှိုက် နှလုံးသွင်းခြင်းကို။ကတွာစ၊ပြုပြီး၍ဂုဏ်း။ နိဿရဏောပိ၊ သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းနှိုက်လည်း။ ဌတွာစ၊ တည်ပြီး၍ဂုဏ်း။ သုဏန္တံ၊ပရိတ်တရားတော်ကို ကြားနာခြင်းသည်။ သာတ္ထကံယော၀၊ အကျိုးရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ အညံတု အညံပန၊ တပါးသော အခြင်းအရာအား၊ဖြင့် ပရိတ်တရားတော်ကို ကြားနာခြင်းသည်။ သာတ္ထကံယော၀၊ အကျိုးရှိသည်သာလျှင်။ နဟောတိ၊မဖြစ်။ ဣတိ၊ကျိသို့။ ဝိညုနာ၊ပညာရှိသည်။ ဉာယတေ၊သိအပ်၏။

ပရိတ်ကြီးအကျိုး ဒွတ်ရန် ဒေသ

ဇေယျတု။— ဒေ၀ါနရ၊ ပိုင်သစိုးမှူး၊ ဂုဏ်ကိုးဦးနှင့်၊ ကျေးဇူးကြီးထု၊ သဗ္ဗညုတဘုရား၊ ဟောကြားမြွက်ဖေါ်၊ ပရိတ်တော်ကြီး၊ ဘေးဆီးရံတား၊ အကျိုးအား၊ကို၊ခြားနားသိသာ၊ ပြထုတ်ပါအံ့။—မဟာမင်္ဂလ၊ ပရိတ္တဟု၊ သဗ္ဗ ဝေရိ၊အောင်ဘိချမ်းသာ၊ ရှည်စွာအသက်၊ဘုန်းကြက်သရေ၊ထွေထွေမင်္ဂလာ၊

ပြည့်စုံရာ၏၊ ဘယာဥပါဒ်၊ သတ်ဖြတ်ခန္ဓာ၊ ဒုဗ္ဘိက္ခဘန့်၊ ရောဂါပျက်စီး၊ မှုကြီးထွရာ၊ တွေ့ရောက်လာသော်၊ ယာနီဓာတု၊ ရတနဟု၊ တေဇလျှံထိတ်၊ သုတ်ပရိတ်ကို၊ စိတ်သစ္စာပြု၊ ရွတ်မှုမှန်စွာ၊ သုံးကြိမ်ခါတည်း။ ။ပူဆာန့လုံး၊ ပျက်ပြုန်းဥစ္စာ၊ လူတကာလည်း၊ မေတ္တာမပွါး၊ ညှဉ်းဆဲမျှားလျက်၊ အိပ်စက်မပျော်၊ ညှိုးလျော်ကျဉ်းမြောင်း၊ မကောင်းအိပ်မက်၊ ဝိတက်ဗျာပါ၊ ရှိသောခါမှု၊ မေတ္တာပရိတ်၊ ကြံစိတ်ရွတ်နှုတ်၊ ခုနစ်အုပ်တည်း။ ။ကိုက်ခုတ်သစ်ကျား၊ မြေ ဖါး ကင်း သန်း၊ စုန်းဖမ်းနတ်တိုက်၊ ကိုယ်နှိုက်သူပြု၊ ခွင့်မှုရှိရာ၊ မည်သာခန္ဓာ၊ ပရိတ်လှကို၊ နေ့ညရွတ်ပါ၊ ကြိမ်ကိုးခါတည်း။ ။ရာဇာမျက်မာန်၊ ဒေါသထန်၍၊ ဘေးရန်အပြင်း၊ သံခြေချင်းနှင့်၊ ကြိုးကွင်းဗန္ဓာ၊ တွေ့လကမူ၊ မောရသုတ်ပင်၊ ပရိတ်ဝင်ကို၊ ကြည်လင်ရှိကြိုး၊ ရှိခိုးပြုလျက်၊ နေထွက်နေဝင်၊ ရွတ်တုံဆင်လော။ ။မီးလျှင်လောင်ဘီ၊ ဘေးကြီးရှိက၊ ဝန္ဒပရိတ်၊ အောင်ဟိတ်သရဇ္ဈာယ်၊ မီးဘေးပြယ်၏။ ။ကိုယ်ဝယ်မှုကြီး၊ ရောက်တုံပြီး၍၊ကြက်သီးမွေးညှင်း၊ထခြင်းခက်ထရော်၊ ကြောက်လန့်သော်ကား၊တေဇော်ထွန်းပ၊ ဓဇဂ္ဂကို၊ မှန်လှစေ့စေ့၊ ရွတ်အောက်မေ့က၊ချမ်းမြေ့သာယာ၊ပျောက်ငြိမ်းရာ၏။ ။ရောဂါအထူး၊ဘီလူးသဘက်၊နှောက်ရှက်ဖမ်းလာ၊အာဋာနာဋိယ၊ ပရိတ္တာဟု၊ ကြည်စွဉ့်မြတ်နိုး၊ ရှိခိုးရွတ်ခါ၊ ဘေးဝေးခွါသည်၊ ကင်းကွာပကတိ၊ ချမ်းသာဘိ၏။ ။မချိပြင်းပြ၊ ဣတ္ထိယလည်း၊ သားလှမဖွါး၊ ခက်ခဲငြားသော်၊ စကားသစ္စာ၊ မှန်စွာပြုဘိ၊ အင်္ဂုလိဟု၊ မည်ရှိခေါ်ဆို၊ ရန်စစ်ပြိုလျက်၊ ရေကိုသုံးခါ၊ စစ်ပြီးကာမှ၊ သတ္တာမန်းတိုက်၊ ကိုယ်နှိုက် အန္တရာယ်၊ စင်ကြယ်လွတ်ငြား၊ သားလျှင်ဖွါး၏။ ။နာဖျား တာရှည်၊ မတည် စိတ်လက်၊ မသက်မသာ၊ တွေ့ရောက်လာသော်၊ ပရိတ်တော်ဗေဒင်္ဂ၊ ကြည်ရှင်သစ္စာ၊ ရွတ်ပါသုံးကြိမ်၊ ရောဂါငြိမ်၏၊ သူရိန်ဖမ်းလာ၊ ဇာတာစန်းလက်၊ ပြတ်ပျက်ဆုတ်ယို၊ ဂြိုဟ်ဝင် ဂြိုဟ်ထွက်၊ ဂြိုဟ်ပျက် ဂြိုဟ်စား၊ ဂြိုဟ်နင်းမျှားနှင့်၊ သက်သွား သက်ရောက်၊ဆည်ပေါက် တိုင်ကျိုး၊အဆိုးစုံစု၊ ရာဟုစန်းကဲ၊ပျားစဉ်နိမိတ်၊ များတိတ်နာဂတ်၊ မြင်လတ်လေက၊ ပုဗ္ဗဏှဟု၊ တေဇထွန်းပေါ်၊ ပရိတ်တော်ကို၊ပျော်ပျော်စီးဖြန်း၊ ရွတ်မှုတ်မန်းက၊ ဘေးဘျမ်းအန္တရာယ်၊ ကိုယ်ဝယ်ရှင်းကွာ၊ လွတ်ချမ်းသာသည်၊ မဟာပရိတ် ကျေးဇူးတည်း။

မှတ်ချက်—

၁။ ကြက်သရေမင်္ဂလာရှိသော အလှူမင်္ဂလာစသည်ကို ပြုလုပ်သော အခါ အိမ်တက်မင်္ဂလာ ပြုလုပ်သော အခါတို့နှိုက် မင်္ဂလသုတ်, မေတ္တာသုတ်ကို ရွတ်အပ်၏။

၂။ ရောဂန္တရကပ် ဖြစ်သောအခါ ရတနသုတ်ကို ရွတ်အပ်၏။

၃။ နတ်မျိုး ချောက်လှန့်ခြင်း ရှိသော အခါ သူတပါး ရန်ညှိုးဖွဲ့သော အခါ စသည်တို့နှိုက် မေတ္တာသုတ်ကို ရွတ်အပ်၏။

၄။ မြေ,ကင်း,သန်း ထူထပ်သောအခါ ခန္ဓသုတ်ကို ရွတ်အပ်၏။

၅။ ရာဇဝတ်ဘေး သင့်မရောက်သောအခါ မောရသုတ်ကို ရွတ်အပ်၏။

၆။ မီးဘေး သင့်ရောက်သောအခါ ဝဋ္ဋသုတ်ကို ရွတ်အပ်၏။

၇။ စစ်သည်ဘေး ရောက်သောအခါ ဓဇဂ္ဂသုတ်ကို ရွတ်အပ်၏။

၈။ ဘီလူး,သရဲ,သဘက် နှောက်ရှက် ဖျက်ဆီးသောအခါ အာဋာနာ ဋိယသုတ်ကို ရွတ်ဆိုအပ်၏။

၉။ မိန်းမ ကိုယ်ဝန်ရှိသောအခါ မီးမဖွါးနိုင်သောအခါ အင်္ဂုလိမာလ သုတ်ကို ရွတ်အပ်၏။

၁၀။ ၉၆ ပါးသော ရောဂါဝေဒနာ သည်းထန်စွာ ဖြစ်သောအခါ ဗောဇ္ဈင်္ဂသုတ်ကို ရွတ်အပ်၏။

၁၁။ အတိတ် နိမိတ် ဂြိုဟ်စီး ဂြိုဟ်နင်း ဇာတာ ကံကြမ္မာ ဇာတာ မကောင်းသော် ပုဗ္ဗဏှသုတ်ကို ရွတ်အပ်၏။

ပန်ကာကြီး နေ့လည်ဒွတ်စဉ်ကို ပြခြင်း

၁။ တနင်္ဂနွေနေ့ရှိက် သမန္တာမှစ၍ မင်္ဂလာသုတ်ကို ရွတ်အပ်၏။

၂။ တနလ်ာနေ့ရှိက် ရတနာသုတ်ကို ရွတ်အပ်၏။

၃။ အင်္ဂါနေ့ရှိက် မေတ္တာသုတ်, ခန္ဓသုတ်ကို ရွတ်အပ်၏။

၄။ ဗုဒ္ဓဟူးနေ့ရှိက် မောရသုတ်, ဝဋ္ဋသုတ်ကို ရွတ်အပ်၏။

၅။ ကြာသပတေးနေ့ရှိက် ဓဇဂ္ဂသုတ်ကို ရွတ်အပ်၏။

၆။ သောကြာနေ့ရှိက် အာဋာနာဋိယသုတ်ကို ရွတ်အပ်၏။

၇။ စနေနေ့ရှိက် အင်္ဂုလိမာလသုတ်, ဗောဇ္ဈင်္သုတ်, ပုဗ္ဗဏှသုတ်ကို ရွတ်အပ်၏။

ပရိတ်ရွတ်ဖတ်နည်း နိဿယည်း ပြီးပြီ။

ဘုန်းသင်းခံပင်္ဍိတရာ, ဘုန်းမဟာဓမ္မဇောတနာဓိဇ ဘွဲ့ရှိ

ဓာတ်တော် အဆုံးအဖြတ်

မန္တလေးမြို့ မြန်မာ့တာရာ သတင်းစာ အယ်ဒီတာ ဆရာကြီး 'ဦးချစ်'က အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်တို့၏ ပရိနိဗ္ဗာန် စံလွန်တော်မူသော အခါ ဓာတ်တော်များသည် မည်သို့ ဖြစ်ပျက်သွားသည်ကိုရင်း၊ အဂ္ဂသာဝကတို့၏ ဓာတ်တော်များကို ရှိခိုး ပူဇော်ရာနှိုက် မည်သို့ အကျိုး ရှိသည်ကိုရင်း ကျမ်းဂန်အရ ရေးသား၍ သြဝါဒ ပေးပါမည့်အကြောင်း လျှောက်ထားရာ ဝို့ရှိက် —

မြတ်စွာဘုရားသည် မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ်တော်ရှိက် ဘိုးတော် အဋ္ဌနမင်းကြီး ဖြိုကြွင်းသကဲ့သို့(၁၄၈)ခု ကဆုန်လပြည့်နေ့ည အရုဏ်တက် အချိန်တွင် ပရိနိဗ္ဗာန် စံလွန်တော်မူသည်။ အရှင် သာရိပုတ္တရာသည် မဂဓရာဇ်တိုင်း နာဠကရွာ မယ်တော်အိမ် မီးဖွါးရာ တိုက်ခန်းရှိက် (၁၄၇)ခု

နှစ် တန်ဆောင်မုန်းလပြည့်နေ့ ည အရုဏ်တက် အချိန်တွင် ပရိနိဗ္ဗာန် စံလွှန်တော်မူသည်။ အရှင်မဟာမောဂ္ဂလာန်သည် ရာဇဂြိုဟ်ပြည်၏အနီး ဣသိဂိလိတောင်နံပါး ကာဠမည်သောကျောက်ဖျာနှိုက် ယင်းတန်ဆောင်မုန်းလကွယ်နေ့ည အရုဏ်တက် အချိန်တွင် ပရိနိဗ္ဗာန် စံလွှန်တော်မူသည်။

မှတ်ချက်—အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်တို့၏ ပရိနိဗ္ဗာန် စံလွှန်တော်မူခြင်းသည် မြတ်စွာဘုရား၏ ရှေးဦးစွာ(၆)လ (၅)လခဲ့အရင်ကျသည်ဟု မှတ်။ ထိုကြောင့် မဟာဝဂ္ဂသံယုတ် အဋ္ဌကထာနှိုက်—

(က) အစိရ ပရိနိဗ္ဗုတေသု သာရိပုတ္တမောဂ္ဂလာနေသူတိ နစိရ ပရိနိဗ္ဗုတေသု ဒ္ဝိသု အဂ္ဂသာဝကေသု။ တေသဉ္ဒိ ဓမ္မသေနာပတိ ကတ္တိကမာသပုဏ္ဏမာယ ပရိနိဗ္ဗုတော။ မဟာမောဂ္ဂလာနော တတော အဒ္ဓမာသံ အတိဏ္ဏမ္ဗ အမာဝသုပေါသထေ။—ဟု ပြတော်မူ၏။

အရှင်သာရိပုတ္တရာ၏ ဓာတ်တော် အလုံးစုံကို မြတ်စွာဘုရားသည် သာဝတ္ထိပြည်နှိုက် စေတီ တည်ထား စေတော်မူ၏။ အရှင်မဟာမောဂ္ဂလာန်၏ ဓာတ်တော် အလုံးစုံကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော် တံခါးမုခ်နှိုက် စေတီတည်ထားစေတော်မူ၏။ ထိုကြောင့် သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာနှိုက်—

(ခ) အာယသ္မာစုန္ဒော ထေရဿ ပတ္တစီဝရဉ္စ ဓာတုပရိဿာဝနဉ္စ ဂဟေတ္ဝာ ဇေတဝနံ ဂန္ဒွာ အာနန္ဒတ္ထေရံ ဂဟေတ္ဝာ ဘဂဝန္တံ ဥပသင်္ကမိ။ဘဂဝါ ဓာတုပရိဿာဝနံ ဂဟေတ္ဝာ ပဉ္စဟိ ဂါထာသတေဟိ ထေရဿ ဂုဏံ ကထေတ္ဝာ ဓာတုစေတိယံ ကာရာပေတ္ဝာ ရာဇဂဟံ ဂမနတ္ထာယ အာနန္ဒတ္ထေရဿ သညံ အကာသိ။ ထေရော ဘိက္ခူနံ အာရောစေသိ။ ဘဂဝါ မဟာဘိက္ခုသံဃပရိဝုတော ရာဇဂဟံ အဂမာသိ။ တတ္ထ ဂတကာလေ မဟာမောဂ္ဂလာနတ္ထေရော ပရိနိဗ္ဗာယိ။ဘဂဝါ

တဿ ဓာတုယော ဂဟေတွာ စေတိယံ ကာရာပေတွာ ရာဇဂဟတော နိက္ခမိတွာ အနုပုဗ္ဗေန ဂင်္ဂါဘိမုခေါ ဂန္ဆာ ဥက္ကာစေလံ အဂမာသိ။—ဟု ပြတော်မူ၏။

လိုရင်းကား— "ဓာတုစေတိယံ ကာရာပေတွာ"သာ ပြလိုရင်းတည်း။ သို့သော် ပါဠိပြည့်စုံရန် အကုန်ရေးထည့်လိုက်သည်။

ဒေဘ်ဒေဝဒ်၏ အဆင်းအရောင် ပမာဏကို ပြခြင်း

မဟာဝဂ္ဂသံယုတ် ပါဠိတော်နှိုက်—

(ဂ) အာယသ္မာ ဘန္တေ သာရိပုတ္တော ပရိနိဗ္ဗုတော။ ဣဒမသ္မ ပတ္တစီဝရံ၊ ဣဒံ ဓာတုပရိဿာဝနန္တိ။—ဟူ၍ ဟောတော် မူသောကြောင့်၎င်း၊

(ဃ) စုန္ဒတ္ထေရော ဓာတုယော ပရိဿာဝနေ ပက္ခိပိတွာ။—ဟူ၍ ၎င်းအဋ္ဌကထာနှိုက် ပြသောကြောင့်၎င်း၊

အရှင်သာရိပုတ္တရာ၏ ကြွင်းကျန်သော ဓာတ်တော်သည် ရေစစ်အိုပ် တခု မျှသာ ရှိ၏။ ရေစစ်အိုပ်သည် ရေ(၂)ခွက် (၃)ခွက်မျှလောက်သာဝင်သော ကြောင့် ပမာဏအားဖြင့် တစလယ်,တခွက်မျှလောက်သာ ရှိ၏ဟု မှတ်သင့်၏။ ထိုအရှင်သာရိပုတ္တရာ၏ ဓာတ်တော်၏ အရောင်အဆင်းသည် အဖြူလုံး ခရုသင်းအဆင်းနှင့်တူသော ဖြူသော အဆင်းအရောင်ရှိ၏။ထိုကြောင့် မဟာဝဂ္ဂသံယုတ် အဋ္ဌကထာနှိုက်—

(င) တဿ ဣဒါနိ ဣမာ သခ်ဝဏ္ဏသဒိဘာ ဓာတုယောဝ ပညာယန္တိ။

အနက် ဤဒါနိ၊ယခုအခါနှိုက်။ တဿ၊ထိုအရှင်သာရိပုတ္တရာ၏။ သခ်ဝဏ္ဏ သဒိဘာ၊ ခရုသင်း အဆင်းကဲ့သို့ အဆင်းအရောင်ရှိကုန်သော။ ဣမာဓာတုယောဝ၊ ဤ ဓာတ်တော်တို့သည်သာလျှင်။ ပညာယန္တိ၊ ထင်ကုန်၏။

ထိုသို့ ပြသောကြောင့် အရှင်သာရိပုတ္တရာ၏ ဓာတ်တော်သည် အရိုး ဓာတ်,အမှုန့်ဓာတ် မဟုတ်၊ အဖြူလုံး အဖြူရောင် ရှိ၏ဟု မုခ္ဍ မှတ်ယူအပ်၏။ အရှင်မဟာမောဂ္ဂလာန်၏ ဓာတ်တော် အရောင်အဆင်း အကြီး အငယ်ကို ပြသော ပါဠိ,အဋ္ဌကထာ,ဋီကာတို့နှိုက် မတွေ့ဘူးချေ။ သို့သော် အရှင်သာရိပုတ္တရာ၏ ဓာတ်တော်ကို ထောက်ဆ၍သော်ငင်း၊ ကောင်းကင်နှိုက် ပရိနိဗ္ဗာန်ပြုသော လူရဟန္တာ သန္တတိအမတ်ကြီး၏ မြတ်စွာဘုရားလက်တော် ပုဆိုးဖြူဖြင့် ခံယူတော်မူသော ဓာတ်တော်ကို ရွှေပန်းအဆင်းရှိ၏ဟူ၍ ဓမ္မပဒ အဋ္ဌကထာနှိုက် "သုဝဏ္ဏပုပ္ဖါနိ ဝိယာ ဓာတုယော အဝသေသိ"သု"ဟု ပြသည်ကို ထောက်ဆ၍သော်ငင်း အရှင် မဟာမောဂ္ဂလာန်နှင့် တကွ အလုံးစုံသော ရဟန္တာထေရ်မြတ်တို့၏ ဓာတ်တော်တို့သည် မင်ပြာ အရိုးဓာတ်၊ အမှုန့်ဓာတ် မရှိ။ မြတ်စွာဘုရား၏ ဓာတ်တော်ကဲ့သို့ အနည်းငယ်မျှ တူစွာ အရွှေ,အဖြူ, အညို,အမောင်း,သန္တာအဆင်းစသည်အဆင်းအမျိုးမျိုးရှိ၍ ပမာဏအားဖြင့် နှမ်းစေ့ မုံညင်းစေ့ ပဲနောက်စေ့ ရွှေငယ် ရွှေကြီး အကြီးဆုံး ဆီးသီးစေ့မျှ ပမာဏရှိ၏ဟု မှတ်ယူသင့်၏။

မှတ်ချက်—ရဟန္တာပုဂ္ဂိုလ်တို့၏ ဓာတ်တော် အကြီး, အငယ် ပမာဏကို ပြသော အဋ္ဌကထာ, ဋီကာ မရှိသည်ဖြစ်၍ အနုမာန နယဂ္ဂါဟ အားဖြင့်သာ ပြလိုက်သည်၊ သင့် မသင့်ကို ဉာဏ်ဖြင့် နှိုင်းချင့်၍ ယူကြစေ။

ဓာတ်ခဲဝင် ကြွင်းကျန်ခြင်း၏ အကြောင်းကို ပြခြင်း

အသက်ရှည်သော မြတ်စွာဘုရားတို့၏ ပရိနိဗ္ဗာန်ပြုသောအခါ သရီရ ဓာတ်တော်သည် အစိတ်အစိတ် မဖြစ်၊ ရွှေတုံးကြီးကဲ့သို့ တခု တည်းသော ဓာတ်တော်တုံးကြီးသာ ကြွင်းကျန်ခဲ့၏။ ငါတို့ ဂေါတမမြတ်စွာဘုရားသည် ငါသည် အသက်တော်(၈၀) ဝါတော်(၄၅)ဝါမျှသာ ကြာမြင့်စွာ မတည်မူ၍ ပရိနိဗ္ဗာန်ပြုရအံ့၊ ငါဘုရား၏ သာသနာတော်သည် အလုံးစုံသော အရပ်နှိုက် မပျံ့နှံ့သေး၊ ထိုကြောင့် ပရိနိဗ္ဗာန်ပြုသော ငါဘုရား၏ မုံညင်းစေ့ခန့်မျှ အတိုင်းအရှည်ရှိသော ဓာတ်တော်တို့ကိုယူ၍ မိမိတို့၏ နေရာအရပ်နှိုက် စေတီ

တော် တည်ခြင်းကိုပြု၍ ဆွမ်း,ပန်းစသည်ဖြင့် ပူဇော်သော လူအပေါင်းသည် နက်ပြည်နှိုက် လည်းလျောင်းရာရှိသည် ဖြစ်စေသတည်းဟု နှလုံးသွင်းတော်မူ၍ ဓာတ်တော်တို့၏ အစိတ်အစိတ် ဖရိုဖရဲ ကြဲခြင်းကို ဓိဋ္ဌာန်တော်မူ၏။ ထိုသို့ ဓိဋ္ဌာန်တော်မူသောကြောင့် ဘုရား ပရိနိဗ္ဗာန် ပြုတော်မူသောအခါ ဓာတ်တော် (အဋ္ဌဒေါဏ)ရှစ်စရှတ်၊ တင်းအားဖြင့် ၂ တင်း ကြွင်းကျန်တော်မူခဲ့၏။

မှတ်ချက်—အရိယာသာဝကတို့၏ ဓာတ်တော်သည်လည်း မြတ်စွာဘုရား၏ အဓိဋ္ဌာန်တော်ဖြင့်သာလျှင် ကြွင်းကျန်၏ဟု မှတ်ယူသင့်၏၊ အဋ္ဌကထာတို့နှိုက် အထူးမပြ။ထိုကြောင့် သုတ်မဟာဝါ မဟာပရိနိဗ္ဗာန သုတ် အဋ္ဌကထာနှိုက်—

ဒီဃာယုက ဗုဒ္ဓါနဉ္စိ သရီရံ သုဝဏ္ဏာဇ္ဈန္ဒသဒိသံ ကေမေဝ ဟောတိ။ ဘဂဝါပန အဟံ နစိရံ ဌတ္ဝာ ပရိနိဗ္ဗာယာမိ။ မယ္ဟံ သာသနံ တာဝ သဗ္ဗတ္ထ နဝိတ္ထာရိတံ။ တသ္မာ ပရိနိဗ္ဗုတသ္သဝိ မေ သာသပမတ္တာဓိ ဓာတုံ ဂဟေတ္ဝာ အတ္တနောအတ္တနော ဝသနဋ္ဌာနေ စေတိယံ ကတ္ဝာ ပရိစရန္တော မဟာဇနော သဂ္ဂ ပရာယနော ဟောတူတိ ဓာတူနံ ဝိကိရဏံ အဓိဋ္ဌာသိ။—ဟု ပြတော်မူ၏။

အနက် ဟိဿစ့ံ၊ မှန်၏။ ဒီဃာယုကဗုဒ္ဓါနံ၊ အသက်ရှည်သော မြတ်စွာဘုရားတို့၏။ သရီရံ၊သရီရဓာတ်တော်သည်။သုဝဏ္ဏာဇ္ဈန္ဒသဒိသံ၊ ရွှေတုံးနှင့်တူသော။ ကေမေဝ၊တခုတည်းသာလျှင်။ ဟောတိ၊ဖြစ်၏။ ဘဂဝါပန၊ငါတို့ ဂေါတမမြတ်စွာဘုရားသည်ကား။ အဟံ၊ ငါသည်။ နစိရံ၊ မကြာမြင့်မီ။ ဌတ္ဝာ၊တည်၍။ ပရိနိဗ္ဗာယာမိ၊ပရိနိဗ္ဗာန် ပြုရအံ့။ မယ္ဟံ၊ငါဘုရား၏။ သာသနံ၊သာသနာတော်သည်။ သဗ္ဗတ္ထ၊အလုံးစုံသော အရပ်တို့နှိုက်။ နတာဝ ဝိတ္ထာရိတံ၊မပျံ့နှံ့သေး။ တသ္မာ၊ထိုကြောင့်။ ပရိနိဗ္ဗုတသ္သ၊ပရိနိဗ္ဗာန်ပြုတော်မူသော။ မေပိ၊ငါဘုရား၏လည်း။ သာသပမတ္တာမိ၊မုံညင်းစေ့ အတိုင်းအရှည် ရှိသည်လည်းဖြစ်သော။ ဓာတုံ၊ဓာတ်တော်ကို။ ဂဟေတ္ဝာ၊ယူ၍။ အတ္တနော အတ္တနော၊မိမိ မိမိ၏။ ဝသနဋ္ဌာနေ၊နေရာအရပ်နှိုက်။ စေတိယံ၊စေတီတော်ကို။

ကတ္ဝာ၊တည်ထားသည်ကိုပြု၍။ ပရိစရန္တော၊လုပ်ကျေး ပူဇော်သော။ မဟာဇနော၊လူများအပေါင်းသည်။ သဂ္ဂပရာယနော၊နတ်ပြည်လျှင် လည်းလျောင်းရာရှိသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဣတိ၊ ဤသို့ နှလုံးသွင်းတော်မူ၍။ ဓာတုနံ၊ ဓာတ်တော်တို့၏။ ဝိကိရဏံ၊ ဖရိုဖရဲ ကြဲခြင်းကို။ အဓိဋ္ဌာသိ၊ မိဋ္ဌာန်တော်မူပြီ။ ဝါ၊အဓိဋ္ဌာန်ပြုတော်မူပြီ။

အရိယာသာဝကာ၏ ဘော်ဘေဒါကို ပူဇော်ရခြင်း၏ အကျိုးကို ပြခြင်း

မြတ်စွာဘုရား၏ဓာတ်တော်ကို ရှိခိုးပူဇော်သကဲ့သို့ အရိယာသာဝကတို့၏ ဓာတ်တော်တို့ကို ရှိခိုးပူဇော်သောသူတို့သည် လူ့ပြည်,နတ်ပြည်နှိုက် ဖြစ်ခြင်း အကျိုးရှိကုန်၏၊ မင်္ဂလာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို ရခြင်း၏အကြောင်းလည်း ဖြစ်ကုန်၏ဟု မုချ မှတ်ယူအပ်၏။ ထို့ကြောင့် သုတ်မဟာဝါ မဟာပရိနိဗ္ဗာန သုတ် ပါဠိတော်နှိုက်—

အယံ တသ္မာဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ သာဝကသ္သ ထူပေါတိ အာနန္ဒ ဗဟုဇနာ စိတ္တံ ပသာဒေန္တိ။ တေ တတ္ထ စိတ္တံ ပသာဒေတ္ဝာ ကာယဿ ဘေဒါ ပရံမရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ။ ဣဒံ ခေါ အာနန္ဒ အတ္ထဝသံ ပဋိစ္စ တထာဂတဿ သာဝကော ထူပါရဟော၊—ဟု ဟော တော်မူ၏။

အနက် အာနန္ဒ၊အာနန္ဒာ။ အယံ၊ဤစေတီသည်။ အရဟတော၊လူမင်းနတ်မင်း ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊သခ်ၤတ,အသခ်ၤတအားဖြင့် ပြားသော ခပ်သိမ်းသောတရားတို့ကို မဖေါက်မပြန် ကိုယ်တော်တိုင်သာလျှင် အကြွင်းမရှိ သိမြင်တော်မူပြီးထသော။ တသ္မာဘဂဝတော၊ထိုမြတ်စွာဘုရား၏။ သာဝကဿ၊အရိယာသာဝက၏။ ထူပေါ၊ စေတီတော်တည်း။ ဣတိ၊ သို့။ ဗဟုဇနာ၊များစွာသောလူတို့သည်။ စိတ္တံ၊ စိတ်ကို။ ပသာဒေန္တိ၊ ကြည်စေကုန်၏။ တေဗဟုဇနာ၊ထိုများစွာသောလူတို့သည်။တတ္ထ၊ထိုအရိယာသာဝက၏ ဓာတ်တော်၌ပနာရာ စေတီတော်နှိုက်။ စိတ္တံ၊စိတ်ကို။ ပသာဒေတ္ဝာ၊ကြည်ညိုစေ၍။ဝါ၊ကြည်ညိုစေ

သောကြောင့်။ ကာယဿ၊ခန္ဓာကိုယ်၏။ ဘေဒါ၊ပျက်ခြင်း ဟုဆိုအပ်သော။ မရဏာ၊သေသည်မှ။ ပရံ၊နောက်နိုက်။ သုဂတိံ၊ကောင်းမှုကို ပြုသောသူတို့၏ လားရာဖြစ်သော။ သဂ္ဂံလောကံ၊နတ်ပြည်လောကနိုက်။ ဥပပဇ္ဇန္တိ၊ဖြစ်ကုန်၏။ အာနန္ဒ၊အာနန္ဒာ။ ခေါ၊စင်စစ်။ ဣဒံအတ္ထဝသံ၊ဤအကျိုးထူးကို။ ပဋိစ္စ၊စဲ၍။ တထာဂတဿ၊မြတ်စွာဘုရား၏။ သာဝကော၊အရိယာသာဝကသည်။ ထူပါ ရဟော၊ စေတီတည်ခြင်းငှါ ထိုက်၏။

မှတ်ချက်—ပုထုဇဉ်ရဟန်းတို့၏ အရိုးဓာတ်သည် စေတီတည်ထားခြင်းငှါ မထိုက်၊ အဘယ်ကြောင့်နည်းဟူမူ အများဖြစ်၍ အံ့ဩဘွယ် မရှိသောကြောင့်တည်း။ သို့သော် သီလဝန္တ,ပညာဝန္တဖြစ်သော ပုထုဇဉ် ရဟန်း၏ ရုပ်ဟောင်းကိုဖြစ်စေ အရိုးဓာတ်ကိုဖြစ်စေ ပူဇော်သော လူဒါယကာတို့အား ကုသိုလ်ကောင်းမှု ဖြစ်၏ဟု မှတ်ယူအပ်၏။ ထိုကြောင့် သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာနိုက်—

ပုထုဇ္ဇနသီလဝတော ပန ပရိနိဗ္ဗုတဘိက္ခုနော ဝိယ မဟန္တမွိ သက္ကာရံ ကာတုံ ဝဋ္ဋတိယေဝ။—ဟု ပြတော်မူ၏။

အနက် ပန၊ ထိုသို့ပင် စေတီ တည်ထားခြင်းငှါ မထိုက်သော်လည်း။ ပုထုဇ္ဇနသီလဝတော၊ ပုထုဇ္ဇန်သီလရှိသော ရဟန်းအား။ ပရိနိဗ္ဗုတဘိက္ခုနော၊ပရိနိဗ္ဗာန်ပြုသော ရဟန္တာရဟန်းအား။ မဟန္တမွိ၊များစွာလည်းဖြစ်သော။ သက္ကာရံ၊ပူဇော်သက္ကာရကို။ ကာတုံ၊ပြုခြင်းငှါ။ ဝဋ္ဋတိဝိယ၊ အပ်သကဲ့သို့။ မဟန္တမွိ၊သော။ သက္ကာရံ၊ကို။ ကာတုံ၊ငှါ။ ဝဋ္ဋတိယေဝ၊အပ်သည်သာလျှင်တည်း။

အရှင်သာရိပုတ္တရာ,အရှင်မဟာမောဂ္ဂလာန် တို့၏
ဓာတ်တော် အဆုံးအဖြတ် ပြီးပြီ။

ပေါက်တောကျောင်းတိုက်

ကထိန်မဂ်လာ ဩဘာစာ

ဇေယျတု။— အောင်သူတကာတို့၏ အဓိပတိ၊ မုနိတကာတို့၏ ထုတ်ဖူး၊ သုံးဦးသော လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏ ဆရာ၊ တဏှာမြစ်မ၊ ပင်လယ်ဝဟု၊ ဝဋ္ဋသံသရာ၊ ငါးခန္ဓာနှင့်၊ ဥေ ယျာဉသုံ၊ အလုံးစုံကို၊ အကုန်အစင်၊ ဉာဏ်နှိုက်ထင်၍၊ သိမြင်ဂေဖန်၊ သဗ္ဗညူ ရှေဉာဏ်ဖြင့်၊ ကျင့်ရန်ဖွဲ့ထုတ်၊ သိက္ခာပုဒ်ကို၊ ပညတ်ပိုင်းခြား၊ ဝေဖန်ထားလျက်၊ ငါးပါး အာနိသင်၊ ကျိုးဆက်မြင်၍၊ နောင်ရှင်ဇော်ဌ၊ မြတ်ဗုဒ္ဓတို့သည်၊ ခွင့်ပြုတော်မူကြမြဲ၊ ကထိန်ပဲ့ကို၊ ဆင်နွဲပြုလုပ်ကြရန်၊ အတိတံသဉာဏ်ဖြင့်၊ ဝေဖန်သိမြင်တော်မူသော၊ ဇာနင်သက္ခ၊ ဂေါတမမြတ်စွာဘုရားသည်၊ အရညကင်နှင့်၊မူတင်ပိဏ္ဍပါတ်၊သင့်မြတ်ပုံသကူ၊ နည်းတူ ကောသနိတ်၊ တိစီဝရိတ်မြဲဆောင်၊ ဉာဏ်ရောင်လှမ်းကြည်၊ ပါဝါပြည့်သား၊ သုံးကျိပ်သော ရဟန်းများကို၊ သနားသမူ၊ အကြောင်းပြု၍၊ နိဗ္ဗုမဂ္ဂါ၊ ရည်ရွယ်ကာဖြင့်၊ သာသနာထမ်း၊ မြတ်ရဟန်းတို့၏၊ ငြိစွန်းအာပတ်၊ နုတ်ပယ်တတ်၍၊ ငါးရပ် အာနိသင်တရား၊ အကျိုးများကို၊ ရငြားစေခြင်းငှါငင်း၊ သဒ္ဓါရှင်လန်း၊ ကထိန်သင်္ကန်းကို၊ လှူဒါန်းကြကုန်သော ဒါယကာတို့အားလည်း၊ သုံးပါးလောက၊ ကင်းလွတ်ပသော၊ နိဗ္ဗာနသုခ၊ မဟပ္ဖလကို၊ ရကြစေခြင်း အကျိုးငှါငင်း၊ "အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝုတ္ထာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ"ဟူ၍၊ သီတင်းကျွတ်လပြည့်ကျော်(၁)ရက်နေ့မှစ၍၊ တန်ဆောင်မုန်းလပြည့်နေ့ အကျ၊ တလမျှဖြင့်၊ ကထိန သင်္ကန်းကို၊ လှူဒါန်းရာဇဝတ်၊ ရွေးချယ်လှစ်၍၊ စင်စစ် ခွင့်ပြုတော်မူသတည်း။

ဤသို့ရွေးစစ်၊ ကထိန်ခေတ်ကို၊ ခွင့်ပြုတော်မူရာ၊ တာဝတိံသာန္နိုက်၊ နှစ်မှာတွက်စစ်၊ ရေတွက်လှစ်သော်....အနှစ်တထောင်မှ တကြိမ်၊ ပွင့်ချိန်စဲလမ်း၊ အာသာဝတီ၊နွယ်နီနတ်ပန်းကို၊ ဆင်မြန်းလိုကာ၊နတ်ဒေဝါတို့သည်၊သူထက်ငါ ပဌမ၊လက်ဦးရအောင်၊စောင့်ဆိုင်းကြကုန်သကဲ့သို့၊ဗုဒ္ဓသဗ္ဗညူ၊ဉာဏ်တော်ရှူ၍ ခွင့်ပြုတော်မူအပ်သော၊အကျိုးမြတ် သိန်းသန်း၊ဤကထိန်သင်္ကန်းကို၊လှူဒါန်းရာဇဝတ်၊တနှစ်မှ တကြိမ်၊အချိန်ကာလ၊တွေ့ကြိမ်ရသဖြင့်၊ ဒုလ္လဘဟု၊ စိတ်ကစဲ့ယှဉ်၊ ဤ ကထိန်သင်္ကန်းအလှူကို၊ ကြည်ဖြူရှင်လန်း၊ လှူဒါန်းကြကုန်သော၊

ပေါက်တောရွာနှိုက်၊ သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ,ဟိရီ,ဩတ္တပ္ပ တည်းဟူသော သူတော်ကောင်းတရား(၇)ပါးနှင့်၊ ပြည့်ငြားလုံးစုံ၊ ကိုယ်နှိုက်ထုံလျက်၊ မိစ္ဆုံအာဇီဝ၊ပယ်စွန့်ချ၍၊ သမ္မအာဇီဝါ၊စင်ကြယ်စွာသော၊လယ်ယာလုပ်ကိုင်၊ နေထိုင်သက်မွေး၊ စိတ်ယဉ်ကျေး၍၊ နတ်ပေးလူ့ဘောင်၊ **မောင်လှမောင်နှင့်**၊ ထုံးနှောင်ကံပြိုင်၊**မစောမြိုင်ဇနီး**၊ရှုမညီးသည့်၊မျိုးကြီးသန့်စင်၊တူမ **မဆယ်တင်** တို့သည်၊ ကျေးဇူးရှင်အနန္တ၊ သီလ,သမာဓိ၊ ပညာရှိ၍၊ သတိမြဲခိုင်၊ **အာဘာ—ကျောင်းဒကာကြီး** ဦးဘိုးနိုင်ကို၊ဦးကိုင်ရှေသွား၊အမှူးထား၍၊သုံးပါးလောက၊ ဝဋ်ဒုက္ခမှ၊ မုချလွတ်မြောက်၊ နိဗ္ဗာန်သို့၊ ရောက်ရပါစေခြင်း အကျိုးငှါငင်း၊ ပေါက်တောကျောင်းတိုက်နှိုက်၊ ယာပိုက် မွေ့လျော်၊ သံဃာတော်တို့အား၊ ဘုရားပညတ်၊ ခွင့်ပြုတော်မူအပ်သော၊ ကထိန်ဥ တ်သက်န်း၏၊ ငါးခန်း အာနိသံသ၊ ကျိုးဖလကို၊ ရကြပါစေခြင်း အကျိုးငှါငင်း၊ ပေါက်တောကျောင်းတိုက်နှိုက် ၁၃၁၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း( )ရက်နေ့တွင်၊ကထိန်ပဲ့သဘင်ကို၊ ဆင်ယင်ကျင်းပပြီးလျှင်၊ ဤကထိန်သက်န်းကို၊"ဤမံ ကထိနစီဝရံ သံဃဿ ဒေမ"ဟု နှုတ်မြွက်ဆိုကာ၊ စေတနာဖြင်၊ သဒ္ဓါပြခန်း၊ ရေစက်မှမ်း၍၊ လှူဒါန်း ဆက်ကပ်ကြပါသတည်း။

ထိုကထိန်သက်န်း အလှူကို၊ ကြည်ဖြူရှေသွား၊ အစထား၍၊ ကျိုးများမဟပ္ပလ၊ ဟောဖေါ်ပြလည်း၊ ဆုံး,စမရှိ၊ ဥမိ လှိုင်းပုဂါး၊ သမုဒ္ဒရာ ရေအလားသို့၊ ကုမ်းစား ချင့်ခွက်၊ ရေတွက်၍ မကုန်၊ တောင်နှယ်ပုံသော၊ လုံးစုံသုခ၊ လောကီယနှင့်၊ နိဗ္ဗာနသုခံ၊ ဒေကျိုးပေး သန့်လှသော၊ ဝိဟာရံကျောင်းမြတ်၊ ချီးမွမ်းအပ်သည့်၊စရပ်,ရေတွင်း၊ဖန်ဆင်းအပ်ပြီး၊ ကုသိုလ်ကြီးကို၊အပြီးတိုင်ရ၊ ရေစက်ချ၍၊ ပူဇော်လာ၊ ပြုပြီးခါလျှင်၊ မဟာနိသံသ၊ အကျိုးကြီးလှသော၊ ဓမ္မပူဇာ၊ ရည်ရွယ်ကာဖြင့်၊ ဟောဖြာဖွင့်ထုတ်၊ ကျမ်းစာအုပ်ကို၊ ကောက်နှုတ်ရွေးချယ်၊ ငွေဖြင့်ဝယ်၍၊ ရည်ရွယ်ထေရ်အား၊ အပ်နှင်းထားလျက်၊ သီးခြားပူဇော်၊ ဇိနော် အရဟန္တာ၊ မြတ်ဗုဒ္ဓ၏၊ သာသနာအမွေ၊ ခံရစေသား၊ နှလုံးထားလျက်၊ ပိုင်းခြားထင်ထင်၊ ကျိုးအာနိသင်ကို၊ ဘုရားရှင်သော်မှ၊ ဟောပြမကုန်၊ လုံးစုံမျှားပြား၊ နတ်သိကြားနှင့်၊ မင်းဖျား ပဒေသရာဇ်၊ ကေရာဇ်စကြာ၊ မင်းရာဇာနှင့်၊ မဟာဓနံ၊ ပေါက္ကယ်ဝသော၊ သေဋ္ဌခေါ်မှီး၊ သေဋ္ဌးကြီးတို့၏၊ ခိုင်ဖြိုးထိန်ထိန်၊ မြတ်စည်းစိမ်ကို၊ ကြိမ်ကြိမ်ခံစား၊ အဆုံးအားဖြင့်၊

ထက်ဖျား နိဗ္ဗာန်၊ ရောက်ကြောင်းမှန်သော၊ ပုညံနွဲ့ဆင်၊ ကုသိုလ်ပဲ့သဘင်ကို၊ ဆင်ယင် ကျင်းပလျက်၊ ပရပုတ္တာ၊ ( )သားမြတ်လှကို၊ အဋ္ဌပရိက္ခရာ၊ ဆင်တန်းဆာဖြင့်၊ သာသနာတော်ထမ်း၊ ဝတ်သက််န်းနှင့်၊ မဂ်လမ်းဖွင့်လစ်၊ သာမဏေအဖြစ်သို့ ရောက်အောင်၊ ပစ္စည်းပံ့ထောက်၊ချီးမြှောက်ပြီးခါ၊ ထေရ်သံဃာတို့အား၊ သဒ္ဓါရင်းပြု၊ ဒါတဗ္ဗဝတ္ထုကို၊ ခွဲစုဝေခြမ်း၊ လှူဒါန်းပူဇော်၊ သာဓုခေါ်သော၊ သူတော်ကောင်းမြတ်၊ ပရိသတ်တို့အား၊ လျောက်ပတ်ချို့ချဉ်၊ ဘောဇဉ်အရသာတို့ဖြင့်၊ ပုညအခြေခံ၊ သဒ္ဓါဇောသန်သန်ဖြင့်၊ ညှဉ်ခံကျွေးမွေး၊ မနှောင့်နှေးဘဲ၊ နောင်ရေးမျှော်ရှု၊ နိဗ္ဗာန်ဆုကို၊ ရမ္မကျိုးပန်း၊ လှူပဲ့လမ်းကို၊ခြိမ့်မှမ်းဘဝဂ်၊ပြန့်ကျော်တက်အောင်၊ထက်မြက်ပညာ၊စေတနာဖြင့်၊ သဒ္ဓါလှမ်းအုပ်၊ သတိချုပ်၍၊ ပြုလုပ်ကြသည့်၊ ဒါနဆင်နွဲ့၊ ပေးစွန့်ကြဲသော၊ အလှူပဲ့ကြီးသည်၊ ကျော်ဟီးပို့တက်၊ အောက်နရက်နှင့်၊ ဘဝဂ်မိုးဖျား၊ နွံကျော်ကြား၍၊ နတ်များစာရင်း၊ ရွှေပုရပိုက်အတွင်းနှိုက်၊ ထည့်သွင်းရေးပြု၊ ကောင်းသာဓုဖြင့်၊ အောင်ဆု အောင်သံ၊ နိမိတ်လှု့၍၊ နိဗ္ဗာန်ဆုမှီး၊ အောင်ပဲ့ကြီးသည်၊ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ပါသတည်း။ ။ဤသည့်ကောင်းမှုဖိုအစုကို၊ မြေထုမက၊ ကျေးငှူးကြီးလှသော၊ မိဘ,ဆရာ၊ အယျကာနှင့်၊ ဆွေညာတသင်း၊ ယမမင်းနှင့်၊ စောင့်ခြင်း ဒေဝါ၊ ဗြဟ္မာ,သိကြား၊ အဦးထား၍၊ မင်းများရာဇာ၊ သတ္တဝါအများ၊ မျှဝေကြားသည်၊....ခေါ်ငြားသာဓု ဖိုးစေသော်.... ။

ကထိန် ဩဘာစာ

ဇေယျတု။—မဟာကရုဏာတော် ရွှေသွား၊ သဗ္ဗညု ဉာဏ်တော် ဓားဖြင့်၊ ပိုင်းခြားဖေနုတ်၊ ဝိနည်းသိက္ခာပုဒ်ကို၊ မိန့်ထုတ် ပညတ်တော်မူသော၊ အမြတ်ထုတ်ထား၊ သဗ္ဗညု မြတ်စွာဘုရားသည်.... အရညကင်နှင့်၊ ဓုတင်ပိဏ္ဍပါတ်၊ သင့်မြတ် ပံ့သကူ၊ နည်းတူ ကေသနိက်၊ တိစီဝရိတ်မြဲဆောင်၊ ဉာဏ်ရောင်လှမ်းကြည်၊ ပါဝါပြည်သား၊ သုံးကျိပ်သော ရဟန်းများကို၊ ပိုင်းခြား ရွယ်ရှု၊ အကြောင်းပြု၍၊ နိဗ္ဗုအမတာ၊ ရည်ရွယ်ကာဖြင့်၊ သိက္ခာကျင့်ထမ်း၊ တပည့်

ရဟန်းတို့အား၊ ငြိစွန်းအာပတ်၊မရှိလပ်၍၊ကြီးမြတ်ကျိုးများ၊ထင်ရှားရှိသော ရဟန်းကို၊ မပန်ကြားမူ၍ သွားရခြင်း၊ ဒုက္ခိသက်နှံးကြီးကို၊ မယူမူ၍ သွားရခြင်း၊ ဂဏဘောဇဉ်ကို စားရခြင်း၊ သက်နှံးကို အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ၊ အလိုရှိတိုင်း ထားရခြင်း၊ ကထိန်ခင်းသော ကျောင်းတိုက်နှိုက် ဖြစ်သော၊ သံဃိကလာဘ်ကို ရခြင်း၊ ဤငါးပါးသော အကျိုးအာနိသံသကို ပစ္စက္ခနှိုက်၊ သာဝက တပည့်ရဟန်းတို့အား၊ရငြားစေခြင်း အကျိုးငှါငင်း။ သဒ္ဓါရှင်လန်း၊ ကထိန်သက်နှံးကို၊ လှူဒါန်းကြကုန်သော၊ ဒါယကာ,ဒါယိကာမတို့အားလည်း၊ တိဝိဓသုခ၊ အကျိုးမဟပ္ပလကို၊ ရကြစေခြင်း အကျိုးငှါငင်း။ “အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုတ္ထာနံ ဘိက္ခူနံ ကထိနံ အတ္ထာရိတုံ” ဟူ၍ သီတင်းကျွတ်လပြည့် ကျော်(၁)ရက်နေ့မှစ၍၊တန်ဆောင်မုန်းလပြည့်နေ့အထိ၊နိဗ္ဗူတိကို၊သစ္စိ ရှယ်မှန်း၊ကထိန်သက်နှံးကို၊လှူဒါန်းရာခေတ္တာ၊တလမျှကို၊ခွင့်ပြုတော်မူသတည်း။

ဤသို့ ခွင့်ပြုရာ၊တာဝတိံသာနှိုက်၊ သံဝစ္ဆရာ တွက်စစ်၊ရေတွက်လှစ်သော်၊ အနှစ်တထောင်မှ တကြိမ်၊ ပွင့်ချိန်စွဲလမ်း၊ အာသာဝတီ၊ နွယ်နီနတ်ပန်းကို၊ ဆင်မြန်းလိုကာ၊ နတ်ဒေဝါတို့သည်၊ သူထက်ငါပဌမ၊ လက်ဦးရအောင်၊စောင့် ဆိုင်းကြ၏သို့၊ ဗုဒ္ဓသဗ္ဗညူ၊ ဉာဏ်တော်ရှူ၍၊ ခွင့်ပြုတော်မူအပ်သော၊ အကျိုးမြတ် သိန်းသန်း၊ ဤကထိန်သက်နှံးကို၊ လှူဒါန်းရာခေတ်၊ တနှစ်ကမှ တကြိမ်၊ အခွင့်ကာလ၊ တွေ့ကြိမ်ရသဖြင့်၊ ဒုလ္လဘ ရယူ၊ ဤကထိန်အလှူကို၊ ကြည်ဖြူရှင်လန်း၊ လှူဒါန်းလိုကြကုန်သော မန္တလေး ရတနာပုံ နေပြည်တော်ကြီးကို ပဌမတည်ထောင် ဖန်ဆင်းတော်မူသော ဘုရင်မင်းမြတ်၊ သမ္မုတိနတ်၏၊ အမတ်သေနာပတိ၊ ဘဲ့ထူးရှိ၍၊ ပိဋ္ဌကတ်ကျမ်း၊ အခဏ်းခဏ်းကို၊ တတ်စွမ်း မြင်မျော်၊ မဟော်အလား၊ ပညာရှိ အမတ်များထက်၊ ဉာဏ်သွားထက်မြက်၊ ပညာရောင်လက်သဖြင့်၊ အောက်ထက်နှံ့ပြား၊ ယခုတိုင် ကျော်ကြားလျက်၊ ဂုဏ်များထင်စွာ၊ အလင်္ကာနိသျကျမ်း၊ ဥတုဘောဇန သပ္ပါယကျမ်း၊ဗျူဟတ် ကျမ်း စသည်တို့ကို၊ ရေးစွမ်းနိုင်သော ဂုဏ်ရည်၊ ခြေဆေး့တရထီသို့၊အာဇာနည် ဖြစ်သော၊ ရွှေပြည်မင်းကြီး၏ မြေး၊ ပြည် မောင်မောင်၏ သား၊ သုံးပါး သရဏဂုမ်၊ ကိုယ်နှိုက်ထုံလျက်၊ နိဗ္ဗာန်ဘုံရောက်ကြောင်း၊ သူတော်ကောင်း တရား၊ ခုနစ်ပါးနှင့်၊ ငါးပါးသီလ၊ အဋ္ဌင်္ဂ ဥပေါသထ၊ ဘာဝနာကို၊ မကွာ ကိုယ်တွင်၊ တန်းဆာဆင်လျက်၊ ကြည်ရှင်ဟဒယ၊ ဥဇုကစိတ္တာ၊ ပညာနှင့်

သမာဓိ၊ မြင့်မိုရ်တောင် ဂီရိသို့၊ တည်ကြည်ခြင်း ရှိသောကြောင့်၊ ဗုဒ္ဓဘာသာ အသင်းချုပ်ကြီး၏ဥက္ကဋ္ဌဖြစ်သော၊ **မန္တလေးမြို့၊သေဋ္ဌေးတန်းရပ်နေ၊ပဌမတန်း ရှေ့နေကြီး ဦးခင်မောင်ဒွေး၊** ဇနီးကတော် **မခင်ရွှေ** တို့သည်၊ အဝိဇ္ဇာနှင့်၊ တဏှာမူလက၊ ငဋ္ဌဒုက္ခမှ၊ မုချ လွတ်မြောက်၍၊ နိဗ္ဗာန်သို့ အမြန်ရောက်ပါစေခြင်း အကျိုးငှါငင်း။ သံဃာတော် အရှင်မြတ်တို့အား၊ ဘုရားပညတ်တော် မူအပ်သော ကထိန်အာနိသင် ငါးပါးကို ရပါစေခြင်း အကျိုးငှါငင်း။ (၁၃၀၉)ခု၊ တန်ဆောင်မုန်းလပြည့်နေ့တွင် မန္တလေးမြို့ မိုးကောင်းတိုက်နှိုက် နှစ်ချိုက်ပျော်စွာ၊ ဝိနယာပညတ်၊ ဝါသို့ကပ်၍၊ ဝါကျွတ်ကုန်သော၊ ရဟန်း သံဃာတော် (၁၇၀)တရှာ့ခုနစ်ဆယ်ကျော်တို့အား၊ နံနက်စော အချိန်နှိုက်၊ မွေ့သိမ်မြိန်မြန်း၊ ဒန်ပေါက်ဆွမ်းတို့ဖြင့်၊ လှူဒါန်းဆက်ကပ်ပြီးလျှင်၊ တာရာ နက္ခတ်တို့တွင် လသည်အမြတ်ဆုံးဖြစ်၏သို့၎င်း၊ရေတို့တွင် သမုဒ္ဒရာရေ အမျှား အမြတ်ဆုံးဖြစ်၏သို့၎င်း၊ လူ,နတ်,ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့တွင် ဘုရား အမြတ်ဆုံးဖြစ်၏သို့၎င်း၊ အလှူဒါန အပေါင်းတို့တွင် အကျိုး အကြီးမြတ်ဆုံး ဖြစ်သော ကထိန်သင်္ကန်းကို ရဟန်းတော်တို့အား အပ်သော ဘိနပ်(၁၀)၊ ထီး(၁၀)၊ ဗိုလ်စောင်ကြီး(၁၀)၊ ပိတ်သင်္ကန်း ဒွိစုံ(၁၀)၊ ပိတ်သင်းပိုင်(၁၄၀) တရှာ့လေးဆယ်ကျော် အခြံအရံတို့ဖြင့် ဆက်ကပ် လှူဒါန်းပါသတည်း။

ထိုမှတပါး၊မြေး,သား နှစ်ယောက်တို့အား၊ထွန်းတောက်ရောင်ဝါ၊မြတ်စွာဘုရား၊ သာသနာတော်နှိုက်၊ ပရိက္ခရာ ရှစ်ဖြာ၊ ဆင်တန်းဆာဖြင့်၊ သဒ္ဓါရှင်လန်း၊ လှူဒါန်းပြီးလျှင်၊ မြတ်ရဟန်း သားတော်စစ်၊ သာမဏေ အဖြစ်သို့ရောက်အောင် ချီးမြှောက်ပါသတည်း။

ဤသည့်ပုည၊ ကထိန ကုသလနှင့်၊ ပဗ္ဗဇ္ဇာကုသိုလ်၊ ယင်းထိုထိုတို့ကြောင့်၊ မငြိုမငြင်၊ သမ္ဗဇ္ဈင်နှင့်၊ မဂ္ဂင်ရှေသွား၊ဗောဓိပက္ခိယတရားဖြင့်၊ လေးပါးသစ္စာ၊ သိပြီးခါလျှင်၊ မဟာအမတ၊ နိဗ္ဗာနသို့၊ ရောက်ရပါလို၊ ယင်းကုသိုလ်ကို၊ မြင့်မိုရ်မက၊ အနန္တဂုဏ်အင်၊ မိခင်,ဘခင်၊ ဆရာရှင်နှင့်၊ ဆွေစဉ်မျိုးဆက်၊ မပျက်ညာတိ၊ ဒေဝိဒေဝါ၊ ဗြဟ္မာ သိကြား၊ အဦးထား၍၊ မင်းမျှားဆွေမျိုး၊ တန်းခိုးရောင်လင်း၊ ယမမင်းနှင့်၊ မကြွင်းသတ္တဝါ၊ မျှဝေပါသည်....ခြိမ့်ညာ သာဓုခေါ်စေသော်.... ။

၁၃၁၁—ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၅)ရက်၊ ဗုဒ္ဓဟူးနေ့
မန္တလေးမြို့ သကျသီဟဘုရားအာရာမ်အတွင်း
ဝန်ကြီးချုပ်မင်းဘွဲ့ ဆွမ်းဇံကွန်းမှဲတွင်
ညောင်ရမ်း ဆရာတော်ဘုရားကြီးသည် ဝန်ကြီးချုပ်မင်းအား
သတိပေးစကား အကျဉ်းချုပ် ဟောကြားအပ်သော

ဩဝါဒကထာ

တကာတော် ဝန်ကြီးချုပ်မင်းသည် ယခု မြတ်စွာဘုရားသည် မာရ်ငါးပါး ကို အောင်မြင်တော်မူ၍ ဘုရားဖြစ်တော်မူသော ဗုဒ္ဓဟူးနေ့ ဟုဆိုအပ်သော နေ့ထူး နေ့မြတ်နှိုက် မြတ်စွာဘုရားအား ဆွမ်းတော်ကြီး ကပ်လှူခြင်း၊ ဗောဓိပင်အား ပူဇော်ခြင်း၊ သံဃာတော်(၄၀)ကျော်တို့အား မွန်မြတ်သောဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ ငြိမ်းချမ်းရေးတရားဟောပဲ့သဘင်ကို ဆင်ယင်ကျင်းပ ပြုလုပ်သောကြောင့် မုချမလွဲ ငြိမ်းချမ်းရေး အောင်ပွဲမင်္ဂလာသည် ပြည့်စုံ အောင်မြင်မည်ဖြစ်ကြောင်း။

တရားစောင့်သော ပညာရှိသော မင်းတို့သည် နိုင်ငံတော်အတွင်းနှိုက် ရှိသော သီလ,သမာဓိ,ပညာရှိသော ရဟန်းသံဃာတော်တို့၏ အထံသို့ အခါ ခပ်သိမ်းမှီဝဲဆည်းကပ်၍ ကုသိုလ်ဟူသည် အဘယ်တရားပါနည်း ? အကုသိုလ် ဟူသည် အဘယ်တရားပါနည်း ? အပြစ်ရှိသောတရားသည် အဘယ်တရား ပါနည်း ? အပြစ်မရှိသောတရားသည် အဘယ်တရားပါနည်း ? အဘယ်ပုဂ္ဂိုလ် အဘယ်တရားကို မှီဝဲအပ်ပါသနည်း ? အဘယ်ပုဂ္ဂိုလ် အဘယ်တရားကို မမှီဝဲ အပ်ပါသနည်း ? အဘယ်အမှုကို ပြုလုပ်သည်ရှိသော် ရှည်မြင့်စွာသော နေ့, ညဉ့်ပတ်လုံး အစီးအပွါး မရှိခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ပါသနည်း ? အဘယ် အမှုကိစ္စကို ပြုလုပ်သည်ရှိသော် ရှည်မြင့်စွာ နေ့,ညဉ့်ပတ်လုံး အစီးအပွါး ကြီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ပါသနည်းဟု မေးလျှောက်ရာ၏။ထိုအခါ ပညာရှိ ရဟန်းတော်တို့က ဤအမှုသည် ကောင်းသောအမှုတည်း၊ ဤအမှု သည် မကောင်းသော အမှုတည်း။ ဤသို့ အစရှိသည်ဖြင့် မိန့်ကြားသောအခါ မကောင်းသောအမှုကို ပယ်ရှား၍ ကောင်းသောအမှုကိုသာ ပြုလုပ်သော

မင်းသည် တိုင်းပြည်နှင့်တကွ ဘေးရန်မရှိ ချမ်းသာကြီးပွါးခြင်းသို့ရောက်၏ဟု မြတ်စွာဘုရားသည် စက္ကဝတ္တိသုတ်နှိုက် ဟောတော်မူသောကြောင့် တကာတော် ဝန်ကြီးချုပ်မင်းသည်လည်း အထက်ပါ နည်းလမ်းအတိုင်း ပညာရှိရဟန်းတော်တို့အား လျှောက်ထား မေးမြန်း၍ ကောင်းသော အမှုကိုသာ ပြုလုပ် စီမံရန် သင့်လှပေကြောင်း။

အကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ့ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ။

အနက် ကောဓံ၊ အမျက်ထွက်သောသူကို။ အကောဓေန၊အမျက်မထွက်သဖြင့်။ဇိနေ၊အောင်နိုင်ရာ၏။အသာဓုံ၊သူတော်မဟုတ် သူယုတ်မာကို။ သာဓုနာ၊သူတော်ကောင်းလုပ်သဖြင့်။ ဇိနေ၊အောင်နိုင်ရာ၏။ ကဒရိယံ၊ကောက်ကျစ် စဉ်းလဲသောသူကို။ ဒါနေန၊ ပေးကမ်း ချီးမြှောက်သဖြင့်။ ဇိနေ၊ အောင်နိုင်ရာ၏။ အလိကဝါဒိနံ၊မမှန်မကန် ချွတ်ချော်သော စကားကို ဆိုလေ့ရှိသောသူတို့ကို။ သစ္စေန၊မှန်သောစကားကို ဆိုသဖြင့်။ ဇိနေ၊အောင်နိုင်ရာ၏။

ဤသို့ ဘုရားဟောတော်မူသော ရာဇောဝါဒဇာတ်နှင့်အညီ ဝန်ကြီးချုပ်သည်လည်း သူပုန်တို့ကို အမျက်မထွက်ပါနှင့်၊ အမျက်ထွက်သော သူတို့ကို အမျက်ကောဓမထားဘဲ အောင်နိုင်ပါ၊ သူတော်မဟုတ် သူယုတ်မာတို့ကို သူတော်ကောင်း ပြုလုပ်၍ စိတ်ကောင်းထားသဖြင့် အောင်နိုင်ပါ၊ ကောက်ကျစ်စဉ်းလဲသော သူတို့ကို ပေးကမ်းချီးမြှောက်သဖြင့် အောင်နိုင်ပါ၊ မဟုတ်မမှန် ချွတ်ချော်သော စကားကို ဆိုလေ့ရှိသော သူတို့ကို ဟုတ်မှန်သော စကားကို ဆိုသဖြင့် အောင်နိုင်ပါသည်။

"သဗ္ဗရဋ္ဌံ သုခံ သေတိ၊ ရာဇာ စေ ဟောတိ ဓမ္မိကော"။— ရာဇာ၊ မင်းသည်။ ဓမ္မိကော၊တရားကို စောင့်သည်။ စေဟောတိ၊အကယ်၍ ဖြစ်အံ့။ သဗ္ဗရဋ္ဌံ၊ အလုံးစုံသော တိုင်းနိုင်ငံသည်။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ နေရ၏။ ဤရာဇောဝါဒဇာတ်နှင့်အညီ တိုင်းပြည်ချမ်းသာရန် မင်းကျင့်တရား(၁၀)ပါး သင်္ဂဟတရား(၄)ပါးကို တရားနှင့် လျော်ညီအောင် ကျင့်ကြံ အားထုတ်ရန် သင့်မြတ်ကြောင်း။

အားထုတ်ခြင်း လုံ့လဝီရိယတရား, မမေ့မလျော့ခြင်း သတိတရား, စင်ကြယ်သောအမှုကို ပြုခြင်း သုစိုကမ္မ, စုံစမ်းဆင်ခြင်၍ ပြုခြင်း, မမေ့မလျော့ခြင်း, ကိုယ်နှုတ် နှလုံး သုံးပါးလုံးကို စောင့်စည်းခြင်း, တရားသဖြင့် ကျင့်ခြင်း ဤ(၇)ပါးသော တရားနှင့် မင်းအား တိုင်းပြည်နှင့်တကွ ချမ်းသာဝပြောခြင်း ကြီးပွါးခြင်းသည် ဖြစ်ထွန်းတိုးပွါး၏ဟု ဘုရားဟောတော်မူသော ကြောင့် အထက်ပါတရား(၇)ပါးနှင့် ပြည့်စုံအောင် ကျင့်ကြံ အားထုတ်ရန် သင့်ကြောင်း အကျဉ်းချုပ်အားဖြင့် သြဝါဒပေးလိုက်သည်။

သြဝါဒကထာ ပြီးပြီ။

ညောင်ရုံးဇွဲ ပေါက်ဆောင်းကျောင်းကြီး ပဌမဘုတ်ကျောင်း ဆရာတော်ကြီး၏ ဆီးပြူတော်မှတ် အစဖော်အနုး သံဝေဂမဂ်လာ သြဘာစာ

ဇေယတု—အောင်သူတကာတို့၏ မဟာဇေယုတ္တမ၊ အောင်ဘိသေက မဂ်လာ၊မဟာအပရာဇိ၊ အောင်ဗောဓိနိုဂ်၊ ဝဇိရုပမ၊ လွန်ထက်မြသော၊ ဓမ္မဝိပဿနာ၊ ပုံးကာဆင့်ဆင့်၊ဉာဏ်မျိုးရင့်လျင်၊ ယခင့်ဝိပဿနာ၊ ပစ္စယာလဒ္ဓ၊ အခြေရသဖြင့်၊သန်ဘအာရမ္မဏာ၊ ဥပစာအနုလုံ၊ ဉာဏ်ဟုန်ဝါတာ၊တိုက်ခတ်လာသော်၊ကိလေသာတိမ်ပုပ်၊ပယ်လွှင့်ဖြုတ်၍၊ ဝိသုဒ်စင်ကြယ်၊ ကောင်းကင်လယ်၌၊လ,ဝယ် ထင်ရှား၊မြင်သည့်လား သို့၊ နှစ်ပါးစိတ္တက္ခဏာ၊ လွန်အကျတွင်၊ ပုထုဇဉနဂေါတ္တံ၊အဘိဘဝနံဖြင့်၊ အသန်တံနိဗ္ဗု၊အာရုံပြုသော၊ ဂေါတြဘုဉာဏ်၊ အာဝဇ္ဇန်က၊ပြည့်နှန်နိဗ္ဗု၊အာရုံယူ၍၊ သယမ္ဘူဉာဏ၊ အရဟတ္တမဂ်ဝုဒ်၊တချက်ခုတ်လျင်၊မြစ်ငုတ်မရှိ၊ မာရ်သတ္တိသည်၊ အဘိနိဗ္ဗတ္တ၊ဖြစ်ခွင့်မရ၍၊ ဓာဝနပြေးသွား၊မရှိငြားသော်၊ ရွှေနားမဂ္ဂါနန္တရ၊ ပစ္စည်းရသဖြင့်၊ဖလဖိုလ်ထီး၊ စိန်ရွက်ကြီးကို၊ ဖွင့်ပြီးဝိဝရဏာ၊ စိတ်ဇောကျ၍၊ အဘိသေကရာဇာ၊ သဗ္ဗဿရာသို့၊ သေသာမရှိ၊ ဣဒ္ဓိအာနုဘာဝ၊ အနန္တဂုဏ်၊ သဗ္ဗညုံနှင့်၊ လုံးစုံပြည့်ဝ၊ အမတ

ပြည်ကြီးကို၊အုပ်စီးစိုးစံ၊ ဇယန္တံဟု၊ အောင်လံစိုက်ထူ၊ နတ် လူ မကုဋ္ဌ၊ မရဏ သေနင်္ဂါ၊ဇယန္တာဓိပတိ၊မုနိတကာတို့၏ သခင်၊အောင်ပွဲရှင်ဖြစ်တော်မူသော၊ သယမ္ဘူဇိန၊မြတ်ဗုဒ္ဓသည်း... ။

သီလပထဝီ၊ မြေနှိုက်တည်၍၊ သမာဓိမြဲကြပ်၊ နှင်းရပ်တော်မူပြီးလျှင်၊ မေရုပမာန္ဒိုင်းယှဉ်ရသော၊မဂ္ဂထီးရိုး၊တပ်ယှဉ်ထိုး၍၊ ထက်မိုး အာကာသ၊ တူမျှ ဖိုလ်ရွက်၊ အချက်ဝိရိ၊ သတိခရိုင်၊ မဏ္ဍိုင်ထွတ်ဖူး၊ ဉာဏ်ထူးသဗ္ဗညု၊ တပ်ဆင်ပြုလျက်၊ နက္ခတ်စု တာရာ၊ ကြယ်များစွာနှင့်၊ ပမာတူထား၊ လွန်ဆန်းပြားသော၊ ဆယ်လေးပါးမက၊ အနန္တဂုဏ်မြူတာ၊ တန်းဆာမဏ္ဍလီ၊ ထီးဝန်းရှိ၍၊ အနန္တိလောကဓာတ်၊ လွှမ်းခြုံပတ်လျက်၊ အလယ်မကျန်၊ ရှေဉာဏ်လွှမ်းခြုံ၊ မိုးအုပ်နိုင်သော၊မဏ္ဍိုင်ခိုင်ဖြိုး၊ကနက်ဒဏ် ထိုးဖြူတော်ကြီးကို၊ ဝေးနီးသတ္တဝါ၊ ရိပ်ဆာယာန္ဒိုက်၊ ချမ်းသာခိုလှုံ၊ ဒေခွင့်ရရာ၊ ဉာဏ်မဟာချင့်၊ ချီးမြှောက်ပင့်လျက်၊ ဖြန့်ဖွင့်စိုက်ထူ၊ အုပ်မိုးတော်မူပြီးလျှင်၊ ပစ္စူဆတြာ၊ ဆာယာရိပ်အောက်၊ခိုရောက်ဝင်နား၊ မင်္ဂတရားကို၊ ရငြားထိုက်လှ၊ ဘဗ္ဗဖြစ်သူ၊ နတ်,လူ, ဗြဟ္မာ၊ဝေနေယျတို့အား၊ စရိယာနုရူပ၊ ဣန္ဒြိယပရောယတ္တိ၊ ဉာဏ်ဖြင့်သိ၍၊ သာမံဝိဒိတ၊သာမံဉာတ၊ သာမံဒိဋ္ဌ၊ဓမ္မဒေသနာ၊ အဖြာဖြာဖြင့်၊ ကိလေသာမီးပူ၊ငြိမ်းနေယူရန်၊သီတဂူဆေး၊ တရားတော်ရေးကို၊ ဝါလေးဆယ့်ငါး၊ မရပ်နားဘဲ၊ ဟောကြားတိုက်ကျွေး၊ ဆင့်ဆင့်ပေး၍၊ ပူဘေးမရှိ၊ နိဗ္ဗုတိသန္တာ၊ ခေမာပုရ၊ အမတပြည်မြို့သို့၊ တင်ပို့တော်မူပြီးမှ၊ ဗုဒ္ဓကိစ္စ၊ ပြီးကုန်ငသော်၊ အမတဘုံနန်းသို့၊စံမြန်းတော်မူခါနီး၊အင်ကြင်းတောကြီးန္ဒိုက်၊ ရွှေသီးနွယ်ပင့်၊ စိန်ချင်းဆင့်သို့၊ ဆန်းတင့်ကြက်သရေ၊ ရောင်ထွေ လှုံမောင်း၊ ရတနာရွှေညောင်စောင်းန္ဒိုက်၊ လျောင်းစက်တော်မူပြီးခါ၊ အနာဂတံသဉာဏ်၊ ဝေဖန်န္ဒိုင်းညှိ၊ ဖြန့်ကြည့်တော်မူရာ၊ ငါဘုရား၏ သာသနာ၊ စက်အာဏာသည်၊ အနာဂတ၊ နောင်ကာလန္ဒိုက်၊ ပဥ္စသဟဿ၊ ငါးထောင်ကျအောင်၊ သေက္ခအသေက္ခာ၊ပုထုဇ္ဇနကလျာဏာဖြင့်၊ကောင်းစွာကြုံ့ကြုံ့၊ တည်လတ့ံသည်ကို၊ ဉာဏ်သန့်ထင်ထင်၊ မြင်တော်မူရကား၊ မရှုနရာ၊ ဗြဟ္မာဒေဝ၊ မင်္ဂလာဖြင့်၊ နိဗ္ဗာနသစ္ဆိကြိယာ၊ ပြုစိမ့်ဌါဟု၊ ကရုဏာရှေသွား၊ ခေတ်ငါးပါးဖြင့်၊ သုံးပါးသာသနာ၊ မေဉ္ဇစ္ဆာကို၊ ရိုက်ရာတော်စား၊ ပေးထားတော်မူပြီးမှ၊ ဒုတိယခန္ဓပရိနိဗ္ဗာန်ဖြင့်၊စံလွန်ချုပ်ငြိမ်း၊ဇာတ်ပွဲသိမ်းတော်မူသတည်း။

ယင်းသည့်ဂေါတမဘုရား၊ အစထား၍၊ ပဋိဧလောမအားဖြင့်၊ မျှားပြားလှစွာ၊ကုဋ္ဌာကုဋ္ဌေ၊သခ်ေါသခ်ါ၊ ရေတွက်ရာမရ၊သမုဒ္ဒဝါဋ္ဌ၊ သဲစုမက၊ ပင့်တော်မူကြကုန်ပြီးသော၊ လောကဓိပတိ၊ မုနိဘဂဝါ၊ ရဟန္တာတို့သည်၊ အနိစ္စာသဘာဝန္တာ၊လောကန္တောဂဓ၊ အကျုံးဝင်တော်မူကြသောကြောင့်၊ ခန္ဓဘာရ၊ စွန့်ပစ်ချ၍၊ သမုဒ္ဓေဒ၊မရဏာဖြင့်၊ အမတရွှေဘုံသို့၊ခိုလှုံ စံဝင်တော်မူရရှာကုန်သတည်း။

သက္ကသာကီယ၊ဂေါတမနွယ်ဘွား၊တို့ဘုရားလျှင်၊ မိန့်ထားရှေးရှု၊ တိဝိဓသာသနာသည်၊ သင်္ဂါယနာအစ၊ ကဿပထေရာ၊ ရဟန္တာပဘာဝ၊ အမှန်စ၍၊ အာစရိယပရမ္မရာ၊ နှယ်ဆက်ကာဖြင့်၊ အဇ္ဇာဒိန၊ ယနေ့ကျအောင်၊ နေ,လ အကုဋိ်၊ထွန်းရောင်ရှိန်သို့၊ ထိန်ထိန်ထွန်းလျက်၊ ယထာက္ကမာ၊ ထွန်း၍လာရာ၊ သာသနာဝဿ၊ ၂၄၇၃-နှစ်အကျတွင်။ ခတ္တိယနွယ်ဝင်၊ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီး၏၊ စုလျားဒေဝီ၊ မဟာသီတပါး၊ ပေါက်တောသူ မိဖုရား၏၊ သားတော် မင်းရဲရန္တမိတ်၊ဂုဏ်ဟိတ်နာမ၊ သီဟသူရ မဟာဓမ္မရာဇာ၊ သညာဘွဲ့ထား၊ညောင်ရမ်းမင်းတရားသည်။ ဆန်းပြားဝိစိတြာ၊ သီဟာသန၊နဝပလွင်၊ ထီးဒုရင်နှင့်၊ ဒေဝယင်နန်း၊ စိုက်ထူမြှောက်၍၊ သိမ်းမြန်းစိုးစံတော်မူရာ၊ တေဇာလှမ်းကြို၊ ညောင်ရမ်းမြို၏၊နောက်ဖို့မျက်နှာ၊ပစ္ဆိမာန္ဒိက်၊သာသနာရောင်ညီး၊ ပေါက်တောကျောင်းတိုက်ကြီးဝယ်၊ ဘုန်းမီးတောက်ပ၊ သီလဝန္တဖြင့်၊ မျှတကျင့်ရုံး၊ သီတင်းသုံးတော်မူသော၊ ပဌမအုတ်ကျောင်းဆရာတော်ကြီး အရှင်ဇမ္ဗူဒီပဓဇသည်၊ အနေကဗုဒ္ဓ၊ပင့်ထွန်းရာသော၊မင်္ဂလာဒေသ၊သောဋ္ဌသနဂို့၊ ပြည်ဗဟိုရှိတွင်၊မှည့်ဆိုသညာ၊မိဓိလာနှင့်၊နဂရာဘွဲ့ယူ၊ သဒိသူပစာရ၊လောကဝေါဟစ်၊ သညာဖြစ်သော၊ နဝစ္ဆရိယာ၊ အုံကိုးဖြာနှင့်၊ ကြိုးကြာ မသောက်၊ ရေမနောက်သည့်၊ အုံလောက်စရာ၊ မဟာတဠာကံ၊ ရေကန်တမုန်၊ မြတ်ဂုဏ်သဗ္ဗညူ၊ ကိန်းဝပ်တော်မူသော၊ ဂူက ကိုးလုံး၊ ကုန်း ကိုးကုန်းနှင့်၊ အုံမဆုံးရာ၊ သိမ်မှာ ကိုးသိမ်၊ ရောင်ရှိန်မွေသရီ၊ ဓာတ်ပေါင်းမှိသည့်၊ စေတီပုထိုး၊ တင့်ဖြိုးဝေဆာ၊ဝတိ်သာသို့၊ကျေညာလှမ်းစို့၊ မိဓိလာမြို၏၊ ရှေ့ဖို့မျက်နှာ၊ ရပ်အင်္ဂါန္ဒိက်၊ ဒီပါဇမ္ဗူ၊ ကျန်းလုံးယူ၍၊ ထီးဖြူဖြန့်မိုး၊ လှမ်းအုပ်စိုးလျက်၊ တန်းခိုးအာဏာ၊ ထက်,အောက်ဖြာသော၊ ဓမ္မာသော,ကနရိန္ဒာ၊ မင်းရာဇာသည်၊ သရီရာဓာတ်၊မွေတော်မြတ်ကို၊ထည့်လတ်ဌာပနာ၊မဟာထူပေါ၊ မုဋ္ဌောစေတီ၊

ယှဉ်စပ်မှီလျက်၊ပေါရာဏီသိမ်တော်၊ရှိပါသော်လည်း၊ မပေါ် တိမ်မြုပ်၊ တော ပေါင်းအုပ်သဖြင့်၊သမ္မုဒ်သာသနာ၊တည်ထွန်းရာဖြစ်သော၊ပုဏ္ဏာဂါမ၊မြန်ရဋ္ဌ ကို၊ကျွဿရာဇာ၊ နော်ရထာမင်း၊ဗိုလ်ပါခင်း၍၊ ဒတာတွင်းလှည့်က၊သုဝဏ္ဏ ရှေ ယင်၊ပျံသွားစဉ်ကို၊တွေ့မြင်ရှိရာ၊ ပစ္ဆိမာက၊ ဗိုလ်ပါလိုက်ရှု၊ ယင်းတောစုတွင်၊ ရှေးရှုမပျံ၊ရပ်ဆိုင်းပြန်သော်၊ဝန်းမဇ္ဈ၊ ရှာဖွေကြလျှင်၊သရီရကိန်းပျော်၊ စေတီ တော်ကို၊မြင်သော်သဒ္ဓါ၊တိုးတက်လာ၍၊ ရာဇာမင်းမြတ်၊ဆင့်ထပ်တည်ထား၊ ဘွဲ့မည်အားဖြင့်၊ ပျံသွားရှေ့ယင်၊ ဆိုင်းသည် မြင်လတ်၊ အဋ္ဌုပ္ပတ်ကြောင့်၊ ဉာဏ်မြတ်ချင့်ပိုင်း၊ **ရှေ့ယင်ဆိုင်း**ဟု၊ သမိုင်းမှည့်ခေါ်၊ ယင်းစေတီတော်၏၊ ဖူးမျော်သင့်မျှ၊ ဒက္ခိဏာသမီပါ၊ မင်းရာဇာအား၊ ပုဂ္ဂါဒိန္န၊ ပန်းဆက်ရသဖြင့်၊ မည်ရသည်၊ပန်း**သွင်းရွာန္ဒိုက်**၊သဒ္ဓါဓန၊စသည်ခုနစ်ပါး၊ တရားဥစ္စာ၊ပြည့်စုံပါ သော၊ မဟာကုလ၊ဘောဂသမ္ပတ္တိ၊ မျိုးနွယ်ရှိ၍၊ကိတ္တိထွန်းပေါ်၊ **ခမည်းတော်** **ဦးပဲကြီး**၊ **ဇနီး ဒေါ်မိုင်း**တို့၏၊ နတ်တိုင်းတူစွာ၊အိမ်ဂေဟာ၌၊ တာဝတိ်ံသာမှ၊ သက်လျှောကျ၍၊ဉာဏသမ္ပယုတ်၊စွဲစုတ်သဒ္ဓေ၊ တည်နေပြီးခါ၊ ဒဿမာသော့၊ ဆယ်လစေ့သဖြင့်၊ ဝေဟော့ဂါဇာ၊ ထောင်နှစ်ရာထွန်း၊ တဆယ့်လေးခုနှစ်တွင်၊ ခေါ်ညွှန်းမှတ်ပြု၊ ဥတုဝသန္တ၊ သရဝဏ်မာသ၏၊ ဇုဏှပက္ခာ၊ ပဉ္စာဒိန၊ နေ့ဘောဓိန္ဒိုက်၊ မိဿနာဂါ၊ တူမှာကြွက်ရောက်၊ ပါမောက်ဖြစ်ရာ၊ သောကြာ ရာဟု၊မေခုန်စုလတ်၊ ကာရကာဋ္ဌလက်၊ဆင်ဂဠုန်ဘက်၍၊သိမ်ထက်စန်းရောက်၊ ခြသေ့ဟောက်လျက်၊ စဉ်လျှောက်နက္ခတ်၊ (၉)လုံး (၃)ပါဒ် (၁)ဗီဇန၊ အရဏ်တက်(၄)ချက်တီးချိန်အခါတွင်၊ "ပုညဝန္တိနံ ပစ္စူသသမယေ ဂဗ္ဘဝုဋ္ဌာနံ ဟောတိ"၊ ကျမ်းအရှိဖြင့်၊ အတိဇာတ၊ ပညာဝန္တ၊ ပုညဆည်းပူး၊ သားအထူး ကို၊ မီးရှူးသန့်စင်၊ ဘွားမြင်တော်မူသတည်း။

အတြဇ၊ ယင်းပုတ္တကို၊ မိဘနှစ်ဖြာ၊ ဉာတကာတို့သည်၊ သာယာနှုတ်ချို၊ ပညာပို၍၊ **မောင်ပိုနာမ**၊ မှည့်ခေါ်ကြသတည်း။

အတိဇာတ၊ သားမြတ်လှကို၊ သိပ္ပကာလံ၊ သင်ချိန်တန်သဖြင့်၊ နိဂမံဂါမာ၊ ကွက်ငယ်ရွာ၏၊ ဥတ္တရာရပ်မှီး၊ မြောက်ကျောင်းကြီးနှိုက်၊ ဦးစီး နာယက၊ ကွဿရဖြင့်၊ သံဃအမျှား၊ သုံးပါးပိဋကာ၊ သင်ပို့ပြသော၊ ပဌမစာတော်ချ၊ **အရှင် ဦးရွှေကြာ**၏ အထံနှိုက်၊ အပ်နှံခဲ့ရာ၊ သိဿာဇေဋ္ဌ၊ **အရှင်သီရိက**၊ ဒဟရ အရွယ်၊ သူငယ်တို့သင်ခဏ်းစာ၊ အက္ခရာဗျဉ္ဇန၊ မင်္ဂလပရိတ္တ၊ ဇာတကနှင့်၊

သင်္ဂဟသဒ္ဒါ၊ သင်ပြီးခါတ္ဝင်၊ အရှင်မဟာသီရိသည်၊ အာစရိမုဋ္ဌ၊ ရရှိလဒ္ဓ၊ နိဿယ မုစ္စနအင်္ဂါ၊ ပြည့်စုံပါသဖြင့်၊ သနပ်ကန်ရွာကျောင်းသို့၊ ရွှေ့ပြောင်းသွားပြီး၊ အသီးကျင့်ရုံး၊ သီတင်းသုံးတော်မူရာ၊ နောက်တော်ပါ၍၊ စုဒ္ဓသာဝဿ၊ တဆယ့်လေးနှစ် အကျတွင်၊ မိဘနှစ်ပါးတို့က၊ ဘုရားပုတ္တ၊ သာကိယအစစ်၊ သာမဏေအဖြစ်သို့ ရောက်အောင်၊ ချီးမြှောက်သောအခါ၊ ဥပဇ္ဈာစရိ၊ အရှင်သီရိသည်၊ ဇမ္မူဒီပဓဇဟု၊ ဘွဲ့ချီသတော်မူသတည်း။

သိက္ခာလှမ်ခြုံး၊ ရှင်သမဏဘုံသို့၊ ခိုလှုံမိသောအခါ၊ ပဗ္ဗဇ္ဇာကျင့်ရန်၊ လိင်ဒဏ်သေခိယ၊ ခန္ဓကဝတ်များ၊ သင်ကြားပြီးလျှင်၊ ဘုရားသာသနာ၊ ရောင်ဝါထွန်းပ၊ မန္တလဟု၊ ရာဇဋ္ဌာနီ၊ မင်းနေပြည်သို့၊ ခိုမှီပြီးခါ၊ ဝေးနီးရပ်ရွာ၊ ရှစ်မျက်နှာမှ၊လာလာသမျှ၊သုတေသန၊ သုတဇ္ဈာသယ၊သောတုဇနထိုထို၊စာသင်ပျိုတို့၏၊မှီခိုအားထားရာ၊ ဒက္ခိဏာရာမသမိုက်၊ဘုရားကြီးတိုက်နှိုက်၊ စာတံခွန်စိုက်ထူ၊နေတော်မူသော၊ပဌမစာတော်ချ၊ပိဋကတ္တယကောဝိဒါ၊ အရှင်မာလာ၏ အထံနှိုက်၊ နိယံခစား၊ တပည့်၏ဝတ္တရားဖြင့်၊ ဖြည့်ငြားကျင့်မှု၊ ဗျာကရဏသဒ္ဒါ၊ အလင်္ကာဆန်း၊ တခန်းသင်္ဂဟ၊ အဘိဓမ္မတ္ထသင်္ဂြိဟ်၊ ဖွင့်ဆိုဋ္ဌီကာ၊ ညဝါအဘိဓမ္မာ၊သဒ္ဒါပုဒ်စစ်၊အမြစ်မူလ၊သင်ယူမှုလျက်၊ဇာဂရာဘိဝံသဓဇ တိပိဋကဓရ မဟာဓမ္မ ရာဇာဓိရာဇဂုရု၊တုလ္ဘတ်ခပ်နှိပ်၊တံဆိပ်တော်သုံးတန်၊အလှူတော်ခံရသော၊ ဒက္ခိဏာရာမ ဘုရားကြီးဆရာတော်ကြီး၊ သဒ္ဒါနည်းအဝဝ၊ သင်ပို့ချသော၊ နျာသကျမ်းကို၊ ဉာဏ်စွမ်းပညာ၊ ဝီရိယာဖြင့်၊ လိုက်နာသင်ယူခြင်း၊ သဒ္ဒူပဒေသ၊ ရကြီးရအောင်၊ ဂန္ထကာရကတ်၊စာတတ်အကျော်၊ ဆရာတော်အရှင်သုတ၏၊ သန္ဓိကထံမှီး၊ သဒ္ဒါကြီး ပကရဏူ၊ လိုက်နာယူ၍၊ ကျေနံဝိသ၊ သက်အကျတွင်၊ ဌာနရပ်ရွာ၊ မူလဆရာ၊ ထံတော်သာသို့၊ ပြန်လာရောက်ရှိ၊ ဇနေတ္တိတူန္နစ်ဖေါ်၊ ခမည်းတော် မယ်တော်တို့က၊ ပူဇော်နုဂ္ဂဟ၊ ချီးမြှောက်ကြသဖြင့်၊ ၁၂၃၄-ခု၊ဥတုဟေမန္တ၊ နတ်တော်လပုဏ္ဏမီ၊တိထီရက်စေ့၊ လပြည့်နေ့နှိုက်၊ ဘုန်းဟော့မွေ့သရီ၊ ဓာတ်ပေါင်းမှီသော၊ ရွှေယင်ဆိုင်း စေတီတော်၏အနီး၊ ဓမ္မာသောကမင်းကြီး၏၊ ခဏ္ဍသိမ်တော်တွင်၊ဥပဇ္ဈာစရိယအင်္ဂါ၊ပြည့်စုံပါသော၊ ကုက္ကုကုန်း တောင်ကျောင်း ဆရာတော်ကြီး အရှင်ကဝိ၊ ဥပဇ္ဈာစရိဖြင့်၊ သမ္ပတ္တိငါးပါး၊ ပြည့်စုံငြား၍၊ ဘုရားသားစစ်၊ မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်ပါသတည်း။

သာကီယစစ်၊ ရဟန်းဖြစ်လျှင်၊ အမြစ်မူလာ၊ဒေ့မာတိကာကို၊အာစရိယာမုဋ္ဌိ၊ လက်ဆုပ်မိအောင်၊ အရှင်သီရိအထံနှိုက်၊ ခိပ္ပံလျင်ဆော၊ သင်ဟောပြီးခါ၊ ရတနာပုဏ္ဏာ၊ မန္တလသို့၊ တက်ကြွလာပြီးလျှင်၊ ဒက္ခိဏာရာမ၊ တိုက်သေဋ္ဌနှိုက်၊ မူလဆရာ၊ အရှင်မာလာ၏ အထံနှိုက်၊ ကိုယ်ကိုအပ်နှံ၍၊ သူတော်ဝိနယာ၊ အာဘိဓမ္မာပါဋိ၊ ဖွင့်ရှိ အဋ္ဌကထာ၊ ဋီကာဂန္ထဉ္ဆရတို့ကို၊ ဝါကျသမ္မဒ္ဓ၊ နေတ္တိနယ၊ အလင်္ကာနယ၊ ကျမ်းရိုးကျအောင်၊ ဝိရိယ မယုတ်၊ အားထုတ် သင်ကြားပြီးနောက်၊ ဆီမီးကန်ကျောက်ဆောက်နှိုက်၊ ပါမောက်တဆူ ဖြစ်တော်မူသော၊ **အရှင်နန္ဒမာလာ**၏ အထံနှိုက်၊ နိဿယညှိုးခံ၍၊ ကျမ်းဂန်ကို သင်ယူပြန်ခြင်း။ ထိုတူတချက်၊ မြို့လှိုင်းတက်နှိုက်၊ ထက်မြက်စူးရှ၊ ဂန္ဆန္တရ၊ အဝါးဝ၍၊ ပဏ္ဍိတတဆူ၊ ဖြစ်တော်မူသော၊ ကန်သာဂိဏ်းထောက်၊ **အရှင်ပညာ**၏ အထံနှိုက်၊ ကျမ်းဂန်သေဋ္ဌ၊ နှစ်အစုကို၊ တခုမကျန်၊ ဝေဖန်စိတ်ခဲ့၊ သင်ယူဆဲအခါတွင်၊ ဟံသာဝတီ ဆင်ဖြူရှင်၊ ဘုရင်မင်းတရား၏၊ မြောက်ငြားဒေဝီ၊ မဟေသီထား၊ ပေါက်တောသူ မိဖုရား၏၊ ဘိုးဘွားဝံသ၊ ဆက်နွယ်ကြ၍၊ ဂါမဘောဇက၊ ရွာစားရသော၊ နရအုပ်စီး၊ ပေါက်တောရွာသူကြီး ဦးဆွဲ၊ စစ်တောကန်ရွာ၊ ကျောင်းဒကာ ဦးပုလေး၊ ဖိုးမိုးကြီးကုန်းရွာ၊ ပြာသာဒ်ဒကာ ဦးစီ၊ ကျောင်းဒကာ ဘုန်းကြီးဘ ဦးပွါးတို့သည်၊ သတင်းစကားအရ၊ **အရှင်ဇမ္ဗူဒီပဓဇ**၏၊ သီလ သမာဓိ ပညာ၊ဒီသာပျံလျှင်း၊ဂုဏ်သတင်းကြောင့်၊ဝပ်စင်းခယ၊ကိုးကွယ်လိုကြသဖြင့်၊ မူလအာစရိယံ၊ သနပ်ကန် ဆရာတော်ကြီး၏အထံနှိုက်၊ ယာစနံစကား၊ ခွင့်လျှောက်ထားလျှင်၊မိန့်ကြားအနုညာတ၊ အခွင့်ရ၍၊ ထိုမှတချက်၊ လှိုင်းတက်မြို့ ကံသာဂိဏ်းဆထောက် ဆရာတော်အား၊ လျှောက်ထား ပန်သ၊ အခွင့်ရသဖြင့်၊ သောမနပီဘိ၊ ဝမ်းမြောက်ရှိ၍၊ မုဟုတ္တိမကြာ၊ ပြန်လာကြပြီးလျှင်၊ အာရမ္မဏာနာ၊ ကျောင်းရာအသစ်၊တည်ထွင်လှစ်၍၊ခြေမြစ်ကျောင်းကန်၊ဘုံဗိမာန်ကို၊ တည်ထောင်ဖန်ဆင်း၊ ရေတွင်းရေကန်၊ အခြံအရံနှင့်တကွ၊ ပြုလုပ်ပြီးခါ၊ ၁၂၄၂-ခု၊ ဥတုဂိမှန္တ၊ ဝါဆိုလတွင်၊ ပရိသများစွာ၊ ခြံရံကာဖြင့်၊ မဂ််လာမြှင့်၊ အောင်ပွဲဆင့်၍၊ ပင့်ယူကိုးကွယ်ကြပါသတည်း။ ယင်းသည့်ဂါမ၊ ပေါက်တောဝိဟာရနှိုက်၊ ဇေဋ္ဌသိဿ၊ **အရှင်ဩဘာသ**၊ **အရှင်အရိယာဝံသ**၊ နဲ့ဃကရှိသော၊တပည့်(၄၀)ကျော်တို့နှင့် တကွ၊ပိဋကတ်ကျမ်းစာ၊အဖြာဖြာတို့ကို၊ အာစရိယာမုဋ္ဌိ၊ ပါဠိအဋ္ဌကထာ၊နယဂ္ဂါဟ၊ နယူပဒေသ၊ဂရုပဒေသ၊ရရှိ

သည်အား လျော်စွာ၊ ဝိရိယာမယုတ်၊အားထုတ်သင်ပြ၊ဒါယကာ ဒါယိကာမ တို့အား၊ ဒါနကထာ၊ သီလကထာ၊ အစဖြာသော၊ ကျင့်ရာတရား၊ စည်းမျဉ်း ထား၍၊ဟောကြားတော်မူလျက်၊ နိဗ္ဗုပါဒါ၊ သီလကျင့်ရုံး၊ သီတင်းသုံးတော် မူပါသတည်း။

၁၂၄၆-ခုနှစ်တွင်၊ဘုန်းဖြစ်ကျောင်းများ၊စွန့်ပစ်ထား၍၊ဘုရားသာသနာ၊ ထွန်းပရာဖြစ်၍၊ပညာတက္ကသိုလ်၊ ဗဟိုဌာန၊ မန္တလေယျ၊ရတနာပုံသို့၊ ခိုလှုံ ပြီးခါ၊သာသနာသိုက်၊ တံခွန်စိုက်သော၊ အနောက်ပြင် ခင်မကန်တိုက်၌၊ ယာ ပိုထ်မျှတ၊နေရသဖြင့်၊ ပိဋကတ္တယဆေက၊ ဆရာတော် ဦးကလျာဏ၏၊ ပို့ချ နှုဂ္ဂဟိ၊ နည်းစုံရှိသော၊ နေတ္တိအဋ္ဌကထာ၊ သင်ယူပါလျက်၊ များစွာစရိယ၊ သန္ဓိကန္ဒိုက်၊နယနည်းစု၊ မှတ်နာပြု၍၊ ဂရုပဒေသ၊ရကြီးရလျှင်၊ ပုဗ္ဗနိမန္တနာ၊ ယင်းဒကာတို့က၊ ယာစနာပြု၊ တောင်းပန်မှုကြောင့်၊ ၁၂၄၈-ခု၊ ဥတုဂိမှန္တ၊ နယုန်လတွင်၊ရှေးကနေဟောင်း၊ ပေါက်တောကျောင်းသို့၊ ရွှေ့ပြောင်းစံနေ တော်မူပါသတည်း။

ဤသို့ ဥပဇ္ဈာစရိယ၊ဓမ္မာစရိယ၊ ပရမ္မရအားဖြင့်၊ဂေါတ္တဝံသာ၊ ဆက်နွယ် လာသော၊ မဟာဂေါတ္တ၊ အာစရိယဝံသဂုဏ်။ ဤသို့စဉ်လာ၊ နာနာစရိယ၊ ထံတော်မှလျှင်၊ ဥဂ္ဂဟပရိပုစ္ဆာ၊သင်ယူလာသဖြင့်၊နယာသမုဒ်၊ဂမ္ဘီရုပ်ကို၊ထုတ် နုတ်ယူတတ်၊ ဇောတရသ်မကြီ၊ နေရဝိသို့၊ ရောင်ညိထွန်းဖြာ၊ ပညာဗဟုသုတ၊ အဝါးဝသော၊ဂန္ထန္တရဗဟုသုတဂုဏ်။ ပဋိသန္ဓိပညာ၊ယှဉ်လျက်ပါ၍၊မန္ဒာဝယ၊ သိပ္ပပညာ၊သင်ယူပါလျှင်၊ သဒ္ဒါကျမ်းရှိ၊ခဲခက်ဘိသော၊ပါဠိတချုပ် တမျက်နှာ၊ မကြာသော့လျှင်း၊ ခဏချင်းဖြင့်၊ မှားယွင်းမရှိ၊ ရမိတော်မူနိုင်ခြင်း၊အယူဝါဒ၊ သံသန္ဒနစကား၊ ပြောကြားရာတွင်၊ သူတပါးက၊ ပါဠိဝါကျ၊ ရွတ်သမျှကို၊ သောတဝိညံ၊နားကြားရုံဖြင့်၊အာဂုံအာဂမိ၊ မိပွါယ်ရှိကို၊ ထိုးထွင်း သိမြင်နိုင် သော၊ တိက္ခဇဝနဂမ္ဘီရပညာဂုဏ်။ တိက္ခာဇဝန၊ သုခုမဂမ္ဘီရာ၊ ပညာသမ္ပတ္တိ၊ စုံခြင်းရှိသောကြောင့်၊ ဥပါလိထေရ၊ တစိတ်တဒေသအားဖြင့်၊ တူငြားပုံခင်း၊ ဝိဘင်းနှစ်ဖြာ၊ ဒွေမာတိကာနှင့်၊ မူလသိက္ခာ၊ ခုဒ္ဒသိက္ခာ၊ ကျမ်းဝိနယာကို၊ နှုတ်မှာရွရွ၊အာဂုံရတော်မူခြင်း တည်းဟူသော ဝိနယဓရဂုဏ်။ ပါတိမောက္ခ၊ အာဂုံရ၍၊ဥပေါသထဒိဝသံ၊မြဲနိစ္စံပင်၊ သာမံဥဒ္ဒိဋ္ဌ၊ ကိုယ်တိုင်ပြု၍၊ သံဃဥပုသ် ကို၊ အမြဲပြုလုပ်တော်မူခြင်း၊ တပည့်များအား၊ အလှည့်ထား၍၊ သင်ကြား

ပြဿ၊ ပါတိမောက္ခကို၊ ပြစေတော်မူခြင်း၊ စေတိယင်္ကာ၊ သေနာသန၊ စသည်အပြား၊ ကျင့်ဝတ်မျှားကို၊ ပျက်ပြားမရှိ၊ ဆုဗောဓိဖြင့်၊ မိမိလည်းပြု၊ အနုဝတ္တန၊ ဩဝါဒဖြင့်၊ သိဿအမျှား၊ တပည့်သားတို့ကို၊ အလားထိုတူ၊ ပြုစေတော်မူခြင်း၊ သိက္ခာပဒ၊ ဂရုကဖြင့်၊ သဟသိဿာ၊ ပေါင်းများစွာနှင့်၊ ဝိနယာပဋိပတ္တိ၊စတုပါရိသုဒ္ဓိကို၊ စွန်းငြိမထင်၊ ညစ်ကြေးစင်အောင်၊ ဝိနယညူဆေက၊ ကုက္ကုစ္စဖြင့်၊ ပဗ္ဗတမေရု၊ ဘိစီးပြိုသို့၊ ဓမ္မုသံဝေဂ၊ဩတ္တပ္ပနှင့်၊ပစ္စဝေက္ခဏာဇာဏ်၊ အမြင်သန့်၍၊ ဒေသနာဂါမ်၊ ဝုဋ္ဌာနဂါမ်မန္တရား၊ ဆေးကုစားလျက်၊ ကျင့်ငြားဝဋ္ဋ၊ အလေးပြုသော ဝိနယဂရုကဂုဏ်။ သိက္ခာကာမ၊ ဂရုကကြောင့်၊ ဉာဏယှဉ်မှီ၊ ခန္တီသောရစ္စ၊ ဓောရယှဖြင့်၊ ကာယဝစီ၊ တလီမနော၊ တယောဒဏ္ဍ၊ ပယ်စွန့်ချ၍၊ အတ္တာနုဝါဒ၊ ပရာနုဝါဒ၊ ရာဇဒဏ္ဍ၊ ဒုဂ္ဂတိဘယ၊ စသည်ကင်းဝေး၊ညစ်ကြေးမထင်၊ သန့်ရှင်းစင်သော၊ သီလဝိသုဒ္ဓိဂုဏ်။ သီလဝိသုဒ္ဓိ၊အရင်းရှိသဖြင့်၊ပီတိပဿဒ္ဓိ၊ ကာယိကသုခ၊စေတသိကသုခ၊ ပစ္စည်းရ၍၊ဗလဝဝါတာ၊ လေကြမ်းလာလည်း၊ ကမ္မနာမရှိ၊တောင်ဂိရိသို့၊ သတိပညာ၊ အခြေပါသဖြင့်၊ မိစ္ဆာဝါဒီ၊ ဝိတန္တိတို့၊ ကြံစည်ချောက်ချား၊ လောကဓံတရားကြောင့်၊ရွှေ့ရှားမရှိ၊တည်ကြည်ဘိသော သတိ ဂတိ သမာဓိမန္တာဂုဏ်။သေရာညောင်စောင်းသို့၊ မလျောင်းမီကာလ၊ ရှစ်နှစ်ကလျင်၊ မရဏတရား၊ ဆင့်ဆင့်ပို့ဆိုးရန်၊ စိတ်ရည်သန်၍၊ ဖလ်မှန်ပတ္တမြား၊ ချယ်စီထားသော၊ ရွှေသားဧးယဉ်၊ အလောင်းစင်ပြာသာဒ်၊နဝရတ်လျှံမောင်း၊ ရွှေခေါင်းသေတ္တာ၊ကြက်သရေဖြာသည့်၊ဆတ္တာထီးဖြူ၊ စိုက်ထူဝန်းရံ၊ သန္တိကံနီးပါး၊ ဆင်ယင်ထား၍၊ တရားသံဝေဂ၊ ရကြီးရအောင်၊ မရဏသေမှု၊ ဉာဏ်ဧက္ခဖြင့်၊ တစိမ့်စိမ့်ရှုတော်မူလျက်၊ နတ်လူဗြဟ္မာ၊ အနိစ္စာဟု၊ မရဏာဓမ္မ၊ ဘိဇ္ဇနကို၊ နှေးညမခြား၊ ပို့ဆိုးမျှားတော်မူခြင်းတည်းဟူသော မရဏဘာဝနာဂုဏ်။ ပီယဂရုဘာဝနီယ၊ စသည်ခြောက်ဖြာ၊ ဂုဏ်အင်္ဂါနှင့်၊ စုံစွာပြည့်မျှ၊ သိဿမျှားစွာ၊ ဒါယကာတို့အား၊ ဝါစာသိလိဋ္ဌ၊ ကဏ္ဏသုခါ၊ ဟဒယင်္ဂမာ၊ ပေမနီယာ၊ အတ္ထမဓုရတာ၊ ဗျဉ္ဇနမဓုရတာ၊ ချိုမြိန်သာသော၊ ဝါစာဂမ္ဘီရံ၊ နက်နဲသောစကားသံဖြင့်၊ ဩဝါဒံစကား၊ ဟောကြားလေ့ရှိသော၊ သုဘာသိတဂုဏ်။ ဓမ္မမာတုပတ္ထနာ၊ ဝိရိယသဒ္ဓါဖြင့်၊ဗုဒ္ဓါဘုဉ္ဇန၊ တာလဖလ၊ ထန်းသီးမျှသော၊ နဝစတ္တာလီသံ၊ အာလောပံမျှ၊လောက်အောင်ဆ၍၊ ပိဏ္ဍဘောဇနံ၊ ပဏီတံကို၊ မာသံလတိုင်း၊ စဉ်တိုင်းမရွှေ့၊ လပြည့်နေ့

နှိုက်၊ ဘုန်းဟော့မြတ်စွာ၊ ဘဂဝါအား၊ ကျင့်ဝတ်ထား၍၊ ညွှတ်တွားကော်ရော်၊ ပူဇော်လှူဒါန်းတော်မူခြင်း၊မင်္ဂလာသစ္စာ၊ဓူတင်္အပို့စ္ဆာ၊ဝိပဿနာနှင့်၊သုံးဖြာသရဏဂုံ၊ ကိုယ်နှိုက်ထုံ၍၊ အာရုံငြိမ်းရာ၊ တနေ့မှာလျှင်၊ သုံးခါစာချ၊ ဓမ္မသရဇ္ဈာယ်၊ ကျင့်ဘွယ်သဗ္ဗ၊ ဟူသမျှကို၊ ဇီဝိတသင်္၊ ငဲ့ကွက်မညှာ၊ ကျင့်စရိယာဖြင့်၊ မေတ္တာပွါးများ၊ တရားသိမ်မွေ့၊ ကျင့်လေ့ရှိသော သမဏပဋိပတ္တိကုဏ်။ ပဥ္စနိကာယဆေဒက၊ တတ်ကျွမ်းလှသော၊ ဂန္ထန္တရ ဗဟုသုတကုဏ်။ ဤသို့ဖုံဖုံ၊ ကုဏ်အနန္တ၊ ပုထုဇ္ဇန၏၊ လဒ္ဓသင့်ရုံ၊ ကိုယ်နှိုက်ထုံ၍၊ နိဗ္ဗုံပတ္ထနာ၊ ပညာဇီဝိတ၊ သက်မွေးမျှသော၊ ပဌမ အုတ်ကျောင်း ဆရာတော်ကြီးသည်၊ ကျင့်မှီးသိက္ခာ၊ သတ္တာသင့်၌၊ ဇီဝိတိသတ္တာသီတိ၊ ရုပ် နာမ်အိမ်အကျတွင်၊ သိဿအများ၊ တပည့်သားတို့၊ ပျက်ပြားနာမ်ရုပ်၊ ငါ့ကောင်ပုပ်ကို၊ ဝိညာဏ်ချုပ်ရာ၊ ပညာစက္ခု၊ ဉာဏ်ဖြင့်ရှုလော၊ နှစ်ခုချည်းနှီး၊ ဖေါ်မမှီးဘဲ၊ ကိုယ်ထီးဗလာ၊ ကျောင်းဝိဟာနှင့်၊ပရိက္ခရာအများ၊စွန့်ပစ်ထား၍၊ပြုငြားပုည၊ကုသလသာ၊ ငါ့နောက်ပါ၏၊ သေသာရှုပံ၊ ငါ၏ကေဝဋ်ကို၊ ပုပ်နုံပျံနှံ၊ မကြည့်ဝံ့သဖြင့်၊ ကြောက်ရွံ့ကြငြား၊ ခေါင်းသွင်းထား၍၊ သေကားမြှုပ်နှံ၊ သုသာန်လောင်တိုက်၊ မီးဖြင့်မြိုက်သည်ကို၊ ရှုလိုက်ကြပါ၊ သင်တို့မှာမူ၊ ငါအတူသာ၊ မရဏာသေမင်း၊ ချောက်ခံတွင်းသို့၊ ဆင်းကြရမည်မှာ၊ မလွဲပါသတည်း။ ပုညာသီလ၊ အတ္တနာထာ၊ ကိုးကွယ်ရာကို၊ လျင်စွာသီဃ၊ ပြုလုပ်ကြလော၊ ဒေဝဒူတသုတ်၊ ဟောထုတ်ပါဠ်လာ၊ ဒေသနာအရ၊ သြဝါဒစကား၊ ဆုံးမထား၍၊ နတ်များတလှည့်၊ တရားဟောမည့် ပမာ၊ ဒေဝါ နတ်နန်းသို့၊ ကြွမြန်းတော်မူပါသတည်း။

ယင်းသို့ကြွမြန်းတော်မူရာ၊မဟာဒီပါ၊ကျွန်းလေးဖြာကို၊ အာဏာလှံ့ပတ်၊ စိုးအုပ်လတ်သော၊မန္ဓာတ်စကြာ၊ ရတနာဘုံပျံ၊နတ်ပြည်စံသော်၊ပမာပမည်း၊ သင်္ဂြိဟ်နည်းဖြင့်၊ ရှေးတည်းအတိတ၊ ပဥ္စဝဂ္ဂဟူ၊ ကောဏ္ဍည အရဟန္တံ၊ နှစ်ဗျူစံလျင်၊ သဗ္ဗံလောက၊ ပူဇော်ကြသို့၊ ရာဇဂုရုဘွဲ့ခံ၊ လဉ္ဆနံအကျော်၊ ရှေးဆရာတော်ကြီးတို့၊ နတ်ထီးခိုလှုံတော်မူရာ၊ မင်္ဂလာဂုဏ်မြင့်၊ ထီးဖြူဖွင့်၍၊ ခြိုးပင့်မြောက်ကော်၊ ပူဇော်၏သို့၊သဒ္ဒါမရ၊အနန္တဂုဏ်အင်၊ ကျေးဇူးရှင်ဆရာတော်ကြီး၏၊ ဝေးနီးကျေညာ၊ ဒိသာမဆံ့၊ လှိုင်ပျံမွေးဆုံ၊ သီလဂုဏ် စသည်တို့၏ စုဝေးရာ၊ ပူဇာရဟ၊ ထိုက်သင့်လှသော၊ ဥတုဇရုပ်ဓာတ်၊ အလောင်းတော်

မြတ်ကို၊ ဣန္ဒာနတ်သိကြား၊ စေပါးတမံ၊ နတ်ဝိသုကံလျှင်၊ စိမံဖန်ဆင်း၊ လှူအပ်နှင်းသို့၊ ဥာဏ်ချင်းတူရှိန်၊ ငွေပန်းတိမ်တို့သည်၊ ညွှန့်လိမ်ယှက်သွား၊ပန်းရုပ်များနှင့်၊ ဆန်းပြားသပ်ရပ်၊ ထုလုပ်အပ်သော၊ ငွေပြာသာဒ် အလောင်းစင်၊ ညွှန့်ယှဉ်ခက်ကြား၊ ပန်းယိုးဒယားနှင့်၊ ဆန်းပြားကွန့်ကွန်၊ ပန်းတွန့်ရုပ်လုံး၊ အုပ်ဖုံးခက်ကြွ၊ အနဉ္ဇရတနာ၊ ကဥ္စနာဖြင့်၊ ဣန္ဒာသိကြား၊ ဖန်ဆင်းထားသို့၊ ရှုစားမဝ၊အတပွနကြောင့်၊ တုပပြိုင်ကာ၊မရရာသော၊ ရွှေရတနာခေါင်းပတ်၊ ဥပဟတ်ဘုံး၊ ရေနဂါးသည်၊ ညွှတ်တုံး ဝန္ဒနာ၊ ပူဇော်လာသို့၊ ပမာပုံတူ၊ ငွေဘော်ဖြူဖြင့်၊ ဥာဏ်ယူသဏ္ဌာန်၊ ပြုစီမံသော၊ဘူဇင်ခေါင်းအုပ်၊သမ္မုဒ်အရဟန္တ၊ နိဗ္ဗာန်ကြသော်၊ ဗန္ဓုလစစ်သူကြီး၏ကျင်ရာ၊ မလ္လိကာသည်၊ ရံခါဝတ်ဆင်၊ ရွှေစင်နိကွ၊ ဝဇီရစိန်၊ ရောင်ရှိန်ကွန့်ကြား၊ ကျောက်ပတ္တမြားနှင့်၊ ပရိုးယားချယ်စီ၊ ဣန္ဒနီထုတ်ထား၊ လွန်ဆန်းပြား၍၊ ဖိုးကား ကိုးကုဋေ၊ ထိုက်တန်ပေသော၊ မဟာလွတာ၊ ဆင်တန်းဆာကို၊ ဘဂဝါဗုဒ္ဓတ်၊ အလောင်းတော်မြတ်အား၊လျောက်ပတ်ဘွယ်ရာ၊ စေတနာဖြင့်၊ပူဇာလှုကမ်း၊ဆင်တင်လှမ်းသို့၊ဆင်မြန်းပူဇော်ရာ၊ မဟာလွတာတန်းဆာတော်ကြီး၊ ကနက်ဒဏ္ဍာ၊သူရိယနှင့်၊ ပဒုမသမ္မုတိ၊ လေးမည်ရှိသော၊ သေတဆတ္တို ထီးဖြူတော်၊ သင့်လျော်ခြံရုံ၊ သုဝဏ္ဏဆောင်ညီး၊ ရွှေထီးလေးလက်၊ လုံ့တက် အာသရ၊ ပုပ္ပေါပုံ့သီး၊ ပန်းထီးလေးလက်၊ ရောင်ယှက်ကွန့်ခြို၊ ရွှေရောင်ညီသော၊ ပုဇွန်ဆီထီး လေးစင်း၊ ခွက်ခွင်းတူရိယာ၊ ပူဇော်ဖွယ် အဖြာဖြာတို့ဖြင့်၊ မဟာထေရဂုဏ်၊ အနန္တံကို၊ အနုံသရံစေ့စေ့၊ချင့်အောက်မေ့၍၊ ဂုဏ်ဟော့ဖေါ်မြွှင့်၊ ကျေညာလှင့်သော၊ထီးဖြူတော်ဖွင့် မဂ််လာ၊ သံဝေဂပဲ့မဟာကို၊ ၁၃၀၁-ခု၊ ဥတုဟေမန္တ၊ နတ်တော်လပုဏ္ဏမီ၊ တိထီရက်စေ့၊ ၂လ်ာနေ့နှိုက်၊ ဖြစ်ရွေ့ပျက်ပြန်၊ အနိစ္စဂိတ်ဖြင့်၊ ခြိမ့်ညံသီး၊ ဩဘာပေး၍၊ ယဉ်ကျေးဖွယ်ရာ၊ ပြုလုပ်ကြပါသတည်း။

ဤသို့ခြင်းရာ၊ သံဝေဂါဖြင့်၊ မဂ််လာမြွှင့်၊ သရေတင့်၍၊ ထီးတော်ဖွင့်ရာ၊ ထိုအခါနှိုက်—

ဒေဝသူရာ ဗြဟ္မာ၊ သံဝိဂ္ဂါဟိ်သု တံခဏေ— အနိစ္စာဝတ သင်္ခါရာ။
ဟာ ယောဂါဝိပွယောဂန္တာ၊ ဟာ နိစ္စံ သဗ္ဗသင်္ခတံ။
ဟာ ဇိဝိတံ ဝိနဿန္တံ၊ ဣစ္စာသိ ပရိဒေဝနာ။

ဘူမိစာလာ တဒါ အာသိ၊ နာဒိတာ ဒေဝ ဒုဒြဘိ။
ဥပဿယာ မိဝတ္ထာယော၊ ဒေဝတာ သောက ပီဠိတာ။
ဝိလပန္တာသု ကရုဏံ၊ တတ္ထသ္သူနိ ပဝတ္တယုံ။

ဟူသော ထေရီအပဒါန်၊ မိန့်သံမြွက်ဟော၊ လူရောနတ်ပါ၊ ထက်အာကာက၊ ဗြဟ္မာသိကြား၊ ဘီလူးများနှင့်၊ နဂါးဂဠုန်၊ ကုန်အောင်စုံတို့၊ မုဒုံထိပ်ထက်၊ သံမှိုန့်သို့၊ မသက်မသာ၊ ထိတ်လန့်စွာဖြင့်၊ သခ်ါရာဓမ္မ၊ဟူသမျှသည်၊ သြော် အနိစ္စပါတကား.... ။ ဟာ ငါတို့ဝပ်စင်း၊ ဆရာရင်းနှင့်၊ ကွေ့ကွင်းကြရပါပြီတကား.... ။ ဟာ သဗ္ဗသခ်ံတံ၊ တိလောကံသည်၊ အမှန်မလွဲ၊ မမြဲအနိစ္စပါတကား.... ။ ငါတို့သခင်၊ ထေရ်အရှင်၏၊ ဝိညာဉ်ဇီဝိတ၊ ရုပ်ကမ္မဇသည်၊ ဟာ ပျက်စီးကြေကျပါပြီတကား.... ။ ဓမ္မသံဝေ၊ မျက်ရည်တွေလျက်၊ လက်ခြေပစ်လတ်၊ ရင်ထုခတ်၍၊ ထွတ်မြတ်သီလ၊ တို့ဆရာသည်၊ မရဏာသေမင်း၊ ချောက်ခံတွင်းသို့၊ ဟာ ဆင်းရပါပြီတကား.... ။ ကျောင်းဝိဟာရ၊အာရုံမှနှင့်၊ ရုက္ခဘူမှာ၊ လောကာပါလ၊ စောင့်ထမဟိန်၊ နတ်ဒေဝိန်တို့၊ စိုးရိမ်သောက၊ နှိပ်စက်ကြ၍၊ ရောင်တမည်တမ်း၊ ဘယမ်းပတာ၊ကရုဏာဖြင့်၊ ကျင်နာသနား၊ စိတ်ငယ်အားဖြင့်၊ ရင်သားလှိုက်ဖို၊ ရှိုက်ငိုမျက်ရေ၊ တွေတွေယိုစီး၊ ဖြစ်ကုန်ပြီးလျင်၊ မြေကြီးပံသုံ၊ထက်အောက်ခုန်လျက်၊ လှုပ်တုန်းယည်၊ငလျင်သံဟီ၊ အော်ဟစ်မြည်၍၊ ဘေရီစည်သံ၊ ဘဝဂ်လျှံအောင်၊ ခြိမ့်ညံခတ်တီး၊ ကောင်းခြီးပေးကြ၊ သံဝေဂဖြင့်၊ မရဏတရား၊ ဆင့်ဆင့်ပွါးသည်....ခြိမ့်ညား သာဓု ခေါ်စေသော်.... ။

ညောင်ရမ်းဆရာတော်
စီကုံး ရေးသားသည်။

မန္တလေးမြို့
ဝန်ထောက်မင်း-ဦးအုံထူး
ဖတ်ကြားသည်။

စမ်ဒါန ကောင်းမှုရှင် စာရင်း

အမည်	အုပ်ရေ
ညောင်ရမ်း စာချကထိကအဖွဲ့ နဝကမ္မအလှူ	၃၀
ဦးမဏ္ဍလာဘိဝံသ စဲာချကထိက နဝကမ္မ သီးခြားလှူ	၁၀
စစ်ကိုင်းမြို့ ဇေယျသိန်ဆရာတော် ဦးပညိန္ဒြာဘိဝံသ	၁၀
ဦးမကုဋ္ဌညာဏ၏ ဒါယကာ (၄) ဦး	၄
ရန်ကုန်မြို့ ဗဟန်း သံယုတ်ကျောင်း ဘုန်းကြီး ဦးဥတ္တရ	၂
သက်န်းကျန်းမြို့ ဓမ္မသိဒ္ဓိကျောင်း ကထိက ဦးဓမ္မိဿရ	၅
မိတ္ထီလာမြို့ ထုံးဘိုတောရကျောင်း ဘုန်းကြီး ဦးဒေဝိန္ဒ	၂
တံတားဦးမြို့ ကြိုးကြာဥကျောင်း ဘုန်းကြီး ဦးဣန္ဒက	၂
၎င်းမြို့ ကျောက်ကာကျောင်း ဆရာတော်	၃
၎င်းမြို့ ကုက္ကိုကန်ကျောင်း ဆရာတော်	၂
၎င်းမြို့ ညောင်ပင်စောက်ကျောင်း ဆရာတော်	၂
၎င်းမြို့ လဝကဲကျောင်း ဆရာတော်	၁
၎င်းမြို့ ငါးစင်ရိုင်းကျောင်း ဆရာတော်	၁
၎င်းမြို့ ပျားကျောင်းဘုန်းကြီး ဦးဒီပါစာရ	၁၅
မန္တလေးမြို့ မရမ်းခြံရပ် ကုန်သည် ဒေါ်အုံးမြိုင်	၁
ပျော်ဘွယ်မြို့ သရက်တောကျောင်း ဆရာတော်	၁
ညောင်ရမ်းမြို့ ကုန်သည် ကျောင်းအမ ဒေါ်သိန်းရင် သမီး မသန်းညွှန့်—မသန်းတင်—(မောင်) ကိုကျော်သောင်း	၁၀
၎င်းမြို့ ဘယဆေးကုန်သည် ဆရာဘ ဒေါ်စံမြ သား သမီးများ	၅
မန္တလေးမြို့ ရသာဘန်း ဒေါ်မြ သား သမီးတစု	၃
ပျော်ဘွယ်မြို့ သိမ်ကျောင်းတိုက် ဆရာတော် ဦးပရမ	၁
အင်းစိန်မြို့ ထောင်ပိုင် ဝဏ္ဏကျော်ထင် ဦးဘထွန်း ဒေါ်လှရွှေ သား သမီး တစု	၁
ရန်ကုန်မြို့ စာတိုက်ကြီး ဒုစာတိုက်မှူး ဦးကျော်ငြိမ်း	၁
၎င်းမြို့ လှည်းတန်း ကုန်သည် ဒေါ်နီနှင့် တူ တူမများ	၁
မန္တလေးမြို့ ဆိုင်းတန်းရပ် သစ်ပျဉ်ကုန်သည်ကြီး ဦးတုန် ဒေါ်သိန်းရင် သား သမီးများ	၂
ကျောက်ဆည်မြို့နယ် ဟန်မြင့်ဗိုလ်ရွာ ဒေါ်တင် (မောင်) ကိုသိမ်းမောင် မတင်ရွှေတို့ အလှူမင်္ဂလာမှ	၅

အမည်	အုပ်ရေ
မန္တလေးမြို့ ဝါးတန်းရပ် ပုံစား ကျောင်းတကာ ဦးကောင်း ဦးအောင်တင် (နှမ) ဒေါ်စောတင် ဒေါ်စောရင်တို့ အလှူမင်္ဂလာမှ	၅
ကျည်တောင်ကန်မြို့ သစ်စက်ပိုင် ဦးပေါ ဒေါ်ခင်ညွှန့် သား မောင်ကောင်းကြည်	၁
မန္တလေးမြို့ စျေးချို ဝါးတန်းရပ် ညောင်ရမ်း စာအုပ်ထုတ်ဝေ ရေးအဖွဲ့ အကျိုးဆောင် ရိက္ခာတော်ရ စာတိုက်မှူး နှင့် ကန်ထရိုက်တာ ဦးမောင်ကလေး ဒေါ်ဇစောတင်	၂၀
မော်လမြိုင်ကျွန်းမြို့ သုံးခွကျောင်း ဘုန်းကြီး ဦးပဏ္ဍိတ	၁၀
ရန်ကုန် ခရိုင်နာယက သိမ်ချောင်း ဆရာတော်	၁၀
မန္တလေးမြို့ ဆိုင်းတန်းရပ် ကျောင်းအမကြီး ဒေါ်အိမ်	၁
တံတားဦးမြို့ ပျားရွာ ကိုဂေါင်းကြီး မရွှေမြ	၁
၎င်းမြို့ ဒေါ်တုတ် အလှူမင်္ဂလာမှ	၁
မန္တလေးမြို့ ထိန်ပင်ကျောင်း ဘုန်းကြီး ဦးဇောတိက	၃
ပျော်ဘွယ်မြို့ သနပ်ခါးတောကျောင်း ဘုန်းကြီး ဦးဓမ္မသာမိ	၅
ပန်းတောင်းမြို့ ပေါ်တော်မူ ရေဝိုင်းကျောင်း ဆရာတော်	၁
၎င်း တိုက်အုပ် ဆရာတော် ဦးဓမ္မာနန္ဒ	၁
၎င်း ရွှေကျောင်းကုန်းကျောင်း ဆရာတော် ဦးသောဘိတ	၁
၎င်း စွယ်တော်ရွာ ကျောက်စရစ်ကုန်းကျောင်းဆရာတော်	၁
၎င်း ခုံကြီးကျောင်း ဆရာတော် ဦးကောဝိဒ	၁
၎င်း ကုန်းတက်သစ် ခဘွဲ့ယ ဆရာတော်	၁
၎င်း ဆင်တဲ ဂျာဂိုကျောင်း ဆရာတော်	၁
မန္တလေးမြို့နယ် သုံးဆယ်ပေးရွာ အရွှေကျောင်း ဘုန်းကြီး (ဓမ္မာစရိယ) ဦးပညာသာမိ	၁၀
ညောင်ရွှေမြို့ ကန်ကြီးစာသင်တိုက် ဆရာတော် ဦးဝိမလ	၅
တောင်တွင်းကြီးမြို့နယ် ဆပ်သွားမြို့ စက်ပန်းတောရကျောင်း (ဓမ္မာစရိယ) ဦးဇဝန	၁၂
ကျောက်မဲမြို့ ရန်ကုန်ကျောင်း ဆရာတော် ဦးသီလာစာရ	၆
အေလာမြို့ ဇေယျသိန် ဆရာတော် ဦးဝိသုဒ္ဓါစာရ	၁၅
ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ဆရာတော် ဦးသုမင်္ဂလသာမိ	၁၀

အမည်	အုပ်ရေ
မန္တလေးမြို့ ပလိုင်းရပ် ဦးသာဆင် ဒေါ်တင့် သား သမီးများ	၂
မံရွာမြို့ ဝိဇ္ဇာသိဒ္ဓိကျောင်း (ဓမ္မာစရိယ) ဦးခန္တီစာရ	၁၀
ထီးချိုင့်မြို့ ငှက်ဖျားနှိမ်နင်းရေးတာဝန်ခံ ကိုကျော်စိန်	၁
စစ်ကိုင်းတိုင်း သာသနာရေးအရာရှိ ဦးလှပိုင်	၁
ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် ဆရာတော် ဦးသုဒဿန	၁
မြိတ်မြို့ တောကျောင်းတိုက် အလယ်ကျန်းရပ်ဘုန်းကြီး ဦးကဝိန္ဒ	၅
စကုမြို့ မှန်ကင်းကျောင် တိုက် ဆရာတော် ဦးဇာန္ဒဝံသ	၁၂
မြောင်မြို့ ဆင်ရင်ကျောင်းတိုက် ဆရာတော် ဦးပညာ	၂
မန္တလေးမြို့ ဦးတာရဲစျေး ဒေါ်မြစန်း (မောင်)ကိုဘိုသိန်း	၁
ဓားဝယ်မြို့ ဃောသိတာရာမကျောင်းတိုက် ဆရာတော်	၁၀
ရန်ကုန် သာကေတ (၇) ရပ်ကွက် မြင်ဝေါ်သာလမ်း ကျောက်ချောင်းကျောင်း ဘုန်းကြီး ဦးကောဝိဒ	၅
မော်လမြိုင် ဒိုင်းဝန်ကွင်း အရှေ့ဂန့်ဂေါ်ကျောင်းတိုက် ဆရာတော် ဦးဝါယမ	၂
ရေနံချောင်းမြို့ ပေါက်ကုန်းကျောင်း ဆရာတော် ဦးဇာန္ဒကနှင့် ဒါယကာများ	၂၅
မန္တလေးမြို့ မရမ်းခြံရပ် ဆယ်သန်း စတိုးပိုင်ရှင် ဦးသန်းမောင်	၅
ဒေါ်သေးမျှင် (တူမ) မမြရွှေ	၅
မန္တလေးမြို့ ရွာဟိုင်းစျေး ဆန်စက်များပိုင်ရှင် ကျောင်းအမ ဒေါ်မမကြီး (သား) ဝန်ထောက်မင်း ဦးစိုးတင် မနုနု	၃
ရန်ကုန်မြို့ ကမ္ဘာ့တက္ကသိုလ် ညွှန်ကြားရေးဝန် ဦးလှမောင် ကြီးမှူးသော အရာရှိများ	၂၀
မိုးကုတ်မြို့ စျေးကျောင်း ဆရာတော် နှင့် ဒကာများ	၅
မိတ္ထိလာ တောင်လက် သဖန်းပင်ရိုးရွာ ဒေါ်ညိုအိ နှင့် မြေး မစိန်ကြည်	၅
မြစ်ငယ်မြို့ ဥယျာဉ်တော်ရွာ အမ မသန်းတင်အား ရည်မှန်း၍ မောင် ဦးပဥ္စင်း ဦးသူရိယ	၅
ဖြူးမြို့သုသာန်ကျောင်းဘုန်းကြီးဦးတေဇနှိုးဆော်ကုသိုလ်ရှင်များ ၎င်း ဘုန်းကြီး ဦးတေဇ	၁
ဆရာအောင် ဒေါ်ငွေခင်	၁

အမည်	အုပ်ရေ
ကိုအောင်ကြီး မန္နင်းမယ်	၁
ကိုအောင်တင် မတီ	၁
ကံ့မြမောင်	၂
ကိုလှမောင် မအုန်းရင်	၂
ကိုမြသောင်း မရှမ်းမ	၁
ကိုလှတင် မတင်မေ	၁
ကိုညီမောင် မမြမို့	၁
ကိုအုန်းမောင် မမြသိန်း	၁
ကိုလှမောင်	၁
မန္တလေးမြို့ ဝါခင်းကုန်းကျောင်းတိုက် စာချ ဓမ္မကထိက	
ဆရာတော် ဦးဇောတိက	၅
စလင်းမြို့ မဟာဝိသုတာရာမကျောင်း ဆရာတော်	
ဦးကိတ္တိ နှင့် ဒါယကာများ	၂
မော်လမြိုင်မြို့ ပန်းဘဲတန်းမင်းကျောင်း ဓမ္မာစရိယ ဦးစန္ဒိမာ	၅
ချောင်းဆုံမြို့နယ် ဘီလူးကျွန်း ကမာမိုးရွာ သာသနမေဒနီ	
ကျောင်းတိုက် ဆရာတော် ဦးတေဇောဘာသ	၁၅
ဗန်းမော်မြို့ မဟာသိမ်တော်ကြီး ကျောင်းတိုက်	
ဆရာတော် ဦးဣန္ဒောဘာသ	၅
ရန်ကုန်မြို့ (အဂ္ဂမဟာပဏ္ဍိတ) မိုးညှင်း ဆရာတော်	၁
ကျောက်ဆည်မြို့နယ် ဟန်မြင့်ဗိုလ်ရွာ ရွှေကျောင်းဆရာတော်	
နှင့် အဖွဲ့	၁၀

သာစည်မြို့နယ် နှမ်းကန်ကျောင်း ဆရာတော် ဦးပညာဝံသ
နှုံးဆော်၍ ဓမ္မဒါန စာအုပ်ပေါင်း(၆၉)

နှမ်းကန်ကျောင်း ဆရာတော်	၁၂
ဘုရားကြီးကျောင်း ဆရာတော်	၄
ကန်စွယ်ကျောင်း, ကွမ်းခြံရိုး ဆရာတော်, ဆည်ကြီးအနောက်	
ကျောင်း ဆရာတော်,ညောင်ကန် ဆရာတော်, ကျောက်တောင်	
ဆရာတော်, အိုင်ထွန်း ဆရာတော်, မြတောင် ဆရာတော်,	
သိမ်တော် ဆရာတော်, ဗိုလ်ကုန်း ဆရာတော်, ထိန်ကန်ဆရာတော်	

အမည်	အုပ်ရေ
ညောင်တိုကျောင်းသစ် ဆရာတော်,ကုက္ကိုစု ဆရာတော်	
အုတ်ဖို ဆရာတော်,ကြာပင်ကုန်း ဆရာတော်,ကျောင်းရွာ	
ဆရာတော်,ကန်သစ် ဆရာတော်,ဆင်သေ ဆရာတော်	
အုတ်ရွာစကုန်း ဆရာတော်	၅
သာစည်မြို့ သာယာကုန်းကျောင်း ဘုန်းကြီး ဦးပဏ္ဍိတ	၉
နှမ်းကန်ရွာ ဦးမြကို ရည်စူး၍ ဒေါ်ခို သား သမီးတစု	၁
ဦးကြီးမောင် ဒေါ်ပုတို့ကို ရည်စူး၍ ကိုရှင် မသိန်းမေ	
သား သမီးများ	၁
ဦးသင်းကို ရည်စူး၍ ဒေါ်ရှောဘွင့် သား သမီးများ	၁
ဦးရေချမ်း ဒေါ်မယ်သင်တို့ကို ရည်စူး၍ ဦးခန့် ဒေါ်ထွေး	၁
ဦးရှေသန့် ဒေါ်လှည်တို့ကိုရည်စူး၍ ဦးခန့် ဒေါ်ထွေး	၁
ဦးပိုက် ဒေါ်ငါးတို့ကိုရည်စူး၍ ဒေါ်ဟိန်း သား သမီးများ	၁
ဦးပြော့ ဒေါ်ငွေမြင့်တို့ကိုရည်စူး၍ ကိုလှ မနှင်းရည်	၁
ဒေါ်အိမ်စောင့်(သား) ကိုလှ မနှင်းရည်	၁
မောင်သန်းမောင် မခင်ရှေ	၁
ဦးစံဒင်ကိုရည်စူး၍ ဒေါ်ကောက်တေး	၁
မောင်သိမ်းမောင် မသန်းကြည်	၁
ကိုမောင်ပု မဖဲညွှန့်	၁
မောင်ပေါ် မစောမြ	၁
ကျောင်းအမ ဒေါ်အေးတုတ် ဒေါ်ငြိမ်းမြ	၄
တောင်ကြီးမြို့ ဦးကံကောင်း ဦးမြဒင် ဒေါ်နှင်းကြိုင် ဒေါ်ပေါသီ	၁
မောင်အုန်းကြိုင် မသင်းမြိုင်	၁
ရုံးစဉ်ရွာ ကိုသင်း မဖွားကြည်	၁

ညောင်ရမ်းမြို့ ပေါက်တောကျောင်း ဘုန်းကြီး ဦးတေဇဗလ
ကြီးမှူးသောနှိုးဆော်ရေးအဖွဲ့မှ စာအုပ်ပေါင်း (၁၃၆)

ဆရာတော် ဦးသုစိတ္တ	၁
ဘုန်းကြီး ဦးတေဇဗလ	၅
ဝါးရုံကျောင်း ဆရာတော်	၁
အင်အုံးကျောင်း ဆရာတော်	၃

အမည်	အုပ်ရေ
ပုဏ္ဏာဝန်ကျောင်း ဆရာတော်	၅
အိုင်ကြီးလည်ကျောင်း ဆရာတော်	၂
ပေါက်တောကျောင်း ဦးပုည	၅
၎င်း ဦးတိသ	၁
ညောင်ရမ်းမြို့ ဒေါ်စံရှား (သား) ကိုမြသွင် မခင်နု	၁၀
၎င်း အလယ်တန်းဆရာ ကိုဟန်စိန် ဆရာမ မကျင်စိန်	၅
ပေါက်တောရွာ ဦးနိုင်	၁
ဒေါ်လှအေး (သား) ကိုလှမောင် မစောမြို့	၁
ကိုချမ်းသာ မအေးမြို့	၁
ကိုတုတ်ခဲ ဒေါ်ရှမ်း	၁
ကိုလှဒင် မမဲ	၁
ဦးမင်း ဒေါ်ငွေး	၁
ဦးပိုကြီး ဒေါ်အုန်းပွင့်	၁
သူကြီး ဦးသာဒင် ဒေါ်ရွှေစု	၁
ဦးစာပြန့် ဒေါ်လေး	၁
ကိုကြည် မအုန်းစိန်	၁
ကိုမှန်စီ မလှဖြူ	၁
ဦးဘိုးရင် ဒေါ်ကေး	၁
ဒေါ်အေးသွယ် (သား) ကိုမှန်စီ မဆယ်တင့်	၁
ဦးဘိုးကြွ ဒေါ်ကလေး	၁
ကိုဘိုးလယ် မသိန်းတင်	၁
ကိုဘိုးထယ် မလှတုတ်	၁
ကိုရှု မရွှေထယ်	၁
ကိုမောင်စိန် မအေးငြိမ်း	၁
ကိုမြရွှေ မသိန်းရွှေ	၁
ဦးဘိုးသွယ် (သား) ကိုညွန့်ရင် မထွေးစိန်	၁
ကိုစံဒင် မပုလေး	၁
ဦးဘိုမြစ်နှင့် မောင် နှမများ	၁
ဘုရား ဒါယကာ ဦးကော	၇
ဦးအောင်ဒင် မလှမို့	၁

အမည်	အုပ်ရေ
လယ်ဝေးမြို့ မမထင် ကိုလေး မအိမ်စိုး	၁
ကိုချစ်အေး မကြီး .	၁
ကိုအောင်ခင် မအုန်းရှင်	၁
ကိုမျိုးတင့် မမြကြင်	၂
ဒေါ်ပုမ (သား)ကိုကြော်ငြာ မညွှန့်	၁
ပဲခူးမြို့ ဒေါ်ဒေး ဒေါ်တီ	၁
ကိုလှကြည် မမြမှုန်	၁
အိုင်ကြီးလည်ရွာ ကိုထင် မပု	၁
ဒေါ်ကလေးမ နှင့် သား သမီးများ	၁
ကုက္ကိုပေါက်ရွာ ဦးထွန်းလယ် မဆယ်ညီ	၁
မောင်းတိုင်ရွာ ဦးရှမ်းပေါ မနိုင်	၁
မိတ္ထီလာ ကိုစိုးလိုင် မတင်တင်	၁
ဦးစံဖျော် နှင့် သား သမီးများ	၁
ကိုလှမောင် မအုန်းရှေ	၁
ဦးစံဆာ နှင့် သား သမီးများ	၁
ကိုတုနောင် မလှရေး	၁
ကိုလှဝေး မခလေးလေး	၁
ကိုသာဒွန်း မမှုန်ကြီး	၁
ပျဉ်းမနား ကံသာ ကိုထွန်းခင် မသုံ	၁
ပန်းတင်ရွာ ဒေါ်အေးမိ သား သမီးများ	၁
ဖိုးမိုကုန်းရွာ ဒေါ်ငြိမ်းဒွန်း နှင့် သား သမီးများ	၁
ဦးဘိုးစွန်း ဒေါ်ငွေအောင်	၁
ဒေါ်သိုင်းခွံ့ ဒေါ်သိုင်းရုံ နှင့် သား သမီးများ	၁
ဒေါ်ဇော နှင့် သား သမီးများ	၂
ဒေါ်ငွေငြိမ်း နှင့် သားများ	၁
ဒေါ်ဝိုင်းတီ နှင့် သား သမီးများ	၁
ဦးစံလှ ဒေါ်မေ နှင့် သား သမီးများ	၁
မိတ္ထီလာမြို့ ကိုသန်းမောင် မစန်းရင် နှင့် သား သမီးများ	၁
၎င်း ကိုကျော်လှ မတင်တင် နှင့် သား သမီးများ	၁
၎င်း ကိုကျော်အေး ဒေါ်ရှေပု နှင့် သား သမီးများ	၁

အမည်	အုပ်ရေ
သာစည်မြို့ ဦးသက်ခိုင် ဒေါ်ဇံ နှင့် သား သမီးများ	၁
၎င်း ကိုအောင်ဒင် မခင်မေ နှင့် သား သမီးများ	၁
ဒေါ်လှ နှင့် သား သမီးများ	၁
ကိုသိန်းမောင် မသန်းခင်	၁
ဒေါ်ငွေဘုံ နှင့် သား သမီးများ	၁
ကိုလှဖေ မလှတုတ်	၁
ဒေါ်လှအေး နှင့် သား သမီးများ	၁
ဒေါ်လှမျိုး နှင့် သား သမီးများ	၁
ဦးဘိုးခ နှင့် သား သမီးများ	၁
ဦးဘိုးခင် ဒေါ်ဖွားခြုံ နှင့် သား သမီးများ	၁
ဦးဘိုးရ နှင့် သား သမီးများ	၁
ကိုသန်းကြည် မမြရီ	၁
ဦးမောင်ငယ် ဒေါ်ထွေးလေး	၁
ဦးဘိုးဆောင် ကိုထွန်း ကိုကွန်း နှင့် သား သမီးများ	၁
ဒေါ်တိုး နှင့် သား သမီးများ	၁
ဒေါ်ရုံး နှင့် သား သမီးများ	၁
ဦးငြိမ်းမောင် ဒေါ်ရွှေပို နှင့် သား သမီးများ	၁
ဦးစံလှ ဒေါ်မေ နှင့် သား သမီးများ	၁
ပေါက်တောရွာ ကိုကြွက် ဒေါ်သင့် သား သမီးများ	၁
ဦးရန်အောင် နှင့် သား သမီးများ	၁
ကျောင်းဆရာ ဦးချစ်တင် မချစ် နှင့် သား သမီးများ	၂
ကိုငွေးအောင် မပုကြီး နှင့် သား သမီးများ	၁
အင်ကုန်းရွာ ဒေါ်လုံး ဒေါ်ငွေခိုင် နှင့် သား သမီးများ	၁
သနပ်ကံရွာ ဦးဘိုးအောင် ဒေါ်သန့်	၁
လယ်ဝေးမြို့ ကိုသာခင် မလှရင်	၁
၎င်း ကိုရွှေ မအေးလေး	၁
ကြို့ကုန်းကျောင်း ဘုန်းကြီး ဦးပဏ္ဍိစ	၅
ဆီးတောကျောင်း ဓမ္မကထိက ဘုန်းကြီး ဦးဇောတ	၅
၎င်း ဆရာ ဦးသိန်းဟန်	၅

အမည်	အုပ်ရေ
ဓနုဖြူမြို့ မြမြင်းဝံ ဆေးလိပ်ရုံပိုင်ရှင် ဦးဘဆင် ဒေါ်စောရင် သား ကိုတင်ဇင်ရှတို့ ကြီးမှူး နှိုးဆော်သော အဖွဲ့မှ ဓမ္မဒါန စာအုပ်ပေါင်း (၇၀)	
ဦးဘဆင် ဒေါ်စောရင် သား သွီးများ	၈
အထား,မအေးသစ်,မတင်ကြည်,မတင်ကြည်,မသန်းညွှန့်	၁
မသန်းနွဲ့,မညွှန့်လေး,မခင်နွဲ့,မမြင့်ကြည်,မစောသိန်း	၁
မခင်မြအုန်း,မကြည်မြင့်,မစန်းစန်း,မစန်းရီ,မလှမြင့်	၁
မလှကြည်,မမြရီ,မစန်းကြည်,အညွှန့်	၁
မောင်တင်လှိုင် မခင်မေကြည် သား သွီးများ	၁
မောင်သိန်းဟန် မခင်နွဲ့ အင်ဂျင်နီယာ	၁
မောင်သန်း မခင်သွဲ့ ပညာအုပ်	၁
ဒေါ်ဖွားရင် သွီး မအေးသိမ်း၊ကိုတင်မောင် မအေးလုံး	၁
ဦးဖိုးရုံး ဒေါ်ဆင့် သား သွီးများ	၁
ကိုလူဝ မအုန်းမြ၊ကိုချစ်လှိုင် မအုန်းလှ သား သွီးများ	၁
ဒေါ်အေးသင် ယောဂီ	၂
ဦးတင်ညွှန့်နှင့် ဇနီး ကျန်းမာရေး အင်စပိတ်တော်	၁
ကိုမြမောင်နှင့် ဇနီး သစ်ဆန်းပုံနှိပ်တိုက်	၁
ဦးဖိုးကျုံး ဒေါ်စိန် သား သွီးများ ကုန်သည်	၂
ဦးရွှမှန် နှင့် သား သွီးများ	၁
ကိုကြည် မတင်ကြီး သား သွီးများ	၁
ဦးဖိုးမှန် ဒေါ်အေးခင် သား သွီးများ	၁
ကိုလှမောင် မတင်မြင့် သား သွီးများ	၁
ဒေါ်ခင် နှင့် သား သွီးများ	၁
ဦးမြ ဒေါ်မြမေ	၁
ဦးဖိုးရ ဒေါ်ပုကြီး	၁
ဦးမောင်မြစ် ဒေါ်မြစိန်	၁
ကိုဘစိန့် မအာသင်း	၁

အမည်	အုပ်ရေ
ကိုတင်ရွှေ မလှရင် နှင့် သား သမီးများ	၅
မခင်ရွှေ,မမြမြ,မအေးချစ်,မမြငြိုး	၁
ဒေါ်လှလှ,ဒေါ်သန်းမေ,မမြင့်,မခင်မာကြည်	၁
မလှကြင်,မလှငွေ,မတင်ရွှေ,မမြသန်း,မလှနွယ်	၁
မသန်စိန်,မတင်အေး,မထားရွှေ,မခင်ဝင်း,မမြဝင်း	၁
ဒေါ်အေးမြိုင်,မတင်အေး,မဝင်းကြည်,မမြတင့်,မသိန်းအေး	၁
ဦးမောင်ကွန့် ဒေါ်သိန်းတင်	၁
ဒေါ်စိန်တင့် နှင့် မအေးတင်	၁
ဦးသိန်းမောင် ဒေါ်မယ်မှင်	၁
ကိုမောင်ထူး မဘီဘီ	၁
ဒေါ်ဝါနု နှင့် သား သမီးများ	၁
ဦးအောင်မှင် ဒေါ်သင့်	၂
ဦးအောင်ဇံ ဒေါ်မယ်ကျော့	၁
ကိုချစ်ခိုင် မညှာ	၂
ကိုတင်မြ မလှတင်	၂
ကိုသင်းလိုင် မစောလှ	၁
ဦးထွန်းလင်း သား ကိုဘမောင် ဒေါ်ခင်ညွန့်	၁
နွယ်နွယ်အေး သိန်းစွန်ဆေးလိပ်ရုံပိုင်ရှင် ကိုကျင်မောင် မလှကြည်	၄
ဦးအောင်ဘ မလှရည်	၁
မတင်အေး,မမြသိန်း,မကျင်အေး,မတင်အု	၁
မကျင်သန်း,မခင်သန်း,မသန်းနု,မလှမြိုင်	၁
မဝင်းတင်,မဝင်း,မစိန်မြ,မအုန်းကြည်	၁
မခင်ကြူ,ခင်ငြိုးရီ,မထားရင်,မစန်းမြင့်	၁
ဦးသာဒွန်း ဒေါ်စိန်	၁
ကိုစိမောင် မမွှေး	၁

မေတ္တာရပ် တောင်းပန်လွှာ

ယခု "ညောင်ရမ်း ဝိန်ဆည်ယမေါ်ဒေးချုပ်ကျမ်း" ပဌမ အုပ်ကြီး ပုံနှိပ် ထုတ်ဝေနိုင်ရေး အားပေး ကူညီ ပူဇော် သူဒါန်းကြကုန်သော ဆရာတော် သံဃာတော်များနှင့် ဥပါသကာ ဥပါသကာအပေါင်း သူတော်ကောင်းတို့သည်-

ဆက်လက်၍ ဒုတိယအုပ်ကိုလည်း ကူညီ ပူဇော် သူဒါန်းကြပါမည့်အကြောင်း မေတ္တာရပ် တောင်းပန်အပ် ပါသတည်း။

ညောင်ရမ်း စာအုပ် ထုတ်ဝေရေး အဖွဲ့
မန္တလေးမြို့